
မြန်မာ့ စွယ်စုံကျမ်း



ပထဝိ



ဌာနေဒုတိယဝိဘတ္တိ

ဇေန္ဒ

၁၀၂၆၀

ပထမအကြိမ် ပုံနှိပ်ခြင်း၊ ၁၉၇၈ ခုနှစ်၊ အုပ်ရေ ၁၀,၀၀၀

အမှတ် ၅၂၉၊ ၅၃၁ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊
စာပေဗိမာန်အဖွဲ့၊ တွဲဖက်ညွှန်ကြားရေးမှူး ဦးမျိုးသန့်က
(မှတ်ပုံတင်အမှတ် ၀၂၁၁၉) ဖြင့် စာပေဗိမာန် ပုံနှိပ်တိုက်တွင်
ရိုက်နှိပ်၍ (မှတ်ပုံတင်အမှတ် ၀၃၀၂၅) ဖြင့် ထုတ်ဝေသည်။

ကျမ်းဦးစကား

မြန်မာ့စွယ်စုံကျမ်းကြီးကို စာပေပညာရှင်တို့၏ အကူအညီဖြင့် စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေခဲ့ရာ ၁၉၇၆ ခုနှစ် တွင် ၁၅ တွဲပြည့်သည်အထိ အောင်မြင်စွာ ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ အတွဲပြည့်ထုတ်ဝေပြီးသည့် တိုင် စာပေဗိမာန်သည် မြန်မာ့ရည်ညွှန်းစာပေ ထွန်းကားရေးတာဝန်ကို ဆတက်ထမ်းပိုး သယ်ပိုးသွားရန် လိုအပ် နေဆဲပင် ဖြစ်သည်ဟု ခံယူပါသည်။

ဤလူဘောင်သမိုင်းစဉ်သည် မရပ်မနားပြောင်းလဲရွေ့လျားနေလေသည်။ ၁၉၈၆ ခုနှစ် အတွင်း ဖြစ်ပျက်ခဲ့သော ဤလူဘောင်သမိုင်းစဉ်သည် ၁၉၈၇ ခုနှစ်နှင့် မတူနိုင်တော့ချေ။ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်ကို လေ့လာကြည့်ပါ။ ၁၉၈၆ ခုနှစ်တွင်တင်းမာခဲ့ရာမှ ၁၉၈၇ ခုနှစ်တွင် သင့်မြတ်လာကြသည့် နိုင်ငံများလည်းရှိသည်။ စစ်ရှိန်ကိုမြင့်တင်လာသော ဖြစ်ရပ်လည်းရှိသကဲ့သို့ ငြိမ်းချမ်းရေးအတွက်သမိုင်းဝင်စာချုပ် ချုပ်ဆိုသည့် ဖြစ်ရပ်လည်း ရှိသည်။ စွယ်စုံကျမ်းပါပုဂ္ဂိုလ်တို့အနက် အချို့ ရာထူးအရှိန်အဟုန် အတက်အကျရှိသည်။ အချို့သည် ဂုဏ်ပြုခံရ၍ အချို့သည်ပြစ်ဒဏ်သင့်ကြသည်။ ကွယ်လွန်သွားကြသည်လည်းရှိသည်။ သိပ္ပံနှင့် စက်မှုနည်းပညာ၊ ဆေးပညာ၊ စာပေ အနုပညာ၊ လူမှုရေးသိပ္ပံပညာ စသည့်နယ်ပယ်အသီးသီးတွင်လည်း တီထွင်ဆန်းသစ်မှုများ၊ တိုးခဲ့သုတေသနပြုမှုများ၊ ထူးခြားပြောင်မြောက်သော ဖန်တီးမှုများ ပေါ်ထွန်းလျက်ရှိသည်။ မော်ကွန်းတင်ထိုက်သော လူထုလှုပ်ရှားမှုများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု အစီအမံများ၊ နိုင်ငံတော်တည်ဆောက်မှု စီမံကိန်း များလည်း ပြည်တွင်းပြည်ပ နှစ်ဌာနစလုံးတွင်ရှိသည်။ ယင်းသို့သော နှစ်စဉ်ပြောင်းလဲဖြစ်ပေါ်နေသည့် သမိုင်းဖြစ်စဉ် များကို စွယ်စုံကျမ်း ပြုစုတည်းဖြတ် ပုံနှိပ်ထုတ်ဝေသူတို့သည် မျက်ခြည်ပြတ်မခံဘဲ လေ့လာဆည်းပူး၍ နေရ မည်သာဖြစ်သည်။

သို့ဖြစ်၍ စွယ်စုံကျမ်းဖတ် ပရိသတ်များအား ယင်းသမိုင်းစဉ်များကို နောက်ဆုံးအခြေအနေထိ သုတေသနပြု လျက် မြန်မာ့စွယ်စုံကျမ်းကြီး၏ အဖြည့်ကျမ်းများအဖြစ် မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များကို ၁၉၇၈ ခုနှစ်မှစ၍ နှစ်စဉ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ ကို မြန်မာ့ရည်ညွှန်းကျမ်းများစီစဉ်ရေးအဖွဲ့၏ ကူညီလမ်းညွှန်မှုဖြင့် ပြုစု ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သဖြင့် စာပေဗိမာန်က များစွာဝမ်းမြောက်ရပါသည်။ ယင်းသို့ပြုစု ပုံနှိပ်ထုတ်ဝေရာ၌ ကူညီလမ်းညွှန်နိုင်ခဲ့ကြသူ စာပေပညာရှင်များကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

စာပေဗိမာန်

ဤကျမ်းကို မရှုစားမီ

ဖော်ပြပါလမ်းညွှန်ကို လေ့လာထားပါက ဤစွယ်စုံကျမ်းနှစ်ချုပ်စီစဉ်ပုံကို သဘောပေါက်၍ ရည်ညွှန်းကျမ်းတစ်ဆူအဖြစ် လွယ်ကူစွာ အသုံးပြုနိုင်ပါမည်။

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များသည် ထုတ်ဝေပြီး မြန်မာ့စွယ်စုံကျမ်း အတွဲ ၁၅ တွဲ၏ အဖြည့်ကျမ်းများ ဖြစ်ပါသည်။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ ကို ယခင် ထုတ်ဝေခဲ့သော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၇ ပါ အကြောင်းရပ်များနှင့် ဆက်စပ်၍ ဖတ်ရှုနိုင်ရန်လည်း စီစဉ် ပြုစုထားပါသည်။ မြန်မာ့စွယ်စုံကျမ်းတွင် မပါဝင်သေးသော အကြောင်းရပ်သစ်များလည်း အများအပြား ပါဝင်ပါသည်။

ဤကျမ်းသည် ၁၉၈၆ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အကြောင်းအရာများကို ၁၉၈၈ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်အတွင်း အဖြစ်အပျက်များကိုမူ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၉ ပုံနှိပ်ထုတ်ဝေသောအခါ ဆက်လက်ဖော်ပြမည် ဖြစ်ပါသည်။

ဤကျမ်းတွင် စာရှုသူများ လွယ်ကူစွာဖတ်ရှုလေ့လာနိုင်ရန် အပိုင်းကြီးလေးပိုင်း ခွဲခြား၍ တင်ပြထားပါသည်။ ပထမပိုင်းတွင် ၁၉၈၇ ခုနှစ်အတွင်း ထင်ရှားသောဖြစ်ရပ်များကို နေ့စဉ်မှတ်တမ်းအဖြစ် ဖော်ပြထားပါသည်။ ဒုတိယပိုင်းတွင် နှစ်ချုပ်အထူးဆောင်းပါးလေးပုဒ် ပါဝင်ပါသည်။ တတိယပိုင်းတွင် သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြား သုတဆောင်းပါး ခြောက်ပုဒ်ကို တင်ပြထားပါသည်။ ဒုတိယပိုင်းနှင့် တတိယပိုင်းတွင် ဖော်ပြထားသော ဆောင်းပါးများကို ပညာရပ်အလိုက် ကျမ်းကျင်ရာပညာရှင်များက လေ့လာသုတေသနပြု၍ ရေးသားထားခြင်းဖြစ်ပါသည်။ စတုတ္ထပိုင်းဌာဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၈၇ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာအကြောင်းများ ဖြစ်ပါသည်။ အကြောင်းရပ်များကို မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းပါ အက္ခရာစဉ် စနစ်အတိုင်း ဖော်ပြထားပါသည်။ နှစ်ချုပ်ပါအကြောင်းရပ်များကို အလွယ်တကူ ရှာဖွေဖတ်ရှုနိုင်ရန် အက္ခရာစဉ် အညွှန်းကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

အတ္ထုပ္ပတ္တိများကို ဖော်ပြခြင်းနှင့်စပ်လျဉ်း၍ ၁၉၇၀ ပြည့်နှစ်မှ ၁၉၇၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သည့် ထင်ရှားသောပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ ခုနှစ်တွင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ နှစ်စဉ် ဆက်လက်ထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်များတွင် သက်ဆိုင်ရာ တစ်နှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့် ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ နိုင်ငံတကာရေးရာများတွင် ထင်ရှားလာသော ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း ထည့်သွင်း ဖော်ပြလေ့ရှိပါသည်။ ယခုထုတ်ဝေသော နှစ်ချုပ်ကျမ်းတွင်လည်း ၁၉၈၇ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သော ထင်ရှားသည့်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကိုလည်းကောင်း၊ ၁၉၈၇ ခုနှစ်အတွင်း အာရုံပြုလာရသော နိုင်ငံတကာမှ ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို လည်းကောင်း ထည့်သွင်း ဖော်ပြထားပါသည်။

အကြောင်းရပ်များတွင် အညွှန်းများကိုပြဆိုရာ၌ ယခင်ထုတ်ဝေပြီးသော မြန်မာ့ စွယ်စုံကျမ်း နှစ်ချုပ်များကိုညွှန်းလျှင် စာအုပ်အမည် (ဥပမာ၊ စွယ်စုံနှစ်ချုပ် ၁၉၈၇) နှင့် စာမျက်နှာအမှတ်ကို ဖော်ပြ၍ ညွှန်းပါသည်။ ယခုထုတ်ဝေသော မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ ပါ အကြောင်းရပ်များ၊ ဆောင်းပါးများကို ညွှန်းလျှင် အကြောင်းရပ်၊ ဆောင်းပါးအမည်ကို ဖော်ပြ၍ ညွှန်းထားပါသည်။

စာပေဗိမာန်

မာတိကာ

ကျမ်းဦးစကား

ဤကျမ်းကို မရှုစားမီ

အပိုင်း တစ်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ ၁

အပိုင်း နှစ်

နှစ်ချုပ်အထူးဆောင်းပါးများ

— ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေးအကျိုးဆက်များ ၂၆
— ကမ္ဘာ့ပြေးခုန်ပစ် စံချိန်သစ်များ (၁၉၇၇) ၃၈
— ကမ္ဘာ့ကောက်နှံ အထွက်တိုးရေးသုတေသန ၅၁

အပိုင်း သုံး

သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြားသုတဆောင်းပါးများ

— နံရံပန်းချီနှင့် ပုရပိုက်ပန်းချီ ၅၉
— ကျန်းမာရေးနှင့် အသက်ရှည်ရေး ၆၇
— ဒုတိယအကြိမ် ပြည်သူလွှတ်တော်ဥပဒေများ ၇၈
— အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအန္တရာယ်
တားဆီးကာကွယ်ရေး ၈၆
— ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သောကဇာတ်များ ၁၀၀
— လေကြောင်းသယ်ယူပို့ဆောင်ရေး ၁၀၉


အပိုင်း လေး

၁၉၇၇ ခုနှစ် အကြောင်းရပ်များ ၁၂၁
အကျဉ်ချုပ်အညွှန်း ၃၂၃




၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

၁၉၇၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံ ထကာဖြစ်ရပ်များကို နေ့စဉ် သတင်းမှတ်တမ်းများ အဖြစ် ရေးသားပြုစု ဖော်ပြထားပါသည်။




၁၉



၁၆ ၂၇၃

မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၁)

မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များ



၂၆



၂၀၄




၂၀၈



၂၀၇



၂၁၃



၁၉၆

ပုံအမှတ်များသည် အကြောင်းရပ်ပါ စာမျက်နှာကို ညွှန်းပါသည်။

၁၉၈၇ ခုနှစ် ဖြစ်ရပ်မျှော်း



ဇန်နဝါရီလ

၁ မြန်မာစာအဖွဲ့က ပြုစု၍ ၁၉၀၆ ခုနှစ် အောက်တိုဘာလ ၁ ရက် နေ့ မှ စ၍ ပြဋ္ဌာန်းခဲ့သော မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြည့်စွက်ချက် ထုတ်ပြန်သည်။

၂ ချဒ်အစိုးရ တပ်ဖွဲ့များသည် ဖာဒါမြို့ရှိ လစ်ဗျတို့ တပ်စွဲထားသော အခြေစိုက်စခန်းကို သိမ်းပိုက်သည်။

၃ တရုတ်ပြည်သူ သမ္မတနိုင်ငံ၏ ပထမဆုံး ငွေကြေးစျေးကွက်ကို ပီကင်းမြို့၌ ဖွင့်လှစ်သည်။

၄ လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် ဇနီးသည် နိုင်ငံတော် သမ္မတကြီး ဦးစန်းယုနှင့် ဇနီးတို့က တည်ခင်းကျွေးခဲ့သော လွတ်လပ်ရေးနေ့ ကျွေးခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်သည်။

၅-၆ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်၏ ဖိတ်ကြားချက်အရ ထိုင်းဘုရင့် ကြည်းတပ်မတော် ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာဗလစ် ယောင်ချိုင်ယဒ် ခေါင်းဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိသည်။

၇ ဟောတီနိုင်ငံ အစိုးရအဖွဲ့အတွင်း ဝန်ကြီးဌာနလေးခုဌ အပြောင်းအလဲ ပြုလုပ်သည်။

၈ အိန္ဒိယနိုင်ငံတွင် ဘဏ္ဍာရေးဝန်ကြီး ဟောင်း ပရာနဒ့်ဗ် မူကာဂျီး ဦးဆောင်သော "အင်ဒီရာသစ္စာခံသူများ" က အမျိုးသား ဆိုရှယ်လစ်ကွန်ဂရက်ပါတီကို တည်ထောင်သည်။

ပေါ်တူဂယ် နိုင်ငံတော်ကောင်စီသည် မကာအို ကျွန်းအား တရုတ်ပြည်သူ သမ္မတ နိုင်ငံသို့ သက္ကရာဇ် ၂၀၀၀ မတိုင်မီ လွှဲပြောင်း ပေးအပ်ရန် သဘောတူလိုက်သည်။

၉ နိုင်ငံတော် ဝန်ကြီး ချုပ် ဦးမောင်မောင်ခန့်အဖွဲ့သည် သာကေတမြို့နယ်ရှိ မွေးမြူရေးစခန်းများနှင့် ကမ်းလွန်အခြေစိုက်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

၁၀ အမေရိကန် ကွန်ဂရက်သည် အီရန်လက်နက်အရှုပ်တော်ပုံကို ဝါးတားဂိတ် အရှုပ်တော်ပုံ ဝုံစမ်း စစ်ဆေးသကဲ့သို့ စစ်ဆေးနိုင်ရန် အထူးကော်မတီ နှစ်ရပ်ကို ဖွဲ့စည်းသည်။

၁၁-၁၂ မြန်မာနိုင်ငံ၊ မဲဆိုင် – မဲဟောက် ချောင်း နယ်နိမိတ် ပူးတွဲကော်မတီ တတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ



ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဝေမောင်နှင့် အဖွဲဝင်များ သောင်းကျန်းသူ တို့လက်မှ သိမ်းပိုက်ရရှိသော ပန်ဆိုင်း (ကြူကုတ်) မြို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်

၉ နိုကဏ္ဍာ နိုင်ငံတွင် ၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က အတည် ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် စတင် အာဏာသက်ရောက်သည်။

၁၁ ဘင်္ဂလားဒေ့ရှ် နိုင်ငံ၏ ပထမဦးဆုံး သော အာဏာမြူ ဓာတ် ပေါင်း ဖို ကို သမ္မတ အာရှတ်က ဖွင့်လှစ်ပေးသည်။

ထိုင်းညွှန်ပေါင်းအစိုးရမှ အကြီးဆုံးပါတီ ဖြစ်သည့် ဒီမိုကရက်တစ်ပါတီ အကြီးအကဲ အဖြစ် ထိုင်း ဒုတိယဝန်ကြီးချုပ် ဘိုင်ချိုင်း ရတ် တာ ကူ အား ပြန်လည် ရွေးချယ်လိုက် သည်။

၁၂– ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင် ငံ ခြား ရေး
၁၅ ဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်၏ ဖိတ်ကြားချက်အရ သီရိလင်္ကာ ဒီမိုကရက် တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ အော၊ စီ၊ အက်စ် ဟမိန့်ဒ် အဖွဲသည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့ သို့ ရောက်ရှိသည်။

၁၄ ပြည် သူ့ တပ် မ တော် သည် ၈ က ပ မြောက်ပိုင်း ဗဟိုခဲ့ လက်အောက်ခံ တပ်မဟာ (၁) ဌာနချုပ်ရှိရာ မန်ဟီးရိုးနှင့် ကွန်ဟိုင်း၊ နောင်မနယ်များရှိ သောင်းကျန်း သူ ခြေကုပ်နေရာများကို သိမ်းပိုက်ရရှိသည်။

၁၅ ရန်ကုန်မြို့တော်ခန်းမ၌ တစ်နှစ်တာ ရပ်နားခဲ့သော ပြည်ထောင်စုအလံ တော်ကို နှစ် (၄၀) မြောက် ပြည်ထောင်စု နေ့ အလံတော်သယ်ယူခရေး အစီအစဉ်အရ မဟာဗန္ဓုလပန်းခြံရှိ စင်မြင့်ပေါ်သို့ သယ် ဆောင်သည်။

၁၆ နှစ် (၄၀) မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူခရေး အစီအစဉ်အရ ရန်ကုန်မြို့ မြို့တော်ခန်းမ၌ မဟာဗန္ဓုလ ပန်းခြံအတွင်းရှိ စင်မြင့်ပေါ်မှ ပြည်ထောင်စု အလံတော်ကို ပြည်နယ်နှင့်တိုင်း များ သို့ စတင် သယ်ဆောင်သည်။

တောင်အာရှ ဒေသ ဆိုင် ရာ ပူးပေါင်း ဆောင်ရွက်ရေးအသင်း (ဆာအတ်) ဌာန ချုပ်ကို နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် စတင် ဖွင့်လှစ်သည်။

ကမ္ဘာပေါ်တွင် အသက် ၆၅ နှစ်နှင့် အထက်ရှိသော သက်ကြီးရွယ်အို ဦးရေမှာ နှစ်စဉ် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက် လျက်ရှိပြီး ခရစ်နှစ် ၂၀၀၀ ပြည့်နှစ်တွင် သန်း ၄၁၀ ခန့်မျှ ရှိလာမည် ဖြစ်ကြောင်း အမေရိကန်သန်းခေါင်စာရင်းအဖွဲ့ ညွှန်ကြား ရေးမှူးက ပြောကြားသည်။

၁၆ တရုတ် ကွန်မြူနစ် ပါတီ အကြီးအကဲ ဟု ယို ပန် သည် နိုင် ငံ ရေး အ မှား အယွင်းများ ပြု လုပ် ခဲ့ ကြောင်း ဝန်ခံပြီး နောက် ရာထူးမှ နုတ်ထွက်သွားသည်။ ၎င်း၏ နေရာတွင် ဝန်ကြီးချုပ်ကျောက်ကျီယန်အား အစားထိုးခန့်အပ်သည်။

အက်ကွာဒေါနိုင်ငံ သမ္မတ ဖေဘရက်စ် ကော်ဒီရိုကို လေတပ်မတော်က ထိန်း သိမ်း သည်။ ပုန်ကန်မှုကြောင့် အရေးယူ ခံထား ရသော လေတပ် ဦးစီးချုပ်ကို လွှတ်ငြိမ်း ခွင့်ပြုရန် သဘောတူညီပြီးမှ သမ္မတသည် လွှတ်မြောက်လာခဲ့သည်။

၁၈ မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါ တီ ဒုတိယ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတ ကြီး ဦးစန်းယုသည် ကျန်းမာရေးစစ်ဆေးခံ

ရန် အာ မေ ရိ က န် ပြည် ထောင် စု သို့ လေ ကြောင်းခရီးဖြင့် ထွက်ခွာသည်။

၂၀ လက် တင် အ မေ ရိ က နိုင်ငံများ၏ စီးပွားရေး ပြန်လည်ရှင်သန် တိုးတက် ရေးအတွက် ကျင်းပသော ကမ္ဘာ့အနောက် ခြမ်းဒေသ၏ ပင်မစီးပွားရေး ညီလာခံတစ် ရပ်ကို မက္ကစီကိုစီးတီးတွင် ကျင်းပသည်။

၂၁ သြစတြိုးယားနိုင်ငံတွင် ဖရန့် ဗရန် နစ်ဇကီး ဦးဆောင်သော ဆိုရှယ်လစ် ပြည်သူပါတီ အစိုးရအဖွဲ့သစ် ကျမ်းသစ္စာ ကျိန်ဆိုသည်။

၂၃ နိုင်ငံတော် ဒုတိယ သမ္မတနှင့် နိုင်ငံတော်ကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဦးအေးကိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ အလုံလမ်းရှိ နက္ခတ်တာရာပြခန်းသို့ သွား ရောက်ကြည့်ရှု လေ့လာသည်။



၂၂ ပုံမှန်အစားအစာတွင် အဆီဓာတ်စစ် ဓာတ် လျော့နည်း လိုအပ်နေပါက နှလုံးရောဂါကို ဖြစ် ပေါ် စေ နိုင် ကြောင်း စကော့တလန် သိပ္ပံပညာရှင်များက ပြော ကြားသည်။

၂၀ လက်ဗန္ဓနန်နိုင်ငံတွင် အမေရိကန်နိုင်ငံ သား များ အား ဓား စာ ခံ အ ဖြစ် မကြာခဏဖမ်းဆီးခံနေရမှုကို ကာကွယ်သည့် အနေဖြင့် အမေရိကန် သမ္မတ ရေဂင်က လက်ဗန္ဓနန်နိုင်ငံအတွင်းရှိ အမေရိကန်နိုင်ငံ သားများအားလုံး ထွက်ခွာကြရန် အမိန့် ထုတ်ပြန်သည်။

၃၀ အ မေ ရိ က န် ပြည် ထောင် စု သည် အဖွဲ့ဝင် ၁၂ နိုင်ငံ ပါဝင်သော ဥရောပ ဘုံစျေး အဖွဲ့နှင့် ယာယီသဘောတူညီချက် ရရှိခဲ့သဖြင့် ဥရောပမှ အချို့ ထွက်ကုန်များ အပေါ် အကောက်ခွန်မြင့်မားစွာ စည်းကြပ် ကောက်ခံရေးအစီအစဉ်ကို ပယ်ဖျက်လိုက် သည်။

၃၁ အာရှကဗျာပဲတော်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒါကာမြို့၌ ကျင်းပရာ နိုင်ငံ ပေါင်း ၁၂ နိုင်ငံမှ ကဗျာဆရာပေါင်း ၁၀၀ ကျော် တက်ရောက်ကြသည်။

ဖေဖော်ဝါရီလ

၁– ပြည် ထောင် စု အလံ တော် သည် စစ်ကိုင်းတိုင်း ကလေးမြို့၊ ကချင် ၁၂ ပြည်နယ် မြစ်ကြီးနားမြို့၊ ရှမ်းပြည် နယ် တောင်ကြီးမြို့၊ ကယားပြည်နယ် လွိုင် ကော်မြို့၊ ကရင်ပြည်နယ်ဘားအံမြို့၊ မွန်ပြည် နယ် သထုံမြို့၊ မော်လမြိုင်မြို့၊ တနင်္သာရီတိုင်း ထားဝယ်မြို့၊ ရော်ဝတီတိုင်း ပုသိမ်မြို့၊ ရခိုင် ပြည်နယ် သံတွဲမြို့၊ ရန်ကုန်တိုင်း မင်္ဂလာဒုံ မြို့တို့တွင် တစ်ညစီရပ်နားခဲ့ပြီးနောက် လူထု အစည်းအဝေးပွဲကြီး ကျင်းပရာ ရန်ကုန်မြို့ ကျိုက္ကဆံကွင်းစင်မြင့်သို့ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ရောက်ရှိသည်။

၃၂ ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဘောလုံးပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲတွင် မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့ ယှဉ်ပြိုင် ကစားကြရာ ဂိုးမရှိသရေပွဲဖြစ်ပြီး ပူးတွဲဗိုလ် စွဲသွားကြသည်။

၂ ဖိလစ်ပိုင်နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ကို အဆုံးအဖြတ် ပေးရန် နှင့် သမ္မတကိုရင်္ဂန် အကီနို၏ ၁၁ လကြာခဲ့ပြီ ဖြစ်သော အုပ်ချုပ်မှုကို အဆုံးအဖြတ်ပေး ရန်အတွက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ သည်။

၅ သံလိုက်ဓာတ်အားဖြင့် လေဟုန်စီး ကာ လူလိုက်ပါ မောင်းနှင်နိုင်သည့် ဂျပန်ရထားတစ်စင်း (မက်လက်ဖ်) သည် စမ်းသပ်ရထားလမ်းကြောင်းပေါ်တွင် တစ်နာရီလျှင် ၂၄၉ မိုင်ဖြင့်အမြန်နှုန်းစံချိန်တင် လိုက်သည်။ ယခင်စံချိန်မှာ အနောက် ဂျာမနီက ၁၉၇၅ ခုနှစ် ဒီဇင်ဘာလတွင်

ထရုတ်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးအဖြစ်မှ နုတ်ထွက် သွားသော ဟုဇိုပန် (အပေါ်) နှင့် ယင်းတာဝန်ကို ဆက်ခံသူ ဝန်ကြီးချုပ် ကျောက်ကျိယန်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယု ရန်ကုန်မြို့ ကျိုက္ကဆံကွင်းတွင် နှစ် ၄၀ မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်

တင်ထားခဲ့ခြင်းဖြစ်ပြီး တစ်နာရီလျှင် ၂၂၁ မိုင်အမြန်နှုန်းရှိသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌကြီး ဦးစန်းယုသည် အမေရိကန် ပြည်ထောင်စု နိုင်ငံတက်ဆပ်ပြည်နယ် ဟူစတန်မြို့၌ ကျန်းမာရေးစစ်ဆေးမှုခံယူပြီးဇနီးဒေါ်သန်းရှိန်နှင့်အတူ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ကမ္ဘာ့ အကြီးမားဆုံးသော ကိုကင်းမှောင်ခို ရောင်းချရေးဂိုဏ်းကြီး၏ ခေါင်းဆောင် ကားလိုစ်လေဒါရီဗာ့စ်နှင့် ကြံရာပါဟုယူဆရသော ကာလီဖိုးနီးယား၊ ဆန်ပီဒရိုမြို့မှ ဂျက်ကာလ်တန်ရီးဒ် ဆိုသူတို့ကို ပြည်ထောင်စုထောက်လှမ်းရေး အဖွဲ့ဝင်များနှင့် ပနားမားရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိလိုက်ပြီဟု အဆိုရှိတစ်ဦးကပြောကြားသည်။ ၁၉၇၈–၁၉၈၀ ခုနှစ်များအတွင်း ကိုကင်း ၄ ဒသမ ၄ တန်ကို အမေရိကန်ပြည်ထောင်စုအတွင်း သွင်းယူရန်ကြံစည်မှုဖြင့် ကားလိုစ်လေဒါရီဗာ့စ်အား စွဲချက်တင်ထားသည်။

၈ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဒုတိယဥက္ကဋ္ဌ၊နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုတို့သည် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ နှစ် ၄၀ မြောက် ပြည်ထောင်စုနေ့ ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

၉ အရှေ့ဖျားဒေသရှိ မြစ်နှစ်သွယ် တစ်လျှောက် နယ်စပ်ဒေသ နယ်နိမိတ်သတ်မှတ်ရေးနှင့် ပတ်သက်သည့် ဆိုဗီယက်နှင့် တရုတ်နှစ်နိုင်ငံ ဆွေးနွေးပွဲကို ကိုးနှစ်နီးပါး အတွင်း ပထမဆုံးအကြိမ် အဖြစ် ပြန်လည်ကျင်းပသည်။ အမှုဝါနှင့်အက်ဆူရီမြစ်နှစ်သွယ်ရှိ နယ်စပ်စည်းကြောင်းများကို အလေးထားဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲများမှာ ၁၉၇၈ ခုနှစ်တွင်ရပ်ဆိုင်းခဲ့သည်။

ပစိဖိတ်တောင်ပိုင်း ဒေသတွင် ချူကလီးယားလက်နက်များ စမ်းသပ် အသုံးပြုခြင်းမပြုရန် အာမခံရေးအတွက် တောင်ပစိဖိတ် ချူကလီးယား မဲ့ဇုန်သတ်မှတ်ရေးစာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက လက်မှတ်ရေးထိုးလိုက်သည်။ အမေရိကန်ပြည်ထောင်စုက ယင်းစာချုပ်ကိုလက်မှတ်ရေးထိုးမည်မဟုတ်ကြောင်း ကြေညာပြီး နောက် ငါး ရက်အကြာတွင် ဘရုတ်ပြည်သူ့သမ္မတ နိုင်ငံက လက်မှတ် ရေးထိုးခြင်း ဖြစ်သည်။ ပြင်သစ်နိုင်ငံကလည်း ယင်းစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆိုထားပြီး ဆိုဗီယက်ပြည်ထောင်စုကမူ လွန်ခဲ့သည့် နှစ် ဒီဇင်ဘာလအတွင်းက လက်မှတ်ရေးထိုးခဲ့သည်။

၁၁ နိုင်ငံတော် သမ္မတကြီး ဦးစန်းယုနှင့် ဇနီး ဒေါ်သန်းရှိန်တို့က အလုံလမ်း သမ္မတ အိမ်တော်ဝင်းအတွင်း၌ နှစ် ၄၀ မြောက်ပြည်ထောင်စုနေ့ ညှဉ်ခဲ့ပွဲနှင့် ညစာစားပွဲကျင်းပရာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းနှင့်ဇနီးဒေါ်နုနိုမြင့်တို့ တက်ရောက်ကြသည်။

၁၂ နှစ် ၄၀ မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို နိုင်ငံ တစ်ဝန်းလုံးတွင် ကျင်းပသည်။

၁၄ အီဂျစ်သမ္မတ ဟောစ္စနီ မူဘာရက်သည် အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး အီဂျစ်ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။ ပါလီမန်ကိုဖျက်သိမ်းရန် သင့်မသင့် လူထု

ဆန္ဒခံယူပွဲကို ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ဆန္ဒမဲပေးသူများအနက် ၈၈ ဒသမ ၉ ရာခိုင်နှုန်းက ပါလီမန်ကို ဖျက်သိမ်းရန် ဆန္ဒမဲပေးခဲ့ကြသည်။

၁၇ စက်မှု နိုင်ငံများတွင် လူလေးဦးတွင် တစ်ဦးသည် ၎င်း၏ အလုပ်လုပ်သည့်သက်တမ်းအတွင်း၌ စိတ်ဖောက်ခံစားရရန် အလားအလာရှိကြောင်းဖြင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်အို) ၏ သုံးသပ်ချက်စာတမ်း၌ ဖော်ပြထားသည်။ လုပ်ငန်းခွင်သို့မဟုတ်အခြားနေရာများတွင် အာရုံစူးစိုက်ပင်ပန်းနှမ်းနယ်မှုကြောင့် စိတ်ပိုင်းဆိုင်ရာ နာမကျန်းဖြစ်ရမှုသည် ကမ္ဘာပေါ်၌ အဆိုးရွားဆုံးသော လူမှုရေးနှင့် ကျန်းမာရေးပြဿနာဖြစ်သည်ဟု ဆိုသည်။

၁၀ ၃၉ နှစ်မြောက် ချင်း အမျိုးသားနေ့နှင့် ချင်း ပြည်နယ်နေ့ လူထုအစည်းအဝေးပွဲများကို ပြည်နယ် တစ်ဝန်းလုံးတွင် ကျင်းပသည်။

တောင်အာဖရိကနိုင်ငံကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် စီးပွားရေးအရ ပိတ်ပင်တားမြစ် အရေးယူရန်အဆိုကို ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့က ဗီတိုအာဏာသုံးပြီးပယ်ချလိုက်သည်။ အရေးယူရန်အဆိုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ နိုင်ငံအနက် ၁၀ နိုင်ငံကထောက်ခံမဲပေးကြသည်။

၂၂ အင်အား ၃၀၀ ခန့်ရှိသည့်ဆီးရီးယားတပ်ဖွဲ့များ သည် ဒရုဇ် တိုးတက်သော ဆိုရှယ်လစ်ပါတီ (ပီအက်စ်ပီ) နှင့် ရှီယိုက်မူဆလင်အာမဲပြည်သူစစ်တို့ အကြားခြောက်ရက်ကြာ ဖြစ်ပွားခဲ့သော ပဋိပက္ခများပြေငြိမ်းသွားရေးအတွက် မူဆလင်တို့နေထိုင်ရာ ဘေရွတ်မြို့ အနောက်ပိုင်းတွင် ဝင်ရောက်တပ်စွဲလိုက်သည်။


၂၄ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခန့်အဖွဲ့သည် မွန်ပြည်နယ် စစ်တောင်း အမှတ် (၁) စက္ကူစက်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

၂၆ အီရန် နိုင်ငံသို့ လက်နက် ရောင်းချပြီး ရရှိသည့်ငွေကြေးများကို နီကရာဂွာ ကွန်ထရာသူပုန်များအား လှဲပြောင်းထောက်ပံ့သည့် လုပ်ရပ်နှင့် စပ်လျဉ်း၍ အမျိုးသား လုံခြုံရေးကောင်စီ၏ အခန်းကဏ္ဍကိုသုံးသပ်ရန် သမ္မတရေဂင်ကခန့်အပ်ထားသည့် အထူးသုံးသပ်မှုဘုတ်အဖွဲ့သည် ၎င်း၏အစီရင်ခံစာကို ထုတ်ပြန်သည်။ အစီရင်ခံစာတွင် အီရန်လက်နက် အရှုပ်တော်ပုံကိစ္စ၌ အမျိုးသားလုံခြုံရေးကောင်စီကသာ အဓိကထား လုပ်ဆောင် သွားကြောင်း၊ သမ္မတရေဂင်အနေဖြင့် ဖြစ်ရပ်မှန်ကိုသိရှိခွင့်မရခဲ့ကြောင်း ဖော်ပြထားပြီး အဓိကအားဖြင့် အိမ်ဖြူအကြီးအကဲ ဒေါ်နယ်တီရီဂင်၊ နိုင်ငံခြားရေးဝန်ကြီး ဂျော့ ရှုတ်၊ ကာကွယ်ရေးဝန်ကြီး ဝိုင်းဘာဂါ၊အမျိုးသားလုံခြုံရေးအရာရှိဟောင်း ပို့ဝင့်ဒက်စတာနှင့် ၎င်း၏ လက်ထောက် အိုလီဗာနော့သ် တို့အား ပြစ်တင်ဝေဖန်ထားသည်။

အီဂျစ်သမ္မတ မူဘာရက်နှင့် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ရှီမွန်ပဲရက် တို့သည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးအစီအစဉ်များ တိုးတက်မှုရရှိရေး နည်းလမ်းများကို အီဂျစ်နိုင်ငံ ကိုင်ရိုမြို့တွင် တွေ့ဆုံဆွေးနွေးသည်။

ဆိုဗီယက် ပြည်ထောင်စုက တစ်နှစ်ခဲ့ကျော်ကာလအတွင်းပထမဆုံးအကြိမ်အဖြစ် ချူကလီးယား ဖောက်ခွဲစမ်းသပ်မှု ပြုလုပ်လိုက်သည်။ ယင်းသို့ လုပ်ဆောင်ခြင်းဖြင့် ၁၉၇၅ ခုနှစ် ဩဂုတ်လအတွင်းက စတင်အကောင်အထည် ဖော်ခဲ့သည့် ၎င်း၏ ချူကလီးယားစမ်းသပ်ဖောက်ခွဲမှု တစ်ဖက်သတ်ရပ်ဆိုင်းခြင်းကို အဆုံးသတ်လိုက်သည်။

၂၈ ဥရောပမှ ဆိုဗီယက်နှင့် အမေရိကန်တို့၏ တာလတ်ပစ် ဒုံးပျံများအား လုံးကို ငါးနှစ်အတွင်း ဖယ်ရှားပေးရန် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချေ့ဗ်က အဆိုပြုလိုက်သည်။ အမေရိကန်ပြည်ထောင်စု၏ ကြယ်တာရူစစ်ပွဲအစီအစဉ်ကိုတားမြစ်သည့် သဘောတူညီမှုမရရှိဘဲ တာလတ်ပစ် ဒုံးပျံ ကန့်သတ်ရေးအစီအစဉ်မှာ မဖြစ်နိုင်ဟူ၍ ရစ်ခေယာဗစ်ဆွေးနွေးပွဲမှစ၍ ကိုင်စဲ့လာသော ဆိုဗီယက်၏ ရပ်တည်ချက်ကို ပြုပြင်လိုက်ခြင်းဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို လိုက်နာစောင့်သိမည်ဟု ကျမ်းသစ္စာ ကျိန်ဆိုနေသော သမ္မတ မစ္စက် ကိုရင့်ဒန် အကီနို

၁၉၇၇ ခုနှစ် ဖြစ်ရပ်မျာ:



စူပါနိုဗာ ရှယ်လတန် (အောက်ပုံ)ကို စတင်တွေ့ရှိသော အီယန် ရှယ်လတန်

၁၉၇၇ ခုနှစ် တောင်သူ လယ်သမား နေ့ လူထု အစည်းအဝေး ပွဲမျာ:ကို ပြည်နယ်နှင့်တိုင်:အလိုက် နိုင်ငံတစ်ဝန်:လုံး တွင်ကျင်:ပသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်:စဉ် ပါတီ ဥက္ကဋ္ဌကြီ: ဦ:နေဝင်:နှင့် နိုင်ငံတော် သမ္မတကြီ: ဦ:စန်:ယုတို့သည် မြန်မာ့ဆိုရှယ် လစ်လမ်:စဉ်ပါတီ အထွေထွေအတွင်:ရေ:မှူ: ဦ:အေ:ကိုက တည်ခင်:ည့်ခံသော ညစာ စာ:ပွဲသို့ တက်ရောက်ကြသည့် စစ်ကိုင်: ရာသစ်ကြီ: ပြည်ထောင်စု တိုင်:ရင်:သား လူမျိ:မျာ: ဖွံ့ဖြိ:ရေ:သိပ္ပံသင်တန်: အမှတ် စဉ် (၁၈) မှ လေ့လာရေ: သင်တန်:သား သင်တန်:သူမျာ:အာ:တွေ့ဆုံသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်:စဉ်ပါတီ အထွေထွေအတွင်:ရေ:မှူ: ဦ:အေ:ကိုသည် ပြည်ထောင်စု တိုင်:ရင်:သား လူမျိ:မျာ: ဖွံ့ဖြိ:ရေ:သိပ္ပံ သင်တန်: အမှတ်စဉ် (၁၈) မှ လေ့လာသူ ၁၉၇၇ ခုနှစ် အရက် အလွန်အကျံ့ သောက်ခြင်: သည် ဦ:နှောက်ကို ကျံ့စေသည်ဟု ဗြိတိသျှ ဆေ:ပညာ ပ:ာနယ်တွင် သြစ တြေ:လျနိုင်ငံမှ သိပ္ပံပညာရှင်တစ်စုက ရေ: သာ:ဖော်ပြသည်။ ပျမ်:မျအသက် ၅၈ နှစ် တွင် သေဆုံ:ခဲ့သူ ၄၄ ယောက်၏ ဦ:နှောက် မျာ:ကို လေ့လာခဲ့ရာ နှစ် ၃၀ ကျော် ၄၀ မျ အရက် အလွန်အကျံ့ သောက်ခဲ့သူ ၂၂ ယောက်၏ ဦ:နှောက်တို့သည် ပျမ်:မျအာ: ဖြင့် အလေ:ချိန်ဂရမ် ၁၀၀ (လေ:ကောင် စ) ခန့်လျော့ကာ ၁,၃၁၅ ဂရမ်ရှိနေကြောင်: တွေ့ရသည်ဟုဆိုသည်။ ကျန် ၂၂ ယောက် မှာ အရက်သင့်တင့်ရုံမျသောက်သူနှင့် လုံ:ဝ မသောက်သူမျာ:ဖြစ်၍ ပျမ်:မျ ဦ:နှောက် အလေ:ချိန် ၁,၄၂၀ ဂရမ်ရှိသည်ဟုဆိုသည်။

နောက်ဆုံ:နှစ် သင်တန်:သား သင်တန်:သူ မျာ:နှင့်မြန်မာ့ဆိုရှယ်လစ်လမ်:စဉ်ပါတီ ဗဟို ကော်မတီ ဌာနချုပ် အစည်:အဝေ: ခန်:မဉ်ဆွေ တွေ့ဆုံဆွေ:နွေ:သည်။

ဦ:– မြန်မာ့ဆိုရှယ်လစ်လမ်:စဉ်ပါတီ ဗဟို ကော်မတီ ဆဋ္ဌမအကြိမ် အစည်: အဝေ:ကို ပြည်သူ့လွှတ်တော် အစည်: အဝေ:ခန်:မဉ် ကျင်:ပသည်။

ပရိဂရက်စ်–၂၀ ကုန်တင် အာကာသ ယာဉ်သည် အာကာသ စခန်:ယာဉ် တဲ့ကြီ:ဖြစ်သော မီယာ–ဆိုယုဇ်တီအမ်–၂ နှင့် မော်စကိုစံချိန်ညနေ ၃ နာရီ ၄၃ မိနစ် ဟုင် ချိတ်မိသည်။ ပရိဂရက်စ်–၂၀ သည် မီယာအာကာသစခန်:ယာဉ်အတွက် စက်သုံ: ဆီ၊စာ:နပ်ရိက္ခာ၊ ရေ၊ စက်ပစ္စည်:နှင့် ကိရိ ယာ မျာ: အပြင် ချောစာ မျာ:ကို သယ် ဆောင်သွာ:ခဲ့သည်။

အမေရိကန် အမျိ:သာ: လေကြောင်: နှင့် အာကာသအုပ်ချုပ်ရေ:အဖွဲ့ (နာဆာ) က ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ဂ ရက်နေ့တွင် လွှတ်တင်ခဲ့သော အလေ:ချိန် ၁၄၀ ပေါင် (၆၇ ကီလို) ရှိသည့် ပိုင်အိုနီ:ယာ – ၉ အာကာသယာဉ်သည် နေကို ၂၂ ကြိမ်ပတ် ကာ ခရီ:မိုင် သန်:ပေါင်: ၁၁,၀၀၀ သွာ: ခဲ့ပြီ:နောက် ၎င်:၏လုပ်ငန်:မျာ: ရပ်ဆိုင်: သွာ:ခဲ့သည်ဟု ကြေညာသည်။

အမျိ:သာ:စာပေဆု စီ၈စ် ရွေ:ချယ် ရေ: ကော်မတီသည် ဆု ချီ:မြင့်ရန် သတ်မှတ်ထာ:သော ဘာသာရပ် ၁၃ မျိ: အတွက် ဆုရွေ:ချယ်ခံရသော စာအုပ်မျာ: ကို တစ်အုပ်လျှင်ယခင်ကဆုငွေကျပ် ၆၀၀၀ ချီ:မြှင့်ခဲ့ရာမှ ၁၉၇၆ ခုနှစ် အတွင်:ထုတ်ဝေ သော စာအုပ်မျာ:မှ ၎၏ ဆုငွေ ကျပ် ၁၀,၀၀၀ စီ ချီ:မြှင့်မည် ဖြစ်ကြောင်: သတင်: ထုတ်ပြန်လိုက်သည်။

စတုတ္ထ အကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထအစည်:အဝေ:ကို ပြည်သူ့လွှတ် တော် အစည်:အဝေ:ခန်:မဉ် ကျင်:ပ သည်။

ယခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့ က အီယန် ရှယ်လတန်ဆိုသူ စတာ် တွေ့ရှိခဲ့၍ စူပါနိုဗာရှယ်လတန်ဟု ခေါ်တွင် သော စူပါနိုဗာ (ပေါက်ကွဲနေသောကြယ်) ၏ ရှုထုံရိနို အမှုန်မျာ:ကို နေစကြဝဠာ ၏ အပြင်ဘက်မှ ပထမဆုံ:အကြိမ် အဖြစ်



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုအား ညွှေ့သည်တော် ရိုမေးနီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံသမ္မတကြီး မစ္စတာ နီကိုလိုင် ချောင်ရှက်စကူးက နိုင်ငံတော်ညွှေ့ဂေဟာ၌ တွေ့ဆုံနှုတ်ဆက်စဉ်

အနားကို စာပေဗိမာန်အဖွဲ့ ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။

ထောက်လှမ်းတော့ရှိပြီး ဖြစ်၍ စကြဝဠာ၏ အနာဂတ် ကံကြမ္မာအတွက် သဲလွန်စများကို လေ့လာ နိုင်တော့မည်ဟု အမေရိကန် ပြည်ထောင်စု ကာလီဖိုးနီးယားတက္ကသိုလ်မှ သိပ္ပံ ပညာရှင် တစ်စုက ကြေညာသည်။

အနောက်ဂျာမနီနိုင်ငံ၏ လာမည့် လေးနှစ် သက်တမ်းအတွက် ဝန်ကြီးချုပ် အဖြစ် လက်ရှိဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ် အား ပါလီမန်ကရွေးချယ်တင်မြှောက်လိုက်သည်။

ဥရောပ ငွေကြေးယူနစ်(အီးစီယူ)အဖြစ် သတ်မှတ်သုံးစွဲရန် ဗဲလဂျီယမ်နိုင်ငံက ပထမဆုံးအကြိမ်အဖြစ် ဒင်္ဂါးများသွန်းလုပ်လိုက်သည်။ ဘုံစျေးအဖွဲ့ထူထောင်ခဲ့သည့် ရောမစာချုပ် နှစ် ၃၀ မြောက် အထိမ်းအမှတ်အဖြစ် ရွှေဒင်္ဂါးနှင့်ငွေဒင်္ဂါးများ သွန်းလုပ်ခြင်းဖြစ်သည်။

၁၄– ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ
၁၆ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယု၏ ဖိတ်ကြားချက်အရ ရိုမေးနီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ နီကိုလိုင် ချောင်ရှက်စကူးနှင့် ဇနီးနှင့် အဖွဲဝင်များသည် ချစ်ကြည်ရေး ခရီး လာရောက်လည်ပတ်သည်။

၁၆ ဖင်းလန်နိုင်ငံတွင် ကျင်းပသော ရွေးကောက်ပွဲ၌ ကွန်ဆာဗေးတစ် ပါတီသည် လက်ရှိအမတ်နေရာ ၄၄ နေရာအပြင် နောက်တိုး နေရာများတွင်ပါ အနိုင်ရရှိပြီး ၅၃ နေရာဖြစ်လာ၍ အစိုးရအဖွဲ့၌ ပါဝင်ခွင့် မပေးဘဲ ချန်ထား၍ မရနိုင်တော့သည် ထိ အောင်ပွဲခံသည်။ ယင်းပါတီသည် အတိုက် အခံအဖြစ် ၂၁ နှစ်ကြာ ရပ်တည်နေခဲ့ရ ပြီးဖြစ်သည်။

၁၇ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကိုသည် ဒေသပါတီကော်မတီ ဥက္ကဋ္ဌများနှင့် ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီ ဥက္ကဋ္ဌများ၊ တောင်သူလယ်သမား အစည်းအရုံးဗဟို အလုပ်အမှုဆောင် ကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးများအား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံ လမ်းညွှန်မှာကြားသည်။

၁၈– ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေး
၂၀ နှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း၊ စာပေဗိမာန်အဖွဲ့က ကြီးမှူး၍ ဘာသာပြန်စာပေ စာတမ်း ဖတ်ပွဲ အခမ်း

၂၀ အမေရိကန် ပြည်ထောင်စုတွင် မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ(အေဒ်စ်) ရောဂါရှင်လူနာများအား ဝေဒနာ လျော့ပါး သက်သာစေမည့် ပထမဆုံးသော ဆေးတစ်မျိုးကို အမေရိကန် အစားအစာနှင့် ဆေးဝါးကုပ်ကဲရေး အဖွဲ့က အတည် ပြုလိုက်သည်။ အဆိုပါ ဆေးသည် အေဇက်တီ သို့မဟုတ် အေဇီဒိုသိုင် မိဒင်းဖြစ်ပြီး ဗြိတိန်ဝဲလ်ကမ်းကုမ္ပဏီ၏ အမေရိကန် ပြည်ထောင်စု လုပ်ငန်းခွဲ ဖြစ်သော ဘာရိုးဝဲလ်ကမ်း ကုမ္ပဏီက ဖော်စပ်ထုတ်လုပ်ခဲ့သည်။ အဆိုပါဆေးကို ဗြိတိန်နှင့် ပြင်သစ်နိုင်ငံတို့တွင် ရောင်းချရန် ခွင့်ပြုပြီးဖြစ်သည်။

၂၃ မကာအိုအနာဂတ်အရေးနှင့်ပတ်သက်၍ တရုတ်–ပေါ်တူဂယ်ဆွေးနွေးပွဲပြီးဆုံးသွားပြီးဖြစ်ရာပေါ်တူဂယ်တို့အုပ်စိုးထားသော မကာအို ဒေသအား ၁၉၉၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တရုတ်အစိုးရသို့ ပြန်လည်လွှဲပြောင်းပေးရန် သဘောတူညီမှုရရှိကြသည်။

၂၅ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း နှင့် ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော် သမ္မတကြီး ဦးစန်းယုတို့

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ



အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉ သန်းတန်သော နေကြာပန်းများ အမည်ရှိ ပန်းချီကား

သည် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော် ပြခန်းမဌာ ပြသမည့် ၄၂ နှစ်မြောက် တပ်မတော်နေ့ပြပွဲကို ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ကြီး ဦးစန်းယုန့် ဇနီးဒေါ်သန်းရှိန် တို့က ၄၂ နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် အလုံလမ်း သမ္မတအိမ်ရာဝင်္ဂ တည်ခင်းပြည့်ခံသော ညစာစားပွဲသို့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် ဇနီး ဒေါ်နီနီမြင့်တို့ တက်ရောက်ကြသည်။

၄၂ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တော်လှန်ရေးပန်းခြံ၌ ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

ကမ္ဘာကျော်ပန်းချီအနုပညာရှင် ဗင်းဆင့်ဗန်ဂိုး (၁၈၅၃–၁၈၉၀)၏ "နေကြာပန်းများ" ပန်းချီကားကို လန်ဒန်မြို့၌ လေလံတင်ရောင်းချရာ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၉ သန်းရရှိ၍ စျေးနှုန်းအမြင့်မား ဆုံး ပန်းချီလက်ရာဖြစ်သွားသည်။

တရုတ်ပြည်သူ သမ္မတနိုင်ငံ ရေနံလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီးမစွတာ ဝမ်တောင်သည် အဖွဲ့ဝင်ရှစ်ဦးနှင့်အတူ မြန်မာ့ ရေနံ လုပ် ငန်း များ ကို လေ့ လာ ရန် ရန်ကုန်မြို့သို့ရောက်ရှိသည်။

၂ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ပြည်ပသို့ ခရီးထွက်ခဲ့သည်။

ပေါ်တူဂယ်နိုင်ငံတွင် လူနည်းစု ဗဟို လက်ယာအစိုးရအပေါ် အယုံအကြည် မရှိ ကြောင်းအဆိုကို ပါလီမန်၌ မဲခွဲဆုံးဖြတ်ရာ အတိုက်အခံပါတီများက အနိုင်ရရှိပြီးနောက် လက်ယာအစိုးရ ပြုတ်ကျသွားသည်။

၃ ၁၉၇၇ ခုနှစ် တက္ကသိုလ်နှင့် ကော လိပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို အောင်ဆန်း အားကစား ပြိုင်ကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီး ဌာန ဝန်ကြီး တက်ရောက်၍ ဖွင့်လှစ်ပေး သည်။

အိန္ဒိယနိုင်ငံ ရာဂျက်စ်သန် ပြည်နယ် အတွင်း သဲကန္တာရထဲတွင် ကုလားအုတ် များ၏ခြေရာခံကာ လိုက်လံစုံစမ်းပြီး ဘိန်းဖြူ ၃၀၉ ကီလိုဂရမ် (၆၇၉ ဒသမ ဂ ပေါင်) ကို ရဲအဖွဲ့က ဖော်ထုတ် ဖမ်းဆီးရမိသည်။

၄ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ တဲဖက် အထွေထွေ အတွင်းရေးမှူး ဦးစိန်လွင်သည် အဖွဲ့ဝင်များနှင့် အတူ မွန်ပြည်နယ် ဒေသပါတီကော်မတီ နှုတ်မြေ တွင် ပါတီ၊ ပြည်သူကောင်စီတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များအား ဆွေးနွေးလမ်းညွှန်သည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခ နှင့် အဖွဲ့သည် ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

၅ ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဖလား အမျိုးသား မာရသွန်ပြိုင်ပွဲကို ဆိုးလ် မြို့တွင် ကျင်းပရာ ဂျီဘူတီမှ အာမက်ဆာ လေက ၂ နာရီ ၁၀ မိနစ် ၅၅ စက္ကန့်ဖြင့် ပထမ ရရှိသည်။

၁၀ အိန္ဒိယနိုင်ငံတွင် ကွန်ပျူတာ နည်း ပညာကို လုံးဝ အသုံးပြုထားသည့်




မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဖိတ်ခေါ်မာရသွန် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အပြေးသမားလေးဦးက ပထမတစ်ဆု၊ ဒုတိယတစ်ဆုနှင့် တတိယနှစ်ဆု အသီးသီးရရှိခဲ့ကြသည်။ အမျိုးသမီးပြိုင်ပွဲတွင် မာမာမင်းက ပထမ၊ မဝိပွဲက တတိယရရှိပြီး အမျိုးသားပြိုင်ပွဲတွင် ခင်စိုးက ဒုတိယ၊ လူးဝစ်က တတိယရရှိကြသည်။

ပါလက်စတိုင်း အဝေးရောက်ပါလီမန်ကို ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်အို)ဥက္ကဋ္ဌ ယာဆာအာရဖတ်က အယ်ဂျီးယားစ်မြို့တွင် ဖွင့်လှစ်ပေးလိုက်သည်။

အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) ၏ ၄၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ထိုင်းဝန်ကြီးချုပ်နှင့် အက်စကက် အမှုဆောင် အတွင်းရေးမှူးတို့က ဖွင့်လှစ်ပေးသည်။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်သူလွှတ်တော် ကိုယ်စားလှယ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီး ဦးစန်းယု၏ စတုတ္ထအကြိမ် ပြည်သူလွှတ်တော် တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်သူလွှတ်တော်ကိုယ်စားလှယ် ပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကို စတုတ္ထအကြိမ် ပြည်သူလွှတ်တော် တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းစဉ် နှင့် တက်ရောက်ကြသူများ



၁၄ အင်ဒိုနီးရှားနိုင်ငံ ရွေးကောက်ပွဲဥက္ကဋ္ဌ သမ္မတ ဆူဟာတို့နှင့် ၎င်း၏ အာဏာရ ဂိုလ်ကာပါတီ အနိုင်ရသည်။

၁၅ ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်သူလွှတ်တော် ကိုယ်စားလှယ် လမ်းစဉ်ပါတီ အထွေထွေအတွင်းရေးမှူး ဦးအေးကိုနှင့် မဲဆန္ဒနယ် အမှတ် (၂) ပြည်သူလွှတ်တော် ကိုယ်စားလှယ် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်တို့၏ စတုတ္ထအကြိမ် ပြည်သူလွှတ်တော် တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို တိုက်ကြီးမြို့ ကန်သာယာဥယျာဉ်၌ ကျင်းပသည်။

၁၆ အီတလီနိုင်ငံ၏ စစ်ပြီးခေတ် ၄၆ ကြိမ်မြောက် အစိုးရအဖွဲ့သည် သမ္မတ ကော်ဆီဂါ၏ရွှေမှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ခရစ်ယာန်ဒီမိုကရက် တစ် ဝါဒီ ဖန်ဖာနီက ဝန်ကြီးချုပ် အဖြစ် တာဝန်ယူသည်။

၁၇ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီးသူရ ဦးထွန်းတင် ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပမည့် အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ် ၂၀ မြောက် အစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားသည်။

၁၈ မဟာသင်္ကြန်အကျနေ့ ဖြစ်သည်။

၁၉ အီတလီနိုင်ငံ၏ စစ်ပြီးခေတ် ၄၆ ကြိမ်မြောက် အစိုးရအဖွဲ့သည် သမ္မတ ကော်ဆီဂါ၏ရွှေမှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ခရစ်ယာန်ဒီမိုကရက် တစ် ဝါဒီ ဖန်ဖာနီက ဝန်ကြီးချုပ် အဖြစ် တာဝန်ယူသည်။

၂၀ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (အက်စကက်) ၏ ၄၃ ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို ထိုင်းဝန်ကြီးချုပ်နှင့် အက်စကက် အမှုဆောင် အတွင်းရေးမှူးတို့က ဖွင့်လှစ်ပေးသည်။

၂၁ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မဲဆန္ဒနယ် အမှတ် (၁) ပြည်သူလွှတ်တော် ကိုယ်စားလှယ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်သမ္မတကြီး ဦးစန်းယု၏ စတုတ္ထအကြိမ် ပြည်သူလွှတ်တော် တတိယအစည်းအဝေးနှင့် စတုတ္ထအစည်းအဝေး အတွေ့အကြုံ ရှင်းလင်းပွဲကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

၂၂ ဗုဒ္ဓ၏ အရိုးဓာတ်တော်နှစ်ဆူကို နှစ်ပေါင်း ၁,၇၇၁ နှစ် အကြာခန့်က ပီကင်းမြို့ အနီးတွင် မြုပ်နှံထားသည့် ကျောက်သေတ္တာ တစ်ခုအတွင်းမှ ရှာဖွေတွေ့ရှိခဲ့ကြောင်း တရုတ်ဘာသာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ အဆိုပါ ဓာတ်တော်များကို ပီကင်းမြို့ အနောက်တောင်ဘက် ယွန်ကျူး ဘုရားကျောင်းတော်အနီးရှိ ဂူတစ်ခုအတွင်း ၁၉၁၁ ခုနှစ်က တူးဖော်ရရှိခဲ့ခြင်း ဖြစ်သည်။

အိုက်စလန်နိုင်ငံ ဝန်ကြီးချုပ် စတိုင်းဂရင်မာ ဟန်မန်ဆင်သည် အထွေထွေရွေးကောက်ပွဲ၌ အရေးနိမ့်၍ နုတ်ထွက်သွားရသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

မေလ

၁ ၁၉၇၇ ခုနှစ် အလုပ်သမားနေ့ လူထု အစည်း အဝေးပွဲ များကို နိုင်ငံ တစ်ဝန်းလုံး၌ ကျင်းပသည်။


ပညာ ရေး ဝန် ကြီး ဌာ န ဝန်ကြီးက လူ ရည် ချွန် များ အား ကျို့ကွက်ဆံကွင်း ပြည် ထောင် စု ခန်းမ ၌ ညစာ စားပွဲဖြင့် ဂုဏ်ပြုသည်။

နေပူဆာလှံခြင်းကြောင့် အ ရေ ပြား ကင် ဘာ ဖြစ် နိုင် ကြောင်း အ မေ ရိ ကန် အရေပြား ဆိုင် ရာ အ ကယ် ဒ မီ ၏ လေ့လာချက် စစ်တမ်းတွင် ဖော်ပြသည်။

၂ နိုင်ငံပေါင်း ၁၂၀ ကျော်မှ ကိုယ် စားလှယ်များ တက် ရောက် သည့် နိုင်ငံတကာ အလုပ်သမားသမဂ္ဂ ညီလာခံ ကို ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့တွင် ကျင်းပသည်။

၄ ဆေးလိပ် သောက်ခြင်းကြောင့် ရရှိ သော ရောဂါများဖြင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူဦးရေအနည်းဆုံး တစ်သန်း မျ သေဆုံးနေရကြောင်း ကမ္ဘာ့ ကျန်းမာ ရေးအဖွဲ့ အကြီးအကဲအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေးတွင် ပြောကြားသည်။

၅ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင် မောင်ခနှင့်အဖွဲ့သည် မိတ္ထီလာချည် ပါးရှင်းပင်လယ်ကွေတွင် အီရတ်တို့မှားယွင်းပစ်ခတ်သော အိတ်ဆိုင်းဒုံးကျည်ထိမှန်သည့် အမေရိကန်စစ်သင်္ဘော စတာ့ (အပေါ်ပုံ)နှင့် ကျဆုံးသွားသော သင်္ဘောသား ၃၇ဦး၏ ဈာပနအခမ်းအနား



၆ တရုတ်ပြည် အ ရှေ့ မြောက် ပိုင်း ၌ လူပေါင်း ၂၀၀ ကျော် ကို သေ စေ သည့် တောမီးကြီး စတင် လောင်ကျွမ်း သည်။

၇ ဆွစ်ဇာလန် စီး ပွား ရေး ဝန် ကြီး ဟောင်း ဆွမ်မာရွဂါသည် နိုင်ငံတ ကာကြက်ခြေနီကော်မတီ၏ ၁၂ ဦးမြောက် ဥက္ကဋ္ဌအဖြစ် စတင် တာဝန် ထမ်းဆောင် သည်။


၈ ၁၉၇၇ ခုနှစ် ကမ္ဘာ့ကြက် ခြေ နီ နေ့ အထိမ်း အမှတ် အ ခမ်း အ နား ကို ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင် ကွင်း၌ ကျင်းပသည်။

၁၂ မဟာဝိဇယ စေတီတော်၏ ဌာပနာ သိမ်းပွဲ မင်္ဂလာ အခမ်း အနား ကို ဓမ္မရက္ခိတ ကုန်းတော်ပေါ်၌ ကျင်းပသည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ အဆင့်မြင့်နှင့် အထူး စက်မှု ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စ တာ ဗစ်တာ အိုင် ဇူဘရက် ခေါင်းဆောင် သော ဆိုဗီယက် ပညာရေး လေ့လာရေး အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

မော်လတာနိုင်ငံ ရွေး ကောက် ပွဲ တွင် အမျိုးသားရေးဝါဒီ နေရှင်နယ်လစ် ပါတီက အနိုင်ရရှိသွားသဖြင့် လေ ဘာ ပါ တီ၏ ၁၆ နှစ်ကြာ စိုးမိုးမှု အဆုံး သတ်သွားသည်။

၁၄ နိုင်ငံတော် ဒုတိယ ဝန်ကြီးချုပ်နှင့် စီမံကိန်း နှင့် ဘဏ္ဍာ ရေး ဝန် ကြီး ဌာနဝန်ကြီး သူရဦးထွန်းတင် ခေါင်းဆောင် သော မြန်မာ ကိုယ် စား လှယ် အ ဖွဲ့ သည် ဂျပန်နိုင်ငံ အိုဆာကာမြို့၌ ကျင်းပသည့်



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် ချောင်ရှိအား ပြည်သူ့လွှတ်တော်ဝင်းအတွင်းရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်

အာရှဖွံ့ဖြိုးရေးဘဏ်၏ အကြိမ် ၂၀ မြောက် အစည်းအဝေးသို့ တက်ရောက်ရာမှ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၁၅ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခန့်အပ်သည် အင်းစိန် ရွာမရှိ သံမဏိစက်ရုံသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ဝင် ၁၆၆ နိုင်ငံတက် ရောက် သည့် အ ဖွဲ့ ၏ နှစ် ပတ် လည် အစည်းအဝေး ကျင်းပပြီးစီးသည်။ အစည်းအဝေးမှ ၁၉၇၈ ခုနှစ် မေလ ၇ ရက်နေ့ကို "ကမ္ဘာ့ ဆေး လိပ် မ သောက် သော နေ့" အဖြစ် ပြဋ္ဌာန်းရန်ဆုံးဖြတ်သည်။

၁၆ လူတို့၏ နားထဲတွင် တွေ့ရှိ ရသော နား ဖာ ချေး ခေါ် ဖယောင်း မျိုး သည် ၎င်းတို့၏ လူမျိုး ဇာတိ ဇာစ်မြစ်ကို ဖော် ထုတ် ရာ တွင် အ ထောက် အ ပံ့ ရ ရှိ ကြောင်း ဆိုဗီယက် သိပ္ပံပညာရှင်တစ်ဦးက တွေ့ရှိသည်။

၁၇ အမေရိကန်ရေတပ်မှ ဒုံးပျံတင် ဖရိုး ဂိတ် စစ်သင်္ဘော စတာ့ သည်ပါးရှင်း ပင် လယ် ကွေ့ ဒေသ အပြည့် ပြည် ဆိုင်ရာ ရေပြင်တွင် ခုတ်မောင်းနေစဉ် အီရတ်တိုက် လေ ယာဉ် များ ၏ မှား ယွင်း ပစ် ခတ် မှု ကြောင့် မီးလောင်ပြီး သင်္ဘော်သား ၃၇ ဦး သေဆုံးသည်။

၂၀ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ပြည်ပ ခရီးမှ ပြန် လည် ရောက် ရှိလာ ရာ လမ်းစဉ် ပါတီ ဒုတိယဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတကြီး ဦးစန်းယု အမှူးပြုသောအဖွဲ့က မှန်ကုန်လေ ဆိပ်မှ ဆီးကြိုသည်။

၂၂ ပေါ်တူဂယ် နိုင်ငံတွင် ဖမ်း ဆီး မိ သမျှဆေးခြောက်များအနက်အများ ဆုံးပမာဏဖြစ်သည့် ဒေါ်လာ ၂၁ သန်း ခဲ့ပို့ရှိမည့် ဆေးခြောက် လေးတန်နီးပါးကို ဖမ်းဆီး ရမိသည်။

၂၃- နိုင်ငံတော် ဒုတိယ ဝန်ကြီးချုပ်နှင့် ၂၄ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ဝန်ကြီး သူရ ဦးထွန်းတင်၏ ဖိတ် ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော် ကောင်စီ ဒုတိယ ဝန်ကြီးချုပ် ချောင်ရှိနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ အလည်အပတ် ရောက်ရှိသည်။

ဆိုဗီယက် ပြည်ထောင်စု ဒုတိယ ၂၅- နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ အိုင် ၂၈ အော ရိုဂါချက် သည် ရန်ကုန်မြို့သို့ လေ ကြောင်း ခရီး ဖြင့် အ လည် အ ပတ် ရောက်ရှိသည်။

၂၆ ဂျပန် နိုင်ငံသည် ကမ္ဘာ ပေါ် တွင် အကြီးဆုံးသော မြို့ရှင်နိုင်ငံ အဖြစ် ဆက်လက် ဦး ဆောင် နေ ကြောင်း ဂျပန် နိုင်ငံ ဘဏ္ဍာရေး ဝန်ကြီးဌာနက ကြေညာ သည်။

၂၈ အိန္ဒိယနိုင်ငံ ဘုံဘေမြို့၌ ဒေါ်လာ ၄ ဒသမ ၇၅ သန်း ကျော်ဖိုးရှိ ဆေး ခြောက်နှင့် မန်းဒရက်ဇ် မူးယစ်ဆေးပြား ကီလိုဂရမ် ၆၀ ကို ဖမ်းဆီး ရမိသည်။

၂၈- ဝါဆော စာချုပ် အဖွဲ့ နိုင်ငံရေး ၂၉ အတိုင်ပင်ခံ ကော်မတီအစည်းအဝေး ကျင်းပသည်။

ဇွန်လ

၅ လက်ဗန္ဓနှင့် ဝန်ကြီးချုပ် ထက္ခစ်ကထာမိ သည် လက်ဗန္ဓန် နိုင်ငံ မြောက် ပိုင်း ထရိပိုလီမြို့မှ ဘေရွတ်မြို့သို့ ရဟတ်ယာဉ်ဖြင့်

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဇနီး ဒေါ်သန်းရွှိန်တို့အား ဆိုးလ်မြို့ လေဆိပ် အထူးသီးသန့် ဧည့်ခန်းမတွင် ကိုရီးယား သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ချွန်ဒူးဝှမ် နှင့် ဇနီးတို့က နှုတ်ဆက်စကားပြောကြားစဉ်

ထွက်ခွာလာစဉ် ရဟတ် ယာဉ် ပေါ်တွင် ဗုံးပေါက်ကွဲသဖြင့် ဒဏ်ရာများ ရရှိကာ ကွယ်လွန်သည်။

လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည့် လက်ဗ နွန် ဝန်ကြီးချုပ် ကရာမီ၏နေရာတွင် ယာယီ ဝန်ကြီးချုပ်အဖြစ် ဆွန်နီ မူဆလင်ဘာသာ ဝင် ပညာရေးဝန်ကြီး ဆလင် ဟွစ်အား ခရစ်ယာန်သမ္မတ အာမင်ကျမား ယယ်က ခန့်အပ် တာဝန်ပေးလိုက်သည်။

သီရိလင်္ကာနိုင်ငံအတွင်းသို့ ဘိန်းဖြူနှင့် ဆေးခြောက် မှောင်ခိုတင်သွင်းရန် ကြိုးပမ်း မှုဖြင့် သြစတြေးလျမှ လှံတံပစ် ချန်ပီယံ ဟောင်း ရယ်ဂျိနယ် စပီးယားအား သီရိ လင်္ကာ တရားသူကြီးတစ်ဦးက သေဒဏ်ပေး လိုက်သည်။

၃ ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာ နာယက အဖွဲ့ ၄၇ ပါးစုံညီ နဝမ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ ဇမ္ဗူဒီပ ကျောင်းဆောင်အစည်း အဝေးခန်းမ၌ ကျင်းပသည်။

တရုတ်ပြည် အရှေ့မြောက် ပိုင်း တွင် မေလ ၆ ရက်နေ့မှ စ၍ အကြီး အကျယ် လောင်ကျွမ်းခဲ့သော တောမီး ငြိမ့်ငှာ ထိခိုက် ဒဏ်ရာ ရရှိသူများအတွက် အရေး ပေါ် အကူအညီအဖြစ် ဒေါ်လာ ၅,၇၅,၀၀၀ ကို ဥရောပ ဘုံစျေးအဖွဲ့ (အီးအီးစီ) က ပေးအပ်သည်။

၄ ကြိုဟ်တု ဆက်သွယ်ရေး ဆိုင်ရာ ကုလ သမဂ္ဂ နိုင်ငံတကာနှီးနှောဖလှယ်ပွဲတစ်ရပ်ကို မော်စကိုမြို့တွင် စတင်ဖွင့်လှစ်သည်။ နှီးနှောဖလှယ်ပွဲသို့ အာရှ၊ အာဖရိကနှင့် လက်တင်အမေရိကနိုင်ငံ ၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတကာ အလုပ်သမားရေးရာ အဖွဲ့ ချုပ် (အိုင်အယ်အို) ၏ နှစ်ပတ်လည် ညီလာခံကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာ မြို့တွင် စတင်ဖွင့်လှစ်သည်။

၅ ချူကလီးယား လက်နက်များ နှင့် ချူကလီးယား စွမ်းအင်သုံး စစ် သင်္ဘောများကို ပိတ်ပင်တား မြစ် ခဲ့သော နယူးဇီလန် လေဘာအစိုးရ၏ ဥပဒေကို နယူးဇီလန် ပါလီမန်က တရားဝင် ဥပဒေ ပြဋ္ဌာန်းကာ အတည်ပြုလိုက်သည်။

၆ အမျိုးသားရွေးကောက်ပွဲ ကော်မရှင် က အင်ဒိုနီးရှားနိုင်ငံ၏ အထွေထွေ ရွေးကောက်ပွဲ အပြီးသတ်အနိုင်အရှုံးစာရင်း ကိုကြေညာရာ သမ္မတဆူဟာတို၏ အာဏာရ ဂိုလ်ကာပါတီသည် ထောက်ခံမဲ ၆၂ ဒသမ ၇ သန်းဖြင့် အပြတ်အသတ် အောင်မြင်မှု ရရှိသည်။

လူ ၁၉၁ ဦးအသက်ဆုံးရှုံးခဲ့ပြီး တရုတ် ပြည် အရှေ့မြောက်ပိုင်းရှိ အလွန်ကျယ်ဝန်း သော ဒေသကြီးတစ်ခုလုံး မီးလောင်မြေ ဖြစ်သွားခဲ့ရသော တောမီး လောင်ကျွမ်းမှု တွင် တာဝန်မကင်းမှုဖြင့် တရုတ်သစ်တော ဝန်ကြီး ယန်ကြုန်းအား တရုတ်နိုင်ငံတော် ကောင်စီက ရာထူးမှ ဖယ်ရှားလိုက်သည်။

၇ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဒုတိယ အကြိမ် နိုင်ငံတော် ဗဟို သံဃ ဝန် ဆောင် အဖွဲ့ တတိယ အစည်းအဝေးကို ရန်ကုန်မြို့ ကမ္ဘာ အေး ကုန်းမြေရှိ အစည်းအဝေး ခန်းမ ဆောင်၌ ကျင်းပသည်။

၈– မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ ဒုတိ ၁၂ ယ ဥက္ကဋ္ဌ၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံ တော် သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီ ဥက္ကဋ္ဌဦးစန်းယုနှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ကိုရီးယား သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာ ချွန်ဒူးဝှမ်၏ ဖိတ်ကြားချက်အရ ကိုရီးယား သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေး အလည် အပတ် ခရီး သွားရောက်သည်။ ဤ လ ၁၂ ရက်နေ့တွင် နိုင်ငံတော် သမ္မတကြီးနှင့်

နှင့် ချုပ်ဆိုရန် မြောက်အတ္တလန္တိတ်စာချုပ် အဖွဲ့ (နေတိုး) က အမေရိကန်ပြည်ထောင်စု အား တရားဝင်သဘောတူခွင့်ပြုလိုက်သည်။

၁၄ ကုလသမဂ္ဂတွင် ကျင်းပသည့် ၁၉၇၇ ခုနှစ် ကုလသမဂ္ဂလူဦးရေ ဆုပေးအပ်ပွဲ အခမ်းအနားတွင် ကုလသမဂ္ဂ လူဦးရေဆုတံဆိပ် ရရှိသည့် ဘင်္ဂလားဒေ့ရှ် သမ္မတ နိုင်ငံအား ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ဆုချီးမြှင့်ရာ ဘင်္ဂလားဒေ့ရှ် သမ္မတ မိုဟမ္မက်အာရှတ်က လက်ခံ ရယူသည်။

၁၅ ကိုယ်စားလှယ် ၁,၅၀၀ နှုန်း တက်ရောက် သော မူးယစ်ဆေးဝါး အလဲသုံးမှုနှင့် မှောင်ခိုလုပ်ငန်းများအား နှိမ်နင်းတိုက်ဖျက်ရေး ဆိုင်ရာ နိုင်ငံတကာ ညီလာခံကို ဗီယင်နာမြို့တွင် ကျင်းပရာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက် ဒေကွေးလျားက အဖွင့်မိန့်ခွန်း ပြောကြားသည်။

၁၆ ဗီယက်နမ် အမျိုးသား လွတ်တော်သည် ဗီယက်နမ် ဆိုရှယ်လစ် သမ္မတ နိုင်ငံ၏ ဝန်ကြီးချုပ်သစ် အဖြစ် ဖန်ဟွန်၊ သမ္မတ သစ်အဖြစ် ဗို ချီ ကောင်း တို့အား အသီးသီးရွေးချယ် ခန့်အပ်လိုက်သည်။

၁၇ ကမ္ဘာ့စွမ်းအင်ရရှိမှုအခြေအနေ ဆိုးရွားလာသည်ကို ဖြေရှင်းရန် ကုလသမဂ္ဂ ဥက္ကဋ္ဌ ဂျိုးစန်းယုန့်၏ အဖွဲ့သည် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။

၁၈ ကမ္ဘာ့ စက်မှု ခုနှစ်နိုင်ငံ ၁၃ ကြိမ်မြောက် စီးပွားရေး ထိပ်သီး ဆွေးနွေးပွဲကို အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် ကျင်းပသည်။

ကုလသမဂ္ဂ ပတ်ဝန်းကျင် ကာကွယ်ရေး အစီအစဉ် (ယူနက်) သည် ပတ်ဝန်းကျင် ကာကွယ်ရေးတွင် ပါဝင်အကျိုးပြု လုပ်အား ပေးကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ရာ ဆုချီးမြှင့်ခံရသူများတွင် ဟောလီးဝုဒ် ရုပ်ရှင်မင်းသား ရောဘတ်ရက်ဖို့ဒ် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ အဖွဲ့အစည်းများ ပါဝင်သည်။

၁၉ ဒီဇင်ဘာလတွင် ကျင်းပရန် စီစဉ်ထားသော ရွေးကောက်ပွဲ၌ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံရန် ပါတီ ဥက္ကဋ္ဌ နိုတေဝူးအား ရွေးချယ်ထားမှုကို တောင်ကိုရီးယားနိုင်ငံ၏ ဒီမိုကရက် တစ်တရားမျှတမှုပါတီက အတည်ပြုလိုက်သည်။

မက္ကဆီကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးအက်ဒွာဒိုပက်စကွေးရာ အိုလီယာအား ပီကင်းတွင် ကျင်းပသည့် ကုလသမဂ္ဂ၏ ကမ္ဘာ့စားနပ်ရိက္ခာကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးက ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ ကောင်စီ (ဒဗလျူအက်ဖ်စီ)၏ဥက္ကဋ္ဌ အဖြစ် ရွေးချယ် တင်မြှောက်လိုက်သည်။

၂၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ် လှူဒါန်း ခဲ့သည့် အဘိဓမ္မာရဋ္ဌဂုရုနှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ် လှူဒါန်း ပူဇော်သည့် အခမ်းအနားကို ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသည်။

၂၂ ဗြိတိန်နိုင်ငံ အထွေထွေရွေးကောက်ပွဲ ဆန္ဒမဲ စာရင်းများကို ကြေညာရာ အလုပ်သမား ကွန်ဆာဗေးတစ်ပါတီက အစိုးရဖွဲ့စည်းနိုင်ရန်အတွက် လိုအပ်သည့် အမတ်နေရာ ၃၂၆ နေရာထက် ပိုမိုအနိုင်ရရှိသွားသောကြောင့် ကွန်ဆာဗေးတစ်ပါတီ ခေါင်းဆောင် ဝန်ကြီးချုပ် မာဂရက် သက် ချာသည် တတိယ သက်တမ်းအတွက် ဝန်ကြီးချုပ်အဖြစ် ဆက်လက် ဆောင်ရွက် ခွင့်ရသွားသည်။

ဥရောပရှိ နျူကလီးယား လက်နက်များကို လျော့ချစေမည့် သမိုင်းဝင် သဘောတူစာချုပ်တစ်ရပ်ကို ဆိုဗီယက် ပြည်ထောင်စု

ဗြိတိန်နိုင်ငံသမိုင်းတွင် သက်တမ်းသုံးဆက် ရွေးချယ်တင်မြှောက်ခံရသော ဝန်ကြီးချုပ် မစ္စက် မာဂရက် သက်ချာ



၁၉၇၇ ခုနှစ် ဖြစ်ရပ်များ

သဲကန္တာရမျောပိုကြီးမားကျယ်ပြန့်

လာမူသည် ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် ပြိုတိန် နိုင်ငံ အကျယ် အဝန်း၏ တစ်ဝက်နီးပါးခန့် ပမာဏဖြင့် ဖြစ်ပေါ်နေကြောင်း၊ လူသန်း ၇၅၀ သည် မိုးခေါင်ရေရှားမှု အန္တရာယ်၏ ခြိမ်းခြောက်မှုကို ခံနေရကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတစ်စောင်က ဖော်ပြထားသည်။

အီဂျစ်နိုင်ငံတွင် ကုန်စျေးနှုန်းများမြင့်တက်လာမှုကို တန်ပြန်သောအားဖြင့် အစိုးရ အမှုထမ်း များအား ဇူလိုင်လ ၁ ရက်မှစ၍ လစာ ၂၀ ရာခိုင်နှုန်း တိုးပေးမည် ဖြစ်ကြောင်း သမ္မတ မူဘာရက်က ကြေညာသည်။

၁၉၃၈ ခုနှစ်တွင် အမေရိကန် သန်းကြွယ်သူဌေး ဟောင်းဝပ်ဟူးဂျက်က ပန်ကာသုံး လေယာဉ်ဖြင့် ၉၁ နာရီ ၁၇ မိနစ် ၁၀ စက္ကန့်အတွင်း ကမ္ဘာတစ်ပတ် ပတ်၍ စံချိန်တင်ခဲ့ရာ ထိုစံချိန်ကို ပြင်သစ် သုံးဦးနှင့် ကနေဒါတစ်ဦးက လေဂျာဒိ–၁၀ လေယာဉ်ဖြင့် ကမ္ဘာကို ၈၀ နာရီ ၄၀ မိနစ် အတွင်း တစ်ပတ် ပတ်ခြင်းဖြင့်စံချိန်ချိုးလိုက်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့်အဖွဲဝင်များ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းသို့ ရောက်ရှိခဲ့ရာထွင် ဘာထိုက္ယန်းလေဆိပ်မှ အခမ်းအနားဖြင့် ကြိုဆိုနှုတ်ဆက်စဉ်

၂၄ ကမ္ဘာ့အမျိုးသမီး ကွန်ဂရက်အစည်းအဝေးကို မော်စကိုမြို့တွင် စတင်ဖွင့်လှစ်ရာ ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

၂၅ ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ မျက်နှာစုံညီ အစည်းအဝေးကို မော်စကိုမြို့၌ စတင်ကျင်းပရာ စီးပွားရေးစီမံခန့်ခွဲမှုတွင် ပါတီ၏ ကြီးမားသော တာဝန်ကို အဓိက ဖော်ပြသည့် အစီရင်ခံစာကို ဆိုဗီယက် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ အထွေထွေ အတွင်းရေးမှူး ဂေါ်ဘာချော့က တင်သွင်းသည်။

၂၇ မလေးရှားတွင် ဘိန်းဖြူ ၉ ဒသမ ၄၇ ပေါင်ကို မှောင်ခို ထောင်းဝယ်မှုဖြင့် အလှူပြင်ပစ္စည်း ထောင်းချသည့် အမျိုးသမီး တစ်ဦးအား မလေးရှားနိုင်ငံ ဗဟိုတရားရုံးက သေဒဏ် ပေးလိုက်သည်။ မလေးရှားနိုင်ငံတွင် မူးယစ်ဆေးဝါးမှောင်ခိုထောင်းဝယ်မှုဖြင့် ယနေ့အထိ လူ ၄၉ ဦးအား သေဒဏ် အပြစ်ပေးခဲ့ပြီး ဖြစ်သည်။

၂၉ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် အင်ဒိုနီးရှား သမ္မတနိုင်ငံသမ္မတ ဆူဟာတို၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ ကျောကာတာမြို့သို့ ချစ်ကြည်ရေးခရီး ထွက်ခွာသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက် ဒေကွေးလျားက ဆိုဗီယက်သမ္မတ ဂရိုမီကို အား နိုင်ငံတကာ ငြိမ်းချမ်းရေးနှစ် အထိမ်းအမှတ် အဖြစ် ကုလသမဂ္ဂ တံဆိပ်ကိုပေးအပ်သည်။

၃၀ ပြည်ထောင်စု မြန်မာနိုင်ငံ ဘက်မှ ငါးပြားတန် အကြေပုံစံသစ်ကို စတင် ထုတ်ဝေသည်။

ဇူလိုင်လ

၁–၇ အင်ဒိုနီးရှား သမ္မတနိုင်ငံတွင် ချစ်ကြည်ရေး အလည်အပတ် ရောက်ရှိနေသော ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲဝင်များသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ အတွင်း ခရီးလှည့်လည်ကာ စက်ရုံများနှင့် လုပ်ငန်းရပ်များကို ကြည့်ရှုလေ့လာကြသည်။



လွန်ခဲ့သည့် ပြီလက အမေရိကန်
၂ ပြည်ထောင်စုမှ အက်စတိုးနီးယား သို့ သေဒဏ်စီရင်ခံရန် လွှဲပြောင်း ပေး ပို့ခဲ့သည့် နာဇီစစ်တရားခံ ကားလ် လင်းနက်စ်သည် လီနင်ဂရက် မြို့ ဆေး ရုံ တွင် ကျောက်ကပ်နှင့် နှလုံးထောဂါဖြင့် ကွယ်လွန်သွားသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ
၄-၈ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒါတိုဆေရီ ဒေါက်တာ မဟာသီယာမိုဟာမက်၏ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွား ရောက်လည်ပတ်သည်။

အီဂျစ် နိုင်ငံတွင်အာဏာရ အမျိုး
၄ သား ဒီမိုကရက်တစ်ပါတီ (အင်ဒီပီ) က သမ္မတ ဟောဝ့စနီ မူဘာရက်အား ဒုတိယ အကြိမ် ခြောက် နှစ် သက် တမ်း အ တွက် သမ္မတလောင်းအဖြစ် တ ရား ဝင် ရွေးချယ် လျာထားပေးလိုက်သည်။

သြစတြေးလျှဝန်ကြီးချုပ်ဘော့ဟော့
၁၁ သည် အထွေထွေ ရွေးကောက်ပွဲတွင် တတိယအကြိမ် ဝန် ကြီး ချုပ် သက် တမ်း အတွက် ပြန် လည် ရွေးချယ်တင်မြောက်ခံရသည်။

ကမ္ဘာအနှံ့ ကျင်းပသည့် ကမ္ဘာ့လူဦးရေ သန်း ၅၀၀၀ ပြည့်သည့်နေ့ အ ခမ်းအနား များကို အ ထိမ်း အ မှတ် ပြုသောအားဖြင့် ကမ္ဘာပေါ်တွင် တစ်မိနစ်တိုင်း၌ မွေးဖွား သည့် ကလေးငယ်ပေါင်း ၁၅၀ ရှိသည့် အနက်မှ ယူဂိုစလားဗီးယား နိုင်ငံ ဇာဂရက် မြို့တွင် မွေးဖွားသည့် မာ တက် ဂက်စပါကို ကမ္ဘာ့သန်းငါးထောင်မြောက်လူသားအဖြစ် ကုလသမဂ္ဂအဖွဲ့ကြီးက ရွေးချယ်လိုက်သည်။

အိန္ဒိယနိုင်ငံ၏ ဒုတိယသမ္မတ ရာမာ
၁၆ ဆွာမီ ဗင်ကာတာရာမန်သည်ဝန်ကြီး ချုပ်ရာဂျစ်ဂန္ဒီ၏ ကွန်ဂရက် (အိုင်)ပါတီ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အိ န္ဒိ ယ နိုင် ငံ၏ ရှစ်ဦးမြောက်သမ္မတအဖြစ် ရွေး ချယ် တင် မြှောက်ခြင်းခံရသည်။

ပြင်သစ်နိုင်ငံ သည် အီ ရန် နိုင် ငံ နှင့်
၁၇ သံတမန် အဆက်အသွယ် ဖြတ် တောက်လိုက်ကြကြောင်း နိုင်ငံခြားရေးဝန် ကြီးဌာနမှ ကြေညာသည်။

ပေါ်တူဂယ်နိုင်ငံတွင် ကျင်းပသော
၁၉ ပါလီမန်ရွေးကောက်ပွဲတွင် ဝန်ကြီး ချုပ် အန္ဒီဗယ် ကဗာကို စီလဗာ ဦးဆောင် သည့် လက်ရှိအာဏာရ ဆို ရှယ် ဒီမိုကရက် တစ်ပါတီက ပါလီမန်၌ အ မတ် အင် အား အများစုရရှိပြီး အနိုင်ရရှိသွားသည်။

အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံ တို့သည်
၂၀ ခုနှစ်နှစ်ကြာ စစ်ပွဲတွင် ချက် ချင်း အပစ်အခတ်ရပ်စဲပြီး မိမိတို့တပ်များကို နိုင်ငံ တကာအသိအမှတ်ပြု နယ်နိမိတ်သို့ ပြန်လည် ရုပ်သိမ်းကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက တညီတညွတ်တည်း မဲခဲ့ဆုံးဖြတ်ကာ တောင်းဆိုလိုက်သည်။

မြန် မာ့ ဆို ရှယ် လစ် လမ်း စဉ် ပါတီ
၂၁ ဒု တိ ယ ညွှ န့် ပြည် ထောင် စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် သမ္မတ ကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုသည် အူအတက်ရောင် ရောဂါကြောင့် မဂ်လာဒုံတပ်မတော် ဆေးရုံကြီးသို့ ခွဲစိတ် ကုသရန် တက်ရောက်သည်။

ဗြိတိသျှအကောက်ခွန် အရာရှိများသည်
စ တာ လင် ပေါင် ၁ ဒ သ မ ၇ သန်း (ဒေါ် လာ ၂ ဒသမ ၈ သန်း) တန် ဖိုး ရှိ သည့် ဘိန်းဖြူ ၁၇ ကီလို (၃၇) ပေါင် ကို လန်ဒန်ဟီးသရိုးလေဆိပ်၌ ဖမ်းဆီးမိလိုက်ရာ ဗြိတိန်၌ ဖမ်းဆီးမိခဲ့သမျှ အ များ ဆုံး ဖြစ် သည်။

ဗဟိုသမဝါယမ အ သင်း ကောင် စီ
၂၃-၂၄ (၁၄) ကြိမ်မြောက်အစည်းအဝေးကို ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ဆရာစံ ခန်းမ၌ ကျင်းပသည်။

ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီ
၂၇-၂၀ ဝင်၊ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်ကြီးစောမောင် ခေါင်း ဆောင်သောအဖွဲ့သည် ထိုင်း ဘုရင် ကြည်း တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ချာဗ လစ်ယောင်ချိုင်ယုဒ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေး ခရီးသွားရောက် လည်ပတ်သည်။

အူ အ တက် ရောင် ရော ဂါ ကြောင့်
၂၉ မဂ်လာဒုံ တပ်မတော် ဆေးရုံကြီးသို့ တက်ရောက်ခဲ့စိတ်ကုသမှုခံယူခဲ့သော မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဆိုရှယ်လစ် သ မ္မ တ မြန် မာ နိုင်ငံတော် သ မ္မ တ ကြီး နှင့် နိုင်ငံ တော် ကောင်စီဥက္ကဋ္ဌ ဦးစန်းယုသည် ကောင်းမွန် စွာ ကျန်း မာ လာ ပြီ ဖြစ်သဖြင့် ဆေးရုံမှ ဆင်းသည်။

သီရိလင်္ကာနိုင်ငံ၏ လေးနှစ်ကြာလူမျိုး ရေးပဋိပက္ခ အ ဆုံး သတ် စေ ရေး အ တွက် အိန္ဒိယက ကြား ဝင် ဆောင်ရွက်ပေးခဲ့သည့် ငြိမ်းချမ်းရေးစာချုပ်ကို သီ ရီ လင်္ကာ နိုင်ငံ ကိုလံဘိုမြို့ သမ္မတနန်းတော်တွင် အိန္ဒိယ နိုင်ငံဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီနှင့် သီရိလင်္ကာ နိုင်ငံသမ္မတ ဂျေယျဝါဒီနေတို့ လက်မှတ်ရေး ထိုးကြသည်။

ဩဂုတ်လ

ရွှေတိဂုံ စေတီတော်မြတ်ကြီး တည်
၁ ထားကိုးကွယ်ခဲ့သည့်နှစ်ပေါင်း ၂,၅၇၅ နှစ်မြောက်အထိမ်းအမှတ်အနေဖြင့် ရွှေတိဂုံ စေတီတော် ဂေါ ပက အဖွဲ့က ကြီးမှူး၍ သိဂုံတွင်ရဂုယျဥဉ်ကြီးအဖြစ် သစ်ပင် ပန်းမန် အပင်ပေါင်း ၂,၅၇၅ ပင်ကို သတ်မှတ်ထား သော နေရာများတွင် စိုက်ပျိုးကြသည်။

နိုင်ငံများ အကြား ငြိမ်း ချမ်း ရေး
၃ တည် ဆောက် မှု တွင် ပံ့ပိုး ကူညီမှု အတွက် ဆိုဗီယက်မြို့တစ်ခုဖြစ်သော ဗိုလ်ဂို ဂရက်မြို့အား ကုလသမဂ္ဂ အ ထိမ်း အ မှတ် တံဆိပ်တစ်ခု ချီးမြှင့်ပေးအပ်လိုက်သည်။

ရူပဗေဒနှင့် အသုံးချ ရူပဗေဒဆိုင်ရာ
၅ နိုင်ငံတကာ သမဂ္ဂက ကမကထပြု ကျင်းပ သည့် အာကာသ ရောင် ခြည် များ ဆိုင်ရာ အကြိမ် ၂၀ မြောက် နိုင်ငံတကာ ညီလာခံ ကို မော်စကိုမြို့၌ စတင်ဖွင့်လှစ်ရာ နိုင်ငံ ပေါင်း ၃၀ မှ ထိပ် တန်း နက္ခတ္တ ရူပဗေဒ ပညာရှင် ၇၀၀ ခန့် တက်ရောက်ကြသည်။

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ဗြဟ္မ
၇ ပုတ္တရမြစ်နှင့် ဂင်္ဂါမြစ် လက် တက် အချို့တွင် ရေလျှံသဖြင့် လူ ၁၅၀ ကျော် သေဆုံးပြီး လူတစ်သန်းကျော် ရေဝိုင်းခံရ သည့် အချိန်တွင် မြောက်ပိုင်း ဒေသ၌ မိုးခေါင်မှု ဒဏ်ကို ခံစားနေရကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။

သမ္မတ ချန် ဒူး ဝှမ် ကိုယ် တိုင် မိမိ
၅ အရိုက်အရာဆက်ခံရန် ရွေး ချယ် ခဲ့ သော နိုတေဝူးအား ကိုရီးယားသမ္မတနိုင်ငံ



အလယ်ပိုင်းအမေရိကဒေသ ငြိမ်းချမ်းရေးစာချုပ် လက်မှတ်ရေးထိုးကြသော နိကရာဂွသမ္မတ အော်တီဂါ၊ အယ်ဆာဗေဒို သမ္မတ ဒွါတေ၊ ဂွာတီမာလာသမ္မတ ဆီရီဇို၊ ဟွန်ဒူးရပ်သမ္မတ အက်ဇကိုနာ၊ ကော့စတာရီကာသမ္မတ အေရိယက်ဆန်ရွေးဇ် (ဝဲမှ ယာ)

အာဏာရ ဒီမိုကရက်တစ် တရားမျှတရေးပါတီ၏ ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဝင် ၆၄၀ ဦးတို့က အပြည့်အဝ ထောက်ခံမဲပေးကာ ပါတီ ဥက္ကဋ္ဌသစ်အဖြစ် တရားဝင်ရွေးချယ် တင်မြှောက်လိုက်သည်။

၆– ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဝန်ကြီး အဖွဲ့၏ ၁၄ ဖိတ်ကြားချက်အရ ပြည် ထောင် စု သမ္မတ ဂျာမနီနိုင်ငံဝန်ကြီးချုပ်ရုံးမှ ဝန်ကြီး ဒေါက်တာ ဝုဖ်ဂန်းရှောင်ဘလာနှင့် ဇနီးတို့သည် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သည်။

၆ သီရိလင်္ကာ နိုင်ငံ၏ လေးနှစ်ကြာ လူမျိုးရေးစစ်ပွဲ အဆုံးသတ်ရန် ရည်ရွယ်သည့် ငြိမ်းချမ်းရေး စာချုပ်အရ သီရိလင်္ကာအစိုးရက တမီအကျဉ်းသား ၁,၇၀၀ ကို လွှတ်ပေးရန် အမိန့်ထုတ်လိုက်သည်။

၇ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်း အတွင်းရှိ ဆန်စက်များနှင့် ဆန်စပါးသိုလှောင်ရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဂွာတီမာလာစီးတီး၌ ကျင်းပသည့် အလယ်ပိုင်း အမေရိက ငါးနိုင်ငံမှ သမ္မတများ အစည်းအဝေးတွင် အဆိုပါ ဒေသအတွင်း၌ ဆင်နွှဲနေသည့် ပြောက်ကျားစစ်ပွဲများ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ် ရေးထိုးကြသည်။

အသက် ၃၀ အရွယ် အမေရိကန်အမျိုးသမီး လိုင်နီကော့စ်သည် အမေရိကန် ပြည်ထောင်စု အလာစကာနှင့် ဆိုဗီယက် ပြည်ထောင်စု ဆိုက်ဗီးရီးယား ဒေသကြားရှိ ၂ ဒသမ ၇ မိုင်ကျယ်သော ဘာရင်ရေလက်ကြားကို ၂ နာရီ ၁၂ မိနစ်ဖြင့် အောင်မြင်စွာ ဖြတ်ကူးခဲ့သည်။ လိုင်နီကော့စ်သည် ဘာရင်ရေလက်ကြားကို ပထမဆုံး အောင်မြင်စွာ ဖြတ်ကူးနိုင်သူ ဖြစ်ပြီး အင်္ဂလိပ်ရေလက်ကြားကိုလည်း အောင်မြင်စွာဖြတ်ကူးနိုင်ခဲ့သူ ဖြစ်သည်။

၈– လစ်ဗျတို့ ၁၉၇၃ ခုနှစ်က သိမ်းပိုက်ခဲ့သည့် စတုရန်းမိုင် ၄၂,၀၀၀ ကျယ်၂၈ ဝန်းသော အော်ဇော့ဒေသကို ချဒ်နိုင်ငံက ပြန်လည် သိမ်းပိုက်လိုက်မိပြီ ဖြစ်ကြောင်း အင်ဂျာမီနာရေဒီယိုက အသံလွှင့်ကြေညာသည်။ ၂၈ ရက်နေ့တွင် လစ်ဗျက ပြန်လည် သိမ်းပိုက်ကြောင်း ကြေညာပြန်သည်။

၁၀ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် နိုင်ငံတော် ကောင်စီ၊ ဗဟို အာဏာပိုင် အဖွဲ့အစည်းများ၏ ပါတီအဖွဲ့ ညှိနှိုင်း အစည်းအဝေးကို ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ကုန်သွယ်ရေး ပိုင်ငွေအချို့ကို တတိယကမ္ဘာအတွက် ပြန်လည်အသုံးပြုရန် ကမ္ဘာ့ဘဏ်သည် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် အဖြစ် ဂျပန်ဘဏ်များမှ ချေးငွေများ ရယူမည်ဟု ထုတ်ပြန်ကြေညာသည်။ ဂျပန်ဘဏ်၁၂ ခု ပါဝင်သော အုပ်စုတစ်စုမှ ဒေါ်လာ ၁၃၁ ဒသမ ၉ သန်းဖိုးရှိမည့် ယန်းငွေကို ၂၀၀၀ ကို ချေးယူမည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြသည်။

အီရန်ရေနံများ တင်ဆောင် ထားသည့် အမေရိကန် ရေနံတင်သင်္ဘောကြီး တက်ဇာကိုကာရစ်ဘီယံသည် ဟော်မုဇ် ရေလက်ကြားအပြင်ဘက် အိုမန်ပင်လယ်ကွေ့၌ ရေမြုပ်မိုင်းဗုံးထိသည်။ အိုမန် ပင်လယ်ကွေ့၌ သင်္ဘောရေမြုပ်မိုင်းဗုံးထိခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်သည်။

ဒေသဆိုင်ရာ ငြိမ်းချမ်းရေး စာချုပ်အတိုင်း လိုက်နာဆောင်ရွက်သည့်အနေဖြင့် နိကရာဂွနိုင်ငံ သမ္မတ အော်တီဂါသည် အဓိက အတိုက်အခံနိုင်ငံရေးပါတီ ၁၁ ခုတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံ ဆွေးနွေးသည်။ ဤသို့ တွေ့ဆုံ ဆွေးနွေး ခြင်းမှာ ၁၉၇၉ ခုနှစ်က ဆိုမိုဇာအစိုးရအား ဆန့်ဒီနစ္စတာတို့က ဖြုတ်ချပြီး နောက် ပိုင်း တွင် ပထမဆုံးအကြိမ်ဖြစ်သည်။

၁၃– ပြည် ထောင် စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်ဝန်ကြီးအဖွဲ့၏ ဖိတ်၁၅ ကြားချက်အရ မ လေး ရှား နိုင် ငံ ပီ နန် ပြည် နယ် ဝန် ကြီး ချုပ် ဒေါက်တာ

တည်ထောင်ခဲ့သည့် ပတ်ဝန်းကျင်အဖွဲ့၏ ညီလာခံကို ဩစတြေးယားနိုင်ငံ ဂမ္ဘန်ဒင်းမြို့၌ ကျင်းပရာ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ လက်နက်ထိန်းချုပ်ရေးပါရဂူများနှင့် အခြားပညာရှင်များ ၂၁၀ ခန့် တက်ရောက်သည်။ ယင်းအဖွဲ့သည် ရှေ့ကလီးယားစမ်းသပ်မှု ပိတ်ပင်ရေးစာချုပ် (၁၉၆၃)၊ ရှေ့ကလီးယားမပြန့်ပွားရေးစာချုပ်(၁၉၆၈)နှင့် မဟာဗျူဟာလက်နက်ကန့်သတ်ရေးစာချုပ် (ဆော့-၂) စာချုပ်တို့ ပေါ်ထွန်းလာစေရန် နောက်ကွယ်မှ ပံ့ပိုးခဲ့သည်ဟုဆိုသည်။

မောရစ်ရှပ်နိုင်ငံ အထွေထွေရွေးကောက်ပွဲတွင် ဝန်ကြီးချုပ် အင်နီရွတ် ယူနော့ခေါင်းဆောင် သော လက်ယာဗဟိုပြုညွှန်ပေါင်းအဖွဲ့က အနိုင်ရရှိသည်။

၂ ဗူရွန်ဒီသမ္မတ ဗိုလ်မှူးကြီး ဂျင်းဘက်ပတစ် ဘဂါဇာသည် ကနေဒါနိုင်ငံ၌ ကျင်းပနေသော ပြင်သစ်စကားပြောနိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်နေစဉ် ရာထူးမှ ဖြုတ်ချခံလိုက်ရသည်။ အာဏာသိမ်းခေါင်းဆောင်မှာ ဗိုလ်မှူး ပီယာရဲ ဘူယိုယာ ဖြစ်သည်ဟုဆိုသည်။

၃ နိုင်ငံတော် ကောင်စီသည် ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်မှ ထုတ်ဝေထားသော နှစ်ဆယ့်ငါးကျပ်၊ သုံးဆယ့်ငါးကျပ်နှင့် ခုနစ်ဆယ့်ငါးကျပ်တန်ငွေစက္ကူများကိုတရားဝင်ငွေအဖြစ်မှရပ်စဲသည့်ဥပဒေကဲ့သို့ အာဏာတည်သောအမိန့် (အမိန့်အမှတ်(၁)၁၉၇၇)ကိုထုတ်ပြန် ကြေညာသည်။ ထို့ပြင် ယင်းအမိန့်အရ ၁၉၇၇ ခု၊ ဩဂုတ်လအတွက် လစာငွေနှင့် ပင်စင်ငွေများ ထုတ်ယူပြီး သော ဝန်ထမ်းများနှင့် ပင်စင်စားများအား ယင်းဩဂုတ်လအတွက် နောက်ထပ် တစ်လစာအပိုအဖြစ် လစာငွေနှင့် ပင်စင်ငွေများကို ထပ်မံထုတ်ယူခွင့်ပြုသည့် အမိန့်ကြော်ငြာစာတို့ကို ထုတ်ပြန်ကြေညာသည်။

၄ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် စာပေလုပ်သားအဖွဲ့အမှုဆောင်ကော်မတီနှင့်ရန်ကုန်တိုင်း မြို့နယ်စာပေလုပ်သား အမှုဆောင် ကော်မတီများတွေ့ဆုံ ဆွေးနွေးပွဲကို မြို့တော်စည်ပင်သာယာရေး အဆောက်အအုံ စတုတ္ထထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကမ္ဘာပေါ်တွင် စာမတတ်သူ လူဦးရေ

၂၅ နယူးဇီလန်နိုင်ငံ ရွေးကောက် တင်မြောက်ပွဲတွင် ဝန်ကြီးချုပ် ဒေးဗစ်လန်းဂေး၏ လေဘာပါတီက ဒုတိယ သက်တမ်းအတွက် ပြန်လည်အနိုင်ရရှိသွားသည်။

အင်္ဂလန်နိုင်ငံမြောက်ပိုင်း ဆေးရုံတစ်ရုံတွင် အသက် ၂၇ နှစ် အရွယ်ရှိ အမျိုးသမီးတစ်ဦးက ခုနစ်မြောက်မြားစွာ မွေးဖွားရာ ပြိတိသျှစံချိန်တင်လိုက်သည်။ ကလေး ခုနစ်ဦး၏ အလေးချိန် စုစုပေါင်းမှာ ကိုးပေါင်နှင့် အောင်စဝက်မျှသာ ရှိသည်။ ကလေးများမှာ တစ်ဦးပြီးတစ်ဦး သေဆုံးကုန်ကြရာ ၃၁ ရက်နေ့တွင် နောက်ဆုံးကလေး သေဆုံးခဲ့သည်။

၂၈-၂၉ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့ဝင်များသည် ပဲခူးတိုင်းနှင့် ရောဝတီတိုင်း အတွင်းရှိ ဆန်စက်များနှင့် စပါး သိုလှောင်ရုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

၂၀-၂၁ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအက်ဒပ် ဆာအူးမားသည် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သည်။

၂၂ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် နိုင်ငံတော်ကောင်စီ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၏ ပါတီအဖွဲ့ အစည်းအဝေးကို မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဌာနချုပ် အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

၂၃ နိုင်ငံ အချင်းချင်း နားလည်မှု နှင့် ငြိမ်းချမ်းရေး ကြိုးပမ်းမှုများအတွက် ဂျော်ဒန်နိုင်ငံ ဘုရင် ဟူစိန်သည် ဒက်ဟမ်းမားရှိုး အကယ်ဒမီ၏ ငြိမ်း ချမ်း ရေး ဆု ချီးမြှင့်ခံရကြောင်း ဂျော်ဒန်အစိုးရ သတင်းဌာနက ကြေညာသည်။

၂၄ အိမ်သာသုံးစက္ကူလိပ်များထည့်ထားသော သင်္ဘော ကုန်သေတ္တာများအတွင်းမှ ကိုကင်း ပေါင် ၄,၇၀၀ ကို ဆန်ဟွမ်နှင့် ဖလော်ရီဒါတွင် ဖမ်းဆီးမိခဲ့ရာ အမေရိကန် သမိုင်းတွင် အကြီး ကျယ် ဆုံးမူးယစ်ဆေးဝါး ဖမ်းမိခြင်း ဖြစ်သည်ဟု အကောက်ခွန်အရာရှိများက ပြောသည်။

၂၆- ၂၇ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အလယ်ပိုင်းတိုင်း စစ်ဌာန ချုပ် နယ်မြေအတွင်း လှည့်လည်စစ်ဆေးခဲ့သည်။

၂၇ အမျိုးသားများသည် ၎င်းတို့၏မိခင်များ လေဖြတ်သေဆုံးပါက ၎င်းတို့ကိုယ်တိုင်လည်း လေဖြတ်၍ သေဆုံးရန် သုံးဆမျှ ပို၍နီးစပ်ကြောင်း၊ ဝမ်းဗိုက်လွန်စွာ စူထွက်နေသော အမျိုးသားများသည် လေဖြတ်နိုင်ခြေပို၍ ရှိကြောင်း၊ သွေး တိုးရောဂါနှင့် လေဖြတ်မှုသည် အထင် အရှား ဆက်နွယ်မှုရှိပြီး အနောက်ကမ္ဘာတွင် လေဖြတ်၍ သေဆုံးမှုသည် အဓိကရောဂါတစ်ရပ်ဖြစ်ရာ အမေရိကန် ပြည်ထောင်စုတွင် လေဖြတ်၍ သေဆုံးမှုမှာ နှစ်စဉ် ခန့်မှန်းခြေ တစ်သိန်းခွဲကျော် ရှိကြောင်း စသည်ဖြင့် နယူးအင်္ဂလန် ဆေးကျောနယ်၌ ဖော်ပြထားသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါး နှိမ်နင်းတိုက်ဖျက်ရေး နှီးနှောဖလှယ်ပွဲကို ကျပန်နိုင်ငံတိုကျိမြို့တွင် စတင်ပြုလုပ်သည်။ အဆိုပါ နှီးနှောဖလှယ်ပွဲသို့ နိုင်ငံတကာ မူခင်းနှိမ်နင်းရေး ရဲအဖွဲ့နှင့် နိုင်ငံ ၂၇ နိုင်ငံမှ မူးယစ်ဆေးဝါး ဖော်ထုတ် အရေးယူရေး အရာရှိများ တက်ရောက်ကြသည်။

၂၉ ဂီတကောင်စီ စည်းရုံးရေး ကော်မတီက ကြိုးမှူး၍ အမျိုးသား တေးဂီတ ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်သူ အကျိုးပြုတေးဂီတ ထွန်းကားရေး ရှင်းလင်းတင်ပြပွဲနှင့် ထောက်ခံဆွေးနွေးပွဲ အခမ်းအနားကို ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။

စက်တင်ဘာလ

၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့သည် သီးနှံကိုးမျိုးကို ကန့်သတ်သီးနှံအဖြစ်မှ ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာအမှတ် ၆/၇၇ ကို ထုတ်ပြန်ကြေညာသည်။

ကမ္ဘာ့အန္တရာယ်များကို ဆွေးနွေး ရန် သိပ္ပံပညာရှင် အဲလဗတ် အိုင်စတိုင်း နှင့် ဒဿနပညာရှင် ဘာထရန်ရပ်ဆဲလ်တို့ အပါအဝင် ထင်ရှားသော ပညာရှင်များက ရွှေဆောင် ရွှေရွက်ပြုလျက် ၁၉၅၇ ခုနှစ်က



ဦးခေါင်းနောက်ချင်းဆက်အမြွာ (အတွင်းပုံ) ကို ခွဲစိတ်နေပုံ



ကမ္ဘာ့သက်တမ်း အရှည်ဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ် ၂၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများကို အမေရိကန်ပြည်ထောင်စု တစ်ဝန်းတွင် ကျင်းပသည်။ ၁၇၇၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စကားလုံး ၄,၄၅၃ လုံးပါရှိသော ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်စားလှယ် ၅၅ ဦးအနက် ၃၉ ဦးက လက်မှတ်ရေးထိုးခဲ့ကြပြီး ကြောင်း၊ အဆက်အကြီးဆုံးဟုတ်ရိုလ်မှာ မစ်စ ဗူဂျီဆာဝါ (၁၁၁ နှစ်) ဖြစ်ကြောင်းဖြင့် ဖော်ပြထားသည်။

၁၁–၁၆ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဟာဗီးယား ပဲရက်ဒေကွေးလျားဆည် ပင်လယ်ကွေ့ ငြိမ်းချမ်းရေး ကြိုးပမ်းမှု ခရီးစဉ်အဖြစ် အီရန်နိုင်ငံနှင့် အီရတ်နိုင်ငံတို့သို့ သွားရောက်ညှိနှိုင်းဆွေးနွေးသည်။


၁၄ ၁၉၆၇ ခုနှစ်အရှေ့ အလယ်ပိုင်းစစ်ပွဲ ဖြစ်ပွားခဲ့မှုစ၍ နှစ် ၂၀ ကြာအဆက်အသွယ် ဖြတ်တောက်ခဲ့သော အစ္စရေးနိုင်ငံနှင့် ဟန်ဂေရီနိုင်ငံတို့သည် အဆက်အသွယ် ပြန်လည်ပြုလုပ်သည်။ ၁၉၇၆ ခုနှစ် အောက်တိုဘာလက ပြန်လည်ဆက်သွယ်ခဲ့သော ပိုလန်နိုင်ငံပြီးလျှင် ဟန်ဂေရီသည် အစ္စရေးနှင့် ဒုတိယမြောက် ပြန်လည်ဆက်သွယ်သော အရှေ့အုပ်စုဝင် နိုင်ငံဖြစ်သည်။

၁၆ ကမ္ဘာ့သက်တမ်း အရှည်ဆုံးဖြစ်သည့် အမေရိကန်ပြည်ထောင်စု ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ် ၂၀၀ ပြည့် အထိမ်းအမှတ် အခမ်းအနားများကို အမေရိကန်ပြည်ထောင်စု တစ်ဝန်းတွင် ကျင်းပသည်။ ၁၇၇၇ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် စကားလုံး ၄,၄၅၃ လုံးပါရှိသော ယင်းဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုယ်စားလှယ် ၅၅ ဦးအနက် ၃၉ ဦးက လက်မှတ်ရေးထိုးခဲ့ကြပြီး

၇ ကျပန်နိုင်ငံတွင် အသက်နှစ် ၁၀၀ နှင့် အထက်ရှိသူ ၂,၂၇၁ ဦးရှိကြောင်း ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။ သက်ကြီးရွယ်အို ရှိသေလေးစားရေးနေ့ (စက်တင်ဘာ ၁၅) အထိမ်းအမှတ် အဖြစ် ထုတ်ဝေသော ယင်းအစီရင်ခံစာ၌ အသက်ရာကျော် ၁,၀၀၉ ဦးသည် အမျိုးသမီးများ ဖြစ်ကြောင်း၊ လူတစ်သိန်းတွင် အသက်ရာကျော်သူ ၁ ဒသမ ၀၀ ဦးရှိကဖ သန်းရှိကြောင်း၊ အာရှတွင် ၆၆၆ သန်းရှိကြောင်း၊ တရုတ်နိုင်ငံတွင် သန်း ၂၂၀ ရှိကြောင်းဖြင့် ကုလသမဂ္ဂ ပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ညွှန်ကြားရေးမှူးချုပ်က ပြောကြားသည်။

အနောက် ဂျာမနီနိုင်ငံဖွား ဦးခေါင်းနောက်ပိုင်းချင်းဆက်နေသော အသက်ခုနစ်လအရွယ်ရှိ ယိုးဒယားအမြွာနှစ်ဦးကို ဘာလတီးမိုးရှိ ဂျန်ဟော့ကင်း ဆေးသိပ္ပံ၌ ၂၂ နာရီကြာ ခွဲစိတ်ပေးရာ အောင်မြင်စွာပြီးစီးသည်။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် စာပေလုပ်သားအဖွဲ့ အမှုဆောင်ကော်မတီများ တွေ့ဆုံဆွေးနွေးပွဲတွင် စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းဖေ (မြင့်) က အမှာစကားပြောကြားစဉ်







ပြည်ထောင်စုမြန်မာနိုင်ငံဘက်မှ ထုတ်ဝေသော ငွေစက္ကူအမျိုးအစားသစ်များ နှမူနာပုံစံ

ကိုးလအကြာတွင် ဥပဒေအဖြစ် အာဏာ တည်ခဲ့သည်။

၂၂ ပြည် ထောင် စု မြန်မာနိုင်ငံဘဏ်မှ လေးဆယ့်ငါးကျပ်တန်၊ကျပ်ကိုးဆယ် တန် ငွေစက္ကူ။ အ မျိုး အ စား သစ် များ ကို စတင်ထုတ်ဝေသည်။

မြောက်အတ္တလန္တိတ် သမုဒ္ဒရာအတွင်း နယူး ဖောင် လန် ကျွန်း ကမ်းလွှန်ဒေသတွင် လွှန်ခဲ့သည့် ၇၅ နှစ်က နစ်မြုပ်ခဲ့သည့် တိုင်တန်းနစ်သင်္ဘောပျက်မှ ပြန်လည်ဆယ်ယူရရှိသော ပစ္စည်း အ မျိုး ပေါင်း ၈၀၀ အနက် အချို့ကို ပထမဆုံးအကြိမ်အဖြစ် ပြင်သစ် နိုင်ငံ ပါရီမြို့၌ ခင်းကျင်းပြသသည်။

၂၈-၃၀ မြန်မာ့ဆိုရှယ် လစ် လမ်း စဉ် ပါ တီ ဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင် များလိုက်ပါလျက် အနောက်မြောက် တိုင်း စစ် ဌာ န ချုပ် နယ် မြေ အ တွင်း ရှိ ကင်းတား ရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ကျွန်းချောင်း ဓာတ်မြေဩဇာ စက် ရုံ တို့ ကို လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့သည်။

၃၀ ပြည်ထောင်စု ဆိုရှယ်လစ် သ မ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့သည် တောင်သူလယ်သမားများအား မြေခွန်ကို စီမံကိန်းသီးနှံဖြင့် ပေးဆောင်စေခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် ၉/၈၇ ကို ထုတ် ပြန်ကြေညာသည်။

အောက်တိုဘာလ

၁ အနောက်မြောက်တိုင်း စစ်ဌာနချုပ် နယ်မြေအတွင်း ခရီးလှည့်လည်လျက် ရှိသည့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း နှင့် အဖွဲ့သည် ကျွန်းချောင်း ဓာတ်မြေဩဇာစက်ရုံကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

၂ တျူးနစ်ဇီးယားသမ္မတ ဟာဘစ် ဗော်ဂိုဗာသည် ဝန်ကြီးချုပ် ဆုရှစ် ဆဖာအား တာဝန်မှရပ်စဲလိုက်ပြီး ပြည်ထဲရေးဝန်ကြီး ကြည်းတပ်ဗိုလ်ချုပ်ကြီး ဘင် အလီ အား ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ပေးလိုက်သည်။

ဆိုဗီယက်ပြည်ထောင်စုက လွှတ်တင်ခဲ့သော ပထမဦးဆုံး ဂြိုဟ်တုဖြစ်သည့် စပွတ်နစ် ဂြိုဟ်တု၏ နှစ်သုံးဆယ်ပြည့် အထိမ်းအမှတ် နိုင်ငံတကာ နှီးနှောဖလှယ်ပွဲကို မော်စကိုမြို့၌ ဖွင့်လှစ်လိုက်သည်။

၅ ဆိုဗီယက် ပြည်ထောင်စုသည် ၎င်း ပိုင်ဆိုင်ထားရှိသော ဓာတုလက်နက် အမျိုးအစား ၁၉ မျိုးကို ၄၅ နိုင်ငံမှစစ်ရေး ကျမ်းကျင်သူများအား မော်စကိုမြို့ အရှေ့ တောင်ဘက် မိုင် ၄၀၀ ခန့်အကွာ ဆာရတော့ဗ်ဒေသ ရှိခါနီ စစ်အခြေစိုက်စခန်း တွင် ခင်းကျင်းပြသသည်။

၇ ရေကြောင်းပို့ဆောင်ရေး ကော်ပို ရေးရှင်းပိုင် ရန်ကုန်–သန်လျင်သွား ကူးတို့ရေယာဉ် "တိုင်းလုံးကျော်" အမည်ရှိ နှစ်ထပ်သင်္ဘောသည် သင်္ဘောဝန်ထမ်းများ အပါအဝင် ခရီးသည် ၃၇၆ ဦးထက်မနည်း တင်ဆောင်လျက် သန်လျင်မှ ရန်ကုန်သို့ ထွက်ခွာလာရာ ပုဇွန်တောင် ချောင်း ဝ သာကေတအစွန်းအရောက်၌ သင်္ဘောတိမ်း စောင်း၍ နစ်မြုပ်သွားသည်။

တရုတ်ပြည်တောင်ပိုင်း ကွမ်စီချောင် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ လေကြောင်း ပိုင်နက်အတွင်းသို့ ကျူးကျော် ဝင်ရောက် လာသည့် ဗီယက်နမ် အမ်အိုင်ဂျီ–၂၁ ဂျက် တိုက်လေယာဉ်တစ်စင်းကို တရုတ်ကပစ်ချ လိုက်ရာ တရုတ် – ဗီယက်နမ် နယ်စပ် တစ်လျှောက် တင်းမာမှုများအနက် အပြင်း ထန်အဆိုးရွားဆုံး ဖြစ်သည်။

၉ အီရန်နိုင်ငံသို့ အမေရိကန်ကုန်သွယ်မှု အားလုံးကို တားမြစ်ပိတ်ပင်သည့် ဥပဒေကြမ်းတစ်ရပ်ကို အ မေ ရိ ကန် ပြည်

၁၉၇၇ ခုနှစ် ဖြစ်ရပ်မျာ်း



လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့်အဖွဲ့အား မြစ်သားမြို့နယ် ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်း ညှိုခန်းမဆောင်၌ ကင်းတား ရေလှောင်တမံ ဆည်ကြီးနှင့် ပတ်သက်၍ ဆည်မြောင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောဗော်တာလူးက ရှင်းလင်းတင်ပြစဉ်

ထောင်စု အထက်လွှတ်တော်က ထောက်ခံမဲ ၉၃ မဲ၊ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုပေးလိုက်သည်။

၈– ၉ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ သတ္တမအကြိမ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

၉ ကမ္ဘာတစ်ဝန်းရှိ သဘော်သားများ၏ လုပ်ငန်းခွင်အခြေအနေတိုးတက်ရေးနှင့် လူမှုဖူလုံရေး၊ အကာအကွယ်ပေးရေးတို့ကို ရည်ရွယ်သည့် စာချုပ်သစ်လေးခုကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်အို) ညီလာခံက အတည်ပြုလိုက်သည်။

၁၁ ပီရူးနိုင်ငံ ငွေကြေးစနစ်အား လုံးကို နိုင်ငံတော်က ချုပ်ကိုင်ဆောင်ရွက်ခွင့် ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းလိုက်သည်။ အဆိုပါဥပဒေအရ ပဂ္ဂလိကဘဏ် ၁၀ ခု၊ အာမခံကုမ္ပဏီ ၁၇ ခုနှင့် ငွေကြေးထောက်ပံ့ရေး ဆိုင်ရာ ပဂ္ဂလိကကုမ္ပဏီ ခြောက်ခုတို့အား နိုင်ငံပိုင်အဖြစ် သိမ်းယူလိုက်သည်။

၁၂– ၁၅ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမအစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

၁၄ တောင်ကိုရီးယားနိုင်ငံတွင် ဒီမိုကရေစီ အပြည့်အဝ ထွန်းကားရေး နှင့် တိုက်ရိုက်သမ္မတရွေးချယ်တင်မြှောက်ပွဲများ ကျင်းပရေးကို ရည်ရွယ်သည့် ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းဥပဒေကို အမျိုးသားလွှတ်တော်က အတည်ပြုလိုက်သည်။

၁၅ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီတွင် အမြဲတန်းအဖွဲ့ဝင်မဟုတ်သည့် နှစ်နှစ်သက်တမ်းရှိ အဖွဲ့ဝင်နိုင်ငံ ငါးနိုင်ငံအတွက် အယ်ဂျီးရီးယား၊ ဗဟာဇီး၊ ယူဂိုစလားဗီးယား၊ နီပေါနှင့် ဆီနီဂေါနိုင်ငံတို့အား ရွေးချယ်တင်မြှောက်လိုက်သည်။

၁၆ ကမ္ဘာတွင်အသက်အငယ်ဆုံး နှလုံးအစားထိုး ကုသမှုအဖြစ် ကာလီဖိုးနီးယားရှိ လိုမိုလင်ဒါတက္ကသိုလ် ဆေးရုံတွင် မွေးစကလေး ငယ်တစ်ဦးအား ခွဲစိတ်ပြီး နှလုံးအစားထိုးပေးခဲ့သည်။

၁၉ အမေရိကန်အလံ လွှင့်ထူထားသော ရေနံတင်သင်္ဘောတစ်စင်း တိုက်ခိုက်ခံခဲ့ရခြင်းကို တုံ့ပြန်သည့်အနေဖြင့် ပါးရှင်းပင်လယ်ကွေ့ရှိ အီရန်နိုင်ငံ၏ ကမ်းလွှန်ရေနံတူးစင်ဟောင်း နှစ်ခုကို အမေရိကန်စစ်သင်္ဘောများက တိုက်ခိုက်ဖျက်ဆီးလိုက်သည်။

၂၀ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ ဦးစန်းယုသည် ယူဂိုစလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ၊ ရှိမေးနီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတို့သို့ ချစ်ကြည်ရေး အလည်အပတ် သွားရောက်သည်။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ (အေ့ဒ်စ်) ပြဿနာကို ပထမဆုံးအကြိမ် ဆွေးနွေးရာ၌ ယင်း ရောဂါတိုက် ဖျက်ရေးအတွက် နိုင်ငံတကာမိသားစုက ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ပဲရက်ဒေကွေးလျားက တိုက်တွန်းပြောကြားသည်။

၂၂ ဆိုဗီယက်နိုင်ငံခြားရေးဝန်ကြီး ရှီဗာနာဇေနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျော့ရှတ်တို့သည် တာလတ်နှင့် တာတိုပစ် နျူကလီးယားဒုံးပျံများ ဖျက်သိမ်းရေးဆိုင်ရာ စာချုပ်အပြီးသတ်ရေးအတွက် မော်စကိုမြို့တွင် စတင်ဆွေးနွေးကြသည်။

၂၄ ၁၉၇၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုချီးမြှင့်ပွဲ အခမ်းအနားကို စာပေဗိမာန် အဆောက်အအုံရှိ ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

နိဝင်ဘာလ

၂ တရုတ်ကွန်မြူနစ်ပါတီ ၁၃ ကြိမ်မြောက် ပါတီဗဟိုကော်မတီ ပထမအကြိမ်စုံညီအစည်းအဝေးတွင် ကျောက်ကျီယန်အား ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူးအဖြစ် ရွေးချယ် တင်မြှောက် လိုက်သည်။

၂- တောင်အာရှ ပူးပေါင်း ဆောင်ရွက်ရေးအသင်း (ဆာအတ်) တတိယ ၇ အကြိမ် နှစ်ပတ်လည် အစည်းအဝေးကို နီပေါနိုင်ငံ ခတ္တမန္တူမြို့၌ ကျင်းပခဲ့သည်။

၃ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဒုတိယ ဥက္ကဋ္ဌ၊ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတ ကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌဦးစန်းယု၊ ဇနီးဒေါ်သန်းရွှေနှင့် အဖွဲဝင်များသည် ယူဂိုဆလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ၊ ရိုမေးနီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံနှင့် ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံတို့သို့ ချစ်ကြည်ရေး အလည်အပတ်ခရီးမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

၅ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများနှင့် ပြည်တွင်း၊ ပြည်ပဆိုင်ရာ စာနယ်ဇင်း ပုဂ္ဂိုလ်များအား ကရင်ပြည်နယ်အကြောင်း သိကောင်းစရာများရှင်းလင်းသည့် အခမ်းအနားကိုဘားအံမြို့ ကရင်ပြည်နယ် ပြည်သူ ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမေရိကန်ပြည်ထောင်စု ကိုလံဘီယာ ပြည်နယ်၏ မက်ဒယ်လင်း ကုမ္ပဏီအတွက် ၁၉၇၂ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း ကိုကင်းပေါင် ၂၀,၀၀၀ မှောင်ခို တင်သွင်းခဲ့သည့် ဂိုဏ်းကြီးကိုဖြိုခွင်းလိုက်သည်။ အမေရိကန်တွင် ဖြိုခွင်းခဲ့သမျှ မူးယစ်ဆေးဝါးမှောင်ခို ဂိုဏ်းများ အနက် အကြီးကျယ်ဆုံးနှင့် လျှို့ဝှက်ဆန်းကြယ်မှု အနက်ဖြင်းဆုံး ဂိုဏ်းကြီး ဖြစ်သည်။

၆ မကြာသေးမီက ပြုလုပ်သော အဏ္ဏဝါတူးဖော် တိုင်းတာရေး လုပ်ငန်းများမှ ရရှိခဲ့သည့် အနည်များက ကမ္ဘာ့အမြင့်ဆုံးတောင်များသည် လွန်ခဲ့သည့် နှစ်

၂။ ကျပန်ဝန်ကြီးချုပ် နာကာဆိုနေ၏ နေရာတွင် ဆက်ခံရန် တာကေရှိတာ (၆၃) နှစ်အား အာဏာရလစ်ဘရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) အထူးအစည်းအဝေးပွဲ တစ်ရပ်တွင် ပါတီ၏ ၁၂ ဦးမြောက် ဥက္ကဋ္ဌအဖြစ် တရားဝင်ရွေးချယ် တင်မြှောက်လိုက်သည်။

၂၂ ကမ္ဘာ့ခဲမဖြူရောင်းဝယ်ရေး၏ တစ်ခုတည်းသော ခဲမဖြူစျေးကွက်ကို မလေးရှားနိုင်ငံ အခြေခံစက်မှုဝန်ကြီးက ကွာလာလမ်ပူကုန်စည်ဖလှယ်ရေး ဌာနတွင် ဖွင့်လှစ်ပေးလိုက်သည်။

၂၃ တရုတ်ကွန်မြူနစ်ပါတီ၏ ၁၃ ကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို ပီကင်းမြို့ရှိ ပြည် သူ ခန်း မ ဆောင်ကြီးတွင် စတင်ကျင်းပသည်။


စစ်မက်ယှဉ်ပြိုင်တိုက်ခိုက်နေသည့် အီရန်နှင့် အီရတ် နိုင်ငံတို့မှ ဘော်လီဘော အားကစားသမားများသည် ကူဝိတ်တွင် ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အာရှအမျိုးသား ဘော်လီဘော ဗိုလ်လုပွဲ၌ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီးနောက် ပွဲအပြီးတွင် နှစ်ဘက်အားကစားသမားများ တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ပွေဖက်နမ်းရှုပ်ကြရာ အားကစားသည် ကမ္ဘာပေါ်ရှိ လူသားအားလုံး ပြောဆို၍ရသည့် ငြိမ်းချမ်းသော ဘာသာစကားဖြစ်ကြောင်း ပြသလိုက်သည်။

၂၄ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းသည် အင်းလျားကန် ဟိုတယ်တွင် ကျင်းပမည့် ၂၅ ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုများကို ကြည့်ရှုစစ်ဆေးသည်။

၂၅ တောင်ကိုရီးယားနိုင်ငံတွင် ကျင်းပသည့် ပြည် လုံး ကျွတ် ဆန္ဒ ခံယူပွဲတွင် တိုက်ရိုက်သမ္မတ ရွေးချယ်တင်မြှောက်ရေးကို ခွင့်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို မဲဆန္ဒရှင် ၉၁ ရာခိုင်နှုန်းက ထောက်ခံမဲပေးကြသည်။


၂၆ ကမ္ဘာ့ခဲမဖြူရောင်းဝယ်ရေး၏ တစ်ခုတည်းသော ခဲမဖြူစျေးကွက်ကို မလေးရှားနိုင်ငံ အခြေခံစက်မှုဝန်ကြီးက ကွာလာလမ်ပူကုန်စည်ဖလှယ်ရေး ဌာနတွင် ဖွင့်လှစ်ပေးလိုက်သည်။

၁၉၇၇ ခုနှစ်အတွက် အထူးချွန်ဆုံး လက်ဝှေ့သမားအဖြစ် သတ်မှတ်ခံရသော အာသက်အင်ယ်ဆုံး ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံ မိုက် တိုင်ဆင်



၂၁

ဘုရားဖူးခရီးစဉ် ဖြစ်ရပ်များ



လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘော အဒုလျာဒက်(ဂျ) အသက် ၆၀ ပြည့်မြောက်သည့် မွေးနေ့အထိမ်းအမှတ် ဓမ္မလက်ဆောင်တော်အဖြစ် ပေးပို့လှူဒါန်းမည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ် အနေကဇာတင် မင်္ဂလာအခမ်းအနားတွင် ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းအမှူးပြုသော ပုဂ္ဂိုလ်များ ရေစက်သွန်းချစဉ်

ပေါင်းသန်း ၂၀ ခန့်က စတင်ပေါ် ပေါက်လာ ကြောင်း သက်သေ ထူပြလျက်ရှိကြောင်း၊ ဟိမဝန္တာတောင်တန်းများသည် မူလက ထင်မြင် ယူဆထားသည်ထက် သက်တမ်း နှစ်ဆ ပိုရှင်ကြောင်းဖြင့် တိုင်းမဂ္ဂဇင်းတွင် ဖော်ပြသည်။

နှလုံးရောဂါ အန္တရာယ်ရှိသော လူလတ် လူရွယ် ၁၂,၀၀၀ ကို ရေရှည်လေ့လာကြည့် သောအခါ ဥယျာဉ်ပြုစုခြင်း၊ လမ်းလျှောက် ခြင်းစသည့် သင့်တင့်မျှတသော ကိုယ်လက် လှုပ်ရှားမှုကို တစ်နေ့လျှင် ပျမ်းမျှအားဖြင့် ၄၇ မိနစ်ခန့် ပြုလုပ်သောသူတို့သည် လှုပ် ရှားမှု အနည်းဆုံး သူတို့ထက် ရုတ်တရက် နှလုံးဝေဒနာဖိစီး၍ သေဆုံးရခြင်းအန္တရာယ် ၃၇ ရာခိုင်နှုန်း လျော့နည်းသွားစေနိုင်သည် ဟု အမေရိကန်ဆေးပညာရှင်များ အသင်း၏ အပတ်စဉ်ထုတ် ဂျာနယ်တွင် ဖော်ပြ သည်။

၃၂ နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကိုဘားအံမြို့၌ ကျင်းပ သည်။

တျူးနစ်ဇီးယားနိုင်ငံတွင် ဝန်ကြီးချုပ် အဘိုင်ဒီနဲ့ ဘင်အလီက သမ္မတ ဟာဘစ် ဗော်ဂိဗာကို ရာထူးမှ ဖယ်ရှားလိုက်သည်။

ကမ္ဘာ့လက်ဝှေ့ကောင်စီသည် ဟဲဗီးဝိတ် ချန်ပီယံ မိုက်တိုင်ဆင်အား ၁၉၇၇ ခုနှစ် အတွက် အထူးချွန်ဆုံးလက်ဝှေ့သမားအဖြစ် သတ်မှတ် ကြေညာသည်။ တိုင်ဆင်သည် မတ်လ ၇ ရက်နေ့က ဂျိမ်းစမတ်နှင့်လည်း ကောင်း၊ မေလ ၃၀ ရက်နေ့က ပင်ကလွန် သောမတ်စ်နှင့်လည်းကောင်း၊ ဩဂုတ်လ ၁ ရက်နေ့က တိုနီတပ်တာနှင့် လည်းကောင်း ထိုးသတ်ကာ ဟဲဗီးဝိတ်သရဖူကို ကာကွယ် ခဲ့သည်။

၈ ကျော်ဒန်နိုင်ငံအမှန်မြို့၌ အာရပ်အဖွဲ့ ချုပ် ထိပ်သီးညီလာခံ ကျင်းပသည်။

၁၁ ညီလာခံကျင်းပအပြီးတွင် အာရပ် စော်ဘွားများနိုင်ငံ၊ အီရတ်၊ မော်ရိုကို၊ ဆအူးဒီအာရေဗျ၊ ကူဝိတ်၊ကာတာ၊မြောက် ယေမင်နှင့် ဘာရိန်းနိုင်ငံတို့သည် အီဂျစ် နိုင်ငံနှင့် သံတမန် ဆက်ဆံမှု ပြန်လည် ထူထောင်မည့်ကြေညာချက်များ ထွက်ပေါ် လာသည်။


၎ နေစကြဝဠာပြင်ပရှိ ဂြိုဟ်များကို ရှာ ဖွေလျက်ရှိသည့် သိပ္ပံပညာရှင်တို့ သည် မိုင်သန်းပေါင်း ၂၇၀ ခန့်အကွာတွင် ကြယ်တစ်ခုကို လှည့်ပတ်နေသော ကြာသပ တေးဂြိုဟ်ကဲ့သို့သော ကြီးမားသည့် အရာ ဝတ္ထုတစ်ခု၏ အရိပ်လက္ခဏာများကို တွေ့ရှိ ထားကြောင်း၊ နေစကြဝဠာ ပြင်ပတွင် ရှာဖွေတွေ့ရှိပြီးသော ဂြိုဟ်ကဲ့သို့သော အရာ ဝတ္ထုများအနက် ဆယ်ခုမြောက်ဖြစ် ကြောင်း ကာလီဖိုးနီးယား တက္ကသိုလ်မှ နက္ခတ္တဗေဒ ပါမောက္ခ ဘင်ဇတ်ကာမန်းက ပြောကြားသည်။

၁၁ နယူးယောက်မြို့ လေလံပွဲတစ်ပွဲတွင် ကမ္ဘာကျော်ပန်းချီဆရာကြီးဗင်းဆင့် ဗန်ဂိုး (၁၈၅၃ – ၁၈၉၀) ၁၈၈၉ ခုနှစ်က ပြင်သစ်နိုင်ငံ စိန့်ရေမီတွင် စိတ်ဆောရဂါကုသမှု ခံယူနေစဉ် ရေးဆွဲခဲ့သည့် အိုင်းရစ်ပန်းများ အမည်ရှိ ပန်းချီကားကို အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၉ သန်း (ကျပ်သန်း ၃၈၀ ခန့်) ဖြင့် ဝယ်ယူသွားသဖြင့် ဂန္ဓဝင်မြောက် အနုပညာလက်ရာများ လေလံတင် ရောင်းချ သည့် သမိုင်းတွင် စွဲးအမြင့်ဆုံးစံချိန်သစ် တင်သွားသည်။ (မတ်လ ၃၀ ရက်နေ့ ဖြစ် ရပ်—ရှု။)

၁၂ သီရိလင်္ကာနိုင်ငံ၏ သုံးပုံတစ်ပုံဒေသ တွင် တမီလူနည်းစုတို့အား အကန့် အသတ်ဖြင့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ပေးရေး ဥပဒေကြမ်းနှစ်ရပ်ကို သီရိလင်္ကာပါလီမန်က အတည်ပြုလိုက်သည်။

၁၈ အီရန် – ကွန်ထရာ အရေးအခင်းနှင့် စပ်လျဉ်း၍ အမေရိကန်ကွန်ဂရက်၏ စုံစမ်းစစ်ဆေးရေးအဖွဲ့က စာမျက်နှာ ၉၆၀ ပါရှိသော အစီရင်ခံစာကို ထုတ်ပြန်လိုက် သည်။

လန်ဒန်မြို့၌ အစည်ကားဆုံး ဖြစ်သော ကင်းခရေ့စ် မြေအောက်မီးရထားဘူတာရုံ တွင် မီးလောင်မှုဖြစ်ပွားရာ လူ ၃၀ သေဆုံး



မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘော
အဋ္ဌ လျာဒက်(ဂျ်)အား ထိုင်းဘုရင့်ဧည့်ခန်းမဆောင်၌ ဓမ္မလက်ဆောင်တော်ဖြစ်သော
ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပေးအပ်ရာတွင်
ထိုင်းဘုရင်မင်းမြတ်က ကျေးဇူးတင်စကား
ပြောကြားစဉ်

သည်။ မြေအောက် ရထားလမ်းသမိုင်းတွင် အဆိုးရွားဆုံး ဖြစ်သည်။

၁၈–၁၉ အီရန် နိုင်ငံ တောင်ပိုင်း ရှိ တည်ဆောက်ဆဲ နျူကလီးယား ဓာတ်အားပေးစက်ရုံကို အီရတ် စစ် လေယာဉ်တို့က အကြိမ်ကြိမ် ဗုံးကြဲတိုက်ခိုက်ဖျက်ဆီးသည်။

၂၀–၂၂ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခင်၏ ဖိတ်ကြားချက်အရ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အဲလစ်ဇဗက်ဘုရင်မကြီး၏ သမီးတော် အဲန်မင်းသမီးနှင့် အဖွဲဝင်များသည် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သည်။

၂၁ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့၏ ၁၉၇၆ ခုနှစ် အတွက် အမျိုးသားစာပေ ဆုနှင်းပွဲကို ရန်ကုန် မြို့တော်ခန်းမ ပထမထပ်၌ ကျင်းပသည်။

ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် တူရကီနိုင်ငံအား ရှေးဟောင်းပစ္စည်းများကို ပြန်လည်ပေးအပ်လျက်ရှိရာ ပထမကမ္ဘာစစ်အတွင်းက တူးဖော် ရယူသွားခဲ့သည့် ဟစ်တိုက် သမိုင်းအထောက်အထားဆိုင်ရာ ကမ္ပည်းကျောက်စာပေါင်း ၁,၄၃၅ ချပ်ကို ပြန်လည်ပေးအပ်လိုက်ပြီ ဖြစ်သည်။ ဘီစီ ၁၇၀၀ မှ ၁၂၀၀ အထိဖြစ်သော ဟစ်တိုက် သမိုင်းဆိုင်ရာ အထောက်အထား ကျောက်စာချပ်ရေ ၅,၉၆၅ ခု ထပ်မံပေးပို့ဦးမည်ဟု ဆိုသည်။

၂၄ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် အသက် ၆၀ ပြည့်မြောက်သည့် မွေးနေ့အထိမ်းအမှတ် မမွေလက်ဆောင်တော်အဖြစ် ပေးပို့လှူဒါန်းမည့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွား တော်မြတ်အား အနေကဇာတင် မင်္ဂလာအခမ်းအနားကို အလုံလမ်းရှိ သမ္မတအိမ်တော်၌ ဆင်ယင်ကျင်းပသည်။

ကမ်ပူးချား အနောက်မြောက်ဒေသ စစ်မြေပြင်မှ ဗီယက်နမ်တပ်အင်အား စုစုပေါင်း ၂၀,၀၀၀ ကို စတင်ရုပ်သိမ်းသည်။ ခြောက်နှစ်အတွင်း နှစ်စဉ်တပ်သားရုပ်သိမ်းမှု အရေအတွက် အများဆုံးဖြစ်သည်။

၂၆ ခရီးသည် ၅၅ ဦးနှင့် လေယာဉ်ဝန်ထမ်း ၂၀ လိုက် ပါစီး နင်း သည့် တောင်ကိုရီးယား လေကြောင်းကုမ္ပဏီပိုင် ဘိုးအင်း– ၇၀၇ ဂျက်လေယာဉ်တစ်စင်းသည် ဘဂ္ဂဒက်မြို့တော်မှ ဆိုးလ်မြို့တော်သို့ အပြန် ဆီဖြည့်ရန် ဗန်ကောက်လေဆိပ်သို့ လာစဉ် ပျောက်ဆုံးသွားခဲ့သည်။

၂၀ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲဝင်များ လိုက်ပါလျက် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် အသက် ၆၀ ပြည့်မြောက်သည့် မွေးနေ့ အထိမ်းအမှတ် ဓမ္မလက်ဆောင်တော်အဖြစ် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပင့်ဆောင်၍ ထိုင်းနိုင်ငံဘုရင်မင်းမြတ်အား ပေးအပ်လှူဒါန်းသည်။

ဒီဇင်ဘာလ

၁– ၂ တောင်သူလယ်သမား အစည်းအရုံး ဗဟိုဦးစီး အဖွဲ့ တတိယအကြိမ် အစည်းအဝေးကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ကျင်းပသည်။

၄ ကမ်ပူးချားပြည်တွင်းစစ် ပြီးဆုံးရေးကို ရည်ရွယ်သည့် အချက်လေးချက် ပါ သဘောတူညီချက်တစ်ရပ်ကို ကမ်ပူးချားအစိုးရ၏ ဝန်ကြီးချုပ် ဟွန် ဆန် နှင့် ကမ်ပူးချားခုခံတော်လှန်ရေး ပြောက်ကျားအဖွဲ့ ခေါင်းဆောင် မင်းသားကြီးသီဟာနုတို့က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် လက်မှတ်ရေးထိုးကြသည်။

၅– ၂ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းဂေါင်၏ ဖိတ်ကြား ချက် အရ နော် ဝေ နိုင်ငံ ကျန်းမာရေးနှင့် လူမှုဝန်ထမ်း ဝန်ကြီးဌာန ဝန်ကြီး မစ္စက် တောအက်စ် ထရစ်စထရင်း ဂျာဟတ်ဆင်နှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိပြီး မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး လုပ်ငန်း များ ကို လေ့လာသည်။

၅ ဖီဂျီအာကာသိမ်း ခေါင်းဆောင် ဗိုလ်မှူးချုပ် ရာဘူကာက ဖီဂျီနိုင်ငံ၏ အကြီးအကဲအဖြစ် နုတ်ထွက်ပေးလိုက်ပြီး နောက်ဖီဂျီဘုရင်ခံချုပ်ဟောင်း ရာတူ ဆာပင်နာဂါနီလောအား ဖီဂျီနိုင်ငံ၏ ပထမဆုံး သမ္မတအဖြစ် ခန့်အပ်လိုက်သည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဓာဒအဒူလျာဒက်ဂျ်၏ အသက် ၆၀ ပြည့်မွေးနေ့ အခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

၇ ခြောက်နှစ်ကြာစေ့စပ် ဆွေးနွေးခဲ့ရသည့် သမိုင်းတွင်ရစ်မည့် ဆိုဗီယက်–အမေရိကန် တာလတ်ပစ် နျူကလီးယားလက်နက်ဖျက်သိမ်းရေးစာချုပ်ကို အမေရိကန်သမ္မတ ရေဂင်နှင့် ဆိုဗီယက် ခေါင်းဆောင် ဂေါ်ဘာချော့ တို့က အမေရိကန် သမ္မတ အိမ်ဖြူတွင် လက်မှတ် ရေး ထိုး ကြသည်။

၁၀–၁၁ တတိယအကြိမ်အလုပ်သမားအစည်းအရုံးညီလာခံ ဗဟိုဦးစီးအဖွဲ့ တတိယအစည်းအဝေးကို ရန်ကုန်မြို့ကျိုက္ကဆံကွင်း ဆရာစံခန်းမ၌ ကျင်းပသည်။

၁၀ ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားလေကြောင်းဌာနမှ ပျောက်ဆုံးနေသော ဘိုးအင်း–၇၀၇ ဂျက်လေယာဉ်ကို ရှာဖွေနေသည့် အမေရိကန် ရေတပ် လေယာဉ်တစ်စီးသည် လေယာဉ်အရေးပေါ်ထွက်ပေါက်မှ လျှောဆင်းသည့် လှေကားတစ်ခုဟု ယူဆရသော ပစ္စည်းများမျောပါနေသည်ကို မြန်မာနိုင်ငံကမ်းလွှန်ကပ္ပလိပင်လယ်ပြင်တွင် ရှာဖွေတွေ့ရှိသည်။

၁၁ ဆိုဗီယက်ဒုံးပျံစခန်း စစ်ဆေးရေးမှူးများအား အနောက်ဥရောပ နိုင်ငံများအတွင်း ဝင်ရောက်ခွင့်ပြုရေး သဘောတူညီချက်တစ်ရပ်ကို အနောက်ဥရောပနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့ လက်မှတ်ရေးထိုးကြသည်။

၁၃ ရန်ကုန်တိုင်းသမဝါယမပိုင် ဒဂုံ(၁) စက်လှေသည် ရေးမြစ်ဝ၏အနောက်တောင်ဘက် ၃၅ မိုင်အကွာ ဆင်ကလဲယားရေတိမ်သောင်အနီးတွင် နိုဝင်ဘာလ ၂၉ ရက်နေ့က ပျောက်ဆုံးလျက်ရှိသည့် ကိုရီးယားလေကြောင်းကုမ္ပဏီလေယာဉ်မှဟု ယူဆရသည့် လူ ၂၅ ယောက်စီးနိုင်သော အသက်ကယ် ရော်ဘာဖောင် အထုပ်လိုက်တစ်ခုကို ဆယ်ယူရရှိသည်။

၁၉၇၇ ခုနှစ် ဖြစ်ရပ်များ



၂၃ ထိုင်းနိုင်ငံ၏ အောင်ဘာလေထီဖွင့် စက်အား မမှန်မကန်ပြင်ဆင်ခဲ့သည် ဟူသောစွပ်စွဲချက်ဖြင့် ထိုင်းနိုင်ငံအောင်ဘာလေထီရုံးမှ ဒုတိယညွှန်ကြားရေးမှူး အပါအဝင် အရာရှိ ၁၅ ဦးအား ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်သည်။

၂၅ ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးတည်ဆောက်မှုတွင်အနောက်အုပ်စုအရင်းအနှီးများကို ဆွဲဆောင်ရန် ရည်ရွယ်သည့် ဥပဒေကြမ်းတစ်ရပ်ကို အမျိုးသားလွှတ်တော်၌ တင်သွင်းသည်။ ဧပြီလ ၁ ရက်မှ ၉ ရက်ထိ ကျင်းပခဲ့သော ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ဒုတိယအကြိမ် စုံညီအစည်းအဝေးက ဆုံးဖြတ်ခဲ့သော စီးပွားရေး ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းကို အကောင်အထည်ဖော်ခြင်းဖြစ်သည်။

တာလတ်ပစ်နျူကလီးယားဒုံးကျည် ဖျက်သိမ်းရေးစာချုပ်ကို ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့နှင့် အမေရိကန်သမ္မတရောင်တို့ လက်မှတ်ရေးထိုးကြစဉ်

၂၆ ဆိုဗီယက်နှင့် အမေရိကန် ပြည်ထောင်စုတို့၏ တင်းမာမှုလျော့ပါးရေးကို စွမ်းဆောင်ခဲ့သည့် ဆိုဗီယက်ခေါင်းဆောင် ဂေါ်ဘာချော့အား အမေရိကန် တိုင်းမဂ္ဂဇင်းကြီးက ၁၉၇၇ ခုနှစ်၏ အထင်ရှားဆုံး ပုဂ္ဂိုလ်အဖြစ် ရွေးချယ်လိုက်သည်။

၂၈ သုတေသနလုပ်ငန်းများဆိုင်ရာမူဝါဒ ညွှန်ကြားရေးအဖွဲ့ ယဉ်ကျေးမှုကော်မတီက ကြီးကြပ်သော အနုပညာဆိုင်ရာ ပညာရပ်သုတေသနအဖွဲ့၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့်ယဉ်ကျေးမှုနှင့် ပတ်သက်သော အခြားပညာရပ် ဆိုင်ရာ သုတေသနအဖွဲ့နှင့် ရှေးဟောင်းသုတေသန ပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့ သုံးဖွဲ့တို့၏ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပသည်။

သုသေတနလုပ်ငန်းများဆိုင်ရာမူဝါဒ ညွှန်ကြားရေးအဖွဲ့ ဆေးဝါးနှင့် ကုသရေး ကော်မတီက ကြီးကြပ်သည့် ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနအဖွဲ့၏ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပသည်။

၁၉၈၀ ပြည့်နှစ်တွင် ဗြိတိသျှတို့ ထံမှ လွတ်လပ်ရေးရရှိခဲ့ချိန်မှစ၍ ဇင်ဗာဗွေနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သူ ရောဗတ် မူဂါဗီသည် ဇင်ဗာဗွေနိုင်ငံ၏ ပထမဆုံးသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။

လူမှုဝန်ထမ်းဝန်ကြီးဌာနနှင့် အလုပ်သမား ဝန်ကြီးဌာန ဝန်ကြီးဦးအုံးကျော်က ၁၉၇၆ – ၇၇ ခုနှစ်အတွက် ရွေးချယ်ခြင်းခံရသော ဆိုရှယ်လစ်လုပ်သားကောင်းများနှင့် စံပြလုပ်သားများအား ကျိုက္ကဆံကွင်းအတွင်းရှိ ပြည်ထောင်စုခန်းမ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းကျွေးခဲ့သည်။

အရှေ့တောင်အာရှ နိုင်ငံများအသင်း (အေဆီယံ) ဝင် ခြောက် နိုင်ငံမှ ခေါင်းဆောင်များ၏ ၁၀ နှစ်အတွင်း ပထမဆုံး အကြိမ် ဒေသဆိုင်ရာ ထိပ်သီးအစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပရာ ဖိလစ်ပိုင်သမ္မတ ကိုရဇွန် အာကီနိုက ဖွင့်လှစ်ပေးလိုက်သည်။


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာ နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခ၏ ဖိတ်ကြားချက်အရ အိန္ဒိယသမ္မတ နိုင်ငံ ဝန်ကြီးချုပ် ရှရီ ရာဂျစ်ဂန္ဒီနှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်သည်။

တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် အာဏာရ ဒီမိုကရက်တစ် တရားမျှတရေးပါတီ (ဒီဂျေပီ) သမ္မတ ဇလောင်း နိုတေဝူးကမဲပေးသူ ၂၃ သန်းကျော် အနက် ထောက်ခံမဲ ၃၆ ဒသမ ၉ ရာခိုင်နှုန်း ဖြင့် အနိုင်ရရှိသွားသည်။ အတိုက်အခံခေါင်းဆောင်များ ဖြစ်ကြသည့် ကင်ယန်းဆမ်ကထောက်ခံမဲ ၂၀ ရာခိုင်နှုန်း၊ ကင်ဒေးယုံက ၂၆ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရရှိကြသည်။

ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ပြည်နယ် တစ်ဝန်းလုံးတွင် ကျင်းပသည်။

မနီလာမြို့ အရှေ့တောင်ဘက် မိုင် ၁၁၀ အကွာမင်ဒိုရိုကျွန်းအနီး တာဘယ်ရေလက်ကြားတွင် ခရီးသည်တင်သင်္ဘော ဒိုနာပက်ဇ်နှင့် ရေနံတင်သင်္ဘော ဗစ်တာတို့ တိုက်မိရာ သင်္ဘော နှစ်စီး စလုံး မီးလောင်ပေါက်ကွဲနစ်မြုပ်သွားသည်။ လူ ၁,၆၀၀ ကျော်ပျောက်ဆုံးနေပြီး ခရီးသည် ၂၄ ဦးနှင့် ရေနံတင်သင်္ဘောမှ သင်္ဘောသား နှစ်ဦးကို သာကယ်တင်နိုင်ခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့က ကြီးမှူးရှိရိုးရာပုံပြင်စာပေစာတမ်းဖတ်ပွဲကို စာပေဗိမာန်အဖွဲ့ ပြည်သူ စာကြည့်တိုက် ခန်းမ၌ ကျင်းပသည်။



နှစ်ချုပ် အထူးဆောင်းပါးများ

ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေး အကျိုးဆက်များ
ဝဏ္ဏကျော်ထင် ဦးချစ်မောင် ၂၆

ကမ္ဘာ့ ပြေးခုန်ပစ် စံချိန်သစ်များ (၁၉၇၇)
ဦးတင်မောင်ဆွေ ၃၈

ကမ္ဘာ့ကောက်နှံအထွက်တိုးရေး သုတေသန
ဦးအောင်ခင် ၅၁


Risky Strategy
Attack on Iranian Site Wins Praise but Means Violence May Escalate
U.S. Says Strike Shows It Is In Persian Gulf to Stay; Congress Remains Uneasy
Soviet Role Is Called Unlikely
What's News
Business and Finance
World-Wide
The Market Debacle Rouses Worst Fears Of Little Investors
Many Are Beginning to Talk In Terms of Doomsday; Big Investors Are Brave
The Crash of '87
Stocks Plunge 508 Amid Panicky Selling
Percentage Decline Far Steeper Than Bond Prices Surge
A Repeat of '29? Depression in '87 Is Not Expected
The Boston Daily Globe
BIG CRASH AND RALLY IN STOCKS
All Records for Severity of Decline Broken---12,894,650 Shares Traded In, a New High Mark---Tape 160 Minutes Behind at Close---Pool Formed at Morgan Office at Conference of Bankers Checks Headlong Break; Then Some Stocks Recover 10 to 20 Points---Banks and Brokers Sound
TABLE SHOWING GYRATIONS OF SOME LEADING STOCKS
Wild Scenes on Exchange During Flight of Selling Stampede
BALLOT PROBE IS
$1,000,000 FIRE LOSS

ကမ္ဘာ့ငွေကြေးနှင့်စီးပွားရေးအကျိုးဆက်များ

ကမ္ဘာ့ ငွေကြေးနှင့် စီးပွားရေး အကျိုးဆက်များ ဟူသည် ဒုတိယကမ္ဘာစစ်ကြီး ပြီးစမှ ၁၉၇၇ ခုနှစ်အထိ ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေကြေး ပြောင်းလဲမှုနှင့် လှုပ်ရှားမှုတို့ပင်ဖြစ်သည်။ ၁၉၇၇ ခုနှစ်တွင် ဖြစ်ပေါ်သော ကမ္ဘာ့ငွေကြေးအသီးသီး၏ အပြောင်းအလဲ လှုပ်ရှားမှုတို့သည် ဒုတိယ ကမ္ဘာစစ်ကြီး အပြီးမှစ၍ ပေါ်ပေါက်ခဲ့သော ငွေရေးကြေးရေး အပါအဝင် ကမ္ဘာ့စီးပွားရေးနှင့် အထူးပင် ဆက်စပ်နေပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစအချိန် ကမ္ဘာ့ငွေကြေးစနစ်

ဒုတိယကမ္ဘာစစ်ကြီးပြီးစအချိန်၌ ကမ္ဘာ့ငွေကြေးစနစ် အစပျိုးရန် စစ်အောင်ပွဲရ နိုင်ငံကြီးတို့အတွင်း ဆွေးနွေးမှု ပြီးမြောက်ခဲ့သည်။ ၁၉၂၉–၃၃ ခုနှစ် ကာလအတွင်း စတော့စျေးနှုန်းများ တစ်ရှိန်ထိုးကျဆင်းခဲ့သည့် ဖြစ်ရပ်ကို ထောက်ရှုသုံးသပ်ကြ၍ နိုင်ငံအစိုးရများသည် အထူးအား ဖြင့် အမေရိကန် ပြည်ထောင်စုနှင့် အင်္ဂလန်နိုင်ငံတို့တွင် ပြည်တွင်း ငွေကြေး ပမာဏ လျော့နည်းသွားစေသော နည်းလမ်း၊ သွင်းကုန်အပေါ် အခွန်နှုန်း တိုးမြှင့်ကာ သွင်းကုန် လျော့နည်းလာစေသောနည်းလမ်းနှင့် အခြား ကိုယ်ကျိုးစီးပွား ရရှိမှုကိုသာ အခြေခံကာ လုပ်ဆောင် သောနည်းလမ်းတို့ကြောင့် ဖြစ်ပေါ်တတ်သည့် စီးပွားရေး ပျက်ကပ်မျိုး ထပ်မံမပေါ် ပေါက်စေရ ဟူသော စီးပွားရေး အချက်အလက်တစ်ရပ်အပေါ် အခြေစိုက်၍ ဆွေးနွေးခဲ့ကြ ခြင်း ဖြစ်သည်။ နိုင်ငံကြီးအသီးသီးတွင် ငွေရေးကြေးရေး စီမံ လုပ်ကိုင်မှု မထိရောက်ဘဲ ပျက်ပြားခဲ့ခြင်းတို့သည် စီးပွားရေးပျက်ကပ် ဖြစ်လာဖို့ အကြောင်းရင်း သာမက အကျိုးသက်ရောက်မှုပါ ဖြစ်သည်ဟု စီးပွားရေးပညာရှင် များက သုံးသပ်ကြသည်။

ထို့ကြောင့် စီးပွားရေးပျက်ကပ်မျိုးနှင့် မတွေ့ကြုံစေရန် ရည်ရွယ်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင် အမ်အက်ဖ်) နှင့် ကမ္ဘာ့ဘဏ် (အိုင်ဘီအာဒီ) တို့ကို ၁၉၄၄ ခုနှစ် ဇူလိုင်လတွင် တည်ထောင်ခဲ့ရာ ယင်းအဖွဲ့အစည်းတို့ နှင့်သက်ဆိုင်သော ဥပဒေပြဋ္ဌာန်းချက်တို့သည် ၁၉၄၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်အာဏာတည်သည်။ ထို့ပြင် အပြည် ပြည်ဆိုင်ရာ ကုန်သွယ်ရေးအဖွဲ့ တည်ထောင်ရန် ကြံဆခဲ့ သော်လည်း အဓိကအားဖြင့် မပေါ်လာတော့ဘဲ အကောက်ခွန်နှင့် ကုန်သွယ်မှုဆိုင်ရာ အထွေထွေ သဘော တူညီချက်အဖွဲ့ (ဂတ်) ကိုသာ ဖွဲ့စည်းခဲ့ရာ ၁၉၄၈ ခုနှစ်



၁၉၂၉ ခုနှစ် ကြမ်မာဆိုး အင်္ဂါနေ့တွင် စတော့ရှယ်ယာ စျေးနှုန်းများကျဆင်းလာစဉ် သောကရောက်နေသော ပြည်သူ များ နယူးယောက် စတော့စျေးကွက်၏ ပြင်ပဌာန် စုရုံးရောက်ရှိ နေကြပုံ



ဒဂုံ ပြည့်နှစ် စီးပွားရေးပျက်ကပ်ဆိုက်ခဲ့စဉ်က အမေရိကန်ပြည်သူတို့ ရိက္ခာထောက်ပံ့မှုရရှိရေးအတွက် တန်းစီနေခဲ့ကြရပုံ

ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ပြဋ္ဌာန်းချက်များ အာဏာတည်သည်။ ကမ္ဘာ့ငွေကြေးစနစ် ဖြစ်လာစေရန် အကြံပြုရေးဆွဲခဲ့ကြသူများမှာ ဗြိတိန်နိုင်ငံမှ ဂျွန်မေနပ် (ဒ်) ကိန်း(စ်)နှင့် အမေရိကန်ပြည်ထောင်စုမှ ဟယ်ရီဒက်(စ) တာဝိုက်တို့ ဖြစ်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီးမှစ၍ တည်ထောင်ခဲ့သော ကမ္ဘာ့ငွေကြေးစနစ်ကို ဘရက်တန်ဝုဒ် စနစ် (Bretton Woods System) ဟုလည်း ခေါ်ဝေါ်သုံးစွဲလေ့ရှိသည်။ ယင်းကဲ့သို့ ခေါ်ဝေါ် သုံးစွဲရသည်မှာ အမေရိကန်ပြည်ထောင်စု ဘရက်တန်ဝုဒ် နယူးဟမ်ရှိုင်းယားနယ်တွင်ကျင်းပသောအစည်းအဝေး၌ နိုင်ငံပေါင်း ၂၉ နိုင်ငံက အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေ အဖွဲ့၏ သဘောတူစာချုပ် လက်ခံကြောင်း လက်မှတ် ရေးထိုးခဲ့ခြင်းကြောင့် ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ ကမ္ဘာ့ငွေကြေးစနစ်

အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့သည် နိုင်ငံအများအား စံနှုန်းငွေ လဲလှယ်သည့်စနစ် (par value system) ကို ကျင့်သုံးလာစေခြင်း၊ အဝိုက စက်မှုနိုင်ငံကြီးများ၏ နိုင်ငံသုံးငွေများ လွတ်လပ်စွာလဲလှယ်လာစေခြင်း၊ တစ်လုံးတစ်ခဲ ရွှေပြောင်းသော ငွေများအပေါ် ကြီးကြပ်မှုကို အထိုက်အလျောက်ရုပ်သိမ်းစေခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယင်းအဖွဲ့၏ ဆောင်ရွက်ချက်များသည် အောင်မြင်မှု ရှိခဲ့သဖြင့် စစ်ဒဏ်ခံရသော နိုင်ငံများ၏ စီးပွားရေး၊ ပြန်လည် ထူထောင်ရေးနှင့် ကမ္ဘာ့ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် အကျိုးသက်ရောက်မှု ရရှိခဲ့ပြီး ကမ္ဘာ့စီးပွားရေး တိုးတက်မှုကိုလည်း အကျိုးပြုနိုင်ခဲ့သည်။

၁၉၆၀–၁၉၇၀ ပြည့်နှစ်ကာလအတွင်း ကမ္ဘာ့စီးပွားရေး ပြောင်းလဲလာပုံ

၁၉၆၀ ပြည့်နှစ် နောက်ပိုင်းတွင် ကမ္ဘာ့စီးပွားရေး အခြေအနေပြောင်းလဲလာခဲ့သည်။ အခြေအနေပြောင်းလဲမှုသည် ငွေကြေး ဖောင်းပွလာမှုကြောင့် ဖြစ်သည်ဟု သုံးသပ်နိုင်ပြီး ငွေကြေးဖောင်းပွရခြင်းမှာလည်း ကုန်ထုတ်လုပ်မှု စရိတ်များ တိုးမြင့်လာခြင်းကြောင့် ဖြစ်သည်။ ထိုအချိန်က ကမ္ဘာ့စီးပွားရေးတွင် ငွေကြေးဖောင်းပွလာသောအခြေအနေ၊ နှစ်ရှည် ရင်းနှီး မြှုပ်နှံငွေများလည်း တိုးလာ၍ ယင်းငွေများသည် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ မကြာမကြာ ပြောင်းရွှေ့ မြှုပ်နှံလာသော အခြေအနေ၊ ထိုသို့ ပြောင်းရွှေ့ မြှုပ်နှံခြင်းမှာလည်း မြှုပ်နှံငွေအပေါ် ပေးသော အတိုးနှုန်းမြင့်ရာတွင် မြှုပ်နှံ၍ အမြတ်ထုတ်ကြသော အခြေအနေနှင့် ယင်းအခြေအနေ သုံးရပ်က နိုင်ငံအများအပြား၌ နိုင်ငံခြားငွေ အပေးအယူ စာရင်းတွင် လိုငွေ ပေါ်ပေါက်စေသော အခြေအနေတို့ ဖြစ်ပေါ်နေပါသည်။ ထို့ပြင် နှစ်တို့ ငွေလုံးငွေရင်း မြှုပ်နှံငွေပမာဏ တိုးလာသည့်အပြင် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့ မြှုပ်နှံလာသည့် အရှိန်နှုန်းမှာလည်း တဖြည်းဖြည်း ပို၍

ကြီးစွားလာသည်။ ထိုအချိန်တွင် ငွေ လဲလှယ်နှုန်းကို ဖြင့်ဆင်သော နည်းလမ်းကို ကျင့်သုံးရန် ဖန်တီးသက့်သို့ ပေါ် ပေါက်ခဲ့သည့် အဖြစ်အပျက်မှာ ၁၉၆၁ ခုနှစ် မတ်လ တွင် ဂျာမန် ဒို့ုက်မတ်နှင့် နယ်သာလန် ဂီဒါးတို့ တန်ဖိုး မြှင့်တင် သတ်မှတ်ခဲ့ခြင်းပင် ဖြစ်သည်။ ယင်းငွေများ တန်ဖိုး မြှင့်တင်ခြင်းဖြင့် အခြားနိုင်ငံများ၏ ငွေလဲလှယ် နှုန်းများ တန်ဖိုးမြင့်မည်ဟု မျှော်မှန်းခဲ့ကြသည်။ ယင်း မျှော်မှန်းချက်ကို အခြေခံ၍ တန်ဖိုးချဖွယ်ရှိသော ငွေကို ဖိ၍ ထုတ်ရောင်းချခြင်းနှင့် တန်ဖိုးမြှင့်ဖွယ်ရာရှိသော ငွေများကို ဖိ၍ဝယ်ယူလာခြင်းတို့ကို ပြုလုပ်လာကြသည်။ ထို့ကြောင့် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ရင်းနှီး မြှုပ်နှံသော ငွေများ ပြောင်းရွှေ့မှုသည် ပို၍ ကြီးမားခဲ့သည်။ ၁၉၆၅ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံခြားငွေ စျေးကွက်များ မကြာ မကြာ လှုပ်ရှားခဲ့သည်။ ဗြိတိန်နိုင်ငံသည် နိုင်ငံခြားငွေပေး ငွေယူစာရင်းတွင် လိုငွေပေါ် ပေါက်နေခဲ့၍ စျေးကစားသူ များနှင့် ပေါင်စတာလင်ငွေ ကိုင်ထားသူများကလည်း စိုးရိမ်မှုရှိလာပြီး ဖိ၍ ထုတ်ရောင်းချကြသဖြင့် ပေါင်စတာ လင်ငွေကို ၁၉၆၇ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် တန်ဖိုးချလိုက်ရသည်။ ၁၉၆၉ ခုနှစ်တွင် ပြင်သစ် ဖရန့်ငွေ ကို တန်ဖိုးချခဲ့သည်။ ဂျာမန်ဒို့ုက်မတ်တန်ဖိုးကို တိုးမြှင့် သတ်မှတ်ခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် ကနေဒါနိုင်ငံက နှုန်းရှင်လဲလှယ်သည့်စနစ်ကို ကျင့်သုံးလိုက်သည်။ ရွှေစျေး ကို ထိန်းနေသည့်ကြားမှ အမေရိကန် ပြည်ထောင်စု၏ ဗဟိုဘဏ်နှင့် အခြားနိုင်ငံ ဗဟိုဘဏ်တို့အကြား သဘော ထားကွဲလွဲကာ ၁၉၆၈ ခုနှစ်တွင် ရွှေဒိုင်ဖျက်သိမ်းခဲ့ရသည်။ (ရွှေဒိုင် — ၅၅။)

၁၉၇၀ ပြည့်နှစ်နောက်ပိုင်း ကမ္ဘာ့ငွေကြေးစျေးကွက်များ အခြေအနေ

အိုင်အမ်အက်ဖ်သည် နှုန်းရှင် ငွေလဲလှယ်သောစနစ် အပါအဝင် ငွေလဲလှယ်နှုန်းများ လှုပ်ရှား ပြောင်းလဲမှုကို လေ့လာပြီး ၁၉၇၀ ပြည့်နှစ်တွင် နိုင်ငံခြား ငွေပေးငွေယူ စာရင်း ပြုပြင်ရာ၌ ငွေလဲလှယ်နှုန်း ပါဝင်ရမည့်ကဏ္ဍ (The Role of Exchange Rates in the Adjustment of International Payments; A Report by the Executive Directors, I. M. F) ခေါင်းစဉ်ဖြင့် လေ့လာချက် အစီရင်ခံစာကို ဂါဗာနာဘုတ်အဖွဲ့သို့ တင်ပြ ခဲ့သည်။ ယင်းအစီရင်ခံစာတွင် အဓိကအချက်မှာ လက်ရှိ စံနှုန်း ငွေလဲလှယ်သည့် စနစ်ကိုသာ ဆက်လက် ကျင့်သုံး သွားရန်ဖြစ်ပြီး နိုင်ငံအချို့က ကျင့်သုံးလာသော နှုန်းရှင် ငွေလဲလှယ်စနစ် (system of freely floating exchange rates)၊ ငွေလဲလှယ်နှုန်း အထက်အောက် ကျယ်ပြန့်စွာ ရွှေ့လျား သတ်မှတ်သောနှုန်းစနစ် (system of wider margins) နှင့် အလိုအလျောက် ငွေလဲလှယ်နှုန်းများ





စတော့ပွဲစားများသည် လွှန်ခဲ့သောနှစ်ငါးဆယ်ဝန်းကျင်က ကြေးနန်းသတင်းများကိုအားထားရှာလည်းကောင်း (၀)၊ ယခုအခါ ဂြိုဟ်တုသတင်းများကို လက်ကိုင်ပြုရှာလည်းကောင်း လှုပ်ရှားကြသည်။



ရှယ်ယာအရောင်းအဝယ်ကို အတိတ်ကထက်ပိုမိုကျယ်ပြန့်ကာ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နေကြပြီဖြစ်ရာ အာရှတွင် တိုက်ရိုစတော့စျေးကွက်ပြီးလျှင် အကြီးဆုံးဖြစ်သည့် ဟောင်ကောင်စျေးကွက်တွင် ၁၉၇၆ ခုနှစ်မှစ၍ ကွန်ပျူတာအပြည့် တပ်ဆင်လိုက်သည်။

ပြောင်းလဲသွားစေသောစနစ် (system of automatic adjustment) တို့ကို အဖွဲ့က လက်မခံသော သဘောပင် ဖြစ်ပါသည်။ အထူးငွေထုတ်ခွင့်များ (အက်စ်ဒီအာ) ကို ၁၉၇၀ ပြည့်နှစ်တွင် စတင်ခဲ့ဝေပေးနိုင်ခဲ့သည်။ ငွေကြေးလဲလှယ်နှုန်းများ မတည်မငြိမ်ဖြစ်သောအခြေအနေ ရှိနေသော်လည်း ၁၉၇၀ ပြည့်နှစ် စက်တင်ဘာလတွင် ကျင်းပသော အဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးတွင် ငွေလဲလှယ်နှုန်းစနစ် ပြင်ဆင်ရေးကိစ္စကို အရေးယူ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့။ (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့၏ အထူးငွေထုတ်ခွင့်များ (အက်စ်ဒီအာ)—ရှု။)

အဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေးကြီးပြီးသည့်နောက် ပိုင်း ၁၉၇၁ ခုနှစ်ထဲတွင် နိုင်ငံခြားစျေးကွက်များ ပြန်လည်၍ လှုပ်ရှားလာခဲ့သည်။ အမေရိကန်ဒေါ်လာ အပါအဝင် အဓိကကျသော ငွေကြေးများ တန်ဖိုးပြင်ဆင်ကြမည်ဟု တွက်ဆကြပြီးလျှင် စျေးကစားသူများက အမေရိကန်ဒေါ်လာကို ထုတ်ရောင်း၍ ခိုင်မာမည့် ဥရောပရှိ ငွေကြေးများကို ဖိ၍ဝယ်ယူလာခဲ့ကြသည်။ ထိုသို့ လဲလှယ်သည့် ပမာဏမှာ ကြီးမားလာသည်။ အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားငွေပေးငွေယူစာရင်းတွင် လိုငွေပေါ်ပေါက်ပြီး နိုင်ငံခြား သီးသန့် ရန်ပုံငွေကိုလည်း ထိခိုက်လာသည်။ တစ်ဖက်၌မူ ဥရောပနိုင်ငံအချို့တွင် စီးဝင်လာသော အမေရိကန်ဒေါ်လာများကြောင့် ငွေကြေးဖောင်းပွမှုအန္တရာယ် ပေါ်ပေါက်လာသည်။ ယင်းအခြေအနေတွင် သြစတြီးယား၊ ဗဲလ်ဂျီယံ၊ လူဇင်ဗတ်၊ အနောက်ဂျာမနီ၊ နယ်သာလန်၊ ပေါ်တူဂယ်နှင့် ဆွစ်ဇာလန်နိုင်ငံတို့တွင် နိုင်ငံခြားငွေစျေးကွက်များကို ၁၉၇၁ ခုနှစ် မေလ ၅ ရက်နေ့တွင် ပိတ်လိုက်ရသည်။ ဖင်းလန်၊ ဂရိ၊ စင်ကာပူနှင့် တောင်အာဖရိက နိုင်ငံကိုတွင် ဒေါ်လာကို စျေးဝင်ထိန်းခြင်း မပြုလုပ်တော့ချေ။ ထို့ပြင် ဂျာမန်ဒို့က်မတ်၊ နယ်သာလန်ဂီဒါးနှင့် ဆွစ်ဖရန့်များ ရောင်းဝယ်ခြင်းကို ရပ်ဆိုင်းထားလိုက်သည်။ ၁၉၇၁ ခုနှစ် မေလထဲတွင် အနောက်ဂျာမနီနိုင်ငံနှင့် နယ်သာလန်နိုင်ငံတို့က နှုန်းရှင်ငွေလဲလှယ်စနစ်ကို ပြောင်းလဲ ကျင့်သုံးလာကြသကဲ့သို့ ဗဲလ်ဂျီယံနှင့် လူဇင်ဗတ်နိုင်ငံတို့သည် ငွေလဲလှယ်နှုန်း နှစ်မျိုးထားသည့်စနစ်ကို ကျင့်သုံးလာသည်။ သြစတြီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့ကလည်း ယင်းတို့၏ နိုင်ငံသုံးငွေ တန်ဖိုးကို တိုးမြှင့်သတ်မှတ်လိုက်ကြသည်။

ကမ္ဘာ့ငွေကြေးစနစ်ကို ပြုပြင်ရန် လိုအပ်လာသော အခြေအနေ

အဖွဲ့၏ ၁၉၇၁ ခုနှစ်တွင် ကျင်းပမည့် နှစ်ပတ်လည်အစည်းအဝေး မတိုင်မီပင် အမေရိကန် ပြည်ထောင်စု၏

နိုင်ငံခြားဒေပေးဒေယူစာရင်းတွင် လိုင်ငေပမာဏ ကြီးမားစွာ ပေါ်ပေါက်နေသကဲ့သို့ ၁၉၇၁ ခုနှစ် ဒုတိယသုံးလပတ်စာရင်းကို ထုတ်ပြန်သောအခါ နိုင်ငံခြား ကုန်သွယ်မှုစာရင်းတွင်လည်း လိုင်ငေ ပထမဆုံးအကြိမ် ပေါ်ပေါက်လာခဲ့သည်။ ထိုသို့ လိုင်ငေပေါ်ပေါက်လျှင် နိုင်ငံခြား ငေပေးငေယူစာရင်း၌ လိုင်ငေ ပို၍ပေါ်ပေါက်ပြီး ယိုယွင်းလာမည့်အခြေအနေ ရှိနိုင်သည်ဟု ထင်မြင်လာကြသည်။ နိုင်ငံခြားကုန်သွယ်မှုစာရင်းတွင် လိုင်ငေ ဖြစ်ပေါ်ရခြင်းမှာ အခြားဖွံ့ဖြိုးပြီး နိုင်ငံများ၌ ငေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် အတွက် ဝယ်လိုအား လျော့နည်းလာစေရန် ဆောင်ရွက်နေသော်လည်း အမေရိကန် အစိုးရကမူ ဝယ်လိုအား ကောင်းလာစေသည့် ငေရေးကြေးရေးမူဝါဒကို ကျင့်သုံးနေခြင်း၊ အမေရိကန်အစိုးရက သွင်းကုန်ကို ကန့်သတ်မည့် သို့မဟုတ် ငေလဲလှယ်နှုန်း ပြင်ဆင်မည့် နည်းလမ်းများ အသုံးပြုလာမည်ကို စိုးရိမ်၍ သွင်းကုန်များ ပို၍ဝယ်ယူထားလာခြင်းနှင့် အမေရိကန် စားသုံးသူများက ပြင်ပမှ ကုန်ပစ္စည်းများကို ပိုမိုနှစ်ခြိုက် သုံးစွဲလာခြင်းတို့ကြောင့် ဖြစ်သည်။

အမေရိကန် အစိုးရသည် ပြည်တွင်း ဝယ်လိုအား ကောင်းလာစေရန် ရည်ရွယ်လျက် အတိုးနှုန်းလျော့ချခြင်း နည်းလမ်းကို ကျင့်သုံးခဲ့သည်။ အကျိုးသက်ရောက်မှုမှာမူ အမေရိကန် ပြည်ထောင်စုရှိ ငေလုံး ငေရင်းများသည် အတိုးနှုန်း မြင့်နေသော နိုင်ငံများသို့ ပြောင်းရွှေ့သွားကြသည်။ အမေရိကန် ဒေါ်လာ လက်ဝယ်ထားသူများကလည်း ဒေါ်လာလဲလှယ်နှုန်းပြင်ဆင်လာလျှင် နစ်နာဆုံးရှုံးမှု မရှိစေရန် ဒေါ်လာကို ထုတ်ရောင်းပြီး တည်ငြိမ်ခိုင်မာသော ငေကြေးများကို ဝယ်ယူလာကြသည်။ ၁၉၇၁ ခုနှစ် ဩဂုတ်လ နောက်ပိုင်းတွင် အမေရိကန်ဒေါ်လာမှ အခြားငေကြေးများကို လဲလှယ် ရွှေပြောင်းထားသော ပမာဏသည် အထူးပင် များပြားခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ သီးသန့် ရန်ပုံငေမှာလည်း လျော့နည်း ကျဆင်းခဲ့သည်။ ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု၏ ပြည်ပနိုင်ငံများကို ပေးရန် တာဝန်များသည် ယင်းနိုင်ငံ၏နိုင်ငံခြားသီးသန့်ရန်ပုံငေထက် ဒေါ်လာသန်း ၁၀၀၀ ခန့်ထိ မြင့်မားနေသည်။ အမေရိကန်ကွန်ဂရက်ရှိ နိုင်ငံတကာ နိုင်ငံခြားငေလဲလှယ်မှုနှင့် ငေပေးချေမှုဆိုင်ရာ စီးပွားရေး ကော်မတီက တင်သွင်းသော အစီရင်ခံစာတွင် ဒေါ်လာများကို ရွှေဖြင့် တန်ဖိုးသတ်မှတ်ထားသော ပြဋ္ဌာန်းချက်ကို ဖျက်သိမ်းလိုက်မှသာလျှင် ဒေါ်လာတန်ဖိုးကိုပြင်ဆင်နိုင်မည်ဟု ဖော်ပြခဲ့သည်။ ယင်း အစီရင်ခံစာပါ အချက်အလက်များကြောင့် ဒေါ်လာတန်ဖိုးသည် တရားဝင် ကြမ်းခင်းဈေးအဆင့်သို့ ကျဆင်းသွားခဲ့သည်။ အမေရိကန် အစိုးရသည် အမေရိကန် ဒေါ်လာများ ထုတ်ရောင်း၍ ကျားကန်ရသကဲ့သို့ ပြည်ပကြွေးမြီတာဝန်ကို သီးသန့်ရန်ပုံငေမှကျခံခဲ့ရသည်။ အဓိကပြဿနာမှာ ပြည်ပကြွေးမြီတာဝန်များ တစ်နည်းအားဖြင့် ပြည်ပအစိုးရများ၏ လက်ဝယ်၌ရှိသော ဒေါ်လာငေများကို ပြဋ္ဌာန်းချက်အရ ရွှေတစ်အောင်စလျှင် ဒေါ်လာ ၃၅ နှုန်းဖြင့် ဆက်လက် လဲလှယ်ပေးခြင်းအားဖြင့် နိုင်ငံခြားသီးသန့် ရန်ပုံငေကို မကျဆင်းအောင် ကြိုးပမ်းနေခဲ့ရာမှ ထိန်းမရနိုင်တော့သည့် အဖြစ်သို့ ရောက် ရှိ ခဲ့ သည်။ ထို့ကြောင့် ၁၉၇၁ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် အမေရိကန်သမ္မတ နစ်ဆင်က ပြည်ပအစိုးရများပိုင် အမေရိကန်ဒေါ်လာများကို ရွှေဖြင့် လဲလှယ်ပေးခြင်းကို ရပ်ဆိုင်းထားရန်ကြေညာခဲ့သည်။ ယင်းကြေညာချက်တွင် အထက်ပါ အချက်အပြင် ဒေါ်လာငေ့ ပြန်လည်အားကောင်းလာစေမည့် အစီအစဉ်ခြောက်ရပ်လည်း ပါဝင်သည်။ အမေရိကန်အစိုးရ၏ ဆောင်ရွက်ချက်သည် ဒုတိယ ကမ္ဘာစစ်ကြီး ပြီးစမှစ၍ ငေလဲလှယ်နှုန်းနှင့် စပ်လျဉ်းပြီး အဓိကထားခဲ့သော ရွှေစံချိန်စနစ် တစ်နည်းအားဖြင့် စံနှုန်းငေလဲလှယ်ရေးစနစ်ကို စွန့်လွှတ်လိုက်ခြင်းပင် ဖြစ်သည်။

ကမ္ဘာ့ငေကြေးစနစ် ပြုပြင်လာခြင်း

အပြည်ပြည်ဆိုင်ရာ ငေကြေးရန်ပုံငေအဖွဲ့၏ ဂါဗနာများ ဘုတ်အဖွဲ့က ကမ္ဘာ့ငေကြေးစနစ် ပြန်လည်ပြုပြင်ရေးကို အကြံပေးရန်အတွက် ၁၉၇၂ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ကော်မတီတစ်ရပ် ဖွဲ့စည်းရန် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်နှင့်အညီ ၁၉၇၂ ခုနှစ် စက်တင်ဘာလ ၂၀ ရက်တွင် အဖွဲ့ဝင်ဦးရေနှစ်ဆယ် ပါဝင်သော ကော်မတီဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီကို နှစ်ဆယ်ဦးကော်မတီ (Committee of Twenty) ဟု ခေါ်ဝေါ်ကြသည်။ ယင်းကော်မတီသည် အဆင့်မြင့်ကော်မတီဖြစ်၍ ဖွံ့ဖြိုးပြီးနိုင်ငံမှ အဖွဲ့ဝင် ၁၁ ဦးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံမှ အဖွဲ့ဝင်ကိုးဦး ပါဝင်ကာ အဖွဲ့၏ ဂါဗနာများနှင့် ဝန်ကြီးများလည်း အဖွဲ့ဝင်ဖြစ်ကြသည်။ ယင်းကော်မတီသည် ကမ္ဘာ့ငေကြေးစနစ် ပြုပြင်ရေးနှင့် ပတ်သက်သော အကြံပြုသည့် အစီရင်ခံစာကို ၁၉၇၄ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင်တင်ပြခဲ့သည်။

နှစ်ဆယ်ဦး ကော်မတီ ဆွေးနွေးနေသော အချိန်၌ ကမ္ဘာ့ငေကြေး ဖောင်းပွမှုကြောင့် စီးပွားရေး အလားအလာ ခန့်မှန်း၍မရခြင်းနှင့် ရေနံစျေး အဆမတန်တိုးမြင့်လာခြင်း စသော ဖြစ်ရပ်များ ပေါ်ပေါက်နေခဲ့သည်။ ယင်းကော်မတီ၏ အစီရင်ခံစာတွင် အပိုင်းနှစ်ပိုင်း ပါရှိ၍ အပိုင်းတစ်တွင် ကမ္ဘာ့ငေကြေးစနစ်ကို ပြုပြင်ရာ၌ ဆောင်ရွက်ရန် လိုအပ်သော အဓိက ပြုပြင်ချက်များနှင့် အပိုင်း

နှစ်တွင် ချက်ချင်း အရေးယူဆောင်ရွက် ပြုပြင်သင့်သော အချက်များ ဖြစ်ပါသည်။ နိုင်ငံခြားငွေပေးငွေယူစာရင်း လိုငွေ၊ ပိုငွေတို့ကို ထိရောက်စွာနှင့် မျှတစွာ ပြုပြင်နိုင်ရေး ကို ဦးတည်ကာ တည်ငြိမ်ပြီး လိုအပ်လာလျှင် ပြင်ဆင် သတ်မှတ်နိုင်သော ငွေလဲလှယ်သည့် စနစ်အပေါ် အခြေ ခံရေးနှင့် နိုင်ငံခြား ငွေပေးငွေယူစာရင်း လိုငွေ တစ်နည်း အားဖြင့် ပြည်ပသို့ ရောက်ရှိသွားသော ငွေကို ရွေကဲ့သို့ သော အခြေခံ ကမ္ဘာသုံးငွေမျိုးဖြင့် ပြန်လည် လဲလှယ် ပေးရေး၊ တစ်နည်းအားဖြင့် အဖွဲ့၏ အထူး ငွေထုတ်ခွင့် များကို အဓိကကမ္ဘာသုံးငွေ ဖြစ်လာစေရေး၊ နိုင်ငံအများ အသုံးပြုနေရသော ကမ္ဘာသုံးငွေများကို ပိုမိုထိရောက်စွာ စီမံကွပ်ကဲနိုင်ရေးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ငွေနှင့် ကျွမ်းကျင်မှုတို့ ပိုမို၍ ရရှိလာစေရေးတို့ကို အပိုင်း (တစ်) တွင် ဖော်ပြထားသည်။ ကမ္ဘာ့ငွေကြေးစနစ်ကို ကြီးကြပ် သွားရန်အတွက် ကောင်စီတစ်ရပ် ဖွဲ့စည်းရေးနှင့် လော လောဆယ်တွင် ကြားဖြတ်ကော်မတီကိုဖွဲ့စည်းကာ အဖွဲ့ကို အကြံပေးရေး၊ ရေနံစျေး တိုးမြှင့်ခြင်းကြောင့် ရေနံစရိတ် ပို၍ ကုန်ကျသော နိုင်ငံများအား ငွေထုတ်ချေးသော အစီအစဉ် ပြုလုပ်ပေးရေး၊ ငွေ လဲလှယ်နှုန်းများနှင့် စပ်လျဉ်း၍ အပြိုင်အဆိုင် ငွေတန်ဖိုးပြင်ဆင်သတ်မှတ်ခြင်း ကို ရှောင်ရှားရေး၊ ကုန်သွယ်မှုဆိုင်ရာ ချုပ်ချယ်မှုများနှင့် ငွေပေး ငွေယူဆိုင်ရာ ကန့်သတ်မှုများ ပြဋ္ဌာန်းခြင်းကို နှစ်နှစ် ကာလအတွင်း ရှောင်ရှားမည့် ကတိပြုချက်များ ပေးရေး၊ နိုင်ငံခြား သီးသန့်ရန်ပုံငွေတွင် ငွေတိုးရရှိသော နိုင်ငံများအား ယင်းငွေများ လျော့နည်းသွားအောင် တစ်နည်းအားဖြင့် ပြန်၍ အသုံးပြုရန်အတွက် အဖွဲ့က အရေးယူ ဆောင်ရွက်ပေးရေး၊ အထူးငွေထုတ်ခွင့်များနှင့် စပ်လျဉ်းသော အတိုးနှုန်းကို ငွေကြေး စျေးကွက်များမှ အတိုးနှုန်းများနှင့်ညှိ၍ ပြင်ဆင်သတ်မှတ်ရေးနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံများကို ထုတ်ချေးသော ငွေအပေါ် သက်သာသော အတိုးနှုန်းများဖြင့် ချေးငွေများပိုမိုထုတ်ချေးရေး စသော အဓိက အချက်အလက်များကို အပိုင်း (နှစ်) တွင် ဖော်ပြ ထားသည်။

ကမ္ဘာ့ငွေကြေးစနစ်ကို ပြုပြင်ရန်အတွက် လက်တွေ့ ဆောင်ရွက်လာသည့်အခါ၌ အသင့်လျော်ဆုံး သော ငွေလဲလှယ်သည့်စနစ်ကို ရွေးချယ်ရေးနှင့်ပတ်သက်၍ နိုင်ငံ ကြီးများအတွင်းတွင် အဓိကအားဖြင့် အမေရိကန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့ သဘောထား ကွဲလွဲခဲ့ကြသည်။ အမေ ရိကန်နိုင်ငံက ရောင်းလိုအားနှင့် ဝယ်လိုအားတို့မှ ဖြစ်ပေါ် လာသော ငွေလဲလှယ်နှုန်းအပေါ် အခြေခံသော နှုန်းရှင် စနစ်ကိုလိုလား၍ ပြင်သစ်နိုင်ငံကမူ စံနှုန်းငွေလဲလှယ်သည့် စနစ်ကို လိုလားသည်။ အိုင်အမ်အက်ဖ်သည် နိုင်ငံအမျိုး

ယင်းပြဋ္ဌာန်းချက်တွင် ငွေလဲလှယ်နှုန်းများ သို့မဟုတ် ကမ္ဘာ့ငွေကြေးစနစ်ကို မတရားသောနည်းဖြင့် မိမိအကျိုး အတွက် ဖန်တီးယူခြင်း မပြုလုပ်ကြရေး၊ အဖွဲ့ဝင်နိုင်ငံ၏ အခြေခံ စီးပွားရေး၊ ဘဏ္ဍာရေး အခြေအနေများနှင့် ကမ္ဘာ့ ငွေကြေး စနစ်တို့တွင် တည်ငြိမ်မှု ရရှိနိုင်မည့် နည်းလမ်းများကို ရှာကြံကျင့်သုံးကြရေးနှင့် အဖွဲ့၏ အဆို ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်သော ငွေလဲလှယ်သည့် မူဝါဒ များကိုသာ လိုက်နာကျင့်သုံးရေးတို့ ပါဝင်သည်။ ကမ္ဘာ့ ငွေကြေးစနစ် ချောမောလည်ပတ်ရေးကို ခြုံ၍ ကြပ်မတ်

ကမ္ဘာပေါ်တွင် အကြီးဆုံးစတော့စျေးကွက်ဖြစ်သော တိုကျို စျေးကွက်တွင် ၁၉၈၇ ခုနှစ် ကြမ်မာဆိုးတနလ်ာနေ့က စတော့ ရှယ်ယာများကို အလုအယက် ရောင်းချနေကြပုံ



သတ်မှတ်ခြင်း (Basket Peg) တို့ဖြစ်သည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ကျပ်ငွေကို အထူး ငွေထုတ်ခွင့်များနှင့် ချိတ်ဆက်၍ နိုင်ငံခြားငွေ လဲလှယ်ရန် သတ်မှတ်ထားရာ ယင်းလဲလှယ်နှုန်းဇယားများတွင် တစ်ယူနစ်သည် မြန်မာကျပ်ငွေ ၇ ဒသမ ၇၄၂၈ နှင့်ညီမျှသည်ဟု သတ်မှတ်ထားသည်။ ၁၉၇၇ ခုနှစ် မေလတွင် မြန်မာကျပ်ငွေ ၈ ဒသမ ၅၀၈၄၇ နှင့်ညီမျှသည်ဟုပြင်ဆင် သတ်မှတ်သည်။ ယင်းကဲ့သို့ ပြင်ဆင် သတ်မှတ်ခြင်းမှာ မြန်မာ ကျပ်ငွေကို ကိုးထုခိုင်နှုန်း၊ တန်ပိုး ချလိုက်ခြင်း ကြောင့် ပြစ်ပေသည်။

၁၉၇၇ ခုနှစ်အတွင်း၊ ကမ္ဘာ့ငွေကြေး ယေဘုယျ စီးပွားရေး အခြေအနေ

နိုင်ငံကြီးများ၌ ၁၉၇၇ ခုနှစ်တွင် စီးပွားရေး တိုးတက်မှုနှုန်း၊ အထိုက်အလျောက်ရရှိကောင်းမွန်နေသဖြင့် အလုပ်လက်မဲ့ဦးရေ မတက်ဘဲ လျော့ကျလာသည်။ ငွေကြေးပေါင်းပွမှုတွင် နှစ်စဉ် သာမန် တိုးနေကျ ပမာဏထက် မပိုချေ။ သာမန် ငွေကြေးပေါင်းပွမှု နှုန်းမျိုးသာဖြစ်သဖြင့် စားကုန်ဖူးဦး ဆန္ဒနှုန်းသည်လည်း တည်ငြိမ်နေသည်။ ကမ္ဘာ့ကုန်သွယ်မှုတွင်မူ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်မှုအားကြီးလျက်ရှိသည့်အပြင် ပြင်ပဈေးဦး ဝယ်ယူအား သိသိသာသာမလျော့ဘဲ တိုးလာသော နိုင်ငံအချို့၌ နိုင်ငံခြားကုန်သွယ်မှုစာရင်းတွင် လိုငွေများ ပေါ်ပေါက်နေသည်။ ထိုသို့ပေါ်ပေါက်နေခြင်းကြောင့် နိုင်ငံခြား ငွေပေးငွေယူစာရင်းတွင်ပါ လိုငွေဖြစ်ပေါ်နေသည်။

ပို့ပြိုးဆဲ နိုင်ငံအများစု၌မူ ငွေကြေးပေါင်းပွမှုဖြစ်စေသော ပြည်တွင်းထုတ် ဟုန်းများထော ပြည်ပသုံးကုန် ဟုန်းများပါ ဈေးတက်လျက်ရှိသည်။ ပြည်တွင်းထုတ် ဟုန်းများ၏ ထုတ်လုပ်စရိတ် တက်လာသော်လည်း နိုင်ငံခြား ဈေးကွက်၌ ပို့ပြိုးဆဲနိုင်ငံထုတ် ဟုန်းများမှာ ဈေးကျလျက်ရှိသည်။ ဈေးကျခြင်းအပြင် ယှဉ်ပြိုင်အားကြီးနေသည့် အခြေအနေမျိုးလည်း ရှိနေသည်။ ထို့ကြောင့် ပို့ပြိုးဆဲနိုင်ငံအများအပြား၌ နိုင်ငံခြား ကုန်သွယ်မှုစာရင်း အသီးသီးတွင် လိုငွေ ဖြစ်ပေါ်နေသည်။ ထင်းလိုငွေ အခြေအနေသာမက တင်ပို့နေသော ကြားပြိုအပေါ် ပေးဆပ်ရသော ငွေများနှင့် နိုင်ငံခြားမှ ချေးငွေ ရှာဖွေရရှိနိုင်မှု အခက်အခဲတို့ကြောင့် နိုင်ငံခြား ငွေပေးငွေယူစာရင်း အသီးသီးတွင် လိုငွေ ပေါ်ပေါက်နေကြသည်။ ပို့ပြိုးဆဲ နိုင်ငံများတွင် တင်ပို့နေသော နိုင်ငံခြား ကြားပြိုများ အတွက် နှစ်စဉ် အရင်းနှင့်အတိုး ပေးဆပ်ရသော ပမာဏ သည် နိုင်ငံခြားပို့ကုန်မှ ရငွေ၏ ၂၅ ထုခိုင်နှုန်းခန့် ရှိနေပါ

ကုပ်ကဲသော တာဝန်ကို ထမြှောက်နိုင်ရုံ ငွေကြေးရန်ပုံငွေအပ်နှံအား ထပ်နှင်းထားသည်။

ထိုင်အမ်အက်ပ်၌ အပ္ပံဝင် နိုင်ငံများအပေါ် ခြုံ၍ကြပ်မတ်ကုပ်ကဲသော တာဝန်ရှိသော်လည်း လက်တွေ့တွင်မူ အပ္ပံဝင်နိုင်ငံ၏ ယေဘုယျ စီးပွားရေး အခြေအနေနှင့် တကွ နိုင်ငံခြား သီးသန့်ရန်ပုံငွေစာရင်းနှင့် ပြည်ပကြေးပြိုစာရင်းတို့အပေါ် နောက်ခံထား စိစစ်ချက်များအပေါ် အပ္ပံဝင်နိုင်ငံ၏ သဘောတူ လက်ခံမှုပြင့်သာ ဆောင်ရွက်ရသည်။ အပ္ပံသည် အပ်နှင်းထားသောတာဝန်အရ ကမ္ဘာ့စီးပွားရေး အလားအလာ အစီရင်ခံစာအပေါ် အခြေခံ၍ ငွေလဲလှယ်နှုန်းများ၏ အခြေအနေကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် လေ့လာသုံးသပ်သည်။ ငွေလဲလှယ်သည့် စနစ်ဆိုင်ရာစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သော နိုင်ငံကို အပ္ပံက ပိတ်ခေါ် ဆွေးနွေးသည်။ ထိုနည်းတူ အပ္ပံဝင်နိုင်ငံ၌ ငွေလဲလှယ်သည့်စနစ် သို့မဟုတ် မူဝါဒကို ပြုပြင်ရန် လိုအပ်သည်ဟု အပ္ပံက ယူဆလျှင် ယင်းနိုင်ငံနှင့် ဆွေးနွေးသည်။ ဆွေးနွေးချက်များပေါ်တွင် အပ္ပံက ဆက်လက်အရေးယူမည့် အချက်များကို ချမှတ်ပါသည်။ လက်တွေ့တွင်မူ အရေးယူမှု အဆင့်အထိ မထောက်ရှိဘဲ အပ္ပံဝင်နိုင်ငံနှင့် အပ္ပံအကြား ပြေလည်စွာ ဆောင်ရွက်သွားနိုင်ကြောင်း တွေ့ရှိရသည်။

ထိုင်အမ်အက်ပ်က ၁၉၇၈ ခုနှစ်တွင် ငွေလဲလှယ်နှုန်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ပြဋ္ဌာန်းချက် ပြုလုပ်ခဲ့ပြီးနောက် အပ္ပံဝင် နိုင်ငံများသည် ငွေလဲလှယ်သည့်စနစ် အမျိုးမျိုးကို ကျင့်သုံးလာကြသည်။ ယင်းစနစ်အမျိုးမျိုးအနက် အခြေခံစနစ်လေးမျိုးသာ ရှိသည်ဟု သတ်မှတ်နိုင်သည်။ ပထမ အမျိုးအစားမှာ နှုန်းဂျင် ငွေလဲလှယ်သည့်စနစ်၊ ဒုတိယ အမျိုးအစားမှာ နိုင်ငံတစ်နိုင်ငံ၏သုံးငွေ သို့မဟုတ် နိုင်ငံတစ်ခု၏ သုံးငွေများပြင့် ချိန်ဆ၍ တန်ပိုးသတ်မှတ်သော ငွေလဲလှယ်သည့်စနစ်၊ တတိယ အမျိုးအစားမှာ အပ္ပံ၏ အထူးငွေထုတ်ခွင့်များ (အက်စ်ဒီအာ) နှင့် ချိတ်ဆက်၍ တန်ပိုး သတ်မှတ်သော ငွေလဲလှယ်သည့်စနစ်နှင့် စတုတ္ထ အမျိုးအစားမှာ ဥရောပဘုံငွေးထုတ် ငွေကြေးကို အခြေခံသော ငွေလဲလှယ်သည့်စနစ်တို့ ဖြစ်သည်။ နှုန်းဂျင် ငွေလဲလှယ်သည့်စနစ်အောက်တွင် တစ်ဦးတည်းနှုန်းဂျင်ထားခြင်း (Independent float)၊ စုပေါင်းနှုန်းဂျင်ထားခြင်း (Joint float) နှင့် ငွေလဲလှယ်နှုန်း အလိုက်သင့်ဖွင့်ချလျားပြောင်းလဲခြင်း (Crawl) တို့ပြစ်သည်။ ဒုတိယ အမျိုးအစားတွင် ပေါင်စတာလင် သို့မဟုတ် အမေရိကန်ဒေါ်လာ သို့မဟုတ် ပြင်သစ်ဖရန့် စသည့်နိုင်ငံသုံးငွေတစ်ခုခုပြင့် ပိုပိုနိုင်ငံသုံးငွေ တန်ပိုးကို သတ်မှတ်ခြင်း (Single Currency Peg) နှင့် နိုင်ငံတစ်ရုံ၏ သုံးငွေများပြင့် ပိုပိုနိုင်ငံသုံးငွေ တန်ပိုးကို



၁၉၇၇ ခုနှစ် ကြမ္မာဆိုးတနလ်ာနေ့က နယူးယောက်စျေးကွက်၌ ရုတ်ရုတ်သဲသဲဖြစ်နေပုံ

သည်။ ပြည်ပကြွေးမြီကိစ္စနှင့်စပ်လျဉ်း၍ ဖွဲ့ဖြိုးဆဲနိုင်ငံတိုင်းလိုပင် ပေးဆပ်ရန်အင်အား မလုံမလောက် ဖြစ်နေသဖြင့် ကြွေးမြီများ ၁၀ နှစ် ကာလအတွင်း မပေးဆပ်စေဘဲ ရွှေဆိုင်းထားရန် ဆွေးနွေးလျက် ရှိကြသည်။ နိုင်ငံကြီးများရှိ စီးပွား ကုန်သွယ်ရေးဘဏ် အများအပြားသည် ယင်းတို့ ထုတ်ချေးထားသောငွေများ ပြန်လည် ရရှိရန် နှောင့်နှေးနေခြင်းနှင့် အပြည့်အဝ ပြန်လည် ရရှိရန် မသေချာခြင်းတို့ကြောင့် ငွေစာရင်းတွင် မရေရာသော ကြွေးမြီဆုံးရှုံးမှု လျာထားငွေများဖြင့် စာရင်းဖော်လျက် ရှိသည်။

နိုင်ငံခြားငွေစျေးကွက်

အထက်ဖော်ပြပါ ယေဘုယျ စီးပွားရေး အခြေအနေများသာမက ထူးခြားစွာ ပေါ်ပေါက်နေသော ဖြစ်ရပ်မှာ ကမ္ဘာသုံးငွေတစ်ခု ဖြစ်သော အမေရိကန် ဒေါ်လာမှာ အမေရိကန်နိုင်ငံအစိုးရ ဘတ်ဂျက်၌ ကြီးမားသောလိုငွေ ဖြစ်ပေါ်နေခြင်း၊ နိုင်ငံခြား ကုန်သွယ်မှုစာရင်း၌ လိုငွေ ဖြစ်ပေါ်နေခြင်းနှင့် နိုင်ငံခြား ငွေပေးငွေယူစာရင်းတွင် လိုငွေ ဖြစ်ပေါ်နေခြင်းတို့ကြောင့် မတည်ငြိမ်ဘဲ စျေးကစားခံနေရသည်။ ထို့ပြင် အမေရိကန်ပြည်ထောင်စုသည် မြို့ရှင် အခြေအနေမှ မြို့စားအခြေအနေသို့ ရောက်ရှိနေပြီး ပြည်ပကြွေးမြီ တစ်နည်းအားဖြင့် ပြည်ပသို့ ရောက်ရှိနေသော အမေရိကန်ဒေါ်လာအတွက် ပေးဆပ်ရန်တာဝန်မှာ ဒေါ်လာသန်းပေါင်း ၂၅,၀၀,၀၀၀ ခန့် ရှိနေသည်။

ကမ္ဘာသုံးငွေများအနက် အမေရိကန် ဒေါ်လာသည် မတည်ငြိမ်ဆုံးဖြစ်ပြီး ငွေတန်ဖိုး လျော့ချသည့် သဘောသို့ပင် သက်ရောက်နေသည်။ အမေရိကန်ဒေါ်လာ တစ် ဒေါ်လာနှင့် အခြား ကမ္ဘာသုံးငွေများဖြစ်သော ဂျပန်ယန်း၊ ဒို့ချ်မတ်၊ ဆွစ်ဖရန့်၊ ပြင်သစ်ဖရန့်နှင့် ပေါင်စတာလင်တို့၏ လဲလှယ်နှုန်း ပြောင်းလဲမှုကို ကြည့်ရှုလျှင် အောက်ပါအတိုင်း တွေ့ရှိရသည်။ ၁၉၇၆ ခုနှစ် ဇန်နဝါရီလတွင် တစ်ဒေါ်လာအတွက် ဂျပန်ယန်း ၁၉၀ ခန့် ရရှိခဲ့၍ ၁၉၇၇ ခုနှစ် နိုဝင်ဘာလတွင် ၁၃၅ သာ ရရှိသဖြင့် ၃၂ ရာခိုင်နှုန်းခန့် တန်ဖိုးကျ ပြောင်းလဲသွားသည်။ ထိုနည်းတူ အထက်ပါ အချိန်ကာလအတွင်း ဒို့ချ်မတ် ၂ ဒသမ ၀၅ ရရှိခဲ့ရာမှ ၁ ဒသမ ၆၉ သာရရှိသဖြင့် ၁၇ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းသည်။ ထိုနည်းတူ ပြင်သစ်ဖရန့် ၇ ဒသမ ၄၅ ရရှိခဲ့ရာမှ ၅ ဒသမ ၇၇ သာရရှိသဖြင့် ၂၃ ရာခိုင်နှုန်းခန့် တန်ဖိုးကျဆင်းသည်။ ဆွစ်ဖရန့် ၂ ဒသမ ၀၄ ရရှိခဲ့ရာမှ ၁ ဒသမ ၄၀ သာရရှိသဖြင့် ၃၁ ရာခိုင်နှုန်းခန့် တန်ဖိုးကျ

ဆင်းပြောင်းလဲသည်။ ပေါင်စတာလင် ဝ ဒသမ ၆၈ ရရှိခဲ့ ထုမှ ဝ ဒသမ ၅၉ ရရှိသဖြင့် ၁၃ ထုခိုင်နှုန်းခန့် တန်ဖိုးကျ ပြောင်းလဲသည်။ အမေရိကန်ဒေါ်လာ တန်ဖိုးကျ ပြောင်း လဲမှုကြောင့် လက်ဝယ်ရရှိလာသော အမေရိကန်ဒေါ်လာ ကို ကုန်သွယ်မှုအတွက်လည်းကောင်း၊ အခြား ပေးရန် တာဝန်အတွက်လည်းကောင်း အခြားကမ္ဘာသုံးငွေတစ်ခုခု နှင့်လဲလှယ်လျှင် တန်ဖိုးကျ ပမာဏအတိုင်း နစ်နာဆုံးရှုံး ပါသည်။ နိုင်ငံခြားငွေ စျေးကွက်များတွင် အမေရိကန် ဒေါ်လာ တန်ဖိုးကျနေသဖြင့် လဲလှယ်နှုန်းအပေါ် အမြတ် ထုတ် စျေးကစားကြသည်။ သို့သော် အမေရိကန်ပြည် ထောင်စုအတွက်မူ လဲလှယ်နှုန်းရှင်ထားလိုက်ခြင်းအတွက် လောလောဆယ်တွင် ပြည်ပသို့ရောက်ရှိနေသော ဒေါ်လာ များနှင့် စပ်လျဉ်း၍ ပေးဆပ်ရန်တာဝန် မပိုလာအောင် မျှောထားလိုက်သောသဘောသက်ရောက်ပါသည်။ အထူး အကျိုး သက်ရောက်မှုမှာမူ အမေရိကန် ကုန်ပစ္စည်း၏ တန်ဖိုးသည် နိုင်ငံခြား စျေးကွက်များတွင် အသုံးပြုသော အခြား ကမ္ဘာသုံးငွေဖြင့်ရောင်းချသော ကုန်ပစ္စည်းတန်ဖိုး ထက်လျှော့နည်းသဖြင့် ကုန်သွယ်မှု ယှဉ်ပြိုင်အားကောင်း လာသည်ဟု ဆိုနိုင်သည်။ တစ်နည်းအားဖြင့်မူ အမေရိကန် ထုတ် ပစ္စည်းသည် ဂျပန်နိုင်ငံစျေးကွက်တွင် သက်သာ၍ ဂျပန်ထုတ် ပစ္စည်းသည် အမေရိကန် စျေးကွက်တွင် စျေးကြီးသဖြင့် အမေရိကန်ထုတ် ပစ္စည်းသာ ဂျပန်ထုတ် ပစ္စည်းနှင့် အမေရိကန် ပြည်ထောင်စုတွင်ပင် ယှဉ်ပြိုင် ရောင်းချနိုင်လာခြင်းပင် ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် မူနိုင်ငံကြီးများ၏ ပစ္စည်းများသည် ငွေကြေးလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် အမေရိကန်ဒေါ်လာ တန်ဖိုးကျလာ သကဲ့သို့ ဖြစ်သဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယှဉ်ပြိုင်အား ပို၍ ကြီးလာကြောင်း တွေ့ရှိရသည်။ ယင်းယှဉ်ပြိုင်အား ကြီးလာခြင်းနှင့် အတူ ကိုယ်ကျိုးစီးပွားကို ကြည့်ကာ သွင်းကုန်ပစ္စည်းများအပေါ် ကန့်သတ် ချုပ်ချယ်မှုများ ပြုလုပ်ရန်ပင် စဉ်းစား ဆွေးနွေးလာကြသည်။ တစ်ဖက် ကလည်း ဥရောပဘုံစျေး၏ ငွေကြေးစနစ် (အီး အမ် အက်စ်) ၏ အခန်းကဏ္ဍကို မြှင့်တင်ရန်လည်း ဆွေးနွေး ကြသည်။ (ဥရောပဘုံစျေး၏ ငွေကြေးစနစ် (အီး အမ် အက်စ်)— ၌။)

ရွှေစျေး

ကမ္ဘာသုံးငွေတွင် အရေးပါသော ငွေကြေးမှာ ရွှေပင် ဖြစ်သည်။ ကမ္ဘာ့ကုန်သွယ်မှုတွင် အမေရိကန်ဒေါ်လာ ကိုပင် နိုင်ငံအများက အသုံးပြုနေခြင်းနှင့် ရေနံစိမ်းကို အမေရိကန်ဒေါ်လာဖြင့်ပင် အဓိကထား ရောင်းချနေခြင်း တို့ကြောင့် အမေရိကန်ဒေါ်လာသည် ကမ္ဘာသုံးငွေတွင် အရေးပါလျက်ရှိသည်။ အမေရိကန်ဒေါ်လာသည် တန်ဖိုး ကျ ပြောင်းလဲနေခြင်းကြောင့် ရွှေစျေးသည် နှစ်ဦးပိုင်းက တစ်အောင်စလျှင် ဒေါ်လာ ၃၅၀ ခန့်မှ နိုဝင်ဘာလတွင် ဒေါ်လာ ၄၆၀ ခန့်ထိ တက်လာသည်။

ရေနံစိမ်းစျေး

အမေရိကန်ဒေါ်လာဖြင့် အဓိကထား ရောင်းချသော ရေနံစိမ်းမှ ရငွေသည် လျော့နည်းရရှိသကဲ့သို့ ဖြစ်သည်။ ရေနံစိမ်းစျေးသည် တစ်ပီပါလျှင် ၁၈ ဒေါ်လာ ပတ်ဝန်း ကျင်ဖြင့် ရောင်းချရရှိရာ ရရှိသော ဒေါ်လာဖြင့် အခြား နိုင်ငံထုတ် ပစ္စည်းများကို ယခင်ဝယ်ယူရရှိနေကျစျေးဖြင့် ဝယ်မရခြင်းကြောင့် နစ်နာမှုရှိနေကြသည်။ ရေနံစိမ်းစျေး တိုးမြှင့်ရန်ပင် စဉ်းစားဆွေးနွေးလျက် ရှိကြသည်။

စတော့စျေးကွက် ကမောက်ကမဖြစ်ခြင်း

စတော့ရှယ်ယာ ငွေချေးစာချုပ်၊ အာမခံ ငွေချေး စာချုပ် အရောင်းအဝယ်ပြုလုပ်သော စတော့စျေးကွက် တို့သည် ၁၉၇၇ ခုနှစ် ဩဂုတ်လကုန်ပိုင်းမှစ၍ ရောင်းစျေး ကျဆင်းခဲ့ပြီး မတည်မငြိမ် ဖြစ်နေခဲ့သည်။ စတော့ စျေးကွက် ကမောက်ကမဖြစ်မှုတွင် စတော့စျေး အကျဆုံး မှာ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ မ တည်ငွေအဖြစ် ရယူထားသော ရှယ်ယာတန်ဖိုးများ ဖြစ်သည်။ အစိုးရ အသီးသီးက ထုတ်ရောင်းပြီး ငွေချေးယူသော စာချုပ် များနှင့် အာမခံ ငွေချေးစာချုပ်များမှာ စျေးမကျချေ။

ယန်းငွေတန်ဖိုးမြင့်တက်နေသော ဂျပန်နိုင်ငံနှင့် ဒေါ်လာတန်ဖိုးတစ်ရှိန်ထိုးကျနေသော အမေရိကန်ပြည်ထောင်စုတို့မှ ကိုယ်စား ထုယ်များ စီးပွားရေးနှင့် ကုန်သွယ်ရေးပြဿနာများ ညှိနှိုင်းဆွေးနွေးနေကြပုံ



အကြောင်းမှာ ယင်းဌေးချေးစာချုပ်များသည် နှစ်စဉ် အတိုးနှုန်း ခံစားရသော စာချုပ်များ ဖြစ်သောကြောင့် ဖြစ်သည်။ အမြတ် ခွဲဝေစုခံစားသောရှယ်ယာ တစ်နည်း အားဖြင့် စတော့များမှာမူ အမြတ်ထုတ်ရန် အရောင်း အဝယ် ပြုခြင်းကြောင့် ကျစေးတွင် နှစ်နှာ ဆုံးရှုံးမှု များသကဲ့သို့ တက်စေးတွင် အကျိုးအမြတ် ရရှိသည်။

စတော့စျေးကွက် ကမောက်ကမ ဖြစ်ရခြင်းသည် နိုင်ငံ တကာ ဌေရေးကြေးရေးတွင် ဦးဆောင်နေသော နိုင်ငံ များ၏ စီးပွားရေး အခြေအနေနှင့် ယင်းနိုင်ငံ၏ အစိုးရ များ၏ ပေါ်လစီများကြောင့် ဖြစ်သည်။ ယင်းနိုင်ငံများ အထူးအားဖြင့် အမေရိကန်ပြည်ထောင်စုတွင် ပေါ်ပေါက် နေသော အစိုးရပိုင်း၏ ကြီးမားသောလိုဌေသည် ဌေကြေး ပမာဏကို မတည်မငြိမ်ဖြစ်ကာ စီးပွားရေး ကျဆင်းမည့် စိုးရိမ်မှုဖြင့် စတော့စျေးကို လှုပ်ကစားသည်။ စတော့စျေး ကို လှုပ်ကစားသော အခြားအကြောင်းနှင့် ဖြစ်ရပ်များမှာ နိုင်ငံခြား ကုန်သွယ်မှုတွင် လိုဌေပြနေခြင်း၊ အစိုးရပိုင်းမှ ဌေရှာဖွေရရှိမှုဆိုင်ရာ မူဝါဒအပေါ် ယုံကြည်မှု လျော့နည်း လာခြင်း၊ နိုင်ငံကြီးများတွင် စီးပွားရေး တိုးတက်မှုနှုန်း မရသည့် အလားအလာရှိနေခြင်းနှင့် နိုင်ငံကြီးအချင်းချင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် ညှိနှိုင်းမရဖြစ်ခြင်း တို့ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းများသည် နိုင်ငံ၏ စီးပွားရေး ပေါ်လစီနှင့် ပေါ်လစီအရ အကောင်အထည် ပေါ်လာမှုအပေါ် ကြည့်၍ လုပ်ငန်း လုပ်ကိုင်ကြသည် ဖြစ်သောကြောင့် စီးပွားရေး လုပ်ငန်းမှ ထုတ်သော ရှယ်ယာ စတော့များသည် ယင်းလုပ်ငန်း၏ အခြေ အနေပေါ်တွင် သွားတည်နေသည်။

စတော့စျေးကွက် ကမောက်ကမ ဖြစ်ခဲ့ရာ၌ စတော့ စျေး ထိုးကျသောနေ့ရက်မှာ ၁၉၇၇ ခုနှစ် အောက်တိုဘာ လ ၁၉ ရက် တနလ်ာနေ့ ဖြစ်သည်။ ၁၉၂၉ ခုနှစ် အောက်တိုဘာလ ၂၉ ရက် အင်္ဂါနေ့တွင် ပေါ်ပေါက်ခဲ့ သော စတော့စျေးကွက် ပျက်ပြားခြင်းအတွက် ကြမ္မာဆိုး အင်္ဂါနေ့ဟုခေါ်ဝေါ်ခဲ့ကြသကဲ့သို့ ၁၉၇၇ ခုနှစ် အောက်တို ဘာလ ၁၉ ရက်ကိုလည်း ကြမ္မာဆိုးတနလ်ာဟု သမုတ်ကြ သည်။ ယင်းနေ့တစ်နေ့တွင် နယူးယောက် စတော့စျေး ကွက်၌ ရှယ်ယာ စတော့အရောင်းအဝယ် ကိုင်တွယ်ရသော ပမာဏမှာ သန်း ၆၄၀ ဖြစ်သည်။ စတော့စျေး အတက် အကျကို ဖော်ပြသော ဒေါ်ကျုံး စက်မှုရှယ်ယာ ပျမ်းမျစျေး ဆန္ဒန်းမှာလည်း ၅၀၈ မှတ်ပင် ကျဆင်းသွားခဲ့ပြီး ၁,၇၃၉ ခန့်ဖြစ်ပေါ် သည်။ လန်ဒန်စတော့စျေးကွက်၌ စတော့စျေး ဆန္ဒန်း ၃၀၄ မှတ် ကျဆင်းသွားသည်။

အောက်တိုဘာလ ၁၉ ရက်နေ့မှအစ ရက်သတ္တတစ်ပတ် အတွင်း စတော့စျေးကွက်ကြီးများကို လေ့လာကြည့်လျှင် ဩစတြေးလျှနိုင်ငံ စျေးကွက်၌ စတော့ကို ကိုင်မထားဘဲ ရောင်းချသူ အဖွဲ့အစည်းများသည် ၃၃ ရာခိုင်နှုန်းခန့် တန်ဖိုးလျော့နည်း ရရှိ နစ်နာကြသည်။ တိုကျိုစျေးကွက် တွင် ကြမ္မာဆိုးတနလ်ာနေ့တွင် စတော့စျေး ၁၅ ရာခိုင်နှုန်း ကျဆင်းသွားပြီး ဆုံးရှုံးနစ်နာကြသည်။ လန်ဒန် စတော့ စျေးကွက်၌ ယင်း ရက်သတ္တပတ်၏ နောက်ဆုံးရက် သောကြာနေ့တွင် စတော့စျေး ဆန္ဒန်းသည် ၅၀၇ မှတ် ကျဆင်းခဲ့၍ စတော့တန်ဖိုး ၂၂ ရာခိုင်နှုန်း လျော့နည်းကာ နစ်နာကြသည်။ ဟောင်ကောင် စတော့ စျေးကွက်၌ ကြမ္မာဆိုး တနလ်ာနေ့ တစ်ရက်တည်းတွင်ပင် စတော့စျေး တန်ဖိုး ၁၁ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သဖြင့် နစ်နာဆုံးရှုံး ကြသည်။ နောက်တစ်နေ့ အင်္ဂါနေ့မှစ၍ တစ်ပတ်လုံးလုံး စတော့စျေးကို ပိတ်ထားခဲ့သည်။ စတော့စျေးကွက်တိုင်း က လက်ခံသော စတော့ ရှယ်ယာများကို လက်ဝယ်မထား တော့ဘဲ ထုတ်ရောင်းသူ အဖွဲ့အစည်းတိုင်း နစ်နာဆုံးရှုံးမှု ရှိသည်။ ၁၉၇၇ ခုနှစ် သြဂုတ်လမှစ၍ စတော့စျေးသည် အကျဘက်သို့ ဦးတည်လာခဲ့ရာ အမေရိကန်နိုင်ငံတစ်နိုင်ငံ တွင်ပင် စတော့ ရောင်းချမှုကြောင့် နစ်နာ ဆုံးရှုံးမှုမှာ အမေရိကန်ဒေါ်လာ တစ်ထရီလီယန်ခန့် (တစ်ထရီလီယန် လျှင် သန်းထောင်ပေါင်း တစ်ထောင်နှင့် ညီမျှသည်) ရှိသည်ဟု ခန့်မှန်းကြသည်။ စတော့စျေး အကျကြောင့် ထိခိုက်သောနိုင်ငံများ၌ အိမ်၊ မော်တော်ယာဉ် အပါအဝင် ကြာရှည်ခံ ပစ္စည်းများ သုံးစွဲမှု လျော့နည်းသွားမည် ဖြစ်သကဲ့သို့ အထွေထွေစားသုံးမှုဘက်တွင်လည်း လျော့ နည်းသွားဖွယ်ရာ ရှိသည်။ စတော့စျေး အကျကြောင့် ထိခိုက်သော နိုင်ငံများ၌ စီးပွားရေး လုပ်ခင်းကိုင်ခင်းများ ကျဆင်းရန် အလားအလာရှိသည်ဟု စီးပွားရေး ပညာရှင် များက သုံးသပ်ကြသည်။ စီးပွားရေး ကျဆင်းလာမှုသည် နိုင်ငံခြားနှင့် ကုန်သွယ်မှု အပိုင်းကို ပျက်ပြားစေသော အကျိုး သက်ရောက်မှု ရှိရာ စတော့ စျေးကွက်များ ကမောက်ကမ ဖြစ်သော ဂယက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများကို ပါ ရိုက်ခတ်လာနိုင်သည်။

ကမ္ဘာ့ဌေကြေးအတွက် ပူးပေါင်းဆောင်ရွက်မှုနှင့် တင်ပြချက်များ

စက်မှုနိုင်ငံကြီး (၇) နိုင်ငံ၏ ခေါင်းဆောင်များ၏ ဆွေးနွေးပွဲများ – ၁၉၇၇ ခုနှစ်တွင် စက်မှုနိုင်ငံကြီး ခုနစ် နိုင်ငံရှိ ခေါင်းဆောင်များသည် နှစ်ကြိမ် တွေ့ဆုံဆွေးနွေး ခဲ့ကြသည်။ ဆွေးနွေးပွဲ၌ နိုင်ငံခြား ဌေပေးဌေယူစာရင်း တွင် လိုဌေပေါ် ပေါက်နေခြင်းကို ကောင်းမွန်လာအောင် ကြပ်မတ်ဆောင်ရွက်ကြရေးနှင့် ကူညီကြရေး၊ နိုင်ငံခြား ကုန်သွယ်မှုတွင် ချုပ်ချယ် ကန့်သတ်မှုများ မရှိစေရန်

ထိန်းသိမ်းရေးနှင့် ငွေလဲလှယ်နှုန်းများ တည်ငြိမ်စေရန် ပူးပေါင်း ဆောင်ရွက်ကြရေးတို့ကို မူအားဖြင့် သဘော တူညီထားကြသည်။ ယင်း သဘောတူညီချက်နှင့် အညီ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ငွေလုံးငွေရင်းများ ရွှေ့ပြောင်းခြင်း ကို ကာကွယ်သည့် နည်းလမ်းတစ်ရပ်ဖြစ်သော အတိုးနှုန်း ကို လျှော့ချနိုင်ခဲ့ကြသည်။ (စက်မှု ထိပ်သီး ခုနစ်နိုင်ငံ ဆွေးနွေးပွဲ—ရှု။)

လူ(ဖ) သဘောတူညီချက် (Louvre Accord) – ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ လူ (ဖ) အဆောက်အဦ၌ ကျင်းပသော စက်မှုနိုင်ငံကြီး ခြောက် နိုင်ငံရှိ ဘဏ္ဍာရေး ဝန်ကြီးများ ၊အစည်းအဝေးတွင်လည်း ငွေလဲလှယ်နှုန်း ကိစ္စတွင် ယင်းနိုင်ငံကြီး ခြောက်နိုင်ငံ၏ ငွေကြေးနှင့် စပ်လျဉ်း၍ အထက်စည်း အတိုင်းအတာနှင့် အောက်စည်း အတိုင်းအတာ တစ်နည်းအားဖြင့် အထက် အောက် စည်းခွင်အတွင်း သတ်မှတ်လဲလှယ်ရန် သဘော တူညီခဲ့ကြသည်။ ယင်းသဘောတူညီချက်သည် ဥရောပ ဘုံစျေး၏ ငွေကြေးစနစ်အရ ငွေလဲလှယ်နှုန်း သတ်မှတ် ဆောင်ရွက်နေခြင်းကို ထောက်ခံလိုက်ခြင်း သဘောပင် ဖြစ်သည်။


ဘေကာစီမံချက် (Baker's Plan) – ၁၉၈၇ ခုနှစ် စက်တင် ဘာလတွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့၏ နှစ်ပတ်လည် အစည်းအဝေး မတိုင်မီ အမေ ရိကန် ဘဏ္ဍာရေးဝန်ကြီး ဘေကာက အမေရိကန်အစိုးရ သည် ငွေကြေး လဲလှယ်နှုန်းကို ကြပ်မတ် ထိန်းချုပ်ရန် အတွက် ရွှေ့ပြောင်းကို အခြေခံရေးပင် စဉ်းစား ဆွေးနွေးနိုင် ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ ယင်းကဲ့သို့ ထုတ်ဖော် ပြောကြားချက်တွင် ပါဝင်သော အချက် အလက်များမှာ ရွှေ့စံချိန်ကို ပြန်လည် အသက်သွင်းရန် မဟုတ်ကြောင်းနှင့် ကမ္ဘာ့ငွေကြေးဖောင်းပွမှုကို သုံးသပ် ခန့်မှန်းနိုင်ရေးအတွက် အားကိုးရသော ညွှန်ပြချက်၊ နှိုင်း ယှဉ်ချက်၊ ဆန္ဒနှုန်းတွက်ချက် ရရှိရန်အတွက်ဖြစ်ကြောင်း၊ လက်ရှိ အသုံးပြုနေသော နှိုင်းယှဉ်ချက်တွင် နိုင်ငံခြား ကုန်သယ်မှု စာရင်းအင်းများ၊ စီးပွားရေး တိုးတက်နှုန်း များ၊ အတိုးနှုန်းများ၊ ငွေလဲလှယ်နှုန်းများ ပါဝင်သော် လည်း အားကိုးရသော ညွှန်ပြချက်များ မပါဝင်သေး ကြောင်းနှင့် ညွှန်ပြချက်တွင် ရွှေ့ အပါအဝင် ကုန်ပစ္စည်း များ စုစည်းအခြေခံသော တွက်ချက်မှုများ (Indicators incorporating basket of commodities) ကို အဆို ပြုခြင်းဖြစ်သည်။ စုစည်းထားသော တွက်ချက်မှုပါ ရွှေ့နှင့် ကုန်ပစ္စည်းများ စျေးတက်လာလျှင် ဗဟိုဘဏ်များသည် ငွေကြေးပမာဏကို ထိန်းကျောင်းစေလာခြင်း သို့မဟုတ် အတိုးနှုန်းများ တိုးမြှင့်စေခြင်းဖြင့် ငွေကြေးဖောင်းပွမှုကို ထိန်းနိုင်မည်ဖြစ်ကြောင်းနှင့် ငွေကြေးဖောင်းပွမှု ထိန်းနိုင် လျှင် အစိုးရများက ငွေလဲလှယ်နှုန်း မတည်ငြိမ်ဖြစ်မှုကို ထိန်းနိုင်မည် ဖြစ်ကြောင်းဖြင့် ဘေကာက ရှင်းလင်းပြော ကြားထားသည်။ ဘေကာစီမံချက်၌ အခက်ခဲဆုံး အစီ အစဉ်မှာ မည်သည့်ကုန်ပစ္စည်းမျိုးကို ရွေးချယ်၍ စုစည်း တွက်ချက်မှုတွင် ထည့်မည်ဟူသော အချက်ဖြစ်ရာ ယင်း အချက်သည် ပြဿနာတစ်ရပ်အဖြစ် ဆက်လက် တည်ရှိ နေဦးမည် ဖြစ်သည်။


ကျိအေဘီကို ပြန်လည်အကောင်အထည်ဖော်ရေး – ကမ္ဘာ့ ငွေကြေး စျေးကွက်များ၌ ငွေကြေး စျေးနှုန်းများကို ကျားကန်ပေးရန် လိုအပ်လာသည်ရှိသော် ဒေါ်လာသန်း ၂၃,၀၀၀ ချေးငှားရယူနိုင်ရေးအတွက် ချေးငှားရေးဆိုင်ရာ အထွေထွေသဘောတူစာချုပ် (General Arrangements to Borrow) (ကျိအေဘီ) ကို ငါးနှစ်ကြာ ပြန်လည် အကောင်အထည်ဖော်ရန် အနောက်အုပ်စု စက်မှုနိုင်ငံ ၁၁ နိုင်ငံက သဘောတူထားပြီ ဖြစ်ကြောင်းဖြင့် ၁၉၈၇ ခုနှစ်နိုဝင်ဘာလ ၂၃ ရက်နေ့ကအိုင်အမ်အက်ဖ်ကကြေညာ သည်။ ကျိအေဘီကို ၁၉၆၂ ခုနှစ်က ချုပ်ဆိုခဲ့သည်။ အမေ ရိကန် သမ္မတဟောင်း ကာတာအစိုးရက ၁၉၇၉ ခုနှစ်တွင် ဒေါ်လာငွေတန်ဖိုးကိုကာကွယ်ရန် ကျိအေဘီကို နောက်ဆုံး အသုံးချခဲ့သည်။ ကျိအေဘီ စာချုပ်အရ ၁၉၈၃ ခုနှစ်က မျက်မှောက်ကာလ အက်စ်ဒီအာတန်ဖိုး သန်း ၁၇,၀၀၀ ၏ သုံးဆနီးပါးမျှ ချေးငှားယူခဲ့ရာ ယင်း ငွေပမာဏသည် လတ်တလော ငွေကြေးဖလှယ်နှုန်းတို့ဖြင့် တွက်ချက်လျှင် ဒေါ်လာသန်း ၂၃,၀၀၀ ခန့်နှင့် ညီမျှသည်။


ဖြစ်ရပ်များအပေါ် ခြုံငုံသုံးသပ်ချက်

၁၉၈၇ ခုနှစ်တွင် ပေါ်ပေါက်နေသော နိုင်ငံကြီးများ၌ နိုင်ငံခြား ငွေပေးငွေယူစာရင်းတွင် လိုငွေနှင့် ပတ်သက် သော ပြဿနာ၊ နိုင်ငံခြားကုန်သွယ်မှုတွင် ယှဉ်ပြိုင်အား ကြီးမားနေသောအခြေအနေ၊ အမေရိကန်ဒေါ်လာတန်ဖိုး မတည်ငြိမ်ဘဲ ကျဆင်းလျက်ရှိသော အခြင်းအရာနှင့် စတော့ စျေးကွက်များတွင် ရှယ်ယာ စတော့စျေးများ မတည်ငြိမ်မှု ဆက်လက်ဖြစ်နေပြီး စျေးကျဆင်းနေသော ဖြစ်ရပ်တို့သည် ကမ္ဘာ့ ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်း ကိုင်ငန်းကို အထိုက်အလျောက် ပျက်ပြားလျက် ရှိ၍ လုပ်ငန်းကိုင်ငန်း ပြန်စရန်ပင် မရေမရာ ဖြစ်နေသည်။ နိုင်ငံကြီးများ၏ အစိုးရများသည်လည်း မိမိတို့ ကျင့်သုံး သွားရမည့် မူဝါဒကို ပြန်လည်စဉ်းစားဆဲ အခြေအနေမျိုး ပင် ဖြစ်နေလေသည်။

ဝဏ္ဏကျော်ထင် ဦးချစ်မောင်


mita
557




TDK
45


USA
mita



ကမ္ဘာ့ပြေးခုန်ပစ်စံချိန်သစ်များ

ယခုခေတ်တွင် ကမ္ဘာ့ အားကစားစံချိန်မျှားသည် တစ်နေ့တခြား တိုးတက်မြင့်မားလာသည်ကို တွေ့ရှိရသည်။ ၁၉၀၇ ခုနှစ်အတွင်း ကမ္ဘာ့အားကစားလောကတွင် စံချိန်မျှား တိုးတက်ပြောင်းလဲခဲ့ပုံမျှားကိုလေ့လာသုံးသပ်ကြည့်ရာတွင် ပြေးခုန်ပစ် အားကစားနည်းတွင် စံချိန်မျှား အမျှားဆုံး တိုးတက်ပြောင်းလဲခဲ့ပုံကို တွေ့ရှိရသည်။ ၁၉၀၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ အီတလီနိုင်ငံ ရောမမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ တစ်ခုတည်းမှာပင် အောက်ပါအတိုင်း စံချိန်သစ်မျိုးစုံကို တင်နိုင်ခဲ့ကြပုံကို တွေ့ရှိရသည်–


– ကမ္ဘာ့စံချိန်သစ်	၂ ခု
– ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲ စံချိန်သစ်	၉၁ ခု
– ဒေသန္တရတိုက်ကြီးများ စံချိန်သစ်	၁၇ ခု
– နိုင်ငံအလိုက် အမျိုးသားစံချိန်သစ်	၇၅ ခု

၁၉၀၇ ခုနှစ် ဒုတိယအကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အခြားဘက်မှ တိုးတက်ခဲ့သော စံချိန်မျှားလည်း ရှိခဲ့သည်။ ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၇၉ နိုင်ငံအနက်မှ ပါဝင် ယှဉ်ပြိုင်ခဲ့ကြသော နိုင်ငံမျှား၊ ပွဲကြည့်ပရိသတ်ဦးရေနှင့် သတင်းနှင့် စာနယ်ဇင်းလောကမှ တက်ရောက်လာခဲ့ကြသော စာရင်းမျှား စံချိန်တိုးတက်မှုမျှားကို အောက်ပါအတိုင်း တွေ့ရှိရသည် –

– ယှဉ်ပြိုင်သောနိုင်ငံများ	၁၆၅
– ယှဉ်ပြိုင်သူဦးရေ	၁,၇၄၁
– ရှစ်ရက်တာ ပွဲကြည့်ပရိသတ်ဦးရေ	၅,၁၀,၀၀၀

မီတာ ၁၀၀ ပြေးပွဲ၌ ၉ ဒသမ ၀၃ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်သစ်တင်လိုက်သော ဘင် ဂျွန်ဆင် ပန်းဝင်လာပုံ





ကား လူးဝစ်သည် အလျားခုန်ချန်ပီယံသရဖူကို ဆက်လက် ထိန်းသိမ်းထားဆဲ ဖြစ်သည်။

ကမ္ဘာ့နိုင်ငံပေါင်း ဂဝ ကျော်ရှိ သတင်းနှင့် စာနယ်ဇင်းလောကမှ လာရောက်ခဲ့ကြသော ပုဂ္ဂိုလ် ၃၀၀၀ ကျော်အနက် အားကစားကလောင်ရှင် ၁,၂၀၀၊ ရုပ်မြင်သံကြားနှင့် ရေဒီယို အားကစားသတင်း အစီရင်ခံသူ ၂၃၀၊ အားကစားဓာတ်ပုံဆရာ ၃၆၀၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား ပညာရှင် ၁,၃၀၀၊ အခြားလေ့လာသူ ၁၂၀ ပါဝင်ပြီး ကမ္ဘာ့ ရုပ်မြင်သံကြားကုမ္ပဏီ ၁၄၀ မှ ရုပ်မြင်သံကြား အစီအစဉ်များက နာရီပေါင်း ၁၀၀၀ ထုတ်လွှင့်ပေးခဲ့သည်။

နောက်ကြောင်းသမိုင်း

ကမ္ဘာ့အားကစားလောက တစ်ခုလုံးကို ဦးဆောင်အုပ်ချုပ်သည့် ကမ္ဘာ့ အားကစားဥသျှောင် အဖွဲ့ချုပ်ကြီးမှာ အပြည်ပြည်ဆိုင်ရာ အိုလင်းပစ် ကော်မတီ (International Olympic Committee) ဖြစ်သည်။ အတိုချုပ်အားဖြင့် အိုင် အို စီ (I . O . C) ဟု ခေါ်ဆိုကြသည်။ အိုင်အိုစီ၏အောက်တွင် အင် အို စီခေါ် နိုင်ငံအလိုက် အမျိုးသား အိုလင်းပစ် ကော်မတီများ (National Olympic Committees) များနှင့် အိုင်အက်ဖ်ခေါ် အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များ (International Federations) များရှိသည်။

အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့ချုပ် များတွင် (I . A . A . F) ခေါ် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ် (International Amateur Athletic Federation) သည်အဖွဲ့ဝင်နိုင်ငံပေါင်း အများဆုံးပါဝင်သည့် အဖွဲ့ချုပ်ဖြစ်သည်။ အပြည့်အစုံအဝေါ် အားဖြင့် အပြည်ပြည်ဆိုင်ရာဆိုသောစကားလုံးကို အသုံးပြုရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ဆိုသော စကားလုံးအစား ကမ္ဘာ့ ဟူသော စကားလုံးက ပို၍ နားစွဲနေခဲ့ပြီ ဖြစ်သည်။

ထို ကမ္ဘာ့ အားကစားအဖွဲ့ချုပ်များတွင် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်သည် ထိပ်ဆုံးနေရာကိုယူထားနိုင်သော အဖွဲ့ချုပ်ဖြစ်သည်။ ကမ္ဘာ့ပြေးခုန်ပစ် အဖွဲ့ချုပ်သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထက် အဖွဲ့ဝင်နိုင်ငံဦးရေ များပြားစေကာမူ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကဲ့သို့သော ပြိုင်ပွဲမျိုး ကျင်းပပေးခြင်း မပြုလုပ်နိုင်ခဲ့သည့်အဖြစ်ကို ၁၉၁၁ ခုနှစ်တွင် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌသစ်ဖြစ်လာသူ အီတလီလူမျိုး ဒေါက်တာပရီမို နီဘီယိုလိုသည် ကောင်းစွာသတိပြုခဲ့မိသည်။

သို့ဖြစ်၍လည်း ၁၉၁၂ ခုနှစ်တွင် စပိန်နိုင်ငံ ဘီစီလိုနာမြို့တွင် ကျင်းပသော ကမ္ဘာ့ဘောလုံး ဗိုလ်လုပွဲနှင့် ၁၉၁၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်းဂျလီးမြို့တွင် ကျင်းပမည့် ကမ္ဘာ့အိုလင်းပစ်ပြိုင်ပွဲနှစ်ခုအကြား ၁၉၁၃ ခုနှစ်သည် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ ဖြစ်ရမည် ဟူသော ကြွေးကြော်သံဖြင့် ကမ္ဘာ့ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ပရီမိုနီဘီယိုလိုက ပြတ်ပြတ်သားသား ကြေညာခဲ့သည်။


သို့နှင့် ၁၉၁၃ ခုနှစ်တွင် ပထမအကြိမ် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို ဖင်းလန်နိုင်ငံ၊ဟယ်လ်ဆင်းကီးမြို့တွင် ကျင်းပဖြစ်ခဲ့သည်။ ပထမအကြိမ် ကမ္ဘာ့တံခွန်စိုက် ပြေး ခုန် ပစ် ပြိုင် ပွဲ တွင် အ မျိုး သား များ အ တွက် ပြိုင်ပွဲပေါင်း ၂၄ မျိုးနှင့် အမျိုးသမီးများအတွက် ပြိုင်ပွဲပေါင်း ၁၇ မျိုး ပါဝင်ခဲ့သည်။ ထိုပြိုင်ပွဲကြီးသည် ပထမဆုံးအကြိမ် ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲ ဖြစ်ခဲ့သည့်ပြင် ၁၉၁၄ ခုနှစ် ကမ္ဘာ့အိုလင်းပစ်ပြိုင်ပွဲ မတိုင်မီ တစ်နှစ်အလို အကြိုကာလတွင် ကမ္ဘာ့အကောင်းဆုံးပြေးခုန်ပစ်သမားများ၏ အစွမ်းကို ဖော်ထုတ်ပေးခဲ့သော ပြိုင်ပွဲ ဖြစ်ခဲ့ခြင်းကြောင့် အဖက်ဖက်က အရေးပါခဲ့သည်။

အမျိုးသား အားကစားသမားများအနက် အမေရိကန် လူမည်း အပြေး သမား ကားလူးဝစ်သည် မီတာ ၁၀၀၊ အလျားခုန်နှင့် မီတာ ၁၀၀ လက်ဆင့်ကမ်းပြေးပွဲများတွင် အနိုင်ရရှိခဲ့ပြီး တစ်ဦးတည်းသော ရွှေတံဆိပ်သုံး ခုရှင် ဖြစ်ခဲ့သည်။ လက်ဆင့်ကမ်းပြေးပွဲတွင် အမေရိကန် အဖွဲ့သည် ကမ္ဘာ့စံချိန်သစ် ၃၇ ဒသမ ၈၆ စက္ကန့် ကိုတင်နိုင်ခဲ့ကြသည်။ အမျိုးသမီးပြိုင်ပွဲများတွင် အမေရိကန် တာဝေးအပြေးမယ် မေရီဒက်ကာ သည် မီတာ ၁,၅၀၀ နှင့် မီတာ ၃၀၀၀ ပြေးပွဲနှစ်မျိုးတွင် ရွှေတံဆိပ်များဆွတ်ခူးနိုင်ခဲ့သဖြင့် ပထမအကြိမ် ကမ္ဘာ့ပြေးခုန်ပစ်ပြိုင်ပွဲ၏ အားကစားဘုရင်မဖြစ်ခဲ့သည်။

ဒုတိယအကြိမ်ပြိုင်ပွဲ

ဒုတိယကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို ၁၉၀၇ ခုနှစ် သြဂုတ်လ ၂၉ ရက်နေ့မှ စက်တင်ဘာလ ၆ ရက်နေ့အထိ ရောမမြို့တွင် ကျင်းပခဲ့သည်။ ယခုတစ်ကြိမ်ပြိုင်ပွဲ၏ ထူးခြားချက်မှာ အပြည်ပြည်ဆိုင်ရာ ပြေး ခုန် ပစ်အဖွဲ့ချုပ်၏ ၇၅ နှစ်မြောက် စိန်ရတုသဘင် နှစ်ထူးနှင့် တိုက်ဆိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် လက်ရှိကမ္ဘာ့အကောင်းဆုံး ပြေးခုန်ပစ် ချန်ပီယံများ အချင်းချင်း ထိပ် တိုက် ပြိုင် ပွဲများမှာလည်း အသည်းတယားယားနှင့် အကြိတ်အနယ် ရှိပြန်သည်။

၁၉၀၇ ခုနှစ် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ပြေးခုန်ပစ်သမိုင်းတစ်ခုလုံးအတွက် ရာဇဝင်တွင်ကျန်ရစ်သည့် ပထမဆုံးပွဲကြီးပွဲကောင်းမှာ အမျိုးသား မီတာ ၁၀၀ ပြေးပွဲပင်ဖြစ်သည်။ လက်ရှိအိုလင်းပစ်နှင့် ကမ္ဘာ့ချန်ပီယံကားလူးဝစ်နှင့် ထိပ်တိုက်ပြိုင်ဘက်တစ်ဦးကလည်း ထွက်ပေါ်လာခဲ့ရာ ၎င်းမှာ ဂျမေးကား နိုင်ငံဖွားဖြစ်ပြီး ကနေဒါနိုင်ငံသားဖြစ်လာခဲ့သူ လူမည်းအပြေးသမား ဘင်ဂျွန်ဆင် ဖြစ်သည်။ သူတို့နှစ်ဦး ၁၉၀၆ ခုနှစ်နှင့် ၁၉၀၇ ခုနှစ်အတွင်း ထိပ်တိုက်တွေ့ဆုံခဲ့ကြသည့် ပွဲများတွင် ဂျွန်ဆင်က အနိုင်များခဲ့သည်။ သို့သော် ကားလူးဝစ်က ဝန်မခံခဲ့။ ထို့ကြောင့် ၁၉၀၇ ခုနှစ် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပွဲသည် သူတို့နှစ်ဦးအနက် မည်သူက "ကမ္ဘာ့အမြန်ဆုံးလူသား" ဖြစ်မည်နည်းဆိုသည်ကို အဖြေထုတ်ပေးမည့်ပွဲလည်းဖြစ်ခဲ့သည်။ နောက်ဆုံးတွင်ကား ငယ်ရွယ်သူ ဂျွန်ဆင်သည် လူးဝစ်ကို အနိုင်ရခဲ့ရုံသာမက မည်သူမျှ မမျှော်လင့်ခဲ့သည့် မီတာ ၁၀၀ ကမ္ဘာ့စံချိန်သစ် ၉ ဒသမ ၇၃ စက္ကန့်ဖြင့် အနိုင်ယူခဲ့သည်။ ကားလူးဝစ် ကိုယ်တိုင်ကလည်း အစွမ်းကုန်ပြေးခဲ့ရာ ဒုတိယပင် ဖြစ်ခဲ့ငြားသော် လက်ရှိ ကမ္ဘာ့စံချိန်ရှင် အက်ဒဝင် မိုးဇက် (ယာစ္စန်) သည် မီတာ ၄၀၀ တန်းကျော်ပြေးပွဲတွင် ပြိုင်ဘက်နှစ်ဦးကို တစ်စက္ကန့်၏ ၁၀၀ ပုံ၊ နှစ်ပုံအသာဖြင့် ဖြတ်၍ပန်းဝင်ခဲ့သည်။





အမျိုးသမီးအမြင့်ခုန် ကမ္ဘာ့စံချိန်သစ် ၂ ဒသမ ဝ၉ မီတာကို တင်နေသော ဗူလဂေးရီးယားမှ ကိုစတာဒီနိုဗာ

လည်း ယခင်ကမ္ဘာ့စံချိန်ဟောင်း ၉ ဒသမ ၉၃ စက္ကန့်နှင့် အညီ ပြေးနိုင်ခဲ့ပေသည်။

ကားလူးဝစ်သည် အမျိုးသားအလျားခုန်ပွဲတွင်လည်း ဆိုဗီယက်မှ နွေချင်းညချင်းတက်လာသည့် ဥရောပချန်ပီယံ ရောဘတ် အင်မီယန်၏ စိန်ခေါ်မှုကို ရင်ဆိုင်ခဲ့ရပြန်သည်။ သို့သော်လူးဝစ်က ဂ ဒသမ ၆၇ မီတာ(၂၀ ပေ ၅ ၄/၈ လက်မ)ခုန်ပြီး ငါးနှစ်အတွင်းသူ၏ အရှုံးမရှိစံချိန်နှင့် ကမ္ဘာ့စံချိန် ချန်ပီယံအမည်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ သို့သော် ၁၉၆၈ ခုနှစ် မက္ကဆီကို ကမ္ဘာ့အိုလင်းပစ်ပြိုင်ပွဲတွင် အမေရိကန် လူမည်းအလျားခုန်သမား ဘော့ဘီမွန် တင်ထားခဲ့သည့် ၁၉ နှစ်ကြာ ကမ္ဘာ့အလျားခုန်စံချိန် ဂ ဒသမ ၉၀ မီတာကိုချိုးရန် ကားလူးဝစ်ကြိုးပမ်းချက်မှာမူ မအောင်မြင်ခဲ့ပေ။ ကားလူးဝစ်ကို အကြိတ်အနယ်ဒုက္ခပေးလိမ့်မည်ဟု အများက မျှော်လင့်ထားခဲ့သည့် ဥရောပချန်ပီယံ ဆိုဗီယက်လူငယ်အလျားခုန်သမား ရောဘတ် အင်မီယန်မှာ ခြောက်ကြိမ် ခုန်ရသည့်အနက် လေးကြိမ်မှာ အပြစ်ဖြစ်ခဲ့သဖြင့် နှစ်ကြိမ်သာ အောင်ခဲ့သည့်အနက်မှ ဂ ဒသမ ၅၃ မီတာဖြင့် ဒုတိယသာရခဲ့လေသည်။ ကားလူးဝစ်က ခြောက်ကြိမ်ခုန်ရသည့်အနက် ငါးကြိမ်ကို ပျမ်းမျှ ဂ ဒသမ ၆၀ မီတာ ခုန်နိုင်ခဲ့ခြင်းနှင့် မီတာ ၁၀၀ × ၄ လက်ဆင့်ကမ်းပြေးပွဲတွင် အနိုင်ရခဲ့သော အမေရိကန် အသင်းတွင် ပါဝင်ခဲ့ရာ ကားလူးဝစ်သည် ၁၉၇၃ ခုနှစ်ကရရှိခဲ့သော ရွှေတံဆိပ်သုံးခုထက် တစ်ခုသာ လျော့နည်းခဲ့၍ ၎င်း၏ပြေးခုန်မှုစွမ်းအားဂုဏ်ကိုမူ ဆက်လက်ထိန်းနိုင်ခဲ့ပေသည်။

မီတာ ၄၀၀ တန်းကျော် – ရောမကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသား မီတာ ၁၀၀ ပြေးပွဲပြီးလျှင် ဒုတိယရောက်ဖို့စရာအဖြစ်ခဲ့ဆုံးပွဲမှာ အမျိုးသားမီတာ ၄၀၀ တန်းကျော်ပြေးပွဲဖြစ်သည်။ အမေရိကန်မှ လက်ရှိကမ္ဘာ့စံချိန်ရှင် အက်ဒဝင်မိုးဇက်သည် ကမ္ဘာကျော်အားကစားသမားတစ်ဦး ဖြစ်သည်။ သူသည်လွန်ခဲ့သော ၁၀ နှစ်အတွင်း ကမ္ဘာ့မီတာ ၄၀၀ တန်းကျော် ပြေးပြိုင်ပွဲတွင် ပွဲပေါင်း (၁၂၂)ပွဲ အရှုံးမရှိ ဆက်တိုက် အောင်ပွဲခံနိုင်ခဲ့သူဖြစ်၏။ အက်ဒဝင်မိုးဇက်သည် လွန်ခဲ့သော ၁၀ နှစ်အတွင်း သုံးကြိမ်သာရှုံးခဲ့ဖူးသည်။ ၁၉၇၇ ခုနှစ်ကတစ်ကြိမ်၊ ကမ္ဘာ့တံခွန်စိုက် ပြိုင်ပွဲမတိုင်မီ ကနှစ်ကြိမ် ရှုံးခဲ့ခြင်း ဖြစ်သည်။



မိုးဇက်သည် သူကိုအနိုင်ယူခဲ့သော အနောက်ဂျာမန်တန်းကျော်ပြေးသမား ဟာရာလ်ရှမစ်နှင့် အမေရိကန်တန်းကျော်ပြေးသမား ဒင်နီဟဲရစ်တို့နှင့်ပင် ရောမတွင်ပြန်ဆုံခဲ့ပေပြီ။ထိုသူနှစ်ဦးစလုံးမှာလည်း အသက် ၃၂ နှစ် အရွယ်ရှိမိုးဇက်ထက် အသက်ငယ်ကြပြီး အကောင်းဆုံးအချိန်တွင် ရှိနေကြသည်။

အကောင်းဆုံး သုံးဦး၏ ထိပ်တိုက်တန်းကျော်ပွဲမှာ အသည်းယားစရာ ကောင်းလှသည်။ နေရာယူထားကြပုံမှာလည်း အပြေးလမ်းကြောင်း ၃၊ ၄၊ ၅ တွင် ကပ်နေကြသည်။ နောက်ဆုံးပန်းဝင်ရန် မိတာ ၎၀ အလိုတွင် သူတို့ သုံးဦးစလုံးသည် ပေးချင်းယှဉ်၍ ရင်ဘောင်တန်းနေခဲ့ကြသည်။ နောက်ဆုံးတန်းခုန်အပြီး အပြေး ပန်းဝင်ရာတွင် မိုးဇက်က စံချိန်အားဖြင့် တစ်စက္ကန့်၏ ၁၀၀ ပုံနှစ်ပုံအသာဖြင့် လက်မပိုင်းလောက်သာ ကပ်ပြီး ဗိုလ်စံခဲ့ခြင်း ဖြစ်သည်။ မိုးဇက်က ၎၇ ဒသမ ၎၆ စက္ကန့်ဖြင့် ပထမ၊ ဟဲရစ်နှင့် ရှမစ်တို့က ၎၇ ဒသမ ၎၈ စက္ကန့်ဖြင့် ပူးတွဲဒုတိယ ရရှိခဲ့ကြတော့သည်။

အမျိုးသမီးအမြင့်ခုန် – အမျိုးသမီးပြိုင်ပွဲများတွင် တစ်ခုတည်းသော ကမ္ဘာ့စံချိန်တင်နိုင်ခဲ့သည့်ပွဲမှာ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲဖြစ်သည်။ ဗူလဂေးရီးယားမှ အမြင့်ခုန်မယ် စတက်ဖ်ကာ ကိုစတာဒီနိုဗ်ကာ ၂ ဒသမ ဝ၉ မီတာ (၆ ပေ ၁၀၃/၄ လက်မ) ခုန်ပြီး ဗိုလ်စွဲရကာ ၁၉၇၃ ခုနှစ် ကမ္ဘာ့ချန်ပီယံ ဆိုဗီယက်မှ တာမရာ ဘိုင်ကိုဗာမှာ ၂ ဒသမ ဝ၎ မီတာသာ လွတ်ခဲ့၍ ဒုတိယဖြစ်သွားခဲ့သည်။ ကိုစတာဒီနိုဗ်၏ အမြင့်ခုန်ကမ္ဘာ့စံချိန်သစ် ၂ ဒသမ ဝ၉ မီတာအမြင့်ကို ၁၉၇၇ ခုနှစ်တွင် စတော့ဟုမ်းမြို့၌ မယ်လ်ဝေါကား အမည်ရှိ အမျိုးသား ခုန်ခဲ့သည့် ကမ္ဘာ့စံချိန်အမြင့်နှင့် တူခဲ့ရာ လက်ရှိအကောင်းဆုံး အမျိုးသမီးအမြင့်ခုန်သမားပင်လျှင် ကမ္ဘာ့ အမျိုးသားအမြင့်ခုန်သမားများထက် နှစ် ၅၀ ကွာခြားသေးသည်ဟု နှိုင်းယှဉ်ဝေဖန်ခဲ့ကြသည်။

အမျိုးသားအမြင့်ခုန်ပြိုင်ပွဲသည်လည်း လွန်စွာ ကြည့်ကောင်းလှသည်။ ဆို့ဒင်မှ လက်ရှိ ကမ္ဘာ့စံချိန် ၂ ဒသမ ၎၂ မီတာ (၇ ပေ ၁၁/၂ လက်မ) ခုန်ထားသူ ပက်ထရစ် ဇိုဘက်၊ ဆိုဗီယက်မှ ကမ္ဘာ့ စံချိန်ရှင်ဟောင်းနှင့် လက်ရှိ ဥရောပချန်ပီယံ အီဂေါပတ်ကလင်နှင့် ၁၉၇၃ ခုနှစ် ကမ္ဘာ့ချန်ပီယံ ဂနာဒီ အက်ဗဒေယင်ကိုတို့ သုံးဦး အကြိတ်အနယ်ပြိုင်ခဲ့ကြပြီး သုံးဦးစလုံး ၂ ဒသမ ၃၀ မီတာ (၇ ပေ ၉၃/၄ လက်မ) အမြင့်ကို ကျော်လွှားနိုင်ခဲ့

အမျိုးသား ကြိုးတပ် သံတူပစ်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သော ဆာဂျီ လစ်မီနော့၏ ပစ်ဟန်




အိုင်အာ—၅ စပါးမျိုးကို ခေတ်ရောင်ခြည်ပေး၍ မျိုးထွန်းစေခဲ့သော ရွှေဝါထွန်းစပါး (ယင်းစပါးမျိုး မွေးမြူရွေးချယ်သူအား နိုင်ငံတော်က လယ်ယာစီးပွားထူးချွန်ဆု တတိယဆင့် ချီးမြှင့်ခဲ့သည်။)

ဌာနနှင့်လည်း ဆက်သွယ်၍ သုတေသန လုပ်ငန်းများကို ဆောင်ရွက်လျက် ရှိသည်။

မျိုးကောင်းမျိုးသန့်သုတေသနလုပ်ငန်းများ

ကောက်နှံအထွက်တိုး သုတေသနလုပ်ငန်းတွင် ဆက်နွယ်ဆောင်ရွက်ရသည့်လုပ်ငန်းအစီအစဉ် များစွာရှိသည်။ အရေးအပါဆုံးလုပ်ငန်းသည် အထွက်ကောင်းမျိုး ရရှိရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၇၀ ပြည့်နှစ်အတွင်းတွင် စိုက်ပျိုးနေကျ ကောက်နှံမျိုးများထက် ပိုမို၍ အဲ့သြဖွယ်ရာထွက်ရှိသည့် ဂျုံမျိုးများ၊ စပါးမျိုးများ ထွက်ပေါ်လာပြီးနောက် ကောက်နှံ အထွက်နှုန်းများသည် နှစ်စဉ် သိသိသာသာ တိုးတက် ထွက်ရှိလာခဲ့သည်။ ဤကဲ့သို့ အံ့ဖွယ်အထွက်နှုန်း ကောင်းသည့် ကောက်နှံမျိုးများမပေါ်ထွန်းမီ နှစ်များစွာကပင် အမေရိကန်ပြည်ထောင်စု၌ သားဆက် (၁) ပြောင်းဖူးစပ်မျိုး (**Hybrid Corn**)များအသုံးပြု၍ ပြောင်းဖူးအထွက်နှုန်း သိသာစွာ တိုးတက်ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည်။ ယနေ့တိုင် အမေရိကန်ပြည်ထောင်စု၏ ပြောင်းဖူးအထွက်နှုန်းကို မီအောင် စိုက်ပျိုးနိုင်သည့်နိုင်ငံ မရှိသေးပေ။

မြေညှိတွင်ပင် မြေဩဇာမထည့်ဘဲစိုက်သည့်တိုင် တင်း ၇၀—၉၀ ထွက်နိုင်သော အိုင်အာ ၄၂ မှော်ဘီ ၁ စပါးမျိုး





စပါးအမြီးစိုက်ပျိုးထားသော ခေတ်သစ်ဂျုံတစ်မျိုး

ဤသားဆက်(၁) ပြောင်းဖူးစပ်မျိုးကို စိုက်ပျိုးက အထွက်တိုးရရှိကြောင်း သိကြသော်လည်း မျိုးကို တစ်နှစ်သာ အသုံးပြုရသည်။ ဒုတိယနှစ် ဆက်လက် စိုက်ပျိုးလျှင် မျိုးကွဲများစွာ ပေါ်ထွန်းလာသည်။ ထို့ကြောင့် သားဆက်(၁)စပ်မျိုးကို အသုံးပြုလျှင် နှစ်စဉ် မျိုးကူးစပ် ထုတ်လုပ်ရခြင်းကြောင့် မျိုးစရိတ် ကြီးမြင့်သည်။ အပြည်ပြည်ဆိုင်ရာ သုတေသနဌာနသည် ဖွံ့ဖြိုး ဆဲ နိုင်ငံများနှင့် သင့်လျော်သည့် သားဆက် (၁) ပြောင်းဖူးစပ်မျိုးနီးပါး အထွက်ကောင်းသည့် ပြောင်းဖူးမျိုး (Synthetic Variety)ကို အောင်မြင်စွာ သုတေသနပြု ထုတ်လုပ်ပေးလျက် ရှိသည်။ ဤမျိုးကို နှစ်စဉ် မျိုး သန့် အဖြစ် လွယ်ကူစွာ ထိန်းသိမ်း ပွားများ စိုက်ပျိုး သွားနိုင်သဖြင့် မျိုးစေ့ထုတ်လုပ်စရိတ် များစွာသက်သာသည်။

အထွက်နှုန်းကောင်းသည့်ကောက်နှံမျိုးသစ်များ စတင် ပေါ်ပေါက်သည့်အချိန်၌ ယင်းအထွက်ကောင်း မျိုးများသည် စားသုံးမှု အရည်အသွေး ကောင်းမွန်ခြင်း မရှိကြသေးပေ။ သို့ရာတွင် သုတေသနဌာနများ၏ ကြိုးစားမှုကြောင့် ယခုအခါတွင် အထွက်နှုန်းကောင်းမွန်သည့်အပြင် စားသုံးမှုအဆင့်အတန်းကောင်းခြင်း၊ ပိုးမွှားနှင့် ရောဂါခံနိုင်ခြင်း၊ ဒေသနှင့် ကိုက်ညီခြင်းရှိသော ကောက်နှံမျိုးများ ပေါ်ထွန်းလာပြီဖြစ်သည်။ ဆန်လုံးသွယ်၍ ကြည်လင်သော အထွက်ကောင်း စပါးမျိုးများကို ဖော်ထုတ်လာနိုင်ခဲ့သည်။ ဆည်ရေသောက် ဒေသများ၊ မိုးရေသောက် ဒေသများ၊ မိုးခေါင်ဒေသများ၊ ရေနက်ဒေသများ၊ အေးမြသော ရာသီဥတုရှိသည့် ဒေသများ၊ အငန်ခာတ်ရှိသည့် ဒေသများ၊ မြေဆီဩဇာညံ့ဖျင်းသောဒေသများတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သော အရည်အချင်းနှင့် ပြည့်စုံသည့် စပါးမျိုးများကိုလည်း ထုတ်လုပ်ပေးနိုင်ခဲ့သည်။ ဆောင်းစိုက်ဂျုံမျိုး၊ နွေဦးစိုက် ဂျုံမျိုး၊ ရေသွင်းစိုက် ဂျုံမျိုး၊ ရေငတ်ခံ ခံနိုင်သည့် ဂျုံမျိုးစသည်တို့ကို စိုက်ပျိုးမည့်ဒေသများနှင့် ကိုက်ညီစေရန် မွေးမြူ ရွေးချယ်ရရှိခဲ့ပြီး ဖြစ်သည်။

ပြောင်းဖူး မျိုးကောင်း မျိုးသန့်များကိုလည်း ပူသော ရာသီရှိသည့် ဒေသ၊ သမသောဒေသ၊ အပူသမပိုင်း ဒေသများ အသီးသီးနှင့် ကိုက်ညီစေရန်လည်းကောင်း၊ လူစားသုံးရန်၊ တိရစ္ဆာန်ကျွေးရန်၊ စက်မှုသုံးရန် အသီးသီး အတွက်လည်းကောင်း သင့်တော်သည့် မျိုး များ တို့ကို ရွေးချယ်တွေ့ရှိ စိုက်ပျိုးလျက် ရှိသည်။ အထူးသဖြင့် အာဟာရဓာတ်နှင့် ပတ်သက်၍ ပြောင်းဖူးစေ့ ပရိတိန်းတွင် ပါဝင်သည့် အေမီနိုအက်ဆစ်အမျိုးမျိုးအနက် လိုင်ဆင်း(Lysine)ခေါ် အေမိုနိုအက်ဆစ်ပါဝင်မှု နည်းလေ့ရှိရာ ယင်းဓာတ် သာမန်ထက် နှစ်ဆခန့် ပိုမို ပါဝင်ပြီး အာဟာရ ပိုမိုဖြစ်ထွန်းသည့် ပြောင်းဖူး မျိုးများကိုလည်း ယခုအခါ သုတေသနပြုလုပ်တွေ့ရှိခဲ့ပြီ ဖြစ်သဖြင့် မကြာမီ နှစ်များတွင် ကျယ်ပြန့်စွာ တိုးခဲ့ စိုက်ပျိုး လာနိုင်တော့မည် ဖြစ်သည်။ ဤလိုင်ဆင်းကို အများအားဖြင့် တိရစ္ဆာန် ပရိတိန်းမသာ ရရှိလေ့ရှိရာ ယခုအခါ ကောက်နှံများမှ ရရှိနိုင်သဖြင့် စရိတ်သက်သာလာပြီ ဖြစ်သည်။ အလားတူ နှံစားပြောင်းတွင်လည်း လိုင်ဆင်းဓာတ် ပိုမို ပါဝင်သည့် မျိုးသစ်များ တွေ့ရှိပြီး ဆက်လက်သုတေသနပြုဆဲဖြစ်သည်။ ကျန်ကောက်နှံများတွင်လည်း အထွက်နှုန်း ကောင်းသည့်အပြင် စားသုံးမှုအရည်အချင်းကောင်းသည့် မျိုးသစ်များကို သုတေသန ပြုလုပ်တွေ့ရှိပြီး ဖြစ်သည်။

အထွက် ကောင်းစေရန် အဘက် ကောက်နှံပင် များသည် အပင်ရပ်ပု၍ အသက်ရက်ငယ်ရန်လိုသည် ဆိုသည့် အချက်ကို လွန်ခဲ့သည့်နှစ်အနည်းငယ်အတွင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့ကြသည်။ ပင်ရပ်ပုသဖြင့် လယ်မြေ ယာမြေများတွင် ကောက်နှံပင်ကို စိပ်စိပ်စိုက်ပျိုးနိုင်သောကြောင့် ကောက်နှံထွက် ပိုမိုရရှိနိုင်သည်။ မြေဩဇာ

ကျော်၊ မီတာ ၅၀၀၀၊ ၁၀,၀၀၀ နှင့် မာရသွန်ပြေးပွဲအားလုံးတွင် ဗိုလ်စွဲခဲ့ကြသည်။ ကမ္ဘာ့အားကစားပြိုင်ပွဲများတွင် ယခင်က အာဖရိကမှ ကမ္ဘာကျော်တာဝေးအပြေးသမား ချန်ပီယံများထွက်ပေါ်လာခဲ့ဖူးသည်မှာ မှန်ပါ၏။ ဤတစ်ကြိမ်ကဲ့သို့ မီတာ ၄၀၀ အထက် ပြေးပွဲမှန်သမျှကို အာဖရိကမှအားကစားသမားအားလုံးက ပွဲတိုင်းအနိုင်ရခဲ့ပုံမှာကား နောင်တွင် ချိုးမှချိုးနိုင်ပါ့မလားဟု မေးစရာဖြစ်လာမည့် ကမ္ဘာ့စံချိန်တစ်ခု ဖြစ်မည်ဟု သာဆိုရပါချေမည်။ သူတို့ အနိုင်ရခဲ့ပုံများမှာလည်း လက်ရှိကမ္ဘာ့အကောင်းဆုံး အပြေးသမားများကို နိုင်ခဲ့ခြင်းဖြစ်ပေသည်။

အမျိုးသား မီတာ ၈၀၀ ပြေးပွဲတွင် ကင်ညာနိုင်ငံမှ ဘီလီကွန်ခဲ့လားသည် ဗြိတိန်မှ ပီတာအီးလီးယော့နှင့် ဗရာဇီးနိုင်ငံမှ ဟိုဆေးလူးဝစ်ဘာဘိုဆားတို့ကို ပြတ်ပြတ်သားသားနိုင်၍ ဗိုလ်စွဲခဲ့ပေသည်။

အမျိုးသား မီတာ ၁,၅၀၀ ပြေးပွဲတွင် ဗိုလ် စွဲ ခဲ့ သည့် ဆိုမာလီနိုင်ငံသား အက်ဗဒီဘီလီကို ၁၉၈၃ ခုနှစ် ချန်ပီယံဗြိတိန်နိုင်ငံသား စတိကရမ်းက ကြိုးစားပြိုင်ခဲ့သော်လည်း စတိကရမ်းသည် ဘီလီ၏ ပြေးအားကို အမှီမလိုက်နိုင်တော့ဘဲ နံပတ်ရှစ်နေရာသို့ ကျဆင်းခဲ့ရပေသည်။

အမျိုးသား မီတာ ၅၀၀၀ ပြေးပွဲမှာ မော်ရေ့ကိုသား တာဝေးအပြေးသမား ဆာအစ် အေအူးတား၏ တစ်ကိုယ်တော်အစွမ်းပြ ပြေးပွဲပမာဖြစ်ခဲ့သည်။ အေအူးတားသည် ဒုတိယရသူ ပေါ်တူဂီအပြေးသမား ဒိုမင်ဂို့စ် ကပ်စထရိထက် ၆၅ စက္ကန့်အသာဖြင့် သက်သက်သာသာဗိုလ်စွဲခဲ့ပေသည်။ အေအူးတားသည် ၁၉၈၃ ခုနှစ် ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲတွင် တတိယ ကြေးတံဆိပ် တစ်ခုသာ ရခဲ့သည်။ ၁၉၈၄ ခုနှစ်ကမ္ဘာ့အိုလင်းပစ်ချန်ပီယံဖြစ်ခဲ့ပြီး ယခုကမ္ဘာ့ချန်ပီယံသရဖူကိုထပ်ဆောင်းကာ အာဖရိက၏အကောင်းဆုံး တာဝေးအပြေးသမားအဖြစ် ကမ္ဘာ့ထိပ်တန်း အဆင့်အတန်းသို့တက်လာပြီဖြစ်ပေသည်။

အမျိုးသား မီတာ ၁၀,၀၀၀ ပြေးပွဲတွင် ကင်ညာနိုင်ငံသား ပေါလ် ကစ်ပ် ကို့ချ် သည် အီတလီအပြေးသမား ဖရန်ဆက်စကို ပါနက်တာကို အနိုင်ရရှိခဲ့သည်။

အမျိုးသားမာရသွန်ပြေးပွဲတွင်လည်း ကင် ညာ နိုင်ငံသား ဒေါက်ကလပ်စ် ဝါကီဟူရူသည် လက်ရှိကမ္ဘာ့ဖလားပြေးခုန်ပစ်ပွဲချန်ပီယံ ဂျီဗူတီနိုင်ငံသား အာမက်ဆလေကို အနိုင်ရခဲ့သည်။ ဝါကီဟူရူ၏စံချိန်မှာ ၂နာရီ ၁၁ မိနစ် ၄၈ စက္ကန့်၊ အာမက်ဆလေ၏ စံချိန်မှာ ၂နာရီ ၁၂ မိနစ် ၃၀ စက္ကန့်ဖြစ်ပြီး တတိယရသူ အီတလီမာရသွန်အပြေးသမား ဂီလင်ဒို ဘော်ဒင်၏ စံ ချိန်မှာ ၂နာရီ ၁၂ မိနစ် ၄၀ စက္ကန့်ဖြစ်ခဲ့သည်။ မျက်မှောက်ခေတ်တွင် ထိပ်တန်း

အမျိုးသမီးလှံတံပစ် ကမ္ဘာ့စံချိန် ၇၇ ၁၁သမ ၄၄ မီတာကို တင်ထားသော ဗြိတိန်နိုင်ငံမှ ဖာတီမာ ဟွစ်ဘရက်၏ပစ်ဟန်



မာရသွန် အပြေး သမား ကောင်းတစ်ဦးဖြစ်ရန် ၂ နာရီ ၁၅ မိနစ်အောက်ပြေးနိုင်မှ ရမည် ဆို သည့် အ ချက် ကို ထင်ရှားစေခဲ့သောပဲဖြစ်သည်။ ယင်းတို့သုံးဦးလုံး၏စံချိန်သည် ၁၉၇၄ ခုနှစ် ကမ္ဘာ့အိုလင်းပစ်စံချိန်သစ်ဖြစ်သော ပေါ် တူဂယ်မှ ကား လို်စ် လို ပက်၏ ၂ နာရီ ၉ မိနစ် ၂၁ စက္ကန့်ကိုကား မမီသေးခေ။

အိမ်ရှင်အီတလီ– အိမ်ရှင်အီတလီနိုင်ငံသည် မိမိနိုင်ငံသားအားကစားသမားများကို အင်တိုက်အားတိုက်အားပေးခဲ့ကြသည်။ သို့သော် အီတလီအားကစားသမားများအနက်မှ အမျိုးသားလေးဦးသာ အောင်မြင်မှုရရှိခဲ့ကြသည်။

အမျိုးသား မိတာ ၃၀၀၀ တားဆီးကျော်ပွဲတွင် ဖရန်ဆက်စကို ပါနက်တာသည် ပြိုင် ဘက် နာ မည် ကြီး များကို အနိုင်ရဖိုလ်စွဲခဲ့ပြီး မိတာ ၁၀,၀၀၀ ပြေးပွဲတွင်လည်း ဒွေတံဆိပ်ရခဲ့သည်။ အမျိုးသား ကီ လို မိတာ ၂၀ လမ်းလျှောက်ပွဲတွင် အီတလီမှ မောရီဆီယို ဒါမီလန်နိုသည် ၁ နာရီ ၂၀ မိနစ် ၄၅ စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့သည်။ အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် အီ တ လီ အ လျားခုန်သမား ဂီယိုဗန်နီ အီဗန်ကလစ်စတီသည် ဂ ဒသမ ၃၇ မီတာဖြင့် ကြေးတံဆိပ်ဆုရခဲ့ခြင်းမှာလည်း ထိုက်တန်စွာ ဂုဏ်ယူဖွယ်ရာဖြစ်ခဲ့သည်။ သို့သော် အီတလီမှ ကမ္ဘာ့စံချိန်တင်ထားခဲ့သော သံလုံးပစ်သမား အလက်ဇန္ဒရို အန် ဒ ရေမှာမူ ဒွေတံဆိပ်ဖြင့်ဖြေသိမ့်ခဲ့ရရှာသည်။

အီတလီ အ မျိုး သ မီးများအနေဖြင့် ရွှေတံဆိပ်မရခဲ့စေကာမူ အီတလီအမျိုးသားများ ယူပေးခဲ့နိုင်သော ရွှေ၂၊ ငွေ ၂ နှင့် ကြေး ၂ ဖြင့် အီတလီနိုင်ငံသည် ဆဋ္ဌမနေရာကို ရရှိခဲ့ခြင်းအတွက် အီတလီနိုင်ငံသည် ဖြေသိမ့်နိုင်ခဲ့ပေသည်။

နှစ်ကြိမ်ဆက်ချန်ပီယံများ – ဒုတိယ အကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် ထူး ထူး ခြား ခြား အစွမ်းပြနိုင်ခဲ့ကြသော ချန်ပီယံခုနစ်ဦးနှင့် အ သင်း နှစ်သင်းရှိခဲ့သည်။ ထိုသူများကား ၁၉၇၃ ခုနှစ်က ပထမ အကြိမ်ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သော စွမ်းရည်ကိုဆက်လက် ထိန်းသိမ်းကာ ဒုတိယအကြိမ် ဆက်တိုက်ကမ္ဘာ့ချန်ပီယံများ ဖြစ်ခဲ့ကြသူများ ဖြစ်၏။ ၎င်းတို့မှာ အောက် ပါ အတိုင်းဖြစ်ကြသည်–

– ကား လူး ဝစ်	အလျားခုန်
– ကယ်လ်ဗင်စမစ်	မီတာ ၂၀၀
– ဂရက်ပေါ်စတာ	မီ တာ ၁၁၀ တန်း ကျော်
– အက်ဒဝင်မိုးဇက်	မီ တာ ၄၀၀ တန်း ကျော်
– ဆာဂျီ ဘူကာ	တုတ် ထောက် ခုန် သံပြားပစ်
– မာတီနာ ဟဲလ်မင်း	ကြိုးတပ်သံလုံး
– ဆာဂျီ လစ်ဗီနော့	၄ × ၁၀၀ မီတာ (ကျား) လက်ဆင့်ကမ်း
– အမေရိကန်အသင်း	
– ဂျီဒီအာအသင်း	၄ × ၄၀၀ မီ တာ (မ) လက်ဆင့်ကမ်း

အအောင်မြင်ဆုံးနိုင်ငံ – ဒုတိယအကြိမ်ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲတွင် အအောင်မြင်ဆုံးနိုင်ငံမှာ ဂျီဒီအာ (အရှေ့ဂျာမနီ) နိုင် ငံ ပင် ဖြစ် သည်။ ဂျီ ဒီ အာ အား ကစား အဖွဲ့တွင် ဟိုက်ကဲဒရက်ရှလာနှင့် မာလီးစ်ဂိုးတို့ကဲ့သို့ ဒဏ်ရာရနေသော အား က စား သ မား များ ပါခဲ့လင့်ကစား ဂျီဒီအာ အား ကစား အဖွဲ့သည် ရွှေ ၁၀ ခု၊ ငွေ ၁၁ ခု၊ ကြေး ၁၀ ခု ရရှိခဲ့ကာ ရွှေတံဆိပ်အများဆုံးရပြီး နံပတ်တစ်ဖြစ်ခဲ့ပေသည်။

နိဂုံး

ဒုတိယ အကြိမ်မြောက် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကြီးတစ်ခုလုံးကို ခြုံ ၍ သုံးသပ် ကြည့် လိုက်လျှင် အိမ်ရှင်ပရိသတ်သည် မိမိနိုင်ငံသားများကို လွှန်ကဲစွာ အားပေးလွန်းခြင်းနှင့် ဆုပေးပွဲများကို ဟိတ် ဟန် ခဲ့ခြင်းတို့ကလွဲလျှင် ရောမတံခွန်စိုက်ပြိုင်ပွဲကြီးသည် ဟဲလ်ဆင်းကီး တံခွန်စိုက် ပြိုင်ပွဲကြီးထက် အဘက်ဘက်မှ အဆင့်အတန်းတိုးတက်ကောင်းမွန်ခဲ့ကြောင်း ကမ္ဘာ့စာနယ်ဇင်းလောကမှ အသိအမှတ်ပြုခဲ့ပေသည်။

ကမ္ဘာ့ အား က စား လော က တွင် အ ဘက် ဘက် မှ အဆင့်အတန်း တိုးတက်လာသည်နှင့် အမျ နိုင်ငံရေး ပယောဂများ ရောယှက်လာခဲ့ခြင်းကြောင့် ၁၉၇၆ ခုနှစ်မှစ၍ က မ္ဘာ့ အိုလင်း ပစ်ပြိုင်ပွဲတိုင်းတွင် သပိတ်မှောက်မှုများမကင်းခဲ့ချေ။ ထို့အတူကမ္ဘာ့အားကစားလောကတွင် စီးပွားရေးနယ်ပယ်မှ ထိုးဖောက်လွှမ်းမိုးလာမှုများရှိခဲ့ပြီး အပြန်အလှန်ငြင်းခုန်ဝေဖန်သံများ လို်င်း ဂ ယက် ထ နေသော ခေတ်တွင် ၁၉၇၇ ခုနှစ် ဒုတိယအကြိမ်မြောက် က မ္ဘာ့ တံ ခွန် စိုက်ပြေးခုန်ပစ်ပြိုင်ပွဲကြီးသည် ကမ္ဘာ့နိုင်ငံပေါင်းစုံမှအများဆုံးပါဝင်ဆင်နွှဲမှုကိုရရှိခဲ့ရုံသာမက နိုင်ငံရေးပယောဂနှင့် သပိတ်မှောက်မှုများ လုံးဝကင်းရှင်းခဲ့ပြီး ယခုအချိန်တွင်အအောင်မြင်ဆုံး လေးနှစ်တစ်ကြိမ် က မ္ဘာ့ အားကစားပြိုင်ပွဲကြီးအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ပေသည်။

ကျောက်ဘီလူး-တင်မောင်ဆွေ

ကမ္ဘာ့ပြေးခုန်ပစ်စံချိန်များ

(၁၉၇၇ အောက်တိုဘာလ ၁ ရက်နေ့အထိ)

ပြေး ခုန် ပစ် (အမျိုးသား)

ပြိုင်ပွဲ	စံချိန်ရှင်	စံချိန်	နိုင်ငံ
အပြေး			
မိတာ ၁၀၀	ဘင် ဂျွန်ဆင်	၉.၇၃ စက္ကန့်	ကနေဒါ
မိတာ ၂၀၀	ပီထရို မန်နီယာ	၁၉.၇၂ စက္ကန့်	အီတလီ
မိတာ ၄၀၀	လီး အီဗန်စ်	၄၃.၈၆ စက္ကန့်	အမေရိကန်
မိတာ ၈၀၀	ဆီဗက်ရှင်း ကိုး	၁ မိနစ် ၄၁.၇၃ စက္ကန့်	ပြိုတိန်
မိတာ ၁၀၀၀	ဆီဗက်ရှင်း ကိုး	၂ မိနစ် ၁၂.၁၈ စက္ကန့်	ပြိုတိန်
မိတာ ၁,၅၀၀	ဆာအစ် အော့ဘူးတား	၃ မိနစ် ၂၉.၄၆ စက္ကန့်	မော်ရိုကို
မိတာ ၅၀၀၀	ဆာအစ် အော့ဘူးတား	၁၂ မိနစ် ၅၈.၃၉ စက္ကန့်	မော်ရိုကို
မိတာ ၁၀,၀၀၀	ဖာနန်ဒို မာမိ	၂၇ မိနစ် ၁၃.၈၁ စက္ကန့်	ပေါ်တူဂယ်
မိတာ ၁၁၀ တန်းကျော်	ရိုနာဒို နေဟီးမီးယား	၁၂.၉၃ စက္ကန့်	အမေရိကန်
မိတာ ၄၀၀ တန်းကျော်	အက်ဒဝင် မိုးဇက်	၄၇.၀၂ စက္ကန့်	အမေရိကန်
မိတာ ၁၀၀ × ၄	ဂရက်ဒီ၊ ဘရောင်း၊	၃၇.၈၃ စက္ကန့်	အမေရိကန်
လက်ဆင့်ကမ်း	စပစ်၊ လူးဝစ်၊		
မိတာ ၄၀၀ × ၄	မက်ဆရူး၊ ဖရီးမင်း၊	၃ မိနစ် ၁၆.၁၆ စက္ကန့်	အမေရိကန်
လက်ဆင့်ကမ်း	ဂျိမ်းစ်၊ အီဗန်စ်၊		
လမ်းလျှောက်			
မိတာ ၂၀,၀၀၀	အားနက်စ်တို ကင်တို	၁ နာရီ ၁၈ မိနစ် ၄၀ စက္ကန့်	မက္ကဆီကို
မိတာ ၅၀,၀၀၀	ရော ဂွန်ဇာလေ့	၃ နာရီ ၄၁ မိနစ် ၃၈.၄ စက္ကန့်	မက္ကဆီကို
အခုန်			
အမြင့်ခုန်	ပက်ထရစ် ဇိုဘက်	၂.၄၂ မီတာ	ဆိုဒင်
တုတ်ထောက်ခုန်	ဆာဂျီ ဘူကာ	၆.၀၃ မီတာ	ဆိုဗီယက်
အလျားခုန်	ဘော့ ဘီမွန်	၈.၉၀ မီတာ	အမေရိကန်
သုံးဆင့်ခုန်	ဝီလီ ဘင့်	၁၇.၃၇ မီတာ	အမေရိကန်
အပစ်			
သံလုံးပစ်	အလက်ဇန္ဒရို အန်ဒရေ	၂၂.၃၁ မီတာ	အီတလီ
သံပြားဝိုင်းပစ်	ရွန်ဂျင် ရှု	၇၄.၀၈ မီတာ	အရှေ့ဂျာမနီ
လှံတံပစ်	ဇယ်လက်ဇနီ	၈၇.၆၆ မီတာ	ချက်ကိုစလိုဗက်ကီးယား
တူပစ်	ယူရီ ဆေဒစ်	၈၆.၇၄ မီတာ	ဆိုဗီယက်
၁၀ မျိုးစုံ	ဒေလီ သွမ်မဆင်	၈,၀၄၇ မှတ်	ပြိုတိန်

ကမ္ဘာ့ပြေးခုန်ပစ်စံချိန်များ


(၁၉၇၇ အောက်တိုဘာလ ၁ ရက်နေ့အထိ)

ပြေး ခုန် ပစ် (အမျိုးသမီး)

ပြိုင်ပွဲ	စံချိန်ရှင်	စံချိန်	နိုင်ငံ
အပြေး			
မီတာ ၁၀၀	အီလင်း အက်ဒ်ဝပ်ပါ	၁၀.၇၆ စက္ကန့်	အမေရိကန်
မီတာ ၂၀၀	မာရီတာ ဒိုရိ	၂၂.၀၁ စက္ကန့်	အရှေ့ ဂျာမန်
	ဟိုက်ကဲ ဝရက်ဒွလာ	၂၂.၀၁ စက္ကန့်	အာရှ ဂျာမန်
မီတာ ၄၀၀	မာရီတာ ဒိုရိ	၄၇.၆၀ စက္ကန့်	အရှေ့ ဂျာမန်
မီတာ ၈၀၀	ကရက်တီရွှတ်လိုတာ	၁ မိနစ် ၅၃.၂၈ စက္ကန့်	ချက်ကိုစလိုဗတ်ကီးယား
မီတာ ၁,၅၀၀	ကာင်နိကီနာ	၃ မိနစ် ၅၂.၄၇ စက္ကန့်	ဆိုဗီယက်
မီတာ ၃၀၀၀	ကာင်နိကီနာ	၈ မိနစ် ၂၂.၈၂ စက္ကန့်	ဆိုဗီယက်
မီတာ ၁၀,၀၀၀	ဆင်းဂရစ် ခရစ်ဒွန်ဆန်	၃၀ မိနစ် ၁၃.၀၃ စက္ကန့်	နယ်သာ
မီတာ ၁၀၀ တန်းကျော်	ဂင်ကာ ဇာဗိုလွက်စာ	၁၂.၂၅ စက္ကန့်	ဟန်းဂေးရီးယား
မီတာ ၄၀၀ တန်းကျော်	မာရိန နဒတ်ယိုတာ	၅၂.၉၀ စက္ကန့်	ဆိုဗီယက်
မီတာ ၁၀၀ × ၄	လယ်ဘစ်ဒွ်၊ ဝိုကွာ၊	၄၁.၂၇ စက္ကန့်	အရှေ့ ဂျာမန်
လက်ဆင့်ကမ်း	ဘောက်ဇာ၊ ဂိုး		
ဆယ်ပြေး			
မီတာ ၁၀,၀၀၀	ကျူ ယွန်ကွား	၄၄ မိနစ် ၂၀.၅ စက္ကန့်	တရုတ်
စက္ကန့်			
အပြင့်ခုန်	ကိုတောဗိန်ဒါ	၂.၀၄ မီတာ	ဟန်းဂေးရီးယား
အလျားခုန်	ဟိုက်ကဲ ဒရက်ဒွလာ	၇.၄၅ မီတာ	အရှေ့ ဂျာမန်
	ကွက်ကီကျွိုင်းနားကာဆီး	*၇.၄၅ မီတာ	အမေရိကန်
အမြင့်			
သံလုံးပစ်	နဒတာလျာ လီဆော့	၂၂.၆၃ မီတာ	ဆိုဗီယက်
	စကာဃာ		
ဆံပြာဂိုင်းပစ်	ဇင်ကာ ဆီဟာတာ	၇၄.၂၆ မီတာ	ချက်ကိုစလိုဗတ်ကီးယား
လှံတံပစ်	ဖာတီမာ ဟွစ်ဘရက်	၇၂.၄၄ မီတာ	ကြေးမိန်
	ဧဃထရာ ဟယ်လ်ကဲ	*၇၀.၉၉ မီတာ	အရှေ့ ဂျာမန်
ရုန်းမျှဝေ	ကွက်ကီကျွိုင်းနားကာဆီး	၇,၂၁၅ မှတ်	ဆောဗီယက်

* စံချိန်ဖြစ်ရန် အစည်းအဝေးခေါ်ယူထားဆဲ







ကမ္ဘာ့ ကောက် နှံအထွက်တိုးရေး သုတေသန

ကမ္ဘာ့လူသား သန်းပေါင်း ၅၀၀၀ ကျော်သည် နေ့စဉ် ကောက်နှံတစ်မျိုးမျိုးကို စားသုံးလျက် ရှိကြသည်။ ယင်းတို့မှာ ဂျုံ၊ ဆန်စပါး၊ ပြောင်းဖူးနှင့် နှံစားပြောင်း၊ လူး၊ ဆပ်၊ ဘာလီ၊ အုတ်နှင့် ရိုင်း သီးနှံများ ဖြစ်ကြသည်။ အများဆုံးစိုက်ပျိုးသည့် ကောက်နှံမှာ ဂျုံဖြစ်၍ ဒုတိယ နှင့် တတိယအများဆုံးမှာ စပါးနှင့် ပြောင်းဖြစ်သည်။


ကုလသမဂ္ဂစိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာအဖွဲ့၏ စာရင်းများအရ ၁၉၇၅ ခုနှစ်တွင် ဂျုံစိုက်ရိယာ ဟက်တာ သန်း ၂၃၀ စိုက်ပျိုးအောင်မြင်ခဲ့ပြီး မက်ထရစ်တန် သန်း ၅၁၀ ထွက်ခဲ့သည်။ (တစ်ဟက်တာသည် ၂ ဒသမ ၄၇၁ ကေ၊ မက်ထရစ်တစ်တန်သည် ၂,၂၀၄ ဒသမ ၆၂ ပေါင်နှင့် ညီမျှသည်။) ဂျုံကို ဥရောပနိုင်ငံများတွင် အများဆုံး စိုက်ပျိုးထုတ် လုပ် သည်။ စပါး သီးနှံကို အာရှ နိုင်ငံ များတွင် အများဆုံး စိုက်ပျိုးသည်။ တစ်ကမ္ဘာလုံး၌ ဟက်တာ ၁၄၄ သန်း စိုက်ပျိုးအောင်မြင်ခဲ့ပြီး မက်ထရစ်တန် ၄၆၆ သန်း ထွက်ခဲ့ရာ စိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းနှင့်အထွက်စုစုပေါင်း၏ ၉၂ ရာခိုင်နှုန်းသည် အာရှနိုင်ငံများမှ ဖြစ်သည်။ ၁၉၇၅ ခုနှစ်တွင် ပြောင်းဖူးစိုက်ပျိုးသည့် ရိယာ ဟက်တာ ၁၃၃ သန်းရှိပြီး မက်ထရစ်တန် သန်း ၄၉၀ ထွက်ခဲ့သည်။ ၎င်းကို မြောက်အမေရိက နိုင်ငံများတွင် အများဆုံး စိုက်ပျိုးသည်။

ကျန်သီးနှံများအနေဖြင့် ဘာလီဟက်တာ ၇၉ သန်း၊ နှံစားပြောင်း ဟက်တာ သန်း ၅၀၊ ဆပ်ဟက်တာ ၄၃ သန်း၊ အုတ်(Oat)ဟက်တာ ၂၆ သန်း၊ ရိုင်း(Rye) ဟက်တာ ၁၇ သန်းတို့ဖြစ်ကြသည်။ ၁၉၇၅ ခုနှစ်တွင် ကောက်နှံစုစုပေါင်း ဟက်တာ သန်း ၇၃၀ ခန့် စိုက်ပျိုး အောင်မြင်ခဲ့ပြီးအထွက်မက်ထရစ်တန် ၁,၀၄၁ သန်းကျော် ထွက်ရှိခဲ့သည်။ ၁၉၇၅ ခုနှစ်က စုစုပေါင်း ဟက်တာ ၇၄၄ သန်းခန့် စိုက်ပျိုးအောင်မြင်ခဲ့၍ ကောက်နှံအထွက်မက်ထရစ်တန် ၁,၃၆၂ သန်းရှိရာ ၁၀ နှစ်အတွင်း ၁၃ ဒသမ ၅ ရာခိုင်နှုန်းတိုးခဲ့သည်။ တစ်နှစ်လျှင် ကောက်နှံအထွက် ပျမ်းမျှ ၁ ဒသမ ၃၅ ရာခိုင်နှုန်းသာ တိုးရာ ယင်းကာလများအတွင်း နှစ်စဉ် ကမ္ဘာ့လူဦးရေတိုးတက်နှုန်း ၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် နှိုင်းစာလျှင် ကောက်နှံအထွက် တိုးတက်ရရှိရန် လိုအပ်လျက် ရှိနေသည်။

အပြည်ပြည်ဆိုင်ရာ သုတေသနဌာနများ

ကောက်နှံအထွက်တိုး သုတေသနများကို နိုင်ငံအသီးသီးတွင် ဆောင်ရွက်လျက်ရှိကြသည်။ ကမ္ဘာ့အဖွဲ့အစည်းအသီးသီး၏ အထောက်အပံ့များဖြင့် ဖွင့်လှစ်ထားသော အပြည်ပြည်ဆိုင်ရာ သုတေသနဌာနများတွင်လည်း ပညာရှင်များ၊ ပစ္စည်းကိရိယာများ စုံလင်စွာ ဖြည့် ဆည်း ၍ ဆောင်ရွက်လျက်ရှိသည်။ ကောက်နှံ အထွက်တိုး သုတေသနများ ဆောင်ရွက်လျက်ရှိသည့် အပြည်ပြည် ဆိုင်ရာ သုတေသနဌာနကြီး သုံးခုရှိသည်။ မက္ကဆီကိုနိုင်ငံ၊ မက္ကဆီကိုမြို့တွင် တည်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပြောင်းဖူးနှင့် ဂျုံသီးနှံ သုတေသနဌာနတွင် ဂျုံ၊ ပြောင်းဖူး၊ ဘာလီနှင့် ထရီတီကေလီသီးနှံ သုတေသနကို ဆောင်ရွက်သည်။ ဖိလစ်ပိုင်နိုင်ငံ လေဂွစ်ဘည်ဂွစ်မြို့တွင်ရှိသော အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် စပါးသီးနှံ သုတေသနအပြင် စပါးအခြေခံသော သီးထပ်သီးနှံ စိုက်ပျိုးရေးနှင့် လုပ်ကွက်ငယ် တောင်သူများအတွက် သင့်လျော်သည့် ဘက်စုံစိုက်ပျိုးမွေးမြူရေး သုတေသနများ ဆောင် ရွက်သည်။ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့တွင် တည်ရှိသော အပြည်ပြည်ဆိုင်ရာ မိုးနည်း အပူပိုင်းဒေသ သီးနှံ သုတေသနဌာနသည် မြေပဲ၊ ကုလားပဲ၊ ပဲစင်းငုံသီးနှံများအပြင် နှံစားပြောင်းနှင့် ဆပ်သီးနှံ အထွက်တိုး သုတေသနကို ဆောင်ရွက်သည်။

အဆိုပါအပြည်ပြည်ဆိုင်ရာ သုတေသနဌာနများသည် အချက်အချာကျသည့် ဒေသများတွင် ရုံးခွဲများဖွင့်လှစ်ပြီး ကောက်နှံအထွက်တိုး သုတေသနလုပ်ငန်းများကို ဖွဲ့ဖြိုးဆဲ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ လယ်ယာနှင့် သစ်တောဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းသည် အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသန ဌာနနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ မိုးနည်း အပူပိုင်းဒေသ သီးနှံသုတေသနဌာနနှင့်လည်းကောင်း တရားဝင်နှစ်ဦးသဘောတူ စာချွန်လွှာများ လဲလှယ်၍ သုတေသနလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ပြောင်းဖူးနှင့် ဂျုံသီးနှံ သုတေသန



ဂျီဒီအာမှ် ဆီလ်ကေး ဂလက်ဒစ်ရှ်

အကြိမ်ပေါင်းတွင် မအောင်မြင်သည့်အကြိမ် အနည်းဆုံး ဖြစ်သူ ဇိုဘက်က ပထမ၊ ပတ်ကလင်က ဒုတိယနှင့် ဂနာဒီက တတိယ အသီးသီးရရှိသွားခဲ့ကြသည်။

အမျိုးသားတုတ်ထောက်ခုန် ပြိုင်ပွဲတွင်မူ လက်ရှိ ချန်ပီယံ ဆာဂျီဘူကာဃသည် ၅ ဒသမ ဂ၅ မီတာ (၁၉ ပေ ၂ $\frac{2}{4}$ လက်မ)ဖြင့် ချန်ပီယံသရဖူကို ဆက်လက် ထိန်းနိုင်ခဲ့သည်။ ဘူကာဃသည် ၎င်း၏ လက်ရှိကမ္ဘာ့စံချိန် ၆ ဒသမ ဝ၃ မီတာကို ၆ ဒသမ ဝ၅ မီတာဖြင့် ချိုးနိုင်ရန် ကြိုးစားခဲ့သော်လည်း ၎င်းခုန်ခါနီးတွင် ဆုပေးပွဲမှ ဆူညံသံများက အနှောင့်အယှက်ဖြစ်ခဲ့၍ မအောင်မြင်ခဲ့ခြင်း ဖြစ်သည်ဟု သတင်းစာဆရာများက ဝိုင်း၍ ဝေဖန်ခဲ့ကြသည်။

အမျိုးသားကြိုးတပ် သံတူပစ်ပွဲ၌ ဆိုဗီယက်မှ လက်ရှိ ချန်ပီယံ ဆာဂျီ လစ်ဗီနော့သည် ဂ၃ ဒသမ ဝ၆ မီတာ ပစ်ပြီး အောင်ပွဲဆက်ခဲ့သည်။

အခြားထင်ရှားသော အမျိုးသမီးပွဲများ – ရောမ ကမ္ဘာ့တံခွန်စိုက် ပြိုင်ပွဲတွင် အခြားထင်ရှားသော အမျိုးသမီး ပြိုင်ပွဲများရှိသေးသည်။ အမျိုးသမီး မီတာ ၁၀၀ နှင့် ၂၀၀ ပြေးပွဲများတွင် ဗိုလ်စွဲကာ တာတို့ နှစ်ထပ်ကွမ်း အပြေး ဘုရင်မ ဖြစ်ခဲ့သူမှာ ဂျီဒီအာမှ် ဆီလ်ကေး ဂလက်ဒစ်ရှ် ဖြစ်သည်။ မီတာ ၁၀၀ ပြေးပွဲတွင် ဆီလ်ကေးသည် ၁၀ ဒသမ ၉ စက္ကန့်ပြေးပြီး လေ့ကျင့်ဘက် ဟိုက်ကဲ ဒရက်ရှလာကို ဒသမ ဝ၁ စက္ကန့်ဖြင့် ကပ်နိုင်ခဲ့ပြီး မီတာ ၂၀၀ ပြေးပွဲတွင်လည်း ၂၁ ဒသမ ၇၄ စက္ကန့်ဖြင့် ဆီလ်ကေးပင် ဗိုလ်စွဲခဲ့သည်။ ဟိုက်ကဲ ဒရက်ရှလာမှာ ၇ ဒသမ ၎၅ မီတာ ခုန်ထားသည့် လက်ရှိကမ္ဘာ့အလျားခုန် စံချိန်ရှင်ဖြစ်ရာ အလျားခုန် ရွှေတံဆိပ်ကို အဓိကထား၍ အားခဲ ပြိုင်ခဲ့သော်လည်း တတိယသာ ချိတ်ခဲ့သည်။ အမေရိကန်မှ ခုနစ်မျိုးစုံ အားကစားသမား ဂျက်ကီ ဂျွိုင်းနားကာဆီးက ၇ ဒသမ ၃ မီတာဖြင့် ဗိုလ်စွဲခဲ့၍ ဟိုက်ကဲက ၇ ဒသမ ၁၃ မီတာဖြင့် ကြေးတံဆိပ်သာ ရခဲ့ပေသည်။

အမျိုးသမီးမီတာ ၄၀၀ နှင့် မီတာ ဂ၀၀ တာလတ် နှစ်မျိုးတွင် ပြိုင်ဘက်များကို ဖြိုခွင်းနိုင်ခဲ့သူ ဆိုဗီယက် အပြေးမယ် အော်လ်ဂါ ဘရစ်ဇ်ဂျီးနားသည် ထူးထူးခြားခြား အောင်ပန်းဆင်နိုင်ခဲ့သည်။ အမျိုးသမီး မီတာ ၁,၅၀၀ နှင့် မီတာ ၃၀၀၀ ပြေးပွဲနှစ်ခုတွင် ဗိုလ်စွဲအောင်ငဲ့နပဲနှင့် ပြေးအားကောင်းခဲ့သူမှာ ဆိုဗီယက်မှ တတ်ယာနာဆမိုလင်ကိုဖြစ်သည်။ သို့သော် တတ်ယာနာသည် ၁၉၇၃ ခုနှစ်က တာလတ်၊ တာဝေး နှစ်မျိုး ချန်ပီယံ အမေရိကန်မှ မေရီဒက်ကာကဲ့သို့ အကြိတ်အနယ်ပြိုင်ပြီး ဗိုလ်စွဲခဲ့ရခြင်းမျိုးမဟုတ်ဟု အခုိက် ဝေဖန်ခဲ့ကြသည်။

ကြသည်။ သူတို့သုံးဦးနှင့် အနောက်ဂျာမနီမှ အိုလင်းပစ် ချန်ပီယံ ဒေမာမိုဂင်ဗို့တို့ လေးဦးသားသည် ချန်ပီယံသရဖူအတွက် ၂ ဒသမ ၄၀ မီတာကို အပြိုင်ကြိုးစား ခုန်ခဲ့ကြသော်လည်း မအောင်မြင်ခဲ့ကြပေ။ ထို့ကြောင့် ၂ ဒသမ ၃၈ မီတာ လွှတ်ခဲ့သူသုံးဦးတွင် ခုန်ပြီးသမျှ



ခုနစ်မျိုးစုံချန်ပီယံ ဂျက်ကီ ဂျုိင်းနား ကာဆီး၏ ခုန်ဟန်

၁၉၇၇ ခုနှစ် ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခုစီ ရရှိခဲ့ကြသည့် အမျိုးသမီး အားကစား မယ်များအနက် အထင်ပေါ်ဆုံးနှင့် အထူးချွန်ဆုံးကား အမေရိကန်မှ ခုနစ်မျိုးပြိုင်ပွဲချန်ပီယံ ဂျက်ကီဂျုိင်းနား ကာဆီးဖြစ်သည်။ သူမသည် ခုနစ်မျိုးစုံပြိုင်ပွဲလက်ရှိကမ္ဘာ့စံချိန်ရှင်ပီသစ္စာပင် ဆောမတွင်အမှတ်ပေါင်း ၇,၁၂၀ မှတ်ဖြင့် အပြတ်အသတ်ဗိုလ်စွဲခဲ့သည်။ ဤစံချိန်မှာ သူမ၏ ကမ္ဘာ့စံချိန် ၇,၁၅၀ မှတ်ကိုမမီသော်လည်း ကမ္ဘာ့တတိယ အကောင်းဆုံးစံချိန် ဖြစ်ခဲ့သည်။ ထို့အပြင် သူမသည် အမျိုးသမီးအလျားခုန်ပြိုင်ပွဲတွင် လက်ရှိချန်ပီယံဖြစ်ပြီး သူမနှင့်အတူ လက်ရှိကမ္ဘာ့စံချိန်ပူးတွဲဗိုလ် ဟိုက်ကဲ ဒရက် လာ ကိုအနိုင်ခုန်နိုင်ခဲ့သူ ဖြစ်ပေသည်။ ဂျက်ကီနှင့်ဟိုက်ကဲတို့နှစ်ဦးမှာ ကမ္ဘာ့အမျိုးသမီး အလျားခုန် စံချိန် ၇ ဒသမ ၄၅ မီတာ (၂၄ ပေ ၅၃/၄ လက်မ) ကိုပြိုင်တူ တင်ထားနိုင်ကြသူများဖြစ်သည်။ ဂျက်ကီဂျုိင်းနားသည် ဒုတိယအကြိမ်မြောက်ကမ္ဘာ့တံခွန်စိုက်ပြေးခုန်ပစ်ပြိုင်ပွဲဝင် စွယ်စုံအားကစားမယ် ၁၉ ဦးတွင် ထိပ်ဆုံးမှရပ်တည်ကာ ၁၉၇၇ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်လောက၏ စွယ်စုံဘုရင်မ သရဖူကို ဆွတ်ခူးနိုင်ခဲ့သူပင် ဖြစ်ပေသည်။

အမျိုးသားစွယ်စုံဗိုလ် – အမျိုးသားများတွင် အကောင်းဆုံး စွယ်စုံပြေးခုန်ပစ်သရဖူလုပွဲအဖြစ် ဒက်ကာသလွန်ခေါ် ၁၀ မျိုးပြိုင်ပွဲမှာ ချေး၊ သွေး၊ စိတ်ဓာတ်တို့ကို အရင်းခံ၍ နှစ်ရက်ဆက် အကြိတ်အနယ်ပြိုင်ရသော ပွဲဖြစ်သည်။ ဤပွဲတွင် ကမ္ဘာ့အကောင်းဆုံး စွယ်စုံပြေးခုန်ပစ်သမား ၁၈ ဦး ယှဉ်ပြိုင်ဗိုလ်လုခဲ့ကြသည်။ လက်ရှိ ကမ္ဘာ့ချန်ပီယံ၊ အိုလင်းပစ်ချန်ပီယံ၊ ဥရောပချန်ပီယံ စသည့်ကမ္ဘာ့ထိပ်သီးပြိုင်ပွဲမှန်သမျှတွင် ဗိုလ်စွဲခဲ့ပြီး လွန်ခဲ့သော ၁၀ နှစ်အတွင်း အရှုံးမရှိခဲ့သေးသူမှာ ဗြိတိန်နိုင်ငံသား ဒေလီ သွန်မဆင် ဖြစ်သည်။ သွန်မဆင်နှင့် ပခုံးချင်းယှဉ်ပြိုင်ဘက်မှာ အနောက်ဂျာမနီမှ ယာဂင်ဟင်ဆန်နှင့် ဆီးဖရစ်ဝင့်ဇ် တို့ဖြစ်ကြသည်။ သို့သော် ဤတစ်ပွဲတွင်ကား ထိပ်ဆုံး ၁၀ မျိုးစုံသမားနှစ်ဦးသည် မထင်မှတ်ဘဲ ကျဆုံးခဲ့ပြီး ဗိုလ်စွဲခဲ့သူမှာဂျီဒီအာနိုင်ငံမှ ပြေးခုန်ပစ်သမားတော်စတင်ဗော့စ်ပင်ဖြစ်သည်။ တော်စတင်ဗော့စ်၏ အနိုင်ရအမှတ်ပေါင်း ဂ,၆၈၀ မှတ်မှာ ကမ္ဘာ့တံခွန်စိုက်ပြိုင်ပွဲ စံချိန်သစ်ဖြစ်ခဲ့သော်လည်း ၁၉၈၄ ခုနှစ်က ဒေလီသွန်မဆင်တင်ခဲ့သည့် လက်ရှိကမ္ဘာ့စံချိန် ဂ,၈၄၇ မှတ်ကိုကား မမီခဲ့ပေ။ သို့သော် ဆောမတံခွန်စိုက် ၁၀ မျိုးစုံပြိုင်ပွဲတွင် ပွဲကြီးကစားနိုင်ခဲ့သူ ၁၈ ဦးအနက် ၁၃ ဦးသည် အမှတ် ဂ၀၀၀ ကျော်ရရှိခဲ့ပုံမှာ အဆင့်အတန်း အလွန်မြင့်မားလှသော စံချိန်ပင် ဖြစ်ခဲ့ပေသည်။

ဒေလီသွန်မဆင်မှာ ထိခိုက်ဒဏ်ရာများကြောင့် အကောင်းဆုံး အနေအထားဖြင့် ယှဉ်ပြိုင်ခဲ့ရခြင်း မဟုတ်သော်လည်း အားကစားသမား စိတ်ဓာတ်အပြည့်ဖြင့် ပွဲပြီးသည့်အထိပြိုင်ပြီး ဂ,၁၂၄ မှတ်ဖြင့် နံပတ်ကိုးအဆင့်ကို ရရှိခဲ့သေးသည်။ ယာဂင်ဟင်ဆန်မှာ သွန်မဆင်ထက် ပို၍ ထိခိုက်ဒဏ်ရာများသဖြင့် စတုတ္ထပွဲစဉ်ဖြစ်သည့် အမြင့်ခုန်ပြိုင်ပွဲတွင် တာထွက်အမြင့်ကို သုံးကြိမ်စလုံး မအောင်မြင်ခဲ့ရာ ပြိုင်ပွဲကိုစောစောစီးစီး လက်မြှောက်ခဲ့ရလေသည်။ နောက်ဆုံးအရှုံးအနိုင်မှာ ပထမတောစတင်ဗော့စ် ဂ,၆၈၀ မှတ်၊ ဒုတိယ ဆီးဖရစ်ဝင့်ဇ် ဂ,၄၆၁ မှတ်၊ တတိယ ပါဘယ်လ်တို နိုဗက်စကီး ဂ,၃၇၅ မှတ် အသီးသီးဖြစ်ခဲ့သည်။

အာဖရိကတိုးတက်မှု – ၁၉၇၇ ခုနှစ် ဆောမ ကမ္ဘာ့တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲတွင် အထူးခြားဆုံး တိုးတက်မှုစံချိန်သစ်ကား အာဖရိကအာဖရိကအားကစားသမားများ၏ ထူးထူးခြားခြားတိုးတက်မှုဖြစ်ပေသည်။ အာဖရိကအပြေးသမားများသည် မီတာ ဂ၀၀၊ ၁,၅၀၀၊ ၃၀၀၀၊ ၁၀၀၀ တားဆီး



အပင်ပုအထွက်ကောင်းသော သက်လျင်နှံစားပြောင်းဖြူမျိုး

ထည့်လျင် ဒေသခံမျိုးများကဲ့သို့ ပင်ရပ် မြင့်လာခြင်း မရှိဘဲ ပင်ပွားများ ပိုလာသဖြင့် အ ထွက် ကောင်း ၍ အသက်ရက်ငယ်သော မျိုးသည် အသက်ကြီးမျိုးများနှင့် အထွက်နှုန်းတူသည်ဖြစ်လင့်ကစား ကောက်ပင်သက်တမ်း တစ်ရက်အတွင်း ရရှိနိုင်သည့် အထွက်နှုန်းခြင်း နှိုင်းယှဉ် လျှင် ပိုသည်။ ထို့ပြင် အသက်ငယ်သဖြင့် သီးထပ် စိုက်ပျိုးရန် အခွင့်ပိုမိုရရှိပြီး လယ်ယာမြေမှ စားနပ်ရိက္ခာ ထုတ်လုပ်နိုင်သည့်နှုန်း ပိုလာသည်။

ကောက်နှံမျိုးတို့သည် အထွက်ကောင်းရန်နှင့် အရည် အသွေးကောင်းရန်အပြင် ပိုးမွှားနှင့် ရောဂါဒဏ်ကို ခံနိုင်ရန် လိုအပ်သည်။ ဓာတုဗေဒဆေးများဖြင့် ပိုးမွှားနှင့် ရောဂါများကို ကာကွယ်နိုင်သော်လည်း စရိတ်သက်သာ စေရန် ကောက်နှံ မျိုးကောင်းမျိုးသန့်များကို ပိုးမွှားနှင့် ရောဂါဒဏ်ပါ ခံနိုင်ရည်ရှိစေရန် မွေးမြူ ရွေးချယ်လျက် ရှိသည်။ တို့ပြင် ပိုးမွှားတို့၏သဘာဝရန်သူများကို မွေးမြူ ပွားများ၍လည်း နှိမ်နင်းကာကွယ်သည့် နည်းလမ်းသစ် များ တီထွင်ရရှိပြီး ဖြစ်သည်။

တောင်သူများအနေဖြင့် အထွက်ကောင်း မျိုးသစ် များကို တိုးခဲ့စိုက်ပျိုးခြင်းကြောင့် ဒေသခံမျိုးကို စိုက် ပျိုးမှု တစ်စတစ်စ လျော့နည်းလျက်ရှိရာ လုံးဝ ပျောက် ကွယ်သွားခြင်းမရှိစေရန် နိုင်ငံအသီးသီးတွင် သုတေသန ဝန်ထမ်းများက တာဝန်တစ်ရပ်အနေဖြင့် စနစ်တကျ စုဆောင်း၍ မျိုးဆက်မပြတ်စေရန် ထိန်းသိမ်း ထားကြ သည်။ ဤကဲ့သို့ စုဆောင်းရရှိသော မျိုးများကို ယင်း တို့၏ မျိုးအလိုက် ထူးခြားသည့် အရည် အချင်း များကို လည်း စိုက်ပျိုးလေ့လာပြီး မှတ်တမ်းပြုစုလျက်ရှိကြသည်။ ကောက်နှံမျိုးသစ်ကူးစပ်ရာတွင် လိုအပ်သည့် မျိုးရိုးကို ရှာဖွေအသုံးပြုနိုင်သည်။


အပြည်ပြည်ဆိုင်ရာ ဆန်စပါး သုတေသန ဌာနတွင် စပါးစိုက်ပျိုးသည့် နိုင်ငံအသီးသီးမှ မျိုးပေါင်း ၄၀,၀၀၀ ခန့်ကို စုဆောင်းထားရှိပြီး ဖြစ်သည်။ စုဆောင်းရရှိသည့် ဒေသမျိုးများကို အပင်ပေါက်ရာနှုန်းမပျက်စေဘဲ တာရှည် စွာ ထိန်းသိမ်းထားနိုင်ရန် စနစ်တကျ တည်ဆောက် ထားသည့် အအေးခန်းများ အတွင်းသို့ သိုလှောင်ထားရှိ သည်။ အပြည်ပြည်ဆိုင်ရာ ပြောင်းဖူးနှင့် ဂျုံသီးနှံ သုတေ သနဌာနတွင် ပြောင်းဖူးမျိုးပေါင်း ၁၂,၀၀၀ ကျော်နှင့် ဂျုံ၊ ဘာလီနှင့် ထရီကေလီမျိုးပေါင်း ၄၀,၀၀၀ ခန့် စုဆောင်းပြီး ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ မိုးနည်း၊ အပူပိုင်းဒေသ သီးနှံသုတေသနဌာနတွင် နှံ စားပြောင်းမျိုး ၂၅,၀၀၀ ခန့်နှင့် ဆပ်မျိုး ၂၂,၀၀၀ ကျော်တို့ စုဆောင်းပြီး ဖြစ်သည်။ နိုင်ငံအသီးသီးတွင် ဒေသခံသီးနှံမျိုးစုဆောင်း ကောက်ယူ ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြနိုင်ရန် "အပြည်ပြည်ဆိုင်ရာ သီးနှံဗီဇ စုဆောင်း ထိန်းသိမ်းရေး ဘုတ်အဖွဲ့" (International Board for Plant Genetic Resources)ကို ၁၉၇၄ ခု နှစ်က ဖွဲ့စည်းထားရှိပြီး ဖြစ်သည်။ ဤဘုတ်အဖွဲ့သည် သီးနှံဗီဇမျိုးရိုးစုဆောင်း ထိန်းသိမ်းရေး လုပ်ငန်းအတွက် သင်တန်းပေးခြင်း၊ လိုအပ်လျှင် ငွေကြေး ထောက်ပံ့ခြင်း တို့ ဆောင်ရွက်ပေးသည်။

အပြည်ပြည်ဆိုင်ရာ သုတေသနဌာနများသည် မိမိတို့ အခြေစိုက်သည့် နိုင်ငံတွင် မျိုးကောင်းမျိုးသန့် ကူးစပ်ပြီး ပဏာမ ရွေးချယ်စမ်းသပ်ရရှိသော မျိုးများကို နိုင်ငံ အများတွင် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့် များအဖြစ် ဆက်လက်စမ်းသပ်ရွေးချယ်နိုင်ရန် နိုင်ငံအသီး သီးနှင့် ပူးပေါင်းဆက်သွယ်သုတေသနပြုကြသည်။ အပြည် ပြည်ဆိုင်ရာ ပြောင်းဖူးနှင့် ဂျုံ သီးနှံသုတေသနဌာနသည် ၁၉၇၄ ခုနှစ် အတွင်းက ဂျုံဖြူမျိုးကောင်း ရွေးချယ်ရေး စမ်းသပ်ကွက်ပေါင်း ၁,၀၉၄ ကွက်ကို ၉၂ နိုင်ငံတွင်လည်း ကောင်း၊ ဂျုံနီမျိုး စမ်းသပ်ကွက် ၄၀၃ ကွက်ကို ၅၈ နိုင်ငံ

တွင်လည်းကောင်း၊ ထရီတီကေလီမျိုး စမ်းသပ်ကွက် ၃၂၂ ကွက်ကို ၇၅ နိုင်ငံတွင်လည်းကောင်း၊ ဘာလီမျိုး စမ်းသပ်ကွက် ၂၃၃ ကွက်ကို ၆၇ နိုင်ငံတွင်လည်းကောင်း၊ ပြောင်းဖူးမျိုး စမ်းသပ်ကွက် ၅၀၇ ကွက်ကို ၆၅ နိုင်ငံတွင်လည်းကောင်း ဆောင်ရွက်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာနသည် ၁၉၈၄ ခုနှစ်အတွင်းစပါးမျိုးရွေးချယ်ရေးစမ်းသပ်ကွက်ပေါင်း ၁,၃၀၁ ကွက်ကို ၅၅ နိုင်ငံတွင် ဆောင်ရွက်ခဲ့သည်။ စပါးမျိုးကို မျိုးအုပ်စုပေါင်း ၂၃ အုပ်စုအထိခွဲ၍ စမ်းသပ်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာ မိုးနည်းအပူပိုင်းဒေသ သီးနှံသုတေသန ဌာနသည် ၁၉၈၄ ခုနှစ်အတွင်း နှံစားပြောင်းမျိုး စမ်းသပ်ကွက်ပေါင်း ၇၅ ကွက်ကို ၃၅ နိုင်ငံတွင် လည်းကောင်း၊ ဆပ်မျိုး စမ်းသပ်ကွက်ပေါင်း ၁၈၀ ကွက်ကို ၁၁ နိုင်ငံ တွင် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ဤကဲ့သို့ အပြည်ပြည်ဆိုင်ရာ သုတေသနဌာနများနှင့် နိုင်ငံအသီးသီးတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အထွက်ကောင်းကောက်နှံမျိုးသစ်များ စဉ်ဆက်မပြတ် တိုးတက်ဖော်ထုတ် နိုင်ခဲ့ကြသည်။ နိုင်ငံအသီးသီး၌လည်း မိမိတို့နိုင်ငံ၏ ရေမြေရာသီဥတုနှင့် လိုက်လျောညီသည့် ကောက်နှံမျိုးများကို မိမိတို့ ဦးစားပေးအစီအစဉ်ဖြင့် ရွေးချယ်ဆောင်ရွက်ခြင်းဖြင့် မျိုးသစ်များ ဖော်ထုတ်လျက် ရှိကြသည်။

မုတ်သုံရာသီရှိသော တတိယ ကမ္ဘာနိုင်ငံများတွင် အရည်အသွေးရော အထွက်နှုန်းပါ မြင့်မားစေမည့် ကောက်နှံအထွက်တိုးသုတေသနကို ဖြိတ်နိုင်ငံ နော့တင်ဂမ် စိုက်ပျိုးရေးတက္ကသိုလ်၌ ပြုလုပ်နေပုံ



သားဆက်(၁)စပ်မျိုးသည် အထွက် အကောင်းဆုံး ရရှိနိုင်သည်။ မျိုးစေ့ စပ်ပြီးနောက် ပထမနှစ်တွင်သာ မျိုးအဖြစ် အသုံးပြုနိုင်သည်။ ဒုတိယနှစ်တွင် မျိုးကွဲ မြောက်များစွာ ထွန်းကားသဖြင့် မျိုးအဖြစ် ဆက်လက် အသုံးပြုမရပေ။ မျိုးစေ့ ကူးစပ်ရသည့် ကုန် ကျ စ ရိတ် ကြီးမြင့်သော်လည်း အထွက်နှုန်း သိသာစွာ ပိုမိုရရှိသဖြင့် တိုးတက်သော နိုင်ငံတိုင်းတွင် သားဆက်(၁)စပ်မျိုးများကို အသုံးပြုလာကြပြီ ဖြစ်သည်။ ပထမဦးဆုံး အသုံးပြုသည့် သားဆက်(၁) စပ်မျိုးသည် ပြောင်းဖူးမျိုး ဖြစ်သည်။ ယခုအခါ ဟင်းသီး ဟင်းရွက်များ၊ သစ်သီးဝလံများသာမက အုန်း၊ ကိုကိုး၊ ရာဘာ၊ ဆီအုန်း သီးနှံများတွင်လည်း ဤသားဆက် (၁) စပ်မျိုးကို အသုံးပြုလျက်ရှိကြပြီ ဖြစ်သည်။ ကောက်နှံပင်များတွင်လည်း နှံစားပြောင်း၊ဆပ်မျိုးများကို နိုင်ငံအချို၌ သားဆက်(၁) စပ်မျိုးများ ပြုလုပ်အသုံးပြုလျက် ရှိကြပြီဖြစ်သည်။ စပါး သားဆက်(၁)စပ်မျိုးကိုမူ တရုတ်ပြည်သူ သမ္မတ နိုင်ငံတစ်နိုင်ငံတည်းသာလျှင် ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ် စိုက်ပျိုးလျက်ရှိသည်။ တရုတ်ပြည်သူသမ္မတနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်အတွင်းက သားဆက်(၁) စပ်စပါးမျိုးဖြင့် စိုက်ပျိုး ထုတ်လုပ်သည့်ရေယာသည် ဟက်တာငါးသန်း ကျော်ရှိခဲ့၍ ယခုအချိန်တွင် ဟက်တာရှစ်သန်းကျော်အထိ တိုးခဲ့၍ စိုက်ပျိုးလျက်ရှိပြီဖြစ်သည်။ နှစ်စဉ်သားဆက်(၁) စပ် စပါးမျိုးထုတ်လုပ်ခြင်းသည် ဧရိယာတိုးခဲ့၍စိုက်ပျိုးရာ၌ အဓိက အခက်အခဲ ဖြစ်လျက်ပင်ရှိသည်။

စိုက်ပျိုးနည်းစနစ်များ

ကောက်နှံအထွက်တိုး သုတေသန အစီအစဉ်များတွင် အထွက်ကောင်းသည့် ကောက်နှံ မျိုး ကောင်း မျိုး သန့်များ ပေါ်ထွက်ရေးသည် အဓိက အရေးကြီးသည့် လုပ်ငန်းဖြစ်သည်။ အထွက်ကောင်း ကောက်နှံမျိုး ရွေးချယ်ရာတွင် ပင်ရပ်ပု၍ ပင်ပွားကောင်းသော သက်တမ်းငယ်သည့် ကောက်နှံမျိုးကို ရရှိရန်လိုကြောင်း လက်ခံလာကြပြီးသည့်နောက် မျက်မှောက်ကာလတွင် အထူးအထွက်ကောင်းသည့် ကောက်နှံမျိုးများတို့ စဉ်ဆက်မပြတ် ဖော်ထုတ် အသုံးပြုနိုင်ကြသည်။ ကောက်နှံအထွက်တိုး ရရှိစေရန် အထွက် ကောင်းမျိုးကို စိုက်ပျိုးရန် လိုသကဲ့သို့ ယင်းမျိုးနှင့် လိုက်ဖက်သော မှန်ကန်သည့် စိုက်ပျိုးနည်းစနစ်ကိုပါ သိရှိလိုက်နာဆောင်ရွက်ရန် လိုသည်။

စိုက်ပျိုးစနစ်များ သုတေသနပြုရာတွင် မှန်ကန်သော စိုက်ပျိုးချိန်ကို သိရှိရန် လိုအပ်သည်။ အထွက်ကောင်း ကောက်နှံမျိုးများ သက်တမ်းတိုကြသဖြင့် စိုက်ရိုးစိုက်ချိန်အစား အချိန်ပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း



ယူရိုးယား (ပုလဲ) ဓာတ်မြေဩဇာကို ထိရောက်စွာထည့်သွင်းပေးနိုင်သော ကိရိယာ

တွေ့ရှိကြသည်။ မိုးရာသီတွင်သက်တမ်းတိုသဖြင့် အပင်ကြီးထွားချိန်ကာလတွင် မိုးမရွာသည့်ရက်နှင့် မကြုံမိစေရန်၊ သက်လျင်စပါးစိုက်သည့်အခါ ပန်းပွင့်ချိန် ရင့်မှည့်ချိန်တွင် မိုးလွတ်ရန်၊ သက်တမ်းတိုသဖြင့်လည်း စပါးပျိုးထောင်စိုက်ပျိုးရာတွင် ပျိုးသက်မကြီးရင့်စေရန် အသင့်တော်ဆုံးပျိုးသက် ရက်တို့ကို သုတေသနပြု တွေ့ရှိခဲ့ကြသည်။ ပျိုးထောင် စိုက်ပျိုးခြင်းအစား တိုက် ရိုက် မျိုး စေ့ ချစိုက်ပျိုးနည်းကို တီထွင်စမ်းသပ်ကြသည်။ သက်တမ်းတိုသဖြင့် တစ်သီးစိုက်ပြီး သီးထပ်စိုက်ပျိုးခြိန်ရသောကြောင့် သီးထပ်စိုက်ပျိုးသည့် နည်းစနစ်များကို စမ်းသပ် သုတေသနပြု၍ သီးထပ်ဧရိယာများတိုးခဲ့စိုက်ပျိုးလာကြသည်။ စတင်စိုက်သည်မှ ရိတ်သိမ်းသည်အထိ အသက်ရက် ၁၀၅ ရက်သာ ရှိသော စပါးမျိုးများကို တစ်မိုးအတွင်း နှစ်သီးစား စိုက်လာကြသည်။ ပျိုးခင်း သီးသန့်ထောင်၍ စိုက်လျင် သွင်းရေရသော လယ်ကွက်တွင် တစ်နှစ်လုံး စပါးလေးသီးစား စိုက်ပျိုးရန် ဖြစ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိသည်။

ကောက်နှံပင်သည် ပင်ရပ်နိမ့်သောကြောင့် အပင်ယိမ်းနွဲခြင်းနည်းသဖြင့် လယ်ယာကွက်အတွင်း ကောက်ပင်ဦးရေ ပိုမိုဝင်ဆန့်သည်။ ကောက်နှံပင် စိပ်စိပ်စိုက်နိုင်သဖြင့် အထွက်တိုးနိုင်သည်။ သို့ရာတွင် လိုအပ်သည်ထက် ပိုမိုစိပ်ပါက အပင်များကျပ်ပြီး အထွက် နည်းသွား နိုင်သည်။ သို့ဖြစ်၍ မျိုးကိုလိုက်၍ အသင့်တော်ဆုံး အပင်ဦးရေ မည်မျှစိုက်သင့်သည်ကို သုတေသနပြု၍ မျိုးအလိုက်၊ ဒေသအလိုက် စိုက်သင့်သည့် အပင်ဦးရေကို သတ်မှတ်ပေးကြသည်။ သီးနှံပင်အား မြေဩဇာများများထည့်ပေး၍ကောက်နှံပိုမိုသီးသော်လည်း ပင်ရပ်နိမ့်သည့်အတွက် ပင်စည် တောင့်တင်းခိုင်မာပြီး အပင်ယိုင်လဲခြင်း မရှိချေ။ လေလွင့်မှုလည်း မရှိတော့ချေ။ သီးနှံအတွက် ဒေသအလိုက် လယ်ကွက်အတွင်းတွင် တည်ရှိနိုင်သည့် ရေအတိမ်အနက်ကိုလိုက်၍ သင့်လျော်သော ပင်ရပ်ရှိသည့် စပါးမျိုးများကို စမ်းသပ်သုတေသနပြုပြီး ရေအနေအထားနှင့် သင့်လျော်သော မျိုးများ ရွေးချယ် ပေးလျက်ရှိသည်။ အထွက်ကောင်း ကောက်နှံပင်တိုင်းကို စိပ်စိပ် စိုက်ပျိုးလာခြင်း၊ သီးနှံထွက်များ ပျမ်းမျှ နှစ်ဆခန့် ထွက်လာခြင်းတို့ကြောင့် ကောက်နှံပင်များသည် မြေဆီလွှာက


သြဇာခတ်မျှားကို ယခင်ကာလမျှားကထက် ပိုမိုစုပ်ယူစားသုံးလာကြသည်။ သို့ဖြစ်၍ မြေသြဇာ အသုံးပြုခြင်းနှင့် ပတ်သက်သော သုတေသနမျှား တိုးခဲ့ဆောင်ရွက်ကြသည်။

ဓာတ်မြေသြဇာ၏ အခန်းကဏ္ဍ

အထွက်ကောင်းသည့်သီးနှံမျှား တိုးတက်စိုက်ပျိုးလာသည်နှင့်အမျှ ဓာတ်မြေသြဇာသုံးစွဲမှုနှုန်း တိုးတက်လာကြသည်။ အထူးသဖြင့် ဖွံ့ဖြိုးပြီး နိုင်ငံမျှားတွင် စိုက်ပျိုးစရိတ် လုပ်အားခစရိတ် ကြီးမြင့်သဖြင့် လည်းကောင်း၊ ဓာတ်မြေသြဇာ ကိုယ်ပိုင် ထုတ်လုပ်နိုင်ကြသဖြင့် လည်းကောင်း ပိုမိုသုံးစွဲလာကြသည်။ ဖွံ့ဖြိုးဆဲ နိုင်ငံမျှားတွင် လုပ်အားခ သက်သာခြင်း၊ မြေသြဇာတန်ဖိုး ကြီးမြင့်ခြင်းတို့ကြောင့် ဓာတ်မြေသြဇာကို လေလွင့်မှု နည်းပါးသော အသုံးပြုနည်း၊ အကျိုးအရှိဆုံး အသုံးပြုနည်းတို့ကို သုတေသနတိုးခဲ့ ဆောင်ရွက်လာကြသည်။ အာရှတိုက်တွင် စပါးအမျှားအပြား စိုက်ကြသည်။ စပါးကို မိုးထဲရေထဲတွင် စိုက်ရပြီး မိုးထဲရေထဲတွင် ဓာတ်မြေသြဇာထည့်ရသဖြင့် လေလွင့် ဆုံးပါးမှု အမျှားဆုံးရှိကြောင်း တွေ့လာရသည်။ သို့ဖြစ်၍ လေလွင့်မှု လျော့နည်းစေရန် စိုက်တမန်းအတွင်းသို့ မြေသြဇာအရောက် ထည့်ပေးနိုင်သည့် မြေသြဇာချ ကိရိယာမျှား တီထွင်ခြင်းနှင့် ယင်းကဲ့သို့ ကိရိယာမျှားဖြင့် လွယ်ကူစွာ အသုံးပြုနိုင်ရန် အရွယ်ကြီးသည့် မြေသြဇာအလုံးမျှား ထုတ်လုပ်ခြင်းကို အောင်မြင်စွာ သုတေသနပြုနိုင်ခဲ့သည်။ ထို့ပြင် ရေထဲတွင် ပြည်းပြည်းချင်းသာ အရည်ပျော်စေရန် မြေသြဇာအလုံးမျှားကို ကန့်ပြင့်ဖုံးအုပ်ပေးခြင်း၊ တမာစေ့ဖတ် စသည့် သဘာဝပစ္စည်းမျှားနှင့် ဖုံးအုပ်ခြင်းတို့ကို စမ်းသပ် အသုံးပြုလျက်ရှိသည်။

သီးနှံပင်မျှား စားသုံးသည့် ဓာတ်မျှားအနက် အမျှားအပြားလိုအပ်သောဓာတ်သုံးမျိုးမှာ နိုက်ထရိုဂျင်၊ ဖော့စဖရပ်နှင့် ပိုတက်စီယံတို့ ဖြစ်ကြသည်။ နိုက်ထရိုဂျင်ဓာတ်ကို သဘာဝနည်းအလျောက် ကောက်နှံပင်မျှားက ရရှိစေရန် အောင်မြင်စွာ သုတေသနပြုလာကြသည်။ ယခင်က ပဲမျိုးနွယ် သီးပင်မျှားတွင်သာ ရိုင်ဇိုဘီယံ(Rhizobium)ခေါ် ဘက်တီးရီယားမျှားကို အသုံးပြု၍ လေထဲမှ နိုက်ထရိုဂျင်ဓာတ်ကို အပင်အတွက် မြေသြဇာ ဖြစ်စေသည်။ ယခုအခါ စပါးတွင် စိမ်းပြာရေညို (Blue Green Algae)နှင့်အဇိုလာ(Azolla)တို့ကို နိုက်ထရိုဂျင်မြေသြဇာအတွက် သုတေသနပြုတွေ့ရှိသဖြင့် မွေးမြူသုံးစွဲလာကြသည်။ ညပင်ကိုစပါးမစိုက်မီ လယ်ကွက်တွင် ပက်ကြဲ၍ ၄၅ ရက်သားခန့်တွင် မြေသြဇာစိမ်းအဖြစ် ထယ်ထိုးဖုံးအုပ်ပြီးမှ စပါးစိုက်ပျိုးလျှင် မြေသြဇာထည့်သကဲ့သို့ အထွက်တိုးသည်။ ပင်စည်ပေါ်တွင်အဖုငယ်(Nodule)ဖြစ်ပေါ်စေ၍လေထဲမှ နိုက်ထရိုဂျင်ကို ရယူနိုင်သော ညပင်မျိုးကိုတွေ့ရှိ သုတေသနပြုလျက်ရှိရာ ပိုမိုအာနိသင်ရှိသော မြေသြဇာစိမ်းပင်အဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ဂျုံ၊ ပြောင်းပူး၊ နှံစားပြောင်းစသည့် သီးနှံပင်မျှားကို မှီတွယ်၍ လေထုအတွင်း ပါဝင်သည့် နိုက်ထရိုဂျင်ကို အပင်အတွက်

စပါးအလေအလွင့်နည်း၍ မြန်မြန်ရိတ်သိမ်းနိုင်သည့် စပါးရိတ်စက်ငယ်





အလေအလွင့်သက်သာသော စပါးခြေစက်ငယ်

အာဟာရအဖြစ် ပြောင်းလဲပေးနိုင်သော အဇိုတိုဘက်တာ (Azotobacter)များ၊ အဇိုစပိုင်ရီလမ်(Azospirillum) များကိုလည်း သုတေသနပြု စမ်းသပ် အသုံးပြုလျက် ရှိသည်။


စိုက်ပျိုးထားသည့် သီးနှံများမှ အလေအလွင့် နည်းပါးစေရန် ဆောင်ရွက်သင့်သည့်နည်းများကိုလည်း သုတေသနပြုလျက် ရှိကြသည်။ စိုက်ပျိုးဆဲ အပင်များ ပိုးမွှားနှင့် ရောဂါကျရောက်ခြင်းကြောင့် ဖြစ်ပေါ်သည့် ဆုံးရှုံးမှုကို ကာကွယ်ရန် ပိုးမွှားဒဏ်၊ ရောဂါဒဏ် ခံနိုင်သော ကောက်နှံမျိုးများကို သုတေသနပြုလုပ်မွေးမြူ ရွေးချယ်သကဲ့သို့ ကျရောက်တန်သည့် ပိုးမွှားများ၊ ရောဂါများ၊ ယင်းတို့ ပွားစည်းပုံ၊ ဖျက်ဆီးပုံများကို လေ့လာ၍ ထိထောက်စွာ ကာကွယ်ပေးနိုင်သည့် ဓာတုဗေဒ ဆေးများ ပက်ဖျန်းနည်းများ၊ ပက်ဖျန်းသည့် ကိရိယာများတို့ကိုလည်း ဖော်ထုတ် သုတေသနပြု တွေ့ရှိခဲ့သည်။ ယခုအခါ ဓာတ်ခဲအား အသုံးပြု၍ ပိုးသတ်ဆေးကို ရေဖြင့်ရောစပ်ခြင်းမရှိဘဲ တိုက်ရိုက်လွယ်ကူစွာ ပက်ဖျန်းနိုင်သောဆေးနှင့် ဆေးဖျန်းကိရိယာများ ပေါ်ပေါက်လာသည်။ စိုက်ခင်းအတွင်း ပေါက်ရောက်သော ပေါင်းပင်များကို လေ့လာ၍လည်း လက် ဖြင့် လည်း ကောင်း၊ ကိရိယာဖြင့်လည်း ကောင်း၊ ဓာတုဗေဒ ဆေးများဖြင့်လည်းကောင်း နှိမ်နင်းနည်းများကိုတီထွင်စမ်းသပ်ကြသည်။ ပေါင်းလိုက်ကိရိယာ အမျိုးမျိုးကို တီထွင် ဖော်ထုတ် နိုင်ခဲ့သည်။ ပေါင်းသတ်ဆေးများတွင်လည်း သီးနှံမစိုက်မီ ပက်ဖျန်းရသော ဆေး၊ သီးနှံစိုက်ပြီး ပက်ဖျန်းနိုင်သောဆေးများအပြင် ကောက်နှံ

အလိုက် အကောင်းဆုံး အသုံးပြုနိုင်သော ပေါင်းသတ်ဆေးများ တီထွင်လာနိုင်ခဲ့သည်။ ရိတ်သိမ်းရာတွင် အလေအလွင့် နည်းပါးစေရန် ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် သင့်လျော်သော အသေးစား ကောက်နှံ ရိတ် စက် များ၊ ကောက်နှံခြေစက်များ တီထွင် အသုံးပြု လာကြသည်။ စပါး ခင်းကိုလူတစ်ယောက် တစ်နာရီလျှင် တစ်ကေ ရိတ်ပြီးနိုင်သော လက်တွန်းကောက်ရိတ်စက်ကို မြန်မာနိုင်ငံတွင် ၁၉၇၆ ခုနှစ်က အကျယ်အပြန့် စမ်းသပ်နိုင်ခဲ့သည်။ သို့လျှောင်ရာတွင် ပေါ်ပေါက်နိုင်သော အလေ အလွင့် ကာကွယ်ရေးဆိုင်ရာ သုတေသနများ ပြုလာကြသည်။ အလေအလွင့်နည်းပါးသော နည်း လမ်း များ ကို လည်း သုတေသနပြုလုပ် ဖော်ထုတ် ပေးခြင်းဖြင့် ကောက်နှံ အထွက်တိုးရေးကို သွယ် ဝိုက် ၍ အကျိုးပြုစေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရင်းနှီး မြှုပ်နှံနိုင်မှု အင်အား လျော့နည်းသဖြင့် ကောက်နှံ အထွက်တိုးရေး ဆောင်ရွက်ရာတွင် သီးနှံ စိုက်ပျိုး ထုတ်လုပ်စရိတ် အကုန်အကျ နည်း၍ အကျိုးအမြတ်များသော စိုက် ပျိုး နည်း စ နစ်များကို တစ်ပါတည်း သုတေသန ပြုကြသည်။ စိုက်ပျိုး ထုတ်လုပ်စရိတ် သက်သာစေရန် လုပ်ငန်း တွင်ကျယ်စွာ ပြီးစီးစေနိုင်သည့် မြေပြုပြင်သည့် ကိရိယာများ၊ ရေစုပ်စက်၊ ဆေးဖျန်းစက်၊ ရိတ်သိမ်းစက်၊ ကောက်ချေကိရိယာ စသည်များကို တီထွင်ခဲ့ကြသည်။ သုံးပေအမြင့်သို့ တင်လျှင် စက်အား ချင်းတူပါက ကူဘိုတာရေစုပ်စက်ထက် ရှစ်ဆကျော် ရေတင်နိုင်သော ရေစုပ်စက်များကို မြန်မာနိုင်ငံတွင် စမ်းသပ်လျက်ရှိသည်။

ကမ္ဘာ့လူဦးရေ တိုးတက်နေသည်နှင့်အမျှ ရိက္ခာဖူလုံမှု ရရှိနိုင်စေရန် ကောက်နှံအထွက်တိုးသုတေသနလုပ်ငန်းကို အစဉ်တစိုက် တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်သည်။ တက္ကသိုလ်အသီးသီးတွင်လည်း ကောက် နှံ အ ထွက် တိုး သုတေသနအတွက် အထူးလိုအပ်သော အခြေခံကျသည့် ပညာရပ်ဆိုင်ရာ သုတေသနများကို ဆောင် ရွက် နေ ကြသည်။ ဤကဲ့သို့ အပြည်ပြည်ဆိုင်ရာ သုတေသန ဌာနများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ တက္ကသိုလ်ကြီးများတွင် ဆောင်ရွက်တွေ့ရှိသည့် သုတေသနများသည် နိုင်ငံ အားလုံး အတွက် ဆီလျော်နိုင်မည် မဟုတ်သဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည်လည်း မိမိတို့နိုင်ငံ၏ ရာသီဥတု၊ ရေ၊ မြေ၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့နှင့် လျော်ညီသည့် သုတေသနများကိုလုပ်နေကြသည်။ သုတေသနလုပ်ငန်းများ၏ အောင်မြင်မှုပေါ်တွင် တည်မှီ၍ ကမ္ဘာ့ကောက်နှံ အထွက်တိုး လုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာနိုင်မည် ဖြစ်သည်။

ဦးအောင်ခင်



သိပ္ပံ၊ ယဉ်ကျေးမှုနှင့် အခြား သုတ ဆောင်းပါးများ

နံရံပန်းချီနှင့် ပုရပိုက်ပန်းချီ ဦးမင်းနိုင် ... ၅၉
ကျန်းမာရေးနှင့် အသက်ရှည်ရေး
ဒေါက်တာ မောင်မောင်ညို ၆၇
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဥပဒေများ
တက္ကသိုလ် တင်အေးကြည် ၇၈
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ်
တားဆီးကာကွယ်ရေး ဦးဉာဏ်ဝင်း ၈၆
ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သော
ကဇာတ်များ ဗိုလ်ကျော်ဆန်း ၁၀၀
လေကြောင်းပို့ဆောင်ရေး ဦးမျိုးမြင့်သောင်း ...၁၀၉



မြန်မာနိုင်ငံတွင် အစောဆုံးတွေ့ရသော ပုဂခေတ်နရဆေးရေးပန်းချီ


နံရံပန်းချီနှင့် ပုရပိုက်ပန်းချီ

ရိုးရာပန်းအနုပညာ

နံရံပန်းချီ

နံရံပေါ်တွင် ဆေးရောင်စုံဖြင့် ရေးခြယ်သည့်အတွက် နံရံပန်းချီဟူ၍ အကြမ်းဖျင်းအားဖြင့် မှတ်ယူနိုင်ပေသည်။ မြန်မာနိုင်ငံ၌ အစောဆုံး နံရံဆေးရေး ပန်းချီများကို ပုဂံခေတ် ဂူ၊ ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်းတို့တွင် တွေ့ရှိရသည်။ ခေတ်အားဖြင့် ၁၁ ရာစုသည် အစောဆုံး ဖြစ်သည်။ အထူးသဖြင့် ဂူဘုရားတို့တွင် နံရံပန်းချီများကို အများဆုံး တွေ့ရှိရသည်။

ဂူဘုရားများမှာ သဘာဝ လိုဏ်ဂူသဏ္ဌာန် အတွင်း၌ မှောင်မိုက်နေသော ဂန္ဓကုဋိတိုက် ရှိသည်။ ယင်း၏ ပတ်လည်တွင် စင်္ကြံကျဉ်းကျဉ်း ရှိသည်။ မုခ်အဝင်ဝတွင် အာရုံခံရှိသည်။ ဂန္ဓကုဋိတိုက်၊ စင်္ကြံနှင့် အာရုံခံတို့၏ နံရံများသည် ပန်းချီရေးခြယ်ရန်အတွက် အကွက်ကောင်းများ





ပုဂံခေတ် စေတီပုထိုးမုခ်ဝနံရံတို့တွင်တွေ့ရလေ့ရှိသော ဘီလူးပန်းဆွဲကနုတ်ပန်းချီ

ဖြစ်ကြသည်။ ပုဂံခေတ် ကျောက်စာများတွင် ဂူဘုရား တည်သည့်အခါ အတွင်း၌ အတင့်အတယ် ဆေးရေးကြောင်း၊ ပန်းချီသမားများအား လုပ်ခပေးရကြောင်းကို မှတ်တမ်းတင်လေ့ရှိသည်။

အိန္ဒိယနှင့် သီဟိုဠ်တို့မှ ကူးပြောင်းရောက်ရှိလာသော ဗုဒ္ဓသာသနာကို အကြောင်းပြု၍ ဘုရား၊ ပုထိုး၊ ဂူ၊ ကျောင်း၊ တန်ဆောင်းတို့ကို ဆောက်လုပ်လှူဒါန်းကြရာမှ နံရံပန်းချီ ရေးခြယ် မှုံးမံမှုများ တစ်စတစ်စ ခေတ်စား လာခဲ့ခြင်း ဖြစ်ပေသည်။ များသောအားဖြင့် ဗုဒ္ဓဝင်နှင့် နိပါတ်တော်များ၊ အဋ္ဌကထာနှင့် ဋီကာများတွင် ပါရှိသည့် အကြောင်းအရာများ၊ နှစ်ကျိပ်ရှစ်ဆူ မြတ်စွာဘုရားတို့၏ ဗျာဒိတ်ခန်းနှင့် ပဉ္စရာ ဗောဓိပင်များ၊ သာသနာပြုပုံနှင့် မဟာယဉ်ဂိုဏ်းဆိုင်ရာတို့ကို ရေးခြယ်လေ့ ရှိကြသည်။

ရှေးဟောင်းသုတေသနဌာနမှ ပညာရှင်များက ပုဂံခေတ် နံရံပန်းချီများကို အောက်ပါအတိုင်း အမျိုးအစား ခွဲခြား ပြသထားပေသည်။

(က) ဗုဒ္ဓဝင်နှင့် ရုပ်ပွားတော်များ၊
(ခ) ငါးရာ့ငါးဆယ် ဇာတ်တော်များ၊
(ဂ) မဟာယာနနှင့် တန္တရပန်းချီများ၊
(ဃ) နတ်ရုပ်၊ ဗြဟ္မာရုပ်များ၊
(င) ပုဂံခေတ် လူပုံများ၊
(စ) အတီးအမှုတ်၊ အကအခုန်ပုံများ၊
(ဆ) ကနုတ်ပန်းများ၊
(ဇ) တိရစ္ဆာန်များ။

အထက်ပါ အမျိုးအစားများအနက် ပုဂံခေတ်တွင် ခေတ်အစားဆုံးမှာ ငါးရာ့ငါးဆယ် ဇာတ်တော်များကို သရုပ်ဖော် ရေးခြယ်ခြင်း ဖြစ်ပေသည်။

နံရံပန်းချီသည် မျဉ်းကြောင်းကို အခြေခံသောပန်းချီ ဖြစ်သည်။ မျဉ်းကြောင်းနှင့် အရောင်ဟူ၍ နှစ်မျိုးရှိသည့် အနက် မျဉ်းကြောင်းက ပို၍အဓိကကျသည်။ ထိုသဘောကို အာရုံ ပန်းချီတွင် အထင်အရှား တွေ့ရပေသည်။ မျဉ်းကြောင်းကို အရောင်သွင်းရာတွင် အနက်နှင့် အနီကို အများဆုံး သုံးလေ့ရှိသည်။ ထိုအရောင်နှစ်မျိုးတွင် အနက်သည် မူလ အခြေခံ အရောင် ဖြစ်သည်။ အနီရောင် မျဉ်းကြောင်း သို့မဟုတ် ကောက်ကြောင်းကိုမူ နောက်ခေတ်များတွင်မှ ရေးဆွဲ အသုံးပြုကြောင်း သိရသည်။

မိကျောင်းတူရိယာတီးဟန်ကို ဖရက်စကိုနည်းဖြင့် ရေးခြယ်ထားသော အင်းဝခေတ် နံရံပန်းချီ





ရှေးဟောင်းပန်းချီပညာရှင်များသည် မူလအရောင်အဖြစ် အဝါ၊ အပြာနှင့် အနီကို အခြေခံ၍ ရေးဆွဲကြသည်။ ဤစနစ်သည် ၂၀ ရာစု ပန်းချီပညာရှင်များ ရွေးချယ်သတ်မှတ်ထားသည့် အရောင်သီဝရီမှ မူလအရောင်များနှင့် ထပ်တူဖြစ်ပေသည်။


ဆေးရောင်ဖော်စပ်ရာ၌ မြေကြီးမှရရှိသောအရောင်နှင့် သစ်ပင်၊ သစ်ခေါက်၊ ပန်းပွင့်တို့မှ ရရှိသောအရောင်ဟူ၍ အကြမ်းဖျင်းအားဖြင့် နှစ်မျိုးရှိသည်။ ပညာရှင်အချို့က ဓာတ်သတ္တုများမှ ရရှိသော အရောင်ကိုပါ ထည့်သွင်းပြသည်။ ယင်းအရောင်မျိုးကို နှောင်းခေတ် နံရံပန်းချီများတွင်မှ အသုံးပြုကြောင်း သိရသည်။ ဆေးအမျိုးအစားအနေဖြင့် အာရှနှင့် အရှေ့ဖျားနိုင်ငံများတွင် အစဉ်တစိုက် သုံးစွဲခဲ့သည့် ရေဆေးကိုပင် အခြေပြု၍ သုံးစွဲသည်။ ပုဂံခေတ် နံရံပန်းချီတွင် နီ၊ ဝါ၊ ညို၊ နက်နှင့် အဖြူရောင်များကို အဓိကထား၍ ရေးခြယ်ခဲ့ရာ အိန္ဒိယနိုင်ငံမှ ကမ္ဘာကျော် အဇန္တလိုဏ်ဂူတွင် အစောဦးပိုင်း ရေးခြယ်မှုနှင့် ကိုက်ညီလေသည်။ ထို အစဉ်အလာသည် ကုန်းဘောင်ခေတ် တိုင်အောင် ခိုင်မြဲခဲ့ပေသည်။ ၁၁ ရာစုမှ ၁၃ ရာစုအတွင်း ရေးခြယ်သည့် နံရံပန်းချီများတွင် အနက်၊ အနီ၊ အဝါနှင့် အဖြူကို အများဆုံးတွေ့ရပြီး အစိမ်းနှင့် အပြာကို ခပ်မှိန်မှိန် ခပ်ဖျော့ဖျော့ ကြိုးကြား ကြိုးကြား တွေ့ရကြောင်းနှင့် ၁၇ ရာစုမှ ၁၉ ရာစု နံရံပန်းချီများတွင်သာ အစိမ်းနှင့် အပြာကို တောက်တောက်လွင်လွင် တွေ့ရကြောင်း သုတေသီများက မှတ်ချက်ချကြသည်။ ပုဂံ၊ ပင်းယ၊ အင်းဝ ခေတ်များတွင် လုံးဝ မတွေ့ရသည့် မဲနယ်ပြာနှင့် ခရမ်းရောင်၊ မရမ်းရောင်များကိုလည်း ရတနာပုံခေတ်တွင်မှ တွေ့ရပေသည်။

နံရံပန်းချီ ရေးခြယ်ရာ၌ နည်းစနစ်သုံးမျိုးရှိသည်။ "ဖရက်စကို" "စက်ကို" နှင့် "တင်ပရာ" နည်းများ ဖြစ်ကြသည်။ ဖရက်စကိုမှာ အကြမ်းဖျင်းအားဖြင့် နံရံမှအင်္ဂတေများကို ဖယ်ရှားပြီး ပလာစတာများ (သွားစိုက်ဆရာများ အသုံးပြုသည့် ပလာစတာမျိုး) ဖြင့် လည်းကောင်း၊ ပလာစတာနှင့် သဲ၊ ထုံး၊ ရွံ့၊ ကျောက်မှုန့်စသည်တို့ကို အချိုးကျရောစပ်၍လည်းကောင်း၊ အောက်

ခံမျက်နှာပြင် ပြုလုပ်ကာ အစိုဓာတ် မခြောက်သွေ့မီ အကွက်စိကန့်၍ ရေးရ၊ ခြယ်ရသောနည်းမျိုးဖြစ်သည်။ ရေးဆွဲထုတွင် မြေမှုထွက်သော ဆေးထောင်များကိုသာ သုံးစွဲရပြီး ယင်းဆေးများကို ထုံးရောကြည် သို့မဟုတ် ရေဖြင့် သင့်လျော်အောင် ဖျော်စပ် ရေးခြယ်ရသည်။ ဤနည်းကို အီန္ဒိယနှင့် ဥရောပနိုင်ငံများတွင် အသုံးပြုလေ့ရှိသည်။ "တင်ပဏ" ဆိုသည်မှာ ပလာစတာ သို့မဟုတ် အင်္ကတေတစ်မျိုးဖြင့် အသင့်ပြုပြင်ထားသော နံရံကို အခြောက်ခံ၍ ကြက်ဥ၏အကာရည် သို့မဟုတ် ကော်ရည်တစ်မျိုးဖြင့် ရောစပ်ရေးခြယ်ရသော နည်းဖြစ်သည်။ ထိုနည်းမျိုးကို ထိုင်းနှင့်သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံများတွင် သုံးစွဲလေ့ရှိသည်။

"စက်ကို" နည်းဆိုသည်မှာ ဖရက်စကိုနည်းကို တုပသော နည်းတစ်မျိုး ဖြစ်သည်။ ရှေးဦးစွာ ဖရက်စကို ရေးခြယ်မည့်နံရံကဲ့သို့ အသင့်ပြုပြင်ထားပြီးသော နံရံပေါ်တွင် ထုံးရည်ကြည်ဖြင့် စိုစွတ်အောင် သုတ်လိမ်းပြီး နောက် ထုံးရည်ကြည်မခြောက်မီ ရေးခြယ်မည့်ဆေးကို ကော်ရည်တစ်မျိုးဖြင့် ဖျော်၍ ရေးခြယ်ရသော နည်းဖြစ်သည်။ စုတ်တံသေးသေးဖြင့် ဆေးသားပါးပါးချောချောရေးဆွဲရသည်။ ဆေးအနေဖြင့် ယခုခေတ် ပိုစတာရေးခြယ်သော ဆေးများကဲ့သို့ တစ်ရောင်ပေါ်တွင် တစ်ရောင်ထပ်ပြီး ရေးခြယ်နိုင်ပေသည်။ ထို့ကြောင့် အနက်ခံပေါ်တွင် အဝါ၊ အနီ စသည့် အရောင်များတဲ့ဖက် ရေးခြယ်ထားသည်ကို တွေ့ရသည်။ ပုဂံခေတ် နံရံပန်းချီများတွင် တင်ပဏ နည်းကို အသုံးပြုကြောင်း မှတ်ချက်ပေးသည့် ပညာရှင်အချို့ရှိသလို အချို့ပညာရှင်များက စက်ကို နည်းကို အသုံးပြုကြောင်း မှတ်ချက်ပေးကြပေသည်။

မြင်းတစ်ကြွန်အင်လက္ခဏာအမျိုးမျိုးကို ရေးထားသော ပုရပိုက်ပန်းချီ (ရွှေနန်းလက်သုံး ပုရပိုက်မူ)





မြင်းခင်းသဘင် ဆင်ယင် ကျင်းပပုံကို ရေးဆွဲထားသော ပုရပိုက် ပန်းချီ (ဦးကြာညွန့်၏ ပုရပိုက်မူ)

နံရံပန်းချီများသည် ပုဂံခေတ်တွင် ၁၁ ရာစုမှ ၁၃ ရာစု အထိ ထွန်းကားပြီး ၁၆ ရာစုမှ ၁၇ ရာစု၊ ဒုတိယ အင်းဝခေတ်တွင် ဆက်လက်ထွန်းကားပြန်သည်။ ကုန်းဘောင်ခေတ်ဦး ဖြစ်သည့် ၁၈ ရာစုနှင့် အမရပူရနှင့် ရတနာပုံ ၁၉ ရာစု ခေတ်များတွင်လည်း နံရံပန်းချီများ ဆက်လက်ရှင်သန်လျက်ရှိပေသည်။ သို့သော် ပုဂံခေတ်ကဲ့သို့ နံရံပန်းချီများ တွင်ကျယ်ဖွံ့ဖြိုးခြင်းမရှိပေ။

ပုဂံခေတ် နံရံပန်းချီများကို ပုဂံဌာသမက စလေ၊ မြင်ကွန်း စသည့်အရပ်များတွင်လည်း တွေ့နိုင်သည်။ အင်းဝနှင့် ကုန်းဘောင်ခေတ် မင်းများလည်း ပုဂံသို့ လာရောက်ပြီး ကုသိုလ်ပြုကြသဖြင့် အင်းဝနှင့် ကုန်းဘောင်ခေတ် နံရံပန်းချီတချို့ ပုဂံကွင်းကျန်ရှိသည်။ အင်းဝ၊ စစ်ကိုင်း၊ မုံရွာ၊ အမရပူရနှင့် မန္တလေးမြို့နယ်များတွင်လည်း အင်းဝနှင့် ကုန်းဘောင်ခေတ် နံရံပန်းချီများကို မြင်တွေ့နိုင်ပေသည်။

ဗုဒ္ဓယဉ်ကျေးမှုကို အခြေပြု၍ ပြန့်ပွားထွန်းကားလာခဲ့သော အနုပညာရပ်များအနက်၊ နံရံပန်းချီများ ရေးခြယ်၍ တန်ဆာဆင်ခြင်းသည် မြန်မာ့ပန်းချီသမိုင်းတွင် မှတ်တိုင်တစ်တိုင် စိုက်ထူလိုက်ခြင်းပင် ဖြစ်ပေသည်။

ပုရပိုက်ပန်းချီ

ပုရပိုက်တွင် ရေးခြယ်သည့် ပန်းချီတစ်မျိုးဖြစ်သည်။ နံရံပန်းချီ ပေါ်ထွန်းလာပြီးသည့် နောက်ပိုင်းတွင်မှ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ရာ ရှေးရိုးမြန်မာ့ပန်းချီ၏ ဒုတိယ အဆင့်ဟူ၍ မှတ်ယူနိုင်ပေသည်။ အင်းဝခေတ်တွင် မြန်မာတို့သည် ပုရပိုက်များကို စတင် စမ်းသပ် လုပ်ကိုင်ကြပြီး ဖြစ်ရာ ပုရပိုက်တွင် ပန်းချီရေးခြယ်မှုသည် အင်းဝခေတ်ထက် စောသည်ဟူ၍ မဆိုနိုင်ပေ။

ရိုးရာပန်းချီသည် ရေးရိုးရေးစဉ် နံရံပေါ်တွင် ရေးခြယ်ခဲ့ရာမှ စက္ကူပေါ်သို့ ပြောင်းလဲလာခဲ့ခြင်း ဖြစ်ပေသည်။ ပုရပိုက်ပန်းချီ ပေါ်ထွန်းသည့် ခေတ်သည် ပုဂံပျက်သုဉ်း၍ ရှမ်းအနွယ်များ ကြီးစိုးသည့် ခေတ် ဖြစ်သည်။ ဂုံစက္ကူများကို ပုရပိုက်အဖြစ် တိထွင်စမ်းသပ် အသုံးပြုရာတွင် ရေးဆွဲရသည်မှာ ဝန်ပေါ့ခြင်း၊ စာအုပ်အဖြစ် အသုံးပြုနိုင်ခြင်းများကြောင့်လည်း ဖြစ်ပေသည်။ မြန်မာတို့သည် ပုရပိုက်ကို စတင်စမ်းသပ်သုံးစွဲနေချိန်၌ တရုတ်နှင့် ဂျပန်တို့သည် စက္ကူကို တွင်တွင်သုံးစွဲ ရေးခြယ်နေကြပြီ ဖြစ်သည်။ တရုတ်၊ ဂျပန်နှင့် တိဗက် ပန်းချီဆရာတို့သည် စက္ကူပေါ်တွင်သာမက ပိတ်နှင့်ပိုးဖျင် များပေါ်တွင်လည်း ပုံအမျိုးမျိုးကို ရေးခြယ်နေကြပြီ ဖြစ်ပေသည်။

အင်းဝခေတ်တွင် ပုရပိုက်ပန်းချီ ပေါ်ပေါက်လာသော်လည်း ပုရပိုက်ပန်းချီသည် လူထုလက်ထဲသို့ ရောက်ပုံမရ

သေးပေ။ ပုရပိုက်ပန်းချီကို နန်းတွင်းဌာန စတင်အသုံးပြုဆဲကာလ ဖြစ်ပေသည်။ ထို့ကြောင့် ဧတီပုထိုးတို့တွင် နံရံဆေးရေးပန်းချီလက်ရာများကို ကြိုးကြား ကြိုးကြား တွေ့ရဆဲ ဖြစ်ပေသည်။

ကုန်းဘောင်ခေတ်တွင် ပုရပိုက်များကို တစ်စတစ်စ အသုံးများလာကြရာ ပုရပိုက် များ သည် ပုံနှိပ် စာအုပ် အစား ရွေးပြေးစာအုပ်အဖြစ် တွင်ကျယ် လာလေသည်။ ဘုန်းတော်ကြီးများနှင့် ပညာသည်များက မှတ်စုများ ရေးသားရာတွင်လည်းကောင်း၊ ရွေးဟောင်းကျမ်းများကို မူပွားရာတွင်လည်းကောင်း၊ ယင်းပုရပိုက်များကို တစ်စ တစ်စ အသုံးပြုလာကြသည်။ ထို့ကြောင့် ဗုဒ္ဓစာပေနှင့် လောကီကြောင်းဆိုင်ရာ စာပေများကို ပေထက် အကွာရာ တင်ခဲ့ကြရာမှ ကုန်း ဘောင် ခေတ် တွင် ပုရပိုက် များဖြင့် ကူးခြင်းရေးခြင်းများ ခေတ်စားလာသည်။ ပုရပိုက် တစ် ဆူသည် ပျမ်းမျအားဖြင့် အနံ ရှစ်လက်မ၊ အလျား ၁၀ လက်မခန့် ရှိသည်။

အကြမ်းဖျင်းအားဖြင့် ပုရပိုက်အနက်နှင့် ပုရပိုက်အဖြူ ဟူ၍ ပုရပိုက်နှစ်မျိုးရှိသည်။ ပုရပိုက်အနက်တွင် ရွှေမြန်မာ ပန်းချီဆရာများသည် ကံ့ကူဆံဖြင့် တစ်ကြောင်းဆွဲ ကောက်ကြောင်း ပုံကြမ်းများ၊ စနစ်ပုံ မြေပုံနှင့် ပန္နက်ပုံများကို ရေးဆွဲလေ့ရှိကြပြီး ပုရပိုက် အဖြူတွင်မူ ဆေးရောင်စုံဖြင့် အကြောင်းအရာအမျိုးမျိုးကို ရေးခြယ်လေ့ ရှိကြသည်။ပဒေသရာဇ် ကေရာဇ်တို့၏ ခေတ်မျိုး၌ ပုရပိုက် ပန်းချီကို နန်းတွင်းမှတ်တမ်းတင် ပန်းချီဟု ခေါ်ဆိုနိုင် ပေသည်။ရွှေနန်းတွင်း ပန်းချီတော်များသည် လွှတ်တော် မှ အမိန့်အရ ပုရပိုက်အဖြူတွင် ဆေး ပန်း ချီ ခြယ်မှုန်း၍ မှတ်တမ်းတင်ကြရပုံကို အောက်ပါ မင်းတုန်းမင်း လက် ထက် ဆင့်စာတစ်ရပ်ကို ထောက်ရှု၍ သိနိုင်ပေသည်။

> "ရွှေတိုက်ဝန်၊ ရွှေတိုက်ကြပ်၊ ရွှေတိုက်စာရေးတို့ သိဟိုဠ်ကျွန်းသို့ သိမ်ပုံရေးပေးရန် အင်္ဂလိပ်စကား ချပ် ရေ ၂၀၊ ခဲတံ ၁၊ ဟသ်ပြဒါး၊ မြေဖြူ မြေနီ၊ မဲနယ် ၂ ကျပ်၊ ဆေးဒါန်း၊ တမာစေး ၂ ကျပ်၊ မင် ၂ ကျပ် စီနှင့် ဆေးဖျော်ရန် ပန်းကန်လုံးရေ ၁၀ ကို သာသနာပြု ဆရာတော်အမိန့်နှင့် တောင်းတော်မူ သည် ဖြစ်၍ ရေးစေမည့်သူ၊ ပန်းချီအမှူထမ်း ကျော်ထင် နော်ရထာထုတ်ယူလာလျှင်မှတ်သားထုတ်ပေးရမည်။ ၁၂၂၀ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့ ပန်းချီအမှူထမ်း ကျော်ထင်နော်ရထာကိုအပ်"

ပုရပိုက်အမျိုးမျိုးကို ရွှေးပန်းချီတော် အစဉ်အဆက် ရေးခြယ်ခဲ့ကြရာ–

၁။ ရွှေနန်းလက်သုံး ပုရပိုက်အမျိုးမျိုး (စော်ဘွား စော်ခံများအားဘွဲ့တံဆိပ်၊အဆောင်အရွက်၊အစီး အနင်းပေးရာတွင် ရွှေနန်းလက်သုံး ပုရပိုက်များကို မိတ္တူပွား၍ ပေးလေ့ရှိသည်။)

၂။ ဆင်၊ မြင်းတို့၏ ကြန်အင်္ကျီအမျိုးမျိုး၊

၃။ နေ၊ လ နက္ခတ်စသည့် အာကာသ သျှတ္တရဆိုင်ရာ အမျိုးမျိုး၊

၄။ ဇာတ်၊ နိပါတ်အမျိုးမျိုး၊

၅။ ဗုဒ္ဓဝင်ဆိုင်ရာအမျိုးမျိုး၊

၆။ မြေပုံအမျိုးမျိုး၊ ပန္နက်ပုံအမျိုးမျိုး၊

၇။ ဇာတာတော်ပုံအမျိုးမျိုး၊

၈။ ပန်းအမျိုးမျိုး၊ ငါးအမျိုးမျိုး၊

၉။ ခေးရေး၊ လှံရေး၊ အဲမောင်းရေးအမျိုးမျိုး၊

၁၀။ ၁၂ ရာသီပွဲအမျိုးမျိုး၊


၁၁။ ထွက်တော်မူ အခမ်းအနားအမျိုးမျိုး၊


၁၂။ မြင်းမိုရ်တောင်နှင့်တကွ ဘုံအဆင့်ဆင့်ကို ပြသည့် ပုံအမျိုးမျိုး၊

၁၃။ ဆင်များကို ကျုံးသွင်းပုံ အမျိုးမျိုး၊

၁၄။ အပျိုတော်တစ်ရာ ပုရပိုက်၊

ထမ်းစင်ပုံ ပုရပိုက်ပန်းချီ (ရွှေနန်းလက်သုံး ပုရပိုက်ပန်းချီ)





ဆင်ဖမ်း၍ ယဉ်ပါးအောင် သိမ်းသွင်းနေပုံကို ရေးဆွဲထားသော ကုန်းဘောင်ခေတ်ပုရပိုက်ပန်း ချီ

၁၅။ မောင်းမလက်သုံး ပုရပိုက်၊
၁၆။ ကနုတ်ပန်းအမျိုးမျိုး၊
၁၇။ ဖောင်တော်အမျိုးမျိုး၊
၁၈။ ပေဒင်ဆိုင်ရာ ပုံအမျိုးမျိုး စသည် တို့နှင့် တကွ မြန်မာမှုအဖုံဖုံကို ရေးခြယ် ဖော်ပြထား သည့် ပုရပိုက် အမျိုးမျိုး ရှိပေသည်။ ယင်းပုရပိုက်များအပြင် ကြေးပြားတွင် သံကညစ်ဖြင့် အရုပ်အမျိုးမျိုးကို ကောက်ကြောင်းများထွင်းကာ သရုပ်ဖော်ထားသည့်ကြေးပုရပိုက်များလည်း ရှိပေသည်။


အထက်ဖော်ပြပါ ပုရပိုက်များအနက် ရွှေနန်း လက်သုံး ပုရပိုက်များသည် ထူးခြားစုံလင်၍ စိတ်ဝင်စားဖွယ်ကောင်းသည်။ ရွှေနန်းလက်သုံး ပုရပိုက်များကို ရေးခြယ်ရာ၌ ရွေး ရိုး စဉ် လာ ထီးမူ နန်း ရာ ကိစ္စ ရပ် များ နှင့် မျက်မှောက်ခေတ် မင်း၊ မှူးမတ်တို့၏ ပြုမူဆောင်ရွက်ပုံများကို ပိုင်းခြား၍ရေးခြယ်မှတ်တမ်းကင်ထားခြင်းမှာ ထူးခြားချက်တစ်ရပ်ဖြစ်သည်။ "သုနာပရန်၊ တမွဒီပတိုင်းကြီးနှစ်တိုင်းတို့၏ အချက်အချာဦးစွန်း မကိုင်္ဂသဖွယ် ဖြစ်သော ၁၂ နှစ်တိုင်တိုင် တိုင်းနေပြည်သူတို့အား ညှဉ်းပန်းနှိပ်စက်နှောင့်ယှက်ဖျက်ဆီးသော ငှက်ကြီး၊ ကျားကြီး၊ ဝက်ကြီး၊ ရှူးပုံ၊ ဗူးဟူသော ရန်သူငါးဦးတို့ကို စောမင်းနေနတ် ပျ။မင်းမြတ်သည် ခွင်းသတ်အောင်မြင်ရာတွင် အရိမဒ္ဒနာဟူသော အမည်ဖြင့် ထင်ပေါ်ကျော်စောစွာသော ပေါက္ကံရာမ ပုဂံပြည်ကြီးတွင် ရွေးမင်းတို့လက်ထက် သမီးတော်၊ တူမတော်၊ မြေးတော်တို့နှင့်တကွ မိဖုရား၊ မောင်းမမိသီတို့၌ ဆင်ယင်ထုံးမြိတ်ရိုးဖြစ်သော ဆံထုံးတော် ၅၅ မျိုးနှင့်တကွ" ဟူ၍ ရွှေနန်းလက်သုံး ပုံစံများ၏ အစတွင် နိဒါန်းချီလေ့ရှိသည်။

ရွှေနန်းလက်သုံး ပုရပိုက်များကို အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော် အသည်ဝန်၊ တိုင်တားမြို့စား မင်းကြီး မဟာသီဟသူရသည် မြောင်လှမြို့စား၊ နိုင်ငံခြားဝန်ထောက်တော်မင်း၊ မင်းကြီး သီရိမဟာဇေယျသူသို့ ပေးအပ်ခဲ့ရာမှကောဇာသက္ကရာဇ် ၁၂၄၂ ခုနှစ်တွင်နိုင်ငံခြားဝန်ထောက်မင်း မကျန်းမမာဖြစ်သဖြင့် ဝန်ထောက်တော်ဝက်မစုတ်မြို့စား မင်းကြီး မင်းထင် မဟာစည်သူကို ပေးအပ်ခဲ့သည်။ ဝက်မစုတ် ဝန်ထောက်မင်း၏မူကို ပညာရှင်များနှင့်ဗဟုသုတ လိုလားသူများက အဆင့်ဆင့်ကူးယူ၍ မူပုံဆွဲခဲ့ကြရာ ရွှေဟောင်း သုခတသန ဦးစီးဌာနတွင် ရွှေနန်းလက်သုံး ပုရပိုက်ငါးဆူတွဲတစ်စုံ ထိန်းသိမ်းထားပေသည်။ မင်းတုန်းမင်းဘုရားကြီးလက်ထက်တွင် ရွှေနန်းတော်အတွင်း၌ သားအဖြစ် အသိအမှတ်ပြု ချီးမြှင့်မြောက်စားခြင်းခံရသူ ညောင်ရွှေစော်ဘွားကြီး ဆာစောမောင်သည် ပုရပိုက်တစ်စုံ လက်ခံရရှိဖူးပေသည်။ ယင်းပုရပိုက်တို့သည် နှစ်ကာလကြာညောင်း၍ ဟောင်းမြေလာခဲ့သည်တွင် နောင်လာ နောက်သား အမျိုးလေးပါးတို့ မှတ်သားသိထင်စေရန်အတွက် စော်ဘွားကြီး ဆာစောမောင်က ပန်းချီဆရာ များအား ထိုက်သင့်သည့် ဆုတော်ငွေများ ချီးမြှင့်၍ ထပ်မံရေးကူးစေခဲ့ရာမှ ဒုတိယမူပုံများ ပေါ်ထွက်လာခဲ့ပေသည်။

မြန်မာ့ပန်းချီသမိုင်းကို ခေတ်ပိုင်းခြား ပါက ကုန်းဘောင်ခေတ်ကို ပုရပိုက် ပန်းချီခေတ်ဟု မှတ်ယူ နိုင်ပေသည်။ မင်းတုန်းမင်းတရားကြီး လက်ထက်တွင် ရွှေရေးပန်းချီ၊ဆေးရေးပန်းချီ၊ ပန်းချီတော်၊ ပန်းချီတော်ခေါင်း၊ ပန်းချီတော်အုပ်ဟူ၍ အဆင့်ဆင့်ခန့်ထားခဲ့ပြီး ပန်းချီအမှုထမ်းများနေထိုင်ရန် ပန်းချီဝင်းဟူ၍ နေပြည်တော်တွင် သီးခြားရပ်ကွက်တစ်ခု ရှိခဲ့ဖူးသည်။

မင်းနိုင်





ကျန်းမာရေးနှင့် အသက်ရှည်ရေး

ဆေးပညာ

ယနေ့ခေတ်သစ်တွင် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးက "ကျန်းမာခြင်းဆိုသည်မှာ လူသားများအနေဖြင့် ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခ ဆိုသော သုခကြီးသုံးပါးဖြင့် ပြည့်စုံသည်သာမက ရောဂါအန္တရာယ်အပေါင်း ကင်းစင်ခြင်းနှင့် မသန်မစွမ်းဖြစ်ခြင်းတို့မှလည်း ကင်းဝေးခြင်းကို ဆိုလိုပေသည်" ဟူ၍ အဓိပ္ပာယ် ဖွင့်ဆိုလေသည်။

ကျန်းမာခြင်းမှာ သက်ရှိလူသားတိုင်း၏ ရပိုင်ခွင့်ဟူ၍ သတ်မှတ်ထားပေသည်။ သို့ဖြစ်၍ ၁၉၇၆ ခုနှစ်က ကမ္ဘာ့ ကျန်းမာရေးဆောင်ပုဒ်ကို "ကျန်းမာသမှု၊ နေ့စဉ်ပြု၊ လူတိုင်းရမည့်ဆု" (Healthy Living: Everyone a Winner) ဟူ၍ သတ်မှတ်ခြင်း ဖြစ်သည်။ ခရစ်သက္ကရာဇ် ၂၀၀၀ ရောက်လျှင် ကမ္ဘာပေါ်ရှိလူမျိုးအသီးသီး၊ လူတိုင်းလူတိုင်း ကျန်းမာစေရန်လည်း "လူတိုင်း ကျန်းမာ၊ သက္ကရာဇ် နှစ်ထောင်မှာ" ဟူ၍လည်း ရည်မှန်းချက် ထားရှိခဲ့ပေသည်။ ထိုရည်မှန်းချက် အောင်မြင်အောင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံတိုင်းမှ အစိုးရတို့က ယခုအခါ စိမ်ကိန်းချ ဆောင်ရွက်နေကြပြီ ဖြစ်၏။

ကျန်းမာခြင်း အမျိုးမျိုး

ကျန်းမာခြင်းအမျိုးမျိုးရှိရာတွင် ကိုယ်၏ ကျန်းမာခြင်းသည် အရေးကြီးဆုံးဖြစ်၏။ ခန္ဓာကိုယ်ကြံ့ခိုင်မှ စိတ်ဓာတ်ကြံ့ခိုင်၏။ စိတ်ဓာတ်ကြံ့ခိုင်မှ လိုရာဆန္ဒပြည့်အောင် ဆောင်ရွက်လုပ်ကိုင်၍ ရ၏။ ဆောင်ရွက် လုပ်ကိုင်တိုင်း အောင်မြင်မှသာလျှင် လူမှာ ပျော်ရွှင်၏။ နေရေးထိုင်ရေး အဆင်ပြေ၏။ လူဘဝချမ်းသာကိုအရသာခံနိုင်လေသည်။

သို့ဖြစ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ အိပ်ချ်မာလာက လူတိုင်း တစ်သက်တာ ကျန်းမာရေးအတွက် တစ်ဦးချင်း တာဝန်ယူစောင့်ရှောက်တတ်သည့် အကျင့်နှင့်တတ်သိမှု ရှိကြရမည်ဟု ၁၉၇၆ ခုနှစ် ဧပြီလက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ကျန်းမာခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု

လူတိုင်း ကျန်းမာရန်အတွက် တစ်ကိုယ်ရေ သန့်ရှင်းမှု နှင့် ပြည့်စုံရန် လိုအပ်သကဲ့သို့ ပတ်ဝန်းကျင် သန့်ရှင်းမှု (၀၁) အိမ်တွင်း အိမ်ပြင်၊ လမ်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အလိုက် သန့်ရှင်းမှုနှင့် ပြည့်စုံရန်လည်း လိုအပ်ပေသည်။

တစ်ကိုယ်ရေသန့်ရှင်းမှုဟူရာ၌ ကြေးညှော် ကင်း စင်အောင် နေ့စဉ် ရေမှန်မှန်ချိုးခြင်းမှအစ အချိန်မှန် ဆံပင် ညှပ်ခြင်း၊ ခေါင်းလျှော်ခြင်း၊ ခြေသည်း လက်သည်း လှီးခြင်း အလယ်၊ ရာသီဥတုနှင့် လိုက်ဖက်သော သန့်ရှင်း လုံခြုံသည့် အဝတ်အစား ဝတ်ဆင်ခြင်း၊ ဖိနပ်၊ ဦးထုပ် များ အသုံးပြုခြင်းအထိ ပါဝင်ပေသည်။

ဤသည်မှာ ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင် လာမှ ဖြစ်နိုင်သဖြင့် မိခင်နှင့် ကလေးများ စောင့်ရှောက် ရေးလုပ်ငန်း၊ ကျောင်းကျန်းမာရေး လုပ်ငန်းများနှင့် နှီးနှယ်နေလေသည်။ သို့ဖြစ်၍ ကျန်းမာရေး၀န်ကြီးဌာန အနေဖြင့် ၁၉၇၇–၇၈ ခုနှစ်မှစ၍ ပြည်သူ့ ကျန်းမာရေး စီမံချက်များ ရေးဆွဲလုပ်ဆောင်ရာတွင် ကျန်းမာရေး ပညာပေးလုပ်ငန်း၊ လူထု ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ဦးစားပေး၍ လုပ်ဆောင်နေခြင်း ဖြစ်လေသည်။ ၁၉၈၆–၈၇ ခုနှစ်မှ ၁၉၈၉–၉၀ ပြည့်နှစ် အထိကာလကို တတိယ ပြည်သူ့ကျန်းမာရေး စီမံချက် ကာလဟူ၍ သတ်မှတ်ဆောင်ရွက်နေပေသည်။

ကျန်းမာရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ပတ် သက် ၍ လည်း ပြည်သူ့ကျန်းမာရေးစီမံချက်များ၌ အဓိကလုပ်ငန်းအဖြစ် သတ်မှတ်ထား၏။

ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုရာတွင် လူတိုင်း သန့်ရှင်း သော သုံးရေ သောက်ရေ လုံလောက်စွာ ရရှိရေး၊ မိလ္လာသိမ်းဆည်းရေး၊ အမှိုက်သရိုက် သိမ်းဆည်းရေး၊

စမတ်ကတ်ပြားခေါ် ဆေးမှတ်တမ်း မိုက်ခရိုချစ်ကို ကွန်ပျူတာတွင် ထည့်လိုက်ခြင်းဖြင့် ယင်းမှတ်တမ်းရှင် လူနာအတွက် ဆေး၀ါးနှင့်ကုထုံးကို မြန်မြန်နှင့်မှန်မှန် ဖော်ထုတ်ပုံ





လူတစ်သျူးကို – ၂၁၀ ဒီဂရီ စင်တီဂရိတ်အထိ အအေးခံထားနိုင်သော နည်းပညာတိုးတက်လာ၍ ကင်ဆာကင်းတစ်သျူး ထက် ကင်ဆာစွဲတစ်သျူး၌ ဆိုဒီယမ်ဓာတ်ဆားပိုကဲကြောင်း တွေ့ရှိရသည်။

ပိုးမွှားနှိမ်နင်းရေးနှင့် အဆောက်အအုံများ၌ အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်ရေး၊ စက်ရုံအလုပ်ရုံကျန်းမာရေး စသည်တို့ ပါဝင်၏။ ရေကောင်း ရေသန့်ရရှိရေးမှာ အရေးကြီးဆုံး ဖြစ်သည်။ အကြောင်းမှာ ကူးစက်ရောဂါအားလုံး၏ ၆၀ ရာနှုန်းသည် လူအများ ရေကောင်းရေသန့် မသုံးစွဲနိုင်မှုကြောင့် ဖြစ်ရသည်ဟု သိရ၏။ ယခု တိုးတက်နေသော ချမ်းသာသော နိုင်ငံများ၌ ကူးစက်ရောဂါများ၊ ကပ်ရောဂါများပျောက်ကွယ်သွားသည်မှာ ယင်းနိုင်ငံများ၌ လူအများအတွက် သန့်ရှင်းသော သုံးရေသောက်ရေကို ပေးနိုင်သောကြောင့် ဖြစ်လေသည်။ မြန်မာနိုင်ငံအတွက် ဒုတိယ အရေးကြီးသည်ကား ယင်လုံအိမ်သာများ ရရှိရေးပင် ဖြစ်သည်။ မစင်မှ ပြန့်ပွားသော ရောဂါများမှာ အပုံပင်။ ဝမ်းကိုက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါ၊ အူရောင် ငန်းဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါ စသောကပ်ရောဂါများမှာ မစင်မှ ပြန့်ပွားခြင်း ဖြစ်၏။ တုတ်ကောင်သန်ကောင်များမှာလည်း မစင်မှတစ်ဆင့် ပြန့်ပွားခြင်း ဖြစ်ပေသည်။

ခြင်နှင့် ယင်မှတစ်ဆင့် ပြန့်ပွားသော ရောဂါများမှာလည်း အပုံပင်။ ငှက်ဖျား၊ သွေးလွန်တုပ်ကွေး စသော လူအများကို သေစေနိုင်သည့် ရောဂါဆိုးများမှာ ခြင်နှင့် ယင်ကြောင့်ဖြစ်ပေလည်။ ခြင်၊ ယင်မပြန့်ပွားရန် ပတ်ဝန်းကျင် သန့်ရှင်းရေးသည် အလွန်အရေးကြီးပေ၏။

ဤသို့ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အိမ်တွင်း အိမ်ပြင် သန့်ရှင်းရေးအတွက် စိမံချက်ချ ဆောင်ရွက်ရာတွင် အစစအောင်မြင်ခဲ့သော စစ်ကိုင်းတိုင်းမှ အရာတော်မြို့နယ်အား ၁၉၇၆ ခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက "ဆာဆာကာဝါ ကျန်းမာရေးဆု" (Sasakawa Health Prize) ကို ပေးအပ်ချီးမြှင့်၏။ မြန်မာပြည်သူတိုင်း ဂုဏ်ယူစရာဖြစ်ပေသည်။

ကျန်းမာရေးနှင့် ကိုယ်လက်လှုပ်ရှားမှု

လူတိုင်း ကျန်းမာရေးနှင့် ပြည့်စုံရန်အတွက် အိမ်တွင်းအိမ်ပြင် သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ ပြည့်စုံရုံဖြင့် မလုံလောက်သေး။ လူတိုင်းသည် ခန္ဓာကိုယ်ကို အမြဲလှုပ်ရှား အားကစားမှုပြုနေရမည် ဖြစ်၏။

ခန္ဓာကိုယ်နှင့် ခြေလက် ကြွက်သားများကို အချိန်မှန်မှန် အကျိုးရှိရှိ လှုပ်ရှားပေးဖို့သည် အဓိကဖြစ်၍ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ရေကူးခြင်းမှသည် အသင်းအဖွဲ့ဖြင့် ကစားရသော ဘောလုံးကန်ခြင်း၊ ဘတ်စကက်ဘော ကစားခြင်း၊ တင်းနစ်ရိုက်ခြင်း၊ ကြက်တောင်ရိုက်ခြင်းစသည့် အားကစားနည်းများအထိ ကြိုက်ရာ လုပ်နိုင်၏။ တစ်ဦးချင်းမှသည် အသင်းလိုက်၊ အဖွဲ့လိုက် ကိုယ်လက်လှုပ်ရှားမှု ပြုသင့်ပေသည်။ ယခုအခါ မြန်မာ့အသံမှ နံနက် ၇ နာရီတွင် ကိုယ်လက်လေ့ကျင့်ခန်းအတွက် အစီအစဉ် ထုတ်လွှင့်ပေးနေသည်မှာလည်း အလွန်သင့်မြတ်လှ၏။ ဥရောပကုန် လူမပန်းဘဲ ကျန်းမာရေးအသိစိတ်ဓာတ်လည်း မြင့်မားစေလေသည်။ မြန်မာ့ရိုးရာ အားကစားနည်းများဖြစ်သော ကြက်ခွပ်ခြင်း၊ ထုပ်စည်း တိုးခြင်း၊ ကြိုးခုန်ခြင်း စသည်တို့မှာလည်း လူကို ကျန်းမာရေးနှင့် ညီညွတ်စေ၏။ ဘာမျှမလုပ်နိုင်က နေ့စဉ် မှန်မှန် ၄ မိုင်မှ ၆ မိုင်ခန့်အထိ လမ်းလျှောက်ပေးခြင်းသည် ဥလုံးဝမကုန်ဘဲ အလွန်အကျိုးရှိသောကျန်းမာရေးလေ့ကျင့်ခန်းပင် ဖြစ်သည်။ "ခြေသလုံးသည် လူ၏ ဒုတိယနှလုံး"ဟု ကျန်းမာရေးပါရဂူများက မိန့်ဆိုကြလေသည်။

ကိုယ်လက် လှုပ်ရှားလေ့ကျင့်မှုကြောင့် သွေးလှည့်ပတ်မှု မှန်ကန်ခြင်း၊ ဦးနှောက်ကြည်လင်၍ ဉာဏ်ရှင်ခြင်း၊ နှလုံးသန်မာခြင်း၊ လူမှာ ဖျတ်လတ် သွက်လက်ခြင်း၊ အလုပ်အကိုင်၌စိတ်ပါဝင်စား၍ အောင်မြင်ခြင်း၊ အပေါင်းအသင်း မိတ်ဆွေတိုးခြင်း၊ စိတ်ပျော်ရွှင်၍ အသက်ရှည်ခြင်းစသော အကျိုးများကို ရနိုင်လေသည်။

ပြိုင်ပွဲဝင် အဆင့်အတန်းရှိ အလေးမခြင်း၊ ဘောလုံးကန်ခြင်း၊ ရေကူးခြင်း စသော အားကစား လိုက်စားသူများသည် အသက်ကြီးလာသောအခါ ယင်းအားကစားများကို ရုတ်ချည်း ရပ်မပစ်ရန် သတိမူအပ်သည်။ ရပ်ပစ်ပါက ကြီးနေသော နှလုံးအတွက် သွေးလှည့်ပတ်မှုနည်းသွားသဖြင့် နှလုံးရောဂါရခြင်း၊ ရုတ်တရက် နှလုံးရပ်သေဆုံးခြင်း စသည်တို့ ဖြစ်နိုင်ပေသည်။ နေ့စဉ်မှန်မှန် ပြေးသူများလည်း ထိုသို့ပင်ဖြစ်တတ်၏။ အပြေးသမား၏ နှလုံး(Jogger's Heart)ဟု ခေါ်သည်။

ကျန်းမာခြင်းနှင့် အာဟာရ

ကျန်းမာခြင်းနှင့် ပြည့်စုံရန်အတွက် ခန္ဓာကိုယ်က လိုအပ်သော အာဟာရပြည့်ဝသည့် အစားအစာများကို စားသုံးရန်လိုအပ်၏။ အာဟာရဖြစ်ရန်အတွက် စားသော အစာများသည် အင်အား (ကယ်လိုရီ) ဖြည့်ပေးသော အစာ၊ ခန္ဓာကိုယ်ကို တည်ဆောက်ပေးသော အစာနှင့် ရောဂါကို ကာကွယ်စေနိုင်သော အစာများဖြစ်ရန် လို၏။


အင်အားဖြစ်ထွန်းစေသော အစာများမှာ ကစီဓာတ်ပါသော ဆန်၊ ဂျုံ၊ ပြောင်းစသည့် အစာများနှင့် ပဲဆီ၊ နှမ်းဆီ၊ ဖဲနှုဆီ၊ စားအုန်းဆီနှင့် ဝက်ဆီ၊ ငါးကြီးဆီစသော အဆီများဖြစ်၏။

ခန္ဓာကိုယ် တည်ဆောက်သော အစာများမှာ၊ ပဲအမျိုးမျိုး၊ နို့၊ မြေပဲ၊ နှမ်းနှင့် အသား၊ ငါး၊ နို့ဥအမျိုးမျိုးဖြစ်၏။

ရောဂါကာကွယ်ပေးသော ခန္ဓာကိုယ်၏ ကိုယ်ခံအားမြင့်တက်စေသော အစားအစာများမှာ ဟင်းသီး ဟင်းရွက် အသီးအနှံအမျိုးမျိုး၊ သစ်သီးဝလံအမျိုးမျိုးဖြစ်၏။ ဗိုက်တာမင်နှင့် သံ၊ ကယ်လစီယံ စသော သတ္တုဓာတ်အမျိုးမျိုးကို ဤအစာများမှရ၏။ ဗိုက်တာမင်ဆေးလုံး၊ ဆေးပြား၊ သံအားတိုး ဆေးလုံးစသည်တို့မှာ ဝယ်စားရပါက လွန်စွာတန်ဖိုးကြီးလေသည်။ လူတိုင်း နေ့တိုင်း ဝယ်စားရန် မတတ်နိုင်ပေ။

သို့ဖြစ်၍ ကျန်းမာရန်၊ အားရှိရန်ဆိုပြီး အဖိုးတန် အစားအစာများ၊ နိုင်ငံခြား အစားအစာများကို သာ ဝယ်ယူ စီမံချက်ပြုတ်ရန်မလိုပေ။ မိမိတို့ ရိုးရာအလိုက် စားသုံးနေကျ အစာများကိုသာ အာဟာရဓာတ် ပြည့်စုံ

အချင်း ၁၀ မိုက်ခရွန် အရွယ်မျှသာရှိသော သွေးကြောမျှင်များ၏ ပုံရိပ်ကိုပင် ပီသကြည်လင်စွာ ဖမ်းယူလေ့လာနိုင်သည့် အီက်စ်ရောင်ခြည်သုံး အဏုကြည့်မှန်ဘီလူး အမျိုးအစားသစ်



အောင် စီမံချက်ပြုတ်စားကြရန် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးနှင့် ကျန်းမာရေး ပါရဂူများက တိုက်တွန်းကြလေသည်။

အာဟာရ ပါရဂူတို့၏ အလိုအရ ကုန် ကျ စ ရိတ် သက်သာသော အစားအစာ ပြင်ဆင်ချက်ပြုတ်နည်းများမှာ အောက်ပါအတိုင်းဖြစ်၏။

လေးမျိုးစပ်နည်း၌ မြေပဲ၊ ပဲ၊ ဟင်းသီးဟင်းရွက်စိမ်း **တစ်မျိုးမျိုး**၊ သို့မဟုတ် ရွှေဖရုံသီးကဲ့သို့သော အဝါရောင် **သစ်သီးဝလံ**နှင့် သားငါး တစ်မျိုးမျိုးကို ချက်ပြုတ် စား **သုံးရန်**ဖြစ်၏။

သုံးမျိုးစပ်ဟင်းနည်း၌ မြေပဲ၊ ပဲနှင့် သားငါးတစ်မျိုးမျိုး၊ သို့မဟုတ် မြေပဲ၊ ပဲနှင့် ဟင်းရွက်စိမ်း (၀၊) အဝါရောင် သီးနှံတစ်မျိုးမျိုး၊ သို့မဟုတ် သားငါးတစ်မျိုးမျိုးနှင့် ဟင်းရွက်စိမ်းနှင့် အဝါရောင် သီးနှံတို့ကို ချက်ပြုတ် စားသုံးရန်ဖြစ်၏။

နှစ်မျိုးစပ်ဟင်းနည်း၌ မြေပဲနှင့် ပဲ၊ သို့မဟုတ် ပဲနှင့် သားငါး တစ်မျိုးမျိုး ပေါင်းစပ် စားသုံးခြင်းပင်ဖြစ်လေသည်။

အစားအစာ စားသုံးပြီးပါက သစ်သီး သို့မဟုတ် သစ်သီးဖျော်ရည် တစ်ခုခုသောက်ရန်လည်း အကြံပေး၏။

ရေကိုမူ လုံလောက်အောင် သောက်ရပေမည်။ ရေမှာ ခန္ဓာကိုယ်အတွက် သွေးလှည့်လည်မှု၊ အညစ်အကြေး စွန့်ထုတ်မှု၊ အသက်ရှူမှုနှင့် ခန္ဓာကိုယ် အပူချိန်ထိန်းသိမ်းမှုတို့အတွက် လိုအပ်၏။ သန့်ရှင်းသော ရေကိုသာ လုံလောက်အောင် သောက် သုံး ရ မည်။ သောက်ရေသန့်ရှင်းရန်အတွက် ပိုးသတ်ဆေးသာမက ကလိုရင်းဓာတ် ထည့်ထားသော၊ သို့မဟုတ် အငွေ့ပြန်ထားသော၊ သို့မဟုတ် ကျိုချက်ထားသော၊ ရေကျက်အေးကိုသာ သောက်သင့်သည်။

ကျန်းမာရေးနှင့် ကိုယ်လက်စထရောအဆီဓာတ်

အစားအသောက်စားရာ၌ ခန္ဓာကိုယ် ဝဖီးလာအောင် အလွန်အကဲ့ မစားသင့်ပေ။ ကိုယ်အလေးချိန် ဝလွန်းပါက သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ ဆီးချိုရောဂါ စသော ရောဂါပေါင်း မြောက်မြားစွာ ရနိုင်ပေသည်။ အဆီဓာတ်များသဖြင့် သွေးကြောကျဉ်းရောဂါရ၍ နှလုံးရုတ်တရက် ရပ်ပြီးလည်း သေနိုင်ပေသည်။

ထို့ကြောင့် နေ့စဉ်စားသောက်သော အစားအစာထဲ၌ ကိုလက်စထရောအဆီဓာတ် (Cholesterol)များပြားစေသော အစာများကို ရှောင်သင့်ပေသည်။ ဥပမာ–တိရစ္ဆာန်အဆီများ၊ ဥအနှစ်များနှင့် ထောပတ်စသည်တို့ ဖြစ်သည်။

အနောက်နိုင်ငံများ၌ အဆီဓာတ်များသော အစာများကို ရှောင်ကြရုံမက ခန္ဓာကိုယ် သွေးတွင်း ကိုလက်စထရောကျစေသော ဆေးများကိုပင် ဝယ်၊ အဆီများသူများ စားသုံးမှီဝဲနေကြပေသည်။ ရှေးယခင်က ယင်းဆေးမျိုးမှာ အက်ထရိုမစ်–အက်စ်(Atromid–S) စသော ဆေးမျိုးသာရှိရာ ယခု ၁၉၇၇ ခုနှစ်တွင် ယင်းထက်

ရောဂါရှာဖွေ ဖော်ထုတ်ရာတွင် အသုံးတွင်နေပြီဖြစ်သော အသံလွှင်းတုန်ခါမှု တိုင်းတာပုံဖော် ကိရိယာများ





သွေးဆယ်မျိုးကို ၁၀ စက္ကန့်အတွင်း မှန်ကန်တိကျစွာ သွေးအုပ်စုခွဲ စစ်ဆေးလေ့လာနိုင်သော နည်းစနစ်

ပိုစွမ်းသော လိုဗာစတာတင် (Lovastatin) ဟူသော ဆေးတစ်မျိုးကို အမေရိကန်ပြည်ထောင်စု၌ အောင်မြင်စွာ စမ်းသပ်ထုတ်လုပ်လိုက်ပြီဖြစ်ပေသည်။

ကျန်းမာရေးနှင့် အရက်

ထာဝစဉ်ကျန်းမာ၍ အသက်ရှည်ရန်အတွက် ကိုလက် စထရောအဆီများသော အစာများကို ရှောင်ရန် သင့် သကဲ့သို့ အရက်ကိုလည်း ရှောင်သင့်၏။ အရက်သည် အသည်း၊ အစာအိမ်၊ အူသိမ်အူမ၊ ခံတွင်း၊ လည်ချောင်း တို့ကို ဖျက်ဆီး၏။ ကြွက်သားများ၊ အာရုံကြောများနှင့် ဦးနှောက်ကိုလည်း ရောဂါရစေသည်။ စိတ်ချောက်ချား၍ ရူးသွပ်ခြင်းအထိပင် ဖြစ်စေနိုင်၏။


သို့ဖြစ်၍ ဥရောပနိုင်ငံများတွင် အရက်သေစာကြောင့် ဖြစ်သော ရောဂါရှင်များမှာ ဆေးရုံများရှိ လူနာကုတင် ၁၀၀ တွင် ၃၀ ကျော်ရှိနေသည် ဟူ၏။ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ ပါရဂူ ဒေါက်တာ မားတက် ဂ ရန့် က "တစ်ကမ္ဘာလုံး ကျန်းမာရေးအတွက်သုံးစွဲရမည့် ငွေကြေးရန်ပုံငွေကို အရက်သေစာ သောက်စားခြင်းနှင့် နှိုးနှဲယ်သည့် မဖြစ်သင့် မဖြစ်ထိုက်သော ရောဂါများကိုကုသရန် သုံးစွဲနေရသည်" ဟူ၍ ထုတ်ဖော် ပြောကြားလေသည်။ ဆိုဗီယက် ပြည်ထောင်စု၌ အရက်သေစာ သောက်စားမှုများပြားသဖြင့် အရက်ပြဿနာကို ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဂေါ်ဘာချေ့ကိုယ်တိုင် လမ်းညွှန် ဖြေရှင်းနေရလေသည်။

အာရှ၊ အာဖရိကနှင့် လက်တင် အမေရိက နိုင်ငံ အများဦးလည်း အရက်သောက်သူဦးရေမှာ အလွန်များပြား တိုးတက်လာသည်ဟု သိရ၏။ လွန်ခဲ့သော အနှစ် ၂၀ အတွင်း တစ်ကမ္ဘာလုံး၌ ဘီယာထုတ်လုပ်မှုမှာ ၁၂၄ ရာနှုန်း တိုးလာ၍ အာရှတိုက်တွင် ၅၀၀ ရာနှုန်း၊ အာဖရိကတိုက်တွင် ၄၀၀ ရာနှုန်းနှင့် လက်တင် အမေရိကတိုက်တွင် ၁၀၀ ရာနှုန်းထိ တိုးတက်လာသည်ဟုသိရ၏။ လူကြီးယောကျ်ားများသာမက ဆယ်ကျော် သက်ရွယ်များနှင့် မိန်းမများပါ အရက်ကို ပိုမို သောက်သုံးလာကြသည်ဟူ၏။ အရက်ကြောင့် ကျန်းမာရေးသာမက လူမှုရေး၊ စီးပွားရေးပါ ထိခိုက်ကြရကြောင်းကို လူတိုင်း သိပါလျက်နှင့် အသိခေါက်ခက် အဝင်နက်နေကြခြင်းဖြစ်သည်။

သို့ဖြစ်၍ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးက အရက်ကို လုံးဝရှောင်ရန်နှင့် မရှောင်နိုင်ပါက ချင့်ချင့် ချိန်ချိန် အနည်းငယ်သာ တစ်ခါတစ်ရံသာ သောက်ကြရန် ပညာပေးနေရခြင်းဖြစ်လေသည်။

ကျန်းမာရေးနှင့် ဆေးလိပ်

ကျန်းမာရေး အတွက် အရက်ထက် ဆိုးသော ရှောင်သင့်သည့်အရာမှာ ဆေးလိပ် ဖြစ်၏။ အကြောင်းမှာ ဆေးလိပ်သောက်ခြင်းကြောင့် သောက်သူကိုသာ ရောဂါရစေ၊ အသက်တိုစေသည်မဟုတ်။ ထိုသူနှင့် တစ်ခန်းတည်းနေသူ၊ တစ်ရုံးတည်း လုပ်သူများပါ ဆတူ ရောဂါရနိုင်၊ အသက်တိုနိုင်သောကြောင့် ဖြစ်၏။



မြန်မာနိုင်ငံ ဆေးသုတေသန ဦးစီးဌာနတွင် တိုင်းရင်းဆေးဖုံများတွင်ပါရှိသည့် ဆေးပင်များ၏ ပွဲစည်းပုံကို ဓစတ်မိကိရိယာ များဖြင့် စူးစမ်းလေ့လာနေပုံ

ဆေးလိပ် သောက်ခြင်းကြောင့် ရနိုင်သော ရောဂါ များမှာ အောက်ပါအတိုင်းဖြစ်၏။

အဆုတ်ကင်ဆာ– ဆေးလိပ်ကို အနှစ်နှစ်ဆယ်မျှ စွဲ၍ သောက်ပါက အဆုတ်ကင်ဆာရမည်ဖြစ်၏။ သို့ဖြစ်၍ ပုံမှန်သက်တမ်းနှစ် ၆၀ နေရမည့်သူသည် အသက် ၄၀ နှင့် သေရမည်ဖြစ်လေသည်။

ဆီးအိမ်ကင်ဆာ– အဆုတ်မှ ရှူသွင်းလိုက်သော နီကို တင်းဓာတ်သည် ဆီးထဲတွင်ပါဝင်လာသဖြင့် စီးကရက် သောက်သူများတွင် ဆေးလိပ်မသောက်သူများထက် ဆီးအိမ်ကင်ဆာနှစ်ဆမျှ ပိုမိုတွေ့ရှိကြရ၏။

အစာလမ်းကြောင်းကင်ဆာ– ဆေးလိပ် သောက်သူများ၌ ပါးစပ်၊ ခံတွင်း၊ အစာမျိုပြွန်နှင့် အစာအိမ်ကင်ဆာ ပိုမို အဖြစ်များသည်ကိုလည်း တွေ့ရှိကြရသည်။

နှလုံးသွေးကြောကျဉ်းရောဂါ– အသက် ၄၅ နှစ်ကျော် ပုဂ္ဂိုလ်များတွင် နှလုံးသွေးကြောပိတ်၍ သေဆုံးပါက ရှစ်ဆယ်ရာနှုန်းမှာ ဆေးလိပ်သောက်သူများ ဖြစ်၏။

သွေးကြောနံရံ ဖောင်းပွသည့်ရောဂါ– ဗိုက်အတွင်းရှိ အေအိုတာ သွေးကြောမနံရံ ပေါက်ကွဲပြီး သေဆုံးသူများတွင် ဆေးလိပ်သောက်သူ ပိုမိုများပြားသကဲ့သို့ ခြေတံပိုင်း သွေးကြောများကျဉ်း၍ ခြေဖျားများ ခြောက်သွေ့ကာ ခြေဖျားပုပ် ရောဂါရသူများတွင်လည်း ဆေးလိပ်သောက်သူများ ပိုမိုများပြား၏။

မဟူးကင်းစ ကလေးငယ်များ ပိန်လှီခြင်း– ဆေးလိပ်သောက်သော မိခင်များမှ မွေးလာသည့် ကလေးများမှာ ပိုမိုပိန်လှီ၍ မွေးကင်းစ အသေနှုန်းလည်း ပိုမို များပြား၏။ ယင်းကလေးငယ်များ၏ ဉာဏ်ပညာတိုးတက်ဖွံ့ဖြိုးမှုလည်း နှေးကွေးကြောင်း လေ့လာတွေ့ရှိကြရသည်။

ကလေးမရနိုင်ခြင်း– ယောကျ်ားဆော မိန်းမပါ ဆေးလိပ်သောက်ပါက မျိုးစပ်အောင်မြင်မှု နည်းပြီး အမြဲဘဝ ရောက်ကြရသည်ကိုလည်း တွေ့ရှိကြရ၏။

အခြားရောဂါများ– ဆေးလိပ် သောက်ခြင်းကြောင့် ချောင်းဆိုးခြင်း၊ အဆုတ်ရောင်ခြင်းများဖြစ်ရသကဲ့သို့ ကိုယ်ဝန်သည်များတွင် သားပျက် သားလျှောမှုလည်း ပိုမိုဖြစ်ကြရသည်ဟု သိရ၏။

သို့ဖြစ်၍ ယခုအခါ ကျန်းမာလိုပါက လူတိုင်းဆေးလိပ်ကို ရှောင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းနေ၏။ ယခု ၁၉၈၆ ခုနှစ် အတွင်း၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ်ရုံးတွင် အလုပ်လုပ်သူများကို စံပြအဖြစ် စီးကရက်မသောက်သူများဖြစ်ရန် ဆေးလိပ်သောက်ခြင်းကို ပိတ်ပင်ထား၏။ အမေရိကန်ပြည်ထောင်စု၌လည်း ဒီအိုစီ(DOC) ဟူသော ဆရာဝန်များအတွင်း ဆေးလိပ်မသောက်ရန် အဖွဲ့ ဖွဲ့လျက် ဆောင်ရွက်လျက်ရှိ၏။ ဒီအိုစီ ဟူသည် "ဆရာဝန်တွေလည်း ဂရုစိုက်ကြ" (Doctors Ought to Care)ဟူ၍ အဓိပ္ပာယ်ရှိ၏။ အမေရိကန်ကင်ဆာအသင်းကြီးကလည်း စီးကရက်မသောက်ရန် ပညာပေး စည်းရုံးလျက် ရှိပေသည်။ ပြည်နယ် ၃၆ ပြည်နယ်က ယင်းတို့၏ အမှုထမ်းများကို ဆေးလိပ်မသောက်ရန် ပိတ်ပင်ထား၏။

ဂျပန်နိုင်ငံ၌ ၁၆ နှစ်ကြာမျှ လူပေါင်း တစ်သောင်းကျော်ကို လေ့လာ၍ အသက်ရှည် ကျန်းမာစေသော နည်းလမ်းများကို သုတေသနပြုရာ ဟင်းသီး ဟင်းရွက် အစိမ်းနှင့် အဝါရောင်ဥများ စားပြီး စီးကရက်မသောက်သူ၊ အရက်သေစာ ရှောင်ကြဉ်သူများမှာ စီးကရက်သောက်သူများထက် ငါးပုံတစ်ပုံမျှ ကင်ဆာဖြစ်မှု နည်းပါးကြောင်း တွေ့ရှိကြရသည်ကို ၁၉၇၅ ခုနှစ်က ကမ္ဘာသို့ ထုတ်ပြန်ကြေညာခဲ့၏။

စင်ကာပူနိုင်ငံ၌ဆိုပါက အလုပ်ရုံနှင့် ကျောင်းများတွင် စီးကရက်မသောက်ရန် ပြပွဲ ပြိုင်ပွဲများ ပြုလုပ် ပညာပေးလျက် ရှိသကဲ့သို့ အလယ်တန်းကျောင်း သင်ရိုးညွှန်းတမ်းတွင်လည်း စီးကရက်မသောက်ရန် ၁၉၇၅ ခုနှစ်ကတည်းက ထည့်သွင်း သင်ကြားပေးလျက် ရှိပေသည်။ မြန်မာနိုင်ငံ၌

မူးယစ်ဆေးဝါးပြဿနာများနှင့် စာစောင်များတွင် ဆေးလိပ်မသောက်ရန် ရေးသားတိုက်တွန်းကြ၏။

ကျန်းမာရေးနှင့် မူးယစ်ဆေးဝါး

အရက်၊ ဘိန်း၊ ဘင်း၊ ကဇော် စသည်တို့မှာ လူတို့၏ ကျန်းမာရေးကိုသာမက စီးပွားရေး၊ လူမှုရေးများကို ထိခိုက် ပျက်စီးစေကြောင်း ရှေးပဝေသဏီကတည်းက သိခဲ့ကြသည်။ သို့ရာတွင် ဘိန်း၊ ဆေးခြောက်၊ ကိုကင်းစသည် တို့ကို ဝိသမလောဘသမားတို့က ကမ္ဘာတစ်ဝန်းတွင်ရောင်းဝယ်ဖောက်ကားနေကြဆဲဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၊ နိုင်ငံထကာမူးယစ်ဆေးဝါး ထိန်း ချုပ် ရေး အဖွဲ့ အိုင်အင်စီဘီ(INCB)နှင့် အမေရိကန် ပြည်ထောင်စု အပါအဝင် နိုင်ငံတကာမှ အစိုးရများက ဝိုင်းဝန်း တိုက်ဖျက်နေသည့်တိုင် မူးယစ်ဆေးဝါး ရောင်းဝယ်သူ၊ သုံးစွဲသူ အရေအတွက်မှာများပြားလျက် ရှိနေသေးသည်။

၁၉၀၄ ခုနှစ်တွင် ထုတ်ဝေသော အမေရိကန် ပြည်ထောင်စု ကျန်းမာရေးဌာန၏ အစီရင်ခံစာအရ မူးယစ်ဆေးဝါးသောက်သုံးမှုသည် အမေရိကန်ပြည်ထောင် စု၌လူသေစေသော အကြောင်းကြီး ၁၀ ခုတွင် ခုနစ် ခုကိုဖြစ်စေသည်ဟု သိရ၏။ ထို့အတူ အမေရိကန်၌ သေဆုံးသူ ဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာ မသေသင့်ဘဲ သေရပြီးယင်းတို့သည် မူးယစ်ဆေးဝါး၌ပါသော အရက် သောက်မှုနှင့် ဆေးလိပ်သောက်မှုတို့ကြောင့် အသက်တို ကြရသည်ဟုသိရ၏။

ရှေးအခါကမူ မူးယစ်ဆေးဝါးဆိုသည်မှာ စွဲစေသော ဆေးများဖြစ်၍ ဆေးသုံးစွဲမှု ရပ်လိုက်လျှင် အသက်သေ စေခြင်း အပါအဝင် အခံရခက်သော ဆေးစွဲရပ်လက္ခဏာများ ဖြစ်စေသည်ဟု ယူဆခဲ့ကြရာ ယခုအခါမူ ဆေးသုံးစွဲမှုရပ်ပါက ဘာမျှမဖြစ်သည့် ကိုကင်းနှင့် ဆေးခြောက်မှာ ပြဿနာ အများဆုံးပေးလျက် ရှိသည်ဟု သိရ၏။

မြန်မာနိုင်ငံ ဆေးသုတေသန ဦးစီးဌာနတွင် ခြင်ကောင်ထွင်းသို့ ဆေးထိုးနည်းဖြင့် သွေးလွန်တုတ်ကွေးရောဂါ ဗိုင်းရတ်ပိုးများ ရှာဖွေနေပုံ



တစ်ခါသုံးပြီးလျှင်ဖြစ်စေ၊ ဖြတ်ပြီးလျှင် ဖြစ်စေ ဆေးသုံးပူးသူမှာ ပြန်၍ သုံးချင်လာသည်ဟု သိရ၏။ ဤသည်မှာ ဦးနှောက်ကလာပ်စည်းများက ဆေးကိုစွဲသွားခြင်းကြောင့် ဖြစ်သည်ဟု သိရပေသည်။


ဤ၌ ဟီးရိုးအင်းခေါ် ဘိန်းဖြူမှာ လူကို စွဲစေပြီး စီးပွားရေး၊ လူမှုရေး ချွတ်ခြုံအကျစေဆုံးဖြစ်၏။ သုံးစွဲသူသာမက သုံးစွဲသူမှာ မိန်းကလေးဖြစ်ပါက ကလေးမှာ အသေမွေးခြင်း၊ လမစေ့ဘဲမွေးခြင်းနှင့် အသက်ရှင်သော ကလေးများမှာ ကြုံလိုသေးငယ်၍ဉာဏ်ထုံထိုင်းကြသည်။ အသက်တစ်နှစ်မပြည့်မီ အသေများကြသည်ဟု သိရ၏။ ယင်းကလေးများကို ဘိန်းဖြူစွဲသည့် မိခင်များက မွေးပြီး ပစ်ထားရာ အမေရိကန် ပြည်ထောင်စု၌ ၁၉၇၅ ခုနှစ် တစ်နှစ်တည်းတွင် ယင်းကလေးပေါင်း ငါးထောင်ကျော်ကို အစိုးရ လူမှုဝန်ထမ်းဌာနနှင့် စေတနာရှင်များက ကြည့်ရှု စောင့်ရှောက်နေရသည်ဟု သိရ၏။

လူသုံးများသော စိတ်ငြိမ်ဆေးများဖြစ်သည့် မက်ပရိဘာမိတ်၊ ကလိုဒိုင်ယာဇီပိုအောက်ဆိုက်နှင့် ဗေလီယံများကို စွဲသုံးသူ မိခင်များမှလည်း ခန္ဓာကိုယ် ချွတ်ယွင်းသော ကလေးများ မွေးဖွားလာသည်ဟု သိရသည်။ ဗေလီယံစားသော မိခင်များမှ ကလေးများမှာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ၍ မွေးလာသည်ဟု သိရပေသည်။ အယ်လ်အက်စ်ဒီ(LSD)၊ ဆေးခြောက်၊ အရက်နှင့် ဆေးလိပ်သောက်သော မိခင်များထံမှ အရိုးဖြစ်ထွန်းမှု မကောင်းသော၊ ဦးနှောက် အာရုံကြောများ ပျက် စီး နေ သော ကလေးများ မွေးလာကြသည်ကို လေ့လာတွေ့ရှိကြရလေသည်။

အရက်သေစာ သောက်လွန်းသူ မိခင်မှ မွေးလာသည့် ကလေးမှာ အရိုး၊ ဦးနှောက်နှင့် အာရုံကြောသာမက နှလုံးပါ ချွတ်ယွင်း၍ မွေးလာတတ်ရာ ယင်းကလေးများကို "သန္ဓေသား အရက် ဝေဒနာရောဂါ လက္ခဏာစု" (Fetal Alcohol Syndrome)ဟု ခေါ်လေသည်။

ဤ၌ မူးယစ်ဆေးဝါးသုံးစွဲသူများကို လေ့လာ ကြည့်ရာတွင် ဆယ်ကျော် သက်ရွယ်များတွင် စသုံးစွဲမှု အများဆုံးဖြစ်သည်ကို တွေ့ရ၏။ ဆယ်ကျော်သက်တွင် အရက်၊ သို့မဟုတ် ဆေးလိပ်စသောက်၊ ထို့မှ ဆေးခြောက်နှင့် ကိုကင်းသို့၊ ထို့မှ စိတ်ငြိမ်ဆေး၊ စိတ်ကြွဆေးများသို့ ပြောင်းလဲသုံးစွဲကြသည်ဟု သိရ၏။ ဆေးခြောက်ကိုကင်း စွဲသားရာမှ ဟီးရိုးအင်း ဘိန်းဖြူ၊ သို့မဟုတ် အယ်လ်အက်စ်ဒီသို့ ပြောင်းလဲစွဲသွားကြပြန်သည်ဟု သိရသည်။

ဆယ်ကျော်သက်ရွယ်၌ ဆေးလိပ်နှင့် အရက်ကို မသောက်သူများမှာ မူးယစ်ဆေးဝါးစွဲသွားမှုလည်း မရှိဟု သိရလေသည်။



ရေတိမ်ဇရာဂါရှင် (ဝဲ) ၏ မျက်ကြည်လွှာရှိ ဇရာဂါဖြစ်ရာ နေရာများကို လေဆာရောင်ခြည် ချိန်ရွယ်ပစ်လွှတ်ခြင်းဖြင့် ၁၅ မိနစ်မှ မိနစ် ၂၀ အတွင်း တိမ်ကင်းစင်နိုင်ပြီဖြစ်သည်။

မူးယစ်ဆေးဝါးနှင့် အဲ့ဒ်စ်ရောဂါ(AIDS)

မူးယစ်ဆေးဝါး သုံးစွဲလာလျှင် လိင်ဆက်ဆံမှုဘက်၌ စည်းကမ်းမဲ့ကာ လျော့ရဲရဲဖြစ်လာ၍ မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းရောဂါ(AIDS)ကို ရတတ်သည်ဟု သိရ၏။

ထိုရောဂါမှာ ယောကျ်ားချင်း လိင်တူ ဆက်ဆံရာမှလည်းကောင်း၊ ဘိန်းဖြူထိုးသည့် ဆေးထိုးအပ်မှလည်းကောင်း၊ သွေး၊ တံတွေးနှင့်သုက်ရည်များမှလည်းကောင်း ကူးရာ ယင်းရောဂါရရှိပါက ယခုအထိ ကုရာနတ္ထိ ဆေးမရှိ။ ဤရောဂါ ရသူများမှာ သေဒဏ်ခံနေကြရသကဲ့သို့ ဖြစ်၏။ မသေမီ၌လည်း မည်သူကမျှ အကပ်မခံ၊ အတူနီးကပ်စွာမနေလို၍ လူစဉ်မမှီ ပိန်လှီညှိုးရော်စွာ တစ်ကိုယ်တည်း နေကြရ၏။ ရောဂါရှင် ၉၀ ရာနှုန်းမှာ ရောဂါရပြီး နှစ်နှစ်အတွင်း သေဆုံးကြရ၏။ ဗိုင်းရတ်ပိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ရာ ယခုအခါ ပျံ့နှံ့လွယ်သော ကူးစက်ရောဂါတစ်ခု ဖြစ်နေသဖြင့် အိန္ဒိယ၊ ဂျပန်စသော နိုင်ငံများက ယင်းတို့ နိုင်ငံအတွင်းဝင်ရောက် လာသူများကို ရောဂါ ရှိ မရှိ စစ်ဆေးလျက်ရှိ၏။

မြန်မာနိုင်ငံအစိုးရကျန်းမာရေးဝန်ကြီး ဌာနအနေဖြင့် လည်း ၁၉၈၅ ခု စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဤရောဂါအတွက် စောင့်ကြည့်လေ့လာ ကာကွယ်ရေး စီမံချက်ရေးဆွဲ၍ ရောဂါကာကွယ်နှိမ်နင်းမှုကို ဆောင်ရွက်လျက်ရှိ၏။ ယခုအထိ မြန်မာနိုင်ငံသို့ ဤရောဂါ ရောက်ရှိမလာသေးဟု သိရသည်။

ဆေးပညာအကူအညီ

သတ္တဝါမှန်သမျှ မိမိဘဝနှင့် အသက်ကိုမြတ်နိုး တွယ်တာ၏။ လူကား ပြောစရာမရှိ။ ရှေးပဝေသဏီကပင် လျှင် လူတို့သည် မအိုဆေး၊ မနာဆေး၊ မသေဆေးကိုရှာဖွေခဲ့ကြသည်။ ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီတို့၏ ဖိုထိုးရာမှ ရသော ဓာတ်လုံးမှသည် တခွတ်၊ ဂျပန်၊ ကိုရီးယား လူမျိုးတို့၏ကိုလေးခေါ် ဂျင်ဆင်း (Ginseng)အပင်မှ အမြစ်မှာ လူကို အသက်ရှည်စေ၊ ကျန်းမာ နုပျိုစေသည်ဟု ယုံကြည်ကြ၏။ အနောက်ဥရောပမှ သိပ္ပံပညာရှင်များလည်း မအို မနာ မသေဆေးများကို ရှာဖွေ ဖော်စပ်ခဲ့ကြ၏။ ၁၈၉၀ ပြည့်တွင် အာရုံကြောပညာရှင် ဘရောင်းဆီးကွပ်က မအို မနာ မသေဆေးကို တွေ့ပြီဟု ကြေညာခဲ့သော်လည်း နောက်ပိုင်း စမ်းသပ်ကြည့်ရာ သူ့ဆေးမှာ ကြေညာသလို မစွမ်းကြောင်း သိရ၏။

၁၉၄၄ ခုနှစ်ကလည်း ရုရှားသိပ္ပံပညာရှင် ဘိုဂိုမိုလေးက အလားတူ ကြေညာဖူး၏။ ဆိုဗီယက်ခေါင်းဆောင် စတာလင် အသက် ၇၅ နှစ်အထိ နေရသည်မှာ ထိုဆေးကို သုံးစွဲခြင်းကြောင့် ဖြစ်သည်ဟု ဆို၏။ သို့သော် အခြားသိပ္ပံပညာရှင်များက မယုံကြည်ကြပေ။

ယခု ၂၀ ရာစုနောက်ပိုင်းတွင် မအို မနာ မသေဆေးအဖြစ် ဆယ်လ်နီယံ သို့မဟုတ် သွပ်ဓာတ်သတ္တုပါသောဆေးများ၊ ဟိုမုန်းဆေးများကို မအို မနာ မသေဆေးဟု ဖော်စပ်ရောင်းချကြ၏။ သို့သော် သိပ္ပံပညာရှင်များကမူ ယင်းဆေးများကို မထောက်ခံကြပေ။

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးနှင့် ဆရာဝန်များကမူ ကျန်းမာစေရန် သို့မဟုတ် အသက်ရှည်ရန် အတွက် စားသုံးရန် ဆေးဟူ၍ မရှိ။ မိမိ၏ နေထိုင်မှု ဓလေ့၊ စားသောက်သည့်အကျင့်၊ ကာယလေ့ကျင့်မှုနှင့် ကျန်းမာရေးအသိရှိစွာ နေထိုင်တတ်မှုတို့ ပေါ်တွင် မူတည်၍သာ အသက်ရှည်ရာရှည်ကြောင်း၊ ကျန်းမာရာကျန်းမာကြောင်း ပြုနိုင်သည်ဟု မှတ်ချက်ချသည်။

အသက် ရှည်ရန် အတွက် သန့်ရှင်းစွာ နေတတ်၊ စားတတ်မှုနှင့် အောက်ပါ စည်းကမ်း ချက်များအတိုင်း လိုက်နာ နေထိုင်တတ်မှုသည် အလွန် အရေးကြီးလှသည်ဟုသိရသည်။

၁။ နေ့စဉ် အိပ်ရေးဝအောင် အိပ်ပါ။ ယောကျ်းများက တစ်နေ့ ရှစ်နာရီ၊ မိန်းမများက တစ်နေ့ ခုနစ်နာရီ အိပ်ပါ။
၂။ နံနက် အိပ်ရာထ နံနက်စာကို မှန်မှန်စားပါ။
၃။ တစ်နေ့လျှင် အစာ သုံးကြိမ်စား၍ သွားရည်စာစားခြင်းကို ရှောင်ပါ။
၄။ ကိုယ် လက် လှုပ် ရှား အားကစားမှုကို နေ့စဉ် ပြုလုပ်ပါ။
၅။ အရက်သေစာရှောင်ပါ။ မရှောင်နိုင်က တစ်နေ့လျှင် တစ်ပက်နှစ်ပက်ထက် ပိုမသောက်ပါနှင့်။

၆။ မိမိခန္ဓာကိုယ် အလေးချိန်ကို အမြဲကဲ့ရဲ့စိုက်ပါ။ မဝလွန်း မပိန်လွန်းပါစေနှင့်။ အသက်အရွယ်၊ အရပ်အမောင်းနှင့် လိုက်ဖက်သော ကိုယ်အလေးချိန် အမြဲရှိပါစေ။

၇။ စီးကရက်ဆေးလိပ် လုံးဝမသောက်ပါနှင့်။

အထက်ပါအတိုင်း လိုက်နာနေထိုင်ပါက အသက် ၄၅ နှစ်ရွယ်တစ်ဦးသည် ၇၀ နှစ်တိုင် အသက်ရှည်နိုင်ပြီး လေး–ငါးနှစ်သာ လိုက်နာနေထိုင်သူသည် အသက် ၆၇ နှစ်အထိ အသက်ရှည်စွာ နေနိုင်သည်ဟု သိရ၏။

အသက်ရှည်သူတိုင်း ကျန်းမာရေး

လူတစ်ဦးချင်း မိမိကျန်းမာရေးကို မိမိဂရုစိုက်လာသကဲ့သို့ နိုင်ငံအစိုးရနှင့် ကျန်းမာရေး ဝန်ထမ်းများက ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ရေကောင်းရေသန့် ရရှိရေး၊ ကူးစက်ရောဂါနှိမ်နင်းကာကွယ်ရေးတို့ကို ဆောင်ရွက်လာသည်နှင့်အမျှ ယင်းနိုင်ငံ၌ အသက်ရှည်သူများ တစ်နေ့တခြား တိုးပွားလာမည်သာ ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၌ဆိုပါက သက္ကရာဇ် ၁၉၀၀ ပြည့်နှစ်တွင် လူတစ်ဦးစီ၏ မွေးစ ပျမ်းမျ အသက်ရှည်နိုင်နှုန်းမှာ ၄၇ ဒသမ ၃ နှစ်သာရှိသော်လည်း ၁၉၇၃ ခု နှစ်သို့ ရောက်သောအခါမူ ပျမ်းမျ အသက်ရှည်ရန် မျှော်လင့်နိုင်မှုမှာ ၇၄ ဒသမ ၆ နှစ်အထိ မြင့်တက်လာ၏။

ယခုအခါ အင်္ဂလန်နှင့် ဥရောပနိုင်ငံများ၊ ဂျပန်နိုင်ငံနှင့် အစ္စရေးနိုင်ငံတို့မှာလည်း မွေးစ ပျမ်းမျ အသက်ရှည်နှုန်းမှာ ၇၀ ကျော်ရှိလာပြီဖြစ်၏။ မိန်းမက ယောကျ်ားထက် ငါးနှစ်မျှ ပိုရှည်တတ်ပေသည်။ သို့သော် အလုပ်မှအငြိမ်းစား ယူစေရာတွင်မူ အနောက် နိုင်ငံများ၌ ယောကျ်ား ၆၅ နှစ်တွင်၊ မိန်းမအသက် ၆၀ ပြည့်လျှင် ယူရလေသည်။ သို့ဖြစ်၍ သူတို့ဆိုင်ရာအသက် ၆၅ နှစ်ကျော်များကိုမူ ဇရာအို၊ အဘိုးအို၊ အဘွားအိုများအဖြစ် ယူဆကြ၏။ မြန်မာနိုင်ငံ၌မူ ယောကျ်ားရော မိန်းမပါ အသက် ၆၀ ပြည့်လျှင် အငြိမ်းစားယူကြရပေသည်။

ဤသက်ကြီးရွယ်အိုများ၏ အရေအတွက်မှာ နိုင်ငံတိုင်း၌ လူဦးရေအားလုံး၏ ၁၀ ရာနှုန်းခန့် ရှိ၏။ လူနေမှု အဆင့်အတန်း မြင့်ပြီး ကျန်းမာရေး အဆင့်အတန်းကောင်းသော နိုင်ငံများ၌ ယင်းတို့၏ အရေအတွက်မှာ အမြဲတိုးတက်နေ၏။ သို့ဖြစ်၍ အမေရိကန်ပြည်ထောင်စု၌ ၁၉၀၀ ပြည့်နှစ်က သက်ကြီးရွယ်အို အရေအတွက်မှာ လူဦးရေ၏ ၁၁ ဒသမ ၃ ရာနှုန်းသာ ရှိသော်လည်း သက္ကရာဇ် ၂၀၀၀ တွင် ၁၃ ရာနှုန်းထိ မြင့်လာပြီး သက္ကရာဇ် ၂၀၃၀ တွင် ၂၁ ရာနှုန်းထိရှိမည်ဟု တွက်ချက်ခန့်မှန်းထား၏။ လူဦးရေ သန်း ၂၂၀ ကျော်သော နိုင်ငံတစ်ခုအပို ယင်း ရာခိုင်နှုန်းများသည် တော်တော်များပြားသော လူဦးရေကို ပြသနေ၏။

ယင်းသက်ကြီးရွယ်အို လူဦးရေ သန်း ၂၀ ကျော် ၃၀ ခန့်အတွက် အမေရိကန်ပြည်ထောင်စုသည် အစိုးရ စီမံကိန်း၊ ပုဂ္ဂလိက စေတနာရှင် စီမံကိန်းများခြင်း ဆောင်ရွက်နေရ၏။ မဆောင်ရွက်၍ မဖြစ်။ သက်ကြီး ရွယ်အို ၉၀ ရာနှုန်းကျော်မှာ ကျန်းမာသန်စွမ်းလျက်ရှိပြီး အလုပ်လုပ်ကိုင်နိုင်သေး၍ ဖြစ်၏။ ထိုသူတို့အတွက် နေရေးစားရေး၊ အလုပ်အကိုင်သစ်ရရေး၊ ဘဝကြင်ဖော်ရရှိရေး၊ ကျန်းမာရေးအတွက် ရွှေ့ထောင့်စုံမှ လုပ်ကိုင် ဆောင်ရွက်ပေးနေရ၏။

ကျန်သက်ကြီးရွယ်အို ၁၀ ရာနှုန်းမှာလည်း နာတာရှည်ရောဂါများဖြစ်သည့် နှလုံးသွေးကြောကျဉ်း ရောဂါ၊ ကင်ဆာနှင့် ဦးနှောက်သွေးကြောရောဂါများဖြင့် မသေဆုံးမီ စိတ်ရောဂါများ ခံစားနေကြရ၏။ အဖော်မဲ့ဘဝ၌ ရောက်နေကြ၏။ ထိုသူတို့အတွက် နာတာရှည် ဆေးရုံများ၊ သူနာပြုဂေဟာများတွင် တင်ကူသရေး၊ အဖော်အပေါင်းရရန် လူငယ်များကို အဘိုးအဘွား မွေးစားစေခြင်းနှင့် ဟော့စ်ပိုက်စ် (Hospice)ခေါ် စေတနာရှင် သက်ကြီးရွယ်အို စောင့်ရှောက်ရေး အဖဲ့များ ဖဲ့လျက် ဆောင်ရွက် ပေးနေကြ၏။ အောင်မြင်သော ဟော့စ်ပိုက်စ် လှုပ်ရှားမှုမှာ အင်္ဂလန်နိုင်ငံမှ စတင် ပျံ့နှံ့လာခြင်းဖြစ်၏။ "နားခိုရာကွန်း" အဓိပ္ပာယ်ရစေသည်။ အမေရိကန် ပြည်ထောင်စု၌ ယင်း ကွန်းရေဟာပေါင်း တစ်ထောင်ကျော်ရှိသည်ဟု သိရလေသည်။ မြန်မာနိုင်ငံမှ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ မင်းကွန်း ဘိုးဘွားရိပ်သာနှင့် ယခု မန္တလေး၊ မိတ္ထီလာ ဘိုးဘွား ရိပ်သာများနှင့် အလားတူလေသည်။

သက်ကြီးရွယ်အိုများတွင် အဖြစ်များသော ရောဂါတစ်ခုမှာ အယ်ဇိုင်းမားရောဂါဖြစ်၏။ ဦးနှောက်ချောင်စေပြီး သတိမေ့ခြင်း၊ အခြားသူများကို အထင်လွဲခြင်း၊ မိမိကိုယ်ကို အထင်ကြီးခြင်းနှင့် နောက်ဆုံးတွင် သတိမေ့မိန်းမောလျှင် သေသွားစေသော ရောဂါဖြစ်၏။

ယခုထိ ရောဂါဖြစ်ရခြင်းအကြောင်းကို မသိသေးဘဲ ဗိုင်းရတ်ပိုးကြောင့်လော၊ ဒန် (အလူမီနီယံ)သတ္တု များပြားသောကြောင့်လော၊ ဦးနှောက်မှ ပုံမှန်လိုသော ဓာတုပစ္စည်းများမထုတ်၍ ဖြစ်ရသလော၊ မျိုးဗီဇ ချွတ်ယွင်းမှုကြောင့်လောဟု သိပ္ပံပညာရှင်တို့ ကြံဆဆဲဖြစ်၏။ ယခုအထိ ယင်းရောဂါ ပျောက်အောင် ကုသနိုင်သည့်ဆေးမတွေ့သေးပေ။ ယခုထိ ရောဂါပိုမဆိုးအောင် တတ်နိုင်သော ဖီဆော့ဇ်တမင်းဆေးနှင့် ဒိုပါမင်းဆေးများကိုသာ ရှာဖေ့တွေ့ရှိသေးသည်။

နောက်ဆုံးပေါ် ဆေးပညာ တိုးတက်မှုများ

အမေရိကန် ပြည်ထောင်စု၌ ကူးစက် ရောဂါများကို ကာကွယ်နှိမ်နင်းနိုင်သဖြင့် အသက်ရှည်ရန် မျှော်မှန်းချက်မှာ ၇၅ နှစ်ထိ တိုးတက်လာသော်လည်း ၁၉၆၀ ပြည့်ထိ ရပ်နေခဲ့၏။ သက်ကြီးရွယ်အို၊ အသက် ၄၀ ကျော် နှင့် အသက် ၆၀ ကျော် ပုဂ္ဂိုလ်များအတွက်မူ သက်တမ်း ပိုမရှည်ခဲ့ပေ။ ယခုမူ ယင်းပုဂ္ဂိုလ်တို့၏ အသက်ရှည်နှုန်းလည်း တိုးလာမည်ဟု သိရ၏။ ယင်းတို့သည် အသက် ၇၅ နှစ်ကျော် ၉၀ ထိ အသက်ရှည်စွာနေနိုင်ကြတော့မည်။

ဤသို့ လူကြီးနှင့် လူလတ်အသက်ရှည်နှုန်းတိုးမြင့်လာသည်မှာ လူကြီးများကို သေစေသော နှလုံးရောဂါ၊ ကင်ဆာရောဂါနှင့် လေဖြတ်ခြင်းများကို အောင်မြင်စွာ ပြုစုကုသနိုင်၍ ဖြစ်သည်ဟု သိရလေသည်။

ဤသို့ ကုသနိုင်အောင်လည်း ဆေးပညာက တစ်ဟုန်ထိုး တိုးတက်လာရာ ၁၉၇၇ ခုအထိ တိုးတက်လာသော ဆေးပညာနယ်ပယ်များမှာ အောက်ပါအတိုင်း ဖြစ်၏။

- အရိုးကိုသာမက အသားကိုပါ မြင်နိုင်သော ဓာတ်မှန်ကိရိယာများကို တီထွင်နိုင်ခြင်းကြောင့် မခဲမစိတ်ရဘဲ ဦးနှောက်၊ နှလုံးနှင့် အဆုတ် စသည့် အင်္ဂါများ၏ ကင်ဆာ အပါအဝင် ရောဂါမျိုးစုံကို စောစီးစွာ ရှာဖွေတွေ့ရှိ ကုသနိုင်မည် ဖြစ်၏။
- မျိုးရိုးလိုက်သော ရောဂါများကိုဖြစ်စေသည့် မျိုးရိုးဗီဇများကိုသိပြီး ယင်းရောဂါများကို ဖယ်ရှား နိုင်မည်။ ဆီးချိုရောဂါရှင်များအတွက် အင်ဆူလင်ကို မျိုးရိုးဗီဇပညာဖြင့် လွယ်ကူစွာ ထုတ်လုပ်ပေးနိုင်မည်။ ကိုယ်ခံစွမ်းအားကောင်းရန် ပဋိဇီဝပစ္စည်းများ ထုတ်လုပ်မှုကိုလည်း မျိုးရိုးဗီဇအင်ဂျင်နီယာပညာဖြင့် ပြုလုပ်ပေးနိုင်မည်။
- နှလုံးကို ခဲကုခြင်း၊ နှလုံးသွေးကြော ပြောင်းတပ်ခြင်း၊ ကင်ဆာတစ်မျိုးဖြစ်သော ဟော့ဂ်ကင်းရောဂါ (**Hodgkin's disease**)ကို ပျောက်အောင်ကုခြင်းတို့တွင် ယခုထက်တိုးတက်လာမည်။ ၁၉၇၁ ခုနှစ်တွင် နှလုံးသွေးကြောပြောင်းတပ်ခဲစိတ်မှု ၂၄,၀၀၀ ပြုလုပ်ခဲ့၍ ၁၉၈၁ ခုနှစ်တွင် ၁,၅၉,၀၀၀ ထိ ပြုလုပ် အောင်မြင်ခဲ့သည်။
- ရင်ချင်းဆက် အမြွာကိုသာမက ဦးခေါင်းချင်းဆက် ယိုးဒယားအမြွာများကို ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် အောင်မြင်စွာ ခဲစိတ်ပေးနိုင်ပြီဖြစ်၍ ခန္ဓာကိုယ်တွင် ခဲစိတ်မှု ဟူသမျှ ပြုလုပ်၍ ရပြီ။
- လေဆာရောင်ခြည် ခဲစိတ် ကိရိယာဖြင့် ဦးနှောက်အတွင်း၊ မျက်စိအတွင်း အားလုံးခဲစိတ်၍ ရပြီ။
- စီးကရက်သောက်ခြင်းကို ပိတ်ပင် တားမြစ်ခြင်းဖြင့် စီးကရက်ကြောင့် ဖြစ်သော ရောဂါ အများကို ကာကွယ်နိုင်မည်။ သို့ဖြင့် လူတို့၏ ကျန်းမာရေးနှင့် အသက်ရှည်ရေးကို ပိုမိုကူညီနိုင်မည်။
- ကင်ဆာကာကွယ်ရေးမှာ ယခုထက် ပိုမိုထိရောက်လာမည်။ စီးကရက်၊ အရက်နှင့် မူးယစ်ဆေးဝါးကို ရှောင်စေပြီး ဗိုက်တာမင် စီ၊ အီးနှင့် အေ (ဘီတာကရိုးတင်း **Beta - Carotene**) တို့ကို လူတိုင်း စားစေခြင်းဖြင့် ကင်ဆာရောဂါ ဖြစ်ပွားမှုနှုန်း ကျဆင်းလာမည်။
- အဆီလျှော့စားခြင်း၊ ကိုလက်စထရောပါသော အစာများ ရှောင်စားခြင်းနှင့် ဟင်းသီးဟင်းရွက် အစိမ်းများ၊ အဝါရောင် သီးနှံများကို စားခြင်း၊ ဆားလျှော့စားခြင်းဖြင့် လူတို့တွင် သွေးတိုးနှင့် နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ ဝလွန်းသော ရောဂါများ ဖြစ်ပွားမှု ကျဆင်း၍ အသက်ပိုရှည်လာ၊ ကျန်းမာလာကြမည်ဟု သိရပေသည်။

မြန်မာနိုင်ငံ၏ ပြည်သူကျန်းမာရေး စိမ်ခေါ်ချက်

မြန်မာနိုင်ငံ အနေဖြင့်လည်း ကျန်းမာရေး စိမ်ခေါ်ချက်များ ရေးဆွဲချမှတ်လုပ်ကိုင်နေရာ ယခု တတိယ ပြည်သူ့ကျန်းမာရေးစီမံချက်(၁၉၇၆–၇၇ မှ ၁၉၇၉–၈၀ ပြည့်နှစ်အထိ)အောင်မြင်ပါက အောက်ပါ အကျိုးကျေးဇူးများ ရရှိလာမည် ဖြစ်ပေသည်။

- တောနှင့် မြို့ ကျန်းမာရေးကွာဟချက် နည်းလာခြင်း၊
- ကူးစက်ရောဂါများ ဖြစ်ပွားမှု နည်းလာခြင်း၊
- သေနှုန်းများ ကျဆင်းလာ၍ ပြည်သူ လူထု၏ သက်တမ်း ပိုရှည်လာခြင်း၊
- ပြည်တွင်းတွင်ပင် ရောဂါမျိုးစုံ ကုသနိုင်ခြင်း၊
- ကျန်းမာသော သားကောင်းရတနာများမွေးဖွားလာခြင်း၊
- ပြည်သူလူထုအတွင်း ကျန်းမာရေးပညာ စိမ့်ဝင်လာ၍ လူတိုင်း ကျန်းမာရေးကို ကိုယ်တိုင် ပါဝင်ဆောင်ရွက်လာခြင်း၊
- ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာသဖြင့် ပြည်သူလူထု၏ ကုန်ထုတ်မှုစွမ်းအား တိုးတက်လာခြင်း၊
- သို့ဖြင့် နိုင်ငံတော်၏စီးပွားရေးစီမံကိန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်း။

ဒေါက်တာ မောင်မောင်ညို



ဒုတိယအကြိမ် ပြည်သူလွှတ်တော် ဥပဒေများ

ဥပဒေရေးရာ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၂ အရ ဒုတိယအကြိမ် ပြည်သူလွှတ်တော်ကို ဖွဲ့စည်းနိုင်ရန် ဒုတိယအကြိမ် ပြည်သူလွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့် ရွေးချယ်တင်မြှောက်ပွဲများကို ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ ၁၅ ရက်နေ့အထိ ပြုလုပ်ခဲ့လေသည်။ ဒုတိယအကြိမ် ပြည်သူလွှတ်တော်အတွက် သတ်မှတ်ထားသည့် မဲဆန္ဒနယ်ပေါင်း ၄၆၄ ခုရှိပြီး မဲဆန္ဒနယ်အားလုံးတွင် ရွေးချယ်တင်မြှောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေးကို ၁၉၇၈ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ရန်ကုန်မြို့၊ အလုံလမ်း၊ သမ္မတအိမ်တော်ဝင်းအတွင်းရှိ ဗဟိုအစည်းအဝေးခန်းမ၌ စတင်ကျင်းပသည်။

ဒုတိယအကြိမ် ပြည်သူလွှတ်တော် သက်တမ်းကာလအတွင်း ပြည်သူလွှတ်တော်သည် ပုံမှန်အစည်းအဝေးခုနစ်ကြိမ်၊ အထူးအစည်းအဝေးတစ်ကြိမ်၊ စုစုပေါင်းရှစ်ကြိမ်ကျင်းပပြီး နိုင်ငံတော်အတွက် လိုအပ်သော ဥပဒေ ၁၃ ခုကို အတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။

ပထမအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

တာဝန်မှုနှုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေများကို ပြင်ဆင်သည့် ဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပထမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့)တွင်

ပြည်သူလွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ မူလ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ခ) တွင် "လက်ရှိ ပြည်သူ့ကိုယ်စားလှယ်များ" ဆိုသည့်စကားရပ်ကို "ပြည်သူ့ကိုယ်စားလှယ်များ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလ ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် "အနီးကပ်ဆုံး" ဆိုသည့်စကားရပ်ကို "နိုင်ငံတော်ကောင်စီက သတ်မှတ်သော" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးခြင်းဖြစ်သည်။

၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော်၊ ပထမအစည်းအဝေး၏ပဉ္စမနေ့ (၁၉၇၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ တစ်နိုင်ငံလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကို ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းသည်။ လယ်ယာကဏ္ဍမှ ၅ ဒသမ ဝ ရာခိုင်နှုန်း၊ သားငါးကဏ္ဍမှ ၄ ဒသမ ၇ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍမှ ၄ ဒသမ ၁ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍမှ ၁၃ ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍမှ ၁၃ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးတိုးတက်ထုတ်လုပ်ရန် ဖြစ်သည်။

၁၉၇၈ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

ဒုတိယအကြိမ်ပြည်သူလွှတ်တော် ပထမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၈ ခုနှစ်၊ မတ်လ ၇ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူ့ လွှတ်တော်၊ နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ ရင်ွေကို ကျပ် ၁ ဒသမ ၆၆ ကုဋေ၊ သုံးငွေကို ကျပ် ၃၉ ဒသမ ၄၀ ကုဋေဟု လည်းကောင်း၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနများ၏ ရင်ွေကို ကျပ် ၄၀၄ ဒသမ ၀၅ ကုဋေ၊ သုံးငွေကို ကျပ် ၄၄၅ ဒသမ ၅၀ ကုဋေဟုလည်းကောင်း၊ နိုင်ငံတော် စီးပွားရေး အဖွဲ့အစည်းများ၏ ရင်ွေကို ကျပ် ၁,၀၂၆ ဒသမ ၂၉ ကုဋေ၊ သုံးငွေကို ကျပ် ၁,၀၂၆ ဒသမ ၂၉ ကုဋေဟုလည်းကောင်း၊

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမအစည်းအဝေး ကျင်းပနေစဉ်





ဆာဝန်မှုနုထ်လွှက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို နိုင်ငံတော်ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး စန်းယု (ယခု နိုင်ငံတော်ကောင်စီဥက္ကဋ္ဌကြီး ဦးစန်းယု) က တင်သွင်းစဉ်

စည်ပင်သာယာရေး အဖွဲ့များ၏ ရင်ဘေကို ကျပ် ၂၀ ဒသမ ၀၃ ကုဋေ၊ သုံးဘေကို ကျပ် ၂၀ ဒသမ ၀၃ ကုဋေဟု လည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

ဒုတိယအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေ

တာဝန်မှ နုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ် တင်မြှောက်ခြင်း ဥပဒေ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယအစည်းအဝေး၏ တတိယနေ့ (၁၉၇၀ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့)တွင် ပြည်သူ့လွှတ်တော်က အထက်ပါဥပဒေကြမ်းကိုအတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်လိုလျှင် နိုင်ငံတော်ကောင်စီသို့ လည်းကောင်း၊ လွှတ်တော်က ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှ တစ်ဆင့် နိုင်ငံတော်ကောင်စီသို့ လည်းကောင်း၊ ပြည်သူ့ကောင်စီဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် သက်ဆိုင်ရာ အလုပ်အမှုဆောင် အဖွဲ့သို့ လည်းကောင်း၊ ပြည်သူ့ကောင်စီက ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုလျှင် ယင်းအဖွဲ့အစည်းမှ တစ်ဆင့် နိုင်ငံတော်ကောင်စီသို့ လည်းကောင်း၊ လွှတ်တော်ကို နုတ် ထွက် လွှာကို တင်သွင်းရမည် ဖြစ်ကြောင်း၊ ယင်းနုတ်ထွက်လွှာကို ပြန်လည် ရုပ်သိမ်းလိုက ရုပ်သိမ်းနိုင်ရန် ၁၅ ရက် ခွင့်ပြုနိုင်ပြီး၊ ရုပ်သိမ်းခြင်းမပြုလျှင် နုတ်ထွက်ခွင့်ပြုရမည်ဖြစ်ကြောင်း၊ နုတ်ထွက်ခွင့်ပြုခြင်းများကို အနီးကပ်ဆုံး လွှတ်တော်သို့ နိုင်ငံတော်ကောင်စီက လည်းကောင်း၊ ပြည်သူ့ကောင်စီ အစည်းအဝေးသို့ ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က လည်းကောင်း တင်ပြရမည် ဖြစ်ကြောင်း၊ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ် တင်မြှောက်ထားသော အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ရစေကာမူ ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆက်လက်တည်ရှိမည်ဖြစ်ပြီး ပြည်သူ့ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ခွင့်ရရှိလျှင်မူ သက်ဆိုင်ရာ အဖွဲ့အစည်း၏ အဖွဲ့ဝင်အဖြစ်မှလည်း အလိုအလျောက် နုတ်ထွက်ပြီး ဖြစ်ကြောင်း ဖော်ပြထားသည်။

လွှတ် တော် ကိုယ် စား လှယ် နေ ရာ လစ် လပ် လျှင် လွှတ်တော်စိစစ်ရေး ကော်မတီက နိုင်ငံတော် ကောင်စီသို့

အမြန်ဆုံး တင်ပြရမည်ဖြစ်ပြီး ယင်းသို့ တင်ပြလျှင်ဖြစ်စေ၊ နိုင်ငံတော်ကောင်စီက သိရှိလျှင်ဖြစ်စေ၊ နိုင်ငံတော်ကောင်စီသည် ရွေးချယ်တင်မြှောက်ပုံ ကျင်းပရေး ကော်မရှင်သို့ အကြောင်းကြားရန်၊ ပြည်သူ့ကောင်စီဝင် နေရာလစ်လပ်လျှင် သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့က နိုင်ငံတော်ကောင်စီသို့ အမြန်ဆုံးတင်ပြရမည်ဖြစ်ပြီး နိုင်ငံတော်ကောင်စီက ရွေးချယ်တင်မြှောက်ပုံ ကော်မရှင်သို့ အကြောင်းကြားရန်၊ ယင်းလစ်လပ်သော နေရာအတွက် ကြားဖြတ်ရွေးချယ်တင်မြှောက်ပုံကို နိုင်ငံတော်ကောင်စီ၏ ညွှန်ကြားချက်အရ ရွေးချယ်တင်မြှောက်ပုံကျင်းပရေး ကော်မရှင်က ကျင်းပပေးရမည်ဖြစ်ပြီး ခိုင်လုံသော အကြောင်းရှိပါက နိုင်ငံတော်ကောင်စီသည် ကြားဖြတ်ရွေးချယ် တင်မြှောက်ပုံကို ဆိုင်းငံ့ထားရန် ခွင့်ပြုနိုင်ကြောင်း၊ လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီက ရွေးချယ်တင်မြှောက်သော အပြုဝင်နေရာအတွက် အစားထိုးရွေးချယ်တင်မြှောက်ခြင်းကို အနီးကပ်ဆုံး လွှတ်တော် သို့မဟုတ် ပြည်သူ့ကောင်စီ အစည်းအဝေးတွင် ပြုလုပ်ရမည်ဖြစ်ပြီး ခိုင်လုံသောအကြောင်းရှိလျှင်မူ အစားထိုးရွေးချယ်တင်မြှောက်ခြင်းကို ဆိုင်းငံ့ထားရန် နိုင်ငံတော်ကောင်စီက ခွင့်ပြုနိုင်ကြောင်း ဖော်ပြပါရှိသည်။

ထို့ပြင် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် နိုင်ငံတော်ကောင်စီသည် လိုအပ်သော လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်ကြောင်းနှင့် တာဝန်မှုနှုတ်ထွက်ခြင်းနှင့် အစားထိုးရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၆) (စွယ်စုံနှစ်ချုပ် ၁၉၇၄—စ၊ ၁၀၀—ရှ။) ကို ဤဥပဒေဖြင့် အစားထိုးလိုက်ကြောင်းကိုလည်း ဖော်ပြထားသည်။

တတိယအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေများ

၁၉၇၉ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များဆိုင်ရာ ဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော် တတိယအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၉ ခုနှစ်၊ မတ်လ ၂၃ ရက်) နေ့တွင် ပြည်သူလွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက်အရ ချုပ်မှာ တစ်နိုင်ငံလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၅ ဒသမ ၉ ရာခိုင်နှုန်း၊ သစ်တော ကဏ္ဍတွင် ၃ ဒသမ ၆ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၁၁ ဒသမ ၅ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၁၁ ဒသမ ၁ ရာခိုင်နှုန်း အသီးသီး တိုးတက် ထုတ်လုပ်ရန် ဖြစ်သည်။

၁၉၇၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော် တတိယ အစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၉ ခုနှစ်၊ မတ်လ ၂၃ ရက်နေ့) တွင် ပြည်သူ့ လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်း ချုပ်မှာ ပြည်သူ့လွှတ်တော်၊ နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီ အဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့၊ ပြည်သူ့ လုပ်ငန်းစစ်ဆေးရေးအဖွဲ့များ၏ ရငွေကို ကျပ် ၁ ဒသမ ၉၁ ကုဋေ၊ သုံးငွေကို ကျပ် ၃၉ ဒသမ ၄၆ ကုဋေဟု လည်းကောင်း၊ ဝန်ကြီး ဌာနများနှင့် ဦးစီး ဌာနများ၏ ရငွေကို ကျပ် ၅၅၅ ဒသမ ၅၈ ကုဋေ၊ သုံးငွေကို ကျပ် ၅၀၆ ဒသမ ၇၆ ကုဋေဟု လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရငွေကို ကျပ် ၂,၀၉၇ ဒသမ ၇၃ ကုဋေ၊ သုံးငွေကို ကျပ် ၂,၀၉၇ ဒသမ ၇၃ ကုဋေဟု လည်းကောင်း၊ စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေကို ကျပ် ၁၇ ဒသမ ၁၁ ကုဋေ၊ သုံးငွေကို ကျပ် ၁၇ ဒသမ ၁၁ ကုဋေဟု လည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

ပဉ္စမအစည်းအဝေးက ပြဋ္ဌာန်းသည့်ဥပဒေများ

၁၉၈၀ ပြည့်နှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေ

ဒုတိယအကြိမ်ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေး၏ ပဉ္စမနေ့ (၁၉၈၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်နေ့) တွင် ပြည်သူ့လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တစ်နိုင်ငံလုံး၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်ရန် ရည်မှန်းသည်။ လယ်ယာကဏ္ဍတွင် ၉ ဒသမ ၅ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၈ ဒသမ ၂ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၅ ဒသမ ၉ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၁၇ ဒသမ ၂ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၁၃ ဒသမ ၈ ရာခိုင်နှုန်း အသီးသီး တိုးတက် ထုတ်လုပ်ရန်ဖြစ်သည်။



ဘဂျာ ခုနှစ် စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာ ဥပဒေကြမ်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီး သူရ ဦးထွန်းတင်က တင်သွင်းစဉ်

၁၉၇၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော် ပဉ္စမ အစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၀ ပြည့်နှစ်၊ မတ်လ ၂၁ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ပြည်သူလွှတ်တော်၊ နိုင်ငံတော် ကောင်စီနှင့် ပြည်သူ့ကောင်စီအဆင့်ဆင့် ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်း စစ်ဆေးရေး အဖွဲ့များ၏ ရငွေကို ကျပ် ၂ ဒသမ ၃၆ ကုဋေ၊ သုံးငွေကို ကျပ် ၄၁ ဒသမ ၄၅ ကုဋေဟု လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေကို ကျပ် ၆၁၂ ဒသမ ၉ ကုဋေ၊ သုံးငွေကို ကျပ် ၅၆၄ ဒသမ ၅၁ ကုဋေဟု လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများ၏ ရငွေကို ကျပ် ၂,၃၀၃ ဒသမ ၁၄ ကုဋေ၊ သုံးငွေကို ကျပ် ၂,၃၀၃ ဒသမ ၁၄ ကုဋေဟုလည်းကောင်း၊ စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေကို ကျပ် ၂၀ ဒသမ ၉၂ ကုဋေ၊ သုံးငွေကို ကျပ် ၂၀ ဒသမ ၉၂ ကုဋေဟု လည်းကောင်း လျာထားကြောင်း ဖော်ပြထားသည်။

ပထမအထူးအစည်းအဝေးက ပြဋ္ဌာန်းသည့် ဥပဒေ

ဝိနည်းဓမ္မက် အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေ

ဒုတိယအကြိမ်ပြည်သူလွှတ်တော် ပထမအထူးအစည်းအဝေး၏ ဒုတိယနေ့ (၁၉၇၀ ပြည့်နှစ်၊ ဇွန်လ ၂၆ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ဝိနည်းဓမ္မက် အဓိကရဏ်း မူလမှုခင်းကိုဖြစ်စေ၊ အယူခံစောဒနာမှုခင်းကိုဖြစ်စေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဖွဲ့စည်းထားသည့် သံဃာ့ဝိနိစ္ဆယအဖွဲ့များနှင့် သီးခြား ဝိနည်းဓိုရ်အဖွဲ့များက ဝိနည်းတရားတော်နှင့်အညီ စစ်ဆေးဆုံးဖြတ်မည်ဖြစ်ရာ အမှုဆိုင်ရန်ပျက်ကွက်သော စောဒကကိုသော်လည်းကောင်း၊ စုဒိတကကိုသော်လည်းကောင်း ခေါ်ယူပေးရန် သံဃာ့ဝိနိစ္ဆယအဖွဲ့ကအကြောင်းကြားလာပါက သက်ဆိုင်ရာပြည်နယ်၊ တိုင်း သို့မဟုတ် မြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က လာရောက် အမှုဆိုင်ရန် အကြောင်းကြားစာ ထုတ်ဆင့်ပေးရမည်ဖြစ်သည်။ ဝိနည်းဓမ္မက် အဓိကရဏ်းသည် သိမ်၊

ကျောင်း၊ ဇရပ် စသော အဆောက်အအုံ တစ်ခုခုကို လက်ဝယ်ရလိုမှုနှင့်ဖြစ်စေ၊ ထိုအဆောက်အအုံများတည်ရှိရာ ကျောင်းတိုက်တစ်ခုလုံးကို ပိုင်ဆိုင်လက်ဝယ် ရလိုမှုနှင့်ဖြစ်စေ၊ ယင်းအဆောက်အအုံ၊ ကျောင်းတိုက်ရှိပုဂ္ဂိုလ်အားလုံးကိုသော်လည်းကောင်း၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဖယ်ရှားပေးရန် လိုအပ်လျှင် သက်ဆိုင်ရာမြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဖယ်ရှားပြီး အဆောက်အုံ သို့မဟုတ် ကျောင်းတိုက်ကို ထိန်းသိမ်းစောင့်ရှောက်ထားရန် အဖွဲ့အစည်းတစ်ခုခုကို ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ တာဝန်ပေးအပ်နိုင်ကြောင်း၊ ရွှေပြောင်းနိုင်သည့် ပစ္စည်းများနှင့် ပတ်သက်နေလျှင် မြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့က နှစ်ဘက်အမှုသည်များရှေ့မှောက်တွင် စာရင်းပြုစု၍ လိုအပ် သလို ထိန်း သိမ်း စောင့် ရှောက် ပေး ရမည် ဖြစ်ကြောင်း၊ထို့ပြင် သံဃာ့ဝိန်စွယ်အဖွဲ့၏ ဆုံးဖြတ်ချက်ကို လိုက်နာအောင် မြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဆောင်ရွက်ပေးရမည် ဖြစ်သည့်အပြင် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသည့် စီမံခန့်ခွဲရေး ဆိုင်ရာကိစ္စများကိုလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဝိနည်းဓမ္မကံအဓိကရဏ်းများကို မည်သည့် တရားရုံးတွင်မျှ တရားစွဲဆိုခွင့်မရှိကြောင်း ဖော်ပြထားသည်။ ဥပဒေပါပြဋ္ဌာန်းချက်များကို ထမြောက်အောင် မြင်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီးအား တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အပ်နှင်းထားသည်။

ဆဋ္ဌမအစည်းအဝေးက ပြဋ္ဌာန်းသည့်ဥပဒေ

နိုင်ငံရေးပင်စင်ဥပဒေ

ဒုတိယအကြိမ် ပြည်သူ လွှတ်တော် ဆဋ္ဌမအစည်းအဝေး၏ စတုတ္ထနေ့ (၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၆ ရက်နေ့) တွင် ပြည်သူ လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက်အကျဉ်းချုပ်မှာ ဤဥပဒေသည် ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်အာဏာတည်ကြောင်း၊ နိုင်ငံရေးပင်စင်ဆိုရာတွင် နိုင်ငံရေးလစဉ်ပင်စင်၊ နိုင်ငံရေးဆုငွေနှင့် အခြားထောက်ပံ့မှုများ ပါဝင်ကြောင်း၊ နိုင်ငံတော် အဖွဲ့အစည်းများဆိုရာတွင် ဗိုလ်ချုပ်အောင်ဆန်းစတင် ခေါင်းဆောင်သောအစိုးရအဖွဲ့၊ တိုင်းပြုပြည်ပြု လွှတ်တော်၊ ပါလီမန်နှင့် အစိုးရအဖွဲ့၊ ပြည်ထောင်စုမြန်မာ နိုင်ငံ တော်လှန်ရေး ကောင်စီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ၊ ပြည်သူ့လွှတ်တော်၊

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမအစည်းအဝေးတွင် ဥပဒေကြမ်းများကို တင်သွင်းစဉ်းစားနေကြစဉ်



နိုင်ငံတော် ကောင်စီ၊ ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့ အစည်းများ ပါဝင်ကြောင်း၊ နိုင်ငံရေးအဖွဲ့အစည်းဆိုရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီနှင့် ပါတီ၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော ပြည်သူတောင်သူလယ်သမား ကောင်စီ၊ တောင်သူလယ်သမားအစည်းအရုံး၊ ပြည်သူ့အလုပ် သမား ကောင်စီ၊ အလုပ် သမား အစည်း အရုံး၊ လမ်းစဉ်လူငယ်အဖွဲ့အစည်းတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံရေးအဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်ခဲ့သူများ၏ လစဉ်နိုင်ငံရေးပင်စင် ခံစားခွင့် သက်မှတ်ချက်များကိုလည်း အခန်း (၂)၊ အခန်း (၃) နှင့် အခန်း (၄) တွင် သတ်မှတ်ဖော်ပြထားသည်။

ထို့ပြင် နိုင်ငံရေးလစဉ်ပင်စင်ကို အသက် ၆၀ ပြည့်မှ စတင်ခံစားခွင့်ရှိပြီး ဆက်လက်တာဝန်ပေးအပ်ခြင်း ခံရ၍ လစာရရှိနေသောကာလအတွင်း ခံစားခွင့်မရှိကြောင်း၊ ပင်စင်ခံစားခွင့်ရှိသူ ကွယ်လွန်လျှင် ဇနီး၊ သို့မဟုတ် ခင်ပွန်းက နောက်အိမ်ထောင်မပြုမချင်း ပင်စင်လစာတစ်ဝက် ခံစား၊ ခွင့်ရှိကြောင်း၊ နိုင်ငံရေးလစဉ် ပင်စင်ကို ဝန်ထမ်းပင်စင်၊ စွမ်းရည်သတ္တိ ဘွဲ့အတွက်ရသည့် လစဉ် ခြီးမြှင့်ငွေတို့နှင့် ပူးတွဲ ခံစားခွင့်ရှိကြောင်း၊ နိုင်ငံရေးပင်စင် တစ်မျိုးမျိုး၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့အတွက် လစဉ်ခြီးမြှင့်ငွေ၊ ပြည်နယ်ဦးစီးအဖွဲ့ဝင်အဖြစ် လစဉ်ခြီးမြှင့်ငွေ၊ ကျဆုံးပြီးသောခေါင်းဆောင် ကြီးများ၏ ဇနီးများအား ပေးသည့်ပင်စင်တို့နှင့် မူ နှစ်သက်ရာတစ်ခုခုကိုသာ ခံစားခွင့်ရှိကြောင်း ဖော်ပြထားပြီး ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံရပါက နိုင်ငံရေးပင်စင် ခံစားခွင့်မရှိတော့ကြောင်းနှင့် နိုင်ငံရေးပင်စင်ခံစားခွင့်ပြုခြင်း၊ မပြုခြင်းနှင့်ပတ်သက်၍အကြောင်းထူး ကိစ္စပေါ်ပေါက်လျှင် နိုင်ငံရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအတွက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် နိုင်ငံတော်အဖွဲ့အစည်းပိုင်းမှ ပုဂ္ဂိုလ်များအတွက် နိုင်ငံတော်ကောင်စီ၏ ဆုံးဖြတ်ချက်အရ ဆောင်ရွက်ရမည်ဖြစ်ကြောင်းကိုလည်းကောင်း သတ်မှတ်ပြဋ္ဌာန်းသည်။

သတ္တမအစည်းအဝေးက ပြဋ္ဌာန်းသည့်ဥပဒေများ

၁၉၈၁ ခုနှစ်၊ စီးပွားရေးဝိမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များ ဆိုင်ရာဥပဒေ

ဒုတိယ ပြည်သူလွှတ်တော် သတ္တမ အစည်းအဝေး၏ ပဉ္စမနေ့(၁၉၈၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့) တွင် ပြည်သူ

၁၉၇၈ ခုနှစ် နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းကို ဒေါ်ခင်ကြည် (မန္တလေးအနောက်တောင်—၂) ဆွေးနွေးနေစဉ်



လွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုးကို ၁၉၇၀–၇၁ ခုနှစ် ယာယီ စာရင်းအရ အကောင်အထည် ဖော်မှုအပေါ် တွင် ၅ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းသည်။ လယ်ယာကဏ္ဍတွင် ၄ ဒသမ ၉ ရာခိုင်နှုန်း၊ သားငါးကဏ္ဍတွင် ၇ ဒသမ ၁ ရာခိုင်နှုန်း၊ သစ်တောကဏ္ဍတွင် ၇ ဒသမ ၇ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ၃၁ ဒသမ ၄ ရာခိုင်နှုန်း၊ စက်မှုလက်မှုကဏ္ဍတွင် ၈ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးတိုးတက် ထုတ်လုပ်ရန်ဖြစ်သည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော် သတ္တမ အစည်းအဝေး၏ တတိယနေ့ (၁၉၇၁ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည် –

– အခြေခံဥပဒေပုဒ်မ ၄၃ တွင် ပြည်သူလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းက သဘော တူလျှင် ပြည်သူလွှတ်တော်၏ ပုံမှန်သက်တမ်းကို ပြည်သလွှတ်တော်က လျော့ပေါ့ သတ်မှတ်နိုင်သည်။ သို့မဟုတ် ပုဒ်မ ၇၇ နှင့်အညီ တိုးမြှင့်သတ်မှတ်နိုင် သည်ဟု ဖြည့်စွက်ထားသည်။
– အခြေခံဥပဒေပုဒ်မ ၆၂ ကို ပယ်ဖျက်သည်။
– အခြေခံဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (က) တွင် "ပြည်သူ လွှတ်တော်က ခြောက်လကြိုတင်၍" ဆိုသည့်စကား ရပ်ကို "ပြည်သူလွှတ်တော်က အနည်းဆုံးခြောက်လ ကြိုတင်၍" ဆိုသည့် စကားရပ်ဖြင့် အစားထိုးသည်။
– အခြေခံဥပဒေပုဒ်မ ၁၀၂၊ ပုဒ်မခွဲ (ဂ) ကို ပုဒ်မ ၄၃ ပုဒ်မခွဲ (က) အရ ပြည်သူလွှတ်တော်၏ ပုံမှန်သက် တမ်းကို လျော့ပေါ့သတ်မှတ်ရန် ဆုံးဖြတ်လျှင် ယင်း သို့ဆုံးဖြတ်သော ပြည်သူလွှတ်တော် အစည်းအဝေးက ရွေးချယ်တင်မြှောက်ပုံ ကျင်းပရေးကော်မရှင်တစ်ရပ် ကို ပြည်သူလွှတ်တော်နှင့် ပြည်သူကောင်စီအဆင့်ဆင့် အသစ်ရွေးချယ် တင်မြှောက်နိုင်ရေးအတွက် ပုဒ်မခွဲ (ခ) နှင့်အညီ ဖွဲ့စည်းပေးရမည်ဟူသော ပုဒ်မခွဲဖြင့် အစားထိုးသည်။
– အခြေခံဥပဒေပုဒ်မ ၁၀၃၊ ပုဒ်မခွဲ (က) ကို ပုဒ်မ ၆၃ အရ ပြည်သူကောင်စီတစ်ရပ်ရပ်ကို သက်တမ်းမကုန် ဆုံးမီ ဖျက်သိမ်းခဲ့လျှင် သတ်မှတ်သည့်အတိုင်း ရွေး ချယ် တင်မြှောက်ပွဲများကျင်းပ၍ သက်ဆိုင်ရာပြည်သူ ကောင်စီ အစည်းအဝေးကို ကျင်းပရမည်ဟူသော ပုဒ်မခွဲဖြင့် အစားထိုးသည်။
– အခြေခံဥပဒေပုဒ်မ ၂၀၉၊ ပုဒ်မခွဲ (က) ကို ပုဒ်မ ၆၃ အရ၊ ပြည်သူကောင်စီတစ်ရပ်ရပ်ကို သက်တမ်းမကုန် ဆုံးမီ ဖျက်သိမ်းခဲ့လျှင် အသစ်ရွေးချယ်တင်မြှောက် လိုက်သော သက်တမ်းကာလသည် ဖျက်သိမ်းခဲ့သည့် ပြည်သူကောင်စီ၏ ကျန်သက်တမ်းကာလအတွက်သာ လျှင် ဖြစ်စေရမည်ဟူသော ပုဒ်မခွဲဖြင့် အစားထိုး သည်။

၁၉၇၁ ခုနှစ်၊ နိုင်ငံတော်ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေ

ဒုတိယအကြိမ် ပြည်သူလွှတ်တော် သတ္တမ အစည်းအဝေး၏ ပဉ္စမနေ့ (၁၉၇၁ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့) တွင် ပြည်သူလွှတ်တော်က အထက်ပါ ဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းသည်။ ဥပဒေပါ ပြဋ္ဌာန်းချက် အကျဉ်းချုပ်မှာ ပြည်သူလွှတ်တော်၊ နိုင်ငံတော်ကောင်စီ နှင့် ပြည်သူကောင်စီအဆင့်ဆင့်၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နှင့် ပြည်သူလုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့၏ ရင်ဆေသည် ကျပ် ၂ ဒသမ ၄၈ ကုဋေ၊ သုံးဆေကို ကျပ် ၄၄၅ ဒသမ ၀၉ ကုဋေ၊ သုံးဆေကို ကျပ် ၅၆၉ ဒသမ ၇၅ ကုဋေဟု လည်းကောင်း၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ ရင်ဆေကို ကျပ် ၂,၇၁၄ ဒသမ ၉ ကုဋေ၊ သုံးဆေကို ကျပ် ၂,၇၁၄ ဒသမ ၉ ကုဋေဟု လည်းကောင်း၊ စည်ပင်သာယာရေး အဖွဲ့များ၏ ရင်ဆေကို ကျပ် ၂၃ ဒသမ ၉၇ ကုဋေ၊ သုံးဆေကို ၂၃ ဒသမ ၉၇ ကုဋေဟု လည်းကောင်း လျာထား ကြောင်း ဖော်ပြထားသည်။

အကျဉ်းချုပ်

ဤသို့ဖြင့် ဒုတိယအကြိမ် ပြည်သူလွှတ်တော်သည် နိုင်ငံတော်ကောင်စီက တင်သွင်းသည့် ဥပဒေကြမ်းလေးခု၊ ဝန်ကြီးအဖွဲ့က တင်သွင်းသည့် ဥပဒေကြမ်းကိုးခု စုစုပေါင်း ၁၃ ခုကို အတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။

တက္ကသိုလ် တင်အေးကြည်



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး

လူမှုရေးရာ

တရားမဝင်မူးယစ်ဆေးဝါးသုံးစွဲမှုသည် အနှစ် ၂၀ မျှ ကာလအတွင်း၌ မကြုံစဖူး ထူးကဲသောနှုန်းဖြင့် ကမ္ဘာအနှံ့ ကူးစက်ပြန့်ပွားလာခဲ့ရာ ယနေ့ကမ္ဘာ၌မူးယစ်ဆေးဝါးနှင့်ပတ်သက်နေသော ပြဿနာအသွယ်သွယ်၏ ရိုက်ခတ်မှုဒဏ်ကို မခံစားရသော နိုင်ငံဟူ၍ မရှိတော့ပြီ။ မူးယစ်ဆေးဝါးနှင့် ဆက်နွယ် နေသော ယာဉ်တိုက်မှုများ၊ လုပ်ငန်းခွင်ထိခိုက်မှုများ၊ ကိုယ်အင်္ဂါထိခိုက်မှုနှင့် စိတ်ပိုင်းဆိုင်ရာချွတ်ယွင်းမှု စသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ၊ ဒုစရိုက်မှုထူပြောလာခြင်းများ၊ တရားမဝင် ငွေလဲပြောင်းပေးအပ်မှုများ၊ မူးယစ်ဆေးဝါးကို လက်နက်နှင့် လဲလှယ်ရန် ငွေအဖြစ် အသုံးပြုခြင်းများ စသည်တို့ကို တစ်ခုမဟုတ်တစ်ခု မလွဲမသွေ ကြုံတွေ့နေကြရပေသည်။

မူးယစ်ဆေးဝါးသုံးစွဲမှုသည် သုံးစွဲသူမှတစ်ပါး အခြားမည်သူကိုမျှ ထိခိုက်နစ်နာစေခြင်း မရှိသော ပြစ်မှု (Victimless crime) ဖြစ်သည် ဟူသော အယူအဆသည်လည်း လုံးဝမှားယွင်းခဲ့လေပြီ။ အမှန်အားဖြင့် မူးယစ်ဆေးဝါးသည် ကမ္ဘာ့ပြည်သူများနှင့် နိုင်ငံအားလုံးအပေါ် ဧရာမ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခုအဖြစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။ တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှု၏ အကျိုးဆက်များမှာ လူတစ်ယောက်၊ မိသားတစ်စု၊ ဆွေမျိုးတစ်သိုက် မျက်ိုသာမက တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးနှင့် ချီ၍ပင် ထိခိုက်သက်ရောက်မှုရှိသည်။ လာဘ်ပေးလာဘ်ယူမှုနှင့် အစိုးရဝန်ထမ်းတို့အကျင့်ပျက်မှုများ၊ အစိုးရ အဖွဲ့ကို မတည်ငြိမ်အောင်

လုပ်ကိုင်မှုများ၊ သောင်းကျန်းသူ အဖွဲ့အစည်းများကို မူးယစ်ဆေးဝါးက အသက်ဆက်ပေးနေခြင်းများ၊ မူးယစ်ဆေးဝါးငွေ (drug money) သည် နိုင်ငံတကာ ငွေကြေးလဲလှယ်မှု စျေးကွက်ကို မတည်မငြိမ် ဖြစ်စေခြင်းများ စသည်အထိ များပြား နက်ရှိုင်းလှသည်။ ထို့ကြောင့် ကုလသမဂ္ဂ အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် အမှတ် ၃၉/၁၄၂ ၌ မူးယစ်ဆေးဝါးတားမြစ်ထုတ်လုပ်မှု၊ ရောင်းဝယ်ဖြန့်ဖြူးမှုနှင့် အလွဲသုံးမှုသည် ကမ္ဘာတစ်ဝန်းလုံး၌ စိုးရိမ်ဖွယ်ရာ ပေါ်ပေါက်နေသော နိုင်ငံတကာ ပြစ်မှုမြောက်သော လုပ်ရပ် (International Criminal Activity) အဖြစ်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ဖော်ပြထားသည်။


မူးယစ်ဆေးဝါး အမျိုးမျိုး

ဆေးခြောက် – ဆေးခြောက်ပင် (cannabis plant) သည် သမပိုင်းမှ အပူပိုင်းရာသီဥတုရှိသည့် ကမ္ဘာ့ဒေသ အနှံ့အပြားတွင် အရိုင်းလည်းပေါက်သည်။ လူတို့ကလည်းစိုက်ပျိုးကြသည်။ အာဖရိကနှင့် အာရှတိုက်သားများသည် ဆေးခြောက်ကို အမျိုးမျိုး သုံးစွဲလာခဲ့ကြသည်မှာ နှစ်ပေါင်း ၃၀၀၀ ခန့် ရှိပြီဖြစ်သည်။ ဆေးခြောက်တွင် ပါဝင်သော စိတ်ကိုလှုံဆော်သည့် သို့မဟုတ် စိတ်အခြေအနေပြောင်းစေသည့် (psychoactive or mind altering) အဓိကဒြပ်ပေါင်းမှာ ဒယ်လ်တာ–၉–တက်ထရာ ဟိုက်ဒရိကနာဘီနောလ် (delta-9-THC) ဖြစ်ပြီး အစေးထဲ၌ စုနေလေ့ရှိသည်။

ကိုကင်း သို့မဟုတ် ကိုကာရွက် – ကိုကာပင်သည် အမြဲစိမ်းချုံပင်မျိုးဖြစ်သည်။ မူလက တောင်အမေရိကတိုက်၏ အနောက်ပိုင်း တောတောင် ထူထပ်သော ဒေသတွင် ပေါက်ရောက်သည်။ ၎င်းတွင် အဓိကပါဝင်သည့် စိတ်လှုံ့ဖြပ်ပေါင်းမှာ အယ်လ်ကာလွိုက် ကိုကင်း (alkaloid cocaine) ဖြစ်ပြီး ကိုကာရွက်များမှ လွယ်ကူစွာ ထုတ်ယူနိုင်သည်။ ဒေသခံလူမျိုးသည် ပင်ပန်းမှုနှင့် ဆာလောင်မှုကိုပြေစေရန် ကိုကာရွက်ကို မြုံ့ကြသည့် အလေ့အထမှာ ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ ဖြစ်သည်။ ကိုကာရွက်ထွက်သောနိုင်ငံများတွင် ကိုကာရွက်မှ ကိုကင်းဖြစ်အောင် လုပ်ရာ၌ ကြားအဆင့်ဖြစ်သော ကိုကာပျော့ဖတ်များကို ဆေးရွက်ကြီး သို့မဟုတ် ဆေးခြောက်နှင့်ရော၍ ရှူးကြသည်။ ကိုကင်းကိုမူ ရှူးနိုင် ထိုးနိုင်သည်။

ကိုကင်းသည် စိတ်ကြွဆေးတစ်မျိုးဖြစ်၍ အကြောင်းမဲ့ စိတ်နှောင့်မြူးခြင်း၊ တကယ်မရှိသောအရာကို ရှိသည်ထင်ခြင်း၊ မမြင်ရမကြားရသောအရာကို မြင်မိကြားမိခြင်း၊ မိမိ၌ တကယ်မရှိသော အစွမ်းသတ္တိများ ရှိလာသလိုအထင် ရောက်ခြင်း၊ လူမှုရေး စည်းကမ်း ဖောက်သော လုပ်ရပ်များ လုပ်မိခြင်း စသည်တို့ ဖြစ်ပေါ်စေသည်။ ကိုကင်းကို ပြုပြင်ယူထားသော ခရက် (crack) သည် ကိုကင်းထက် များစွာပြင်းထန်ပြီး ပို၍လည်းစွဲစေနိုင်သည်။ ခရက်သည် ဦးနှောက်၊ နှလုံး၊ အဆုတ်နှင့် နာဗ်ကြောအဖွဲ့ကို အန္တရာယ်ကြီးစွာပေးသည်။ ကိုကင်းနှင့် ခရက်ကို စမ်း၍သုံးစွဲမိသူသည် ထပ်ကာထပ်ကာနှင့် မကြာမကြာ သုံးစဲလိုသောဆန္ဒများ ဖြစ်ပေါ်လာကာ နောက်ဆုံး၌ အခြားဘာကိုမျှ ဂရုမစိုက်တော့ဘဲ ဆေးရဖို့သာ တရှာတည်းရှာနေရသော ဘဝသို့ ကျရောက်သွားတော့သည်။ ကိုကင်းသည် အစွဲနိုင်ဆုံးသော မူးယစ်ဆေးဝါး တစ်မျိုးဖြစ်ကြောင်း တွေ့ရှိပြီးဖြစ်သော်လည်း အကြောင်းရင်းကိုမူ သေချာတိကျစွာ မသိကြရသေးချေ။

ကိုကာမှရသော ကိုကင်းမြစ်မိကုန်ကြမ်း (ဝ)၊ သန့်စင်ပြီးကိုကင်း (ဃ)



ဘိန်း၊ ဟီးရိုးအင်းနှင့် မော်ဖင်း – ဘိန်းသည် မမှည့်သေးသော ဘိန်းသီးမှ ခြစ်ယူရရှိသည့် အစေးခဲမျှားပင် ဖြစ်သည်။ ယင်းကို တစ်ဖန်ပြန်၍ ချက်ယူခြင်းဖြင့် ဘိန်းညို၊ ဘိန်းမည်း၊ မော်ဖင်း၊ ကိုဒင်းနှင့် ဟီးရိုးအင်း စသည်တို့ကို ရရှိသည်။

ဘိန်းပင်၏ မူလဇာတိသည် မြေထဲပင်လယ်အရှေ့ပိုင်း ဒေသဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၅၀၀၀ ခန့်ကပင် အသုံးပြုခဲ့ကြောင်း မှတ်တမ်းမျှားအရ သိရသည်။ ၎င်းသည် ပါရှား၊ အီဂျစ်၊ တရုတ်နှင့် ဥရောပသို့ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။ မူလက ၎င်းကို ဆေးဝါးကိစ္စအတွက် အသုံးချခဲ့သော်လည်း ဆေးဝါးကိစ္စနှင့် မသက်ဆိုင်သော အလွဲသုံးမှုမျှားပါ ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။

မော်ဖင်းနှင့် ကိုဒင်း (မီသိုင်းမော်ဖင်း)ကို ဆေးဝါးကိစ္စအတွက် အသုံးပြုနိုင်သကဲ့သို့ စွဲစေတတ်သော မူးယစ်ဆေးဝါးအဖြစ်လည်း အလွဲသုံးနိုင်သဖြင့် နိုင်ငံတော်အစိုးရ၏ ထိန်းချုပ်မှုဖြင့်သာ ထုတ်လုပ်ကြရသည်။ ဘိန်းစေးမှ ရသော ဒြပ်ပေါင်းမျှားအနက် အပြင်းထန်ဆုံးဖြစ်သော ဟီးရိုးအင်း(ဒိုင်အက်ဆီတိုင်မော်ဖင်း)ကို မော်ဖင်းမှလွဲယ်ကူသော ဓာတုနည်းစနစ်ဖြင့် ထပ်မံ ထုတ်ယူနိုင်သည်။ မော်ဖင်းသည် ပြင်းထန်ဆိုးရွားသောဝေဒနာကို သက်သာစေသည့် ဆေးဝါးတစ်မျိုးပင်ဖြစ်သော်လည်း အလွဲသုံးမိလျှင်မူ တဖြည်းဖြည်းစွဲလာပြီး စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ယိုယွင်းထိခိုက်သည့် အခြေအနေသို့ ရောက်သွားနိုင်သည်။

အခြား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးများ– ထင်ရှားသော အထက်ပါမူးယစ်ဆေးဝါးများအပြင် သုံးစွဲသူကို စွဲစေတတ်သော၊ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်စေတတ်သော အခြားဆေးဝါးပစ္စည်းများစွာ ရှိပေသေးသည်။ စိတ်ငြိမ်ဆေးအမျိုးမျိုး၊ အိပ်ဆေးအမျိုးမျိုး သည်လည်း အလွဲသုံးလျှင် စွဲစေတတ်သောသတ္တိရှိသည်။ ဘေးဖြစ်စေနိုင်သည်။ တကယ်မရှိကို တကယ်ရှိဟန်ထင်ပြီး မြင်ယောင်ကြားယောင်စေသော ဟလူစိနာဂျင်များထဲ၌ ဒီအိုအမ်(DOM)၊ ပီစီပီ(PCP)နှင့် အလွန် အစွမ်းထက်သော အယ်လ်အက်စ်ဒီ (LSD) တို့သည် အန္တရာယ်ကြီးမားသော မူးယစ်ဆေးဝါးများအဖြစ် ထင်ရှားသည်။ ထို့ပြင် အရက်နှင့် စိတ်ကြွဆေး အမျိုးမျိုးသည်လည်း အန္တရာယ်ပေးသော မူးယစ်ဆေးများပင် ဖြစ်သည်။ အချို့နိုင်ငံများ၌ ဓာတ်ဆီ၊ ရေနံဆီ၊ ကာဗွန်တက်ထရာကလိုရိုဒ်၊ အေးမိုင်းလ်နိုက်ထရိတ်၊ ဗျူတိုင်းလ်နိုက်ထရိတ်၊ နှင့် အချို့သောကော်များကို ရှူရှိုက်ကြသည်။ ယင်းဒြပ်ပေါင်းများသည် စိတ်အာရုံကို အမျိုးမျိုးပြောင်းလဲ

ဆဝယျက်သုဉ်း ထူပြစ်ခွံးသော မူးယစ်ဆေးဝါး၏ သားကောင်ဘဝကား ရင်နင့်စရာ



စေ၊ စိတ်လှုပ်ရှားစေသဖြင့် မူးယစ်ဆေးဝါးအဖြစ် သုံးကြခြင်းဖြစ်သည်။ ၎င်းတို့ကို ရှူရှိုက်ရာမှ အသက်ရှူမဲ့နှင်းခြင်း၊ အသက်ရှူလမ်းကြောင်းပိတ်ခြင်း၊ နှလုံးခုန်ရပ်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးနိုင်သည်။

ထို့ပြင် အချို့နိုင်ငံများ၌ ဆေးရွက်ကြီး ငုံသကဲ့သို့ အရှေအလယ်ပိုင်း နိုင်ငံများ၌ အပျင်းပြေ ဝါးကြလေ့ရှိသော ခတ်(Khat) ဟုခေါ်သော အပင်၏ အရွက်သည်လည်း စွဲစေတတ်သော အာရုံတစ်မျိုးကိုပေးသည့်ဆေးဝါးတစ်မျိုးပင် ဖြစ်သည်။ "ခတ်" ဝါးခြင်း အကြောင်းကို အာရေဗျဘာသာစကားဖြင့် ရေးထားသော ဆေးကျမ်းတစ်စောင် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ ကျော်ခန့်က ပေါ်ခဲ့ဖူးသည်။ ယနေ့ခေတ်၌လည်း ခတ် ဝါးလေ့ရှိသူ သန်းပေါင်းများစွာ ရှိနေပေသည်။ ခတ်သည် လတ်လတ်ဆတ်ဆတ်ဖြစ်မှသာ အာနိသင် ထက်မြက်သဖြင့် ယခင်က ၎င်းအပင်များ ပေါက်ရောက် စိုက်ပျိုးရာ ဒေသ၌သာ အသုံး တွင်ကျယ်ခဲ့သော်လည်း ယခုအခါ လျင်မြန်စွာ သယ်ယူ ပို့ဆောင်နိုင်ပြီ ဖြစ်သောကြောင့် အလှမ်းကွာဝေးသော ဒေသများအထိပါ ခတ်ဝါးခလေ့ ပျံနှံ့နေလေပြီ။

မူးယစ်ဆေးဝါး၏ ကွင်းဆက်များ

မူးယစ်ဆေးဝါးနှင့် ပြစ်မှု – မူးယစ်ဆေးဝါးနှင့် ဒုစရိုက်မှုမှာ ဆက်စပ်နေသောအရာများဖြစ်သည်။ မူးယစ်ဆေးဝါးစွဲရာမှ ငွေကို ရလွယ်သောနည်းဖြင့် ရှာဖွေသည်။ မရရသောနည်းဖြင့် ရှာဖွေသည်။ ရှာ၍ရသမျှသောနည်း အားလုံးသည် မတရားသောနည်း၊ ဥပဒေကခွင့်မပြုသောနည်းများသာ ဖြစ်ကြပေသည်။ ယာဉ်တိုက်မှု၊ ခိုးမှု၊ လုယက်မှု၊ ခားပြမှု၊ ပြည့်တန်ဆာမှု၊ အကြမ်းဖက်မှုများသည် မူးယစ်ဆေးဝါးရောင်းဝယ် သုံးစွဲမှုများနှင့် ရောယှက်မိသောအခါ အဆမတန် တိုးပွားလာသည်။ စက်မှုနိုင်ငံကြီးတစ်ခု၌ လေ့လာတွေ့ရှိချက်များအရ ပြစ်မှုကျူးလွန်ခြင်းများ၏ ၅၀ ရာခိုင်နှုန်းသည် မူးယစ်ဆေးဝါးသုံးစွဲစဉ် သို့မဟုတ် မူးယစ်ဆေးဝါး၏ လွှမ်းမိုးမှုခံရစဉ် ကာလ၌ ကျူးလွန်ခဲ့ခြင်းများဖြစ်ကြောင်း သိရှိရသည်။

မူးယစ်ဆေးဝါးအမျိုးမျိုး တွဲစပ်သုံးစွဲမှု – မူးယစ်ဆေးဝါးတိုင်းသည် တစ်ခုချင်း၌ပင် အန္တရာယ်ရှိပြီး ဖြစ်သည်။ ၎င်းတို့ကို ပေါင်းစပ် သုံးစွဲသောအခါ အန္တရာယ်သည် ဆိုရင်းစွဲထက် လွန်စွာကြီးမားလာသည်။ ဥပမာ – အရက်ကို ခန္ဓာကိုယ်က တတ်နိုင်သည်ထက် ပိုသောက်မိသောအခါ ကိုယ်တွင်းကာကွယ်ရေးစနစ်က အော့အန်ထုတ်ပစ်ခြင်းဖြင့် သက်သာစေသည်။ သို့သော် အရက်သောက်ရင်း ဆေးခြောက်ပါ သုံးစွဲလျှင်မူ ဆေးခြောက်ထဲမှ စိတ်လှုံ့ဆြပ်ပေါင်းများသည် အော့အန်ထုတ်ပစ်မည့် ကိုယ်တွင်းယန္တရားများ၏အတွင်း၌ အခြေချနေခြင်းဖြင့် ခန္ဓာကိုယ်ကို အဆိပ်တောက်ဖြစ်စေသည်။ ဆေးခြောက်ကိုအဟားခံ၍ ဆေးလိပ်နှင့် အရက် တွဲဖက်၍ သုံးလျှင်ပင် ကင်ဆာအမျိုးမျိုး ဖြစ်နိုင်ကိန်း အဆမတန် များလာကြောင်း အခိုင်အမာသိရှိထားကြပြီး ဖြစ်ပေသည်။



ဇွဲသတ္တိနှင့် အားမာန်အပြည့်ရှိပါသည်ဆိုသော လူငယ်သည် မူးယစ်ဆေး၏ကျေးကျွန် ဖြစ်ရလေသောအခါ

ဒုစရိုက်မှု – မူးယစ်ဆေးဝါးများ – မူလ မူးယစ်ဆေးဝါးအတွင်းရှိ ဓာတုဖွဲ့စည်းပုံကို ခတ်ခွဲခန်းနှင့်ဓာတုဗေဒနည်း ပညာ အကူအညီယူကာ ပြောင်းလဲပေးခြင်းဖြင့် ဒြပ်ပေါင်းအသစ်များ ဖြစ်ပေါ်စေသည်။ ယင်းကဲ့သို့ ခတ်ခွဲခန်းတွင် ဓာတုနည်းပညာဖြင့် ဖန်တီးယူသော မူးယစ်ဆေး (designer drug) များသည် သမားရိုးကျ မူးယစ်ဆေး များထက် ပိုမိုပြင်းထန်သည်။ ထို့ပြင် မသန့်စင်သောအရာများနှင့် ဘေးထွက်ပစ္စည်းများလည်း



မူးယစ်ဆေးသုံးလွန်လူနာအား ဂျိုသိုကုရပေမည်

ပါဝင်နိုင်သဖြင့် ဖျားနာခြင်း၊ အသက်ဆုံးရှုံးခြင်းများအထိ ဖြစ်နိုင်သည်။

ယင်းကဲ့သို့ လူက တမင်ဖန်တီးပြုလုပ်သော မူးယစ်ဆေးများ ပေါ်ပေါက်ခဲ့သည်မှာ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းက ဖြစ်သည်။ ယင်းတို့၏ ပြင်းထန်ပုံမှာ လွန်စွာကြောက်မက်ဖွယ်ကောင်းသည်။ ဥပမာ – ဖန်တနိုင်းလ် (fentanyl)ဟု ခေါ်သော ဒြပ်ပေါင်းသည် မော်ဖင်းထက် အဆ ၁၀၀၊ ဟီးရိုးအင်းထက်အဆ ၂၀ မှ ၄၀ အထိ ပြင်းထန်သည်။ ဖန်တနိုင်းလ်၏ အခြားဆင့်ပွားဒြပ်ပေါင်းအချို့သည် မော်ဖင်းထက် အဆ ၂၀၀၀ မှ ၆၀၀၀ အထိပင် အစွမ်းထက်သည်။ ၎င်းတို့၏ စွဲစေနိုင်သောသတ္တိမှာလည်း မတို့မထိရဲလောက်အောင်ပင် ကြီးမားလှသည်။ အရက်စွဲစေရန် နှစ်၊ လ ချီ၍ ကြာနိုင်သော်လည်း ဖန်တနိုင်းလ်ကိုတစ်ခါထိုးရုံဖြင့် စွဲသည်။အမေရိကန်ပြည်ထောင်စုတွင် မေ့ဆေးဆရာဝန် အချို့ပင်လျှင် မူးယစ်ဆေးစွဲနေကြောင်း လေ့လာတွေ့ရှိရှာ ထိတ်လန့်စရာသတင်းပင် ဖြစ်သည်။ မူးယစ်ဆေးစွဲ ပေဒပညာရှင် ဂျီ ဒေါက်ဂလပ်စ်တဲလ်ဘော့ထ်က မကြာသေးမီက သူကုသပေးခဲ့သော ဆေးစွဲ မေ့ဆေးဆရာဝန် ၁၂၅ ဦးအနက် ၁၀၅ ဦးသည် ဖန်တနိုင်းလ် စွဲသူများဖြစ်ကြောင်း ပြောခဲ့သည်။ ၁၉၇၆ ခုနှစ် ဩဂုတ်လ မတိုင်မီအထိ အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယား၊ အရီးဇိုးနားနှင့် အော်ရီဂွန်ပြည်နယ်များတွင် ဖန်တနိုင်းလ် စွဲ၍သေဆူး ၁၀၇ ယောက်ရှိခဲ့ပြီးဖြစ်သည်။

အော့ဒ်စ်ရောဂါနှင့် မူးယစ်ဆေးဝါး – မူလကိုယ်ခံစွမ်းအားလျော့နည်းကျဆင်းရောဂါ (အော့ဒ်စ်)သည် ရောဂါရှိသူ၏သွေးကို သွင်းမိခြင်း၊ မသန့်ရှင်းသော ဆေးထိုးအပ်ကို ဆက်လက် သုံးမိခြင်းဖြင့် ကူးစက် နိုင်သောကြောင့် မူးယစ်ဆေးဝါး သုံးစွဲသူတစ်ဦးထံ ရောက်မိလျှင်လွန်စွာပုံနှိပ်လွယ်သည်။ အော့ဒ်စ်ရောဂါ ဖြစ်ပွားသူ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းကျော်သည် သွေးပြန်ကြောထဲသို့ ဆေးထိုးဆေးသွင်းပြုလုပ်ကြသော မူးယစ်ဆေးဝါးသုံးစွဲသူများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ပြင် ဆေးခြောက်၊ ကိုကင်းစသည့် မူးယစ်ဆေးဝါးများသည် ခန္ဓာကိုယ်၏ကိုယ်ခံစွမ်းအားကို ထိခိုက်စေသည်။

မူးယစ်ဆေးဝါးသုံးစွဲကြခြင်း အကြောင်းရင်း

အဘယ့်ကြောင့် မူးယစ်ဆေးဝါး သုံးစွဲကြသနည်းဟူသော မေးခွန်း၏ အဖြေသည် သုံးစွဲသည့်လူအမျိုးမျိုးကိုလိုက်၍ အမျိုးမျိုးရှိနိုင်သည်။ ယင်းတို့အနက် ထင်ရှားသော အကြောင်းရင်းများမှာ ဤသို့ဖြစ်သည်။

အဆင့်တူ ဘဝတူချင်း ဖိအားပေးမှု – လူသည် မိမိနှင့်

အဆင့်တူ ဘဝတူများကြားတွင် ၎င်းတို့နှင့် လိုက်လျော ညီထွေ ရှိစေရန် အများနည်းတူ လိုက်လုပ်တတ်သည့် သဘာဝနှင့် မိမိ၏ လုပ်ရပ်ကို အဆင့်တူ ဘဝတူများက လက်ခံစေ၊ ထောက်ခံစေလိုသည့် သဘာဝရှိသည်။ မူးယစ်ဆေးဝါး သုံးစွဲသူများသည် ၎င်းတို့၏ အပြုအမူကို အခြားဘဝတူများ၏ ထောက်ခံမှုရစေရန် ကြိုးပမ်းလေ့ရှိကြသည်။ ၎င်းတို့နှင့် ပူးပေါင်းပါဝင်လာစေရန် ဘဝတူများ၏လက်ခံမှုကို သိမ်းသွင်းစည်းရုံး တတ်ကြသည်။ ထိုအသိုင်းအဝိုင်းတွင်းသို့ ရောက်နေသူသည် အများ၏ ဖိအားပေးခြင်းတို့ ခံရသည်။ ဤသို့ဖြင့် အဆင့်တူဘဝတူ အပေါင်းအသင်း မိတ်ဆွေအချင်းချင်း မူးယစ်ဆေးဝါး သုံးစွဲသည့်အကျင့် ကူးစက်ပျံနှံ့သွားသည်။

စူးစမ်းလိုမှု – မူးယစ်ဆေးစွဲကြသည့် အများစုမှာ အတွေ့အကြုံသစ်တစ်ခုကို စူးစမ်းလိုသော စိတ်ကြောင့် ဖြစ်ကြောင်း သိရသည်။ ပထမအကြိမ် စူးစမ်းမိရာမှ မူးယစ်ဆေး၏သြဇာလွှမ်းမိုးမှုကိုခံရရာ ဆက်လက်စွဲသွားကြခြင်း ဖြစ်သည်။ အထူးသဖြင့် အသက်ငယ်လေလေ စူးစမ်းရုံဖြင့် ဆက်လက်စွဲသွားရန် အခွင့်အလမ်း ပိုများလေလေ ဖြစ်သည်။

မသိ နားမလည်မှု – မူးယစ်ဆေးဝါး၏ အန္တရာယ် ကို သေသေချာချာမသိကြ၍ သုံးစွဲမိခြင်းနှင့် သုံးစွဲနေခြင်း များလည်း ရှိကြောင်း တွေ့ရသည်။ မူးယစ်ဆေးဝါး၏ အန္တရာယ်ကို အသိပညာပေးရာတွင် လူထုကြားထဲသို့ စိမ့်ဝင်ပျံနှံ့မှုမရှိသဖြင့် အချို့ကအန္တရာယ်မရှိဟုပင် ထင်ကြသည်။ ၎င်း၏ ဆိုးကျိုးသက်ရောက်မှုမှာလည်း ချက်ချင်းလက်ငင်းမပေါ်သေးဘဲ နှစ်သက်ဖွယ်ရာ အာရုံခံစားမှုကို ရနေသေးရာ အန္တရာယ်ကိုရုတ်တရက် မမြင်နိုင်ရှာကြပေ။ အန္တရာယ်ပါလာဟု သိသောအချိန်တွင် များစွာ နောက်ကျနေပြီဖြစ်သည်။

သင်းကွဲခြင်း သို့မဟုတ် အုပ်ကွဲခြင်း – လူသည် တွယ်တာစရာမိသားစု၊ လူမျိုးစု၊ ဆွေမျိုးအသိုင်းအဝိုင်း၊ လူအဖွဲ့အစည်း၊ နိုင်ငံစသည်ဖြင့် တစ်ခုခုနှင့် ဆက်စပ်နေလိုသော ဆန္ဒရှိသည်။ တသီးတခြား သင်းကွဲနေသော ဘဝသို့ ရောက်နေပါက တွယ်တာစရာ အသိုင်းအဝိုင်းတစ်ခုခုကို ရှာသည်။ ယင်း အသိုင်း အဝိုင်း သည် လည်း မိမိကဲ့သို့ အထီးကျန်သူများသာဖြစ်နေပြီး မူးယစ်ဆေးဝါးဘက်သို့ ထွက်ပေါက်ရှာရန် ဦးလှည့်ကြသူများ ဖြစ်နေတတ်ပေသည်။

လူမှုရေး အဆောက်အအုံ ပြောင်းလဲမှုများ – မူးယစ်ဆေးဝါး သုံးစွဲကြခြင်းသို့ ဦးတည်စေသော အခြား အရေးကြီးသည့် အခြေခံအချက်တစ်ရပ်မှာ လူမှုရေး အဆောက်အအုံများ၏ ပုံစံအဆင်အသွေးများ ပြောင်းလဲနေခြင်းပင် ဖြစ်သည်။ အများနှင့် လိုက်လျောညီတွေ့ ပြောင်းလဲနိုင်စွမ်းမရှိသော လူအဖွဲ့အစည်းဝင် အချို့သည် မူးယစ်ဆေးဝါးကို ခိုကိုးရာရှာတော့သည်။

မြို့ကြီးပြကြီးများသို့ လူဦးရေ တိုးပွားရောက်ရှိလာခြင်းနှင့် အလုပ်လက်မဲ့ ပြဿနာ – ကမ္ဘာအရပ်ရပ်၌ ကျေးလက်နေသူများသည် အလုပ်အကိုင်သစ်ရှာဖွေရန်နှင့် ဘဝရှေရေးကောင်းစားရန် မျှော်ကိုး၍ မြို့ပြဒေသသို့ အခြေချပြောင်းရွှေ့လာခြင်းများ နှစ်စဉ် တိုးပွားလျက်ရှိသည်။ ထိုသူများသည် ရောက်စပထမ၌ အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြရသည်။ အထီးကျန်မှု၊ ပညာရေး ချို့တဲ့မှု၊ မြို့ပြလူနေမှုဘဝနှင့် လိုက်လျောညီထွေနေရန် လွန်စွာခက်ခဲမှု၊ အလုပ်အကိုင်ရှားပါးမှုနှင့် အလုပ်လက်မဲ့ပြဿနာတို့သည် အချို့နိုင်ငံများ၌ မူးယစ်ဆေးဝါးသုံးစွဲမှု ထွက်ပေါက်ဆီသို့ ဦးလှည့်ပေးသော အကြောင်းရင်းများ ဖြစ်ကြသည်။

မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေး အတွက် အရေးယူဆောင်ရွက်မှုများ

မူးယစ်ဆေးဝါး ရောင်းဝယ် တင်ပို့မှုကို နိုင်ငံတကာ ဘဆင့် ကန့်သတ်ရန် ကြိုးပမ်းခဲ့မှုမှာ ၁၉၀၉ ခုနှစ်တွင် ဖြစ်သည်။ ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များသည် ရှန်ဟဲ၌ ပထမဆုံးသော မူးယစ်ဆေးဝါးဆိုင်ရာ နိုင်ငံတကာညီလာ

စတ်ရွက်ကို လွတ်လပ်စွာ ရောင်းဝယ်ခွင့် ပြုထားခြင်းသည် ကာကွယ်တားဆီးရေး၌ အခက်အခဲတစ်ရပ် ဖြစ်နေပေသည်။



ခံတစ်ခုကို ကျင်းပနိုင်ခဲ့ကြသည်။ သို့သော် နိုမ်နှင်းရေးနှင့် ပတ်သက်၍ အန္တရာယ်ဖြစ်စေသော မူးယစ်ဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု နိုမ်နှင်းရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၃၆ ခုနှစ်တွင် နိုင်ငံတကာမှ ပထမဆုံး သဘောတူ ချုပ်ဆိုခဲ့ကြသည်။ နိုင်ငံတစ်ခု၏ ပြစ်မှုဆိုင်ရာဥပဒေ အားနည်းချက်တစ်ခုခုကြောင့် မူးယစ်ဆေးဝါးရောင်းဝယ်တင်ပို့သူတရားခံက ယင်းဒေသအတွင်း အပြစ်ပေး အရေးယူခံရခြင်းမှ လွတ်မြောက်ရှောင်တိမ်းခြင်းများ မဖြစ်စေနိုင်ရန် နိုင်ငံပေါင်းချုပ်အသင်းကြီးမှ (နောင်တွင် ၎င်း၏တာဝန်ကို ဆက်ယူသော ကုလသမဂ္ဂအဖွဲ့ကြီး) က ကြိုးပမ်းခဲ့သည်။ နိုင်ငံတကာ သဘောတူစာချုပ်တိုင်း၌ တစ်ကမ္ဘာလုံး အတိုင်းအတာ၊ လူသားတစ်ရပ်လုံး အတိုင်းအတာအားဖြင့် လျော်ကန် သင့်မြတ်သည်ဟုယူဆသော အရေးယူ အပြစ်ပေးမှုများကို ပါဝင်ထည့်သွင်းစေခဲ့သည်။ ဥပမာ အားဖြင့် ၁၉၆၁ ခုနှစ် သဘောတူစာချုပ်၏ ပုဒ်မ ၃၆ နှင့် ၁၉၇၁ ခုနှစ် သဘောတူစာချုပ်၏ ပုဒ်မ ၂၂ တွင် တွေ့မြင်နိုင်ပေသည်။

နိုင်ငံတကာ မူးယစ်ဆေးဝါး ထိန်းချုပ်ရေး ဘုတ်အဖွဲ့ (INCB)၏ အစီရင်ခံစာအရ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် ရောင်းဝယ် ဖောက်ကားမှုသည် တစ်ကမ္ဘာလုံး၌ တစ်နေ့တခြား ကြီးထွားလာနေကြောင်း၊ ဒေသအလိုက် အရေးယူနှိမ်နင်းမှုများရှိသကဲ့သို့ ဖမ်းဆီးရမိသော ပမာဏမှာလည်း များပြားသည်ထက် များပြားလာနေကြောင်း သိရသည်။

အရှေ့အလယ်ပိုင်းဒေသနှင့် အနီးတစ်ဝိုက်တွင် ဘိန်းနှင့် ဟီးရိုးအင်း ဖမ်းဆီးရရှိမှုသည် နှစ်စဉ် တိုးပွားလျက်ရှိသည်။ ယင်းဒေသ၌ တရားမဝင် ဘိန်းစိုက်ပျိုးမှုများရှိနေရုံသာမက ဟီးရိုးအင်း အကြီးအကျယ် ထုတ်လုပ်ရာဒေသဖြစ်ကြောင်းပါ တွေ့ရှိရသည်။ အီရန်အစိုးရသည် ဘိန်းပင့်သောရာသီ၌ ကုလသမဂ္ဂ၏ အကူအညီဖြင့် ဝေဟင်မှ ရှာဖွေစုံစမ်းရေးပြုလုပ်ရန် လိုလားလျက်ရှိသည်။ ဘုတ်အဖွဲ့၏ အစီရင်ခံစာအရ တူရကီနိုင်ငံတွင် နယ်မြေ ၆၇ ခုပေါ်၌ ဝေဟင်နှင့် မြေပြင်ရှာဖွေစုံစမ်းမှု ပြုလုပ်ခဲ့ရာတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အရိပ်အရောင် မတွေ့ရကြောင်း သိရသည်။ သို့သော် တူရကီသည် အာရှနှင့် ဥရောပ၏ကြားတွင်ရှိသောကြောင့် ဟီးရိုးအင်းနှင့် ဆေးခြောက်များ သယ်ပို့ ဖြတ်သန်းရာ ဒေသဖြစ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အာဖဂန်စတန်နိုင်ငံတွင် ဘိန်းနှင့်ဆေးခြောက်ဖမ်းဆီးရမိမှုမှာ ၁၉၀၄ ခုနှစ်မှ ၁၉၀၅ ခုနှစ်အတွင်းနှစ်ဆတက်လာပြီး ဟီးရိုးအင်း ဖမ်းဆီးရမိမှုမှာမူ ၁၀ ဆတိုးလာသည်။ အာဖဂန်စတန်နှင့် ပါကစ္စတန် နယ်စပ်၌ တရားမဝင်



မတော်တဆထိခိုက်မှုများစွာသည်
မူးယစ်ဆေးနှင့် မကင်းချေ

လျှို့ဝှက် တည်ဆောက်ထားသော ရွှေပြောင်းနိုင်သည့် ဘိန်းနှင့် ဟီးရိုးအင်းချက် စခန်းများနှင့် ဓာတ်ခွဲခန်းများကို ရှာဖွေဖျက်ဆီးနိုင်ခဲ့သည်။ ပါကစ္စတန် အစိုးရသည် ပိုမို ပြင်းထန်သော ပြစ်ဒဏ်များ ချမှတ်နိုင်မည့် ဥပဒေပြုရန် စီစဉ်လျက် ရှိသည်။ ယင်းနိုင်ငံတွင် ဟီးရိုးအင်းစွဲသူ ငါးသိန်းခန့်ရှိပြီး ဆေးခြောက်နှင့် ဘိန်းစွဲသူတို့မှာ ထို့ထက်ပင် ပိုများသည်။

အရှေ့နှင့် အရှေ့တောင်အာရှ၌ ၁၉၇၅–၈၆ ခုနှစ်အတွင်း ဘိန်းနှင့် ဟီးရိုးအင်းထုတ်လုပ်ရောင်းဝယ်မှု သိသိသာသာ လျော့နည်းသွားခြင်းသည် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့တွင် ဘိန်းခင်းများကိုထိထိရောက်ရောက် ဖျက်ဆီးသုတ်သင်နိုင်ခဲ့ခြင်းနှင့်အကြီးအကျယ် ဖမ်းဆီးရမိခြင်းများကြောင့် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ၁၉၇၅–၈၆ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း၌ဘိန်းခင်းဟက်တာပေါင်း ၁၃,၀၀၀ ကျော်နှင့် ထိုင်းနိုင်ငံသည် ဟက်တာ ၁,၇၀၀ ကျော် ဖျက်ဆီးနိုင်ခဲ့ကြောင်း အိုင်အင်စီဘီ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ဗန်ကောက်တွင် ဟီးရိုးအင်းရောင်းဝယ်သောနေရာပေါင်း ၄၀၀ ကျော်ခန့်ရှိသည်ဟု ခန့်မှန်းရသည်။ ၎င်းတို့ကို ရေရှည်စီမံချက်ဖြင့် တိုက်ဖျက်ရန် အစိုးရက ကြိုးပမ်းလျက်ရှိသည်။

ဩစတြေးလျနိုင်ငံတွင်လည်း အစိုးရသည် ပညာပေးမှု၊ ဆေးကုသမှု၊ ပြန်လည်ထူထောင်ရေးနှင့် ဥပဒေပြုမှုများပါဝင်သော မူးယစ်ဆေးဝါး အလွဲသုံးမှုတိုက်ဖျက်ရေးသုံးနှစ်စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

အာဖရိကတိုက်ရှိ နိုင်ငံအတော်များများတွင် ဆေးခြောက်စိုက်ပျိုးထုတ်လုပ်မှုများရှိပြီး အနောက်ဥရောပသို့ အကြီးအကျယ် တင်ပို့လျက်ရှိသည်။ မော်ရော့ကိုနိုင်ငံမှ

အမျှားဆုံးဖြစ်ပြီး ဂါနာနှင့်နိုင်ဂျီးရီးယားမှလည်းတိုးတက်တင်ပို့နေကြောင်း သိရသည်။ တစ်ချိန်က ဟီးရိုးအင်းသည် အာဖရိကဒ်ဋ္ဌ ကြားပင်မကြားဖူးခဲ့ကြသော်လည်း ယခုအခါတွင် မောရစ်ရှပ်နှင့် နိုင်ဂျီးရီးယားနိုင်ငံတို့တွင် သုံးစွဲနေကြပြီဖြစ်သည်။ ထိုနှစ်နိုင်ငံအပြင် အိုင်ဗရီကို့စ်နှင့် ဂါနာနိုင်ငံတို့သည် ဟီးရိုးအင်းသယ်ပို့ရာလမ်းကြောင်းများဖြစ်လာနေပြီဖြစ်သည်။ အာဖရိကနိုင်ငံများဌ မူးယစ်ဆေးဝါးအန္တရာယ်မှာ တစ်နေ့တခြား ကြီးထွားလာနေသောကြောင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ ဥပဒေများကို ဘော့ဆွဲနာ၊ အိုင်ဗရီကို့စ်၊ မာလာဝီ၊ နိုင်ဂျီးရီးယား၊ ဗယ်နင်၊ မောရစ်ရှပ်၊ ဆီနီဂေါ၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ဇင်ဗာဗွေနိုင်ငံတို့တွင် အသစ်ရေး ဆွဲခြင်းနှင့် ပြန်လည်ပြုပြင်ခြင်းများ ပြုလုပ်လျက်ရှိသည်။

၁၉၀၆ ခုနှစ် ဩဂုတ်လဌလည်း ပီရူးအာဏာပိုင်များသည် ပီရူးနိုင်ငံမြောက်ပိုင်း တောတွင်းဒေသရှိ ကိုကင်းချက်စခန်းများနှင့် လေယာဉ်ပြေးလမ်း ၁၄ ခုကို ဖျက်ဆီးနိုင်ခဲ့ကြသည်။ ဟွာလဂါ တောင်ကြား ဒေသဌလည်း အလားတူဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း ကြေညာသည်။ ဗရာဇီးနိုင်ငံတွင်လည်း ကိုကင်းချက်စခန်းများစွာကို ဖျက်ဆီးခဲ့ပြီး ဓာတုဗေဒပစ္စည်းအမြောက်အများကို ဖမ်းဆီးရမိခဲ့သည်။ အထူးသဖြင့် တောင်အမေရိကတိုက်ဌ ဗရာဇီးနိုင်ငံသည် အက်ဆီတုန်းနှင့် အီသိုင်းလ်အီသာအပါအဝင် မူးယစ်ဆေးဝါး ထုတ်လုပ်ရာဌသုံးသော ဓာတုပစ္စည်းများကို အဓိကထုတ်လုပ်သောနိုင်ငံဖြစ်သည်။


ကိုလုံးဗီယာနိုင်ငံတွင်လည်း မူးယစ်ဆေးဝါး နှိမ်နင်းရေးကို ထိထိရောက်ရောက်ဆောင်ရွက်ခဲ့ရာ ဆေးခြောက်စိုက်ခင်း ဟက်တာ ၅၀,၀၀၀ ကျော်ကို ဆေးဖျန်းဖျက်ဆီးနိုင်ခဲ့သည်။ ကိုကင်း တန်ပေါင်း များစွာနှင့် လျှို့ဝှက်လေယာဉ်ဆင်းလမ်းများကို ဖျက်ဆီးနိုင်ခဲ့ပြီး ပညာပေးရေးစီမံချက်နှင့် ပိုမိုထိရောက်ပြင်းထန်သော ပြစ်ဒဏ်ပေးခြင်းတို့ကို ပြုလုပ်ခဲ့သည်။ အက်ကွာဒေါနှင့် ဂျာမေကာနိုင်ငံတို့တွင်လည်း အလားတူ အရေးယူ ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြသည်။

အနောက်ဥရောပဌ မူးယစ်ဆေးဝါးကြောင့် အသက်ဆုံးရှုံးမှုပမာဏသည် ၁၉၈၅–၁၉၈၆ ခုနှစ်အတွင်းဌ တုံ့နေခဲ့သည်။ ဖြိတိန်၊ နယ်သာလန်နှင့် ပြင်သစ်နိုင်ငံတို့တွင် ဟီးရိုးအင်းဖမ်းဆီးရရှိမှုများပြားလာသည်။ ၁၉၈၅ ခုနှစ်အတွင်းဌ နယ်သာလန်နိုင်ငံတွင် ဟီးရိုးအင်းချက်လုပ်သောဓာတ်ခဲ့ခန်းလေးခုနှင့် ဆွစ်ဇာလန်နိုင်ငံတွင်တစ်ခု ရှာဖွေဖမ်းဆီးနိုင်ခဲ့သည်။ အနောက်ဥရောပဌ ကိုကင်းဖမ်းဆီးရမိမှုသည် ၁၉၈၄ ခုနှစ်နှင့် ၁၉၈၅ ခုနှစ်တို့တွင် လျော့နည်းလာရာမှ ၁၉၈၆ ခုနှစ်တွင်ပြန်တက်လာသည်။ ၁၉၈၅ ခုနှစ်အတွင်း ဆေးခြောက် ဖမ်းဆီးရမိမှုသည် ၁၉၇၅ ခုနှစ်ထက် ၄၅၀ ရာခိုင်နှုန်း တိုးလာခဲ့ပြီး ၁၉၀၆ ခုနှစ်တွင်လည်း ထိုနှုန်းအတိုင်းရှိခဲ့သည်။

အရှေ့ဥရောပသည် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရာနှင့် သုံးစွဲရာဒေသကြီးများ၏ အကြားဌတည်ရှိနေသဖြင့် သယ်ပို့ရာလမ်းကြောင်း ဖြစ်နေခဲ့သည်။ ပိုလန်၊ ချက်ကို့စလိုဗက်ကီးယားနှင့် ဆိုဗီယက်ပြည်ထောင်စုတို့တွင်လည်း မူးယစ်ဆေးဝါး ဆိုင်ရာ ဥပဒေများ ပြုပြင်ခြင်း၊ အသစ်ချမှတ်ခြင်း၊ လိုအပ်သလိုထိန်းချုပ်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ဆိုဗီယက်ပြည်ထောင်စုဌဆေးဝါးနှင့် သုတေသနကိစ္စများအတွက် ကန့်သတ် စိုက်ပျိုးထားသော ဆေးခြောက်စိုက်ခင်းများမှ လည်းကောင်း၊ ဆေးဝါးထုတ်လုပ်ရေး စက်ရုံများမှ လည်းကောင်း ခိုးယူရရှိခြင်းများ ပေါ်ပေါက်လျက်ရှိရာ အစိုးရသည်ကုသရေး၊ထိန်းချုပ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုးတက်ဆောင်ရွက်လျက် ရှိသည်။



မည်သည့်မူးယစ်ဆေးဝါး အမျိုးအစား ဖြစ်သည်ကို ဓာတ်ခဲ့ခန်းများဌ သုတေသနပြု ဖော်ထုတ်သည်။



ပီးရူးနိုင်ငံတွင် ကိုကာပင်မျိုးကို ဖျက်ဆီးသုတ်သင်နေပုံ

ကိုကာပင်အမျိုးဆုံးစိုက်ပျိုးသော ဗိုလ်ဗီးယားနိုင်ငံနှင့် ပီရူးနိုင်ငံတို့တွင်စိုက်ခင်းဖျက်ဆီးခြင်းနှင့် လယ်သမားများအတွက်ဖွံ့ဖြိုးရေးစီမံချက်များကို တစ်ပြိုင်နက်ဆောင်ရွက်ခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကုလသမဂ္ဂ မူးယစ်ဆေးဝါးအလွဲသုံးမှု ထိန်းချုပ်ရေး ရန်ပုံငွေအဖွဲ့မှ ဒေါ်လာ ၅၃ ဒသမ ဂ သန်း ထောက်ပံ့ခဲ့ရာ အစားထိုးသီးနှံ စိုက်ပျိုးရေး၊ ကျေးလက် ဒေသဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါး အလွဲသုံးမှု တားမြစ်နှိမ်နင်းရေး၊ ကုသရေးနှင့် ဥပဒေရေးရာ ကိစ္စများအတွက် အသုံးပြုခဲ့သည်။ ဗိုလ်ဗီးယားနိုင်ငံသည် ၁၉၈၅ ခုနှစ်အတွင်းက ကိုကာရွက်တန်ချိန် ၁,၂၀,၀၀၀ မှ ၁,၆၀,၀၀၀ အတွင်းထွက်ရှိခဲ့ကြောင်းသိရှိရသည်။ ၁၉၈၅ ခုနှစ် ဩဂုတ်လအတွင်းက အသစ်ဖွဲ့စည်းခဲ့သော အစိုးရအဖွဲ့သစ်သည် နိုင်ငံ၏လုံခြုံမှုကိုပင် ထိပါးခြိမ်းခြောက်နေသော အစိုးရဌာနများ၏ စာရိတ္တ ပျက်ပြားမှုများနှင့် မူးယစ်ဆေးဝါး ရောင်းဝယ်မှု များကို တိုက်ဖျက်ရန် သန္နိဋ္ဌာန် ချထားကြောင်း ထုတ်ဖော် ကြေညာခဲ့သည်။ ၁၉၈၅ ခုနှစ် ဇူလိုင်လအတွင်းက အမေရိကန်အစိုးရ အကူအညီဖြင့် ရှာဖွေဖျက်ဆီးရေး စစ်ဆင်ရေးကို ဆောင်ရွက်ခဲ့ရာ နာမည်ကြီး မူးယစ်ဆေးဝါး ရောင်းဝယ်သူများ ထွက်ပြေး လွတ်မြောက် သွားခဲ့သော်လည်း စစ်ဆင်ရေး တစ်ခုလုံးအနေဖြင့် အောင်မြင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ပျက်စီးသွားသော မူးယစ်ဆေးဝါး ချက်လုပ်သည့် စခန်းများထပ်မံမတည် ဆောက်နိုင်စေရန် တားမြစ်ရေးအတွက်ပါ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ဗီယင်နာ ညီလာခံ


မူးယစ်ဆေးဝါး ပြဿနာသည် ဒေသတစ်ခု နိုင်ငံတစ်နိုင်ငံတည်းနှင့်သာမက နိုင်ငံတကာ ပြဿနာတစ်ရပ်အဖြစ် သဘောပေါက်ခံယူထားသော ကုလသမဂ္ဂ အဖွဲ့ကြီးသည် ၁၉၈၇ ခုနှစ် ဇွန်လ ၁၇ ရက်မှ ၂၆ ရက်အထိ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်ကို ဦးဆောင် ကျင်းပပေးခဲ့သည်။ ထိုညီလာခံကြီးက မူးယစ်ဆေးဝါးအလွဲသုံးမှု တရားမဝင်ရောင်းဝယ်တင်ပို့မှုများနှင့်စပ်လျဉ်း၍ နိုင်ငံအလိုက်၊ ဒေသအလိုက်နှင့် နိုင်ငံတကာအဆင့်ထိန်းချုပ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ ရှေ့လုပ်ငန်းစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

ညီလာခံကြီးသို့ ၁၃၅ နိုင်ငံမှ ကိုယ်စားလှယ် ၁,၅၀၀ ခန့်တက်ရောက်ခဲ့ရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများလည်း ပါဝင်သည်။ မလေးရှား ဝန်ကြီးချုပ် မဟာသီယာ မိုဟမ္မက်က ညီလာခံသဘာပတိတာဝန်ကို ဗိုလ်ဗီးယားနိုင်ငံခြားရေးဝန်ကြီး ဘက်ဒရီဂယ် ဂစ်တာရက်ဇ်ထံမှ လွှဲပြောင်းရယူ ဆောင်ရွက်သည်။

ကုလသမဂ္ဂအဖွဲ့ အတွင်းရေးမှူးချုပ် ပဲရက်ဒဲကွေးလျားက အဖွင့်မိန့်ခွန်းပြောကြားရာတွင် မူးယစ်ဆေးဝါးပြဿနာသည် ကမ္ဘာ၏အဆိုးရွားဆုံး လူမှုရေးပြဿနာတစ်ရပ်ဖြစ်ကြောင်းနှင့် နိုင်ငံအားလုံးသည် တစ်ဦးချင်းအနေဖြင့်ရော နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု အနေဖြင့်ပါ ပိုမို အင်တိုက် အားတိုက် ပါဝင်တိုက်ဖျက်ကြရန် နှိုးဆော်ခဲ့သည်။

ညီလာခံသို့ပေးပို့သော အမေရိကန်သမ္မတ ရော်နယ် ရေဂင်၏သဝဏ်လွှာတွင်လည်း မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်သယ်ပို့မှုသည် အကန့်အသတ်မရှိ ကြီးထွားနေပြီး နိုင်ငံတိုင်းကို ခြိမ်းခြောက်နေသော ကင်ဆာရောဂါတစ်ခုဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ညီလာခံသဘာပတိ မလေးရှားဝန်ကြီးချုပ် မိန့်ခွန်းတွင် မူးယစ်ဆေးဝါးပြဿနာကိုနိုင်ငံအားလုံးက စိတ်ပါဝင်စားစွာတိုက်ဖျက်ရန်လိုကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်၊ သယ်ပို့၊ သုံးစွဲသည့်နိုင်ငံအချို့၌ ပူးပေါင်းပါဝင်ဆောင်ရွက်



ဒီယင်နာကွန်ပရင့်၏ "အသက်ရှည်တောင်၊ မူးယစ်ရှောင်" ဆောင်ပုဒ်တံဆိပ်

လိုစိတ် နည်းပါးခြင်းကြောင့် ဤပြဿနာသည် ကျယ်ပြန့်သည်ထက် ကျယ်ပြန့်နေကြောင်း၊ တရားဝင် အစီရင်ခံစာများအရ တစ်ကမ္ဘာလုံး၌ ရောင်းဝယ်နေသော မူးယစ်ဆေးဝါးပမာဏသည် ဒေါ်လာ ၃၀၀ ဘီလီယံ (ကုဋေ ၃၀,၀၀၀) မျှရှိကြောင်း ထည့်သွင်းပြောကြားသွားသည်။

ညီလာခံ၌ တားမြစ်ခြင်းနှင့် လျော့ချခြင်း၊ ဖြန့်ဖြူးမှုထိန်းချုပ်ခြင်း၊ တရားမဝင် သယ်ယူ ပို့ဆောင်မှုကို နှိမ်နင်းခြင်း၊ ကုသခြင်းနှင့် ပြန်လည် ထူထောင်ရေး ဟူသော ကဏ္ဍလေးရပ်၏အောက်၌ ရည်မှန်းချက် ၃၅ ချက်ကို အခြေခံ၍ အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

အခက်အခဲ အတားအဆီးများ

မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရာ၌ ကမ္ဘာအနှံ့ရင်ဆိုင်နေရသော အခက်အခဲများစွာအနက် ပထမအခက်အခဲမှာ အချို့နိုင်ငံများ၌ အချို့သောမူးယစ်ဆေးဝါးများကို တရားဝင် ရောင်းဝယ်ခွင့် ပြုထားခြင်းပင် ဖြစ်သည်။ ဥပမာ အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများတွင် 'ခတ်' ရွက်ကို လမ်းပေါ်၌ လွတ်လပ်စွာ ရောင်းဝယ်နိုင်သည်။ ထို့ပြင် တတိယကမ္ဘာ့နိုင်ငံများ၌ အရက်သောက်သုံးမှု မြင့်မားလာခြင်းသည်လည်း အရက်ထုတ်လုပ်သည့် နိုင်ငံများအား ပိုမိုထုတ်လုပ်ကြစေရန် တွန်းအားပေးသကဲ့သို့ ဖြစ်နေပေသည်။ အရက်သည် မူးယစ်စေတတ်သော ဖြပ်ပစ္စည်း တစ်မျိုးပင်ဖြစ်သော်လည်း နိုင်ငံအများစု၌ လွတ်လပ်စွာ ရောင်းဝယ် သုံးစွဲခွင့် ရှိပေသည်။ ဂျပန်၊ ဗုလဂေးရီးယား၊ နယ်သာလန်၊ ယူဂိုစလားဗီးယားစသည့် နိုင်ငံများ၌ ဘီယာထုတ်လုပ်မှု သိသိသာသာ တိုးလာခဲ့ပြီး နိုင်ငံပျံခရီးယား၊ မက္ကဆီကို၊ ဖရာဇီးနိုင်ငံများ သည်လည်း အစဉ်အလာအားဖြင့် နံပါတ်တစ်နေရာ၌ ရှိနေကြသော အနောက်ဂျာမနီနှင့် ဗြိတိန်နိုင်ငံများကဲ့သို့ ကမ္ဘာ့အဆင့် မီ ဘီယာထုတ်လုပ်သောနိုင်ငံများအဖြစ် ရောက်ရှိလာကြပေပြီ။ ထုတ်လုပ်ခြင်းကြောင့် သုံးစွဲခြင်းနှင့် သုံးစွဲခြင်းကြောင့် ထုတ်လုပ်ခြင်းတို့သည် အပြန်အလှန် အကြောင်းပြုရင်း နှစ်မျိုးစလုံး ထိုးပွားလာလျက်ရှိသည်။

အခြား အကြောင်းရင်းတစ်ရပ်မှာ အချို့နိုင်ငံများအထူးသဖြင့် လက်တင်အမေရိကနိုင်ငံအချို့၌ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုသည် တစ်မျိုးသားလုံးဝင်ငွေ၏ပမာဏကို ကိုင်လှုပ်နိုင်စွမ်းရှိနေခဲ့မျှမက အစိုးရဝန်ထမ်းကြီးငယ်များကိုပင် ငွေဖြင့်ပေါက်၍ သိမ်းသွင်းနိုင်လောက်အောင် အုံနှင့်ကျင်းနှင့် ဟခိုင်အမာ နေရာယူထားနိုင်ကြခြင်းပင်ဖြစ်သည်။

နယ်သာလန်နိုင်ငံ အာမ်စတာဒမ်မြို့တွင် မူးယစ်ဆေးဝါးကို ထိန်းချုပ်၍မရနိုင်သောအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အာဏာပိုင်များကပင် ပြောကြားကြသည်။ ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အာမ်စတာဒမ်မြို့မှ ဆေးခြောက်ရောင်းချသော ကော်ဖီဆိုင် ၂၅၀ အား ထုတ်ပြန်ခဲ့သော အမိန့်အရ မူးယစ်ဆေးဝါးဈေးနှုန်းများကို မှန်တံခါးများ၌ ရေးသားဖော်ပြမှုနှင့် လက်ကမ်းကြော်ငြာများ ဖြန့်ဝေမှုတို့ကို ရပ်စဲကြရန်အချက်များ ပါဝင်သည်။ အီတလီနိုင်ငံ၌လည်း နိုဝင်ဘာလအတွင်း၌ ဖမ်းဆီးခဲ့သော လူ ၃၆ ဦး ပါဝင်သည့် မူးယစ်ဆေးဝါးမှုတစ်ခု၌ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး ပါဝင်ကြောင်း တွေ့ရှိရသည်။

လက်တင်အမေရိကမှ တင်ပို့သော ကိုကင်းအမျှးစုသည် အမေရိကန်နိုင်ငံသို့ရောက်ရှိလာကြရာကျန်းမာရေးအသုံးစရိတ် ဒေါ်လာသန်းပေါင်း ထောင်နှင့်ချီ၍ ကုန်ကျနေရခြင်းနှင့် ၁၉၇၅ ခုနှစ် တစ်နှစ်တည်း၌ မူးယစ်ဆေးဝါးပြစ်မှုဖြင့် လူ ၁၀,၀၀၀ ကျော် အပြစ်ပေးအရေးယူခံရခြင်း၊ ဒေါ်လာသန်း ၂၅၀ ဖိုးမျှ ဖမ်းဆီးရမိခြင်းတို့မှာ ယင်း၏အကျိုးဆက်များပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု မူးယစ်ဆေးဝါး ထိန်းချုပ် ကွပ်ကဲရေး အပွဲ့ (ဒီအီးအေ) အမှုထမ်းများသည် ၁၉၇၆ ခုနှစ်တွင် ကိုကင်းတန် ၃၀ နီးပါး ဖမ်းမိခဲ့ရာ ၁၉၇၅ ခုနှစ်ကထက် ၅၃ ရာခိုင်နှုန်း ပိုမို ဖမ်းဆီးနိုင်ခဲ့သည်။ သို့သော် ဖမ်းမမိဘဲ လွတ်ထွက်ခဲ့သော ကိုကင်းမှာ တန် ၁၅၀ မျှပင် ရှိ နိုင် ကြောင်း သက်ဆိုင်ရာက ခန့်မှန်းသည်။

ကိုလုံးဗီးယား၊ ဗိုလစ်ဗီးယားနှင့် ပီရူး နိုင်ငံများ၏ တောင်ပေါ်ဒေသများမှ စိုက်ပျိုးထုတ်လုပ်ခဲ့သောကိုကင်းများသည် အမေရိကန် မြို့ကြီးများ၏ လမ်းကြိုလမ်းကြားနှင့် ညကလပ်များအထိ နှစ်စဉ်တိုးပွားရောက်ရှိပျံနှံ့လျက်

ရှိသည်။ အမေရိကန်ပြည်ထောင်စုသည် ၎င်း ပြဿနာကို တိုက်ဖျက်ရေးအတွက် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းလျက် ရှိသော်လည်း ထိရောက်သော အောင်မြင်မှု ကို မရရှိသေးချေ။ အမေရိကန် နိုင်ငံ၏ အကူ အညီနှင့် ဖိအား ပေးမှုကြောင့် ပီရူး အာ ဏာ ပိုင် များ သည် ၁၉၇၅–၀၆ ခုနှစ်၌ ကိုကာပင် ကေ ၂၄,၀၀၀ ကျော်ကို ဖျက်ဆီး ခဲ့သည်။ သို့သော် ထိုကာလအတွင်း၌ပင် ပီရူးလယ်သမား များသည် ကိုကာစိုက်ကေအသစ်ထောင်ပေါင်းများစွာကို အခြား နေရာများ၌ တိုးချဲ့ခဲ့ပြီးဖြစ်လေပြီ။ ဒီအီးအေ အာဏာပိုင်များက ကေ ၁,၇၅,၀၀၀ ရှိမည်ဟု ခန့်မှန်းပြီး အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးမှု အေဂျင်စီက ကေ ၃,၇၀,၀၀၀ မျှ ရှိမည်ဟု ခန့်မှန်းသည်။ ငွေကြေး အကူအညီမှာလည်း များစွာ မထိရောက် လှချေ။ ပီရူး နိုင်ငံအား ၁၉၈၁ ခုနှစ်ကပေးခဲ့သော ဖွံ့ဖြိုးရေးအကူအညီ ဒေါ်လာ ၁၅ သန်းကို ကျေးလက်ဒေသ၌ လမ်းများ ဖောက်ရန် အသုံးပြုခဲ့ရာ လမ်းများမှာမူ ကောင်းမွန် သွားပါ၏။ သို့သော် ထိုလမ်းများကို သုံး၍ လယ်သမား များ သယ်ယူ ပို့ဆောင်ကြသော ပစ္စည်း အများစုမှာ ကိုကာရွက်များသာ ဖြစ်ချေသည်။

ဗိုလစ်ဗီးယား နိုင်ငံသည် ပို၍ပင် ဆိုးရွားလှသည်။ ဒေသခံပြည်သူများကိုယ်တိုင်က မူးယစ်ဆေးဝါးတိုက်ဖျက် ရေးကို လိုလားမှုမရှိကြောင်း တွေ့ရသည်။ ကိုကင်းအကြီး အကျယ် စိုက်ပျိုးရာဒေသရှိ ဆန်တာ အနာဒီယာကူမာ မြို့သို့ဗိုလစ်ဗီးယားမူးယစ်ဆေးဝါး တိုက်ဖျက်ရေးရဲအဖွဲ့ဝင် ၈၀ နှင့် ဒီအီးအေ ဝန်ထမ်း ၄၀ တို့ တစ်ခါက ဝင်ရောက် ရှာဖွေခဲ့ရာတွင် မြို့ခံတစ်ဦးက မူးယစ်ဆေးဝါးကိုင်းများကို သတင်းပေးလိုက်သောကြောင့် ကိုကင်းဘုရင်တစ်ဦးကိုမျှ ရှာမတွေ့ခဲ့ချေ။ ထိုမျှမက မြို့သားများက မကျေမနပ် အော်ဟစ် ဆန္ဒပြခဲ့ကြသည်။ ဗိုလစ်ဗီးယား အစိုးရနှင့် ဒီအီးအေ အဖွဲ့တို့၏ ပူးတွဲစစ်ဆင်ရေးတစ်ရပ်သည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလက ပြီးဆုံးခဲ့ရာ ပြောပလောက်သော အောင်မြင်မှ မရရှိခဲ့ချေ။ ဗိုလစ်ဗီးယား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတပ်ဖွဲ့ဝင်များအတွင်း၌ လာဘ်စားမှုများ ရှိနေကြောင်း သိသာထင်ရှားလာသဖြင့် ဒီအီးအေသည် နောက်ဆုံး၌ ရဟတ်ယာဉ် ပံ့မတက်မချင်း စစ်ဆင်ရေး ဆင်နွှဲမည့်နေရာကို ဒေသခံစစ်သားများအား မပြောပြဘဲ ထိန်ဝှက်ထားခဲ့ရသည်။

မူးယစ်ဆေးဝါး စိုက်ခင်းဖျက်ဆီးရေး စီမံချက်မှာ ကိုကာစိုက်ပျိုးသောဒေသ၌ အခက်အခဲ ရှိသည်။ ဘိန်းပင် နှင့်ဆေးခြောက်ပင်ကို လေယာဉ်၊ ရဟတ်ယာဉ်ဖြင့် ဆေး ဖျန်းဖျက်ဆီး နိုင်သော်လည်း ယင်း အပင်ဖျက်ဆေးတို့ သည် ကိုကာအပင် အတွက် မထိရောက်သဖြင့် တစ်ပင် ချင်း နုတ်ခြင်းဖြင့်သာ ဖျက်ဆီးနိုင်သည်။ သို့သော် လက်တွေ့ဆောင်ရွက်ရ ခက်သဖြင့် စရိတ်စက ကြီးလေး သည့်ပြင် နယ်မြေမအေးချမ်းသော ဒေသ၌ အန္တရာယ် များသောအလုပ်ဖြစ်ရာ ခရီးမတွင်ကြောင်း တွေ့ရသည်။

အစားထိုးသီးနှံ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ကိုကာ ရွက်မှရသောဝင်ငွေသည် အခြားသီးနှံတစ်မျိုးမျိုးကို စိုက် လျှင်ရမည့်ဝင်ငွေထက် များစွာ သာလွန်နေသဖြင့်ဘယ်သူ သေသေ ငတေမာ ပြီးစတမ်း သမားများနှင့် မသိနား မလည်သော လယ်သမားများသည် အလွယ်တကူမစွန့်နိုင် ကြချေ။ ကိုကာပင် ငါးကေမျှသော မြေတစ်ကွက်သည် နှစ်စဉ်ဒေါ်လာ တစ်သောင်းမျှ ဝင်ငွေ ရှာပေးနိုင်သည်။

ထို့ပြင် မူးယစ်ဆေးဝါး ဂိုဏ်းကြီးများသည် ငွေကို ပုံအော သုံးစွဲနိုင်ကြရာ နိုင်ငံ၏ ပြည်တွင်းရေးကိုပင် စွက်ဖက်ရန် ကြိုးပမ်း လာကြသည်။ ကိုလုံးဗီးယားနိုင်ငံ တွင် မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်များက အစိုးရ အား အကယ်၍ ကိုလုံးဗီးယား နိုင်ငံသည် အမေရိကန် ပြည်ထောင်စုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်း များ ပူးပေါင်း ဆောင်ရွက်ခြင်းကို ဖျက်သိမ်းပေးမည် ဆိုပါက နိုင်ငံ၏ ပြည်ပကြွေးမြီ ဒေါ်လာ သန်းပေါင်း ၁၃,၀၀၀ ကို ဆပ်ပေးမည်ဟုပင် ကမ်းလှမ်းခဲ့သည်။ ကိုလုံးဗီးယား အစိုးရက ယင်း ကမ်းလှမ်းချက်ကို ပယ်ချ ခဲ့သည်။

ဗိုလစ်ဗီးယားနိုင်ငံသည် နိုင်ငံတကာငွေကြေးရန်ပုံငွေ အဖွဲ့မှ ဒေါ်လာ ၁၂၀ သန်း အကူအညီ ရထားသည့်တိုင် ကိုကင်းမှရသော ငွေသာမကယ်လျှင် နိုင်ငံခြား ကြွေးမြီ ဒေါ်လာသန်း လေးထောင်၏ဝန်ကို ပြားပြားဝပ်ခံရမည် ဖြစ်ကြောင်း ကျွမ်းကျင်သူများက တွက်ဆ ကြသည်။ ခန့်မှန်းချက်များအရ ဗိုလစ်ဗီးယားနိုင်ငံ၏ ကိုကင်းရောင်း ဝယ်မှုသည် နှစ်စဉ် ဒေါ်လာသန်း ခြောက်ထောင်ခန့်ရှိ သည်။ ၎င်းတို့အနက် အများစုသည် နိုင်ငံ၏ပြင်ပသို့ရောက် သွားစေဦးတော့အနည်းဆုံး ဒေါ်လာသန်း ၃၀၀ ခန့်သည် ပြည်တွင်းသို့ ပြန်ဝင်နိုင်သည်။ ၁၉၈၇ ခုနှစ် အတွက် ပြည်ပပို့ကုန်တန်ဖိုးစုစုပေါင်းလျှော့ထားချက်မှာ ဒေါ်လာ သန်း ၇၀၀ သာရှိသည်။ ၁၉၈၇ ခုနှစ် အတွက် အမေ ရိကန်နိုင်ငံက စီးပွားရေးအကူအညီ ဒေါ်လာ ၆၆ သန်း ပေးရန် ကတိပြုထားပြီး ဖြစ်သော်လည်း လုံလောက်မည် မဟုတ်သေးချေ။

မှားယွင်းသော အယူအဆများ

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ လွဲမှားသော အတွေး မြင် အယူအဆများ ရှိတတ်ကြသည်။ မူးယစ်ဆေးဝါး အန္တရာယ်တိုက်ဖျက်ရေးအတွက် ပြည်သူလူထုအား အသိ

ပညာပေးရာ၌ ယင်း အချက်မျာ်းကို အ လေး ထား၍ မီးမောင်းထိုးပြရမည် ဖြစ်သည်။

မူးယစ်ဆေးဝါးဟူသည်စာဖွဲ့လောက်သေပြဿနာမဟုတ်ဟူသော အယူအဆ– အမှန်မှာ မူးယစ်ဆေးဝါး အန္တရာယ်သည် ကမ္ဘာ့လူသားအာလုံးကို ခြိမ်းခြောက်နေသော ဇရာမ ပြဿနာဖြစ်ပါ၏။ ကမ္ဘာတစ်ဝန်းလုံး၌ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး အမျိုးမျိုးကို သုံးစွဲနေသည့် သန်းပေါင်းများစွာသော လူသားတို့သည် မိမိတို့၏ ကျန်းမာပျော်ရွှင်ရေး၊ အေးချမ်းသာယာ စိုပြေရေး၊ ရခဲသောလူဘဝကို တိုးတက် ကောင်းမွန်စေရေး အားလုံးကိုဖျက်ဆီးလျက် ရှိနေကြပေပြီ။ ထို့ပြင် ၎င်းတို့နေထိုင်ရာ လူအဖွဲ့အစည်း၊ လူမှုအဆောက်အအုံများကိုပင် ထိပါး နေကြလေပြီ။

အပန်းပြေရုံ သုံးစွဲခြင်းသည် အန္တရာယ်မရှိဟူသောအယူအဆ– အမှန်အားဖြင့် မူးယစ်ဆေး အားလုံး၌ ရုပ်ပိုင်း၊ စိတ်ပိုင်းထိခိုက်မှု အန္တရာယ် ရှိကြသည်ချည်း ဖြစ်သည်။ ဆေးဝါးကိစ္စ၌ သုံး၍ရသော ပစ္စည်း များ သည် ပင် လျှင် ဆေးဝါးပညာရှင်၏ ညွှန်ကြားမှုဖြင့်သာ သုံးသင့်သည်။ ထို့ကြောင့် အ န္တ ရာယ် မပေးသော မူးယစ်ဆေး မရှိဟု မှတ်ယူရမည်သာ ဖြစ်သည်။

ဆေးခြောက်သည် ဆေးရွက်ကြီး ဝါးသလောက် အရက်သောက်သလောက် မဆိုးဟူသော အယူအဆ– အမှန် စင်စစ် ဆေးခြောက်သည် အ လွန် အန္တရာယ်ကြီး၏။ အရက်သည် ရေတွင် ပျော်ဝင်သောကြောင့် ၂၄ နာရီ အတွင်း ကိုယ်ခန္ဓာ အတွင်းမှ ထွက်သွားနိုင်သေးသည်။ ဆေးခြောက်သည် အဆီတွင်သာ ပျော်ဝင်သောကြောင့် စိတ်လှုံ့ဆြေပါင်းများသည် ခန္ဓာကိုယ်၏ အဆီပေါသော အစိတ်အပိုင်းများ၊ အထူးသဖြင့် ဦးနှောက်နှင့် မျိုးပွား အတွင်းအင်္ဂါများ၌ ရက်ပေါင်း ၃၀ မျှအထိစွဲကပ်နေနိုင်သည်။ ဆေးခြောက်သည် မှတ်ဉာဏ်ပျက်စီးစေခြင်း၊ မေ့လျော့ခြင်း၊ ဉာဏ်ထုံထိုင်းခြင်း၊ မျိုးပွားအင်္ဂါကို ထိခိုက်စေခြင်း၊ နှလုံးလုပ်ငန်း၊ အဆုတ်နှင့် အသက်ရှူအင်္ဂါ အဖွဲ့ကိုထိခိုက်စေခြင်းများ ဖြစ်စေနိုင်သည်။ ဆေးခြောက်နှင့် ရောလိပ်ထားသောဆေးလိပ်သည် အပြင်းဆုံးဆေးရွက်ကြီးနှင့် လိပ်ထားသော ဆေးလိပ်ထက်ပင် ကင်ဆာရောဂါကို ပို၍ဖြစ်နိုင်သည်။

စိတ်မခိုင်သူများသာ မူးယစ်ဆေး စွဲကြသည်ဟူသောအယူအဆ– မူးယစ်ဆေးကို စသုံးကြည့်ရာမှစ၍ စွဲရာမှ စိတ်ဓာတ်ပျော့ညံ့သူ ဘဝသို့ရောက်သွားခြင်းဖြစ်သည်။ ဆေးစွဲခြင်းသည် စိတ်ခိုင်ခြင်း မခိုင်ခြင်းနှင့် မသက်ဆိုင်။ မည်မျှ စိတ်ခိုင်သူဟု ဆိုစေကာမူ မူးယစ်ဆေး၏ကွန်ယက်အတွင်း ရောက်လျှင် ရုန်းထွက်နိုင်တော့မည် မဟုတ်ပေ။ အမှန် စင်စစ် စိတ်ဓာတ်လုံးဝ ခိုင်မာသူသည် မူးယစ်ဆေးကို စ၍ စမ်းကြည့်မည်ပင် မဟုတ်ချေ။


မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် ထိခိုက်နစ်နာသူမရှိသော ပြစ်မှုဖြစ်သည်ဟူသော အယူအဆ– ယင်းအယူအဆသည် လုံးဝ မှားယွင်းသည်။ မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် မိမိ တစ်ဦးတည်းကိုသာ ထိခိုက်စေသည်မဟုတ်။ မိသားစု၊ မိတ်ဆွေ၊ စာသင်ကျောင်း၊ အလုပ်ခွင်၊ အသိုင်းအဝိုင်း အားလုံးကို ဒုက္ခဖြစ်စေ၊ ကုန်ထုတ်စွမ်းအား ကျဆင်းစေရုံသာမက ငြိမ်ဝပ်ပိပြားရေး ထိခိုက်ပြီး ဒုစရိုက်မှုထူပြောစေသော လုပ်ရပ်ဖြစ်သည်။

မူးယစ်ဆေးဝါးပင်များ စိုက်ပျိုးခြင်းသည် ဆင်းရဲသောလယ်သမားများကို ဝင်ငွေတိုးပွားစေသည်ဟူသော အယူအဆ– ဝင်ငွေတိုးသည်က မှန်ပေ၏။ ဤနည်းဖြင့်ရရှိသော စီးပွားရေးသည်မူးယစ်ဆေးဝါးကုန်သည်များက ပေးသော ငွေပေါ် အခြေပြုသည့် အတုအယောင် စီးပွားရေးသာ ဖြစ်ရကား ၎င်းတို့ခြယ်လှယ်ရာခံရမည့် သားကောင်ဘဝသို့ ကျရောက်ရမည်မှာ မလွဲပေ။ ထို့ပြင် လူတစ်စု တဒင်္ဂ ကောင်းစားရေးအတွက် နိုင်ငံနှင့် လူသားအားလုံး ဒုက္ခပင်လယ်ဝေစေမည့် လုပ်ရပ်သည် တရားမျှတမှု ရှိမရှိ စဉ်းစားအပ်သည်။ တစ်နည်းအားဖြင့် ပြဿနာတစ်ရပ်ကို ပြေလည်အောင် မဖြေရှင်းဘဲ အခြား တစ်နေရာသို့ ဒုက္ခများအောင်ပို့လိုက်ခြင်းနှင့်တူသည်။ ငွေရရေးအတွက်သာ လုပ်ဆောင်ခြင်းကြောင့် အခြား စားသုံးသီးနှံ စက်မှုကုန်ကြမ်းသီးနှံ အမျိုးမျိုး စိုက်ပျိုးမှုလည်း ကျဆင်းလာကာ စားဝတ်နေရေးမညီမျှတော့ဘဲနိုင်ငံ၏စီးပွားရေး ကမောက်ကမ ဖြစ်နိုင်သည်။

နိဂုံး

မူးယစ်ဆေးဝါး အလွဲသုံးစားမှုနှင့် ရောင်းဝယ်တင်ပို့မှု ပြဿနာသည် တစ်နေ့၊ တစ်ရက်၊ တစ်လ၊ တစ်နှစ်တည်းဖြင့် ဖြေရှင်းနိုင်သော ပြဿနာ မဟုတ်ပေ။ လူ တစ်ဦး တစ်ယောက်၊ အဖွဲ့အစည်း တစ်ခုတည်းဖြင့် ဖြေရှင်း၍ ရကောင်းသော အရာလည်း မဟုတ်ပြန်ချေ။ သို့သော် တစ်နေ့တခြားတိုးပွားနေသော လူသားအားလုံး၏ အနာဂတ် ကံကြမ္မာကို ခြိမ်းခြောက်နေသော မူးယစ်ဆေးဝါး ပြဿနာသည် အချိန်ဆွဲမနေဘဲ အမြန်ဆုံး ဖြေရှင်းရမည့် ပြဿနာတစ်ရပ်လည်း ဖြစ်ချေသည်။ နိုင်ငံအလိုက်၊ ဒေသအလိုက်၊ နိုင်ငံတကာအလိုက် ပူးပေါင်းဆောင်ရွက်မှုဖြင့် ရေရှည်ဖြေရှင်းသွားမှသာ မူးယစ်ဘေးမှကင်းသော ကမ္ဘာအဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပေသည်။

ဦးညာဏ်ဝင်း







မူးယစ်ဆေးဝါးများကို သစ်သီးထဲ၌ လည်းကောင်း၊ ခြေထောက်၌ ကပ်၍လည်း ကောင်း ကြံကြံစည်စည် သယ်ကြရုံမျှမက လေယာဉ်အင်ဂျင်စက်ပါမစနေရ

နိုင်ငံတကာမှမူးယစ်ဆေးဝါးဆိုင်ရာပြစ်ဒဏ်များ

မူးယစ်ဆေးဝါးဆိုင်ရာပြစ်ဒဏ်များသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံမတူကြပေ။ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ဖြန့်ဖြူးခြင်းသည် လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်းထက်ပိုမိုကြီးလေးသောအပြစ်ဟု သတ်မှတ်ကြခြင်းမှာမူ နိုင်ငံအများစုဦးတူညီကြသည်။

သီရိလင်္ကာနှင့် ထိုင်းနိုင်ငံတွင် မူးယစ်ဆေးဝါးမှုဆိုင် အကြီးမားဆုံးပြစ်ဒဏ်သည် သေဒဏ်ဖြစ်ပြီး အီဂျစ်နှင့် တူရကီ၌ သေဒဏ် သို့မဟုတ် တစ်သက်တစ်ကျွန်းဒဏ်သည် အမြင့်ဆုံးဖြစ်သည်။

အိုင်ဗရီကို့စ်နိုင်ငံ၌ အများဆုံးပြစ်ဒဏ်သည် ထောင်ဒဏ်ငါးနှစ်သာဖြစ်ပြီး ဒိန်းမတ်၊ ဆွီဒင်၊ နယ်သာလန်၊ ဟန်ဂေရီ၊ ယူဂိုစလားဗီးယား၊ အရှေ့ဂျာမနီ၊ ဆိုဗီယက် ပြည်ထောင်စု၊ နိုင်ဂျီးရီးယားနှင့် ကင်ညာနိုင်ငံတို့တွင် ၁၀ နှစ်၊ ဂျပန်၊ ဩစတြေးလျ ဂရိနှင့်ဗြိတိန်နိုင်ငံတို့တွင် တစ်သက်တစ်ကျွန်းဒဏ်သည်အကြီးဆုံးပြစ်ဒဏ် ဖြစ်သည်။

လက်တင်အမေရိကနိုင်ငံအများစုတွင် အမြင့်ဆုံးပြစ်ဒဏ်သည် ထောင်ဒဏ် ၁၂ နှစ်၊ ဗင်နီဇွဲလားနှင့်ပြင်သစ်တွင် အနှစ် ၂၀၊ အီတလီတွင် ၂၄ နှစ်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းနှင့်ရောင်းဝယ်ခြင်းအတွက်ပြစ်ဒဏ်သည် ထောင်ဒဏ် ၁၅ နှစ်မှ နှစ် ၃၀ အတွင်းရှိသည်။

မလေးရှား နှင့် စင်ကာပူနိုင်ငံ တွင် ဆေးခြောက် တစ်ကီလိုဂရမ် သို့မဟုတ် ဟီးရိုးအင်း ၂၀ ဂရမ်လက်ဝယ် ထားရှိကြောင်း ထင်ရှားတွေ့ရလျှင် အလိုအလျောက် သေဒဏ်ထိုက်သည်။ ယင်းပြစ်မှုမျိုးကို ဒိန်းမတ်နိုင်ငံတွင် ကျူးလွန်ပါက ထောင်ဒဏ်ရက်ပေါင်း ၆၀ နှင့် ၉၀ စီသာ ကျခံရမည်ဖြစ်သည်။ နော်ဝေနိုင်ငံ၌ ပေါ့ပေါက်ခဲ့လျှင်မူ ထောင်ဒဏ်တစ်နှစ်စီရင်ခံရပေလိမ့်မည်။

မြန်မာနိုင်ငံတွင် ၁၉၇၄ ခုနှစ် မူးယစ်ဆုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၅ (ခ)နှင့် ပုဒ်မ ၁၀ (ခ)တို့အရ မူးယစ်ဆေးဝါး ပြင်ဆင်ပြုလုပ်ခြင်းနှင့် ရောင်းချခြင်းတို့အတွက် အနည်းဆုံး ၁၀ နှစ်မှ အများဆုံး နှစ်ကန့်သတ်မှုမရှိ ထောင်ဒဏ်အထိနှင့် ဒဏ်ငွေကျပ်ငါး သောင်း သို့မဟုတ် သေဒဏ်ချမှတ်ခြင်းခံရမည်ဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ်ထိန်းချုပ်ရေးနှင့် တိုက်ဖျက်ရေး၌ နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှုသမိုင်းကြောင်း

၁၉၀၉ – မူးယစ်ဆေးဝါးများ သဘော်ဝနှင့် တင်ပို့မှုကို ကန့်သတ်ရန် ကြိုးပမ်းမှုများ စတင်ပြုလုပ်ခဲ့သည်။ ၁၃ နိုင်ငံမှ ကိုယ်စားလှယ်များသည် ရှန်ဟဲမြို့၌ ပထမဆုံးသော မူးယစ်ဆေးဝါး

ဆိုင်ရာ နိုင်ငံတကာညီလာခံတစ်ခုကို ကျင်းပနိုင်ခဲ့သည်။

၁၉၁၂ – ပထမဆုံးသော မူးယစ်ဆေးဝါးထိန်းချုပ်ရေးစာချုပ်ဖြစ်သည့် နိုင်ငံတကာ ဘိန်းကွန်ဗင်းရှင်းသဘောတူစာချုပ်ကို နယ်သာလန်နိုင်ငံ သဟိတ်ဂ်မြို့၌ ချုပ်ဆိုခဲ့သည်။

၁၉၂၀ – နိုင်ငံပေါင်းချုပ် အသင်းကြီး၏ ပထမဆုံးညီလာခံသည် ဘိန်းနှင့် အခြားအန္တရာယ်ဖြစ်စေသောဆေးဝါးများ ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ အကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့သည်။

၁၉၂၅ – ဒုတိယအကြိမ် နိုင်ငံတကာဘိန်းကွန်ဗင်းရှင်းသဘောတူစာချုပ်ကိုချုပ်ဆိုသည်။ ၎င်းသည် ၁၉၂၈ ခုနှစ် စက်တင်ဘာ ၂၅ ရက်နေ့တွင် အာဏာသက်ရောက်သည်။ ၎င်းသဘောတူညီချက်အရ မူးယစ်ဆေးဝါးဆိုင်ရာအမြဲတမ်းဗဟိုဘုတ်အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။

၁၉၃၁ – ဆေးဝါးကိစ္စနှင့် သိပ္ပံဆိုင်ရာ အသုံးအတွက်လိုအပ်သော ဆေးဝါးပမာဏကို ကန့်သတ်ထုတ်လုပ်ရန်ရည်ရွယ်၍ မူးယစ်ဆေးဝါးဖြန့်ဖြူးမှု ထိန်းချုပ်ရေးနှင့် ထုတ်လုပ်မှုကန့်သတ်ရေးဆိုင်ရာ သဘောတူစာချုပ်ချုပ်ဆိုသည်။ ယင်းသည် ၁၉၃၃ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အာဏာသက်ရောက်သည်။

၁၉၃၆ – အန္တရာယ်ဖြစ်စေသော ဆေးဝါးများ တရားမဝင် ရောင်းဝယ်ဖောက်ကားမှု နှိမ်နင်းရေးဆိုင်ရာသဘောတူစာချုပ်ချုပ်ဆိုသည်။ ၎င်းသည် ၁၉၃၉ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင်အာဏာသက်ရောက်သည်။

၁၉၄၆ – မူးယစ်ဆေးဝါး ထိန်းချုပ်မှုဆိုင်ရာ စာချုပ်မူကြမ်းတစ်ခု လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

၁၉၄၈ – ဘိန်း၊ ကိုကာနှင့်ဆေးခြောက်စသည့် မူးယစ်ဆေးဝါးအမျိုးမျိုးသာမက လူတို့ဖန်တီးပြုလုပ်သည့် မူးယစ်ဆေးဝါး ဒြပ်ပေါင်းပစ္စည်းအသုံးလုံးကိုပါ အကျုံးဝင်စေမည့် စာချုပ်မူကြမ်းတစ်ခုလက်မှတ်ရေးထိုးသည်။

၁၉၇၂ – ဘိန်းစိုက်ပျိုးထုတ်လုပ်မှုထိန်းချုပ်ရေးဆိုင်ရာ စာချုပ်မူကြမ်းတစ်ခု လက်မှတ်ရေးထိုးသည်။

၁၉၆၁ – မူးယစ်ဆေးဝါးဆိုင်ရာ တစ်စုတစ်ပေါင်းတည်းသော ကွန်ဗင်းရှင်း (Single Convention on Narcotic Drugs, 1961) ကို ချုပ်ဆိုသည်။ မူးယစ်ဆေးဝါးအမြဲတမ်း ဗဟိုဘုတ်အဖွဲ့နှင့် မူးယစ်ဆေးဝါး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ကိုပူးပေါင်း၍ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဘုတ်အဖွဲ့ (INCB) ပေါ်ပေါက်လာသည်။

၁၉၇၁ – ဆိုက်ကိုထရော့ပစ်ပစ္စည်းများဆိုင်ရာသဘောတူကွန်ဗင်းရှင်းကို ချုပ်ဆိုသည်။ ဤသဘောတူ စာချုပ်၌ ယခင်ကမပါဝင်ခဲ့သေးသော စိတ်ကြွဆေး၊ စိတ်ငြိမ်ဆေး၊ အိပ်ဆေးစသည့် စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာထိခိုက်မှု ဖြစ်စေသောဆေးအမျိုးမျိုးကိုပါ ထည့်သွင်းထားသည်။ ၁၉၆၁ နှင့် ၁၉၇၁ ကွန်ဗင်းရှင်းများအရ နိုင်ငံတကာထိန်းချုပ်မှု၌ မည်သည့်ဆေးဝါးအမျိုးအစားများ အကျုံးဝင်ကြောင်းကို ဆုံးဖြတ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား တာဝန်လွှဲအပ်သည်။

၁၉၇၂ – တစ်စုတစ်ပေါင်းတည်း ကွန်ဗင်းရှင်းကို ပြင်ဆင်သည့် စာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးသည်။ ဆေးစွဲသူများအား ကုသပေးရေး၊ ပြန်လည်ထူထောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေး၊ ကုလသမဂ္ဂနည်းပညာနှင့်ငွေကြေးအကူအညီပေးရေး စသည့်အချက်များပါဝင်သည်။

၁၉၈၁ – နိုင်ငံတကာမူးယစ်ဆေးဝါးအလွဲသုံးမှု ထိန်းချုပ်မှုမဟာဗျူဟာ (၁၉၈၂–၁၉၈၆) အစီအစဉ်ကိုချမှတ်ခဲ့သည်။

၁၉၈၄ – မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုထိန်းချုပ်ရေးဆိုင်ရာကြေညာချက်ချမှတ်သည်။

၁၉၈၅–၈၆ ကုလသမဂ္ဂ မူးယစ်ဆေးဝါးဆိုင်ရာ ကော်မရှင်သည် တရားမဝင်မူးယစ်ဆေးဝါးရောင်းဝယ်မှုလုပ်ငန်းများကို ပိုမိုထိထိရောက်ရောက် တိုက်ဖျက် နှိုင်ရေးအတွက် သဘောတူညီမှုမူကြမ်းအသစ်တစ်ခု ပြုလုပ်ရန် စိုင်းပြင်းခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် မူကြမ်းဖြစ်လာပြီး အခန်း ၁၄ ခန်းပါဝင်သည်။

၁၉၈၇ – မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ နိုင်ငံတကာကွန်ဖရင့် (International Conference on Drug Abuse and Illicit Trafficking, 1987) ကို ဩစတြီးယားနိုင်ငံဗီယင်နာမြို့တွင် ၁၉၈၇ ခုနှစ် ဇွန်လ ၁၇ ရက်မှ ၂၆ ရက်နေ့ အထိကျင်းပခဲ့သည်။



တပ်မတော်နှင့်ပြည်သူ ကြည်ဖြူလက်တွဲလျက် နိုင်ငံသစ်တည်ဆောက်ပုံကို ဖော်ညွှန်းသော ပုဂံစစ်သည် တေးဂီတကဇာတ်

ယဉ်ကျေးမှုဝန်ကြီးဌာနမှ တင်ဆက်သော

ကဇာတ်များ

သဘင်ပညာ

ရှေးရိုးစဉ်လာ သဘင်မှု အနုပညာရပ်သည် လူမျိုးတိုင်း၏ ယဉ်ကျေးမှုထုံးဓလေ့ အမွေအနှစ်များဖြစ်သည်။ မတိမ်ကော မကွယ်ပသင့်သော အမျိုးသား အမွေအနှစ်ရတနာ အစစ်များဖြစ်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုကဇာတ်ဌာနခွဲသည် နိုင်ငံတော်မှ ချမှတ်ပေးထားသည့် ယဉ်ကျေးမှုအနုပညာဆိုင်ရာ မူဝါဒများနှင့်အညီ မြန်မာ့ယဉ်ကျေးမှု အနုသဘင် ကဇာတ်များကို လုပ်သားပြည်သူများအား တင်ဆက်ဖျော်ဖြေလျက်ရှိသည်။

မျက်မှောက်ခေတ်ပြောင်းတော်လှန်ရေး ၏ အစဦး ၁၉၆၂ ခုနှစ်မှစ၍ ယဉ်ကျေးမှုကဇာတ်အဖွဲ့သည်ပုံသဏ္ဌာန်ရော အနှစ်သာရပါ ထူးထူးခြားခြား ပြောင်းလဲခဲ့သည်။ ကမ္ဘာ့ခေတ်မီ သဘင်မှုဆိုင်ရာ ဖြည့်ဆည်းမှမ်း မံဖွယ်ရာများနှင့် ဆန်းသစ် တီထွင်မှုဆိုင်ရာ နည်းအတတ် တို့ကို လည်းကောင်း၊ မြန်မာမှုအရိုးအစဉ် သဘင်မှုအနုပညာများကို ထိန်းသိမ်းပြုစု တိုးခဲ့ဖွယ်ရာများကို လည်းကောင်း၊ တိုင်းရင်းသားလူမျိုးများ အားလုံးပါဝင်သည့် ဆိုရှယ်လစ်လူဘောင် တည်ဆောက်ရေး အထောက်အကူပြုအနုရသများဖန်တီးခြယ်မှုန်းရမည့် တာဝန်များကိုလည်းကောင်း ဘက်စုံထောင့်စေ့ ဖော်ဆောင်ကြိုးပမ်းလှုပ်ရှားခဲ့သည်။

ထိုစဉ်က အနုပညာရှင်၊ အတတ်ပညာရှင်၊ စုစုပေါင်းလူအင်အား ၇၀ ကျော်မျှနှင့် မတည်ခဲ့ကြရ၏။ မီး၊ အသံ၊ အခမ်းအနားဆိုင်ရာအင်အားစုမှာ မည်ကာမတ္တ။ ဆိုင်းဂီတတူရိယာဘက်၌လည်း ထောင့်စေ့ရုံ။ သို့ဖြင့်နည်းနည်းနှင့်ကျဲကျဲဝိုင်းယူခဲ့ရသည်။ ယဉ်ကျေးမှု ကဇာတ်အဖွဲ့သည် အနုပညာရှင်အင်အား တိုးခဲ့ခြင်း၊ ခေတ်မီဇာတ်ရုံ တည်ဆောက်ခြင်း၊ ကမ္ဘာ့စင်သုံးပစ္စည်း ကိရိယာများ၏ စွမ်းအင်တို့ကို တပ်ဆင်အသုံးချခြင်းတို့ကို ပြုလုပ်ခဲ့သည်။

မြန်မာ့သဘင်များသာမက နိုင်ငံတကာ အနုပညာများကိုပါ သင်တန်းများဖွင့်လှစ် သင်ကြား ဆည်းပူးစေခြင်း၊ ဇာတ်ညွှန်းရေး ဆရာ၊ ဇာတ်စင် ဒါရိုက်တာ၊ မိတ်ကပ် ဒါရိုက်တာ၊ အဝတ်အစား၊ အခမ်းအနားခေါင်းဆောင်၊ မီး၊ အသံ အင်ဂျင်နီယာ၊ အကအဆို အပြောနည်းပြဆရာ ဆရာမများကို ရွေးသန့်ခန့်ထား ဖွဲ့စည်း ခြင်း များ ကိုလည်း ဆောင်ရွက်ခဲ့သည်။ နိုင်ငံတကာနှင့်ချစ်ကြည်ရေး ယဉ်ကျေးမှုဖလှယ်ရေးအကများ အဖွဲ့လိုက် အပြန်အလှန် စေလွှတ်ခြင်း၊ ပြည်တွင်း တိုင်းနှင့်ပြည်နယ် အနှံ့လှည့်လည်ကပြဖြေဖျော်ခြင်း၊ စင် တင် က ပြ ပြီး သော အက ဇာတ်ထုပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဌာနများမှ ဆင့်ပွားထုတ်လွှင့်ပေးခြင်း စသည့် သ မိုင်း ဝင် လှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

ယဉ်ကျေးမှုကဇာတ်အဖွဲ့သည် လုပ်သား ပြည်သူများ၏ ကျန်းမာရေးမထိခိုက်၊ အလုပ်မပျက်ဘဲ ဆက်သွယ်သွားလာမှု လွယ်ကူအဆင်ပြေရန် အ ဘက် ဘက် မှ ရည်မျော်လျက် ညဉ့်ဝက်စနစ်ဖြင့်သာ တင် ဆက် က ပြ ဖြေ ဖျော်ခဲ့ကြသည်။ တင်ဆက်ပုံအစီအစဉ်သဘောမှာပဏာမ ညှိုခံဆိုင်းတူရိယာသံစဉ်၊ တစ်ပင်တိုင်၊ ယိမ်းအက အမျိုးမျိုး၊ တေးသရုပ်ဖော်၊ ကဇာတ်၊ ပြဇာတ်တို့ စသည့် ရှေပိုင်းပဒေသာများ ကပြပြီးသည်နှင့် ခေတ္တအားလပ်ချိန်ခြားကာ နောက်ပိုင်းတွင် ကဇာတ်၊ တေး ဂီတကဇာတ်၊ ပြဇာတ်၊ ဆိုဒိုပြောအရိုးအစဉ်ဇာတ်ထုပ်ကြီး စသည်တို့ကို သတ်မှတ်ချိန်အတွင်း တင်ဆက်ကပြခဲ့ကြပေသည်။


ဤအတောအတွင်း ဗဟိုရုပ်ရှင်ဌာနမှ ပြ ဇာတ် အဖွဲ့ဝင် အနုပညာရှင်အင်အားစုကို ယဉ်ကျေးမှု ကဇာတ် အဖွဲ့အတွင်းသို့ ပေါင်းစပ်တာဝန်ချထားခဲ့သဖြင့် သရုပ်ဆောင် ကပြမှုစွမ်းအား တိုးမြင့်ကျယ်ပြောခဲ့လေသည်။

၎င်းအပြင် ၁၉၆၉ ခုနှစ်မှစ၍ ပြင် ပ ဇာတ် သ ဘင် မှ အနုပညာရှင်များ၊ သုံးနှစ်သင်တန်းဆင်း ပန် တျာ ကျောင်းမှ လက်ရွေးစင်များ၊ ကျမ်းကျင် တတ် ပွန်သော ဇာတ်ညွှန်းရေးဆရာ၊ ဇာတ်စင်ဒါရိုက်တာ၊ နည်းပြဆရာ ဆရာမများ၊ မီး၊ အသံ၊ ပန်းချီအခမ်းအနား၊ လက်မှုစက်မှု ဆိုင်ရာ၊ ဝတ်စားဆင်ယင်ခြယ်လိမ်းမှု စသည့် ကဏ္ဍ အသီးသီးမှ ပညာရှင်များကို ဖွဲ့စည်းပုံအရ ထပ်မံ ခန့်ထားဖြည့်ဆည်းခဲ့သည်။ ထို့အခါမှစ၍ ယဉ်ကျေးမှု ကဇာတ် အဖွဲ့၏ ထုတ်လုပ်တင်ဆက်မှုအတွက် သရုပ်ဆောင် အဖွဲ့ (၁)၊ အဖွဲ့(၂) ဟူ၍ အင်အားစုကြီးနှစ်ရပ်ဖြင့် ပြည်သူများအား ကျယ်ပြန့်စွာ အလုပ်အကျွေးပြု ဖြေဖျော်ကင်ဆက်နိုင်မှု အခွင့်အလမ်း ရရှိလာပေသည်။

ယင်းဖွဲ့စည်းပုံအရ ဦးဆောင်ခဲ့ကြသည့် အတတ်ပညာရှင်များမှာ ပန်းချီအခမ်းအနားဆိုင်ရာတွင် ဦး အမ် တင် အေး၊ ဦးဘိုစိန်၊ ဦးစံချိန်၊ ဦးအုန်းတင်၊ ကခွင် အခမ်းအနား ပြင်ဆင်မှုတွင် ဦးစံကွန့်၊ ဦးအုန်းမြိုင်၊ ဦးတင်ရှိန်၊ ဦးအေးကြည်၊ မီး၊ အသံဘက်တွင် ဦးထွန်းအောင်၊ ဦးလှဆွေ၊ ဦးမြသောင်း၊ ဦးစိန်လှိုင်တို့ဖြစ်ပြီး စုစုပေါင်း ဝန်ထမ်း ၇၃ ယောက် ပါဝင်သည်။

ကိုယ်ကျင့်တရားနှင့် အမျိုးသားယဉ်ကျေးမှု၏ အရေးကြီးပုံကို ပညာပေးသော သီရိဝံသ ဆိုဒိုပြောဇာတ်ကြီး





ဇာတ်စင်ခင်းကျင်းမှု နည်းပညာကို ဆန်းသစ်စွာအသုံးချ၍ အရှိုးအစဉ်မူမပျက် နှုတ်မှုစွမ်းရည်ပြ ဆိုဝိုပြောပုံစံဖြင့် ပေါင်းစပ်တင်ဆက်သော ငွေတောင်သစွာ ပန်းမေတ္တာဇာတ်ကြီး

ဇာတ်ညွှန်းရေးဆရာများမှာ ရန်ကုန်ဘဆွေ၊ ဗိုလ်မှူးသမိန်၊ ဆင်ပေါင်ဝဲ မင်းမင်း၊ ဦးရန်နိုင်စိန်၊ နန်းညွှန့်ဆွေ၊ ဗိုလ်ဥာဏ်မောင်၊ ဘိုကလေး လှထွန်း၊ တေးယမုန် စိုးသန်း၊ ဗိုလ်ကျော်ဆန်းနှင့် ဦးဟန်ဝင်းတို့ဖြစ်သည်။ ဇာတ်စင်ဒါရိုက်တာများမှာ တေးယမုန်စိုးသန်းနှင့် ဗိုလ်ကျော်ဆန်းတို့ဖြစ်သည်။

အဆို အက သင် နည်းပြဆရာ၊ ဆရာမများမှာ ဦးရွှေဒေါင်းညို၊ ဦးထွန်းရီ၊ ဦးမြတလေး၊ ဦးမောင်ဟန်၊ ဦးကျင်စိန်၊ ဦးတောကျော်၊ ဒေါ်အောင်သန်းကြည်၊ ဒေါ်ဗလပြန်၊ ယုဝတီ ဒေါ်ခင်ညွှန့်၊ ဒေါ်အမာစိန်တို့ဖြစ်ကြသည်။ ဆိုင်းတူရိယာအဖွဲ့များကိုစိန်ချစ်တီး၊ဦးသန်းကျင်၊ စန္ဒရားသထုံကြည်၊ ဦးကျော်ဗလ၊ ဦးညွှန့်ကြည်၊ စိန်အေးမြင့်၊ စိန်ထွန်းကြည်၊ မောင်ကိုဦးတို့က ခေါင်းဆောင်၍ ဝန်ထမ်း ၅၀ ကျော်ဖြင့်ဖွဲ့စည်းထားသည်။

အဆို အက အနုပညာရှင်များကိုလည်း နေ့စား၊ အလုပ်သင်၊ အကစတုတ္ထအဆင့်၊ တတိယဆင့်၊ ဒုတိယဆင့်၊ ပထမဆင့်ဟူ၍ အနုအရင့် ခွဲကန့်ခန့်ထားပေးခဲ့ရာ ဌာနပြောင်း၊ အငြိမ်းစား၊နုတ်ထွက်၊ကွယ်လွန်စသည်တို့ကြောင့် ယခု လက်ရှိနှစ်ဖွဲ့ပေါင်း အမျိုးသား ၆၀ ကျော်၊ အမျိုးသမီး ၁၀၅ ယောက်ရှိသည်။

၁၉၆၂ ခုနှစ်မှစ၍ ဆောင်းပါးရေးချိန်ထိ တင်ဆက်ကပြပြီးခဲ့သည့် ဇာတ်ထုပ်များ၌ အက ဘက် ၌ ထူးချွန်သော၊ ဆိုဝိုပြောဇာတ်ကြီး သမ္ဘာရင့်မာသော၊ ကျရုပ်အလိုက် သရုပ်ဆောင် ပြောင်မြောက်သော၊ ဇာတ်ပုံစံအလိုက် အသီးသီး အဓိက ဇာတ်ဆောင်နေရာများတွင် တာဝန်ယူကပြခဲ့ကြရသည့် အနုပညာရှင်များမှာ ဦးမောင်ဟန်၊ ဦးကျင်စိန်၊ ဦးမြတလေး၊ ဦးစံဝ၊ ဦးသထုံသန်း၊ ဦးချစ်ဆို၊ ဦးမန်းပြန်၊ ဦးစန္ဒရော်၊ ဦးစပါယ်ရှယ်၊ ဦးရွှေများ၊ ဦးကြာစိ၊ ဦးဒေါလာ၊ ဦးလေလှိုင်း၊ ဝေသာလီမောင်ဖုန်း၊ ဦးခင်ညွှန့်၊ ဦးလှညွှန့်၊ ဦးတင်ထွတ်၊ ဦးပေသီး၊ ဦးကျော်ဝ၊ဦးဌေးဝင်း၊ဦးအုန်းမြင့်စသည့်သက်ရင့်အနုပညာရှင်များနှင့် တင်မောင်၊ စိုးငြိမ်း၊ တင်ထွန်း၊ စိန်ဝင်း (၁)၊ စိန်ဝင်း (၂)၊ စိန်ဝင်း (၃)၊ ပုလဲစိန်၊ ကျော်ဝင်း (၁)၊ သန်းစိန်၊ လှမြင့်၊ အောင်တိုး၊ မြင့်ဆွေ၊ အောင်မြင့်၊ သန်းအောင်၊ ကျော်ဆွေ၊ တင်အေး၊ ခင်လှိုင်၊ စိန်မြင့်၊ တင်ရွှေ၊မောင်အေး၊ရွှေကြည်၊ညွှန့်လွင်၊တိုးလင်း၊ မြင့်သိန်း (၁)၊ မြင့်သိန်း (၂)၊ အောင်ဆန်း၊ ကျော်လှ၊ ဘိုမောင်၊ ကိုပါ၊ကျော်သာထွန်း၊ မောင်ကြည်၊ တင်ဝင်း၊ လွန်းတင်၊ ကျော်လှိုင်၊ သန်းဦး၊ ဥာဏ်ဝင်း၊ စိုးသန်းဦး၊ ညီညီရွှေ၊ မြတ်ဝင်း၊ လှကြည်၊ မြင့်သန်း၊ ကျော်သန်း၊ ကြည်တင်စသည့် သက်လတ် လူငယ်အနုပညာရှင်များ ဖြစ်ကြလေသည်။

အမျိုးသမီး အနုပညာရှင်များမှာ ဒေါ်အောင်သန်းကြည်၊ ယုဝတီဒေါ်ခင်ညွှန့်၊ ဒေါ်ခင်တင့်၊ ဒေါ်မြစန်း၊

ဒေါ်မြခိုင်၊ မငွေရှ၊ မပြုံးချို၊ မအေးကြိုင်၊ လှလှဝင်း၊ မသန်းရီ (၁)၊ မစန်းနု၊ မအုံးရီ၊ မသိန်းဝင်း၊ မထွေးကြည်၊ စန်းစန်းလေး၊ မသန်းရီ(၂)၊ နုနုခင်၊ နုနုစိန်၊ မမြကြင်၊ ခင်စန်းလွင်၊ ခင်မြတ်ထွေး၊ မမေရီ၊ မတူး၊ မြသန်းကြည်၊ မစိန်ဌေး၊ မခင်ဝေ၊ သန်းသန်းအေး၊ မစောနု၊ တင်တင်မာ၊ ခင်သန်းဌေး၊ မမြဝင်း (၂)၊ စန်းစန်းရီ (၁)၊ စန်းစန်းအေး(၁)၊ သင်းသင်းလှ၊ စန်းစန်းကြည်၊ တင်မာရီ၊ တင်မျိုးရည်၊ဌေးဌေးဝင်း၊ ကြည်ကြည်ဝင်း၊မြင့်မြင့်ရှိန်၊ မထွေးရီ၊ ဆင့်ဆင့်၊ မြင့်မြင့်ကြည်၊ စိုးစိုးမာ၊ ကြူးကြူးဆွေ စသည်တို့ဖြစ်ကြသည်။

ယဉ်ကျေးမှုကဇာတ်ဌာနမှ ထုတ်လုပ် တင် ဆက်ခဲ့ပြီးသော ဇာတ်ထုပ်များနှင့် ပတ်သက်၍ ထုတ် လုပ် ခဲ့ သည့် နှစ်အလိုက် ကောက်နုတ်ချက်ကို အောက်ပါအတိုင်း အကျဉ်းချုပ် ဖော်ပြနိုင်ပေသည်။

ဘလွာတီယ (ကဇာတ်)

(၁၉၆၃–၆၄) ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ–ရန်ကုန်ဘဆွေ။
ခေတ်မီကမ္ဘာ့ဇာတ်စင်များ၌ တင်ဆက်ကပြသည့် နည်းစနစ်များနှင့် အခင်းအကျင်းပညာများကို ဂေါဒဝင်လမ်း၊ လဟာပြင် ဇာတ်ရုံသစ်တွင် စတင်တီထွင် ထုတ်လုပ်တင်ဆက်သည်။ အဆို အပြောမပါ၊ အခင်းတီးလုံးသံစဉ်တွင် အခြေစိုက်သော အကပညာ ပြဇာတ်အမျိုးအစားဖြစ်၍ ကဇာတ်ဟုသတ်မှတ်ကြသည်။ မြန်မာ့ရှေးရိုးဇာတ်ကို – ပြကွက်သုံးခန်းဖြင့် အနောက်တိုင်းဘဲလေးပုံစံ သရုပ်ဖော်ကပြခဲ့သည်။

စန္ဒကိန္နရီ(ကဇာတ်)

(၁၉၆၄–၆၅) ခုနှစ်
ဦးမြတ်ကျော်၊ ဦးရွှေဒေါင်းညိုတို့ ဦးဆောင်၍ စုပေါင်းတီထွင်ကပြသော အဆို အပြောမပါ၊ တီးလုံးအခင်းဖြင့် ဇာတ်အိမ်ဖွဲ့သည့် ကဇာတ်အမျိုးအစားဖြစ်သည်။ သရုပ်ဆောင် ၇၀ ကျော်ဖြင့် ခေတ်မီဇာတ်ခုံပညာရပ်များတစ်ဆင့်တိုးမြှင့်၍ ဝတ်စားဆင်ယင်မှု၊ မီးစုံမီးအင်၊ သံစဉ်ရသများပုံသေစပ်ရောသော နည်းစနစ်ဖြင့် တင်ဆက်ခဲ့သည်။

ဖိုးရာဇာ (ကဇာတ်)

(၁၉၆၅–၆၆) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ – ဆင်ပေါင်ဝမင်းမင်း။
မျိုးချစ်စိတ်ထက်သန်ရေးကို ဦးတည်၍ ဆိုင်ရာပြောအရိုးအစဉ်ပုံစံဖြင့် တင်ဆက်သော စဉ်ကူးမင်းခေါင်းလောင်းတော်ဇာတ်ကြီး



အဆိုအပြောမပါ၊ အခန်းသုံးခန်းဖြင့် အကကို အခင်းသံစဉ်ဂီတတွင် မြှုပ်နှံပြီး၊ ဇာတ်အိမ်ဖွဲ့သည့် ကဇာတ်အမျိုးအစားဖြစ်သည်။ အမျှားသိဇာတ်လမ်းဖြစ်ပြီး သရုပ်ဆောင် လှုပ်ရှားမှုပညာမျှားအဆင့်အတန်း မြင့်၍ အထူး အောင်မြင်သော ကဇာတ်ဖြစ်သည်။ကပြချိန်နှစ်နာရီကျော်ရှိသည်။

သစ္စာမေတ္တာ (ဇာတ်ကြီး)

(၁၉၆၆–၆၇)ခုနှစ်
ဇာတ်ညွှန်း–နန်းညွှန့်ဆွေ။ ဒါရိုက်တာ–ရန်နိုင်စိန်
မြန်မာ့သဘင် ဆို ဒို ပြော နှုတ်မှုပညာစွမ်းပြ အရိုးအစဉ်ဇာတ်ကြီးဖြစ်သည်။ မေတ္တာဘွဲ့ကိုရသဖော်ကာ လူတို့၏ စိတ်ဓာတ်သင်ခန်းစာမျှား စုစည်းပြသည်။ ကပြချိန်သုံးနာရီရှိသည်။

တစ်သောင်းမက လက်မျှား (တေးသရုပ်ဖော်)

(၁၉၆၆–၆၇)ခုနှစ်
ဇာတ်ညွှန်း–ဗိုလ်မှူးသမိန်။ ဒါရိုက်တာ ဦးမြတ်ကျော်။
နောက်ခံအဆိုတေးသားအခင်းတွင် သရုပ်ဆောင်အကမျှားတန်ဆာဆင်လျက် ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားအားမာန် လှုံ့ဆော်ရေးဇာတ်လမ်းကို ဖော်ဆောင်သည်။ ကပြချိန်(၄၅)မိနစ်ရှိသည်။

ဟံသကုမ္မာ(ကဇာတ်)

(၁၉၆၇–၆၈)ခုနှစ်
ဇာတ်ညွှန်း – ဆင်ပေါင်ဝဲ မင်းမင်း။
ဇာတ်စီး –ဦးရွှေဒေါင်းညို။
အဆိုအပြောမပါ၊ ဂီတတီးလုံးကိုက်၊ ကပြသရုပ်ဆောင်ခြင်းဖြင့် ဇာတ်လမ်းကို ဖော်ဆောင်ထားသည့် ကဇာတ် အမျိုးအစားဖြစ်သည်။ စုပေါင်းညီညွတ်ခြင်းကြောင့် အောင်မြင်မှုရရှိပုံပညာပေးထားသည်။ ကပြချိန်နှစ်နာရီကျော်ရှိသည်။သရုပ်ဆောင်အဖွဲ့ (၂) မှ အနုပညာရှင်များကပြဆည်။

လှိုင်းကြီးလေအောက် (တေးသရုပ်ဖော်)

(၁၉၆၇–၆၈)ခုနှစ်
ဇာတ်ညွှန်း – ဗိုလ်ဥာဏ်မောင်။
ဇာတ် စီး – ဦးရွှေဒေါင်းညို။
နောက်ခံအဆိုတေးသံစဉ်ဖြင့် သရုပ်ဖော်အကဆင်၍ ဇာတ်လမ်းဆောင်သော တေးသရုပ်ဖော်ကဇာတ်တို ဖြစ်သည်။ တိုင်းရင်းသားပေါင်းစုံသွေးစည်းညီညွတ်ရေးကို ဦးတည်ပြထားသည်။ ကပြချိန် (၄၅) မိနစ် ရှိသည်။

အဘယကုမ္မာ(ဇာတ်ကြီး)

(၁၉၆၈–၆၉)ခုနှစ်
ဇာတ်သွန်း–ဘိုကလေးလှထွန်း။
ဇာတ်ညွှန်း–ဘိုကလေးလှထွန်း။
ဇာတ်စီး–ဦးရွှေဒေါင်းညို။
ဆို၊ ဒို၊ ပြော၊ နှုတ်မှုပညာစွမ်းရည်ပြ အရိုးအစဉ်ဇာတ်ကြီးဖြစ်သည်။ ကောက်ပဲသီးနှံမျှားသည် လူသားမျှားအတွက်မရှိမဖြစ် အရေးပါမှုကို သင်ခန်းစာပေးထားသည်။ သရုပ်ဆောင်အဖွဲ့ (၁)မှ အနုပညာရှင်များက ဖော်ဆောင်ကြသည်။ ကပြချိန်သုံးနာရီရှိသည်။

နာဂသုန္ဒရ(ဇာတ်ကြီး)

(၁၉၆၉–၇၀)ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ – တေးယမုန် စိုးသန်း။
ဇာတ်စီး–ဦးရွှေဒေါင်းညို။
သရုပ်ဆောင်အဖွဲ့ (၁)နှင့်(၂)မှ အနုပညာရှင်များကစုပေါင်း၍ ပြည်သူ့အကျိုးပြု ကဗျာဖြင့် အလုပ်အကျွေးပြုရန်လှုံ့ဆော်မှုဖြင့် ကပြတင်ဆက်ကြသည်။ ကပြချိန်သုံးနာရီကျော်ရှိသည်။

ရန်အောင်မြင်(ကဇာတ်)

(၁၉၇၀–၇၁)ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ–ဆင်ပေါင်ဝဲမင်းမင်း။
တီးလုံးအခင်းသံစဉ်တွင် အကဆင်ဇာတ်လမ်းဖော်၍ အခန်းကြီးသုံးခန်းဖွဲ့ တင်ဆက်ထားသည်။ အကစွမ်းရည်ပြ ကဇာတ်ဖြစ်သည်။ ဝိသမလောဘကြောင့် ပျက်စီးဆုံးရှုံးရမှုကို သင်ခန်းစာ ပြထားသည်။ သရုပ်ဆောင်အဖွဲ့ (၂)မှ အနုပညာရှင်များက ဖော်ဆောင်သည်။ ကပြချိန်နှစ်နာရီကျော်ရှိသည်။

ဝက်ထီးကန်(ဇာတ်ကြီး)

(၁၉၇၀–၇၁)ခုနှစ်
ဇာတ်ညွှန်း–ဆင်ပေါင်ဝဲ မင်းမင်းနှင့် ဘိုကလေးလှထွန်း။ ဇာတ်စီး–ဦးရွှေဒေါင်းညို။
နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားရေးဇာတိမာန်လှုံ့ဆော်ပညာပေးသော ဆို ဒို ပြော အရိုးအစဉ်ဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့(၁)

အနုပညာရှင်များ စုပေါင်းဖော်ဆောင်ကြသည်။ ကပြချိန်သုံးနာရီကျော်ရှိသည်။

သုဝဏ္ဏသံ့ (ကဇာတ်)

(၁၉၇၁–၁၉၇၂)ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ – ဆင်ပေါင်ဝဲမင်းမင်း။
မေတ္တာဓာတ်၏ စွမ်းအင်ကြီးမား အကျိုးသက်ရောက်မှုကို သာဓကတင်ပြသော ဇာတ်လမ်းဖြစ်၏။ လိုအပ်သော ထောင့်ကွေများတွင် အဆိုနောက်ခံတေးသား စုက်ဖက်၍ သရုပ်ဖော်သော အရွေတိုင်းပုံစံကဇာတ်ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) အနုပညာရှင်များ ကပြထားကြသည်။ ကပြချိန်နှစ်နာရီကျော်ရှိသည်။

ပဏ္ဍိတကုမ္မာ(ဇာတ်ကြီး)

(၁၉၇၁–၇၂) ခုနှစ်
စစ်ကိုင်းဦးဘိုးသင်းရေးသော – ဖာတစ်လုံးခေါင်းကျားဝတ္ထုကို တေးယမုန်စိုးသန်းက ဇာတ်ညွှန်းရေး၍ ဦးရွှေဒေါင်းညိုဇာတ်စီးသည်။
ဆွမျိုးမိတ်သင်္ဃာ အပေါင်းအသင်းများ၏စိတ်ဓာတ်အဖုံဖုံ အကောင်းအဆိုးရှိပုံ လူ့သဘာဝကို သင်ခန်းစာပြုရည်ရွယ်တင်ဆက်သည့် ဆို ဒို ပြော အရိုးအစဉ်ဇာတ်ကြီး ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့(၂)မှ အနုပညာရှင်များကပြသည်။ ကပြချိန်သုံးနာရီကျော်ရှိသည်။

ပုဂံစစ်သည် (တေးဂီတကဇာတ်)

(၁၉၇၂–၇၃) ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ – ဗိုလ်ကျော်ဆန်း။
အနောက်တိုင်းသဘင်မှုနယ်မှ အော်ပရာ၊ ဘဲလေး အကနည်းစနစ်များနှင့် ပန်းချီဘောင်သတ် ကခွင် ဇာတ်ခုံပညာရပ်များ ယှက်ဖောက်ဖော်စပ်ထားသော သရုပ်ဆောင်များကိုယ်တိုင် သီဆို ကပြလှုပ်ရှား အလင်္ကာ ဆင်ထားသည့် တေးဂီတကဇာတ်ပုံစံသစ် အမျိုးအစားဖြစ်သည်။ သမိုင်းကြောင်း နောက်ခံဖြင့် အခန်းကြီးသုံးခန်းခွဲကာ တပ်မတော်နှင့်ပြည်သူ တစ်သားတည်း ညီညွတ်လက်တွဲ၍ နိုင်ငံသစ်တည်ဆောက်မှုကို သာဓကတင်လျက် သရုပ်ဆောင်အဖွဲ့ (၂)မှ ကပြဖော်ဆောင်သည်။ ကပြချိန် နှစ်နာရီတိတိရှိသည်။

သီရိဝံသ(ဇာတ်ကြီး)

(၁၉၇၃–၇၄)ခုနှစ်
ဇာတ်ညွှန်း – ဘိုကလေး လှထွန်း။
ဇာတ်စီး – ဦးရွှေဒေါင်းညို။
လူသားတို့၏ အကျင့်စာရိတ္တ၊ ရိုးရာယဉ်ကျေးမှုများမှ အကောင်းအဆိုးကို ဖော်ပြပညာပေးထားသော ဆို ဒို ပြော အရိုးအစဉ်ဇာတ်ကြီး ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁)မှ အနုပညာရှင်များက ဖော်ဆောင်ထားသည်။ ကပြချိန်သုံးနာရီကျော်ရှိသည်။

အင်းဝသူရဲကောင်းလေးများ (ဇာတ်ကြီး)

(၁၉၇၄–၇၆) ခုနှစ်
ဇာတ်ညွှန်း – ဘိုကလေး လှထွန်း။
ဒါရိုက်တာ – တေးယမုန် စိုးသန်း။

မူးယစ်ဆေးအန္တရာယ်တားဆီးကာကွယ်ရေးကို လှုံ့ဆော်သော ကေသရာလုလင် တေးဂီတကဇာတ်



မျိုးချစ်စိတ်၊ သူရဲကောင်းစိတ်ဓာတ်များ ရှင်သန်ဖြစ်ပွားစေရန်ရည်ရွယ်၍ သမိုင်းကြောင်းနောက်ခံဖြင့် တီထွင်ဖန်တီးထားသည့် ဆိုဒိုပြောန္နတ်မှဇာတ်ကြီး ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) အနုပညာရှင်များ ဖော်ဆောင်သည်။ ကပြချိန် သုံးနာရီရှိသည်။

ရာမာယန (ကဇာတ်)

(၁၉၇၆-၇၇) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ–ဆင်ပေါင်ဝဲမင်းမင်း။
မြန်မာရာမဇာတ်ကြီးကို ရှေးရိုးမူရင်း ပုံစံမပျက်စေဘဲ ခေတ်မြင် ပွဲကြိုက် ပရိသတ်များ လက်ခံအားပေးနိုင်အောင် အဘက်ဘက်မှ စွမ်းအင်များပါ ပေါင်းရုံးစီစဉ် တင်ဆက်ထားသည့် ကဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) အနုပညာရှင်များက ဖော်ကျူးကြသည်။ ကပြချိန် သုံးနာရီကျော်ရှိသည်။

စဉ်ကူးမင်း ခေါင်းလောင်းတော် (ဇာတ်ကြီး)

(၁၉၇၇–၇၈)ခုနှစ်
ဇာတ်ညွှန်း–ဦးဟန်ဝင်း။
ဇာတ်စီး–ဦးရွှေဒေါင်းညို။
နယ်ခွဲဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ထက်သန်စေရေးအတွက် သမိုင်း သုတေသန ပြုစု၍ ဇာတ်လမ်းဖန်တီးထားသော ဆိုဒိုပြော အရိုးအစဉ် ပုံစံဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) အနုပညာရှင်များ ကပြ ဖော်ဆောင်ကြသည်။ ကပြချိန် သုံးနာရီရှိသည်။

ဂီတပါလီ (ဇာတ်ကြီး)

(၁၉၇၈–၇၉) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ – ဗိုလ်ကျော်ဆန်း။
ဇာတ်စီး–ဦးရွှေဒေါင်းညို။
မြန်မာ့သဘင် ဇာတ်စာပေပညာကို ဦးစားပေး၍ အဘိဇ္ဈာ၊ ဗျာပါဒ၊ အာဃာတ တရားများ၏ မကောင်းမှုအန္တရာယ်များ ဆင်ခြင်နှလုံးသွင်းနိုင်ရန်နှင့် ရိုးသားဖြောင့်မတ်၍ သစ္စာတရားရှိသူများ၏ အောင်မြင်မှုများကို သရုပ်ဖော် တင်ပြထားသည့် ဆိုဒိုပြော နှုတ်မှုပညာစာပေဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) အနုပညာရှင်များ ကြိုးပမ်းကပြကြသည်။ ကပြချိန် သုံးနာရီရှိသည်။

ဝန်ကြီးပဒေသရာဇာ (ပြဇာတ်တို)

(၁၉၇၀–၇၁) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဆင်ပေါင်ဝဲမင်းမင်း။
စာဆိုတော်နေ့ကို ဂုဏ်ပြုတင်ဆက်သော ဝန်ကြီးပဒေသရာဇာ၏ တျာချင်းများအား ဇာတ်အိမ်ပြုစီစဉ် တင်ဆက်ထားသည့် ပြဇာတ်တိုဖြစ်သည်။ ကပြချိန် တစ်နာရီ ရှိသည်။

ကေသရာလုလင် (တေးဂီတ ကဇာတ်)

(၁၉၇၀–၇၁) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
ကုန်းဘောင်ခေတ်၌ မင်းနှင့်ပြည်သူတို့ မူးယစ်ဆေးအန္တရာယ်ကို ဖယ်ရှားတိုက်ဖျက်ခဲ့ပုံများကို သမိုင်းအထောက်အထား ခိုင်လုံစွာဖြင့် ဇာတ်လမ်းဖွဲ့၍ ကိုယ်တိုင် သီဆို ကပြ လူပ်ရှား သရုပ်ဆောင်ကြသော ပုဂံစစ်သည် ဇာတ်ပုံစံ၊ တေးဂီတ ကဇာတ်ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) နှင့် (၂) စုပေါင်းကပြတင်ဆက်သည်။ အခန်းငါးခန်းနှင့် ကပြချိန် နှစ်နာရီရှိသည်။

မြန်မာ့လူဘောင်သစ် (တေးဂီတကဇာတ်)

(၁၉၇၁–၇၂) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ – ဗိုလ်ကျော်ဆန်း။
ပင်တိုင်အကနည်းပြ–ဦးရွှေဒေါင်းညို။
မျက်မှောက် ဆိုရှယ်လစ်လူဘောင်တည်ဆောက်ရေးကာလတွင် တိုင်းနှင့် ပြည်နယ် အသီးသီးမှ လူမျိုး ပေါင်းစုံ သွေးစည်း ညီညွတ်စွာ ပါဝင်တာဝန်ယူ အကောင်အထည် ဖော်ကြပုံများနှင့် နောင်ပေါ်ထွန်းလာမည့် မြန်မာ့လူဘောင်သစ်၏ နိမိတ်ကောင်းပုံစံများကို ခြယ်မှုန်းအလင်္ကာဆင်ထားသည့် နိုင်ငံရေးတေးဂီတဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) အနုပညာရှင်များ သီဆို ကပြ သရုပ်ဆောင်ကြသည်။ ကပြချိန် နှစ်နာရီရှိသည်။

ခေတ်စာဆို စိန်ခေါ်သူ (ပြဇာတ်တို)

(၁၉၇၂–၇၃) ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော်နေ့အတွက် စာဆို စိန်ခေါ်သူ၏ ရတုများမှ ကောက်နုတ် သရုပ်ဖော်၍ ဇာတ်လမ်းဆင်



သူကျွန်အဖြစ် နွံနစ်မခံဇာတ်ကြီး



ငွေတောင်သစ္စာ၊ ပန်းမေတ္တာဇာတ်ကြီး



ဂီတပါလီဇာတ်ကြီး



ငွေတောင်သစ္စာ၊ ပန်းမေတ္တာဇာတ်ကြီး

သခ်ၤပတ္တာ၊ ပန်းသီလဇာတ်ကြီး





တင်ဆက်သော သမိုင်းပြဇာတ်တို့ ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) မှ အနုပညာရှင်များ ကပြကြသည်။ ကပြချိန် တစ်နာရီရှိသည်။

ဇာတိမာန်ဟုန်ရတနာပုံ(ဇာတ်ကြီး)

(၁၉၇၂–၇၃)ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ–ဗိုလ်ကျော်ဆန်း။
ကုန်းဘောင်ခေတ် စက်ရုံ အလုပ်ရုံမှ အလုပ်သမားများ၏ နယ်ခွဲဆန့်ကျင်စိတ်ဖြင့် လက်နက်၊ သံဘေး စသည့်တိုက်ခိုက်ရေးအတွက် ပစ္စည်းများ တီထွင် ထုတ်လုပ်ကြပုံ၊ သွေးစည်း ညီညွတ်စွာ ဆောင်ရွက်ကြပုံများကို သမိုင်း သုတေသနဖြင့် ဇာတ်လမ်းဖွဲ့ တင်ဆက်ကပြထားသည့် ဆိုဒိုပြော အရိုးအစဉ်ဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) အနုပညာရှင်များ ပါဝင်အကောင်အထည် ဖော်ကြသည်။ ကပြချိန် သုံးနာရီရှိသည်။

ပွင့်ပူးစုံမှ၊ အဲလှ (ပြဇာတ်တို့)

(၁၉၇၃–၇၄) ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော်နေ့အတွက် ကျည်းကန်ရှင်ကြီး မေတ္တာစာများမှ ကောက်နုတ်၍ ကုန်းဘောင်ခေတ်၏ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု အခြေအနေများကို နောက်ခံထား ဇာတ်လမ်းဆင် ကပြသည့် သမိုင်းပြဇာတ်တို့ ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) မှ အနုပညာရှင်များက ဖော်ဆောင် ကပြသည်။ ကပြချိန် တစ်နာရီရှိသည်။

မြအလက်ာမြေ (ဇာတ်ကြီး)

(၁၉၇၃–၇၄) ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
ပုဂံခေတ်၊ ကျောက်ဆည်နယ် တောင်သူ လယ်သမားများ၏ စိုက်ပျိုးရေး လုပ်ခွင် အလှကို ဇာတ်လမ်းကျောရိုးပြု၍ တိုင်းပြည်ပြုမင်း အနော်ရထာ၏ အမြော်အမြင်ကြောင့် ဆည်မြောင်းများမှ လယ်သောက်ရေဖြင့် အကျိုးစီးပွား တိုးတက်ပုံများကို မျက်မှောက်ခေတ်နှင့် ယှဉ်ဆနိုင်ရန် တင်ဆက် ကပြထားသည့် ဆိုဒိုပြော ကဇာတ်ကြီးဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) မှ တာဝန်ယူ အလက်ာ ဆင်ကြသည်။ ကပြချိန် သုံးနာရီ ရှိသည်။

မဟာဂီတစာဆို (ပြဇာတ်တို့)

(၁၉၇၄–၇၅) ခုနှစ်
ဇာတ်ညွှန်းနှင့်ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော်နေ့အတွက် မြဝတီမင်းကြီး ဦးစီး အတ္ထုပ္ပတ္တိ ကောက်နုတ်ချက်နှင့် သမိုင်းဝင် ဂီတသီချင်းများကို ဇာတ်လမ်းဆင်တင်ဆက်ကပြထားသည့်သမိုင်း ပြဇာတ်တို့ ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) မှ အနုပညာရှင်များပါဝင် ကပြကြသည်။ ကပြချိန် တစ်နာရီ ရှိသည်။

ငွေတောင်သစ္စာ၊ ပန်းမေတ္တာ (ဇာတ်ကြီး)

(၁၉၇၄–၇၅) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
ဇင်းမယ်ပဏ္ဏာသကျမ်းလာ၊ သုခနုဇာတ်လမ်းကို ခေတ်အမြင်နှင့် တိုးချဲ့ဖန်ဖွဲ့ကာ ဇာတ်စင်ပညာရပ်များ ပြောက်မှန်းလျက် အရိုးအစဉ်ကို မူမပျက် ဆန်းသစ်စွာ အလင်္ကာဆင် တင်ဆက်ကပြသည့် နှုတ်မှုစွမ်းရည်ပြ ဆိုဒိုပြော ဇာတ်ကြီး စစ်စစ်ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂)မှ အနုပညာရှင်များက ဖော်ဆောင် ကပြကြသည်။ ကပြချိန် သုံးနာရီ ရှိသည်။

လောကရတနာ (ဇာတ်ကြီး)

(၁၉၇၄–၇၅)ခုနှစ်
ဇာတ်ညွှန်း – ဘိုကလေး လှထွန်း။
ဇာတ်စီး – ဦးကျင်စိန်။
ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းကို သာမည၊ အခြားရတနာများကို အဓိကထားမိသူများ၏ ဒုက္ခကြုံရပုံကို ဇာတ်လမ်းဆင် တင်ဆက်ထားသည့် ဆိုဒိုပြော ဇာတ်ကြီးဖြစ်သည်။ ၁၉၆၀–၆၃ ခုနှစ်က ထုတ်လုပ်ခဲ့သော အဘယကုမ္မာ ဇာတ်ကြီးကို ပြန်လည်မွမ်းမံ ဆန်းသစ်ထားခြင်းဖြစ်၍ သရုပ်ဆောင်အဖွဲ့ (၁) အနုပညာရှင်များ ပါဝင် ကပြကြသည်။ ကပြချိန် သုံးနာရီ ရှိသည်။

တွင်းသွင်းတိုက်ဝန်၊ စာဆိုမွန်(ပြဇာတ်တို့)

(၁၉၇၅–၇၆)ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော်နေ့အတွက် တွင်းသွင်းတိုက်ဝန် မဟာစည်သူ၏ အတ္ထုပ္ပတ္တိမှ ကောက်နုတ်ချက်များ ဇာတ်လမ်း

ဆင် တင်ဆက်ကပြထားသည့် သမိုင်းပြဇာတ်တို့ ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁)မှ အနုပညာရှင်များ တာဝန်ယူဖော်ဆောင်ကြသည်။ ကပြချိန် တစ်နာရီ ရှိသည်။

သခ်ိပတ္တ၊ ပန်းသိလ (ဇာတ်ကြီး)

(၁၉၇၅–၈၆) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
ဇင်းမယ်ပဏ္ဏာသ အလာ သခ်ိပတ္တဇာတ်လမ်းကို ခွဲထွင်စိရင်ရေးသားပြီး ဆန်းကျယ်သော ဇာတ်ဝင်ပညာရပ်တို့ဖြင့် စပ်ရောလျက် ဆိုင်ငြောန္တတ်မှု စွမ်းအင်များ ယှက်ဖောက်ကာ သည်းခံခြင်း၏ အကျိုးတရား ကြီးမားအောင်မြင်ပုံ သင်ခန်းစာ ပြယုဂ်အဖြစ် တင်ဆက်ကပြသည့် အရိုးအစဉ် ဇာတ်ကြီး ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) မှ အနုပညာရှင်များ အလင်္ကာဆင်ကြသည်။ ကပြချိန် သုံးနာရီရှိသည်။

သီတာရေမြေ ဆုံးစေတော့ (ပြဇာတ်တို)

(၁၉၈၆–၈၇) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော်နေ့ အတွက် အနောက်နန်း မမြကလေး၏ အတ္ထုပ္ပတ္တိမှ ကောက်နုတ်လျက် ချစ်သမျှကို ပတ်ပျိုးအား အခြေစိုက် ဖန်ဖွဲ့ထားသည့် သမိုင်းပြဇာတ်တိုဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) မှ အနုပညာရှင်များ ကပြကြသည်။ ကပြချိန် တစ်နာရီ ရှိသည်။

သူကျွန်အဖြစ် နံ့နစ်မခံ (ပြဇာတ်ကြီး)

(၁၉၈၆–၈၇) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အနှစ် (၄၀) မြောက် ပြည်ထောင်စုနေ့ပွဲတော်ကြိုအတွက် အထူးရည်ရွယ်၍ နယ်ခဲ့ဆန့်ကျင်ရေး၊ တိုင်းရင်းသား လူမျိုးစုံ သွေးစည်းညီညွတ်ရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ထိန်းသိမ်း ကာကွယ်ရေးများ ရည်မျော်လျက် ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ အတ္ထုပ္ပတ္တိကို အခြေခံဇာတ်လမ်းဆင်ထားသည့် သမိုင်းနောက်ခံ ပြဇာတ်ရှည်ကြီး ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၂) မှ အနုပညာရှင်များ စုပေါင်းကြိုးပမ်းထားကြသည်။ ကပြချိန် သုံးနာရီရှိသည်။

စာဆိုရှင် လက်ဝဲသုန္ဒရ (ပြဇာတ်တို)


(၁၉၈၇–၈၈) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ– ဗိုလ်ကျော်ဆန်း။
အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာဆိုရှင် လက်ဝဲသုန္ဒရအမတ်၏ ရတုများမှ ကောက်နုတ်လျက် ဇာတ်လမ်းဆင် တင်ဆက် ထားသော သမိုင်းပြဇာတ်တို ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) မှ အနုပညာရှင်များဖော်ဆောင်ကြသည်။ ကပြချိန် တစ်နာရီ ရှိသည်။

ပန်းမကိုင်မြေ (ဇာတ်ကြီး)

(၁၉၈၇–၈၈) ခုနှစ်
ဇာတ်ညွှန်းနှင့် ဒါရိုက်တာ –ဗိုလ်ကျော်ဆန်း။
(၄၁) နှစ်မြောက် ပြည်ထောင်စုနေ့ပွဲတော်ကြိုဌ် တင်ဆက်ကပြရန် ရည်ရွယ်၍ စိုက်ပျိုးရေးသည် လူသားတို့၏ဂုဏ်ဟူသောဆောင်ပုဒ်အရ တောင်သူလယ်သမားများ၏ မြေယာ ကုန်ထုတ်လုပ်ငန်း အရေးပါမှုကို ဇာတ်လမ်းစီရင် ရေးသားလျက် အရိုးအစဉ် ဆိုင်ငြော နှုတ်မှုပညာ စွမ်းရည်ပြ တင်ဆက်ကပြထားသည့် စာပေဇာတ်ကြီး ဖြစ်သည်။ သရုပ်ဆောင်အဖွဲ့ (၁) မှ အနုပညာရှင်များ စုပေါင်းပါဝင် ကပြကြသည်။ ကပြချိန် သုံးနာရီ ရှိသည်။

ယဉ်ကျေးမှုကဇာတ်ဌာနသည် ၁၉၈၀–၈၁ ခုနှစ်မှစ၍ ယနေ့အထိ နှစ်စဉ်ကျင်းပမြဲဖြစ်သော အမျိုးသားစာပေ ဆုနှင်းသဘင်နှင့် စာဆိုတော် နေ့များအတွက် သမိုင်းနောက်ခံ မြန်မာ့စာဆိုပညာရှင်များ၏ အတ္ထုပ္ပတ္တိကောက်နုတ်ချက်နှင့် ၎င်းတို့ရေးသားသော စာပေများကို အခြေခံကာ ပြဇာတ်တိုများကို အမြဲတင်ဆက်ကပြကူညီလျက် ရှိသည်။ ၎င်းပြင် ထုတ်လုပ်ပြီးသမျှ ဇာတ်ထုပ်ပုံစံအမျိုးမျိုးတို့ကိုလည်း ကျိုက္ကဆံကွင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် ပြည်ထောင်စုနေ့ ပွဲတော်ကြီးတွင် ပထမဦးစွာ တင်ဆက်ကပြပြီးနောက် အခြားဒေသ အသီးသီးဇာတ်ရုံများ၌ စင်တင် ကပြဖြေဖျော်လျက် ရှိသည်။ တစ်နည်းဆိုသော် ယဉ်ကျေးမှု ဝန်ကြီးဌာနသည် ရှေးရိုးစဉ်လာ မြန်မာ့သဘင်မှု အနုပညာပေါ်လွင်သော ကဇာတ်များကို ဆက်လက် ရှင်သန်တိုးပွားစေရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပေသည်။

ဗိုလ်ကျော်ဆန်း



လေကြောင်း သယ်ယူပို့ဆောင်ရေး

သယ်ယူပို့ဆောင်ရေး

အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေးသည် ၁၉၁၉ ခုနှစ်တွင် ဘာလင်နှင့်ဗီင်မား၊ ပါရီနှင့်ဗရပ်ဆဲ၊ လန်ဒန်နှင့်ပါရီ ဆက်သွယ်ပျံသန်းသော ခရီးစဉ်သုံးခုဖြင့် ဥရောပတွင် သန္ဓေတည်ခဲ့ပြီးနောက် ဆယ်စုနှစ်တစ်စုထက်တစ်စုပို၍ပို၍ တိုးတက်လာလျက်ရှိသည်။ ပျံသန်းမှုစရိတ်လည်းသက်သာ၊ ဝန်ဆောင်မှုလည်းစိတ်ချရ၊ ခရီးသည်များကိုလည်း ဆွဲဆောင်နိုင်၊ ဘေးအန္တရာယ်လည်းကင်းရှင်း၊ သင့်တင့်လျောက်ပတ်သော သက်သာခြောင်ခြင်မှုလည်းရှိသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းမျိုးဖြစ်ရန် ၁၉၂၀ ပြည့်လွန်နှစ်များအတွင်းမှစ၍ လေယာဉ်တီထွင်ထုတ်လုပ်မှုပိုင်း၊ လေဆိပ်တည်ဆောက်မှုပိုင်း၊ လေယာဉ်ပျံသန်းမှု ထိန်းသိမ်းကုပ်ကဲရေးပိုင်း၊ စီမံခန့်ခွဲမှုပိုင်းစသည့် နယ်ပယ်အသီးသီးတွင် အရေအတွက်ရော အရည်အချင်းပါ တိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေပေသည်။

လေယာဉ်တိုးတက်ဖြစ်ထွန်းမှုအစ


အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေး ခေတ်ဦးကာလဖြစ်သည့် ၁၉၂၀ ပြည့်လွန်နှစ်များအတွင်းတွင် လေယာဉ်၏ခရီးတာမှာ အကန့်အသတ်ရှိပေသည်။ မိုင် ၃၀၀–၄၀၀ (ကီလိုမီတာ ၅၀၀–၆၅၀) သာသာ ပျံသန်းလျှင်ပင် ဆီပြန်ဖြည့်ကြရသည်။ လေယာဉ်ဒီဇိုင်းမှာလည်း လူ ၁၂ ယောက်မှ ၁၅ ယောက်အထိသာ တင်ဆောင်နိုင်အောင် ရေးဆွဲထုတ်လုပ်ကြသည်။ ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးတွင် ထုတ်လုပ်သောဒေါက်ဂလပ်ဒီစီ–၃ လေယာဉ်သည် နယူးယောက်မှ လော့စ်အိန်ဂျလီးမြို့သို့သွားရာတွင် လမ်း၌သုံးခါလေးခါနား၍ ၂၄ နာရီ (ပျံသန်းချိန် ၁၈ နာရီ)အတွင်း အရောက်သွားနိုင်ခဲ့သည်။ ၁၉၃၂ ခုနှစ်မှ ၁၉၃၇ ခုနှစ်ကာလအတွင်းတွင် ဖရန့်ဖွတ်အမ်မိန်းမှ အမေရိကန်ပြည်ထောင်စု နယူးဂျာစီပြည်နယ်လိပ်ဟတ်မြို့သို့လည်းကောင်း၊ တောင်အမေရိကတိုက် ပါနမ်ဘူကို မြို့သို့လည်းကောင်း ခရီးသည်များကို အခကြေးငွေဖြင့်

ပို့ဆောင်ပေးသည့် "ဂရပ်ဇက်ပလင်" နှင့် "ဟင်ဒင်ဘွတ်" လေသင်္ဘောများ ခေတ်စားခဲ့သေးသည်။ ဟင်ဒင်ဘွတ် အာရ်–၁၀၁ လေသင်္ဘောကြီး ပြင်သစ်နိုင်ငံဗိုဇေးမြို့တွင် ပျက်ကျခါမှ လေသင်္ဘောတို့ တစ်စခန်းရပ်၍ လေယာဉ်သည်သာ အားထားရာ ဖြစ်လာပြန်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃–စာ၊ ၉၄—ရှု။) ဒုတိယကမ္ဘာစစ်ကာလ ၁၉၄၀ ပြည့်နှစ်တွင် တောင်အာဖရိက ဒါဘန်မြို့မှ သြစတြေးလျနိုင်ငံ ဆစ်ဒနီသို့ ခါတုံ၊ ကိုင်ရို၊ ကရာချိ၊ ဗန်ကောက်နှင့် စင်ကာပူတို့ကို ဖြတ်သန်း၍ ပျံသန်းသည့်လေယာဉ်ခရီးစဉ်သည် အထူးထင်ရှားနေပေပြီ။

ဒီစီ–၃ လေယာဉ်အစင်း ၈၀၀ ကို ထုတ်လုပ်ပျံသန်းစေခဲ့ပြီးနောက် ၁၉၄၄ ခုနှစ်တွင် အင်ဂျင် လေးလုံးတပ် ဒီစီ–၄ ကိုသုံးစွဲလာပြန်သည်။ စီးပွားရေးအရပျံသန်းမှုတွင် လော့ခ်ဟီ အယ်လ် ၀၄၉ ကွန်စတယ်လေးရှင်း လေယာဉ်လည်းထင်ရှားလာသည်။ မြောက်အတ္တလန္တိတ် လေကြောင်း သယ်ယူပို့ဆောင်ရေးတွင် အမေရိကန် လေကြောင်းပို့ဆောင်ရေး လုပ်ငန်းများက လွှမ်းမိုးလာသည်။ ပင်အမေရိကန် ကမ္ဘာ့ လေကြောင်းဌာနသည် အတ္တလန္တိတ်သမုဒ္ဒရာကို ဒီစီ–၄ လေယာဉ်ဖြင့် ပုံမှန်ပျံသန်းခြင်းကို မျိုးစေ့ချခဲ့သည်။ တီဒဗလျူအေ လေကြောင်းဌာနသည်လည်း ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် နယူးယောက်–လန်ဒန်ခရီးစဉ်ဖြင့် စခဲ့သည်။ ထိုအချိန်တွင် ဥရောပ၌ ဗြိတိသျှ ဥရောပ လေကြောင်းကော်ပိုရေးရှင်း (ဘီအိုးအေ) ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်တွင် ဘီအိုးအေသည် ကမ္ဘာပေါ်တွင် အဋ္ဌမမြောက်ခရီးသည်အများဆုံးသယ်ဆောင်သည့် လေကြောင်းပို့ဆောင်ရေး ဌာနဖြစ်နေပေပြီ။ ရုရှားလေကြောင်းဌာနဖြစ်သော အဲရိုဖလုပ်မှအပ ဘီအိုးအေထက် ပို၍ခရီးသည် ပို့ဆောင်နိုင်သော အခြားလေကြောင်းပို့ဆောင်ရေး ဌာနများမှာ အမေရိကန်လေကြောင်းများသာဖြစ်သည်။

ကမ္ဘာ့ထိပ်တန်းလေကြောင်း ဌာနများအတွက် တစ်ရှိန်ထိုးတိုးတက်လာစေခဲ့သောကာလသည် ၁၉၅၀ ပြည့်လွန်နှစ်များပင်ဖြစ်သည်။ ပထမဦးဆုံးသော ရဟတ်တာဗိုင် (တာဗိုပရော့) သုံးလေယာဉ်ဖြစ်သည့် ဗစ်ကာဗစ္စကောင့် လေယာဉ်ကို ဘီအိုးအေက ၁၉၅၃ ခုနှစ် ဧပြီလတွင် လန်ဒန်–စိုက်ပရပ်ခရီးစဉ်အတွက် စတင်အသုံးပြုခဲ့သည်။ ပိုမိုဝေးလံသော ခရီးတာအတွက် ဗရစ္စစတိုးဗြိတိန်နိုယာ တာဗိုပရော့လေယာဉ်ကို ဘီအိုအေစီ လေကြောင်းဌာနက

ဗရာဇီးနိုင်ငံတွင် ၁၉၂၇ ခုနှစ်က ပွေ့ဆော်ဦးဖွင့်လှစ်သော ဗား‌ရစ်လေယာဉ်ကွင်း၏ ခရီးသည်နားနေစခန်းကို ၁၉၃၂ ခုနှစ်တွင် တွေ့မြင်ရပုံ




၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလတွင် သုံးခဲ့ပြန်သည်။ လန်ဒန်–ဂျိုဟန်နက်စဗတ်ခရီးစဉ်တွင် စတင်ပျံသန်းစေခဲ့ခြင်းဖြစ်သည်။ ဗြိတိန်နိုယာသည် လန်ဒန်–ဆစ်ဒနီခရီးစဉ်ကို ၄၇ နာရီခဲ့ဖြင့် အရောက်ပျံသန်းခဲ့သည်။ ထိုခရီးစဉ်အတွက် ကုန်စတယ်လေးရှင်းလေယာဉ်ကို သုံးခဲ့စဉ်က ၅၆ နာရီကြာခဲ့သည်။

ဂျက်ခေတ်သို့အဝင်

စီးပွားရေးအရ လေကြောင်းသယ်ယူပို့ဆောင်ရေးတွင် ၁၉၅၂ ခုနှစ် မေလမှစ၍ ဂျက်လေယာဉ်များ သုံးစွဲစပြုနေပြီဖြစ်သည်။ ဘီအိုအေစီက လန်ဒန်–ဂျိုဟန်နက်စဗတ်ခရီးစဉ်အတွက် ဗြိတိသျှ ဒီဟာဗီးလန်း ကိုမစ်–၁ ဂျက်လေယာဉ်ကိုစတင်ပျံသန်းစေခဲ့ခြင်းဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် လေယာဉ် ပျက်စီး ထိခိုက်မှု နှစ်ကြိမ်ဖြစ်ခဲ့ရာမှ ကိုမစ်–၁ လေယာဉ်သုံးစွဲမှုကို ရပ်ဆိုင်းခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် ကိုမစ်–၄ လေယာဉ်ကို ဘီအိုအေစီက သုံးစွဲခဲ့သည်။

ပင်အမေရိကန်လေကြောင်းဌာနသည် ၁၉၅၅ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ဘိုးအင်း ၇၀၇ အစင်း ၂၀ နှင့် ဒေါက်ဂလပ်စ် ဒီစီ–၈ ဂျက်လေယာဉ် ၂၅ စင်း တို့ဖြင့် ဂျက်လေယာဉ်ခေတ်သစ်သို့ လှမ်းတက်ခဲ့သည်။ ၁၉၅၆ ခုနှစ် စက်တင်ဘာလတွင် ဆိုဗီယက်တူပိုလက်တီယူ–၁၀၄ ဂျက်လေယာဉ်သည် စီးပွားရေးအရ သယ်ယူပို့ဆောင်ရေးလောကသို့ စတင်ဝင်ရောက် လာသည်။ အာတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းသောခရီးစဉ်များတွင်မူ ဂျက်လေယာဉ်များကို ၁၉၅၈ ခုနှစ် အောက်တိုဘာလတွင်မှ စတင်သုံးစွဲခဲ့သည်။ ၁၉၆၁ ခုနှစ်ဝန်းကျင်တွင် ကမ္ဘာပေါ်ဥအသုံးအများဆုံးသော ဂျက်လေယာဉ်များမှာ ဘိုးအင်း ၇၀၇၊ ဒီစီ–၈၊ ကိုမစ် ၄၊ ကွန်ဗေယာ စီဗွီ ၈၈၀၊ စီဗွီ ၉၉၀ နှင့် ဘိုးအင်း ၇၂၀ (ဘိုးအင်း ၇၀၇ အငယ်စား)တို့ ဖြစ်ကြသည်။ ဘိုးအင်းလေယာဉ်ကုမ္ပဏီသည် ၇၂၇ ဂျက်လေယာဉ်ကို ဆက်လက်ထုတ်လုပ်ပြန်ရာ ထိပ်တန်းဂျက်လေယာဉ် ထုတ်လုပ်ရေးလုပ်ငန်းဖြစ်လာခဲ့သည်။ အင်ဂျင်သုံးလုံး တပ်ဆင်နိုင်လောက်သည့် ကိုယ်ထည်ဖွဲ့စည်းပုံကြောင့် လည်းကောင်း၊ ထူးခြားသော နောက်မြီးပိုင်းဒီဇိုင်းကြောင့် လည်းကောင်း၊ ပင်မအင်ဂျင်စက်တို့ကို မမောင်းရဘဲ မြေပြင်ပေါ်တွင် စွမ်းအင်နှင့် လေအေးကိုရရှိစေနိုင်သည့် စွမ်းအင်ထုတ်စက်အပိုပါရှိခြင်းကြောင့်လည်းကောင်း ဘိုးအင်း ၇၂၇ ကိုအသုံးများလာသည်ဟုဆိုသည်။ ၁၉၇၀ ပြည့်နှစ်တွင် ယူနိုက်တက် လေကြောင်းဌာန တစ်ခုတည်းပင်လျှင် ၇၂၇ ဂျက်လေယာဉ်ကို စင်းရေ ၁၅၀ ကျော် အသုံးပြုနေပြီဖြစ်သည်။




အသံထက်မြန်သော ကွန်းကော့ဂျက်လေယာဉ်

ကမ္ဘာ့လေယာဉ်စေးကွက်သို့ စုစုပေါင်း ၁,၀၃၁ စင်း ထုတ်လုပ်ဖြန့်ဖြူးပြီးနောက် ၁၉၀၄ ခုနှစ်တွင် ဘိုးအင်း ၇၂၇ ထုတ်လုပ်မှုရပ်ဆိုင်းသွားသည်။ ရပ်ဆိုင်းသွားရသည့် အဓိကအကြောင်းအရင်းမှာ ၁၉၀၂ ခုနှစ် ဇန်နဝါရီလက လေယာဉ်ဆီ တစ်ဂါလံလျှင် တစ်ဒေါ်လာရှိခဲ့ရာမှ ၁၉၀၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၇၂ ဆင့်သို့ထိုးကျလာ၍ ဆီစားမသက်သာလှသော်လည်း လေယာဉ်စွမ်းနှုန်းချိုသာသည့် တစ်ပတ်ရစ် လေယာဉ်များသာ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်သည်ဟု သုံးသပ်ကြသည်။

အသံထက်မြန်သောဂျက်လေယာဉ်များ

အသံထက်မြန်သော သယ်ယူပို့ဆောင်ရေး လေယာဉ် (အက်စ်အက်စ်တီ) နှစ်မျိုးကို ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းတွင် ကမ္ဘာ့လေကြောင်းပို့ဆောင်ရေး ဌာနများက အသုံးပြုရန်စိုင်းပြင်းခဲ့ဖူးသည်။ ၎င်းတို့မှာ အင်္ဂလိပ်–ပြင်သစ် ဘီအေစီ – အဲ ရိုး စ ပယ် ရှယ် ကွန်း ကော့ နှင့် ဘိုးအင်း ၂၇၀၇ တို့ဖြစ်ကြသည်။ ဆိုဗီယက်ပြည်ထောင်စုတွင် တီယူ ၁၄၄–သည် ပထမဦးဆုံးသော အက်စ်အက်စ်တီဂျက်လေယာဉ်ဖြစ်သည်။ သို့ရာတွင် စရိတ်ကြီးမြင့်လွန်းခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်စေခြင်းတို့ကြောင့် အက်စ်



အသံထက်မြန်သော တီယူ ၁၄၄ ဂျက်လေယာဉ်

အက်စ်တီလေယာဉ်မျိုးကို တွင်ကျယ်စွာ အသုံးပြုခြင်း မရှိလှချေ။ သို့ရာတွင် နောက်ပိုင်း၌ စင်းလုံးငှားလုပ်ငန်း ခေတ် စား လာ ၍ ၁၉၈၄ ခုနှစ်တွင် သ တ္တ မ မြောက်ကွန်းကော့လေယာဉ် ထုတ်လုပ်ခဲ့ပြန်သည်။ အမေရိကန် လေကြောင်းနှင့် အာကာသအုပ်ချုပ်ရေးအဖွဲ့ (နာဆာ) နှင့် လေယာဉ်ထုတ်လုပ်ရေး သုတေသီအဖွဲ့ တချို့ကမူ အက်စ်အက်စ်တီ လေယာဉ်ဖြင့် သယ်ယူပို့ဆောင်ရေးကို သာမက အသံသွားနှုန်းထက်ငါးဆ (၅ မက်) အမြန်နှုန်းရှိသော ဟိုက်ပါဆောနစ် ဂျက် လေ ယာဉ် ကြီးများဖြင့် သယ်ယူပို့ဆောင်ရေးအထိ ကြိုးပမ်းသွားရန် တွန်းအားပေးလျက် ရှိသည်။

ကမ္ဘာ့လေယာဉ်စျေးကွက်

ကမ္ဘာပေါ်တွင် မြို့ပြလေယာဉ်စျေးကွက်တွင် နောက် ၁၅ နှစ် တာ ကာ လ အ တွင်း ဒေါ် လာ သန်း ပေါင်း ၂,၅၀,၀၀၀ တန်ဖိုးရှိသည့် လေယာဉ်စင်းရေ ၅,၄၀၀ ခန့် အရောင်းအဝယ် ဖြစ်လိမ့်မည်ဟူ၍ စျေးကွက်သုတေသီတို့က ခန့်မှန်းထားကြသည်။ အနောက်ဥရောပ လေယာဉ် ထုတ်လုပ်သူများ၏ အဲယားဘတ်စ်ကုမ္ပဏီသည် ၁၉၇၄ ခုနှစ်တွင်မှ အင်ဂျင်နှစ်လုံးတပ် အေ ၃၀၀ ကို ထုတ်လုပ်ခြင်းဖြင့် လေယာဉ်စျေးကွက်သို့ စတင်ဝင်ရောက်လာခြင်း ဖြစ်သော်လည်း ၁၉၈၆ – ၈၇ ခုနှစ်တွင် အအောင်မြင်ဆုံး ကုမ္ပဏီ ဖြစ်လာပြီဟု ဆိုသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ လေကြောင်းဌာန ၆၁ ခုသည် အဲယားဘတ်စ် လေယာဉ် ၃၅၅ စင်းကို ဝယ်ယူသုံးစွဲထားပြီးဖြစ်သည်။ ကွန်ပျူတာကို ထိရောက်စွာ အသုံးပြုထားသော ယင်းလေယာဉ်ကို ၁၉၈၄ ခုနှစ် မတ်လနောက်ပိုင်းတွင် စင်းရေ ၄၄၀ မှာယူထားပြီး ဖြစ်၍ လေကြောင်းပျံသန်းမှု သ မိုင်း စဉ် တွင် အရောင်းတွင်မှု အမြန်ဆုံးတိုးတက်လာသော လေယာဉ်ဟု ဆိုနိုင်သည်။

ခရီးသည် ၁၃၀ တင်ဆောင်နိုင်သော ဘိုးအင်း ၇၃၇ လေယာဉ်သည် မိုင် ၁,၃၀၀ မှ မိုင် ၂,၈၀၀ အထိ မရပ်မနား ပျံသန်းနိုင်သည်။ ခရီးသည် ၁၅၀ တင်ဆောင်နိုင်သော ဘိုးအင်း ၇၂၇ သည် မိုင် ၁,၅၃၀ မှ မိုင် ၂,၂၀၀ ထိ ပျံသန်းနိုင်သည်။ ခရီးသည် ၂၀၀ တင်ဆောင်နိုင်သော ဘိုးအင်း ၇၅၇ သည် မိုင် ၄,၄၅၀ ထိ ပျံသန်းနိုင်သည်။ အဲယားဘတ် ဇအ ၃၀၀ ထုတ်လုပ်ချိန်တွင် ပေါ်လာသော ဘိုးအင်း ၇၄၇ သည် ခရီးသည် ၆၀၀ တင်ဆောင်လျက် မိုင်ပေါင်း ၇၀၀၀ ကျော်ထိ မရပ်မနားပျံသန်းနိုင်၍ စီးပွားရေးအရ အမြတ်အစွန်းပိုမိုရနိုင်သည်ဟု ဆိုသည်။ ၁၉၇၈ ခုနှစ်တွင် အဲယားဘတ်စ် ကုမ္ပဏီသည် ခရီးသည် ၂၂၀ တင်ဆောင်နိုင်သော အေ ၃၁၁ ကို ထုတ်လုပ်ရာ မိုင် ၅,၃၀၀ ထိ ပျံသန်းနိုင်စေခဲ့သည်။ ယင်းလေယာဉ်တွင် လေထု လျှော့ဖြတ်ဒဏ်ကို အလိုအလျောက်ကာကွယ်သောစနစ်ကို သုံးထားခြင်း၊ ဝန်အားလျော့ပါးစေရန် ကာ ဗွန် ဖိုက် ဘာ ကူ အား ဖြည့် သော ပလတ်စတစ် တောင်ပံများတပ်ဆင်ခြင်း၊ အမြီးပိုင်းတွင် စက်သုံးဆီကန် အပို ပါရှိခြင်း တို့ကြောင့် ဂျက်လေယာဉ် စျေးကွက်တွင် ဘိုးအင်းကိုကျော်၍ ရေပန်းစားလာခြင်း ဖြစ်သည်။

အေ ၃၁၀ ထက်အဆင့်မြင့်သော စက်မှုနည်းပညာကိုသုံး၍ အေ ၃၂၀ ကို ထုတ်လုပ်လိုက်ပြန်ရာ ၁၉၈၇ ခုနှစ်

ဇုန်လက ကျင်းပသော ပါရီလေကြောင်းပြပွဲ၌ အထူးဆွဲဆောင်မှု ရှိခဲ့သည်ဟုဆိုသည်။ ရွှေဆောင် လေသူရဲ ချားလင်းဗော်(၁၉၀၂–၁၉၇၄) အတွာလန်တိတ် ဖြတ်ကျော် ပျံသန်းခြင်း နှစ်ခြောက်ဆယ်ပြည့် အထိမ်းအမှတ် ဖြင့် ကျင်းပသည့် ယင်းလေကြောင်းပြပွဲကို ၃၁ နိုင်ငံမှ ကုမ္ပဏီ ပေါင်း ၁,၅၀၀ က ပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ခရီးသည် ၂၀၀ တင်ဆောင်နိုင်ပြီး မိုင် ၃၀၀၀ ခရီးကို မရပ်မနား ပျံသန်းနိုင်သော အေ ၃၂၀ ဂျက်လေယာဉ်သည် အမေရိကန်လေတပ်၏ ဘီဝမ်းဘီတိုက်ချင်းပျံ ဗုံးကြဲလေယာဉ်နှင့် ဆိုဗီယက်ပြည်ထောင်စု၏မိယာအာကာသစခန်းယာဉ်တို့နှင့်တန်းတူ ပရိသတ်စိတ်ဝင်စားခြင်း ခံရသည်။ အဲယားဘတ်စ် ကုမ္ပဏီသည် ခရီးသွည် ၃၃၀ တင်ဆောင်၍ မိုင်ပေါင်း ၆,၉၀၀ မရပ်မနား ပျံသန်းနိုင်မည့် အေ ၃၃၀ ကိုလည်းကောင်း၊ ခရီးသည် ၂၀၀ တင်ဆောင်နိုင်ပြီး မိုင်ပေါင်း ၇,၆၀၀ ပျံသန်းနိုင်မည့် အေ ၃၄၀ ကိုလည်းကောင်း ဆက် လက် ထုတ် လုပ် ဦး မည် ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ လေကြောင်း ပို့ဆောင် ရေး အတွက် ၁၉၉၂ ခုနှစ်မှစ၍ ပျံသန်းပေးရန် ရည် မှန်း ထား သည့် အေ ၃၄၀ ဂျက်လေယာဉ်၏ တန်ဖိုးသည် (အရန်ပစ္စည်းနှင့် လေယာဉ်ဝန်ထမ်းလေ့ကျင့်ပေးမှုအတွက် ကျသင့်ငွေ အပါအဝင်) ဒေါ်လာသန်း ၈၀ ဖြစ်ရာ ဘိုးအင်း ၇၄၇ ၏ တန်ဖိုး ဒေါ်လာသန်း ၁၂၀ နှင့် နှိုင်းစာလျှင် များစွာသက်သာ နေပေသည်။

ပြင်သစ်နိုင်ငံမှ အဲရိုးစပယ်ရှယ်ကုမ္ပဏီက ၃၇ ဒသမ ၉ ရာခိုင်နှုန်း၊ အနောက်ဂျာမနီမှဒို့ကိုရှ် အဲယားဘုစ်က ၃၇ ဒသမ ၉ ရာခိုင်နှုန်း၊ ဗြိတိန်မှပြိုသျှအဲရိုးစပေ့စ်က ၂၀ ရာခိုင်နှုန်း၊ စပိန်မှ ကာဆာကုမ္ပဏီက ၄ ဒသမ ၂ ရာခိုင်နှုန်း ဖက်စပ်ပါဝင် တည်ထောင်ထားသည့် အဲယားဘတ်စ် ကုမ္ပဏီကြီးက ကျော်တက်သွားသည့် အရေးကို အံတုနိုင်ရန် အမေရိကန် လေယာဉ်ကုမ္ပဏီများက ကြိုးပမ်းလျက်ရှိသည်။ မက်ဒွန်နဲ့ ဒေါက်ဂလပ်စ် ကုမ္ပဏီက ခရီးသည် ၂၇၅ ဦးမှ ၃၀၀ ထိ သယ်ဆောင်နိုင်ပြီး မိုင် ၇,၉၂၀ ထိ ပျံသန်းနိုင်သော အမ်ဒီ – ၁၁ ကို အေ ၃၄၀ မထုတ်လုပ်မီ နှစ်နှစ်စောချ၍ ထုတ်လုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အမ်ဒီ–၁၁ သည် အဆင့်မြင့် နည်းပညာပိုင်းတွင် အေ ၃၄၀ ကို မမီနိုင်သေးဟု သုတေသီအချို့က ထောက်ပြကြ၍ အမ်ဒီ၉၁–အိုက်စ်ကို ထုတ်လုပ်ရေးအတွက် စိုင်းပြင်းနေသည်။ ဓားကောက်သဏ္ဌာန် ဒလက် များ ပါ သည့် ယူဒီအက်ဖ် ပန်ကာ အင်ဂျင်စက်များဖြင့် စွမ်းအားထုတ်သည့် အမ်ဒီ – ၉၁ အိုက်စ် လေယာဉ်သည် ဆီစားအထူးသက်သာသည်ဟုဆိုသည်။ ဘိုး အင်း ကု မ္ပ ဏီ သည် လူ ၁၉၇ ဦး တင်ဆောင်နိုင်သော ၇၆၇ အမျိုးအစားဂျက်

အဲယားဘတ်စ် အေ ၃၄၀ လေယာဉ်သစ်၏ ၃၅ ချိုးတစ်ချိုးအရွယ်ရှိ လေယာဉ်ယေ်ကို လေတိုက်အား မြှင့်နှုန်းမြင့် ထိုက်ခေါင်းအတွင်းစမ်းသပ်ပျံသန်းစေပြီး ဒီဇိုင်းကိုမွမ်းမံနေပုံ



လေယာဉ်ကို ၁၉၇၂ ခုနှစ် စက်တင်ဘာလ ဂ ရက်နေ့မှစ၍ ပံ့သန်းစေခဲ့ရာ ဈေးကွက်တွင် အတန်အသင့် အရောင်းသက်လျက်ရှိသည်။ ယင်းလေယာဉ်ကို မိုင်ပေါင်း ၆,၆၀၀ ထိ မရပ်မနား ပံ့သန်းနိုင်စေရန် မွမ်းမံထုတ်လုပ်နိုင်လျှင် အဲယားဘတ်စ်ကို ယှဉ်နိုင်မည်ဟု မျှော်လင့်ထားသည်။

ကမ္ဘာပေါ်တွင် ၁၉၇၃ ခုနှစ် ကုန်ဆုံးချိန်က မြို့ပြလေကြောင်း သယ်ယူပို့ဆောင်ရေးဌာန အသုံးပြုလျက်ရှိသည့် ဂျက်နှင့် တာဗိုပရော့ လေယာဉ်တို့၏ အရေအတွက်သည် ၁၃,၀၀၀ နီးပါးရှိနေပြီဖြစ်သည်။ မြောက်အမေရိကတွင် ၉,၈၀၀ ကျော်၊ အနောက်ဥရောပတွင် ၁၀၀၀ ကျော်၊ (အာရပ်ကမ္ဘာမပါ) အာရှတစ်ခွင်တွင် ၂၀၀ ကျော်၊ အရှေ့အလယ်ပိုင်းနှင့် အီရန်တွင် ၁၆၀၊ နယူးဇီလန်နှင့် ဩစတြေးလျတို့တွင် ၁၅၀ အသီးသီးအသုံးပြု ပံ့သန်းနေကြခြင်းဖြစ်သည်။ ခရစ်နှစ် ၂၀၀၀ ပြည့်ခါနီးတွင် တစ်နှစ်လျှင် လေယာဉ်ခရီးသည် စုစုပေါင်း သန်း ၂၀၀၀ ရှိလာမည်ဟု ခန့်မှန်းထားသည်။ သို့ဖြစ်၍ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်းတွင် ထိုင်ခုံ ၁၂၅ ခုံအောက် ပါရှိသော လေယာဉ်ငယ်အမျိုးအစားသည် အလွန်ရှားပါးသွားမည်ဖြစ်၍ ကမ္ဘာပေါ်တွင် ယင်းလေယာဉ်ငယ်မျိုး ၄၀ ရာခိုင်နှုန်း ပံ့သန်းနေရာမှ ၂၀ ရာခိုင်နှုန်းသို့ လျော့ကျသွားမည်ဟုဆိုသည်။ ခရီးသည် ၁၂၅ ဦးမှ ၁၈၅ ဦးအထိ တင်ဆောင်နိုင်သော လေယာဉ်အမျိုးအစား၏ အရေအတွက်သည် ၂၀ ရာစုနှစ် အကုန်ပိုင်းတွင် နှစ်ဆတိုးလာမည်ဟု တွက်ဆထားသည်။ သို့ဖြစ်၍ လေယာဉ်ဈေးကွက်တွင် အရောင်းအဝယ်ဖြစ်သည့် လေယာဉ်စီးရေလည်းတိုးပွားလာပြီး၊ လေယာဉ် ဆင်းချိန်တက်ချိန်တိုင်းတွင် ခရီးသည်လည်း ပိုများလာမည်ဖြစ်ရကား လေဆိပ်တို့းခွဲမှမ်းမံရေးသည် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ်လာပေတော့သည်။

စက်မှုနည်းပညာတိုးတက်မှု

ဟိုက်ဒရောလစ် ကောဘယ်ကြိုးနှင့် သံမဏိစက်သီးများကို တောင်ပံအရွက်နှင့်အမြီးပြားများကို ဆက်သွယ်ထားသည့် ဗဟိုထိန်းတိုင်အစား အီလက်ထရွန်းနစ် ပံ့သန်းမှုထိန်းသိမ်းရေးစနစ်ကို သုံးစွဲလာပြီဖြစ်သည်။ အေ ၃၂၀ လေယာဉ်၌ လေယာဉ်မှူးအတွက် လက်ဝဲဘက်တွင်လည်းကောင်း၊ တွဲဖက်လေယာဉ်မှူးအတွက် လက်ယာဘက်တွင်လည်းကောင်း "ဘေးတိုင်" ထားရှိ၍ ယင်းထိန်းတိုင်ကို ရွေ့လျားလိုက်တိုင်း အီလက်ထရွန်းနစ် အချက်ပြလိုင်းများ ဖြစ်ပေါ်ကာ ကွန်ပျူတာငါးလုံးမှတစ်ဆင့် တောင်ပံနှင့် အမြီးပြားတို့ဆီသို့ လေယာဉ်မှူးတို့၏ ညွှန်ကြားချက်များကို မွမ်းမံပေးပို့သည်။ လေယာဉ်ကို

ဇန္နဝါရီကုန်စည်တန်ခိုန် ၃၀၀၀ တင်ပို့ခြင်းဖြင့် ၁၉၇၇ ခုနှစ်တွင် ဥရောပ၌ အများဆုံးစံချိန်တင်သည့် ဖရန့်ဖွတ် မိန်းလေဆိပ်အတွင်းရှိ စတုရန်းမီတာ တစ်သိန်းကျယ်ဝန်းသော ကုန်တင်ကုန်ချလေဆိပ်ခွဲ





နှစ်ဆယ့်ထစ်ရာစု လေကြောင်းပို့ဆောင်ရေးတွင် အရေးပါလာမည့် အီးအိပ်ချ် ၁၀၁ ရဟတ်ယာဉ်


ဒဏ်ဖြစ်စေလောက်သည့် အ မြန် နှုန်း ပြောင်း လဲ မှု မျိုး၊ ဦးတည်ရာ အ ရပ် ပြောင်း လဲ မှု မျိုး နှင့် ကင်း ဝေး သော ထိန်းသိမ်းမှုစနစ်ဖြစ်သည်။ ကွန်ပျူတာများက လေယာဉ် မမြန်လွန်း၊မနှေးလွန်းစေရန်ထိန်းပေးသွားခြင်းဖြစ်သည်။ လေကြောင့်လျှောဖြတ်ဒဏ် မသင့်စေရန် ကွန်ပျူတာတွင် ပရိဂရမ် ဆွဲထားပေးခြင်းဖြင့် ထိန်းသွားနိုင်သည်။ လေယာဉ် ဆင်းရာတက်ရာတွင် မထင်မှတ်ဘဲ သင့်ရောက်သော လေပြင်းကြောင့် လေယာဉ်မြေပြင်သို့ လျှောကျဖွယ်ကြုံပါက လေယာဉ်မှူးသည် ဘေးရှိထိန်းတိုင်ကို နောက်သို့ ဆွဲလိုက်ခြင်းဖြင့် အီလက်ထရွန်းနစ်နည်းလမ်းအရ အင်ဂျင်များ၊ တောင်ပံအရွက်နှင့် အမြီးတို့သို့ အချက်ပြကာ အထက်သို့ တိုးတက်လာနိုင်စေမည်ဖြစ်သည်။ ၁၉၇၅ ခုနှစ် ဩဂုတ်လက ဒါးလက်စ်လေဆိပ်တွင် လူ ၁၃၀ အသက် ဆုံးစေခဲ့သည့် လေယာဉ်ထိုးကျ ပျက်စီးမှုမျိုးကို တားဆီးနိုင်မည်ဟုဆိုသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆ – စာ၊ ၂၇၁ — ရှု။)

လိုရင်းကိုဆိုရသော် ထာသိဉာတုမရွေး လွယ်လွယ်ကူကူ၊ အန္တရာယ်ကင်းကင်း အတိမ်းအစောင်းမရှိစေဘဲ ပျံသန်းနိုင်ရန် အေဗီယွန်နစ် နည်းပညာကို အသုံးချလာခြင်းပင် ဖြစ်သည်။ နောက်ဆုံးပေါ် မိုက်ကရိုပရိုဆက်ဆာ စက်မှုနည်းပညာ တိုးတက်မှုများကို သုံးလာ၍ ဥဿုံဒီဂျီတယ် အေဗီယွန်နစ်၊ လေယာဉ်၏ မှန်သားဦးခန်းနှင့် အီလက်ထရွန်းနစ်ပျံသန်းမှုကိရိယာသုံးစနစ် (အီးဖစ်) ဟူသော ဝေါဟာရများ ခေတ်စားလာခဲ့သည်။ အီးဖစ် ဒီဂျီတယ် ဒိုင်ခွက်များသည် လျှပ်စစ် မက္ကင်းနစ် အပ်သွားများ၊ ညွှန်တံများနှင့် ရေတွက်စက်တို့ထက်ပို၍ သုံးစွဲရအဆင်ပြေသည်။ပို၍တိကျသည်။ ဖတ်ရလွယ်သည်။ မှန်သားဦးခန်းဆိုသည်မှာ ကက်သုတ်ရောင်ခြည်ပြွန် (စီအာတီ) စကရင် မှန်ချပ်ကို အစွဲပြု၍ တင်စားခေါ်ဝေါ်ခြင်း ဖြစ်သည်။ တိကျသော ကန်းဂဏန်းနှင့် သတင်းအချက်အလက်တို့ကို လိုအပ်သောအချိန်တွင် ယင်းစကရင်မှန်ချပ်များအပေါ်၌ ရောင်စုံဖြင့် ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။ ဒီဂျီတယ်အေဗီယွန်စနစ် နည်းပညာကို သုံးခြင်းဖြင့် အင်နာလေ့နည်းပညာ သုံးခဲ့စဉ်ကထက် သိပ်သည်း

ကျစ်လျစ်လာကာ ပိုမိုအားထားလောက်သည်ဟုဆိုသည်။ နောင်တွင် စီအာတီတို့၏နေရာတွင် အရည် – ပုံဆောင်ခဲ မှန်ကားချပ်များကို အစားထိုးသုံးနိုင်လာသည့်အခါ ယခု ထက်နေရာလည်း ချုံ့နိုင်၊စွမ်းအင်လည်းသက်သာ၊ ဝန်ချိန်လည်းပေါ့ပါးလာမည်ဟု ဆိုသည်။ ဟော်လိုဂရပ်ဖစ်နည်းပညာကို သုံးသောဟပ်မှန်ကားချပ်တို့ကို သုံးနိုင်လာပါက သုံးဖက်မြင်ရုပ်လုံးကြွပုံရိပ်များကို တွေ့မြင်ရခြင်းဖြင့် လေယာဉ်မှူးတို့သည် လေကာမှတစ်ဆင့် တွေ့မြင်နေရသည့် ပမာ လိုအပ်သော သတင်းအချက်အလက်များကို ရရှိနေမည် ဖြစ်သည်။ ထို့ပြင် မိုက်ကရိုလှိုင်းသုံး အဆင်းစနစ် (အမ်အယ်အက်စ်) ကို တီထွင်အသုံးချလာကြပြီဖြစ်ရာ ကမ္ဘာ့လေဆိပ်ကြီးအများစုတွင် သုံးနေဆဲဖြစ်သော အိုင်အယ်အက်စ် စနစ်ထက် ပို၍တိကျပြီး ဘေးအန္တရာယ်ကင်းရှင်း လာမည်ဖြစ်သည်။

လေယာဉ်ကို စစ်ဆေးကြည့်ရှုရန် ရောင်စုံရုပ်မြင်သံကြားသုံးသည့် ဗီရိုစကုပ် လေယာဉ်အင်ဂျင်စစ်ဆေးနည်းကို သုံးစွဲနေကြပြီဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် ဂျပန်

ကမ္ဘာ့လေယာဉ်စွေးကွက်၌ ၁၉၈၇ ခုနှစ်တွင် ထိပ်တန်းသို့ ရောက်လာသော အဲယားဘတ်စ် လေယာဉ်သစ်များ တပ်ဆင် ထုတ်လုပ်နေပုံ




လေကြောင်းဌာန (ဂျပန်အေအယ်)က စတင်သုံးသော ထိုနည်းသည် မိုက်ခရွန် ၃၀ မျှသာရှိသော အစင်းရာလေးများကိုပင် တွေ့ရှိနိုင်သည်ဟုဆိုသည်။ အင်ဂျင်ဒလက်များ၊ ပေါက်လောင်ခန်းများနှင့် အခြားအတွင်းပိုင်း ပစ္စည်းများကို မျက်ဝါးထင်ထင် စစ်ဆေးနိုင်ပြီဖြစ်သည်။ ယင်းနည်းစနစ်ကိုသုံးခြင်းဖြင့် လူသုံးဦးစာအလုပ်ကို တစ်ဦးတည်းကလုပ်ဆောင်နိုင်ပြီး အချိန်လည်း ၂၅ ရာခိုင်နှုန်း သက်သာသည်။

လေဆိပ်များ

ဒုတိယကမ္ဘာစစ်မတိုင်မီက လေယာဉ်ဆင်းနိုင်၊ တက်နိုင်ရန် လိုအပ်သော အကွာအဝေးသည် ကိုက် ၆၅၀ (မိုတာ ၆၀၀) ဖြစ်သည်။ စက်ချတ်ယွင်းမှုကြောင့် ပိုလာနိုင်သည့် အကွာအဝေးကို ရေရေရာရာ သတ်မှတ်ထားခြင်းမရှိချေ။ ထိုစဉ်က နယူးယောက်၊ လန်ဒန်၊ ပါရီ နှင့် ဘာလင် တို့တွင် လေယာဉ်ကွင်း၏ အကျယ်အဝန်းကို ကေ ၅၀၀ ထိသာ သတ်မှတ်ထားရှိခဲ့ကြသည်။ လန်ဒန်ရှိ ခရွိုင်ဒွန်လေဆိပ်တွင် လေယာဉ်ပြေးလမ်းပင် မရှိခဲ့ချေ။ အမာခံ ပြေးလမ်းကိုလည်း ခင်းထားလေ့ မရှိကြချေ။ ၁၉၂၉ ခုနှစ်တွင် တည်ဆောက်သော တင်ပယ်ဟို (ဘာလင်) သည် စစ်မဖြစ်မီကာလတွင် အစည်ကားဆုံး လေယာဉ်ကွင်း တစ်ကွင်းဖြစ်ခဲ့ရာ စားသောက်ဆိုင်များ၊ မြင့်မားသော လေ့လာကြည့်ရှုရာ အဆောက်အအုံများဖြင့် ဝိုင်းရံထားသော လူမှုအချက်အချာ ဗဟိုဌာနတစ်ခုဖြစ်လာသည်။ ယင်းလေယာဉ်ကွင်း ဖွင့်လှစ်သည့် ပထမဆုံးနှစ် တစ်နှစ်တည်းမှာပင် လူပေါင်း ၇,၅၀,၀၀၀ ကျော် လာရောက်လည်ပတ်ခဲ့သည်ဟုဆိုသည်။ နောက်ပိုင်းတွင် ခေတ်သစ်လေယာဉ် အမျိုးအစားများနှင့်လည်းကောင်း၊ ခရီးသည်နှင့် ကုန်စည်များအတွက် စီစဉ်ဆောင်ရွက်ပေးသော အထောက်အကူပြုလုပ်ငန်းများနှင့် လည်းကောင်း လိုက်လျောညီထွေရှိအောင် လေဆိပ်နှင့်လေယာဉ်ကွင်း အမျိုးမျိုးကို တည်ဆောက်လာကြသည်။ ၁၉၆၉ ခုနှစ်တွင် ကမ္ဘာပေါ်၌ ခရီးသည် ရှစ်သန်းကျော် အဆင်းအတက် ရှိသောလေဆိပ်ပေါင်း ၁၃ ခုရှိသည့်အနက် ၁၀ ခုသည် အမေရိကန်ပြည်ထောင်စုတွင် တည်ရှိသည်။ တစ်နည်းအားဖြင့် အပြည်ပြည်ဆိုင်ရာလေကြောင်းသယ်ယူပို့ဆောင်ရေး၏ ၆၀ ရာခိုင်နှုန်းခန့်ကို ယင်းလေဆိပ်တို့က ဆောင်ရွက်ပေးနေခဲ့သည်ဟု ဆိုနိုင်ပါသည်။ ရှီကာဂို (အိုဟဲ) လေဆိပ်သည် ယင်းစာရင်းတွင် ထိပ်ဆုံးကရှိသည်။ အမေရိကန်ပြည်ထောင်စု၏ ပြင်ပရှိ လေဆိပ်များထဲတွင် လန်ဒန် (ဟီသရိုး) လေဆိပ်သည် ယင်းစာရင်းတွင် အဆင့် ၆ ၌ ရှိပြီး ပါရီ(အော်လီ) လေဆိပ်က အဆင့် ၁၂ နှင့်ဖရန့်ဖွတ်

လေကြောင်းသယ်ယူပို့ဆောင်ရေး



ရောမကွန်းကော့လေယာဉ် (ဝဲဘက်) ပင်လျှင် သေးငယ်ပေစွတ်ဟု ထင်ရလောက်အောင် ကြီးမားခမ်းနားသည့် ပြင်သစ် နိုင်ငံ ချားလ်စ်ဒီဂေါလေဆိပ်

(ရိုင်း–မိန်း)လေဆိပ်က အဆင့် ၁၃ တွင်ရှိသည်။ ၁၉၇၂ ခုနှစ် နှစ်ဦးပိုင်းတွင် အမေရိကန် ပြည်ထောင်စုဥ္စ လေဆိပ်ပေါင်း ၁၅,၄၂၂ ခုရှိသည့်အနက် ရှီကာဂိုမြို့ အိုဟဲ နိုင်ငံတကာလေဆိပ်ပင် အစည်ကားဆုံးဖြစ်သည်။ ၁၉၇၂ ခုနှစ်က ယင်းလေဆိပ်၌ လေယာဉ် အတက်အဆင်း ၆,၀၄,၉၁၉ ကြိမ်ရှိခဲ့သည်။


လေယာဉ်အရွယ်အစားက ကြီးမားလာ၊ ခရီးသည် အရေအတွက်က တိုးပွားလာသည့်ပြင်၊ လေယာဉ်ရပ်နားရာအရပ်၌ လေယာဉ် အလှည့် အချေ ကြာချိန် အတိုဆုံး ဖြစ်ရန်လည်း လိုအပ်လာသည့် အလျောက် လေဆိပ် ဗိသုကာပိုင်း တီထွင် ဆန်းသစ်လာသည်။ ၁၉၄၄ ခုနှစ်တွင် ရှီကာဂို၌ လည်းကောင်း၊ ၁၉၄၆ ခုနှစ်တွင် ဘာမြူဒါ၌ လည်းကောင်း ကျင်းပခဲ့သော အ ပြည် ပြည် ဆိုင် ရာ လေကြောင်းပို့ဆောင်ရေး ညီလာခံများ၏ ကြိုးပမ်းချက် အရကုလသမဂ္ဂ၏ ဦးဆောင်မှုအောက်တွင်ဖွဲ့စည်းနိုင်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့(အိုင်စီအေအို) က လေဆိပ်ပုံစံနှင့်ပြေးလမ်းစနစ် ခင်းကျင်းပုံတို့အတွက် စံကိုသတ်မှတ်ပေးသည်။ ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း စံပြုရသော လေဆိပ်စခန်းခင်းကျင်းပုံ ပုံစံအချို့မှာ လက်ချောင်းပုံစံ၊ ယူနစ်အလိုက်လေယာဉ်စခန်းပုံစံ၊ လီနီယာကွန်ဆက်ပုံစံ၊ မိုဘိုင်းလောင်းကျ် ပုံစံတို့ ဖြစ်ကြသည်။ လက်ချောင်းပုံစံသည် ဘိုးအင်း ၇၀၇ နှင့် မက်ဒွန်နဲ့ ဒေါက်ဂလပ်စ်ဒီစီ–၈ တို့နှင့် သင့်လျော်သည်။ ခရီးသည်များသည် နားနေခန်းမှ လေယာဉ်အထိ ဝေးလံစွာ ခရီးနှင်ရသည့်ပုံစံဖြစ်သည်။ ယူနစ်အလိုက် လေယာဉ်စခန်းများကို ခွဲဖြာဆောက်လုပ်သည့်ပုံစံမှာမူ ခရီးသည်အစုအဝေးကြီးကို သင့်ရာအုပ်စု ခွဲသွားကြစေရန် စီစဉ်ထားခြင်းဖြစ်သည်။ ခရီးသည်တို့ လမ်းလျှောက်ရသည့် ခရီးတာတိုသည်။ ဧရာမ ဂျမ်ဘိုဂျက်လေယာဉ်ကြီးများနှင့် သင့်လျော်သော ပုံစံဖြစ်သည်။ လီနီယာကွန်ဆက်ပုံစံသည် ယူနစ်စခန်းပုံစံ၏ အခြေခံ အသွင်အပြင်များကို မှမ်းမံထားခြင်း ဖြစ်သည်။ မိုဘိုလောင်းကျ် ပုံစံမှာမူ ဝါရှင်တန် မြို့တော်၏ပြင်ပရှိ ဒါးလက်စ် နိုင်ငံတကာလေဆိပ်၏ ပုံစံဖြစ်သည်။ လေယာဉ်နှင့်လေဆိပ်စခန်းအကြား ခရီးသည်များကို ကြိုပို့ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးရန် စီစဉ်ထားရှိသည်။ လေယာဉ် ရပ်နားရာ ကွက်လပ်တွင် လေယာဉ်သည် သက်သာချောင်ချိစွာ ရွေ့လျားနိုင်စေရန် ဖြစ်သည်။ သို့ရာတွင်လေယာဉ်ထွက်ခွါနိုင်အရေးတကြီးနီးကပ်နေချိန်တွင် လေယာဉ်စက် ကြွံခိုင်ရေးအတွက် စစ်ဆေးပြုပြင်နေစဉ် လေယာဉ်ရပ်နားရာနေရာ၌ယင်းကြိုပို့ယာဉ်တို့ ပြည့် ကျပ် ပိတ် ဆို့ မှု ဖြစ်နေတတ်သည်ဟု ဆိုသည်။ သို့ဖြစ်၍ပြည့်ကျပ်ပိတ်ဆို့မှုဟူသမျှကို မဖြစ်စေရန် ခရီးသည်နားနေရာစခန်းများကို လေယာဉ်ရပ်နားရာစခန်းနှင့် သီးသန့် ခွဲခြား ဆောက်လုပ်လာကြသည်။ ပင်မလေဆိပ်၏ ပတ်လည်တွင် အလွန်ဝေးကွာစွာ ခွာလျက် စခန်းခွဲများဝန်းရံ တည်ဆောက် လာကြသည်။ ခရီးသည်များအတွက် စက်လှေခါးများ၊ ရွေ့လျားနေသောစင်္ကြံများနှင့် သံလမ်းသုံး ယာဉ်များဖြင့် တစ်နေရာမှ တစ်နေရာသို့

သွားနိုင်အောင် စီစဉ်ပေးထားသည်။ လေဆိပ်လုံခြုံရေး အတွက်လည်း အီလက်ထရွန်းနစ် ထောက်လှမ်းရေးနည်း စနစ်များ သုံးစွဲထားရသည်။

လေယာဉ်ထိခိုက်ပျက်စီးမှုများ

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့၏ သတင်း ထုတ်ပြန်ချက်အရ ၁၉၇၅ ခုနှစ်တွင် လေယာဉ်ထိခိုက် ပျက် စီး မှု ကြောင့် လူပေါင်း ၁,၇၅၃ ဦး သေဆုံးခဲ့၍ လေကြောင်း သယ်ယူပို့ဆောင်ရေး သ မိုင်း တွင် အသေ အပျောက် အများဆုံး ဖြစ်သည်ဟု သိရှိရသည်။ (စွယ်စုံ နှစ်ချုပ် ၁၉၇၆ – စာ၊ ၂၇၀ – ရှု။) ထိုသို့ ထိခိုက်ပျက်စီး ရခြင်းမှာ လေယာဉ်မှူးများ၊ မကျွင်းနစ်များ၊လေကြောင်း ထိန်းသိမ်းမှု ဝန်ထမ်းများ၏ အမှားအယွင်းများကြောင့် ဖြစ်ပွားသည်လည်း ရှိသကဲ့သို့ မိုးလေဝသဆိုးရွားမှု၊ စက်မှု ပိုင်းချွတ်ယွင်းမှုနှင့် အဖျက်သမား တို့၏ နှောင့်ယှက် ဖျက်ဆီးမှုတို့ကြောင့် ဖြစ်ပွားသည်လည်း ရှိသည်ဟု ယူဆ ကြသည်။ လွန်ခဲ့သော ငါးနှစ်တာကာလအတွင်း နှစ်စဉ် ပျမ်းမျှ ၆၀၀ အောက်သာ အသေ အပျောက် ရှိခဲ့ရာမှ ၁၉၇၅ ခုနှစ်တွင် တိုးတက်များပြားလာခြင်း ဖြစ်သည်။ သို့ရာတွင် ၁၉၇၆ ခုနှစ်တွင် သေဆုံးသူဦးရေ ၅၀၀ မျှသာ ရှိ၍ ပြန်လည်လျော့ကျသွားသည်ဟု ဆိုသည်။ ၁၉၇၆ ခုနှစ်တွင် အဆိုးရွားဆုံးသော လေယာဉ်ပျက်ကျမှုမှာ မတ်လအတွင်း မကွာဆီကိုဠ် မကွာဆီကနာ လေကြောင်း

လက်ရှိလေယာဉ်ပန်ကာထက် ပိုမိုရှိအသံညက်သော ပန်ကာအမျိုးအစားသစ်ကို အမေရိကန် ကျင်နရယ် အီလက်ထရစ်ကုမ္ပဏီက ၁၉၇၇ ခုနှစ်အတွင်း စမ်းသပ်နေပုံ






လေယာဉ်မှူးအတွက် အဆင့်မြင့်အီလက်ထရွန်းနစ်နည်းပညာသုံး စကရင်မုန်ချပ်များကို တပ်ဆင်ထားသော မုန်သာ၊ ဦးစန်း

ဌာနပိုင် ဘိုးအင်း – ၇၂၇ ပျက်ကျမှုဖြစ်ပြီး လူ ၁၆၇ ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

မြေ ပြင် ပေါ် တွင် ဖြစ် စေ၊ ဝေ ဟင် ထဲ တွင် ဖြစ် စေ လေယာဉ်နှစ်စင်းတို့ အဟုန်ပြင်းပြင်းနှင့် တိုက်မိမည့်အရေးကို လေယာဉ်မှူးတိုင်းတွေးချေ စိုးရိမ်ကြစမြဲဖြစ်သည်။ အမေရိကန် ပြည်ထောင်စုတွင် ဝေဟင်အတွင်း လေယာဉ်ချင်း တိုက်လုနီးပါး ကြုံရသည့်ဖြစ်ရပ်များ တစ်နှစ်ထက်တစ်နှစ် ပိုများလာသည်။ ၁၉၈၂ ခုနှစ်တွင် ၃၁၁ ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် ၄၇၅ ကြိမ်၊ ၁၉၈၄ ခုနှစ်တွင် ၅၀၉ ကြိမ်၊ ၁၉၈၅ ခုနှစ်တွင် ၇၇၇ ကြိမ်၊ ၁၉၈၆ ခုနှစ်တွင် ဂ၁၂ ကြိမ် အသီးသီးကြုံတွေ့ခဲ့သည်ဟုဆိုသည်။ ၁၉၈၆ ခုနှစ်တွင် စီးပွားဖြစ်သယ်ယူပို့ဆောင်ရေးလေယာဉ်ကြီးများက ၃၅ ထုခိုင်နှုန်း ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ လေယာဉ်ပြေးလမ်းပေါ် တွင် ထိုသို့ကြုံရသည့် ဖြစ်ရပ်မှာ ၁၉၈၅ ခုနှစ်က ၁၀၂ ကြိမ်ရှိခဲ့ပြီး၊ ၁၉၈၆ ခုနှစ်က ၁၁၂ ကြိမ်ရှိသည်ဟု ခန့်မှန်းထားသည်။ ထိုသို့ကြုံတွေ့ရခြင်း၏အကြောင်းရင်းများကို လေကြောင်းပို့ဆောင်ရေး သုတေသီတို့က လေ့လာသုံးသပ်ခဲ့ကြပြီးနောက် တစ်ဖက်ပါအချက်အလက်များကို ထောက်ပြခဲ့ကြသည်။

မြန်မာနိုင်ငံတွင် လေယာဉ်မှူးများ၊ လေယာဉ်တုပြင့် စနစ် ထက္ကလေ့ကျင့်နေပုံ



- ၁၉၈၁ ခုနှစ်တွင် လေကြောင်းထိန်းသိမ်းမှု ကျမ်းကျင်သူများအပွဲ (ဟက်ကို) မှ ဆန္ဒပြခဲ့သူများကို သမ္မတ ရေဂင်က အလုပ်ပြုတ်ခဲ့၍ လေကြောင်းထိန်းသိမ်းမှု ကျမ်းကျင်ဝန်ထမ်းဦးရေ ၁၆,၃၀၀ မှ ၁၄,၇၀၀ သို့လျော့ကျသွားသည့်အပြင် အချိန်ပြည့် တာဝန်ယူနိုင်မှု အရည်အသွေးပိုင်းတွင် ဂ၀ ထုခိုင်နှုန်းမှ ၆၂ ထုခိုင်နှုန်းသို့ ကျဆင်းသွားခြင်း။
- ဂျက် လေယာဉ် လေယာဉ်မှူး တစ်ယောက် ၏ လေယာဉ်မောင်းနှင်ရသည့် ကြာချိန်သည် ၁၉၇၃ ခုနှစ်က ၂,၂၃၄ နာရီရှိခဲ့ရာမှ ၁၉၈၅ ခုနှစ်တွင် ၈၁၈ နာရီသာ ရှိတော့သဖြင့် လေယာဉ်မှူးတို့၏ အတွေ့အကြုံရင့်ကျက်နိုင်ခြေ လျော့နည်းလာခြင်း။
- စီးပွားရေးအခက်ကြုံနေရသည့် လေကြောင်းဌာန အချို့သည် စက်ကြွခိုင်ရေးအတွက် မွမ်းမံပြင်ဆင်ထိန်းသိမ်းရေးကို နှေးရွေ့ညှစ်ဆိုင်းငံ့ထားကြခြင်း။
- လေကြောင်းအန္တရာယ်ကင်းရှင်းရေးအတွက် လေယာဉ်အင်ဂျင်စက်များ ပြင်ဆင်ထိန်းသိမ်းမှု စံနှုန်းမီမမီ၊ စည်းကမ်းညီမညီကိုစစ်ဆေးကြီးကြပ်ရန် တာဝန်ရှိသည့် ပြည်ထောင်စုလေကြောင်း အုပ်ချုပ်ရေးအဖွဲ့ (အက်ပ်အေအေ) သည်လည်း သမ္မတ ရေဂင်အစိုးရ၏ ဘတ်ဂျက်အသုံးစရိတ် လျော့ချမှုအစီအစဉ်အရ စစ်ဆေးကြီးကြပ်ရေးဝန်ထမ်း ၁,၇၄၈ မှ ၁,၄၉၄ ဦးသို့ လျော့ချခံရသည့် အချိန်မှစ၍ လုပ်ငန်းအကောင်အထည်ဖော်မှု အားနည်းလာခြင်း။
- လေယာဉ်နှစ်စင်းသည် ပေပေါင်း ၂၉,၀၀၀ (မီတာ ၈,၈၀၀) အမြင့်တွင် ပျံသန်းနေပါက တစ်စင်းနှင့် တစ်စင်း အထက်အောက်ပေ ၁၀၀၀ (မီတာ ၃၀၀) တက်မနည်းခွာ၍ ပျံရမည်ဟူသော စည်းကမ်းကို

လိုက်နာမှုအားနည်းလာကာ ပေ ၅၀၀ ခန့်ခွာ၍ ပုံသန်းနေကြခြင်းနှင့် ပေ ၂၉,၀၀၀ အထက်တွင် ပုံသန်းလျှင် ပေ ၂၀၀၀ မှ အထက်အောက်ခွာ၍ ပုံသန်းရမည့် အချက်ကိုလည်း လျစ်လျူရှုတတ်ကြခြင်း။


မည်သို့ပင်ဖြစ်စေ အမေရိကန်မြို့ပြ လေကြောင်းပို့ဆောင်ရေးတွင် ၁၉၀၆ ခုနှစ်က ပုံသန်းသောနာရီပေါင်းတစ်သိန်းရှိတိုင်း မတော်တဆထိခိုက်မှု ၁ ဒသမ ဝ၉ကြိမ်ဖြစ်ပွား၍ အလွန်နည်းလှသည်ဟူ၍ ထောက်ပြသူများလည်းရှိသည်။ ၁၉၀၅ ခုနှစ်က ၁ ဒသမ၂ ကြိမ်နှုန်းဖြစ်ပွားခဲ့ရာမှ လျော့ကျလာခြင်း ဖြစ်သည်ဟု ဆိုသည်။ ၁၉၀၆ ခုနှစ်တွင် ဧရာမခရီးသည်တင် လေယာဉ်ကြီးများသည် အကြိမ်ပေါင်း ၆ ဒသမ ၂ သန်းမျှ စံချိန်တင်ပုံသန်းခဲ့သော်လည်း အသေအပျောက်လုံးဝမရှိ၍ အမေရိကန်လေကြောင်း ပို့ဆောင်ရေးတွင် အန္တရာယ် ကင်းရှင်းဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းတင်ထားကြသည်။ လေယာဉ်များတွင် အန္တရာယ်ကြိုတင်သတိပေးကိရိယာများတပ်ဆင်ခြင်း၊ လေယာဉ်အင်ဂျင်စက် စစ်ဆေးသောကိရိယာများ ပိုမိုအစွမ်းထက်စေရန် မွမ်းမံခြင်း၊ လေယာဉ်ပြေးလမ်းအမှတ်အသားများကို ပိုမိုထင်ရှားစွာစီစဉ်ထားရှိခြင်း၊ လေဘိပ်များတွင် သက်တမ်းနှစ် ၂၀ ကြာပြီဖြစ်သော ကွန်ပျူတာများကို နောက်ဆုံးပေါ်ကွန်ပျူတာသစ်များဖြင့် အစားထိုးခြင်း၊ လေကြောင်းသွားလာမှုစည်းကမ်းများနှင့် လေယာဉ်စက် ကြုံခိုင်မှုဆိုင်ရာစည်းမျဉ်းများကို လိုက်နာစေရန် ထိန်းသိမ်းကြီးကြပ်မှု အရှိန်မြှင့်တင်ခြင်း၊ လေကြောင်းထိန်းသိမ်းမှု ပညာရှင်များနှင့် လေယာဉ်မှူးများကိုလေ့ကျင့်ပညာပေးခြင်းစသည့်လုပ်ငန်းများဖြင့် လေကြောင်းအန္တရာယ် ကင်းရှင်းရေးအတွက် အားသွန်ဆောင်ရွက်နေကြပြီဖြစ်သည်။

အလားအလာ

မည်သို့ပင်ဖြစ်စေ အပြည်ပြည်ဆိုင်ရာ လေကြောင်းသယ်ယူပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းပင်ဖြစ်ရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးမှု၊ အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေးစည်ပင်မှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးနှင့် နည်းပညာဖလှယ်ရေးလုပ်ငန်းတို့ရှင်သန်မှု စသည့် အခြေအနေ အရပ်ရပ်နှင့် အပြန်အလှန် နှီးနွယ်အကျိုးပြုနေသည်ဖြစ်ရာ လေယာဉ်နှင့် လေကြောင်းထိန်းသိမ်းကွပ်ကဲရေး ကိရိယာများတွင် အဆင့်မြင့်နည်းပညာများ ဆတက်ထမ်းပိုးတိုး၍ အသုံးချတီထွင်ထုတ်လုပ်နေရုံမျှဖြင့် ယင်းစီးပွားရေးလုပ်ငန်းကြီးတိုးတက် အောင်မြင်လာမည်ဟု မဆိုနိုင်၊ အပြန်အလှန် နှီးနွှယ်အကျိုးပြုနေသော အခြားလုပ်ငန်းများနှင့် အခြေအနေများပါ တိုးတက်အောင်မြင်ပါမှ ရေမြင့်၍ကြာတင့် မည့်အလားအလာရှိပါကြောင်း တင်ပြအပ်ပေသည်။

ဦးမျိုးမြင့်သောင်း

ကမ္ဘာပေါ်တွင်ဧာစည်ကားဆုံးဖြစ်သော အိုဟဲလေဆိပ်တွင် လေယာဉ်အတက်အဆင်းကို ရေဒါစခန်းမှတစ်ဆင့် ထိန်းသိမ်းလမ်းညွှန်နေပုံ



အဓိပ်ပါး ဝေး

၁၉၇၇ ခုနှစ် အကြောင်းရပ်များ

ဤအပိုင်းတွင် ဖော်ပြထားသော အကြောင်းရပ်များသည် ၁၉၇၇ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော မြန်မာနှင့် နိုင်ငံတကာ ဖြစ်ရပ်များကို အဓိကထား၍ရေးသားပြုစုပါသည်။ အကြောင်းရပ်များကို က မှ အ အထိ အက္ခရာစဉ်၍ ဖော်ပြထားပါသည်။

ကဗာကို စိလဗာ, အန်ဗယ် (ခရစ် ၁၉၃၉–) ။ ။ ပေါ်တူဂယ်နိုင်ငံသမိုင်းတွင် ၁၃ နှစ်ကာလအတွင်း ပထမဦးဆုံးသော လူမျိုးစု အစိုးရအဖွဲ့ ဖွဲ့စည်း နိုင် ခဲ့ သည့် ဝန်ကြီးချုပ်အန်ဗယ် ကဗာကို စီလဗာကို ၁၉၃၉ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့တွင် ပေါ်တူဂယ်နိုင်ငံ ဗိုလစ်ကွေးမြို့၌ မွေးဖွားသည်။ လစ္ဘွန်းမြို့တော်ရှိ စီးပွားရေးနှင့် ဘဏ္ဍာရေးအဆင့်မြင့်တက္ကသိုလ်မှ ဘဏ္ဍာရေးဆိုင်ရာဘွဲ့ကို ဆုတ်ခွဲးခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် အင်္ဂလန်ရှိ ယောက်တက္ကသိုလ်မှ စီးပွားရေးပါရဂူဘွဲ့ကို ရရှိသည်။ ပညာသင်ကြားပို့ချမှုဖြင့် အသက်မွေးခဲ့ရာ နောက် ဆုံး တွင် လစ္ဘွန်းမြို့ရှိ ကက်သလစ်တက္ကသိုလ်၌စီးပွားရေးပါမောက္ခဖြစ်လာသည်။ ၁၉၇၀ ပြည့်နှစ်တွင် ပေါ်တူဂယ်နိုင်ငံ၏ ဘဏ္ဍာရေးနှင့် စီမံကိန်းဆိုင်ရာဝန်ကြီးအဖြစ် တာဝန်အပ်နှင်းခံခဲ့ရသည်။

ကဗာကိုစီလဗာသည် ၁၉၇၅ ခုနှစ် မေလတွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီခေါင်းဆောင် ဖြစ်လာသည်။ ဆိုရှယ်ဒီမိုကရက်ဝါဒီများနှင့် ဆိုရှယ်လစ်ဝါဒီတို့ ပူးပေါင်းဖွဲ့စည်းထားသော ညွှန့်ပေါင်းအစိုးရအတွင်းတွင် အလုပ်သမားရေးရာနှင့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲရာမှ ဆိုရှယ်ဒီမိုကရက်များ နုတ်ထွက်လိုက်ခြင်းကြောင့် ထိုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် ရွေးကောက်ပွဲများ ကျင်းပခဲ့ရသည်။ ယင်းရွေးကောက်ပွဲတွင် ဆိုရှယ်ဒီမိုကရက်တို့ အနိုင်ရခဲ့ရာမှ ကဗာကိုစီလဗာသည် ဆိုရှယ်လစ်ဝါဒီ မာရီယိုဆွာရက်စ်ကိုဆက်ခံ၍ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ သို့ရာတွင်နေရာအများစုကို လွှမ်းမိုးနိုင်ခဲ့ခြင်းမရှိ၍ ကဗာကိုစီလဗာ၏ညွှန့်ပေါင်းအစိုးရအဖွဲ့လည်း ၁၉၇၇ ခုနှစ် ဧပြီလတွင်နုတ်ထွက်လိုက်ရပြီး ရွေးကောက်ပွဲကျင်းပပြန်ရာ ဆိုရှယ်ဒီမိုကရက်တို့သည် ၁၉၇၇ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် လူမျိုးစုအစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၃ နှစ်တာ ကာလအတွင်း ၁၇ ကြိမ်မြောက်ဖွဲ့စည်းခြင်းဖြစ်သော ယင်းအစိုးရအဖွဲ့ကို ကဗာကိုစီလဗာကပင် ဦးဆောင်သည်။

ကဗာကိုစီလဗာသည် ၁၉၇၄–၇၅ ခုနှစ် အတွင်း လက်ဝဲဝါဒီတို့အင်အား အထွတ်အထိပ် ရောက် ခဲ့ စဉ်က ပြည်သူပိုင်သိမ်းခဲ့သည့် စက်မှုလုပ်ငန်းများကို ပြန်လည်ရောင်းချရန် အစဉ်တစိုက် တိုက်တွန်းလာခဲ့သူဖြစ်သည်။ ထို့ကြောင့် ကဗာကိုစီလဗာ၏ လူမျိုးစုအစိုးရအဖွဲ့သည် ထိုသို့ရောင်းချနိုင်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအတွက် ကြိုးပမ်းလိမ့်မည်ဟု ဆိုရှယ်ဒီမိုကရက်ပါတီဝင်များက သုံးသပ်မျှော်လင့်လျက်ရှိသည်။

ကီရှိ,နိုဗူဆူကေ (ခရစ် ၁၈၉၆ – ၁၉၇၇) ။ ။ ဂျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ တာဝန်ယူခဲ့ဖူးသော ဂျပန်နိုင်ငံရေးသုခမိန် ကီရှိနိုဗူဆူကေကို ၁၈၉၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဂျပန်နိုင်ငံ ယာမာဂူချီခရိုင်၌ မွေးဖွားခဲ့သည်။ ဒေသန္တရအုပ်ချုပ်ရေးအရာရှိတစ်ဦး၏ မိသားစုမှ မွေးဖွားလာခဲ့ပြီး ငယ်မည်မှာ နိုဗူဆူကေ ဆာတိုဖြစ်၍ ညီဖြစ်သူသည် နောင်တွင်ဝန်ကြီးချုပ်ဖြစ်လာသော အိဆာကူ ဆာတို (၁၉၀၁–၁၉၇၅) ဖြစ်သည်။ နောင်တွင် ဦးရီးတော်စပ်သူ မွေးစားဖခင်၏ အမည်မှ ကီရှိကိုယူ၍ နိုဗူဆူကေ ကီရှိဟု အမည်ပြောင်းခဲ့သည်။

ကီရှိသည် ၁၉၂၀ ပြည့်နှစ်တွင် တိုကျိုကေရာဇ်ဥပဒေဌာနမှ ဘွဲ့ရကာ စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အောင်မြင်သော မြို့ပြအုပ်ချုပ်ရေးအရာရှိတစ်ဦး ဖြစ်လာသည်။ ၁၉၂၅ ခုနှစ်တွင် အသစ်ဖွဲ့စည်းသော ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဦးစီးဌာနသို့ ပြောင်းရွှေ့ခဲ့ရာ ၁၉၃၅ ခုနှစ်တွင် စက်မှုရေးရာဗျူရိုး၏ ညွှန်ကြားရေးမှူးအဖြစ်သို့ ရာထူးတိုးမြှင့်ခံရသည်။ ၁၉၃၆ ခုနှစ်တွင် မန်ချူးကိုးအစိုးရ၏ စက်မှုဌာနတွင် ဒုတိယဝန်ကြီးဖြစ်လာပြီး ဂျပန်တို့သိမ်းပိုက်ထားသော မန်ချူးရီးယားနှင့် တရုတ်နိုင်ငံတို့ စက်မှုထူထောင်ရေးတိုးတက်ရန် ကူညီခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံသို့ ပြန်လာခဲ့သည်။ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် စစ်တွင်းကာလ စီးပွားရေးတည်ဆောက်မှုအတွက် တာဝန်ယူခဲ့သည်။ စက်မှုကဏ္ဍတစ်ရပ်လုံး (ဇိုင်ဘတ်ဆု) ကို အစိုးရထိန်းချုပ်မှုအောက်၌ထားရန် ကြိုးပမ်းခဲ့ရာ အချည်းနှီးဖြစ်ခဲ့ရသဖြင့် ရာထူးမှ နုတ်ထွက်ခဲ့သည်။ သို့သော် တိုကျိုဟီဒေကီ၏ အစိုးရအဖွဲ့တွင် ၁၉၄၁ ခုနှစ်မှစ၍ ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ပြန်သည်။ ၁၉၄၂ ခုနှစ် ဧပြီလ ရွေးကောက်ပွဲတွင်



ပေါ်တူဂယ်ဝန်ကြီးချုပ်
အန်ဗယ်ကဗာကိုစီလဗာ

အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသည်။

နောက်ပိုင်းတွင် ကီရှိသည် တိုဂျို၏ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးအဖြစ် ဆောင်ရွက်နေစဉ်မှာပင် တိုဂျို၏ စစ်ပွဲဆက်လက်ဆင်နွှဲရေးမူဝါဒကို ဆန့်ကျင်ခဲ့သည်။ ၁၉၄၄ ခုနှစ်တွင် တိုဂျို၏အစိုးရအဖွဲ့ ပြုတ်ကျခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် ဂျပန်ကိုသိမ်းသော မဟာမိတ်တပ်ပေါင်းစုအာဏာပိုင်တို့က ကီရှိကို ထိပ်တန်းစစ်တရားခံအဖြစ် မသက်သူစာရင်းတွင် ထည့်သွင်းကာ အကျဉ်းချထားခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် သိမ်းပိုက်ရေးမူဝါဒ ပြောင်းလဲသွားသောကြောင့် ကီရှိသည် ခုံရုံးတင် စီရင်ခြင်းမခံရဘဲ လွှတ်မြောက်လာခဲ့သည်။ ထိုအခါ စီးပွားရေး လုပ်ငန်းရှင်အဖြစ် အသက်မွေးနေခဲ့ပြီးမှ နိုင်ငံရေးလှုပ်ရှားမှု ပြန်လည်ပြုလုပ်သည်။ ၁၉၅၃ ခုနှစ်တွင် အောက်လွှတ်တော်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၅၅ ခုနှစ်တွင် လစ်ဗရယ်ဒီမိုကရက်တစ်ပါတီ ပေါ်ထွန်းလာစေရန် အခြားကွန်ဆာဗေးတစ်အုပ်စုများနှင့် ပူးပေါင်းခဲ့သော ဂျပန်ဒီမိုကရက်တစ်ပါတီကို စတင်ထူထောင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ၁၉၅၆ ခုနှစ်တွင် အီရှီဘာရှီတန်ဇန်၏ အစိုးရအဖွဲ့၌ နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။ အီရှီဘာရှီမကျန်းမာသဖြင့် ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလ တွင် ကီရှိသည် ဝန်ကြီးချုပ်အဖြစ် တာဝန်အပ်နှင်းခံရသည်။

ကီရှိသည် အမေရိကန်နှင့်ဂျပန် ထူးခြားသည့် ဆက်ဆံရေး တည်ဆောက်ရန် အလေးအနက်ထားခဲ့သည့်ပြင် အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့ရှိ နိုင်ငံများနှင့် တင်းမာမှုလျော့ပါးရေးအတွက် ကြိုးပမ်းခဲ့သည်။ အာရှတစ်ခွင်သို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး စစ်လျော်ကြေး တိုးမြှင့်ရေး သဘောတူညီချက်များ ချုပ်ဆိုခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များ ချမှတ်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အနောက်ဥရောပနှင့် လက်တင်အမေရိကသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဂျပန်နှင့် အမေရိကန်နှစ်နိုင်ငံအကြား တန်းတူညီမျှရေး အခြေခံဖြင့် ဆက်ဆံရေးတည်ဆောက်ရန် ရည်ရွယ်လျက် နှစ်နိုင်ငံ လုံခြုံရေးသဘောတူစာချုပ်ကို ပြင်ဆင်ချုပ်ဆိုလက်မှတ်ရေးထိုးခဲ့သည်။ ယင်းမူဝါဒကို အကောင်အထည်ဖော်ရန် စစ်ပြီးခေတ် ဖွဲ့စည်းပုံအခြေခံဥပဒေကို တရားဝင်ပြန်လည် စိစစ်လေ့လာရေးလုပ်ငန်းတစ်ရပ် ဗွေဆော်ဦးချမှတ်ဆောင်ရွက်ခဲ့သည်။ ယင်းအခြေခံဥပဒေတွင် ဂျပန်အမျိုးသားကာကွယ်ရေးနယ်ပယ်၌ မိမိကိုယ်မိမိအားထားလောက်သည့်အဆင့်ထက် အင်အားတိုးမြှင့်ခြင်းကိုလည်းကောင်း၊ စစ်ပြုခြင်းကိုလည်းကောင်း ပိတ်ပင်ထားသည်။

ဂျပန်နိုင်ငံလုံခြုံရေးအဖွဲ့ကို လက်နက်တိုးခဲ့ပြုတပ်ဆင်၍ စစ်တပ်အသွင် ဆောင်လာခြင်းကို လက်ဝဲအုပ်စုတို့က ကျယ်ကျယ်ပြန့်ပြန့် ဆန့်ကျင်နေကြခြင်းကြောင့် အမေရိကန်သမ္မတ ဒွိုက်ဒီအိုက်ဆင်ဟောင်းဝါး (၁၈၉၀–၁၉၆၉) က ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်မည့် အစီအစဉ်ကို ဖျက်သိမ်းခဲ့သည်။ ထိုအခါ ကီရှိသည် လွှတ်တော် (ဒိုင်းယက်) ကို အတိုက်အခံပါတီတို့ သပိတ်မှောက်ထားစဉ်မှာပင် ကွန်ဆာဗေးတစ် ပါလီမန်အမတ် အများစု၏ အင်အားကို အသုံးပြုလျက် လုံခြုံရေးစာချုပ်အသစ်ကို အတည်ပြုနိုင်စေခဲ့သည်။ ထို့နောက် ကီရှိသည် ရာထူးမှ နုတ်ထွက်ခဲ့ရာ ဟယာတို အီကေဒါက ဆက်ခံသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "စစ်ဖန်တီးမည့်အလားအလာ" ကို တားမြစ်ထားသည့် ပြဋ္ဌာန်းချက်ကို မပြောင်းလဲသော်လည်း ကီရှိသည် ယင်းစကားရပ်ကိုပင် လွှတ်လပ်စွာဖွင့်ဆိုသော မူဝါဒကို စတင်ချမှတ်ပေးခဲ့သည်။ ယင်းသို့ ဖွင့်ဆိုချက်အရ အမျိုးသားရဲတပ်ဖွဲ့နှင့် ကာကွယ်ရေးတပ်ဖွဲ့များကို လက်နက်ကြီးအမြောက်အများ တပ်ဆင်နိုင်ခွင့်ရစေခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃–စာ၊ ၁၆၄ — ရှု။) ၁၉၇၀ ပြည့်လွန်နှစ်များအတွင်းတွင်ပင် ကီရှိသည် လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ၏ အကြံပေးပုဂ္ဂိုလ်အဖြစ် တက်ကြွစွာ တာဝန်ထမ်းဆောင်နေခဲ့သည်။

ဂျပန်နိုင်ငံ၏ ထင်ရှားသောနိုင်ငံရေးသုခမိန်ကြီး နီပူဆူကေကီရှိသည် ၁၉၀၇ ခုနှစ် ဩဂုတ်လ ၇ ရက် နေ့တွင် တိုကျိုမြို့ဆေးတက္ကသိုလ်ဆေးရုံ၌ ကွယ်လွန်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၃ – စာ၊ ၂၀၄ — ရှု။)

ကုမာရ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရေဦးမြို့၊ လေးထပ်ကြီးကျောင်းတိုက် (မြန်မာ ၁၂၇၂–)။ ။ဆရာတော်ဘဒ္ဒန္တကုမာရကို စစ်ကိုင်းတိုင်း ရေဦးမြို့နယ်၊ ထန်းကြီးအုပ်စု၊ ထန်းတောကုန်းကျေးရွာ၌ ခမည်းတော်ဦးဘုန်းကျော်၊ မယ်တော်ဒေါ်မြစ်တို့က သက္ကရာဇ် ၁၂၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက် တနလ်ာနေ့တွင် ဖွားမြင်သည်။

ရှစ်နှစ်သားအရွယ်တွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ထန်းတောကုန်းရွာ သဒ္ဓမ္မဝံသရွာသာကျောင်းတိုက် ဆရာတော်ဘုရားကြီးထံ၌ ရှင်သာမဏေအဖြစ်သို့ရောက်သည်။ သာမဏေဘွဲ့မှာ ရှင်ကုမာရဖြစ်သည်။

ထို့နောက် သက္ကရာဇ် ၁၂၉၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်နေ့ဘွင် ထန်းတောကုန်းရွာ၊ သဒ္ဓမ္မဝံသရွာသာကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ရေဦးမြို့၊ လေးထပ်ကြီးကျောင်း ဆရာတော် ဦးဒေဝိန္ဒကို ဥပဇ္ဈာယ်ပြုလျက်



အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ကုမာရ

ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ငါးနှစ်သားအရွယ်မှစ၍ အခြေခံစာများကို သဒ္ဓမ္မဝံသရွာသာကျောင်း ဆရာတော်ထံ၌ သင်ကြားခဲ့ပြီး ရှစ်နှစ်သားအရွယ် သာမဏေအဖြစ်သို့ရောက်သောအခါ အဘိုးဖြစ်သူ ဒီပဲယင်းမြို့နယ် ခေါင်းစားမရွာတောရကျောင်း ဆရာတော်ဘုရားကြီးထံ၌ ပစ္စဝေက္ခဏာ၊ လိင်၊ ဒဏ်၊ သေခိယ၊ ခန္ဓကဝတ်တို့ကို ပါဠိ အနက်အဘုံဆောင်နိုင်သည်အထိ ကောင်းစွာသင်ယူခဲ့သည်။

ထို့နောက် ဆရာတော်သည် ကျမ်းပေါင်းများစွာကို ရေးသားပြုစုတော်မူသော ပိဋကတ္တယကောဝိဒ ဂန္ထကာရက ရေဦးဆရာတော် ဦးဒေဝိန္ဒထံ၌ ပိဋကတ်ကျမ်းစာအမျိုးမျိုးကိုလည်းကောင်း၊ တိုက်အုပ်ဆရာတော် ဦးစန္ဒ၊ စာချဆရာတော် ဦးဉာဏိန္ဒ စသောဆရာတော်များထံ၌ ပါဠိ၊ အဋ္ဌကထာ၊ အဘိဓမ္မတ္ထသင်္ဂဟ၊ ဒွေမာတိကာဝိနည်းပါဠိတော် စသောကျမ်းစာများကိုလည်းကောင်း သင်ကြားတတ်မြောက်တော်မူခဲ့သည်။

ထို့ပြင် ဆရာတော်သည် လယ်တီတိုက် ပထမကျော်ဦးဝါယမထံ၌ ရူပသိဒ္ဓိကျမ်း၊ အမရပူရ မင်္ဂလာရာမတိုက် ဆရာတော် ဦးဓမ္မသာမိထံ၌ ယမိုက်ပဋ္ဌာန်းညဝါကျမ်း၊ ညောင်ကန်ဆရာတော်ဘုရားကြီး ထံတော်၌ ကခ်ဝီဝိတရဏီအဋ္ဌကထာနှင့် ဋီကာကျမ်းစသော ကျမ်းစာများကို စွယ်စုံထူးမြောက် ပါရဂူမြောက်အောင် သင်ယူတော်မူခဲ့သည်။

ထိုသို့ စာပေကျမ်းကန်များကို သင်ယူတတ်မြောက်တော်မူပြီးနောက် ၁၂၉၈ ခုနှစ်တွင် ရေဦးမြို့၊ လေးထပ်ကြီး ကျောင်းတိုက်၌ စာချအနုနာယကအဖြစ် စာပေများကို ပို့ချတော်မူသည်။ စာပေကျမ်းဂန်များကိုတပည့်သံဃာများအား ပို့ချတော်မူရင်း ဆဋ္ဌသင်္ဂါယနာဘာဏက၊ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ ရေဦးမြို့ကျောင်းထိုင် ဆရာတော်များအဖွဲ့ အကျိုးတော်ဆောင်၊ ရေဦးမြို့မြို့မသံဃာ့အဖွဲ့ဥက္ကဋ္ဌ၊ ပါဠိပထမပြန် စာမေးပွဲကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်း သံဃာ့နာယကအဖွဲ့ဝင် စသော သာသနာရေးကိစ္စအဝဝကို ထမ်းဆောင်တော်မူခဲ့သည်။

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော် မူသောကြောင့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တကုမာရသည် ၁၉၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ကုလသမဂ္ဂ။ ။ကမ္ဘာ့ကုလသမဂ္ဂ၏ ၄၂ ကြိမ်မြောက် အထွေထွေညီလာခံကြီးကို ၁၉၀၇ ခုနှစ် စက်တင်ဘာလ ၁၅ ရက်နေ့တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ စတင်ကျင်းပခဲ့သည်။ ၁၉၀၆ ခုနှစ် ၄၁ ကြိမ်မြောက် အထွေထွေညီလာခံ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးမစ္စတာ ဟူမာယွန်ရာရှစ်ချောင်ဒူရီက ယာယီသဘာပတိအဖြစ် ညီလာခံကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ယင်းအစည်းအဝေးကြီးက ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံမှ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာပီတာဖလိုရင်အား ညီလာခံသဘာပတိအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

ချူကလီးယားလက်နက်များ ဖျက်သိမ်းရေးထိပ်သီးအစည်းအဝေး

၁၉၀၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် အတွင်းရေးမှူးချုပ် မစ္စတာပဲရက်ဒေကွေးလျားက ထုတ်ပြန်သည့် ကြေညာချက်တွင် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့ တာလတ်နှင့်တာတိုပစ် ချူကလီးယားဒုံးကျည်များ ဖျက်သိမ်းရေးစာချုပ်တစ်ရပ် ချုပ်ဆိုရန် မူအားဖြင့် သဘောတူညီလိုက်ခြင်းကို လှိုက်လှဲစွာ ကြိုဆိုကြောင်းဖော်ပြခဲ့သည်။ (လက်နက်ဖျက်သိမ်းရေး — ရှု။)

ညီလာခံအစည်းအဝေးအစီအစဉ်

၄၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံအစည်းအဝေး ကို ၁၉၀၇ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့ထိ

ကျင်းပခဲ့ရာ အစီအစဉ်တွင် စဉ်းစား ဆွေးနွေးရန် အကြောင်းအရာပေါင်း ၁၄၃ ခု ပါဝင်ခဲ့သည်။ ကုလသမဂ္ဂ အဖွဲ့ဝင် နိုင်ငံများက ကမ္ဘာ့ရေးရာ ပြဿနာများနှင့် ပတ်သက်၍ ၎င်းတို့၏ သုံးသပ်ချက်နှင့် သဘောထားများကို တင်ပြဆွေးနွေးကြသည့် အထွေထွေ ဆွေးနွေးပွဲတွင် ကိုယ်စားလှယ်ပေါင်း ၁၅၂ ဦးတို့က မူဝါဒရေးရာ မိန့်ခွန်းများပြောကြားခဲ့ကြသည်။ ဤကိုယ်စားလှယ်များတွင် နိုင်ငံအကြီးအကဲ ၁၃ ဦး၊ ဝန်ကြီးချုပ် ၁၀ ဦး၊ ဒုတိယဝန်ကြီးချုပ် ၁၁ ဦး၊ နိုင်ငံခြားရေးဝန်ကြီး ၉၇ ဦး၊ အခြားဝန်ကြီးတစ်ဦးနှင့် ကိုယ်စားလှယ် ၂၀ ဦးတို့ ပါဝင်သည်။

ဤဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ် အဖွဲ့ ခေါင်းဆောင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်က ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ် ပြောကြားပြီး ကမ္ဘာ့ရေးရာ ပြဿနာများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ အမြင်နှင့်သဘောထားများကို ဆွေးနွေး တင်ပြခဲ့သည်။

လုံခြုံရေးကောင်စီ အဖွဲ့ဝင်သစ်များ ရွေးချယ် တင်မြှောက်ခြင်း

၎င် ကြိမ်မြောက် အထွေထွေညီလာခံကြီး သည် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့တွင် လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်အသစ် ငါးနိုင်ငံကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဤနိုင်ငံများသည် ၁၉၇၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ လုံခြုံရေးကောင်စီတွင် နှစ်နှစ်သက်တမ်းဖြင့် ပါဝင်ဆောင်ရွက်ကြမည်ဖြစ်ရာ ထိုနေ့တွင် ယင်းကောင်စီ၏ အဖွဲ့ဝင် ၁၅ နိုင်ငံတို့မှာ အယ်ဂျီးရီးယား၊ အာဂျင်တီးနား၊ ဗဟာဇီး၊ တရုတ်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အိတလီ၊ ဂျပန်၊ နီပေါ၊ ဆီနီဂေါ၊ ဆိုဗီယက်ပြည်ထောင်စု၊ ဗြိတိန်၊ အမေရိကန်ပြည်ထောင်စု၊ ယူဂိုစလားဗီးယားနှင့် ဇမ်ဗီးယားနိုင်ငံတို့ ဖြစ်ကြသည်။

လုံခြုံရေးကောင်စီ၏ ဆောင်ရွက်ချက်များ

အီရန်–အီရတ်အရေးအခင်း– ၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ကူဝိတ်နိုင်ငံ၌ ကျင်းပသည့် အစ္စလာမ္မစ်ကွန်ဖရင့်အဖွဲ့၏ ထိပ်သီး အစည်းအဝေး၌ မိန့်ခွန်းစကားပြောကြားစဉ် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ပဲရက် ဒေကွေးလျားက ဆက်လက် ဖြစ်ပွားနေသည့် အီရန်–အီရတ် စစ်ပွဲနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးများ အဆင့်ဖြင့် လတ်တလော အစည်း အဝေးတစ်ရပ် ခေါ်ယူကျင်းပရေးအတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက စဉ်းစားရန် အဆိုပြု တင်ပြလိုက်သည်။

ထိုနောက် ၁၉၇၇ ခုနှစ် မေလ ၁၄ ရက်နေ့တွင် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက အီရန်–အီရတ် အရေးအခင်း၌ ၁၉၂၅ ခုနှစ် ဂျီနီဗာသဘောတူ စာချုပ်ကို အီရတ်က ဖောက်ဖျက်၍ ဓာတုလက်နက်များကို အကြိမ်ကြိမ် အသုံးပြုခြင်းကို ပြင်းထန်စွာ ရှုတ်ချခဲ့ကြသည်။ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က စေလွှတ်ခဲ့သော ကျွမ်းကျင်သူများအဖွဲ့၏ အစီရင်ခံစာ၌ အီရတ်တပ်ဖွဲ့များက ဓာတုဗေဒလက်နက်များကို အကြိမ်ကြိမ်အသုံးပြုကာ အီရန်တပ်ဖွဲ့များအား တိုက်ခိုက်ခဲ့သည်ဟု ဆုံးဖြတ် ဖော်ပြထားသည် ဆိုသည်။

၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်အမှတ် ၅၉၈ (၁၉၈၇)ကို တညီတညွတ်တည်းချမှတ်ပြီး အီရန်–အီရတ်နိုင်ငံတို့အား စေ့စပ်ဆွေးနွေးမှုဖြင့် ဖြေရှင်းရေးအတွက် ပထမဆုံးခြေလှမ်းအဖြစ် ချက်ချင်းအပစ်အခတ်ရပ်စဲ၍ ၎င်းတို့၏တပ်များကို နိုင်ငံတကာအသိအမှတ်ပြု နယ်နိမိတ်များသို့ နှောင့်နှေးမှုမရှိဘဲ ပြန်လည်ရုပ်သိမ်းကြရန် တောင်းဆိုလိုက်သည်။ ထို့အပြင် နှစ်နိုင်ငံအရေးအခင်း ဖြစ်ပွားရခြင်းအတွက် မည်သူတွင် တာဝန်ရှိသည်ဟူသောပြဿနာကို စူးစမ်းရေးနှင့် ပတ်သက်၍ လေ့လာရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ရန်လည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား မေတ္တာရပ်ခံလိုက်သည်။ (ပါးရှင်းပင်လယ်ကွေ့ဒေသအခြေအနေ — ရှု။)

တောင်အာဖရိကပြဿနာ–ကုလသမဂ္ဂပဋိညာဉ်စာတမ်း၏ အခန်း(၇)အရ တောင်အာဖရိကနိုင်ငံအား အရေးယူရေးအတွက် အခွင့်အာဏာအပ်နှင်းသော ပြစ်ဒဏ်များ သတ်မှတ်ရန် တောင်းဆိုသည့် အဆိုမူကြမ်းတစ်ရပ်ကို ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် လုံခြုံရေးကောင်စီအစည်းအဝေး၌ မဲခွဲရာ အမြဲတမ်းအဖွဲ့ဝင်နှစ်ဦးဖြစ်သည့် ဗြိတိန်နှင့် အမေရိကန်နိုင်ငံတို့က တားမြစ်ခွင့်အာဏာသုံး၍ ကန့်ကွက်မဲပေးကြသဖြင့် ယင်းအဆိုမှာ အတည်ပြုခြင်းမခံရချေ။ အကယ်၍ အတည်ဖြစ်ခဲ့လျှင် တောင်အာဖရိကနိုင်ငံမှ လယ်ယာထွက်ပစ္စည်းများ၊ ကျောက်မီးသွေး၊ သံနှင့်သံမဏိနှင့် စားနပ်ရိက္ခာစသည်များ တင်သွင်းခြင်းနှင့် ၎င်းနိုင်ငံသို့ ကွန်ပျူတာစက်များ၊ ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်း စသည်များ တင်ပို့ခြင်းတို့ တားမြစ်ပိတ်ပင်ခြင်း ခံရမည်ဖြစ်သည်။

ထိုနည်းတူ ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း၏ အခန်း(၇)အရ တောင်အာဖရိကနိုင်ငံအပေါ် ပြစ်ဒဏ်များသတ်မှတ်ရေးအတွက် တောင်းဆိုသည့် အဆိုမူကြမ်းတစ်ခုမှာလည်း ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ထောက်ခံကိုးမဲ၊ ကန့်ကွက် သုံးမဲ (ပြည်ထောင်စု သမ္မတ ဂျာမနီ၊ ဗြိတိန်နှင့် အမေရိကန်ပြည်ထောင်စု) နှင့် ကြားနေ သုံးမဲ (ပြင်သစ်၊ အီတလီနှင့် ဂျပန်) ဖြင့် ပယ်ချခြင်းခံခဲ့ရသည်။

ထိုအဆိုမူကြမ်းမှာ တောင်အာဖရိကနိုင်ငံက လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို တစ် သ မတ် တည်း ဆန့်ကျင်၍ နမီးဗီးယားကို မတရားဆက်လက်သိမ်းပိုက်ထားခြင်းအတွက် ပြင်းထန်စွာရှုတ်ချပြီး၊ လုံ ခြုံ ရေး ကောင်စီနှင့် ကုလသမဂ္ဂညီလာခံ ဆုံးဖြတ်ချက်များကို လိုက်နာရန် ငြင်း ဆန် ခြင်း သည် အပြည်ပြည် ဆိုင်ရာ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးအတွက် ကြီးမားသောအန္တရာယ် ဖြစ်ကြောင်း ဆုံးဖြတ်သတ်မှတ်ရန် ဖြစ်သည်။

လက်ဗန္ဓနအခြေအနေ—လက်ဗန္ဓနိုင်ငံ၏ အခွဲငါးဒေသများတွင် အကြမ်းဖက်မှုများ ဆက်လက်၍ တိုးတက်ဖြစ်ပွားလာရာ အရပ်သားများ၊ အထူးသဖြင့် ပါလက်စတိုင်းအမျိုးသားများ နေထိုင်ရာ စခန်းများ အတွင်းနှင့်အပြင် တစ်ဝိုက်ရှိ အရပ်သားများထိခိုက်ခံနေရခြင်းနှင့် စပ်လျဉ်း၍ အထူးစိုးရိမ်မကင်းရှိကြောင်း လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ထုတ် ဖော် ပြော ကြား ပြီး လျှင် သက် ဆိုင် ရာ တို့ အား ချက်ချင်းအပစ်အခတ်ရပ်စဲ၍ ထိုစခန်းများသို့ လူမှုကူညီထောက်ပံ့ရေးကိစ္စများအတွက် သွားရောက်ခွင့်ပြုကြရန် တောင်းဆိုလိုက်သည်။

နမီးဗီးယား ပြဿနာ—နမီးဗီးယား ဒေသတစ်ခွင်လုံး၌ တောင်အာဖရိက၏ သိမ်းပိုက်ရေးတပ်များက နမီးဗီးယားပြည်သူများအား တိုးတက် နှိပ်ကွပ်ခဲ့ကြရာ အပြစ်မဲ့သူ လူပေါင်းများစွာ သေဆုံးရသည်အထိ အခြေအနေများ ယိုယွင်းလာခြင်းကို အကြောင်းပြု၍ လုံခြုံရေးကောင်စီက ၁၉၇၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ထုတ်ပြန်ချက်တစ်ရပ်၌ နမီးဗီးယား အမျိုးသားများအား ဖိနှိပ် ချုပ်ချယ်၍ နှိပ်စက် ညှဉ်းပန်းမှုများကို ရှုတ်ချသည့်အပြင် တောင်အာဖရိကနိုင်ငံက နမီးဗီးယား ပြည်သူများအား နှိပ်ကွပ်ခြင်းနှင့် အိမ်နီးချင်း နိုင်ငံများအပေါ် မတရား သော အပြုအမူများ ပြုလုပ်ခြင်းအား လုံးကို ချက်ချင်း ရပ်စဲရန်လည်း တောင်းဆိုလိုက်သည်။

၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက် အမှတ် ၆၀၁ (၁၉၇၇) ကို ထောက်ခံမဲ ၁၄ မဲ၊ ကန့်ကွက်မဲ မရှိနှင့် ကြားနေတစ်မဲ (အမေရိကန်)ဖြင့် ချမှတ်ကာ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်အား တောင်အာဖရိကနိုင်ငံနှင့် အနောက်တောင်အာဖရိက ပြည်သူ့အဖွဲ့(ဆွာပို)တို့အကြား အပစ်အခတ်ရပ်စဲမှုတစ်ရပ်ရရှိအောင် စီစဉ်ပြီး နမီးဗီးယားတွင် ကုလသမဂ္ဂအသွင် ကူးပြောင်းမှု ကူညီရေးအဖွဲ့ကို ထားရှိရေးအတွက် လိုအပ်သော စီမံခန့်ခွဲရေးနှင့် အခြား စီမံဆောင်ရွက်မှုများပြုလုပ်ရန် အခွင့်အာဏာ ပေးအပ်လိုက်သည်။

လက်နက်ဖျက်သိမ်းရေး ကော်မရှင် အစည်းအဝေး

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၉ နိုင်ငံ ပါဝင်သည့် လက်နက်ဖျက်သိမ်းရေး ကော်မရှင်သည် ၎င်း၏ ၁၉၇၇ ခုနှစ် ဆိုင်ရာ အစည်းအဝေးကို ၁၉၇၇ ခုနှစ် မေလ ၄ ရက်မှ ၂၉ ရက်နေ့အထိ နယူးယောက်မြို့တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် ကုလသမဂ္ဂ အထွေထွေညီလာခံမှ အရေးယူဆောင်ရွက်ရန် ထောက်ခံတင်ပြရေးအတွက် အရေးကြီးသော ကိစ္စ ရပ် ခု နစ် ရပ် ကို ဆွေး နွေး ခဲ့ ကြ ရာ ၎င်းတို့မှာ လက်နက်ဖျက်သိမ်းမှုများနှင့် ပတ်သက်၍ စစ်ဆေးအတည်ပြုရေး၊ ရေတပ်လက်နက် ဖျက်သိမ်းရေး၊ သမားရိုးကျလက်နက်များ ဖျက်သိမ်းရေး၊ လက်နက်များအထူးသဖြင့် အကျုံးမြူလက်နက်များ အပြိုင်အဆိုင်တပ်ဆင်မှုနှင့် အကျုံးမြူလက်နက်များ ဖျက်သိမ်းရေး၊ လက်နက်ဖျက်သိမ်းရေးတွင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ၊ စစ်ဘက်အသုံးစရိတ်များ လျှော့ချရေးနှင့် တောင်အာဖရိကနိုင်ငံ၏ အကျုံးမြူစွမ်းပကားဟူသော အကြောင်းအရာများ ဖြစ်သည်။

လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့် အစည်းအဝေး

အဖွဲ့ဝင် ၄၀ ဦး ပါဝင်သည့် လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်၏ပထမပိုင်းအစည်းအဝေးကို ၁၉၇၇ ခုနှစ်ဖေဖော်ဝါရီလ ၃ ရက်မှ ၎ပြီလ ၃၀ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးက ဓာတုလက်နက်များဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုတွင် အရေးကြီးသောတိုးတက်မှုရရှိခဲ့သည်ကို သတိပြုမှတ်သားခဲ့သည်။

လက်နက် ဖျက်သိမ်းရေး ကွန်ဖရင့်၏ ဒုတိယပိုင်းအစည်းအဝေးကို ၁၉၇၇ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဂျီနီဗာမြို့၌ စတင်ဖွင့်လှစ်ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် ဆိုဗီယက် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဗလာဒီမီပက်ထရော့(ဗ်)စကီက "အကျုံးမြူလက်နက် စမ်းသပ်မှုများအားလုံးကို လုံးဝ ပိတ်ပင်တားမြစ်ရေး ဆိုင်ရာ စာချုပ်တစ်ခု၏ အခြေခံပြဋ္ဌာန်းချက်များ" ဟူသော ခေါင်းစဉ်ဖြင့် ပူးပေါင်း အဆိုမူကြမ်း တစ်ရပ်ကို ဆိုဗီယက်ပြည်ထောင်စုနှင့် ဆိုရှယ်လစ်နိုင်ငံများကိုယ်စား တင်သွင်းခဲ့သည်။

အင်အား အသုံးမပြုရေး ကြေညာချက်

အပြည်ပြည်ဆက်ဆံရေးများတွင် အင်အားအသုံးမပြုရေးမူဝါဒ တိုးတက်ထိရောက်ထက်မြက်ရေးဆိုင်ရာ အထူးကော်မတီသည် ၎င်း၏ ၁၉၇၇ ခုနှစ်အတွက် အစည်း

အဝေးကို မတ်လ ၉ ရက်မှ ၂၇ ရက်နေ့အထိ နယူးယောက်မြို့တွင် ကျင်းပခဲ့သည်။ ဤအစည်းအဝေးတွင် ၎င်းကော်မတီသည် ၄၂ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တင်ပြရေးအတွက် အပြည်ပြည်ဆက်ဆံရေးများတွင် အင်အားအသုံးမပြုရေးမူဝါဒကို တိုးတက်ထိရောက်ထက်မြက်ရေးနှင့် ပတ်သက်သည့် ကြေညာချက်မူကြမ်းတစ်စောင်ကို အပြီးသတ်ရေးဆွဲလုပ်ဆောင်ခဲ့သည်။ ဤအထူးကော်မတီမှာ ၁၉၇၇ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၃၂/၁၅၀ ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာကော်မတီသည် ဖော်ပြပါကြေညာချက်မူကြမ်း ပြုစုရေးဆွဲရေးလုပ်ငန်းကို ၁၉၇၈ ခုနှစ်မှစ၍ လုပ်ဆောင်လာခဲ့သည်။

မူးယစ်ဆေးဝါးများဆိုင်ရာ ကုလသမဂ္ဂ ကော်မရှင် အစည်းအဝေး

အဖွဲ့ဝင် ၄၀ ပါဝင်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးထိန်းချုပ်ရေးကိစ္စရပ်များတွင် ကုလသမဂ္ဂ၏ အဓိကမူဝါဒချမှတ်ရေး အဖွဲ့အစည်းဖြစ်သည့် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာကော်မရှင်သည် ၎င်း၏ ၁၉၇၇ ခုနှစ် ၃၂ ကြိမ်မြောက်အစည်းအဝေးကို ဖေဖော်ဝါရီလ ၂ ရက်မှ ၁၁ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပပြီး ဆုံးဖြတ်ချက်ကိုးရပ်ကို ချမှတ်ခဲ့သည်။ ဤအစည်းအဝေးတွင် ယင်းကော်မရှင်က ၁၉၇၄ ခုနှစ် ဒီဇင်ဘာလအတွင်း၌ ကုလသမဂ္ဂအထွေထွေညီလာခံမှ ကောင်းဆိုချက်အရ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးနှင့် စိတ်ကြွဆေးများ ရောင်းဝယ်ဖောက်ကားမှုနှင့်ပတ်သက်၍ သဘောတူစာချုပ်မူကြမ်းအသစ်တစ်ခု ပြုစုရေးဆွဲရေးကိစ္စတွင် ရရှိထားပြီးသော တိုးတက်မှုကို ပြန်လည်သုံးသပ်ခဲ့သည်။

မူးယစ်ဆေးဝါးများဆိုင်ရာ နိုင်ငံတကာ မျက်နှာစုံညီ အစည်းအဝေး

မူးယစ်ဆေးဝါးများ အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်ကို ၁၉၇၇ ခုနှစ် ဇွန်လ ၁၇ ရက်မှ ၂၆ ရက်နေ့အထိ ဗီယင်နာမြို့တွင် ကျင်းပခဲ့ရာ ၁၃၅ နိုင်ငံမှ အစိုးရတို့၏ ကိုယ်စားလှယ်များအပြင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအစိုးရအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဤအစည်းအဝေးမှာ ၁၉၇၅ ခုနှစ်မေလတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာပဲရက် ဒေကွေးလျားက မူးယစ်ဆေးဝါးများ မတရား သုံးစွဲခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂမှ ကမကထပြုသော ကမ္ဘာ့ မျက်နှာစုံညီ အစည်းအဝေးတစ်ရပ်ကျင်းပရန် အဆိုပြုချက်အရ ကျင်းပခဲ့ခြင်းဖြစ်သည်။ (အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး(ဆောင်းပါး)—ရှု။)

အဏုမြူစွမ်းအင် အသုံးပြုမှုဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေး

အဏုမြူ စွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးပြုရေးတွင် နိုင်ငံတကာ ပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ကုလသမဂ္ဂ မျက်နှာစုံညီ အစည်းအဝေးကို ၁၉၇၅ ခုနှစ် မတ်လ ၂၃ ရက်မှ ပြီလ ၁၀ ရက်နေ့အထိ ဂျီနီဗာမြို့တွင် ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၁၀၆ နိုင်ငံအပြင် ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းပေါင်း မြောက်မြားစွာတို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဤအစည်းအဝေးမှာ အဏုမြူစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုခြင်းကို တိုးတက်မြင့်မားစေရေးအတွက် ပထမဆုံးကျင်းပသည့် ကုလသမဂ္ဂ ကမ္ဘာ့အစည်းအဝေးကြီးပင် ဖြစ်သည်။

အိမ်ရာမဲ့များ အမိုးအကာရရှိရေး နိုင်ငံတကာနှစ်

၁၉၀၇ ခုနှစ်သည် "အိမ်ရာမဲ့များ အမိုးအကာရရှိရေး နိုင်ငံတကာနှစ်" ဖြစ်သည်။ ၁၉၀၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင် ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံကယင်းသို့သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ (အိမ်ရာမဲ့များ အမိုးအကာရရှိရေး နိုင်ငံတကာနှစ် —ရှု။) ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ကို "ကမ္ဘာ့အိုးအိမ်နေ့" အဖြစ် သတ်မှတ်ကာ ဤနေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က သဝဏ်လွှာတစ်စောင် ထုတ်ပြန်ခဲ့သည်။

ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ (အန်တက်)

။ ၁၉၆၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေညီလာခံကြီးသည် အမြဲတမ်း လုပ်ငန်းအဖွဲ့ တစ်ရပ်အဖြစ် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုညီလာခံ(အန်တက်)အဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် အခြေစိုက်သည့် အန်တက် အဖွဲ့သည် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၉ နိုင်ငံ ပါဝင်သည်။ အန်တက်အဖွဲ့၏ နှစ် ၂၀ သမိုင်းတစ်လျှောက်တွင် အောင်မြင်သော လုပ်ငန်းများကို တွေ့ရလေရာ ဖွံ့ဖြိုးဆဲ နိုင်ငံများမှ တင်ပို့သော စက်မှုကုန်ချောများကို ဖွံ့ဖြိုးပြီးနိုင်ငံများက အကောက်ခွန်ဆိုင်ရာ ယေဘုယျ အခွင့်အရေးပေးမှုစနစ် (ဂျီအက်စ်ပီ) ထားရှိမှုလည်း အပါအဝင် ဖြစ်သည်။ ဖွံ့ဖြိုးမှု အနည်းဆုံး နိုင်ငံများဆိုင်ရာ

ညီလာခံကို ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့မှ ၁၄ ရက်နေ့ အထိ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပနိုင်ရန် အန်တက်က ကမကထ ပြုလုပ်ခဲ့သည်။ ထိုစဉ်က ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံပေါင်း ၃၁ နိုင်ငံ၏ စုစုပေါင်းလူဦးရေ ၂၇၂ ဒသမ ၆ သန်းကို ကူညီပံ့ပိုးရန် သဘောတူညီချက်များ ချမှတ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၂-စာ၊ ၁၄၂—ရှ။) ယခုအခါတွင် ဂျီဗူတီ၊ အီကွေတိုရီယယ်ဂင်းနီ၊ စောတိုမီနှင့် ပရင်စီပီ၊ ဆီယာရာလီအွန်းနှင့် တိုဂိုနိုင်ငံတို့ တိုးလာသဖြင့် ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံ ၃၆ နိုင်ငံ ရှိနေပြီဖြစ်သည်။

သတ္တမအကြိမ်မြောက် အန်တက် ညီလာခံကို ၁၉၇၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့မှ သြဂုတ်လ ၃ ရက်နေ့ထိ ဂျီနီဗာမြို့၌ ကျင်းပခဲ့ပြန်သည်။

ညီလာခံတွင် အန်တက်အဖွဲ့၏ အတွင်းရေးမှူးချုပ် မစ္စတာ ကဲနက်ဒက်ဇီက အောက်ပါအချက်များကို တိုက်တွန်းခဲ့သည်။

–ပိုမိုကောင်းမွန်သော ကြွေးမြီဆိုင်ရာ နည်းဗျူဟာများ ချမှတ်ခြင်းဖြင့် တောင်ကမ္ဘာနှင့်မြောက်ကမ္ဘာ နိုင်ငံများအကြား စီးပွားရေးပြဿနာများ ဖြေရှင်းရန်။

–ကမ္ဘာ့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကုန်စည်များ ပိုမိုဝယ်ယူရန်နှင့် သင့်လျော်သော အတိုးနှုန်းဖြင့် ချေးငွေများ ကူညီကြရန်။

–ကမ္ဘာ့ဆင်းရဲသော နိုင်ငံများပေါ်တွင် တင်ရှိသော ကြွေးမြီကို အထောက်အပံ့ပေးငွေ (Grant) အဖြစ် ပြောင်းလဲပေးသည့် လုပ်ဆောင်ချက် ကို တိုးချဲ့ဆောင်ရွက်ရန်။

–ကုန်စည်ဆိုင်ရာ စုပေါင်းရန်ပုံငွေ (Common Fund for Commodities) ကို အဖွဲ့ဝင်နိုင်ငံများက ဆောလျင်စွာ အတည်ပြုကြရန်။

လက်ရှိအခြေအနေ

သတ္တမအကြိမ်မြောက် အန်တက်ညီလာခံ ကျင်းပနေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီသည် ဒေါ်လာ တစ်ထရီလီယံကျော်နေပြီ ဖြစ်သည်။ ၁၉၇၅ ခုနှစ်က ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကြွေးမြီသည် ဒေါ်လာသန်းပေါင်း ၉၉၂,၀၀၀ တင်ရှိခဲ့ရာမှ ၁၉၇၆ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၁၀,၃၅,၀၀၀ သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ကုန်စည်ဆိုင်ရာ စုပေါင်းရန်ပုံငွေအစီအစဉ်ကို ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း အန်တက်က ကမကထပြုလျက် စေ့စပ်ညှိနှိုင်းရေးဆွေးပြီး ၁၉၈၀ ပြည့်နှစ်က တီထွင်ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ကုန်စည်ရောင်းဝယ်မှုနှင့် စပ်လျဉ်း၍ ကြားခံကုန်များ (Buffer Stocks) ထားရှိရေးအတွက် လိုအပ်သော ငွေကြေးကို ကုန်စည်ဆိုင်ရာ စုပေါင်းရန်ပုံငွေမှ ထုတ်ချေးရန် အစီအစဉ်ဖြစ်သည်။ ယင်းအစီအစဉ်အရ ဆောင်ရွက်လျှင် ကုန်စည်ဈေးကွက်များ တည်ငြိမ်လာနိုင်သောကြောင့် တင်ပို့ရောင်းချသော နိုင်ငံရော တင်သွင်းသည့် နိုင်ငံများပါ အကျိုးရှိစေမည်ဟု ဆိုသည်။ သို့သော် အမေရိကန်ပြည်ထောင်စု အပါအဝင် အဖွဲ့ဝင်နိုင်ငံအချို့က ထိုရန်ပုံငွေကို အတည်မပြုသေးသဖြင့် ဆိုင်းငံ့ထားရသည်။ ဆိုဗီယက်က ယင်းရန်ပုံငွေသို့ ထည့်ဝင်မည်ဟု ကြေညာထားပြီး ဖြစ်သော်လည်း ဆိုဗီယက်က ထည့်ဝင်သည့်တိုင် သတ်မှတ်ထားသည့် ဒေါ်လာသန်း ၄၇၀ မပြည့်သေးဘဲ ကတိပြုထားသည့် မတည်ငွေ၏ ၆၅ ဒသမ ၂၆ ရာခိုင်နှုန်းသာ ရှိမည်ဖြစ်၍ ယင်းအစီအစဉ်ကို အကောင်အထည် မဖော်နိုင်သေးချေ။

အန်တက်အစီရင်ခံစာ

စက်မှုနိုင်ငံများရော၊ ဖွံ့ဖြိုးဆဲနိုင်ငံများပါ ၁၉၇၇ ခုနှစ်တွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနေမည်ဟု သတ္တမအကြိမ်မြောက် အန်တက်ညီလာခံ၏ နှစ်ပတ်လည် အစီရင်ခံစာ၌ ဖော်ပြထားပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ကုန်ထွက်မှာ ၁၉၇၆ ခုနှစ်က ၃ ဒသမ ၂ ရာခိုင်နှုန်းဖြင့် အနည်းငယ်သာ တိုးတက်ခဲ့ကြောင်း ဖော်ပြထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ၁၉၇၇ ခုနှစ် စီးပွားရေးတိုးတက်မှုနှုန်းမှာ ၁၉၇၆ ခုနှစ်ထက် လျော့နည်းကာ ၂ ဒသမ ၉ ရာခိုင်နှုန်းသာ ရှိမည်ဟု ခန့်မှန်းထားသည်။ စက်မှုနိုင်ငံများ၏ စီးပွားရေး တိုးတက်မှုနှုန်းမှာ ၁၉၇၅ ခုနှစ်တွင် ၂ ဒသမ ၈ ရာခိုင်နှုန်းနှင့် ၁၉၇၆ ခုနှစ်တွင် ၂ ဒသမ ၄ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်ဟု ဖော်ပြထားသည်။ ၁၉၇၇ ခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းသာ တိုးတက်မည်ဟု ခန့်မှန်းထားသည်။

သဘောတူညီချက်များ

ကမ္ဘာ့ချမ်းသာသော နိုင်ငံများနှင့် ဆင်းရဲသောနိုင်ငံများမှ ကိုယ်စားလှယ်များသည် အန်တက်ညီလာခံတွင် ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြရာ သတ်မှတ်ထားသောရက်ထက် သုံးရက် ပိုမိုကြာမြင့်ခဲ့သည်။ ကြွေးမြီပြဿနာနှင့် စပ်လျဉ်း၍ အငြင်းပွားမှုကြောင့် ညီလာခံ ကြန့်ကြာခဲ့ရသည်ဟု ဆိုသည်။ အာဂျင်တီးနားနိုင်ငံ စီမံကိန်းဝန်ကြီး ဂရင်းစ်ပန်သည် အတိုးနှုန်းများကို အထူးလျော့ချပြီး ဘဏ်များက ကြွေးမြီအများအပြား လျော်ပစ်မည့် နည်းလမ်းဖော်ထုတ်ရန် တင်ပြခဲ့သည်။ ယင်းတင်ပြချက်ကို လက်တင်အမေရိက

နိုင် ငံ များ က ထောက် ခံ ခဲ့ ကြ သည်။ ကုန်စည်ဆိုင်ရာ စုပေါင်း ရန်ပုံငွေ ထားရှိပြီး ယင်းရန်ပုံငွေကို ကုန်စည် စျေးနှုန်း တည်ငြိမ်ရေးအတွက် သုတေသနလုပ်ငန်းများ ပြုလုပ်ရေးတွင် အသုံးချရန် ယင်းအန်တက်ညီလာခံတွင် အတည်ပြုခဲ့ကြသည်။ ကုန်စည် သဘောတူညီချက်သစ်များ ပြုလုပ်နိုင်မည့် အလားအလာကို စိစစ်ရန်လည်း ညီလာခံသဘောတူညီချက်တွင် ဖော်ပြခဲ့သည်။ သတ္တမအကြိမ်မြောက် အန်တက်ညီလာခံတွင် မဖြေရှင်းနိုင်သေးပြဿနာများ ရှိခဲ့သော်လည်း တတိယကမ္ဘာနိုင်ငံများ၏ ကြေးမုံပြဿနာ တစ်စိတ်တစ်ဒေသ ဖြေရှင်းရေးတွင် လည်းကောင်း၊ စုပေါင်းရန်ပုံငွေ အကောင်အထည်ဖော်ဆောင်ရွက်ရေးတွင်လည်းကောင်း သဘောတူညီချက်များ အထိုက်အလျောက် ရရှိခဲ့သည်ဟု ဆိုနိုင်ပေသည်။

ကေလာသာဘိဝံသ၊ ဆရာတော်ဘဒ္ဒန္တ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့တွဲဖက်အကျိုးတော်ဆောင်၊ မိတ္ထီလာမြို့၊ သာသနဝေပုလ္လ ပါဠိတက္ကသိုလ်ကျောင်းတိုက် (မြန်မာ ၁၂၉၂–၁၃၄၉)။ ။ဆရာတော် ဘဒ္ဒန္တ ကေလာသာဘိဝံသကို မန္တလေးတိုင်းသာစည်မြို့နယ်၊ ဝမ်းသာရွာ၌ ခမည်းတော် ဦးငြိမ်း၊ မယ်တော် ဒေါ်ဇော်တင့်တို့က ၁၂၉၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့တွင် ဖွားမြင်သည်။ ၁၃ နှစ်သား အရွယ်တွင် ဝမ်းသာရွာ အရှေကျောင်းဆရာတော် ဦးသီလာစာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။

၁၃၁၁ ခုနှစ် နတ်တော်လဆန်း ၁ ရက် တနင်္ဂနွေနေ့တွင် ဝမ်းသာရွာ အရှေကျောင်း ခဏ္ဍသိမ်၌ ဆရာတော် ဦးသီလာစာရကိုပင် ဥပဇ္ဈာယ်ပြု၍ မယ်တော်၊ ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ဆရာရင်း ဦးသီလာစာရထံ၌ သာမဏေ ၁၇ နှစ်သား အရွယ်ထိ သဒ္ဒါ၊ သင်္ဂြိဟ်စသော ပရိယတ္တိ အခြေခံကျမ်းစာများကို သင်ယူခဲ့ပြီး သာမဏေ ၁၈ နှစ်သား အရွယ်မှ ရဟန်းသုံးဝါရသည်အထိ မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံကျောင်းတိုက်သို့ ပြောင်းရွှေ့ နေထိုင်ကာ ယင်းကျောင်းတိုက် ပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဥတ္တမနှင့် ဂဏဝါစက စာချဆရာတော်များထံ ပါဠို၊ အဋ္ဌကထာ၊ ဋီကာ၊ နေ့ဝါ ညဝါ ကျမ်းစာများကို ဆည်းပူးတော်မူသည်။ ထိုသို့ ဆည်းပူးရင်း စာမေးပွဲများ ဝင်ရောက် ဖြေဆိုတော်မူရာ အစိုးရပါဠို ပထမပြန် စာမေးပွဲ ငယ်၊ လတ်၊ ကြီးအတန်းများကို



နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးဓတော်ဆောင် ဆရာတော်ဘဒ္ဒန္တ ကေလာသာဘိဝံသ

လည်းကောင်း၊ အစိုးရ ဓမ္မာစရိယ စာမေးပွဲကို တစ်နှစ်တည်းဖြင့် ဂုဏ်ထူးလေးကျမ်းနှင့်တကွ ကျမ်းရင်းသုံးကျမ်းကို လည်းကောင်း အကျအန္တုမရှိ နှစ်ကာလမခြား ဆက်တိုက် အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် စာမေးပွဲများ အောင်မြင်တော်မူပြီးနောက် ပိဋကတ်ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၏ နည်းနိဿယအာစရိယမုဋ္ဌိကို စုံနိုင်သမျှ စုံအောင် ရယူလိုပြန်သဖြင့် မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက်တောင် ကန် က လေး ကျောင်း တွင် နေ၍ ရွှေဘုန်းရှိန်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဥက္ကံသာဘိဝံသ (ဦးကြွယ်)၊ သာသနာ့ဇော တိကာရုံ အုတ် ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးနာရဒ၊ အမရပူရကျောင်း ဆရာတော် ဦးဥက္ကံသာဘိဝံသ၊ မြင်းဝန်မင်းကြီးတိုက် ပတ္တမြားကျောင်းအဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဥက္ကံသာဘိဝံသ၊ ဆီးဘန်နီတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအာစာရာဘိဝံသ စသော ကျမ်းတတ်အကျော် ဆရာတော်များ၊ ရန်ကုန်မြို့ အိမ်တော်ရာကျောင်းတိုက် ဓမ္မရုံသီကျောင်းတွင်နေ၍ ဗဟန်း၊ ညောင်တုန်းကျောင်းတိုက်ဆရာတော် ဦးဓမ္မိန္ဒနှင့် ဂဏဝါစကစာချဆရာတော်များ စသည့်ဆရာတော် အသီးသီးထံ၌ ပါဠိအဋ္ဌကထာဋီကာ ကျမ်းစာ အဖြာဖြာတို့ကို သင်ကြား ဆည်းပူးတော်မူခဲ့သည်။

ဆရာတော်သည် ရဟန်းငါးဝါအရွယ်တွင် ကျေးဇူးရှင် ငယ်ဆရာတော်နှင့် မယ်တော်ကြီးတို့၏ ဆန္ဒကို ဖြည့်ဆည်းသောအားဖြင့် ငယ်စဉ်က ပရိယတ္တိအခြေခံယူခဲ့ရာ ဌာနဖြစ်သော ဇာတိ ဝမ်းသာရွာ အရှေကျောင်း၌ စာသင်သား သံဃာ ကိုးပါးမျှဖြင့် စာသင်တိုက် စတင်တည်ထောင်တော်မူခဲ့သည်။

ဆရာတော်သည် ယင်းစာသင်တိုက်တွင် ပရိယတ္တိစာပေများကို တပည့်များအား သင်ကြားပို့ချတော်မူခဲ့ရာ

လေးနှစ်အတွင်း ပထမကြိမ်တန်းအောင် စာသင်သံဃာ ၁၀ ပါးအထိ ပေါ်ထွက်လာခဲ့သည်။ ထို့ကြောင့် ၁၃၂၀ ပြည့်နှစ်၌ ဆရာတော်၏ စာသင်တိုက်သည် ပါဠိတက္ကသိုလ် ကျောင်း တိုက် အဖြစ် အသိအမှတ်ပြုခြင်းခံရကာ ပါဠိတက္ကသိုလ် ကျောင်းအုပ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ဘော်မူခဲ့သည်။

ဆရာတော်သည် ၁၀ ဝါရသောအခါ ဇာတိဝမ်းသာရွာ၌ စာသင်သံဃာ ၃၀ ခန့် ဖြစ်လာသော ကြောင့် ကျေးဇူးရှင် မိတ္ထီလာမြို့ သဒ္ဓမ္မဝံသာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏတ္တမ၏ မိန့်ကြားတော်မူချက်အရ ကျယ်ကျယ်ပြန့်ပြန့် သာသနာပြုနိုင်ရန် ၁၃၂၁ ခုနှစ်တွင် မိတ္ထီလာမြို့သို့ ပြောင်းရွှေ့၍ သာသနဝေပုလ္လ ပါဠိတက္ကသိုလ် ကျောင်းတိုက် ဟူသော ပါဠိ တက္ကသိုလ် ကျောင်းတိုက်ကြီးကို တည်ထောင်ကာ သာသနာပြုတော်မူခဲ့သည်။

ဆရာတော်သည် အဆိုပါကျောင်းတိုက်ကြီးကို သံဃာအရေအတွက်အားဖြင့် ၃၀ ခန့်၊ တိုက်တာ အဆောက်အအုံအားဖြင့် ဝါးကျောင်းငယ် တစ်ကျောင်းဖြင့် စတင် တည် ထောင်လာခဲ့ပြီး ၁၃၄၆ ခုနှစ်၊ ကျောင်းတိုက် သက်တမ်း ၂၅ နှစ်ပြည့်သောအခါ ကျောင်းတိုက်သံဃာ ၂၀၀ ကျော်နှင့် အုတ်တိုက်ကျောင်း ၁၁ ကျောင်းအထိ တိုးတက်မှုရှိအောင် ပရိယတ္တိသာသနာ့တာဝန်ကို အားသွန်စွမ်းဆောင်တော်မူခဲ့သည်။


ဆရာတော်သည် ပါဠိတက္ကသိုလ် ကျောင်းအုပ်တာဝန်၊ ကိုယ်စားလှယ် တာဝန်၊ အမှုဆောင် တာဝန်၊ စာမေးပွဲအဖြေလွှာများ စစ်ဆေးရေးတာဝန်၊ မိတ္ထီလာမြို့ပေါ်ရှိ ရွှေမြင်တင်စသော ထင်ရှား သည့် စေတီ ပုထိုးများ၏ ဂေါပကအဖွဲ့ ဩဝါဒိစရိယ တာဝန်၊ ကျောင်း တိုက် ရှိ ဘပည့် ရဟန်း သာမဏေ ၂၀၀ ကျော်တို့၏ ပညာရေး၊ အုပ်ချုပ်ရေးတာဝန်များနှင့် ဒါယကာ ဒါယိကာမများ အား သွန်သင်ဆုံးမ ဟောပြောရသည့် ဓမ္မကထိကတာဝန်များကို ထမ်းဆောင်တော်မူလျက် သာသနာပြုတော်မူခဲ့သည်။

ထို့ပြင် ဆရာတော်သည် ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့ အစည်းအဝေးကြီး ဖြစ်မြောက်ရေး ဝန်ဆောင် ဆရာတော် ၆၆ ပါးတွင် အဖွဲ့ဝင်၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးကြီးတွင် သံဃသမ္မတိရသံဃာ့ကိုယ်စားလှယ်၊ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်၊ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့ဝင်၊ ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးကွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက် အကျိုးတော်ဆောင်(၆) အဖြစ်တာဝန်အသီးသီး ထမ်းဆောင်တော်မူခဲ့သည်။

ထိုသို့ သာသနာ့တာဝန်အသီးသီးကို ထမ်းဆောင်ရင်း အားလပ်သည့် အချိန်ပိုင်းတွင် ရဟန်း ရှင် လူ တို့အတွက် ကျေးဇူးများမည့် ကျမ်းစာများကိုလည်း ရေးသား ပြုစုတော်မူရာ စိတ်ချမ်းသာရေး လမ်းညွှန်စာအုပ်မှာ ရိုက်နှိပ်ပြီးဖြစ်၍ စနစ်သစ် ပထမပြန်သင်္ကြိုဟ်ကျမ်းမှာ စာမူအဆင့်ရောက်ခဲ့သည်။

သာသနာ့တာဝန်အသီးသီးကို ထမ်းဆောင်တော်မူသောကြောင့် ရဟန်းရှင်လူ အားလုံးတို့၏ ကြည်ညိုလေးစား အားထားမှုကို ခံယူရရှိတော်မူသော ဆရာတော် ဘဒ္ဒန္တ ကေလာသာဘိဝံသသည် ၁၃၄၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်နေ့တွင် မိတ္ထီလာမြို့၊ သာသန ဝေပုလ္လ ပါဠိတက္ကသိုလ် ကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ကိုရီးယားသမ္မတနိုင်ငံ။ ။ကိုရီးယား သမ္မတနိုင်ငံတွင် စီးပွားရေး ဖွံ့ဖြိုးမှုသည် လွန်ခဲ့သော အနှစ် ၂၀ ကျော်က နှစ်စဉ် ဂ ရာခိုင်နှုန်းခန့်သာ ရှိနေခဲ့ရာမှ ၁၅ ဒသမ ၇ ရာခိုင်နှုန်းသို့ ရောက်ရှိလာသည်။ ၄ ဒသမ ဂ ရာခိုင်နှုန်းမျှသာ ရှိသော အမေရိကန် ပြည်ထောင်စု၊



ဒသမ ၂ ရာခိုင်နှုန်းမျှသာရှိသော ဂျပန်နိုင်ငံတို့နှင့် နှိုင်းယှဉ်ကြည့်လျှင် ဖွံ့ဖြိုးမှုနှုန်း မြင့်မားကြောင်းသိသာသည်။ တိုင်းပြည်ထွက်ကုန် စုစုပေါင်းတန်ဖိုး (ဂျီအင်ပီ) သည် ၁၉၈၅ ခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ရာမှ ၁၉၈၆ ခုနှစ်တွင် (ငွေဖောင်းပွမှုနှင့်ညှိနှိုင်းပြီး) ၁၂ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာသည်။ ယင်းသည် အနှစ် ၂၀ အတွင်း အမြင့်ဆုံးဖြစ်သည်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုသည် ၁၉၈၇ ခုနှစ် ပထမနှစ်ဝက်တွင် ၁၉၈၆ ခုနှစ် ပထမနှစ်ဝက်ကထက် ၈၉ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ကာ အမေရိကန်ဒေါ်လာ ၂၆၅ သန်းသို့ ရောက်ရှိသည်။ အရှေ့တောင်အာရှတွင် ဒေါ်လာ ၁၆၃ သန်းဖိုး၊ မြောက်အမေရိကတွင် ၇၁ သန်းဖိုး၊ ကျန်ဒေသများတွင် ၃၁ သန်းဖိုး အသီးသီးရင်းနှီးမြှုပ်နှံထားသည်။ အမျိုးသားတစ်ဦးချင်းဝင်ငွေသည် ၁၉၆၅ ခုနှစ်က တစ်နှစ်လျှင် ၁၀၅ ဒေါ်လာသာ ရှိခဲ့ရာမှ ၁၉၈၆ ခုနှစ်အကုန်တွင် ဒေါ်လာ ၂,၃၀၀ သို့ တိုးတက်လာပြီဖြစ်သည်။ ၁၉၆၃ ခုနှစ်က တောင်ကိုရီးယားလူမျိုး ၄၃ ရာခိုင်နှုန်းသာ မြို့ပြဒေသတွင် နေထိုင်ခဲ့သော်လည်း ၁၉၈၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ၈၀ ရာခိုင်နှုန်းမျှ နေထိုင်ပြီဟု ဆိုသည်။ စာတတ်မြောက်မှုနှုန်းမှာ ၉၈ ရာခိုင်နှုန်းရှိ၍ ကမ္ဘာပေါ်တွင် အမြင့်မားဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ အထက်တန်းပညာ အောင်မြင်သူသုံးပုံ တစ်ပုံသည် အဆင့်မြင့် ပညာကို ဆက်လက်ဆည်းပူးနိုင်ကြသည်ဟု ဆိုသည်။ သို့ရာတွင် ပြည်ပကြွေးမြီပမာဏသည် ဒေါ်လာ သန်းပေါင်း ၄၃,၀၀၀ တင်ရှိနေရာ လွန်ခဲ့သော ၁၀ နှစ်ခန့်က ဒေါ်လာ သန်း ဂ,၄၀၀ နှင့် နှိုင်းစာလျှင် အလွန်မြင့်တက်လာသည်ဟု ဆိုနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများထဲတွင် စတုတ္ထမြောက် ကြွေးမြီအထူဆုံးနိုင်ငံဖြစ်သည်။ ယင်းကြွေးမြီပမာဏသည် ၁၉၈၅ ခုနှစ်က ဒေါ်လာသန်းပေါင်း ၄၆,၀၀၀ ရှိခဲ့ရာမှ လျော့ကျလာခြင်းဖြစ်သည်။

ကုန်ထုတ်လုပ်မှု လုပ်အားခစရိတ်သည် ၁၉၆၃ ခုနှစ်တွင် တစ်နာရီလျှင် ၁ ဒသမ ၅၅ ရာခိုင်နှုန်းမျှသာရှိသည်။ ကုန်ထုတ်လုပ်မှု ကဏ္ဍမှ လုပ်သားများသည် တစ်ပတ်လျှင် အလုပ်ချိန် ၅၄ ဒသမ ၄ နာရီလုပ်ရပြီး လုပ်ခ ဝင်ငွေမှာ တစ်လလျှင် ဒေါ်လာ ၂၆၀ မျှသာ ရရှိသဖြင့် စက်မှုဖွံ့ဖြိုးသော နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်သည်ဟု ဆိုသည်။ နှစ်စဉ် လုပ်ခတိုးတက်မှုနှုန်းမှာ ၆ ရာခိုင်နှုန်းမျှသာ ရှိ၍ နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းနှင့် နှိုင်းစာလျှင် အလွန်နည်းသည်ဟု ဆိုနိုင်သည်။ ဟယ္ဒန်ဒိုင်အမည်ရှိ ကားနှင့် သင်္ဘော ထုတ်လုပ်ရေး ကုမ္ပဏီကြီးသည် ၁၉၆၃ ခုနှစ်မှ ၁၉၈၇ ခုနှစ် နှစ်ဝက်ပိုင်းကာလအထိ အမေရိကန် ပြည်ထောင်စုသို့ ကားစင်းရေ ၁,၆၈,၀၀၀ တင်ပို့ရောင်းချခဲ့ရာ



ကိုရီးယားသမ္မတနိုင်ငံ၏သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော နုံတေဝူး

အမေရိကန် မော်တော်ယာဉ်သမိုင်းတွင် အအောင်မြင်ဆုံးသော ကားတင်သွင်းမှုလုပ်ငန်းအဖြစ် မှတ်တမ်းတင် ခံရသည်အထိ အမြတ်အစွန်း ရခဲ့သည်။ ၁၉၈၇ ခုနှစ်တွင် ယင်းကုမ္ပဏီမှ အလုပ်သမားများက လုပ်ခ ၁၇ ရာခိုင်နှုန်း တိုးမြှင့် ရရှိရေးအတွက် ဆန္ဒပြ တောင်းဆိုရသည့် ဖြစ်ရပ်ပေါ် ပေါက်ခဲ့သည်။ ယင်းဆန္ဒပြပွဲသည် အနှစ် ၂၀ ကာလအတွင်း အပြင်းထန်ဆုံး ဖြစ်သည်။ ထိုသို့ စီးပွားရေးကဏ္ဍတွင် အောင်မြင်မှုများလည်း ရှိသကဲ့သို့ ပြဿနာများလည်း ရှိနေပေသည်။ နိုင်ငံရေးတွင်လည်း ထူးခြားသော အလှည့်အပြောင်းများရှိသည်။

သမ္မတ ချန်ဒူးဝှမ်သည် လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပပေးပြီးလျှင် ၁၉၈၈ ခုနှစ် ဖေဖော်ဝါရီလတွင် ရာထူးကို စွန့်လွှတ်တော့မည်ဟု ၁၉၈၇ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ကြေညာခဲ့သည်။ အဓိက အတိုက်အခံပါတီဖြစ်သော နယူးကိုရီးယား ဒီမိုကရက်တစ်ပါတီ (အင်ကေဒီပီ)က သမ္မတရာထူးအတွက် တိုက် ရိုက် ရွေး ချယ်တင်မြှောက်ပွဲကျင်းပပေးရေးကို တောင်းဆိုသည့် လှုံ့ဆော်လှုပ်ရှားမှု ပိုမို ပြင်း ထန် လာ သည်။ အီလက်တိုရယ် ကောလိပ် အဖွဲဝင်များအဖြစ် ရွေးချယ် ခံထားရသူ

ကိုယ်စားလှယ် ၅၀၀၀ ၏ ဆန္ဒမဲဖြင့် သမ္မတရွေးချယ်တင်မြှောက်သည့် စနစ်သည် အာဏာရ ပါတီအတွက် တစ်ပန်းသာ၍ တရားမျှတမှုမရှိဟု ဝေဖန်ကာ ယင်းစနစ်ကို ပယ်ဖျက်ရန် တောင်းဆိုခြင်း ဖြစ်သည်။ သမ္မတ ချန်ဒူးဝှမ်သည် ၁၉၈၁ ခုနှစ် ဖေဖော်ဝါရီလက ယင်းစနစ်ဖြင့် ရွေးချယ်ခံရပြီး နောက်ထပ် ခုနစ်နှစ်သက်တမ်းအတွက် တာဝန် ထမ်းဆောင်လာခဲ့ခြင်း ဖြစ်သည်။ တိုက်ရိုက်ရွေးကောက်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ အတိုက်အခံအဖွဲ့များနှင့် ဆွေးနွေးမှုကို ရပ်စဲလိုက်ပြီဟု ၁၉၈၇ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် သမ္မတ ချန်ဒူးဝှမ်က ကြေညာခဲ့သည်။ ထို့နောက် မေလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ် လိုရှင်ယွန်နှင့် ဝန်ကြီး ခုနစ်ဦး၏ နေရာတွင် အစားထိုးခန့်အပ်၍ အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းသည်။ ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှစ၍ တာဝန် ယူလာခဲ့သော လိုရှင်ယွန်၏ နေရာတွင် ဝန်ကြီးချုပ်အသစ်အဖြစ် လီဟန်ကီးကို ခန့်အပ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၁၃၀—ရှု။)

တစ်ဖန် သမ္မတ ချန်ဒူးဝှမ်သည် အာဏာရ ဒီမိုကရက်တစ် တရားမျှတမှုပါတီ(ဒီဂျေပီ)၏ သမ္မတလောင်းအဖြစ် ဒီဂျေပီ၏ဥက္ကဋ္ဌ နိုတေဝူးကို လျာထားကြောင်းဖြင့် ၁၉၈၇ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ကြေညာသည်။ ချန်ဒူးဝှမ်နှင့် နိုတေဝူးတို့သည် မြောက်ပိုင်းကျုံစန်းပြည်နယ် တေဂူးမြို့မှ တစ်မြို့တည်းသားများဖြစ်ကြပြီး လယ်သမား လူတန်းစားမှ မွေးဖွားကြီးပြင်းလာကြသူများ ဖြစ်ကြသည်။ ထို့ပြင် ၁၉၅၅ ခုနှစ်တွင် ကိုရီးယားစစ်တက္ကသိုလ် အတန်း ၁၁ ၌ အတူဆည်းပူး အောင် မြင် ခဲ့ ကြ သည့် ပြင် အမေရိကန် ပြည်ထောင်စု ဖို့ဘရက်စစ်သင်တန်းကျောင်း၌လည်း အတူ တက်ရောက်ခဲ့ကြသူများ ဖြစ်သည်။ ဗီယက်နမ်ရှိ တောင် ကိုရီးယား "ကျား" တပ်မတွင် တာဝန် ထမ်းဆောင်ပြန် သောအခါတွင်လည်း အတူတူပင် ဖြစ်သည်။ ၁၉၇၉ ခုနှစ် အောက်တိုဘာလတွင် ကိုရီးယား ဗဟိုထောက်လှမ်းရေး အေဂျင်စီ အကြီးအကဲက သမ္မတ ပတ်ချုံဟီးကို လုပ်ကြံသည့် ဖြစ်ရပ် ပေါ် ပေါက် ခဲ့ ပြီး တက် ရောက် ခဲ့ သော ကြားဖြတ် အစိုးရကို ဖြုတ်ချရာတွင်လည်း အတူတူပင် ဖြစ်သည်။ ထိုအချိန်မှစ၍ သမ္မတ ချန်ဒူးဝှမ်သည် နိုတေဝူး အား အရေးပါသော တာဝန်အမျိုးမျိုးကို အပ်နှင်းခဲ့သည်။ ၁၉၈၁ ခုနှစ်တွင် နိုတေဝူး တပ်မတော်မှ အငြိမ်းစား ယူလိုက်သောအခါ အမျိုးသား လုံခြုံရေးအတွက် ကွပ်ကဲရသော နိုင်ငံရေးရာ ဝန်ကြီးရာထူးနှင့် နိုင်ငံတကာ ဆက်ဆံရေး ဝန်ကြီးရာထူးကိုထမ်းဆောင်ရသည်။ ၁၉၈၂ ခုနှစ်တွင် အားကစားရေးရာဝန်ကြီးအဖြစ် တာဝန်ယူ၍ ၁၉၈၈ ခုနှစ်တွင် နွေရာသီ အိုလင်းပစ်ပဲတော် ကျင်းပရေး လုပ်ငန်းအတွက် အုတ်မြစ်ချပေးခဲ့သည်။ ယင်းလုပ်ငန်းကို တောင်ကိုရီးယားနိုင်ငံ ကမ္ဘာ့အလယ်တွင် ဂုဏ်တင့်စေမည့် အရေးပါသော လုပ်ငန်းအဖြစ် သမ္မတ **ချန်ဒူးဝှမ်က အလေးအနက်ထားသည်။**

ထို့နောက် နိုတေဝူးသည် ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခံခဲ့ရသည်။ ထိုလမှပင် ဒီဂျေပီဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။ နိုတေဝူးကို သမ္မတလောင်းအဖြစ် လျာထားခြင်းကို ၁၉၈၇ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် အာဏာရ ဒီဂျေပီပါတီ ညီလာခံက အတည်ပြု ပေးခဲ့ ပြီး နောက် ဆန္ဒပြပွဲများ ပြင်းထန်စွာ ပေါ် ပေါက်သည်။ ပူဆန်မြို့ ဆန္ဒပြပွဲသည် ၁၉၇၀ ပြည့်လွန်နှစ်များ၏ နောက်ပိုင်းတွင် အကြီးမားဆုံး ဖြစ်သည်ဟု ဆိုသည်။ ထိုအချိန်တွင် သမ္မတချန်ဒူးဝှမ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပဲ့များ ပြန်လည်ပြုလုပ်ရန် အတိုက်အခံ ခေါင်းဆောင် တစ်ဦးဖြစ်သူကင်ယန်းဆမ်အား ကမ်းလှမ်းသည်။ကင်ယန်းဆမ်က သမ္မတချန်သည် ယင်းပြဿနာကို လွှတ်တော် အတွင်း ညှိနှိုင်းအဖြေရှာရန် အဆိုပြုခြင်းဖြစ်၍ လက်မခံကြောင်းဖြင့် ဇွန်လ ၂၅ ရက်နေ့တွင် ကြေညာသည်။ ထို့ပြင် သမ္မတ ချန်ဒူးဝှမ်သည် အခြား အတိုက်အခံခေါင်း ဆောင်တစ်ဦးဖြစ်သူ ကင်ဒေးယုံကို အကျယ်ချုပ်မှ လွှတ် ပေးခဲ့သည်။ ကင်ဒေးယုံသည် အမေရိကန် ပြည်ထောင်စု ၌ နှစ်နှစ်ကြာမျ နေခဲ့ပြီးနောက် ၁၉၈၅ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ကိုရီးယားသို့ ပြန်လာခဲ့ရာ ထိုအချိန်မှစ၍ ၅၅ ကြိမ်တိုင်တိုင် အကျယ်ချုပ်ထားခြင်း ခံခဲ့ရသည်ဟု ဆိုသည်။

ဒီမိုကရေစီတိုးမြှင့်ရေးအတိုင်ပင်ခံကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌနှစ်ဦးဖြစ်သော ကင်ယန်းဆမ်နှင့် ကင်ဒေးယုံတို့သည် ၁၉၈၆ ခုနှစ် ဇန်နဝါရီလတွင် အင်ကေဒီပီနှင့် လက်တွဲခဲ့ကြပြီး သမ္မတရာထူးအတွက် တိုက်ရိုက် ရွေး ကောက် ပွဲ ကျင်းပပေးရေး တောင်းဆိုလှုပ်ရှားမှုကို ဆင်နွှဲခဲ့ကြသည်။ သို့ရာတွင် ၁၉၈၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် အင် ကေဒီပီ ဥက္ကဋ္ဌ လီမင်ဝူးနှင့် သဘောထား ကွဲလွဲခဲ့ကြပြီး ခဲ့ထွက်ခဲ့ကြကာ ပြန်လည်ပေါင်းစည်းရေး ဒီမိုကရက်တစ် ပါတီ (အာဒီပီ) ကို ထူထောင်ကြပြန်သည်။

ဒီဂျေပီ သမ္မတလောင်း နိုတေဝူးသည် ၁၉၈၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် အချက်ရှစ်ချက်ပါသော ပြုပြင် ပြောင်းလဲရေး အစီအစဉ်ကို ရုပ်မြင်သံကြားမှ ကြေညာ ခဲ့သည်။ တိုက်ရိုက် သမ္မတ ရွေးကောက်ပွဲစနစ်ပြဋ္ဌာန်းရန်၊ တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပရန်၊ ကွန်မြူနစ်များနှင့် ရာဇဝတ်ပြစ်မှုကြီးကျူးလွန်ထားသူများမှအပ

နိုင်ငံရေးအကျဉ်းသားအားလုံးကို လွှတ်ငြိမ်းခွင့် ပြုရန်၊ နိုင်ငံရေး လွှတ်လပ်ခွင့်များပေးရန်၊ စာနယ်ဇင်းလွှတ်လပ်ခွင့်ပေးရန်၊ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များနှင့်တက္ကသိုလ်အာဏာပိုင် အဖွဲ့များ ပြုပြင် ပြောင်းလဲရန်၊ နိုင်ငံရေးပါတီများ အတွက် အာမခံချက်ပေးရန်နှင့် ခြစားမှုများ တိုက်ဖျက်ရန်တို့ ပါဝင်သည်။ ယင်းအဆိုပြုချက် များကို သမ္မတ ချန်ဒူးဝှမ်က ဇူလိုင်လ ၁ ရက်နေ့တွင် သဘောတူ ထောက်ခံခဲ့သည်။ ဇူလိုင်လ ၁၉ ရက်နေ့တွင် ဝန်ကြီး ချုပ်နှင့် အစိုးရအဖွဲ့ဝင် ဂ ဦးနေရာတွင် အစားထိုး ခန့်အပ် သည်။ ဖယ်ရှားခံရသူများသည် ဒီဂျေပီ ပါတီဝင်များ ဖြစ်ကြပြီး အသစ်ခန့်အပ်သူများမှာ ယင်းပါတီဝင်များ မဟုတ်ကြချေ။ ဝန်ကြီးချုပ်အသစ်သည် ကင်ချန်ယူးဖြစ် သည်။ နိုတေဝူးကို ဒီဂျေပီပါတီ၏ အကြီးအကဲအဖြစ် ဗဟိုကော်မတီဝင် ၆၄၀ က သြဂုတ် လ ၅ ရက်နေ့တွင် တညီတညွတ်တည်း ရွေးချယ်တင်မြှောက်ခဲ့ပြန်သည်။

တောင်ကိုရီးယား အမျိုးသားပါလီမန်သည် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို အတည်ပြုပေးခဲ့သည်။ ဒီမိုကရေစီ အပြည့်အဝ ထွန်းကားရေးနှင့် တိုက်ရိုက် သမ္မတရွေးချယ် တင်မြှောက်ပွဲများ ကျင်းပရေးကို ရည်ရွယ်သော ယင်း အခြေခံ ဥပဒေသစ်ကို ထောက်ခံမဲ ၂၅၄ မဲ၊ ကန့် ကွက်မဲ ၄ မဲဖြင့် အတည်ပြုခဲ့ခြင်းဖြစ်၍ တောင်ကိုးရီးယားနိုင်ငံ လွှတ်လပ်ရေး ရရှိခဲ့သော ၁၉၄၅ ခုနှစ် နောက်ပိုင်းတွင် ပြိုင်ဘက် နိုင်ငံရေးအုပ်စုများ လက်တွဲလျက် အတည်ပြု နိုင်ခဲ့သည့် ပထမဦးဆုံးသော ဖွဲ့စည်းပုံ အခြေခံဥပဒေဟု ဆိုနိုင်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရှစ်ကြိမ်တိုင်တိုင် ပြင်ဆင်ခဲ့ဖူးသော်လည်း အကြိမ်တိုင်းတွင် အတိုက်အခံ ဘက်က တိုက်ခိုက် ဆန့်ကျင်ခဲ့သည်ချည်း ဖြစ်သည်။

ယင်းအခြေခံ ဥပဒေအရ သမ္မတ ရွေးကောက် ပွဲ ကို ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပသောအခါ နိုတေဝူး၊ ကင်ယန်းဆမ်နှင့် ကင်ဒေးယုံတို့သာမက သမ္မတပတ်ချုံဟီး လက်ထက်က ဝန်ကြီးချုပ်ဖြစ်ခဲ့ဖူးသူ ကင်ဂျုံပီးလ်လည်း ပါဝင်ယှဉ်ပြိုင်သည်။ နိုတေဝူးက ထောက်ခံမဲ ၃၆ ဒသမ ၉ ရာခိုင်နှုန်း၊ ကင်ယန်းဆမ်က ၂၈ ရာခိုင်နှုန်းနှင့် ကင်ဒေး ယုံက ၂၆ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးရရှိကြ၍ နိုတေဝူး သည် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည်။

အကျယ်အဝန်း။	။၃၈,၀၂၅ စတုရန်းမိုင်
လူဦးရေ။	။၄,၂၆,၄၃,၀၀၀
မြို့တော်။	။ဆိုးလ်မြို့

ကင်းလွှတ်သီးနှံရောင်းဝယ်ရေး။ ။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကုန်သွယ်ရေးဝန်ကြီးဌာနသည် ပဂ္ဂလိက လုပ်ငန်းလုပ်ပိုင်ခွင့် စည်းမျဉ်းများအရလည်းကောင်း ဝန်ကြီးအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၁၀/၈၇) နှင့် (၁၁/၈၇) တို့အရ လည်းကောင်း လက်ကားရောင်းဝယ်ခွင့် မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်းပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့များအား တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အပ်နှင်းခဲ့သည်။ လက်ကားရောင်းဝယ်ကြမည့် လုပ်ငန်းရှင်များ မှတ်ပုံတင်ကြရမည့် ဌာနများကိုလည်း သတ်မှတ်ပေးထားပြီး ဖြစ်သည်။

စပါး (ဆန်အပါအဝင်) ကို ကုန်သွယ်ရေးဝန်ကြီးဌာနသို့လည်းကောင်း၊ကင်းလွှတ်ပဲ ၁၆ မျိုးနှင့် အစေ့ထုတ်ပြောင်းကို ပြည်နယ်နှင့်တိုင်း ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့များသို့လည်းကောင်း၊ ကျန်ကင်းလွှတ်သီးနှံများ၊ အသားငါးနှင့် ကုန်ပစ္စည်းများကို မြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင် အဖွဲ့များသို့လည်းကောင်း မှတ်ပုံတင်ကြရမည် ဖြစ်သည်။

သတ်မှတ်ထားသော ကုန်ပစ္စည်းများ လက်ကားရောင်းဝယ်ခြင်းလုပ်ငန်းကို နိုင်ငံ သား များ က သာ လျှင် မှတ်ပုံတင်၍ လုပ်ကိုင်ခွင့်ရှိသည်။ သို့ရာတွင် လက်လီရောင်းဝယ်ခြင်းလုပ်ငန်းကို မည်သူမဆို မှတ်ပုံတင်ရန်မလိုဘဲ ရောင်းဝယ်ခွင့်ရှိသည်။ တောင်သူလယ်သမားများက မိမိကိုယ်တိုင်ထုတ်လုပ်သည့် သီးနှံကို လက်ကားရောင်းချခြင်းအတွက် မှတ်ပုံတင်ရန်မလိုချေ။ သို့သော် နိုင်ငံသား တောင်သူလယ်သမားများသည် မိမိကိုယ်တိုင် ထုတ်လုပ်သည့် သီးနှံမဟုတ်ဘဲ အခြားတောင်သူလယ်သမားများ ထုတ်လုပ်သောသီးနှံကို လက်ကားရောင်းဝယ်ပါက သတ်မှတ်ထားသည့်အတိုင်း မှတ်ပုံတင်ကြရမည် ဖြစ်သည်။ နိုင်ငံသားမဟုတ်သော တောင်သူလယ်သမားက အခြားတောင်သူလယ်သမားထုတ်လုပ်သော သီးနှံကို ရောင်းဝယ်ခွင့်မရှိချေ။

သတ်မှတ်ထားသော ကုန်ပစ္စည်းများကို ရောင်းဝယ်လိုသောနိုင်ငံသားများသည် မိမိရောင်းဝယ်မည့် ကုန်ပစ္စည်းအမည်ကိုဖော်ပြ၍ မြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့သို့ မှတ်ပုံတင်ခွင့် လျှောက်ထားကြရမည် ဖြစ်သည်။ အကယ်၍ ကိုယ်စားလှယ်များဖြင့် ဆောင်ရွက်လိုကြပါက ကိုယ်စားလှယ်များထားရှိ ဆောင်ရွက်နိုင်သည်။ သို့သော် ယင်းကိုယ်စားလှယ်များသည် နိုင်ငံသားများဖြစ်ကြရမည်။ ကိုယ်စားလှယ်ထားရှိခြင်းကို ဦးရေကန့်သတ်ခြင်းမရှိဟု သိရသည်။

လက် ကား မှတ် ပုံ တင် လျှောက်ထားသူများသည်

နိုင်ငံသားများဖြစ်ရမည်။ ရောင်းဝယ်သည့် ပစ္စည်းများမှာ သတ်မှတ်ထားသော ကုန်ပစ္စည်းများ ဖြစ်ကြရမည်။ သောင်းကျန်းသူ အဖျက်သမားများနှင့် ဆက်သွယ်မှုမရှိသောသူများ ဖြစ်ကြရမည်။ လက်ကားမှတ်ပုံတင်ကို နိုင်ငံသားများသာ လျှောက်ထားရမည် ဖြစ်သကဲ့သို့ ယင်း၏ ကိုယ်စားလှယ်များသည်လည်း နိုင်ငံသားများ ဖြစ်ကြရမည်။ ထို့ပြင်လုပ်ငန်းကို အမှန်တကယ် လုပ်ကိုင်မည့်အခြေအနေတွင်ရှိသူ ဖြစ်ရမည်။ ဆိုလိုသည်မှာသာမန် အားဖြင့် မိမိရောင်းဝယ်လိုသည့် လုပ်ငန်းများကို လုပ်ကိုင်ဖူးသူများ၊ လက်ရှိလုပ်ကိုင်နေသူများ ဖြစ်ရန် လိုသည်။

မြို့နယ်ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့များသည် မိမိတို့က လက်ကားမှတ်ပုံတင်ခွင့်ပြုရန် ထောက်ခံပေးသည့် နိုင်ငံသားများအား မိမိလုပ်ငန်း တည်ဆောက်သည့် မြို့ နယ် ဘဏ် များ တွင် ဘဏ် စာ ရင်း ဖွင့် ရန် အကြောင်းကြား ကြရမည်ဖြစ်သည်။ ပြည်သူကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဘဏ်စာရင်း ဖွင့်ရန်အတွက် ထောက်ခံစာကို သတ်မှတ်ပုံစံနှင့်အတူ ပူးတွဲ၍လျှောက်လွှာရှင်သို့ ပေးပို့မည်ဖြစ်သည်။

လက်ကားမှတ်ပုံတင်ကြေးနှင့် နှစ်စဉ်လက်ကားမှတ်ပုံတင် အသစ်လဲလှယ်ခကြေးများသည် ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့် စည်းမျဉ်းများအပိုဒ် ၅၁ အပိုဒ်ခွဲ (ခ) နှင့် (ဂ) တို့တွင် သတ်မှတ်ထားသည့်အတိုင်း ကျပ် ၁၀၀ နှင့် ကျပ် ၅၀ အသီးသီးဖြစ်သည်။ နှစ်စဉ် လက်ကားမှတ်ပုံတင် အသစ် လဲလှယ်ခြင်းမှာ မိမိမှတ်ပုံတင်သည့်နေ့မှ တစ်နှစ်တာကာလအတွင်း ဖြစ်သည်။ မှတ်ပုံတင်ကြေးပေးသွင်းပြီးကြောင်း ချလန်များရရှိသောအခါ ကုန်ပစ္စည်းအလိုက် မှတ်ပုံတင်ရန် သတ်မှတ်ထားသော အဖွဲ့အစည်းများက လက်ကားမှတ်ပုံတင်လက်မှတ်နှင့်အတူ အခွန်ပေးဆောင်ခြင်း မှတ်တမ်းစာအုပ်နှင့် သီးနှံဝယ်ယူခြင်း စာအုပ်များကို ထုတ်ပေးမည် ဖြစ်သည်။

လက်ကားမှတ်ပုံတင်များကို ထုတ်ယူရာတွင် လက်ကားမှတ်ပုံတင်သူကိုယ်တိုင် ထုတ် ယူ ရန် လို သော် လည်း လက်ကားမှတ်ပုံတင်ကြေးနှင့် အသစ်ပြန်လည် လဲလှယ်သည့် နှစ်စဉ်ကြေးကိုမူ ကိုယ်တိုင်ဖြစ်စေ ကိုယ်စားလှယ်လဲအပ်၍ဖြစ်စေ သတ်မှတ်ထားသည့် ဘဏ်များတွင် ပေးသွင်းကြရမည်ဖြစ်သည်။ လက်ကားမှတ်ပုံတင်ရောင်းဝယ်ရေး လုပ်ငန်းရှင်သည် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးပြီးနောက် လက် ကား ရောင်း ဝယ် ရေး လုပ် ငန်း ကို ဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်နေ့မှတစ်လအတွင်း အသစ်လဲလှယ်ခွင့်ပြုရန် လျှောက်ထားကြရမည် ဖြစ်သည်။

လက်ကားမှတ်ပုံတင် ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ နေ့စဉ်ဝယ်ယူသည့် စာရင်း၊ နေ့စဉ်ရောင်းချသည့် ပစ္စည်းစာရင်းနှင့် ငွေစာရင်းစာအုပ်ကို သီးခြားစာရင်းစာအုပ်များဖြင့် မှန်မှန်ရေးသင်း ပြုစုထားရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာများသို့ သတ်မှတ်ထားသည့် အ ချိန် အ တိုင်း တင် ပြ ရ မည် ဖြစ်သည်။

လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များသည် သီးနှံဝယ်ယူခြင်းနှင့် အခွန်ပေးဆောင်ခြင်း မှတ်တမ်းစာအုပ်ကို သီးနှံဝယ်ယူသည့်မြို့နယ်ရှိ အခွန်စည်းကြပ်ရေးအဖွဲ့သို့ ခုနစ်ရက်လျှင်တစ်ကြိမ် တင်ပြကြရမည်ဖြစ်သည်။

လုပ်ငန်းရှင်များသည် သက်ဆိုင်ရာက ချမှတ်ထားသော ဥပဒေများကို မိမိတို့၏ကိုယ်စားလှယ်များ လိုက်နာရန် တာဝန်ယူကြရမည် ဖြစ်သည်။ အကယ်၍ ဥပဒေစည်းမျဉ်းလုပ်ထုံးလုပ်နည်းများကို လိုက်နာရန်ပျက်ကွက်ပါက ကိုယ်စားလှယ်နှင့်အတူ လုပ်ငန်းရှင်ပါ အရေးယူခြင်းခံကြရမည်ဖြစ်သည်။

မှတ်ပုံတင်ကာလ အချိန်ကုန်လွန်ပြီးနောက် တစ်လကျော်လွန်ပြီး နှစ်လအတွင်းအသစ်လဲလှယ်ရန် လျှောက်ထားလာသော လုပ်ငန်းရှင်များအား မှတ်ပုံတင်အသစ်လဲလှယ်ကြေး နှစ်ဆ ကျပ် ၁၀၀ ဒဏ်ကြေးအဖြစ် ပေးဆောင်ပြီးမှ အသစ်လဲလှယ်ပေးမည်ဖြစ်သည်။ ထိုကာလအတွင်း အသစ်လဲလှယ်ခြင်းမရှိပါက မှတ်ပုံတင်လက်မှတ်သည် အလိုအလျောက် ပျက်ပြယ်သည်ဟု ယူဆရမည်ဖြစ်ပြီး၊ မှတ်ပုံတင်လဲလှယ်ခြင်းမရှိဘဲ ဆက်လက်လုပ်ကိုင်ပါက ဥပဒေအရ အရေးယူခြင်းခံကြရမည် ဖြစ်သည်။

နိုင်ငံသားတစ်ဦးသည် လက် ကား မှတ် ပုံ တင် ရန် လိုအပ်ပါလျက်မှတ်ပုံတင်ခြင်းမရှိဘဲရောင်းဝယ်ခြင်း၊ လက်ကားရောင်းရငွေ ပမာဏကို လျှော့၍ပြခြင်း၊ နိုင်ငံသားမဟုတ်သူက မိမိလုပ်ပိုင်ခွင့်မရှိဘဲ လက်ကားရောင်းဝယ်ခြင်း၊ လက်ကားရောင်းဝယ်ခွင့်မရှိသူတစ်ဦးအတွက် နိုင်ငံသားတစ်ဦးက မိမိအမည်ခံ၍ လုပ်ငန်းလုပ်ကိုင်ပေးခြင်း၊ လက်ကားမှတ်ပုံတင် စည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းများ တွေ့ရှိပါက သက်ဆိုင်ရာ၏ အရေးယူခြင်းကို ခံကြရမည်ဖြစ်သည်။

ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့စွဲဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ (၆/၈၇)အရ စီမံကိန်းသီးနှံဖြစ်စေ၊ စီမံကိန်းသီးနှံမဟုတ်သည့် သီးနှံကိုဖြစ်စေ စိုက်ပျိုးထုတ်လုပ်ကြသည့် တောင်သူလယ်သမားများအနေဖြင့် ပေးဆောင်နေကျမြေခွန်ကို ငွေကြေးဖြင့် မဟုတ်ဘဲ သတ်မှတ်ထားသည့် နှုန်းထားအတိုင်း စီမံကိန်း

သီးနှံမျှားဖြင့် ပေးဆောင်ကြရမည်ဟု ကြေညာထားခဲ့သည်။ ထို့ပြင် လက်ကားမှတ်ပုံတင် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် လက်ကားရောင်းချရန် တောင်သူ လယ်သမားများထံမှ ဝယ်ယူသည့်သီးနှံများအထဲမှ တစ်စိတ်တစ်ဒေသကို နိုင်ငံတော်က အခွန်အဖြစ်ကောက်ခံရရှိရန် ရည်ရွယ်၍ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ကျင်းပပြီးစီးခဲ့သော စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေးတွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။


စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဂုန်လျှော်၊ ချက်ကြံ၊ ကြက်ပေါင်စေး၊ ဝါစသည့် သီးနှံအချို့မှအပ တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်သည့် အခြားသီးနှံအားလုံးသည် ကင်းလွတ်သီးနှံများ ဖြစ်လာကြသည်။ မြေခွန်ကို ပေးဆောင်နေကျဖြစ်သော ငွေကြေးမဟုတ်ဘဲ သတ်မှတ်ထားသော နှုန်းထားများအလိုက် တောင်သူလယ်သမားကြီးများက သီးနှံဖြင့် ပေးဆောင်ကြရမည် ဖြစ်သကဲ့သို့ ကင်းလွတ်သီးနှံများကို လက်ကားရောင်းဝယ်သည့် ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း အခွန်ကို သီးနှံများဖြင့် ပေးဆောင်ကြရမည် ဖြစ်ပေသည်။

ကိတ္တိ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂ မဟာ ပဏ္ဍိတ၊ မကွေးတိုင်း၊စလင်းမြို့၊ မဟာဝိသုတာရာမကျောင်းတိုက် (မြန်မာ ၁၂၇၄–)။ ။ ဆရာတော် ဘဒ္ဒန္တကိတ္တိကို မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ် သူဌေးကုန်း ရွာ၌ ခမည်းတော် ဦးဖိုးသန့်၊ မယ်တော် ဒေါ်သင်းဆိုင်တို့က သက္ကရာဇ် ၁၂၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက် နေ့တွင် ဖွားမြင်သည်။

၁၃ နှစ်သား အရွယ်တွင် ပြည်လုံးကျော် ပဝါရဏာကိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တဂန္ဓမာထေရ်ကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ မူလငယ်ဆရာဖြစ်သော လွန်း (လွှမ်း) တောင်တောရ ဆရာတော် ဘဒ္ဒန္တသံဝရမဟာထေရ်က ရှင်ကိတ္တိဟု သာမဏေဘွဲ့ပေးသည်။

ထို့နောက် သက္ကရာဇ် ၁၂၉၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့တွင် စလင်းမြို့ ကိုးဆောင်ဗိမာန်ဘုံသာတိုက်၊ ခဏ္ဍသိမ်၌ လယ်ပြင်ကျောင်းတိုက် ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တတိလောကကိုဥပဇ္ဈာယ်ပြုလျက် စလင်းမြို့ ရွှေကျောင်းကြီးဒါယကာ ဦးပန်၊ ကျောင်းအမ ဒေါ်တုတ်အိုတို့၏သမီး ဒေါ်ဒေါ်ယ၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ကျောင်းသား ဘဝက ပွင့်ဖြူမြို့အတန်းကျောင်း၌ မူလတန်းပညာ၊ အလယ်တန်းပညာ



အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တကိတ္တိ

များကို သင်ယူခဲ့သည်။ ရှင်သာမဏေအဖြစ်ရောက်သော အခါ စလင်းမြို့ ကိုးဆောင်ဗိမာန်ဘုံသာတိုက်၊ ရွှေကျောင်းကြီး ၌ လောကုတ္တရာစာပေများကို သင်ကြား သည်။ ရွှေကျောင်းဆရာတော် ဦးကုမာရ၊ စကုတိုက် စာချဆရာတော် ဦးဝါယမ၊ ဆရာတော် ဦးသိလ၊ စလင်းမြို့နယ် ဂိုဏ်းချုပ်ဆရာတော် ဦးတိလောက စသော ဆရာတော်ကြီးများထံတွင် သဒ္ဒါ၊ သင်္ဂြိဟ်၊ ယမိုက်၊ ပဋ္ဌာန်း၊ ကခ်ဏာအဋ္ဌကထာတို့ကို သင်ယူခဲ့သည်။

ထို့နောက် ရဟန်းဘဝတွင် မန္တလေး တောင်သမန်တိုက်ရှိ သုဓမ္မာဝင် ဆရာတော် ဦးစန္ဒာသိရီ၊ မိုးကောင်းတိုက် ညောင်ရမ်း ဆရာတော် ဘုရားကြီး၊ ဆရာတော် လယ်တီ ဦးကောဝိဒ စသော ဆရာတော်ကြီးများ ထံ၌ လောကုတ္တရာ စာပေကျမ်းဂန်များကို ဆက်လက် သင်ယူတော်မူခဲ့သည်။ ထို့ပြင် ဆရာတော်သည် လယ်တီဦးကောဝိဒထံ၌ သက္ကတနှင့် ဟိန္ဒီစာပေများကို သင်ကြားဆည်းပူးတော်မူခဲ့သည်။

လောကုတ္တရာစာပေကျမ်းဂန်များကို သင်ကြားတော်မူရင်း လယ်တီ ပဏ္ဍိတနှင့် လယ်တီ ကောဝိဒတို့ ကြီးမှူးကျင်းပသည့် လယ်တီနိကာယဂဏဝါစက အရည်အချင်းစစ်စာမေးပွဲကို ဝင်ရောက်ဖြေဆိုရာ နံပါတ်တစ်ဖြင့်အောင်မြင်တော်မူ၍ လယ်တီ နိကာယဂဏဝါစက ပါဠိ ပထမကျော်အဖြစ် အသိအမှတ်ပြုခြင်းခံရပြီး စာချ ဘုန်းကြီးအဖြစ် ခန့်အပ်ခြင်းကို ခံတော်မူရသည်။

ထို့နောက် ဆရာသမားများ၏စီမံပေးချက်ဖြင့် ပခုက္ကူ မဟာဝိသုတာရာမကျောင်းတိုက်ကြီးသို့ သွားရောက်လျက် ဆရာတော်ကြီးများနှင့် တိုက်အုပ်ဆရာတော်များ ထံတွင်

ပိဋကတ်သုံးပုံ၊ နိကာယ်ငါးရပ်တို့ကို နှံစပ်ကျေပွန်အောင် သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ရဟန်း သိက္ခာ ၁၁ ဝါ အရတွင် စလင်းမြို့ ကိုးဆောင်ဗိမာန် ဘုံသာတိုက်၊ ရွှေကျောင်းကြီး၌ စာသင် တပည့်များစွာတို့အား စာပေ ပို့ချပေး တော်မူခဲ့သည်။ ငါးနှစ်တိုင် စာပေပို့ချပြီးနောက် စကု တိုက်သို့ပြောင်းရွှေကာ စာသင်သံဃာ ၆၀ ကျော်တို့အား ပခုက္ကူနည်း လယ်တီနည်းတို့ဖြင့် စာပေပို့ချတော်မူသည်။ ဆရာတော်သည် ပရိယတ္တိသာသနာ ပြန့်ပွားရေးအတွက် စာသင်တိုက်များကိုလည်း တည်ထောင်ဖွင့်လှစ်ပေးတော် မူခဲ့သည်။ စလင်းမြို့တောင်ဘက်တွင် မဟာဝိသုတာရာမ ကျောင်းတိုက်၊ ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာ၌ ခိုင်ဦး ရတနာကျောင်းတိုက်၊ ချောက်မြို့၌ စလင်းတိုက်စသော ပရိယတ္တိ စာသင်တိုက်များကို တည်ထောင် ပေးတော် မူခဲ့သည်။

သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ကိစ္စ အဝဝကိုလည်း ဆောင်ရွက်တော်မူခဲ့ရာ မြို့နယ်ဝိနည်းဓိရ၊ မြို့နယ်ဝိနိစ္ဆယဌာနတာဝန်ခံ၊ ခရိုင်ဝိနည်းဓိရ် စသည်ဖြင့် လည်းကောင်း၊ ပထမ အကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့ အစည်းအဝေးပွဲကြီးတွင် သံဃသမ္မုတိရ သံဃာ့ကိုယ်စား လှယ်ရွေးချယ်ရန် စည်းမျဉ်းစည်းကမ်း ရေးဆဲ့ရေးအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဒုတိယ အကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ၄၇ ပါးတွင် အဖွဲ့ဝင်ဆရာတော် အဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခဲ့သည်။

ဤသို့လျှင် သာသနာတော်အကျိုးကို သယ်ပိုးဆောင် ရွက်တော်မူသော သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်ဝ တော်မူသည့် ဆရာတော် ဘဒ္ဒန္တကိတ္တိသည် ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် ကောင်စီက ဆက် ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့။

။ကမ္ဘာ့ ကျန်းမာရေး နေ့ကို နှစ်စဉ် ဧပြီလ ၇ ရက်နေ့တွင် ကျင်းပမြဲဖြစ်ရာ၊ ၁၉၈၇ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာ့ ကျန်းမာရေးနေ့ အတွက် "ရင်သွေးငယ်တို့ ကျန်းမာဖို့၊ ကာကွယ်ဆေးထိုး ကြစို့" ဟူသောဆောင်ပုဒ်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (ဒဗလျူအိပ်ချ်အို) က ချမှတ်ပေးခဲ့သည်။

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ညီလာခံ

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီး၏ အကြိမ် ၄၀ မြောက် ညီလာခံကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့၌ ၁၉၈၇ ခုနှစ် မေလ ၄ ရက်နေ့တွင် စတင်ကျင်းပရာ ညီလာခံသို့တက် ရောက်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၆၆ နိုင်ငံအနက် နိုင်ငံအများစုမှ ကိုယ်စားလှယ်များက နယ်သာလန်နိုင်ငံမှ ပြည်သူ့ကျန်းမာရေးညွှန်ကြားရေးမှူး ချုပ် ဒေါက်တာ ဂျိုဟန်ဗန်လွန်ဒင်အား ညီလာခံသဘာ ပတိအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ယင်းညီလာခံသို့ မြန်မာနိုင်ငံမှ ကျန်းမာရေးဝန်ကြီး ဌာနဝန်ကြီး ဦးထွန်းဝေ ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။

အကြိမ် ၄၀ မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ ကို စတင် ဖွင့်လှစ်ရာ၌ ၁၉၀၆ ခုနှစ်တွင် ကျင်းပခဲ့သော ၃၉ ကြိမ်မြောက် ညီလာခံ သဘာပတိဖြစ်သူ ဂျော်ဒန် နိုင်ငံ၏ကျန်းမာရေးဝန်ကြီး ဒေါက်တာ ဇာအိဒ်ဟမ်ဇာက ညီလာခံကြီးသို့ မိန့်ခွန်း စကား ပြောကြားရာ၌ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီး၏ "အားလုံးကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ" ဟူသော ဘက်စုံမဟာဗျူဟာ၏အရေးကြီး ပုံကို ထပ်မံ၍အလေးအနက်ပြောကြားခဲ့သည်။

၁၉၀၇ ခုနှစ် မေလ ၁၅ ရက်နေ့အထိ ၁၂ ရက်ကြာ ကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံ၏ အစည်း အဝေး အစီအစဉ်တွင် ပညာရပ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ အကြောင်းအရာပေါင်း ၃၄ ခုရှိခဲ့သည်။

အုပ်ချုပ်ရေး ဘုတ်အဖွဲ့၏ အဖွဲ့ဝင်အသစ်များ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အုပ်ချုပ်ရေးဘုတ်အဖွဲ့ ကို နိုင်ငံပေါင်း ၃၁ နိုင်ငံဖြင့် ဖွဲ့စည်းထားရာ ၁၉၀၇ ခုနှစ် တွင် သက်တမ်းကုန်ဆုံး၍ နုတ်ထွက်မည့် နိုင်ငံပေါင်း ၁၀ နိုင်ငံ၏နေရာတွင် ဝင်ရောက်ဆောင်ရွက်မည့် နိုင်ငံများကို အကြိမ် ၄၀ မြောက်ညီလာခံက ၁၉၀၇ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ရွေးချယ် တင်မြှောက်ခဲ့သည်။ ပထဝီဒေသ အလိုက် ရွေးချယ်တင်မြှောက်ခြင်းခံရသော နိုင်ငံများမှာ အာဖရိကတိုက်အတွက် မာလာဝီနိုင်ငံ၊ မာလီနိုင်ငံ၊ မော် ရိတေးနီးယားနိုင်ငံနှင့် မောရစ်ရှနိုင်ငံ၊ အမေရိကတိုက် အတွက် ဗဟားမီး နိုင်ငံ၊ အရှေ့တောင် အာရှ ဒေသ အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဥရောပတိုက်အတွက် အီတလီ နိုင်ငံနှင့် ဆွီဒင်နိုင်ငံ၊ မြေထဲပင်လယ် အရှေ့ပိုင်း ဒေသ အတွက် ဂျော်ဒန်နိုင်ငံနှင့် ပစိဖိတ်သမုဒ္ဒရာ အနောက်ပိုင်း ဒေသအတွက် ဂျပန်နိုင်ငံတို့ဖြစ်သည်။

အုပ်ချုပ်ရေးဘုတ်အဖွဲ့တွင် ဆက်လက် တာဝန်ထမ်း ဆောင်လျက်ရှိမည့် အဖွဲ့ဝင်နိုင်ငံများမှာ လီဆိုသို့၊ လိုက် ဗေးရီးယား၊ မက်ဒါဂတ်စကာ၊ ကနေဒါ၊ ကျူးဗား၊ ဂိုင်ယာနာ၊ မက္ကဆီကို၊ အမေရိကန် ပြည်ထောင်စု၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ ပြင်သစ်၊ ပြည်ထောင်စုသမ္မတ

ဂျာမနီနိုင်ငံ၊ မော်လတာ၊ ပိုလန်၊ ဆိုဗီယက်ပြည်ထောင်စု၊ စိုက်ပရပ်၊ ဒီမိုကရက်တစ်ယေမင်၊ လက်ဗနွန်၊ ဆာအူးဗီ အာရေဗျ၊ ဩစတြေးလျနှင့် တရုတ်နိုင်ငံတို့ ပြစ်သည်။

ဆုများချီးမြှင့်ခြင်း

၁၉၇၃ ခုနှစ် မေလ ၇ ရက်နေ့တွင် အကြိမ် ၄၀ မြောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညီလာခံသဘာပတိ ဒေါက်တာ ဂျိုဟန်မန်လွန်ဒင်က အောက်ပါဆုများကိုချီးမြှင့်ခဲ့သည်။

လီယွန်ဘားနှစ် ဖောင်ဒေးရှင်းဆု– ဤဆုကြိုးကိုဆေးဝါးဘက်တွင် ထူးချွန်စွာ အကျိုးပြု ဆောင်ရွက်ခဲ့သူ ဗြိတိန်နိုင်ငံမှ ဆာဂျွန်ရိဒ်အား ချီးမြှင့်ခဲ့သည်။

အော၊ တီ၊ ရှောရှား ဖောင်ဒေးရှင်းဆု– ဤဆုကို သက်ဆိုင်ရာဒေသတွင် ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများကို ထူးခြားစွာ ဆောင်ရွက်ခဲ့သူ ဆူဒန်နိုင်ငံမှ ပါမောက္ခ အာမက် မိုဟာမက် အယ်လ်ဟတ်ဆန်က ရရှိခဲ့သည်။

ဂျက်ပါရီဆော့ ဖောင်ဒေးရှင်းဆု · ကမ္ဘာ့ ကျန်းမာရေး အဖွဲ့၏ဒေသများအလိုက် နှစ်နှစ်လျှင် တစ်ကြိမ် ပေးအပ်သော ဤဆုကို ဗြိတိန်နိုင်ငံမှ ဒေါက်တာ ပါမီလာမေရီ အင်ဒါဘီအား ပေးအပ်ခဲ့သည်။

ကလေး ကျန်းမာရေး ဖောင်ဒေးရှင်းဆု – ဤဆုကို ကျူးဗားနိုင်ငံမှ ပါမောက္ခ ဂျို (စ်) အာရ်ဂျော်ဒန်က ဆုတ်ခွဲးရရှိခဲ့သည်။

ဆာဆာကာဝါ ကျန်းမာရေးဆု- ကျန်းမာရေး တိုးတက်ပွံ့ပြိုးရေးအတွက် ထူးချွန်စွာ တီထွင်ကြံဆောင်အား ထုတ်မှုအတွက် ချီးမြှင့်သည့် ဤဆုကို ဩစတြေးလျ နိုင်ငံမှ သူနာပြုဆရာမကြီး မာရီဂျုံးဝင့် (ခ်ျ) သို့ချီးမြှင့်ခဲ့သည်။

(ဤဆုကို ၁၉၇၆ မေလတွင်ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံတွင် မြန်မာနိုင်ငံမှ အရာတော်မြို့နယ် ပြည်သူ့ကျန်းမာရေး စီမံချက် ကော်မတီက ရရှိခဲ့သည်။)

(စွယ်စုံနှစ်ချုပ် ၁၉၇၇ – စာ၊ ၁၂၁ — ၌။)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဘဏ္ဍာရေးအခြေအနေ

ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီး၏ ၁၉၇၈ – ၈၉ ခုနှစ် အတွက် အမေရိကန် ဒေါ်လာ ၆၃၆ ဒသမ ၉ သန်းရှိမည့် အသုံးစရိတ် ခန့်မှန်းခြေ ဘတ်ဂျက်ကို ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပသည့် ဒဇလျှူအိပ်ချိုအိုအုပ်ချုပ်ရေးဘုတ်အဖွဲ့၏ ၇၉ ကြိမ်မြောက် အစည်းအဝေးသို့ အဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဟာ့ဗ်ဒန်မာလာကဦးစွာပထမ တင်ပြ ဆွေးနွေး ခဲ့သည်။ ယင်းသို့ တင်ပြရာ၌ ဒေါက်တာ မာလာက ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံ အသီးသီး၏ ထည့်ဝင်ကြေးများမှရရှိသော ဝင်ငွေတွင် အကြီးအကျယ် လျော့နည်းတေ့မည် ဖြစ်၍ အဖွဲ့ကြီး၏ ကြုံဆထားသော လုပ်ငန်း အစီအစဉ်များအနက် အနည်းဆုံး ၁၀ ရာခိုင်နှုန်းခန့်ကို ဖော်ဆောင်လုပ်ကိုင်ခြင်း မပြုနိုင်မည့် အလားအလာ ရှိကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။ ထိုအချိန်အထိ ၁၉၇၆ ခုနှစ်အတွက် အဖွဲ့ကြီးမှရရှိနိုင်သော ထည့်ဝင်ကြေးများအနက် ၂၇ ဒသမ ၄၉ ရာခိုင်နှုန်းကို မရရှိသေးချေ။ ၁၉၇၆–ကု ခုနှစ်ဆိုင်ရာအစီအစဉ်ဘတ်ဂျက်မှ အမေရိကန် ဒေါ်လာ ၃၅ သန်း (ပုံမှန်ဘတ်ဂျက်၏ ၆ ရာခိုင်နှုန်းခန့်) ကုန်ကျမည့် အစီအစဉ်များကို အကောင်အထည် ဖော်ဆောင်ခြင်း မပြုနိုင်ဘဲ လျှော့ချခဲ့ရသည့် အပြင် ၁၉၇၈ – ၈၉ ခုနှစ် အတွက်အမေရိကန်ဒေါ်လာ သန်း ၅၀ လျှော့ချခဲ့ရသည်။

ဒဇလျှူအိပ်ချိုအို အုပ်ချုပ်ရေး ဘုတ်အဖွဲ့၏ ၁၉၇၈–၈၉ ခုနှစ်အတွက် ရသုံးမှန်းခြေ ငွေစာရင်းကို ယင်းအဖွဲ့ကြီး၏ အကြိမ် ၄၀ မြောက်ညီလာခံသို့တင်ပြခဲ့ရာ ညီလာခံမှ ဒေါ်လာ ၆၃၃ ဒသမ ၉၈ သန်းရှိဘတ်ဂျက်ကို အတည်ပြုခဲ့သည်။ ဤဘတ်ဂျက်မှ ဒေါ်လာ ၂၅ သန်းလျှော့ချဖြတ်တောက် နိုင်ရေး အတွက် ဆောင်ရွက် ရမည်ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာက ကြေညာချက် တစ်စောင်တွင် ဖော်ပြခဲ့သည်။

၁၉၇၆ ခုနှစ်ဆိုင်ရာအစီရင်ခံစာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြိမ် ၄၀ မြောက် ညီလာခံသို့ အဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မာလာက ၁၉၇၆ ခုနှစ်အတွင်း အဖွဲ့ကြီး၏လုပ်ငန်းဆိုင်ရာ အစီရင်ခံစာနှင့် အားလုံးကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ ဟူသော ကမ္ဘာ့မဟာဗျူဟာဆိုင်ရာ တိုးတက်မှုအစီရင်ခံစာများကိုတင်ပြခဲ့ရာ အစည်းအဝေးကြီးက ဤအစီရင်ခံစာများကို သုံးသပ်ဆွေးနွေးခဲ့သည်။

အကြိမ် ၄၀ မြောက်ညီလာခံကြီးက ကျန်းမာရေးသည် လူတစ်ဦးချင်း၊ တစ်စုတစ်ပွဲချင်းနှင့် အစိုးရတို့ စုပေါင်းတာဝန်ယူရမည့်ကိစ္စဖြစ်ကြောင်း၊ အားလုံးအတွက် ကျန်းမာရေးမဟာဗျူဟာများအပို့ လုံ့လောက်သော စီးပွားရေးထောက်ပံ့မှုရရှိစေရန် သက်ဆိုင်သူအားလုံးက ပါဝင်အကျိုးပြု လုပ်ဆောင်ရန် လိုအပ်သည်ဟူ၍ ဆုံးဖြတ်ခဲ့သည်။

ပညာရပ်ဆိုင်ရာဆွေးနွေးပွဲများ

ညီလာခံကြီးက မဟာဗျူဟာအားလုံးအတွက် အမျိုးသားကျန်းမာရေးအား စီးပွားရေး အထောက်အပံ့ပြုရေး ကိစ္စကိုလည်း သုံးသပ် ဆွေးနွေးခဲ့သည်။ ဤဆွေးနွေးပွဲများတွင် အာဂျင်တီးနားနိုင်ငံမှ ဒေါက်တာ အယ်ဒိုနေရီ

က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။ ကျန်းမာရေး၊ စီမံကိန်းဖွံ့ဖြိုးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဝန်ကြီး ၃၀ ဦး အပါအဝင် ကိုယ်စားလှယ်ပေါင်း ၄၂၀ ပါဝင် ဆွေးနွေးခဲ့ကြရာ ယင်းကိုယ်စားလှယ်များက စီးပွားရေးကျဆင်းမှုကြောင့် နိုင်ငံအများအပြားတွင် လူနေမှုအဆင့်အတန်းများဆုတ်ယုတ်ကျဆင်း၍ ဆင်းရဲတွင်းနက်လာရကြောင်း၊ ထိုမှတစ်ပါး နည်းပညာနှင့် သိပ္ပံပညာရပ်များ မကြုံစဖူး ထူးကဲစွာ တိုးတက် လာသော်လည်း လူအများစုတို့၏ နေထိုင်ရေး အခြေအနေများမှာ အကျိုး မခံစားရသေးသည့်အပြင် နိုင်ငံ အသီးသီးတို့၏ ဘတ်ဂျက် များသည် လက်နက်များ အပြိုင်အဆိုင် ထုတ်လုပ်မှု၏ ဖိစီးခြင်းကို အကြီးအကျယ် ခံနေကြရကြောင်း သုံးသပ် တင်ပြခဲ့ကြသည်။

မူလကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်းရောဂါ တိုက်ဖျက်ရေး

မူလကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်းရောဂါ (အေ့ဒ်စ်) ကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် ပေါ်ပေါက်လာသော အရေးတကြီး အခြေအနေနှင့် ပတ်သက်၍ ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီးက ထိထိ ရောက်ရောက် လျင်မြန်စွာ အရေးယူ ဆောင်ရွက်ခဲ့သဖြင့် အကြိမ် ၄၀ မြောက် ညီလာခံက အဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်းမှုရောဂါဆိုင်ရာ အစီအစဉ်ကို လှိုက်လှဲစွာ ထောက်ခံ ဆွေးနွေးပြီး ယင်းအထူး အစီအစဉ်ကို အတည်ပြုခဲ့သည်။ ဤရောဂါ အရေးကို ညီလာခံ၏ အဓိက ကော်မတီတစ်ရပ်က လေ့လာဆွေးနွေးရာတွင် ပါဝင်ဆွေးနွေးသော ကိုယ်စားလှယ် အဖွဲ့ ၅၅ ဖွဲ့တို့က ဤရောဂါအတွက် စိုးရိမ်မကင်းရှိကြောင်း ဖော်ပြခဲ့ကြသည်။ ဤရောဂါ တိုက်ဖျက်ရေး အထူးအစီအစဉ်အတွက် ဒဗလျူအိပ်ချ်အိုအဖွဲ့ဝင်နိုင်ငံများကငွေကြေးနှင့် အခြားအကူအညီများ စေတနာအလျောက် ထည့်ဝင်ကြရန်နှင့် ဤရောဂါနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးအား အသိပေးရန် ညီလာခံကြီးက ပန်ကြားခဲ့သည်။ ဤရောဂါနှင့် စပ်လျဉ်း၍ ကမ္ဘာ့ ပြည်သူ တစ်ရပ်လုံးသိရှိရန် သတင်းပြန်ကြားရေး လှုပ်ရှားမှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၁၉၈၇ ခုနှစ် မေလ ၂၇ ရက်နေ့တွင် စတင်ပြုလုပ်ခဲ့သည်။

ကျန်းမာရေး လုပ်သားအင်အား

ညီလာခံကြီးက အနာဂတ်တွင် လိုအပ်လာမည်ဟု မျှော်လင့်ရသော ကျန်းမာရေး ဝန်ဆောင်မှု များ နှင့် လျော်ညီစွာ ထောက်ပံ့ ဖြည့်ဆည်းပေးနိုင်ရေး အတွက် ကျန်းမာရေး လုပ်သားအင်အား ထုတ်လုပ်မှုကို လိုအပ်သကဲ့သို့ညှိနှိုင်းပြုပြင်၍ ဆောလျင်စွာ စီမံလုပ်ဆောင်ကြရန် လည်းကောင်း၊ ကျန်းမာရေး လုပ်သားအင်အား အတွက် လုံလောက်စွာ စီမံချက်ချ၍ လေ့ကျင့် သင် ကြား မှုနှင့် စီမံကွပ်ကဲမှုများပြုလုပ်ပြီး ကျန်းမာရေး လုပ်သားများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စိတ်အားထက်သန် ကောင်းမွန်ရေးအတွက် စီမံချက်များကို တိုးတက်မြှင့်တင်ပေးကြရန် လည်းကောင်း နိုင်ငံများအား တိုက်တွန်းသည်။

ဝမ်းရောဂါနှိမ်နင်းရေး

ဝမ်းရောဂါကြောင့် သေဆုံးရသူဦးရေ လျော့နည်း ကျဆင်းလာပြီဖြစ်သော်လည်း ဝမ်းရောဂါသည် ကလေးများသေဆုံးရခြင်း အတွက် အဓိက အကြောင်းရင်း တစ်ရပ်အဖြစ် ဆက်လက်တည် ရှိနေခြင်းကြောင့် ယင်း ရောဂါအား တားဆီး နှိပ်ကွပ်ရေး လုပ်ငန်းများကို တိုးတက်လုပ်ဆောင်ကြရန်ညီလာခံကြီးက နိုင်ငံများအား တိုက်တွန်းနှိုးဆော်လိုက်သည်။

ဆေးလိပ်သောက်မှု တိုက်ဖျက်ရေး

ဤအရေးနှင့်ပတ်သက်၍ အကြိမ် ၄၀ မြောက် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ ညီလာခံက ၁၉၈၈ ခုနှစ် မေလ ၇ ရက်နေ့ကို "ကမ္ဘာ့ ဆေးလိပ်မသောက်သောနေ့" အဖြစ် ပြဋ္ဌာန်းရန် ဆုံးဖြတ်ခဲ့သည်။ ထိုနေ့တွင် ဆေးလိပ်လုံးဝ မသောက်ကြရေး၊ ဆေးရွက်ကြီးကို တစ်နည်းနည်းဖြင့် သုံးစွဲခြင်းမှ လုံးဝရှောင်ကြဉ်ရေးအတွက် သင့်လျော်သည့် နည်းမျိုးစုံဖြင့် ဆောင်ရွက်ကြရန် အစည်းအဝေးကြီးက ကမ္ဘာ့နိုင်ငံအားလုံးသို့ တိုက်တွန်းပြောကြားလိုက်သည်။

အုပ်ချုပ်ရေးဘုတ်အဖွဲ့ဥက္ကဋ္ဌ

ဒဗလျူအိပ်ချ်အို အုပ်ချုပ်ရေး ဘုတ်အဖွဲ့၏ အကြိမ် (၁၀) မြောက် အစည်းအဝေးကို ၁၉၈၇ ခုနှစ် မေလ ၁၈ ရက်နှင့် ၁၉ ရက်နေ့တို့တွင် ကျင်းပပြီး ယင်း ဘုတ်အဖွဲ့၏ဥက္ကဋ္ဌအဖြစ် ထိုင်းနိုင်ငံမှ ဒေါက်တာ ဥထိုင်းဆတ်ဆွတ်၏နေရာတွင် မော်လတာနိုင်ငံမှ ဒေါက်တာ အဲလ်ဖရက်ဂရက်အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။

ဒဗလျူအိပ်ချ်အို၏ နှစ် ၄၀ မြောက်နှစ်ပတ်လည်

၁၉၈၈ ခုနှစ်တွင် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ကြီး၏ နှစ် ၄၀ မြောက် နှစ်ပတ်လည်နှင့် အယ်လ်မာ–အေတာ ကြေငြာချက်၏ ၁၀ နှစ်မြောက်နှစ်ပတ်လည် အခမ်းအနားများကို ဆင်ယင်ကျင်းပရန် ရည်ရွယ်ကြောင်း ညွှန်ကြား

ရေးမှူးချုပ် ဒေါက်တာမာလာက ၁၉၇၇ ခုနှစ် မေလ ဂ ရက်နေ့တွင် အကြိမ် ၄၀ မြောက် ကမ္ဘာ့ ကျန်းမာရေး အဖွဲ့ ညီလာခံကြီးအား အတည်ပြု ပြောကြားခဲ့သည်။ ယင်းအခမ်းအနားကိုဆင်နွှဲကြရန် ညီလာခံကြီးက အစိုးရ အဖွဲ့များအား လုံးသို့ မေတ္တာရပ်ခံလိုက်သည်။

ကမ္ဘာ့ စားနပ်ရိက္ခာ အခြေအနေ။ ။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) က "ဘက်စုံဖွံ့ဖြိုး၊ အထွက်တိုး၊ စိုက်ပျိုးမွေးမြူ တို့တောင်သူ" ဟူသော ဆောင်ပုဒ်ဖြင့် ၁၉၇၇ ခုနှစ် "ကမ္ဘာ့ စားနပ်ရိက္ခာနေ့" ကို ဆင်ယင်ကျင်းပရာ၌ အက်ဖ် အေ အို ညွှန်ကြားရေးမှူးချုပ် အက်ဒွပ် ဆာအူးမားက ထုတ်ပြန်သည့်သဝဏ်လွှာတွင် ကမ္ဘာ၌ငတ်မွတ်ခေါင်းပါးသူ၊ ဆင်းရဲနွမ်းပါးသူ၊ အာဟာရ မပြည့်ဝသူ အမြောက်အမြား နေထိုင်လျက်ရှိကြောင်း၊ လွန်ခဲ့သော နှစ် ၂၀ ကာလ အတွင်း၌နိုင်ငံအများအပြားသည် စားနပ်ရိက္ခာထုတ်လုပ်မှုတွင်အရေးပါသည့် အောင်မြင်မှုများရရှိခဲ့သော်လည်း အာဟာရမပြည့်ဝသည့်အမျိုးသားအမျိုးသမီးနှင့် ကလေးများဦးရေသည် ဆက်လက်တိုးပွားလျက်ရှိကြောင်းဖြင့် ဖော်ပြလိုက်သည်။

စားနပ်ရိက္ခာထွက်ရှိမှုအခြေအနေ

ကမ္ဘာပေါ်တွင် ၁၉၇၆ ခုနှစ်က ကောက်ပဲသီးနှံတန်ချိန် ၁,၉၆၅ သန်း ထွက်ရှိခဲ့သော်လည်း ၁၉၇၇ ခုနှစ်တွင်

ကမ္ဘာ့ကောက်ပဲသီးနှံထုတ်လုပ်မှုသည် စုစုပေါင်းတန်ချိန် ၁,၇၂၃ သန်းမျသာ ရှိမည်ဟု အက်ဖ်အေအို်က ၁၉၇၇ ခုနှစ် သြဂုတ်လတွင်ကြေညာသည်။ ၁၉၇၇ ခုနှစ်အတွက် ကျုံအထွက်ပမာဏကို ယခင်က ခန့်မှန်းထားသည်ထက် ငါးသန်း တိုးကာ တန်ချိန် ၅၂၂ သန်း ထွက်ရှိမည်ဖြစ်ကြောင်း၊ယင်းသို့တိုးထွက်လာသည့်ပမာဏသည်သီးနှံကြမ်းနှင့် ဆန်စပါးအထွက် လျော့နည်းမှုကို ထေမိမည်ဖြစ်ကြောင်း၊ သီးနှံကြမ်းအထွက်သည် တန်ချိန် ဂ၂၁ သန်း ရှိမည်ဖြစ်၍ ဆန်စပါးထုတ်လုပ်မှုမှာ တန်ချိန်သန်း ၄၀၀ ထွက်ရှိမည်ဖြစ်ကြောင်း အက်ဖ်အေအို်က ခန့်မှန်းတွက်ဆပြီး၊ အပြီးသတ် ကောက်ပဲသီးနှံထွက်ရှိမှုသည် ရာသီဥတုအပေါ်တွင် အဓိကအားဖြင့် တည်မှီနေကြောင်း အထူးသဖြင့် အနောက်တောင်မုတ်သုံ အခြေအနေပေါ်တွင် မူတည်နေကြောင်းဖြင့် ကြေညာခဲ့သည်။

မကြာမီ ကမ္ဘာအရပ်ရပ်၌ ရာသီဥတုဖောက်ပြန်မှုများကြောင့် လယ်ယာစိုက်ပျိုး ထုတ်လုပ်မှု လုပ်ငန်းများကို ထိခိုက် ပျက်စီးကြောင်း သတင်းများ ထွက်ပေါ် လာခဲ့သည်။ ၁၉၇၇ ခုနှစ် သြဂုတ်လတွင် တရုတ်ပြည်မြောက်ပိုင်းရှိ အလွန်ကျယ်ဝန်းသော ဒေသတစ်ခွင်၌ အလွန်ဆိုးဝါးသော မိုးခေါင်မှုဖြစ်ပွားပြီး သီးနှံ အမြောက်အမြား ထွက်သောပြည်နယ်ငါးခုကို ထိခိုက်ခဲ့သည်။ ၁၉၇၆ ခုနှစ်က တရုတ်ပြည်တွင် သီးနှံတန်ချိန် ၉၃ ဒသမ ၂၂ သန်း ထွက်ရှိ ခဲ့ရာမှ ၁၉၇၇ ခုနှစ် နွေရာသီ ရိတ်သိမ်းချိန် တွင် သီးနှံတန်ချိန် ၉၀ ဒသမ ဂ၂ သန်းသာ ထွက်ရှိကြောင်း

မိုးခေါင်ရေရှားဒဏ်ကြောင့် သီးနှံပျက်စီးရသော အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်မှ မြင်ကွင်းတစ်ကွက်



တရုတ်ပြည်သစ်သတင်းဌာနက ဖော်ပြလိုက်သည်။ အိန္ဒိယနိုင်ငံ၌လည်း ပြည်နယ် ၂၅ ခုအနက် ၁၆ ခုတွင် မိုးခေါင်ရေရှားမှုဖြစ်ပွားပြီး တစ်ချိန်တည်းတွင် ပြည်နယ်လေးခု၌ ရေလွှမ်းမှုဒဏ်ကို ခံရသဖြင့် ၁၉၇၇ ခုနှစ် အိန္ဒိယနိုင်ငံ၏ လယ်ယာ ကုန်ထုတ်လုပ်မှုသည် ၂၀ ရာခိုင်နှုန်း ကျဆင်းသွားမည်ဟု ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ထုတ်ပြန်သည့်အိန္ဒိယကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအသင်း၏ စစ်တမ်းတစ်ရပ်က ဖော်ပြခဲ့သည်။ သီးနှံအထွက်သည် ၁၉၇၆ ခုနှစ်တွင်ထွက်ရှိသော တန်ချိန် ၁၅၁ သန်းထက် လျော့နည်း၍ တန်ချိန် ၁၂၆ သန်းခန့် သာထွက်ရှိမည်ဟု ပဏာမအားဖြင့် ခန့်မှန်းခဲ့ကြသည်။

လောနိုင်ငံ မြောက်ပိုင်း၌လည်း မိုးခေါင်ရေရှားမှုဒဏ်ကြောင့် ၁၉၇၇ ခုနှစ်တွင်ထွက်ရှိမည်ဟု ခန့်မှန်းထားသော ဆန်တန်ချိန် ၁ ဒသမ ၅၇ သန်း အနက် ဆန်တန်ချိန် ၃ သိန်းခွဲမှ ၄ သိန်းအထိ လျော့နည်း သွားမည်ဟု မျှော်လင့်ရကြောင်း လောသတင်းဌာန ကေပီအယ်လ်က ၁၉၇၇ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် သတင်းထုတ်ပြန် ဖော်ပြခဲ့သည်။

အင်ဒိုနီးရှား နိုင်ငံ၌ ၁၉၇၆ ခုနှစ် အကုန်ပိုင်း တွင် စပါးစိုက်ခင်းဟက်တာ ၅,၄၀၀ (၁၃,၃၄၃ ဧက) တွင် ပိုးမွှားများကျရောက်ခဲ့သော်လည်း ပိုးမွှား နှိမ်နင်းရေးကို တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် ဆောင် ရွက် လိုက် သော ကြောင့် စပါးစိုက်ခင်း ၃,၁၆၃ ဟက်တာ (၇,၈၁၆ ဧက) သာ ပိုးမွှား အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်စေ ကာမူ ၁၉၇၇ ခုနှစ်တွင် မက်ထရစ်တန် ၂၇ ဒသမ ၄ သန်းရှိမည်ဟု မျှော်မှန်း၍ ယခင်နှစ်ကထက် ၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မည်ဟု အင်ဒိုနီးရှား စိုက်ပျိုးရေး ဝန်ကြီး မစ္စတာ အက်ဖန်ဒီက ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင်ပြောကြားခဲ့သည်။

အာရှတိုက်ဒေသအခြို့တွင် ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် ဆိုးရွားသော ရေလွှမ်းမိုးမှုများ ဖြစ်ပွားခဲ့သည့်အတွက် စပါးအကြီးအကျယ်စိုက်ပျိုးသည့်နိုင်ငံများ ထိခိုက်လျက် ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့ရှိ နိုင်ငံတကာ ဆန်စပါး သုတေသန ဌာနက ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြလိုက်သည်။ ကမ္ဘာတွင် ဒုတိယအကြီးမားဆုံး စပါးထုတ်လုပ်သည့်အိန္ဒိယနိုင်ငံသည် စပါး တန်ချိန် သန်း ၂၀ ဆုံးရှုံးရဖွယ် ရှိကြောင်း၊ ထိုင်းနိုင်ငံသည် ၁၉၇၆ ခုနှစ်က သီးနှံတန်ချိန် ၁၇ ဒသမ ၂ သန်း ရိတ်သိမ်းရရှိခဲ့သော်လည်း ၁၉၇၇ ခုနှစ်တွင် တန်ချိန် ၁ ဒသမ ၂ သန်းမှ ၁ ဒသမ ၉ သန်းအထိ လျော့နည်းသွားဖွယ်ရှိကြောင်း၊ကမ်ပူးချားနိုင်ငံ၌ သီးနှံအထွက် တန်ချိန်တစ်သန်း လျော့နည်းဖွယ်ရှိကြောင်း၊ ဗီယက်နမ်နိုင်ငံ၌ ၁၉၇၇ ခုနှစ် စောစောပိုင်းက ရာသီဥတုဆိုးရွားမှုနှင့် ပိုးမွှားများအန္တရာယ် ကျရောက်ခဲ့ခြင်းကြောင့် စပါးတန်ချိန် ၄,၀၀,၀၀၀ ဆုံးရှုံးခဲ့ရကြောင်း အဆိုပါ အစီရင်ခံစာက ဖော်ပြခဲ့သည်။

သို့ဖြစ်၍ ၁၉၇၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့တွင် ထုတ်ပြန်သည့် စားနပ်ရိက္ခာ မျှော်မှန်းချက် အစီရင်ခံစာတစ်စောင်၌ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက အာရှတိုက်တွင် ရာသီဥတု ဖောက်ပြန်ခြင်း၊ မြောက်အမေရိကတိုက်နှင့် အခြားနိုင်ငံများ၌ စိုက်ပျိုးမှုလျော့ချခြင်းတို့ကြောင့် ၁၉၇၇ ခုနှစ် သီးနှံထွက်ရှိမှုသည် ယခင်နှစ်ကထက် သုံးရာခိုင်နှုန်း လျော့နည်းပြီး သီးနှံတန်ချိန် သန်း ၁,၀၀၀ သာ ထွက်ရှိ နိုင်မည်ဟု ဖော်ပြလိုက်သည်။

အာဖရိက၏ ရိက္ခာပြဿနာ

အာဖရိကတိုက်သည် ရိက္ခာထုတ်လုပ်မှုတွင် ကိုယ်ပိုင်ရပ်တည်မှု မရနိုင်သေးပေ။ လူဦးရေ တိုးတက်မှု နှုန်းနှင့် နှိုင်းယှဉ်လျှင် အာဖရိကတိုက်၏ ရိက္ခာထုတ်လုပ်မှုသည် ၁၉၆၀ ပြည့်နှစ်မှ စ၍ ၂၀ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ အာဖရိကတိုက်၏ဒေသအခြို့၌ ၁၉၇၇ ခုနှစ် စားနပ်ရိက္ခာအခြေအနေမှာ မသေချာ မရေရာလှချေ။ ယင်းဒေသအများအပြားတွင် ကျိုင်းကောင်နှင့် နှံကောင်တို့၏ ဖျက်ဆီးမှုကို ဆက်လက်ကြုံတွေ့နေခဲ့ရသည်။ အီသီအိုးပီးယားနိုင်ငံတွင် ၁၉၇၄ ခုနှစ်က ကြုံတွေ့ခဲ့ရသော မိုးခေါင်သည့်အခြေအနေမျိုး ဖြစ်ပေါ်လာခဲ့သည်။ မိုဇမ်းဗစ်နှင့် အန်ဂိုလာ နိုင်ငံများ၌လည်း ပြည်တွင်း မငြိမ်မသက်မှုကြောင့် စားနပ်ရိက္ခာအခြေအနေမှာ မရေမရာဖြစ်လျက် ရှိခဲ့သည်။ အာဖရိကတိုက်ဒေသများတွင် ပြန်လည် မိုးရွာလာသဖြင့် မိုးခေါင်ရေရှားမှုအခြေအနေမှ သက်သာခွင့်ရလာသော်လည်း ခေတ်အဆက်ဆက် တည်ရှိခဲ့သည့် ကျိုင်းကောင်နှင့် နှံကောင်များ၏ ဘေးအန္တရာယ် ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ ပင်လယ်နီကမ်းရိုးတန်းဒေသများရှိ စိုက်ခင်းများ၌ ကျရောက် ဖျက်ဆီးလျက်ရှိသော ကျိုင်းကောင်များ၏ အန္တရာယ်သည် ၁၉၇၀ ခုနှစ် နောက်ပိုင်းတွင် အဆိုးရွားဆုံး ဖြစ်သည်ဟု အက်ဖ်အေအိုက ၁၉၇၇ ခုနှစ် ဇန်နဝါရီလအတွင်းကထုတ်ပြန်ဖော်ပြခဲ့သည်။ ကျွဲနွားများ၌ ဖြစ်ပွားသည့် လျာနာခွာနာ ရောဂါသည် ၁၉၆၀ ပြည့်နှစ်မှစ၍ ပြန်လည် ပေါ်ပေါက်လာပြီး အာဖရိက နိုင်ငံပေါင်း ၃၀ ကို နှိပ်စက်ခဲ့သည်။

အန်ဂိုလာ၊ ဇောဘွာနာ၊ အီသီအိုးပီးယားနှင့် မိုဇမ်းဗစ်စသည့် အာဖရိကနိုင်ငံတို့သည် ငတ်မွတ်ခေါင်းပါးမှုနှင့်

ရင်ဆိုင်နေရပေရာ ၎င်းတို့အတွက် ကယ်ဆယ်ရေး အကူအညီများ အကြီးအကျယ်လိုအပ်မည်ဖြစ်ကြောင်း၊ အီသီအိုးပီးယားနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် ၁၉၇၇ ခုနှစ် ဩဂုတ်လ၌ မိုးရွာသွန်းခဲ့သော်လည်း ယခုအခါ၌ စိုးရိမ်ဖွယ်အခြေအနေသို့ အမှန်တကယ်ဆိုက်ရောက်လာ၍ ယင်းနိုင်ငံအတွက် တန်ချိန် ၉,၅၀,၀၀၀ ထက် ပိုမိုသော စားနပ်ရိက္ခာများရရှိရန် လိုမည်ဖြစ်ကြောင်း အကဲဖြတ်အောက်တိုဘာလတွင် ထုတ်ဖော်ပြောကြားခဲ့သည်။ တစ် ချိန် တည်း တွင် အမေရိကန် ပြည်ထောင်စု၏ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီကလည်း အီသီအိုးပီးယားနိုင်ငံ၌ ဇူလိုင်လအတွင်း မိုးရွာသွန်းမှု မရှိဘဲ ရံဖန်ရံခါသာ ပြန်လည်ရွာသွန်းသောကြောင့် လူငါးသန်းခန့်အထိ ထိခိုက်နိုင်သည့် စားနပ်ရိက္ခာ ငတ်မွတ်ခေါင်းပါးမှု ထပ်မံဖြစ်ပွား ပေါ်ပေါက်လာဖွယ် ရှိသည်ဟု ပြောကြားခဲ့သည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ၁၉၇၆ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် အာဖရိက စီးပွားရေး နာလန်ထူရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လေးနှစ်အစီအစဉ်တစ်ရပ်ကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ သို့သော် အခြေခံကုန်စည်ဈေးနှုန်းများ ကျဆင်းမှုနှင့် နိုင်ငံခြားကြွေးမြီ အတိုးပေးရေးနှင့် ပတ်သက်သော ကုန်ကျစရိတ်များကြီးထွားမှုကြောင့် အထက် ပါအစီအစဉ်များအရ အလှူရှင်နိုင်ငံအချို့က အကူအညီများတိုးပေးပြီး ၂၀ နိုင်ငံထက် မနည်းသော အာဖရိက နိုင်ငံများက သိသာထင်ရှားသော မူဝါဒ ပြုပြင်ပြောင်းလဲမှုများကို ချမှတ်ဆောင်ရွက်ခဲ့ကြစေကာမူ အခက်အခဲများနှင့် ရင်ဆိုင် ကြုံတွေ့ခဲ့ရသည်။ အာဖရိက တိုက်၏ ပြည်ပကြွေးမြီများသည် ၁၉၇၅ ခုနှစ်တွင် ဒေါ်လာသန်း ပေါင်း ၁,၅၀,၀၀၀ ရှိရာမှ ၁၉၇၆ ခုနှစ်တွင် ဒေါ်လာသန်း ပေါင်း ၂,၀၀,၀၀၀ အထိ တိုးတက်များပြားလာခဲ့သည်။

အဖွဲ့ဝင် ၃၆ ဦး ပါဝင်သည့် ကမ္ဘာ့ စားနပ်ရိက္ခာ ကောင်စီကလည်း ၁၉၇၇ ခုနှစ် ဇွန်လ ၈ ရက်မှ ၁၁ ရက်နေ့အထိ တရုတ်ပြည်ပီကင်းမြို့၌ ကျင်းပသည့် ၁၃ ကြိမ်မြောက် ဝန်ကြီးများအဆင့် အစည်းအဝေးတွင် "ပီကင်းကြေညာချက်" ကို ထုတ်ပြန်ပြီးလျှင် အစိုးရများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အနေဖြင့် ဒေသအချင်းချင်းနှင့် ကမ္ဘာ့တောင်ပိုင်းနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကို တိုးတက်အားပေးလုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။ ထို့အပြင် ကမ္ဘာ့မြောက်ပိုင်းနိုင်ငံများ၏ ကူညီထောက်ပံ့မှုသည် တောင်ပိုင်းဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မရှိမဖြစ် လိုအပ်လျက်ပင် ရှိသေးကြောင်းဖြင့် ယင်းကောင်စီကတင်ပြသည့်အပြင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက် ဖွံ့ဖြိုးရေးအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့မှာ မရှိမဖြစ် လိုအပ်သည်ဟုလည်း မှတ်သားဖော်ပြခဲ့ပေသည်။

ကျောက်မျက်ရတနာပြပွဲ (၁၉၇၇)။ ။ကျောက်မျက်၊ ကျောက်စိမ်း၊ ပုလဲစသည့် မြန်မာ့ရတနာများကို ခင်းကျင်းပြသ ရောင်းချသော မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို ၁၉၆၄ ခုနှစ်မှစ၍ ခင်းကျင်းပြသ ရောင်းချခဲ့ရာ ၁၉၇၇ ခုနှစ် နိုဝင်ဘာလအတွင်း ကျင်းပခဲ့သော ကျောက်မျက်ရတနာပြပွဲသည် ၂၅ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ ဖြစ်သည်။

ရန်ကုန်မြို့ အင်းလျားကန်ဟိုတယ်တွင် ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ ခင်းကျင်းပြသသည့် ၂၅ ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ၏ ခင်းကျင်းပြသမှုများကို အောက်တိုဘာလ ၂၀ ရက်နေ့တွင် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းလာရောက် ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်ခဲ့သည်။

ကျောက်မျက်ရတနာပြပွဲတွင် နိုဝင်ဘာလ ဂ ရက်နေ့မှ ၁၁ ရက်နေ့အထိ ကျောက်စိမ်းများကိုလည်းကောင်း၊ ၁၂ ရက်နေ့တွင် ကျောက်မျက်များကိုလည်းကောင်း၊ ၁၃ ရက်နေ့မှ ၁၅ ရက်နေ့အထိ ပုလဲများကိုလည်းကောင်း စျေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့သည်။ အသင့်ပြုလုပ်ထားသော လက်ဝတ် ရတနာများနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများကို ပြပွဲစတင်သည့်နေ့မှ ပြီးဆုံးသည်အထိ နေ့စဉ် ခင်းကျင်းပြသ ရောင်းချခဲ့သည်။

ကျောက်မျက်ရတနာ ပြပွဲသို့ နိုင်ငံပေါင်း ၁၆ နိုင်ငံရှိ ရတနာကုမ္ပဏီ ၁၄၁ ခုမှ ရတနာကုန်သည်ပေါင်း ၃၉၄ ဦး တက်ရောက်၍ ရတနာများကို စျေးပြိုင်စနစ်ဖြင့်ဝယ်ယူခဲ့ကြသည်။

ကျောက်မျက်ရတနာ ပြပွဲတွင် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၉၂ သိန်း၊ မြန်မာငွေ ကျပ် ၁၃၀ ဒသမ ၉၅ သိန်း တန်ဖိုးရှိသော ကျောက်မျက်အတွဲပေါင်း ၂၃၁ တွဲ၊ အမေရိကန်ဒေါ်လာ ၉၉ ဒသမ ၄၄ သိန်း၊ မြန်မာငွေ ကျပ် ၆၅၃ ဒသမ ၆၀ သိန်းတန် ကျောက်စိမ်း ၃၅၀ ဘွဲ့၊ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၀၁ သိန်း၊ မြန်မာကျပ်ငွေ ၄၅၃ ဒသမ ၆၀ သိန်းတန် ပုလဲ အတွဲ ၂၇၀ တို့ကို စျေးပြိုင်စနစ်ဖြင့် ရောင်းချရန် အသီးသီး ခင်းကျင်းပြသထားခဲ့သည်။

ထို့အပြင် အသင့်ပြုလုပ်ထားသော လက်ဝတ်ရတနာများနှင့် ကျောက်စိမ်း ရုပ်တုရုပ်ထွင်းများကိုပါ နေ့စဉ် ရောင်းချရန် ခင်းကျင်းပြသထားရာ လက်ဝတ်ရတနာပေါင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၈၂

သိန်း၊ မြန်မာငွေ ကျပ် ၉၇ ဒသမ ၄၀ သိန်းဖြစ်သည်။ ကျောက်စိမ်းရုပ်တု ရုပ်ထွင်းမျာ၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၁ သိန်း၊ မြန်မာကျပ်ငွေ ၂၆ ဒသမ ၉၈ သိန်းဖြစ်သည်။

ကျောက်စိမ်းများကို စျေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၁၇၆ တွဲ၊ ရောင်းချခဲ့ရသော ကြောင့် အမေရိကန်ဒေါ်လာ ၆၈ ဒသမ ၁၂ သိန်း၊ မြန်မာငွေ ကျပ် ၄၄၇ ဒသမ ၇၆ သိန်းဖိုး ရရှိခဲ့သည်။ ကျောက်မျက်များကို စျေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၅ ဒသမ ၄၁ သိန်း၊ မြန်မာငွေ

မြန်မာ့ကျောက်မျက်ရတနာပြပွဲ နှစ်အလိုက် အကြိမ်အလိုက် ရောင်းချမှုအခြေပြဇယား

ရတနာပြပွဲ ခင်းကျင်းသည့် အကြိမ်	ပြပွဲကျင်းပသည့် လနှင့် ခုနှစ်		ရောင်းရငွေပေါင်း	
			ကျပ်ငွေ (သိန်း)	အမေရိကန်ဒေါ်လာ (သိန်း)
*ပထမအကြိမ်	ဒီဇင်ဘာလ	၁၉၆၄	၂၁ ဒသမ ၂၃	၄ ဒသမ ၄၆
*ဒုတိယ ″	အောက်တိုဘာလ	၁၉၆၅	၁၀၆ ဒသမ ၆၈	၂၂ ဒသမ ၄၀
*တတိယ ″	″	၁၉၆၆	၈၆ ဒသမ ၀၂	၁၈ ဒသမ ၀၆
*စတုတ္ထ ″	မတ်လ	၁၉၆၈	၈၂ ဒသမ ၅၁	၁၇ ဒသမ ၃၃
ပဉ္စမ ″	″	၁၉၆၉	၁၁၅ ဒသမ ၆၁	၂၄ ဒသမ ၂၈
ဆဋ္ဌမ ″	ဖေဖော်ဝါရီလ	၁၉၇၀	၇၃ ဒသမ ၈၉	၁၅ ဒသမ ၅၂
သတ္တမ ″	″	၁၉၇၁	၁၂၅ ဒသမ ၆၉	၂၆ ဒသမ ၃၉
အဋ္ဌမ ″	မတ်လ	၁၉၇၂	၁၂၁ ဒသမ ၂၇	၂၂ ဒသမ ၆၇
နဝမ ″	ဖေဖော်ဝါရီလ	၁၉၇၃	၂၀၈ ဒသမ ၁၂	၅၉ ဒသမ ၇၁
အထူးပြပွဲ	ဩဂုတ်လ	၁၉၇၃	၂၀၆ ဒသမ ၈၅	၄၆ ဒသမ ၅၇
ဒသမအကြိမ်	ဖေဖော်ဝါရီလ	၁၉၇၄	၂၁၃ ဒသမ ၀၇	၄၉ ဒသမ ၆၁
၁၁ ″	″	၁၉၇၅	၂၁၃ ဒသမ ၆၇	၄၄ ဒသမ ၀၄
၁၂ ″	″	၁၉၇၆	၂၀၃ ဒသမ ၄၃	၄၂ ဒသမ ၄၆
၁၃ ″	″	၁၉၇၇	၂၀၃ ဒသမ ၄၃	၄၂ ဒသမ ၄၆
၁၄ ″	ဇန်နဝါရီလ	၁၉၇၈	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၁၅ ″	ဖေဖော်ဝါရီလ	၁၉၇၉	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၁၆ ″	″	၁၉၈၀	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၁၇ ″	″	၁၉၈၁	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၁၈ ″	″	၁၉၈၂	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၁၉ ″	″	၁၉၈၃	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၂၀ ″	″	၁၉၈၄	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၂၁ ″	″	၁၉၈၅	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၂၂ ″	″	၁၉၈၆	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
၂၃ ″	″	၁၉၈၇	၂၀၆ ဒသမ ၀၀	၄၂ ဒသမ ၂၆
	စုစုပေါင်း		၂,၄၇၂ ဒသမ ၆၀	၁,၂၀၇ ဒသမ ၀၅

(*ခရေပွင့်ပြထားသောအကြိမ်တွင် ကျောက်စိမ်းရုပ်တုနှင့် လက်ဝတ်ရတနာ ရောင်းရငွေမပါပါ။)

ကျပ် ၃၅ ဒသမ ၅၄ သိန်း တန်ဖိုးရှိသော ကျောက်မျက်အတွဲပေါင်း ၃၁ တွဲ ရောင်းချနိုင်ခဲ့သည်။ ပုလဲမျိုးကို စျေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရာ ပုလဲအတွဲပေါင်း ၅၆ တွဲ ရောင်းချခဲ့ရပြီး အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၀၂ သိန်း၊ မြန်မာကျပ်ငွေ ၁၁၃ ဒသမ ၈၄ သိန်း ရရှိခဲ့သည်။

ထို့အပြင် လက်ဝတ်ရတနာများ ရောင်းချရငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၉၀ သိန်း၊ မြန်မာငွေ ကျပ် ၁၀ ဒသမ ၅၄ သိန်း ဖြစ်ပြီး ကျောက်စိမ်း ရုပ်တုရုပ်ထွင်းများ ရောင်းချရသည့်ငွေပေါင်းမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၃၉ သိန်း၊ မြန်မာကျပ်ငွေ ၂ ဒသမ ၅၉ သိန်းဖြစ်သည်။

၂၅ ကြိမ်မြောက် ကျောက်မျက်ရတနာ ပြပွဲတွင် ကျောက်စိမ်းကျောက်မျက်၊ ပုလဲ၊ လက်ဝတ်ရတနာများနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချရငွေ စုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၈၄ သိန်း၊ မြန်မာကျပ်ငွေ ၆၁၀ ဒသမ ၂၇ သိန်း ဖြစ်ပေသည်။

ခင်လတ်၊ ဒေါ် (စာရေးဆရာမ) (ခရစ် ၁၉၂၈ – ၁၉၈၇)။ ။စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာနှင့် အယ်ဒီတာဖြစ်သူ ဒေါ်ခင်လတ်ကို သံလျင်မြို့၌ အဖ ဦးမြင့် အမိ ဒေါ်သန်းရွှေတို့က ၁၉၂၈ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဒေါ်လှလှဖြစ်သော်လည်း ကလောင်အမည် ခင်လတ် သည်ပင် အမည်ရင်းကဲ့သို့ တွင်သည်။

ပညာကို နဝမတန်းအထိ သင်ကြားခဲ့သည်။ ၁၉၄၇ ခုနှစ်တွင် စာပေနယ်သို့ ဝင်ရောက်ခဲ့သည်။ ဒေါ်ခင်လတ်သည် ကလောင်အမည် ခင်လတ်အပြင် ဆုမွန်မေ၊ မေမေခင် စသည့် ကလောင်အမည်ပွားများဖြင့်လည်း ဝတ္ထု၊ ဆောင်းပါးများကို ရေးသားခဲ့သော စာရေးဆရာမတစ်ဦး ဖြစ်သည်။ အင်္ဂလိပ်ခေတ်က စပယ်ပင်နှင့် ရွှေပြည်စိုး ဝတ္ထုများကို ရေးသားခဲ့၍ ယခုတိုင် နာမည်ထင်ရှားလျက်ရှိသော ဦးလတ်သည် ဒေါ်ခင်လတ်၏ အဘိုးဖြစ်သည်။

ဒေါ်ခင်လတ်သည် ၁၉၅၀ ပြည့်နှစ်တွင် သွေးသောက် မဂ္ဂဇင်းတိုက်ပိုင်ရှင်နှင့် အယ်ဒီတာဖြစ်သူ ဦးပြည့်စုံနှင့် လက်ထပ်ခဲ့သည်။ ထို့နောက် သွေးသောက် မဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ရင်း ဆောင်းပါး၊ ကဗျာ၊ စာညွှန်း၊ ဝတ္ထုရှည်များစွာ ရေးသားခဲ့သည်။ ထို့ပြင် ပြည့်စုံရုပ်ရှင်မှ ထုတ်လုပ်သော ရုပ်ရှင်ဇာတ်ကားများအတွက် ဝတ္ထုနှင့်ဇာတ်ညွှန်းများကိုလည်းရေးသားခဲ့သည်။

ဒေါ်ခင်လတ်သည် မဂ္ဂဇင်းဝတ္ထုရှည်များ၊ လုံးချင်းဝတ္ထုများကိုလည်း ရေးသားခဲ့ရာ ပဒုမ္မာကြာတစ်ပွင့် (၁၉၅၃)၊ မိုး (၁၉၆၂)၊ ရေစီး ကြောင်း ကလေး များ (၁၉၆၄)၊ ဖြေနိုင်ပေါင် (၁၉၆၅) စသော ဝတ္ထုများမှာ ထင်ရှားသည်။ ဒေါ်ခင်လတ်သည် ကမာရွတ်မြို့နယ် စာပေလုပ်သား အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်သည်။

စာရေးဆရာမ ဒေါ်ခင်လတ်သည် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ခင်ပွန်း ဦးပြည့်စုံနှင့် သမီးတစ်ယောက်၊ သားနှစ်ယောက် ကျန်ရစ်သည်။

ခန့်၊ ဦး (ပန်းတနော်) (ခရစ် ၁၉၁၁–၁၉၇၇)။ ။ဦးခန့်ကို ၁၉၁၁ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ဖခင် ဦးဘိုးနှစ်၊ မိခင် ဒေါ်နန်းသောင်တို့က ပန်းတနော်မြို့၌ မွေးဖွားသည်။ ညီအစ်ကို လေးယောက်ရှိရာ အစ်ကိုကြီးမှာ အငြိမ်းစား ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့် (ကွယ်လွန်) ဖြစ်သည်။

ငယ်စဉ်က ဆရာ ဦးဘဟန်ကျောင်း၌ ပညာသင်ခဲ့သည်။ ထို့နောက် ဝိုင်အမ်ဘီအေ အလယ်တန်းကျောင်း၌ နှစ်တန်းမှ ငါးတန်းအထိ ပညာသင်ခဲ့သည်။ ငါးတန်းအရောက်တွင် နေရှင်နယ်အမျိုးသားအထက်တန်းကျောင်းသို့ ပြောင်းလွှဲ ပညာသင်ပြီး ၁၀ တန်း အောင်သည်။ ၁၉၂၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့ တက်ရောက် ပညာသင်ကြားခဲ့သည်။

၁၉၃၀ ပြည့်နှစ်တွင် ဥပစာတန်းကို အောင်မြင်ပြီး ကြေးတိုင်မင်းကြီးဟောင်း မစ္စတာဖာနီဗယ် တည်ထောင်သော ဘားမားဘုတ်ကလပ်စာအုပ်တိုက်တွင် နှစ်နှစ်ခန့်၊ ၁၉၃၁ ခုနှစ် ဒီဇင်ဘာလမှ ၁၉၃၅ ခုနှစ် စက်တင်ဘာလ အထိ အင်္ဂလိပ်–မြန်မာ နှစ်ဘာသာထုတ် ဂန္ထလောက မဂ္ဂဇင်း (The World of Books) အယ်ဒီတာအဖြစ် လုပ်ကိုင်ခဲ့သည်။

စာဆိုတော် မဂ္ဂဇင်း (The Literary World) ကို



စာရေးဆရာမ ဒေါ်ခင်လတ်



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်ရ
ပန်းတနော် ဦးခန့်

၁၉၃၅ ခုနှစ် နိုဝင်ဘာလတွင် ဦးစီးထုတ်ဝေခဲ့ရာ ပထမနှစ်လတွင် စာရေးဆရာ ဦးသိန်းဖေမြင့်က အယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ခဲ့၍ ကျန်လများတွင် ဦးခန့်ကိုယ်တိုင် အယ်ဒီတာချုပ် လုပ်ခဲ့သည်။ စာဆိုတော် မဂ္ဂင်းကို တစ်နှစ်ခန့်ထုတ်ဝေပြီး ရပ်ဆိုင်းလိုက်ရသည်။ ထို့နောက် မြန်မာပြည်စာအုပ်တိုက်ကို တည်ထောင်ခဲ့သည်။ ဦးခန့်သည် ၁၉၃၂ ခုနှစ် ဒီဇင်ဘာလတွင် ဒေါ်စောရင်နှင့် အိမ်ထောင်ပြုခဲ့သည်။

၁၉၃၂ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များအသင်းကြီး၏ အမှုဆောင်အဖွဲ့တွင် အကျိုးဆောင်အဖြစ် ရွေးချယ်ခံရသည်။ အဖွဲ့၏ အကျိုးတော်ဆောင်အဖြစ် လေးနှစ်လုပ်ကိုင်ခဲ့ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ လူငယ်များ အသင်းကြီးသည် ဇာတိမာန်တက်ကြွစေရေး၊ တိုင်းရင်းဖြစ် ဝတ်ဆင်ရေး ဟောပြောပွဲများကို ကြီးမှူးကျင်းပခဲ့သည့် အသင်းကြီးဖြစ်သည်။

ဦးခန့်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော အခမဲ့စာကြည့်ပြင်ကတ်တိုက်ဖြစ်သော ဘားနဒ်ပြင်ကတ်တိုက်တွင် တိုက်အုပ်အဖြစ် ငါးနှစ်ခွဲခန့် လုပ်ခဲ့သည်။ ၎င်း၏ စာကြည့်တိုက်ရုံးခန်းတွင် မြန် မာ့ လွတ်လပ်ရေးအတွက် သခင်ခေါင်းဆောင်များဆွေးနွေးပွဲများ မကြာခဏပြုလုပ်ခဲ့သည်။ ထို့ပြင် ၎င်း၏နေအိမ်၌လည်း တို့ဗမာ အစည်းအရုံးမှ ခေါင်းဆောင်များသည် လွတ်လပ်ရေးအတွက် မကြာခဏ ဆွေးနွေးတိုင်ပင်ကြသည်။ ထို့နောက် ဦးခန့်အား သခင်ဗစိန်၊ သခင်ထွန်းအုပ် တို့ဗမာအစည်းအရုံး၏ ပြည်တွင်းသူပုန်အဖွဲ့တွင် ခေါင်း ဆောင် တစ်ဦး အ ဖြစ် တာဝန်ပေးခြင်း ခံရသည်။

၁၉၄၂ ခုနှစ်တွင် ဘီ–အိုင်–အေ ဗမာ့တပ်မတော်၌ ဗိုလ်ကြီးအဖြစ် မြစ်ဝကျွန်းပေါ်ဒေသတွင် တာဝန်ပေးအပ်ခြင်း ခံခဲ့ရသည်။ ထို့ပြင် ဗိုလ်ချုပ် အောင်ဆန်း၊ သခင်ထွန်းအုပ်တို့၏ တာဝန်ပေးချက်အရ မအူပင်နှင့် မြောင်းမြနှစ်ခရိုင်၌ အုပ်ချုပ်ရေး အထူးအရာရှိအဖြစ် နှစ်လခန့် ဆောင်ရွက်ခဲ့ရသည်။

ထို့နောက် စစ်အတွင်း ဒေါက်တာဗမော် အစိုးရ၏ သစ်တောနှင့် သတ္တုတွင်းဝန်ကြီးဌာနတွင် လက်ထောက်အတွင်းဝန်အဖြစ် နှစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည်။

ဦးခန့်သည် ၁၉၄၅ ခုနှစ်အတွင်းက သခင်ဗစိန်နှင့် သခင်လှထွန်းတို့အား ဗြိတိသျှစစ်တပ်က အပြစ်အနာမယူဘဲ ဂျပန်ဗားကျွန်းမှ မြန်မာနိုင်ငံသို့ ကောင်းမွန်ချောမောစွာ ပြန်ပို့ပေးအောင် ဆောင်ရွက် ခဲ့ သည်။ သခင်ထွန်းအုပ်အားလည်း ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ ဘေးမသီရန်မခဘဲ ပြန်ရောက်အောင် ဆောင်ရွက်ခဲ့သည်။

ဦးခန့်သည် ၁၉၄၆ ခုနှစ် စစ်အုပ်ချုပ်ရေး ကာလအတွင်း ဘိလပ်ရှိ မြန်မာနိုင်ငံဆိုင်ရာ ဝန်ကြီးမှတစ်ဆင့် ၁၉၄၆ ခုနှစ် ဗမာနိုင်ငံအခြေအနေဟူသော စာမျက်နှာရှစ်မျက်နှာခန့်ရှိသည့် စာတမ်းကိုတင်သွင်းခဲ့သည်။ ယင်းစာတမ်းသည် အုပ်ချုပ်သူ ဗြိတိသျှအစိုးရအား အရပ်သားတစ်ဦးက ရဲရဲဝံ့ဝံ့တင်ပြခဲ့သော စာတမ်း ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ အစိုးရ လက်ထက် ၁၉၆၄ ခုနှစ်တွင် ဦးခန့်သည် စာပေဗိမာန်၌ အထူးအရာရှိ အဖြစ် လည်းကောင်း၊ အင်းဝတိုက်၌ အထူးအရာရှိ အဖြစ်လည်းကောင်း တာဝန်ထမ်း ဆောင်ခဲ့ဖူးသည်။

ဗမာနိုင်ငံ ကမ္ဘာ့ရေးရာအသင်းတွင် အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ တဂိုးအသင်းတွင် ဥက္ကဋ္ဌ အဖြစ် လည်းကောင်း၊ ရွှေဂုံတိုင် ခြောက်ထပ်ကြီးဘုရား တည်ဆောက်ရေး ဂေါပကအဖွဲ့ ဒွေထိန်း လူကြီးအဖြစ် လည်းကောင်း၊ ဗဟန်း တိုင်တစ်ရာကျောင်းတွင် ကျင်းပခဲ့သော အမျိုးသားနေ့ ကျင်းပရေးအဖွဲ့၊ ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်တွင် အမျိုးသားနေ့ အထိမ်းအမှတ် ကျောက်တိုင် စိုက်ထူရာ၌လည်း ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်သည်။ ပန်းတနော်မြို့နယ်အသင်း (ရန်ကုန်)၏ နာယကကြီးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။

ဦးခန့်သည် လစဉ်ထုတ်မဂ္ဂဇင်းများ၊ သတင်းစာများ၌ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဆောင်းပါးပေါင်း တစ်ရာကျော် ရေးသားခဲ့သည်။ ဝန်ကြီးချုပ် ဟောင်း ဦးနု ရေးသားသော ငါးနှစ်ရာသီ ဗမာပြည် စာအုပ်ကို မစ္စတာဖာနီဗယ်နှင့်အတူ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။

၁၉၇၀ ပြည့်နှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဦးခန့်အား နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ချီးမြှင့်အပ်နှင်းခဲ့သည်။

ဇနီးဖြစ်သူ ဒေါ်စောရင်သည် ၁၉၇၅ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။

ဦးခန့်သည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲသည်။ ကွယ်လွန်ချိန်တွင် သားလေးယောက်နှင့် သမီးတစ်ယောက် ကျန်ရစ်သည်။

ချစ်သောင်း၊ ဦး (ခရစ် ၁၈၉၉–၁၉၇၇)။ ။ အငြိမ်းစားဓာတုဗေဒမင်းကြီးနှင့် ဝန်ကြီးဟောင်းဖြစ်သူ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ သီရိပျံချီ ဦးချစ်သောင်းကို ၁၈၉၉ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုးကော့နှပ်ရွာ၌ အဖ ဦးအောင်ဒွန်းနှင့် အမိ ဒေါ်မြမေတို့က မွေးဖွားသည်။ ဗုဒ္ဓဘာသာ မွန်တိုင်းရင်းသားဖြစ်သည်။

မော်လမြိုင်မြို့ အင်္ဂလိပ်–မြန်မာ အထက်တန်းကျောင်း၌ ပညာသင်ကြားရာ ၁၉၁၆ ခုနှစ်တွင် သတ္တမတန်းစာမေးပွဲကို ထူးချွန်စွာအောင်မြင်သဖြင့် အထက်တန်းပညာ စကောလားရှစ်ဆု ရရှိခဲ့သည်။ ထို့နောက် ၁၉၁၉ ခုနှစ်တွင် ၁၀ တန်းစာမေးပွဲကို ဘာသာရပ်ရှစ်ဘာသာရှိသည့်အနက် ခုနစ်ဘာသာဂုဏ်ထူး(အင်္ဂလိပ်စာ၊ စိတ်ကြိုက်အင်္ဂလိပ်စာ၊ မြန်မာစာ၊ ပါဠိ၊ သခ်ၤာတစ်၊ သခ်ၤာနှစ်၊ ပထဝီ) ဖြင့် အောင်မြင်ခဲ့ပြန်သောကြောင့် ကောလိပ်တက်ရန် ပညာသင်ဆုရရှိခဲ့ပြန်သည်။ ကောလိပ်ကျောင်းတွင် ဥပစာတန်းကို သခ်ၤာ၊ ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပြန်ပြီး ၁၉၂၃ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ဓာတုဗေဒဂုဏ်ထူးတန်းဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ပြန်သည်။ သိပ္ပံဘွဲ့စာမေးပွဲဖြေဆိုရာ၌ တစ်တန်းလုံး အမှတ်အများဆုံးရသဖြင့် ဦးရွှေလေး၏ ရွှေတံဆိပ်ဆု ချီးမြှင့်ခြင်းခံရသည်။

ထို့ပြင် နိုင်ငံခြားပညာတော်သင်ဆုကိုလည်း ရရှိခဲ့သဖြင့် အင်္ဂလန်နိုင်ငံသို့ သွားရောက်၍ အင်ပီရီယာကောလိပ်နှင့် တော်ဝင်သိပ္ပံကောလိပ်၌ ပညာဆက်လက်ဆည်းပူးခဲ့ရသည်။ ဓာတုဗေဒပညာရပ်များကို ဆက်လက်ဆည်းပူးခဲ့ပြီး ၁၉၂၆ ခုနှစ်မှ ၁၉၂၈ ခုနှစ်အတွင်း ဓာတုဗေဒပညာရပ်ကို သုတေသန ပြုခဲ့သဖြင့် မဟာသိပ္ပံ(သုတေသန) ဘွဲ့ကို လန်ဒန်တက္ကသိုလ်မှ ရရှိခဲ့သည်။ ထို့ပြင် D.I.C, A.R.C.S နှင့် F.C.S ဘွဲ့များကိုလည်းရရှိခဲ့သည်။

ထို့နောက် ၁၉၂၈ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနဌ၌ လက်ထောက်ကထိကအဖြစ် အမှုထမ်းခဲ့ပြီး ၁၉၃၀ ပြည့်နှစ်တွင် နိုင်ငံတော်ဓာတုဗေဒမင်းကြီး



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်ရ သီရိပျံချီ
ဦးချစ်သောင်း

အဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဦးချစ်သောင်းသည် ၁၉၃၆ ခုနှစ်တွင် ဒေါ်လှမြင့်နှင့်လက်ထပ်ခဲ့ပြီး သားသုံးယောက် ထွန်းကားခဲ့သည်။

ဦးချစ်သောင်းသည် ၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း (ယခု ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်း) ၏ အိမ်စောင့်အစိုးရလက်ထက်တွင် စက်မှုလက်မှု၊ သတ္တုတွင်း၊ အလုပ်သမားနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနများ၏ ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် အိမ်စောင့်အစိုးရသက်တမ်း ပြီးဆုံး၍ ဝန်ကြီးချုပ်ဟောင်း ဦးနုလက်ထက်တွင် အကြံပေး ကော်မတီ လူကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ အစိုးရ၏တာဝန်ပေးချက်အရ မွန်ရေးရာအဖွဲ့တွင်လည်း အဖွဲ့ဝင်လူကြီးအဖြစ် ၁၉၅၄ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

ဦးချစ်သောင်းအား ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတော်က သီရိပျံချီဘွဲ့ကို ချီးမြှင့် အပ်နှင်းခဲ့သည်။ ထို့ပြင် ၁၉၆၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ဦးချစ်သောင်းအား ချီးမြှင့်အပ်နှင်းခဲ့သည်။

ဦးချစ်သောင်းသည် နိုင်ငံတော်တာဝန် ထမ်းဆောင်စဉ်ကာလအတွင်း ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့ရရာ ၁၉၅၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဓာတုဗေဒနှီးနှော ဖလှယ်ပွဲတက်ရောက်ရန် အမေရိကန် ပြည်ထောင်စုသို့လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် ချစ်ကြည်ရေးအဖွဲ့ကို ခေါင်းဆောင်၍ တရုတ်နိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများသို့လည်းကောင်း သွားရောက်ခဲ့သည်။


ဦးချစ်သောင်းသည် နိုင်ငံတော်ဓာတုဗေဒနှင့် လူမှုရေး၊ ဘာသာရေး၊ ပညာရေး စသောအဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သည်။ ရွှေတိဂုံ

ဂေါပကအဖွဲ့ နာယကအဖွဲ့ဝင်တစ်ဦးအဖြစ်လည်းကောင်း၊ မြန်မာနိုင်ငံ သုတေသနအသင်းကြီး၏ ဥက္ကဋ္ဌ (၁၉၅၇–၁၉၅၉) အဖြစ်လည်းကောင်း၊ အမျိုးသားအထက်တန်းကျောင်း အုပ်ချုပ်ရေး ကော်မတီ ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ ဇီဝိတဒါနဆေးရုံ (ဗဟန်း) ၏ အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ (၁၉၇၄–၁၉၈၂) အဖြစ်လည်းကောင်း၊ ရာမညတိုင်းလုံးဆိုင်ရာ မွန်အသင်းကြီး၏ ဥက္ကဋ္ဌအဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်)ရ သီရိပျံခရီ ဦးချစ်သောင်းသည် ၁၉၀၇ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သားနှစ်ယောက် ကျန်ရစ်သည်။

ချင်သမ္မတနိုင်ငံ။ ။တစ်ဦးချင်း တိုင်းပြည်ထွက်ကုန်တန်ဖိုးသည် ဒေါ်လာ ၈၀ မျှသာရှိ၍ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်သော ချင်နိုင်ငံ၌ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လတွင် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် မြောက်ပိုင်းမှ အစွန်းရောက် ဘာသာဝင်တို့နှင့် တောင်ပိုင်းမှ ခရစ်ယာန်ဘာသာဝင်တို့သည် အာဏာခဲ့ဝေမှုကို အကြောင်းပြု၍ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရာ ၁၉၈၇ ခုနှစ်တိုင် အပြီးသတ်ပြေငြိမ်းမှုမရှိကြသေးချေ။ (စွယ်စုံနှစ်ချုပ် ၁၉၈၁–စာ၊ ၁၆၀ —ရှု။) ချင်အစိုးရ၏ မေတ္တာရပ်ခံချက်အရဟုဆိုကာ လစ်ဗျာတပ်များ ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလက ချင်နိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြပြီး ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် လစ်ဗျာနှင့် ချင်တို့ နှစ်နိုင်ငံ ပေါင်းစည်းရန် ရည်ရွယ်ကြောင်း ကြေညာခဲ့သည်။ ထို့နောက် လစ်ဗျာက ထောက်ခံအားပေးသော သမ္မတ ဂေါက်ကိုနီ အွတ်ဒေအီနှင့် လစ်ဗျာကိုဆန့်ကျင်သော ကာကွယ်ရေးဝန်ကြီး ဟစ်ဆန် ဟာဗရီတို့ သဘောထားကွဲလွဲကြရာမှ ချင်ပြည်တွင်းစစ်သည် ခရစ်ယာန်နှင့်အစွန်းရောက်ဘာသာဝင်လူမျိုးစုချင်း တိုက်ပွဲအသွင်မှ အစွန်းရောက် ဘာသာဝင်အချင်းချင်း စစ်ပွဲအသွင်သို့ ပြောင်းသွားသည်။ ပြင်သစ် အကူအညီဖြင့် ပုန်ကန်သော ဟာဗရီ၏ တပ်များသည် ၁၉၈၂ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် အင်ဂျာမီနာမြို့တော်ကို သိမ်းပိုက်နိုင်၍ သမ္မတ ဂေါက်ကိုနီ ပြုတ်ကျခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၂–စာ၊ ၁၅၄ —ရှု။) ဂေါက်ကိုနီသည် ပြည်ပတွင် ယာယီအစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ပြီး ချင်နိုင်ငံ အော်ဇော့(အိုဇူ)ဒေသ၌ အခြေစိုက်ကာ အာဏာပြန်လည်ရရှိရေးအတွက် လှုပ်ရှားမှုများ ပြုလုပ်ခဲ့သည်။ ယင်းဒေသပိုင်ဆိုင်မှုအတွက် လစ်ဗျာနှင့် ချင်တို့ အငြင်းပွားလာခဲ့သည်မှာ ၁၄ နှစ်ခန့် ရှိပြီဖြစ်သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၄–စာ၊ ၁၃၁ —ရှု။)

သမ္မတ ဟာဗရီသည် အာဏာရပြီးနောက်ပိုင်း အစိုးရအဖွဲ့ကို အင်အား တောင့်တင်းခိုင်မာအောင် ကြိုးစားခဲ့ရာ ၁၉၈၄ ခုနှစ် ဒီဇင်ဘာလမှ ၁၉၈၅ ခုနှစ် စက်တင်ဘာလအတွင်း၌ ချင်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများအထိ အစိုးရ အာဏာလွှမ်းမိုးလာစေခဲ့သည်။ စည်းရုံးရေးအတွက် ကွင်းဆင်း လှည့်လည်ရင်း ညီညွတ်ရေးမိန့်ခွန်းများပြောကြားခြင်း၊ ဒေသဆိုင်ရာခေါင်းဆောင်များနှင့် ညှိနှိုင်းခြင်းများ ပြုလုပ်ခဲ့သည်။ ထိုအချိန်တွင် မြောက်ပိုင်းဒေသ၌ လစ်ဗျာတပ်ဖွဲ့များ ရှိနေကြောင်းကို အမေရိကန် ပြည်ထောင်စု၏ ဂြိုဟ်တု ထောက်လှမ်းရေးဓာတ်ပုံအရ သိရှိရသည်။ ဂေါက်ကိုနီ၏ တပ်များနှင့် မဟာမိတ်ပြုထားသော ကိုဒို (ကွန်မန်ဒို) သူပုန်တပ်ဖွဲ့ဝင် ၃,၃၀၀ ကျော်သည် ၁၉၈၅ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် အစိုးရဘက်သို့ ကူးပြောင်းလာခဲ့သည်။ ချင်နိုင်ငံမြောက်ပိုင်းရှိ ချင်ပြည်သူတို့ကို လစ်ဗျာတပ်များက နှိပ်စက်ညှဉ်းပန်းကြခြင်းကြောင့် ဂေါက်ကိုနီ၏ တပ်များအတွင်း မကျေနပ်မှုများ ပေါ်ပေါက်ခဲ့သည်။ ထိုအချိန်မှစ၍ ဂေါက်ကိုနီသည် လစ်ဗျာကို တစ်စတစ်စ ဆန့်ကျင်လာခဲ့သည်။ ၁၉၈၆ ခုနှစ် အောက်တိုဘာလတွင် လစ်ဗျာနိုင်ငံ ထရီပိုလီမြို့ရှိ လစ်ဗျာခေါင်းဆောင် ကဒါဖီ၏အိမ်ဝင်းအတွင်း၌ ဂေါက်ကိုနီသည် သေနတ်ပစ်ခြင်း ခံခဲ့ရသည်။ ဂေါက်ကိုနီ၏ ပေါ်ပြူလာ လက်နက်ကိုင်တပ်ဖွဲ့ (အက်ဖ်အေပီ)သည် သမ္မတ ဟာဗရီ၏ သစ္စာခံတပ်များနှင့် လက်တွဲလိုက်ကြသည်။ လစ်ဗျာသည် ချင်နိုင်ငံအနောက် မြောက်ပိုင်းရှိ အခြား သူပုန်အဖွဲ့ ဖြစ်သော ဒီမိုကရက်တစ် တော်လှန်ရေးကောင်စီ (စီဒီအာ)ကို





လစ်ဗျတို့နှင့်တိုက်ခိုက်ပြီး ရွှေတန်းမှပြန်လာသော ချဒ်စစ်သည်များကို အင်ဂျမီနာမြို့တော်၌ ပြည်သူလူထုက ကြိုဆိုနေပုံ

ထောက်ခံအားပေး နေပြန်သည်။ အာချစ် အီဘင် အိုမာ ခေါင်းဆောင်သော စီဒီအာ တပ်များကို လစ်ဗျတပ် အင်အား ၈၀၀၀ ခန့်နှင့် အစွယ်လာမွစ် လက်ဂျင်း အမည်ခံ အာဖရိက ကြေးစားတပ်သား ၅၀၀ ခန့်က ကျောထောက် နောက်ခံ ပြုထားသည်ဟု ဆိုသည်။

ဤသို့ဖြင့် ချဒ်အစိုးရက မျိုးချစ်တော်လှန်ရေးသမား များအဖြစ် ကြိုဆိုသော ဂေါက်ကိုနီ သစ္စာခံတပ်များနှင့် လစ်ဗျ တပ်များ အကြား တိုက်ပွဲများ ဖြစ်ပွားလာသည်။ အမေရိကန်အစိုးရက ၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် သမ္မတ ဟာဗရီ၏ မေတ္တာရပ်ခံချက်အရ ဒေါ်လာ ၁၅ သန်း တန်ဖိုးရှိ အရေးပေါ် စစ်ရေးအထောက် အပံ့ပစ္စည်းများ ပေးအပ်သည်။ ပြင်သစ်နိုင်ငံက စစ်သည် အင်အား ၁,၂၀၀၊ ဂျက်ဂွာ ဗုံးကြဲလေယာဉ်များနှင့် မီးရပ်ချ စစ်လေယာဉ်များကို ပေးပို့ခဲ့သည်။ ထို့နောက် ဂေါက်ကိုနီ၏ တပ်များနှင့် ဟာဗရီ၏တပ်များ လက်တွဲ မိပြီး စစ်ရှိန်မြှင့်လာခဲ့သည်။ ၁၉၈၇ ခုနှစ် ဩဂုတ်လ ဂ ရက်နေ့တွင် အော်ဇော့ဒေသကို ချဒ်နိုင်ငံက သိမ်းပိုက်မိ သည်။ ၁၉၇၃ ခုနှစ်ကတည်းက လစ်ဗျတို့သိမ်းပိုက်ထား ခဲ့သော အိုအေစစ် ဒေသဖြစ်သည်။ ၁၉၈၇ ခုနှစ် စက်တင် ဘာလ ၇ ရက်နေ့တွင် ချဒ်နိုင်ငံတပ်များသည် လစ်ဗျ နယ်မြေထဲသို့ ပထမဆုံးအကြိမ် ကျူးကျော်ဝင်ရောက် သည်။ လစ်ဗျသတင်းဌာန အဆိုအရ ချဒ်တပ်ဖွဲ့များသည် လစ်ဗျနယ်မြေအတွင်း ၁၀၆ မိုင်ခန့်အထိ ဝင်ရောက်ပြီး အရပ်ဘက်လေဆိပ်တစ်ခုကို တိုက်ခိုက်သည်ဟု ဆိုသည်။ အော်ဇော့ဒေသကို လစ်ဗျက ပြန်လည် သိမ်းပိုက်မိပြီ ဟု သတင်းထွက်ပေါ်နေဆဲတွင် နှစ်ပေါင်းများစွာ ခံစစ် နဲ့လာခဲ့သော ချဒ်နိုင်ငံက လစ်ဗျနိုင်ငံအတွင်း ဝင်တိုက် သည်ထိ စစ်ကျယ်ပြန့်လာခြင်း ဖြစ်သည်။ ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင်မူ အာဖရိက ညီညွတ်ရေး အဖွဲ့(အိုအေယူ)၏ ကမကထပြုချက်ဖြင့် ချဒ်နှင့်လစ်ဗျ တို့ အပစ်အခတ် ရပ်စဲလိုက်ကြောင်း သတင်းထွက်ပေါ် လာပြန်သည်။

အကျယ်အဝန်း။	။၄,၅၅,၂၅၅ စတုရန်းမိုင်
လူဦးရေ။	။၅၀,၁၀,၀၀၀ (၁၉၈၅)
မြို့တော်။	။အင်ဂျာမီနာမြို့

ချန်ထွန်းအောင်၊ ဦး (၁၉၀၀– ၁၉၀၇) ။ ။သရေစည်သူ၊ သတိုးမဟာသရေစည်သူနှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ဦးချန်ထွန်းအောင်ကို မြင်းခြံမှူး၊ ပုသိမ် ကြီးရပ်ကွက်၌ အဖ အရေးပိုင်ကြီး ဦးဧချိုနှင့် အမိ ဒေါ်ခချိုတို့က ၁၉၀၀ ပြည့်နှစ် နိုဝင်ဘာလ ၂ ရက် နေ့တွင်မွေးဖွားသည်။

ငယ်စဉ်က ရွှေကျင်မြို့ အင်္ဂလိပ် – မြန်မာ နှစ်ဘာသာ သင်မူနီစီပယ် အလယ်တန်းကျောင်းတွင် ပညာသင်ကြား ခဲ့သည်။ ၁၉၁၂ ခုနှစ်မှစ၍ ရန်ကုန်စိန်ပေါ် အင်္ဂလိပ်



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်ရ သတိုးမဟာသရေစည်သူ ဦးချန်ထွန်းအောင်

အထက်တန်းကျောင်းတွင် ၁၀ တန်းအောင်သည်အထိ ပညာဆက်သင်ကြားခဲ့ပြီး ၁၉၂၁–၂၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကို ရရှိခဲ့သည်။ ထို့နောက် ၁၉၂၅ ခုနှစ်တွင် ဘီအယ်လ်စာမေးပွဲကို အောင်မြင်ခဲ့သည်။ ထို့နောက် အင်္ဂလန်နိုင်ငံ၌ ဆက်လက် ပညာဆည်းပူးခဲ့ပြီး ၁၉၂၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ဝတ်လုံတော်ရဘွဲ့ကို ရရှိခဲ့သည်။

အင်္ဂလန်နိုင်ငံမှ ပြန်ရောက်ပြီး ဝတ်လုံတော်ရအလုပ်ကို လုပ်ကိုင်ခဲ့သည်။ ၁၉၃၆ ခုနှစ်တွင် ဟံသာဝတီခရိုင်အစိုးရရွှေနေအဖြစ် အမှုထမ်းခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဥပဒေကထိကအဖြစ် တာဝန်ထမ်းဆောင်သည်။ ဦးချန်ထွန်းအောင်သည် ဂျပန်ခေတ်တွင် မြို့တော် တရားမရုံး တရားသူကြီးချုပ် အဖြစ် ဆောင်ရွက်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်လက်ထောက် ရွှေနေချုပ်အဖြစ် တာဝန်ထမ်းဆောင်သည်။ ၁၉၅၁ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ သရေစည်သူဘွဲ့ကို ချီးမြှင့်ခံရသည်။ ၁၉၅၃ ခုနှစ်တွင် တရားလွှတ်တော်တရားသူကြီး၊ ၁၉၅၅ ခုနှစ်တွင် နိုင်ငံတော်တရားလွှတ်တော် တရားသူကြီးချုပ် စသည်ဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် နိုင်ငံတော်သမ္မတ၏ သတိုးမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်ခံခဲ့ရပြန်သည်။

ဦးချန်ထွန်းအောင်သည် အမှုထမ်းနေစဉ်အတွင်း ပုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) တွင် အသင်းဝင်အဖြစ်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ပုဒ္ဓဘာသာအသင်းကြီး၏ အမှုဆောင် အဖွဲ့ဝင် လူကြီးအဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခဲ့သည်။

အိမ်စောင့်အစိုးရ လက်ထက်တွင် တရားရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် ကျင်းပခဲ့သော ၁၄ ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အဖြစ် တက်ရောက်ခဲ့သည်။

တရုတ်ပြည် သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် ချူအင်လိုင်း၏ ဖိတ်ကြားချက်အရ ၁၉၆၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်း (လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း) တရုတ်ပြည်သူ့သမ္မတ နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာ ဦးချန်ထွန်းအောင် လိုက်ပါသွားခဲ့ရသည်။

ထို့ပြင် နယ်သာလန်၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ သြစတြေးလျနှင့် အမေရိကန် ပြည်ထောင်စုများသို့ ထိုနိုင်ငံများတွင် လုပ်ဆောင်နေသော ဝန်ထမ်းရေးရာ လုပ်ငန်းများ လေ့လာရန် သွားရောက်ခဲ့ရသည်။

ဦးချန်ထွန်းအောင်သည် ရန်ကုန်တက္ကသိုလ် ဥပဒေဌာန အချိန်ပိုင်းကထိက၊ ရွှေနေများစာမေးပွဲ ကြီးကြပ်မှုကော်မတီဝင်၊ ရွှေတိဂုံဘုရားကြီးနာယကအဖွဲ့ဝင်၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ စသည့် ပညာရေး၊ လူမှုရေး၊ ဘာသာရေး တာဝန်များကိုလည်း ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့သည်။ ဦးချန်ထွန်းအောင်အား ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ၁၉၈၀ ပြည့်နှစ်တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်ခဲ့သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ သတိုးမဟာ သရေစည်သူ ဦးချန်ထွန်းအောင်သည် ၁၉၈၇ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်မမကြီးနှင့် သားတစ်ယောက် ကျန်ရစ်သည်။

ဂါစီယာပဲရက်ဇ်, အာလန် (ခရစ် ၁၉၄၉–)။ ။ပီရူးနိုင်ငံ သမ္မတ အာလန်ဂါစီယာပဲရက်ဇ်ကို ၁၉၄၉ ခုနှစ် မေလ ၂၃ ရက်နေ့တွင် ပီရူးနိုင်ငံ လီမာမြို့တော်တွင် မွေးဖွားသည်။ လီမာမြို့ စန်မားကော့စ် တက္ကသိုလ်မှ ဥပဒေဘွဲ့ကို ရရှိခဲ့ပြီးနောက် စပိန်နိုင်ငံ မက်ဒရစ်မြို့နှင့် ပြင်သစ်နိုင်ငံ ပါရီမြို့တို့ရှိ တက္ကသိုလ်များတွင် ဥပဒေနှင့် လူမှုရေး သိပ္ပံပညာ ဘွဲ့လွန်သင်တန်းများကို တက်ရောက်ဆည်းပူးခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ပီရူးနိုင်ငံသို့ ပြန်လည် ရောက်ရှိလာ၍ပီရူးနိုင်ငံ၏ လက်ရှိအခြေခံဥပဒေကို ရေးဆဲ့ပြဋ္ဌာန်းသော ဥပဒေပြု လွှတ်တော်တွင် အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

ဂါစီယာပဲရက်ဇ်သည် အလှံ့ဇာ ပေါ်ပြူလာ ရီဗော်လူစီယွန်နာရီယာအမေရိကာနာ (အေပီအာရ်အေ)

ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ၁၉၇၂ ခုနှစ်တွင် ရွေးချယ်တင်မြှောက်ခံရသည်။ ဂါစီယာ၏ အတိုက်အခံများက ဂါစီယာသည် နိုင်ငံရေးအတွေ့အကြုံနည်းပြီး စီမံအုပ်ချုပ်မှု အတွေ့အကြုံလုံးဝမရှိကြောင်းဖြင့် ဝေဖန်တိုက်ခိုက်ကြသော်လည်း ထောက်ခံသူတို့ကမူ ယင်းအားနည်းချက်သည်ပင်လျှင် အင်အားတစ်ရပ်ဖြစ်လာပြီးအစဉ်အလာအရ စစ်တပ်နှင့် အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ငန်းရှင်များ၏ ဖိအားပေးမှုကို လုံးဝဒူးထောက်အညံ့ခံမည့်သူမဟုတ်ဟူ၍ ယုံကြည်ကြသည်။ စပိန်ဝန်ကြီးချုပ် ဖိလစ်ဂွန်ဇာလေ့ မားကွက်စ်ကဲ့သို့ပင် သဘောတရားထက်နိုင်ငံရေးအရ လက်တွေ့ဗျူဟာကို ဦးစားပေးတတ်သူ ဖြစ်သည်ဟု ဆိုကြသည်။ သို့ဖြင့် ၁၉၇၅ ခုနှစ် ဧပြီလ ၁၄ ရက်နေ့က ကျင်းပသော ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၄၅ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဦးဆောင်ခဲ့သည်။ မဲထက်ဝက် မကျော်၍ ဒုတိယအကြိမ် ရွေးကောက်ပွဲယှဉ်ပြိုင်ရန် ရှိသော်လည်း မဲအရေအတွက် ဒုတိယအများဆုံး ရသူက နုတ်ထွက်သွား၍ ဇွန်လ ၁ ရက်နေ့တွင် သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက် ခံခဲ့ရခြင်းဖြစ်သည်။ အေ ပီ အာရ် အေ ပါတီသည် ပီရူးနိုင်ငံတွင် ဝါအရင့်ဆုံးနိုင်ငံရေးပါတီကြီး ဖြစ်သော်လည်း ဂါစီယာ ပဲရက်ဇ်သည်သာ သမ္မတအဖြစ် ပထမဆုံးရွေးချယ်တင်မြှောက်ခံရသော အေပီအာရ်အေ ပါတီခေါင်းဆောင် ဖြစ်သည်။ ပီရူးနိုင်ငံတွင် ဒီမိုကရေစီအရ ရွေးချယ်တင်မြှောက်ခံထားရသောသမ္မတတစ်ဦး၏နေရာတွင် အနှစ် ၄၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဒီမိုကရေစီနည်းအရ ဆက်ခံခွင့်ရသူ ဖြစ်လာသည်။

သမ္မတဂါစီယာသည် ပြည်ပပို့ကုန်မှ ရသော၀င်ငွေ၏ ၁၀ ရာခိုင်နှုန်းကိုသာ ပြည်ပကြွေးမြီပေးဆပ်မည်ဟု ၁၉၇၅ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင် ကြေညာခဲ့သည်။ ပြည်ပကြွေးမြီဒေါ်လာသန်းပေါင်း ၁၄,၇၀၀ တင်ရှိသော ပီရူးနိုင်ငံ၏ အကျိုးစီးပွားအတွက် ထူးခြားသောအစီအမံဖြစ်သည်ဟု ဆိုသည်။ ၁၉၇၇ ခုနှစ် သြဂုတ်လတွင် ပုဂ္ဂလိကပိုင် ဘဏ် ၁၀ ခု၊ ဘဏ္ဍာရေးကုမ္ပဏီခြောက်ခုနှင့် အာမခံကုမ္ပဏီ ၁၇ ခုတို့ကို နိုင်ငံပိုင် သိမ်းယူရန် စီစဉ်ခဲ့ပြန်သည်။ ယခင်က ရေနံတင်သွင်းနေရသော ပီရူးနိုင်ငံသည် ဂါစီယာ၏ လက်ထက်တွင် ပြည်ပသို့ တင်ပို့ရောင်းချနိုင်သော နိုင်ငံအဖြစ်သို့ ရောက်ရှိလာသည်။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ (၁၉၇၇) ။ ။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ (ခ) တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်

များအရ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်များ ဆပ်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများ၏ ဘွဲ့အမည် များကို အမိန့်ကြော်ငြာစာအမှတ် (၁/၇၇) ဖြင့်လည်းကောင်း၊ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၂/၇၇) ဖြင့်လည်းကောင်း၊ ဂုဏ်ထူးဆောင် ဘွဲ့များ၊ ဂုဏ်ထူးဆောင် တံဆိပ်များ အပ်နှင်းခြင်းခံရသည့် စစ်မှုထမ်းများ၊ အခြားဝန်ထမ်းများနှင့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၃/၇၇) ဖြင့်လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်း ခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၄/၇၇) ဖြင့်လည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၅/၇၇) ဖြင့် လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များ၏အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၆/၇၇) ဖြင့်လည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်၊ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်များ အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၇/၇၇) ဖြင့်လည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ် အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၈/၇၇) ဖြင့်လည်းကောင်း၊ ပြည်သူရဲ ပူးတွဲတိုက်ပွဲဝင် တံဆိပ်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များ၏ အမည်စာရင်းကို အမိန့်ကြော်ငြာစာအမှတ် (၉/၇၇) ဖြင့် လည်းကောင်း ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး နှစ်ပတ်လည် အောင်ပွဲနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထို့ပြင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် အခြေခံဥပဒေပုဒ်မ ၇၃ ပုဒ်မခွဲ (ခ)တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များအရ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသည့် ပုဂ္ဂိုလ်များကို အမိန့်ကြော်ငြာစာအမှတ် (၄၄/ ၇၇) ဖြင့် ၁၉၇၇ ခုနှစ် မတ်လ ၂၇ ရက် တော်လှန်ရေးနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမိန့်ကြော်ငြာစာ အမှတ် (၁/ ၇၇) အရ အဘိဓဇမဟာရဋ္ဌဂရု ဘွဲ့တံဆိပ်တော်နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီးများအနက် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ကြီး တစ်ပါး

နှင့် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆပ်ကပ်လှူဒါန်း ခြင်းခံရသော ဆရာတော်ကြီး ခြောက် ပါးတို့မှာ အောက် ပါအတိုင်းဖြစ်သည်။

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသာသနာ၊သာသနဝိပုလာရာမမန္တလေးတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့ဆိပ်တော်

၁။ ဘဒ္ဒန္တ ကုမာရ၊ လေးထပ်ကြီး ကျောင်းတိုက်၊ ရေဦးမြို့၊ စစ်ကိုင်းတိုင်း

၂။ ဘဒ္ဒန္တ ဇာဂရဗုဒ္ဓိ၊ ဂွေးချိုကျောင်းတိုက်၊ မန္တလေး အနောက်တောင်မြို့နယ်၊ မန္တလေးတိုင်း

၃။ ဘဒ္ဒန္တကိတ္တိ၊ မဟာ ဝိသုတာရာမ ကျောင်းတိုက်၊ စလင်းမြို့၊ မကွေးတိုင်း

၄။ ဘဒ္ဒတပဏ္ဍိစ္စ၊ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်၊ ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း

၅။ ဘဒ္ဒန္တ ပညာဇောတ၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၆။ ဘဒ္ဒန္တနန္ဒိယ၊ ပညာဇောတာရုံ ကျောင်းတိုက်၊ ပေါက်ခေါင်းမြို့၊ ပဲခူးတိုင်း

အမိန့်ကြော်ငြာစာအမှတ် (၂/၈၇) အရ နိုင်ငံ့ဂုဏ်ရည်ဘွဲ့ပထမဆင့်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ဒုတိယဆင့် အပ်နှင်းခြင်းခံရသူများအနက် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့် အပ်နှင်းခြင်းခံရသူရှစ်ဦးနှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ဒုတိယဆင့် အပ်နှင်းခြင်းခံရသူနှစ်ဦးတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ ပထမဆင့်

၁။ ဦးကိုကြီး
၂။ ဦးတောင်ဇာခိုင်
၃။ ဦးအောင်ခင်
၄။ ဦးလှဦး
၅။ ဦးခင်မောင်ကျော်
၆။ ဦးအေးစန်
၇။ ဦးစိန်ဝင်း
၈။ ဦးထွန်းအောင်ကျော် (ခ) ဦးထွဋ်အောင်ကျော်

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ဒုတိယဆင့်

၁။ ဦးဦးစော (ခ) ဗိုလ်ရန်အောင်
၂။ ဦးအောင်မြင့် (ခ) ဦးကျော်ဝင်း

ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်

အမိန့်ကြော်ငြာစာအမှတ် (၃/၈၇) အရ ဂုဏ်ထူးဆောင်ဘွဲ့များနှင့် ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသူများအနက် သူရဘွဲ့ အပ်နှင်းခြင်းခံရသူ နှစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် အပ်နှင်းခြင်းခံရသူ ၁၉ ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူတစ်ဦး၊ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်) အပ်နှင်းခြင်းခံရသူလေးဦး၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) အပ်နှင်းခြင်းခံရသူ ၅၆ ဦး၊ ရဲသူရတံဆိပ်အပ်နှင်းခြင်းခံရသူတစ်ဦး၊ ရဲဗလတံဆိပ် အပ်နှင်းခြင်းခံရသူနှစ်ဦး၊ ရဲသူရဲနိုင်တံဆိပ် အပ်နှင်းခြင်းခံရသူလေးဦး၊ ရဲကျော်စွာတံဆိပ်အပ်နှင်းခြင်းခံရသူသုံးဦးနှင့် ရဲကျော်သူတံဆိပ်အပ်နှင်းခြင်းခံရသူ ၁၆ ဦးရှိသည်။

အမိန့်ကြော်ငြာစာအမှတ် (၄၄/၈၇) အရ တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းခြင်းခံရသူများအနက် သီဟသူရဘွဲ့အပ်နှင်းခြင်းခံရသူနှစ်ဦး၊ သူရဘွဲ့အပ်နှင်းခြင်းခံရသူလေးဦးနှင့် သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် အပ်နှင်းခြင်းခံရသူ ၃၃ ဦးရှိသည်။


အမိန့်ကြော်ငြာစာများအရ ၁၉၈၇ ခုနှစ်၌ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ဆက်ကပ်ခြင်းခံရသည့် ဆရာတော်ကြီးများနှင့် အပ်နှင်းခြင်းခံရသည့်ပုဂ္ဂိုလ်များစာရင်းကို အကျဉ်းချုပ်အားဖြင့် ဖော်ပြပါအတိုင်း အမျိုးအစားအလိုက် ခွဲခြားတွေ့ရှိရသည်။


ချီးမြှင့်သည့်ဂုဏ်ထူးဆောင်ဘွဲ့၊ တံဆိပ်	ချီးမြှင့်ခံရသည့် ပုဂ္ဂိုလ်ဦးရေ
– အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်	၁
– အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်	၆
– နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)	၈
– နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ဒုတိယဆင့်)	၂
– သီဟသူရဘွဲ့ (အမိန့်ကြော်ငြာစာအမှတ် ၄၄/၈၇)	၂
– သူရဘွဲ့ (အမိန့်ကြော်ငြာစာအမှတ် ၃/၈၇)	၂
– သူရဘွဲ့ (အမိန့်ကြော်ငြာစာအမှတ် ၄၄/၈၇)	၄
– သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် (၃/၈၇)	၁၉
– သူရဲကောင်းမှတ်တမ်းဝင်တံဆိပ် (၄၄/၈၇)	၃၃
– လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်)	၁
– လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)	၄
– လူမှုထူးချွန်တံဆိပ် (တတိယဆင့်)	၅၆
– ရဲသူရတံဆိပ်	၁
– ရဲဗလတံဆိပ်	၂

– ရဲသူရိန်တံဆိပ် ၄
– ရဲကျော်စွာတံဆိပ် ၃
– ရဲကျော်သူတံဆိပ် ၁၆
– စစ်မှုထမ်းကောင်းတံဆိပ် ၄၆၀
– ရဲမှုထမ်းကောင်းတံဆိပ် ဂ
– ပြည့်သူ့စစ်ထမ်းကောင်းတံဆိပ် ၂၂၄
– ပြည့်သူ့စစ်ထမ်းတံဆိပ် ၂၄,၉၉၁
– နိုင်ငံတော်ရဲမှုထမ်းတံဆိပ် ၃၅၁
– ပြည်သူ့ရဲပူးတွဲတိုက်ပွဲဝင်တံဆိပ် ၅၀၆

ကျပန်နိုင်ငံ။ ။ကျပန်နိုင်ငံ၏ စီးပွားရေးသည် ၁၉၀၆ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့၍ ၁၉၀၅ ခုနှစ်က တိုးတက်မှုနှုန်းဖြစ်သော ၄ ဒသမ ဂ ရာခိုင်နှုန်း၏ အောက်သို့ ထိုးကျသွားခြင်း ဖြစ်သည်ဟု စီးပွားရေး စီမံကိန်း အောဂျင်စီက ၁၉၀၇ ခုနှစ် မတ်လ ၁၇ ရက် နေ့တွင် ကြေညာသည်။ ယင်းကျဆင်းမှုသည် ၁၉၀၄ ခုနှစ် နောက်ပိုင်းတွင် အဆိုးရွားဆုံးဖြစ်သည်ဟု ဆိုသည်။ ၁၉၀၇ ခုနှစ် ဘဏ္ဍာရေးနှစ်တွင်မူ ကျပန်နိုင်ငံ၏ စီးပွားရေးသည် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု သြဂုတ်လတွင် ကြေညာသည်။ ကျပန်ယန်းငွေတန်ဖိုးသည် ၁၉၀၅ ခုနှစ် စက်တင်ဘာလမှ စ၍ တဖြည်းဖြည်း မြင့်တက်လာခဲ့သဖြင့် ကျပန်ကုန်ပစ္စည်းများ နိုင်ငံခြားဈေးကွက်တွင် ဈေးနှုန်းမြင့်မားလာခဲ့သည်။ သဘော်ဘတည်ဆောက်မှုလုပ်ငန်း၊ သံမဏိလုပ်ငန်းများ အပါအဝင် ကျပန်ပြည်တွင်းလုပ်ငန်းရှင်များသည် အရောင်းအဝယ်ကျဆင်းသဖြင့် အလုပ်သမား ထောင်ပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ခဲ့ကြရသည်။ ၁၉၀၅ ခုနှစ် ဇွန်လ အထိ ထိုအလုပ်လက်မဲ့များ အပါအဝင် အလုပ်လက်မဲ့ဦးရေမှာ ၁ ဒသမ ၇၆ သန်း ဖြစ်လာသည်။ ၁၉၀၆ ခုနှစ် ဇွန်လထက် ၆,၄၀,၀၀၀ ဦးရေ ပိုလာခဲ့သည်။ တစ်နည်းဆိုသော် ၁၉၀၅ ခုနှစ် ပထမ ခြောက်လပိုင်းတွင် အလုပ်လက်မဲ့ ၃ ဒသမ ၁ ရာခိုင်နှုန်း ရှိသည်ဟူ၍ ဝန်ကြီးချုပ်ရုံး စာရင်းဇယားများ ဗျူရိုက ကြေညာသည်။ မည်သို့ပင်ဖြစ်စေ စီးပွားရေး လျော့ထားချက်များကို ကျော်လွှန်လိမ့်မည်ဟု အစိုးရပိုင်းက ယုံကြည်ထားကြသည်။ ကျပန်နိုင်ငံတွင် ၁၉၀၅ ခုနှစ် မေလအတွင်းက ကြေညာခဲ့သည့် စီးပွားရေး ပြန်လည်ထူထောင်မှုအတွက် အစိုးရ၏ အရေးပေါ် အစီအစဉ်သည် ကျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ကူညီပံ့ပိုးပေးနိုင်ခဲ့ပေသည်။ ယင်းအစီအစဉ်အရ ၁၉၀၈ ခုနှစ် မတ်လ ၃၁ နေ့တွင် ကုန်ဆုံးမည့် ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်း တိုင်းပြည်ထွက်ကုန် (ဂျီအင်ပီ) တစ်ရာခိုင်နှုန်း တိုးတက်စေရန် အစိုးရက ယန်းငွေ ခြောက်ထရီလီယံ (ဒေါ်လာသန်းပေါင်း ၄၁,၄၄၀) ဖိုး အကူအညီပေးသွားမည်ဖြစ်သည်။ ကျပန်အစိုးရ၏ အစီအစဉ်အရ ထိုငွေများကို ပြည်တွင်းဝယ်လိုအား တိုးစေရန်နှင့် သွင်းကုန်များ တိုးမြှင့်တင်သွင်းရန် အသုံးပြုသွားမည် ဖြစ်သည်။ ယန်းငွေ ငါးထရီလီယံကို အများပြည်သူနှင့် သက်ဆိုင်သည့် လုပ်ငန်းများအတွက် သုံးစွဲမည်ဖြစ်ပြီး ယန်း တစ်ထရီလီယံကို အခွန်ဖြတ်တောက် လျှော့ချရာတွင် အသုံးပြုမည်ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇–စာ၊၁၄၇–– ရှု။)

ကျပန်နိုင်ငံ၏ ယန်းငွေတန်ဖိုး ခိုင်မာနေမှုကြောင့်





ကျပန်နိုင်ငံ အာဏာရအယ်ဒီပီပါတီ ဥက္ကဋ္ဌလောင်းများဖြစ်ကြသော မီယာဇာဝ၊ အာဘေးနှင့် တာကေရှိတာတို့ကို လက်ရှိဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ် နာကာဆိုနေက တွေ့ဆုံစဉ်

ကျပန်နိုင်ငံ၏ ကြီးမားသည့် သာမန်စာရင်းနှင့် ကုန်သွယ်ရေး ပိုငွေပြမှု နှစ်ရပ်စလုံးမှာ ကျဆင်းလာကြောင်း အစိုးရနှင့် ပဂ္ဂလိက စီးပွားရေးပညာရှင်တို့က မှတ်ချက်ချသည်။ ကျပန်နိုင်ငံ၏ မည်သို့ပင်ရေးသော သာမန်စာရင်းပိုငွေမှာ ၁၉၈၆ ခုနှစ် မေလအတွင်းတွင် ဒေါ်လာသန်းပေါင်း ၇,၆၃၀ ရှိရာမှ ၁၉၈၇ ခုနှစ် မေလအတွင်းတွင် ဒေါ်လာသန်းပေါင်း ၇,၀၉၀ ထိ ကျဆင်းခဲ့သည်။ ကုန်သွယ်ရေး ပိုငွေပြမှုမှာလည်း ဒေါ်လာသန်းပေါင်း ၈,၃၄၀ ရှိရာမှ ဒေါ်လာသန်းပေါင်း ၈,၀၅၀ သို့ ကျဆင်းလာသည်။ ကျပန်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေများ လျော့ချလာမှုသည် လွန်ခဲ့သော နှစ်နှစ်နီးပါးမျ စီးပွားရေးတိုးတက်မှုနှုန်း နှေးကွေးနေခြင်းမှ ပြန်လည်၍ စီးပွားရေးတိုးတက်ခြင်းကို ပြသနေသည်ဟု ဆိုပေသည်။

ကျပန်နိုင်ငံ၌ မြို့နီစပယ်အဖွဲ့တွင် ၆၅၅ နေရာနှင့် ပရီဖက်ချာ စီရင်စုနယ် လွှတ်တော် စုစုပေါင်း ၄၄ ရပ်တွင် နေရာ ၂,၆၇၀ တို့အတွက် ရွေးကောက်ပွဲကို ၁၉၈၇ ခုနှစ် ဧပြီလ၌ ကျင်းပခဲ့သည်။ စီရင်စုနယ် လွှတ်တော်၌ အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ် ပါတီ (အယ်ဒီပီ) က ၁,၃၀၂ နေရာကိုသာ အနိုင်ရရှိ၍ ယခင် ရွေးကောက်ပွဲ၌ ၁,၄၀၇ နေရာရရှိခဲ့ရာမှ လျော့ကျသွားခြင်းပင်ဖြစ်သည်။ အဓိက အတိုက်အခံ ဆိုရှယ်လစ်ပါတီသည် ၃၇၂ ဦးသာ ရရှိထားရာမှ ဤရွေးကောက်ပွဲတွင် ၄၄၃ ဦးထိ အနိုင်ရရှိလာသည်။ ကိုမေတို (သန့်ရှင်းသော အစိုးရပါတီ)သည် ၁၀၂ နေရာမှ ၁၀၆ နေရာသို့ လည်းကောင်း၊ ဒီမိုကရက်တစ် ဆိုရှယ်လစ်ပါတီက နေရာ ၁၀၀ မှ ၁၀၄ နေရာသို့လည်းကောင်းအသီးသီးတိုးတက်ရရှိလာကြသည်။ ဆိုရှယ်လစ် ဒီမိုကရက်တစ် ဖက်ဒရေးရှင်း ပါတီမှာမူ တစ်နေရာ လျော့ကျကာ ငါးနေရာသာ အနိုင်ရရှိသည်။ တစ်သီးပုဂ္ဂလများသည် ၁၉၈၃ ခုနှစ်ကထက် ၁၀ နေရာ တိုးလာကာ ၃၉၇ နေရာ အနိုင်ရရှိသည်။

၁၉၀၆ ခုနှစ် ဇူလိုင်လက ကျင်းပသော အထွေထွေ ရွေးကောက်ပွဲ၌ အပြတ်အသတ် အနိုင်ရခဲ့သည့် အာဏာရ အယ်ဒီပီပါတီသည် ယင်းဒေသန္တရ ရွေးကောက်ပွဲ အသီးသီးတွင် အနိုင်ရရှိမှု အခြေအနေ လျော့နည်းကျဆင်းသွားရခြင်းမှာ အရောင်းခွန် ငါးရာခိုင်နှုန်း သတ်မှတ်ရေး အစီအစဉ်ကို ဒိုင်းယက်လ်တော်၌ အယ်ဒီပီ ပါတီက တင်သွင်းခြင်းကို ကန့်ကွက်သည့်သဘော ဆောင်သည်ဟု ဆိုသည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇–စာ၊ ၁၄၆ — ရှု။)

ကျပန်နိုင်ငံတွင် ၁၉၅၄ ခုနှစ် နိုဝင်ဘာလက အာဏာရ လစ်ဗရယ်ပါတီမှ ခွဲထွက်သူများနှင့် အတိုက်အခံတိုးတက်ရေးပါတီတို့မှ ပေါင်းစည်း၍ ပေါ်ထွန်းလာသော လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ) သည် ၁၉၅၅ ခုနှစ်မှစ၍ ပါလီမန်တွင် အမတ်နေရာ အများစုကို လွှမ်းမိုးထားနိုင်သည်။ ၁၉၀၇ ခုနှစ် အောက်တိုဘာလတွင် အယ်ဒီပီ အမတ် ၄၄၅ နေရာရှိသည်။ ပါတီဥက္ကဋ္ဌ သက်တမ်းသည် တစ်ကြိမ်လျှင် နှစ်နှစ်ဖြစ်ပြီး ဒုတိယအကြိမ် ဆက်တိုက် အရွေးချယ်ခံနိုင်သည်။ ထူးခြားသည့် အခြေအနေမျိုးတွင် ဥက္ကဋ္ဌသက်တမ်းကို နောက်ထပ် အချိန် အတန်အသင့် တိုးပေးနိုင်ခွင့်ရှိသည်။ ၁၉၀၆ ခုနှစ် ပါလီမန် ရွေးကောက်ပွဲတွင် အယ်ဒီပီက ထူးထူးကဲကဲ အောင်ပွဲခံနိုင်ခြင်းအတွက် ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်နာကာဆိုနေသည် သက်တမ်းတစ်နှစ် တိုးမြှင့်ထမ်းဆောင်နိုင်ခဲ့သည်။ ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ယင်းသက်တမ်း စေ့မြောက်သည်။ ထို့ကြောင့် နာကာဆိုနေကို ဆက်ခံရန် နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှင်တာရှိအာဘေး၊ ဘဏ္ဍာရေးဝန်ကြီး ကီအီချီ မိယာဇာဝါ၊ ပါတီအတွင်းရေးမှူးချုပ် နိုဘို့ရှု တာကေရှိတာနှင့် ပါတီဒုတိယဥက္ကဋ္ဌဟောင်းဆူဆူမူ နိကိုင်ဒိုတို့သည် ကြိုးပမ်းလာခဲ့ကြသည်။ နိကိုင်ဒိုသည် ထောက်ခံသူ အယ်ဒီပီ အမတ်ဦးရေ ၅၀ ပြည့်အောင် မစွမ်းဆောင်နိုင်၍ ရွေးကောက်ပွဲမှ နုတ်ထွက်သွားခဲ့သည်။ ပါတီဥက္ကဋ္ဌကို အယ်ဒီပီပါတီဝင် ပါလီမန် (ဒိုင်းယက်) အမတ်များက မဲဆန္ဒပေးခြင်းဖြင့်ဖြစ်စေ၊ ဂိုဏ်းခေါင်းဆောင်များ အစည်းအဝေးထိုင်ကြခြင်းဖြင့်ဖြစ်စေ ရွေးချယ်ရသည့် အစဉ်အလာလုပ်ထုံးလုပ်နည်းသည် အထမမြောက်ခဲ့ချေ။ ဒိုင်းယက်တွင် အာဘေး၏ အုပ်စုတွင် အမတ်ဦးရေ ဂဖ ဦး၊ မိယာဇာဝါ၏ အုပ်စုတွင် အမတ် ၉၀ နှင့် တာကေရှိတာ အုပ်စုတွင် ၁၁၄ ဦး အသီးသီးရှိသည်။ ဥက္ကဋ္ဌလောင်း အသီးသီးသည် ရက်သတ္တပတ် နှစ်ပတ်ကြာမျှ ညှိနှိုင်း ဆွေးနွေးကြသော်လည်း ပါလီမန်အတွင်း အယ်ဒီပီ အမတ်ဦးရေ၏ ထက်ဝက်ကျော် ၂၂၃ ဦး၏ ထောက်ခံမှု ရရှိရန် မသေချာဘဲ ရှိခဲ့သည်။ ထို့ကြောင့် ပါတီဥက္ကဋ္ဌ နေရာအတွက် တစ်ဦးဦးကို ရွေးချယ်ပေးဖို့ ဥက္ကဋ္ဌလောင်း တစ်ဦးဖြစ်သူ မိယာဇာဝါက ဝန်ကြီးချုပ် နာကာဆိုနေကို မေတ္တာရပ်ခံ ခဲ့ကြပြီး ကျန် နှစ်ဦးကလည်း သဘောတူညီခဲ့ကြသည်။ ဝန်ကြီးချုပ် နာကာဆိုနေသည် ဝန်ကြီးချုပ်ဟောင်းများဖြစ်ကြသော တာကီယို ဖူကူဒါ နှင့် ဇင်ကို ဆူဇူကီးတို့ အပါအဝင် ပါတီ ထိပ်ပိုင်းပုဂ္ဂိုလ်တို့နှင့် ညှိနှိုင်းသည်။ ထို့နောက် တာကေရှိတာကို ရွေးချယ်ကြောင်း နာကာဆိုနေက ကြေညာ ပေးလိုက်သည်။ ၁၉၀၂ ခုနှစ် နိုဝင်ဘာလမှ စ၍ ပါတီဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်လာခဲ့သော နာကာဆိုနေသည် ပါတီဥက္ကဋ္ဌအဖြစ်မှ ၁၉၀၇ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင်လည်းကောင်း၊ ဝန်ကြီးချုပ်အဖြစ်မှ နိုဝင်ဘာလ ဖ ရက်နေ့တွင်လည်းကောင်း အနားယူသွားခဲ့ပြီဖြစ်သည်။ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပသော အယ်ဒီပီ ပါတီအစည်းအဝေးက တာကေရှိတာကို ပါတီဥက္ကဋ္ဌအဖြစ် အတည်ပြုပေးလိုက်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာဏာရပါတီဥက္ကဋ္ဌ တာကေရှိတာသည် ဝန်ကြီးချုပ်ရာထူးကိုလည်း ဆက်ခံခွင့် ရရှိသည်။

တာကေရှိတာသည် ကျပန်အစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းရာ၌ မိယာဇာဝါကို မူလရာထူးဖြစ်သော ဘဏ္ဍာရေးဝန်ကြီးအဖြစ် ပြန်လည်ခန့်အပ်သည့်ပြင် ဒုတိယဝန်ကြီးချုပ်အဖြစ်လည်း တာဝန်အပ်နှင်းသည်။ ရှင်တာရှိအာဘေးအား အယ်ဒီပီပါတီ၏ အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်သည်။ နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးအဖြစ် လက်ရှိဝန်ကြီး တာမူရာကို ခန့်အပ်လိုက်ပြီး နိုင်ငံခြားရေးဝန်ကြီးအဖြစ် ဆိုဆူကေ ယူနိုအား တာဝန်ပေးသည်။ တိကာဝါရာအား ကာကွယ်ရေးဝန်ကြီး အဖြစ် ခန့်အပ်သည်။ တာကေရှိတာ တာဝန်စတင် ထမ်းဆောင်ချိန်တွင် ကျပန်ယန်းဒွေ၏ တန်ဖိုးသည် တစ်ဒေါ်လာလျှင် ၁၃၄ ဒသမ ၄၀ ယန်းထိ မြင့်တက်လာ၍ ဒုတိယ ကမ္ဘာစစ်အပြီးတွင် စံချိန်တင်လောက်အောင် ဒေါ်လာတန်ဖိုးကျဆင်းသည့် ဖြစ်ရပ်နှင့် ကြုံကြိုက်သည်။ သို့ဖြစ်၍ နာကာဆိုနေ ဆောင်ရွက်ဆဲ ဖြစ်သော ကျပန်နိုင်ငံ၏ ပို့ကုန်ဦးစားပေး စီးပွားရေးမှ ပြည်တွင်းစားသုံးမှု ဦးစားပေး စီးပွားရေးအဖြစ်သို့ပြောင်းလဲရေးအစီအစဉ်ကို ဆက်လက် ကြိုးပမ်း အကောင်အထည်ဖော်ရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးစိစစ်လေ့လာရေးသမားတို့ကမူ နာကာဆိုနေ၏ ဩဇာသက်ရောက်နေဦးမည် ဖြစ်၍ တာကေရှိတာ၏ အစိုးရအဖွဲ့ကို "နာကာ – တာကေ" အစိုးရအဖွဲ့ဟူ၍ ခေါ်ဝေါ်နေကြသည်။ (တာကေရှိတာ, နိုဘို့ရှု —ရှု။)

ကျောမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ။ ။ ကျောမနီပြည်ထောင်စုသမ္မတနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပရာ ခရစ်ယာန်ဒီမိုကရက်၊ ခရစ်ယာန်ဆိုရှယ်ယူနီယံပါတီ (စီဒီယူ/စီအက်စ်ယူ)က ၂၂၃ နေရာ၊ ယင်းတို့နှင့်အတူ ညွှန့်ပေါင်းအစိုးရ မဟာမိတ်ဖြစ်သည့် ဖရီးဒီမိုကရက်ပါတီ (အက်ဖ်ဒီပီ) က ၄၆ နေရာ၊ အတိုက်အခံ ဆိုရှယ်ဒီမိုကရက်ပါတီက ၁၈၆ နေရာ အသီးသီးအနိုင်ရရှိကြသည်။ စီဒီယူ/စီအက်စ်ယူသည် ၁၉၀၃ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ၂၄၄ နေရာ ရရှိခဲ့ရာမှလည်းကောင်း၊ ဆိုရှယ်ဒီမိုကရက်တို့သည် ၁၉၃ နေရာ ရရှိခဲ့ရာမှလည်းကောင်း လျော့နည်းကျဆင်းသွားခြင်းပင်ဖြစ်သည်။ အက်ဖ်ဒီပီပါတီက ၃၄ နေရာမှ တိုးတက်ရရှိလာခြင်းဖြစ်သည်။ ၁၉၀၃ ခုနှစ်ကမှ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့သော ဂရင်းပါတီသည် ၂၇ နေရာရရှိထားရာမှ ၄၂ နေရာအထိ အနိုင်ရရှိလာသည်။ ခရစ်ယာန်ဒီမိုကရက်နှင့် ဖရီးဒီမိုကရက် လွှမ်းမိုးသော ညွှန့်ပေါင်းအစိုးရအဖွဲ့ကို ဝန်ကြီးချုပ်အဖြစ်ဦးဆောင်သွားရန် ဟဲလမွတ် ခိုးလ်ကို ၁၉၀၇ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ပါလီမန်က ရွေးချယ်တင်မြှောက်သည်။ ယင်းရွေးကောက်ပွဲတွင် ခိုးလ်၏ လက်ယာ ဗဟိုဝါဒီ ညွှန့်ပေါင်း အဖွဲ့သည် ထောက်ခံမဲ ၅၃ ဒသမ ၄ ရာခိုင်နှုန်းဖြင့် အာဏာရရှိလာခဲ့ခြင်း ဖြစ်သည်။ စီဒီယူ/စီအက်စ်ယူသည် ၁၉၀၃ ခုနှစ်က ရွေးကောက်ပွဲတွင် ထောက်ခံမဲ ၄၀ ဒသမ ဂ ရာခိုင်နှုန်း ရရှိခဲ့ရာမှ ၄၄ ဒသမ ၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားခဲ့ရာ ၁၉၄၉ ခုနှစ်က အနောက်ကျောမနီ၏ ဗေဒဆော်ဦး ပါလီမန်ရွေးကောက်ပွဲကျင်းပခဲ့ပြီး နောက်ပိုင်းတွင် အဆိုးရွားဆုံးအခြေအနေ ဖြစ်သည်ဟု ဆိုသည်။ အက်ဖ်ဒီပီပါတီကမူ ၁၉၀၃ ခုနှစ်တွင် ခုနစ် ရာခိုင်နှုန်းသာရခဲ့ရာမှ ၉ ဒသမ ၁ ရာခိုင်နှုန်းသို့ တိုးလာခြင်း ဖြစ်သည်။ ဂရင်းပါတီသည် ထောက်ခံမဲ ၅ ဒသမ ၆ ရာခိုင်နှုန်း ရရှိခဲ့ရာမှ ဤရွေးကောက်ပွဲတွင် ဂ ဒသမ ၃ ရာခိုင်နှုန်း ရရှိလာသည်။

(စွယ်စုံနှစ်ချုပ် ၁၉၀၄–စ၊ ၁၄၄ –– ရှု။)

ကျောမနီပြည်ထောင်စုသမ္မတနိုင်ငံတွင် ၁၉၆၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့က ကျင်းပသော ပါလီမန်ရွေးကောက်ပွဲအပြီး ဆိုရှယ်ဒီမိုကရက်နှင့် ဖရီးဒီမိုကရက်တို့၏ ညွှန့်ပေါင်းအစိုးရကို စတင်ဦးဆောင်လာခဲ့ပြီးနောက် အရှေ့ကျောမနီ၏ ကွန်မြူနစ်သူလျှိုတစ်ဦးကို ပါတီရေးရာလက်ထောက်အဖြစ် ခန့်အပ်မိခဲ့ခြင်းကြောင့် ၁၉၇၄ ခုနှစ် မေလ ၆ ရက်နေ့တွင် ရာထူးမှ ရုတ်တရက် နုတ်ထွက်ခဲ့ရသည့် ဝန်ကြီးချုပ်ဟောင်း ဝီလီဘရန့်သည် ၁၉၀၇ ခုနှစ် မတ်လ ၂၃ ရက်နေ့တွင် ဆိုရှယ်ဒီမိုကရက်တစ်ပါတီ၏ အကြီးအကဲအဖြစ်မှ နုတ်ထွက်သွားရသည်။ အရှေ့ကျောမနီ အပါအဝင် အရှေ့ဥရောပအုပ်စုဝင်နိုင်ငံတို့နှင့် ဆက်ဆံရေးပုံမှန်ပြုလုပ်ရန်တွန်းအားပေးသည့်အောစ်ထ်ပိုလစ်တစ် (အရှေ့နိုင်ငံရေး) မူဝါဒကြောင့် အထူးထင်ရှားခဲ့သည့် ဝန်ကြီးချုပ်ဟောင်း ဝီလီ ဘရန့်သည် ၁၉၇၁ ခုနှစ် ငြိမ်းချမ်းရေး နိုဗယဆုရှင်လည်း ဖြစ်သည်။ ၁၉၆၄ ခုနှစ်တွင် အဲရစ်ရှ် အိုလင်ဟောင်းဝါးကို ဆက်ခံခြင်းဖြင့် ဆိုရှယ်ဒီမိုကရက်တစ်ပါတီကို ၂၃ နှစ်တိုင်တိုင် ဦးဆောင်လာခဲ့သောဘရန့်သည် သက်တမ်းစေ့ရောက်မည့် ၁၉၇၀ ခုနှစ်မတိုင်မီနုတ်ထွက်သွားခဲ့ရခြင်းဖြစ်သည်။ ဘရန့်က ပါတီ၏ ပြောရေးဆိုခွင့်ရှိသူအဖြစ် တာဝန်အပ်နှင်းထားသော မာဂါရီတာ မာသီအိုပေါလို့စ် အမည်ရှိ အမျိုးသမီးသည် ကျောမန်လူမျိုးလည်း မဟုတ်သည့်ပြင် ပါတီဝင်လည်း မဟုတ်ကြောင်း၊ ဘရန့်၏တတိယဇနီးနှင့် ခင်မင်ရင်းနှီးသူသာဖြစ်ကြောင်းဖြင့်သတင်းများထွက်ပေါ်လာ၍ ပါတီတွင်း၌ မကျေနပ်မှုများပေါ်ပေါက်လာသဖြင့် ဘရန့်သည် နုတ်ထွက်သွားရခြင်းဖြစ်သည်။ ဘရန့်ကိုဆက်ခံရန် ဟန့်စ်ယိုရှင်း ဖိုဂယ်ကို ရွေးချယ်တင်မြှောက်သည်။

အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးနယ်ပယ်တွင်လည်း ထူးခြားသောဖြစ်ရပ်များရှိသည်။ ၁၉၀၇ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် အစ္စရေးနိုင်ငံသမ္မတ ချိန်းဟာဇော့သည် အနောက်ကျောမနီသို့ ပထမဆုံးလာရောက်လည်ပတ်သော အစ္စရေးနိုင်ငံအကြီးအကဲဖြစ်လာခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်ပြည်ထောင်စုတို့၏ "သုညနှစ်ထပ်ကမ်း" လက်နက်ဖျက်သိမ်းရေးအစီအစဉ်ကို အတည်ပြုရန်တင်ပြသော အစိုးရ၏အဆိုကို ပါလီမန်က ဇွန်လ ၄ ရက်နေ့တွင် ထောက်ခံမဲ ၂၃၂ မဲ ကန့်ကွက်မဲ ၁၀၉ မဲဖြင့် အတည်ပြုလိုက်ကြသည်။ ဘာလင်မြို့ နှစ် ၇၅၀ ပြည့် အထိမ်းအမှတ်ပွဲတော်သို့တက်ရောက်ရန် ဇွန်လ ၁၁ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စုသမ္မတ ရော်နယ် ရေဂင် ရောက်ရှိလာရာ အနောက်ဘာလင်တွင် လက်ဝဲဝါဒီ ၂၄,၀၀၀ ခန့်က အမေရိကန်၏မူဝါဒများကို ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ အနောက်ကျောမနီသမ္မတ ရစ်ချတ် ဖွန် ဗိုက်ဆက်ကာသည် ဆိုဗီယက်ပြည်ထောင်စုသို့ ခြောက်ရက်ကြာနေထိုင်လည်ပတ်ရန် ဇူလိုင်လ ၆ ရက်နေ့က မော်စကိုမြို့သို့ ရောက်ရှိသည်။ ဗိုက်ဆက်ကာသည် ၁၂ နှစ်တာကာလအတွင်း ဆိုဗီယက်သို့ ပထမဆုံးသွားရောက်သည့် အနောက်ကျောမနီနိုင်ငံ သမ္မတပင်ဖြစ်သည်။ အနောက်ကျောမနီနိုင်ငံသည် ပြစ်ဒဏ်စီရင်ချက်ချမှတ်ပြီးသော ကေဂီဘီထောက်လှမ်းရေးသူလျှို မန်း ဖ ရက် ရို့ ရှ်အပါအဝင် အရှေ့ဥရောပအုပ်စု၏ သူလျှိသုံးဦးနှင့် အရှေ့ကျောမနီနိုင်ငံတွင် တရားစွဲဆိုခံထားရသော အနောက်ကျောမန်အကျဉ်းသားနှစ်ဦးကို ဩဂုတ်လ ၁၂ ရက်နေ့တွင် လဲလှယ်ခဲ့

ဂျာမနီနိုင်ငံ၊ ပြည်ထောင်စုသမ္မတ




ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသို့
သမိုင်းဝင်အလည်အပတ်ခရီး
သွားရောက်သော ဂျာမန်ဒီမိုကရက်တစ်
သမ္မတနိုင်ငံခေါင်းဆောင် အဲရစ်ဟွန်
နက်ကာ (ယာ) နှင့် ပြည်ထောင်စု
သမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်
ဟဲလမွတ် ခိုး

သည်။ ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် အရှေ့ဂျာမနီ (ဂျာမန်ဒီမိုကရက်တစ်သမ္မတနိုင်ငံ) ခေါင်းဆောင် အဲရစ်ဟွန်နက်ကာသည် အနောက်ဂျာမနီသို့ ပထမဆုံးလာရောက်သော အရှေ့ဂျာမနီ၏ ခေါင်းဆောင်ဖြစ်လာသည်။ ခေါင်းဆောင်နှစ်ဦးသည် သိပ္ပံနှင့် နည်းပညာဖလှယ်ရေးသဘောတူ စာချုပ်သုံးရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဟွန်နက်ကာသည် ငယ်စဉ်က နေထိုင် ကြီး ပြင်း လာ ခဲ့သော ဇာလန်းပြည်နယ်၏ မြို့ကလေးတစ်မြို့ဖြစ်သည့် ဗီဘဲစကာရှင်းသို့ သွားရောက်လည်ပတ်ခဲ့သည်။ နှမတော် စပ်သူဂါးထရု ဟော့စတက်တာနှင့် ပြန်လည်တွေ့ဆုံကာ မိဘဆွေမျိုးများ၏ သခင်္ချိုင်းဂူများသို့သွားရောက်ခဲ့သည်။ ကားလ် မာ့က်စ် (၁၈၁၈–၈၃) ၏ မွေးရပ်မြေ ထရီယာရှိ မာ့က်စ် ငယ်စဉ်တောင်ကျေးကလေးဘဝက နေထိုင်ခဲ့သော အိမ်သို့သွားရောက်လည်ပတ်ခဲ့သည်။ ဆိုဗီယက် ပြည်ထောင်စုကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာန အကြီးအကဲ အနာတိုလီ ဒိုဘရိနင်သည် ၁၉၇၇ ခုနှစ် အောက်တိုဘာလဘွင် အနောက်ဂျာမနီနိုင်ငံသို့ အလည်အပတ်လာရောက်သည်။ ၁၉၇၃ ခုနှစ်က ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး အန်ဒရေ ဂရိုမီကို (ယခု သမ္မတ) လာရောက်ခဲ့ပြီးနောက်ပိုင်း၌ အလည်အပတ် လာရောက်သည့် ဆိုဗီယက်အရာရှိကြီးများထဲတွင် ဒိုဘရိနင်သည် ဆာထူးအမြင့်ဆုံးဖြစ်သည်။

အနောက်ဂျာမနီနိုင်ငံ၏ လူဦးရေသည်နှစ်ပေါင်း ၅၀ နီးပါးအတွင်း ထက်ဝက်မျှကျဆင်းသွားနိုင်လောက်သည့် နှုန်းမျိုးဖြင့် မျော်လင့်သည်ဆက် လျင်မြန်စွာကျဆင်းနေကြောင်းဖြင့် ဘွန်မြို့ရှိ ပြည်ထောင်စုစာရင်းရုံးက ၁၉၇၇ ခုနှစ် ဇန်နဝါရီလက ကြေညာခဲ့သည်။ ၁၉၇၀ ပြည့်နှစ်နောက်ပိုင်းတွင် သန်း ၆၀ ဝန်းကျင်၌သာရှိနေလေရာ သားသမီးမွေးဖွားရေးနှင့် စပ်လျဉ်းသည့် မိသားစုစီမံကိန်းသဘောထားကို မပြောင်းလဲလျှင် ခရစ်နှစ် ၂,၃၀၀ ခန့်တွင် သန်း ၃၀ ပင် ပြည့်တော့မည်မဟုတ်ဟု ဆိုသည်။ ၁၉၇၂ ခုနှစ် မေလနောက်ပိုင်းတွင် အနောက်ဂျာမနီ၌ တရားဝင် သန်းခေါင်စာရင်းကောက်ယူခြင်း မရှိခဲ့ချေ။ ၁၉၅၀ ပြည့်နှစ်တွင် လူဦးရေ ၄၉ ဒသမ ၉ သန်းရှိခဲ့ရာမှ ၁၉၈၂ ခုနှစ်တွင် ၆၁ ဒသမ ၆ သန်းသို့ မြင့်တက်လာခဲ့ပြီးနောက် လူဦးရေကျဆင်းလာရာ ၁၉၈၆ ခုနှစ်တွင် ၆၁ သန်းပင် မပြည့်တော့ချေ။

ငှက်ဖျားရောဂါကာကွယ်ဆေး။ ။ငှက်ဖျား ရောဂါသည် မြန်မာနိုင်ငံတွင် လူမှုရေး၊ စီးပွားရေးကို ထိခိုက်စေကာ ကုန်ထုတ်စွမ်းအားကို ကျဆင်းစေသော အဓိက ရောဂါတစ်ခု ဖြစ်သည်။ သို့ဖြစ်၍ အမျိုးသားကျန်းမာရေး စီမံကိန်းတစ်ရပ် အသွင်ဖြင့် ငှက်ဖျားရောဂါဘက်ဆိုင်ရာ ဝန်ထမ်းများ၊ အခြေခံ ကျန်းမာရေးဝန်ထမ်းများ၊ လုပ်သားပြည်သူများ၊ နှီးနှဲ့ယှဉ်နေသော ဌာနဆိုင်ရာများ ပူးပေါင်းကာ ငှက်ဖျားရောဂါ ကာကွယ်တိုက်ဖျက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။

ငှက်ဖျားရောဂါသည် ပလတ်စမိုဒီယမ် (Plasmodium) ဖယ်လ်ဆီပါရမ်(Falciparum)၊ ဗိုင်းဗတ်စ် (Vivax) မလေးရီးယေး (Malariae) နှင့် အိုးဗေးလ် (Ovale) အမည်ရှိသော ငှက်ဖျားပိုးကြောင့် ဖြစ်ပြီး လူတစ်ဦးမှ



ငှက်ဖျားရောဂါပြီး သုတေသနအတွက် ဖယ်လ်ဆီပါရမ်ငှက်ဖျားပိုးကို ဖန်ပြွန်တွင် မွေးမြူနေပုံ

တစ်ဦးသို့ အနောဖလိ(Anopheles) ခြင် အမျိုးအစားက သယ်ဆောင် ကူးစက်စေသော ရောဂါဖြစ်သည်။

ငှက်ဖျားရောဂါကိုကာကွယ်တိုက်ဖျက်ရာတွင် ငှက်ဖျားရောဂါကို လူတစ်ဦးမှတစ်ဦးသို့ သယ်ဆောင်ပေးသော ငှက်ဖျားခြင်၏ အကောင်ဘဝနှင့် လောက်လန်းဘဝတို့ကို ပျက်စီးသေကြေ လျော့နည်းစေသော နည်းအမျိုးမျိုးဖြင့် လည်းကောင်း၊ လူနှင့် ခြင် ထိတွေ့မှု တတ်နိုင်သမျှ နည်းအောင် ပြုလုပ်သော နည်းစနစ်ဖြင့် လည်းကောင်း၊ ငှက်ဖျားရောဂါပိုးသယ်ဆောင်သော လူနှင့် လူနာအား စောစီးစွာ ရှာဖွေ၍ ထိရောက်စွာ ဆေးကျွေးကုသသော နည်းစနစ်ဖြင့်လည်းကောင်း၊ငှက်ဖျားရောဂါကူးစက်သော ရာသီတွင် ဒေသခံ မဟုတ်သော လူများအား ငှက်ဖျားရောဂါကြိုတင် ကာကွယ်ဆေး တိုက်ကျွေးသော နည်းစနစ်ဖြင့်လည်းကောင်း ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုစနစ် (Malaria Control through Primary Health Care) ဖြင့် ပူးပေါင်း အကောင်အထည် ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ငှက်ဖျားရောဂါကုသရာတွင် အများဆုံးအသုံးပြုလျက်ရှိသော ငှက်ဖျားဆေးများမှာ ကလိုရိုကွင်း (Chloroquine)၊ အင်မိုဒိုင်ယာကွင်း (Amodiaquine)၊ ပိုင်ရီမက်သမင်း (Pyrimethamine)၊ ဆာလဖာဒေါ့ဆင်း(Sulfadoxine) နှင့် ကွိနိုင် (Quinine) ဆေးများဖြစ်ပေသည်။ ၁၉၆၉ ခုနှစ်မှစ၍ ကျန်းမာရေးဦးစီးဌာန(ငှက်ဖျားရောဂါတိုက်ဖျက်ရေး)မှကွင်းဆင်းလေ့လာချက်အရ ဖယ်လ်ဆီပါရမ် ငှက်ဖျားပိုးသည် ကလိုရိုကွင်း (Chloroquine) ဆေးကို ခံနိုင်စွမ်းရည် ရှိလာကြောင်း စတင် တွေ့ရှိခဲ့ရပေသည်။ ငှက်ဖျားဒေသတွင် နေထိုင်လျက်ရှိသော မကြာခဏဖျားဖူးသည့် ဒေသခံ ငှက်ဖျားလူနာ (Semi immune)များတွင် ကလိုရိုကွင်း (Chloroquine) ဆေးဖြင့် ငှက်ဖျားရောဂါ ပျောက်ကင်းမှုနှုန်းမှာ ၇၄ ရာခိုင်နှုန်းမှ ၉၇ ရာခိုင်နှုန်းခန့်ရှိပြီး ဒေသခံမဟုတ်သောခံနိုင်ရည်မရှိသည့် ငှက်ဖျားလူနာ (non immune) များတွင်မူ ပျောက်ကင်းမှုနှုန်းမှာ ၃၄ ရာခိုင်နှုန်းမှ ၅၈ ရာခိုင်နှုန်းသာ ရှိကြောင်း တွေ့ရှိရပေသည်။ ၁၉၇၁ မှ ၁၉၈၀ ပြည့်နှစ် ကာလအတွင်းတွင် ဆာလဖာဒေါ့ဆင်း (Sulfadoxine) နှင့် ပိုင်ရီမက်သမင်း (Pyrimethamine) ပေါင်းစပ်ထားသော ဖင်ဆီဒါ (Fansidar) ဆေးပြားများအား ဖယ်လ်ဆီပါရမ် ငှက်ဖျားပိုး၏ ခံနိုင်စွမ်းရည်ရှိမှုမှာ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်း (ပုလဲကျွန်း) တို့တွင် လေ့လာချက်အရ ၁၀ ရာခိုင်နှုန်းခန့်သာရှိသည်ကို တွေ့ရပြီး နောက် ၁၉၈၄ မှ ၁၉၈၅ ခုနှစ် ကာလအတွင်း ကရင်ပြည်နယ်တွင် လေ့လာချက်အရ ၅၅ ရာခိုင်နှုန်းအထိ ခံနိုင်စွမ်းရည်မြင့်မားလာသည်ကို တွေ့ရှိရပေသည်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်ခြား ဒေသများမှ ပြန်လာသော စစ်ဘက်၊ နယ်ဘက်မှ ငှက်ဖျားလူနာများတွင် ခံနိုင်စွမ်းရည်ရှိမှု ပိုမိုမြင့်မားသည်ကိုတွေ့ရပေသည်။ သို့စေကာမူ ငှက်ဖျားဒေသတွင် နေထိုင်ပြီး သွားလာမှုနည်းသော ဒေသခံလူနာများတွင် ဖင်စီဒါ (Fansidar) ဆေးပြားများဖြင့် ကုသရာတွင် ၁၉၈၆ ခုနှစ်လေ့လာချက်အရ ၉၂ ရာခိုင်နှုန်းမှာ ငှက်ဖျားရောဂါ ပျောက်ကင်းမှုရှိနေသေးကြောင်း တွေ့ရပြန်သည်။

၁၉၈၁ ခုနှစ်မှစ၍ ကျန်းမာရေးဦးစီးဌာန (ငှက်ဖျား)သည် ဖယ်လ်ဆီပါရမ်ငှက်ဖျားပိုးနှင့် ငှက်ဖျားဆေးအသစ်များဖြစ်သော မက်ဖလိုကွင်း (Mefloquine) နှင့် မက်ဖလိုကွင်း၊ ဆာလဖာဒေါ့ဆင်း (Sulfadoxine) နှင့် ပိုင်ရီမက်သမင်း (Pyri methamine) တို့ ပေါင်းစပ်ထားသောဖင်ဆီမက် (Fansimef) ဆေး အသစ်နှစ်မျိုးကို ကရင်ပြည်နယ်တွင် ခံနိုင်စွမ်းရည်ရှိမှုကိုသိရှိရန် ဒေသခံ ဖယ်လ်ဆီပါရမ် ငှက်ဖျားလူနာများအား စတင်စမ်းသပ်ကုသခဲ့သည်။အဆိုပါလေ့လာချက်များအရ မက်ဖလိုကွင်း (Mefloquine) ဆေးတစ်မျိုးဖြင့် ၇၅၀ မီလီဂရမ်(၁ လုံး = ၂၅၀ မီလီဂရမ်) နှင့် ၁၀၀၀ မီလီဂရမ် တစ်ကြိမ်တည်း (Single dose) တိုက်ကျွေးသောနည်းဖြင့် လူကြီးများတွင် နှစ်အုပ်စုခွဲ၍ စမ်းသပ်ကုသရာ ရာနှုန်းပြည့် အကျိုးသက်ရောက်ကြောင်း ကျေနပ်ဖွယ်ရာ တွေ့ရှိရပေသည်။ အလားတူပင်အဆိုပါ မက်ဖလိုကွင်း ဆေးတစ်မျိုးဖြင့် ကလေးများအား ၂၀ မီလီ ဂရမ် / ၁ ကီလိုဂရမ် ကိုယ်အလေးချိန်နှင့် ၃၀ မီလီ

ဂရမ် / ၁ ကီလိုဂရမ် ကိုယ်အလေးချိန်နှုန်းဖြင့် နှစ်အုပ်စု ခွဲကာ စမ်းသပ် ကုသရာတွင် ရာနှုန်းပြည့်အကျိုး သက်ရောက်မှုရှိကြောင်း တွေ့ရပေသည်။ လူကြီးနှင့် ကလေး အုပ်စုအားလုံးတွင် ထိရောက်မှုမှာမကွာခြားကြောင်းတွေ့ ရပြီး ဆေးတိုက်ကျွေးပြီး ၄၁ နာရီမှ ၄၄ နာရီအတွင်း ငှက်ဖျားရောဂါပိုး ပျောက်ကင်းမှု ရှိကြောင်း တွေ့ရ ပေသည်။

၁၉၇၃ ခုနှစ်အတွင်း ကရင်ပြည်နယ်တွင် ဖင်ဆီမက် (Fansimef) ငှက်ဖျားဆေးဝါးအသစ်ဖြင့် ဆေးပြားသုံး ပြားကို တစ်ကြိမ်တည်း တိုက်ကျွေးသောနည်းဖြင့် ဒေသ ခံငှက်ဖျားလူနာများအား စမ်းသပ်ကုသရာတွင် ရောဂါ ပျောက်ကင်းနှုန်းမှာ ရာနှုန်းပြည့်ရှိပြီး ငှက်ဖျားရောဂါပိုး ကင်းရှင်းမှု ကာလမှာ ဆေးကျွေးပြီး ၆၂ နာရီအတွင်း ပျောက်ကင်းကြောင်း တွေ့ရှိရသည်။ ၁၉၇၅ ခုနှစ်တွင် ကရင်ပြည်နယ်၌ ဖင်ဆီမက် ဆေးပြားနှစ်ပြားကို တစ် ကြိမ်တည်း တိုက်ကျွေးသောနည်းဖြင့် ဖယ်လ်ဆီပါရမ် ပိုးတွေ့ လူနာများအား ကုသရာ ၄၈ နာရီအတွင်း ငှက်ဖျားရောဂါပိုး ရာနှုန်းပြည့် ပျောက်ကင်းကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ ဖင်ဆီမက်ဆေးနှစ်ပြားတိုက်ကျွေး သောစနစ်နှင့် ဆေးသုံးပြား တိုက်ကျွေးသောနည်းတို့မှာ တူညီစွာ ထိရောက်ကြောင်း တွေ့ရှိရပြီး ဆေးနှစ်ပြား တိုက်ကျွေးခြင်းဖြင့် ခေါင်းမူးခြင်း၊ ပျို့အန်ခြင်း စသည့် လက္ခဏာများ လျော့နည်းသွားကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ လေ့လာသုံးသပ်ချက် အရ အဆိုပါဆေးအသစ်များနှင့်ဖယ်လ်ဆီပါရမ် ငှက်ဖျားရောဂါ ပိုး ခံနိုင်စွမ်းရည်တက်လာမှု မရှိစေရန် မက်ဖလိုကွင်း ဆေး ပြားကို ကြိုတင်ကာကွယ်ဆေးပြား (Chemoprophylaxis) အဖြစ် အသုံးမပြုစေဘဲ ကုသရာတွင်လည်း မက်ဖလိုကွင်း (Mefloquine) ဆေးကို ဖင်ဆီဒါ (Fansidar) ဆေးဖြင့် ပေါင်းစပ်ကာ ဖော်ထုတ်ထားသော ဖင်ဆီမက်ဆေးပြား အနေဖြင့်သာ ကုသရာတွင် အသုံးပြုရန် အကြံပြုထား သည်ကို တွေ့ရှိရသည်။ အဆိုပါ ဆေးအသစ်များကို အခြား ငှက်ဖျား ဆေးဝါးများဖြင့် ကုသ၍ ငှက်ဖျားပိုး မပျောက်ကင်းသည့် ဖယ်လ်ဆီပါရမ် ငှက်ဖျားလူနာများကို သာ ရွေးချယ်ကန့်သတ်ကာ အသုံးပြုသင့်ကြောင်း အကြံ ပြုထားသည်။ မြန်မာနိုင်ငံတွင် အဆိုပါ ဆေးအသစ် နှစ်မျိုးမှာ ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုနိုင်သော အနေ အထားမျိုး လက်ရှိ အခြေအနေ၌ မရှိသေးကြောင်း တွေ့ရသည်။ ၁၉၇၅ ခုနှစ် ကုန်ပိုင်းမှစ၍ စစ်ဘက်ဆိုင်ရာ ဝန်ထမ်းများကို အထူးသဖြင့် ထိုင်းနိုင်ငံနှင့်ဆက်စပ်လျက် ရှိသောနယ်ခြားဒေသများ၌ အဆိုပါ ငှက်ဖျားဆေးသစ် များဖြင့် စတင်အသုံးပြုကုသလျက် ရှိကြောင်း သိရှိ ရသည်။

ငှက်ဖျားရောဂါဒေသသို့ သွားရောက်သော ဒေသခံ မဟုတ်သည့် လုပ်သားပြည်သူများအား ငှက်ဖျားရောဂါ ကိုဘင်ကာကွယ်ဆေးအဖြစ် ကလိုရိုကွင်း (Chloroquine) ဆေးပြား ၃၀၀ မီလီဂရမ်ကို တစ်ပတ်လျှင်တစ်ကြိမ်တိုက် ကျွေးသော စနစ်ဖြင့် တိုက်ကျွေးလျက်ရှိသည်။ ငှက်ဖျား ရောဂါကူးစက်သည့် ရာသီအတွင်းသာ စားသုံးရန် ဖြစ်ပြီး အဆိုပါဒေသသို့ မသွားမီ အနည်းဆုံး တစ်ရက်ကြိုတင်၍ စားသုံးသွားရန်လိုအပ်ပေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ငှက်ဖျားရောဂါဆိုင်ရာပါရဂူများ၏ အကြံပြုလေ့လာချက် အရ ငှက်ဖျားရောဂါ ကြိုတင်ကာကွယ် ဆေးပြားများကို အုပ်စုတစ်စုအား ကြာရှည်စွာ တိုက်ကျွေးထားခြင်းအား ဖြင့် ဆေးဖိအား (Drug pressure) များလာပြီးဖယ်လ်ဆီ ပါရမ် ငှက်ဖျားပိုးအား ခံနိုင်စွမ်းရည်မြင့်တက်လာစေသော အကြောင်းတစ်ရပ်အဖြစ် ယူဆရသည့်အပြင် သောက်သုံး သူများတွင် မလိုလားအပ်သော ဆေးအဆိပ်သင့်မှုများ၊ ဥပမာ – သွေးဖြူဥနည်းပါးစေမှု (Agranulocytosis) ကို ဖြစ်စေကြောင်းတွေ့ရှိရသဖြင့် မြန်မာနိုင်ငံတွင်လည်း ငှက် ဖျားရောဂါ ကြိုတင်ကာကွယ်ဆေးပြားများကို ငှက်ဖျား ရောဂါကူးစက်သော ဒေသတွင် နေထိုင်သည့် ကိုယ်ဝန် ဆောင်မိခင်များနှင့် စီးပွားရေးစီမံကိန်းများတွင် အလုပ် လုပ်နေကြသော၊ ငှက်ဖျားရောဂါအန္တရာယ်ရှိသည့် ခံနိုင် ရည်မရှိသော လူကြီးများကိုသာတိုက်ကျွေးသင့်ကြောင်း ညွှန်ကြားထားသည်။

ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့်သေဆုံးမှု နည်းပါးစေရန်

ငှက်ဖျားဆေးအမျိုးမျိုးကို ဖယ်လ်ဆီပါရမ် ငှက်ဖျားပိုးပေါ်တွင် စမ်းသပ်နေပုံ



အတွက် အဓိက အရေးကြီးသောအချက်မှာ စောစီးစွာ ရောဂါ ရှာဖွေပြီး ထိရောက်စွာကုသသော နည်းစနစ်ပင် ဖြစ်ပေသည်။

ငှက်ဖျားရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန်လည် ခေါင်းထောင်လာခဲ့ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနေဖြင့် အဆိုပါ ရောဂါမှ ကာကွယ်ရန်အတွက် ငှက်ဖျားရောဂါ ကာကွယ်သော ထိုးဆေး (Malaria vaccine) ကိုတီထွင်ကြံ ဆရန်အထူးစိတ်ဝင်စားလျက်ရှိသည်။ ကပ်ပါးရောဂါမျှား နှင့်ပတ်သက်၍ ကာကွယ်ထိုးဆေးအဖြစ် တစ်ကြိမ်တစ်ခါ မျှ မပေါ်ခဲ့ဖူးသေးရကား ငှက်ဖျားပိုး အမျိုးအစားများ ကဲ့ပြားမှုသည် ငှက်ဖျားရောဂါ ကာကွယ်ထိုးဆေးထုတ် လုပ်မှုအတွက် ခက်ခဲသောအကြောင်းတစ်ရပ် ဖြစ်နေပေ သည်။ ငှက်ဖျားရောဂါ ထူထပ်သောဒေသတွင် နေထိုင် သောသူများသည် မကြာခဏငှက်ဖျားရောဂါ ဖြစ်သော် လည်း ခံနိုင်စွမ်းရည် တက်လာသော အခြေအနေကို တွေ့ရှိရပေသည်။ သိပ္ပံပညာရှင်များသည် ငှက်ဖျားရောဂါ ပိုး၏ သံသရာ လည်ရာတွင် အဆင့်ဆင့်ရှိသည့် အနက် စပိုရိုဇိုက် (Sporozoite)၊ မီရိုဇိုက် (Merozoite) နှင့် ဂမီတိုဆိုက် (Gametocyte) အဆင့်များမှ ငှက်ဖျားရောဂါ ကာကွယ် ထိုးဆေးများကို ထုတ်လုပ်ရန် ကြိုးပမ်းလျက် ရှိကြသည်။ ယနေ့မျက်မှောက် ကာလတွင် အဓိကအာရုံ စူးစိုက်နေသော သုတေသနလုပ်ငန်းမှာဒီအင်အေ (D.N. A.) စနစ်ဖြင့် ထုတ်လုပ်နိုင်မည့် အင်တီဂျင် (Antigen) ကိုထုတ်လုပ်၍ ကာကွယ်ထိုးဆေးအဖြစ် အသုံးပြုရန်ဖြစ် ပေသည်။ မီရိုဇိုက်မှ အင်တီဂျင်ထုတ်လုပ်နိုင်ရန် အဓိက အရေးကြီးဆုံးဖြစ်ပြီး ဖယ်လ်ဆီပါရမ် ပိုးတစ်မျိုးတည်း၌ ပင် ဗီဇ (Strain) ကဲ့ပြားခြားနားမှုများ ရှိနေသဖြင့် ထိုးဆေးထုတ်လုပ်ရန်အတွက် အဟန့်အတားတစ်ခု ဖြစ်နေ ပြန်သည်။ မီရိုဇိုက်မှ ထုတ်လုပ်သော ငှက်ဖျားရောဂါ ကာကွယ်ထိုးဆေးသည်သာလျှင် ငှက်ဖျားရောဂါ မဖြစ် အောင် ကာကွယ်နိုင်စွမ်းရှိသော ဆေးဖြစ်ပေသည်။ ဂမီ တိုဆိုက် ထိုးဆေးမှာ ငှက်ဖျားရောဂါ စွဲကပ်ပြီးသော သူများအတွက်အကျိုးမရှိပေ။ စပိုရိုဇိုက်မှထုတ်လုပ်သော ငှက်ဖျား ကာကွယ်ထိုးဆေးမှာ ရွှေတန်းမှ ပြေးနေပြီး အထူးအာရုံစိုက်နေကြသော ထိုးဆေးတစ်မျိုး ဖြစ်နေပေ သည်။ အဆိုပါ စပိုရိုဇိုက်ထိုးဆေးဖြင့် လူသားများအား ထိုး၍ စမ်းသပ်သော သုတေသန လုပ်ငန်းများ အရ အကျိုးရှိကြောင်း တွေ့ရှိရသော်လည်း ကာကွယ်မှုပေး နိုင်သော ကာလမှာ တိုတောင်းပြီး လူအုပ်စုအလိုက် ကာကွယ်ပေးရာတွင် အသုံးပြုရန် မသင့်သေးကြောင်း တွေ့ရှိရသည်။ ပိုမိုကောင်းမွန်၍ ထိရောက်စွာ ကာကွယ် မှုပေးနိုင်သော ထိုးဆေးများကို ဖော်ထုတ်ရန် ကမ္ဘာ တစ်ဝန်းလုံး၌ သုတေသန ဆက်လက် ပြုလုပ်နေကြဆဲပင် ဖြစ်သည်။

ဒေါက်တာ စိုးအောင်

စာဆိုတော်နွေ (၁၉၇၇)။ ။မြန်မာနိုင်ငံတွင် နတ်တော်လဆန်း ၁ ရက်နေ့ကို စာဆိုတော်နွေအဖြစ် သတ်မှတ်ခဲ့ကြပြီး ပထမဆုံးစာဆိုတော်နွေအခမ်းအနားကို ၁၃၁၄ ခုနှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ကန်တော် ကြီးစောင်း မြို့ဝင်ဇာတ်ရုံ၌ ကျင်းပခဲ့သည်။ ပုဂံကျောက် စာများတွင် နတ်တော်လကို နတ္တာဝ်၊ နတာဝ်၊ နတ္တဝ်၊ နတ်တဝ်ဟု အမျိုးမျိုးရေးထိုးခဲ့ကြပြီး နတ်တော်လသည် နတ်တို့ကို ပူဇော် ပသသောလ၊ နတ်လ ဟူ၍ ယေဘုယျ အဓိပ္ပာယ်ရသည်။ ရှေးအခါက နတ်တော်လတွင် မဟာပိန္နဲ့ နတ်ကို ပူဇော်ပသလေ့ ရှိကြသော်လည်း ဘိုးတော်မင်း တရားလက်ထက်မှစ၍ နတ်တော်လတွင် စာဆိုပညာရှိကြီး များအား ချီးမြှင့် မြှောက်စားခဲ့ရာ နတ်တော်လသည် စာဆိုတော်လ ဖြစ်လာခဲ့သည်။

ဆိုရှယ်လစ် ခေတ် ပြောင်း တော်လှန် ရေး ကာ လ နောက်ပိုင်းတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး စာဆိုတော်နွေ အခမ်းအနားများကို ကျင်းပလာခဲ့သည်။ ထို့ပြင် နိုင်ငံ တော်အစိုးရသည် ၁၉၆၂ ခုနှစ်မှစ၍ စာဆိုတော်နွေတွင် အမျိုးသား စာပေဆုနှင်းသဘင်ပွဲ ကျင်းပကာ စာပေ ပညာရှင်များအား နှစ်စဉ်ဂုဏ်ပြု ချီးမြှင့်လာခဲ့သည်။

၁၉၇၇ ခုနှစ် စာဆိုတော်နွေ၌ ၁၉၇၆ ခုနှစ်အတွက် အမျိုးသားစာပေ ဆုနှင်းသဘင်ကို ပြန်ကြားရေးဝန်ကြီး ဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့ကကြီးမှူး၍ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်၌ ကျင်းပခဲ့သည်။

ထိုနေ့နံနက် ဂ နာရီတွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် စာပေလုပ်သား အဖွဲ့ကကြီးမှူး၍ စာဆိုတော်နွေ အခမ်းအနားနှင့် အဋ္ဌမအကြိမ်သက်ကြီး စာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော်ခန်းမ၌ပင် ကျင်းပခဲ့သည်။

ထိုအခမ်းအနားတွင် သဘာပတိအဖြစ် စာပေလုပ် သားအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဥက္ကဋ္ဌ ဦးဝင်း ဖေ (မြဇင်) ကလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ရန်ကုန်တိုင်း စာဆိုတော်နွေ ကျင်းပရေးကော်မတီ အတွင်း ရေးမှူး ဦးတင်မောင်လတ် (တင်မောင်လတ်–လမ်းမ တော်) ကလည်းကောင်း ဆောင်ရွက်သည်။

ထိုပူဇော်ပွဲ၌ အသက် (၇၉) နှစ်အထက် စာရေးဆရာ၊ သတင်းစာဆရာ စာပေပညာရှင်မျှးဖြစ်ကြသော ဆရာ ကြီး ဦးဘိုးသွယ် (၉၂) နှစ်၊ ဆရာကြီး ဦးမောင်မောင်ကြီး



အင်္ဂမအကြိမ် ရန်ကုန်တိုင်း စာဆိုတော်နေ့အခမ်းအနားတွင် အကန်တော့ခံ စာပေပညာရှင်တို့၏ကိုယ်စား ဆရာကြီး လက်ဝဲမင်းညိုက ဩဝါဒစကားနှင့် ဆုတောင်းစကား ပြောကြားစဉ်

(ဒဂုန်နတ်ရှင်) (၀၉)နှစ်၊ ဆရာကြီး ယူပီအိုင် ဦးဘသန်း (၀၈)နှစ်၊ ဆရာကြီး ဦးမြင့်သိန်း(၀၇)နှစ်၊ ဆရာကြီး ဦးမေဒါ(၀၆)နှစ်၊ ဆရာကြီး ဦးသိန်းမောင် (ရတနာပုံသိန်းသိန်း) (၀၅)နှစ်၊ ဆရာကြီး ဦးခင်မောင်ကြီး (ပုဂံခင်မောင်ကြီး) (၀၄)နှစ်၊ ဆရာကြီးဦးစံထွား(၀၄)နှစ်၊ ဆရာကြီး ဦးသိန်း(ကြီးပွားရေး ဦးသိန်း) (၀၄)နှစ်၊ ဆရာကြီး ဦးအုန်းခင်(မိုးကြိုး) (၀၄)နှစ်၊ဆရာမကြီး ဒေါ်ခင်မလေး (ဒဂုန် ခင်လေးဆွေ) (၀၃)နှစ်၊ ဆရာကြီး ဦးရန်အောင် (ရန်အောင်) (၀၃)နှစ်၊ ဆရာကြီး ဦးဘအုန်း(ရွှေသစ္စာ) (၀၂)နှစ်၊ ဆရာကြီးဦးဒွေဆိုင် (ဒွေစိုး) (၀၂) နှစ်၊ ဆရာကြီး ဦးခင်ဇော်(**K**) (၀၂)နှစ်၊ ဆရာကြီး ဦးကြွယ်ငြိမ်း (ဘိုကလေး ဦးကြွယ်) (၀၁)နှစ်၊ဆရာမကြီး ဒေါ်စောရင် (၀၁)နှစ်၊ ဆရာကြီး ဦးသန်းဖေ(ကာယဗလ ဦးသန်းဖေ) (၀၁)နှစ်၊ ဆရာကြီး ဦးစောလှဦး(၀၁)နှစ်၊ ဆရာကြီး ဦးလွန်းမောင်(ဒဂုန်လွန်း) (၀၁)နှစ်၊ ဆရာကြီး ဦးဘညွှန့် (၀၁)နှစ်၊ ဆရာကြီး ဦးသိန်းဟန် (ဇော်ဂျီ) (၀၀)နှစ်၊ ဆရာကြီး ဦးချမ်းသာ(လက်ဝဲ မင်းညို) (၀၀)နှစ်၊ ဆရာကြီး ဦးသန်းတင့် (ဓူဝံ) (၀၀)နှစ်၊ ဆရာကြီး ဦးဘဖေ (သူရိယ၊ဟံသာဝတီ) (၇၉)နှစ် တို့အား စာပေလုပ်သားများက လှူ။ ဖွယ်ဟစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။

အကန်တော့ခံ စာပေ ပညာရှင်ကြီးများ ကိုယ်စား ဆရာကြီး ဦးချမ်းသာ(လက်ဝဲမင်းညို)က ဩဝါဒစကားနှင့် ဆုတောင်းစကား ပြောကြားသည်။

မန္တလေးမြို့တွင်လည်း စာဆိုတော်နေ့အခမ်းအနားနှင့် စာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို မန္တလေးလေးမြို့နယ် စုပေါင်း၍ မန္တလေး အရှေ့တောင်မြို့နယ်၊ သမဝါယမအသင်းခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိအဖြစ် ဦးချမ်းမြ (မြကေတု)၊ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန် (နတ်မောက်ထွန်းရှိန်)၊ ဦးအောင်ဆန်း(သတင်းထောက် အောင်ဆန်း)၊ ဒေါက်တာကျော်စိန်၊ ဦးဉာဏ်ဝင်း (ဘုတလင် ချစ်ဝင်း)တို့က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဒေါက်တာမောင်မောင် (မောင်ဆင်ခြင်) က ဆောင်ရွက်သည်။

အခမ်းအနားတွင် သဘာပတိက အမှာစကား ပြောကြားသည်။ ထို့နောက် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ထံမှ သဝဏ်လွှာကို ဒေါက်တာမောင်မောင်က ဖတ်ကြားသည်။ မြန်မာစာပေပညာရှင်တို့၏ ဂုဏ်ကျေးဇူးစာတမ်းကို ဦးမြတ်ထူး(မောင်ရင်မွှေး)ကလည်းကောင်း၊ စည်းရုံးလှုပ်ရှားမှု သွက်လက်ထက်မြက်ရေး၊ ဖွဲ့စည်းမှုကျစ်လျစ်ခိုင်မာရေး၊ ဦးဆောင်မှုမြင့်မားရေးစာတမ်းကို ဦးမျိုးမြင့် (မောင်မျိုးမြတ်)က လည်းကောင်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ စာပေနှင့် စာနယ်ဇင်းဆိုင်ရာ မူဝါဒများနှင့်အညီ အရည်အသွေးမြင့်မားသည့် ပြည်သူ့အကျိုးပြုစာပေ ထွန်းကားရေး စာတမ်းကို ဒေါက်တာလှဖေကလည်းကောင်း၊ နိုင်ငံတော် တည်ဆောက်ရေးတွင် စာပေလုပ်သားများက ကျရာအခန်းကဏ္ဍမှ နိုးကြား တက်ကြွ

စာ ပါဝင်ဆောင်ရွက်ရေး စာတမ်းကို ဦးမောင်မောင် (တက္ကသိုလ် မြင့် နိုင်)က လည်း ကောင်း အသီးသီး ဖတ်ကြားကြသည်။

ထို့ပြင်သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲပြုလုပ်ရာ အကန်တော့ခံ စာပေပညာရှင်ကြီးများမှာ ဦးခင်မောင် (သတင်းစာ အယ်ဒီတာချုပ်ဟောင်း) (၉၆) နှစ်၊ဦးချမ်းမြ (မြကေတု) (၇၆) နှစ်၊ ဦးရွှေဆင့်(ရဲသတင်းစာ အယ်ဒီတာဟောင်း) (၇၆) နှစ်၊ ဒေါ်အုန်း (အမ်အေဒေါ်အုန်း) (၇၅)နှစ်၊ ဦးမြင့်ထွန်း (ဘုန်းမြင့်ဆွေ) (၇၄) နှစ်၊ ဦးတင်အုန်း (ရွှေသွေး) (၇၃) နှစ်၊ ဒေါ်အမာ (လူထုဒေါ်အမာ) (၇၂) နှစ်၊ ဒေါ်မာလာ (၇၂)နှစ်၊ ဦးဘသိန်း (ခြင်း ဦးဘသိန်း) (၇၂)နှစ်၊ ဦးလှ(အရှေးပေါ်သတင်းစာ အယ်ဒီတာချုပ်ဟောင်း)(၇၂)နှစ်၊ ဦးမောင်မောင်တင်(ဦးမောင်မောင်တင်၊ မဟာဝိဇ္ဇာ) (၇၁)နှစ်၊ ဦးတင်ညို (မောင်တင်ညို) (၇၁)နှစ်၊ဦးကြည်မြ(ကြည်မြ) (၇၁)နှစ်၊ ဦးမြင့်ဦး(ယုဝဦးမြင့်ဦး) (၆၈)နှစ်၊ ဦးကိုကိုလေး (ပသိဦးကိုကိုလေး) (၆၇) နှစ်တို့ ဖြစ်ကြသည်။

၁၉၈၇ ခုနှစ် စာဆိုတော်နေ့ အခမ်းအနားများကို ပြည်နယ်၊ တိုင်းများနှင့် မြို့နယ်များတွင်လည်း ကျင်းပခဲ့ကြရာ စာပေပြိုင်ပွဲများ၊ စာပေဟောပြောပွဲများ၊ စကားစစ်ထိုးပွဲများနှင့် စာတမ်းဖတ်ပွဲများကို ထည့်သွင်းကျင်းပခဲ့ကြသည်။

စာပေဗိမာန် စာတမ်းဖတ်ပွဲ(၁၉၈၇)။ ။ပြန်ကြားရေး ဝန်ကြီးဌာန၊ ပုံနှိပ်ရေး နှင့် စာအုပ်ထုတ်ဝေရေး ကော်ပိုရေးရှင်း စာပေဗိမာန်အဖွဲ့က ဘာသာပြန်စာဆေပစာတမ်းဖတ်ပွဲကို ကုန်သည်လမ်း စာပေဗိမာန် ပြည်သူ့စာကြည့်တိုက် ခန်းမ၌ ၁၉၈၇ ခုနှစ် မတ်လ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သုံးရက်တိုင် ကျင်းပခဲ့သည်။

၁၉၈၇ ခုနှစ် ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲတွင် ဘာသာပြန် သဘောနှင့် အထောက်အကူပြု ကျမ်းများ စာတမ်း၊ ဘာသာပြန် ရသစာပေစာတမ်း၊ ဘာသာပြန် သုတ(ဝိဇ္ဇာ)စာပေ စာတမ်း၊ ဘာသာပြန်သုတ (သိပ္ပံ) စာပေစာတမ်းဟူ၍ စာတမ်းလေးမျိုး တင်သွင်း ဖတ်ကြားသည်။

ဘာသာပြန်သဘောနှင့် အထောက်အကူပြုကျမ်းများ စာတမ်းကို ဦးသော်ကောင်းနှင့် ဦးမောင်မောင်ကြီး(ငြိမ်းကျော်)တို့က တင်သွင်း ဖတ်ကြားသည်။ စာတမ်း၏ ပထမပိုင်းတွင် ဘာသာပြန်သဘောနှင့် မြန်မာနိုင်ငံ ဘာသာပြန် စာပေသမိုင်း အကျဉ်းကို ဖော်ပြထားပြီး ပျူခေတ်မှ ကုန်းဘောင်ခေတ်အထိ ဘာသာပြန်ထွန်းကား လာပုံနှင့် သက္ကတ ပါဠိကျမ်း ဂန် များ ကို မွေး စား စကားလုံးပြုခြင်း၊ နိဿယပြန်ဆိုခြင်းတို့ကို တင်ပြထားသည်။

ထို့ပြင် မြန်မာစကားထဲသို့ တိုင်းရင်းသား ဘာသာ စကားများ ရောက်ရှိလာပုံ၊ သံတမန် ဆက် သွယ် မှု တို့ကြောင့် စကားပြော ဘာသာပြန် ပေါ်ပေါက်လာပုံ၊ စာကို စာဖြင့်ဘာသာပြန်ပုံ၊ ဝိဇ္ဇာနှင့် သိပ္ပံပညာရပ်များကို မြန်မာဘာသာသို့ ပြန်ဆိုကြပုံ၊ ရှေးခေတ်မှ မျက်မှောက်ခေတ်အထိ ဘာသာပြန်များကို ဘာသာစကားအလိုက် ပညာရပ်များအလိုက် စနစ်တကျပြန်ဆိုပုံ ပြန်ဆိုနည်းများ စည်းကမ်းများကို တင်ပြထားသည်။

ဒုတိယပိုင်းတွင် ကဗျာ၊ ဝတ္ထု၊ ပြဇာတ်စသော ရသစာပေ ဘာသာပြန်တို့အတွက် ရည်ညွှန်းကျမ်း အထောက်အကူပြု ကျမ်းများကို အကြောင်းအရာအလိုက် နမူနာကောက်၍ တင်ပြထားသည်။ သတင်းစာပညာ ဒဿနိက ဗေဒအစရှိသော ဝိဇ္ဇာပညာရပ်နှင့် သိပ္ပံပညာရပ်တို့ကို ဘာသာပြန်ရာတွင် အထောက်အကူပြုသည့် ကျမ်းများကို နမူနာ ဖော်ပြထားသည်။

ဘာသာပြန် ရသစာပေစာတမ်းကို ဦးတင်ထွန်း (မောင်ထွန်းသူ)နှင့် ဦးမြင့်ကြွယ် (မောင်မြင့်ကြွယ်)တို့က အပိုင်းများခွဲ၍ တင်သွင်းသည်။ နိဒါန်းပိုင်းတွင် ရသစာပေ၏ သဘောသဘာဝကို လေ့လာ တင်ပြထားသည့် အပြင် အရှေ့တိုင်း၊ အနောက်တိုင်း ပညာရှင်တို့၏ အယူအဆ အဓိပ္ပာယ်ဖွင့်ဆိုချက်များကိုပါ တင်ပြထားသည်။

ဒုတိယပိုင်းတွင် မြန်မာနိုင်ငံ ဘာသာပြန် စာပေသမိုင်းကို အကြမ်းဖျင်းသုံးသပ်ထားပြီး ရှေးခေတ်၊ ကိုလိုနီခေတ်၊ လွတ်လပ်ရေးခေတ်၊ မျက်မှောက်ခေတ် ရောက်ချိန်အထိ ခေတ်လေးပိုင်းခွဲ၍ဖော်ပြထားသည်။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ် ကုန်ဆုံးချိန်အထိ ထွန်းကားခဲ့သော ရှေးခေတ်ဘာသာပြန်စာပေများကိုလည်းကောင်း၊ ကိုလိုနီခေတ်အတွင်း ပေါ်ထွန်းခဲ့သော မောင်ရင်မောင်၊ မမယ်မ ဝတ္ထုစသော ဘာသာပြန် ရသစာပေများ အကြောင်းကိုလည်းကောင်း၊ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ လွတ်လပ်ရေးခေတ်အတွင်း ပေါ်ထွန်းခဲ့သော ဘာသာပြန် ရသစာပေများ၊ ၁၉၆၂ ခုနှစ်မှ ယနေ့အထိ ပေါ်ထွန်းခဲ့သော ဘာသာပြန် ရသစာပေများအကြောင်းတို့ကိုလည်းကောင်း လေ့လာတင်ပြထားသည်။

တတိယပိုင်းတွင် ရသစာပေ ဘာသာပြန်ပြဿနာများကို တင်ပြထားသည့် အပြင် စာပေ ပညာရှင်ကြီးများ၏ အခက်အခဲများနှင့် အတွေ့အကြုံများအပေါ် အခြေခံ၍ စာတမ်းရှင်များ၏ အခက်အခဲနှင့် အတွေ့အကြုံများကို ယေဘုယျသဘော တင်ပြထားသည်။



ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကျော်မြင့်က ရိုးရာပုံပြင်များ စာတမ်းဖတ်ပွဲတွင် အမှာစကားပြောကြားစဉ်နှင့် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာသူပရိသတ်

ဘာသာပြန် သုတ(ဝိဇ္ဇာ) စာပေစာတမ်းကို ဦးလှတင်(လှသမိန်)နှင့် ဦးလှမြင့်(နတ်နွယ်)တို့က တင်သွင်းသည်။ ရှေးဦးစွာ ဘာသာပြန်ဟူသောစကား၏ အနက်အဓိပ္ပာယ်ကို ရှင်းလင်းဖွင့်ဆိုပြသည်။ ထို့နောက် သုတ(ဝိဇ္ဇာ)ပညာရပ်များ ဖြစ်သော ဥပဒေ၊ ပထဝီဝင်၊ သဒ္ဒါကျမ်း၊ အဘိဓာန်၊ စွယ်စုံ၊ လက်စွဲလမ်းညွှန်စသည့် စာအုပ်များသည် ဆိုလိုရင်းကို တိုတိုတုတ်တုတ် ရေးသားထားသည့် စာများဖြစ်၍ မူရင်းအဓိပ္ပာယ် ပေါ်လွင်အောင် ပြန်ဆိုရန်သာ ဖြစ်ကြောင်း၊ အတ္ထုပ္ပတ္တိ၊ ခရီးသွား အတွေ့အကြုံ မှတ်တမ်း စသည်တို့မှာမူ စာ ရေး သူ ၏ ခံစားမှု၊ စိတ်ကူးဉာဏ်ကွန့်မြူးမှု၊ တင်စားဖွဲ့နွဲ့မှုစသည့် ရသသဘော ပါရှိနေသဖြင့် မူရင်းစာရေးဆရာ၏ အာဘော်ကိုသာမက ရေးဖွဲ့ဟန်ကိုပါ ရမိအောင် ပြန် ဆို သင့် ကြောင်း ဆက်လက် တင်ပြသည်။

သုတဝိဇ္ဇာ ဘာသာပြန်များသည် ပုဂံခေတ် က ပင် သန္ဓေတည်ခဲ့ကြောင်း၊ ပါဠိ မြန်မာ ဘာသာပြန်အဘိဓာန်များ ပေါ်ထွန်းခဲ့ကြောင်း၊ ကိုလိုနီခေတ်တွင် ဥပဒေစာအုပ်များ၊ လက်စွဲစာအုပ်များ၊ ကျောင်းသုံး စာအုပ်များကိုဘာသာပြန်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးခေတ်တွင် ဘာသာအယူဝါဒ၊ ဒဿနိက၊ နိုင်ငံရေး၊ စီးပွားရေး၊ သမိုင်း၊ ပထဝီဝင်၊ ဥပဒေ၊ စာပေအနုပညာ၊ အတ္ထုပ္ပတ္တိ၊ ခရီးသွား အတွေ့အကြုံ မှတ်တမ်း၊ ဘာသာစကားနှင့် ရည်ညွှန်းစာအုပ်များ စသော သုတဝိဇ္ဇာပညာရပ်ဆိုင်ရာ ဘာသာပြန်စာအုပ်များကို ထုတ်ဝေခဲ့ကြောင်း တင်ပြသည်။

ဘာသာပြန်သုတ(သိပ္ပံ) စာပေစာတမ်းကို ဒေါက်တာတင်အောင်နှင့် ဦးကျော်ဆွေ (မင်းကျော်) တို့က တင်သွင်းဖတ်ကြားသည်။ ရှေးဦးစွာ သိပ္ပံဟူသောစကား၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရှင်းလင်း တင်ပြသည်။ ထို့နောက် သိပ္ပံပညာ မျိုးကွဲများ ပိုမို များပြားလာပုံ၊ ယင်းတို့ကို လူတိုင်းသိရှိနိုင်ရန် သိပ္ပံပညာဆိုင်ရာ ဘာသာပြန်စာအုပ်များ ထုတ်ဝေရန် လိုအပ်ပုံတို့ကို တင်ပြသည်။

ဘာသာပြန်ရာတွင် ဘာသာပြန်သူသည် ကိုယ့်ဘာသာကို ခြေခြေမြစ်မြစ် နားလည်ဖို့ လိုကြောင်း၊ သူ့ဘာသာစကားကိုလည်း ခြေခြေမြစ်မြစ်နားလည်ဖို့လိုကြောင်း၊ ထို့ပြင် မိမိပြန်ဆိုမည့် ဘာသာရပ်ကို ခြေခြေမြစ်မြစ် နားလည်ဖို့ လိုကြောင်း၊ သိပ္ပံဘာသာရပ်ကို တိတိကျကျ မြန်မာဘာသာ ပြန်ဆိုနိုင်ရန်အတွက် မြန်မာ အဘိဓာန် အကျဉ်းချုပ်၊ ပါဠိသက် ဝေါဟာရ အဘိဓာန်၊ ပါဠိ မြန်မာ အဘိဓာန်၊ သိပ္ပံအဘိဓာန်စသည့် စာအုပ်များ ရှိထားရမည်ဖြစ်ကြောင်း တင်ပြထားသည်။

၁၉၇၇ ခုနှစ်အတွင်းမှာပင် ရိုးရာပုံပြင်များ စာတမ်းဖတ်ပွဲကို ကျင်းပ ခဲ့ပြန်သည်။ ရိုးရာပုံပြင်များ စာတမ်းဖတ်ပွဲကို ကုန်သည်လမ်း စာပေဗိမာန် ပြည်သူ စာကြည့်တိုက် ခန်းမ၌ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦး အောင် ကျော် မြင့် တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။

အဆိုပါစာတမ်းဖတ်ပွဲ၌ ရိုးရာပုံပြင်ဟူသည်စာတမ်းကို ဦးတင်လှ(မောင်မြန်မာ)က ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် လည်းကောင်း၊ နိုင်ငံတကာ ရိုးရာပုံ ပြင် စာ တမ်း ကို ဦးကျော်အောင် (ကျော်အောင်) က ဒီဇင်ဘာလ ၂၂ ရက်နေ့ နံနက်ပိုင်းတွင် လည်းကောင်း၊ မြန်မာ့ရိုးရာပုံပြင် စာတမ်းကို ဦးကြည်အေး (ဆင်ဖြူကျန်းအောင်သိန်း)က

ယင်းနှေ နေ့လယ်ပိုင်းတွင် လည်းကောင်း၊ တိုင်းရင်းသား ရိုးရာ ပုံပြင် စာတမ်းကို ဦးမင်းနိုင်က ဒီဇင်ဘာလ ၂၃ ရက် နေ့တွင်လည်းကောင်း အသီးသီး ဖတ်ကြားခဲ့ကြသည်။

ရိုးရာပုံပြင်ဟူသည် စာတမ်းတွင် ရိုးရာပုံပြင် ဟူသော ဝေါဟာရကို အကျယ်တဝင့် ဖွင့်ဆိုရှင်းပြပြီး ကျေးလက် နှင့် ရိုးရာ၊ ပုံပြင်အမျိုးမျိုး စသည်ဖြင့် ကဏ္ဍခွဲ၍ တင်ပြသည်။ နိုင်ငံတကာရိုးရာပုံပြင်စာတမ်းတွင် ပုံပြောခြင်း၏ မူလအစ၊ ရိုးရာပုံပြင်၏ စရိုက် လက္ခဏာများ စသည်ဖြင့် အပိုင်းများခဲ့၍ တင်ပြထားသည်။ မြန်မာ့ရိုးရာ ပုံပြင် စာတမ်းတွင် မြန်မာ့ရိုးရာ တိရစ္ဆာန် ပုံပြင်များ၊ လူနှင့် တိရစ္ဆာန်ပုံပြင်များ၊ လူသားတို့၏ ပုံပြင်များ စသည်ဖြင့် မြန်မာ့ရိုးရာ ပုံပြင် အမျိုးမျိုး အကြောင်းကို တင်ပြထားသည်။ တိုင်းရင်းသားရိုးရာပုံပြင်စာတမ်း၌ တိုင်းရင်းသားရိုးရာပုံပြင်၏သဘောသဘာဝ၊ ယင်း၏ အင်္ဂါရုပ်များ၊ တိုင်းရင်းသားပုံပြင် စတင်ထွန်းကားလာပုံ၊ တိုင်းရင်းသား ပုံပြင်အချင်းချင်းနှိုင်းနှယ်မှုစသည်ဖြင့် ကဏ္ဍများခွဲ၍ တင်ပြထားသည်။

စိမ်ကိန်းဝင် လူငယ်များ တွေ့ဆုံပွဲ (၁၉၇၇)။ ။

၁၂ ကြိမ်မြောက် စိမ်ကိန်းဝင် လူငယ်များ တွေ့ဆုံပွဲ အခမ်းအနားကို ရန်ကုန်မြို့ကျိုက္ကဆံကွင်းရှိ ဆရာစံခန်းမ၌ ၁၉၇၇ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ရာ သဘာပတိအဖြစ် လမ်းစဉ်လူငယ် စည်းရုံးရေးဗဟို ကော်မတီ ဥက္ကဋ္ဌ (ပညာရေးဝန်ကြီးဌာနဝန်ကြီး) က ဆောင်ရွက်သည်။

လူငယ်များအား မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက ချမှတ်ထားသော လူငယ်ဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့် လမ်းစဉ်လူငယ် နှီးနှောဖလှယ်ပွဲက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များကို လူငယ်များ တက်ကြွစွာ ပါဝင်လာစေရေးအတွက် တိုက်တွန်းနှိုးဆော်သွားရန်၊ စိမ်ကိန်းဝင် လူငယ်များအား နိုင်ငံတော်က လူငယ်များအတွက် ထားရှိသော သဘောထားနှင့် လမ်းညွှန်မှုများပေးနိုင်ရန်၊ စိမ်ကိန်းအသီးသီးတွင် ပါဝင်သော လူငယ်အချင်းချင်း မိမိတို့ဆောင်ရွက်မှု လုပ်ငန်းအတွေ့အကြုံများကို ဖလှယ်ရန်၊ စိမ်ကိန်းအသီးသီးအကြောင်းကို လူငယ်များသိရှိစေခြင်းဖြင့် လူငယ်အချင်းချင်း ရင်းနှီးမှုမှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထောက်အကူ ပြုသည့်အထိ ဖြစ်ပေါ်စေရန်ဟူသော ရည် မှန်း ချက်လေးရပ်နှင့်အညီ စိမ်ကိန်းဝင်လူငယ်များ တွေ့ဆုံပွဲများကို ၁၉၇၄ ခုနှစ်မှ စတင် ကျင်းပခဲ့ရာ ယခုနှစ်သည် ၁၂ ကြိမ်မြောက် ကျင်းပခဲ့ခြင်း ဖြစ်သည်။

၁၉၈၆ ခုနှစ်တွင်မူ စတုတ္ထအကြိမ် လမ်းစဉ်လူငယ် နှီးနှောဖလှယ်ပွဲ ကျင်းပသည့် အချိန်နှင့် တိုက်ဆိုင်နေသဖြင့် စိမ်ကိန်းဝင် လူငယ်များ တွေ့ဆုံပွဲကို မကျင်းပနိုင်ခဲ့ပေ။ လူငယ်များအား စတုတ္ထအကြိမ် လမ်းစဉ်လူငယ် နှီးနှောဖလှယ်ပွဲသို့သာ တက်ရောက် လေ့လာစေခဲ့သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ အရန်အင်အား ကောင်းများနှင့် နိုင်ငံ့ သားကောင်းများ ဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်မှုကို ခံယူနေကြသည့် လူငယ်များသည် စိမ်ကိန်းဝင် လူငယ်များဖြစ်သည်။ ထိုလူငယ်များတွင် လမ်းစဉ်လူငယ် ခေါင်းဆောင် မှမ်းမံသင်တန်းနှင့် လမ်းစဉ်လူငယ် ခေါင်းဆောင် သင်တန်းများသို့ တက်ရောက်နေကြသည့် လူငယ်များ၊ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများတွင် အခြေစိုက် လုပ်အားပေးနေကြသည့် လူငယ်များ၊ ကျောင်းသား လူငယ်များ အတွင်းဘက်စုံ ကြိုးစားပြိုင်ဆိုင်မှုဖြင့် ပညာရည်ချွန်ဆု ရရှိကြသည့် လူရည်ချွန်လူငယ်များ၊ လူမှုရေး လုပ်ငန်းများကို စေတနာဖြင့် စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်ကြသည့် စံပြ ကြက်ခြေနီလူငယ်များနှင့် ဝါသနာပါရာ လေ့ကျင့်မှု သင်တန်းများသို့ တက်ရောက် နေကြသည့် လူငယ်များ ပါဝင်သည်။

စိမ်ကိန်းဝင် လူငယ်များသည် နေရာဒေသမရွေး၊ ဥတုရာသီမရွေး စည်းရုံး လှုပ်ရှားလျက် ရှိသော်လည်း စုစည်းမှုအင်အားများပြားပြီး ထိရောက်ကျယ်ပြန့်လှသည့် အချိန်အခါသည် နွေရာသီ ဖြစ်သည်။ နွေရာသီတွင် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ရန်ကုန်မြို့၊ ဗဟိုနိုင်ငံရေး တက္ကသိုလ်၌ သင်တန်းတက်ရောက်နေကြသော လမ်းစဉ် လူငယ်ခေါင်းဆောင် မှမ်းမံသင်တန်းသား သင်တန်းသူများ၊ ကျေးလက်လမ်းစဉ်လူငယ် ခေါင်းဆောင် သင်တန်းသား သင်တန်းသူများ၊ ရန်ကုန်တက္ကသိုလ် (ပင်မ) တွင် တက်ရောက်နေကြသော ကျောင်းသား လမ်းစဉ်လူငယ် ခေါင်းဆောင် သင်တန်းသား သင်တန်းသူများ၊ ဘင်ခရာနည်းပြနှင့် ဘင်ခရာအခြေခံ မှမ်းမံသင်တန်းသားသင်တန်းသူများ၊ လူရည်ချွန်များ၊ စံပြကြက်ခြေနီများ၊ လူငယ်ရေကြောင်းနှင့် လူငယ် လေကြောင်းမှ သင်တန်းသား သင်တန်းသူများ စုံညီစွာ ရောက်ရှိတွေ့ဆုံလေ့ ရှိသဖြင့် စိမ်ကိန်းဝင်လူငယ်များ တွေ့ဆုံပွဲကို နွေရာသီတွင် နှစ်စဉ် ကျင်းပခြင်း ဖြစ်သည်။

၁၂ ကြိမ်မြောက် စိမ်ကိန်းဝင်လူငယ်များ တွေ့ဆုံပွဲကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဗဟိုနိုင်ငံရေးတက္ကသိုလ်တွင် သင်တန်းတက်ရောက်နေကြသည့် လမ်းစဉ်လူငယ်ခေါင်း ဆောင် မှမ်းမံသင်တန်း အမှတ်စဉ် (၂၁) မှ လူငယ်များ၊ လမ်းစဉ်လူငယ်ခေါင်းဆောင် (ကျေးလက်) သင်တန်း အမှတ်စဉ် (၂၁) မှ ကျေးလက်လူငယ်များ၊ ရန်ကုန်

တက္ကသိုလ်(ပင်မ)တွင် တက်ရောက်နေကြသော လမ်းစဉ် လူငယ်ခေါင်းဆောင်သင်တန်း အမှတ်စဉ်(၃၀)မှ ကျောင်းသားလူငယ်များ၊ ဘင်ခရာနည်းပြသင်တန်း အမှတ်စဉ်(၁၃)နှင့် ဘင်ခရာအခြေခံ မှတ်မံသင်တန်း အမှတ်စဉ်(၇)မှ လူငယ်များ၊ လူရည်ချွန်မောင်မယ်များ၊ စံပြကြက်ခြေနီလူငယ်များ၊ လူငယ်လေကြောင်း၊ ရေကြောင်းနှင့် စက်မှုလက်မှုသင်တန်းများမှ လူငယ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ လမ်း စဉ် လူ ငယ် စည်းရုံးရေးကော်မတီဝင်များနှင့် လမ်း စဉ် လူ ငယ်များ စသည့်စီမံကိန်းဝင်လူငယ်များအပြင် ရန်ကုန်မြို့သို့ လေ့လာရေးခရီး ရောက်ရှိနေကြသ ည့် တာချီလိတ်နှင့် ဆီဆိုင်မြို့နယ်များမှ လူငယ်များ အပါအဝင် စုစုပေါင်း လူငယ် ၄,၇၀၀ ကျော် တက်ရောက်ကြပြီး အသိအမြင်ချင်း၊ အတွေ့အကြုံချင်း၊ ဗဟုသုတချင်း ဖလှယ်ခဲ့ကြသည်။

စီမံကိန်းဝင်လူငယ်များ တွေ့ဆုံပွဲသည် ဘက်စုံဖွံ့ဖြိုးပြီးအရည်အချင်းပြည့်ဝသည့် နိုင်ငံသားကောင်းများဖြစ်လာစေရန်နှင့် လူငယ်တို့၏အရည်အသွေး တိုးတက်မြင့်မားစေရန် လေ့ကျင့်ပေးမှုတစ်ရပ်ဖြစ်ပြီး လမ်းစဉ်လူငယ်အဖွဲ့ပွဲစည်းရသော ရည်ရွယ်ချက်များ ပြည့်မြောက်အောင်မြင်စေရန် ပံ့ပိုးပေးနေသော စီမံကိန်းတစ်ခုလည်း ဖြစ်ပေသည်။

စု၊ ဦး (ကျီ၊ စိ၊ ဘီ၊ အေ) (ခရစ် ၁၉၀၁–၁၉၇၇)

။ ။သပိတ်မှောက်ကျီစိဘီအေခေါင်းဆောင်တစ်ဦးဖြစ်သော နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ဦးစုကို ၁၉၀၁ ခုနှစ် နိုဝင်ဘာလ ၅ ရက်နေ့တွင် အဖ ပရိက္ခရာကုန်သည် ဦးကံရ၊ အမိ ဒေါ်နုတို့က ပြည်မြို့၌ မွေးဖွားသည်။

ပြည်မြို့ အင်္ဂလိပ်-မြန်မာ အထက်တန်းကျောင်း၌ ပညာသင်သည်။ ပညာသင်ကြားဆဲ ၁၉၂၂ ခုနှစ် အသက် ၂၁ နှစ်အရွယ်တွင် အင်္ဂလိပ်အစိုးရကို မလိုလားရာမှ အင်္ဂလိပ်စာမသင်လိုတော့ဘဲကျောမနီနိုင်ငံ မြူးနစ်မြို့သို့ထွက်ခွာသွားခဲ့သည်။ ကျောမနီနိုင်ငံတွင် ဓာတုဗေဒပညာကို သင်ယူသည်။ ခြောက်နှစ်အကြာတွင် ကျောမနီမှ ပြန်လာပြီး ဆပ်ပြာချက်လုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။

ထို့နောက် အလုပ်သမားများအား နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ် ဖြစ်ပေါ်လာစေရန် လှုံ့ဆော်စည်းရုံးလို၍ သံလျင်ဘီအိုစီတွင် သုံးနှစ်ကြာသည်အထိ စာရေးဝင်လုပ်ခဲ့သည်။ ထိုမှတစ်ဆင့် ဦးစိုးသိမ်းဦးဆောင်သော ကျီစိဘီအေအဖွဲ့ကြီးတွင် အကျိုးဆောင် ဝင်လုပ်ခဲ့သည်။

ထိုစဉ် အင်္ဂလိပ်နယ်ချဲ့အစိုးရကပေးအပ်သည့် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို ကျီစိဘီအေအသင်းချုပ်ကြီးအတွင်း



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ကျီစိဘီအေ ဦးစု

လက်ခံသင့် မခံသင့် အပြင်းအထန် အငြင်းအခုံ ဖြစ်လာရာမှ ဦးစိုးသိမ်းခေါင်းဆောင်သော ကျီစိဘီအေကို မနှစ်မြို့သူများ ပေါ်ပေါက်ခဲ့သည်။ ထို့နောက် တောင်ငူမြို့တွင် ကျင်းပသော ၁၆ ကြိမ်မြောက် ကျီစိဘီအေကွန်ဖရင့်တွင် ဦးစိုးသိမ်းကိုမနှစ်သက်သူများက ဦးစုကို ကျီစိဘီအေသမ္မတအဖြစ် တင်မြှောက်ခဲ့သည်။ ဦးစုခေါင်းဆောင်သော ကျီ စိ ဘီ အေ သည် သ ပိတ် မှောက် ကျီ စိ ဘီ အေ ဟု တွင်ခဲ့သည်။

ဦးစုသည် နိုင်ငံရေးမှ အနားယူပြီးနောက် ဝါးနက်ချောင်း၌ခြံစိုက်ပျိုး၍အသက်မွေးဝမ်းကျောင်း ပြုခဲ့သည်။ ဦးစုအား ၁၉၆၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီကနိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်ခဲ့သည်။

ဦးစုသည် သူနာပြုဆရာမတစ်ဦးဖြစ်သော ဒေါ်ရင်မေနှင့် အိမ်ထောင်ပြုခဲ့သည်။ သားသမီးမထွန်းကားခဲ့သဖြင့် ဇနီးသည်ကွယ်လွန်ပြီးနောက် ၎င်း၏တူဖြစ်သူနှင့် အတူနေထိုင်ခဲ့သည်။

နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ ကျီစိဘီအေ ဦးစုသည် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၁၄ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

စူပါနိုဗာ ကြယ်ပေါက်ကွဲမှု။ ။နှစ်ဆယ် ရာစု ရူပဗေဒနှင့် နက္ခတ္တဗေဒပညာတွင် စွမ်းအင်မြင့် နက္ခတ္တရူပဗေဒဘာသာရပ်မှာ အဓိကကျသော ကဏ္ဍမှ ပါဝင်နေသည်။ ရှေးအကျဆုံးသိပ္ပံတာသာရပ်ဖြစ်သော နက္ခတ္တဘာသာရပ်မှာ ရူပဗေဒပညာရပ်ကို မွေးဖွားပေးခဲ့သော သိပ္ပံပညာရပ်ဟုလည်း ဆိုနိုင်သည်။ နက္ခတ္တဗေဒကို ရှင်းပြနိုင်သည့် သီအိုရီ အသိပညာပိုင်းမှာ ရူပဗေဒပညာရပ်သာ ဖြစ်ခဲ့သည်။ ၁၉ ရာစုနှစ်ပိုင်းတွင် ရူပဗေဒဘာသာရပ်တစ်ခု



၁။ စွမ်းအင်မြင့် နက္ခတ္တ ရူပဗေဒ၏ အခြေခံများကို ဖော်ထုတ်ပေးခဲ့သော ဒေါက်တာ အိုင်စတိုင်း (၀) နှင့် ဆာ အာသာ အယ်ဒင်တန်



၂။ ဒေါက်တာ ဟောကင်း

ဖြစ်သော ဒရောင်စဉ်ပညာသည် နက္ခတ္တဗေဒပညာ၏ အရေးကြီးဆုံးသော အခန်းတစ်ခုကို ဖွင့်လှစ်ပေးခဲ့သည်။ ယနေ့တိုင်လည်း နက္ခတ္တပစ္စည်းများမှ ရောင်စဉ်များကို လေ့လာ၍ စူပါနိုဗာ ပေါက်ကွဲမှုများ၏ သဘာဝကို သိရှိနိုင်ကြသည်။ ရူပဗေဒ သုတေသီကြီး ဆာအိုင်ဇက်နယူတန်၏ ရှေးရိုးမကွင်းနစ်နှင့် ဒြပ်ဆွဲသီအိုရီတို့မှာ သာမန်ရူပဗေဒ စမ်းသပ်ခန်းမှလုပ်ရပ်များတွင် မြစ်ဖျားမခံဘဲ နက္ခတ္တ အဖွဲ့အစည်းတို့ ရှေရှားပုံနှင့် ဂြိုဟ်ပတ်လမ်းများ၏ သဘာဝကို အထောက်အထားပြုပြီး ပြုစုခဲ့သော အခြေခံ ရူပဗေဒ သီအိုရီများ ဖြစ်သည်။

ရီလေတီဗီတီနှင့် ဒြပ်ဆွဲသီအိုရီတို့ကို ပေါင်းစပ်ပေးခဲ့သော ရူပဗေဒ ပညာရှင် ဒေါက်တာအိုင်စတိုင်း၏ ယေဘုယျ ရီလေတီဗီတီတွင် သုတေသနပြုခဲ့သည့် ရူပဗေဒ ပညာရှင်များဖြစ်သော ဆာအာသာအယ်ဒင်တန် (ပုံ ၁) မှစ၍ ဒေါက်တာဟောကင်း၊ ဒေါက်တာပင်းရို့စ် (ပုံ ၂ နှင့် ၃) တို့အထိ လေးဘက်တိုင်း ဟင်းလင်းပြင်ခုံး၏ သဘာဝကို ရူပဗေဒစမ်းသပ်ခန်းတွင် လေ့လာ၍မလုံလောက်ဘဲ နက္ခတ္တ အဖွဲ့အစည်းများ တည်ရှိရာ၊ ရှေရှားရာ၊ သန္ဓေတည်ရာ၊ ချုပ်ငြိမ်းရာ ဟင်းလင်းပြင်ကို ရူပဗေဒစမ်းသပ်ခန်းသဖွယ် အသုံးပြုခဲ့ကြသည်။

စူပါနိုဗာ ပေါက်ကွဲမှုများနှင့် ဒြပ်ဆွဲပြိုပျက်မှုကြောင့် ဖြစ်ပေါ်သော ကွေ့ဆာများမှာ စွမ်းအင်မြင့် နက္ခတ္တ ရူပဗေဒ၏ အခြေခံဖြစ်ရပ်များဖြစ်၍ ကြယ်များ ပေါက်ကွဲပြိုပျက်ပြီး ကျန်ရစ်သော ကြယ်ဖြူပု၊ နျူထရွန်ကြယ်နှင့် တွင်းနက်တို့မှာ စွမ်းအင်မြင့် နက္ခတ္တ ရူပဗေဒ၏ အခြေခံ နက္ခတ္တ ရူပဗေဒ အဖွဲ့အစည်းများ ဖြစ်သည်။

စွမ်းအင်မြင့် နျူကလီးယား ရူပဗေဒတွင် အသုံးပြုနေသော အရှိန်ပေးစက်များ၌ ရရှိနိုင်သော စွမ်းအင်မှာ အီလက်ထရွန်ဗို့ပေါင်း ကုဋေတစ်သိန်းခန့် (10^{12}eV) ကို တာစူနေဆဲ ဖြစ်သည်။ စူပါနိုဗာပေါက်ကွဲမှုတစ်ခုမှ ရရှိနိုင်သောစွမ်းအင်မှာ အီလက်ထရွန်ဗို့ပေါင်း တစ်နောက်သည်ပေါင်း ၃၈ လုံးခန့် (10^{38}eV) ဂဏန်းကြီးဖြင့် ဖော်ပြရမည် ဖြစ်သည်။ သာမန် စွမ်းအင်မြင့် ရူပဗေဒသုံး အရှိန်ပေးစက်တစ်လုံးမှ အီလက်ထရွန် သို့မဟုတ် ပရိုတွန် တစ်လုံး၏ စွမ်းအင်ထက် အဆပေါင်း မြောက်မြားစွာ သာမည်ဖြစ်သည်။ စူပါနိုဗာ ပေါက်ကွဲမှုမှ ထုတ်လွှတ်လိုက်သော ကော့စမစ်ရောင်ခြည် (ဖြာထွက်မှု)တွင် ပါရှိသော အမှုန်များတွင် အီလက်ထရွန်၊ ပရိုတွန်များကို တွေ့ရပြီး ကော့စမစ်ရောင်ခြည် သုတေသနကို ရူပဗေဒ ပညာရှင်များ နှစ်ပေါင်း ၇၅ နှစ်ကျော်ကပင် အစဉ်တစိုက် ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ရူပဗေဒ၏ အခြေခံအကျဆုံး အမှုန်များတွင် ပါဝင်သော နျူထရိနိုများကိုလည်း ကြယ်များတွင် ဖြစ်ပေါ်လေ့ရှိသော ဘီတာယိုယွင်းမှု နျူကလီးယားဖြစ်စဉ်မှ ရရှိသည်။ ကြယ်များကို သာမို နျူကလီးယား (ဖြူးရှင်း) ဓာတ်ပေါင်းဖိုများအဖြစ် ယူဆနိုင်သည်။ ဟိုက်ဒရိုဂျင် နျူကလီယိုင်များ ရောယှက်ပြီး ဟီလီယမ် နျူကလီယိုင်များအဖြစ် ပြောင်းလဲပေးစဉ် နျူထရိနိုများ ထွက်ပေါ်လာနိုင်သလို စူပါနိုဗာ ပေါက်ကွဲ

သည့်အခါလည်း ထွက်ပေါ်လာနိုင်သည်။ နျူထရီနိုများ ဒြပ်ထုဆောင်ပါက စကြဝဠာ (ရူပဗေဒ၏ အကြီးဆုံးသော အဖွဲ့အစည်း) သည် သက်တမ်းကုန်လွန်သည့်အခါ ကျုံ့ဝင်ပြီး ဇီဝိန်ချုပ်သွားမည်ဟု ရူပဗေဒပညာရှင်များက တွေးထင်လျက် ရှိကြသည်။

စကြဝဠာမှာ ယခုအခါ ပြန့်ကားလျက်ရှိသည့် အထောက်အထားများ ရှိသော်လည်း နျူထရီနို၏ ဒြပ်ထုက စကြဝဠာ၏ ကံကြမ္မာကို အဆုံးအဖြတ် ပေးနိုင်သည်။ စကြဝဠာအတွင်းရှိ ဂလက်ဆီများလည်း နျူထရီနိုများ ဒြပ်ထုရှိခဲ့လျှင် နံပြားပုံစံဖြင့် ရှိမည် ဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆– စာ ၁၁၉—ရှု။) ဂလက်ဆီများသည် စကြဝဠာ၏ အခြေခံအုတ်ချပ်များဖြစ်၍ ရူပဗေဒပညာရပ်တွင် နျူထရီနိုအမှုန်များမှာ အလွန်အရေးပါသော အခြေခံအမှုန်များ ဖြစ်ပေသည်။

စူပါနိုဗာနှင့် နျူထရီနိုများ – ကြယ်များမှ နျူထရီနို ထွက်ပေါ်လာပုံမှာ အခြေခံအားဖြင့် ပရိုတွန်သံသရာနှင့် ကာဗွန်သံသရာ (စွယ်စုံနှစ်ချုပ် ၁၉၈၃–စာ၊ ၁၁၈—ရှု။) ဖြစ်စဉ်ပေါ် တွင် တည်သည်။ ပရိုတွန်သံသရာမှ ပရိုတွန်နှစ်လုံး ပြန်လှန်သက်ရောက်မှုမှ ဂမ္မာဖိုတွန်၊ နျူထရီနို၊ ပိုစီထရွန်နှင့် ဒြူထရွန်ခေါ် ဟိုက်ဒရိုဂျင်အလေးစား၀တ်ဆံကို ရသည်။


ကျန်နျူကလီးယား ပြန်လှန်သက်ရောက်မှုတွင် ဗယ်ရီလီယမ်နှင့်အီလက်ထရွန်မှလည်း လစ်သီယမ်နှင့် နျူထရီနိုကို ဂမ္မာဖိုတွန်နှင့်အတူ ရရှိနိုင်သည်။ နိုက်ထရိုဂျင် – ၁၃၊ အောက်ဆီဂျင် – ၁၅ နျူကလိုက်များ၏ ရေဒီယိုသတ္တိယိုယွင်းမှုမှလည်း နျူထရီနိုများ ရရှိနိုင်သည်။ စူပါနိုဗာမှ နျူထရီနိုနှင့်ဆန့်ကျင်ဘက် နျူထရီနိုပေါင်း အရေအတွက် အားဖြင့် 10^{53} ရရှိနိုင်သည်။ စူပါနိုဗာ မပေါက်ကွဲမီ နှစ်ပေါင်း တစ်ကုဋေကျော်၊ ပကတိ အပူချိန် သုံးကုဋေ $(3 \times 10^7 K)$ ခန့်တွင် ကြယ်သည် စတင် ကျုံ့ဝင်ပြီး ဟိုက်ဒရိုဂျင်များ ရောယှက်၍ ဟီလီယမ်ကို ဖြစ်စေခြင်းဖြင့် အလင်း စွမ်းအင်ကို ထုတ်လွှတ်သည်။ ဒြပ် ဆွဲအားကို နျူကလီးယားအားကတွန်းကန်ထား၍ ကြယ်မှာ တောက်ပလျက်ပင် တည်ရှိပေမည်။ မပေါက်ကွဲမီ နှစ်ပေါင်း တစ်သန်း၊ အပူချိန် ၁၅ ကုဋေခန့်တွင် ဟီလီယမ်မှနေ၍ နျူကလီးယားရောယှက်မှုဖြင့် ကာဗွန်များ ဖြစ်ပေါ် စေပြီး စွမ်းအင်ထုတ်လွှတ်စေမည်။ အလွှာနှစ်ခုကြား ဟိုက်ဒရိုဂျင်မှ ဟီလီယမ်ကို ဆက်လက်ဖြစ်ပေါ် စေမည်။ မပေါက်ကွဲမီ အနှစ် ၆၀၀၀ တွင် အပူချိန်မှာ ကုဋေ ၆၀ ခန့်ရှိပြီး ကာဗွန်မှ နီယွန်ကို ထုတ်ဖော်ပေးမည်။ ကျန်ဖော်ပြခဲ့ပြီး နျူကလီးယား တုံ့ပြန်မှုများလည်း အလွှာစပ်များတွင် ဖြစ်ပေါ် လျက်ပင်ရှိမည်။ ပေါက်ကွဲရန် နှစ်အပိုင်းအခြား



ခ။ ဒေါက်တာ ပင်းရို့စ်

လောက် အကြာတွင်မူ အပူချိန် ကုဋေ ၁၃၀ မှ ၂၀၀ အထိ တိုးသွားကာ နီယွန်မှ အောက်ဆီဂျင် ဖြစ်ပေါ် ပြီး အောက်ဆီဂျင်မှ ဆီလီကွန်ကို ထပ်ဆင့်ဖြစ်ပေါ် စေမည်။ မပေါက်ကွဲမီ ရက်အပိုင်းအခြားလောက်တွင် အပူချိန်မှာ ကုဋေ ၃၀၀ ခန့်အထိ တိုးလာပြီး ဆီလီကွန်နျူကလီယိုင်များမှာ နျူကလီးယား ရောယှက်ခြင်းဖြင့် စည်းနှောင်အား အမြင့်ဆုံးဖြင့်ဖွဲ့တည်ထားသော သံနျူကလီယိုင်များ ဖြစ်ပေါ် စေမည်။ နျူကလီးယား ရော ယှက် ခြင်း ဖြင့် ပိုမိုလေးလံသော နျူကလီယိုင်များ မဖြစ်ပေါ် စေနိုင်၍ နျူကလီယာ တုံ့ပြန်မှုများ ရပ်ဆိုင်းသွားမည် ဖြစ်သည်။ ကြယ်၏ဗဟိုရှိ သံနျူကလီယိုင်များ ပို မို၍ များလာပြီး ကြယ်၏ ဒြပ်ထုမှာ နေ၏ ၁ ဒသမ ၄ ဆခန့်ရှိသော် ဒြပ်ဆွဲအားမှာ အဆမတန်များလာ၍ ကြယ်သည် စတင်ပြိုပျက်မည် ဖြစ်သည်။ ပြိုပျက်ရန်စက္ကန့်ပိုင်းတွင် အပူချိန် ကုဋေ ၈၀၀ ခန့် ရှိမည်ဖြစ်သည်။

ပြိုပျက်ခန် အခြေအနေကို ဒြပ်ထုဖြင့် ကန့်သတ်မှုကို ၁၉၈၃ ခုနှစ် ရူပဗေဒ နိုဗယ်ဆုရှင် ဒေါက်တာချန်ဒြာဆီခါ၏ ကန့်သတ်ဒြပ်ထုဟု ခေါ် တွင်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၅–စာ၊ ၁၉၂—ရှု။) ကြယ်သည် ဒြပ်ဆွဲပြိုပျက်ပြီး တစ်နာရီအတွင်းမှာ စူပါနိုဗာအဖြစ် ပေါက်ကွဲပြီး နှစ်ပေါင်းသန်းနှင့်ချီ၍ ကြာသောကာလအထိ ဓာတ်ငွေ့နှင့် မြူမှုန်တို့သည် ထွန်းလင်းတောက်ပနေတတ်သည်။ ပေါက်ကွဲပြီး တစ်နာရီအတွင်း နျူထရီနိုများကို ထုတ်လွှတ်ပေးသည်။ နျူထရီနို မထုတ်လွှတ်မီ ကြယ်သည် အတွင်းသို့ အလင်း၏အမြန်



၄။ ခရက်ဗ်နက်ဖြူလာစူပါနိုဗာကို ၁၀၅၄ ခုနှစ်တွင် တွေ့ရှိကြောင်း တရုတ်နက္ခတ္တဗေဒပညာရှင်များက နက္ခတ္တဗေဒစာစောင်တွင် မှတ်တမ်းတင်ထားသည်။

လေးပုံတစ်ပုံနှုန်းဖြင့် ကမ္ဘာ၏ အချင်းဝက်မျှ အရွယ်မှ တစ်ဆယ်ကီလိုမီတာခန့်အထိ ကျုံ့ဝင်သွားပြီး ဒြပ်သားများကို အီလက်ထရွန်၊ ပရိုတွန်နှင့် နျူထရွန်များအဖြစ် ကွဲကြေသွားစေသည်။ ထိုအခါ နျူကလီယွန်၏ သိပ်သည်းခြင်းထက် ငါးဆမျှ ပိုမိုသိပ်သည်း၍ ပရိုတွန်နှင့် အီလက်ထရွန် ပေါင်းပြီး နျူထရွန်ဖြစ်စေလျက် နျူထရီနိုများကြယ်၏ အလယ်ဗဟိုတွင် ဖြစ်ပေါ်စေသည်။ သို့ရာတွင် သိပ်သည်းခြင်း ကြီးမားသည့် ကြားခံကို နျူထရီနို အများစုက မဖြတ်နိုင်ပေ။ ပြိုပျက်ပြီး စက္ကန့်ပိုင်းအတွင်း ၁၀ ကီလိုမီတာမှ ၂၅ ကီလိုမီတာအထိ ပြန့်ကားလာသည်။ ကြယ်၏ သိပ်သည်းခြင်းမှာ နျူကလီယွန် သိပ်သည်းခြင်းမျှလောက်ရှိပြီး ပေါက်ကွဲလိုင်းသည် ပြိုပျက်နေသော သံမျှားရှိသည့် အလွှာမှ ပိုမို သိပ်သည်းခြင်းနည်းသော အလွှာသို့ရောက်သော် နျူထရီနိုများသည် စူပါနိုဗာမှ စတင်လွှတ်မြောက်သွားနိုင်ကြပြီ ဖြစ်သည်။ ထိုအချိန်တွင် စူပါနိုဗာမှ ထုတ်လွှတ်သော စွမ်းအင်မှာ ဂလက်ဆီတစ်ခု တစ်နှစ်ကြာ ထုတ်လွှတ်သည့် အလင်းစွမ်းအင်ထက်ပင် များလိမ့်မည် ဖြစ်သည်။ ပြိုပျက်ပြီး တစ်စက္ကန့်တွင် ပေါက်ကွဲလိုင်းသည် အလင်းအမြန်၏ ခြောက်ရာခိုင်နှုန်း (2×10^7 ms^{-1}) ဖြင့် အလယ်ဗဟိုမှ ထွက်လာရာတွင် လမ်းတွင်ရှိသော အောက်ဆီဂျင်ကို ကယ်လဆီယမ်၊ ခဲနှင့် ယူရေနီယမ်အဖြစ် ပြောင်းစေနိုင်မည် ဖြစ်သည်။

နျူထရီနို မြောက်များစွာကို ထုတ်ပေးပြီး ကြယ်တစ်ခု လုံးသည် နျူထရွန်ကြယ်အဖြစ်သို့ ပြောင်းလဲပြီး ဖြစ်ပေလိမ့်မည်။ ပြိုပျက်ပြီး တစ်နာရီတွင် ပေါက်ကွဲလိုင်းနှင့်တွဲ၍ နက္ခတ္တဗေဒစွည်း အပိုင်းအစများ (ဟိုက်ဒရိုဂျင်၊ ဆီလီကွန်၊ သံ အစရှိသည်) တို့သည် ကြယ်၏အပြင်လွှာကိုဖောက်ထွက်ပြီး ခရမ်းလွန်ရောင်ခြည်အဖြစ်ဖြင့် စွမ်းအင်ကိုထုတ်



၅။ စူပါနိုဗာပေါင်း ၁၀ ခုကို တွေ့ရှိခဲ့သော ခရစ်ယာန် ဘုန်းတော်ကြီး အယ်ဗန်စ်



၆။ အီယန် ရှယ်လကာန်နှင့် စူပါနိုဗာ ၁၉၀၇—က ကို လေ့လာရန် အသုံးပြုသော တယ်လီစကုပ်



၇။ ဒေါက်တာ ချန်ဒြာဆီခါ



၈။ စူပါနိုဗာအမျိုးအစား နှစ်မျိုးရှိကြောင်း တင်ပြခဲ့သော ဆာဖရက်ဟွိုင်း

စူပါနိုဗာ ကြယ်ပေါက်ကွဲမှု


၉။ စူပါနိုဗာ ၁၉၀၇ – က ၏ တောက်ပမှုပြ မျဉ်းကွေး

၁၀။ စူပါနိုဗာအမျိုးအစား၂စ်မျိုး၌ တွေ့နိုင်သော ရောင်စဉ် အစင်း ပုံစံလေးမျိုး


၁၁။ တွင်းနက်သည် အနီးအနားရှိကြယ်မှ ဒြပ်သားများကို ဆွဲယူသောအခါ အနားဝန်းကျင်တွင် ဒြပ်စုစက်ဝိုင်းတစ်ခု ဖြစ်ပေါ်နိုင်သည်။


၁၂။ စူပါနိုဗာ၁၉၀၇ – က ၏ ရောင်စဉ်စင်းများတွင် ဟိုက်ဒရိုဂျင်၊ မဂ္ဂနီဆီယမ် နှင့် သံများပါရှိသည်ကို ပြသည်။


၁၃။ စူပါနိုဗာ အမျိုးအစား (၁) ၏ ပတ်ဝန်းကျင် ဓာတ်ငွေ့တိမ်တိုက်တွင် အောက်ဆီဂျင်ရှိကြောင်းကို ရောင်စဉ်ပညာမှ သိရသည်။



၁၁









ဘဒ္ဓ။ ဒေါက်တာ ဟန်စဗေ့

လှုတ်မည်။ တစ်နာရီအတွင်း၌ လွှင့်စဉ်လာသော ဒြပ်သားများ ရွှေရှားမှု နှေးသွားရာမှတစ်ဆင့် မျက်စိဖြင့် မြင်နိုင်သော အလင်းရောင်ကို ထုတ်လွှတ်မည်။ ဤသို့ပင် နှစ်ပေါင်း ၁,၇၀,၀၀၀ မှ ထုတ်လွှတ်လိုက်သော အလင်းရောင်ကို နက္ခတ္တဗေဒ ပညာရှင် အီယန်ရှယ်လတန်သည် စူပါနိုဗာ(၁၉၀၇–က)အဖြစ် ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် တွေ့မြင်လိုက်ခြင်း ဖြစ်ပေသည်။ အမေရိကန် ပြည်တောင်စု ကလီဗလန်မြို့နားရှိ မိုင်းဟောင်းအတွင်း အနက်ပေ ၂၀၀၀ ကျော်တွင် ရေတန်ပေါင်း ၇၀၀၀ ဆန့်သော တိုင်ကီတွင်းသို့ စူပါနိုဗာ ၁၉၀၇–ကမှ ရောက်ရှိလာသော နျူထရီနို ရှစ်လုံးကို စူပါနိုဗာကို ရှယ်လတန် မတွေ့မီ ခြောက်စက္ကန့်အတွင်း ဖမ်းယူနိုင်ခဲ့၍ နျူထရီနို၏ ဒြပ်ထုမှာ $10\ kg^{-35}$ (စွမ်းအင် အား ဖြင့် 10eV)ရှိကြောင်း တွက်ချက်၍ သိရှိသည်။ နျူထရီနိုများသည် ခြောက်စက္ကန့်အတွင်း ရောက်ရှိလာခြင်းကို တစ်ပြိုင်နက် လောက် ရောက်ရှိလာသည်ဟု ယူဆနိုင်၍ အလင်း၏အမြန်ဖြင့်သာ လာရမည်။ ထို့ကြောင့် ဒြပ်ထုမဲ့သောအမှုန်များဟု ကောက်ချက်ချနိုင်သည်။ နျူထရီနို၏ ဒြပ်ထုမှာ အနည်းဆုံး 24 eV ခန့်ရှိလျှင် စကြဝဠာသည် ပြန့်ကားဖောင်းပွနေရာမှ ကျုံ့စင်ပြိုပျက်ပြီး ဇီဝိန်ချုပ်မည်ဟု ရူပဗေဒပညာရှင်အများစုက မျှော်လင့်ကြသည်။ ထို့ကြောင့် စကြဝဠာသည် ကျုံ့ဝင်ပြိုပျက်သွားနိုင်စရာမရှိဟု ဆိုနိုင်ပေသည်။

စူပါနိုဗာ တွေ့ရှိမှုမျှား – စူပါနိုဗာ သိအိုရီကို ၁၉၃၃ ခုနှစ်မှ အမေရိကန် နက္ခတ္တ ရူပဗေဒပညာရှင် ဇဝီကီနှင့် နက္ခတ္တဗေဒပညာရှင် ဗေးတို့က စတင် ထုတ်ဖော်နိုင်သော်လည်း ရှေးအကျဆုံး စူပါနိုဗာ ပေါက်ကွဲမှုကို ခရစ်မပေါ်မီ နှစ်ပေါင်း ၁,၃၀၀ တွင် တရုတ်နက္ခတ္တဗေဒပညာရှင်များက အာလဖာစကောပီခေါ် မဟာကြယ်ဘီလူး၏ အနီးတွင် တွေ့ရှိခဲ့သည်။ အာလဖာစကောပီမှာ နေထက် အဆပေါင်းသုံးထောင်ကျော် ပို၍တောက်ပပြီး အတောက်ပဆုံးကြယ်အရေအတွက် ၂၀ တွင် ပါဝင်ခဲ့သည်။ နေထက် တောက်ပသော ကြယ်များတွင် ကြယ်ဘီလူးများ၊ စီဖိုက်ကြယ်များနှင့် မဟာကြယ်ဘီလူးများ ပါရှိသည်။ ဘီစီ ၁၃၀၀ တွင် တွေ့ရှိခဲ့သော စူပါနိုဗာမှာ အာလဖာစကောပီထက် များစွာတောက်ပပြီး ပေါက်ကွဲခဲ့သည်။

နက္ခတ္တရူပဗေဒဘာသာရပ်အတွက် အရေးအကြီးဆုံး စူပါနိုဗာပေါက်ကွဲမှုမှာ ၁၀၅၄ ခုနှစ်တွင် တရုတ်နက္ခတ္တဗေဒပညာရှင်များ၊ ဂျပန်နက္ခတ္တပညာရှင်များ နှင့် အမေရိကန်လူနီလူမျိုးများ တွေ့ရှိခဲ့သော ခရက်ဗ် နက်ဖြူလာအဖြစ်ကျန်ခဲ့သော စူပါနိုဗာပေါက်ကွဲမှုကြီး (ပုံ ၄) ဖြစ်သည်။ ၁၉၆၉ ခုနှစ်တွင် နက္ခတ္တရူပဗေဒပညာရှင်များဖြစ်သော ဒေါက်တာကေဉ၊ ဒေါက်တာဒစ္စနီနှင့်ဒေါက်တာတေလာတို့က ခရက်ဗ် နက်ဖြူလာ၏အလယ်၌ စူပါနိုဗာပေါက်ကွဲမှု၏ လက်ကျန်ပါလဆာခေါ် လည်ပတ်နေသော နျူထရွန်ကြယ်ရှိကြောင်း တွေ့ရှိခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ပါလဆာများကို ၁၉၇၄ ခုနှစ် ရူပဗေဒနိုဗယ်ဆုရှင် ပြိတိသျှရူပဗေဒပညာရှင် ဒေါက်တာအင်တိုနီဟယူးဝစ်နှင့် သုတေသနကျောင်းသူ ဂျိုစလင်ဘဲတို့က တွေ့ရှိခဲ့ကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၂–စာ၊ ၁၈၂—ရှု။) ၁၉၇၃ ခုနှစ်မှ ၁၉၇၆ ခုနှစ်အတွင်း စူပါနိုဗာပေါက်ကွဲမှုပေါင်း ၆၆ ခုရှိခဲ့ရာတွင် ဩစတြေးလျှနိုင်ငံသား ခရစ်ယာန်ဘုန်းတော်ကြီး အယ်ဗန်စ်က စူပါနိုဗာ ၁၀ ခုကို တွေ့ရှိခဲ့သည်။ (ပုံ ၅)

၁၉၀၇ ခုနှစ်အတွက် ပထမဗေဒဆော်ဉီး စူပါနိုဗာကို တွေ့ရှိခဲ့သူမှာ ကနေဒါနိုင်ငံသား နက္ခတ္တဗေဒပညာရှင် အီယန်ရှယ်လတန် ဖြစ်သည်။ လာစ်ကန်ပါနာစ် ဟုခေါ်သော ချီလီပြည်ရှိ တောင်ပေါ်မှနေ၍ ပညာရှင် အများစုအသုံးမပြုနိုင်၍ စွန့်ပစ်ထားသော အလင်းရောင်သုံး နက္ခတ္တဗေဒမှန်ပြောင်းကို ပြင်ဆင်မွမ်းမံ၍ အသုံးပြုတွေ့ရှိခဲ့သည်။ (ပုံ ၆) စူပါနိုဗာတွေ့ရှိသူမှာဒေါက်တာဘွဲ့ရရှိပြီးသူမဟုတ်ပေ။ ဒေါက်တာဘွဲ့အတွက် လေ့လာခဲ့စဉ် အဆင်မပြေခဲ့၍ တက္ကသိုလ် ဘွဲ့လွန်သင်တန်း နှစ်ခုမှ ထွက်ခဲ့ရသူဖြစ်သည်။ သို့ရာတွင် စူပါနိုဗာ ၁၉၀၇–ကဟုခေါ်သော ပေါက်ကွဲမှုကိုတွေ့ရှိခဲ့သည့် အရည်အချင်းသည် သုတေသနကို အောင်မြင်စွာပြုနိုင်မည့်အရည်အချင်း

ပင်ဖြစ်၍ နက္ခတ္တဗေဒ ဒေါက်တာဘွဲ့အတွက် ကနေဒါ ပြည်ရှိ တက္ကသိုလ်များက ဝမ်းပန်းတသာ ပြန်လည် လက်ခံ နိုင်မည်ဟု ဖိတ်ခေါ်နေကြပြီဖြစ်သည်။ ရှယ်လတန်သည် ပါမောက္ခကြီးများ လိုအပ်သည့်အခါ အ သုံး ပြု နိုင် ရန် အတွက် နက္ခတ္တဗေဒမျော်စင်ရှိ အဝေးကြည့်မှန်ပြောင်းနှင့် ဆက်နွယ်ရာ အီလက်ထရွန်းနစ်ပစ္စည်းများကို အဆင်သင့် ပြင်ဆင်ပေးရသူ စမ်းသပ်ခန်း လက်ထောက်တစ်ဦးသာ ဖြစ်သည်။ အခြား နက္ခတ္တဗေဒလက်ထောက်များကဲ့သို့ နှစ်မစေ့ခင်အလုပ်ကို စွန့်ပစ်မသွားဘဲ ၁၉၇၁ ခုနှစ်မှ စ၍ ခြောက်နှစ်တိုင်ဇွဲနပဲကြီးစွာဖြင့် တာဝန်ထမ်းဆောင် ခဲ့၍ ကျွန်ုပ်တို့၏ မစ်လ်ကီဝေးဂလက်ဆီ (နဂါးငွေ့တန်း) အနီး အယ်လ် အင်မ် စီ (L M C) ခေါ် အကြီးစား မဂ္ဂလန်တိမ်တိုက်အနီး က မ္ဘာ မှ အ လင်း နှစ် ပေါင်း တစ်သိန်း ခုနှစ်သောင်း (1.8×10^{18} km) ခန့်တွင် စူပါနိုဗာ ပေါက်ကွဲမှုကိုတွေ့ရှိခဲ့သည်။

ယင်းစူပါနိုဗာကို တွေ့ရှိခဲ့သူများတွင် ချီလီနိုင်ငံသား နက္ခတ္တဗေဒစမ်းသပ်ခန်းလက်ထောက် အော်စကာဒူဟာလဒီနှင့် အပျော်တမ်း နက္ခတ္တဗေဒပညာရှင် အဲလ်ဗတ် ဂျုံးစ်ဆိုသူတို့ပါဝင်ခဲ့ပေသည်။ ဂျုံးစ်မှာ စူပါနိုဗာ ၁၉၀၇–က ကို နယူးဇီလန်မှတွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့၏ ဂလက်ဆီ ပတ်ဝန်းကျင်တွင် စူပါနိုဗာတစ်ခုကို ၁၅၀၂ ခုနှစ်က တာကိုဗရာအမည်ရှိ ဒိန်းမတ်နက္ခတ္တဗေဒပညာရှင်ကတွေ့ ရှိခဲ့ပြီးနောက် တပည့်ကျော် ယိုဟန်းကက်ပလာက ၁၆၀၄ ခုနှစ်တွင် နောက်တစ်လုံးတွေ့ရှိခဲ့ပြန်သည်။ နှစ်ပေါင်း ၃၀၃ နှစ်အကြာတွင် ရှယ်လတန်က '၁၉၀၇–က' ခေါ် စူပါနိုဗာကို တွေ့ရှိခဲ့ပြန်သည်။ ရှယ်လတန်၏စူပါနိုဗာမှာ မျက် စိ ဖြင့် ကြည့် ၍ မြင် နိုင်သော ပေါက်ကွဲမှုဖြစ်သည်။ စူပါနိုဗာအမျိုးအစားအရ ခွဲခြားရလျှင်မူ ဒုတိယအမျိုး အစားဖြစ်သော ဝင်ရိုးတစ်ခုကိုပတ်နေသော ဓာတုထွန်း ကြယ်ကြွင်းကျန်ရစ်သော သာမိုနျူကလီးယားပေါက်ကွဲမှု ဖြစ်သည်။

ပထမနှင့်ဒုတိယအမျိုးအစားစူပါနိုဗာ–စူပါနိုဗာ ပေါက်ကွဲမှုကို အဓိကအားဖြင့် နှစ်မျိုးခွဲခြားထား၏။ ပထမအမျိုး အစားတွင် ကြယ်အရွယ်အစား ဗုံးတစ်လုံးသဖွယ်မြင်နိုင် သည်ဟု ဗြိတိသျှနက္ခတ္တရူပဗေဒပညာရှင် ဆာဖရက်ဟွိုင်း (ပုံ ၇) နှင့် အမေရိကန်ရူပဗေဒပညာရှင် ၁၉၀၃ ခုနှစ် နိုဗဲဆုရှင်ဒေါက်တာဝီလီယံဖောင်လာတို့က ၁၉၅၀ ပြည့်နှစ် မှစ၍ ခွဲခြားသတ်မှတ်ခဲ့ကြသည်။ ဟွိုင်းနှင့် ဖောင်လာ တို့၏ လုပ်ငန်းအရ ပထမအမျိုးအစားမှာ သာမိုနျူကလီး ယား ဗုံးပေါက်ကွဲမှုမျိုး ဖြစ်၏။ အခြေခံနက္ခတ္တပစ္စည်းမှာ ကြယ်ဖြူပု ဖြစ်သည်။ ကြယ်ဖြူပု၏ ဒြပ်ထုမှာ နေ၏ ဒြပ်ထုခန့်ရှိပြီး အချင်းဝက်မှာ ကီလိုမီတာတစ်ထောင်ခန့် ရှိသည်။ ကြယ်ဖြူပုဟုခေါ်သော်လည်း အပြာဖျော့ဖျော့ အရောင်ရှိသည်။ နေထက်လေးဆမျှပို၍ ဒြပ်ထုလေးသော သာမန်ကြယ်တစ်လုံးသည် နျူကလီးယားလောင်စာ ကုန် ဆုံးသောအခါ သို့မဟုတ် ဟိုက်ဒရိုဂျင်မှ ဟီလီယမ်နျူကလီ ယိုင်များအဖြစ်ပြောင်းပြီး ပိုမိုလေးလံသော နျူကလီယိုင် များကို နျူကလီးယားရောယှက်ခြင်းဖြင့် ဖြစ်ပေါ်စေ၍ အခြေအခိုင်ဆုံး သံနျူကလီယိုင်များ ရရှိစေမည်ဖြစ်သည်။ ဒေါက်တာ ချန်ဒြာဆီခါ (ပုံ ဂ) နှင့် ၎င်း၏ ဒေါက်တာ ဘွဲ့ကို ကူပ်ကပေးခဲ့သူ ဆာရပ်ဖောင်လာတို့က ၁၉၂၆ ခုနှစ်တွင် အခြေအခိုင်ဆုံး သံနျူကလီယိုင်များဖြင့်ပြီးသော ကြယ်ဖြူပု၏ အချင်းဝက်မှာ ကီလိုမီတာတစ်ထောင်ထက် မငယ်နိုင်သည်မှာ ကွမ်တမ်မက္ကင်းနစ် ဆုတ်ယုတ်မှုက ဖိအားတစ်ခုကိုဖြစ်စေ၍ဖြစ်ကြောင်း သက်သေပြခဲ့သည်။

ချန်ဒြာဆီခါ၏ တွက်ချက်မှုတစ်ခုမှာ အက်တမ်များ မပြိုမပျက်ခင်တွင် အသိပ်သည်းဆုံး အခြေအနေရှိမည်။ ယင်းသိပ်သည်းခြင်းကို ယူနစ်စတုရန်းမီတာပေါ်တွင် ကျ ရောက်သော ဖိအားကီလိုဂရမ်တစ်ကုဋေက ဖြစ်ပေါ်စေ မည်ဖြစ်ပြီး ဂျူပီတာခေါ် ကြာသပတေးဂြိုဟ်အတွင်း၌ ထိုမျှလောက်ဖိအားရှိမည်ဖြစ်သည်။ ကြယ်ဖြူပု၏ဒြပ်ထုကို သတ်မှတ်ပေးသည့်စည်းမျဉ်းမှာ ၁၉၃၀ ပြည့်နှစ်က ချန်ဒြာ ဆီခါ ဖော်ထုတ်ခဲ့သော ကြယ်ဖြူပုဖြစ်ပေါ် ရန်လိုအပ်သော နေ၏ဒြပ်ထုထက် လေးဆနှင့်အထက်မြင့်သော ဒြပ်ထုပင် ဖြစ်သည်။ နျူကလီးယားလောင်ကျွမ်းမှုအပြီးတွင်မူ ကြယ် ဖြူပု၏ ဒြပ်ထုမှာ နေ၏ဒြပ်ထုထက် ၁ ဒသမ ၄ ဆမျှရှိရ မည် ဖြစ်သည်။ ပထမအမျိုးအစား စူပါနိုဗာပေါက်ကွဲမှု ဖြစ်ရန် ကြယ်ဖြူပုတွင်တွဲ၍ရှိသော အဖော်ကြယ်တစ်လုံး လို အပ် ပေ သည်။ စော စော ပိုင်း တွင် ကြယ်ဖြူပု၏ ဟိုက်ဒရိုဂျင်၊ ဟီလီယမ် အပြင်လွှာကို အဖော်ကြယ်က ဆွဲယူသွား၍ ပိုမိုသိပ်သည်းသော အောက်ဆီဂျင်–ကာ ဗွန်အတွင်းလွှာ ပေါ်လာသည်အထိဖြစ်သည်။ ကြယ်ဖြူပု သည် အဖော်ကြယ်မှတစ်ဖန် ဒြပ်သားများကိုပြန်လည် ဖမ်းယူပြီး သိပ်သည်းခြင်းနှင့်အပူချိန်တို့သည် တိုတောင်း လှသောအချိန်အတွင်း၌ မြင့်မားသွား၍ ကာဗွန်သည် ပိုမို၍လေးလံသောရေဒီယိုသတ္တိကြွ နီကယ်အပါအဝင် နျူ ကလီယိုင်များအဖြစ် ပြောင်းလဲသွား၏။ နီကယ်မှတစ်ဆင့် ကိုဗော့နှင့် သံတို့ကို ရေဒီယိုသတ္တိယိုယွင်းမှုဖြင့် ရရှိသည်။ တည်မြဲလေးလံသော ဒြပ်စင်များ တောင်တောင်များများ စုဆောင်းမိသောအခါ ပိုမိုပေါ့ပါးသော ဟိုက်ဒရိုဂျင်၊ ဟီလီယမ်အဖြစ် ပြိုပျက်ပြောင်းလဲပြန်သည်။ ယင်းဖြစ်စဉ်အတွက် မြင့်မား သော စွမ်းအင်ကို တစ်မူဟုတ်ချင်း လိုအပ်လေသည်။ လိုအပ်သောစွမ်းအင်ကို ကြယ်၏ဒြပ်ဆွဲစွမ်းအင်မှ ရသည်။ ယင်းစွမ်းအင်ရရှိရန် ကြယ်သည် ကျုံ့ဝင်ပြီးပြိုပျက်ရမည်။

ပြိုပျက်ခြင်းမှာ ပြင်းထန်လွန်း၍ ဒြပ်အားလုံးလောက်ပင် ဟင်းလင်းပြင်ထဲသို့ လွင့်စဉ်ရောက်ရှိသွား၏။

အဆမတန် ကြီးမားသော သာမိုနျူကလီးယားဗုံး ပေါက်ကွဲသကဲ့သို့ ပေါက်ကွဲခြင်းကို စူပါနိုဗာပေါက်ကွဲခြင်း ဟုခေါ်သည်။ စူပါနိုဗာပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်သော တောက်ပမှုသည် ရက်ပေါင်းလပေါင်းများစွာ ရှိတတ်သည်။ (ပုံ ၉)။ ပထမအမျိုးအစား စူပါနိုဗာတွင် နှစ်မျိုးပြန့်ခွဲနိုင်သည်။ တစ်မျိုးကို ၁ (က) အမျိုးအစား ဟု ခေါ်ပြီး ယင်းအမျိုးအစားတွင် စူပါနိုဗာပေါက်ကွဲပြီးနောက် ကြယ်ဖြူပုမှာ ခန္ဓာချုပ်သွားသည်ဟု ယူဆကြသည်။ ၁ (ခ) အမျိုးအစားတွင် ပေါက်ကွဲပြီးလျှင် နျူထရွန်ကြယ် ကျန်ရစ်သည်ဟုယူဆကြသည်။ ပထမအမျိုးအစား နှစ်မျိုးလုံးတွင် နျူထရိန်များထုတ်လွှတ်သည်။ ၁ (က) အမျိုးအစား၏ ရောင်စဉ်များကို လေ့လာသောအခါ ဆီလီကွန်(Si)ပါရှိကြောင်း အထောက်အထား (ပုံ ၁၀) ရှိပြီး ဟိုက်ဒရိဂျင်ပါရှိကြောင်း မတွေ့ရပေ။ ၁ (ခ) အမျိုးအစားကြယ်ဖြူပု၏ ပတ်ဝန်းကျင် ဓာတ်ငွေ့ထုထဲတွင်မူ ဟီလီယမ်ကိုတွေ့ရှိပြီး ဟိုက်ဒရိဂျင်နှင့် ဆီလီကွန်ကိုမတွေ့ရချေ။

ဒုတိယအမျိုးအစား စူပါနိုဗာ ပေါက်ကွဲမှုကို ပထမအမျိုးအစားနှင့်နှိုင်းယှဉ်လျှင် ကွာခြားမှုမှာ ကျန်ရစ်သည့် နျူထရွန်ကြယ်၏ သဘာဝပင်ဖြစ်သည်။ နျူထရွန်ကြယ်၏ အချင်းဝက်မှာ ကီလိုမီတာ တစ်ဆယ်ခန့်သာရှိပြီး ဒြပ်ထုမှာ နေ၏ဒြပ်ထု၏ ၂ ဒသမ ၅ ဆမျှ ဖြစ်သည်။ သိပ်သည်းခြင်းမြင့်မားလှ၍ ပင်အပ်ခေါင်းခန့် ဒြပ်ထုသည် ပင်လယ်ကူးသဘော်ဘတစ်စင်းစာခန့် လေးမည်ဖြစ်သည်။ နျူထရွန်ကြယ်များ ကုန်ဝင်ပြိုပျက်မသွားစေရန် နျူထရွန်များ၏ ကွမ်တမ်မက္ကင်းနစ် ဆုတ်ယုတ်မှုဖိအားက တာဝန်ယူထားလေသည်။ ပါလဆာခေါ် နျူထရွန်ကြယ်၏ ပတ်ဝန်းကျင်တွင် ပြင်းအားတက်စလာပေါင်း တစ်ထောင်ခန့်ရှိသော သံလိုက်စက်ဝန်းတစ်ခု အမြဲရှိနေတတ်ပြီး တစ်စက္ကန့်တွင် အကြိမ်ပေါင်းရာနှင့်ချီ၍ ဝင်ရိုးတစ်ခုကို ဗဟိုပြုပြီး လှည့်ပတ်နေတတ်၏။ ဒြပ်ဆွဲအားမှာ ကြီးမားလှသော ပါလဆာများပေါ် ဝတ္ထုကြီးငယ်များ ပုံမှန်မကျနိုင်ဘဲ မိုးသီးကြွေသကဲ့သို့သော အမှုန်အခဲလေးများအဖြစ် ကျနိုင်မည်ဖြစ်သည်။ ပါလဆာသည်ပင်လယ်ကမ်းခြေရှိ မီးပြတိုက်မှ အချက်ပြမီးကိုမှန်မှန် ထိုးပြသကဲ့သို့ ရေဒီယိုလှိုင်းပြတ်များကို ထုတ်လွှတ်သည်။ တစ်ချိန်က အသိဉာဏ်ဖြင့်ပြည့်စုံသော အခြားဂြိုဟ်တစ်ခုခုမှ ဂြိုဟ်သားများက သတင်းပို့နေသလောဟူ၍ နက္ခတ္တဗေဒ ပညာရှင်အချို့ သံသယဖြစ်ခဲ့ရသည်မှာ ပါလဆာများ တွေ့ရှိပြီးနောက် ရှင်းလင်းသွားလေသည်။

ဒုတိယတန်းစား စူပါနိုဗာပေါက်ကွဲမှုမှ ဒြပ်ဆွဲပြိုပျက်ခြင်းကြောင့်ပင် တွင်းနက်များ ဖြစ်ပွားနိုင်ကြောင်းကိုလည်း ရူပဗေဒနှင့် နက္ခတ္တဗေဒပညာရှင်အများစုကလက်ခံထားကြသည်။ တွင်းနက်တစ်ခု၏ ဒြပ်ထုမှာ နေ၏ဒြပ်ထုထက် အနည်းဆုံးသုံးဆမျှကြီးရမည်ဖြစ်ပြီး အချင်းဝက်မှာ ကိုးကီလိုမီတာထက် ငယ်ရမည်ဖြစ်သည်။ သိပ်သည်းခြင်းလွန်ကဲလှ၍ အလင်းလှိုင်းပင်လျှင် စုပ်ယူခြင်းခံရမည်ဖြစ်ပေသည်။ (ပုံ ၁၁)။ စွမ်းအင်တန်ဖိုး အီလက်ထရွန်ဗို့ပေါင်း 10^{73}eV ကို ကွေ့ဆာခေါ် နက္ခတ္တပစ္စည်းများကထုတ်လွှတ်ပေးခြင်းကို ရှင်းပြနိုင်သည်မှာ ဂလက်ဆီများ၏ အလယ်ဗဟိုတွင် တွင်းနက်ကြီး ကိန်းအောင်းနေပြီး စွမ်းအင်ကို ဒြပ်ဆွဲပြိုပျက်ခြင်းဖြင့် ထုတ်လွှတ်ပေးခြင်းကြောင့်ဖြစ်သည်ဟု ရူပဗေဒပညာရှင်အများစုက သုံးသပ်ထားကြသည်။ ဒုတိယအမျိုးအစား စူပါနိုဗာပေါက်ကွဲမှုအစတွင် နေ၏ဒြပ်ထုထက် အဆ ၂၀ ခန့်လေးသောကြယ်တစ်လုံးရှိမည်။ ယင်းသည် မဟာကြယ်နီဘီလူးကြီးအဖြစ် မိမိ၏ ဟိုက်ဒရိဂျင် ခြုံလွှာကို ဖောင်းပွစေပြီး အတွင်းဝတ်ဆံတွင် ဟီလီယမ်၊ ကာဗွန်၊ အောက်ဆီဂျင်၊ ဆီလီကွန်၊ သံအစရှိသည့် လေးလံသော ဒြပ်စင်တို့သာ (နျူကလီးယားတုံ့ပြန်မှု ချုပ်ငြိမ်းသွား၍) ကျန်မည်ဖြစ်သည်။ ဒြပ်ဆွဲအားသည် နျူကလီးယား တွန်းအားထက် ပိုမိုကြီးမား၍ အတွင်းဝတ်ဆံကို ပြိုပျက်စေမည်ဖြစ်သည်။ အတွင်းဝတ်ဆံသည် နျူထရွန်ကြယ်အဖြစ် ပြောင်းလဲရန် နျူထရိန်များကို ထုတ်လွှတ်ရမည်ဖြစ်ပြီး ကြီးမားသော ပေါက်ကွဲမှုကြီးကို ဒြပ်ဆွဲပြိုပျက်မှုက ဖြစ်ပေါ်စေမည်ဖြစ်သည်။

ရှယ်လတန်၏ စူပါနိုဗာမှာ ကြယ်နီဘီလူးကြီးမဟုတ်ဘဲ ကြယ်ပြာဘီလူးကြီးဖြစ်နေသည်။ ရောင်စဉ်ပညာဖြင့် လေ့လာသောအခါ စူပါနိုဗာ ၁၉၀၇–က တွင် ဟိုက်ဒရိဂျင်၊ မဂ္ဂနီဆီယမ်နှင့် သံများပါရှိကြောင်း သိရသည်။ (ပုံ ၁၂)။ ဟိုက်ဒရိဂျင်ရောင်စဉ်အစင်း၏ ပုံစံအနေအထားမှာ ဒုတိယအမျိုးအစား စူပါနိုဗာအတွက် ဟိုက်ဒရိဂျင်ရောင်စဉ်အစင်းပုံစံ (ပုံ ၁၀ အောက်ပုံနှစ်ပုံ) နှင့် မတူသော်လည်း ပတ်ဝန်းကျင်တိမ်တိုက်ထဲတွင် အောက်ဆီဂျင် (ပုံ ၁၃) များမရှိ၍ အမျိုးအစားအားဖြင့် ပထမအမျိုးမဖြစ်နိုင်သော အလင်းမျဉ်းကွေးတွင်လည်း ပေါက်ကွဲမှုဖြစ်ပြီး မကြာမီပြင်းအားကျဆင်းသွားကာ ရက်ပေါင်းတစ်ရာကျော်ကြာမှ အမြင့်ဆုံးပြင်းအားတန်ဖိုးကို ရောက်ရှိ၍ ရေဒီယိုသတ္တိယိုယွင်းမှုဖြင့် ပြန်လည်၍ပြင်းအားကျဆင်းပုံတွေ့ရ၏။ (ပုံ ၉)။ ရှယ်လတန်၏ စူပါနိုဗာမှာ သာမန်စူပါနိုဗာအမျိုးအစားတွင် တိတိကျကျ မပါဝင်၍လည်း ပညာရှင်များအတွက် စိတ်ဝင်စားဖွယ် ဖြစ်ပေ

သည်။ ထို့ပြင် ရူပဗေဒနှင့် နက္ခတ္တဗေဒပညာရှင်များအတွက် ယင်းစူပါနိုဗာမှာ စွမ်းအင်မြင့် နက္ခတ္တရူပဗေဒစမ်းသပ်ခန်းသဖွယ် ဖြစ်ပေသည်။

စူပါနိုဗာအကြောင်း လေ့လာဆဲဖြစ်သူ ၁၉၆၇ ခုနှစ် ရူပဗေဒနိုဗယ်ဆုရှင် ဒေါက်တာဟန်စဗေ့ (ပုံ ၁၄) က ပြတ်သားစွာ အဖြေမပေါ်သေးသော ပြဿနာများကို ရှယ်လတန်၏ စူပါနိုဗာက ဖော်ထုတ်ပေးလျက်ရှိသည်ဟု ဆိုသည်။ ကြွင်းကျန်သော နက္ခတ္တပစ္စည်းမှာ ချူးထရွန်ကြယ်လေလော သို့တည်းမဟုတ် တွင်းနက် လေလော (ပုံ ၁၉) ဟူသောပြဿနာများနှင့် ကြယ်တွင်မည်သည့် လေးလံသောဒြပ်စင် မည်မျှပါရှိသည်ဟူသော ပြဿနာတို့ပါရှိသည်။ ချူးထရွန်ကြယ်ပင် ဖြစ်လင့်ကစား ပါလဆာမဟုတ်ပါကလျှပ်စစ်သံလိုက်လှိုင်းပြတ်များကိုချိန်တာကိုက်ထုတ်လွှတ်မည်မဟုတ်၍ သေချာစွာဆုံးဖြတ်နိုင်မည်မဟုတ်ပေ။ တွင်းနက်ဖြစ်ခဲ့သော် တွင်းနက်ထဲသို့ ပတ်ဝန်းကျင်မှ ဒြပ်သားများကို ဆွဲယူပြီး စုပ်ယူသောအခါ အနီးဝန်းကျင်တွင် 'ဒြပ်စုစက်ဝိုင်း' တစ်ခု ဖြစ်ပေါ်ပြီး ဂမ္မာရောင်ခြည်နှင့် အိပ်စ်ရောင်ခြည်များမှ သွယ်ဝိုက်၍သာသိရှိနိုင်မည်ဖြစ်သည်။ နက္ခတ္တဗေဒနှင့် ရူပဗေဒပညာရှင် အများစုမှာမူ စူပါနိုဗာရှယ်လတန်ကို ဆက်လက်လေ့လာ၍ ရရှိမည့် သဘာဝ၏ စိတ်ဝင်စားဖွယ်အဖြစ်ဆန်းတို့ကို မျှော်လင့်တကြီး ရှိကြပေသည်။

ဒေါက်တာ စိန်ထွန်း



နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ အငြိမ်းစား နိုင်ငံတော်ကောင်စီဝင် ဦးစိုးလှိုင်

စိုးလှိုင်၊ ဦး (ခရစ် ၁၉၂၁ – ၁၉၈၇) ။ ။ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)ရ အငြိမ်းစားနိုင်ငံတော်ကောင်စီဝင် ဗေယျကျော်ထင် ဦးစိုးလှိုင်ကို ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် နောင်ပိန်၌ အဖ ဦးကျော်ဇော၊ အမိ ဒေါ်မြမေတို့က ၁၉၂၁ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် မွေးဖွားသည်။

၁၉၂၈ ခုနှစ် အသက်ခုနစ်နှစ်အရွယ်ခန့်တွင် လားရှိုးမြို့ အင်္ဂလိပ်–မြန်မာ အစိုးရ အလယ်တန်းကျောင်း၌ ကျောင်းအိပ်ကျောင်းစားကျောင်းသားအဖြစ်ဖြင့် ပညာစတင်သင်ကြားခဲ့သည်။ ၁၉၃၅ ခုနှစ်တွင် ခုနစ်တန်းအောင်ပြီး သီပေါမြို့၊ အစိုးရအထက်တန်း ကျောင်းသို့ ပြောင်းရွှေ့ပညာသင်သည်။ ထို့နောက် ၁၉၃၈ ခုနှစ်တွင် မေမြို့စာစစ်ဌာနမှ ၁၀ တန်းအောင်မြင်ခဲ့သည်။

၁၉၃၉–၄၀ ပြည့်နှစ်တွင်ရန်ကုန်တက္ကသိုလ်တက်ရောက်ပြီး ဆေးပညာကို ဆက်လက်သင်ကြားသည်။ ထိုစဉ် ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကျောင်းပိတ်ခဲ့ရာ မိခင်ရှိရာ ရွှေဘိုမြို့တွင် သွားရောက် နေထိုင်ခဲ့သည်။ ထို့နောက် ၁၉၄၂ ခုနှစ်တွင် ဗမာ့ ကာကွယ်ရေး တပ်မတော်သို့ စစ်သားသစ်အဖြစ် ဝင်ရောက်သည်။ ၁၉၄၃ ခုနှစ်တွင် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းသို့ တက်ရောက်ခဲ့ရသည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်တော်လှန်ရေးကာလတွင် ဦးစိုးလှိုင်သည် မင်းလှစည်သူ တပ်ဖွဲ့အောက်၌ လည်းကောင်း၊ တိုင်း(၇)နှင့်ပူးပေါင်း၍လည်းကောင်း ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည်။

၁၉၄၆ ခုနှစ် တပ်မတော် ပြန်လည် ဖွဲ့စည်းရာတွင် ပြန်တမ်းဝင်အရာရှိအဖြစ် ပြန်လည် ခန့်အပ်ခြင်း ခံရပြီး ပျဉ်းမနားတပ်ရင်း (၅)၊ ဗိုလ်မှူးဗေယျတပ်ရင်းတွင် အမှုထမ်းသည်။ ထို့နောက် အိန္ဒိယနိုင်ငံသို့ သွားရောက်၍ ကိုယ်လက်ကြံ့ခိုင်ရေးသင်တန်း တက်ခဲ့သည်။

ဦးစိုးလှိုင်သည်တပ်မတော်တွင် ဖက်ဆစ်တော်လှန်ရေးကာလမတိုင်မီမှစ၍ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ဗိုလ်မှူးကြီးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။ တပ်မတော်တွင် အမှုထမ်းနေစဉ် ကာလအတွင်း စစ်ဆင်ရေးတာဝန်များကို လည်းကောင်း၊ လုံခြုံရေးနှင့် အုပ်ချုပ်မှု တာဝန်များကိုလည်းကောင်း၊ ပါတီတာဝန်များကိုလည်းကောင်း ထမ်းဆောင်ခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ဦးစိုးလှိုင်သည် ရှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ်၊ အမှတ် (၂) မဲဆန္ဒနယ် ပြည်သူလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်တင်မြှောက် ခံရပြီး ပထမအကြိမ် ပြည်သူလွှတ်တော်က ဦးစိုးလှိုင်အား နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက် ခဲ့သည်။ ဦးစိုးလှိုင်သည် နိုင်ငံတော်ကောင်စီဝင်အဖြစ် ၁၉၇၄ ခုနှစ်မှ ၁၉၈၅ ခုနှစ် တတိယအကြိမ် ပြည်သူလွှတ်တော်သက်တမ်းအထိ ရွေးချယ်တင်မြှောက် ခံခဲ့ရသည်။

ဦးစိုးလှိုင်သည် တပ်မတော်တွင် အမှုထမ်းရွက်စဉ်ကာလအတွင်း ၁၉၇၆ ခုနှစ်တွင် စစ်ဖက်ကြံ့ခိုင်ရေးသင်တန်းတက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ လည်းကောင်း၊

၁၉၅၂ ခုနှစ်တွင် စစ်လေ့ကျင့်ရေးစခန်းများ လေ့လာရန် စင်ကာပူနိုင်ငံသို့ လည်းကောင်း၊ ၁၉၅၃ ခုနှစ်တွင် ရေလျင် သင်တန်းကျောင်း တက်ရန် ဗြိတိန်နိုင်ငံသို့ လည်းကောင်း သွားရောက်ခဲ့ရသည်။ ထို့ပြင် တော်လှန်ရေး ကောင်စီဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးနေဝင်း (လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်း) နှင့်အတူ ၁၉၆၆ ခုနှစ်တွင်ချက်ကိုစလို ဗက်ကီးယား၊ ရိုမေးနီးယားနှင့် ဩစတြီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီး လိုက်ပါသွားခဲ့ရသည်။

၁၉၅၄ ခုနှစ်တွင် ဦးစိုးလိုင်အား နိုင်ငံတော်က ဇေယျကျော်ထင်ဘွဲ့ကိုလည်းကောင်း၊ ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေး မော်ကွန်းဝင် (ဒုတိယအဆင့်) ကို လည်းကောင်း ချီးမြှင့် အပ်နှင်းခဲ့သည်။ ထို့ပြင် ၁၉၈၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ဦးစိုးလိုင်အား အပ်နှင်းခဲ့သည်။

ဦးစိုးလိုင်သည် ၁၉၅၀ ပြည့်နှစ်တွင်ဒေါ်ကြည်ကြည်စိုးနှင့် လက်ထပ်ခဲ့သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့(ပထမဆင့်)ရ၊ အငြိမ်းစားနိုင်ငံတော်ကောင်စီဝင် ဇေယျကျော်ထင်ဦးစိုးလိုင်သည် ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ ဇနီး ဒေါ်ကြည်ကြည်စိုးနှင့် သားသုံးယောက်၊ သမီးတစ်ယောက် ကျန်ရစ်သည်။

စက်မှုရုန်စ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ(ဗင်းနွစ်)။ ။ စက်မှုမဟုတ်ပြိုးပြိုး နိုင်ငံကြီးခုနစ်နိုင်ငံ၏ ၁၃ ကြိမ်မြောက် စီးပွားရေးထိပ်သီးဆွေးနွေးပွဲကို အီတလီနိုင်ငံ ဗင်းနစ်မြို့တွင် ကျင်းပခဲ့သည်။ ဗင်းနစ်မြို့တွင် ၁၇ ရာစုက ဆောက်လုပ်ခဲ့သည့် ဘင်နစ်ဒစ်တိုင်းကျောင်းတော်၌ ၁၉၇၇ ခုနှစ် ဇွန်လ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိကျင်းပခဲ့ရာ အိမ်ရှင် အီတလီ ယာယီဝန်ကြီးချုပ် အမင်တိုရိ ဖန်ဖာနီ၊ ပြည်ထောင်စု သမ္မတ ဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဟဲလ်မွတ်ခိုးလ်၊ ပြင်သစ်သမ္မတ ဗရန်စွာ မီးထရောင်း၊ ဂျပန် ဝန်ကြီးချုပ် ယာဆုဟီရို နာကာဆိုနေ၊ ကနေဒါဝန်ကြီးချုပ် ဘရိုင်ယန် မာလ်ရွန်နီ၊ အမေရိကန်သမ္မတ ရော်နယ် ရေဂင်နှင့် ဗြိတိန်ဝန်ကြီးချုပ် မာဂရက် သက်ချာတို့ တက်ရောက်ခဲ့ကြသည်။

စက်မှုနိုင်ငံများတွင် ၁၉၇၆ ခုနှစ်က စီးပွားရေး ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ရာမှ ၁၉၇၇ ခုနှစ်တွင် နှစ်ရာခိုင်နှုန်းသာရရှိတော့မည်ဖြစ်ပြီး ကမ္ဘာ့ကုန်သွယ်ရေး တိုးမြှင့်ဆောင်ရွက်မှုမှာလည်း ၁၉၇၆ ခုနှစ်က ၃ ဒသမ ၆ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၁၉၇၇ ခုနှစ်တွင် ၂ ဒသမ ၅ ရာခိုင်နှုန်းသာ တိုးမြှင့်ဆောင်ရွက်နိုင်ဖွယ်ရှိသည်ဟု စက်မှုနိုင်ငံခေါင်းဆောင်များက သုံးသပ်ထားသည်။ ကမ္ဘာ့စီးပွားရေးတိုးတက်နှုန်းကျဆင်းမှု၏ အဓိကအချက်တစ်ရပ်မှာ အမေရိကန်ပြည်ထောင်စုနှင့် အခြိုနိုင်ငံများ ကြုံတွေ့နေရမည့် ကုန်သွယ်ရေးမညီမျှမှု ဖြစ်သည်။ အမေရိကန်ပြည်ထောင်စု၏ ကုန်သွယ်ရေးလိုင်းပြမှုသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့်က ဒေါ်လာသန်းပေါင်း ၉,၅၀၀ သာရှိခဲ့ရာမှ ၁၉၈၅ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၁,၄၉,၀၀၀ နှင့် ၁၉၈၆ ခုနှစ်တွင် ဒေါ်လာသန်းပေါင်း ၁,၇၀,၀၀၀ အထိ ကြီးထွားများပြားလာခဲ့သည်။ သို့ရာတွင် ၁၉၈၆ ခုနှစ်က ဂျပန်နိုင်ငံသည် ကုန်သွယ်ရေးပိုငွေ ဒေါ်လာသန်းပေါင်း ၁,၀၁,၀၀၀ နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသည် ဒေါ်လာသန်းပေါင်း ၆၁,၀၀၀ အသီးသီးပြခဲ့သည်။

စက်မှုမဟုတ်ပြိုးပြိုးနိုင်ငံကြီး ခုနစ်နိုင်ငံ၏ ၁၃ ကြိမ်မြောက် စီးပွားရေး ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဂျပန်နိုင်ငံဝန်ကြီးချုပ် နာကာဆိုနေ၊ ဗြိတိန်ဝန်ကြီးချုပ် မာဂရက် သက်ချာ၊ သမ္မတရော်နယ်ရေဂင်၊ ကိတလီဝန်ကြီးချုပ် ဖန်ဖာနီ၊ ပြင်သစ်သမ္မတ မီးထရောင်း၊ အနောက်ဂျာမနီဝန်ကြီးချုပ် ဟဲလ်မွတ် ခိုးလ်နှင့် ကနေဒါဝန်ကြီးချုပ် မာရွန်နီ (ဝဲမှယာ)



အမေရိကန်ဒေါ်လာသည် ၁၈ လတာ ကာလအတွင်း အခြေးအဓိကကျသည့် ကမ္ဘာ့ငွေကြေးများနှင့် နှိုင်းယှဉ်ပါက ရာခိုင်နှုန်း ၂၀ ခန့် တန်ဖိုးကျဆင်းခဲ့သောကြောင့် အမေရိကန်ပိုကုန်များ အရောင်းသွက်ကာ ကုန်သွယ်ရေးလိုငွေပြမှုကို ကျဆင်းစပြုလာစေခဲ့သည်။ ၁၉၇၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့က အမေရိကန် သမ္မတ ရေဂင်က ဒေါ်လာသန်း ၃၀၀ ခန့် တန်ဖိုးရှိသော ဂျပန်နိုင်ငံထုတ် အီလက်ထရွန်းနစ်ပစ္စည်းများအပေါ် တန်ပြန် အကောက်ခွန်ရာခိုင်နှုန်း ၁၀၀ ကောက်ခံရန် ပြဋ္ဌာန်းခဲ့သည်။ ဂျပန်နိုင်ငံကလည်း တစ်ပိုင်းလျှပ်ကူးပစ္စည်း မိုက်ခရိုချစ်များကို ပြည်တွင်းထုတ်လုပ်မှု စရိတ်ထက်လျော့၍ ကမ္ဘာ့စျေးကွက်သို့ ရောင်းချနေခြင်းကို မရပ်တန့်နိုင်သေးပေ။ ဤသို့သောအခြေအနေတွင် ဗင်းနစ်ထိပ်သီးဆွေးနွေးပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။

ဗင်းနစ် စက်မှုခုနစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီးနောက် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ ထိုကြေညာချက်တွင် အောက်ပါအချက်အလက်များပါဝင်သည်။

– ကုန်သွယ်ရေးတင်းမာမှုလျော့ချရေး၊ စီးပွားရေးတိုးတက်မှုကို ထိန်းသိမ်းရေးအတွက် ညှိနှိုင်းကြိုးပမ်းမှုဆိုင်ရာ သဘောတူညီချက်များပါဝင်သော စီးပွားရေးရည်မှန်းချက်များကို ချမှတ်နိုင်ခဲ့သည်။ အထူးသဖြင့် အမေရိကန်ဒေါ်လာ ဖလှယ်နှုန်းတည်ငြိမ်ရေးနည်းလမ်းများကို ထပ်မံအတည်ပြုခဲ့ကြသည်။
– မူလ ကိုယ်ခံစွမ်းအား လျော့နည်း ကျဆင်းရောဂါ (အော့ဒ်စ်) သည် ကမ္ဘာ့အကြီးဆုံးကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာ၍ ယင်းရောဂါကိုတိုက်ဖျက်ရာ၌ နိုင်ငံတကာက ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သို့ရာတွင် ထိုရောဂါဆိုင်ရာအရေးယူဆောင်ရွက်မှုများသည် လူအခွင့်အရေးအခြေခံမူများနှင့် ကိုက်ညီရမည်ဟုကြေညာခဲ့သည်။
– လွတ်လပ်သော ကမ္ဘာ့ကုန်သွယ်ရေး စနစ်တစ်ခုကို ထိန်းသိမ်းထားနိုင်စေရေးအတွက် ဖွံ့ဖြိုးဆဲနိုင်ငံများက ကုန်သွယ်မှုအတားအဆီးများကို လျော့ချပေးရန် ဖွံ့ဖြိုးဆဲနိုင်ငံများအား တိုက်တွန်းတောင်းဆိုထားသည်။
– စက်မှုထိပ်သီးခုနစ်နိုင်ငံအတွင်း အလုပ်အကိုင် ပိုမိုထွက်ပေါ်လာရေးအတွက် အချက်ခြောက်ချက်ပါဝင်သည့် စီမံချက်တစ်ခုကို သဘောတူညီခဲ့ကြသည်။ ထိုစီမံချက်တွင် ကုန်သွယ်မှုအတားအဆီး ဖယ်ရှားရေးနှင့် စိုက်ပျိုးရေးထွက်ကုန်ပိုလုံမှုလျော့ချရေးတို့ ပါဝင်သည်။
– ကြွေးမြီ ပြဿနာများကြောင့် အထူးကူညီထောက်ပံ့မှုလိုအပ်လျက်ရှိသော ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများအထူးသဖြင့် အာဖရိကတိုက် ဆဟာရ အောက်ပိုင်းဒေသနိုင်ငံများသို့ ချေးငွေအပေါ် အတိုးနှုန်း လျော့ပေါ့ရန် အကြံပြုထားသည်။
– စက်မှုနိုင်ငံများက စုစုပေါင်း တိုင်းပြည်ထွက်ကုန်၏ ဝ ဒသမ ၇ ရာခိုင်နှုန်းကို တတိယ ကမ္ဘာ့နိုင်ငံများသို့ တိုက်ရိုက်ငွေကြေးအကူအညီအဖြစ် ထောက်ပံ့ပေးရန် ကုလသမဂ္ဂအဖွဲ့ကြီး၏ သတ်မှတ်ချက်ကို လက်ခံကြောင်းဖော်ပြထားသည်။
– အနောက်အုပ်စု နိုင်ငံများသည် ကမ္ဘာ့ကုန်သွယ်မှုအတားအဆီး လျော့ချရေးစာချုပ်သစ်များ ချုပ်ဆိုသင့်ကြောင်း အကြံပြုထားသည်။
– အိုဇုန်းဓာတ်လျော့နည်းမှု၊ ရာသီဥတုဖောက်ပြန်မှု၊ အက်ဆစ်မိုးရွာသွန်းမှု၊ ဘေးအန္တရာယ်ရှိသော ပစ္စည်းများအသုံးပြုကိုင်တွယ်မှု၊ လေထုညစ်ညမ်းမှု၊ အပူပိုင်းဒေသ သစ်တောပြုန်းတီးမှုစသော ကမ္ဘာအန္ဒိရိုက်ခတ်နေသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးပြဿနာများကို ကျော်လွှားနိုင်ရန် ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းထားသည်။

စက်မှုနိုင်ငံ ထိပ်သီးဆွေးနွေးပွဲများ

ခုနှစ်	နေရာ
၁၉၇၅	ပြင်သစ်နိုင်ငံ၊ ရမ်ဘူလေမြို့
၁၉၇၆	အမေရိကန်ပြည်ထောင်စု၊ ပွာ တို ရီ ကို ကျန်း၊ စန်ဟူအန်မြို့
၁၉၇၇	ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့
၁၉၇၈	ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ ဘွန်းမြို့
၁၉၇၉	ဂျပန်နိုင်ငံ၊ တိုကျိုမြို့
၁၉၈၀	အီတလီနိုင်ငံ၊ ဗင်းနစ်မြို့
၁၉၈၁	ကနေဒါနိုင်ငံ၊ အော်တဝါးမြို့
၁၉၈၂	ပြင်သစ်နိုင်ငံ၊ ဗာဆေးမြို့
၁၉၈၃	အမေရိကန်ပြည်ထောင်စု၊ ဝီလျံစဘတ်မြို့
၁၉၈၄	ဗြိတိန်နိုင်ငံ၊ လန်ဒန်မြို့
၁၉၈၅	ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၊ ဘွန်းမြို့
၁၉၈၆	ဂျပန်နိုင်ငံ၊ တိုကျိုမြို့
၁၉၈၇	အီတလီနိုင်ငံ၊ ဗင်းနစ်မြို့

စိန်မြင့်၊ အာကယ်ဒမီ (ဧရစ် ၁၉၄၃ – ၁၉၈၇) ။ ။ မြန်မာ့ရုပ်ရှင်လောကတွင် ဟာသသရုပ်ဆောင် မင်းသားအဖြစ် ထင်ရှားခဲ့သော အာကယ်ဒမီစိန်မြင့်ကို ပျဉ်းမနားမြို့၌ အဖ ဦးချစ်တင် အမိ ဒေါ်အမာတို့က ၁၉၄၃ ခုနှစ်



ရုပ်ရှင် အနုပညာရှင်
အကယ်ဒမီ စိန်မြင့်

စိန်မြင့် (အကယ်ဒမီ)

မတ်လတွင် မွေးဖွားသည်။ မောင်နှမ ခြောက်ယောက် အနက် အကြီးဆုံးဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီး ရှစ်နှစ်ခန့်အကြာတွင် မိဘများ ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာရာ စိန်အန်ထော်နီကျောင်း (အ-ထ-က ၄၊ မဂ်လာတောင်ညွှန့်)၌ စာသင်ခဲ့သည်။ အသက် ၂၀ ကျော်အရွယ်တွင် ကျောင်းမှထွက်၍ ဆန်းညွှန့်ဦး သုခုမအနုပညာမဂ္ဂဇင်း၌ အယ်ဒီတာအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ရုပ်ရှင်အောင်လံမဂ္ဂဇင်း၌ အယ်ဒီတာ အဖြစ်လည်းကောင်း ဆောင်ရွက်ရင်း စာပေနှင့်မဂ္ဂဇင်းလောက၌ ကျင်လည်ခဲ့သည်။

အသက် ၂၅ နှစ်ခန့်အရွယ် ၁၉၆၈ ခုနှစ်တွင် သူငယ်ရုပ်ရှင်မှ ဒါရိုက်တာရှုမဝဦးချစ်စိန် ရိုက်ကူးသော ဘုရားစူးချစ်ပါ့မယ် ဟာသဇာတ်ကား၌ ဖျာပုံမယ်တင်တင်အေးနှင့် တွဲဖက်၍ ခေါင်းဆောင်မင်းသားအဖြစ် ပထမဆုံး ပါဝင်သရုပ်ဆောင်ခဲ့သည်။ ထိုကား၌ သဘာဝကျကျ ဟာသမြောက်စွာ သရုပ်ဆောင်နိုင်သဖြင့် သဘာဝဟာသမင်းသားတစ်လက်အဖြစ် ပရိသတ်က လက်ခံအားပေးခဲ့ရာ စိန်မြင့်အမည် ထင်ပေါ်လာခဲ့သည်။

ရုပ်ရှင်မင်းသားစိန်မြင့် ခေါင်းဆောင် ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားပေါင်း များစွာရှိရာ ယင်းတို့အနက် ထင်ရှားသော ဇာတ်ကားအချို့မှာ နန်းတစ်လိမ်ပန်းတစ်လိမ်၊ ရုပ်ရှင်ရူးမလေး၊သိုင်းသမားနှင့်မစံပယ်၊ လူဆိုးတွေနဲ့ မောင်တိုင်ပင်၊ မောင်းတင်လိုက်စမ်း၊ သမီးတစ်ကောင်၊ ကောက်ရ၊ သဘင်သည်မဝင်ရ၊ ပွမ်ပွမ်မြည်တဲ့ကားလေး၊ အဖေတစ်ခုသားတစ်ခု စသည်တို့ဖြစ်သည်။

ဟာသမင်းသား စိန်မြင့်သည် ဒါရိုက်တာမောင်နန္ဒရိုက်ကူး၍ ဇော်လင်း၊ ဆွေဇင်ထိုက်၊ အောင်ထွန်းလေးတို့တွဲဖက်ပါဝင်သော အဖေတစ်ခုသားတစ်ခု ဇာတ်ကား၌ သားငယ်အပေါ် မေတ္တာတရား ကြီးမားလွန်း၍ ကြေကွဲဖွယ်ရာများနှင့် ကြုံတွေ့ရသောဖခင်တစ်ဦးအဖြစ် ထူးချွန်

ပြောင်မြောက်စွာ သရုပ်ဆောင်နိုင်သောကြောင့် ၁၉၇၇ ခုနှစ်အတွက် အကောင်းဆုံး အမျိုးသား သရုပ်ဆောင် အကယ်ဒမီဆွေစင်ရုပ်ဆုဆွတ်ခူးရရှိခဲ့သည်။

စိန်မြင့်သည် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီဆွေဇင် ထိုက်နှင့်အိမ်ထောင်ပြုခဲ့သည်။ စိန်မြင့်သည် ခေါင်းဆောင်မင်းသားအဖြစ် ရုပ်ရှင်ကားပေါင်း ၆၀ ကျော်၌ ပါဝင်ရိုက်ကူးခဲ့ရာ နောက်ဆုံးပါဝင်ရိုက်ကူးခဲ့သော ရုပ်ရှင်ဇာတ်ကားနှစ်ကားသည် ဒါရိုက်တာ မောင်နန္ဒ၏ ဖင်မလိယာဦးဇကွဲနှင့် ဒါရိုက်တာမင်းနိုင် ရိုက်ကူးသော စိန်လိုက်လေကြာသလားလို့ ဇာတ်ကားများ ဖြစ်သည်။

ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီစိန်မြင့်သည် ၁၉၇၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် သမီးတစ်ယောက် ကျန်ရစ်သည်။

စဝ်ထွန်းဇေ (သာမိုင်းခမ်း စော်ဘွားကြီး ဟောင်း)

(ခရစ် ၁၉၁၄ – ၁၉၇၆)။ ။မဟာသရေစည်သူနှင့် နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ရ သာမိုင်းခမ်း စော်ဘွားကြီးဟောင်း စဝ်ထွန်းကို ရှမ်းပြည်နယ် မော်နောင်ဒေသ၌ အဖ မော်နောင်စော်ဘွားကြီး စဝ်ခွန်ထီး၊ အမိ မဟာဒေဝီစဝ်ခင်ထားတို့က ၁၉၁၄ ခုနှစ် ဒီဇင်ဘာလတွင် မွေးဖွားသည်။

ငယ်စဉ်မှစ၍ တောင်ကြီးမြို့ရှိ ရှမ်း စော်ဘွား သားမြေးများကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် သာမိုင်းခမ်း စော်ဘွားကြီး အဖြစ် ခံယူခဲ့ပြီး စကားစော်ဘွားကြီး၏သမီးတော် စဝ်ကြည်ထူးနှင့် လက်ဆက်ခဲ့သည်။

နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ သာမိုင်းခမ်း စော်ဘွားကြီး စဝ်ထွန်းဇေ



၁၉၄၇ ခုနှစ်တွင် ရွေးကောက်ပွဲဝင်ခဲ့ရာ အမတ်တစ်ဦးဖြစ်လာခဲ့ပြီး ပွဲစည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကြမ်းကို ရေးဆွဲရာတွင် အပွဲဝင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ စစ်ထွန်းသည် ၁၉၅၁ ခုနှစ် ပါလီမန်ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံခဲ့ပြီး ပြည်နယ်အစိုးရ၏ ကျန်းမာရေး၊ ပြည်ထဲရေး၊ ပြန်ကြားရေး၊ လူမှုဝန်ထမ်းနှင့် လုပ်ငန်းမြှင့်တင်ရေးဌာန ဝန်ကြီးအဖြစ် ၁၉၅၄ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ ထို့နောက် ၁၉၅၆ ခုနှစ်တွင် လူ မျိုး စုအနေဖြင့် အရွေးခံရပြန်သောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ဝန်ကြီးအဖြစ် တာ ဝန် ထမ်း ဆောင် ခဲ့ ရသည်။

ဖ.ဆ.ပ.လ အပွဲကြီး နှစ်ခြမ်းကွဲသောအခါ ဦးနုအစိုးရအပွဲတွင် အမျိုးသားမှတ်ပုံတင်နှင့် လူဝင်လူထွက် ကြီးကြပ်ရေးဝန်ကြီးအဖြစ် ၁၉၅၈ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၆၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကြီးကျင်းပပြီးသောအခါ ရှမ်းပြည်နယ်၏ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးအဖြစ် ခန့်အပ်ခံရပြန်သည်။

စစ်ထွန်းသည် ၁၉၄၈ ခုနှစ်ကပင် မဟာသရေစည်သူဘွဲ့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီတွင် သမိုင်း တွင် ရစ်မည့် ပင်လုံစာချုပ်ကြီးကို ပါဝင် လက်မှတ်ရေးထိုးသူများအနက် စစ်ထွန်းသည် တစ်ဦးအပါအဝင် ဖြစ်သည်။

စစ်ထွန်းအား ၁၉၈၀ ပြည့်နှစ် ဇွန်လတွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန် မာ နိုင် ငံတော်၊ နိုင်ငံတော်ကောင်စီက နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

သာမိုင်းခမ်းစော်ဘွားကြီးဟောင်း စစ် ထွန်း ဧ သည် ၁၉၈၆ ခုနှစ် ဇူလိုင်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခင်တင့်နှင့် သမီးတစ်ယောက် ကျန်ရစ်သည်။

စစ်ဝဏ္ဏ (ခရစ် ၁၉၂၄ – ၁၉၈၆) ။ ။ သတိုးမဟာသရေစည်သူနှင့် နိုင်ငံဂုဏ်ရည်ဘွဲ့(ပထမဆင့်)ရ စစ်ဝဏ္ဏကို ကယားပြည်နယ် လွိုင်ကော်မြို့၌ ဒအဖ ကန္တာရဝတီ စော်ဘွား စစ်ခွန်လိန်နှင့် အမိ စစ်စောမြတို့က ၁၉၂၄ ခုနှစ် ပြိုလ ၁၅ ရက်နေ့တွင် မွေးဖွားသည်။

တောင်ကြီးမြို့ ရှမ်းစော်ဘွား သားမြေးများကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကယားပြည်နယ်တွင်ပွဲစည်းသော တပ်ရင်း ၁၃၆



နိုင်ငံဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ကယားပြည်နယ် ဝန်ကြီး ဟောင်း စစ်ဝဏ္ဏ

တွင် ဝင်ရောက်အမှုထမ်းခဲ့သည်။ ထို့နောက် ဖက်ဆစ်တော်လှန်ရေးတွင်လည်း ပါဝင်ခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ ခုနှစ်တွင် ကယား ပြည် နယ် အ ရွှေ ပို င်း မှ လူမျိုးစုလွှတ်တော်အတွက် ရွေးကောက်တင်မြောက်ခံရပြီး ကယားပြည်နယ်ဝန်ကြီးနှင့် ကယားပြည်နယ် ဥက္ကဋ္ဌအဖြစ် ထမ်း ဆောင် ခဲ့ သည်။ ဗိုလ်ချုပ်ကြီး နေ ဝင်း (မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း) ဦးစီးသော အိမ်စောင့်အစိုးရလက်ထက်တွင်လည်း ကယားပြည်နယ်ဝန်ကြီးနှင့် ကယားပြည်နယ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသည်။

စစ်ဝဏ္ဏသည် ၁၉၅၂ ခုနှစ်တွင် မြန်မာအစိုးရကိုယ်စားလှယ် အ ပွဲ ဝင် အ ဖြစ် ကုလသမဂ္ဂ ညီ လာ ခံ ကြီး သို့ တက်ရောက်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် မြန်မာအစိုးရ ချစ်ကြည်ရေးအပွဲ အပွဲဝင်အဖြစ် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့သည်။

ထို့ပြင် ၁၉၅၈ခုနှစ်တွင် ဂျပန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ မလေးရှားစသော နိုင်ငံများသို့လည်းကောင်း၊ ၁၉၅၉ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ယူဂိုစလပ်ဗီးယား၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ ဗြိတိန်စသောနိုင်ငံများသို့လည်းကောင်း အစိုးရအဝယ်တော်အဖွဲ့ (Purchase Mission) ကို ခေါင်းဆောင်၍ သွားရောက်ခဲ့သည်။

တစ်ဖန် ၁၉၆၀ ပြည့်နှစ်တွင် ဥရောပတစ်ခွင်သို့ လေ့လာရေးခရီး သွားရောက်ခဲ့ရသည်။ စစ်ဝဏ္ဏသည် ၁၉၆၀ ခုနှစ် နိုဝင်ဘာလအတွင်းက တော် လှန် ရေး ကောင် စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်း (လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်း) ကခေါ်ယူတွေ့ဆုံသော ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ နိုင်ငံရေးခေါင်းဆောင် ၁၃ ဦးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

စဝ်ဝဏ္ဏသည် ၁၉၅၅ ခုနှစ်တွင် ထိုင်းနိုင်ငံ အစိုးရ၏ သရဖူတံဆိပ် ဂုဏ်ထူးဆောင်ဘွဲ့ကိုလည်းကောင်း၊ ၁၉၆၁ ခုနှစ်တွင် နိုင်ငံတော် အစိုးရက ချီးမြှင့်အပ်နှင်းသော သတိုးမဟာသရေစည်သူဘွဲ့ကိုလည်းကောင်း ရရှိခဲ့သည်။

ထို့အပြင် ၁၉၈၀ပြည့်နှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက စဝ်ဝဏ္ဏအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ကို ချီးမြှင့် အပ်နှင်းခဲ့သည်။

သတိုးမဟာသရေစည်သူဘွဲ့နှင့် နိုင်ငံ့ဂုဏ်ရည် ဘွဲ့ (ပထမဆင့်)ရ စဝ်ဝဏ္ဏသည် ၁၉၈၆ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ် မြ မြ စိန် နှင့် သ မီး တစ် ယောက် ကျန်ရစ်သည်။

ဆီဂိုဗီယာ, အန်ဒရက်စ် (ခရစ် ၁၈၉၄–၁၉၈၇) ။ ။ နှစ်ဆယ်ရာစုနှစ်တွင် ဂီတာတူရိယာကို ပွဲလယ်တင့်သည့် တူရိယာဖြစ်လာစေရန် အဓိကကြိုးပမ်းခဲ့သူ အန်ဒရက်စ် ဆီဂိုဗီယာကို ၁၈၉၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် စပိန်နိုင်ငံတောင်ပိုင်းရှိ လိနာရက်စ်မြို့၌ မွေးဖွားခဲ့သည်။ ယေစဉ်က စန္ဒရားပညာ ဆည်းပူးခဲ့သော်လည်း ဂီတာကိုသာ အာရုံဝင်စားခဲ့သည်။ သို့ရာတွင် ဂီတာတီးနည်းကို ထူးထူးခြန်ခြန်ပို့ချပေးနိုင်သူ အလွယ်တကူရှာမတွေ့နိုင်ခဲ့၍ ဆရာလွတ်လေ့ကျင့်ခဲ့ရသည်။ ထိုသို့ လေ့ကျင့်ယင်း စပိန်ရိုးရာအတိုင်း တီးနည်းမှ လမ်းခွဲထွက်၍ တီးနိုင်လာခဲ့သည်ဟု ဆိုသည်။

ဆီဂိုဗီယာသည် ဂရာနာဒါဂီတပညာသင်ကျောင်း၌ ပညာဆည်းပူးနေစဉ် ၁၉၀၉ ခုနှစ်တွင် ဂီတာဖြင့်ပရိသတ်ကို ပထမဦးဆုံးဖျော်ဖြေခဲ့သည်။ ထိုအချိန်က စပင်းနစ် ဂီတာကို မြေဝိုင်းအဆင့်တွင်သာ အပျော် သက်သက် တီးခတ်လေ့ရှိခဲ့ရာမှ သဘင်စင်မြင့်ပေါ်တွင် ဗဟုဆော်ဦး တီးခတ်၍ပညာပြန့်ပွားရခြင်းဖြစ်သည်။ ပရိသတ်ကနှစ်ခြိုက်လက်ခံသဖြင့် ၁၉၁၆ ခုနှစ်တွင် ဘာစီလိုနားမြို့တွင် ဖျော်ဖြေခွင့်ရပြီး နောက်ပိုင်းတွင် မက်ဒရစ်မြို့တော်၌ ပဲ့လယ်တင့်ခဲ့သည်။ ထိုနောက် ၁၉၁၆–၂၃ ခုနှစ်ကာလအတွင်း တောင်အမေရိကတွင် လှည့်လည် ဖျော်ဖြေခဲ့ပြန်သည်။ ၁၉၂၄ ခုနှစ်တွင် ပါရီမြို့၌ ပထမဦးဆုံးဖျော်ဖြေသော အခါတွင်မူ နိုင်ငံတကာအဆင့်ထိ ထင်ရှားကျော်ကြားခဲ့သည်။ အခြားတူရိယာများဖြင့် အစဉ်တစိုက် တီးမှုတ်ဖျော်ဖြေခဲ့သော ဂန္ဓဝင်တေးသီချင်းများကို ဂီတာဖြင့် တီးခတ်ပြခဲ့သည့်ပြင် ဂီတာဖြင့် တီးခတ်သီဆိုနိုင်သော တေးသီချင်းစာသား ၁၅၀ ကျော်ကိုလည်း စုဆောင်းခဲ့သည်။ ကမ္ဘာကျော်ဂန္ဓဝင် တေးစာဆိုများဖြစ်ကြသော ရှိပင် (၁၈၁၀–၁၈၄၉)၊ ယိုဟန်းဆီဘက်ရှင်း ဘက်ရှ် (၁၆၈၅–၁၇၅၀)၊ ဟန်ဒယ် (၁၆၈၅–၁၇၅၉)၊ မိုးဇတ် (၁၇၅၆–၁၇၉၁) တို့၏ တေးသံစဉ်များကို လက်စွမ်းပြ တီးခတ်ပြခြင်းကြောင့် ဂီတာတီးခတ်နည်းကို ပညာရပ်တစ်ရပ်အဖြစ် အလေးထားခြင်းခံလာရသည်။ ယခုအခါတွင် ဂျပန်နိုင်ငံ တစ်နိုင်ငံတည်းမှာပင် ဂီတာပညာရှင်လေးသန်းခန့်ရှိနေပြီး အမေရိကန်ပြည်ထောင်စုတွင် ဂီတသင်တန်းကျောင်း ၁,၆၀၀ ခန့်၌ ဂီတာတီးနည်းပညာကို ပြဋ္ဌာန်းပို့ချနေပြီဖြစ်၍ ယင်းပညာသည် အထူးခေတ်စားသော ဂီတပညာတစ်ရပ်အဖြစ် ရပ်တည်နေနိုင်ပြီ ဖြစ်သည်။ ဆီဂိုဗီယာသည် ဆီဂိုဗီယာ၏ ၁၉၂၀ ပြည့်နှစ်အထိ ဘဝအတ္ထုပ္ပတ္တိ (၁၉၇၇) နှင့် ဆီဂိုဗီယာ၏ ဂီတာစာအုပ် (ကျော့မင်ဒိုဇာနှင့်တွဲဖက်၍) (၁၉၇၉)စာအုပ်တို့ကို ရေးသားခဲ့သည်။

အသက် ၉၀ ကျော်လာသည့်တိုင် ကမ္ဘာတစ်ဝန်းတွင် တစ်နှစ်လျှင် ပွဲ ၆၀ မျှ ဂီတာတီးခတ်ဖျော်ဖြေနေဆဲဖြစ်သည့် အန်ဒရက်စ် ဆီဂိုဗီယာသည် ၁၉၈၇ ခုနှစ် ဇွန်လတွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ကွယ်လွန်ခဲ့သည်။

ဆိုဗီယက် ဆိုရှယ်လစ် ပြည်ထောင်စု သမ္မတနိုင်ငံ ။ ။ဆိုဗီယက်ပြည်ထောင်စုကွန်မြူနစ်ပါတီ (စီပီအက်စ်ယူ)၏ ဗဟိုကော်မတီစုံညီအစည်းအဝေးတစ်ရပ်ကို ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့နှင့် ၂၈ ရက်နေ့ တို့တွင် ကျင်းပခဲ့ရာ အထွေထွေအတွင်းရေးမှူး မိခါယီး ဂေါ်ဘာချော့ဖ ပါတီ၏ အတိတ်ကာလတွင် ပြုခဲ့မိသော အမှားများကို ထောက်ပြဝေဖန်ခဲ့သည်။ ဥပဒေကို လေးစားမှုမရှိခြင်း၊ အစီရင်ခံစာများကို အကျိုးရှိအောင် မှုန်ကန်စွာတင်ပြမှုမရှိခြင်း၊ လာဘ်ပေးလာဘ်ယူများ ရှိနေခြင်း၊ ကပ်ဖားယပ်ဖားပြုမူခြင်း၊ ကပ်ဖားယပ်ဖားအပြုအမူကိုအားပေးအားမြှောက်ပြုခြင်း၊ မူဝါဒချမှတ်သည့် အဆင့်တွင် ခေတ်နောက်ပြန်ဆွဲသော သဘောထားများ၊



စပိန်ဂီတပညာရှင် အန်ဒရက်စ် ဆီဂိုဗီယာ



ဆိုဗီယက်ပြည်ထောင်စုတွင် ပြုပြင်ပြောင်းလဲရေးကို လှုံ့ဆော်သော ပိုစတာကြီးတစ်ခုကို တွေ့မြင်ရပုံ

ပျင်းရိဖင့်နွဲ့မှုများ ရှိနေသည့်ပြင် အစဉ်အလာနှင့် အံမဝင်သမျှကို ဘေးဖယ်ထားလိုသည့် သဘောထားလွှမ်းမိုးနေခြင်း၊ မျက်မှောက်ကာလတွင် အထင်အရှား တွေ့နေရသော လူမှုစီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းလိုသည့်ဆန္ဒမရှိခြင်း၊ (ပါတီနှင့် နိုင်ငံတော်ပိုင်းတွင်) နွေစဉ်နှင့်အမျှ လက်တွေ့လေ့လာ ဖြေရှင်းဆောင်ရွက်ရမည့်အစား ဟန်ပြသက်သက်၊ စက္ကူတောင်လိုပုံစေ့ရုံ သက်သက် အမိန့်ကြေညာချက် ထုတ်ပြန်မှုကိုသာ လုပ်ဆောင်နေကြခြင်း၊ မရိုးသားသူများ၊ ဝိသမလောဘသမားများ၊ ကိုယ်ကျိုးစီးပွားရှာရန် အကြံအစည်ရှိသူများ ပါတီဝင်ဖြစ်လာကြမည့်အရေးကို ကြိုတင်ကာကွယ် ထားနိုင်မည့် အတားအဆီးများမရှိခြင်း စသည့်အခြေအနေ အရပ်ရပ်ကို ဝေဖန်သွားခဲ့သည်။ အရက်သေစာနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတို့ များပြားလာခြင်းနှင့် ရာဇဝတ်ပြစ်မှုတိုးပွားလာခြင်းတို့သည် လူမှုကိုယ်ကျင့်တရား နိမ့်ကျလာမှုကို ညွှန်ပြနေသည်ဟုလည်း ထောက်ပြခဲ့သည်။ ၁၉၈၆ ခုနှစ် ကတည်းကပင် ကိုယ်ကျိုးရှာဖောက်ပြန်မှု တားဆီးကာကွယ်သည့် ဥပဒေများကို ပိုမိုတင်းကျပ်စွာ ပြင်ဆင်ပြဋ္ဌာန်းရန် ဆုံးဖြတ်ထားပြီးဖြစ်သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၇– စာ၊ ၁၇၅— ရှု။) အရက်သေစာ သောက်စားမှုလွန်ကဲခြင်းကို ပပျောက်စေရန် ရည်ရွယ်သည့် အစီအစဉ်များလည်း ချမှတ်ပြီးဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆– စာ၊ ၁၇၅ — ရှု။) အကယ်စစ်စစ် ဂေါ်ဘာချော့သည် ၁၉၈၅ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ပါတီအထွေထွေအတွင်းရေးမှူးဖြစ်လာသည့် အချိန်မှစ၍ ဆိုဗီယက်လူအဖွဲ့အစည်းကို အသစ်ပြန်လည်မွမ်းမံ ပြင်ဆင်ရေးအတွက် ကြိုးပမ်းလာခဲ့ခြင်းဖြစ်သည်။ ပွင့်ပွင့်လင်းလင်းပြောဆိုခြင်း၊ ချွတ်ယွင်းချက်များကိုမျိုသိပ်အောင့်အည်းသည်းခံမှုမပြုခြင်း၊ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်လိုသည့်ဆန္ဒရှိခြင်းတို့သည် ထိရောက်သော အခြေခံမူများဖြစ်သည်ဟု တင်ပြခဲ့သည်။ တက်ကြွမှုကင်းမဲ့သောဖြစ်စဉ်များကို ပြတ်သားစွာ ကျော်လွှားပယ်ဖျက်ခြင်း၊ ဟန်တား တုပ်နှောင်ထားသော ယန္တရားများကို ဖျက်သိမ်းခြင်း၊ လူသားတို့၏ထိုးထွင်းဖန်တီးသည့် ကြိုးပမ်းမှုကို အားပေးခြင်း၊ ဒီမိုကရေစီဘက်စုံတိုးခွဲခြင်း၊ ရှေ့ဆောင်ရွေ့ရှက်ပြုမှုကို အားပေးခြင်း၊ စည်းကမ်းပိုမိုကောင်းမွန်ခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ တန်ဖိုးနှင့်ဂုဏ်သိက္ခာကို လေးစားခြင်း၊ ရပိုင်ခွင့်ကို တာဝန်နှင့် ဆက်နွှယ်ထားခြင်း ဖြစ်သည်ဟုဆိုသည်။ ထိုသို့ အကောင်အထည် ဖော်ရာတွင် ပယ်ရက်စထရိုက်ကာခေါ် စီးပွားရေးပြန်လည်တည်ဆောက်ရေး၊ ဂလပ်စနော့စ်ခေါ် နိုင်ငံရေးအရ ပွင့်လင်းမှုရှိရေး၊ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်ရေးဟူသော လုပ်ငန်းစဉ်ကြီးသုံးရပ်ကို သစ်လွင်သော တွေးခေါ်မြော်မြင်ရေး (New Think)ဖြင့် တွဲဖက် ဆောင်ရွက်သွားရမည်ဟု ဆိုသည်။

၁၉၈၇ ခုနှစ် အတွင်း ထင်ရှားသောဆောင်ရွက်ချက်အချို့မှာ အစိုးရနှင့်သဘောကွဲလွဲသူများဖြစ်ကြသည့် ရူပဗေဒပညာရှင် အန်ဒရေ ဆခါးရော့ဗ်နှင့် အဲလီနာ ဘွန်နာတို့ကိုလည်းကောင်း၊ ဆိုက်ဗီးရီးယားတွင် အကျဉ်းချထားခံရသော စိတ်ရောဂါကု ဆရာဝန် အနာတိုလီကိုရာဂျင်ကိုလည်းကောင်း၊ ဟီဗရူးလူမျိုးကျောင်းဆရာ အိုင်အိုဆစ်ဘီဂင်ကိုလည်းကောင်း လွှတ်ပေးခဲ့ခြင်း၊ ၁၉၅၀ ပြည့်နှစ်ကတည်းက ဖမ်းဆီးချုပ်နှောင်ခံထားရသော နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်း၊ ဇွန်လတွင်ကျင်းပသော ဒေသန္တရ ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ပါဝင်ယှဉ်ပြိုင်သော ရွေးချယ်တင်မြှောက်မှု မျိုးကိုစမ်းသပ် ကျင်းပပေးခဲ့ခြင်း၊ ရဟူဒီများပြည်ပထွက်ခွင့်ကို ၁၉၈၇ ခုနှစ် ပထမနှစ်ဝက်မှာပင် ၃,၁၉၂ ဦးထိ တိုးမြှင့်ခွင့်ပြုခဲ့ခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၄၈,၀၀၀အား ကိုယ်ထူကိုယ်ထ ကိုယ့်ဌေကိုယ်သုံးခွင့်ပြုခြင်း၊ ဝန်ကြီးဌာန ၂၀ ခန့်နှင့် စီးပွားရေးလုပ်ငန်း

ကြီး ၇၀ကျော်အား ပြည်ပကုန်သွယ်ရေးဝန်ကြီးဌာန နှင့် ဆက်သွယ်ခြင်းမပြုဘဲ နိုင်ငံခြားနှင့်ထွက်ကုန် အထောင်း အဝယ် ပြုခွင့်ပေးခြင်း၊ ၁၉၇၇ ခုနှစ် ဇန်နဝါရီလက ထုတ်ပြန်သောအမိန့်ကြေညာချက်များနှင့်အညီ ဆိုဗီယက် စီးပွားရေး လုပ်ငန်းတစ်ရပ်နှင့် ဖက်စပ်လုပ်ငန်းလုပ်သည့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းတစ်ရပ်အား အကျိုးအမြတ် ၄၉ ရာခိုင်နှုန်းထိ ခံစားခွင့်ပြုခြင်း၊ ပုဂ္ဂလိကလုပ်ငန်း လုပ်ပိုင်ခွင့်များ ပေးခဲ့ရာ ပုဂ္ဂလိက စီးပွားရေး လုပ်ငန်း ၁,၃၇,၀၀၀ အထိ မှတ်ပုံတင်ခွင့်ပေးထားပြီး ဖြစ်ခြင်း၊ အမေရိကန် ပြည်ထောင်စုနှင့် တာလတ်ပစ် ချုကလီးယား လက်နက် ဖျက်သိမ်းရေးစာချုပ်(အိုင်အင်အက်ဖ်) ချုပ်ဆို ခြင်း စသည်တို့ဖြစ်ကြသည်။ အက်ဒမိုင်ရယ် နာ့ခ်ဟီမော့ သဘော်ဝန်စ်မြုပ်မှု၊ ချာနိုဘိလ် ချုကလီးယား ဓာတ်အား ပေးစက်ရုံပေါက်ကွဲမှု (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၁၃၉ –ရှု။) တို့အပါအဝင် မတော်တဆဖြစ်ပွားမှု အရပ်ရပ် သည် သက်ဆိုင်ရာတို့၏ တာဝန်မဲ့မှုကြောင့် ဖြစ်သည်ဟု သုံးသပ်ကာ အရေးယူခဲ့သည်။

ထို့ပြင် ၁၉၈၇ ခုနှစ် မေလ ၂၈ ရက်နေ့တွင် အနောက် ဂျာမနီနိုင်ငံ ဟန်းဗတ်မြို့သား အသက် ၁၉ နှစ်သား မားသီးယက် ရုစ်သည် ဆက်စနာတစ်ယောက်စီးလေယာဉ် ငယ်ဖြင့် ဖင်းလန်နိုင်ငံ ဟဲလဆင်ကီးမြို့မှ မိုင် ၅၀၀ ခရီး ပျံသန်းလာပြီး ဆိုဗီယက်ပြည်ထောင်စု မော်စကိုမြို့ တော်ရှိ ကရင်မလင် နန်းတော် ရင်ပြင်နီတွင် ဆင်းသက် ခဲ့သည်။ ဆိုဗီယက်နိုင်ငံ လေကြောင်းပိုင်နက်ကို ကျူး ကျော်ဝင်ရောက်လာပြီး ခေတ်မီ ဒုံးကျည်လက်နက်များ၊ ရေဒါများဖြင့် ဝန်းရံထားသော ကရင်မလင်နန်းတော် ရင်ပြင်နီ၌ ဆင်းသက်ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကာကွယ်ရေးဝန်ကြီး ဆာဂေ ဆိုကိုလော့ဗ်နှင့် လေတပ် ကာကွယ်ရေးဦးစီးချုပ်အလက်ဇန္ဒားကိုလျာဒူနော့ဗ်တို့ကို ရာထူးမှဖယ်ရှားခဲ့သည်။ ရုစ်ကိုလည်း နိုင်ငံတကာလေ ကြောင်းပျံသန်းမှု ဥပဒေစည်းကမ်းများ ဖောက်ဖျက်မှု၊ ဆိုဗီယက်ပိုင်နက်ကို ကျူးကျော်ဝင်ရောက်မှုနှင့် ရမ်းကား မှုစသည့်စွဲချက်တို့ဖြင့် တရားစွဲဆိုခဲ့သည်။ တရားရုံးတော် က ရုစ်အား ရမ်းကားမှုအတွက် ထောင်ဒဏ် လေးနှစ်၊ နိုင်ငံတကာလေကြောင်း ပျံသန်းမှု ဥပဒေစည်းမျဉ်းများ ဖောက်ဖျက်မှုအတွက် ထောင်ဒဏ် သုံးနှစ်၊ ဆိုဗီယက် နယ်နိမိတ်ကို တရားမဝင်ဖြတ်ကျော် ဝင်ရောက်မှုအတွက် ထောင်ဒဏ် နှစ်နှစ်တို့ကို တစ်ပေါင်းတည်းကျခံရန် စီရင် ချက်ချမှတ်ခဲ့သည်။

ဂေါ်ဘာချော့သည် ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၇ ရက် နေ့တွင် ကျရောက်သည့် အကြိမ် ၇၀ မြောက် မဟာ အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး နှစ်ပတ်လည် အခမ်းအနားတွင် ၂ နာရီ ၄၁ မိနစ်ကြာမျှ မိန့်ခွန်းပြော ကြားခဲ့သည်။ယင်းမိန့်ခွန်းတွင် အောက်တိုဘာတော်လှန် ရေး နောက်ပိုင်းသမိုင်းစဉ်ကို ပြန်လည်သုံးသပ်ပြခဲ့သည်။ လီနင် (၁၈၇၀ – ၁၉၂၄) ကွယ်လွန်ချိန်တွင် စတာလင် (၁၈၇၉ – ၁၉၅၃) နှင့် အားပြိုင်ခဲ့ရာမှ အရေးနိမ့်ခဲ့သည့် ထရော့စကီး (၁၈၇၉ – ၁၉၄၀) သည် မိမိကိုယ်ကိုအလွန် အကျူး ယုံကြည်လွန်းပြီး သဘောထားအမျိုးမျိုး ပြောင်းလွယ်ကာ လိမ်ညာတတ်သော နိုင်ငံရေးသမား ဖြစ်သည်ဟု ဂေါ်ဘာချော့က ဝေဖန်ခဲ့သည်။ ထရော့ စကီးဝါဒကို ပြည်သူတစ်ရပ်လုံးရွေမျောက်တွင် ပေါက်ပြန် ရိုး အမှန်ဖြစ်ကြောင်း ဝေဖန်ပြရန်နှင့် အနှစ်သာရအား



ဆိုဗီယက်ပြည်ထောင်စုသို့ ဧရာဒဉ်ဝယ်ဖြင့် ကျူးကျော် ဝင်ရောက်ပြီး ကရင်မလင် နန်းတော်ရင်ပြင်နီ၌ ဆင်းသက်ခဲ့ သော (တပေါ်ပုံ) အနောက်ဂျာမနီနိုင်ငံသား မားသီးယက် ရုစ်ကို ရုံးတင်စစ်ဆေးစဉ်

ဖြင့် ဆိုရှယ်လစ်ရေးကို ဆန့်ကျင်ကြောင်းကို ဖော်ထုတ်ပြရန် လိုအပ်ကြောင်းဖြင့် ဂေါ်ဘာချော့က ပြောကြားခဲ့သည်။ ထရော့စကီးဝါဒကို သဘောတရားအရ အနိုင်ယူခဲ့ရာတွင် နီကိုလိုင် ဘုခါရင်၊ ဆာဂေ ကီရော့ စသည့် ခေါင်းဆောင်တို့၏အခန်းကဏ္ဍလည်း အရေးပါကြောင်း ထောက်ပြခဲ့သည်။ နောင်တွင်ပေါ်လစ်ဗျူရိုဒ်ဒ် ဘုခါရင် (၁၈၈၈ – ၁၉၃၈)၏ အုပ်စုနှင့် စတာလင်ဦးဆောင်သော လူမျိုးစုတို့သည် ဆိုဗီယက်လူဘောင် ဖွဲ့ဖြိုးတိုးတက်ရေးအဆင့်သစ်တွင် စီးပွားရေးမူဝါဒအသစ်၏ ပြဿနာချက်မျိုးကို မည်သို့ အကောင်အထည် ဖော်မည်ဆိုသော အချက်နှင့်စပ်လျဉ်း၍ သဘောထားကွဲလွဲကြကာ ဘုခါရင်တို့အုပ်စုက အမှားများကို ဝန်ခံခဲ့ရကြောင်းဖြင့် ထောက်ပြခဲ့သည်။ စတာလင်လက်ထက်တွင် နှိပ်စက်ကွပ်မျက်ခံရသူ ထောင်နှင့်ချီ၍ရှိခဲ့ကြောင်း၊ ထိုသို့ တရားဥပဒေမဲ့လုပ်ရပ်များမှာ ခွင့်လွှတ်ရန် မဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ စတာလင်အား ပုဂ္ဂိုလ်ရေး ဆည်းကပ်ကိုးကွယ်မှုနှင့် ယင်း၏အကျိုးဆက်များကို အကြိမ် ၂၀ မြောက်နှင့် ၂၂ ကြိမ်မြောက် ပါတီညီလာခံတို့တွင် အပြင်းအထန်ရွတ်ချခဲ့ပြီးဖြစ်ကြောင်း၊ စတာလင်၏လက်ထက်က ပါတီ ခေါင်းဆောင်များနှင့် နိုင်ငံရေးသုခမိန် အများအပြားကိုလည်းကောင်း၊ ပါတီဝင်များနှင့် ပါတီဝင်မဟုတ်သော ပြည်သူ အများအပြားကို လည်းကောင်း၊ စီးပွားရေးစီမံခန့်ခွဲသူ အချို့နှင့် စစ်ရေး တာဝန်ရှိပုဂ္ဂိုလ် အချို့ကိုလည်းကောင်း၊ ယဉ်ကျေးမှုဆိုင်ရာ ပုဂ္ဂိုလ်အချို့ကို လည်းကောင်း နိုင်ငံရေးအရစွပ်စွဲ၍ နှိပ်ကွပ်မှုပြုခဲ့ရာတွင် ယင်းစွပ်စွဲမှုများသည် တမင်တကာလုပ်ကြံ လိမ်ညာထားမှုများဖြစ်ကြောင်း တွေ့ရှိရသည်ဟု ပြောကြားခဲ့သည်။ ခရူးရှက်(၁၈၉၄ – ၁၉၇၁)သည်စတာလင်၏ လုပ်ဆောင်ချက်များကို ဝေဖန်ကာ ဆိုရှယ်လစ်ဥပဒေ ညီညွတ်မှုပြန်လည်တည်ဆောက်ရန် သတ္တိအပြည့်ဖြင့် ဆောင်ရွက်ခဲ့သည်ဟု ဂေါ်ဘာချော့က ချီးကျူးသည်။ ယင်းမိန့်ခွန်းမတိုင်မီ နှစ်ပေါင်း ၂၀ ကျော်အတွင်းတွင် မည်သည့်ဆိုဗီယက်ခေါင်းဆောင်မျှ ပြည်သူ့ရှေ့မှောက်ပြောကြားသော မိန့်ခွန်းတွင် ခရူးရှက်၏အမည်ကို အတိအလင်းထုတ်ဖော်ရည်ညွှန်းခဲ့ခြင်းမရှိချေ။ စတာလင်ခေတ် အချက်အလက်နှင့် စာရွက်စာတမ်းများ စစ်ဆေးစိစစ်ရေး ကော်မရှင်နှင့် ကွန်မြူနစ်ပါတီသမိုင်းကို ပြည်လည် သုံးသပ်အကဲဖြတ်ရေး ကော်မရှင်တို့ကို ဖွဲ့စည်း တည်ထောင် မည်ဟု ဂေါ်ဘာချော့က ကြေညာထားပြီးဖြစ်သည်။

ဆိုဗီယက်ပြည်ထောင်စု၏ လူဦးရေသည် ၁၉၀၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ၂၀၀ ဒသမ ၇ သန်းရှိသည်။ ၁၉၀၅ ခုနှစ် ကထက် လေးသန်းခန့် တစ်နည်းအားဖြင့် တစ်ထုခိုင်နှုန်းခန့် တိုးလာခြင်းဖြစ်သည်။ ၁၉၀၆ ခုနှစ် ကထက် ၂ ဒသမ ၉ သန်း တိုးလာခြင်းဖြစ်သည်။ ၁၉၀၇ ခုနှစ် နှစ်စတွင် မြို့ပြနေလူဦးရေသည် ၁၀၆ သန်း ရှိ၍ တောနေလူဦးရေသည် ၉၅ ဒသမ ၇ သန်း ရှိသည်ဟု ဗဟိုစာရင်းအင်းဘုတ်အဖွဲ့က ကြေညာသည်။ ကျေးလက်ဒေသမှမြို့ပြသို့ ပြောင်းရွှေ့မှု လျော့နည်းကျဆင်းသွားသည့်အပြင် ကျေးလက်ဒေသတွင် သဘာဝအရ လူဦးရေတိုးပွားနှုန်းလည်း မြင့်မားလာခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ဇာဂရဗုဒ္ဓို၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးအနောက်တောင်မြို့နယ်၊ ဂွေးချိုကျောင်းတိုက်၊ မဟူပင်အုတ်ကျောင်း (မြန်မာ ၁၂၇၃–) ။ ။ ဆရာတော်ဘဒ္ဒန္တဇာဂရဗုဒ္ဓိကို ဇရော်တိတိုင်း၊ မဟူပင်မြို့နယ်၊ သေဋ္ဌေးကုန်းရွာ၌ ခမည်းတော်ဦးပိုးမို၊ မယ်တော်ဒေါ်သင်းကြိုင်တို့က သက္ကရာဇ် ၁၂၇၃ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်နေ့တွင် ဖွားမြင်သည်။

၁၁ နှစ်သား အရွယ်တွင် ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် သေဋ္ဌေးကုန်းရွာကျောင်း၊ ဆရာတော် ဦးပေါရာဏာထံ၌ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သာမဏေဘဝမှာ ရှင်ဇာဂရဗုဒ္ဓိ ဖြစ်သည်။

သက္ကရာဇ် ၁၂၉၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်နေ့တွင် သေဋ္ဌေးကုန်းရွာကျောင်းဆရာတော် ဦးပေါရာဏာကို ဥပဇ္ဈာယ်ပြုလျက် ကျောင်းဒါယကာကြီး ဦးလူကလေး၊ ကျောင်းအစ်မကြီးဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ရှင်သာမဏေဘဝတွင် ဆဋ္ဌ၊ သင်္ဂီဟ်၊ ပုဗ္ဗစစ်များသာမက ဋီကာကျော်၊ ကဒံ၀ါ၊ ဝိနည်း ပါဠိတော်အချို့နှင့် အဋ္ဌသာလိနီ အဋ္ဌကထာ တစ်စိတ်တစ်ဝက် တို့ကို ပါ သေဋ္ဌေးကုန်းကျောင်း ဆရာတော် ဘုရားကြီးထံ၌ သင်ကြားခဲ့သည်။

ထို့နောက်ရဟန်းဘဝတွင် ဆရာတော်သည် ရန်ကုန်မြို့၊ သရက်တောတိုက်၊ ဓမ္မာဒယကျောင်းဆရာတော် အရှင်တိက္ခာစာရ၊ ဒဿကင်း စောင့်ကျောင်း ဆရာတော် ဦးဥတ္တမ၊ မဟူပင် ရွှေကျင်ဓမ္မာရုံတိုက်ဆရာတော် အရှင်သိရိကုမာရ၊ မန္တလေးမြို့၊ ခင်မကန်တိုက် မိုးတားကျောင်း ဆရာတော် ဦးသုကာဘိဝံသ စသော ဆရာတော်ကြီးများထံ၌ နေ့ဝါညဝါ ပိဋကတ်ကျမ်းစာအဖြာဖြာကို သင်ကြားတော်မူခဲ့သည်။

ယင်းသို့သင်ကြားတော်မူရင်း ရဟန်းသိက္ခာနှစ်ဝါအရတွင် အစိုးရပထမလတ်တန်းနှင့် အမျိုးသားအလတ်တန်း



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင်
ဆရာတော်ဘဒ္ဒန္တ ဇာဂရဗုဒ္ဓိ

တို့ကို ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ အစိုးရ ပထမကြိုးတန်းနှင့် သက္ကသီဟစာသင်တန်းတို့ကို ဖြေဆိုရန် အားထုတ်နေစဉ် ကျန်းမာရေးမကောင်းသဖြင့် ဖြေဆိုတော်မမူဖြစ်ခဲ့ဘဲ ဇာတိရွာသို့ ပြန်ကြွတော်မူ၍ နှစ်နှစ်ခန့် အနားယူခဲ့ရသည်။

ထို့နောက် မန္တလေးသို့ပြန်ကြွတော်မူပြီး သေဋ္ဌေးကျောင်းဆရာတော် ဦးရေဝတ၊ အုတ်လှေကားကျောင်းဆရာတော် အရှင်ဉာဏိန္ဒာဘိဝံသ၊ ခင်မကန်အလယ်တိုက်စံကျောင်းဆရာတော်၊ မိုးကောင်းတိုက် ညောင်ရမ်းဆရာတော် စသော အာဘိဓမ္မာဝရဋီကာရ ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရှင် ဆရာတော်ကြီးများထံတွင် ပါဠိတော် အဋ္ဌကထာ နှေဝါညဝါ ကျမ်းစာအဖြာဖြာကို ဆက်လက်သင်ကြားတော်မူခဲ့သည်။

ဆရာတော်သည် ၁၉၅၁ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ကြွတော်မူ၍ အင်္လိပ်စာကို သုံးနှစ်ကြာဆည်းပူးလေ့လာတော် မူခဲ့သည်။ ထို့နောက် ဒီဆစ်လဗာ ရေးသားသော စွယ်တော် သမိုင်းစာအုပ်မှ အကြောင်းအချက်များကို ထုတ်နုတ်စုပေါင်း၍ သီဟိုဠ် လင်းဆောင်ခြည်အမည်ရှိ ဘာသာပြန် ကျမ်းစာတစ်အုပ် ရေးသား ပြုစုတော်မူခဲ့သည်။

ဆရာတော်သည်စာပေသင်ကြား ဆည်းပူးတော်မူရင်း တပည့်သံဃာများအား စာပေပို့ချ သင်ကြားပေးတော်မူခဲ့သည်။ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ဖျာပုံကျောင်း၌ သက္ကသီဟ ဒီဃဘာဏကဘွဲ့ရ ရဟန်းတော်ငယ် ၂၀

ကျော်တို့အား နိုင်ငံခြားသာသနာပြုရေးကို ရည်မှန်းလျက် နှစ်နှစ်တိုင် အင်္လိပ်စာ သင်ပြပေးတော်မူခဲ့သည်။ ထို့ပြင် ဝိနည်း၊ အဋ္ဌကထာဋီကာကျမ်းကြီးများနှင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးများကိုလည်း သင်ကြားပို့ချပေးတော်မူခဲ့သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ပထမအကြိမ် ငါးနှစ်ကာလတွင် မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်တော်မူခဲ့သည်။ ဒုတိယအကြိမ် ငါးနှစ်တာကာလတွင်လည်း မန္တလေးတိုင်း သံဃနာယကအဖွဲ့၏ ဥက္ကဋ္ဌတာဝန်ကို ဆက်လက်ထမ်းရွက်တော်မူလျက်ရှိသည်။

ဤသို့ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော် မူသောကြောင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဇာဂရဗုဒ္ဓိသည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ဉာဏိန္ဒ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပခုက္ကူမြို့ မဟာဝိဇယာရာမအရှေ့တိုက် (မြန်မာ ၁၂၇၇–၁၃၄၉)။ ။ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို သင်ရိုးပေါက်အောင် တတ်မြောက်တော်မူပြီး သက်တော် ၂၉ နှစ်မှစ၍ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ကျောင်းအုပ်ဘုန်းကြီးအဖြစ် ခန့်အပ်ခံတော်မူခဲ့ရကာ သံဃာတော် ၆၀၀ ခန့်ကို လောကုတ္တရာစာပေများ သင်ကြားပို့ချတော်မူခဲ့သော ပခုက္ကူမြို့ မြို့နယ်ဝိနိစ္ဆယဌာန ဝိနည်းဓိုရ်၊ ခရိုင်ဝိနည်းဓိုရ်နှင့် ခုံဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ပါဠိဝိသောဓက၊ အဋ္ဌကထာ ပါဠိပဋိဝိသောဓက အဖြစ်လည်းကောင်း၊ ပါဠိပညာရေး နာယကအဖွဲ့ဝင် ဆရာတော် (၁၃၁၉–၁၃၂၅)၊ ပါဠိတက္ကသိုလ် ကထိက ဆရာတော် (၁၃၁၅–၁၃၂၅) အဖြစ်လည်းကောင်း ထမ်းဆောင်တော်မူခဲ့သော ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒသည် ၁၃၄၁ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာ နိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၁ – စ၊ ၁၅၇ — ရှ။)

အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တ ဉာဏိန္ဒသည် ၁၃၄၉ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်နေ့တွင် ဘဝနတ်ထံပျံလွန်တော်မူသည်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံ။ ။တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ခေါင်းဆောင် တိန့်ရှောင်ဖိန်သည် ၁၉၄၉ ခုနှစ်က တရုတ် ကွန်မြူနစ်ပါတီ (စီပီစီ) အာဏာရရှိအောင် ကြိုးပမ်းခဲ့ကြသည့် အိုမင်းမစွမ်းရှိနေပြီဖြစ်သော၊ ပညာအခြေခံနည်းပါးသော ခေါင်းဆောင်ပိုင်း၏နေရာတွင် ငယ်ရွယ်နုပျိုသော ပညာရည်မြင့်မားသော မျိုးနွယ်ဆက်ဖြင့် အစားထိုးလိုသည်။ ၁၉၇၇ ခုနှစ်တွင် အသက် ၇၃ နှစ်ရှိပြီဖြစ်သော တိန့်ရှောင်ဖိန်ကဲ့သို့ ဝါရင့်ပထမဆင့် ခေါင်းဆောင်ပိုင်းနှင့် အသက် ၇၂ နှစ်ရှိပြီဖြစ်သော စီပီစီအထွေထွေအတွင်းရေးမှူး ဟုယိုပန်ကဲ့သို့ အတန်အသင့် ပိုငယ်သော ဒုတိယဆင့် ခေါင်းဆောင်ပိုင်းတို့အပြင် တတိယဆင့် ခေါင်းဆောင်ပိုင်းအတွက် အသက် ၄၀ နှင့် ၅၀ အတွင်းရှိ ကေဒါ ၁၀၀၀ ရွေးချယ်ထားရေး စီမံကိန်းကို ၁၉၇၃ ခုနှစ်ကတည်းက ချမှတ်လုပ်ဆောင်ခဲ့သည်။ "တာဝန်သိစိတ်ထက်သန်၍ ပညာရည်လည်းမြင့်၊ လုပ်ရဲကိုင်ရဲထက်မြက်မှုလည်းရှိ၊ လုပ်ငန်း ဆောင်ရွက်နိုင်စွမ်းလည်း ပြည့်ဝသည့်" ကေဒါများကို ရှာဖွေခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၆—စာ၊ ၁၈၀—ရှ။)

ထိုအချိန်တွင် ပါတီအထွေထွေအတွင်းရေးမှူး ဟုယိုပန်သည် နိုင်ငံရေး အမှားအယွင်းများ ပြုလုပ်မိခဲ့ကြောင်း ဝန်ခံကာ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ ရာထူးမှနုတ်ထွက်သွားရသည်။ ဝန်ကြီးချုပ် ကျောက်ကျိယန်က ယာယီ အထွေထွေအတွင်းရေးမှူးအဖြစ် တာဝန်ယူထားရသည်။ ဟုယိုပန် နုတ်ထွက်မှုသည် ပါတီအတွင်း "ဘူဇွာလစ်ဗရယ်ဝါဒ" ကို ဆန့်ကျင်သော လှုပ်ရှားမှုနှင့် တိုက်ဆိုင်နေသည်။ ဆိုရှယ်လစ်လမ်းကြောင်းမှ မသွေဖည်မှု၊ ပြည်သူဒီမိုကရေစီ အာဏာပိုင်စိုးမှု၊ ပါတီ၏ဦးဆောင်မှုအခန်းကို ခံယူမှုနှင့် မာ့က်စ်–လီနင်ဝါဒနှင့် မော်စီတုန်းဝါဒကို ယုံကြည်မှုဟူသော အခြေခံမူလေးရပ်ကို ဆန့်ကျင်သည့် "ဘူဇွာလစ်ဗရယ်ဝါဒ" ကို စွဲကိုင်ခဲ့သည်ဟုဆိုကာ ဟီဖေ့မြို့အမျိုးသားသိပ္ပံနှင့် စက်မှုနည်း ပညာတက္ကသိုလ် ဒုတိယအဓိပတိ ဖန်လီကျိုနှင့် ဥက္ကဋ္ဌဂုမ်ဝေယန်၊ တရုတ်နိုင်ငံ သိပ္ပံပညာတံခွန်အဖွဲ့ ဥက္ကဋ္ဌလူချီရှိုနှင့် ဒုတိယဥက္ကဋ္ဌ ယန်တန်ရှင်းတို့ကို ပါတီမှ ထုတ်ပယ်လိုက်သည်။ ဖန်လီကျိသည် ၁၉၀၆ ခုနှစ်၊ ဒီဇင်ဘာလက ဖြစ်ပွားခဲ့သော ကျောင်းသားအရေးအခင်းများကို ထောက်ခံခဲ့သည်ဟုဆိုသည်။ "ဘူဇွာလစ်ဗရယ်ဝါဒ" ကို နောက်ထပ် ဆယ်စုနှစ်ပေါင်းများစွာ တိုက်ဖျက်သွားရဦးမည်ဟု ပါတီအထွေထွေအတွင်းရေးမှူး ကျောက်ကျိယန်က ၁၉၀၇ ခုနှစ် မေလ ၁၄ ရက်နေ့တွင် ကြေညာခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ (စီပီစီ) ၏ ၁၃ ကြိမ်မြောက် အမျိုးသားညီလာခံကို အောက်တိုဘာလ ၂၅ ရက်နေ့မှ နိုဝင်ဘာလ ၁ ရက်နေ့အထိ ကျင်းပသောအခါ "တရုတ်ဝိသေသလက္ခဏာများနှင့်အညီ ဆိုရှယ်လစ်လမ်းကြောင်းအတိုင်း ရှေသို့ချီတက်ခြင်း" ဟု ခေါင်းစည်းတပ်ထားသော အစီရင်ခံစာတွင်လည်း ကျောက်ကျိယန်သည် အခြေခံမူလေးရပ်ကို မသွေဖည်ကြောင်း ထည့်သွင်းရေးသားခဲ့သည်။ လွန်ခဲ့သောကိုးနှစ်ကာလအတွင်း နိုင်ငံထွက်ကုန်စုစုပေါင်း၊ နိုင်ငံသားတစ်ဦးချင်းဝင်ငွေ၊ မြို့ပြနှင့် ကျေးလက် နှစ်ဒေသစလုံး၏ ပျမ်းမျှဝင်ငွေတို့သည် အကြမ်းဖျင်းအားဖြင့် နှစ်ဆတိုးခဲ့ကြောင်း၊ တရုတ်နိုင်ငံသည် ဆိုရှယ်လစ်စနစ်၏ အခြေခံအဆင့်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း၊ ပဂ္ဂလိကပိုင်ဆိုင်မှုအောက်ကျရောက်နေခဲ့သော ကုန်ထုတ်အရင်းအနှီးတို့ကို ဆိုရှယ်လစ်ပိုင်ဆိုင်မှုသို့ ပြောင်းလဲခဲ့သည့် ၁၉၅၀ ပြည့်လွန်နှစ်များမှ ဆိုရှယ်လစ်စနစ်နှင့်အညီ ခေတ်မီတိုးတက်ရေး ပြီးမြောက်အောင်မြင်သည့် အချိန်အထိ နှစ်ပေါင်း ၁၀၀ ကြာလိမ့်မည်ဖြစ်ကြောင်း စသည်ဖြင့် စာလုံးရေ ၃၄,၀၀၀ ပါဝင်သော ယင်းအစီရင်ခံစာ၌ တင်ပြထားသည်။

ယင်းပါတီညီလာခံသို့ ကိုယ်စားလှယ် ၁,၉၂၆ ဦး တက်ရောက်ကြသည်။ တရုတ်နိုင်ငံ၏ "တံခါးဖွင့်" မူဝါဒအရ ဆိုဗီယက် စာနယ်ဇင်းသမား ခြောက်ဦးနှင့် ထိုင်ဝမ်မှ တစ်ဦးတို့ အပါအဝင် စာနယ်ဇင်းသမား ၂၀၀ ခန့်အား ညီလာခံကို လေ့လာသတင်းယူခွင့်ပြုသည်။ ၁၉၅၆ ခုနှစ် နောက်ပိုင်းတွင် ပထမဆုံးအကြိမ် ခွင့်ပြုခြင်းပင်ဖြစ်သည်။

စီပီစီ ၁၃ ကြိမ်မြောက် ပါတီညီလာခံက တိန့်ရှောင်ဖိန်အား စစ်ရေးကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်အပ်နှင်းသည်။ ယင်းကော်မရှင်၏ ပထမ ဒုတိယဥက္ကဋ္ဌအဖြစ် ကျောက်ကျိယန်အားလည်းကောင်း၊ အမြဲတမ်း ဒုတိယဥက္ကဋ္ဌအဖြစ် ယန်ရှန်ကွန်အားလည်းကောင်း ခန့်အပ်သည်။ နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) အမြဲတမ်းကော်မတီတွင် ကျောက်ကျိယန်၊ လီပင်း၊ ချောင်ရှိ၊ ဟူကွေးလီနှင့် ယောင်ယီလင်းတို့ပါဝင်ပြီး ပါတီအထွေထွေအတွင်းရေးမှူးအဖြစ် ကျောက်ကျိယန်အား ရွေးချယ်






တရုတ်ကုန်းမြုန်ပါဆီ၏ တု ကြေမ်းခြောက် အမျိုးသား ညီလာခံတွင် အထွေထွေအတွင်းရေးမှူး ကျောက်ကျိယန် (ယာဉ်နှစ်) က အစီရင်ခံစာထင်ဟပ်ခြင်း

တင်မြောက်သည်။ ပေါ်လစ်ဗျူရို အရာရှိန်ပြည့်အဖွဲဝင် ၁၇ ဦးတို့မှာ ဝမ်လီ၊ တီအန်ချီယွန်၊ ချောင်ရှိ၊ ချန်ကျီမင်း၊ လီပင်း၊ လီတိုင်ယင်း၊ လီရှုဟွမ်၊ လီရှိမင်း၊ ယန်ရှုတိုင်၊ ယန်ရှန်ကွန်၊ ဝူရွှေကျင်း၊ ဆောင်ပင်း၊ ကျောက်ကျိယန်၊ ဟူကွေးလီ၊ ဟုယိုပန်၊ ယောင်ယီလင်းနှင့် ချင်ဇီဝေတို့ ဖြစ်ကြသည်။ အရန်ကော်မတီဝင်မှာ တိန်ကွမ်ချင် ဖြစ်သည်။

ဗဟိုအတိုင်ပင်ခံ ကော်မရှင်၏ အမြဲတမ်းအဖွဲဝင်များအဖြစ် ဝမ်ပင်း၊ ဝမ်ရှိတောင်၊ ဝူရှုကျန်၊ လျူလန်တောင်၊ ချင်ဟွာ၊ လီယီမန်း၊ လီတေရှင်း၊ ယန်တေကျီ၊ ရှောင်ကီ၊ ယုရှုလီ၊ ဆောင်ရင်ချောင်း၊ ဆောင်ရှီလွှန်၊ ကျန်းချင်ဖူး၊ ကျန်းအီပင်း၊ လူကျင်းယီ၊ ချင်ယွန်၊ ချင်ပီကျင်း၊ ချင်ကျီလို့၊ ဟူချောင်မူ၊ တန်ချန်ယီ၊ ကင်ပြောင်၊ ချီပင်ဖေ့၊ ဟွမ်ဟွာ၊ ဟွမ်ကျင်၊ ကန်ရှိယင်း၊ ချိန်ကျီဟွာနှင့် ပိုယီပိုတို့ကို တာဝန်ပေးသည်။ ယင်းကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ချင်ယွန်ကလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရင်ချောင်းကလည်းကောင်း ဆောင်ရွက်သည်။ အတွင်းရေးမှူးအဖွဲ့ကို ဟူကွေးလီ၊ ချောင်ရှိ၊ ရှုဆင်ဝင်းနှင့် ယန်မင်းဖုတို့ဖြင့် ဖွဲ့စည်းပြီး ဝင်ချီပေါင်ကို အရန်ကော်မတီဝင်အဖြစ် ထားရှိသည်။ ပါတီစည်းကမ်းစစ်ဆေးရေး ဗဟိုကော်မရှင်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ချောင်ရှိကိုလည်းကောင်း၊ ဒုတိယ အတွင်းရေးမှူးများအဖြစ် ချင်ကျူလင်း၊ လီကျိန်တင်းနှင့် ရှောင်ဟုန်တာတို့ကိုလည်းကောင်း ရွေးချယ်တင်မြှောက်သည်။

တရုတ်နိုင်ငံ နယ်ခြားစောင့်တပ်များသည် ၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် ဗီယက်နမ်တပ်များ၏ ကျူးကျော်တိုက်ခိုက်မှုအကြိမ်ပေါင်း ၄,၂၀၀ ကို တွန်းလှန်ခဲ့ရသည်ဟု ဆိုသည်။ ဗီယက်နမ်တပ်များသည် အကြိမ်ပေါင်း ၁၀,၃၇၀ ရန်စခဲ့သည်တွင် အမြောက်ကျည်ဆံ တစ်သန်းကျော် ပစ်ခတ်ခဲ့ကြောင်း၊ ၁၉၈၁ ခုနှစ်မှ ၁၉၈၆ ခုနှစ် ကာလအတွင်းမှာပင် ဗီယက်နမ်ဘက်မှ အမြောက်ကျည်ဆံ ၅၅,၀၀၀ ပစ်ခတ်ခဲ့၍ တရုတ်နိုင်ငံသား ၄၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိကြောင်းဖြင့် ၁၉၈၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဆင်ဟွာသတင်းဌာနက ကြေညာသည်။ (ဗီယက်နမ်နိုင်ငံ—ရှု။)

တရုတ်နိုင်ငံတွင် သတင်းပြန်ကြားရေးယန္တရားအသီးသီးသည် စီးပွားရေးဖြစ်ထွန်းလာပြီဟု ဆိုသည်။ ၁၉၈၀ ပြည့်လွန်နှစ်များ အစပိုင်းမှစ၍ သတင်းပြန်ကြားရေးအတိုင်ပင်ခံဌာနများတိုးပွားလာခဲ့ရာဌာနပေါင်း ၁၀,၀၀၀ ရှိလာပြီဖြစ်သည်။ ယင်းဌာနများတွင် လူ ၁,၀၀,၀၀၀ ပါဝင် ဆောင်ရွက်နေကြသည်။ အကြီးမားဆုံး ဌာနတစ်ခုဖြစ်သော နိုင်ငံတော်စီးပွားရေး သတင်းပြန်ကြားရေးဌာနသည် ဗဟိုနှင့်ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအရပ်ရပ်အား စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်နိုင်ရန် သတင်းအချက်အလက်များ ပံ့ပိုးကူညီသည်။ လက်ရှိဆောင်ရွက်နေသော စီးပွားရေးပြုပြင်ပြောင်းလဲမှုနှင့် ကုန်စည်စေ့းကွက်များ ဖွံ့ဖြိုးလာမှုတို့ကြောင့် သတင်းပြန်ကြားရေးဌာနများ တိုးပွားလာခြင်းပင် ဖြစ်သည်။ ယင်းဌာနများသည် နည်းပညာစေ့းကွက်ပိုင်းတွင် ဝင်ဆံ့နေသည့်အလျောက် ၁၉၈၆ ခုနှစ်က နည်းပညာလွှဲပြောင်းမှု ၈၇,၀၀၀ ကို ဆောင်ရွက်ပေးခဲ့ရာ ဆောင်ရွက်မှုတန်ဖိုး ယွန်သန်းပေါင်း ၂,၀၆၀ ရှိခဲ့သည်ဟု ဆိုသည်။ ယင်းဌာနများတွင် အဆင့်မြင့်ကွန်ပျူတာများနှင့် ခေတ်မီကိရိယာများ တပ်ဆင်ထားသည်။ ကွမ်တုန်ပြည်နယ်ရှိ



ဓာတ်ပုံ ၁၁ နှစ် အရွယ်ရှိ ထရုတ်လူယေ် ရှင်ကေကွန်က တီလက်ထရန်းနစ် သခ်ၤာတွက်စက်များကို အနိုင်ယူ၍ အဆင့်မြင့် သခ်ၤာပုစ္ဆာများ တွက်ပြနေပုံ

သတင်းစုဆောင်းရေးစခန်းတစ်ခုသည် အမေရိကန်ပြည် ထောင်စုနှင့် ကနေဒါနိုင်ငံတို့ရှိ သတင်းအခြေချစခန်း များနှင့် ဂြိုဟ်တုများမှတစ်ဆင့် ဆက်သွယ်ကာ ကုမ္ပဏီ ပေါင်း ၇ ဒသမ ၉ သန်းမှ ထုတ်ကုန်သတင်းများနှင့် နိုင်ငံပေါင်း ၁၃၀ မှ စီးပွားရေး စာရင်းအင်း အချက် အလက်များကို စုဆောင်းထိန်းသိမ်း ဖြန့်ချိနိုင်ရန် စီစဉ် ထားသည်။

တရုတ်နိုင်ငံတွင် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၄၅၀ ရှိပြီး ၁၉၈၆ ခုနှစ်က စာအုပ်အမျိုးအစား ၅၂,၀၀၀ ကို အုပ်ရေစုစုပေါင်းသန်း ၆၀၀၀ ထုတ်ပေးခဲ့သည်။ စာအုပ် အမျိုးအစား ၉၀၀၀ ကို အုပ်ရေစုစုပေါင်း သန်း ၁၇၀ ထုတ် ဝေ ခဲ့သည့် ၁၉၃၆ ခုနှစ် နှင့် နှိုင်းယှဉ်ကြည့်လျှင် ကြီးမားသော အောင်မြင်မှုပင်ဖြစ်သည်ဟု ဆင်ဟွာ သတင်းဌာနက ကြေညာသည်။ နိုင်ငံခေတ်မီတိုးတက်ရေး လုပ်ငန်းအရှိန်အဟုန် မြင့်မားစေရန် သိပ္ပံနှင့်စက်မှုနည်း ပညာဆိုင်ရာ စာအုပ်များကို တိုး၍ ပုံနှိပ်ထုတ်ဝေခဲ့ရာ ယင်းစာအုပ်မျိုးအရေအတွက် စုစုပေါင်းသည် ထုတ်ဝေ သမျှစာအုပ်အားလုံး၏ သုံးပုံတစ်ပုံရှိလာခဲ့သည်။ ယခင် က "ဘူဇွာ" ပညာရပ်များအဖြစ် တံဆိပ်ခတ်နှိပ်ခံရသော ဘောဂဗေဒ၊ လူမှုရေးသိပ္ပံ၊ ကျင့်ဝတ်နီတိ၊ အနုသုခုမ ပညာနှင့် စိတ်ပညာတို့နှင့်ဆိုင်သည့် စာအုပ်များကိုလည်း ထုတ်ဝေခြင်းဖြင့် စာဖတ်သူတို့၏ လိုအပ်ချက်ကို ဖြည့် ဆည်းပေးသည်။ ရသစာပေဆိုင်ရာ စာအုပ်များကိုလည်း ထုတ် ဝေ သည်။ ယဉ်ကျေးမှု တော်လှန်ရေးကာလ (၁၉၆၆–၁၉၇၆) မတိုင်မီ ၁၇ နှစ်တာကာလအတွင်း ဝတ္ထုရှည် ၁၀၀၊ ဝတ္ထုလတ် ၁၀၀၀ နှင့် ဝတ္ထုတို ၁၀,၀၀၀ ကိုထုတ်ဝေခဲ့သည်။ ထို့ပြင် တရုတ်နိုင်ငံနှင့် အခြား ပြည်ပနိုင်ငံ စာ အုပ် ထုတ် ဝေ ရေး လုပ် ငန်း တို့အကြား ဖလှယ်မှုတိုးမြှင့်ခဲ့ရာ ၁၉၇၉ ခုနှစ်နောက်ပိုင်းတွင် တရုတ် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ၁၀၀ ခန့်သည် ပြည်ပစာအုပ် ထုတ်ဝေရေးလုပ်ငန်း ၂၀၀ နှင့် စာချုပ် ၅၀၀ ခန့် ချုပ် ဆိုထားပြီး ဖြစ်သည်။

တိဗက်ရှိ အစိုးရယန္တရားအဆင့်ဆင့်တွင် တိဗက်တန် ဘာသာစကားကို အ ဓိ က ရုံး သုံး ဘ ာသာစကားအဖြစ် သုံးနှုန်းရမည်ဟူ၍ ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် အသစ်ထုတ် ပြန်လိုက်သော တိဗက်တန်ဘာသာစကား အသုံးပြုမှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာနည်းဥပဒေ၌ ဖော်ပြထားသည်။ ယင်းနည်း ဥပဒေကို တိဗက်ကိုယ်ပိုင် အုပ်ချုပ်ရေးဒေသ စတုတ္ထ အကြိမ် ပြည်သူကွန်ဂရက်၏ ပ ဉ္စ မ အ စည်း အ ဝေး က အတည်ပြုလိုက်သည်။ ယင်းနည်းဥပဒေသည် ၁၉၇၈ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ အာဏာတည်မည် ဖြစ်သည်။ အသက် ၄၅ နှစ်အောက်ရှိ တိဗက်တိုင်းရင်းသား အစိုးရ အရာရှိများသည်တိဗက်တန်ဘာသာစကားကို မပြောတတ် ပါက သင်တန်းများ တက်ရောက်ရမည် ဖြစ်သည်။ တိဗက်တန် ဘာသာစကားသည် ကျောင်းအားလုံးတွင် အဓိက ဘာသာရပ်ဖြစ်လာမည့်အပြင် အခြားဘာသာရပ် များကိုလည်း ယင်းဘာသာစကားဖြင့် သင်ကြားပို့ချမည် ဖြစ်သည်။ စတုရန်းမိုင်ပေါင်း ၄,၇၀,၀၀၀ ကျယ်ဝန်းသော တိဗက်တွင် လူဦးရေ နှစ်သန်းခန့်ရှိသည့်အနက် ဒေသခံ တရုတ်လူမျိုး ၇၃,၀၀၀ ရှိသည်ဟု အစိုးရကထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။ လူဦးရေစုစုပေါင်း၏ ငါးပုံတစ်ပုံသည် လာမာ တိဗက်ဗုဒ္ဓဘာသာ ဘုန်းတော် ကြီးများဖြစ်သည်ဟု ဆိုစမှတ်ပြုခဲ့ကြသည့် တိဗက်တွင် ယခုအခါတရုတ်လူမျိုးဦးရေက လွှမ်းမိုးနေပြီး လူဦးရေစုစု ပေါင်းသည် တရားဝင်စာရင်းဇယားထက် ပိုများသည် ဟူ၍ ပြည်ပရောက် တိဗက်အဖွဲ့အစည်းတို့က ဆိုသည်။ ၁၉၅၉ ခုနှစ် မတ်လက မအောင်မြင်သော လက်နက်ကိုင် ပုန်ကန်မှုတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် တိဗက်ခေါင်းဆောင် ဒလိုင်လာမာသည် အိန္ဒိယနိုင်ငံသို့ ထွက်ပြေးခဲ့သည်။ ၁၉၇၇ ခုနှစ် စက်တင်ဘာလ နောက်ဆုံးပတ်အတွင်းက တိဗက်မြို့တော် လာဆာတွင် ဒလိုင်လာမာဘုန်းတော်ကြီး

ကိုထောက်ခံသော ဆန္ဒပြပွဲများ ပေါ် ပေါက် ခဲ့သည်။ တိဗက်မှ တရုတ်လူမျိုးများထွက်ခွာရန် တောင်းဆိုသည့် ယင်းအဓိကရုဏ်းများဖြစ်ပွားရခြင်းအတွက် ဒလိုင်လာမာ ဘုန်းတော်ကြီးတွင် တာဝန်မကင်းကြောင်းဖြင့် အာဏာ ပိုင်တို့က ဆိုသည်။ ဒလိုင်လာမာသည် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဟိမဝန္တာတောင်တန်းဒေသရှိ ဒါရမ်ဆာလာ မြို့၌ နေထိုင်လျက်ရှိသည်။ အမေရိကန်သို့အလည်အပတ် သွားရောက်စဉ် ဒလိုင်လာမာက တိဗက်မှ တရုတ်တပ်ဖွဲ့ဝင် နှစ်သိန်းထွက်ခွာပေးရန် တောင်းဆိုခဲ့ပြီး မရှေးမနှောင်း မှာပင် ထိုသို့အရေးအခင်း ပေါ် ပေါက်ခဲ့ခြင်း ဖြစ်သည်။ တိဗက်တွင် တရုတ်နိုင်ငံအချုပ်အခြာ အာဏာ တည် ကြောင်းဖြင့် ၁၉၄၀ ပြည့်လွန်နှစ်များမှစ၍ ထောက်ခံခဲ့ သော အမေရိကန် ပြည်ထောင်စုသည် ဒလိုင်လာမာကို ဘာသာရေးဆောင်ရွက်သော ဘုန်းတော်ကြီးအဖြစ်သာ အသိအမှတ်ပြုခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် တစ်ချိန် တည်းမှာပင် အမေရိကန်အထက်လွှတ်တော်၌ တိဗက်နှင့် စပ်လျဉ်း၍ တရုတ်နိုင်ငံအစိုးရ၏ ဆောင်ရွက်မှုကိုအပြစ် တင်ကြောင်းအဆိုကို ထောက်ခံမဲ ၉၈ မဲ၊ ကန့်ကွက်မဲ မရှိဖြင့် အတည်ပြုလိုက်ရာ အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံ၏ပြည်တွင်းရေးကို စွက်ဖက်သည်ဟု တရုတ် နိုင်ငံအစိုးရက ကန့်ကွက်ခဲ့သည်။

ဒုတိယမြို့တော်ဝန် ဖင်မင်ဝေဉီးဆောင်သော တရုတ် နိုင်ငံ အစိုးရကိုယ်စားလှယ်အဖွဲ့သည် တိဗက်ဒေသန္တရ အာဏာပိုင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ် ၁၇ ခု ချုပ်ဆိုခဲ့ကြောင်းဖြင့် ၁၉၅၇ ခုနှစ် အောက်တိုဘာ လဆန်းပိုင်းတွင်သတင်းထုတ်ပြန်ခဲ့သည်။ စီးပွားရေး အကျိုးတူခံစားရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလူနည်းစုကို ကူညီပံ့ပိုးရေးတို့တွင် အကျိုး ဖြစ်ထွန်းစေသော စာချုပ်များဖြစ်သည်ဟု ဆိုသည်။ အစားအစာဆင့်တက်ပြုပြင်မှု၊ ကော်ဇောထုတ်လုပ်မှုနှင့် အဝတ်အထည်ထုတ်လုပ်မှုတို့တွင် ကျွမ်းကျင်လုပ်သားများ ရရှိရေးနှင့် အရည်အချင်းပြည့်ဝသော မန်နေဂျာများ၊ စကားပြန်များ၊ ကမ္ဘာလှည့်ခရီးသည် လမ်းညွှန်များ လေ့ကျင့်ပျိုးထောင်ရေးအတွက် တိဗက်အား အကူအညီ ပေးမည်ဖြစ်သည်။ ထုတ်လုပ်မှု နည်းပညာရပ်များလည်း ပေးမည်ဖြစ်သည်။ တိဗက်ကလည်းအပြန်အလှန်အားဖြင့် သိုးမွေးကုန်ကြမ်း၊ သိုးမွေးထည်၊ တိုင်းရင်းဆေးဝါးနှင့် ပရဆေးများ ပေးပို့မည်ဖြစ်သည်။

တရုတ်ကလေးသူငယ် ၁၀၀၀ ကျော်အတွက် အထူး သင်ရိုးညွှန်းတမ်း စီစဉ်ပို့ချပေးနေရသည်။ အိုင်စတိုင်း ကဲ့သို့ ထူးချွန်သည့် သိပ္ပံပညာရှင်များပေါ်ထွန်းရန် မျှော် လင့်လျက် တက္ကသိုလ် ၁၂ ခုနှင့်အခြေခံပညာသင်ကျောင်း ၁၆ ကျောင်းတို့တွင် အထူးအတွန်းများ စီစဉ်ဖွင့်လှစ်ပေး ထားသည်။ ကလေးအချို့သည် အသက်သုံးနှစ်တွင် မူလ တန်းပညာ စတင်ဆည်းပူးနိုင်စွမ်းရှိပြီး အချို့မှာ ကိုးနှစ် အရွယ်တွင်ပင် အလယ်တန်းပညာ ပေါက်မြောက်ထားပြီး ဖြစ်သည်။ အင်ဟွေမြို့ရှိ တရုတ်အမျိုးသား သိပ္ပံနှင့်စက် မှု တက္ကသိုလ်သို့ ၁၉၇၉ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ကာလ အတွင်း ဝင်ခွင့်ရသည့် ကျောင်းသား ၁၉၀ ၏ ပျမ်းမျှ အသက်သည် ၁၁ နှစ်နှင့် ၁၅ နှစ် အတွင်းသာ ရှိသည်။ တရုတ်သိပ္ပံပညာတံခွန်အဖွဲ့ စိတ်ပညာရှင်တစ်စုက လေ့လာ ကြည့်ရာ ပါရမီထူးသည့် ကလေးသူငယ်တို့၏ ဝိသေသ လက္ခဏာများမှာ ဆင်ခြင်ဖန်တီးနိုင်စွမ်းအပါအဝင် စိတ် စွမ်းရည်မြင့်မားစွာဖွံ့ဖြိုးခြင်း၊ ထက်မြက်သောသင်ယူနိုင် စွမ်းရှိခြင်း၊ သခ်ၤာ၊ ဘာသာဗေဒ၊ အနုစာပေနှင့်အနုသုခုမ ပညာဆိုင်ရာ ထူးခြားသော အရည်အသွေးများ ပိုင်ဆိုင် ထားခြင်း၊ သင်ယူလိုစိတ်ထက်သန်ခြင်းနှင့် ကိုယ်ကာယ ကြံခိုင်မှုရှိခြင်းတို့ဖြစ်ကြောင်း တွေ့ရှိရသည်။ တရုတ်နိုင်ငံ တွင် ပါရမီထူးသော ကလေးသူငယ်များကို လေ့လာ သည့် သုတေသနပညာရှင်အရေအတွက် ၅၀ ကျော်ရှိ သည်။

တာကေရှိတာ, နိုဘို့ရူ (ခရစ် ၁၉၂၄ –)။ ။ ဂျပန် နိုင်ငံ၏ ဝန်ကြီးချုပ်သစ် နိုဘို့ရူ တာကေရှိတာကို ဂျပန် နိုင်ငံ ရှိမာနဲ့ စီရင်စုနယ် ကာ ကေ ယာ မာ ချီ မြို့ ၌ ၁၉၂၄ ခုနှစ် ဖေ ဖော် ဝါ ရီ လ ၂၆ ရက်နေ့တွင် မွေးဖွားသည်။ ဖခင်သည် အီဇူမို ဟိုမာရေတံဆိပ် ဆာကေအရက် ထုတ်လုပ်သူဖြစ်ပြီး နောက်ပိုင်းတွင် စီရင်စုနယ်လွှတ်တော် တွင် အရေးပါသော နိုင်ငံရေးသမားတစ်ဦး ဖြစ်ခဲ့သည်။ တာကေရှိတာသည် ကာကေယာမာချီမြို့တွင် အခြေခံ ပညာဆည်းပူးခဲ့ပြီး တိုကျိုမြို့ ဝါဆေဒါ တက္ကသိုလ်မှဘွဲ့ရ သည်။

တာကေရှိတာသည် ၁၉၄၄ ခုနှစ်တွင် တပ်မတော်သို့ မိမိဆန္ဒအလျောက် ဝင်ရောက်အမှုထမ်းခဲ့ရာ လေယာဉ်မှူး သင်တန်းတက်ရောက်ခဲ့ရသည်။ သို့ရာတွင် ဒုတိယဗိုလ်ဖြစ် လာသောအခါ စစ်တက္ကသိုလ်၌ နည်းပြအဖြစ် သင်ကြား ပို့ချနေခဲ့သည်။ စစ်ကြီးပြီး၍ မွေးရပ်ဌာနေသို့ ပြန်လာ ခဲ့ချိန်တွင် အင်္ဂလိပ်စာပြဆရာအဖြစ် အသက်မွေးခဲ့သည်။ မကြာမီ ဒေသခံ လူငယ်အဖွဲ့အစည်းတွင် ဝင်ရောက် လှုပ်ရှားရာမှ နိုင်ငံရေးလောကသို့ ခြေချမိသည်။ အသက် ၂၇ နှစ်အရွယ်တွင် စီရင်စုနယ်အဆင့် လွှတ်တော်၌ ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက် ခံရသည်။ ၁၉၅၁ ခုနှစ်တွင် နိုင်ငံတစ်နိုင်ငံလုံးကို ကိုယ်စားပြုသော ပါလီမန် (ဒိုင်းယက်လွှတ်တော်) ၌ အမတ်ဖြစ်လာခဲ့သည်။



ဗျပန်နိုင်ငံဝန်ကြီးချုပ် နိုဘို၇ု တာကေရှိတာ

တာကေရှိတာသည် ၁၉၆၄ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဝန်ကြီးချုပ် ဖြစ်ခဲ့သူ အီဆာက္ခ ဆာတို (၁၉၀၁–၁၉၇၅) ၏ ပျိုးထောင်လမ်းညွှန်မှုကို ခံယူခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် နိုင်ငံတကာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၆၄ ခုနှစ်တွင် အစိုးရအဖွဲ့ လက်ထောက် အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့ရသည်။ ၁၉၇၁ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် တိုင်ဝမ် တက်ရောက်ခွင့် ရရေးအတွက် ဂျပန်နိုင်ငံ၏ ကြိုးပမ်းမှု အရေးနိမ့်ကာ သိက္ခာကျဆင်းခဲ့သဖြင့် ဝန်ကြီးချုပ်ဆာတို နုတ်ထွက်သွားရပြီး ကာကူအီ တာနာကာ (၁၉၁၈) ကဆက်ခံသည်။ တာကေရှိတာသည် အစိုးရအဖွဲ့ အတွင်း ရေးမှူးချုပ်အဖြစ် ၁၉၇၁ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ဆောင် ရွက်ရသည်။ ၁၉၇၂ ခုနှစ်တွင် အာဏာရ လစ်ဗရယ် ဒီမိုကရက်တစ်ပါတီ (အယ်ဒီပီ)၌ ဆာတို၏ အုပ်စုကို ဖျက်သိမ်းလိုက်ရသောအခါတာကေရှိတာသည်တာနာကာ ၏ အုပ်စုသို့ ဝင်ရောက်ခဲ့သည်။ ၁၉၇၉ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ် အထိနှင့် ၁၉၈၂ ခုနှစ် နိုဝင်ဘာလနောက်ပိုင်းတွင် ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရသည်။ ၁၉၈၄ ခုနှစ် တွင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင် အမ်အက်ဖ်)၏ အုပ်ချုပ်ရေးမှူးတစ်ဦးဖြစ်ခဲ့သည်။ ၁၉၈၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် အယ်ဒီပီပါတီ အထွေထွေ အတွင်းရေးမှူး ဖြစ်လာသည်။

တာကေရှိတာသည် ဝန်ကြီးချုပ် တာနာကာ လေ့ခ်ဟိ အရှုပ်တော်ပုံကြောင့် နုတ်ထွက်သွားရသည့် ၁၉၇၄ ခုနှစ်၏ နောက်ပိုင်း တွင်လည်း တာနာကာ၏ အုပ်စုတွင်ပင် ဆက်လက် ပါဝင်နေခဲ့ရာမှ ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် တာနာကာကိုထောက်ခံသူ အယ် ဒီ ပီ အမတ် ၁၁၂ ဦးဖြင့် အုပ်စုအသစ် ထူထောင်နိုင်ခဲ့သည်။ တာကေရှိတာ၏အုပ်စု သည် ပါတီတွင် အင်အားအကြီးမားဆုံးဖြစ်၍ ဝန်ကြီး ချုပ်နှင့် ပါတီခေါင်းဆောင်ဖြစ်လာရေးအတွက် ခြေကုတ် စခန်းဖြစ်လာခဲ့သည်။ တာကေရှိတာသည် ၁၉၇၉ ခုနှစ် တွင် ကျွန်ုပ်၏ ခရီးအစ (ဝါဂါ မီချီ အို အီကူ) အမည်ရှိ စာအုပ်ကို ရေးသား ထုတ်ဝေခဲ့သည်။

ဝန်ကြီးချုပ် နာကာဆိုနေကို ဆက်ခံရန် နိုင်ငံခြား ရေးဝန်ကြီးဟောင်း ရှင်တာရို အာဘေးနှင့် ဘဏ္ဍာရေး ဝန်ကြီး ကီချီ မိယာ ဇာဝါတို့နှင့်အတူ တာကေရှိတာသည် ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ နေရာ ၇၆၄ နေရာရှိသော ဒိုင်းယက်လ့တ်တော်တွင် အယ် ဒီ ပီ ပါတီဝင်အမတ် ၎၇၅ ဦးရှိသည့်အနက် ၂၂၃ ဦး၏ ထောက်ခံမှုရရန် ကြိုးပမ်းခဲ့ကြရာ သီတင်းနှစ်ပတ်ကြာမြင့် သည့်တိုင် မအောင်မြင်ခဲ့ကြချေ။ သို့ရာတွင် အောက်တို ဘာလ ၂၀ ရက်နေ့တွင် ဝန်ကြီးချုပ် နာကာဆိုနေက မိမိ ကို ဆက်ခံ ထိုက်သူသည် တာကေရှိတာ ဖြစ်ကြောင်း ကြေညာ လိုက်သဖြင့် တာကေရှိတာသည် အောက်တို ဘာလ ၃၁ ရက်နေ့မှစ၍ အာဏာရ အယ် ဒီ ပီ. ပါတီ၏ ဥက္ကဋ္ဌဖြစ်လာသည်။ ဤသို့အားဖြင့် တာကေရှိတာသည် ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဂျပန်နိုင်ငံ၏ ၁၆ ယောက် မြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။ (ဂျပန်နိုင်ငံ—ရှု။)

တင်အုန်း၊(ဂီတာ) (ခရစ်၁၉၂၄ – ၁၉၀၇)။ ။ ဂီတာ လောကတွင် တေးရေး တေးဆိုသူ အနုပညာရှင်တစ်ဦး အဖြစ် ကျော်ကြားခဲ့သော ဂီတာ တင်အုန်းကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကျိုက်ထိုမြို့နယ်၊ စစ် တောင်းမြို့၌ အဖ ကုန်သည် ဦးလှဖေ၊ အမိ ဒေါ်နှင်းစိန် တို့က မွေးဖွားသည်။

ပညာကို အင်္ဂလိပ်၊ မြန်မာ ၁၀ တန်းအထိ သင်ကြား ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် လူထု ဆက်ဆံရေးတပ်၌ တေးဂီတမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၁၉၆၅ ခုနှစ်တွင် မြန်မာ့အသံသို့ ပြောင်းရွှေ့တာဝန်ထမ်း ဆောင်ခဲ့ပြီး ၁၉၇၇ ခုနှစ်တွင် ဂီတစိစစ်ထုတ်လှုင်ရေးမှူး အဖြစ်နှင့် မြန်မာ့အသံမှ အငြိမ်းစားယူခဲ့သည်။

ဂီတာတင်အုန်းသည် အတီးတူရိယာတွင် ဂီတာ၊

ဘယော၊ မယ်ဒလင်၊ ပတ္တလား၊ ဗုံ၊ မောင်းတို့ကို ပိုင်နိုင်ကျွမ်းကျင်စွာ တီးခတ်နိုင်သူ ဖြစ်သည်။ လေမှုတ်တူရိယာတွင် ဝါးပလွေကို နားစွဲလောက်အောင် မှုတ်နိုင်သူဖြစ်သည်။

ဂီတာ တင်အုန်းသည် ၁၉၅၂ ခုနှစ်တွင် အဆိုကျော် မြသက်မူအတွက် နှောင်းသင်၊ မျော်သင်၊ ဗိုလ်ရှူသဘင်၊ သပြေပန်းနှင့် ရေခဲမုန်းစင် သီချင်းများကို ရေးသားပြီးသီဆိုစေကာဂီတလောကသို့ဝင်ရောက်ခဲ့သည်။ ဂီတာတင်အုန်း ရေးသားစပ်ဆိုပေးခဲ့သော အဆိုပါသီချင်းများဖြင့် မြသက်မူသည် နာမည် ကျော် ကြား ခဲ့ သည်။ ထို့နောက် ၁၉၅၃ ခုနှစ်တွင် သစ်ဆန်းတူရိယာအဖွဲ့ကို ထူထောင်ပြီး တေးရေးတေးဆိုခြင်းများကို ပြုလုပ်ခဲ့သည်။

ဂီတာတင်အုန်းသည် ကိုယ်တိုင်ရေး ကိုယ်တိုင်သီဆိုသော ဂီတအနုပညာရှင်တစ်ဦး ဖြစ်သည်။ ကိုယ်တိုင်ရေး ကိုယ်တိုင်ဆိုခဲ့သော သီချင်းများအနက် တစ်ပင်တိုင်မင်း သားကြီး၊ တစ်ဝါဆိုခဲ့ရပြန်ပြီ၊ ဆောင်းလေကသွေးစသည့် သီချင်းများမှာ ထင်ရှား ကျော်ကြား လူကြိုက်များခဲ့သည်။ တေးသီချင်းများရေးစပ်ရာတွင် ဘာသာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ လူငယ်အကျိုးပြုစသည့်ဖြင့် ရှုထောင့်စုံစွာ စပ်ဆိုနိုင်သူဖြစ်သည်။

ဂီတာတင်အုန်း စပ်ဆိုခဲ့သော သီချင်းများအနက် မြန်မာ့အသံဓာတ်ပြားရသီချင်းအပုဒ် ၆၀ ကျော်ရှိခဲ့သည်။ ဂီတာတင်အုန်းသည် အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူးဂုဏ်ပြုသော အာဇာနည်နေ့တေးသီချင်းများကိုလည်း ရေးသား စပ်ဆိုခဲ့ရာ အလေးပြုပါတယ်လေ၊ အာဇာနည်နေ့ မမေ့သင့်ပေ၊ ၁၉ ဇူလိုင်မေ့ပါနိုင်၊ မေ့မရသော အာဇာနည်နေ့ သီချင်းများမှာ နားသောတဆင် သူတို့၏ စိတ်နှလုံးကို လှုပ်ခါနိုင်ခဲ့သည်။

ဂီတာတင်အုန်းသည် ကွယ်လွန်ချိန်အထိ သီချင်းပုဒ် ရေ ၁၀၀ ကျော် သီကုံးစပ်ဆိုခဲ့သည်။ စင်တော်ကောက်




တေးဂီတစာဆို
ဂီတာ တင်အုန်း

တေးများမှာ မိုးသားကင်းစင် ရောင်ခြည်မြင်၊ မမေ့နိုင် သောနေ့တစ်နေ့၊ ခပေါင်းဒေသ သည်နေရာ၊ လုပ်သားမြို့တော်၊ သာစုရဂုံဘွဲ့၊ မောတို့ပျော်ရာ တောင်သာယာ၊ ခိုင်ခိုင်မြဲမြဲတို့လက်တွဲ၊ ပေးဆက်ရမယ့် ခွေးတစ်စက်စသည် တို့ဖြစ်သည်။ ဂီတာတင်အုန်းနောက်ဆုံး ရေသားစပ်ဆိုခဲ့သော တေးသီချင်းမှာ ဗုဒ္ဓမြတ်စွာဝါတော်စဉ် သီချင်းဖြစ်သည်။

တေးပြုစာဆိုနှင့် တေးသံရှင် ဂီတာတင်အုန်းသည် ၁၉၇၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်သန်းသန်းနှင့် သား သမီးများ ကျန်ရစ်သည်။

တိုင်တန်းနစ်သဘော်ဝ။ ။အမေရိကန်နှင့်ပြင်သစ်နိုင်ငံတို့မှ သမုဒ္ဒရာ သုတေသနပညာရှင်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့သည် မြောက်အတ္တလန္တိတ်သမုဒ္ဒရာ၏ ရေခဲတမျှအေးလှသောရေနက်ပိုင်းရှိ တိုင်တန်းနစ်သဘော်ဝပျက်ကြီးကို ၁၉၇၅ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ရှာဖွေတွေ့ရှိခဲ့ကြသည်။ ၁၉၁၂ ခုနှစ် ဧပြီလ ၁၄ ရက်နေ့မှ ၁၅ ရက်နေ့အကူး ညသန်းခေါင်ယံတွင် ရေခဲစိုင်မျောကြီးတစ်ခုနှင့်တိုက်မိ၍ နစ်မြုပ်ခဲ့သော ဗြိတိသျှဇီမ်ခံပင်လယ်ကူး သဘော်ကြီးဖြစ်သည်။ နစ်မြုပ်မကြောင်း ရေဒီယို သတင်းပေးပို့ခဲ့စဉ်က ပထဝီအနေအထားများယွင်းပေးပို့ခဲ့သည်။ ထို့ကြောင့် အင်္ဂလန်မှ နယူးယောက်မြို့သို့အသွားနယူးဖောင်လန်ကျွန်း၏ တောင်ဘက်တွင် နစ်မြုပ်သည်ဟူသော အချက်မှတစ်ပါး နေရာအတိအကျ မသိခဲ့ရချေ။ နှစ်ပေါင်း ၇၀ ကျော်ကြာကာမှ သမုဒ္ဒရာစူးစမ်းလေ့လာရေးဆိုင်ရာ ခေတ်မီကိရိယာနှင့် နည်းပညာသစ်များဖြင့် ရှာဖွေတွေ့ရှိနိုင်ခဲ့ခြင်း ဖြစ်သည်။

အဝေးထိန်းစနစ်ဖြင့် မောင်းနှင်သည့် "အာဂို"အမည်ရှိ ရေငုပ်သဘော်ဝင်ယ်ကလေး၏ အကူအညီဖြင့် ယင်းသဘော်ဝကြီး၏ တည်နေရာကို ထောက်လှမ်း တွေ့ရှိခြင်းဖြစ်သည်။ မော်တော်ယာဉ်ငယ်အရွယ်ရှိ ယင်းအာဂိုရေယာဉ်တွင် ဗီဒီယိုနှင့် ရုပ်သေကင်မရာများကို တပ်ဆင်ထားသည်။ အမေရိကန်ရေတပ်ကပိုင်၍ မက်ဆာချူးဆက် ပြည်နယ် ဝုဒ်စ်ဟိုးလ်သမုဒ္ဒရာလေ့လာရေးပညာရှင်အဖွဲ့က မောင်းနှင် အသုံးပြုခဲ့သည်။ ယင်းအာဂိုရေယာဉ်ကို စမ်းသပ်အသုံးပြုကြည့်ရန် ဝုဒ်စ်ဟိုးလ်အဏ္ဏဝါဗေဒ သုတေသီတို့အား အမေရိကန်ရေတပ်က ကမ်းလှမ်းသောအခါ သုတေသီတို့သည် ရေအောက်သုံး ကြေးနန်းကြိုးနှင့်လှမ်း မောင်နှင်ရသည့် ယင်းရေယာဉ်ကို တိုင်တန်းနစ်သဘော်ဝ ရှာဖွေရေးအတွက် စမ်းသုံးကြည့်မည်ဟု ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်သည်။ ပြင်သစ်သုတေသီနှင့် အဏ္ဏဝါအသုံးချ




ရေးအဖွဲ့ (အစ်ဖရီမာ) ကလည်း တိုင်ဟန်းနစ်သင်္ဘောရှာပုံတော် လုပ်ငန်းတွင် ပါဝင်ရန် သဘောတူခဲ့ကြသည်။ ယင်းသုတေသနအဖွဲ့ဝင် ပြင်သစ်သိပ္ပံပညာရှင်တို့ စတုရန်းမိုင် ၁၅၀ ခန့်ကို ဆိုနာယာဉ်ငယ်ဖြင့် ၂၂ ရက်ကြာမျှ ပိုက်စိတ်တိုက်ရှာဖွေကြည့်ပြီးမှ အလားအလာ အကောင်းဆုံးနေရာ၌ အာဂိုရေငုပ်သင်္ဘောငယ်ကို ချကြည့်ခြင်းဖြစ်သည်။ တိုင်တန်းနစ်သင်္ဘောကို သမုဒ္ဒရာရေမျက်နှာပြင် အောက်ပေပေါင်း ၁၂,၅၀၀ အနက်တွင် အာဂိုရေယာဉ်က တွေ့ရှိခဲ့သည်။ နယူးဖောင်လန်ကျွန်းမှ မိုင် ၃၅၀ (၅၆၀ ကီလိုမီတာ) ခန့် အကွာအဝေးတွင် တွေ့ရှိရခြင်းဖြစ်သည်။

နောက်ပိုင်းတွင် ရေငုပ်သင်္ဘောငယ် "အယ်လဗင်"၊ အဝေးထိန်းစနစ်ဖြင့် ထိန်းကြောင်းနိုင်၍ ယန္တရားလုပ်သား (ရိုဘော့) ဖြစ်သော ရေယာဉ်ငယ် (အာရ်အိုဗီ) "ကျေကျေ"၊ လံကြိုးနှင့်လွှတ်၍ မောင်းနှင်သော ရေယာဉ်ငယ် "အန်းဂတ်စ်" တို့ကိုပါ အားဖြည့်ကာ သင်္ဘောပျက်ကြီးကို လေ့လာသည်။ သင်္ဘောပျက်၏ ပဲ့ပိုင်းနှင့် ဦးပိုင်းတို့ပြတ်၍ ပေပေါင်း ၁,၈၀၀ ကွာခြားလျက် တည်ရှိကြောင်း တွေ့ရသည်။ ရေခဲစိုင်မျှောနှင့် တိုက်မိစဉ်က ပေ ၃၀၀ ခန့် အက်ကြောင်း ပေါ်ခဲ့သည်ဟု အစဉ်အဆက် မှတ်သားထားချက်သည် မမှန်ကန်ကြောင်း တွေ့ရှိရသည်။ ဗီဒီယိုတိတ်ခွေနာရီ ၆၀ စာနှင့် ရုပ်သေခွာတ်ပုံ ၆၀,၀၀၀ ကို ရောင်စုံရိုက်ကူး မှတ်တမ်းတင်ခဲ့သည်။ ၁၂ ရက်ကြာ လေ့လာရိုက်ကူးခဲ့သော ယင်းပုံများအနက် ဗီဒီယို နှစ်မိနစ်စာနှင့် ခွာတ်ပုံ ကိုးပုံကို ၁၉၈၆ ခုနှစ် ဩဂုတ်လတွင် ရုပ်မြင်သံကြားမှ ထုတ်လွှင့် ပြသခဲ့သည်။ ယင်းပုံများတွင် သင်္ဘောပဲ့ပိုင်း ကြေမွနေပုံကိုလည်းကောင်း၊ ခရီးဆောင်ပစ္စည်းများ၊ ဧည့်ချောင်းများ၊ ဝိုင်အရက်ပုလင်းများ၊ ပန်းကန်ခွက်ယောက်များ သမုဒ္ဒရာကြမ်းပြင်၌ ပြန့်ကျဲနေပုံကိုလည်းကောင်း မျက်ဝါးထင်ထင် မြင်တွေ့ရလေရာ တိုင်တန်းနစ်သင်္ဘောနစ်မြုပ်စဉ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟန်တူသည်ဟု ကောက်ချက်ချသူများလည်း ရှိသည်။ ဝုဒ်စ်ဟိုးလ်

အဏ္ဏဝါမေဒသတေသန အဖွဲ့ခေါင်းဆောင် ဒေါ်ဇော်လဒ် ကိုယ်တိုင် ယင်းသို့ပင် ကောက်ချက်ချသည်။ ယင်းသဘော်ဒနှင့်အတူ နစ်မြုပ်သွားကြကုန်သော လူ ၁,၅၁၃ ဦး၏ အရိပ်အရောင်ကိုမူ လုံးဝမတွေ့မြင်ရတော့ဟု ဆိုသည်။ ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် အစ်ဖရီမာအဖွဲ့သည် ရေငုပ်ယာဉ် နော့တီဖြင့် ၃၂ ကြိမ်ဆင်းသက်၍ ပစ္စည်းပေါင်း ၈၀၀ ခန့် ဆယ်ယူခဲ့ကြသည်။

ခရီးသည်အများစုသည် ချမ်းသာကြွယ်ဝကြလေ့ရှိသော သဘော်ကြီး၏ မီးခံသေတ္တာကြီးများထဲတွင် ဒေါ်လာသန်းပေါင်းများစွာတန်သည့် လက်ဝတ်ရတနာများ ရှိတန်ရာသည်ဟု ဆိုကြသည်။ သို့ရာတွင် သမိုင်းပညာရှင်အချို့ကမူ သဘော်နစ်စမှာပင် ယင်းပစ္စည်းများကို ပိုင်ရှင်အသီးသီးက ပြန်လည်ထုတ်ယူသွားကြသည်ဟု မှတ်တမ်းတင်ထားကြသည်။ မီးခံသေတ္တာကြီးတစ်လုံးကို တွေ့ပြီးဖြစ်၍ တည်နေပုံကို ဓာတ်ပုံရိုက်ကူးကာ၊ တည်နေရာကို မြေပုံလမ်းညွှန်ဆွဲ၍ မှတ်တမ်းတင်ထားပြီးကြောင်းဖြင့် ၁၉၇၇ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် တိုင်တန်းနစ်ရှာဖွေရေး



တိုင်တန်းနစ် သဘော်ကို အနီးကပ် လေ့လာသော ရေငုပ် သဘော်ငယ် အယ်လဗင်


တိုင်တန်းနစ်သဘော်မှ ဆယ်ယူရရှိသော ပစ္စည်းအချို့















သူတေသီအဖွဲ့က ကြေညာသည်။ ယင်းမီးခံသေတ္တာကို သော့ခတ် ထား သည် ဖြစ် ၍ အောက်တိုဘာလ ၂၉ ရက် နေ့တွင် ရုပ် မြင် သံ ကြား ကင်မရာ၏ ရှေ့မှောက်တွင် ဖွင့်လှစ်သည်။ မီးခံသေတ္တာထဲတွင် ရွှေရောင် ပြိတိသျှ ဒင်္ဂါးမျိုးစုံကို တွေ့ရသည်။

တိုင်တန်းနှစ်သဘော်ဝပျက်ကို စူးစမ်းလေ့လာရာတွင် သုံးစွဲသော နော့ဘီ၊ အယ်လဗင်၊ အာဂိုနှင့် ဂျေဂျေ (ဂျာဆင်)ရေယာဉ်ငယ်တို့သည် ရေငုပ်ယန္တရားလုပ်သား (ရေငုပ်စက်ရုပ်) များဖြစ်ကြသည်။ အယ်လဗင်တွင် သဘော်ဝသား သုံးယောက် စီး နင်း လိုက် ပါ နိုင် ပြီး ရေအောက်မှပစ္စည်းများ ကောက်ယူရန် မောင်းတံများ ပါသည်။ တစ်နှစ်လျှင် အကြိမ်ပေါင်း ၁၁၀၀ ရေငုပ်နိုင်သည်။ ရေအနက်ပေ ၁၃,၀၀၀ အထိ ငုပ်နိုင်သည်။ ၁၉၆၄ ခုနှစ်မှစ၍ တိုင်တန်းနှစ်ကို တွေ့ရှိခဲ့သည့် အထိ အကြိမ်ပေါင်း ၁၇,၇၂၂ ကြိမ် ရေငုပ်ခဲ့ပြီးဖြစ်သည်။ အာဂိုနှင့် ဂျာဆင် တို့သည်ပိုမိုအဆင့်မြင့်ပြီး ရေအောက်လေ့လာ တွေ့ရှိချက်များကို ကမ်းပေါ်ရှိ သိပ္ပံပညာရှင်များထံ ဂြိုဟ်တုမှ တစ်ဆင့် ထုတ် လွှင့် ပေး နိုင် သော ရေငုပ်စက်ရုပ်များဖြစ်ကြသည်။ တိုင်တန်းနှစ်သဘော်ဝကို ရှာဖွေတွေ့ရှိခြင်းသည် ဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို အသုံးချသော ရေငုပ်စက်ရုပ်များတီထွင်နိုင်ခြင်းသည်လည်း အဓိကအကြောင်းရင်းတစ်ချက်ပင်ဖြစ်ပေသည်။

ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ (၁၉၇၇)

။ ။ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန် မာ နိုင် ငံ တော်၌လည်းကောင်း၊ နိုင် ငံ တ ကာတွင်လည်းကောင်း သာသနာ့အကျိုး သယ်ပိုးထမ်းရွက်တော်မူရင်း ပျံလွန် တော်မူသွားကြသည့် ရဟန်းတော်များနှင့် နိုင် ငံ ရေး၊ လူမှုရေး၊ စာပေအနုပညာ၊ သိ ပ္ပံ နယ် ပယ် အ သီးသီး၌ ထင်ရှားခဲ့ပြီး ကွယ်လွန်သွားကြသည့် လူ ပု ဂ္ဂိုလ် များရှိသည်။

မြန်မာ

ရဟန်းတော်များ

- ကုမုဒ၊ ဘဒ္ဒန္တ (သက်တော် ၈၂ နှစ်)
  နိုင်ငံတော် သံဃမဟာနာယကအဖွဲဝင်၊ ရော၀တီတိုင်း၊ ကြံခင်းမြို့ ဓမ္မစကြာကျောင်းတိုက် ဦးစီးနာယက။
  (၁၃၄၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅ ရက် နေ့တွင် ပျံလွန်တော်မူသည်။)
- ကေလာသဘိဝံသ၊ ဘဒ္ဒန္တ (သက်တော် ၅၈ နှစ်)
  နိုင်ငံတော်သံဃမဟာ နာယကအဖွဲ၊ တွံဖက်အကျိုးတော်ဆောင်၊ မိတ္ထီလာမြို့ သာ သ နဝေပုလ္လကျောင်းတိုက် ဦးစီးနာယက။
  (၁၃၄၈ ခုနှစ် တပေါင်းလကွယ်နေ့တွင် ပျံလွန်တော်မူသည်။)
- နရသီဟ၊ ဘဒ္ဒန္တ (သက်တော် ၈၀ နှစ်)
  နိုင်ငံတော်ဩ၀ါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ စစ်တွေမြို့ ကျွန်းရုပ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက။
  (၁၃၄၉ ခုနှစ် ကဆုန်လဆုတ် ၉ ရက်နေ့တွင် ပျံလွန် တော်မူသည်။)
- နန္ဒိယ၊ အရှင် (တော်ကူးဆရာတော်) (သက် တော် ၉၇ နှစ်)
  မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးမဟာသဘိပဋ္ဌာန် ကျောင်း ဆရာတော်။
  (၁၃၄၈ ခုနှစ် တန်ခူးလပြည့်နေ့တွင် ပျံ လွန် တော် မူသည်။)
- ပညာဇောတ၊ ဘဒ္ဒန္တ (သက်တော် ၈၃ နှစ်)
  နိုင်ငံတော်ဩ၀ါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်၊ ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက် မဟာ နာယက။
  (၁၃၄၈ ခုနှစ် တပေါင်းလဆန်း ၄ ရက် နေ့ တွင် ပျံလွန်တော်မူသည်။)
- ဓမ္မဝံသ၊ ဘဒ္ဒန္တ (သက်တော် ၉၀ နှစ်)
  နိုင်ငံတော်ဩ၀ါဒါစရိယ၊ ဓ ရာ ဝ တီ တိုင်း ရေ ကြည် (ငါးသိုင်းချောင်းမြို့) ဘုရားကြီးကျောင်းတိုက် ဦးစီး နာယက။
  (၁၃၄၈ ခုနှစ် တပေါင်းလကွယ်နေ့တွင် ပျံလွန်တော် မူသည်။)
- နရသီဟ၊ ဘဒ္ဒန္တ (သက်တော် ၈၀ နှစ်)
  နိုင်ငံတော်ဩ၀ါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ စစ်တွေမြို့ ကျွန်းရုပ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက။
  (၁၃၄၉ ခုနှစ် ကဆုန်လဆုတ် ၉ ရက်နေ့တွင် ပျံလွန် တော်မူသည်။)
- နန္ဒိယ၊ အရှင် (တော်ကူးဆရာတော်) (သက် တော် ၉၇ နှစ်)
  မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ တော်ကူးမဟာသဘိပဋ္ဌာန် ကျောင်း ဆရာတော်။
  (၁၃၄၈ ခုနှစ် တန်ခူးလပြည့်နေ့တွင် ပျံ လွန် တော် မူသည်။)
- ပညာဇောတ၊ ဘဒ္ဒန္တ (သက်တော် ၈၃ နှစ်)
  နိုင်ငံတော်ဩ၀ါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်၊ ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက် မဟာ နာယက။
  (၁၃၄၈ ခုနှစ် တပေါင်းလဆန်း ၄ ရက် နေ့ တွင် ပျံလွန်တော်မူသည်။)

– ပုညာရမ္ဘ၊ ဘဒ္ဒန္တ (သက်တော် ၉၀ နှစ်)
နိုင်ငံတော်ဩဝါဒါစရိယ၊ ကရင်ပြည်နယ် ဘားအံမြို့နယ် ကွင်းကျောင်း၏ ဦးစီးနာယက။
(၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၁ ရက် နေ့ တွင် ပျံလွန်တော်မူသည်။)

– ရေဝတ၊ ဘဒ္ဒန္တ (သက်တော် ၈၈ နှစ်)
နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်မြို့၊ သီရိမင်္ဂလာ မဟာဓမ္မာရုံကျောင်း။
(၁၃၇၉ ခုနှစ် နတ်တော်လပြည့်ကျော် ၈ ရက်နေ့တွင် ပျံလွန်တော်မူသည်။)

– သောဘိတ၊ ဘဒ္ဒန္တ (သက်တော် ၉၇ နှစ်)
နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရခိုင်ပြည်နယ် စစ်တွေမြို့ ဂြစ်တက်ကျောင်းတိုက် ဦးစီးနာယက။
(၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက် နေ့ တွင် ပျံလွန်တော်မူသည်။)

– သောဘိတ၊ ဦး (ရွှေကိုင်းသား) (သက်တော် ၇၆ နှစ်)
စစ်ကိုင်းတောင်ရိုး၊ အနုရုဒ္ဓါရုံချောင်ဆရာတော်။
(၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၄ ရက်နေ့တွင် ပျံလွန် တော်မူသည်။)

– အာသဘ၊ ဘဒ္ဒန္တ (သက်တော် ၇၇ နှစ်)
နိုင်ငံတော်ဩဝါဒါစရိယ၊ ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့ ပါရမီစံကျောင်း၏ ဦးစီးနာယက။
(၁၃၇၉ ခုနှစ် ဝါဆိုလပြည့်ကျော် ၉ ရက် နေ့ တွင် ပျံလွန်တော်မူသည်။)

– ဥတ္တရာဇီဝ၊ ဘဒ္ဒန္တ (သက်တော် ၉၁ နှစ်)
နိုင်ငံတော်ဩဝါဒါစရိယ၊ မွန်ပြည်နယ်၊ ကျဲခြံကျေးရွာ မဟာမေဃဝန်ကျောင်းတိုက် ဦးစီးနာယက။
(၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၅ ရက်နေ့ တွင် ပျံလွန်တော်မူသည်။)

လူပုဂ္ဂိုလ်များ

– ကျော်မောင်၊ ဦး (၆၁ နှစ်)
ဆရာဝန်ကြီး၊ M.B.B.S., F.R.C.S. (Edin) အငြိမ်းစားဆေးညွှန်ကြားရေးမှူးချုပ်။
(၂၅-၉-၀၇ နေ့တွင် ကွယ်လွန်သည်။)

– ခင်မောင်ဒင်၊ ဦး (၅၇ နှစ်)
ပါမောက္ခ၊ ဒဿနိကပေဒဌာန။
(၁၀-၉-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ခင်လတ်၊ ဒေါ် (၆၀ နှစ်)
စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာ၊ အယ်ဒီတာ။
(၂၉-၇-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ခန့်၊ ဦး (ပန်းတနော်) (၇၇ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ၊ အယ်ဒီတာ၊ စာရေးဆရာ။
(၁၉-၁၂-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ချစ်သောင်း၊ ဦး (၀၀ နှစ်)
သီရိပျံချီနှင့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ၊ ယဉ်ကျေးမှု၊ စက်မှုလက်မှု၊ သတ္တုတွင်း အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဟောင်း (အိမ်စောင့်အစိုးရ)။
(၉-၇-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ချန်ထွန်းအောင်၊ ဦး (၀၇ နှစ်)
သရေစည်သူ၊ သတိုးမဟာသရေစည်သူနှင့် နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ၊ တရားရေးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဟောင်း (အိမ်စောင့်အစိုးရ)။
(၁၁-၆-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စု၊ ဦး (၀၆ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ၊ သပိတ်မှောက်ဂျီစီဘီအေ သမ္မတ။
(၁၄-၁၀-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စောဂရယ် ဂရီလှကျော် (၅၄ နှစ်)
မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်၊ သာသနာပိုင် ချုပ် ဆရာတော်ကြီး။
(၆-၁၂-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စံဝင်း၊ ဦး (ကုလားလိန်) (၇၁ နှစ်)
အမျိုးသားစာပေ (ဘာသာပြန်) ဆုရ စာရေးဆရာ။
(၂၅-၉-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စိုးလှိုင်၊ ဦး (၆၇ နှစ်)
ဇေယျကျော်ထင်၊ လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ရ နိုင်ငံတော် ကောင်စီဝင်ဟောင်း။
(၆-၁၁-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စိန်မြင့် (အကယ်ဒမီ) (၄၄ နှစ်)
အကယ်ဒမီဆုရှင်၊ ရုပ်ရှင်မင်းသား။
(၆-၁-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စိန်ဝင်း၊ ဦး (၆၅ နှစ်)
အမျိုးသားစာပေဆုရ စာရေးဆရာ မသုံးလုံးစိန်ဝင်း
(၃-၄-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– စဝ်ဆိုင်မိုင်းမင်းရဲ (၇၄ နှစ်)
အငြိမ်းစားပညာမင်းကြီး (ရှမ်းနှင့်ကယားပြည်နယ်)။
(၁၄-၇-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– တင်အုန်း၊ (ဂီတာ) (၆၃ နှစ်)
တေးပြုစာဆိုနှင့် နိုင်ငံကျော်အဆိုကျော်။
(၁၀-၆-၀၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ထွန်းမင်း၊ ဦး (ဒေါက်တာ) (၈၇ နှစ်)
သီရိပျံချီဘွဲ့ရ၊ အငြိမ်းစား ကျန်းမာရေး အရာရှိချုပ်
ဆရာဝန်ကြီး M.B.B.S., DPH.
(၆-၉-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဒွဝါဇော်လွန်း (၇၇ နှစ်)
သတိုးမဟာသရေစည်သူနှင့် နိုင်ငံ့ဂုဏ်ရည် (ပထမ
ဆင့်) ရ၊ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသူ၊ ကချင်
တိုင်းရင်းသားခေါင်းဆောင်။
(၁၂-၁-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဖော်ယူးခါး၊ ဦး (၇၄ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ၊ နိုင်ငံတော်ကောင်စီဝင်
ဟောင်း။
(၁၂-၈-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဗဆွေ၊ ဦး (၇၃ နှစ်)
လွတ်လပ်ရေးမော်ကွန်းဝင် (ပထမဆင့်) နှင့် နိုင်ငံ့ဂုဏ်
ရည် (ပထမဆင့်)ရ၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း။
(၆-၁၂-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဗလပြန်၊ ဒေါ် (၇၃ နှစ်)
မြန်မာ့ဇာတ်သဘင်ပညာရှင်။
(၉-၂-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘနီ၊ ဦး (ဗိုလ်မှူးကြီး) (၇၅ နှစ်)
သီရိပျံချီဘွဲ့၊ မော်ကွန်းဝင် (ပထမဆင့်)နှင့် နိုင်ငံ့ဂုဏ်
ရည်ဘွဲ့(ပထမဆင့်)ရ၊ အငြိမ်းစားသံအမတ်ကြီး။
(၆-၇-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘဝင်း၊ ဦး (၇၄ နှစ်)
စာရေးဆရာဘဝင်း။
(၄-၉-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘသင်၊ ဦး (၉၂ နှစ်)
ခေတ်ဟောင်း ရုပ်ရှင်ဒါရိုက်တာကြီး။
(၁၇-၉-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘသန်း၊ ဦး (စောင်း) (၈၀ နှစ်)
အလင်္ကာကျော်စွာဘွဲ့ရ ဂီတ(စောင်း) ပညာရှင်ကြီး။
(၆-၆-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဘသန်း၊ ဦး (ဓမ္မိက) (၇၃ နှစ်)
သရေစည်သူ၊ မော်ကွန်းဝင် ဒုတိယဆင့်နှင့် နိုင်ငံ့ဂုဏ်
ရည် (ပထမဆင့်)ရ၊အငြိမ်းစား ဗိုလ်မှူးကြီးနှင့် စာရေး
ဆရာ။
(၁၉-၇-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ရွှေကြိုင်၊ ဦး (၈၁ နှစ်)
နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ၊ အငြိမ်းစားကျောင်းအုပ်
ဆရာကြီးနှင့် ဝန်ကြီးဟောင်း။
(၁၆-၆-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– သျှင်သန်းမေ (၈၅ နှစ်)
စာရေးဆရာကြီး။
(၆-၁၀-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– ဟိန်စွန်း၊ ဦး (၈၅ နှစ်)
ကာတွန်းပညာရှင်နှင့် စာရေးဆရာကြီး။
(၃၀-၇-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

–အောင်ကြည်၊ဗိုလ်မှူး(၅၄ နှစ်) (တက္ကသိုလ်အောင်ဖုန်း)
မြန်မာနိုင်ငံ ဂီတကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ တာမွေမြို့နယ်
စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ။
(၄-၈-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

– အောင်ခင်၊ ဦး (၇၀ နှစ်)
အင်ဂြိမ်းစား ဓာတုဗေဒပါမောက္ခ M.Sc., D.I.C
A.I.C (London)
(၈-၅-၈၇ ရက်နေ့တွင် ကွယ်လွန်သည်။)

နိုင်ငံတကာ

– ကေး,ဒင်နီ (၇၄) နှစ်
ရုရှားဂီတစာဆိုအမည် ၅၇ ခုကို ၃၈ စက္ကန့်အတွင်း
မရပ်မနားရွတ်ပြခြင်းအပါအဝင် ဟာသသရုပ်ဆောင်
ပညာခန်းအမျိုးမျိုးကြောင့် ထင်ရှားသည့်ပြင် ကုလ
သမဂ္ဂ ကလေးသူငယ်များ အရေးပေါ်ရန်ပုံငွေအဖွဲ့
(ယူနက်စကို)၏ ပထမဆုံး ချစ်ကြည်ရေး သံတမန်
အဖြစ် စေတနာ့ဝန်ထမ်း ကူညီဆောင်ရွက်ပေးခဲ့လည်း
ကျော်ကြားခဲ့သည့် အမေရိကန်ဟာသ ရုပ်ရှင်သရုပ်
ဆောင်။

– ကီရှီ,နိုဗူဆူကေ (၉၁ နှစ်)
ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း။

– ကိုမိုဂိုရော့,အန်ဒရေ (၈၄ နှစ်)
ခေတ်သစ် ဖြစ်တန်ရာ အခြေသိအိုရီကို ဖွံ့ဖြိုးစေခဲ့သည့်
ဆိုဗီယက်ထိပ်တန်း သခ်ၤာပညာရှင်။

– ကင်း,ဆဲစီး ဟမ်စဝပ်(၈၆ နှစ်)
ဗြိတိန်နိုင်ငံတွင် စာနယ်ဇင်း ၂၀၀ ကျော်ကို ထုတ်ဝေ
သော အစဉ်အလာကြီးမားသည့် စာနယ်ဇင်းထုတ်ဝေ
ရေးလုပ်ငန်းရှင်။

– ကောင့်ရွေး,ဆေနီ (၅၆ နှစ်)
နိုင်ဂျာနိုင်ငံတွင် ၁၉၇၄ ခုနှစ် ဧပြီလ ၁၅ ရက် နေ့မှ
စ၍ ဟာမာနီ ဒိုင်အိုရီ၏ အစိုးရကို ဖြုတ်ချပြီး ပြုပြင်
ရေး ဝါဒီ အ စိုး ရ ကို ဖွဲ့ စည်း ကာ အုပ်စိုးလာခဲ့သည့်
သမ္မတ။

– ချောင်ဒူရီ,အဘူဆဝယစ် (၆၆ နှစ်)
ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၇၄ ခုနှစ် ဒီဇင်ဘာလ
အထိ လပေါင်း ၂၀ ခန့်သမ္မတတာဝန်ယူခဲ့သူ။

ထင်ရှားသော ကွယ်လွန်သူ ပုဂ္ဂိုလ်များ

– ဂျိုနာသန်,ချို လီဘွား (၇၃ နှစ်)
လီဆိုသိုနိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၆၆ ခုနှစ်မှ ၁၉၈၆ ခုနှစ်ထိ ဦးဆောင်ခဲ့ပြီး အသားအရောင်ခွဲခြားရေးဝါဒကိုပဋိပက္ခလင်းစွာ ဆန့်ကျင်ခဲ့သူ။

– ဆီဂိုဗီယာ,အန်ဒရက်စ် (၉၄ နှစ်)
ဂီတာတူရိယာကို စင်မြင့်တွင် တီးခတ်ဖျော်ဖြေနိုင်သောအဆင့်သို့ မြှင့်ပေးခဲ့သော စပိန်ဂီတပညာရှင်။

– ဒရေပါ,ချား စတာ့ခ် (၈၅ နှစ်)
အပိုလိုအာကာသယာဉ်မူးများ ၁၉၆၉ ခုနှစ်တွင် လပေါ် ဆင်းသက်နိုင်စေရန် ကူညီလမ်းညွှန် ပေးခဲ့သည့် လေကြောင်းပျံသန်းမှု အင်ဂျင်နီယာ။

– ဗရှိုင်း,လူဝိဒပ်ဒီ (၉၅ နှစ်)
မက်စ်ပလန့်၏ ကွမ်တမ်သီအိုရီအကြောင်းကို ကြားနာမိရာမှ အနုစာပေ ပညာရည်ချွန်ဆုကို စွန့်လွှတ်ကာ ရူပဗေဒကိုလေ့လာခဲ့၍ အလင်းလှိုင်း ဂုဏ်သတ္တိများနှင့် အခြေခံအမှုန်တို့အကြား ဆက်စပ်မှုရှိပုံကို ပေ့ဆော်ဦးလေ့လာဖော်ထုတ်နိုင်ခဲ့သည့် ၁၉၂၉ ခုနှစ် ရူပဗေဒနိုဗယ်ဆုရ ပြင်သစ်ရူပဗေဒ ပညာရှင်။

– ပေ့ချ်,ဂျယ် ရယ်ဒင်း (၆၂ နှစ်)
တင်နက်စီ ဝီလျံ၏ ပြဇာတ်များတွင် သရုပ်ဆောင်ရာဌာန အထူးထင်ရှားပြီး ၁၉၈၅ ခုနှစ် အမေရိကန်ရုပ်ရှင်အကယ်ဒမီ(အော်စကာ)ဆုရအမျိုးသမီးသရုပ်ဆောင်။

– ဗရက်တိန်း,ဝေါ်လတာ (၈၅ နှစ်)
၁၉၅၆ ခုနှစ် နိုဗယ်ဆုရ အမေရိကန်ရူပဗေဒပညာရှင်။

– ဘာရိုး,အဲရိုး (၆၇ နှစ်)
ဗာဗေးဒိုးနိုင်ငံဝန်ကြီးချုပ်

– ဘင်နစ်,မိုက်ကယ် (၄၄ နှစ်)
ဘရော့ဝေးသဘင်စင်မြင့်တွင် ၄,၅၅၇ ကြိမ်ထိစံချိန်တင် ဖျော်ဖြေပြီးသည့်တိုင် ပရိသတ်တို့ အားပေးနှစ်ခြိုက်နေဆဲဖြစ်သော "တေးသီချင်းသည်စု" အမည်ရှိ ပြဇာတ်ကို စီစဉ်တင်ဆက်သည့် အကပညာရှင်နှင့် ပြဇာတ်ဒါရိုက်တာ။

– မာဒယ်,ဂွန္နာ (၈၈ နှစ်)
၁၉၇၄ ခုနှစ် နိုဗယ်ဆုရ ဆွစ်လူမျိုး စီးပွားရေးနှင့် လူမှုသိပ္ပံ ပညာရှင်။

– မာဗင်,လီး (၆၃ နှစ်)
၁၉၆၅ ခုနှစ် အော်စကာဆုရ ရုပ်ရှင်အနုပညာရှင်။

– မက္ကလင်း,အလစ္စတဲ (၆၄ နှစ်)
"နဗရွန်းမှအမြောက်များ" နှင့် "အိပ်ချ်အမ်အက်စ် ယူလီးဆီး"တို့အပါအဝင် စစ်နှင့်လျှို့ဝှက်သဲဖိုဝတ္ထုများကို ရေးသား၍ ထင်ရှားသော စကော့တလန်ဖွားအမေရိကန်စာရေးဆရာ။

– မက်ဒဝါး,ပီတာ (၇၂ နှစ်)
၁၉၆၀ ပြည့်နှစ် ဆေးပညာနိုဗယ်ဆုရ အမေရိကန်ဇီဝဗေဒပညာရှင်

– ရောဂျား,စ်,ကားလ်ရန်ဆမ် (၈၅ နှစ်)
အမေရိကန်စိတ်ပညာရှင်။

– ရှာမွန်,ကာမီး (၈၇ နှစ်)
၁၉၅၂ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ လက်ဗန္ဓန်နိုင်ငံသမ္မတဖြစ်ခဲ့သူ။

– လဲဗင်း,ဖိလစ် (၈၇ နှစ်)
ဒေါက်တာ ကားလ်လန်းရှတိုင်းနားနှင့် ဒေါက်တာ အလက်ဇန္ဒား ဗီးနားတို့နှင့်အတူ လူသွေးဆဲလ်ခွဲခြားသိသာစေသော ဝတ္ထုတို့ကို စတင်လေ့လာတွေ့ရှိခဲ့၍ သွေးဆဲလ်နီပျက် ရောဂါကို ဖော်ထုတ် ကုသနိုင်ရန် ၁၉၃၀ ပြည့်လွန်နှစ်များနှင့် ၁၉၄၀ ပြည့်လွန် နှစ်များအတွင်း ရောဂါပြီးစနစ်သုတေသနကို ရှေ့ဆောင်ပြုလုပ်ခဲ့သော ဆေးပညာရှင်။

– လန်ဒန်,အဲလဖရက်အမ် (၁၀၀ နှစ်)
၁၉၃၆ ခုနှစ်က အမေရိကန်သမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတဖရန်ကလင် ဒီရူးစဗဲ့ကို ယှဉ်ပြိုင်ခဲ့ရာ မိန်းနှင့် ဗားမောင့်မှအပ ပြည်နယ်အားလုံးတွင် အရေးနိမ့်ခဲ့သော်လည်း မျက်မှောက်ခေတ်အထိ ရီပတ်ပလစ်ကန်ပါတီခေါင်းဆောင်ပိုင်း၏ လေးစားကြည်ညိုမှု ခံယူရရှိထားသောနိုင်ငံရေးသုခမိန်။

– ဝါးဟိုး,အင်ဒီ (၅၉) နှစ်
အမေရိကန် ပေါ့ပန်းချီပညာရှင်။

– ဟေးဝပ်,ရီတာ (၆၈ နှစ်)
၁၉၄၀ ပြည့်လွန် နှစ်များအတွင်း ထင်ရှားခဲ့သော အမေရိကန် ရုပ်ရှင်မင်းသမီး။

– ဟိုက်ဖက်,ယာရှား (၈၆ နှစ်)
အသက်ခုနစ်နှစ်အရွယ်ကတည်းက တယောတူရိယာကို ပရိသတ်ရှေ့မှောက်တွင် စတင်တီးမှုတ်ဖြေဖျော်လာခဲ့၍ နှစ်ဆယ်ရာစုနှစ်၏ အထူးချွန်ဆုံး တယော ပညာရှင် အဖြစ်ထင်ရှားသူ။

– ဟပ်စတန်,ဂျန် (၈၁ နှစ်)
အမေရိကန်ရုပ်ရှင်ဒါရိုက်တာ။

– အာန်ဒီ,ကျောင် (၇၇ နှစ်)
ဒုတိယကမ္ဘာစစ်အပြီးတွင် အထူးထင်ရှားလာသော ပြင်သစ်ပြဇာတ်စာရေးဆရာ။

– အက်စတဲ့,ဖရက် (၈၈ နှစ်)
အမေရိကန်အကပညာရှင်၊ ပြဇာတ်မင်းသားနှင့် ရုပ်ရှင်သရုပ်ဆောင်။

ထိုင်းနိုင်ငံ ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲ။ ။ ထိုင်းနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်သည် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကျရောက်မည့် ထိုင်းဘုရင်မင်းမြတ်၏ အသက် (၆၀) ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတကာ ဖိတ်ခေါ် ပြေးခုန်ပစ်ပြိုင်ပွဲတစ်ရပ်ကို ဗန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲသို့ ထိုင်းနိုင်ငံအပါအဝင် မြန်မာ၊ တရုတ်ပြည်သူသမ္မတနိုင်ငံ၊ ထိုင်ဝမ်၊ ပြည်ထောင်စုသမ္မတကျွမ်းနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဟောင်ကောင်နှင့် စင်ကာပူနိုင်ငံ စသည်ဖြင့် နိုင်ငံပေါင်း ၁၁ နိုင်ငံတို့မှအားကစားသမား အမျိုးသားဦးရေ ၁၄၀၊ အမျိုးသမီးဦးရေ ၇၀၊ စုစုပေါင်းဦးရေ ၂၁၀ တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲကို ၁၉၇၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ဗန်ကောက်မြို့ရှိ အမျိုးသားအားကစားကွင်းကြီး၌ ဖွင့်ပွဲအခမ်းအနားနှင့်အတူ စတင်ကျင်းပပြုလုပ်ခဲ့ရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး တီအင်ချိုင်ဆီရီဆမ်ဖမ် တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့သည်။

ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲများအတွက် ပြိုင်ပွဲ အမျိုးအစား ၁၈ မျိုး၊ အမျိုးသမီးပြိုင်ပွဲများအတွက် ပြိုင်ပွဲ အမျိုးအစား ၁၅ မျိုး ထည့်သွင်း ကျင်းပပေးခဲ့သည်။ ပြိုင်ပွဲသို့ အရှေ့တောင်အာရှ နိုင်ငံများသာမက အာရှနှင့် ဥရောပမှ ထိပ်သီးအားကစားသမားများပါ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ပြိုင်ပွဲ၏ အဆင့်နှင့် စံချိန်စံညွှန်းများမှာလည်း များစွာ မြင့်မားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြေးခုန်ပစ် အားကစားသမား ၅၈ဦး စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ စိုးမြင့်အောင် (တုတ်ထောက်ခုန်)၊ ရွှေအောင် (မီတာ ၁၅၀၀၊ မီတာ ၅၀၀၀)၊ သင်းသင်းမော် (မီတာ ၂၀၀၊ မီတာ ၄၀၀)၊ မာမာဦး (မီတာ ၂၀၀၊ မီတာ ၄၀၀)၊ မာမာမင်း (မီတာ ၁၅၀၀၊ မီတာ ၃၀၀၀)၊ ခင်ခင်ထွေး (မီတာ ၁၅၀၀၊ မီတာ ၃၀၀၀)၊ စမ်းစမ်းအေး (အလျားခုန်၊ တန်းမြင့်ခုန်) နှင့် အေးအေးမော် (မီတာ ၁၀၀ တန်းကျော်၊ မီတာ ၄၀၀ တန်းကျော်) တို့ နိုင်ငံကို ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲ ပထမနေ့ ဖြစ်သည့် ဇူလိုင်လ ၃၁ ရက် နေ့တွင် ပွဲစဉ်ပေါင်း ၁၆ ပွဲ ကျင်းပခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီး အလျားခုန်၊ အမျိုးသမီး မီတာ ၄၀၀ တန်းကျော်၊ အမျိုးသမီး သမီး မီတာ ၃၀၀၀ နှင့် အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အမျိုးသမီး မီတာ ၃၀၀၀ ပြိုင်ပွဲတွင် ခင်ခင်ထွေးက ပထမဖြင့် ရွှေတံဆိပ် တစ်ခု၊ မာမာမင်းက ဒုတိယဖြင့် ငွေတံဆိပ် တစ်ခု ဆွတ်ခူးရရှိခဲ့သည်။ ခင်ခင်ထွေး၏စံချိန်မှာ ၉ မိနစ် ၂၂ ဒသမ ၃၈ စက္ကန့် ဖြစ်ရာ မာမာမင်း တင်ထားခဲ့သော မြန်မာနှင့် အရှေ့တောင် အာရှစံချိန် ၉ မိနစ် ၃၀ စက္ကန့် ထက် သာလွန်ကောင်းမွန်ခဲ့သည်။ အမျိုးသား မီတာ ၅၀၀၀ ပြိုင်ပွဲတွင် တရုတ်ပြည်သူသမ္မတနိုင်ငံက ပထမ ရွှေတံဆိပ် ရရှိပြီး မြန်မာနိုင်ငံမှ ရွှေအောင်က ဒုတိယ ငွေတံဆိပ် ရရှိသည်။

ပြိုင်ပွဲ ဒုတိယနေ့ဖြစ်သည့် ဩဂုတ်လ ၁ ရက်နေ့တွင် ပွဲစဉ်ပေါင်း ၁၇ ပွဲ ကျင်းပခဲ့ရာ မြန်မာနိုင်ငံက ပြိုင်ပွဲ ခုနစ် မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ သင်းသင်းမော် က ပထမ ရွှေတံဆိပ်၊ မာမာဦးက ဒုတိယ ငွေတံဆိပ်၊ အမျိုးသမီး အလျားခုန် ပြိုင်ပွဲတွင် မာမာဦးက ဒုတိယ ငွေတံဆိပ်၊ အမျိုးသမီး မီတာ ၂၀၀ ပြိုင်ပွဲတွင် မာမာဦး က ဒုတိယ ငွေတံဆိပ်၊ အမျိုးသမီး မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ခင်ခင်ထွေးက ဒုတိယ ငွေတံဆိပ်၊ အမျိုးသား မီတာ ၁၅၀၀ ပြိုင်ပွဲတွင် ရွှေအောင်က တတိယ ကြေးတံဆိပ် အသီးသီး ရရှိကြသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံအနေဖြင့် ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် တစ်ခု၊ ဆွတ်ခူးရရှိရာ ပြိုင်ပွဲဝင်နိုင်ငံပေါင်း ၁၁ နိုင်ငံ အနက် စတုတ္ထအဆင့် ရရှိခဲ့သည်။

ပြိုင်ပွဲတွင် နိုင်ငံအလိုက် ရရှိကြသော ဆုတံဆိပ်များမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

အမှတ်စဉ်	နိုင်ငံ	ရရှိသောဆုတံဆိပ်			စုစုပေါင်း
		ရွှေ	ငွေ	ကြေး	
၁	တရုတ်ပြည်သူသမ္မတနိုင်ငံ	၁၄	၅	၁	၂၀
၂	ထိုင်ဝမ်	၀	၅	၁၆	၂၉
၃	ပြည်ထောင်စုသမ္မတကျွမ်းနိုင်ငံ	၄	၅		၉
၄	မြန်မာ	၂	၅	၁	၈
၅	ကူဝိတ်	၂	၃	၃	၈
၆	ထိုင်း	၁	၅	၄	၁၀
၇	ကိုရီးယားသမ္မတနိုင်ငံ	၁	၄	၃	၈
၈	ဂျပန်	၁	၁	၁	၃
၉	မလေးရှား			၂	၂
၁၀	ဟောင်ကောင်			၁	၁
၁၁	စင်ကာပူ			၁	၁

ဒရေပါ, ချားလ်စ် စတာ့ခ် (ခရစ် ၁၉၀၁ – ၁၉၇၇) ။ ။ရေယာဉ်များ၊ လေယာဉ်များနှင့် ဒုံးပျံယာဉ်များအတွက် သွားလာရေးနှင့် ထိန်းကြောင်းရေးစနစ်များကို ရှေ့ဆောင်တီထွင်ပေးခဲ့သည့် လေယာဉ် စက်မှုပညာရှင် ချားလ်စ် စတာ့ခ် ဒရေပါကို အမေရိကန် ပြည်ထောင်စု မစ်ဇူရီပြည်နယ် ဝင်ဆာမြို့၌ ၁၉၀၁ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် မွေးဖွားခဲ့သည်။ ငယ်စဉ်က မစ်ဇူရီပြည်နယ်တက္ကသိုလ်၊ စတန်းဖို့တက္ကသိုလ်နှင့် မက်ဆာချူးဆက်ပြည်နယ် စက်မှုတက္ကသိုလ် (အမ်အိုင်တီ) တို့တွင် ပညာဆည်းပူးခဲ့သည်။ ၁၉၃၀ ခုနှစ်တွင် အမ်အိုင်တီ၌ အချိန်ပြည့်ပါမောက္ခဖြစ်လာပြီး အသုံးချကိရိယာစမ်းသပ်ခန်း၏ အကြီးအကဲအဖြစ်လည်း တာဝန် ယူခဲ့ရသည်။ စစ်သင်္ဘောတွင် တပ်ဆင်သော လေယာဉ်ပစ် အမြောက်အတွက် မတ် ၁၄ ပစ်ကွင်းရှာချိန်တိုင်စနစ်ကို ယင်းစမ်းသပ်ခန်းတွင် တာဝန် ထမ်းဆောင်စမှာပင် တီထွင်ခဲ့သည်။ ဂျိုင်ရိုစကုပ်များနှင့် အထိုင်းရိတာများကို အသုံးပြုခြင်းအားဖြင့် ပိုမိုထိရောက်သော ယင်းမတ် ၁၄ စနစ်ကို ဒုတိယကမ္ဘာစစ်ကြီးအတွင်း အမေရိကန် ရေတပ်သင်္ဘောများ၌ အသုံးပြုခဲ့ကြသည်။

ယင်းမတ် ၁၄ စနစ် အောင်မြင်မှုကြောင့် တစ်အားတက်လာသော ဒရေပါသည် ဂျိုင်ရိုစကုပ် သဘောအားဖြင့် ထိန်းကြောင်းသော ဗုံးကြဲစနစ်ကို ပိုမိုရှု ထိချက်မှန်ကန်အောင် သုတေသနပြုပေးခဲ့သည်။ နောက်ပိုင်းတွင် တာဝေးပစ်ဒုံးပျံများ ပေါ်ပေါက်လာသောအခါ ဒရေပါသည် အီနားရှားအရ ထိန်းကြောင်းစနစ်ကို အသုံးပြုနိုင်စေရန် ကြိုးပမ်း တီထွင်ပေးခဲ့သည်။ ထို့ကြောင့် ဂျက်တိုက်လေယာဉ်များတွင် အသုံးပြုနိုင်သည့် အေ–၁ စီရေဒါချိန်တိုင် စနစ်ကို ထပ်ဆင့် တီထွင်နိုင်ခဲ့ပြန်သည်။ ကွန်ပျူတာအကူအညီဖြင့် ယင်းအေ–၁ စီ စနစ်ကို အသုံးချခြင်းကြောင့် လေယာဉ်ပေါ်မှပစ်ခတ်မည့် လက်နက်ကြီးသည် အလိုအလျောက် ပစ်မှတ်ချိန်ရွယ်နိုင်သည့်အပြင် ပစ်ခတ်ရမည့်အချိန်တွင် လေယာဉ်မှူးအား အချက်ပေးသည်။

ဒရေပါသည် ၁၉၅၁ ခုနှစ်တွင် အမ်အိုင်တီ တက္ကသိုလ် လေကြောင်းပညာဌာန၏ အကြီးအကဲ ဖြစ်လာသည်။ အီနားရှားအရ လေယာဉ်သွားလာသည့် စနစ်ကို နေထုအလိုက် အီနားရှားအညွှန်း ကိရိယာ (အက်စ်ပီ အိုင် အာအီး) ဟုခေါ်တွင်သည်။ ယင်းကိရိယာကို ၁၉၅၃ ခုနှစ်တွင် စမ်းသပ်ကြည့်ရာ အောင်မြင်ခဲ့သည်။ ယင်းစနစ်ကြောင့် လေယာဉ်သည် ရေဒီယိုနှင့် အာကာသဝတ္ထုများတည်နေပုံတို့ကဲ့သို့သော ပြင်ပရှိအထောက်အကူပြု ပစ္စည်းများကို ရည်ညွှန်းကိုးကားရန် မလိုဘဲ မိုင်ပေါင်းထောင်ချီဝေးကွာသော အရပ်သို့ ပျံသန်းနိုင်လာခြင်း ဖြစ်သည်။

ဒရေပါသည် ၁၉၅၄ ခုနှစ်တွင် အီနားရှားစနစ်သုံးသင်္ဘောသွားလာရေးစနစ် (အက်စ် အိုင် အင် အက်စ်)ကို တီထွင်ခဲ့သည်။ တစ်ဖန် ယင်းစနစ်ကိုပင် ပိုမို ထိရောက်ကောင်းမွန်ရန်နှင့် ဝန်ကျဉ်းသွားစေရန် မွမ်းမံ ပေးခဲ့ခြင်းကြောင့် အမေရိကန် ပြည် ထောင် စု အ တွက် ပိုလာရစ် ဒုံးကျည်အပါအဝင် ပဲ့ထိန်းဒုံးကျည်များတွင် အသုံးချနိုင်စေခဲ့သည်။ ပိုလာရစ်ရေငုပ်သင်္ဘောအတွက် ထိန်းကြောင်းမှုစနစ်ကို မွမ်းမံပေးခဲ့ရာ ငုပ်နေသည်ဖြစ်စေ၊ ရေပေါ်ရောက်နေသည်ဖြစ်စေ ရေငုပ်သင်္ဘော ရောက်ရှိနေသော နေရာအနေအထားကို သိနိုင်သည့်စနစ်ကို အသုံးချနိုင်စေခဲ့သည်။ ဒရေပါ တီထွင်သော ယန္တရားစနစ်များသည် အမေရိကန်၏အဓိကကျသော နျူကလီးယားထိုးစစ်လက်နက်များ တီထွင်ရေးကို အထောက်အကူပြုပေးခဲ့သည်ဟု ဆိုသည်။ ထို့ပြင် လပေါ်တွင် လူသား သက်ဆင်းနိုင်စေခဲ့သည့် အပိုလိုစီမံကိန်းအတွက် အာကာသယာဉ် ထိန်းကြောင်းရေးစနစ်ကိုလည်း ဒရေပါဦးဆောင်သော ပညာရှင်တစ်စုက တီထွင်ပေးခဲ့သည်။ ဒရေပါသည် ပစ္စည်းကိရိယာ ထုတ်လုပ်ရေး အင်ဂျင်နီယာပညာဟူသောကျမ်းကို ၁၉ လျှို့ မက်ကေးနှင့် အက်စ်လီးတို့နှင့် တွဲဖက်၍ ရေးသားပြုစုခဲ့ရာ ၁၉၅၂–၅၅ ခုနှစ်ကာလအတွင်း သုံးတွဲထုတ်ဝေခဲ့သည်။

ထင်ရှားသော လေကြောင်း အင်ဂျင်နီယာပညာရှင် ချားလ်စ် စတာ့ခ် ဒရေပါသည် ၁၉၈၇ ခုနှစ် ဩဂုတ်လ၌ ကွယ်လွန်သည်။

ဒူဝါဇော်လွန်း (ခရစ် ၁၉၁၀–၁၉၈၇) ။ ။နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) နှင့် သတိုးမဟာသရေစည်သူဘွဲ့ရ ဒူဝါဇော်လွန်းကိုဗန်းမော်ခရိုင်၊ယခင်စိန်လုံတောင်တန်းပိုင် ယခုမိုးမောက်မြို့နယ် ကျရှိချောင်း မြစ်ဖျားခံရာ "ဘွမ်ဝါ" ရွာသစ်၏အရှေ့ဘက် ငါးမိုင်ခန့်အကွာရှိ "ဘန်ဟုတ်" ရွာ၌ အဖ ဘန်ဟုတ် နယ်စား ဒူဝါဇော်ယောင်နှင့် အမိ ဒူဂျန်လတော် မန္နား နှစ်ခါးတို့က ခရစ် ၁၉၁၀ ပြည့်နှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းခုနစ်ယောက်အနက် ဒုတိယမြောက်သားဖြစ်သည်။

၁၉၁၈ ခုနှစ်မှစ၍ ဘန်ဟုတ်ရွာ နှစ်ခြင်း သာသနာပြု ကျောင်းဆရာကြီး ဒွမ်ဖောင်းခါးလီထံတွင် ပညာ စတင်သင်ကြားသည်။ တတိယတန်း အောင်မြင်ပြီး ၁၉၂၃ ခုနှစ်တွင် ပန်မူနှစ်ခြင်း သာသနာပြု ကျောင်းသို့ ပြောင်းရွှေ့သင်ကြားသည်။ ထို့နောက် အင်္ဂမတန်း အောင်မြင်သည် အထိ အောဘီအမ် ကျောင်းတွင် ပညာဆည်းပူး ခဲ့သည်။ တစ်ဖန် ၁၉၂၉ ခုနှစ်တွင် မော်လမြိုင်၊ အစိုးရ နော်မန် ကျောင်းတွင် နဝမတန်းမှ ဒသမတန်းအထိ ဆက်လက်



နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)ရ သတိုးမဟာသရေစည်သူ ဒူဝါဇော်လွန်း

သင်ကြားခဲ့သည်။ ၁၉၃၁ ခုနှစ် မြန်မာ ၁၀ တန်း စတင် သင်ကြားသည့်နှစ်တွင် ကချင်အမျိုးသားထဲမှ ပထမဦးဆုံး သင်ကြားခြင်း ခံရသူဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် မန္တလေး အစိုးရ နော်မန်ကျောင်းသို့ ပြောင်းရွှေ့ပြီး ၁၀ တန်းနှင့် ဆရာဖြစ်ကို သင်ကြားအောင်မြင်ခဲ့သည်။

၁၉၃၄ ခုနှစ် မေလ ၁၅ ရက်နေ့မှစ၍ ဗန်းမော် အောဘီ အမ်ကျောင်းတွင် အထက်တန်းပြဆရာအဖြစ် ဝင်ရောက် လုပ်ကိုင်၍ မြန်မာစာနှင့် သခ်ၤာဘာသာကို သင်ကြား ပို့ချသည်။ ထို့နောက် ၁၉၃၆ ခုနှစ်တွင် ယင်းကျောင်း၏ ကျောင်းအုပ်အဖြစ် တိုးမြှင့်ခန့်ထားခြင်း ခံရသည်။

ဒူဝါဇော်လွန်းသည် ရန်ကုန် တိတိစိကျောင်းထွက် ဆရာမ မလင့်မ်ခေါ်လွမ်းနှင့် ၁၉၄၁ ခုနှစ် ပြေလတွင် လက်ထပ်သည်။ သားသုံးယောက်၊ သမီးလေးယောက် ထွန်းကားခဲ့သည်။

၁၉၄၆ ခုနှစ်တွင် ဗန်းမော်ခရိုင် ကချင်တောင်တန်း ဒေသ အုပ်ချုပ်ရေးအဖွဲ့၌ ဒူဝါဇော်လွန်းအား အတွင်း ရေးမှူးအဖြစ် ခန့်ထားခဲ့သည်။ ယင်းအဖွဲ့သည် အင်္ဂလိပ် အစိုးရ၏ အုပ်ချုပ်ရေးကို ပံ့ပိုးသော အဖွဲ့ဖြစ်သော်လည်း၊ ဒူဝါဇော်လွန်းသည် ကချင်အမျိုးသားများအား စည်းရုံး ပြီး လွတ်လပ်ရေးတိုက်ယူရန် လှုံ့ဆော်ခဲ့သည်။ ၁၉၄၆ ခု နှစ် ဇန်နဝါရီလတွင် မြစ်ကြီးနားမြို့၌ ကျင်းပသည့်ဖက်ဆစ် တော်လှန်ရေး အောင်မြင်သည့်အထိမ်းအမှတ် မနောပွဲ ကြီး ဖြစ်မြောက်ရန် ဗန်းမော်ခရိုင်ရှိ ကချင်အမျိုးသားထု တစ်ရပ်လုံးကို လှုံ့ဆော်စည်းရုံးခဲ့သည်။ ထိုမနောပွဲကြီးမှ တစ်ဆင့် ဒူဝါဇော်လွန်းသည် အနယ်နယ် အရပ်ရပ်မှ ရောက်ရှိလာသော ကချင်လူထုတစ်ရပ်လုံးကို လွတ်လပ် ရေးတိုက်ပွဲ ဆင်နွှဲရန် တပ်လှန့်လှုံ့ဆော်ခဲ့သည်။

၁၉၄၆ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသော ပထမ အကြိမ် ပင်လုံ ညီလာခံသို့ လည်းကောင်း၊ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပသော ပင်လုံညီလာခံ ကြီးသို့လည်းကောင်း ကချင်အမျိုးသား ကိုယ်စားလှယ် အဖြစ် တက်ရောက်ပြီး၊ တိုင်းရင်းသား စည်းလုံးညီညွတ် ရေး သဘောတူစာချုပ် (ပင်လုံစာချုပ်) ချုပ်ဆိုရာတွင် ပါဝင်ခဲ့သည်။


၁၉၄၇ ခုနှစ်တွင် ပြူလုပ်သော ရီးစ်ဝီလ်ဖ် **REES WELLIAN** ဦးဆောင်သည့် လွတ်လပ်ရေးနှင့် စပ်လျဉ်း၍ ကချင်အမျိုးသားများ သဘောထား စုံစမ်းရေးကော်မရှင် တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီး၊ ကချင်အမျိုးသား ထု တစ်ရပ်လုံး၏ သဘောထား အမြင် စာတမ်းကို တင်သွင်းခဲ့သည်။

ထို့ပြင် အနာဂတ် လွတ်လပ်သော မြန်မာနိုင်ငံကို မည်သို့မည်ပုံ ဖွဲ့စည်းအုပ်ချုပ်မည့် အခြေခံဥပဒေရေးဆွဲရန် ကချင်အမျိုးသား လွတ်တော်ကိုယ်စားလှယ် စေလွှတ်ရာ၌ ဒူဝါဇော်လွန်း ပါဝင်ခဲ့သည်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကချင်ပြည်နယ် အစိုးရ ဖွဲ့စည်းသောအခါ ဒူဝါဇော်လွန်းသည် ကချင် ပြည်နယ် အစိုးရ၏ အခွန်တော်နှင့် ဘဏ္ဍာရေးဝန်ကြီး အဖြစ် တင်မြှောက်ခြင်းခံရသည်။ ၁၉၅၁ ခုနှစ် သြဂုတ်လ ၃ ရက်နေ့မှစ၍ ကချင်ပြည်နယ်ဥက္ကဋ္ဌအဖြစ် ဆက်လက် ဆောင်ရွက်ခဲ့သည်။

သတိုးမဟာသရေစည်သူနှင့် နိုင်ငံ့ဂုဏ်ရည် (ပထမ ဆင့်) ရ ဒူဝါဇော်လွန်းသည် ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဗန်းမော်မြို့၌ ကွယ်လွန်သည်။

ဒိုင်နိုဆော ။ ။(မြန်မာ့စွယ်စုံကျမ်း အတွဲ ၅၊ စာ၊ ၃၁၃—၌။) အင်္ဂလိပ်လူမျိုး ဆရာဝန်နှင့် အပျော်တမ်း ကျောက်ဖြစ် ရုပ်ကြွင်းစုဆောင်းသူ ဂစ်ဒီယွန်မင်တဲ၏ဇနီး မေရီ အန်မင်တဲက ၁၈၂၂ ခုနှစ်တွင် ဒိုင်နိုဆော ရုပ်ကြွင်း ကို ပေဒေါ်ဦး စတင်တွေ့ရှိခဲ့သည်။ ဩနစ်သစ္စဓိအာ ဒိုင်နိုဆော မျိုးစဉ်မှ အီဂွာနိုဒန် ရွက်စားဒိုင်နိုဆော၏ သားနှင့် အရိုးအစအန အနည်းငယ်ကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။ တွေ့စကမူ ကြွံကြီးတစ်ကောင်၏ အရွယ်ရှိ တွားသွား သတ္တဝါတစ်မျိုးဟုသာ ထင်မှတ်ခဲ့သည်။ ၁၈၄၁ ခုနှစ်ဝန်းကျင်တွင် ဒိုင်နိုဆော အများအပြား၏ အရိုးနှင့် သွားများကို တွေ့ရှိရသောအခါမှ ဗြိတိသျှ ခန္ဓာဗေဒ ပညာရှင် ရစ်ချတ် အိုဝင်က ယင်းရုပ်ကြွင်းများသည် ဒိုင်နိုဆော(ကြောက်ဖွယ်ကောင်းသောဖွတ်)ဟုခေါ်ထိုက် သည့် သတ္တဝါကြီးများ၏ ရုပ်ကြွင်းဖြစ်သည်ဟု မှတ်ချက် ချခဲ့သည်။ ဒိုင်နိုဆောကောင်တို့သည် လွန်ခဲ့သော နှစ် ပေါင်း ၂၂၅ သန်းမှ သန်း ၆၅၀ အတိ (ခရီးတေးရှုပ်



အမေရိကန်ပြည်ထောင်စု ကော်လိုရာဒိုပြည်နယ်တွင် ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်း သိုက်တစ်သိုက်ကို သုတေသနပညာရှင်တစ်ဦး လေ့လာနေပုံ

ယုဂ်အတွင်း)လှုပ်မိုးခဲ့သော တွားသွားသတ္တဝါကြီးများဖြစ်ကြသည်။ ဒုတိယကပ် (Mesozoic) ခေါ် တွားသွားသတ္တဝါခေတ်မှ တတိယကပ် (Cenozoic) ခေါ် နွေတိုက် သတ္တဝါခေတ်သို့ ကူးပြောင်း ရောက်ရှိချိန် တစ်နည်းအားဖြင့် ခရီးတေးရှပ်ယုဂ် ကုန်ဆုံးခါနီး အချိန်တွင် ဒိုင်နိုဆောများ ရုတ်တရက် မျိုးတုံး သွားခဲ့ကြသည်။ ထိုသို့ ရုတ်တရက် မျိုးတုံးသွားခြင်း၏ အကြောင်းရင်းကို သိပ္ပံပညာရှင်တို့ ဘက်စုံထောင့်စုံမှ လေ့လာနေကြရာ ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း ထင်ရှားသော ကြံဆချက်မှာ ကမ္ဘာမြေပြင်ကို ရောမ ကြယ်တံခွန် သို့မဟုတ် ဥက္ကာခဲတစ်ခုခု ဝင်ဆောင့်ခြင်းကြောင့် ဖြစ်မည်ဟူသော ကြံဆချက်ပင် ဖြစ်သည်။

ကြံဆချက်၏အစ

လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းဝန်းကျင်က အချင်းခြောက်မိုင်ခန့် အရွယ်ရှိ ကြယ်တံခွန် ဖြစ်စေ၊ ဥက္ကာခဲ ဖြစ်စေ တစ်နာရီလျှင် မိုင်ပေါင်း ၃၀,၀၀၀ အမြန်နှုန်းဖြင့် ဆင်းသက်ခဲ့သည်။ ကမ္ဘာ့မျက်နှာပြင်၌ အနက် ၁၅ မိုင်မှ မိုင် ၂၀၊ အကျယ် မိုင် ၁၀၀ အရွယ်ရှိ တွင်းကြီး တစ်တွင်း ဖြစ်သွားစေသည်။ မီဂါတန် သန်း ၁၀၀ နှင့် ညီသော ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားသည်။ ကျောက်ရည်ပူနှင့် ဖုန်မှုန့်များဖြင့် ဖွဲ့သော ရောမ တိမ်တိုက်ကြီးက ကမ္ဘာလေထုအတွင်း ဖြန့်ကြက် နေရာယူသည်။ တစ်ကမ္ဘာလုံး မှောင်အတိကျသည်။ အပူချိန် သိသိသာသာ ကျဆင်းသည်။ အလင်းစုဖွဲ့ခြင်းဖြင့် အစာချက်၍ မရနိုင်တော့သဖြင့် အပင်တို့ သေကုန်သည်။ ရွက်စားမျိုး သတ္တဝါတို့ဦးစွာမျိုးတုံးပြီးလျှင် ရွက်စား ကောင်များကို ဖမ်းယူစားသောက်တတ်သော သားစားမျိုးသည်လည်း နောက်ဆုံး၌ တဖြည်းဖြည်း မျိုးတုံးသွားသည်။ ကမ္ဘာပေါ် ရှိ သစ်ပင်နှင့် တိရစ္ဆာန်မျိုးစိတ်အားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ပျက်သုဉ်းသွားခဲ့ကြသည်။ ဤကား ကြံဆချက်၏ လိုရင်းတည်း။

ယင်းကြံဆချက်ကို ကာလီ ဖိုးနီးယား တက္ကသိုလ်လောရင် ဘဉ်ကလီ စမ်းသပ်ခန်းမှ ၁၉၆၈ ခုနှစ် နိုဗဲဆုရရှုပဗေဒပညာရှင် လူးဝစ် ဒဗလျူ အဲလဗရက်နှင့် သားဖြစ်သူ ဘူမိရှုပဗေဒပညာရှင် ဝေါလတာ အဲလဗရက်တို့ဦးဆောင်သော အမေရိကန် သိပ္ပံပညာရှင် တစ်စုက ၁၉၇၉ ခုနှစ်တွင် စတင်၍ ဖော်ထုတ်ခဲ့ကြသည်။ အီတလီနိုင်ငံ ဂပ်ဗီယာမြို့အနီးရှိ ထုံးကျောက်လွှာများတွင် ခရီးတေးရှပ်ယုဂ်၏အဆုံးနှင့် တားရှရီ (တတိယယုဂ်) ၏ အစကို ပိုင်းဆစ် လေ့လာနိုင်သောနယ်ခြားစည်း အထင်အရှားရှိသည်။ ဝေါလတာ အဲလဗရက်သည် ယင်းနယ်ခြားစည်းရှိ လက်မဝက်ခန့်ထူသော ရွှံမည်းလွှာတစ်လွှာကို လေ့လာကြည့်ရာ ယင်းအလွှာ၏ အောက်တွင် ဖိုရာမီနီဖဲရာဟု ခေါ်သော အခွံမာ ပင်လယ်သတ္တဝါတို့၏ ရုပ်ကြွင်း အများအပြား ရှိလင့်ကစား ယင်းအလွှာ၏ အထက်တွင်ကား မည်သည့် သက်ရှိရုပ်ကြွင်းမျှ မတွေ့ရချေ။ အဲလဗရက်တို့ သားအဖသည် ဂပ်ဗီယာမှရလာသော ကျောက်သား နမူနာတို့ကို ရှုထွေးနိုင်းယှဉ် ခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ သိပ္ပံပညာရှင်များသည် သန်းပေါင်း ၁၀၀,၀၀၀ အပုံပုံလျှင် တစ်ပုံမျှသာ တွေ့ရတတ်သော ရှားပါးဒြပ်စင်များ ရှိ မရှိကို ယင်းခွဲခြမ်းစိတ်ဖြာခဲ့ကြသည်။ ဂပ်ဗီယာကျောက်သား နမူနာ၌ ဒြပ်စင် ၂၀ မျိုးခန့် ဖွဲ့စည်းနေကြောင်း တွေ့ရသည့်အနက် ထူးခြားသော ဒြပ်စင်မှာ အီရစ်ဒီယမ်ပင် ဖြစ်သည်။ အီရစ်ဒီယမ်သည် ကမ္ဘာ့အပေါ်ယံမြေလွှာတွင် တွေ့ရခဲသည့်ပြင် ညက္ကာခဲနှင့် ကြယ်တံခွန်များ ကဲ့သို့သော အာကာသ ဝတ္ထုများ၏ ဝတ်ဆံပိုင်းတွင် ကြွယ်ဝသော ဒြပ်စင်ဖြစ်သည်။ ဂပ်ဗီယာကျောက်သားနမူနာထဲက ရွှံမည်းလွှာထဲတွင် ယင်းနှင့် ထိစပ်နေသော အထက်နှင့်အောက် ထုံးကျောက်လွှာထဲမှာထက် အီရစ်ဒီယမ် အဆပေါင်း ၆၀၀ မျှ ပို၍ တွေ့ရသည်။ အလားတူပင် ဒိန်းမတ်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ရှိ ခရီးတေးရှပ်ယုဂ် – တတိယယုဂ် နယ်ခြားစည်း ဒဏ်သီးသီး၌လည်း ယင်းသဲလွန်စကို တွေ့ရသည်။

ဆန့်ကျင်ချေပချက်များ

အီရစ်ဒီယမ်သည် လွန်ခဲ့သောနှစ် သန်းပေါင်း ၄,၅၀၀ ခန့်ကတည်းက သံနှင့်ရောရှိ၍ ကမ္ဘာ့ကျောက်ရည်ပူအတွင်း စိမ့်ဝင်သွားခဲ့ပြီဖြစ်၍ ပြင်းထန်သော မီးတောင် ပေါက်ကွဲမှုများဆက်တိုက်ဖြစ်ပွားလျှင်လည်း ချော်ရည်တွင် ပါလာကာ ရွှံမည်းလွှာထဲ၌ အီရစ်ဒီယမ် ရောက်နိုင်သည်ဟု တင်ပြကာ အဲလဗရက်တို့၏ကြံဆချက်ကို တိုက်ခိုက်သူများလည်း ရှိသည်။ အီရစ်ဒီယမ်သည် အခြိန်တို အတွင်း အနည်မထိုင်နိုင်။ ထိုသို့ အနည်ကျရန်မှာ နှစ်ပေါင်း ၁၀,၀၀၀ မှ ၁,၀၀,၀၀၀ ထိ ကြာမည်ဟု ထောက်ပြသူလည်း ရှိသည်။ အခြို့ကမူ ယင်းရွှံမည်းလွှာသည်ပင်လျှင် အီရစ်ဒီယမ်တို့ တဖြည်းဖြည်း အနည်အနှစ် အဖြစ်ဖွဲ့စည်းလာရာမှဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုကြသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းကဖြစ်ပေါ်ခဲ့သည်ဆိုသော ညက္ကာတွင်း ချိုင့်ကြီးဟူ၍ တစ်ချိုင့်မျှ မတွေ့ရသေးဟူ၍ တင်ပြသူလည်း ရှိသည်။ က မ္ဘာ့ မြေမျက် နှာ ပြင်၏ ၇၀ ရာခိုင်နှုန်းကို လွှမ်းနေသော သမုဒ္ဒရာ ကြမ်း ပြင် ပေါ် ၌ ယင်းတွင်းချိုင့်ကြီး ရှိခဲ့ကောင်း ရှိခဲ့မည်ဖြစ်ပြီး သမုဒ္ဒရာကြမ်းပြင်၏ ၂၀ ရာခိုင်နှုန်းသည် ကမ္ဘာ့အပေါ်ယံ မြေလွှာဖြစ်သော ဆောမ မြေချပ်လွှာများ ရွေ့ လျား မှု ကြောင့် အနေအထား ပျက်ယွင်းကုန်ခဲ့ခြင်းကြောင့် ယင်း တွင်း ချိုင့်ကြီးကို တွေ့ကောင်းမှ တွေ့မည်ဟူ၍ အဲလဗရက် တို့က ချေပသည်။ ဒိုင်နိုဆော လေ့လာမှု နယ်ပယ်တွင် နှံ့စပ်သူအဖြစ် ထင်ရှားသော ဝီလျံ အေ ကလီမန်းစ်ကမူ မှန်တာနာ အရှေ့ပိုင်းရှိ ရှေးခေတ်က ချောင်းများကြောင့် အနည်အနှစ် ကုဗပေ ရာပေါင်းများစွာ ကျခဲ့သည့်နေရာ၌ အနှောင်းဆုံး ဒိုင်နိုဆော အရိုးကို အထောက်အထား အဖြစ် ပြကာ ခရီးတေးရှပ်ယုဂ် နှောင်းပိုင်း မတိုင်မီကပင် ဒိုင်နိုဆောကောင်တို့ မျိုးတုံးနှင့်ပြီး ဖြစ်သည်ဟု တင်ပြခဲ့ပြန်သည်။ ယင်းအရိုးကို အီရစ်ဒီယမ် ကြွယ်သည့် အလွှာ၏အောက် ခြောက်ပေခန့်တွင် တူးဖော်ရရှိခဲ့ခြင်းကြောင့် အီရစ်ဒီယမ် အနည်မကျမီ အနည်းဆုံး နှစ်ပေါင်း ၂၅,၀၀၀ ခန့်ကပင် ဒိုင်နိုဆောကောင်တို့ မျိုးတုံးနှင့်ပြီးဖြစ်သည်ဟု တွက်ဆပြသည်။

ထောက်ခံချက်များ

အဲလဗရက်တို့၏ ကြံဆချက်သည် ဆန့်ကျင် ဝေဖန်မှုများ ရှိနေသည့်ကြားမှ ထောက်ခံချက်များလည်းရလျက် ရှိသည်။ ကမ္ဘာပေါ်တွင် ခရီးတေးရှပ်ယုဂ် –တတိယယုဂ်၊ နယ်ခြားစည်းကို အပြည့်အစုံတွေ့ရသော နေရာ ၇၅ နေရာတွင် ၇၄ နေရာ၌ အီရစ်ဒီယမ် ကြွယ်ဝလျက်ရှိကြောင်း ၁၉၇၅ ခုနှစ်ထိ လေ့လာတွေ့ရှိထားသည်။ ယင်းနယ်ခြားစည်းမှ ရွှံလွှာထဲတွင် သတ္တုအလေးစား တစ်မျိုးဖြစ်သော အော့စမီယမ်၏ အိုင်ဆိုတုပ် အတော်အတန် ပါဝင် နေကြောင်း တွေ့ရသည်ဟု ၁၉၇၃ ခုနှစ်တွင် ယေးဘက္ကသိုလ် ဘူမိဓာတုပညာရှင် ကား ကေ တာရက်ကီယင်က ကြေညာသည်။ ယင်း အိုင်ဆိုတုပ်ကို က မ္ဘာ့ ကျောက် သားအမျိုးစုံ၌ မတွေ့ရ၊ အာကာသ ဝတ္ထုထဲ၌သာ ကြွယ်ဝသည်ဟု ဆိုကြသည်။ ယင်းရွှံလွှာထဲတွင် အလွန် သေးငယ်သော ဖန်လုံးလေးများနှင့်တူသော မိုက်ခရိုတက်တိုက်စ်များကို တွေ့ရခြင်းသည်လည်း အထောက်အထား

သစ် တစ်ရပ်ဖြစ်သည်။ ၎င်းတို့သည် ဥက္ကာခဲသက်ရောက်စဉ် ဖြစ်ပေါ်လာသော အပူရှိန်ကြောင့် အ ရည် ပျော် သွား သည့် ကျောက် သား မှ အသွင်ပြောင်းလာကြသည်ဟု ယူဆရသည်။ ဥက္ကာ တွင်း ချိုင့်ကြီးမျာ း၌ ဖြစ်စေ၊ မြေ အောက် အကျုံ့မှုဗုံးဖောက်ခဲ့ရာနေရာမျာ း၌ဖြစ်စေ တွေ့ရ တတ်သော "ဒဏ်ပြင်းခံ" ကျောက်သလင်းပုံဆောင်ခဲမျာ း ကို ခရီးတေးရှပ်ယုဂ်–တတိယယုဂ် နယ်ခြားစည်း ချဲ့လွှာ ထဲတွင် တွေ့ရပြန်သည်။ ဥက္ကာခဲ ထိ မှန် ခြင်း ကြောင့် ဖြစ်ပေါ်တတ်သောဖိအာ းဒဏ်မျိုး ဖိစီးခံရကာ မြောင်းပုံစံ အဆင်မျာ း ပေါ်နေသည့် ကျောက်သလင်း ပုံဆောင်ခဲ မျာ း ဖြစ်သည်။ ယင်းချဲ့လွှာထဲတွင် ကျပ်ခိုး တွေ့ရသည် ဟု ရှီကာဂိုတက္ကသိုလ်ဓာတုဗေဒပညာရှင်တစ်စုက ၁၉၇၅ ခုနှစ် အောက်တိုဘာလတွင် ကြေညာပြန်သည်။ ယင်း ကျပ်ခိုးသည် ဥက္ကာခဲ ပေါက်ကွဲမှုကြောင့် ကမ္ဘာတစ်ဝန်း လုံး မီးမုန်တိုင်းသင့်ခဲ့သည့် အထောက်အထာ း ဖြစ်သည် ဟု ဆိုသည်။ ဖုန်မှုန့်တိမ်တိုက်ထက် ကျပ်ခိုး တိမ်တိုက်က နေရောင်ခြည်ကို ပို၍ ထိရောက်စွာ တာ းဆီး ခဲ့မည်ဟု ဆိုသည်။

နောက်ဆက်တွဲကြံဆချက်မျာ း

ရှီကာဂိုတက္ကသိုလ်မှ ကျောက်ဖြစ် ရုပ်ကြွင်းပညာရှင် ဒေးဗစ် အမ်ရောက်တို့အဖွဲ့က အစုအပြုံလိုက် မျိုးတုံးခြင်း ဖြစ်ရပ်သည် အလှည့်မှန် ဖြစ်ပေါ်ခဲ့သည်ဟူ၍ ရုပ်ကြွင်း မှတ်တမ်း အထောက်အထာ းဖြင့် ၁၉၇၄ ခုနှစ်တွင် တင်ပြ ခဲ့သည်။ လွန်ခဲ့သောနှစ် သန်းပေါင်း ၂၅၀ အတွင်း နေထိုင်ခဲ့ကြသော ရေနေ သတ္တဝါမျိုးနွယ်စု ၃,၅၀၀ အနက် ၅၆၇ မျိုး၏ ရုပ်ကြွင်းမှတ်တမ်းကို စိစစ် လေ့ လာ ချက် အရ မျိုးတုံးခြင်းသည် နှစ်ပေါင်း ၂၆ သန်း လျင် တစ်ကြိမ်ကျ ဖြစ်ပေါ်ခဲ့သည်ဟု ရှင်းပြသည်။ တစ်ဖန် နယူး ယောက်မြို့ရှိ အာကာသ သိပ္ပံဆိုင်ရာ ဂေါဒယ ပညာရှင် အဖွဲ့မှ နက္ခတ္တဗေဒပညာရှင် မိုက်ကယ်အာရမ်ပီနိုတို့အဖွဲ့က လည်း မျိုးသုဉ်းချိန် သံသရာကို ကမ္ဘာပေါ်ရှိ ဥက္ကာတွင်း ချိုင့်အသီးသီး၏ သက်တမ်းများနှင့် ချိန်ထိုးလေ့လာ၍ ဥက္ကာတွင်းချိုင့်ဖြစ်ပေါ် ချိန် အလှည့်မှန် စက်ဝိုင်းကို ပြုစု ခဲ့ကြသည်။

ထိုအခါ မျိုးသုဉ်းချိန်သံသရာနှင့် စပ်လျဉ်း၍ နိမတ် စစ် သီအိုရီ၊ ဒသမမြောက်ဂြိုဟ်(Planet X)သီအိုရီနှင့် မော်လီကျူးတိမ်တိုက် သီအိုရီတို့ ပေါ်ထွက်လာခဲ့သည်။ နေ၏ အရံကြယ်ဟု ယူဆထာ းသော နီမတ်စစ် ကြယ် သည် နေကို ရှည်မျောမျောသဏ္ဌာန် ပတ် လမ်း ဖြင့် ပတ်နေရာ နှစ်ပေါင်း ၂၆ သန်းမှ သန်း ၃၀ လျင် တစ် ကြိမ်ကျ အုတိမ်တိုက်ကို ဖြတ်သန်းသည်ဟု ဆိုသည်။ နေမှ မိုင်ပေါင်း ၁၀ ထရီလီယံ အ ကွာ အ ဝေး တွင် နေ စကြဝဠာကို ပတ် နေ သော အု တိမ် တိုက် အ တွင်း ၌ ကြယ်တံခွန်မျာ းစုဝေးနေရကာ း အု တိမ် တိုက် အတွင်းသို့ နီမတ်စစ်ဖြတ်သောအခါတိုင်း ၎င်း၏ ဆွဲငင်အာ း သက် ရောက်မှုကြောင့် ကြယ်တံခွန်စုကြီး ပြိုကွဲကာ ကြယ်တံခွန် အချို့သည် ကမ္ဘာ့ဂြိုဟ်ဆီသို့ ဦးတည် ထွက်သွား ကြသည် ဟူ၍ နီမတ်စစ် သီအိုရီက ကြံဆသည်။

အချို့ကမူ ကြယ်တံခွန်တို့ အလှည့်မှန် ကြွေကျခြင်း သည် တစ်မူထူးသော ဂြိုဟ်ပတ်လမ်းဆောင်၍ ယနေ့တိုင် ရှာမတွေ့သေးသည့် ဒသမမြောက်ဂြိုဟ်က နေစကြဝဠာ အစွန်အဖျား၌ နေကို ပတ်နေသော ကြယ်တံခွန်မျာ း၏ ခါးပတ်ကွင်းကို နှစ်ပေါင်း ၂၀ သန်းလျင် တစ်ကြိမ်ကျ ဖြတ်သန်းလေ့ရှိခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။ ယင်း ဂြိုဟ်၏ ဆွဲငင်အာ းကြောင့် ကြယ်တံခွန်မျာ းသည် ပုံမှန် ပတ်လမ်းမှ လွှင့်စဉ်ကာ ကမ္ဘာဂြိုဟ်ဆီသို့ ရောက်လာပြီး ဝင်ဆောင့်ခြင်းဖြစ်သည်ဟု ကြံဆသည်။

ဂလက်ဆီကို စိတ်ကူးအရ အလျားလိုက် ပုံဖော်ကြည့် ခြင်းဖြင့် ရရှိသည့် နှစ်ဘက်တိုင်း အလွှာကို ဂလက်ဆီ၏ ဗဟိုပြင်ညီဟု ခေါ်သည်။ နေစကြဝဠာ၏ လှိုင်းသဖွယ် လှုပ်ရှားမှုသည် ယင်းဗဟိုပြင်ညီရှိ မော်လီကျူးတိမ်တိုက် မျာ းကို ဖြတ်သန်း သွားခြင်းကြောင့် ကြယ်တံခွန်တို့ ကြွေကျကုန်သည်ဟု အာရုပ်ပီနိုတို့ကပင် ကြံဆခဲ့ကြသည်။

ဒိုင်နိုဆော၏ နိဂုံး

သက်ရှိ သတ္တဝါမျိုးစိတ်အမျာ းစု အစု အပြုံလိုက် မျိုးတုံးခြင်းနှင့် စပ်လျဉ်း၍အလှည့်မှန် ဖြစ်ရိုးထုံးစံ ရှိသည် ဆိုသော ကြံဆချက်ကို သိပ္ပံပညာရှင်တို့ ငြင်းခုံနေကြဆဲ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ အမေရိကန် ပြည်ထောင်စု အယ်ဘာတာ ဒိုင်နိုဆောဥယျာဉ်မှ ကျောက်ဖြစ်ရုပ်ကြွင်း ပညာဌာန အကြီးအကဲ ဖီ ကာရီကမူ ယင်း ဥယျာဉ်ရှိ ကျောက်ဖြစ်ရုပ်ကြွင်းမှတ်တမ်းအရ သက်တမ်း နှစ်ပေါင်း ၇၃ သန်းရှိ ဒိုင်နိုဆောမျိုးစိတ် ၃၅ မျိုးရှိကြောင်း၊ လွန်ခဲ့ သော နှစ်ပေါင်း ၆၈ သန်းက မျိုးစိတ်မှာ ၂၅ မျိုးအထိ လျော့ကျသွားကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၆၄ သန်း က မျိုးစိတ်မှာမူ ခြောက် မျိုး သာ ရှိတော့ကြောင်းဖြင့် ရှင်းပြသည်။ ခရီးတေးရှပ်ယုဂ် ကာလတွင် ဒိုင်နိုဆောတို့ သည် ပင်ကိုကပင်လျင် မျိုးတုံးနေဆဲရှိရာမှ ရောမဥက္ကာ ပုံကြီးတစ်ခု ကမ္ဘာ့မြေပြင်ကို ဝင်ဆောင့်ချိန်နှင့်တိုက်ဆိုင် ကာ ရုတ်တရက် လုံးဝချုပ်ငြိမ်း ပျောက်ကွယ်သွားခြင်း ဖြစ်နိုင်သည် ဟူ၍ ၁၉၈၇ ခုနှစ်တွင် ကြံဆချက်တစ်ရပ် ပေါ်ထွက်လာတော့သည်။

ဦးမျိုးမြင့်သောင်း

ဓာတုစစ်ရေး။ ။ဓာတုစစ်ရေးဟူသည် ဓာတုဗေဒဌာနပိုင်းများကို ဓာတ်ငွေ့၊ အရည်၊ အစိုင်အခဲစသည်ဖြင့် အသွင်အမျိုးမျိုးဖန်တီးပြီး ယင်းတို့နှင့် ရန်သူများ၏ ခန္ဓာကိုယ်ကို တိုက်ရိုက်ထိတွေ့စေခြင်း၊ သွယ်ဝိုက်ထိတွေ့စေခြင်း၊ အစားအစာများကို အဆိပ်သင့်စေခြင်းစသည်ဖြင့် အန္တရာယ်ဖြစ်အောင် ပြုလုပ်ခြင်းဖြစ်သည်။ ထို့ပြင် အဆိုပါနည်းလမ်းများဖြင့် ရန်သူက မိမိတို့ကို တိုက်ခိုက်လာပါက လူများနှင့် အရာဝတ္ထုပစ္စည်းများကို ကာကွယ်ဖုံးအုပ်ခြင်း၊ ရန်သူဘက်မှ အသုံးပြုတိုက်ခိုက်သော ဓာတုဗေဒဌာပေါင်းများကို အာနိသင်ပြယ်သွားစေရန် မိမိ၏ဓာတုဗေဒဌာပေါင်းများဖြင့် တုံ့ပြန်ခြင်းသည်လည်း ဓာတုဗေဒစစ်ရေးပင် ဖြစ်သည်။ ထို့ကြောင့် ဓာတုဗေဒလက်နက်များသည် ထိုးစစ်နှင့်ခံစစ် နှစ်မျိုးလုံးတွင် အသုံးပြုနိုင်သော လက်နက်များဖြစ်သကဲ့သို့ ဓာတုစစ်ရေးဟူဆိုရာတွင်လည်း ထိုးစစ်နှင့်ခံစစ် နှစ်မျိုးစလုံး ပါဝင်သည်။

ခေတ်မီဓာတုဗေဒ လက်နက်များကို ယေဘုယျအားဖြင့် မီးခိုးထွက်စေသော ဓာတုပစ္စည်းများ၊ မီးလောင်စေသော ဓာတုပစ္စည်းများနှင့် ဓာတ်ငွေ့များဟူ၍ခွဲခြားနိုင်သည်။ မီးခိုးထွက်စေသော ဓာတုပစ္စည်းများကို အများအားဖြင့် မိမိတပ်ဖွဲ့များကို ဖုံးအုပ်ရန် နည်းဗျူဟာတစ်ရပ်အဖြစ် အသုံးပြုလေ့ရှိပြီး ယင်းတို့သည် အဆိပ်မသင့်နိုင်သော ဓာတုလက်နက်မျိုး ဖြစ်သည်။ မီးလောင်စေသော ဓာတုပစ္စည်းများမှာ သာမစ်၊ မဂ္ဂနီဇီယမ်၊ မီးလောင်စေသောဆီများနှင့် နပန်းစသည်တို့ ဖြစ်သည်။ နပန်းသည် စေးကပ်ပျစ်ခဲ့သော ဓာတုဗေဒအရည် တစ်မျိုး ဖြစ်သည်။ ခန္ဓာကိုယ်ပေါ်တွင် ထိမိသောနေရာမှန်သမျှကို ချက်ချင်းလောင်ကျွမ်းစေနိုင်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ပစိဖိတ်စစ်မျက်နှာတွင် အမေရိကန်တပ်များ စတင်အသုံးပြုခဲ့သည်။ ဓာတ်ငွေ့များကို ကိုယ်စိတ်နှမ်းနယ်သွားစေသော ဓာတ်ငွေ့နှင့် သေစေသော ဓာတ်ငွေ့ဟူ၍ ယေဘုယျအားဖြင့် နှစ်မျိုးခွဲခြားနိုင်သည်။ သေစေနိုင်သော ဓာတ်ငွေ့များတွင် အရေပြားဖောင်းကြွလာပြီး မီးလောင်နာကဲ့သို့ဖြစ်စေသော ဓာတ်ငွေ့များ၊ အသက်ရှူ မွန်းကျပ်စေသော ဓာတ်ငွေ့များနှင့် အာရုံကြောကို ထိခိုက်စေသော ဓာတ်ငွေ့များ ပါဝင်သည်။ ဓာတ်ငွေ့သည် ဓာတုဗေဒလက်နက်အဖြစ် အများဆုံး အသုံးပြုသော အမျိုးအစားဖြစ်သည်။


အရေပြားဖောင်းကြွပြီးအနာဖြစ်စေသောဓာတ်ငွေ့များ– မျက်စိများ၊ အဆုတ်များကို ထိခိုက်ပျက်စီးစေပြီး အရေပြားတွင် မီးလောင်ဖုများ ဖြစ်ပေါ်စေတတ်သော ဓာတ်ငွေ့များ ဖြစ်သည်။ ယင်းဓာတ်ငွေ့ကြောင့် အသက်ရှူကျပ်စေသည်။ နွေရာသီတွင် ရက် ပေါင်း များ စွာ နှင့် ဆောင်းရာသီတွင် ရက်သတ္တပတ်ပေါင်းများစွာ သတ္တိမပြယ်ဘဲ ဒုက္ခပေးနိုင်စွမ်းရှိသည်။

အသက်ရှူကျပ်စေသောဓာတ်ငွေ့များ– ကလိုရင်းနှင့် ဖော့စဂျင်း ကဲ့သို့သော ဓာတ်ငွေ့မျိုးများဖြစ်သည်။ နွေရာသီတွင် မိနစ်အနည်းငယ်နှင့် ဆောင်းရာသီတွင် မိနစ် ၂၀ ခန့်အထိ ဒုက္ခပေးနိုင်စွမ်းရှိသည်။

အာရုံကြောကို ထိခိုက်စေသော ဓာတ်ငွေ့များ– ၁၉၄၁ ခုနှစ်တွင် စတင်ထုတ်လုပ်ခဲ့သော ဆိုင်ရာနိုက်ဂျင်ကလိုရိုက်၊ ဟိုက်ဒရိုဆိုင်ယာနစ်အက်ဆစ်နှင့် အာဆင်းကဲ့သို့သော ဓာတ်ငွေ့မျိုးများဖြစ်ကြသည်။ အော့အန်ပျို့တက်ခြင်း၊ ဝမ်းပျဉ်းကြွက်တက်ခြင်း၊ ချွေးများအဆမတန်ထွက်ခြင်း၊ မျက်ရည်များကျခြင်း၊ အသက်ရှူကျပ်ခြင်း၊ ကြွက်သားများ အားလျော့ခြင်း စသောဝေဒနာများ ခံစားရပြီး သေဆုံးသွားနိုင်သည်။

ကိုယ်စိတ်နှမ်းနယ်သွားစေသော ဓာတ်ငွေ့များ– အဓိကရုဏ်း နှိမ်နင်းရေးနှင့် အကျဉ်းသားများထိန်းသိမ်းရေးကဲ့သို့သော ကိစ္စရပ်များတွင် အသုံးပြုသည်။ အဆိုပါအမျိုးအစားတွင် ပျို့အန်စေသောဓာတ်ငွေ့နှင့် မျက်ရည်ယိုစေသော ဓာတ်ငွေ့များပါဝင်သည်။ ဒိုင်ဖင်နိုယယ်မိုင်းကလိုရာဆင်းနှင့် ကလိုရာဆီတိုဖီနုန်းစသော ဓာတ်ငွေ့များဖြစ်သည်။ ၂၄ နာရီအတွင်း အာရုံစူးစိုက်မှု မပြုလုပ်နိုင်အောင် ဖြစ်သွားစေသည်။

ယင်းဓာတုဗေဒလက်နက်များကို လက်ရှိ အသုံးပြုလျက်ရှိသော လက်နက်အများစုတွင် ထည့်သွင်းအသုံးပြုနိုင်သည်။ အမြောက်ဆန်၊ မော်တာကျည်၊ မိုင်းဗုံး၊ လေယာဉ်မှကြဲချသောဗုံး၊ လက်ပစ်ဗုံးနှင့် ဒုံးကျည်များတွင် ဓာတုလက်နက်များ ထည့်သွင်းပြီး ပစ်ခတ်နိုင်သည်။ လေယာဉ်ဖြင့် ကောင်းကင်မှ ကြဲချပက်ဖျန်းနိုင်သည်။ ဒုံးပျံများတွင် ထိပ်ဖူးအဖြစ် တပ်ဆင်ပစ်ခတ်နိုင်သည်။ ထို့ပြင် ဓာတုဗေဒမိုးတိမ်အဖြစ်ဖန်တီးကာ လေတိုက်ခတ်မှုနှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ ကာလရှည်ကြာစွာ ဘေးဥပဒ်ဖြစ်စေနိုင်သည်။ ဓာတုဗေဒလက်နက်များဖြင့် တိုက်ရိုက်ထိမှန်ခံရခြင်းမရှိသည့်တိုင် အဆိုပါဓာတုဗေဒ ဒြပ်ပေါင်းများသည် အစားအစာ၊ ရေနှင့် လေထုတွင် ပျော်ဝင်နေနိုင်သောကြောင့် သွယ်ဝိုက်ထိမိပြီး အန္တရာယ်ဖြစ်စေနိုင်သည်။ ဓာတုဗေဒလက်နက်များသည် ထားသိုရာတွင် လည်း ကောင်း၊ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း အလွန် အန္တရာယ်ကြီးမားသည်။ ထို့ကြောင့် နောက်ပိုင်းကာလတွင် ဓာတုဗေဒ လက်နက်များကို အသုံးပြုရာ၌ ပိုမိုစိတ်ချရစေရန် ပစ်လွှတ်လိုက်သောအခါမှ ဓာတ်ပြုစေသော နည်း ကို



ဆိုဗီယက်ပြည်ထောင်စု ရှိခါနီမြို့တွင် ကျင်းပသော ဓာတုလက်နက်ပြုပွဲ၌ ဆိုဗီယက်စစ်အရာရှိတစ်ဦးက ရှင်းလင်းတင်ပြနေပုံ

တီထွင်လာခဲ့ကြသည်။ ဥပမာအားဖြင့် ဓာတုဗေဒလက်နက် ထိပ်ဖူးတပ်ဆင်ထားသော ခေတ်မီ ဘီ၅၂ မီလီမီတာ အမြောက်ဆန်အတွင်းရှိ ဒြပ်ပေါင်းများတွင် သီးခြားစီ ရှိနေကြပြီး အမြောက်ဆန်ကို ပစ်ခတ်လိုက်သောအခါမှ အမြောက်ဆန်၏ လည်ပတ်မှုကြောင့် ပျံဝဲနေစဉ် ၁၀ စက္ကန့် အတွင်းဓာတ်ပြုကြသည်။ သို့ဖြစ်၍ အဆိုပါအမြောက်ဆန် ပစ်မှတ်ပေါ် သို့ ကျရောက် ပေါက် ကွဲ သွား သော အ ခါ မှ အဆိပ်ဓာတ်ငွေ့များအဖြစ်သို့ ပြောင်းလဲသွားသည်။

ခေတ်မီ ဓာတုဗေဒလက်နက်များသည် လူများကို ခေတ္တမသန်မစွမ်း ဖြစ်စေသည်မှ သေသည်အထိဒုက္ခပေးနိုင်သည်။ ရုပ်ဝတ္ထုပစ္စည်းများကိုလည်း ဖျက်ဆီးနိုင်သည်။ နေရာတစ်နေရာတွင် မိနစ်အနည်းငယ်မှ ရက်ပိုင်းလပိုင်းအထိ ရေရှည်ဒုက္ခပေးနိုင်သည်။ စတင် ဖောက်ခဲ့သော နေရာတွင်သာမက လေသင့်ရာအရပ်များသို့ပါ ပျံ့နှံ့သွားပြီး အန္တရာယ်ဖြစ်စေနိုင်သည်။ ထို့ကြောင့် သမားရိုးကျလက်နက်များ၏ ဘေးရန်ကို ကာကွယ်နိုင်သော အကာအကွယ်များကို ဓာတုဗေဒလက်နက်များဖြင့် ထိုးဖောက်တိုက်ခိုက်နိုင်စွမ်းရှိသည်။ နည်းဗျူဟာအရသာမက မဟာဗျူဟာအရပါ အသုံးပြုနိုင်သော လက်နက်များဖြစ်သည်။ ဓာတုစစ်ရေးတွင် အဆိပ်သင့်နေသော နေရာတစ်ခုတွင် အဆိပ်ပြယ်စေသော ဓာတုပစ္စည်းများကို စာန်ပြန်အသုံးပြုသောနည်းဖြင့် ကာကွယ်တွန်းလှန်နိုင်သည်။ သို့သော် ဓာတုဗေဒလက်နက်များ အန္တရာယ်ကာကွယ်ရေးမှာ ခက်ခဲသည်။ သေချာစွာလေ့ ကျင့် ထား ရန် နှင့် စနစ်တကျ ဖွဲ့စည်းလှုပ်ရှားရန် အလွန်အရေးကြီးသည်ဟု ဆိုသည်။

ဓာတုဗေဒပညာရပ် တိုးတက်လာမှုနှင့်အတူ စစ်ပွဲများတွင် ဓာတုဗေဒလက်နက်များကို အသုံးပြုလာကြမည့် အန္တရာယ်ကို ကမ္ဘာ့နိုင်ငံများက ကြိုတင်တွေးဆလာကြသည်။ ဤသို့ဖြင့် ၁၈၉၉ ခုနှစ်တွင် ဟော်လန်နိုင်ငံ သဟိဂ်မြို့၌ ကျင်းပသော ပထမအကြိမ် နိုင်ငံတကာ ငြိမ်း ချမ်း ရေး ကွန် ဖ ရင့် တွင် ဓာတုဗေဒလက်နက်များ ပိတ်ပင်ရေးကိစ္စကို ဆွေးနွေးခဲ့ကြပြီး စစ်ပွဲများတွင်အသုံးမပြုရေး အဆိုပြုချက်တစ်ရပ်ကိုပါ တင်သွင်းဆုံးဖြတ်ခဲ့သည်။ ၁၉၂၅ ခုနှစ်တွင် ဂျီနီဗာမြို့၌ ကျင်းပသော "အပြည်ပြည်ဆိုင်ရာ စစ်လက်နက်ပစ္စည်း ကုန်သွယ်မှု ကြီးကြပ်ရေးညီလာခံ" တွင် ဓာတုဗေဒနှင့် ဇီဝဗေဒလက်နက်များကို အသုံးမပြုရေး သဘောတူညီချက်တစ်ရပ်ကို ရေးဆွဲခဲ့ပြီး အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံ ၂၉ နိုင်ငံကပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ သို့သော် အဆိုပါ သဘောတူညီချက်တွင် ဓာတုလက်နက်များ အသုံးမပြုရေးသာ ပါဝင်ပြီး ထုတ်လုပ်ရေး၊ သိုလှောင်ရေးနှင့် ဧပယ်လျဉ်း၍ ကန့်သတ်ချက်များ မပါရှိခဲ့ချေ။ တစ်ဖန် ၁၉၆၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင်ကျင်းပ



အနောက်ဂျာမန်နိုင်ငံတွင် ဓာတုစစ်ရေးလေ့ကျင့်နေကြသော အမေရိကန်တပ်သားများ

သော ကုလသမဂ္ဂအထွေထွေ ညီလာခံ၌လည်း "၁၉၂၅ ခုနှစ်၊ သဘောတူညီချက်ကို အတိအကျလိုက်နာရေး" အဆိုကို ထောက်ခံမဲ ၉၁ မဲ၊ ဆန္ဒမပြုသော မဲလေးမဲ၊ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုဆုံးဖြတ်ခဲ့ပြီး ဓာတုဗေဒ၊ ဇီဝဗေဒလက်နက်များနှင့် ပတ်သက်သော နိုင်ငံတကာ တရားဥပဒေများကို နိုင်ငံအားလုံးက လိုက်နာရန် တိုက်တွန်းကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ကုလသမဂ္ဂ၏ လက်နက်ဖျက်သိမ်းရေးကော်မတီတွင် ဓာတုလက်နက်များကိစ္စကို ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ၁၉၇၄ ခုနှစ် အစည်းအဝေးမှစ၍ လက်နက်ဖျက်သိမ်းရေး ကွန်ဖရင့်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး နောက်ပိုင်းတွင်လည်း ဆက်လက်ဆွေးနွေးခဲ့ကြသည်။ တာလတ်ပစ် ဒုံးကျည်များဖျက်သိမ်းရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီးသည့်အခါ ဓာတုလက်နက် ဖျက်သိမ်းရေး သဘောတူညီချက်ရရှိရေးကို ဦးစားပေး ကြိုးပမ်းသွားကြရန် ဆိုဗီယက်ကိုယ်စားလှယ်တို့ဘက်က ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် အဆိုပြုလိုက်သည်။ အမေရိကန်ပြည်ထောင်စုအပါအဝင် အနောက်အုပ်စုက ဆိုဗီယက်ပြည်ထောင်စုတွင် အရေးအတွက်အရ ဓာတုလက်နက်တန်ချိန် သုံးသိန်းကျော်ရှိပြီး အရည်အသွေးတွင်လည်း အဆင့်မြင့်မားသော ဓာတုလက်နက်များရှိနေပြီး ဖြစ်သည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် အမေရိကန်ပြည်ထောင်စုသည် ဓာတုလက်နက်ထုတ်လုပ်ခြင်းကို ၁၉၆၉ ခုနှစ်ကတည်းက ရပ်ဆိုင်းထားပြီးကာမှ

နရသီဟ၊ ဆရာတော် ဘဒ္ဒန္တ

ဆိုဗီယက်ပြည်ထောင်စုကို လိုက်မီနိုင်ရန် ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ဒြပ်ပေါင်းနှစ်စုံတွဲ ဓာတုလက်နက်များကို ထုတ်လုပ်ရတော့မည်ဟု ကြေညာထားသည်။ ဆိုဗီယက်ပြည်ထောင်စုက ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ ကိုယ်စားလှယ်များကို မော်စကိုမြို့၏အရှေ့တောင်ဘက် ၄၅၅ မိုင်အကွာ အဝေးတွင်ရှိသော ရှီခါနီစစ်စခန်းသို့ ဖိတ်ကြား၍ ဓာတုလက်နက်များကို ခင်းကျင်းပြသခဲ့သည်။ ဂျီဘီဟုခေါ်တွင်သော ဓာတုပစ္စည်းတစ်မျိုးဖြင့် ယုန်တစ်ကောင်ကို ၁၀ စက္ကန့်အတွင်း သေဆုံးစေပုံကိုလည်းကောင်း၊ ယင်းဓာတုပစ္စည်းကို ဓာတ်ပြယ်စေခြင်းဖြင့် ဒုတိယယုန် တစ်ကောင်အတွက် အန္တရာယ် ကင်းရှင်းစေပုံတို့ကိုလည်းကောင်း လက်တွေ့သရုပ်ပြခဲ့သည်ဟု ဆိုသည်။ ဓာတုလက်နက်ဖျက်သိမ်းရေး သဘောတူညီချက် စာချုပ်ပါ ပြဋ္ဌာန်းချက်နှင့် ညီမညီကို စစ်ဆေးခွင့်ပြုရန် ၁၉၇၇ ခုနှစ်တွင် ဆိုဗီယက်ဘက်မှ သဘောတူညီလိုက်ခြင်းကြောင့် လက်နက်ဖျက်သိမ်းရေး ညီလာခံတွင် ဓာတုလက်နက်ဖျက်သိမ်းရေး စာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ရန် ပိုမိုနီးစပ်လာသည်။

နရသီဟ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ စစ် တွေ မြို့၊ ကျား ရုပ် ကျောင်း တိုက် (မြန်မာ ၁၂၆၈–၁၃၄၉)။ ။ ရခိုင် ပြည် နယ်၊ စစ် တွေ မြို့၊ ကျားရုပ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယက ဖြစ်တော်မူသော ဆရာတော်ဘဒ္ဒန္တ နရသီဟသည် ရွှေဂူကြီးတိုက်သစ် စာသင်တိုက်၊ တောင်တန်းသာသနာပြု ပရိယတ္တိ စာသင်တိုက်များကို တည်ထောင်၍ တပည့်ရဟန်းသာမဏေများအား စာပေကျမ်းဂန်များကို ပို့ချသင်ကြားပေးတော်မူခြင်း၊ လောကုတ္တရာဆိုင်ရာ စာပေကျမ်းဂန်များကို ရေးသား ပြုစုတော်မူခြင်း၊ စစ်တွေမြို့နယ်၏ ဝိနိစ္ဆယဌာန တာဝန်ခံ၊ ရခိုင်ပြည်နယ် တောင်တန်း သာသနာပြု အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ၊ ဆဋ္ဌသင်္ဂါယနာ တာဝန်ခံ အမှုဆောင်၊ သံဃာဝန်ဆောင် ဆရာတော်၊ နိုင်ငံတော် ဗဟိုသံဃာဝန်ဆောင် ဆရာတော်၊ နိုင်ငံတော် သံဃာ့မဟာနာယကဆရာတော်၊နိုင်ငံတော် ဩဝါဒဓိုရိယ ဆရာတော် စသည်ဖြင့် သာသနာ့ တာဝန် များကို ထမ်းဆောင်တော်မူခဲ့သောကြောင့် ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော် ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇ –စာ၊ ၁၉၄ — ဂျ။)

နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နရသီဟသည် ၁၃၄၉ ခုနှစ် ကဆုန်လဆုတ် ၉ ရက်နေ့တွင် ဘဝနတ်ထံ ပို့လွှန်တော်မူသည်။

နိုဗဲဆုမျှား(၁၉၇၇)။ ။ဆွီဒင် ပညာတံခွန်အသင်းမျှားနှင့် နော်ဝေး ပါလီမန် နိုဗဲဆု ကော်မတီတို့သည် ၁၉၇၇ ခုနှစ် နိုဗဲဆုရှင်စာရင်းကို ၁၉၇၇ ခုနှစ် အောက်တိုဘာလအတွင်း ထုတ်ပြန် ကြေညာသည်။ ဆုတစ်ဆုစီ အတွက် ၁၉၇၆ ခုနှစ်က ဆွီဒင်ကရိုနာ ၂၀,၀၀,၀၀၀ ချီးမြှင့်ခဲ့ရာမှ ၂၁,၇၅,၀၀၀ သို့ တိုးမြှင့်ပေးခဲ့သည်။ ထို့ပြင် အမေရိကန်ဒေါ်လာ တန်ဖိုး ကျဆင်းသွားသဖြင့် ယင်း ငွေသည် ဒေါ်လာ ၃,၄၅,၀၀၀ တန်သည်။ ၁၉၇၆ ခုနှစ်က ဆုတစ်ဆုစီသည် ဒေါ်လာ ၂,၉၄,၀၀၀ တန်သည်။

ငြိမ်းချမ်းရေးဆု – ကေ့စတာ ရီကာနိုင်ငံ ` သမ္မတ အော်စကာ အေရီယက်စ် ဆန်ရှေး (၄၆ နှစ်)အား ၁၉၈၇ ခုနှစ်ငြိမ်းချမ်းရေး နိုဗဲဆုကို ချီးမြှင့်သည်။ အော့စလို မြို့၌ အခြေစိုက်သော နိုဗဲဆု ကော်မတီက အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့ရာ "အေရီယက်စ်ဆန်ရှေးသည် အလယ်ပိုင်း အမေရိကဒေသ ငြိမ်းချမ်းရေးအတွက်ဆောင်ရွက်ခဲ့မှုကြောင့် ယင်းနိုဗဲဆုကို ဆုတ်ခူးသည်"ဟူ၍ ဖော်ပြခဲ့သည်။ဂွာတီမာလာမြို့တော်၌ ၁၉၈၇ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် နီကရာဂွာ၊ အယ် ဆာဗေဒို၊ ဂွာတီမာလာ၊ ဟွန်ဒူးရပ်နိုင်ငံတို့မှ သမ္မတတို့နှင့် အတူ အေရီယက်စ်သည် အလယ်ပိုင်း အမေရိက ငြိမ်းချမ်းရေးအစီအစဉ်ဆိုင်ရာ သဘောတူညီချက် တစ်ရပ် ကို လက်မှတ်ရေးထိုးခဲ့သည်။ (လက်တင်အမေရိက — ရှု။) အက်စကီပြူလတ်စ်–၂ ဟုလည်း ခေါ်တွင်သော ယင်း သဘောတူညီချက်၏ ဗိသုကာအဖြစ် ဆုချီးမြှင့်ခြင်း ဖြစ် သည်။ အေရီယက်စ်သည်ဆုငွေကို နိုင်ငံရှိဆင်းရဲသားများ အား ကူညီထောက်ပံ့ရေး ဖောင်ဒေးရှင်း ထူထောင်ရာ၌ သုံးစွဲမည်ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံ သမ္မတရော အယ်ဖွန်ဆင်၊ ဖိလစ်ပိုင်သမ္မတ ကိုရာဇွန် အာကီနို၊ အကျဉ်း စံနေရသော တောင်အာဖရိက အမျိုးသားရေးဝါဒီနယ် လဆင် မန်ဒဲလားတို့အပါအဝင် လူ ၆၂ ယောက်နှင့် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ (ဒဗလျူ အိပ်ချ်အို) အပါအဝင် အဖွဲ့ အစည်း ၃၁ ခု ကို လျာထားစာရင်းတင်သွင်းခဲ့သည့်အနက် သမ္မတ အေရီယက်စ်ကို ရွေးချယ်ခြင်းဖြစ်သည်။ ၁၉၇၅ ခုနှစ်က အမည်စာရင်း ၁၀၀ ထိ စံချိန်တင် တင်သွင်းခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ၇၁ ခုသို့ ကျဆင်းသွားရာမှ ၁၉၇၇ ခုနှစ် တွင် တိုးလာခြင်းဖြစ်သည်။၁၉၃၆ ခုနှစ်ကအာဂျင်တီးနား နိုင်ငံမှကာလို့ ဆားဗေဒရာ လမ်းမတ်စ်အား‌လည်းကောင်း၊ ၁၉၈၀ ပြည့်နှစ်တွင် ထိုနိုင်ငံကပင် လူအခွင့်အရေးအတွက် ရပ်တည်ပေးသူ အဒေါ်ပို ပဲရက် အက်စကွီဗယ် အား လည်းကောင်း ချီးမြှင့်ခဲ့ပြီး နောက်ဆုံး ချီးမြှင့်ခဲ့သော လက်တင်အမေရိကဒေသသားမှာ မက္ကဆီကို သံတမန်နှင့် နိုင်ငံခြားရေး ဝန်ကြီးဟောင်း အယ်ဗွန်ဆို ဂါစီယာ ရှိဗဲ ဖြစ်သည်။ ဆွီဒင်နိုင်ငံမှ လက်နက်ဖျက်သိမ်းရေး ဝန်ကြီး ဌာနဝန်ကြီး အယ်ဗာမာဒယ် (၁၉၀၂–၁၉၆၆) နှင့်အတူ ၁၉၆၂ ခုနှစ်က ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၆၃ – စာ၊ ၂၀၆ — ရှု။) ငြိမ်းချမ်းရေးနိုဗဲဆုကို ၁၉၀၁ ခုနှစ်မှ စတင်ချီးမြှင့်လာသော်လည်း ၁၉၁၄ ခုနှစ် မှ ၁၉၁၆ ခုနှစ်ထိလည်းကောင်း၊ ၁၉၃၉ ခုနှစ်မှ ၁၉၄၃ ခုနှစ်ထိလည်းကောင်း၊ ၁၉၁၈ ခုနှစ်၊ ၁၉၂၃ ခုနှစ်၊ ၁၉၂၄ ခုနှစ်၊ ၁၉၂၈ ခုနှစ်၊ ၁၉၃၁ ခုနှစ်၊ ၁၉၃၅ ခုနှစ်၊ ၁၉၄၄ ခုနှစ်၊ ၁၉၆၆ ခုနှစ်နှင့် ၁၉၇၂ ခုနှစ်တို့တွင်လည်းကောင်း ဆုမချီးမြှင့်နိုင်ခဲ့၍ အေရီယက်စ် အား ချီးမြှင့်ခြင်းသည် ၆၈ ကြိမ်မြောက်ဖြစ်သည်။ အမျိုး သမီးခုနစ်ယောက် အပါအဝင် လူ ၇၂ ယောက်နှင့် အဖွဲ့ အစည်း ၁၅ ခုကို ချီးမြှင့်နိုင်ခဲ့ပြီးဖြစ်သည်။ ငြိမ်းချမ်း ရေးနိုဗဲဆု ရွေတံဆိပ်ပေါ်တွင် "နိုင်ငံများငြိမ်းချမ်းရေးနှင့် သွေးစည်း ညီညွတ်ရေး အတွက်" (PRO PACE ET FRATERNITATE GENTIUM) ဟူသော ဆောင်ပုဒ် ကို ခတ်နှိပ်ထားသည်။

စာပေဆု– ဆိုဗီယက်ပြည်ထောင်စုမှ ထွက်ခွာ လာခဲ့ပြီး အမေရိကန် ပြည် ထောင် စု တွင် အ ခြေ ချ နေ သော ကျူးအမျိုးသား ကဗျာဆရာ ကျိုးဇက် ဘရော့စကီးအား ချီးမြှင့်သည်။ ၁၉၆၉ ခုနှစ်က ဇာတိမြို့ လီနင်ဂရက်မှ ထွက် ခွာလာခဲ့သော ဘရော့စကီးသည် အာတိတ်ဒေသရှိ နိုင်ငံ ပိုင်လယ်ယာမြေတစ်ခုဌ် ၁၀ လကြာမျှ အလုပ်ကြမ်းလုပ် ခဲ့ရသည်။ ထို့နောက် လှုပသောခေတ်တစ်ခေတ်၏ နိဂုံး ဟူသောကဗျာကို စပ်ဆိုခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ဗီယင် နာမြို့သို့ ထွက်ခွာလာခဲ့ရာ "စိုးရိမ်ကြောင့်ကြနေရသော ခေတ်" ကဗျာစာအုပ် (၁၉၄၇) ဖြင့် ပူလစ်ဇာဆုရသူ ကဗျာဆရာ ဝင်စတန် ဟယူး အော်ဒင် (၁၉၀၇–၇၃) ၏ စောင့်ရှောက်မှုနှင့် ကူညီ လမ်းညွှန်မှုကို ရ ရှိ ခဲ့ သည်။ လအနည်းငယ်ကြာသော် အမေရိကန်ပြည်ထောင်စု မိရှိဂန် တက္ကသိုလ်မှ ဒေသခံကဗျာဆရာတစ်ဦး၏ အကူအညီဖြင့် အန်းအာဘာမြို့သို့ရောက်လာကာ ၁၉၇၃ ခုနှစ်တွင် အမေ ရိကန်နိုင်ငံသားအဖြစ် ခံယူသည်။ စာပေဟောပြော ပို့ချ ခြင်းနှင့် စာပေရေးသားပြုစုခြင်းတို့ဖြင့် အသက်မွေးဝမ်း ကျောင်းပြုလာခဲ့ရာ မက်အာသာဖောင်ဒေးရှင်းအဖွဲ့ကြီး၏ ဒေါ်လာ ၂,၀၀,၀၀၀ တန် ဆုအပါအဝင် တစ်လုံးတစ် စည်းတည်း ဆုငွေများလည်း ရရှိခဲ့သည်။ လက်ရွေးစင် ကဗျာများ (၁၉၇၃) နှင့် ဝါစင်္ကတစ်မျိုး (၁၉၇၇) ဟူ



စာပေနိဒါန်းရှင် ဂျိုးဇက် ဘရော့ဇ်ကီး

သော ကဗျာစာအုပ်များသည် ထင်ရှားသည်။ ကိုယ်တိုင် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည်လည်းရှိသကဲ့သို့ သူတစ်ပါးနှင့်လည်း တွဲဖက်ပြန်ဆိုတတ်သည်။ အင်္ဂလိပ်ဘာသာဖြင့် စပ်ဆိုသီကုံးသော ကဗျာများလည်း ရှိသည်။ တစ်မပြည့် အမည်ရှိ စာတန်းငယ်ပေါင်းချုပ်ကိုလည်း ၁၉၀၆ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။ နိဒါန်းဆုရချိန်တွင် အသက် ၄၄ နှစ်ရှိသော အဲလဗတ် ကမျူး (၁၉၁၃–၁၉၆၀) ပြီးလျှင် ဘရော့စကီးသည် ဒုတိယအသက်အငယ်ဆုံး စာပေနိဒါန်းဆုရှင်ဖြစ်သည်။ ဘရော့စကီးသည် အသက် ၄၇ နှစ်ရှိပြီဖြစ်သည်။

စီးပွားရေးဆု – ရေဂင်နောမစ် (အမေရိကန် သမ္မတ ရော်နယ်ရေဂင်၏ စီးပွားရေးအစီအမံများ) ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ရွတ်ချလေ့ရှိသော စီးပွားရေးပညာရှင် ဆော်မတ် ဆိုလို (၆၃ နှစ်)အား ချီးမြှင့်ခဲ့သည်။ ဘရွတ်ကလင်းမြို့ဖွား မက်ဆာချူးဆက် စက်မှုနည်းပညာတက္ကသိုလ်ပါမောက္ခ ဆော်မတ်ဆိုလိုသည် စျေးကွက်ကတိမ်းကပါးဖြစ်နေရခြင်းကို ပြုပြင်ရန် အစိုးရက ဝင်ရောက်စွက်ဖက်ထိန်းကျောင်းသင့်သည် ဟူသောအချက်ကို ရှေ့တန်းက ရပ်တည်တင်ပြခဲ့သူ ဖြစ်သည်။ လုပ်သားအင်အားပမာဏထက် လည်းကောင်း၊ စက်ရုံသစ်များ၊ ပစ္စည်းကိရိယာများအတွက် ရင်းနှီးမြှုပ်နှံမှုထက် လည်းကောင်း နည်းပညာတိုးတက်မှုနှုန်းကသာလျှင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို ပိုမို၍ အဆုံးအဖြတ်ပြုနိုင်ကြောင်းဖြင့် ၁၉၅၆ ခုနှစ်က သူ၏ ရှေ့ပြေးလေ့လာချက်ကစ်ရပ်တွင် အထောက်အထားများနှင့်တကွ ရှင်းပြခဲ့သည်။ ဂျက်လေယာဉ် ပျံသန်းမှုနည်းပညာ တော်လှန်ရေးနှင့် ကွန်ပျူတာတိုးတက်တိုထွင်မှုတို့ကို အစိုးရမူဝါဒများနှင့်ဆက်စပ်ကာ စက်မှုနည်းပညာသုတေသနနှင့် ပို့ပြိုးမှုလုပ်ငန်းများတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှုကို စနစ်တကျပြုလုပ်ထင့်သည် ဟူသောအချက်ကို ဖော်ဆောင်ဦးတင်ပြခဲ့သူလည်းဖြစ်သည်။ ဆိုလိုသည် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်းက စီးပွားရေးဆိုင်ရာ အတိုင်ပင်ခံ ကောင်စီတွင် အထက်တန်း စီးပွားရေးပညာရှင် တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ သမ္မတ ဂျွန်အက်ဖ်ကနေဒီ (၁၉၁၇–၁၉၆၃) နှင့် လင်ဒန်ဘင် ဂျွန်ဆင် (၁၉၀၈–) တို့လက်ထက်က စီးပွားရေးမူဝါဒများတွင် ဆိုလို၏အယူအဆများလွှမ်းမိုးခဲ့သည်ဟုဆိုသည်။

ဆေးပညာဆု – ဆေးပညာ သို့မဟုတ် ဇီဝကမ္မပညာရပ်ဆိုင်ရာ နိုဗဲဆုကို အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက် စက်မှုနည်းပညာ တက္ကသိုလ်မှ မော်လီကျူး ဇီဝဗေဒပညာရှင် ဂျပန်နိုင်ငံဖွား ဆူဆူမူ တိုနီဂါဝါ (၄၈) နှစ်အား ချီးမြှင့်သည်။ အရေအတွက်မများလှသော ရောဂါပြီးဆဲလ်တို့ရှိ မျိုးဗီဇအနည်းအကျဉ်းက ကိုယ်ခန္ဓာကို ရောဂါမဖိစီးရန် ကာကွယ်ပေးမည့် ပဋိဇီဝ ပစ္စည်း အမျိုးစုံ အမြောက်အမြားထုတ်ပေးပုံကို တိုနီဂါဝါက ရှင်းပြခဲ့သည်။ တိုနီဂါဝါသည် စန်ဒီယာဂို မြို့ရှိ ကာလီဖိုးနီးယားတက္ကသိုလ်တွင် ပါရဂူဘွဲ့ ဆုတ်ခွဲရရှိခဲ့ပြီးနောက် ၁၉၇၁ ခုနှစ်တွင် ဗီဇာသက်တမ်းကုန်ဆုံးသွား၍ ဆွစ်ဇာလန်နိုင်ငံသို့ သွားရောက်ကာ ဘာဆဲလ် တက္ကသိုလ်တွင် ကိုယ်ခံစွမ်းအားပညာကို ဆက်လက်လေ့လာနေခဲ့ရာ ဇီဝဗေဒပညာရှင်တို့ဖြေရှင်းနိုင်ရန် နှစ် ၁၀၀ မျှ ကြိုးပမ်းလာခဲ့သည့် ပြဿနာတစ်ရပ်၏ အဖြေကို တိုနီဂါဝါက ရှာဖွေတွေ့ရှိခဲ့သည်။ တိုနီဂါဝါ၏လေ့လာတွေ့ရှိချက်သည် ကင်ဆာရောဂါအမျိုးအစားအချို့၏ သဘောသဘာဝကိုလည်းကောင်း၊ အော့ဒ်စ်

စီးပွားရေးနိဒါန်းရှင် ဆော်မတ်ဆိုလို



ထောဂနှင့် ရူမရိုးဆက်ထောင်ရမ်းနာ ထောဂါတို့ကဲ့သို့သော ထောဂါပြီးယန္တရားချတ်ယှင်းမှု၏ ဖြစ်ပျက်ပုံ အဆင့်ဆင့်ကို လည်းကောင်း ခရေစေ့တွင်းကျ သိရှိနားလည်စေရန် အထောက်အကူပြုနိုင်မည်ဟု ဆိုသည်။

ရူပဗေဒဆု– ၁၉၇၇ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံသား ရူပဗေဒ ပညာရှင် ဒေါက်တာ ကား အာလက်စ် မြူလာနှင့် ပြည်ထောင်စု သမ္မတကျောမနီနိုင်ငံမှ ရူပဗေဒပညာရှင် ဒေါက်တာ ယိုဟန်းနက်စ် ဂျေ့ ဘက်နောဲ့စ်တို့သည်အပူချိန်မြင့် လွန်ကဲလျှပ်ကူးသတ္တိ လေ့လာတွေ့ရှိမှုအတွက် ရူပဗေဒနိုဗယ်ဆုကို ရရှိကြသည်။ အသက် ၃၇ နှစ်အရွယ်ရှိ ဘက်နော့စ်သည် ဒေါက်တာဘဲ့ဒ်အတွက် ပညာဆည်းပူးခဲ့စဉ်က ဒေါက်တာမြူလာ၏ တပည့် ဖြစ် ခဲ့ ဖူး သည်။ ဒေါက်တာမြူလာသည် အသက် ၆၀ အရွယ်ဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် ပေရီယမ်၊ ကြေး၊ လန်သနမ်၊ အောက်ဆီဂျင်တို့ကို ရောစပ်ပြီး လွန် ကဲ လျှပ် ကူး သ တ္တိ ဆောင် ပုံဆောင်ခဲတစ်ခုကို ရယူခဲ့သည်။ စီရာမစ်ဟု ယေဘုယျအားဖြင့်ခေါ် ဝေါ်သော ယင်းပုံဆောင်ခဲများတွင် လွန်ကဲလျှပ်ကူးသတ္တိဖြစ်ပေါ် နိုင်သည့် အမြင့်ဆုံးအပူချိန်မှာ ထိုစဉ်က ၃၅ ကေ (ကယ်လဗင်) ရှိခဲ့သည်။ (သုညဒီဂရီ ဆဲလ်စီးယပ်စ် = ၃၂ ဒီဂရီဖာရင်ဟိုက် = ၂၇၃ ဒသမ ၁၅ ကေ)

ယခုအခါတွင်မူ အမေရိကန် ရူပဗေဒပညာရှင်များက ၁၀၀ ကေ ကျော်ကျော်တွင် လွန်ကဲ လျှပ်ကူးသတ္တိပြသော ပုံဆောင်ခဲများကို စမ်းသပ်တွေ့ရှိနေကြပြီဖြစ်ရာ မကြာမီ ၂၄၀ ကေ တွင် လွန်ကဲလျှပ်ကူးသတ္တိပြသော ပုံဆောင်ခဲများကို ရရှိလာတော့မည်ဟု မျှော်လင့်ရသည်။ အခန်းအပူချိန် ၃၀၀ ကေ တွင် လွန်ကဲလျှပ်ကူးသတ္တိပြသော ပုံဆောင်ခဲများရရှိသည်အထိ ကြိုးပမ်းလေ့လာဖော်ထုတ်နိုင်မည်ဟု ယုံကြည်ထားသည်။

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတိုက်တွင်သာမက ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့တွင်လည်း အခဲအခြေ ရူပဗေဒပညာရှင်များသည် လွန်ကဲလျှပ်ကူးသတ္တိ လက်တွေ့ပိုင်းနှင့် သီအိုရီပိုင်းတို့ကို အပြိုင်အဆိုင် သုတေသနပြုလုပ်နေကြပြီဖြစ်သည်။ ဆေးပညာနယ်ပယ်တွင် ဓာတ်ပုံရိုက်ကူး၍ ရောဂါစစ်ဆေး ဖော်ထုတ်ရာ၌ လည်းကောင်း (Medical imaging)၊ ကွန်ပျူတာများနှင့် ရူပဗေဒစွမ်းအင်မြင့် အရှိန်ပေးစက်များ တည်ဆောက်ရာ၌လည်းကောင်း၊ လမ်းပန်း ဆက်သွယ်ရေးအတွက် မြန်နှုန်းမြင့် မီးရထားများ မွမ်းမံတီထွင်ရာတွင်လည်းကောင်း လွန်ကဲ လျှပ်ကူးသတ္တိပညာပိုင်းကို အသုံးချရန် စိုင်းပြင်းနေကြသည်။

လက်ရှိအသုံးပြုနေကြသော သီအိုရီမှာ ၁၉၇၂ ခုနှစ် ရူပဗေဒနိုဗယ်ဆုရှင် ဂျွန်ဘာဒင်း၊ လီယွန် အင် ကူးပါးနှင့် ဂျွန်အာ ရှရိဖားတို့၏ ဘီစီအက်စ် (ဘာဒင်း– ကူးပါး– ရှရိဖား) သီအိုရီဖြစ်ရာ ယင်းသီအိုရီအရ အပူချိန်မြင့်ပိုင်းတွင် ကူးပါးစုံတဲ့ ပျက်သွားမည်ဖြစ်သည်။ (အီလက်ထရွန်မှာ စုံတွဲရွေ့လျားနိုင်မှ လွန်ကဲလျှပ်ကူး သတ္တိရရှိနိုင်သည်။ အီလက်ထရွန်စုံတွဲရရှိရန် ယခင်က ၂၃ ကေ အပူချိန်အောက်တွင် အနေးခံထားရသည်–စကားချပ်။) သို့ဖြစ်၍ ဘီစီအက်စ်သီအိုရီကို မွမ်းမံရန် လိုအပ်လာပြီဖြစ်သည်။

စီရာမစ်သည် ပဲရော့စကိုက် ပုံဆောင်ခဲအဖြစ်ရှိ၍ ပုံဆောင်ခဲ၏ ဝင်ရိုးတိုန့်စ်ခုပေါ်တွင် အောက်ဆီဂျင်အက်တမ်အနည်းအများကိုလိုက်၍ လွန်ကဲလျှပ်ကူးသတ္တိ ပျောက်လိုက် ပေါ်လိုက် ဖြစ်နေသည်ဟု ယူဆကြသည်။ ကူးပါးစုံတွဲကြောင့် လွန်ကဲ လျှပ်ကူးသတ္တိဖြစ်ပေါ်သည်ဟူသောအချက်ကိုကား လက်ခံထားဆဲဖြစ်သည်။ ကူးပါးစုံတွဲဖြတ်သော ပြင်ညီများသည်လည်း တုန်ခါမှုရှိသော ပြင်ညီများ ဖြစ်ဖို့များလေရာ ဘီစီအက်စ် သီအိုရီကဲ့သို့ အီလက်ထရွန်နှစ်လုံးကြားရှိ ဖလှယ်မှုနှုန်းမှာ ငြမ်း(ပြင်ညီ) တုန်ခါမှုကြောင့်ဖြစ်သော ဖိုနွန်ခေါ် အသံလှိုင်း၏စွမ်းအင်ထုပ်များပင် ဖြစ်နိုင်သည်ဟု ယူဆလာကြသည်။

လွန်ကဲလျှပ်ကူးသတ္တိ သုတေသနဖြင့် ရူပဗေဒနိုဗယ်ဆုရသူဦးရေမှာ ရူပဗေဒပညာရှင် ကိုးယောက်ရှိပြီဖြစ်သည်။ ဆုချီးမြှင့်သည့် နှစ်တို့မှာ ၁၉၁၃ ခုနှစ်၊ ၁၉၇၂ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၇ ခုနှစ်တို့ ဖြစ်ကြသည်။

ဓာတုဗေဒဆု– အမေရိကန် ဓာတုဗေဒ ပညာရှင်များဖြစ်ကြသော ချားလ်စ် ဂျေ ပက်ဒါဆင် (၇၃ နှစ်)၊

ရူပဗေ နိုဗယ်ဆုရှင်များ ဖြစ်ကြသော ဘက်နော့စ်နှင့် မြူလာ



ဒေါ်နယ် ဂျေ ခရမ် (၆၈ နှစ်) နှင့် ပြင်သစ်ဓာတုဗေဒပညာရှင် ယွန်း မာရီလင်း(၄၈ နှစ်)တို့သည် ၁၉၈၇ ခုနှစ် အတွက် ဓာတုဗေဒနိဗ္ဗာန်ကို ဆွတ်ခူးရရှိခဲ့ကြသည်။ ပက်ဒါဆင်သည် ဒူးပွန့်တက္ကသိုလ်မှ အငြိမ်းစားယူထားသူ ဖြစ်သည်။ ခရမ်သည် ကာလီဖိုးနီးယားတက္ကသိုလ် လော့စ်အိန်းဂျလီးစ်နယ်မြေတွင် ပါမောက္ခအဖြစ် အမှုထမ်းနေသူ ဖြစ်သည်။

ယင်းဓာတုဗေဒပညာရှင်သုံးဦးသည် ဟိုမုန်းနှင့်အခြားသြဂဲနစ်ဝတ္ထုအများအပြား၏ သဘာဝကို တုပနိုင်စွမ်းရှိသည့် မော်လီကျူးအတုများကို ဖန်တီးနိုင်ရန် ၁၉၆၀ ပြည့်လွန်နှစ်များကတည်းက သုတေသနပြုလာခဲ့သူများဖြစ်သည်။ ရေဒီယိုသတ္တိကြွစထရွန်တီယမ်ဖြစ်စေ၊ ခဲဖြစ်စေ ညစ်ထေး၍ အဆိပ်သင့်နေသူများကို အဆိပ်ပြယ်စေရန် ယင်းမော်လီကျူးအသစ်များကို လက်တွေ့အသုံးချနိုင်ပြီဖြစ်သည်။ သဘာဝအားဖြင့် မော်လီကျူးတို့သည် သေခြင်းတရားနှင့် သေသဖွယ် အသွင်သဏ္ဌာန်အားဖြင့် အံဝင်ခွင်ကျ တွဲစပ်မှုသာ ဓာတုတုံ့ပြန်မှု စတင်ဖြစ်ပေါ်နိုင်ပေသည်။ယင်းဓာတုပညာရှင်သုံးဦးတို့က မော်လီကျူး "သေခြင်းတရား" တို့နှင့် အံဝင်သည့် မော်လီကျူး "သေတု" တို့ကို ဖန်တီးနိုင်ပြီ ဖြစ်သည်။ တစ်နည်းဆိုသော် မော်လီကျူးတစ်ခုနှင့်တစ်ခု မှတ်မိနိုင်စွမ်းရှိသည့် သဘောသဘာဝကို နှိုက်နှိုက်နဲ့နဲ့ လေ့လာခဲ့ကြခြင်းဖြစ်သည်။

နန်ဒီယ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးတိုင်း၊ပေါက်ခေါင်းမြို့၊ ပညာဇောတာရုံ ကျောင်းတိုက်(မြန်မာ ၁၂၀၀–)။ ။ဆရာတော် ဘဒ္ဒန္တ နန်ဒီယကို ပဲခူးတိုင်း ပေါက်ခေါင်းမြို့၌ ခမည်းတော် ဦးစိန်လှ၊ မယ်တော် ဒေါ်တင်မယ်တို့က သက္ကရာဇ် ၁၂၀၀ ပြည့်နှစ် တန်ဆောင်မုန်း လဆန်း ၁၄ ရက် နေ့တွင် ဖွားမြင်သည်။

ကိုးနှစ်သားအရွယ်တွင် ပထမအကြိမ်၊ ၁၆ နှစ်သားအရွယ်တွင် ဒုတိယအကြိမ် ရှင်သာမဏေအဖြစ်သို့ရောက်သည်။ မိဘ ဘိုးဘွား များ၏ ပစ္စယာနုဂ္ဂဟကို ခံယူ၍ ပေါက်ခေါင်းမြို့ ကျောက်စရစ်ကုန်းကျောင်း ဆရာတော် ဦးပညာဇောတကို ဥပဇ္ဈာယ်ပြုပြီး ရှင်သာမဏေအဖြစ်သို့ ရောက်ခြင်းဖြစ်သည်။ သာမဏေဘဝမှာ ရှင်နန်ဒီယ ဖြစ်သည်။

၁၃၀၀ ပြည့် နှစ် နယုန် လဆန်း ၁၄ ရက် နေ့တွင် ပေါက်ခေါင်းမြို့ ကျောက်စရစ်ကုန်း (ယခု ပညာဇောတာရုံကျောင်းတိုက်) ခဏ္ဍသိမ်တော်၌ ပေါက်ခေါင်းမြို့၊



အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန်ဒီယ
ဆရာတော် ဘဒ္ဒန္တ နန်ဒီယ

ဒကို့ဇာရာမတိုက် ဆရာတော် ဦးနာဂိန္ဒဘိဝံသကို့ ဥပဇ္ဈာယ်ပြု၍ ဘိုးဘွားများ ဖြစ်သော ဦးသာပေါ်ဒေါ်ခင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ရှင်သာမဏေဘဝတွင် ဆရာတော် ဦးပညာဇောတ ဦးဝံသနှင့် ဦးနာဂိန္ဒဘိဝံသတို့ထံ၌ သဒ္ဒါ၊ သင်္ဂြိဟ်စသော လောကုတ္တရာ စာပေများကို သင်ကြား ရင်း စာမေးပွဲများကို ဝင်ရောက်ဖြေဆိုရာ ပထမငယ်တန်း အောင်မြင်သည်။ ထို့နောက် ရဟန်းဘဝတွင် ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့ကို အောင်မြင်တော်မူခဲ့သည်။

ထို့နောက် ဂျပန်ခေတ်အတွင်း ဆရာတော် ဦးနာဂိန္ဒဘိဝံသထံ၌ ဓမ္မာစရိယ စာချတန်းဆိုင်ရာ ပါရာဇိကဏ် ပါဠိတော်၊ အဋ္ဌကထာများ၊ ဓမ္မသင်္ဂဏီ ပါဠိတော် အဋ္ဌသာလိနီ အဋ္ဌကထာတို့ကို သင်ကြားတော်မူခဲ့သည်။

ထို့ပြင် ဆရာတော်သည် ခြောက်ထပ်ကြီး ဘုရားကြီးတိုက် ဘုရားကြီး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောဏ္ဍည၊ မန္တလေးဘောင်ပြင် ဘုရားကြီးတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးနာရဒ၊ မစိုးရိမ်တိုက် ပဒ္ဓာန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဦးဝိသုဒ္ဓ၊ ရန်ကုန် ဗဟန်း ညောင်တုန်းကျောင်းတိုက် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဓမ္မသေနာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးသူရိယာဘိဝံသ စသော ဆရာတော်ကြီးများထံတွင် ပါဠိ၊ အဋ္ဌကထာ၊ ပိဋကတ်ကျမ်းစာများကို ဆက်လက် သင်ကြားတော်မူရင်း စာမေးပွဲများကို ဝင်ရောက် ဖြေဆိုတော်မူရာ ဓမ္မာစရိယ စာမေးပွဲကို ပါရာဇိကဏ်၊ သီလက္ခန်ကျမ်းရင်းနှစ်ကျမ်း၌

ဂုဏ် ထူး ဖြင့် လည်းကောင်း၊ ဓမ္မာစရိယ စာချုတန်း စာမေးပွဲကို ကျမ်းရင်း တစ်ကျမ်းနှင့် ဂုဏ်ထူးတစ်ကျမ်း တို့နှင့်လည်းကောင်း အောင်မြင်တော်မူခဲ့သည်။

ဆရာတော်သည် အင်္ဂလိပ်စာပေကိုလည်း ညောင်တုန်း ကျောင်းတိုက်၌ စာပေများ ပို့ချရင်း သင်ယူဖတ်မူခဲ့သည်။ ဆရာကြီး မုန်းဓာတုထံတွင်လည်း အင်္ဂလိပ်စာကို သင်ယူခဲ့သည်။ ထို့ပြင် ၁၃၁၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကြွရောက်၍ အင်္ဂလိပ်စာပေများကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ဗဟန်း ညောင်တုန်းကျောင်း မိုးညှင်း စံကျောင်းတို့၌ သီတင်းသုံးတော်မူခဲ့သည်။ ၁၃၁၇ ခုနှစ်တွင် ပေါက်ခေါင်းမြို့ ပည်ဇောတာရုံကျောင်းတိုက်၌ တိုက်အုပ် ပဓာနစာချဆရာတော်အဖြစ် စာသင်သား ၃၀ ကျော်တို့အား နေ့စဉ် စာငါးဝါ ပို့ချတော်မူခဲ့သည်။

ဆရာတော်သည် သီရိလင်္ကာနိုင်ငံ၌ ရှိစဉ် မြန်မာနိုင်ငံ ဆဋ္ဌသင်္ဂါယနာတင်ပွဲအတွက် ပိဋကတ်တော်များကို သီဟိုဠ်အက္ခရာမှ မြန်မာအက္ခရာသို့ ကူးပြောင်း ပေးတော်မူခြင်း၊ မြို့နယ်ဝိနိစ္ဆယ တာဝန်ခံအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ ပထမအကြိမ်နှင့် ဒုတိယအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာအစည်းအဝေးပွဲကြီးများဟင် သံဃသမ္မတိရသံဃာ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခြင်း၊ နိုင်ငံတော် ဗဟို သံဃာဝန်ဆောင်၊ နိုင်ငံတော် သီးခြားဝိနည်းဓိရ၊ ပေါက်ခေါင်းမြို့ လေးမျက်နှာစေတီ၊ ဆုတောင်းပြည့် ကန်လည်စေတီတော်၊ အသောကစေတီတော်များ၊ ဂေါပကအဖွဲ့များ၏ သြဝါဒါစရိယစသည်ဖြင့် ဆောင်ရွက်တော်မူခြင်းစသည့် သာသနာရေးကိစ္စအဝဝကို အားပေးဆောင်ရွက်တော်မူခဲ့သည်။

ဤသို့ သာသနာတော်၏အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူသော ဆရာတော် ဘဒ္ဒန္တနန္ဒိယသည် ၁၉၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းဒေသ။ ။ ပ စိ ဖိ တ် သမုဒ္ဒရာတောင်ပိုင်းဒေသနိုင်ငံများအဖွဲ့ကို ၁၉၇၁ ခုနှစ် ဩဂုတ်လက ဖွဲ့စည်းခဲ့ပြီးနောက် ၁၄ ကြိမ်မြောက် ညီလာခံကို ၁၉၈၃ ခုနှစ် ဩဂုတ်လက ဩစတြေးလျနိုင်ငံ ကင်ဗာရာမြို့၌ ကျင်းပခဲ့ရာ ပစိဖိတ်တောင်ပိုင်းဒေသကို နျူကလီးယားမဲ့ဇုန် သတ်မှတ်ရေးအတွက် အကျယ်တဝင့်ဆွေးနွေးခဲ့ကြသည်။ တူဗာလူနိုင်ငံ ဖူနာဖူတီမြို့၌ ၁၉၈၄ ခုနှစ် ဩဂုတ်လက ကျင်းပသော ၁၅ ကြိမ်မြောက်ညီလာခံက ယင်းဇုန်သတ်မှတ်ရေးအတွက် အခြေခံမူများကို အတည်ပြုပြီး သဘောတူညီချက် စာချုပ်တစ်ရပ်ပြုစုရန် လုပ်ငန်းကော်မတီကို ပစိဖိတ်တောင်ပိုင်းဒေသ နိုင်ငံများအဖွဲ့၏ အဖွဲ့ဝင်များဖြစ်ကြသော ဩစတြေးလျ၊ ကွတ်ကျွန်းစု၊ ဖီဂျီ၊ ကီရီဘာတီ၊ နော်ရူး၊ နယူးဇီလန်၊ ပါပူအာနယူးဂင်းနီ၊ နီယူး၊ ဆော်လမွန်ကျွန်းစု၊ တွန်ဂါ၊ တူဗာလူ၊ ဗာန္ဒာတူးနှင့် အနောက်ဆာမိုအာတို့မှ ကိုယ်စားလှယ်တို့ဖြင့် ဖွဲ့စည်းကာ ဩစတြေးလျနိုင်ငံက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ယင်းလုပ်ငန်းကော်မတီသည် ၁၉၇၄ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့မှစ၍ ဆောင်ရွက်ခဲ့ရာ ၁၉၇၅ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် စာချုပ်မူကြမ်းပြီးစီးသည်။ ယင်းစာချုပ်ကို ၁၉၇၅ ခုနှစ် ဩဂုတ်လ ၆ ရက်နေ့တွင် ကွတ်ကျွန်းစု ရာရိုတွန်ဂါမြို့တော်၌ ကျင်းပသော ၁၆ ကြိမ်မြောက်ညီလာခံသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲတို့က ထောက်ခံ အတည်ပြုခဲ့ကြသည်။ ထိုနေ့သည် နျူကလီးယားလက်နက်ကို ပထမဆုံးဦးဦးဖျားဖျား အသုံးပြုခဲ့သောဖြစ်ရပ် နှစ် ၄၀ ပြည့်မြောက်သည့်နေ့ဖြစ်သည်။ ယင်းသဘောတူညီချက်တွင် ဒေသပြင်ပရှိနိုင်ငံများနှင့်ချုပ်ဆိုရမည့် စာချုပ်မူကြမ်းသုံးရပ်ကိုလည်း ပူးတွဲထားသည်။ ၎င်းတို့မှာ –

- ဖြိုတိန်၊ ပြင်သစ်နှင့် အမေရိကန်ပြည်ထောင်စုတို့က နျူကလီးယားမဲ့ဇုန် (ပစိဖိတ် တောင်ပိုင်း) ဒေသအတွင်းရှိ ပိုင်နက်နယ်မြေအသီးသီး၌ ယင်း သဘောတူညီချက် သက်ရောက်ခွင့်ပြုသည့်စာချုပ်၊
- နျူကလီးယားမဲ့ဇုန် သဘောတူညီချက်တွင် ပါဝင် သောမည်သည့်နိုင်ငံကိုမျှ နျူကလီးယားလက်နက် အသုံးပြုခြင်းကိုသော်လည်းကောင်း၊ အသုံးပြုမည်ဟု ခြိမ်းချောက်ခြင်းကိုသော်လည်းကောင်း မပြုလုပ်ရန် နျူကလီးယားလက်နက်ပိုင်ရှင် အင်အားကြီးနိုင်ငံငါးနိုင်ငံတို့ တာဝန်ယူကြောင်း ဖော်ပြသည့်စာချုပ်၊
- နျူကလီးယားမဲ့ဇုန်အတွင်း နျူကလီးယားဖောက်ခဲ့မှုကိရိယာများကို စမ်းသပ်ခြင်းမပြုရန် နျူကလီးယား လက်နက်ပိုင်ရှင် အင်အားကြီး ငါးနိုင်ငံတို့ တာဝန်ယူကြောင်း ဖော်ပြသည့်စာချုပ်တို့ ဖြစ်ကြသည်။

ပစိဖိတ်တောင်ပိုင်းနိုင်ငံများအဖွဲ့၏ ၁၇ ကြိမ်မြောက် ညီလာခံကို ၁၉၈၆ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှ ၁၁ ရက်နေ့ထိ ဖီဂျီနိုင်ငံဆူဗားမြို့၌ကျင်းပရာတွင်လည်း နျူကလီးယားမဲ့ဇုန်အဆင့်အတန်းကို နျူကလီးယားလက်နက်ပိုင်ရှင် အင်အားကြီးနိုင်ငံအားလုံးက အသိအမှတ်ပြုရေးကို တောင်းဆိုခဲ့ပြန်သည်။

ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၀၆ ခုနှစ် ဒီဇင်ဘာလ တွင်လည်းကောင်း၊ တရုတ်ပြည်သူသမ္မတနိုင်ငံသည် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလတွင်လည်းကောင်း ဒုတိယစာချုပ်နှင့် တတိယစာချုပ်တို့ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်။ ပထမစာချုပ်သည် ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းအတွင်း ပိုင်နက်နယ်မြေရှိထားသော နိုင်ငံကြီးများနှင့်သာဆိုင်သည်။ အမေရိကန်ပြည်ထောင်စုသည် ယင်းသဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်း မပြုနိုင်ကြောင်းဖြင့် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့က ကြေညာခဲ့သည်။ ပြင်သစ်ပိုလီနီးရှားအနီး၌ ရှုကလီးယားကိရိယာများကို ဖောက်ခဲ့စမ်းသပ်နေသော ပြင်သစ်နိုင်ငံကလည်း အလားတူငြင်းဆိုခဲ့သည်။ ဗြိတိန်နိုင်ငံကလည်း လက်မှတ်ရေးထိုးခြင်းမပြုသေးချေ။ ယင်းသဘောတူညီချက်သည် လက်မှတ်ရေးထိုးသော ပစိဖိတ်တောင်ပိုင်း နိုင်ငံများ၌ မည်သည့် ရှုကလီးယားပစ္စည်းများကိုမျှ စမ်းသပ်ခြင်း၊ ဖြန့်ကြက်ချထားခြင်း၊ သိုလှောင်ခြင်းမပြုရန် တားမြစ်ထားသော်လည်း ရှုကလီးယားလက်နက် တပ်ဆင်ထားသောသင်္ဘောများ ယင်းဒေသအတွင်း ဖြတ်သန်းရပ်နားခြင်းကိုမူ ပိတ်ပင်ခြင်းမရှိချေ။

အမေရိကန်ပြည်ထောင်စုသည် ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်းဒေသအတွင်း ငါးဖမ်းခွင့် စာချုပ်တစ်ရပ်ကို ၁၉၇၇ ခုနှစ် ဧပြီလ ၃ ရက်နေ့က ပါပူအာနယူးဂင်းနီနိုင်ငံ ပို့မိုရက်စဘီ ဆိပ်ကမ်းမြို့၌ ချုပ်ဆိုသည်။ ယင်းဒေသရှိ ကျွန်းနိုင်ငံအများစုက ကြေညာထားသောမိုင် ၂၀၀ (၃၂၁ – ကီလိုမီတာ) ပတ်လည် စီးပွားရေးဇုန်အတွင်း အမေရိကန်သင်္ဘောများ ငါးဖမ်းပိုင်ခွင့်ရှိမရှိ အငြင်းပွားခဲ့ရာမှ နှစ်ရှည်လများ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့သော စာချုပ်ဖြစ်သည်။ ယင်း စာ ချုပ် ကို အ မေ ရိ ကန် ပြည်ထောင်စု၊ ပါပူအာ နယူး ဂင်းနီ၊ ကိ ရိ ဘာ တီ၊ မိုက်ကရိုနီးရှား၊ သြစတြေးလျ၊ ကွတ်ကျွန်းစု၊ ဖီဂျီ၊ မာရှယ်ကျွန်းစု၊ နော်ရူး၊ နယူးဇီလန်၊ ဆော်လမွန်ကျွန်းစု၊ တူဗာလူနှင့် အနောက်ဆာမိုအာတို့က အတည်ပြုပြီးသည်နှင့် အာဏာသက်ရောက်မည့် စာချုပ်ဖြစ်သည်။ ထိုအခါ နောင်ငါးနှစ်တာကာလအတွင်း အမေရိကန်ပြည်ထောင်စုက ယင်းငါး ဖမ်းခွင့်အတွက် ဒေါ်လာသန်း ၆၀ ကိုပေးရမည်ဖြစ်သည်။ ၁၉၇၅ ခုနှစ်က ဆိုဗီယက်ပြည်ထောင်စုသည် ကိရိဘာတီနိုင်ငံအား ဒေါ်လာနှစ်သန်းပေး၍ ငါးဖမ်းခွင့်ရယူခဲ့ပြီးနောက် မာရှယ်ကျွန်းစုရှိ အမေရိကန် ဒုံးပျံစခန်းကို အဆင့်မြင့် အီလက်ထရွန်းနစ် ယန္တရားသုံး ဆိုဗီယက် ငါးဖမ်းသင်္ဘောများက အနီးကပ်ထောက်လှမ်းမည်ကို အမေရိကန်ပြည်ထောင်စုက စိုးရိမ်လာ၍ ယင်း စာချုပ်ကို ကြိုးပမ်းချုပ်ဆိုခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ဒီမိုကရေစီနည်းစနစ်အရ ရွေးချယ် တင်မြှောက်ထားသည့် အစိုးရကို စစ်တပ်က အာဏာ သိမ်းလိုက်ခြင်းသည် ပစိဖိတ်တောင်ပိုင်းဒေသ၏ ခေတ်သစ်သမိုင်းတွင် ပထမဆုံး အကြိမ်အဖြစ် ဖီဂျီနိုင်ငံတွင် ပေါ်ပေါက်သည်။ (ဖီဂျီနိုင်ငံ — ၅၂။) ပစိဖိတ်ဒေသနိုင်ငံများမှ အစိုးရများသည် ယင်းတို့နိုင်ငံများ၏ အနောက်တိုင်းဒီမိုကရေစီပုံစံ အစိုးရဖွဲ့စည်းမှု အစဉ်အလာများအပေါ် ဂယက်ရိုက်ခတ်မည်ကို စိုးရိမ်ကြသည်။

ဩစတြေးလျနိုင်ငံတွင် ဝန်ကြီးချုပ် ရောဗတ်ဟော့ခ်သည် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့က ကျင်းပသော ရွေးကောက်ပွဲ၌ ပြန်လည် ရွေးချယ် တင်မြှောက် ခံခဲ့ရ၍ နိုင်ငံသမိုင်းတွင် လေဘာအစိုးရက ပထမဆုံးအကြိမ်အဖြစ် သက်တမ်းသုံးဆက် အနိုင်ရရှိခဲ့ခြင်းပင်ဖြစ်သည်။ နယူးဇီလန်နိုင်ငံတွင်လည်း ဝန်ကြီးချုပ် ဒေးဗစ်လန်းကေးသည် ဩဂုတ်လ ၁၅ ရက်နေ့က ရွေးကောက်ပွဲ၌ ပြန်လည် ရွေးချယ်တင်မြှောက်ခံခဲ့ရ၍ ဒုတိယကမ္ဘာစစ်ကြီးအပြီး နိုင်ငံသမိုင်းတွင် သက်တမ်းနှစ်ဆက် တာဝန်ထမ်းဆောင်ခွင့်ရသည့် ပထမဆုံးသောဝန်ကြီးချုပ် ဖြစ်လာသည်။ ပါပူအာနယူးဂင်းနီနိုင်ငံတွင် ရွေးကောက်ပွဲများကို တစ်လတာမျှကျင်းပခဲ့ပြီးနောက် ဝန်ကြီးချုပ် ပို့ဂ်ယက်စ်ဝင်တီ၏ ပြည်သူဒီမိုကရက်တစ်ပါတီသည် အခြားပါတီငယ် လေးခုနှင့် တစ်သီးပုဂ္ဂလတစ်ခုတို့နှင့် ညွှန့်ပေါင်းအစိုးရဖွဲ့စည်းနိုင်ခဲ့သဖြင့် ဩဂုတ်လ ၅ ရက်နေ့တွင် ဝင်တီသည်ဝန်ကြီးချုပ်တာဝန် ပြန်လည်ထမ်းဆောင်ခွင့် ရသည်။

အမေရိကန်သမ္မတရေဂင်သည် ပစိဖိတ်ဒေသရှိ မာရီယာနာမြောက်ပိုင်းကျွန်းစုကို အမေရိကန်ပြည်ထောင်စု၏ ဓနသဟာယအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မိုက်ကရိုနီးရှားနှင့် မာရှယ်ကျွန်းစုသမ္မတနိုင်ငံတို့ကို လွတ်လပ်သော သ ဟ နိုင် ငံ များ အဖြစ် လည်းကောင်း ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့ကကြေညာခဲ့သည်။ ဤသို့ဖြင့် ယင်းပစိဖိတ် ကျွန်းနိုင်ငံသုံးခုကို ကုလသမဂ္ဂ၏ အစောင့်ရှောက်ခံနိုင်ငံများအဖြစ် ထားရှိခြင်းသည်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုက စီမံအုပ်ချုပ်နေရခြင်းသည်လည်းကောင်း အဆုံးသတ်သွားခဲ့ပြီ ဖြစ်သည်။ မိုက်ကရိုနီးရှားသည် ပစိဖိတ်တောင်ပိုင်း နိုင်ငံများအဖွဲ့တွင် လေ့လာသူအဆင့်ဖြင့်ပါဝင်ထားသည်။ အမေရိကန်ပြည်ထောင်စုသည် မိုက်ကရိုနီးရှားနှင့် မာရှယ်ကျွန်းစုတို့၏ ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စရပ်များကို ဆက်လက်တာဝန်ယူထားကာ နောင် ၁၅ နှစ်တာကာလအတွက် စီးပွားရေးအကူအညီဒေါ်လာသန်း ၂,၄၀၀ ခန့် ပေးအပ်မည်ဟုဆိုသည်။ ကုလသမဂ္ဂအစောင့်ရှောက်ခံ ပစိဖိတ်ကျွန်းများနယ်မြေတွင် နောက်ဆုံးကျန်ရှိသည့် ပလော

(ဘီလော)နိုင်ငံတွင် ၁၉၇၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့ကကျင်းပသော ပြည်သူ့ဆန္ဒခံယူပွဲတွင် လွတ်လပ်သောသင်္ဃာနိုင်ငံအဆင့်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်စာချုပ်ကို သဘောတူညီကြောင်းဖြင့် ပြည်သူအများစုက ဆန္ဒပြုခဲ့သည်ဟုဆိုသည်။ အမေရိကန်ပြည်ထောင်စုက ယင်းနိုင်ငံ၏ကာကွယ်ရေးကို ဆက်လက်တာဝန်ယူကာ နောင်နှစ် ၅၀ ကာလအတွင်း အကူအညီဒေါ်လာသန်း ၁၀၀၀ ပေးသွားမည်ဟု ဆိုသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၆ – စာ၊ ၂၁၅ နှင့် ၂၂၁ — ရှု။)

ပစိဖိတ်တောင်ပိုင်းဒေသ၌ ပြင်သစ်ကိုလိုနီဖြစ်နေသော နယူးကာလီဒိုးနီးယားတွင် ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့ကကျင်းပသည့် ပြည်သူ့ဆန္ဒခံယူပွဲသို့ မဲပေးပိုင်ခွင့်ရှိသူ ၅၈ ဒသမ ၉ ရာခိုင်နှုန်းက လာရောက်မဲပေးသည့်အနက် ပြင်သစ်သမ္မတနိုင်ငံတွင် ဆက်လက်ပါဝင်နေထိုင်လိုကြောင်းဖြင့် အပြာရောင် မဲပြားပေးသူ ၉၈ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ဟု ဆိုသည်။ လွတ်လပ်ရေးကို တောင်းဆိုသော အဝါရောင်မဲပြားက ၁ ဒသမ ၇ ရာခိုင်နှုန်းရှိသည်။ ကျွန်းရှိလူဦးရေ၏ ၄၃ ရာခိုင်နှုန်းရှိသော ကနက် (ဒေသခံတိုင်းရင်းသား မီလာနီးရှန်း)တို့ကို ကိုယ်စားပြုသော ကနက်ဆိုရှယ်လစ် အမျိုးသားလွတ်မြောက်ရေးတပ်ဦး (အက်ဖ်အယ်အင်ကေအက်စ်) သည်လွတ်လပ်ရေးလိုလားသောအုပ်စုဖြစ်ပြီးယင်းဆန္ဒခံယူပွဲတွင် ပြင်သစ်ကိုလိုနီအဖြစ် ဆက်လက်နေထိုင်ရေးသည်သာ မလွဲမသွေအဖြေထွက်မည်ဟုဆိုကာ ယင်းဆန္ဒခံယူပွဲကို သပိတ်မှောက်ကြရန် လှုံဆော်ခဲ့ကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၆ – စာ၊ ၁၉၂ — ရှု။)

ကျပန်နိုင်ငံဝန်ကြီးချုပ်အဖြစ် ၁၉၇၀ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် မာဆာယိုရှိအိုဟီရုက ပစိဖိတ်ဘုံစေးအဖွဲ့တစ်ရပ် ထူထောင်ရန် ၁၉၇၀ ခုနှစ် ဒီဇင်ဘာလက အဆိုပြုခဲ့သည်။ ၁၉၇၅ ခုနှစ် ဇန်နဝါရီလတွင် ကျပန်ဝန်ကြီးချုပ် နာကာဆိုနေသည် ယင်းဒေသတစ်ခုင်သို့ အလည်အပတ်သွားရောက်ခဲ့သည်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံခြားရေးဝန်ကြီးတာဒါရှီကူရာနာရီသည် ပစိဖိတ်ဒေသသို့ ၁၁ ရက်ကြာ ခရီးသွားရောက်ခဲ့သည်။ ပစိဖိတ်ကျွန်းများ ဒေသတွင် 'ပစိဖိတ်နည်းပစိဖိတ်ဟန်' ဟူ၍ထင်ရှားသည့် ယင်းဒေသ၏ရိုးရာအစဉ်အလာတန်ဖိုးတို့ကို အခြေခံလျက် ကျွန်းနိုင်ငံများအတွင်းဒေသအလိုက် ပူးပေါင်းဆောင်ရွက်မှုအတွက် လက်ရှိအစီအစဉ်များကို ကျပန်နိုင်ငံက ကူညီပံ့ပိုးသွားမည်ဟု ကူရာနာရီက ဖီဂျီနိုင်ငံဆူဗာ့မြို့၌ ပြောကြားခဲ့သည်။ 'ပစိဖိတ်၏ အနာဂတ်လူအဖွဲ့အစည်းသို့ ဦးတည်လျက်ဆောင်ရွက်ခြင်း' ဟူ၍ ခေါင်းစည်းတပ်ထားသော ယင်းပြောကြားချက်သည် ကျပန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတစ်ရပ်ဖြစ်ပြီး ကျပန်နိုင်ငံ၌ 'ကူရာနာရီမူဝါဒ' ဟု ခေါ်တွင်သည်။ ၁၉၈၆ ခုနှစ် ဇူလိုင်လက ဆိုဗီယက်ခေါင်းဆောင်ဂေါ်ဘာချော့သည် ဆိုဗီယက်ပြည်ထောင်စု၏ အဓိက ပစိဖိတ်ဆိပ်ကမ်းမြို့ဖြစ်သည့် ဗလာဒီဗော့စတော့မြို့၌ အာရှ၏အခြေအနေ၊ အာရှဒေသရှိ သမုဒ္ဒရာများသည် ဆိုဗီယက်တို့အဖို့ အမျိုးသားအကျိုးစီးပွားနှင့် ဆိုင်သောကိစ္စများဖြစ်ကြောင်း၊ အာရှနှင့် ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံများ၏ကြိုးပမ်းမှုဖြင့် ယင်းဒေသ၌ တရားမျှတသော ဆက်ဆံရေးများ ထူထောင်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။ ယင်းဗလာဒီဗော့စတော့ မိန့်ခွန်းမတိုင်မီမှာပင် ဆိုဗီယက်နိုင်ငံခြားရေး ဝန်ကြီးဌာနသည် ပစိဖိတ်သမုဒ္ဒရာဆိုင်ရာ ဌာနတစ်ခုကို ထူထောင်ခဲ့သည်။ ထို့နောက် ယင်းဒေသတွင် စီးပွားရေး၊ သံတမန်ရေးအရ တက်ကြွစွာ လှုပ်ရှားလာခဲ့သည်။ ပစိဖိတ်တောင်ပိုင်းဒေသရှိ ကျွန်းနိုင်ငံများအကြား စုပေါင်းကာကွယ်ရေးမဟာဗျူဟာတစ်ရပ်ထူထောင်ရန် ဩစတြေးလျနိုင်ငံက ဦးဆောင် ကြိုးပမ်းလျက်ရှိသည်။ ယင်းကာကွယ်ရေးရှေ့ပြေးအစီအစဉ်သစ်တွင် ခရီးရှည် ပျံသန်းနိုင်သောကင်းလှည့်လေယာဉ်များ ဖြန့်ကြက်ခြင်း၊ ရေတပ်လှည့်လည်မှုခွဲထွင်ခြင်းနှင့် ကျွန်းနိုင်ငံများ၏ ရေကြောင်းထောက်လှမ်းမှုစနစ် အဆင့်မြှင့်တင်ခြင်းတို့ ပါဝင်သည်။ ပစိဖိတ်ဒေသတွင် ဆိုဗီယက်နှင့် လစ်ဗျနိုင်ငံတို့လှုပ်ရှားမှုတိုးခဲ့နေခြင်းကို သတိပြုစောင့်ကြည့်ရန် ၁၉၈၇ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆာဂျက်ဖရီဟောင်းက ပြောကြားခဲ့သည်။ ဗာနွာတူးနိုင်ငံတွင် ဝန်ကြီးချုပ် ဝေါလတာလီနီ၏ ဗားနွာအာကူးပါတီမှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၇၀ ခန့်ကို ပြည်သူ့စစ်သင်တန်းပေးရန် လစ်ဗျကကမ်းလှမ်းကြောင်းဖြင့် ဩစတြေးလျနိုင်ငံ၌ သတင်းများ ထွက်ပေါ်ခဲ့ပြီး မရွေးမနှောင်းမှာပင် ဗာနွာတူးအစိုးရသည် ၁၉၈၇ ခုနှစ် မေလ ၇ ရက်နေ့တွင် လစ်ဗျသံတမန်နှစ်ဦးကို နိုင်ငံမှ နှင်ထုတ်ခဲ့သည်။ လီနီသည် ဗာနွာတူးနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုအတွက် လည်းကောင်း၊ ပြင်သစ်ကိုလိုနီ နယူးကာလီဒိုးနီးယား လွတ်လပ်ရေးအတွက် လည်းကောင်း ကူညီမည့် မည်သည့်နိုင်ငံနှင့်မဆို အဆက်အသွယ်ပြုလုပ်ရန် ထက်သန်နေသူဖြစ်သည်။

ပညာဇောတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက် (မြန်မာ ၁၂၆၆ – ၁၃၄၈)။ ။ ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ဘုရားကြီးကျောင်းတိုက်ကြီး၏ မဟာ

ပညာဇောတ၊ ဘဒ္ဒန္တ

နာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တ ပညာဇောတသည် တပည့်သံဃာများအား လောကုတ္တရာစာပေများကို သင်ကြားပို့ချတော်မူခြင်း၊ ကခ်ါဋိကာသစ်နိဿယ၊သခ်ၤပကတာ၊ ပရိတ်ကြီး ဋီကာ နိဿယ စသော သာသနာအတွက် အကျိုးများသည့် စာပေကျမ်းဂန်များကို ရေးသား ပြုစုတော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာတင်ပဲ့ ပဋိဝိသောဓက၊ သာသနာရေးအသင်းအဖွဲများနှင့် ခြောက်ထပ်ကြီး ရွှေသာလျောင်း ဂေါပကအဖွဲ့ စသည်တို့၏ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခြင်း စသော သာသနာ့တာဝန်များကို ထမ်းရွက်တော်မူခဲ့သောကြောင့် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၅ – စာ၊ ၁၈၈ — ရှု။)


နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညာဇောတသည် ၁၃၄၈ ခုနှစ် တပေါင်းလဆန်း ၄ ရက်နေ့တွင် ဒေဝနတ်ထံ ပျံလွန်တော်မူသည်။

ပညာဇောတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ပဲခူးမြို့၊ သာသနာ့ မဏ္ဍိုင် ပါဠိ တက္ကသိုလ် ကျောင်းတိုက် (မြန်မာ ၁၂၇၉–)။ ။ဆရာတော် ဘဒ္ဒန္တ ပညာဇောတကို စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အုပ် ရှစ်ကုန်းကျေးရွာ၌ ခမည်းတော် ဦးဖိုးကာ၊ မယ်တော် ဒေါ်ငွေရုံတို့က သက္ကရာဇ် ၁၂၇၉ ခုနှစ် တပေါင်းလဆန်း ၅ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

၁၄ နှစ်သားအရွယ်တွင် အုပ်ရှစ်ကုန်းရွာ မင်္ဂလာရုံကျောင်း ဆရာဘော် အရှင် တိက္ခကို ဥပဇ္ဈာယ်ပြု၍ ဦးလူဟန်၊ ဒေါ်ဖြတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူသည်။

ထို့နောက် သက္ကရာဇ် ၁၃၀၀ ပြည့်နှစ်တွင် ဝါးဘောမနယ် ရွာစည်ကုန်းရွာ မတာနာယက သိမ်ကုန်းကျောင်း ဆရာတော် အရှင်ကဝိန္ဒကို ဥပဇ္ဈာယ်ပြုလျက် အရာတော်မြို့နယ် ဥယျာဉ်သာရွာနေ ဦးဖူးတင့်၊ ဒေါ်ဒေါ်ကြိုင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြက်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် သာမဏေဘဝတွင် ဝါးခယ်မမြို့နယ် ကျွန်းကုန်းရွာ ရွှေကျင်တိုက်သစ်ဆရာတော် အရှင်နာယကနှင့် စာချဆရာတော်များထံ၌ ပိဋကတ်အခြေခံ ကျမ်းစာများကို လေးနှစ်ကြာ သင်ယူပြီး ပထမငယ်၊ ပထမလတ်တန်းတို့ကို ဝင်ရောက်ဖြေဆိုရာ ကောင်းစွာ အောင်မြင်ခဲ့သည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ပညာဇောတ

ထို့နောက် မြောင်းမြမြို့ ပဉ္စောတာရုံကျောင်းတိုက် နာယက မြောင်းမြဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင် ဉာဏာဘိဝံသနှင့် စာချဆရာတော်များထံ၌ ၁၂၉၇ ခုနှစ်မှ ၁၃၀၂ ခုနှစ်အထိ ငါးနှစ်ကြာ နေထိုင်၍ စာပေသင်ကြားရင်း ပထမကြီးတန်းနှင့် စာချတန်း စာမေးပွဲများကို ဆက်လက်ဖြေဆိုရာ ဂကောင်းစွာအောင်မြင်တော်မူသည်။

ထို့ပြင် မန္တလေး ဝိသုဒ္ဓါရုံ ရွှေကျင်တိုက်သစ် အဂ္ဂမဟာပဏ္ဍိတ စည်ရှင်ဆရာတော်နှင့် စာချ ဆရာတော်များ၊ မစိုးရိမ်နှင့် မိုးကောင်းဘိုက် ဆရာတော်များထံတွင် အဋ္ဌကထာ၊ နေ့ဝါ ညဝါ ကျမ်းစာများကို ပါရဂူရောက် တတ်မြောက်အောင် ခြောက်နှစ်ကြာ သင်ကြားခဲ့ပြီး ဓမ္မာစရိယ စာချတန်း စာမေးပွဲကို ဂုဏ်ထူးကျမ်းများနှင့် တကွ ဖြေဆိုအောင်မြင်တော်မူခဲ့သည်။ ထိုသို့ အောင်မြင်သောကြောင့် သာသနာ့ဓဇ ဓမ္မာစရိယဘွဲ့၊ သာသနာ့ဓဇ သိရိပဝရ ဓမ္မာစရိယဘွဲ့တို့ကို ရရှိတော်မူခဲ့သည်။

စာပေ ပရိယတ္တိများကို သင်ကြား တတ်မြောက်ပြီးနောက် ဆရာတော်သည် ၁၃၁၉ ခုနှစ်တွင် ပဲခူးမြို့၌ သာသနာ့မဏ္ဍိုင် စာသင်တိုက်ကြီးကို တည်ထောင်တော်မူ၍ တပည့်သံဃာ ၃၇ ပါးတို့အား စာပေကျမ်းဂန်များကို စတင်ပို့ချတော်မူခဲ့သည်။ ထိုစာသင်တိုက်ကြီးကို ၁၃၂၂ ခုနှစ်မှစ၍ ပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီးအဖြစ် တိုးချဲ့ဖွင့်လှစ်တော်မူခဲ့ရာ ယခုအခါ စာသင်သံဃာ ၄၁၅ ပါး အထိ တိုးပွားနေပြီ ဖြစ်သည်။

ဆရာတော်သည် စာပေ ကျမ်းဂန်များကိုလည်း ရေးသား ပြုစုတော်မူခဲ့ရာ လမ်းညွှန် ခေတ်မီ ဒေသနာပေါင်းချုပ်၊ တရားပဒေသာ ဆောင်ပုဒ်ကျမ်း၊ ဗုဒ္ဓဓမ္မလမ်းညွှန်ကျမ်း၊ သုဒုလ္လဘ ဘာဝနာကျမ်း စသည်ဖြင့် ကျမ်းပေါင်း ၂၀ ခန့် ရေးသားတော်မူခဲ့သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် သာသနာရေးကိစ္စ အဝဝကို ဆောင်ရွက်တော်မူခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ ပဋိသမ္ဘိဒါမဂ္ဂဘာဏက၊ ပဲခူးမြို့ ပါဠိပထမပြန်နှင့် ဓမ္မာစရိယ ကြီးကြပ်ရေး ဩဝါဒါစရိယ၊ ပဲခူးမြို့ ရွှေမော်ဝတီစေတီတော်၊ မဟာစေတီတော်နှင့် ရွှေသာလျော်းရုပ်ပွားတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပဲခူးမြို့ မဟာစည် သာသနာ့ရိပ်သာ ယောဂီအဖွဲ့၏ နာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်နှင့် နိုင်ငံတော် ဝိနည်းဓိုရ် စသည်ဖြင့် သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။ ထို့ပြင် ဆရာတော်သည် ပဲခူး မဟာစည် သာသနာ့ရိပ်သာတွင် ရှစ်နှစ်တိုင် တရားတော်များ ဟောပြောခြင်း၊ မိမိ ကျောင်းတိုက်အတွင်းရှိ တပည့်သံဃာ ၄၀၀ ကျော်တို့အား ကမ္မဋ္ဌာန်း တရားများ အားထုတ်စေခြင်း စသော ဝိပဿနာဓုရဘက် ဌာန်လည်း ဆောင်ရွက်တော်မူခဲ့သည်။

ဤသို့လျှင် သာသနာတော်၏ အကျိုးကို အားထုတ် ကြိုးစား ဆောင်ရွက်တော်မူသောကြောင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသည့် ဆရာတော် ဘဒ္ဒန္တ ပညာဇောတသည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံ ရရှိတော်မူသည်။

ပညာရည်ချွန်ဆု (၁၉၇၇)။ ။အခြေခံ ပညာအဆင့် အတန်း ပိုမိုမြင့်မား လာစေရန်၊ ကျောင်းအလိုက် စုပေါင်း ဆောင်ရွက်မှုအင်အား အရှိန်ပိုမို ကောင်းမွန် လာစေရန်၊ ကျောင်းအချင်းချင်း ကောင်းမွန်သန့်ရှင်းသော ပြိုင်ဆိုင်မှု အလေ့အကျင့် ပိုမိုရရှိလာစေရန်နှင့် ပညာရည် ထူးချွန်သော ကျောင်းသားကျောင်းသူများ ပိုမိုထွက်ပေါ်လာစေရန်ဟူသော ရည်ရွယ်ချက် လေးချက်ဖြင့် ပညာရည်ချွန်ဆုများကို ၁၉၇၁ ခုနှစ်မှစတင်၍ ချီးမြှင့်လာခဲ့ရာ ၁၉၇၇ ခုနှစ်တွင် ခုနစ်ကြိမ်မြောက်ခဲ့ပြီ ဖြစ်သည်။

၁၉၇၇ ခုနှစ် သတ္တမအကြိမ်မြောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး တက်ရောက်၍ အမှာစကား ပြောကြားပြီး ပညာရည်ချွန် ဆုများ ပေးအပ်သည်။ အခမ်းအနားတွင် ၁၉၇၇ ခုနှစ် အခြေခံပညာ အထက်တန်း စာမေးပွဲ၌ အောင်ချက်ရာခိုင်နှုန်း အများဆုံးဖြစ်သည့် ထူးချွန်သောကျောင်းများ၊ ထူးချွန်အောင် သင်ကြားပေးသော ဆရာ–ဆရာမများနှင့် စာမေးပွဲတွင် အမှတ်အများဆုံးဖြင့် ထူးချွန်စွာ အောင်မြင်သော ကျောင်းသားကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

၁၉၇၇ ခုနှစ် အခြေခံပညာ အထက်တန်းစာမေးပွဲတွင် ကျောင်းသားကျောင်းသူပေါင်း ၁,၉၃,၃၇၂ ဦး ဝင်ရောက် ဖြေဆိုခဲ့ရာ (က) စာရင်းမှ အောင်မြင်သူ ၁၄,၂၀၉ ဦး၊ (ခ) စာရင်းမှ အောင်မြင်သူ ၄,၂၆၁ ဦးဖြစ်၍ စုစုပေါင်း အောင်မြင်သူ ၁၈,၄၇၀ ဦး ဖြစ်သည်။

ယင်းကဲ့သို့ အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအနက် ဂုဏ်ထူးရရှိသူ ၃,၁၅၅ ဦး ပေါ်ထွက်ခဲ့ရာ ခြောက်ဘာသာ ဂုဏ်ထူးရသူ ၂၅ ဦး၊ ငါးဘာသာဂုဏ်ထူး

၁၉၇၇ ခုနှစ် သတ္တမအကြိမ်မြောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး၏ ပညာရည်ချွန်ဆုပေးအပ်ပွဲတွင် ဆုတံဆိပ်ခူးရရှိသူများ



ရသူ ၁၂၀ ဦး၊ လေးဘာသာ ဂုဏ်ထူးရသူ ၂၁၆ ဦး၊ သုံးဘာသာ ဂုဏ်ထူးရသူ ၃၅၆ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရသူ ၇၆၁ ဦးနှင့်တစ်ဘာသာဂုဏ်ထူးရသူ ၁,၆၇၇ ဦးရှိသည်။

ဂုဏ်ထူးရသူများအား ပြည်နယ် နှင့် တိုင်း အလိုက် ခွဲခြား စိစစ် ကြည့် လျှင် ခြောက်ဘာသာ ဂုဏ်ထူးကို ပြည်နယ် တိုင်း ငါးခု၊ ငါးဘာသာဂုဏ်ထူးကို ပြည်နယ်နှင့် တိုင်း၁၁ ခု၊ လေးဘာသာ ဂုဏ်ထူးကို ပြည်နယ်တိုင်း ၁၁ ခု၊သုံးဘာသာဂုဏ်ထူးကိုပြည်နယ်တိုင်း ၁၂ ခုတို့မှကျော်ငြားသား ကျော်ငြား သူ များ က ရ ရှိ ကြ ပြီး နှစ်ဘာသာ နှင့် တစ်ဘာသာ ဂုဏ်ထူးများကို ပြည်နယ်နှင့် တိုင်းအားလုံး က အသီးသီး ရရှိခဲ့ကြသည်။

၁၉၇၇ ခုနှစ် အခြေခံပညာအထက်တန်း စာမေးပွဲတွင် ရန်ကုန်မြို့ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းက အောင်ချက်ရာခိုင်နှုန်း ၆၀ ဒသမ ၀၇ ဖြင့် ပထမရရှိရာ ပညာရည်ချန် ဆုပေးပွဲတွင် ပညာရေး ဝန်ကြီး ဌာန ဒုဝန်ကြီးကကျော်ငြားအလိုက် ပညာရည်ချန်ဆု အပြစ် ရွှေ စင်ရွပ်တုအပ်နှင်းချီးမြှင့်သည်။ အခြေခံပညာအထက်တန်း ကျောင်းအမှတ် (၅) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်က

၁၉၇၇ ခုနှစ် ပညာရည်ချန်ဆု ရရှိကြသော
ကျောင်းသူ/ကျောင်းသားများ

အာဿာတဲ့	ကျောင်းသူ/ကျောင်းသား အမည်	ကျောင်းအမည်	ရမှတ် ပေါင်း	အဆင့်
သိပ္ပံ အာသာတဲ့	မလဲ့ချော်ငင်	ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း	၅၄၀	ပထမ
"	မတင်ဟန်ထွေး	အခြေခံပညာ အထက်တန်းကျောင်း (၁)၊ ဒဂုံမြို့နယ်	၅၃၆	ဒုတိယ
"	မောင်အောင်မြင့်သိန်း	"	၅၃၄	တတိယ
ဝိဇ္ဇာ အာသာတဲ့	မောင်သာဉီး	အခြေခံပညာ အထက်တန်းကျောင်း (၇)၊ ပုသိမ်အနောက်မြို့နယ်	၄၂၄	ပထမ
"	မောင်အောင်ဇော်ဌေး	အခြေခံပညာအထက်တန်းကျောင်း၊ လယ်ဝေးမြို့နယ်	၄၁၁	ဒုတိယ
"	မမြဖြူခိုင်	အခြေခံပညာအထက်တန်းကျောင်း၊ ဂွမြို့နယ်	၃၈၉	တတိယ
ဝိဇ္ဇာ (ဆရာ) အာဿာတဲ့	မောင်စောအေးလွင်	အခြေခံပညာအထက်တန်းကျောင်း (၁)၊ ဖျာပုံ	၄၄၁	ပထမ
"	မောင်ဇော်လွင်	မြို့သာတဲ့ဖက်အထက၊ ငါန်းဇွန်မြို့နယ်	၄၄၀	ဒုတိယ
"	မတင်တင်မူ	အခြေခံပညာအထက်တန်းကျောင်း (၃)၊ မိတ္ထီလာမြို့	၄၁၂	တတိယ


အောင်ချက်ထုခိုင်နှုန်း ၅၀ ဒသမ ၇၇ ဖြင့် ဒုတိယဆုရရှိသည်။ တတိယဆုချီးမြှင့်ရန် သတ်မှတ်ထားသည့် စံနှုန်းမီသော ကျောင်းမရှိ၍ တတိယဆု မချီးမြှင့်နိုင်ခဲ့ချေ။

၁၉၇၇ ခုနှစ် အခြေခံပညာ အထက်တန်း စာမေးပွဲသည် ကမ္ဘာ့အဆင့်မီ ဂျီစီအီး(အို)အဆင့်ရှိသည့် သင်ရိုးများအရ ပထမဆုံးစစ်ဆေးသည့် စာမေးပွဲ ဖြစ်သည်။ သိပ္ပံဘာသာတွဲ၊ ဝိဇ္ဇာဘာသာတွဲ၊ ဝိဇ္ဇာ(သချာ)ဘာသာတွဲဟူ၍ ဘာသာတွဲ သုံးခု ခွဲခြားကာ စစ်ဆေးခဲ့သည်။ ထို့ကြောင့် ဘာသာတွဲအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများကို ၁၉၇၇ ခုနှစ် ပညာရည်မွန်ဆုပေးပွဲမှ စတင်ချီးမြှင့်သွားခြင်းဖြစ်သည်။

ဘာသာတွဲအလိုက် ပထမ၊ ဒုတိယ၊ တတိဆုရရှိသူများနှင့် ရမှတ်ပေါင်းမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

ပါးရွင်းပင်လယ်ကွေ့ဒေသအခြေအနေ။ ။အာရေဗျကျွန်းဆွယ်နှင့် အီရန်နိုင်ငံတို့၏အကြားတွင်ရှိ၍ အာရေဗျပင်လယ်နှင့် ဆက်စပ်နေရာ တိုက်ဂရစ် – ယူဖရေးတီးမြစ်ဝမှသည် ဟောမုဇ်ရေလက်ကြားထိ ရှည်လျားသည်။ ဟောမုဇ် ရေလက်ကြားသည် အိုမန် ပင်လယ်ကွေ့နှင့် ဆက်ပေးထားသည်။ မိုင် ၂၁၀ ခန့် ရှည်၍ ပေ ၃၆၀ ခန့်အထိနက်သည်။ အာရေဗီယန်ပင်လယ်ကွေ့ဟုလည်း ခေါ်သည်။ ဆအူးဒီ အာရေဗျ၊ ယေမင် (ဆာနာ)၊ ယေမင် (အေဒင်)၊ အိုမန်၊ ကာတာ၊ ဘာရိန်း၊ ကူဝိတ်၊ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့သည် အာရေဗျကျွန်းဆွယ်တွင် တည်ရှိကြလေရာ ယင်းနိုင်ငံတို့ ကျေနပ်စိမ့်သောငှာ အမေရိကန်ပြည်ထောင်စု ကာကွယ်ရေးဝန်ကြီးဌာန ထိပ်တန်းအရာရှိကြီးများသည် အာရေဗီယန်ပင်လယ်ကွေ့ ဟု ခေါ်ဝေါ် သုံးနှုန်းလေ့ ရှိသည်။ ဆူမေးရီးယန်း ပင်လယ်ကွေ့ဟုလည်း ခေါ်ဝေါ်နိုင်သည်ဟု ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့ထုတ် နယူးယောက် တိုင်းမ်စ် သတင်းစာက အကြံပြုသည်။ မြေပုံကို စတင်တီထွင်ခဲ့သည့် ဆူမေးရီးယန်း လူအဖွဲ့အစည်းသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀၀၀ က ယင်းဒေသတွင်ပေါ်ထွန်းခဲ့ဖူးပြီး ယင်းပင်လယ်ကွေ့ကို အေအက်ဘာ (မဟာရေပြင်) ဟု စတင်အမည်ပေးခဲ့သည်ဟု ထောက်ပြသည်။ မည်သို့ပင်ခေါ်ဝေါ်သည်ဖြစ်စေ ယင်းဒေသ၌ ၁၉၈၀ ပြည့်နှစ်မှ စတင်ဖြစ်ပွားလျက်ရှိသော အီရန်–အီရတ်စစ်ပွဲသည် ၁၉၇၇ ခုနှစ်တွင် စစ်ရိန်မြင့်လာခြင်းကြောင့် ငြိမ်းချမ်းမှုမရှိသေးချေ။

စစ်ပွဲကာလ ပထမ ၂၁ လအတွင်း အီရန်နိုင်ငံဘက်မှ စစ်သည် ၆၀,၀၀၀ ခန့် ကျဆုံးခဲ့ပြီး အီရတ်နိုင်ငံဘက်မှ ၄၀,၀၀၀ ခန့်ကျဆုံးခဲ့သည်ဟုဆိုသည်။ ၁၉၈၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် အီရန်တပ်ဗိုလ်ကြီး ကျော်၍ အီရတ်နိုင်ငံ၏ ဒုတိယမြို့တော် ဘာဆရာသို့ ဦးတည်လျက် ထိုးစစ်ဆင်ထုတွင်မူ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ အကုန်တွင် အီရန် ၄၅,၀၀၀ နှင့် အီရတ် ၂၀,၀၀၀ တို့ ကျဆုံးခဲ့ရသည်။ အီရန်သတင်းစဉ်ကမူ အီရန်နိုင်ငံ တော်လှန်ရေး အစောင့်တပ်ဗိုလ်သည် နှစ်နှစ်တာ ကာလအတွင်း စစ်ဆင်ရေးအကြိမ် ၃၀ ဆင်နွှဲခဲ့ပြီး အီရတ် ၂,၀၀,၀၀၀ ကျဆုံးစေကာ ဂ,၅၀၀ ကို ဖမ်းဆီးရမိသည်ဟု ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကြေညာခဲ့သည်။ စစ်မြေပြင် တိုက်ပွဲများသာမက အီရတ်မြို့ကြီးများကို အီရန်က ဒုံးကျည်ဖြင့်ပစ်ခတ်ခြင်း၊ အီရန်မြို့များ ရေနံမြေများနှင့် နျူကလီးယားဓာတ်ပေါင်းပို တည်ဆောက်ရေးစခန်းတို့ကို အီရတ်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ ပင်လယ်ကွေ့ ရေကြောင်းသွားလာမှုကို တိုက်ခိုက်ခြင်းတို့ကို တိုးခွဲပြုလုပ်လာကြသည်။ ၁၉၈၅ ခုနှစ် မတ်လမှ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့ထိ အီရန်တို့က ဘဂ္ဂဒက်မြို့တော်ကို ဒုံးကျည် ၂၇ စင်းဖြင့် ပစ်ခတ်ခဲ့သည်။ အီရတ်တို့ကလည်း ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့မှ ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ လေကြောင်းမှ တိုက်ခိုက်ခဲ့ရာ အရပ်သား ၃၀၀၀ ကျော်သေဆုံး၍ ၉၀၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ ပင်လယ်ကွေ့ဒေသတွင်လည်း ၁၉၈၁ ခုနှစ် မေလမှ ၁၉၈၃ ခုနှစ်အထိ သင်္ဘော ၄၅ စင်း၊ ၁၉၈၄ ခုနှစ်တွင် သင်္ဘော ၆၇ စင်း တိုက်ခိုက်ခံရပြီး၊ လူ ၄၀ သေဆုံးခဲ့ရသည်။ ၁၉၈၅ ခုနှစ်တွင် သင်္ဘော ၈၃ စင်း တိုက်ခိုက်ခံရပြီး ၁၉၈၆ ခုနှစ်တွင် သင်္ဘော ၁၀၅ စင်း တိုက်ခိုက်ခံခဲ့ရသည်။ ၁၉၈၇ ခုနှစ်တွင် ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ သင်္ဘော ၁၅၅ စင်း တိုက်ခိုက်ခံခဲ့ရသည်။



ပါးရွင်းပင်လယ်ကွေ့ဒေသ



ပါးရှင်းပင်လယ်ကွေ့တွင် အီရန်တို့ချထားဟန်တူသော ထိကွဲမိုင်းများ(အနီးမြင်ကွင်း)ကိုဆယ်ယူထားသည့် အမေရိကန် စစ်သင်္ဘောပေါ်မှ လှမ်းမျော်ကြည့်သော် အခြားအနောက်အုပ်စု စစ်သင်္ဘောများကိုလည်း မြင်ရသည်။

စစ်ရှိန်မြင့်လာသည်နှင့်အမျှ လက်နက်အသစ်အဆန်းများ တိုးခဲ့သုံးစွဲလာကြသည်။ အီရန်နိုင်ငံသို့လက်နက်များ လျှို့ဝှက်တင်ပို့ရောင်းချနေသောနိုင်ငံပေါင်း အနည်းဆုံး ၃၃ နိုင်ငံခန့်ရှိနေသည်။ အီရန်ကတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြောက်ကိုရီးယားတို့ထံမှ အမျှားဆုံးဝယ်ယူသည်ဟုဆိုသည်။ ၁၉၇၇ ခုနှစ်အတွင်းတွင်ပင် တရုတ်နိုင်ငံကအီရန်နိုင်ငံသို့ အမေရိကန်ဒေါ်လာသန်းပေါင်း ၁,၆၀၀ ဖိုးရှိ တင်ကား၊ ခေတ်မီတိုက်လေယာဉ်များနှင့် ဒုံးကျည်များရောင်းချခဲ့သည်ဟုဆိုသည်။ တရုတ်ပြည်လုပ် ဆစ်ခ်ဝမ်း သဘော်ဝပစ်ဒုံးကျည်ကို ကူဝိတ်နိုင်ငံပိုင်သဘော်ဝများအား ပစ်ခတ်ရာတွင် အီရန်နိုင်ငံက အသုံးချခဲ့သည်။ တရုတ်နိုင်ငံကမူ မရောင်းချခဲ့ကြောင်းဖြင့် ငြင်းဆိုထားသည်။ အီရန်သည် ဆိုဗီယက်လုပ် စကပ်ဘီဒုံးကျည်တို့ကို လစ်ဗျာထံမှတစ်ဆင့်ရယူကာ အီရတ်မြို့တော်ဘဂ္ဂဒက်မြို့ကို ပစ်ခတ်ရာတွင် သုံးသည်။ ဆိုဗီယက်ပြည်ထောင်စုသည် အီရတ်နိုင်ငံကို ပိုမိုထောက်ခံ၍ လက်နက်ရောင်းချလျက်ရှိရာ စကပ်ဘီကဲ့သို့ ၁၂၅ မိုင်ထိသာ ပစ်ခတ်နိုင်သော ဒုံးကျည်သာမက မိုင် ၅၀၀ ကျော်အထိ ပစ်ခတ်နိုင်သော အက်စ်အက်စ် ၁၂ ဒုံးကျည်တို့ကိုပင် သုံးစွဲရန် စိုင်းပြင်းနေသည်ဟုဆိုသည်။ ဆိုဗီယက်အုပ်စုဝင် ကျန်နိုင်ငံတို့ကမူ အီရန်သို့ အမြောက်နှင့်လက်နက်သုံးပစ္စည်းများ၊ ရေဒါများကိုရောင်းချခဲ့သည်။ အီရန်တို့သည် ၁၉၇၇ ခုနှစ်ဆန်းမှစ၍ အမေရိကန်ပြည်ထောင်စုလုပ် ဟောင်ခ်လေယာဉ်ပစ်ဒုံးကျည်နှင့် တိုးတင်ကားပစ် ဒုံးကျည်တို့ကို အသုံးပြုခဲ့ရာ တစ်လအတွင်းမှာပင် အီရတ်စစ်လေယာဉ် ၄၀ ခန့်ကို ပစ်ချနိုင်ခဲ့သည်။ (အမေရိကန်ပြည်ထောင်စု—ရှု။) ဆိုဗီယက်လုပ် ဆူခွိုင်-၂၇ လေယာဉ်များကို ကွန်မြူနစ်အုပ်စု၏ပြင်ပတွင် ပထမဆုံးအသုံးပြုခွင့်ရသည့် အီရတ်နိုင်ငံ၏ လေတပ်စွမ်းပကားမှာမူ အီရန်ကိုအသာစီးရလျက်ပင်ရှိသည်။ ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် အီရန်နိုင်ငံက ရေနံတင်သဘော်ဝများကိုတိုက်ခိုက်ရာတွင် မီးတောက်မီးလှဲများဖြင့် အကြီးအကျယ်လောင်ကျွမ်းစေသော လောနက်သစ် သို့မဟုတ် ကျည်သစ်တစ်မျိုးကို သုံးစွဲခဲ့သည်။ အမေရိကန်လုပ် အပူဇွေလှိုင်းရှာ

လေယာဉ်ပစ် ပခုံးထမ်း ဒုံးကျည်လက်နက် စတင်ဂျာကို လည်း အာဖဂန်စတန် သူပုန်တို့ထံမှတစ်ဆင့် အီရန်တို့ ရရှိထားပြီဟု ဆိုသည်။ အီရန်သည် ဒေါ်လာသန်း ၅၀၀ နီးပါးရင်းနှီးမြုပ်နှံ၍ ကာကွယ်ရေးပစ္စည်းစက်ရုံများတည် ဆောက်ကာ ဒုံးကျည်များ၊ ထိကွဲမိုင်းများကိုထုတ်လုပ်နေ သည်။ စက်ရုံ ၁၂ ရုံ၊ ကာကွယ်ရေးအထောက်အကူပြု လုပ်ငန်းစီမံကိန်း ၁၀၀၀ နှင့် ပဂ္ဂလိကအလုပ်ရုံ ၁၂,၀၀၀ က စစ်လက်နက်ပစ္စည်းများ ထုတ်လုပ်သည်။ အီရန်–အီရတ်စစ်ပွဲသည် စင်စစ်သော် ထိုးစစ်နှင့်ခံစစ်သုံး နောက် ဆုံးပေါ် လက်နက်စနစ်အမျိုးမျိုးကို လက်တွေ့စမ်းသပ် စစ်ဆေးသောကွင်းဖြစ်လာသည်ဟုဆိုသည်။

ထိုသို့ စစ်လက်နက်များ တပ်ဆင် ထုတ်လုပ်နိုင်ရန် စစ်ပြိုင်နိုင်ငံ နှစ် နိုင်ငံတို့သည် ရေနံတိုးခဲ့ထုတ်လုပ်လျက် ရှိသည်။ အထူးသဖြင့် ၁၉၇၇ ခုနှစ်တွင် အီရတ်နိုင်ငံသည် တူရကီနိုင်ငံမှတစ်ဆင့် ပြည်ပသို့ရေနံတင်ပို့နိုင်သော ပိုက် လိုင်း ဖောက်လုပ်ပြီးစီးပြီ ဖြစ်၍ ရေနံတင်ပို့ရောင်းချနိုင် သော နိုင်ငံများအဖွဲ့ (အိုပက်)တွင် ဆာဒ္ဒူးဒီ အာရေဗျ နိုင်ငံပြီးလျှင် ဒုတိယအများဆုံး ထုတ်လုပ်ရောင်းချသော နိုင်ငံဖြစ်လာသည်။ ၁၉၇၉ ခုနှစ်က နေ့စဉ်ရေနံစည် ပေါင်း ၃ ဒသမ ၅ သန်း တင်ပို့နိုင်ခဲ့သော အီရတ်နိုင်ငံ သည် ၁၉၈၁ ခုနှစ်တွင် နေ့စဉ်ရေနံစည် ကိုးသိန်းပင်ပြည့် အောင်မရောင်းနိုင်ခဲ့တော့ဘဲ ၁၉၈၂ ခုနှစ်တွင် အီရန်နိုင်ငံ ဘက်က ရပ်တည်သောဆီးရီးယားနိုင်ငံက မြေထဲပင်လယ် သို့ အီရတ်ရေနံတင်ပို့ရာပိုက်လိုင်းကို ဖြတ်တောက်ခဲ့သော ကြောင့် အီရတ်၏ရေနံတင်ပို့မှုအခြေအနေ ပိုမိုလျော့ကျ လာခဲ့ရသည်။ ၁၉၈၇ ခုနှစ်တွင် စစ်မဖြစ်မီကာလက စံချိန် နီးပါး ထုတ်လုပ်ရောင်းချရန် စိုင်းပြင်းလာခဲ့သည်။ ဆအူးဒီ အာရေဗျနိုင်ငံနှင့် ကူဝိတ်နိုင်ငံတို့က အီရတ်ရေနံကို တင်ပို့ ရောင်းချပေးနေသည်ဟုဆိုကာ အီရန်နိုင်ငံက ယင်းနိုင်ငံ တို့နှင့် မကင်းရာမကင်းကြောင်း သဘော်မှန်သမျှကို တိုက် ခိုက်လာခဲ့သည်။ အီရတ်နိုင်ငံကလည်း အီရန်ရေနံတင် သင်္ဘောများကို လေကြောင်းမှတိုက်ခိုက်ခဲ့ရာ အမေရိကန် ရေတပ် ဖရီးဂိတ်စစ်သင်္ဘောစတာ့ကိုပင် မေလ ၁၇ ရက် နေ့ကမှားယွင်းပစ်ခတ်ခဲ့မိ၍ သင်္ဘောသား ၃၇ ဦးသေဆုံး ခဲ့ရသည်။ ကူဝိတ်နိုင်ငံ၏ ရေနံတင်သင်္ဘော ၁၁ စင်းကို အမေရိကန်အလံ လဲလှယ် လွှင့်ထူခြင်းဖြင့် အမေရိကန် ပြည်ထောင်စု၏ ရေတပ်တပ်ဖွဲ့က အကာအကွယ်ပေးရ သည့်ဖြစ်ရပ်လည်း ပေါ်ပေါက်လာသည်။ ပင်လယ်ကွေ့ တွင် အောက်တိုဘာလ ၂၉ ရက်နေ့က အမေရိကန်စစ် သင်္ဘော ၄၀ ရှိသည်။ အီရန်တို့ ကူဝိတ်ကိုပစ်လွှတ်မည့် ဆစ်ခ်ဝမ်းဒုံးကျည် လက်နက်မျိုးကို ပစ်ချရန် ဟောခ်ဒုံး ကျည်များ ဖြန့်ချထားပေးခဲ့သည်။ ရေပြင်တွင် အီရန်ကို

ဆဒ္ဒူးဒံအာရေဗျနိုင်ငံ မက္ကာမြို့တွင် အီရန်ဘုရားဖူးတို့က ရှီယိုက်မူဆလင်ခေါင်းဆောင်တို့၏ ရုပ်ပုံများကို ကိုင်ဆောင်လျက် လှည့်လည်ဆန္ဒပြ၍ အဓိကရုဏ်းဖြစ်ပွားရသည်။



ထောင်ထားလေ့ရှိသည့် ထိကဲ့မိုင်းများကို ရှင်းလင်းရန် သမားရိုးကျနည်းများသာမက ရေ ငုပ် စက် ရုပ် များ နှင့် လေ့ကျင့်ပေးထားသော လင်းပိုင်များကိုအသုံးချ၍လည်း ဆောင်ရွက်ပေးနေရသည်။ ဖြိတိန်စစ်သင်္ဘောနှင့် မိုင်းရှင်း သင်္ဘောတို့ကလည်း ပါးရှင်းပင်လယ်ကွေ့အတွင်း ကုန်သွယ် သင်္ဘော ၃၂၀ ကို စောင့်ရှောက်ပေးပြီးပြီဟု ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ကြေညာခဲ့သည်။ ပြင်သစ်၊ အီတလီ၊ ဖြိတိန်၊ ဗဲလ်ဂျီယံနှင့် နယ် သာ လန် တို့ ၏ စစ်သင်္ဘော ၃၀ ခန့် ဇူလိုင်လမှစ၍ ပင်လယ်ကွေ့သို့ရောက် ရှိလာခဲ့ပြီး ရေကြောင်းသွားလာမှုလွတ်လပ်ရေးနှင့် လုံခြုံ ရေးအတွက် ဆောင်ရွက်ပေးနေကြသည်။ ဇူလိုင်လ ၃၁ ရက်နေ့က ဆအူးဒီအာရေဗျနိုင်ငံ မက္ကာမြို့၌ အီရန်ဘုရား ဖူးတို့ကြောင့်ဖြစ်ပွားသောအဓိကရုဏ်းတွင် အီရန်ဘုရားဖူး ၂၇၅ ဦး အပါအဝင် လူပေါင်း ၄၀၂ ဦး သေဆုံးခဲ့ရသည့် ဖြစ်ရပ်ကြောင့် အီရန်နှင့်ဆအူးဒီ အာရေဗျဆက်ဆံရေး ပိုမိုဆိုးရွားလာသည်။ ပင်လယ်ကွေ့ပူးပေါင်းဆောင်ရွက် ရေးကောင်စီ (ဂျီစီစီ) အဖွဲ့ဝင်များဖြစ်ကြသော ဆအူးဒီ အာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ အိုမန်၊ ကာတာနှင့် အာရပ် စော်ဘွားများ ပြည်ထောင်စုတို့က အီရတ်နိုင်ငံ ဘက်မှ ရပ်တည်နေကြဆဲပင် ဖြစ်သည်။ အီရန်ကို အစဉ်တစိုက် ထောက်ခံလာခဲ့သော လစ်ဗျနိုင်ငံသည် ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် အီရတ်နိုင်ငံနှင့် အဆက်အသွယ်ပြန် လည်ပြုလုပ်ကာ အီရန်နိုင်ငံ၏ ပင်လယ်ကွေ့စစ်ပွဲဆိုင်ရာ ရပ်တည်ချက်ကို ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် အတိ အလင်း ပြစ်ဘင်ဝေဖန်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်က အီရတ်နိုင်ငံအနောက်ပိုင်း ဆီးရီးယားနိုင်ငံနှင့် နယ်စပ် အနီးရှိ ဝါလစ် လေယာဉ်အခြေစိုက်စခန်းကို အီရန်စစ် လေယာဉ်တို့တိုက်ခိုက်သည့်ဖြစ်ရပ်တွင် ဆီးရီးယားနိုင်ငံ၏ အကူအညီမပါဘဲ အီရန်လေယာဉ်တို့ ဤမျှအကွာအဝေး ကို မပျံသန်းနိုင်ဟုထောက်ပြကာ အီရတ်နိုင်ငံက အဆက် အသွယ်ဖြတ်တောက်ခဲ့သည်။ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့က အီရတ် လေယာဉ်ပစ် အမြောက် တပ်ဖွဲ့သည် အီရတ်လေကြောင်းပိုင်နက်အတွင်း ဝင်ရောက်လာသော ဆီးရီးယားမစ် – ၂၁ လေယာဉ်တစ်စင်းကို ပစ်ချခဲ့သည်။ သို့ရာတွင် ဒီဇင်ဘာလတွင် နှစ်နိုင်ငံနယ်စပ် ဖွင့်လှစ်၍ ဆက်ဆံရေးတိုးမြှင့်ရန် အီရတ်နှင့်ဆီးရီးယားတို့ သဘော တူညီမှု ရသည်ဆိုသောသတင်းများ ထွက်ပေါ်လာသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ပင်လယ်ကွေ့စစ်ပွဲ ရပ်စဲရေးအတွက် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၀ ရက် နေ့တွင် ဆုံးဖြတ်ချက် ၅၉၈(၁၉၈၇)ကိုချမှတ်ကာ ကြိုးပမ်းလျက်ရှိ သည်။ ယင်းဆုံးဖြတ်ချက်ကို အီရန်နိုင်ငံက ပယ်ချခဲ့ခြင်း ကြောင့် ကုလသမဂ္ဂအဖွဲ့ အီရန်နိုင်ငံကို လက်နက်ရောင်း ချမှုဖိတ်ပင်နိုင်ရေးအတွက် အဆိုပြုသည်လည်း ရှိသကဲ့သို့ ပင်လယ်ကွေ့ဒေသ ရေကြောင်းသွားလာမှု လုံခြုံမှုရှိစေရန် ကုလသမဂ္ဂရေတပ်တပ်ဖွဲ့ စေလွှတ်ရေးအတွက် အဆိုပြုကြ သည်လည်းရှိသည်။ (ကုလသမဂ္ဂ—၅၂။)

ပူလစ်ဇာဆု။ ။အမေရိကန်စာနယ်ဇင်းနှင့် စာပေတွင် ထူးချွန်ပြောင်မြောက်သော စွမ်းဆောင်မှုတို့ကို နှစ်စဉ် ချီးမြှင့်သောဆုဖြစ်သည်။ အမေရိကန်သတင်းစာထုတ်ဝေ သူနှင့် စာတည်းဖြစ်သော ဂျိုးဇက် ပူလစ်ဇာ (၁၈၄၇–၁၉၁၁) က မတည်ပေးခဲ့သော ဒေါ်လာ ၅,၀၀,၀၀၀ ကို ငွေပင်ငွေရင်းအဖြစ် ထား၍ ၁၉၁၇ ခုနှစ်ကတည်းက နှစ်စဉ်မေလရောက်တိုင်း ဆုအဖြစ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယင်းမတည်ငွေကို ကိုလံဗီယာတက္ကသိုလ်က ထိန်းသိမ်း၍ စာနယ်ဇင်းပညာနယ်ပယ်အတွက် ရှစ်ဆု ရွေးချယ်ချီးမြှင့် ပေးသည်။ သတင်းစာတစ်စောင်က အများပြည်သူအား အထိရောက်ဆုံးလုပ်ရပ်ဖြင့်အကျိုးပြုခြင်း၊ အကောင်းဆုံး ပြည်တွင်းသတင်း တင်ဆက်ခြင်း၊ ခေါင်းစည်း၏စွဲဆော် နိုင်စွမ်းကို အားမပြုဘဲ ပြည်တွင်းသတင်းတင်ဆက်ခြင်း၊ တစ်မျိုးသားလုံးအကျိုးစီးပွားအတွက် သတင်းတင်ဆက် ခြင်း၊ နိုင်ငံတကာရေးရာနှင့်စပ်လျဉ်း၍ အပြောင်မြောက် ဆုံးသတင်းတင်ဆက်ခြင်း၊ အထက်မြက်ဆုံးခေါင်းကြီးပိုင်း ရေးသားခြင်း၊ အကောင်းဆုံးကာတွန်း ဖော်ပြခြင်းနှင့် အကောင်းဆုံး သတင်းဓာတ်ပုံ ထည့်သွင်းဖော်ပြခြင်းတို့ အတွက် ချီးမြှင့်သည်။ အမေရိကန်စာပေအတွက် ဆု ငါးဆု ချီးမြှင့်သည်။ အမေရိကန်နိုင်ငံအတွက် ရည်ရွယ် ချက်ထား၍ ရေးသားပြုစုသော အကောင်းဆုံးဝတ္ထုရှည်၊ အကောင်းဆုံး ပြဇာတ်၊ အကောင်းဆုံး ကဗျာစာစု၊ အမေရိကန်သမိုင်းနှင့် စပ်လျဉ်း၍ အထူးခြားဆုံးလေ့လာ တင်ပြသောလက်ရာ၊ နိုင်ငံချစ်စိတ် လှုံ့ဆော်၍ ပြည်သူ အား အလုပ်အကျွေးပြုရေးကို စေ့ဆော်သော ရည်ရွယ် ချက်ပါသည့်အကောင်းဆုံးအတ္ထုပ္ပတ္တိ သို့မဟုတ် ကိုယ်ရေး အတ္ထုပ္ပတ္တိလက်ရာတို့ကို ချီးမြှင့်ခြင်း ဖြစ်သည်။ ၁၉၄၃ ခုနှစ်မှစ၍ ဂီတစာသား သီကုံးမှုစွမ်းရည်အတွက်လည်း ဆုချီးမြှင့်လာခဲ့သည်။

ပူလစ်ဇာဆု ကော်မတီသည် ၇၁ ကြိမ်မြောက်ဆုကို ၁၉၇၇ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကြေညာခဲ့သည်။ နိုင်ငံတကာသတင်းဆုကို လော့စ်အိန်းဂျလိစ် တိုင်းမ်စ် သတင်းစာ၏ပြည်ပသတင်းထောက် မိုက်ကယ် ပါ၌စ်အား ချီးမြှင့်သည်။ တောင်အာဖရိကအခြေအနေနှင့်စပ်လျဉ်း၍ သမာသမတ်ရှိသည့်ပြင် အချက်အလက် တိကျစုံလင် သော မျက်နှာဖုံးသတင်းတင်ဆက်နိုင်ခြင်းအတွက် ပါ၌စ် အား ချီးမြှင့်သည်ဟု ကော်မတီကရှင်းပြသည်။

ပြဇာတ်ဆုကို လူမည်းပြဇာတ်စာရေးဆရာ သြဂတ် ဝီလဆင် က အတားအဆီးများအမည်ရှိ ပြဇာတ်အတွက် ဆွတ်ခူးရရှိသည်။ လူမည်း အမျိုက်ကျုံးလုပ်သားတစ်ဦး ခမျာ အသားအရောင် အမျိုးအနွယ် ခဲခြားရေး ဝါဒ ကြောင့် အားကစားပြိုင်ခွင့်မရခဲ့သည့် နာကျည်းဖွယ် အဖြစ်ကို တင်ဆက်ထားသော ပြဇာတ်ဖြစ်သည်။

ဝတ္ထုတိုလက်ရာများဖြင့် ထင်ရှားသူ ပီတာ တေလာသည် မင်းဖစ်သို့ဆင့်ခေါ်စာ အမည်ရှိ ဝတ္ထုရှည်စာအုပ်အတွက် ရသစာပေဆုကို ချီးမြှင့်ခံရသည်။ တောင်ပိုင်းမိသားစု တစ်စု၏ လျှို့ဝှက်ချက်များကို ကျောရိုးပြု၍ ရေးထားသော ယင်းဝတ္ထုသည် ၃၆ နှစ်တာကာလအတွင်း ဒုတိယမြောက် ရေးသားသောဝတ္ထုရှည်ဖြစ်သည်။

အထွေထွေသုတစာပေဆုကို နယူးယောက် တိုင်းမ်စ် သတင်းထောက် ဒေးဗစ် ရှစ်ပလာက 'အာရပ်နှင့်ရဟူဒီ—ထာဝရဘုရား ကတိထားသည့်ပြည်မှ ဒဏ်ရာရထားသော ဝိညာဉ်များ' အမည်ရှိစာအုပ်အတွက် ဆွတ်ခူးရရှိသည်။ အီဂျစ်ပြည်တွင်းပြေးဝင်ခြင်း အမည်ရှိ ဇာတ်စုံခင်းသံပြိုင်တေးကို စပ်ဆိုသည့် ဂျွန် ဟာဘစ်ဆင် အား ဂီတစာသားဆုကို အပ်နှင်းသည်။

ဆန်ဖရန်စစ္စကို အစ်ဇမင်းနားသတင်းစာမှ ဓာတ်ပုံဆရာ ကင် ကိုမီနစ်သည် လျှပ်တစ်ပြက် သတင်းဓာတ်ပုံပညာဆုကို ရရှိသည်။ ဖိလစ်ပိုင်နိုင်ငံ သမ္မတဟောင်း ဖာဒီနန် မားကို့၏ အရာကျခန်းကို ရုပ်လုံး ပေါ် စေလောက်သည့် ဓာတ်ပုံများအတွက် ယင်းဆုကို ရရှိခြင်းဖြစ်သည်။

အတ္ထုပ္ပတ္တိဆုကို ပြည်သူ့အခွင့်အရေး အခြေအနေလေ့လာရေးသမား ဒေးဗစ် ဂဲရိုးအား အပ်နှင်းသည်။ လက်ဝါးကပ်တိုင်ကို သယ်ပိုးခြင်း—မာတင်လူသာကင်းနှင့် တောင်ပိုင်း ခရစ်ယာန်ခေါင်းဆောင်များ အစည်းအဝေး အမည်ရှိ စာအုပ်အတွက် အပ်နှင်းခံရခြင်း ဖြစ်သည်။

အနောက်ဘက်သို့ ခရီးနှင်သူများ— တော်လှန်ရေးမဖြစ်ပွားမီက အမေရိကသို့ လူများ ကူးသန်းဝင်ရောက်လာသည့်ခရီးစဉ် အမည်ရှိ စာအုပ်အတွက် ဘားနဒ် ဘိုင်လင်း အား သမိုင်းစာပေဆုကို ချီးမြှင့်သည်။


ဖိလဒဲဖီးယား အင်ကွိုင်ရာ သတင်းစာသည် ပူလစ်ဇာဆု၏ နှစ် ၇၀ သမိုင်းစဉ်တွင် သတင်းထောက်လှမ်းတင်ပြမှုဆုကို တစ်နှစ်အတွင်း နှစ်ဆု ချီးမြှင့်ခံရသည့် ပထမဦးဆုံးသောသတင်းစာဖြစ်လာသည်။ ဖိလဒဲဖီးယားမြို့၏ တရားစီရင်ရေးယန္တရားအတွင်း အဂတိလိုက်စားမှုရှိနေကြောင်း ထောက်လှမ်းတင်ပြခဲ့သည့် သတင်းထောက် အိပ်ချ် ဂျီ ဘစ်ဆင်းဂျား၊ ဒင်နီယယ် ဘစ်ဒဲနှင့် ဖရက် ဒရစ် တာစကီးတို့အား လည်းကောင်း၊ အကျဉ်းထောင် များအတွင်း ဝင်ရောက်စုံစမ်းကာ လူသတ်မှုတစ်မှုအတွက် စီရင်ချက် မှားယွင်းချမှတ်အပြစ်ပေးထားသော ဖြစ်ရပ်တစ်ခုကို ဖော်ထုတ် တင်ပြပေးခဲ့ခြင်းအတွက် သတင်းထောက် ဂျွန် ဝိုးစတင်းဒီယက်ခ်အား လည်းကောင်း အသီးသီးချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ယင်းသတင်းစာမှ ပင်တိုင်စာရေးဆရာ စတီ တူးမီးသည် လေယာဉ်တင်သင်္ဘောကြီးပေါ်မှ ဘဝကို အခန်းဆက်သရုပ်ဖော်ရေးသားတင်ဆက်ခဲ့ခြင်းအတွက် အထူးသတင်းဆောင်းပါးဆုကို ရရှိသည်။ မီယာမီ ဟယ်ရဲ နှင့် နယူးယောက် တိုင်းမ်စ် သတင်းစာတို့သည် ပြည်တွင်းသတင်းဆုကို ပူးတွဲရရှိသည်။ ဟယ်ရဲသည် အမေရိကန်က အီရန်သို့ လက်နက်ရောင်းချပုံနှင့် ယင်းရောင်းချမှုနှင့် နီကရာဂွာသူပုန်များအား ငွေကြေးထောက်ပံ့မှုတို့ ဆက်နွယ်နေပုံတို့ကို သတင်း ဖော်ထုတ်တင်ပြနိုင်ခြင်းကြောင့် ရရှိသည်။ နယူးယောက် တိုင်းမ်စ်ကမူ အာကာသလွှန်းပျံယာဉ် ခဲလင်းဂျာပေါက်ကွဲပျက်စီးခြင်းနှင့်ပတ်သက်၍ နောက်ဆက်တွဲသတင်းများကို ဖော်ထုတ်တင်ပြနိုင်ခြင်းကြောင့် ရရှိသည်။ အိုဟိုင်းယိုးပြည်နယ်မှ ဘီကွန် ဂျာနယ်သည် အထွေထွေသတင်းဆုကို ဆွတ်ခူးရရှိသည်။ ဥရောပဘဏ္ဍာအရင်းရှင် ဆာ ဂျိမ်းစ် ဂိုးစမစ်က ဂွတ်ယီးယား တိုင်ယာနှင့် ရာဘာကုမ္ပဏီကို သိမ်းပိုက်ရယူနိုင်ရန် ကြိုးပမ်းပုံကို မျက်နှာဖုံးသတင်းဆောင်းပါးအဖြစ် တင်ဆက်နိုင်ခဲ့ခြင်းအတွက် ဆွတ်ခူးရရှိခြင်းဖြစ်သည်။

ပဏ္ဍိစ္စ၊ ဆရာတော် ဘဒ္ဒန္တ၊ အဂ္ဂမဟာ ပဏ္ဍိတ၊ ရန်ကုန်မြို့၊ ဒေဝသာဂရ သိမ်ကုန်းကျောင်းတိုက်၊ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်(မြန်မာ ၁၂၇၆–) ။ ။ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စကို မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ်၊ ထိမ်ကန်ရွာ၌ မေဉ်းတော် ဦးမှန်း၊ မယ်တော် ဒေါ်ဖေးတို့က သက္ကရာဇ် ၁၂၇၆ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် နေ့တွင် ဖွားမြင်သည်။

၁၀ နှစ်သားအရွယ်တွင် ထိမ်ကန်ရွာ၊ ပျားစည်ကျောင်း ဆရာတော် ဦးဇဝနကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်သည်။

ထို့နောက် ၁၂၉၆ ခုနှစ် ပြာသိုလဆန်း ၁၄ ရက်နေ့တွင် ညောင်တုန်းမြို့၊ မဟာဝိသုတာရုံမတိုက်သစ် ခဏ္ဍသိမ်၌ အဂ္ဂမဟာ ပဏ္ဍိတ ဆရာတော်၊ ဘဒ္ဒန္တ ရေဝတ ဓမ္မကို ဥပဇ္ဈာယ်ပြု၍ ညောင်တုန်းမြို့ ကုန်သည်ဒေါ်ပု၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြင့်မြတ်သော ရဟန်းအဖြစ်သို့ရောက်တော်မူသည်။



အဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်တော်ရ
ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စ

ဆရာတော်သည် ဇာတိရွာ ပျားစည်ကျောင်း ဆရာတော် ဦးဇဝနနှင့် ဦးညေယျထံတွင်လည်းကောင်း၊ တံတားမြို့နယ်၊ ပေါက်တောရွာ သာယာကုန်းတောရကျောင်း ဆရာတော် ဦးဝိသုဒ္ဓါစာရ၊ ဦးသောဘိတသာရ၊ ဦးဝိစိတ္တသာရ ဆရာတော်များထံတွင်လည်းကောင်း၊ ညောင်တုန်းမြို့ မဟာဝိသုတာရုံမတိုက်သစ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တရေဝတဓမ္မ၊ သာသနဇောတိပါလ သုံးထပ်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒဝံသ ဆရာတော်ကြီးများထံတွင်လည်းကောင်း၊ ရန်ကုန်မြို့၊ သရက်တောကျောင်းတိုက်တောင်ဘီလူးကျောင်းကြီးဆရာတော် ဦးကေတုမာလာ၊ သက္ကသီဟဓမ္မာစရိယ ဦးကုဏ္ဍလာဘိဝံသ ဆရာတော်များထံတွင်လည်းကောင်း ပါဠိ အဋ္ဌကထာ ဋီကာ နေ့ဝါ ည ဝါ ကျမ်း စာ အ မျိုး မျိုး ကို သင်ကြားတော်မူခဲ့သည်။

ပိဋကစာပေများကို သင်ကြားဆည်းပူးတော်မူရင်း စာမေးပွဲများကို ဖြေဆိုတော်မူခဲ့ရာ အစိုးရ ငယ် လတ် ကြီး နှင့် ဓမ္မာစရိယ၊ သုဓမ္မာ ပရိယတ္တိ စာမေးပွဲတွင် ပထမကျော်၊ မဟာအကျော်၊ ပန်းတနော် အမျိုးသား စာမေးပွဲတွင် ပထမကျော် စသည်ဖြင့် စာမေးပွဲအသီးသီးကို အောင်မြင်တော်မူခဲ့သည်။ ထိုသို့အောင်မြင်တော်မူခဲ့ရာတွင် အမျိုးသားစာမေးပွဲ ပထမကျော်တန်း၌ ပထမ ဂုဏ်ထူး၊ သုဓမ္မာပရိယတ္တိ စာမေးပွဲပထမကြီးတန်း၌ ပထမ ဂုဏ်ထူး၊ ပန်းတနော် အမျိုးသား စာမေးပွဲတွင် ပထမကျော်ဂုဏ်ထူး၊ အစိုးရ စာမေးပွဲပထမကြီးတန်း၌ ဒုတိယဂုဏ်ထူး၊ သုဓမ္မာပရိယတ္တိစာမေးပွဲပထမကျော် စာ

ချတန်း၌ ပထမဂုဏ်ထူးများ အသီးသီး ရရှိတော်မူခဲ့သည်။ ထို့ပြင် ဆရာတော်သည် သာသနဓဇသိရီပဝရဓမ္မာစရိယဘွဲ့၊ ပဏ္ဍိစ္စာဘိဝံသသုဓမ္မာပရိယတ္တိ ဂုဏဝိသိဋ္ဌရတ္နာ စသောဘွဲ့များကိုလည်း ရရှိတော်မူခဲ့သည်။

ဆရာတော်သည် ရဟန်းတစ်ဝါရရှိချိန်မှစ၍ ပရိယတ်စာပေများကို စာသင်သားများအား ပို့ချပေးတော်မူခဲ့သည်။ ဇာတိရပ်ရွာကျောင်း၌လည်းကောင်း၊ စစ်ကိုင်းတောင်ရိုး ဓမ္မာစရိယချောင်း၌လည်းကောင်း၊ ရန်ကုန်မြို့ ဒေဝသာဂရ သိမ်ကုန်းကျောင်း၌လည်းကောင်း ပရိယတ်တိုစာပေများကို အစဉ်မပြတ် ပို့ချပေးတော်မူခဲ့ရာ ထိုမြို့ရွာတို့၌ စာသင်တိုက်များ တည်ထောင်ပြီး သာသနာပြုလျက်ရှိသော တပည့်ရဟန်းများ များစွာပေါ်ပေါက်ခဲ့သည်။

စာပေပရိယတ် ပို့ချတော်မူရင်း ဆရာတော်သည် မဏိသာရ မဉ္ဇူသာဋ္ဌီကာ နိဿယသစ်ကို ရေးသားတော်မူခဲ့ရာ ယခုအခါ ရွပ်ပိုင်းအထိ ခြောက်ပိုင်းကို ပထမတွဲ၊ ဒုတိယတွဲအဖြစ် ရိုက်နှိပ်ပြီးစီးခဲ့သည်။

သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကိုလည်း အားပေးဆောင်ရွက်တော်မူခဲ့ရာ ဆဋ္ဌသင်္ဂါယနာ ပါဠိဝိသောဓက၊ ၁၉၆၆ – ၁၉၇၉ ခုနှစ် အစိုးရဓမ္မာစရိယတန်းပုစ္ဆက၊ တိပိဋကဓရ ရွှေးချယ်ရေးအဖွဲ့ ဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်ဆရာတော်၊ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင်၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃအစည်းအဝေးကြီးအတွက် ရွေးချယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ စသော သာသနာ့ဝတ္တရားဝန်များကို ထမ်းရွက်တော်မူခဲ့သည်။

ဤသို့လျှင် သာသနာတော်အကျိုးကို အားသွန်ထမ်းရွက်တော်မူသောကြောင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်ဝတော်မူသော ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စသည် ၁၉၈၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

ပြင်သစ် သမ္မတနိုင်ငံ။ ။လက်ဗန္ဓန် လက်နက်ကိုင်တော်လှန်ရေးဂိုဏ်း (အက်ဖ်အေအာအယ်)၏ အကြမ်းဖက်ဝါဒီခေါင်းဆောင်ဟု ယူဆရ၍ပြင်သစ် နိုင်ငံ၌ဖမ်းဆီးထားသူ ကျော့ အီဗရာဟင်အပ္ပဒုလာအား ၁၉၈၂ ခုနှစ်က အမေရိကန် သံတမန် တစ်ဦးနှင့် အစ္စရေး သံတမန် တစ်ဦးတို့ကို သတ်ဖြတ်မှုနှင့် ၁၉၈၄ ခုနှစ်တွင် အမေရိကန် သံတမန် တစ်ဦးကို လုပ်ကြံရန် ကြံစည်မှုတို့ဖြင့် ပြစ်မှုထင်ရှားစစ်ဆေးတွေ့ရှိရသဖြင့် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ



နှစ်နိုင်ငံ ပူးတွဲတပ်မဟာတစ်ခုကို ထူထောင်ဖွဲ့စည်းရန် သဘောတူခဲ့ကြသော ပြင်သစ်နိုင်ငံသမ္မတ မီးထရောင်း (ယာ) နှင့် အနောက်ဂျာမနီနိုင်ငံဝန်ကြီးချုပ် ဟဲလမွတ်ခိုးလ်

၂၀ ရက်နေ့က ထောင်ဒဏ် တစ်သက်တစ်ကျွန်း စီရင်သည်။ ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ၁၉၀၆ ခုနှစ် စက်တင်ဘာလက ဗုံးဖောက်ခဲ့မှု အကြိမ်ကြိမ် ပေါ်ပေါက်ခဲ့ရခြင်းမှာ အပ္ပဒူလာကို လွှတ်ပေးရန်တောင်းဆိုသော အကြမ်းဖက် ဝါဒီတို့၏လက်ချက်ဖြစ်သည်ဟု ယူဆခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇–စာ၊ ၂၁၁—ရ။) အပ္ပဒူလာအား ပြစ်ဒဏ် စီရင်ချက် ချမှတ်ခဲ့ပြီးနောက် ရဲဝန်ထမ်းသုံးသောင်းခွဲကိုအသင့်ရှိနေကြရန် အမိန့်ထုတ်ပြန်ကာ နိုင်ငံတစ်ဝန်းလုံး၌ လုံခြုံရေးကို တင်းကျပ်စွာ စီမံထားရှိသည်။ နယ်စပ်ဒေသများ၌လည်း တပ်အင်အားဖြည့်တင်း၍ စောင့်ကြပ်စေခဲ့သည်။

ပြင်သစ် ပြည်ထဲရေးဝန်ကြီးဌာနသည် အာရပ်လူမျိုးရှစ်ဦးအား အကြမ်းဖက် ဗုံးဖောက်ခဲ့မှုဖြင့် ၁၉၀၇ ခုနှစ် မတ်လ ၂၅ ရက်နေ့က ဖမ်းဆီးခဲ့သည်။ ယင်းတရားခံရှစ်ဦးက အီရန် တော်လှန်ရေးအဖွဲ့နှင့် လည်းကောင်း၊ လက်ဗန္ဓနိုင်ငံရှိ အီရန်လိုလားသော ဘုရားပါတီ အဖွဲ့နှင့် လည်းကောင်း အဆက်အသွယ် ရှိကြောင်းဖြင့် ထွက်ဆိုသည်။ ၁၉၀၆ ခုနှစ်က ပါရီမြို့၌ ဗုံးခဲ့ခဲ့ခြင်းကြောင့် လူ ၁၃ ဦး သေဆုံး၍ ၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ခြင်းနှင့် စပ်လျဉ်း၍ အီရန်သံရုံး စကားပြန် ဝန်ထမ်းတစ်ဦးအား စစ်ဆေးမေးမြန်းခွင့်ကို ပြင်သစ်အစိုးရက တောင်းဆိုခဲ့ရာမှ တင်းမာမှု ပေါ်ပေါက်ကာ ၁၉၀၇ ခုနှစ် ဇွန်လ ၃၀ ရက်နေ့မှစ၍ နှစ်နိုင်ငံ သံရုံးတို့ကို အပြန်အလှန် ဝိုင်းဝန်းပိတ်ဆို့မှု ပေါ်ပေါက်သည်။ ထို့နောက် ပြင်သစ်နိုင်ငံသည် ဇူလိုင်လ ၁၇ ရက်နေ့တွင် အီရန်နိုင်ငံနှင့် သံအဆက်အသွယ် ဖြတ်တောက် လိုက်သည်။ အီရန် နိုင်ငံ အတွက် ဆောင်ရွက်စရာ ကိစ္စ ရပ်များကို ပြင်သစ် နိုင်ငံတွင် ပါကစ္စတန်နိုင်ငံကလည်းကောင်း၊ အီရန်ရှိ ပြင်သစ် နိုင်ငံ၏ အကျိုးစီးပွားများအတွက် အီတလီနိုင်ငံကလည်းကောင်း အသီးသီး ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့သည်။ သို့ရာတွင် ဒီဇင်ဘာလ၌ ပြင်သစ်အစိုးရက အီရန်အစိုးရ ဆန့်ကျင်သူ ၁၇ ဦးကို ပြင်သစ်မှ နှင်ထုတ်ပေးခဲ့ပြီးနောက် နှစ်နိုင်ငံအဆက်အသွယ်ပြန်လည်ပြုလုပ်ကြသည်။

ဥရောပနိုင်ငံများ စုပေါင်း ဆောင်ရွက်လျက်ရှိသော အေရီယန်ခေါ် အာကာသဒုံးပျံ သုတေသနလုပ်ငန်း၏ လျှို့ဝှက်ချက်များကို ရယူရန် ကြံစည်မှုကြောင့် ဆိုဗီယက် သံတမန်သုံးဦးကို ပြင်သစ်နိုင်ငံမှ ရှစ်ရက်အတွင်းထွက်ခွာသွားကြရန် ၁၉၀၇ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြင်သစ်အစိုးရက အမိန့်ပေးခဲ့သည်။ ဧပြီလ ၃ ရက်နေ့တွင် နိုင်ငံခြားရေးဂန်ကြီး ယွန်း ဘားနဒ် ရေမွန်က ဆိုဗီယက် သံအမတ်ကြီးအား ဆင့်ခေါ်ကာ ယင်းကိစ္စကို ရှင်းလင်းခဲ့သည်။ ဧပြီလ ၄ ရက်နေ့တွင် ဆိုဗီယက် အစိုးရကလည်း ပြင်သစ်နိုင်ငံသား ခြောက်ဦးကို နိုင်ငံမှ နှင်ထုတ်ခြင်းဖြင့် တုံ့ပြန်ခဲ့သည်။

ပြင်သစ်နိုင်ငံသည် ၁၉၀၇ ခုနှစ်အတွင်း ပထမဦးဆုံးသော မြေအောက် နျူကလီးယားဗုံး ဖောက်ခဲ့စမ်းသပ်မှုကို မေလ ၆ ရက်နေ့တွင် ပစိဖိတ် တောင်ပိုင်း ဒေသရှိ မူရူရိုအာကျွန်းစု၌ ပြုလုပ်သည်။ ၁၉၇၅ ခုနှစ်မှစ၍ ယင်း

ကျွန်းစုဌ် ပြင်သစ်နိုင်ငံက ဈေးကလီးယားဗုံးများစမ်းသပ် ဖောက်ခဲ့လာခဲ့ရာ ယင်းအကြိမ်သည် ၈၄ ကြိမ် မြောက် ဖြစ်သည်။ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းဒေသ နိုင်ငံများအဖွဲ့က ဒေသအတွင်း ဈေးကလီးယား ပစ္စည်းများ စမ်းသပ် ဖောက်ခဲ့ခြင်း၊ ဖြန့်ကြက်ချထားခြင်းနှင့် သိုလှောင်ခြင်း မပြုလုပ်ရန် တောင်းဆိုနေသည့်ကြားမှ ထိုသို့ ဖောက်ခဲ့ စမ်းသပ်ခြင်း ဖြစ်သည်။ (ပစိဖိတ်သမုဒ္ဒရာ တောင်ပိုင်း ဒေသ—ရှ။)

ပြင်သစ်နိုင်ငံ ပါလီမန်သည် ၁၉၈၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ပြင်သစ်ကာကွယ်ရေး ခေတ်မီစေရန် အစီ အစဉ်တစ်ရပ်ကို အတည်ပြုပေးခဲ့သည်။ ယင်းအစီအစဉ်ကို ငါးနှစ်ကြာ အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အမေ ရိကန်ဒေါ်လာ သန်းပေါင်း ၇၀,၀၀၀ ကုန် ကျ မည် ဟု ခန့် မှန်းထားသည်။ ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၆ ရက် နေ့က တည်းက ထုတ်ပြန် ကြေညာခဲ့သည့် ယင်းအစီအစဉ်တွင် ပြင်သစ်နိုင်ငံ၏ စစ်ရေး၌ ဈေးကလီးယားစွမ်းအင်ကို ပထမ ဦးဆုံး အသုံးပြုသည့် လေယာဉ်တင်သင်္ဘောတည်ဆောက် ရေးလည်း ပါဝင်သည်။

အနောက်ဂျာမန်နိုင်ငံဝန်ကြီးချုပ်ဟဲလမွတ်ခိုးလ်သည် ပါရီမြို့သို့ အလည်အပတ်ရောက်ရှိလာပြီး ၁၉၈၇ ခုနှစ် မေလ ၂၂ ရက်နေ့တွင် ပြင်သစ် ဝန်ကြီးချုပ် ဂျက်ရှီရက်က အနောက်ဂျာမနီနှင့် ပြင်သစ်နှစ်နိုင်ငံသည် လက် နက် လျှော့ချရေးနှင့်စပ်လျဉ်း၍တူညီချက်အပြည့်ရှိကြောင်းဖြင့် ကြေညာခဲ့သည်။ ၁၉၆၂ ခုနှစ် ဇူလိုင်လ ၀ ရက်နေ့က ပြင်သစ်သမ္မတ ချား ဒီဂေါ(၁၈၉၀–၁၉၇၀)နှင့် အနောက် ဂျာမနီဝန်ကြီးချုပ် ကွန်းရက် အာဒင်နောဝါး (၁၈၇၆–၁၉၆၇)တို့ နှစ်ဦး ပြင်သစ်–ဂျာမနီ နှစ်နိုင်ငံ ပြန်လည်သင့် မြတ်သည့် အထိမ်းအမှတ် ကျင်းပခဲ့ခြင်းကို ဂုဏ်ပြုသော အားဖြင့် ပြင်သစ်ဝန်ကြီးချုပ်ရှီရက်နှင့် အနောက် ဂျာမနီ ဝန်ကြီးချုပ် ခိုးလ်တို့ ပြင်သစ်နိုင်ငံ ရင်းမ်မြို့၌ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၅ ရက်နေ့တွင် တွေ့ဆုံခဲ့ကြသည်။ ၁၉၆၉ ခုနှစ်နောက်ပိုင်း ဒီဂေါအနားယူနေထိုင်ခဲ့သည့်ရွာသို့ သွား ရောက်ကြည့်ရှုခဲ့ကြပြီး ဒီဂေါ၏ သခင်္ချိုင်းဂူတွင် ဂါရဝပြုရန် သွားရောက်ခဲ့ကြသည်။ ပြင်သစ်နိုင်ငံနှင့် ဂျာမနီ နိုင်ငံတို့ သည် ၁၉၈၈ ခုနှစ် ဇန်နဝါရီလတွင် ကျရောက်လာမည့် ၂၅ နှစ်မြောက် ဂျာမနီ–ပြင်သစ် ချစ်ကြည်ရေးစာချုပ် နှစ်ပတ်လည်အထိမ်းအမှတ်နေ့တွင် စစ် သည် အင် အား ၄၀၀၀ ရှိ ပူးတွဲတပ်မဟာတစ်ခုကို ထူထောင် ဖွဲ့စည်းရေး အတွက် သဘောတူစာချုပ်တစ်ရပ် တရားဝင် လက်မှတ် ရေးထိုးမည်ဖြစ်ကြောင်း ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၁၃ ရက် နေ့က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် အနောက်ဂျာမနီ ဝန်ကြီးချုပ် ခိုးလ်နှင့် ပြင်သစ် သမ္မတ မီးထရောင်းတို့က

ထုတ်ဖော်ကြေညာသည်။ ပြင်သစ်တပ်မှူးတစ်ဦးအုပ်ချုပ် မည့် ယင်းတပ်မဟာသည် ရှတုဂတ်မြို့အနီးတွင် တပ်စွဲ ထားမည် ဖြစ်သည်။ ယင်း တပ်မဟာသည် မြောက် အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)စစ်ဌာနချုပ်၏ လက် အောက်ခံမဟုတ်သည့်ပြင် ဈေးကလီးယားလက်နက်များကို တပ်ဆင်ထားမည်မဟုတ်ဟု ဆိုသည်။


တရုတ်ပြည်သူ သမ္မတနိုင်ငံ သမ္မတ လီရှန်နင့်သည် ၁၉၀၇ ခုနှစ် နိုဝင်ဘာလ ဂ ရက်နေ့တွင် ပြင်သစ်နိုင်ငံ နှစ်မြို့သို့ ရောက်ရှိလာသည်။ ပြင်သစ်နိုင်ငံသို့ ပထမဦးဆုံး လာရောက်လည်ပတ်သော တရုတ် ပြည် သူ သမ္မတ နိုင်ငံ သမ္မတဖြစ်သည်။ ၁၉၇၄ ခုနှစ် နောက်ပိုင်းတွင် ပြင်သစ် နိုင်ငံသို့ တရုတ်ထိပ်တန်းခေါင်းဆောင်လေးဦး လာရောက် လည်ပတ်ခဲ့ဖူးသည်။ တရုတ် ခေါင်းဆောင် တိန့်ရှောင် ဖိန်သည် ၁၉၇၅ ခုနှစ်တွင် လည်းကောင်း၊ ဝန်ကြီးချုပ် ဟွာကိုဖုန်းက ၁၉၇၉ ခုနှစ်တွင်လည်းကောင်း၊ ဝန်ကြီးချုပ် ကျောက်ကျိယန်က ၁၉၀၄ ခုနှစ်တွင်လည်းကောင်း၊တရုတ် ကွန်မြူနစ်ပါတီ အထွေထွေ အတွင်းရေးမှူး ဟုယိုပန်က ၁၉၀၆ ခုနှစ်တွင် လည်းကောင်း အသီးသီး လာရောက် လည်ပတ်ခဲ့ဖူးသည်။

ပြင်သစ်နိုင်ငံတွင် ၁၉၀၃ ခုနှစ်မှ ၁၉၀၆ ခုနှစ်အတွင်း ပြင်သစ်ကုမ္ပဏီအခွဲ၀ါက အီရန်နိုင်ငံအား အမြောက်ကျည် ဆန် ၅,၀၀,၀၀၀ ရောင်းချခဲ့ပြီး ရရှိသည့် အမြတ်ငွေကို ဆိုရှယ်လစ်အစိုးရက ရယူခဲ့သည် ဟူသော စွပ်စွဲမှုများ ၁၉၀၇ ခုနှစ် နိုဝင်ဘာလတွင် ပေါ်ထွက်ခဲ့သည်။ ပြင်သစ် သတင်းစာတို့က သမ္မတ မီးထရောင်းနှင့် ကာကွယ်ရေး ဝန်ကြီး ချား ဟာနုတို့သည် ပြင်သစ်ကုမ္ပဏီတို့ အီရန်သို့ လက်နက်ခဲယမ်းများကို လျှို့ဝှက် ရောင်းချ နေကြောင်း ၁၉၀၄ ခုနှစ်က သိရှိခဲ့သော်လည်း ယင်း ရောင်း ချ မှု ကို တားမြစ်ခြင်း မပြုခဲ့ဟု ထုတ်ဖော်ရေးသားကြသည်။

အကျယ်အဝန်း။	။၂,၁၀,၀၂၆ စတုရန်းမိုင်
လူဦးရေ။	။၅,၄၈,၃၂,၀၀၀ (၁၉၀၅)
မြို့တော်။	။ပါရီမြို့

ဖိလစ်ပိုင် သမ္မတနိုင်ငံ။ ။မစ္စက်အာကီနို အစိုးရအဖွဲ့ သည် ကွန်မြူနစ်ဦးဆောင်သော ပြည်သူ့ တပ်မတော်သစ် (အင်ပီအေ)နှင့် ၁၉၀၆ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့ မှစ၍ ရက် ၆၀ ကြာ (၁၉၀၈ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက် နေ့ထိ) အပစ် အခတ်ရပ်စဲထားရန် သဘောတူညီချက်တစ် ရပ်ကို ချုပ်ဆိုခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇–စာ၊ ၂၁၂ —ရှ)။ ၁၉၀၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ကွန်မြူ နစ်ပါတီ ခေါင်းဆောင် တစ်ဦးဖြစ်သော ဂျိမ်းတာဒီအို


ဦးဆောင်သည့် လယ်သမား ၁၀,၀၀၀ သည် မာလာကာနန် နန်းတော်သို့ ချီတက်ကာ လယ်ယာမြေ ပြုပြင်ရေးအတွက်တောင်းဆိုခဲ့ကြသည်။ နန်းတော်အတွင်းအဓမ္မဝင်ရောက်ကြသူတို့ကို နန်းတော်စောင့်တပ်က ပစ်ခတ် တားဆီးထုတ်ခဲ့ရာတွင် လူ ၁၂ ဦးသေဆုံးပြီး ၉၄ ဦး ဒဏ်ရာရရှိသည်။ သမ္မတဟောင်း မားကို့လက်ထက် ၁၉၇၃ ခုနှစ်ကအလားတူ ဖြစ်ရပ် ပေါ်ပေါက်ခဲ့ဖူးရာ လူ ၁၁ ဦး သေ ဆုံး ခဲ့ ဖူးသည်။ အပစ်အခတ်ရပ်စဲရေး သက်တမ်းကုန်ဆုံးချိန်တွင် နယ်စွန်နယ် ဖျား သာ မ က မြို့ များ တွင် လည်း လက်နက်ကိုင်သောင်းကျန်းသူများ ထကြွလာပြန်သည်။ အပစ်အခတ်မရပ်စဲမီက တစ်နေ့လျှင် ပျမ်းမျှရှစ်ယောက်နှုန်း သေကြေပျက်စီးခဲ့သော်လည်း အပစ်အခတ် ရပ်စဲရေးသက်တမ်းကုန်ဆုံးပြီး နောက်ပိုင်းတွင် တစ်နေ့ ၁၀ ယောက်နှုန်းဖြစ်လာသည်။ အင်ပီအေ အင်အားသည် ၂၄,၀၀၀ ခန့်ရှိ၍ ဖိလစ်ပိုင်အစိုးရ အ မြဲ တမ်း စစ် သည် အင် အား မှာ ၂,၅၀,၀၀၀ မျှရှိသည်။ အစိုးရတပ်များကို အဓိက စစ်ရေး



အထောက်အပံ့ပေးသည့်နိုင်ငံမှာအမေရိကန်ပြည်ထောင်စုဖြစ်သည်။ ကွန် မြူ နစ် ပြော က်ကျား များ ကို အား ပေး ထောက်မံ့သောနိုင်ငံမှာ ဆိုဗီယက် ပြည်ထောင်စု ဖြစ်ဟန်ရှိပြီး ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလက မားကို့အစိုးရကို ဖြုတ်ချသည့် တော်လှန်ရေးမတိုင်မီက ဆိုဗီယက်လုပ် လက်နက်များသည် ဥရောပ ကွန်မြူနစ်နိုင်ငံ တစ်နိုင်ငံမှ တစ်ဆင့် ပြောက်ကျားများထံ ရောက်ရှိခဲ့ကြောင်း အစိုးရထောက်လှမ်းရေးက သတင်းများရရှိထားသည်ဟု ဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းရှိ မင်ဒါနာအိုကျွန်းတွင် မူ ဆ လင် ပြောက်ကျား မိုရို အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ခေါင်းဆောင် မစ်ဆူရီနှင့်ပြုလုပ်သည့် ငြိမ်းချမ်းရေးကမ်းလှမ်းချက်သည်လည်း မအောင်မြင်ခဲ့ချေ။ မူဆလင်တို့က ကိုယ်ပိုင်အုပ်ချုပ်ခွင့် အပြည့်အဝရသည့် ပြည်နယ် ကြီး ပေး ရ မည် ဟု ၁၉၇၇ ခုနှစ် မတ်လကုန်ပိုင်းက တောင်းဆိုလာကြသဖြင့် အစိုးရ၏ သဘောထားနှင့် ညှိနှိုင်းမရတော့ဘဲ ဆွေးနွေးပွဲ ပျက်သွားခဲ့သည်။ သမ္မတ မစ္စက် အကီနိုသည် မြို့ ရွာများနှင့် ပြည်နယ်များအလိုက် နာကာဆာကာ (ငြိမ်းချမ်းရေးအတွက်ညီညွတ်သော အဖွဲ့ ငယ်)ဟု အမည်ရသော သောင်းကျန်းသူ အခြေအနေစောင့်ကြည့်အကဲခတ်ရေးအဖွဲ့များကို ၁၉၇၇ ခုနှစ် မေလ ၃၁ ရက်နေ့မတိုင်မီ ဖွဲ့စည်းရန် စီမံချက်ကို ချမှတ်ပေးခဲ့သည်။ ယင်းအဖွဲ့တို့သည် လက်နက်တပ်ဆင်ထားခြင်း မရှိသော်လည်း တပ်မတော်နှင့် ပူးပေါင်းလှုပ်ရှားသွားကြမည်ဖြစ်သည်။

၁၉၇၇ ခုနှစ် မတ်လ ၁၈ ရက်နေ့က စစ် တ ကွ သိုလ် ကျောင်းဆင်းပွဲအတွက် အစမ်းလေ့ကျင့်သည့် **အခမ်း** အနားတစ်ရပ်တွင် သမ္မတ အကီနိုရောက်ရှိမလာမီ အချိန်ပိုင်းအတွင်း ဗုံးပေါက်ကွဲရာ လေးဦးသေဆုံးပြီး ၄၃ ဦး ဒဏ်ရာရခဲ့သည်။ ဗုံးပေါက်ကွဲသောနေရာသည် သမ္မတ စကားပြောမည့်စင်၏ အမိုးပေါ်တွင်ဖြစ်သည်။ ဧပြီလ ၁၈ ရက်နေ့တွင် တပ်တွင်း ပုန်ကန်မှုတစ်ရပ် ပေါ်ပေါက်၍ အစိုးရသစ္စာခံတပ်ဖွဲ့ဝင်တို့က နှိမ်နင်းခဲ့ရာ ပုန်ကန်သူ တစ်ဦးသေဆုံးသည်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလအတွင်းက ရှုပ်မြင်သံကြားဌာနကို ဝင်ရောက်စီးနင်း သိမ်းပိုက်မှုဖြင့် ဖမ်းဆီးခြင်းခံရသူ ၁၀၈ ဦးကို လွှတ်ပေးရန် ရည်ရွယ်ချက်ဖြင့် ဝင်ရောက်စီးနင်းခြင်းဖြစ်သည် ဟု ဆိုသည်။ တစ်ဖန် ဩဂုတ်လ ၂၇ ရက်နေ့တွင် ပုန်ကန်သူတပ်ဖွဲ့ဝင် ၁,၅၀၀ ခန့်က သမ္မတ၏နန်းတော်၊ ရုပ် မြင် သံ ကြား ဌာနများနှင့် အခြေစိုက် စစ်စခန်း သုံးခုတို့ကို စီးနင်းတိုက်ခိုက်၍ အာဏာသိမ်းရန်ကြံ စည် မှု တစ် ရပ် ပေါ်ပေါက်ခဲ့သည်။ ခေါင်းဆောင်သည် ၁၉၇၆ ခုနှစ် နိုဝင်ဘာလက ရာထူးမှနုတ်ထွက်ခဲ့သော ကာကွယ်ရေးဝန်ကြီး ယွန် ပွန်စီ အင်ရီ



၁၉၇၇ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့က အာဏာသိမ်းရန် ကြိုးပမ်းမှုကို အောင်မြင်စွာ နှိမ်နင်းပြီးနောက် ဖီလစ်ပိုင်
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရာမို့စ်နှင့် တပ်မတော်သားများ လက်ရည်တစ်ပြင်တည်း ထမင်းစားနေကြပုံ

လေး၏ လက်ထောက် ဗိုလ်မှူးကြီး ဂရီဂိုယို ဟိုနာဆန် ဖြစ်သည်။ ယင်းအာဏာသိမ်းရန် ကြံစည်မှုကို သစ္စာခံ တပ်များက အောင်မြင်စွာ နှိမ်နင်းနိုင်ခဲ့သည်။ အနည်း ဆုံးလူ ၂၅ ဦးသေဆုံးပြီး၊ ၂၇၅ ဦးဒဏ်ရာရသည်။ သေဆုံး သူအများစုမှာ အရပ်သားများဖြစ်ကြပြီး သမ္မတ အကီနို၏သားသည် ဒဏ်ရာ ရရှိခဲ့သည်။ ပျက်စီး ဆုံးရှုံးမှု ဒေါ်လာ ၁၇ ဒသမ ၅ သန်းဖိုးရှိခဲ့သည်။ မစ္စက်အကီနို၏လက်ထက်တွင် အာဏာသိမ်းရန်ကြံစည်သောတပ်တွင်း ပုန်ကန်မှုများတွင် ပထမလေးခုကို သမ္မတဟောင်းမားကို အား လိုလားသော စစ်ဖက်အရာရှိတို့က ဦးဆောင်ခဲ့ပြီး ဖြစ်သော်လည်း ပဉ္စမမြောက်ပုန်ကန်မှုကို ဦးဆောင်ခဲ့သော ဟိုနာဆန်မှာမူ မားကို အား ဆန့်ကျင်သူဖြစ်သည်။ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလက အကီနို အာဏာရစေရန် လူငယ်စစ်ဖက်အရာရှိများကို ခေါင်းဆောင်လျက် ကူညီခဲ့သူဖြစ်သည်။

ယင်းကဲ့သို့ သောင်းကျန်းမှုများနှင့် တပ်တွင်းပုန်ကန်မှုများပေါ်ပေါက်သော်လည်း မစ္စက်အကီနိုအတွက် နိုင်ငံရေးအရ အောင်မြင်မှုများလည်းရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပခဲ့ရာ မဲဆန္ဒရှင် ၈၀ ရာခိုင်နှုန်းကထောက်ခံဆန္ဒမဲပေးကြသဖြင့် သမ္မတ အကီနို့သည် သမ္မတသက်တမ်းကို ၁၉၉၂ ခုနှစ်အထိ အာမခံချက် ရရှိခဲ့သည်။ ယင်း အခြေခံ ဥပဒေသစ်အရ ၁၉၈၇ ခုနှစ် မေလ ၁၁ ရက်နေ့တွင် ကွန်ဂရက်လွှတ်တော် ရွေးကောက်ပွဲကို ကျင်းပခဲ့သည်။ ဖီလစ်ပိုင်နိုင်ငံတွင် ၁၆ နှစ်အတွင်း ပထမဆုံးကျင်းပခဲ့သည့် ရွေးကောက်ပွဲဖြစ်သည်။ အထက်လွှတ်တော်အတွက် ၂၄ နေရာကို နိုင်ငံအနှံ့မှ မဲဖြင့်ရွေးချယ်ရသည်။ အောက်လွှတ်တော်အတွက် နေရာ ၂၅၀ အနက် နေရာ ၂၀၀ ကို ပြည်သူတို့ကရွေးပေးရပြီး ကျန် ၅၀ ကို သမ္မတက ခန့်အပ်ခဲ့သည်။ ဆန္ဒမဲပေးရန်စာရင်းရှိသူ ၂၆ သန်းအနက် ၈၅ ရာခိုင်နှုန်းကျော် လာရောက်မဲပေးကြသည်။ သမ္မတ မစ္စက်အကီနို၏ လာကတ်စ်ခေါ် ပြည်သူအာဏာဟု အဓိပ္ပာယ်ရသော ပါတီက အထက်လွှတ်တော် ၂၄ နေရာအနက် ၂၂ နေရာ အနိုင်ရရှိပြီး အောက်လွှတ်တော်နေရာ ၂၀၀ အနက် နေရာ ၁၆၀ ကျော် အနိုင်ရရှိခဲ့သည်။ လေ့လာသူတို့က ယင်းရွေးကောက်ပွဲ

သည် ဖီလစ်ပိုင်နိုင်ငံ သမိုင်းတစ်လျှောက်တွင် ရိုးသားမှု အရှိဆုံး၊ သိက္ခာအရှိဆုံး ရွေးကောက်ပွဲဖြစ်သည်ဟု မှတ်ချက်ချကြသည်။

သမ္မတ မစ္စက်အာကီနို၏ ညွှန်ပေါင်းအစိုးရအဖွဲ့အတွင်း လက်ဝဲနှင့်လက်ယာ အတူယှဉ်တွဲ နေထိုင်ရေးအယူအဆသည် လက်တွေ့ အကောင်အထည်ဖော်ရာတွင် အခက်အခဲကြုံတွေ့ရသည်။ ၁၉၇၇ ခုနှစ် မတ်လက ဘဏ္ဍာရေးဆိုင်ရာ အတွင်းဝန် ယေမီ အွန်ပင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာ အတွင်းဝန် ဂျိုကာ အာရှိယိုတို့သည် နိုင်ငံခြားကြွေး မြီဆိုင်ရာ မူဝါဒနှင့်စပ်လျဉ်း၍ သဘောကွဲကာ အတိအလင်း အငြင်းပွားခဲ့ကြ၍ သမ္မတကိုယ်တိုင် ကြားဝင် ဖျန်ဖြေပေးခဲ့ရသည်။ ၁၉၇၇ ခုနှစ် ဩဂုတ်လက အာဏာသိမ်းရန် ကြံစည်မှု ပေါ် ပေါက် ခဲ့ပြီး နောက် ပိုင်း တွင် အစိုးရအဖွဲ့အတွင်း သဘောထားကွဲလွဲမှု အကြိုးအကျယ် ပေါ် ပေါက်ခဲ့၍စက်တင်ဘာလဆန်းတွင် အစိုးရအဖွဲ့ဝင် ၂၅ ဦးနုတ်ထွက်ရသည့် အခြေသို့ပင် ဆိုက်ရောက်ခဲ့ရသည်။ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဒုတိယ သမ္မတ လော်ရဲက နိုင်ငံခြားရေးဝန်ကြီး ရာထူးကို စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ သမ္မတ အာကီနိုအသစ်ဖွဲ့စည်းမည့် ဝန်ကြီးအဖွဲ့တွင် မိမိပါဝင်မည်မဟုတ်ကြောင်း၊ ဒုတိယ သမ္မတအဖြစ်ဖြင့်သာ ရှိနေမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

အကျယ်အဝန်း။	။၁,၁၅,၀၀၀ စတုရန်းမိုင်
လူဦးရေ။	။၅,၄၆,၆၉,၀၀၀ (၁၉၈၅)
မြို့တော်။	။မနီလာမြို့

ဖီဂျီနိုင်ငံ။ ။ဖီဂျီနိုင်ငံတွင်လူဦးရေစုစုပေါင်း၇,၁၅,၀၀၀ ကျော်ရှိသည့်အနက် တိုင်းရင်းသားမီလာနီးရှင်းမျိုးနွယ်စု ဝင်ဖီဂျီအမျိုးသားများက ၄၇ ရာခိုင်နှုန်းမျှသာရှိပြီးအိန္ဒိယ နွယ်ဖွား အိန္ဒိယအမျိုးသားများက ၄၉ ရာခိုင်နှုန်းရှိသည်။ ဖီဂျီနိုင်ငံရှိ အိန္ဒိယအမျိုးသားများသည် ဗြိတိသျှကိုလိုနီ လက်အောက်ရောက်နေချိန် ၁၈၇၉ ခုနှစ်မှ ၁၉၁၆ ခုနှစ် အတွင်း အိန္ဒိယနိုင်ငံမှ ခေါ် ဆောင်လာကြသော အိန္ဒိယ အမျိုးသား အလုပ်သမားများမှ ဆင်းသက်လာသူများ ဖြစ်သည်။ ၁၉၀၇ ခုနှစ် ဧပြီလ ၁၁ ရက်နေ့က ဖီဂျီနိုင်ငံတွင် အထွေထွေ ရွေးကောက်ပွဲတစ်ရပ် ကျင်းပခဲ့သည်။ ၁၉၇၀ ပြည့်နှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည့်အချိန်မှစ၍ဝန်ကြီးချုပ်အဖြစ် ဖီဂျီနိုင်ငံကို ဦးဆောင်လာခဲ့သူ ရာတူ လာ ကမ်မီဆို မာရာ၏ အစိုးရဒုဖွဲ့သည် ၁၉၀၇ ခုနှစ် ရွေးကောက်ပွဲတွင် အရေးနိမ့်သွားခဲ့သည်။ အလုပ်သမားပါတီနှင့် အမျိုးသားလွတ်လပ်ရေးပါတီတို့ကို ညွှန့်ပေါင်းပြုထားသည့် ဒေါက်တာတီမိုစီဘာဗက်ဒရာ၏ လက်ဝဲယိမ်း အစိုးရ တက်လာခဲ့သည်။ ဘာဗက်ဒရာ၏ညွှန့်ပေါင်းအစိုးရသစ်ကိုယေဘုယျအားဖြင့် အိန္ဒိယအမျိုးသားများက ထောက်ခံကြသည်။ ဒေါက်တာဘာဗက်ဒရာ၏ အစိုးရသစ်တွင် အိန္ဒိယအမျိုးသားများကို အများစုထည့်သွင်း၍ ဖွဲ့စည်းထားသည်။

ဖီဂျီတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး စီတီဗီနီ ရာဘူကာသည် ၁၉၀၇ ခုနှစ် မေလ ၁၄ ရက်နေ့က ဒေါက်တာဘာဗက်ဒရာထံမှ သွေးထွက်သံယိုမရှိ အာဏာသိမ်းယူခဲ့သည်။ နိုင်ငံအုပ်ချုပ်ရေးတွင် အိန္ဒိယအမျိုးသားများလွှမ်းမိုးချုပ်ကိုင်လာခြင်းကြောင့် ဖီဂျီအမျိုးသားများနှင့် အိန္ဒိယအမျိုးသားများကြား ဖြစ်လာဖွယ်ရှိသည့် လူမျိုးရေးပဋိပက္ခများကို ရှောင်ရှားရန် အခြေအနေထိန်းသိမ်းလိုက်သည်ဟူ၍ ရာဘူကာကကြေညာခဲ့သည်။

ဖီဂျီနိုင်ငံတွင် ၁၈၇၄ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့သော လူမျိုးစုအကြီးအကဲများကောင်စီဟူ၍ ရှိသည်။ ယင်းကောင်စီသည် တိုင်းရင်းသား ဖီဂျီအမျိုးသားများအပေါ် များစွာသြဇာရှိသော ကောင်စီဖြစ်သည်။ လူမျိုးစုအကြီးအကဲများသည် ရာဘူကာ၏ ရည်ရွယ်ချက်အတိုင်း ဖီဂျီနိုင်ငံ၏အရေးအရာကို ဖီဂျီအမျိုးသားများက ဖန်တီးနိုင်ခွင့်ရှိသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် ပြန်လည် ရေးဆဲ့ရေးကို အပြည့်အဝထောက်ခံကြသည်။ ရာဘူကာဦးစီးသည့် ဝန်ကြီးများအဖွဲ့နှင့် အကြံပေးအဖွဲ့ ဖွဲ့စည်းရန်လည်း လူမျိုးစု အကြီးအကဲများကောင်စီက သဘောတူညီခဲ့သည်။ ဘုရင်ခံချုပ် ရာတူဆာ ပင်နီယာ ဂါနီလိုအား နိုင်ငံအကြီးအကဲ ဘုရင်ခံချုပ်အဖြစ် ဆက်လက်ထားရှိသည်။ ရာဘူကာသည် ဝန်ကြီးချုပ် ဘာဗက်ဒရာကို ထိန်းသိမ်းထားရာမှ လွှတ်ပေးလိုက်သည်။ ဝန်ကြီးချုပ် ဘာဗက်ဒရာသည် အကြံပေးကောင်စီတွင် ပါဝင်ကူညီမည်ဖြစ်ကြောင်း သဘောတူခဲ့သည်။ သို့ရာတွင် ဒုတိယဗိုလ်မှူးကြီးရာဘူကာ၏ အိမ်စောင့် အစိုးရအဖွဲ့တွင် ပါဝင်ဆောင်ရွက်ရန် ငြင်းဆိုခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း မာရာသည် အိမ်စောင့်အစိုးရအဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး ရာဘူကာ အိမ်စောင့်အစိုးရအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ပြန်လည်ရေးဆဲ့ရေးအတွက် ပြင်ဆင်နေစဉ် ဖီဂျီအမျိုးသားဝါဒီ တစ်ယူသန်များ၏ တောင်ကီခေါ် လူထုလှုပ်ရှားမှုအဖွဲ့က ဖီဂျီနိုင်ငံအားသမ္မတနိုင်ငံအဖြစ် တောင်းဆိုခဲ့ကြသည်။ 'ဖီဂျီနိုင်ငံသည် ဖီဂျီလူမျိုးများအတွက် ဖြစ်ရမည်' ဟူ၍ ကြွေးကြော်ကာ အကြမ်းဖက်လှုပ်ရှားခဲ့ကြသည်။ အိန္ဒိယအမျိုးသားများ



ဖဂျိုနိုင်ငံ အာဏာသိမ်းခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီး ထာဘူကာ (ဝဲ) ၏ ညွှန်ကြားချက်အရ အာဏာသိမ်း တပ်မတော်သားများ ဖဂျိပါလီမန်ကို ဝိုင်းရံစောင့်ကြပ်ထားပုံ

ကို တိုက်ခိုက်ခြင်းနှင့် ၎င်းတို့ပိုင် ဆိုင်များကို လုယက်မီးရှို့ခြင်းတို့ကိုပြုလုပ်ခဲ့သည်။

ဒုတိယဗိုလ်မှူးကြီး ထာဘူကာသည် ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ဒုတိယအကြိမ် အာဏာသိမ်းပြန်သည်။ ဘုရင်ခံချုပ် ထုတူ ဆာ ပင်နီယာ ဂါနီလိုက ဖဂျိနိုင်ငံ၏ နိုင်ငံရေးပြဿနာများ ဖြေရှင်းရေးဆိုင်ရာ အဆိုပြုချက်တစ်ရပ် တင်သွင်းပြီးနောက် နာရီပိုင်းမျှ အကြာတွင် ထိုသို့အာဏာသိမ်းခြင်းဖြစ်သည်။ ဂါနီလိုက အဓိကနိုင်ငံရေး အဖွဲ့အစည်းအားလုံးပါဝင်သည့် အိမ်စောင့်အစိုးရဖွဲ့စည်းရန် အဆိုပြုခဲ့ခြင်းဖြစ်သည်။ တိမိုစီ ဘာဗက်ဒရာနှင့် ထုတူ ဆာ ကာမီစီ မာဆုတို့နှစ်ဦးစလုံး လက်တဲ့ဖွဲ့စည်းသည့် နိုင်ငံတော်ကောင်စီတစ်ရပ်ကို ဖွဲ့စည်းရန်ဖြစ်သည်။ ထာဘူကာကမူ တိုင်းရင်းသား ဖဂျိအမျိုးသားများ၏ နိုင်ငံရေးချုပ်ကိုင်မှု ထာဝရတည်မြဲစေမည့် အစိုးရအဖွဲ့မှလွဲ၍ အခြားမည်သည့်အစိုးရ ပုံစံမျိုးကိုမျှ လက်မခံနိုင်ကြောင်းဖြင့် ပြန်ကြားခဲ့ပြီးနောက် ဒုတိယအကြိမ်မြောက် အာဏာသိမ်းယူခဲ့ခြင်းဖြစ်သည်။

ထာဘူကာသည် ၁၉၇၇ ခုနှစ် အောက်တိုဘာ ၇ ရက်နေ့တွင် ဖဂျိသမ္မတနိုင်ငံအဖြစ် ကြေညာသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုနိုင်သည့်အချိန်အထိ နိုင်ငံကိုအုပ်ချုပ်သွားရန် အဖွဲ့ဝင် ၁၉ ဦးပါဝင်သော ဝန်ကြီးများအဖွဲ့ကို ဖွဲ့စည်းသည်။ ဖဂျိ အမျိုးသားဖြစ်သော ထာဘူကာသည် ယင်းကောင်စီတွင် အိန္ဒိယမျိုးနွယ်တစ်ဦးသာလျှင် ပါဝင်စေပြီး အိန္ဒိယဆန့်ကျင်ရေးအစွန်းရောက် ဝါဒီအများစုဖြင့်ဖွဲ့စည်းခဲ့သည်။ အိန္ဒိယအမျိုးသားရေးရာ ဝန်ကြီးထာထူးအတွက် ဖဂျိနိုင်ငံတွင် အထင်ရှားဆုံးအမျိုးသမီးနိုင်ငံရေးသမားဖြစ်သော အိန္ဒိယအမျိုးသမီး အိုင်ရင်းဂျေ နထုယန်းအား တာဝန်အပ်နှင်းခဲ့သည်။

နယူးဇီလန်နိုင်ငံက ဖဂျိနိုင်ငံအား ပိတ်ဆို့မှုအစီအစဉ်များပြဋ္ဌာန်းသည်။ စစ်ရေးပူးပေါင်းဆောင်ရွက်မှုအရပ်ရပ်ကိုအဆုံးသတ်၍ စီးပွားရေးအကူအညီဖြတ်တောက်သည်။ ဖဂျိ၏သကြားစျေးနှုန်းကို ကျားကန်ပေးသည့် နှစ်နိုင်ငံသဘောတူညီချက်ကို ရပ်ဆိုင်းသည်။

ဓနသဟာယအဖွဲ့၏ ဗင်ကိုဗာကွန်ဖရင့်ကလည်း ဖဂျိသည် ဓနသဟာယအဖွဲဝင်အဖြစ်မှ ပျက်ပြယ်ကြောင်း ကြေညာသည်။ ထာဘူကာက သမ္မတနိုင်ငံ ထူထောင်ကြောင်းကြေညာသော်လည်း ဖဂျိနိုင်ငံ၏ နိုင်ငံအကြီးအကဲဖြစ်သော ဗြိတိန်နိုင်ငံ ဘုရင်မကြီး အဲလစ်ဇဗက်၏ ထောက်ခံမှုကို ရထားဆဲဖြစ်သော ဂါနီလိုကမူ မိမိသာလျှင် အာဏာပိုင်ဆိုင်ခွင့်ရှိကြောင်းဖြင့် ကြေညာထားသည်။

ဖေဘ်ယူးခါး၊ ဦး (ခရစ် ၁၉၁၄ – ၁၉၇၇) ။ ။နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ ဦးဖေဘ်ယူးခါးကို မိုးမောက်မြို့နယ်၊ စိန်လုံမြို့အနီး ယော်ယုန်ရွာ၌ အဖ ဦးဖေဘယူခါး၊ အမိ ဒေါ်လဘန်ပရီတို့က ၁၉၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် မွေးဖွားသည်။

အင်္ဂလိပ်–မြန်မာ ဆင်္ခမတန်းအောင်သည်အထိ ပညာသင်ကြားခဲ့သည်။ ၁၉၃၁ ခုနှစ်တွင် ဗန်းမော်မြို့ ဘီအမ် ပီတပ်၌ အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၃၆ ခုနှစ်တွင် ဘီအက်ဖ်အက်ဖ်တပ်သို့ ပြောင်းလွှဲအမှုထမ်းရာ ဗိုလ်ကြီးအဆင့်အထိ ရောက်ရှိခဲ့သည်။

ဖက်ဆစ်တော်လှန်ရေးကာလတွင် သံလျင်၌ အက်ဖ် အက်ပ်(ဂ)စစ်ကြောင်းဖြင့်ဂျပန်မျှားကိုတိုက်ခိုက်ခဲ့သည်။ ထို့နောက် အမေရိကန်တပ်မှာနှင့်အတူ ရိန်းဂျားတပ်တွင် ဗိုလ်ကြီးအဆင့်ဖြင့် အမှုထမ်းခဲ့သည်။ ထိုမှတစ်ဆင့် ဗန်းမော်မြို့စစ်ရဲတပ်တွင် တပ်ရင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၉ ခုနှစ်တွင် ဗမာ့တပ်မတော် အမှတ်(၄) ကချင်သေနတ်ကိုင်တပ်ရင်းသို့ ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ဦးဖော်ယူးခါးသည် နဂါးနှိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်စစ်ဆင်ရေးများတွင် ပါဝင်ဆင်နွှဲခဲ့သူ ဖြစ်သည်။ ထိုစစ်ဆင်ရေးများတွင် ခွဲမှူးဦးစီးတာဝန်၊ ကြည်း–ရေ–လေ ပူးပေါင်းစစ်ဆင်ရေး လုံခြုံရေးအရာရှိ၊ စစ်ဘက်ဥပဒေအရာရှိ တာဝန်များကို ထမ်းဆောင်ခဲ့ရသည်။

အိမ်စောင့်အစိုးရလက်ထက်တွင် လွယ်လင်မြို့နယ် လုံခြုံရေးဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့ရသည်။ ထို့နောက် ၁၉၆၂ ခုနှစ်တွင် အမှတ် (၁၀၆) ခြေမြန်တပ်ရင်းသို့ ဒုတိယတပ်ရင်းမှူးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပြီး စစ်ဆင်ရေးများ၌ ပါဝင်ခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ဒုတိယဗိုလ်မှူးကြီးအဆင့်နှင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

၁၉၇၁ ခုနှစ် ပထမအကြိမ်ပါတီညီလာခံတွင် ဦးဖော်ယူးခါးသည် ပါတီဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံခဲ့ရသည်။ ထိုနှစ်မှာပင် ကချင်ပြည်နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဖော်ယူးခါးသည် ပြည်သူလွှတ်တော်ကိုယ်စားလှယ်အဖြစ် မြစ်ကြီးနားမှိုနယ်၊ မဲဆန္ဒနယ်အမှတ် (၁) မှ ရွေးချယ်ခံခဲ့ရပြီး ၁၉၇၄ ခုနှစ်မှစ၍ ကချင်ပြည်နယ်ပြည်သူကောင်စီ ဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့ရာ ၁၉၈၁ ခုနှစ် အထိ ဖြစ်သည်။ ထို့နောက် နိုင်ငံတော်ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရသည်။ ဦးဖော်ယူးခါးသည် ၁၉၈၅ ခုနှစ်တွင် နိုင်ငံရေး တာဝန်များမှ အငြိမ်းစားယူခဲ့သည်။

ဦးဖော်ယူးခါးသည် တပ်မတော်၌ အမှုထမ်းစဉ်ကာလအတွင်း စစ်မှုထမ်းခြင်းနှင့်သက်ဆိုင်သည့် တံဆိပ်မျှားဖြစ်သော လွတ်လပ်ရေးတံဆိပ်၊ ၁၉၃၉ – ၄၁ ကြယ်တံဆိပ်၊ ဘားမားစတားတံဆိပ်၊ ဝေါမယ်ဒယ်တံဆိပ်၊ နိုင်ငံတော်စစ်မှုထမ်းတံဆိပ်၊ ပြည် ပ ရန် နှိမ် တံ ဆိပ်၊ ပြည် သူ့ စစ်တိုက်ပွဲဝင်တံဆိပ် စသည့်တို့ကို ရရှိခဲ့သည်။

ထို့ပြင် ၁၉၈၅ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဦးဖော်ယူးခါးအား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ နိုင်ငံတော်ကောင်စီဝင် ဟောင်း ဦးဖော်ယူးခါးသည် ၁၉၈၇ ခုနှစ် သြဂုတ်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်ခေါန်ဒဲနှင့် သား ငါးယောက်၊ သမီး သုံးယောက် ကျန်ရစ်သည်။

ဖမ်ဟွန် (ခရစ် ၁၉၁၂–)။ ။ဗိုယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဖမ်ဟွန်ကို ၁၉၁၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ဗင်လောင်းပြည်နယ် (ယခုကျူလောင်းပြည်နယ်) ချောင်သန်ခရိုင် လောင်းဟိုကွန်မြန်းဘုံရိပ်သာ၌ မွေးဖွားသည်။ ငယ်မည် ဖန်ဗန်သီယင် ဖြစ်သည်။ ၁၉၂၀–၂၉ ခုနှစ်တွင် မျိုးချစ်လူငယ်လှုပ်ရှားမှု၌ ပါဝင်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် အင်ဒိုချိုင်းနား ကွန်မြူနစ်ပါတီသို့ဝင်သည်။

ဖမ်ဟွန်သည် အလုပ်သမား၊ လယ်သမားလှုပ်ရှားမှုများတွင် ဝင်ရောက်ဦးဆောင်ခဲ့သဖြင့် ၁၉၃၁ ခုနှစ်တွင် ပြင်သစ်နယ်ခြဲတို့က ဖမ်းဆီး၍ သေဒဏ် အမိန့်ချမှတ်ခဲ့သည်။ ထို့နောက် အပြစ်ဒဏ် လျှော့ပေါ့ကာ ပိုလိုကွန်ဒါကျန်း၌ တစ်သက်တစ်ကျန်း ကျခံစေခဲ့သည်။ ဖမ်ဟွမ်သည် ၁၅ နှစ်ကြာမျှ အကျဉ်းချထားခြင်းခံခဲ့ရပြီး သြဂုတ်လတော်လှန်ရေး အောင်ပွဲရသော ၁၉၄၅ ခုနှစ်တွင်မှ လွတ်မြောက်သည်။ ထိုအခါ တောင်ဗီယက်နမ်ဆိုင်ရာယာယီပါတီကော်မတီ၏ အတွင်းရေးမှူးအဖြစ် တာဝန်အပ်နှင်းခြင်း ခံရသည်။

ဖမ်ဟွန်သည် ၁၉၅၁ ခုနှစ်တွင် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဒုတိယအကြိမ်ပါတီညီလာခံ၌ ပါတီဗဟိုကော်မတီအချိန်ပြည့် ကော်မတီအဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။ ၁၉၅၇ ခုနှစ်တွင် ဝန်ကြီးချုပ်ရုံးဆိုင်ရာ ဝန်ကြီး

နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ ဦးဖော်ယူးခါး





ဗိယက်နမ် ဆို့ရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် ဖမ်ဟွန်

အဖြစ် ဆောင်ရွက်သည်။ ၁၉၅၈ ခုနှစ်မှစ၍ ပါတီနိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) အခြိန်ပြည့်အဖွဲဝင်ဖြစ်လာပြီး ပါတီဗဟိုကော်မတီအတွင်းရေးမှူးအဖွဲ့ အဖွဲဝင်အဖြစ် တာဝန်ယူသည်။ ၁၉၅၈ ခုနှစ် ဧပြီလတွင် ဗိယက်နမ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ အစိုးရအဖွဲ့တွင် ဒုတိယဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက် ခံရသည်။

ဖမ်ဟွန်သည် ၁၉၇၆ ခုနှစ်တွင် ဗိယက်နမ်ကွန်မြူနစ်ပါတီ၏ စတုတ္ထအကြိမ်မြောက်ညီလာခံတွင်လည်း နိုင်ငံရေးဦးဆောင်အဖွဲ့ အခြိန်ပြည့်အဖွဲဝင်အဖြစ် ပြန်လည် ရွေးချယ် တင်မြှောက်ခံရသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဝန်ကြီးများကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထဲရေးဝန်ကြီး ဖြစ်လာသည်။ အဋ္ဌမ အကြိမ်မြောက် အမျိုးသား လွှတ်တော် ပထမအစည်းအဝေးက ဗိယက်နမ်ဆို့ရှယ်လစ် သမ္မတနိုင်ငံ ဝန်ကြီးများကောင်စီဥက္ကဋ္ဌ (ဝန်ကြီးချုပ်) အဖြစ်ရွေးချယ်တင်မြှောက်သည်။ (ဗိယက်နမ်ဆို့ရှယ်လစ် သမ္မတနိုင်ငံ — ရှု။)

ဗဆွေ၊ ဦး (ခရစ် ၁၉၁၅–၁၉၇၇)။ ။လွှတ်လပ်ရေး မော်ကွန်းဝင် (ပထမဆင့်)နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)ရ၊ နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေကို ထားဝယ်ခရိုင် အုန်းပင်ကွင်းရွာ၌ အဖ ဦးထွန်းလှိုင်၊ အမိ ဒေါ်ပဲလေးတို့က ၁၉၁၅ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ မွေးချင်းသုံးယောက်အနက် အငယ်ဆုံး ဖြစ်သည်။

ထားဝယ်မြို့ အမျိုးသား အလယ်တန်းကျောင်းနှင့် အစိုးရအထက်တန်းကျောင်းများ၌ စတင်ပညာသင်ကြားသည်။ ၁၉၃၆ ခုနှစ်တွင် ၁၀ တန်း အောင်သည်။ ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာသင်သည်။ ၁၉၃၉ ခုနှစ်တွင် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားသမဂ္ဂ၏ အထွေထွေအတွင်းရေးမှူးအဖြစ် လည်းကောင်း၊ ၁၉၄၀–၄၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ဂ ရက်နေ့တွင် ရေနံချောင်းမြို့ အမျိုးသား ကျောင်း နှစ်ကျောင်း ကွဲရခြင်း ကိစ္စကို စေ့စပ်ဆွေးနွေးပြီးအပြန် ရေနံမြေအလုပ်သမား သပိတ်တပ်ကြီးနှင့် မကွေးမြို့တွင် ဆုံစည်းခဲ့ကြရာ ဦးဗဆွေသည် ဦးဗဟိန်းနှင့်အတူ အလုပ်သမား သပိတ်တပ်ကြီး အား အားပေးကူညီ၍ တရားဟောခဲ့သဖြင့် မကွေးထောင်၌ အချုပ်ခံခဲ့ကြရသည်။ ထောင်ခြောက်လ အပြစ်ဒဏ်ကျပြီး မကွေးထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခံကြရသည်။ မြန်မာနိုင်ငံအရပ်ရပ်မှ ကျောင်းသားများ ဆန္ဒပြကြသောကြောင့် ထောင်မှလွှတ်ခဲ့ကြသည်။

၁၉၄၁ ခုနှစ်တွင် တက္ကသိုလ်မှထွက်၍ နိုင်ငံရေးလောကသို့ အပြီးတိုင် ဝင်ရောက်ခဲ့သည်။ ဖြူတိသျှအစိုးရကို တော်လှန်ပုန်ကန်ရန် လျှို့ဝှက်စွာ ဖွဲ့စည်းသော Burma Revolutionary Party ဘီ၊ အာရ်၊ ပီ ခေါ် ဗမာ့တော်လှန် ရေး တပ်ဦး (People's Revolutionary Party ပီ၊ အာရ်၊ ပီ ခေါ် ပြည်သူ့အရေးတော်ပုံပါတီ) တွင် သခင်အောင်ဆန်း၊ သခင်မြ၊ ဦးကျော်ငြိမ်းတို့နှင့်အတူ ဦးစီးခေါင်းဆောင်သူ တစ်ဦးဖြစ်ခဲ့ပြီး စစ်ရေးနှင့် စည်းရုံးရေး တာဝန်ကို ယူခဲ့သည်။ ရဲဘော်သုံးကျိပ်ဝင်များ ဂျပန်သို့ စေလွှတ်ခြင်းမှစ၍ ဖက်ဆစ်တော်လှန်ရေးအထိ ဦးဗဆွေသည် ဘီ၊ အာရ်၊ ပီ ခေါင်းဆောင်တစ်ဦး၊ တစ်နည်းအားဖြင့် မြေအောက် တော်လှန်ရေး ခေါင်းဆောင် တစ်ဦးအဖြစ် လျှို့ဝှက်လုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။

၁၉၄၂ ခုနှစ် ဂျပန်ခေတ်တွင် ကေဘိုတိုင် (Kei-botai) ခေါ် မြို့ပြကာကွယ်ရေးတပ်ကို ဦးစီးခဲ့ရသည်။ ကေဘိုတိုင်အကြီးအကဲ အဆောင်အယောင်ကို အကာအကွယ်ယူ၍ နောက်ကွယ်တွင် တော်လှန်ရေးလုပ်ငန်းများကို လုပ်ခဲ့သည်။ သို့သော် မြေအောက်တော်လှန်ရေးခေါင်းဆောင် တစ်ဦးအဖြစ် သိရှိသွားပြီး ၁၉၄၅ ခုနှစ် မတ်လ ၃၁ ရက်နေ့မှ ဧပြီလ ၂၄ ရက်နေ့အထိ ဂျပန်တို့၏ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသည်။

၁၉၅၂ ခုနှစ်တွင် လွှတ်တော်အမတ်အဖြစ်ရွေးကောက်တင်မြှောက်ခံရပြီး ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးဖြစ်



နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ ဦးပဆွေ

ခဲ့သည်။ အမျိုးသမီးများ စစ်မှုထမ်းခွင့်ကို စတင်ဆောင်ရွက်ခဲ့ပြီး အမျိုးသမီးတပ်ဖွဲ့များကို ဖွဲ့စည်း ပေး ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင်ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထိုနှစ်တွင် အာရှဆိုရှယ်လစ်ကွန်ဖရင့်ကြီးကို မြန်မာနိုင်ငံ၌ကျင်းပရာ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံရသည်။

၁၉၅၆ ခုနှစ်တွင် အောက် လွတ် တော် အမတ်အဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဝန်ကြီးချုပ်ဖြစ်ခဲ့သည်။ ၁၉၅၆ ခုနှစ် ဇွန်လမှ ၁၉၅၇ ခုနှစ် ဖေဖော်ဝါရီလအထိ ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့ပြီး နုတ်ထွက်ခဲ့သည်။ ဒုတိယ ဝန်ကြီးချုပ်အဖြစ် ဆက်လက် ထမ်းရွက်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနကိုပါ ပူးတွဲတာဝန်ယူခဲ့သည်။

ဖ ဆ ပ လ နှစ်ခြမ်းကွဲခါနီတွင် ဒုတိယဝန်ကြီးချုပ် အ ဖြစ် မှ နုတ်ထွက်ပြီး ဦး ကျော် ငြိမ်း နှင့်တွဲ လျက် တည်မြဲ ဖ ဆ ပ လ ကို ဖွဲ့ စည်းကာ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

၁၉၄၅ ခု နှစ် တွင် ဖွဲ့ စည်း သော ဆိုရှယ်လစ်ပါတီ၏ အ ထွေ ထွေ အ တွင်း ရေးမှူး၊ ဖ ဆ ပ လ အ ဖွဲ့ ချုပ်တွင် ၁၉၄၈ ခုနှစ်မှ ၁၉၅၂ ခုနှစ်အထိ အထွေထွေအတွင်းရေးမှူး၊ ၁၉၅၂ ခုနှစ်တွင် ဖ ဆ ပ လ အဖွဲ့ကြီး၏ ဒုတိယ ဥက္ကဋ္ဌ၊ တည်မြဲဖဆပလ အဖွဲ့ဥက္ကဋ္ဌ စသည့် တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ သည်။ နိုင်ငံရေးလောကတွင် ကျားကြီးပဆွေဟု တွင်ခဲ့ဖူးသူဖြစ်သည်။

ဦးပဆွေသည် ယူဂိုစလပ်နိုင်ငံသမ္မတကြီး မာရှယ်တီး တိုး၏ ဂုဏ်ထူးဆောင်ပထမဆင့် ဆုတံဆိပ်နှင့် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ အမြင့်ဆုံး ဆင်ဖြူတံဆိပ်တို့ကို ရရှိခဲ့သည်။ လွတ်လပ်ရေးမော်ကွန်းဝင် ပထမဆင့်ကို ၁၉၅၉ ခုနှစ်တွင် ရရှိခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ပြည်ထောင်စု

ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ချီးမြှင့်အပ်နှင်းသော နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရရှိခဲ့သူဖြစ်သည်။

တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး နေဝင်း (လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း) က ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ပြည်တွင်း ညီညွတ်ရေး အတွက် အကြံပေးအဖွဲ့ဝင် နိုင်ငံရေးခေါင်းဆောင်ဟောင်း ၃၃ ဦးကို ဖိတ်ကြားရာ၌ ဦးပဆွေ ပါဝင်ခဲ့သည်။

ဦးပဆွေသည် ၁၉၄၄ ခုနှစ်က ပုလောမြို့မှ သတ္တုတွင်းပိုင်ရှင် ဦးလှိုင်ဖူး၏သမီး ဒေါ်နုနုဆွေနှင့် လက်ထပ်ခဲ့ပြီး သားသမီး ၁၀ ယောက် ထွန်းကားခဲ့သည်။

လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်နှင့် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ဦးပဆွေသည် ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ၈၃ နှီး ဒေါ်နုနုဆွေနှင့် သားသမီးများ ကျန်ရစ်သည်။

ပရက်တိန်း, ဝေါလတာ ဟောက်ဇာ (ခ ရစ် ၁၉၀၂–၁၉၈၇)။ ။ထရန်စဝေတာကို ၁၉၄၇ ခုနှစ်တွင် တီထွင်နိုင်ခဲ့သည့် အပြင် တစ်ပိုင်းလျှပ်ကူးပစ္စည်းဆိုင်ရာ သုတေသနကို ရှေ့ပြေးဆောင်ရွက်ခဲ့ခြင်းအတွက် နိုဗယ်ဆု ချီးမြှင့်ခံခဲ့ရသူ ရူပဗေဒပညာရှင် ဝေါလတာဟောက်ဇာ ပရက်တိန်းကို ၁၉၀၂ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် တရုတ်နိုင်ငံ အမိုင်မြို့၌ မွေးဖွားခဲ့သည်။ ဝှစ်မန်းကောလိပ်၊ အိုရီဂွန်တက္ကသိုလ်နှင့် မင်နီဆိုတာ တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့သည်။

ပ ရက် တိန်း သည် ၁၉၂၉ ခုနှစ်တွင် နယူး ဂျာ စီ ပြည်နယ် ဘဲလ်တယ်လီဖုန်း စမ်းသပ်ခန်းတွင် ရူပဗေဒသုတေသနပညာရှင်ဖြစ်လာသည်။ အခဲအခြေမျက်နှာပြင် ဂုဏ်သတ္တိများကို အဓိကအားဖြင့် လေ့လာစူးစမ်းသည်။ ဒြပ်တစ်ခု၏အတွင်းသားအက်တမ်ဖွဲ့စည်းပုံနှင့် အစဉ်သဖြင့် မတူခြားနားသည့် မျက်နှာပြင်အက်တမ်ဖွဲ့စည်းပုံကို အထူးတလည် စူးစမ်းခဲ့သည်။ တစ်ပိုင်းလျှပ်ကူးပစ္စည်းတို့၏ ဂုဏ်သတ္တိများကို လေ့လာဖော်ထုတ်ပေးခဲ့သည်။ ထုထည်ပိုကြီးသော လေဟာမီးလုံး၏နေရာတွင် ထရန်စစ္စတာကို အစားထိုးသုံးစွဲနိုင်စေခဲ့သည်။ အနုစိတ်ပမာဏသေးငယ်လှသော အီလက်ထရွန်းနစ် ပစ္စည်းအစိတ်အပိုင်းများ၏ ရှေ့ပြေး ဖြစ်သော ထရန်စစ္စတာကို တီထွင်ပေးခဲ့ခြင်းကြောင့် ကွန်ပျူတာခေတ်သို့ တက်လှမ်းရေးအတွက် များစွာ အထောက်အကူပြုခဲ့သည်။ ဤမျှ အရေးပါလှသောသုတေသနလုပ်ငန်းနှင့် တီထွင်မှုအတွက် ပရက်တိန်းသည် ၁၉၅၆ ခုနှစ်တွင် ဂျွန် ဗာဒင်း (၁၉၀၈–)နှင့် ဗီလှို့



နိုဗဲဆုရအမေရိကန်ရူပဗေဒပညာရှင် ဝေါ်လဘာဟောက်ဇာ
ဗရက်တိန်း

ဘီရွှော့ကလီ (၁၉၁၀–) တို့နှင့်အတူ ရူပဗေဒဆိုင်ရာ နိုဗဲဆု ချီးမြှင့်ခံရသည်။

ဗရက်တိန်းသည် ၁၉၆၇ ခုနှစ်တွင် အမေရိကန်ပြည် ထောင်စု ဝါရှင်တန်ပြည်နယ် ဝေါလာဝေါလာမြို့ရှိ ဝှစ်မန်း ကောလိပ်၌ တွဲဖက် ပါမောက္ခဖြစ်လာသည်။ ဆန်းသစ် တီထွင်သော ပစ္စည်းအများအပြားအတွက် မူပိုင် ခွင့် အပ်နှင်းခြင်းခံရသည်။ အခဲအခြေ ရူပဗေဒအကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားခဲ့သည်။

ကွန်ပျူတာခေတ်သို့ လမ်းခင်းပေးသော အီလက်ထ ရွန်းနစ် ပမာဏချုံ့ခြင်းကို ပံ့ပိုးနိုင်ခဲ့သည့် သုတေသနနှင့် တီထွင်မှုအရပ်ရပ်ကို ပြုလုပ်ခဲ့သူ နိုဗဲဆုရ ရူပဗေဒပညာရှင် ဝေါ်လတာ ဟောက်ဇာ ဗရက်တိန်းသည် ၁၉၀၇ ခုနှစ် အောက်တိုဘာလတွင် ဝါရှင်တန်ပြည်နယ် ဆီး တဲ မြို့၌ အယ်ဇိုင်းမားရောဂါဖြင့် ကွယ်လွန်သည်။

ဗရှိုင်း, လူဝီ – ဗစ်တာ ပီရယ် ရေမွန် ဒီ (ခရစ် ၁၈၉၂ – ၁၉၀၇) ။ ။ နိုဗဲဆုရ ရူပဗေဒ ပညာရှင် လူဝီဗစ်တာပီရယ်ရေမွန် ဒီဗရှိုင်းကို ၁၈၉၂ ခုနှစ် ဩဂုတ် လ ၁၅ ရက်နေ့တွင် ပြင်သစ်နိုင်ငံ ဒိုင်ပီတွင် မွေးဖွားခဲ့သည်။ စစ်ဘက်၊ နယ်ဘက်၊ တိုင်းရေးပြည်ရာဘက်တွင် ကွန်းကွန်းပြောင်ပြောင် အမှုထမ်းဆောင်ခဲ့သော မင်းညီ မင်းသား အမျိုးအနွယ်မှ ဆင်းသက်ခဲ့သည်။ ဘိုး၊ ဘေး၊ ဘီ၊ ဘင် များတွင် အောင်ပွဲရဗိုလ်ချုပ်ကြီးများ၊ ဝန်ကြီး ချုပ် တစ်ဦးအပါအဝင် နိုင်ငံရေးသုခမိန်များနှင့် လိမ္မာ ပါးနပ်သော သံတမန်ကြီးများ ပါဝင်ပေသည်။

ဒီဗရှိုင်းသည် လုံးဝရည်ရွယ်မျော်မှန်းခြင်း မရှိဘဲ ရူပ ဗေဒပညာရှင်ဖြစ်ခဲ့ရသည်။ တက္ကသိုလ် ဘွဲ့လွန်သင်တန်း၌ ရှေးဟောင်း သမိုင်းဘာသာရပ်ကို အထူးလေ့လာသုတေ


သနပြုရန် ရည်သန်၍ ဘွဲ့ကြို ကျောင်းသားဘဝတွင် စိတ္တ ဘာသာတွဲကိုယူခဲ့၏။ သို့သော် ပ ထ မ က မ္ဘာ စစ် ကြီး အတွင်း စစ်မှုထမ်းဆောင်နေစဉ် ရေဒီယိုဆက်သွယ်ရေး တပ်စိတ်တွင် တာဝန်ကျခဲ့ရာမှ ရေဒီယိုလှိုင်းများတွင် စိတ်ဝင်စားလာခဲ့သည်။ ထိုစိတ်ဝင်စားမှုမှ အစပြု၍လှိုင်း နှင့်ဒီဗရှိုင်း၊ ဒီဗရှိုင်းနှင့် လှိုင်းတို့သည် ဆုံစည်းမိကြသည် ဟု ဆိုရချိမ့်မည်။

ပထမကမ္ဘာစစ်ကြီးပြီးချိန်၌ ဒီဗရှိုင်းသည် တက္ကသိုလ် ကျောင်းတော်သို့ ပြန်လည်တက်ရောက်သောအခါ ရူပဗေဒ နယ်ပယ်သို့ ကူးပြောင်းလာပြီး ရူပဗေဒပညာရှင်ပေါက်စ ဘဝသို့ ဆိုက်ရောက်ခဲ့၏။

ဒီဗရှိုင်းသည် ၁၉၂၄ ခုနှစ်တွင် ရူပဗေဒပါရဂူဘွဲ့ အတွက် ကျမ်းတစ်စောင်ကို တင်သွင်းလိုက်သည်။ ဤ ကျမ်းတွင်ပါရှိသော တွေးခေါ်ယူဆချက်များသည် ထူး ထွေဆန်းပြားလှပြီး ထိုခေတ် ထိုအခါက လက်ခံထားရှိ သည့် ရူပဗေဒ အဆိုအမိန့်များနှင့် ဝိရောဓိဖြစ်နေပေရာ ရူပဗေဒလောကမှ ပုဂ္ဂိုလ်များက လက်ခံရန်တွန့်ဆုတ်နေခဲ့ ကြသည်။ အခြို့ကမူ ဒီဗရှိုင်း၏ ပါရဂူကျမ်းများကို "ပြင်သစ်ပြက်လုံး" ဟုပင် သရော်ကြသေးသည်။ သို့သော် မကြာမီအတွင်း ဒီဗရှိုင်း၏ အဆိုပြုချက်များ မှန်ကန်ကြောင်းကို ငြင်းပယ်၍မရနိုင်အောင် လက်တွေ့ စမ်းသပ်ချက်များဖြင့် ထောက်ပြနိုင်လေသည်။ ထိုအခါ ယင်းအဆိုပြုချက်များကို အပြည့်အဝ နားမလည်ငြားလည်း လက်ခံသုံးစွဲလာကြရတော့သည်။

နှစ်ဆယ်ရာစု မတိုင်မီက အလင်းသည် လှိုင်းဖြစ်သည် ဟု ယုံကြည်လက်ခံသည့် သီအိုရီနှင့် အလင်းသည် အမှုန် ဖြစ်သည်ဟု ယုံကြည်လက်ခံသည့် သီအိုရီဟူ၍ အလင်း ဆိုင်ရာ သီအိုရီ နှစ်ခုတို့သည် တစ်သီးတခြားစီ ရပ်တည်ခဲ့ သည်။ သို့သော် နှစ်ဆယ်ရာစုအစပိုင်းသို့ရောက်လာသော

နိုဗဲဆုရ ပြင်သစ်ရူပဗေဒပညာရှင် လူဝီ ဗစ်တာပီရယ်ရေမွန် ဒီဗရှိုင်း



နိုဗဲဆုချီးမြှင့်ခြင်းခံရသည်။ ၁၉၃၃ ခုနှစ်တွင် ပြင်သစ်ပြည် သိပ္ပံပညာရှင်များ အသင်း၏ အသင်းဝင်တစ်ဦး ဖြစ်လာပြီး ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်ကြီးကာလအတွင်း ယင်းအသင်းကြီး၏ အထွေထွေ အတွင်းရေးမှူးအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရ၏။ ၁၉၅၃ ခုနှစ်တွင် ဗြိတိန်မှတော်ဝင်အသင်း (Royal Society) ၏ ပြည်ပ အသင်းဝင်ဖြစ်လာပြန်သည်။ ဒီဗရွိုင်းသည် သက်ရှယ်ကြီးရင့်လာသောအချိန်တွင် ရူပဗေဒကို ကြောင်းကျိုးဖြစ်စဉ် ပေါင်အတွင်းမှ ဆင်ခြင်သုံးသပ်သည့်ဘက်သို့ အားသန်ခဲ့သည်။ ပင်မရေစီးကြောင်းဖြစ်သည့် ဖြစ်နိုင်စွမ်းအမြင်ကို လက်ကိုင်မပြုလိုချေ။ ဒီဗရွိုင်းသည် ဒြပ်လိုင်းအသိပညာသဘောတရားကိုဖော်ထုတ်ပေးပြီးနောက်ပိုင်းတွင် ရူပဗေဒလောကကို သိမ့်သိမ့်တုန်စေသော အဆိုပြု ချက်များတွေ့ရှိချက်များကို ထပ်မံမဖော်ထုတ်နိုင်ခဲ့ချေ။ သို့ မဖော်ထုတ်နိုင်ငြားလည်း ရူပဗေဒ သုတေသနလုပ်ငန်းများ၊ လှုပ်ရှားမှုများတွင် တက်တက်ကြွကြွပါဝင်ခဲ့ပေသည်။

နိုဗဲဆုရ ရူပဗေဒ ပညာရှင် ဒီဗရွိုင်းသည် ၁၉၀၇ ခုနှစ် မတ်လတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကွယ်လွန်သည်။

ဗလပြန်၊ ဒေါ် (ခရစ် ၁၉၁၄–၁၉၀၇)။ ။ အက ဝိဇ္ဇာဟု သတ်မှတ်ခြင်းခံရပြီး မြန်မာ့ ဇာတ်သဘင်လောကတွင် ထင်ပေါ်ကျော်ကြားခဲ့သော ဒေါ်ဗလပြန်ကို ပဲခူးမြို့အပိုင် ထုံးကြီးမြို့အနီး ရေအေးစမ်းရွာ၌ ၁၉၁၄ ခုနှစ် ဇွန်လ ၂၇ ရက်နေ့တွင် အဖ မွန်ကရင်အမျိုးသား ဦးချမ်းအေး၊ အမိ ကရင်အမျိုးသမီး နော်ရွှေမိတ် တို့က ဖွားမြင်သည်။ ငယ်နာမည်များမှာ မစိမ်းမြ၊ စောနန်းရွှေဟူ၍ ဖြစ်ကြသည်။

ဒေါ်ဗလပြန်သည် ကလေးဘဝကပင် အက အဆိုတို့ကို လွန်စွာ စိတ်ဝင်စား ဝါသနာပါ၍ ကဆို၍သာ ဆော့ကစားလေ့ရှိရာ သဘင်ပညာကျော် ယောကျ်ားမင်းသမီး ဦးအောင်ဗလ ကွယ်လွန်၍ လူဝင်စား ဖြစ်လာသည်ဟု ကောလာဟလဖြစ်ခဲ့သည်။ သဘင်ပညာကျော်ယောကျ်းမင်းသမီး ဇာတ်ဆရာ အောင်ဗလသည် ပဲခူးနယ်တွင် နှစ်စဉ်လာရောက်ကပြလေ့ရှိရာ ဒေါ်ဗလပြန်၏ မိဘများသည် အောင်ဗလ၏ဇာတ်ပွဲကို မလွှတ်တမ်း ကြည့်ကြရာက ဇာတ်ဆရာ အောင်ဗလနှင့်ရင်းနှီးခင်မင်ခဲ့သည်။ သို့ဖြင့် ၎င်းတို့၏ သားကလေး မောင်ရွှေစံကို ဦးအောင်ဗလက မွေးစားခွင့်တောင်းရာ အခွင့်မသာသဖြင့် ရှင်ပြုပေးမည်ဟု ကတိထားခဲ့သည်။ ထို့နောက် မကြာမီ မန္တလေးမြို့တွင် ဦးအောင်ဗလ ကွယ်လွန်သည်။ ထို့နောက် တစ်နှစ်ခန့်အကြာတွင် ဗလပြန်ဟု ကျော်ကြားလာမည့် စောနန်းရွှေကို ဖွားမြင်သည်။ စောနန်းရွှေ စကားပြောတတ်စ သုံးနှစ်

အခါ အလင်းလျှပ်စစ်ဖြစ်ရပ်ကို ဖြေရှင်းရန်ကြိုးစားရာမှ အလင်းတွင်လှိုင်းနှင့် အမှုန်ဒွိသဘာဝ ရှိသည်ဟူသော အဖြေကို အိုင်းစတိုင်းက ထုတ်ဖော်ရရှိလေသည်။ ဤတွေ့ရှိချက်ကို ကွမ်ပတန်၏လွှင့်စဉ်အကျိုးက အကြွင်းမဲ့ ထောက်ခံလိုက်သောအခါ ဖြာထွက်မှုတစ်ရပ် ဖြစ်သည့် အလင်းတွင် လှိုင်းဂုဏ်သတ္တိရော အမှုန်ဂုဏ်သတ္တိပါ ဒွန်တွဲလျက်ရှိသည့်အချက်မှာ ခိုင်မြဲသွားသည်။ တစ်ဖန် အမှုန်ရွေလျားမှုညီမျှခြင်းများနှင့် လှိုင်းရွှေ့ရှားမှုညီမျှခြင်းများ ဆင်တူရိုးမှားရှိပုံကိုလည်း ဒီဗရွိုင်းက သိရှိထားပြီးဖြစ်လေရာ တစ်ချိန်က လှိုင်းဟုအမျှားကမှတ်ယူခဲ့သော အလင်းကဲ့သို့သော ဖြာထွက်မှုတွင် လှိုင်းအမှုန်ဒွိသဘာဝရှိနေပါမူ အမှုန်ဟူ၍ သတ်သတ်မှတ်မှတ် လက်ခံထားပြီးသောအရာတို့တွင်လည်း အမှုန်လှိုင်းဒွိသဘာဝရှိရပေမည်ဟူ၍ဒီဗရွိုင်းက ဆင်ခြင်တွေးဆသည်။ ဤတွေးတောဆင်ခြင်ချက်သာမှန်ကန်ပါမူ ဒြပ်လိုင်း၏ ဂုဏ်သတ္တိသည် အမှုန်ဆန်ဂုဏ်သတ္တိနှင့် မည်သို့ဆက်စပ်နေအံ့နည်းဟူသည့် ပြဿနာတစ်ရပ် ပေါ်လာပေသည်။ အဖြေပေးရန် အလင်းဖိုတွန်ကို ပြန်လည်သုံးသပ်ရန်လိုပေသည်။

အလင်းဖိုတွန်၏စွမ်းအင်သည် ကြိမ်နှုန်းနှင့်ပလန့်ကိန်းသေတို့၏မြှောက်လဒ်နှင့်တူညီသည်။ တစ်ဖန်အလင်းဖိုတွန်၌ အဟုန်ရှိသည်ဟု ကွမ်ပတန်က ထောက်ပြထားပြန်သည်။ အလင်းဖိုတွန်၏ စွမ်းအင်သည် အဟုန်နှင့် အလင်းအလျှင်မြှောက်လဒ်နှင့် တူညီနေပြန်သည်။ ထိုဆက်စပ်မှုများမှာ ဖိုတွန်၏အဟုန်သည် ပလန့်ကိန်းသေနှင့်ဖိုတွန်၏ လှိုင်းအလျှားစားလဒ်ဖြစ်ကြောင်း တွေ့ရှိရသည်။ အလားတူပင် အီလက်ထရွန် တစ်ခုကဲ့သို့သော အမှုန် တစ်ခုအတွက်လည်း ယင်းဆက်စပ်မှုမှန်ကန်ကြောင်း ဒီဗရွိုင်းက ရီလေတီဗီတီသီအိုရီကိုအခြေခံ၍ ထောက်ပြနိုင်ခဲ့၏။ အမှုန်များနှင့်ဆက်စပ်လျက်ရှိသော ဒြပ်လိုင်းများကို ဒီဗရွိုင်း လှိုင်းများဟူ၍ ခေါ်ဝေါ်သမုတ်ထားကြသည်။

ဒီဗရွိုင်း အဆိုပြုပြီး မကြာမီပင် အီလက်ထရွန်များတွင် လှိုင်းဂုဏ်သတ္တိရှိကြောင်းကို အီလက်ထရွန်ကွေ့ခြင်းစမ်းသပ်မှု (electron diffraction experiment) ဖြင့် အမေရိကန်မှ ဒေးဗစ်စင်နှင့် ဂျာမာ၊ အင်္ဂလန်မှ ဂျီပီသွမ်မဆင်တို့က တစ်ပြိုင်တည်းထောက်ခံ အတည်ပြုပေးလိုက်ကြသည်။

ဒီဗရွိုင်းသည် ပညာရှင်များအသင်း၏ ဂုဏ်ထူးဆောင်ဘွဲ့များဆုများချီးမြှင့်ခြင်းခံရသည်။ ၁၉၂၈ ခုနှစ်၌ ဆော်ဗွန်းတက္ကသိုလ် ဟင်နရီပွန်ကာရေး သုတေသနဗိမာန်တွင် သီအိုရီပိုင်းဆိုင်ရာ ရူပဗေဒပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၃၂ ခုနှစ်တွင် မဟာဌာနမှူးအဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရသည်။ ၁၉၂၉ ခုနှစ်တွင် ရူပဗေဒ ဆိုင်ရာ

သမီးအရွယ်တွင် မည်သူကမျှ သင်မပေးရဘဲ အောင်ဗလ ဆိုခဲ့သောသီချင်းများ၊ အောင်ဗလ ကခဲ့သော ကကြိုးများကို ဆိုကခြ ကစားလေ့ရှိသည်။ လူကြီးများအား သူသည် အတိတ်ဘဝက အောင်ဗလဖြစ်ကြောင်း၊ သူဇနီးဟောင်း မသဲညွှန့်ရှိရာ သုံးခွမြို့သို့ လည်းကောင်း၊ ဘဝဟောင်းက သူဇာတိချက်ကြွေ ဒေသဖြစ်သော ဆင်ဖြူကျွန်း မြို့သို့ လည်းကောင်း ပို့ပေးရန် ပြောပြပူဆာလေ့ရှိကြောင်း အဆို ရှိသည်။ မိဘများက အောင်ဗလ၏ အကများ အဆိုများ နှင့် များစွာတူညီသော သမီး စောနန်းရွှေ၏ အကများကို နှစ်သက်ရုံမျှမက သမီးသည် အောင်ဗလ ဝင်စားသူဟု ယုံကြည်ကာ ကလေးဇာတ် ထောင်၍ ပေးကြသည်။ စောနန်းရွှေ ကလေးဇာတ်ဟု နာမည်ကျော်ကြားလူကြိုက် များခဲ့သည်။

ထို့နောက် မိဘများက ဗလပြန်ဖြစ်လာမည့် စောနန်း ရွှေကို မင်းသားကြီး ဦးရွှေဂုံး၊ ဇာတ်စာရေး ဆရာ ဦးဘ မောင်၊ ဦးဘမောင်၏ ဇနီး၊ ဇော်အကတွင် နာမည်ကြီးသူ မဇော်ပုံ့ တို့ထံတွင် ဇာတ်သဘင်ပညာများကို ဆည်းပူး စေသည်။ အရွယ်ရောက်လာသော စောနန်းရွှေသည် အငြိမ့် လှည့်လည် ကပြရင်းတစ်နေ့တွင် ပဲနှယ်ကုန်းမြို့နယ် ကျဲပဲရွာ ဦးမောင်မောင်၏ စက်ရုံဖွင့်ပွဲနှင့် ကြုံကြိုက်သဖြင့် အောင်ဗလနှင့် တဲ့ဖက်ကပြခဲ့သော ဇာတ်မင်းသားစိန်ခိုနှင့် စောနန်းရွှေကို တဲ့ဖက်ကပြစေရာ စောနန်းရွှေသည် အောင်ဗလနှင့် တူအောင် ကပြသိဆိုကာ ဟန်အမူအရာ လုပ်နိုင်သောကြောင့် ပရိသတ်က အောင်ဗလပြန်လာပြီဟု ချီးကျူးသြဘာ ပေးကြသဖြင့် ဗလပြန် ဟူသော အမည် တွင်ကာ ကျော်ကြား လာသည်။ ယင်းသို့ နာမည် ကျော်ကြားလာခဲ့သော ဒေါ်ဗလပြန်သည် မင်္ဂလာ ဦးအောင်မောင်း၊ စိန်အောင်မင်း၊ ခုနစ်ထွေ ထွန်းရီ၊ ရွှေဒေါင်းညို၊ ခေတ်ပါတီ၊ တိုင်းချစ်သန်းစိန်၊ ပန်တျာ ကြည်လင်၊ရွှေမန်း တင်မောင် စသည့်နိုင်ငံကျော် မင်းသား များနှင့် တဲ့ဖက်ကာ နှစ်အတော်ကြာအောင် ကပြ ခဲ့သည်။

ဗလပြန်သည် ဇာတ်မင်းသမီးများ၏ အတတ်ပညာများ ဖြစ်သော ပိုး၊ မွေး၊ မျော်၊ ခေါ်၊ အောင်၊ ဇော်၊ လူ၊ ဘ၊ ရူး၊ အ၊ သေ၊ ပစ်တို့ကို ကျွမ်းကျင်စွာ တတ်မြောက်ရုံမျှမက မင်းသမီး အကများကိုလည်း မြန်မာ့ရိုးရာ မြန်မာ့မူမပျက် တိုးခဲ့ချဲ့ တီထွင်ခဲ့သည်။ ကဘတွန်းအက၊ ပင့်ကူအက၊ ဒါး သိုင်းဟန်အက၊ စံတော်ချိန်အက၊ မာယာရှုံတီအက၊ ရုပ် သေးအက၊ စက်ရုပ်အက၊ ခြေမချိုး လက်မလှုပ်ဘဲကသော တကောင်းအက၊ နတ်ကိန္နရီအကတို့ကို တီထွင်၍ မြန်မာ့ အကနယ်ပယ်ကို ချဲ့ထွင်ခဲ့သည်။

အိမ်စောင့်အစိုးရလက်ထက် တပ်မတော် ကပွဲရုံတွင်



သဘင်ပညာရှင် ဒေါ်ဗလပြန်

ဒေါ်ဗလပြန်သည် ကြိုးဆွဲရုပ်နှင့် အပြိုင်ကသော ကကွက် တစ်ခုကို တီထွင်ကပြခဲ့ရာ မြို့တော်ဝန် ဗိုလ်မှူးကြီး ထွန်းစိန်က ဂုဏ်ထူးဆောင် ရွှေတံဆိပ်နှင့် အကဝိဇ္ဇာ ဟူသော နာမည်ကောင်းလက်မှတ် ချီးမြှင့်ခဲ့သည်။ စံတော် ချိန် အကကို ၁၉၆၉–၇၀ ပြည့်နှစ်တွင် မင်းသား စိန်အောင် မင်းနှင့် ကပြခဲ့သည်။

ဒေါ်ဗလပြန်သည် နိုင်ငံတော်အစိုးရ ယဉ်ကျေးမှုအဖွဲ့ ဝင် အဖြစ် တရုတ် ပြည်သူသမ္မတနိုင်ငံ၊ ဗီယက်နမ် နိုင်ငံ၊ ဆိုဗီယက် ပြည်ထောင်စု၊ မလေးရှား နိုင်ငံများသို့ သွား ရောက်ကပြခဲ့သည်။တရုတ်ပြည်သူသမ္မတနိုင်ငံ၌ နတ်ကိန္နရီ အကကို ကပြခဲ့ရာ ပီကင်းမြို့ထုတ်သတင်းစာ တစ်စောင်က ထိုအကကို ဆောင်းပါးတစ်ပုဒ်ဖြင့် ချီးကျူးဂုဏ်ပြုခဲ့သည်။

ဒေါ်ဗလပြန်သည် ဦးအောင်မောင်း၊ စိန်အောင်မင်း၊ ရွှေမန်း ကျော်အောင်တို့နှင့်တွဲဖက်လျက် ဇာတ်ထုပ် များ စွာကိုလည်း ဓာတ်ပြားသွင်းခဲ့သည်။ ဒေါ်ဗလပြန်သည် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ကဇာတ် ဌာနခွဲတွင် အက အဆို အကြံပေး နည်းပြဆရာမအဖြစ် ၁၉၆၇ ခုနှစ်မှစ၍ တာဝန်ထမ်းဆောင်ခဲ့သည်။

မြန်မာ့ဇာတ်သဘင်လောကတွင် နာမည်ကျော်ကြား ခဲ့သော ဒေါ်ဗလပြန်သည် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန် ချိန်တွင် ခင်ပွန်း ဦးဇော်နှင့် သားတစ်ယောက် ကျန်ရစ် ခဲ့သည်။

ဗီယက်နမ် ဆိုရှယ်လစ် သမ္မတနိုင်ငံ။ ။ဗီယက်နမ် ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးအဖြစ် ၁၉၆၆ ခုနှစ် ဒီဇင်ဘာလက ရွေးချယ်တင်မြှောက်ခြင်းခံရသော စီးပွားရေး ပြုပြင်ပြောင်းလဲသိုသူ ဥယျာဉ်မန်လင်းသည် ၁၉၇၇ ခုနှစ် ဧပြီလတွင် ဗဟိုကော်မတီ အစည်းအဝေး



ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသမ္မတ ဗိုချီကောင်း

ထစ်ရပ်၌ လူငယ်ပိုင်းကို ခေါင်းဆောင်သစ်များအဖြစ် တာဝန်ပေးရေးနှင့် အမှန်ကိုအမှန်အတိုင်း တင်ပြဆောင်ရွက်ရေးတို့ကို အလေးအနက်ထား၍ လမ်းညွှန်ခဲ့သည်။ ယင်း အစည်း အဝေးက စီးပွားရေး၌ ဗဟို ချုပ်ကိုင်မှု လျော့ချရေးအတွက် အစီအစဉ်တစ်ရပ်ကို အတည်ပြုပေးခဲ့သည်။ ထို့ပြင် ပါတီတွင်းသန့်ရှင်းရေးလှုပ်ရှားမှုကိုလည်း ဆောင်ရွက် စေခဲ့သည်။ ကိုယ်ကျိုးရှာမှု များ၊ အဂတိလိုက်စားမှုများတွင်ပါဝင်ပတ်သက်ကျူးလွန်သူပါတီခေါင်းဆောင် များကို ပါတီ စည်းကမ်း အရ အရေးယူသော လှုပ်ရှားမှုဖြစ်သည်။ ၁၉၇၂ ခုနှစ် ပါတီညီလာခံနှင့် ၁၉၇၆ ခုနှစ်ပါတီညီလာခံတို့၏ အကြားတွင် ပါတီဝင် ၁,၉၀,၀၀၀ ကို ထုတ်ပယ် အရေးယူခဲ့ရသည့် ဗီယက်နမ်ကွန်မြူနစ်ပါတီသည် ၁၉၇၇ ခုနှစ်တွင်လည်း ကာကွယ်ရေးဝန်ကြီး ဗန်တီယင်ဇွမ် အပါအဝင် ပါတီခေါင်းဆောင် အများအပြားကို ရာထူးမှထုတ်ပယ်ခဲ့သည်။ ပါတီတွင်းသန့်ရှင်းရေးလှုပ်ရှားမှု အရ ပါတီ၏ ရည်မှန်းချက်ပန်းတိုင်ကို သွေဖည်သူများနှင့် တာဝန်ကို ပေါက်မြောက်အောင်မြင်စွာ မထမ်းဆောင်နိုင်သူများကိုလည်း စုံစမ်း စစ်ဆေး အရေးယူသည်။

ဗီယက်နမ်နိုင်ငံ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ များကို ၁၉၇၇ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပရာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၉ ဒသမ ၃၂ ရာခိုင်နှုန်းက ဆန္ဒမဲပေးကြသည်။ လွှတ်တော်ကိုယ်စားလှယ်နေရာ ၄၉၆ နေရာအတွက် ကိုယ်စားလှယ်လောင်း ၈၂၉ ဦး ပါဝင်ယှဉ်ပြိုင်

ဗီယက်နမ် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ဒုယင်ဗန်လင်း



သည်ဟုဆိုသည်။ သမ္မတ ထရောင်ချင်းနှင့် ဝန်ကြီးချုပ် ဖန်ဗန်ဒေါင်းတို့ သက်တမ်းအသစ်အတွက် ပါဝင်ယှဉ်ပြိုင် ခြင်းမရှိခဲ့။ ၁၉၅၄ ခုနှစ်က ဒိန်ဗင်ဖူးတိုက်ပွဲတွင် ပြင်သစ်တို့ကို အနိုင်ယူခဲ့၍ သူရဲကောင်း အဖြစ် ထင်ရှားသော ဗိုလ်ချုပ်ကြီး ဗိုဥယင်ဂီယက်လည်း ရွေးကောက်ပွဲ တွင် ပါဝင် ယှဉ်ပြိုင်ခြင်း မပြုတော့ချေ။ ရွေးကောက်ပွဲတွင် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူး ဥယင်ဗန်လင်းနှင့် အခြားထိပ်တန်း ပါတီခေါင်းဆောင်များ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးချယ် တင်မြှောက်ခံရသည်ဟု ရွေးကောက်ပွဲကော်မရှင်က ကြေညာသည်။ ပါတီပေါ်လစ်ဗျူရိုတွင် ဆဋ္ဌမအဆင့်ရှိသော ကာကွယ်ရေး ဝန်ကြီး လီဒွပ်အန်းနှင့်အမှတ်စဉ် ၁၁ အဆင့်ရှိသောဥယင်သန်ဘင်း တို့လည်း အလားတူ ရွေးချယ် တင်မြှောက် ခံရသည်။ အမျိုးသားလွှတ်တော်ညီလာခံကို ဇွန်လ ၁၀ ရက်နေ့တွင် ကျင်းပရာ ပါတီပေါ်လစ်ဗျူရိုတွင် ဒုတိယ အဆင့်ရှိသော ဖမ်ဟွန်းကို ဝန်ကြီးချုပ်အဖြစ် လည်းကောင်း၊ တတိယ အဆင့်ရှိသော ဗိုချီကောင်းကို သမ္မတအဖြစ်လည်းကောင်း ရွေးချယ် တင်မြှောက်သည်။ (ဖမ်ဟွန် —ရှု။)

ဗီယက်နမ်နိုင်ငံတွင် ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က အကျဉ်းသား ဒဏ်များအပြားကို လွှတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။ နိုင်ငံရေးပညာပေးရေးအကျဉ်းစခန်းများမှ လွှတ်မြောက်လာသူများတွင် တောင်ဗီယက်နမ်အစိုးရမပြုတ်ကျမီက ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်

ဗုဒ္ဓသာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဆောင်ရွက်ချက်များ(၁၉၇၇)။ ။၁၉၇၇ ခုနှစ် အတွင်း သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်က ဆောင်ရွက်ခဲ့သည့် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့် ပွား ရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီး အောင် မြင် မှု များ ကို အောက်ပါအတိုင်းတွေ့ရပေရာ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကြည်ညိုသဒ္ဓါပွားများနိုင်ပေသည်။

ညှန်ကြားလွှာအမှတ် (၇၅) ထုတ်ပြန်ညှန်ကြားခြင်း- နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဝိနည်း ဓမ္မကံ လုပ်ထုံးလုပ်နည်းများ (ပြင်ဆင်ဖြည့်စွက်ချက်) နှင့်အညီ ကျောင်းစည်းမျဉ်းမလိုက်နာမှု၊ ညှန်ကြားလွှာ(၇၂)ပါ စည်းကမ်းများကိုမလိုက်နာမှု၊ကျောင်းအဖြစ်အသိအမှတ် မပြုသော အဆောက် အအုံ၌ နေထိုင်မှု၊ သံဃာ့ အဖွဲ့ အစည်း လုပ်ထုံးလုပ်နည်း (၉၃) (၌)အရ အရေးယူမှုများကို ဓမ္မစက်၊ အာဏာစက်ဖြင့် ထိရောက်စွာအရေးယူ ဆောင်ရွက်နိုင်ရန်အတွက် ၃-၇-၇၇ ရက်စွဲပါ ညှန်ကြားလွှာအမှတ် (၇၅)ကို ထုတ်ပြန်ညှန်ကြားခဲ့သည်။ ယင်း ညှန်ကြားလွှာအရ အရက်သေစာ သောက်စားမှု၊ မူးယစ်ဆေးဝါးမှီဝဲမှု၊ လောင်းကစားမှု၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှု၊ တရားမဝင် မှောင်ခိုပစ္စည်းများထားရှိရောင်းဝယ်သယ်ဆောင်မှု၊ ပွဲလမ်းသဘင် ကြည့်ရှုမှု၊ သီဆိုတီးမှုတ်ကခုန် ပြောင်လှောင်မှု၊ တစ်အိမ်တက်ဆင်း ရွှေငွေအလှူခံမှု၊ ယာဉ်ရထားပေါ်နှင့် စျေးများ၌ အလှူခံမှုများကို ပြုလုပ် ကျူးလွန် နေသည့် ရဟန်း သာမဏေများအား မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့ဖြင့် သုံးရက်အတွင်း ပြီးစီးအောင်စစ်ဆေး၍ ကျောင်း၊ ကျောင်းထိုက်မှန့်ထုတ်ခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမှန့်ထုတ်ခြင်း၊ မြို့နယ်မှ နှင်ထုတ်ခြင်း ပြစ်ဒဏ်များကို ချမှတ်မည်ဖြစ်သည်။

ယင်းသို့အရေးယူဆောင်ရွက်ရာတွင် မူလ ရည် ရွယ် ချက်မပျက် တစ်ပြေးညီ ဆောင်ရွက် ကြစေရေး အ တွက် တိုင်းနှင့် ပြည်နယ် ဂိုဏ်းပေါင်း စုံမှ သံဃ နာယက အဖွဲ့ ဥက္ကဋ္ဌ၊ အကျိုးတော်ဆောင်ဆရာတော်များကို ကမ္ဘာ အေးကုန်းမြေ နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့သို့ ပင့်ဆောင်၍ သြဂုတ်လ ၁၂ ရက်နှင့် ၁၃ ရက်နေ့များ တွင် ဆွေးနွေးရှင်းလင်းညှန်ကြားခဲ့သည်။ ညှန်ကြား လွှာအမှတ် (၇၅) ဖြင့် အ ရေး ယူ ဆောင် ရွက် ရာ တွင် ပြစ်မှုနှင့်ပြစ်ဒဏ် တိကျမှန်ကန်မှုရှိစေရန် ညှန်ကြားလွှာအမှတ်(၇၅)ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့(၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးက အတည်


ရေးဝန်ကြီး ဖြစ်ခဲ့ဖူးသူ ဒုတိယ ဗိုလ်ချုပ်ကြီး ငုယင်ဟူးကိုလည်းပါဝင်သည်။ အကျဉ်းသမားစုစုပေါင်း ၆,၆၇၅ ဦး လွှတ်ပေးပြီး အခြားအကျဉ်းသမား ၅,၃၂၀ ၏ အပြစ်ဒဏ်များကို လျှော့ချပေးခဲ့ခြင်း ဖြစ်သည်။ ၁၉၇၅ ခုနှစ် ဧပြီလက အမေရိကန် ပြည်ထောင်စု၏ ထောက်ခံမှုရရှိသော တောင်ဗိယက်နမ်အစိုးရကို ဖြုတ်ချခြင်းဖြင့် ဗိယက်နမ်နိုင်ငံ ပေါင်းစည်းခဲ့ပြီး နောက်ပိုင်းတွင် အကျဉ်းသားအစုလိုက် အပြုံလိုက်ကို ပထမဆုံးအကြိမ် လွှတ်ပေးလိုက်ခြင်းဖြစ်သည်။

ဗိယက်နမ်နိုင်ငံ တောင်ပိုင်း ကမ်းလွန်ဒေသရှိ ဘတ်ချိဟို(ကျားဖြူ)ဒေသ ရေနံတွင်းမှ ရေနံတန်ချိန် ၄,၀၀,၀၀၀ ကို ထုတ်ယူသုံးစွဲနိုင်ပြီဟူ၍ ၁၉၇၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ဗိအင်အေ သတင်းဌာနက ကြေညာခဲ့သည်။ ဗိယက်နမ်-ဆိုဗီယက် ဖက်စပ်လုပ်ငန်းအဖြစ် ရေနံတူးဖော်ခဲ့ရာ ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် ရေနံတူးစင် ငါးစင်ရှိသွားပြီဖြစ်သည်။ ယခင်က ရေနံကို ပြည်ပမှ တင်သွင်းနေခဲ့ရသော ဗိယက်နမ်နိုင်ငံသည် ၁၉၇၇ ခုနှစ် ဧပြီလတွင် ပြည်ပသို့ ပထမဆုံးအကြိမ်အဖြစ် ရေနံတင်ပို့ ရောင်းချနိုင်ခဲ့သည်။

ဗိယက်နမ်နှင့် တရုတ်နိုင်ငံတို့သည် ၁၉၇၉ ခုနှစ်က ၁၇ ရက်ကြာ စစ်ပွဲဖြစ်ပွားခဲ့ပြီးနောက် တစ်ဖက်နှင့်တစ်ဖက် ကြိုးကြားကြိုးကြား အပြန်အလှန်ပစ်ခတ်မှုများဖြစ်လျက်ရှိရာ ၁၉၇၇ ခုနှစ်တွင်လည်း အလားတူ ဖြစ်ပွားလျက်ပင် ရှိသည်။ ဗိယက်နမ်သည် အကြိမ် ၁၀,၀၀၀ ကျော် ရန်စခဲ့ကြောင်း၊ ၁၉၇၉ ခုနှစ် နောက်ပိုင်းတွင် လက်နက်ကိုင်ကျူးကျော်မှု အကြိမ်ပေါင်း ၄,၂၀၀ ပြုလုပ်ခဲ့၍ တရုတ်က တွန်းလှန် ခုခံခဲ့ရကြောင်းဖြင့် တရုတ်နိုင်ငံက ၁၉၇၇ ခုနှစ် မတ်လတွင် ကြေညာခဲ့သည်။ ၁၉၇၇ ခုနှစ် အောက်တိုဘာလတွင် ဗိယက်နမ် ဂျက် တိုက်လေယာဉ် တစ်စင်းသည် တရုတ်နိုင်ငံ၏ ပိုင်နက်အတွင်း နှစ်ကြိမ်တိုင်တိုင် ဝင်ရောက်လာ၍ တရုတ်နိုင်ငံ တပ်ဖွဲ့ဝင်များက ယင်းလေယာဉ်ကိုပစ်ချလိုက်ရသည်ဟု ဆိုသည်။ ယင်းလေယာဉ်သည် ဆိုဗီယက်လုပ် မစ်-၂၁ အမျိုးအစား လေယာဉ်ဖြစ်သည်။ သို့ရာတွင် ဗိယက်နမ်နိုင်ငံကမူ ယင်းလေယာဉ်သည် ဗိယက်နမ် မြောက်ပိုင်းတွင် လေ့ကျင့် ပံ့သန်းမှုပြုလုပ်နေစဉ် ရာသီဥတု ဆိုးရွားမှုကြောင့် လမ်းပျောက်သွားခြင်းဖြစ်သည်ဟု ကြေညာခဲ့သည်။ (တရုတ်ပြည်သူ့ သမ္မတနိုင်ငံ — ရှု။)

အကျယ်အဝန်း။	။၁,၂၈,၄၀၁ စတုရန်းမိုင်
လူဦးရေ။	။၆,၀၄,၉၂,၀၀၀
မြို့တော်။	။ဟနွိုင်း

ဗုဒ္ဓသာသနာတော်၏ သန့်ရှင်းတည်တံ့ပြန့်ပွားရေး ဆောင်ရွက်ချက်များ



ဒုတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါး စုံညီ အစည်းအဝေးကျင်းပနေပုံ

ပြုထုတ်ပြန်ခဲ့သည်။ ယင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်အတွက် ညွှန်ကြားလွှာအမှတ် (၇၅) ထပ်ဆင့်ရှင်းလင်းပွဲများကို တိုင်းနှင့် ပြည်နယ် အသီးသီးတွင် ပြုလုပ်လျက်ရှိသည်။ ညွှန် ကြား လွှာ အမှတ် (၇၅) ဖြင့် အရေးယူခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာသံဃနာယကအဖွဲ့များ၊ ပြည်သူကောင်စီများနှင့် သာသနာရေးဦးစီးဌာနတို့က အရေးယူဆောင်ရွက်လျက်ရှိသည်။

ဝိနိစ္ဆယဆိုင်ရာ လုပ်ငန်းများ–ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ(ပြင်ဆင်ဖြည့်စွက်ချက်) နှင့်အညီ နိုင်ငံတော် သံဃ မဟာနာယကအဖွဲ့သည် နိုင်ငံတော် ဗဟိုသံဃဥဝန်ဆောင် ဆရာတော် ငါးပါးစီပါဝင်သော နိုင်ငံတော်သံဃဝိနိစ္ဆယ အဖွဲ့သုံးဖွဲ့ကိုဖွဲ့စည်း၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ အပရဂေါယာနကျောင်းဆောင်၌ လေးလတိတိရုံးထိုင်၍ နိုင်ငံတော်အယူခံ ဝိနည်းဓမ္မကံမှုခင်းများကို စစ်ဆေးဆုံးဖြတ်ခဲ့ကြသည်။ တစ်နှစ်အတွင်း နိုင်ငံတော် သံဃ ဝိနိစ္ဆယအဖွဲ့ ကိုးဖွဲ့တို့က ဝိနည်းဓမ္မကံမှုခင်းပေါင်း ၅၄ မှုကို စစ်ဆေး ဆုံးဖြတ်ခဲ့ကြသည်။ နိုင်ငံတော် သံဃ ဝိနိစ္ဆယ အဖွဲ့များ၏ ဆုံးဖြတ်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် နိုင်ငံတော် သံဃ မဟာ နာယက အဖွဲ့က သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း သံဃနာယကအဖွဲ့၊ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပြည်သူ့ကောင်စီအလုပ် အမှုဆောင်အဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ်သံဃနာယကအဖွဲ့၊ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့များအား အဆင့်ဆင့် ညွှန်ကြားဆောင်ရွက် စေ ခဲ့ သည်။ ထို့ ပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် ဂိုဏ်းတစ်ပါးနှင့် ဂိုဏ်းတစ်ပါး ဖြစ်ပွားသော ဝိနည်းဓမ္မကံမှုခင်းခြောက်မှု၊ ရဟန်း သာမဏေနှင့် အ ခြား ပုဂ္ဂိုလ်တို့ ဖြစ် ပွား သော ဝိနည်းဓမ္မကံ မှုခင်းသုံးမှု၊ ပြေငြိမ်းမှုနှင့် အယူခံပြီးဆုံး သွားသော မှုခင်း ၂၇ မှု၊ ၄၇ ပါးစုံညီ အစည်းအဝေး သို့တင်ပြ၍ အဆုံးအဖြတ်ခံယူမှု ၂၄၁ မှု၊ အထွေထွေ ဝိနိစ္ဆယမှုခင်းများဆောင်ရွက်မှု ၁၁၅ မှု တို့ကို လည်း ဖြေရှင်းဆောင်ရွက်ခဲ့သည်။

ဗုဒ္ဓဘာသာဆိုင်ရာ စာမူများစိစစ်ခြင်း– ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့က တင်ပြလာသည့် ဗုဒ္ဓဘာသာဆိုင်ရာစာမူပေါင်း ၂၀၁ မူအနက်မှ စာမူ ၄၇ မူကို ထုတ်ဝေခွင့်ပြုခဲ့၍ စာမူငါးမူကို ထုတ်ဝေခွင့်မပြုဘဲ စာမူ ၁၄၆ မူကို ဖြုတ်ပယ်ပြင်ဆင်စေ၍ ခွင့်ပြုခဲ့သည်။

စာမူသုံးမူကို ပြန်လည်ပြင်ဆင် ရေး သား တင် ပြ စေ ရန် ညွှန်ကြားခဲ့သည်။

တောင်တန်း ဗုဒ္ဓသာသနာပြု ဗ ဟို သင် တန်း ကျောင်း ဖွင့်လှစ်ခြင်း– နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် တောင်တန်း ဗုဒ္ဓသာသနာပြု ဗ ဟို သင် တန်း ကျောင်း စည်းမျဉ်းကို အတည်ပြု၍ စည်းမျဉ်းနှင့်အညီ သင်တန်း ကျောင်းနာယကအဖွဲ့၊သင်တန်းကျောင်းစောင့်ရှောက်ရေး ဂေါပကအဖွဲ့နှင့်အလုပ်အမှုဆောင်အဖွဲ့တို့ကိုဖွဲ့စည်းပြီးလျှင် မေလ ၁၀ ရက်နေ့တွင် လှည်းကူးမြို့နယ် ရေတွင်းချောင်း ကျေးရွာအုပ်စု ယောက်ကော် တောရ ကျောင်းတိုက်၌ တောင်တန်းဗုဒ္ဓသာသနာပြု ဗဟိုသင်တန်း ကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းကျောင်း၌ တောင်တန်း ဒေသသို့ သာသနာပြုသွားကြမည့် ရဟန်းတော်များ အား သင်တန်းများပေးလျက်ရှိသည်။ တစ်ဖန် တောင် တန်းဒေသမှ တိုင်းရင်းသားများ၏ ရင်သွေးငယ်များအား ဗုဒ္ဓဘာသာအခြေခံများကို သင် ကြား ပို့ ချ ပေး လျက် ရှိသည်။

စာမေးပွဲများကျင်းပခြင်း–၁၉၈၇ ခုနှစ် ၃၉ ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် အာဂုံပြန် ၅၆ ပါး၊ ရေးဖြေ ၇၅ ပါး ဝင်ရောက်ဖြေဆိုတော်မူကြရာ အာဂုံပြန် ၂၀၊ ရေးဖြေခြောက်ပါး၊ စုစုပေါင်း ၂၆ ပါး အောင်မြင်ခဲ့သည်။ ဓမ္မာစရိယ စာချတန်းစာမေးပွဲကို စာဖြေဌာန ၁၉ ဌာနတို့၌ ကျင်းပခဲ့ရာ ၂,၈၈၇ ပါး ဝင်ရောက်ဖြေဆိုခဲ့၍ သုံးကျမ်းအောင် ဓမ္မာ စရိယ ဘွဲ့ ရ ၆၈ ပါး၊ နှစ်ကျမ်းအောင် ၇၈ ပါး၊ တစ်ကျမ်းအောင် ၁၃၁ ပါး၊ မြန်မာဂုဏ်ထူးအောင်လေးပါး၊ ပါဠိဂုဏ်ထူး အောင်နှစ်ပါး၊ စုစုပေါင်း ၂၈၃ ပါး အောင်မြင်ခဲ့သည်။ ပါဠိပထမပြန် စာမေးပွဲများကို စာဖြေဌာန ၁၇၆ ဌာန ၌ကျင်းပခဲ့ရာ ၂၂,၃၀၉ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြ၍ ၅,၆၆၆ ပါး အောင်မြင်ခဲ့သည်။ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲကို စာဖြေဌာန ၁၂၂ ဌာန၌ ကျင်းပခဲ့ရာ ဝင်ရောက်ဖြေဆိုသူပေါင်း ၁၁,၀၂၇ ဦးရှိ၍ ၆,၁၂၄ ဦး အောင်မြင်ခဲ့သည်။ ယဉ်ကျေးမှုစာမေးပွဲများကို စာဖြေ ဌာနပေါင်း ၂၂၇ ဌာနတွင် ကျင်းပခဲ့ရာ ဝင်ရောက် ဖြေဆိုသူပေါင်း ၁,၁၃,၉၄၄ ဦးရှိ၍ အောင်မြင်သူပေါင်း ၈၅,၄၃၅ ဦးရှိပေသည်။

ပြုတိန်နိုင်ငံ။ ။ပြု တိန် နိုင် ငံ နှစ်ဆယ်ရာစုနှစ်သမိုင်း တွင် ၁၉၀၂ ခုနှစ်မှ ၁၉၀၅ ခုနှစ်အထိ အာဏာရရှိခဲ့သော ဝန်ကြီးချုပ် အာသာ ဂျေ ဘဲဖိုး အပါအဝင် ကွန်ဆာ ဗေးတစ် ဝန်ကြီးချုပ် ၁၀ ဦး ပေါ်ထွန်းပြီး ဖြစ်သည်။ လစ်ဗရယ်ပါတီက ဝန်ကြီးချုပ်သုံးဦးနှင့် လေဘာပါတီက ဝန်ကြီးချုပ်လေးဦးသာ အသီးသီး ပေါ်ထွန်းခဲ့သည်။ ကွန်ဆာဗေးတစ်ဝန်ကြီးချုပ် စတန်လီ ဘော်လဒွင်သည် ၁၉၂၃ ခုနှစ်မှ ၁၉၂၄ ခုနှစ်ထိ တစ်ကြိမ်၊ ၁၉၂၄ ခုနှစ်မှ ၁၉၂၉ ခုနှစ်ထိ တစ်ကြိမ်၊ ၁၉၃၅ ခုနှစ်မှ ၁၉၃၇ ခုနှစ်ထိ တစ်ကြိမ် အစိုးရအဖွဲ့အသီးသီးတွင် ဦးဆောင်ခဲ့သည်။ တစ်ဖန် ကွန်ဆာဗေးတစ် ဝန်ကြီးချုပ် ဆာ ဝင်စတန်ချာ ချီ (၁၈၇၄–၁၉၆၅) သည် ၁၉၄၀ ပြည့်နှစ်မှ ၁၉၄၅ ခုနှစ် ထိ တစ်ကြိမ်၊ ၁၉၅၁ ခုနှစ်မှ ၁၉၅၅ ခုနှစ်ထိ တစ်ကြိမ် တာဝန်အပ်နှင်းခံခဲ့ရဖူးသည်။ မည်သို့ပင်ဖြစ်စေ ၁၉၇၉ ခုနှစ် မေလ ၃ ရက်နေ့ ရွေးကောက်ပွဲ၌ အနိုင်ရရှိ၍ ဥရောပတိုက်တွင် ရွေးချယ်တင်မြှောက်ခံရသော ပထမဆုံး အမျိုးသမီး ဝန်ကြီးချုပ်ဖြစ်လာသူ ကွန်ဆာဗေးတစ် ဝါဒီ မစ္စက်မာဂရက် သက်ချာသည် ၁၉၇၃ ခုနှစ် ဇွန်လ ၉ ရက် နေ့ ရွေးကောက်ပွဲနှင့် ၁၉၇၇ ခုနှစ် ဇွန်လ ၁၁ ရက်နေ့ ရွေးကောက်ပွဲတို့တွင်လည်း ဆက်တိုက် အနိုင်ရရှိခဲ့သဖြင့် ပြုတိန်နိုင်ငံ ခေတ်သစ်သမိုင်း၌ ကာလ အရှည်ကြာဆုံး ဝန်ကြီးချုပ်တာဝန် ထမ်းဆောင်နိုင်သည့် ခေါင်းဆောင် တစ်ဦး ဖြစ်လာသည်။

ပြုတိန် အောက်လွှတ်တော်၌ အမတ်နေရာ ၆၅၀ ရှိသည့်အနက် မာဂရက်သက်ချာ၏ ကွန် ဆာ ဗေး တစ် ပါတီက ၃၇၅ နေရာ၊ နေးလ် ကင်နော့၏ လေဘာပါတီက ၂၂၉ နေရာ၊ ဒေးဗစ်အိုဝင်နှင့် ဒေး ဗစ် စ တီး တို့ ပူး တဲ့ ခေါင်းဆောင်သည့် ဆိုရှယ် ဒီမိုကရက်တစ် လစ်ဗရယ် ညွှန့်ပေါင်းပါတီက ၂၂ နေရာနှင့် ကျန် ပါ တီ ငယ် တို့ က ၂၄ နေရာ အသီးသီး အနိုင်ရရှိခဲ့ကြသည်။ ၁၉၇၃ ခုနှစ် ရွေးကောက်ပွဲက ကွန်ဆာဗေးတစ်ပါတီသည် ကျန်ပါတီ အားလုံးပေါင်းထက် ၁၄၃ နေရာ အသာစီးရခဲ့သော်လည်း ၁၉၇၇ ခုနှစ် ရွေးကောက်ပွဲတွင် နေရာ ၁၀၀သာ အသာစီး ရသည်။

ပြုတိသျှ အသံလွှင့် ကော်ပိုရေးရှင်း (ဘီဘီစီ)မှ ရုရှားဘာသာစကားဖြင့် ထုတ်လွှင့်သည့် အ စီ အ စဉ် များ ကို ကြားဖြတ်ဖျက်ဆီးမှု မပြုတော့ကြောင်းဖြင့် ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဆို ဗီ ယက် နိုင် ငံ ခြား ရေး ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဂင်နာဒီ ဂယ်ရာစီမော့ က အတည် ပြုပြောကြားသည်။ ဘီဘီစီအသံလွှင့်အင်ဂျင် နီယာတို့သည် ဇန်နဝါရီလ ၂၀ ရက်နေ့ ညနေပိုင်းက ဖ နာရီခွဲကြာ ထုတ်လွှင့်သော ရုရှားဘာသာ အစီအစဉ် များတွင် အီလက်ထရွန်းနစ် အနှောင့်အယှက်များ မရှိ တော့သည်ကို ပထမဦးဆုံးတွေ့ရသည်ဟု ဆိုသည်။ ယင်း အစီအစဉ်များကို ၁၉၄၆ ခုနှစ်ကတည်းက ထုတ်လွှင့်လာ ခဲ့ရာ ထိုသို့ ကြားဖြတ်ဖျက်ဆီးမှုကင်းစင်ကြောင်းကို ၁၉၈၀ ပြည့်နှစ် နောက်ပိုင်း၌ ပထမဆုံး တွေ့ရှိရခြင်းပင်ဖြစ်

သည်။ ဥရောပ လုံခြုံရေးနှင့် ပူး ပေါင်း ဆောင် ရွက် ရေး ကွန်ဖရင့် (စီအက်စ်စီအီး)ကို ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ တွင် ဗီယင်နာဥက္ကဋ္ဌပသောအခါ အမေရိကန်သံတမန် ဝါရင် ဇင်မာမန်းက ၁၉၇၆ ခုနှစ် နိုဝင်ဘာလက စီအက်စ် စီအီးကျင်းပခဲ့ပြီးနောက်ပိုင်း ဆိုဗီယက် ပြည်ထောင်စု၏ အ ပြု သ ဘော ဆောင် သော ဆောင် ရွက် ချက် များ ကို စာရင်းပြုစု တင်ပြခဲ့ရာတွင် ယင်းအသံလွှင့် အစီအစဉ်ကို ကြားဖြတ် ဖျက်ဆီးခြင်း ရပ်စဲသည့် လုပ်ဆောင်ချက်ကို လည်း ထည့်သွင်းဖော်ပြခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၌ ချမှတ်ဆောင်ရွက်နေသော ပွင့်လင်းမှု(ဂလပ်စနော့) အစီ အစဉ်၏အကျိုးကျေးဇူးပင် ဖြစ်သည်ဟုဆိုသည်။ထိုအချိန် တွင် ဝန်ကြီးချုပ် မာဂရက်သက်ချာသည် ၁၉၇၇ ခုနှစ် မတ်လ ၂၈ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အတိ ဆိုဗီယက် ပြည်ထောင်စုသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက် ခဲ့သည်။ အာကာသကို ငြိမ်းချမ်းစွာအသုံးပြုရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေးစာချုပ်၊ ကရင်မလင်နန်းတော် နှင့် ဗြိတိန်ဝန်ကြီးချုပ်အိမ်တော်တို့ တိုက်ရိုက်ဆက်သွယ် မှုပြုရေးစာချုပ်၊ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့်ပညာရေး နယ်ပယ်တို့တွင် ပူးပေါင်း ဆောင်ရွက်ရေး စာချုပ်နှင့် နှစ်နိုင်ငံမြို့တော်တို့တွင် သံရုံးသစ်မြေနေရာ သတ်မှတ်သည့် သဘောတူ စာချုပ်တို့ကို မတ်လ ၃၁ ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။

ဗြိတိန်နိုင်ငံ လျှို့ဝှက် တန်ပြန် ထောက်လှမ်းရေးအဖွဲ့ (အမ်အိုင် ၅)တွင် နှစ် ၂၀ ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ သူ အသက် ၇၁ နှစ်အရွယ်ရှိ ပီတာရိုက်သည် စပိုင်ကက် ချာ အမည်ရှိ အတွေ့အကြုံမှတ်တမ်း စာအုပ်တစ်အုပ်ကို ရေးသားသည်။ ယင်းစာအုပ်၌ ဆိုဗီယက်ထောက်လှမ်း ရေးသည် ဗြိတိသျှထောက်လှမ်းရေး အဆင့်မြင့်တာဝန်ရှိ ပုဂ္ဂိုလ်များထိ ထိုး ဖောက် ဝင် ရောက် ခဲ့ ရာ ကွယ်လွန်သူ အမ်အိုင်-၅ အကြီးအကဲ ဆာ ရောဂျာ ဟိုးလစ်သည်ပင် လျှင် ဆိုဗီယက် သူလျှိုဖြစ်သည်ဟူ၍ ရေးသားသည်။ ဗြိ တိ သျှ အ စိုး ရ သည် ရိုက်၏စာအုပ်ကို ဗြိတိန်နှင့်သြစ တြေးလျနိုင်ငံတို့တွင် ထုတ်ဝေခွင့်မပြုရန် ကြိုးပမ်းသည်။ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် မှူးမတ်လွှတ်တော် ဥပဒေရေးရာကော်မတီက စ ပိုင် ကက် ချာ ထုတ်ဝေခွင့် ပိတ်ပင်မှုကို အတည်ပြုသည့် ဆုံးဖြတ်ချက်ကို ချမှတ်



ဗြိတိန်နိုင်ငံဝန်ကြီးချုပ် မာဂရက်သက်ချာ ဆိုဗီယက်ပြည်ထောင်စုသို့ အလည်အပတ်ရောက်ရှိစဉ်

သည်။ ယင်းစာအုပ်မှ ကောက်နုတ်ချက်များကို ဖော်ပြသည့် စာနယ်ဇင်းတို့ကိုလည်း တရားစွဲဆိုခဲ့သည်။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ရှိ တရားရုံးချုပ်ကမူ ၁၉၇၇ ခုနှစ် မတ်လကပင် ထုတ်ဝေခွင့်ပြုခဲ့ပြီး ဖြစ်သည်။ စာရေးသူ ရိုက်သည် ၁၉၇၆ ခုနှစ်က အမ်အိုင်–၅ မှ အနားယူခဲ့ပြီးနောက် ဩစတြေးလျနိုင်ငံတွင် နေထိုင်ခဲ့သည်။ ကမ္ဘာပေါ်တွင် အခြားဒေသများ၌ ယင်းစာအုပ်ကို ထုတ်ဝေခွင့်ပြုစေကာမူ ဩစတြေးလျနိုင်ငံတွင် ထုတ်ဝေခွင့်မပြုသင့်ဟူ၍ ဗြိတိသျှ အစိုးရ၏ ရှေ့နေက ပြောကြားခဲ့သည်။ ရိုက်သည် အမ်အိုင်–၅ ၏ ထိပ်တန်း လျှို့ဝှက်ချက်တို့ကို ရာသက်ပန် ထိန်းသိမ်းပါမည်ဟူသော ပဋိညာဉ်ကို စောင့်ထိန်းရမည့်တာဝန်ကို ပျက်ကွက်ခဲ့သည်ဖြစ်၍ ယင်းမဿမာမှုမှု အကျိုး အမြတ် ခံစားခွင့်ရစေရန် တရားရုံးတော်က ခွင့်မပြုသင့်ကြောင်းဖြင့် လျှောက်လဲခဲ့သည်။ အမေရိကန်ပြည်ထောင်စု၌ ၁၉၇၇ ခုနှစ် ဇူလိုင်လတွင် ဗိုက်ကင်းစာပေထုတ်ဝေရေးက တစ်အုပ်လျှင် ၁၉ ဒသမ ၉၅ ဒေါ်လာဖြင့် ထုတ်ဝေ ရောင်းချခဲ့သည်။ ယင်းစာအုပ်တွင် အမ်အိုင် ထောက်လှမ်းရေး အုပ်စုတစ်စုက ၁၉၅၀ ပြည့်လွန်နှစ်များနှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း လေဘာအစိုးရအဖွဲ့များ မတည်မငြိမ်ဖြစ်စေရန် ကြိုးပမ်းခဲ့သည်ဟုလည်း ရေးသားထားသည်။မာဂရက်သက်ချာ၏ကွန်ဆာဗေးတစ်အစိုးရက ရိုက်၏ ဖွင့် ချ ရေး သား မှု သည် အမျိုးသားလုံခြုံရေးကို ထိပါးစေနိုင်ကြောင်း၊ ဗြိတိသျှထောက်လှမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် အမေရိကန်ထောက်လှမ်းရေး (စီ အိုင် အေ) ၏ ထက်သန်မှုကို ပျက်ပြယ်စေနိုင်ကြောင်းဖြင့် ဝေဖန်ခဲ့သည်။

အကျယ်အဝန်း။	။ ၂,၄၄,၁၀၀ စ တု ရန်း မိုင်
လူဦးရေ။	။ ၅,၆၅,၁၀,၀၀၀ (၁၉၈၅)
မြို့တော်။	။ လန်ဒန်မြို့

ဘသန်း၊ ဦး (စောင်း) (ခရစ် ၁၉၀၈ – ၁၉၈၇)

။ ။အလင်္ကာကျော်စွာဘွဲ့ရ စောင်း ဦး ဘ သန်း ကို ပဲခူးတိုင်း၊ မင်းလှမြို့နယ်၊ အုတ်ဖိုမြို့၌ အဖ မင်းလှမြို့နယ်ပိုင်ရုံးစာရေးကြီး ဦးငယ်၊ အမိဒေါ်ဖွားမို့တို့က ခရစ် ၁၉၀၈ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မွေးဖွားသည်။

တူရိယာပညာ တတ်မြောက်ရန် ဖခင်ဖြစ်သူက ဦးလေးတော်သူဦးဖိုးချစ်ထံတွင် အပ်နှံသဖြင့် ငယ်စဉ်ကတည်းက ပတ္တလားအတီး စတင် သင်ကြားခဲ့ရသည်။ ထို့နောက် မောင်းဆိုင်းအတီးသင်ပြီး ရပ်ရွာအတွင်း ဝတ်အသင်းများလှည့်ရာ လိုက်တီးခဲ့သည်။ ဆိုင်းပညာကို ပေါင်းတည်

ဦး ချစ် တီး၊ ဦး ချစ် ရာ နှင့် မင်းလှ ဦးကြီးခတ္တိထံတွင် သင်ကြားပြီး ပတ်တီး၊ ကြေးတီး၊ မောင်းတီး၊ ပတ်မတီး လက်ထောက်၊ အုပ်စုံတီးလက်ထောက်အဖြစ် ဆိုင်းဝိုင်းများ၌ဝင်တီးခဲ့ရာ တစ်ပွဲတီးပြီးလျှင် တီးခတစ်မတ် ရခဲ့ဖူးသည်။ထို့နောက် ဆိုင်းပညာကို ပြည်မြို့မှ ဆိုင်းဆရာကြီး ဆရာပေထံ၌ ဆက်လက် သင်ကြားခဲ့သည်။

ဦးဘသန်းကို ငယ်စဉ်ကတည်းက စောင်းတီးပညာ တတ်မြောက်ရန် လိုလားသော ဖခင်ဖြစ်သူက စောင်းဆရာကြီး ဆရာရှင်းထံ အပ်နှံသည်။ သို့သော် စောင်းတီးပညာ အခြေခံကို စနစ်တကျ သင်ကြားပေးလိုက်သော ဆရာမှာ စာသင်ဦးဘအုန်းဖြစ်သည်။ ဦးဘအုန်းနှင့် တွဲ၍ မင်္ဂလာပွဲ ညည့်ခံပွဲများ လိုက်တီးခဲ့ရာ တစ်ပွဲတီးခ ၃၀ ကျပ်မှ ၅၀ ကျပ်အထိ ရရှိခဲ့ကြသည်။

ဦးဘသန်းသည် အသက် ၁၁ နှစ်အရွယ်တွင် ဖခင်ဖြစ်သူနှင့်အတူ ရန်ကုန်သို့ ရောက်ရှိလာပြီး ကြည့်မြင်တိုင်ရှိ စာရေးကြီး ဦးသော်၏ အဆက်အသွယ်ဖြင့် ဘိလပ်ပြန် စောင်းဆရာကြီး ဆရာငြိမ်းထံ၌ စောင်းတီးပညာ ဆက်လက် ဆည်း ပူး ခဲ့ သည်။ ဆရာငြိမ်း၏ တူဖြစ်သူ စန္ဒရားရှေ့ပြည်အေး၊ တယောကိုဘသွင်၊ အဆိုတော်မအေးမိတို့နှင့်အတူ အလှူ၊ မင်္ဂလာ ညည့်ခံပွဲများတွင် ပါဝင်တီးခဲ့သည်။

ဦးဘသန်းသည် ဖခင်ဆန္ဒအရ မြင်းဝန်မင်း၏သား ဆရာမောင်၊ ဒေ ဝ ဏ္ဍ နှင့် ဦးမောင်မောင်ကြီး၏ တပည့် ဘိလစ်စာရေးကြီး ဦးအောင်လှနှင့် ဦးကြည်တို့ထံ၌ စောင်းတီးပညာထူးချွန်ရန် နည်းယူခဲ့ပြန်သည်။မဟာဂီတ ဦးပြုံးချို၊ ဦးစိုးမင်း၊ ဇလုပ်ဦးဖိုးလှနှင့် ကြည့်မြင်တိုင် ဆရာမြစ်တို့ထံတွင်လည်း အဆိုပညာ သင်ကြားခဲ့သည်။

၁၉၂၀ ပြည့်နှစ်တွင် မိ သား စု အား လုံး အုတ်ဖိုမှ ရန်ကုန်သို့ ပြောင်းရွှေ့လာကြပြီး ဒီးဒုတ်ဦးဘချိုကအပ်နှံပေးသဖြင့် မန္တလေးစောင်းဆရာကြီး ဒေဝဏ္ဍနှင့ ဦးမောင်မောင်ကြီးထံ၌ စောင်းတီးပညာကို ဆက်လက်နည်းနာခံယူခဲ့သည့်အပြင် သီရိဉက္ကဋ္ဌဝတီ ဒေါ်စောမြအေးကြည်ထံ၌လည်း သီချင်းကြီးများ သင်ယူခဲ့သည်။

ဦးဘသန်းသည် လူစုံဘဝစုံ ကြုံတွေ့ ကျင်လည်ခဲ့သူဖြစ်သည်။ ရန်ကုန်မြို့ ၁၀ လမ်းနှင့် ၁၁ လမ်း၌နေကြသော လူမိုက်ဦးဖိုးသင်နှင့် ဦးဖိုးဆင်တို့တည်ထောင်သည့် ယူနီဗာစိတီမြသန်းကြည် အငြိမ့်ဝိုင်းတွင် ပတ္တလားတီး၍ သီချင်းများ ရေးပေးခဲ့ဖူးသည်။ ထိုခေတ်က နာမည်ကြီးသော မန္တလေးမြခြေချင်း မင်္ဂေမြို့၏ အငြိမ့်နှင့်လည်း တွဲ၍ စောင်းတီးခဲ့ဖူးသည်။ အငြိမ့်လောကမှ ထွက်ခဲ့ပြီး အသံတိတ်ရုပ်ရှင် တီးဝိုင်းတွင် ဝင်ရောက်တီးနေစဉ် ၁၀ လမ်း၌ လူမိုက် လမ်း မ တော် ဖိုးတုတ်နှင့်အတူ နေခဲ့ဖူးသည်။



အလင်္ကာကျော်စွာ စောင်းဦးဘသန်း

ဖိုးတုတ်က လူရိုက်နည်းသင်ပေး၍ စတန့်ရုပ်ရှင်မင်းသားတင်ငွေ၊ အဆိုကျော် ဟသံတမောင်ချစ်တို့နှင့်အတူ သင်ယူခဲ့ဖူးသည်။ ဝတစ်လုံးဘသန်းအမည်ဖြင့် ကားဒရိုင်ဘာအလုပ်လည်း လုပ်ခဲ့ဖူးသည်။

ထို့နောက် သထုံမြို့နှင့်နှစ်မိုင်ကွာ ဂေါ့ရှာတွင် အတန်ကြာ နေထိုင်ခဲ့သည်။ ရန်ကုန်ပြန်အရောက်တွင် စန္ဒရားရှေ့ပြည်အေးနှင့်အတူ ကိုလံဘီယာဓာတ်ပြားကုမ္ပဏီ၊ ခွေးတံဆိပ်ဓာတ်ပြားကုမ္ပဏီ၊ အမ်၊ အမ်ချောဓာတ်ပြားကုမ္ပဏီ၊ ဗန္ဓုလဓာတ်ပြားကုမ္ပဏီနှင့် မြန်မာပိုင် ဦးလှအောင်ဓာတ်ပြားကုမ္ပဏီများတွင် သီချင်းရေးဆရာရှေ့တိုင်ညွှန်၊တယောကိုဘရီ၊ အဆိုတော်မအေးမိ၊ စိန်ပါတီ၊ ဥဩဘသောင်းစသည်တို့နှင့် သီချင်းများ ဓာတ်ပြားသွင်းခဲ့သည်။

အင်္ဂလိပ်အစိုးရ လက်ထက်တွင် ပန်းချီနှင့်တူရိယာကျောင်း၌ ကြိုးတပ်တူရိယာ နည်းပြဆရာအဖြစ် ခန့်အပ်ခြင်းခံခဲ့ရသည်။ ဦးဘသန်းသည် ဂီတသင်္ကေတကို မစ္စတာဒီဇူဇာ၊ ဒေါ်မေရီနှင့် ဒေါ်စိန်ဒွေးတို့ထံတွင် သင်ကြားပြီး မြန်မာသီချင်းကြီးများကို သင်္ကေတဖြင့် စတင် တီးခဲ့သည်။ ဂျပန်ခေတ်အတွင်း အစိုးရဝါဒ ဖြန့်ချိရေးအဖွဲ့တွင် ဂီတမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၂ ခုနှစ်တွင် နိုင်ငံတော် ဆရာအတတ်သင်သိပ္ပံကျောင်း၌ သုခုမဂီတကထိကအဖြစ် အမှုထမ်းခဲ့သည်။

စောင်းဦးဘသန်းသည် ယဉ်ကျေးမှု အနုပညာဖလှယ်ရေးအဖွဲ့၊ ယဉ်ကျေးမှုကပွဲအဖွဲ့ စသောယဉ်ကျေးမှုဆိုင်ရာအဖွဲ့များကို ဦးဆောင်၍လည်းကောင်း၊ အဖွဲဝင်အဖြစ် လိုက်ပါလျက်လည်းကောင်း တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဆိုဗီယက်ပြည်ထောင်စု၊ ယူဂိုစလားဗီးယား၊ အရှေ့ဂျာမနီ၊ ချက်ကိုစလိုဗက်ကီးယား စသောနိုင်ငံများသို့ သွားရောက်ခဲ့ရသည်။

ထို့နောက် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ယဉ်ကျေးမှုအထက်တန်းအရာရှိအဖြစ် အမှုထမ်းရင်း ဂီတဘက်ဆိုင်ရာစုဆောင်း ထိန်းသိမ်းရေးနှင့် ပန်တျာမူမှုန်ဖြစ်ရေးကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အာကာနည်းပြဆရာမကြီး ဒေါ်ဩဘာသောင်း၊ အာမျိုးသား အာကာနည်းပြဆရာ ဦးရွှေဒေါင်းညို၊ မန္တလေးပန်တျာကျောင်းအုပ် ဦးစိန်ညွှန့်တို့နှင့် ဆွေးနွေးညှိနှိုင်း၍ အဆိုမပါသော ကဗျာလွှတ်အကကို တီထွင်ခဲ့သည်။ ဦးဘသန်းသည် ၁၉၅၅ ခုနှစ်တွင် အလင်္ကာကျော်စွာဘွဲ့ ရရှိခဲ့သည်။

ဦးဘသန်းသည် မကွယ်လွန်မီ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိအဖြစ် 'ဂီတနှင့်ဘဝအတွေ့အကြုံ' အမည်ရှိ စာအုပ်တစ်အုပ်ကို ရေးသားပြုစု၍ စာပေဗိမာန်အဖွဲ့က ထုတ်ဝေခဲ့သည်။

အလင်္ကာကျော်စွာ စောင်းဦးဘသန်းသည် ၁၉၈၇ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

ဘသန်း၊ ဦး (ဓမ္မိက) (ခရစ် ၁၉၁၄–၁၉၈၇)။ ။ မော်ကွန်းဝင်(ဒုတိယဆင့်)နှင့် နိုင်ငံဂုဏ်ရည် (ပထမဆင့်)ရ သရေစည်သူ အငြိမ်းစား ဗိုလ်မှူးကြီး ဦးဘသန်းကို ရန်ကုန်မြို့ မဂ်လာတောင်ညွှန့်မြို့နယ်၌ အဖ ဦးအေးမောင်အမိ ဒေါ်သိန်းရင်တို့က ၁၉၁၄ ခုနှစ် သြဂုတ်လ ၆ ရက်နေ့တွင် မွေးဖွားသည်။ ဘသန်း (ဓမ္မိက) ကလောင်အမည်ဖြင့် စာပေများရေးသားခဲ့သောကြောင့် ဓမ္မိကဦးဘသန်းဟု လူသိများခဲ့သည်။

ရန်ကုန်မြို့ စိန်ပေါဟိုက်စကူးကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ခဲ့သည်။ တက္ကသိုလ်တွင် ဆက်လက်ပညာသင်ကြားစဉ် ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကျောင်းမှ အထုတ်ခံရသည်ကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့သော ၁၉၃၆ ကျောင်းသား သပိတ်၌ တက်ကြွစွာ ပါဝင်ခဲ့သည်။ ယင်းနှစ်တွင်ပင် ဥပစာအပိုင်း (ခ) စာမေးပွဲကျရှုံးပြီးနောက် ဘုံဘောဘားမားကုမ္ပဏီ၌ စာရေးဝင်လုပ်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဗြိတိသျှအမြောက်တပ်သို့ ဝင်ရောက်ခဲ့ရာ ဒုတိယပတ် စစ်သင်တန်းတက်ရန် ရွေးချယ်ခံရပြီး ဥရောပသား မဟုတ်သူများတွင် စစ်ရေးဂုဏ်ထူး ပထမဆင့်ရရှိခဲ့သည်။ ၁၉၄၁ ခုနှစ်တွင် A.B.R.O ခေါ် အရန်တပ်ရင်း အမှတ်(၁) ၌ ပြန်တမ်းဝင်အရာရှိအဖြစ်ခန့်အပ်ခြင်းခံရ၍ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် တာဝန်ထမ်းဆောင်ရသည်။ ထို့နောက် ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားချိန်တွင် ဆက်လက် လိုက်ပါခြင်းမရှိဘဲ ကသာမြို့၌ နေရစ်ခဲ့သည်။

ဂျပန်ခေတ်အတွင်း ဗမာ့တပ်မတော် စစ်ဦးစီးချုပ်ရုံး



နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ ဓမ္မိက ဦးဘသန်း

ဘာသာပြန်ဌာနဌ် အရပ်သားအရာရှိအဖြစ် ဝင်ရောက် အမှုထမ်းခဲ့သည်။ ထို့နောက် ၁၉၄၄ ခုနှစ်အတွင်း ဗမာ့ ကာကွယ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး ဖက်ဆစ် တော်လှန်ရေးကာလအတွင်း တိုင်း (၇) မှနေ၍ ဖက်ဆစ် တော်လှန်ရေးကို ပါဝင်ဆင်နွှဲခဲ့သည်။ ဒုတိယကမ္ဘာစစ် ကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်းလက်အောက်၌ တာဝန် ထမ်းဆောင်စဉ် ကန္ဒီကွန်ဖရင့် (KANDY CONFERENCE)အတွက် အကြောင်းအချက်များ ကူညီပြုစုပေးခဲ့ ရသည်။

ဓမ္မိက ဦးဘသန်းသည် ဗမာ့တပ်မတော်၌ စစ်မှုထမ်း ခဲ့ရာ ၁၉၄၆ ခုနှစ်တွင် ဗိုလ်ကြီး၊ ၁၉၄၇ ခုနှစ်တွင် ဗိုလ်မှူး စသည်ဖြင့် တပ်မတော်အကြီးအကဲ တာဝန်များကို ယူခဲ့ ပြီး ၁၉၅၀ ခုနှစ်တွင် ဗိုလ်မှူးကြီး ဖြစ်ခဲ့သည်။ ထို့အပြင် တပ်မတော်၌ အမှုထမ်းနေစဉ် ကာလအတွင်း ဒုတိယ လက်ထောက် စစ်ရေးချုပ်၊ လက်ထောက် စစ်ရေးချုပ်၊ လက်ထောက်စစ်ထောက်ချုပ်၊တပ်မတော်မော်ကွန်းတိုက် ညွှန်ကြားရေးမှူး၊ ကာကွယ်ရေးဝန်ကြီးဌာန ပညာရေး နှင့် စိတ်ဓာတ်စစ်ဆင်ရေးဌာန ဝါဒရေးရာညွှန်ကြားရေး မှူး စသည့်တာဝန်များကိုပါ ထမ်းဆောင် ခဲ့ရ သည်။ ၁၉၆၁ ခုနှစ်တွင် ဗိုလ်မှူးကြီး အဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ဦးဘသန်းသည် ကျောင်းသားဘဝကပင် ဂန္ဓလောက မဂ္ဂဇင်း၌ အဆွေသန်း ကလောင်အမည်ခံ၍ ကဗျာများ ဆောင်းပါးများကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့ သည်။ ဗြိတိသျှကိုလိုနီခေတ်အတွင်း ပထမဆုံးထုတ်ဝေခဲ့ သော အားကစားနှင့် စာပေမဂ္ဂဇင်းဖြစ်သည့် ဘဝသစ် မဂ္ဂဇင်း (New Life) ကို မြဒေါင်းညို (ဒေါက်တာ အောင်သိန်း) နှင့် မစ္စတာဖရင့်ဟတ်စကင်း (မြန်မာနိုင်ငံ ကျန်းမာရေးနှင့် ကြံခိုင်ရေးအသင်း အတွင်းရေးမှူး) တို့ နှင့်အတူ အယ်ဒီတာအဖြစ် ဆောင်ရွက်၍ ထုတ်ဝေခဲ့ သည်။ ထို့ပြင် ၁၉၆၇ ခုနှစ်တွင် O.M (Open Mind) စာစောင်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေခဲ့သည်။

ရေးသားပြုစု ထုတ်ဝေခဲ့သော စာအုပ်များအနက် အချို့မှာ ပင်ကိုရေး မြန်မာ့စစ်သမိုင်း အကျဉ်းဖြစ်သည့် The Roots of the Revolution (၁၉၆၂)၊ စတာ လင်ဂရက် စစ်မြေပြင် မှတ်တမ်းများ (မြန်မာပြန်)၊ ပဉ္စမအကြိမ်အထိ ထုတ်ဝေခဲ့ရသော ယောနသံစင်ရော်၊ ရဲဘော်ရဲသော်မသေ (ဘာသာပြန်)၊သူလျှိဖမ်းတဲ့သူလျှို (ဘာသာပြန်)၊ နှုတ်ကောင်းခွန်းမြိန် သုခမိန် (ဘာသာ ပြန်) စသော စာအုပ်များဖြစ်သည်။

ဦးဘသန်း (ဓမ္မိက) သည် ဗြိတိသျှ ဂုဏ်ပြုတံဆိပ် လေးခု၊ ယူဂိုဆလားဗီးယားနိုင်ငံကပေးအပ်သော ဂုဏ်ပြု တံဆိပ်၊ နိုင်ငံတော်အစိုးရက ချီးမြှင့်သော အရေးတော် ပုံတံဆိပ်(ဒုတိယဆင့်) (The Star of Revolution of Independance, Second Degree) နှင့် မော်ကွန်း ဝင် များရရှိခဲ့သည်။ ထို့ပြင် ၁၉၈၄ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင် စိက ဦးဘသန်း (ဓမ္မိက) အား နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမ ဆင့်) ချီးမြှင့်အပ်နှင်းခဲ့သည်။

ဦးဘသန်း (ဓမ္မိက) သည် သမိုင်းကော်မရှင် အဖွဲ့ဝင်၊ လောကနတ် အလှပညာဆိုင်ခန်း၏ အကျိုးဆောင်ဦးစီး (၁)နှင့် ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ဒေါ်အေးနှင့် အိမ်ထောင်ပြုပြီး သားသမီးလေးယောက် ထွန်းကားခဲ့ သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်)နှင့် အခြားဂုဏ်ထူးဘွဲ့ ထူးများ အပ်နှင်းခြင်းခံရသော အငြိမ်းစား ဗိုလ်မှူးကြီးနှင့် စာရေးဆရာတစ်ဦးလည်းဖြစ်သူ ဦးဘသန်း(ဓမ္မိက) သည် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်အေး နှင့် သားသမီးများ ကျန်ရစ်ခဲ့သည်။

မလေးရှား နိုင်ငံတကာ ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲ

။ ။ ကမ္ဘာ့နိုင်ငံ အသီးသီးတို့သည် မိမိတို့၏ ဒေသ ဆိုင်ရာ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေး အတွက် ကြိုးပမ်း ဆောင်ရွက်ကြရာတွင် နိုင်ငံတကာ အားကစား ပြိုင်ပွဲများကို မိမိတို့ ဒေသတွင် ကျင်းပပြု လုပ်ပေးခြင်း အားဖြင့် အားကစား သမားများ နိုင်ငံ တကာ ပြိုင်ပွဲအတွေ့အကြုံများ ရရှိစေကာ အားကစား အဆင့်အတန်း တိုးတက်မြင့်မားမှုများ ရရှိစေသည်။

သို့ဖြစ်ရာ အရှေ့တောင်အာရှ နိုင်ငံများ အနေဖြင့်

လည်း မိမိတို့ဒေသ၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် ပုံမှန် ကျင်းပမြဲဖြစ်သည့် ဒေသဆိုင်ရာ အားကစားပြိုင်ပွဲများအပြင် နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများကိုပါ တိုးခဲ့ကျင်းပလျက် ရှိကြသည်။

စတုတ္ထ အကြိမ်မြောက် မလေးရှား နိုင်ငံတကာ ဖိတ်ခေါ် မာရသွန်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၁၉၀၇ ခုနှစ် ဧပြီလ ၁၉ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ ကမ္ဘာ့နိုင်ငံ အသီးသီးမှ တာဝေးအပြေး သမားအကျော်အမော်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် ၁၉၀၆ ခုနှစ် တတိယအကြိမ်မြောက် ပြိုင်ပွဲမှ စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ တာဝေးအပြေးမယ် နှစ်ဦးဖြစ်သည့် မဝိပ်ပွန့် မသန္တာချိုတို့က ပထမနှင့်ဒုတိယ အသီးသီးရရှိခဲ့ကြသည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇ – စာ၊ ၂၃၃ — ၅။)

ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအများအစား ငါးမျိုး ခဲ့ခြားကျင်းပခဲ့ရာ နိုင်ငံတကာ အမျိုးသားနှင့် အမျိုးသမီး ပြိုင်ပွဲ၊ မလေးရှား အမျိုးသားတံခွန်စိုက် အမျိုးသားနှင့် အမျိုးသမီး ပြိုင်ပွဲနှင့် သက်ကြီးတန်း (အမျိုးသား) ပြိုင်ပွဲတို့ ပါဝင်ကြသည်။

နိုင်ငံတကာပြိုင်ပွဲသို့ မြန်မာ၊ အမေရိကန်၊ ဗြိတိန်၊ သြစတြေးလျ၊ ဗဲလ်ဂျီယမ်၊ အနောက်ဂျာမနီ၊ ဟောင်ကောင်၊ အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံမှ အမျိုးသားပြိုင်ပွဲဝင် ၅၆ ဦး၊ အမျိုးသမီးပြိုင်ပွဲဝင် ၁၁ ဦး တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မလေးရှား အမျိုးသားတံခွန်စိုက်ပြိုင်ပွဲတွင် အမျိုးသားအမျိုးသမီး ၂,၁၀၃ ဦး၊ သက်ကြီးတန်း (အမျိုးသား) ပြိုင်ပွဲတွင် ၂၂၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်စုစုပေါင်း ၂,၄၇၆ ဦး ပါဝင်သည်။

မြန်မာနိုင်ငံမှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦး စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ အမျိုးသားပြိုင်ပွဲဝင်များအဖြစ် ခင်စိုးနှင့် လူးဝစ်၊ အမျိုးသမီး ပြိုင်ပွဲဝင်များအဖြစ် မာမာမင်းနှင့် မဝိပ်ပွတို့ ပါဝင်ယှဉ်ပြိုင် ခဲ့ကြသည်။

ပြိုင်ပွဲကို ၁၉၀၇ ခုနှစ် ဧပြီလ ၁၉ ရက်နေ့တွင် ကျင်းပရာ နံနက် ၆ နာရီ အချိန်တွင် ဆီလင်ဂါကလပ်၊ ပါဒန်းမှ ပြိုင်ပွဲဝင်အားလုံးကို တစ်ပြိုင်တည်း စတင် တာလွှတ်ခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ခင်စိုးက ၃၆ ကီလိုမီတာအထိ ထိပ်ဆုံးမှ ပြေးနိုင်ခဲ့သော်လည်း အင်အားအပြည့် ကျန်ရှိနေသေးသော ဗဲလ်ဂျီယမ်နိုင်ငံမှ ဒယ်နီရယ် ဂျူးပရီးယားက ကျော်တက်သွားကာ ၂ နာရီ ၂၈ မိနစ် ၄၀ စက္ကန့်ဖြင့် ပထမ ပန်းဝင်ခဲ့သည်။ ၎င်းနောက်မှ မြန်မာနိုင်ငံမှ ခင်စိုးက ၂ နာရီ ၂၉ မိနစ် ၅၇ စက္ကန့်ဖြင့် ဒုတိယ၊ လူးဝစ်က ၂ နာရီ ၃၁ မိနစ် ၂၇ စက္ကန့်ဖြင့် တတိယ အသီးသီးပန်းဝင်ခဲ့ကြသည်။

အမျိုးသမီးပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မာမာမင်းက ပြိုင်ပွဲအစမှအဆုံး ရှေမှဦးဆောင်ပြေးခဲ့ပြီး ၂ နာရီ ၄၆ မိနစ် ၃၇ စက္ကန့်ဖြင့် ကွာလာလမ်ပူ မာရသွန်စံချိန်သစ်၊

မလေးရှား နိုင်ငံတကာ ဖိတ်ခေါ်မာရသွန်ပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဆုယူအပြီး တွေ့မြင်ရပုံ



အရွှေတောင်အာရှစံချိန်သစ်၊မြန်မာ့စံချိန်သစ်များကိုတစ်ပြိုင်တည်းတင်ကာ ပထမ ပန်းဝင်ခဲ့သည်။ ဟောင်ကောင်မှ ယူကိုရေါ်ဒန်က ၂ နာရီ ၄၇ မိနစ် ၂၀ စက္ကန့်ဖြင့် ဒုတိယ၊ မြန်မာနိုင်ငံမှ မဝိပ်ပက ၂ နာရီ ၅၅ မိနစ် ၂၄ စက္ကန့်ဖြင့် တတိယ အသီးသီး ဆက်လက်ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား ဆုတံဆိပ်များအဖြစ် ဆုကြေးများ ချီးမြှင့်ခဲ့ရာ အမျိုးသမီးပြိုင်ပွဲတွင် ပထမရသည့် မာမာမင်းက ဆုကြေး အမေရိကန်ဒေါ်လာ ၂၀၀၀ အပြင် ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၆ ရက်နေ့တွင် မလေးရှားနိုင်ငံ ပီနန်မြို့၌ ကျင်းပပြုလုပ်မည့် ပီနန်မာရသွန်ပြိုင်ပွဲအတွက် အသွားအပြန် လေယာဉ်လက်မှတ်နှင့် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ရရှိခဲ့သည်။ အမျိုးသားပြိုင်ပွဲတွင် ဒုတိယရသည့် ခင်စိုးက ဆုကြေး အမေရိကန်ဒေါ်လာ ၁၀၀၀၊ တတိယ ရရှိခဲ့ကြသော လူးဝစ်နှင့် မဝိပ်တို့က ဆုကြေး အမေရိကန်ဒေါ်လာ ၅၀၀ စီ အသီးသီး လက်ခံ ရရှိခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ယခုအကြိမ် ပြိုင်ပွဲတွင် အမျိုးသားအမျိုးသမီး စုစုပေါင်းလေးဦး ဝင်ရောက်ယှဉ်ပြိုင်စေခဲ့ရာ လေးဦးစလုံး ဆုအသီးသီး ဆွတ်ခူးရရှိအောင် စွမ်းဆောင်နိုင်ခဲ့သဖြင့် မြန်မာ့ ပြေးခုန်ပစ် လောကနှင့် နိုင်ငံ၏ဂုဏ်ကို ပိုမိုတင့်တယ်စေခဲ့သည်။

မာဒယ်,(ကား)ဂွန္နာ (ခရစ် ၁၈၉၈-၁၉၇၇)။ ။ နိုဗဲဆုရ ဆို့ဒင် စီးပွားရေးပညာရှင်နှင့် နိုင်ငံရေးသုခမိန် (ကား) ဂွန္နာမာဒယ်ကို ၁၈၉၈ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဆို့ဒင်နိုင်ငံဂုရှတပ်စ် ဒါလီကာလီယာမြို့၌ မွေးဖွားခဲ့သည်။ စတော့ဟုမ်း တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ပြီးနောက် ယင်းတက္ကသိုလ်မှာပင် ဘောဂဗေဒ ကထိကအဖြစ် ၁၉၂၇ ခုနှစ်တွင် အမှုထမ်းသည်။ ၁၉၃၃ ခုနှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ နိုင်ငံရေး ဘောဂဗေဒနှင့် ဘဏ္ဍာရေးသိပ္ပံကို ပို့ချသော ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၃၈ ခုနှစ်မှ ၁၉၄၃ ခုနှစ်အထိ အမေရိကန် နိုဂရိုးများနှင့် စပ်လျဉ်း၍ ကာနေဂျီ ကော်ပိုရေးရှင်းအတွက် စုံစမ်းစစ်ဆေး၍ လုပ်ငန်းများ လုပ်ဆောင်ပေးခဲ့သည်။ ၁၉၄၅ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ ဆို့ဒင်အစိုးရအဖွဲ့တွင် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဖြစ်လာခဲ့သည်။ ၁၉၄၇ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ကုလသမဂ္ဂ ဥရောပဆိုင်ရာစီးပွားရေးကော်မရှင်၏ အလုပ်အမှုဆောင် အတွင်းရေးမှူးအဖြစ် တာဝန်အပ်နှင်းခံခဲ့ရသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၇ ခုနှစ်အထိ စတော့ဟုမ်း တက္ကသိုလ်မှာပင် အပြည်ပြည်ဆိုင်ရာစီးပွားရေး ပါမောက္ခအဖြစ် ဆောင်ရွက်ခဲ့ပြန်သည်။

မာဒယ်သည် စီးပွားရေး၊ နိုင်ငံရေးနှင့် အဖွဲ့အစည်းတည်းဟူသော ဝိဘာဂတို့ အချင်းချင်းကိုင်းကျွန်းမှီ၊ကျွန်းကိုင်းမှီဆက်နွယ်နေကြပုံကို နှိုက်နှိုက်နုံနှဲ့ စိစစ်လေ့လာခဲ့ခြင်းနှင့် ငွေကြေးနှင့်စီးပွားရေး အတက်အကျဆိုင်ရာ သီအိုရီကိုရှေ့ပြေးသုတေသန ပြုလုပ်ဖော်ထုတ်ပေးခဲ့ခြင်းတို့အတွက် ဩစတြီးယားစီးပွားရေးပညာရှင် ဖရီးဒရစ် ဩဂုစ်ထ် ဖွန် ဟာယက် (၁၈၉၉–)နှင့်အတူ ၁၉၇၄ ခုနှစ် စီးပွားရေး နိုဗဲဆုကို ဆွတ်ခူး ရရှိခဲ့သည်။ ဂွန္နာနှင့် ဟာယက်တို့သည် ကမ္ဘာ့ပြဿနာများ ဖြေရှင်းရေးနည်းလမ်းများနှင့် စပ်လျဉ်း၍ ရပ်တည်ချက် အသစ်များကို ထူးထူးခြားခြားတင်ပြ တတ်ကြသည်ဟု နာမည်ကြီးကြသည်။ ၁၉၄၄ ခုနှစ်တွင် ဂွန္နာသည် အမေရိကန်ပြည်ထောင်စု လူမျိုးနွယ်တို့၏ ဆက်ဆံရေးကို လေ့လာ၍ စာမျက်နှာ ၁,၄၁၀ မျက်နှာရှိသော စာတမ်းကို ပြုစုထုတ်ဝေခဲ့သည်။ ယင်းစာတမ်းကို အမေရိကန် အကျပ်အတည်း – နီဂရိုးပြဿနာနှင့် ခေတ်သစ် ဒီမိုကရေစီဟု အမည်ပေးခဲ့သည်။ ယင်းစာတမ်းသည် လူမှုသိပ္ပံပညာရပ်နယ်ပယ်တွင် ဂန္ထဝင်ကျမ်းတစ်ဆူအဖြစ် အထူးပင်ထင်ရှားသည်။ဆို့ဒင်နိုင်ငံလူနေမှုစရိတ်(၁၈၃၀–၁၉၃၀)(၁၉၃၃)၊ ငွေကြေး ဘဏ္ဍာခါနိန်ခွင်လျှာ (၁၉၃၉)၊ လူဦးရေ–ဒီမိုကရေစီအတွက်ပြဿနာ (၁၉၄၀)၊ စီးပွားရေးသီအိုရီဖွဲ့ဖြိုးမှုအတွက် နိုင်ငံရေးအရင်းအမြစ် (၁၉၅၃)၊ နိုင်ငံတကာစီးပွားရေးပြဿနာနှင့် အလားအလာများ (၁၉၅၆)၊ စီးပွားရေးသီအိုရီနှင့် ဖွံ့ဖြိုးမှု နိမ့်ကျသော ဒေသများ (၁၉၅၇)၊လူမှုသီအိုရီတန်ဖိုး (၁၉၅၈)၊ ချမ်းသာကြွယ်ဝမှုကို စိန်ခေါ်ခြင်း (၁၉၆၃)၊ လူမှုသုတေသန၏ ယထာဘူတကျမှု (၁၉၆၉)၊ ကမ္ဘာ့ဆင်းရဲမှု၏ စိန်ခေါ်သံ (၁၉၇၀)၊ ရေဆန်ခရီး–စီးပွားရေးဆိုင်ရာ ဝေဖန်ရေးစာတမ်းငယ်များ (၁၉၇၃) စသည့် အင်္ဂလိပ်ဘာသာဖြင့် ရေးသားသော ဂန္ထဝင်မြောက် စာအုပ်စာတမ်းများအပြင် ဆို့ဒင်ဘာသာစကားဖြင့် ရေးသားသောကျမ်းများလည်း အထူးထင်ရှားသည်။

ဂွန္နာမာဒယ်သည် ၁၉၀၂ ခုနှစ် ငြိမ်းချမ်းရေးနိုဗဲဆုရအယ်ဗာ မာဒယ် (၁၉၀၂–၁၉၀၆) ၏ခင်ပွန်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇ စာ၊ ၂၃၄ — ရှု။) ဂွန္နာနှင့် အယ်ဗာတို့သည် ၁၉၃၀ ပြည့်နှစ်က ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၏ ငြိမ်းချမ်းရေးဆုကိုလည်း ပူးတွဲဆွတ်ခူးရရှိခဲ့ဖူးသည်။

နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် ဆင်းရဲမှုတိုက်ဖျက်ရေးအစီအစဉ်နှင့်စပ်လျဉ်း၍ သုတေသန လုပ်ငန်းဖြင့် အကျိုးပြုခဲ့သည့် ဆို့ဒင်စီးပွားရေးပညာရှင် ဂွန္နာမာဒယ်သည် ၁၉၇၇ ခုနှစ် မေလ ၁၇ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

မာဗင်, လီး (ခရစ် ၁၉၂၄–၁၉၇၇)။ ။အော်စကာ ဆု ၃ ခု အမေရိကန်ရုပ်ရှင် အနုပညာရှင် လီး မာဗင်ကို ၁၉၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ ၁၉၄၂ ခုနှစ်တွင် အမေရိကန် ကမ်းတက် တပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ဒုတိယ ကမ္ဘာစစ် အတွင်း ပစိဖိတ်သမုဒ္ဒရာ စစ်မျက်နှာတွင် တာဝန် ထမ်း ဆောင်ရင်း ဂျပန်ကျည်ဆံထိမှန်ပြီး ကျောရိုး ကျိုးသွား သဖြင့် ဆေးရုံ၌ ၁၃ လကြာမျှ ကုသမှုခံယူခဲ့ရဖူးသည်။

ထို့နောက် မာဗင်သည် ကြံုရာအလုပ်ကိုလုပ်၍ အသက် မွေးခဲ့ရသည်။ ၁၉၅၁ ခုနှစ်တွင် ဘရော့ဝေးဇာတ်ခုံပေါ် သို့ တက်ရောက်ခွင့်ကြံုရကား ဘီလီဘဒ် အမည်ရှိပြဇာတ်တွင် ပွဲဦးထွက် သရုပ်ဆောင် ကပြရသည်။ ထိုနှစ်တွင်ပင် 'ယခု အခါ ရေတပ်မှာ သင်ရောက်နေပါသည်' ဟူသော ရုပ်ရှင် ကားဖြင့် ပရိသတ်ရှေ့မှောက် ပထမဦးဆုံး ဖျော်ဖြေခွင့် ရခဲ့သည်။ ထို့ပြင် ၁၉၅၀ ပြည့်လွန် နှစ်များ အတွင်းတွင် ရုပ်မြင်သံကြားဇာတ်လမ်း ၂၀၀ ကျော် ၌ ဇာတ် ကောင် စရိုက်မျိုးစုံစွာ သရုပ်ဆောင်ခဲ့သည်။ ထို အ ချိန် တွင် ရုပ်ရှင် လောက၌ ဒွေ့ရောင်စမ်းချောင်းဘေးက တိုက်ပဲ (၁၉၅၂)၊ အရိုင်း (၁၉၅၄)၊ ဂိုရီလာမျောက်ကြီး လွတ် လာပြီ (၁၉၅၄)၊ ကျောက်ဆောင်နက်ပေါ် မှာပြဿဒါးနေ့ (၁၉၅၄)၊ မစ်ဇိုရီ ခရီးသည် (၁၉၅၈) စသည့် ဇာတ် ကားများတွင် အောင်မြင်မှု ရလာခဲ့သည်။ အထူးသဖြင့် စရိုက်ကြမ်းတမ်းသော လူဆိုးလူတေကြီးအဖြစ် ပီပြင်စွာ သရုပ်ဆောင်နိုင်စွမ်း ရှိသည်ကို ပရိသတ်ကရော ရုပ်ရှင် ကုမ္ပဏီများကပါ အသိအမှတ်ပြုလာရသည်။

သို့ရာတွင် မာဗင်သည် ၁၉၆၀ ပြည့်လွန်နှစ်များမှစ၍ အပြင်ပန်းအမူအရာ ကြမ်းတမ်းလင့်ကစား ပင်ကို စိတ် နှလုံးက ကြင်နာတတ်သောစရိုက်ကို ပြောင်း လဲ သ ရုပ် ဆောင်လာခဲ့သည်။ အထူးသဖြင့် ယင်းသို့သော စရိုက်ရှင် ရှိသည့် ရဲအရာရှိတစ်ဦးအဖြစ် အမ်တပ်ဖွဲ့အမည်ရှိ ရုပ်မြင် သံကြားဇာတ်လမ်းစဉ်များတွင် သရုပ်ဆောင်ရာ လူကြိုက် များခဲ့သည်။ လေးနက်သော အသံဖြင့် စကားပြောဆို တတ်သည့် ယစ်ထုပ်သေနတ်သမားကြီးအဖြစ် ကက်ဘလူး ဇာတ်ကား (၁၉၆၅) တွင်သရုပ်ဆောင်ခဲ့ရာ ရုပ်ရှင်အကယ် ဒမီ (အော်စကာ) ဆု ချီးမြှင့်ခြင်း ခံရသည်။ ယင်း ဇာတ် ကားတွင် မြင်းလိမ္မာလေးနှင့် တွဲဖက်၍ သရုပ်ဆောင်ခဲ့ ခြင်းဖြစ်ရာ မာဗင်သည် အကယ်ဒမီ ဆုကို လက်ခံယူပြီး လျှင် ပြီးချင်း ယင်းအကယ်ဒမီဆုကို မြင်းလိမ္မာလေး သာ ရထိုက်သည်ဟူ၍ ပရိသတ်ရှေ့မှောက်၌ ပြောကြား ခဲ့သည်အထိ မာနကင်းမဲ့သူ ဖြစ်သည်။ ဘာလင် ရုပ်ရှင်ပွဲ တော်၏ အ ကောင်း ဆုံး အ မျိုး သား ဇာတ်ဆောင်ဆု (၁၉၆၅) ဗြိတိန် နိုင်ငံ၏ အကောင်းဆုံး ပြည်ပရုပ်ရှင် မင်းသားဆု (၁၉၆၅)၊ စပိန်နိုင်ငံ ရုပ်ရှင်ပွဲတော်၏ ဒွေ့စင် ရုပ်ဆု (၁၉၇၀) စသည့် ဆုအများအပြားကိုလည်း ဆွတ်ခူး ခဲ့သည်။

မာဗင်၏ အခြားထင်ရှားသော ရုပ်ရှင်ဇာတ်ကားများ မှာ ကြေးစား (၁၉၆၆)၊ လူခပတစ်ဒါဇင် (၁၉၆၇)၊ သင့် ဝက်ဂွန်းယာဉ်ကို ဆေးသုတ်ပါ (၁၉၆၉)၊ မြောက် ပိုင်း ကရာဇ် (၁၉၇၃) စသည်တို့ ဖြစ်ကြသည်။

ဟာသ မြောက် အောင် သရုပ် ဆောင် ရာ တွင်လည်း ကောင်း၊ သည်းထိတ် ရင်ဖိုလောက်အောင် ကြမ်းကြမ်း တမ်းတမ်းသရုပ်ဆောင်ရာတွင်လည်းကောင်း ပီပြင်ပြောင် မြောက်စွာ သ ရုပ် ဆောင် နိုင် စွမ်း ရှိ သည့် အမေရိကန် ရုပ်ရှင် အနုပညာရှင် လီး မာဗင်သည် ၁၉၇၇ ခုနှစ် ဩဂုတ် လ ၂၉ ရက်နေ့တွင် အရှိုးနာပြည်နယ် တပ်ဆင်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။


မီဆောသုတေသန။ ။ မီဆောဟူသော စကားလုံး မှာ ဂျပန်စကားဖြစ်ပြီး ပဲအမျိုးမျိုးကိုအချိုဖောက်ခြင်း ဟူ၍ဆိုလိုသည်။ ပဲပုပ်နှင့်ဆန်၊ ပဲပုပ်နှင့်ကုန်း၊ ပဲပုပ်နှင့်ဘာလီ၊ ပဲပုပ်တစ်မျိုးတည်း စသည်တို့ကို အချိုဖောက်ပြီး ပရိတိန်း ခဲတ် (အသားခဲတ်) ပြည့်ဝဩဇာ စားသောက်ဖွယ်ရာ များ ထုတ်လုပ်နိုင်သည်။

မီဆောကို ပထမဆုံးစတင်သုံးစွဲခဲ့သည်မှာ တရုတ်နိုင်ငံ ဖြစ်သော်လည်း ဂျပန်လူမျိုးများသည် ယင်းအစားအစာ ပြုလုပ်နည်းကို မိမိတို့တိုင်းပြည်တွင် ပြန်လည်တီထွင်ပြီး မီဆောအမျိုးမျိုးကိုထုတ်လုပ်၍ ကမ္ဘာတစ်ဝန်းရောင်းချ သည်။

မြန်မာနိုင်ငံတွင် ၁၉၇၃ ခုနှစ်မှစ၍ လယ်ယာစိုက်ပျိုး ရေးကော်ပိုရေးရှင်း၊ ရန်ကုန်မြို့၌ မီဆောကိုသုတေသနပြု ကာ စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ထုတ်လုပ်ရသည့်ရည်ရွယ် ချက်မှာ တိုင်းရင်းမြန်မာလူမျိုးများ မီဆောစားသောက် ခြင်းဖြင့် အသားခဲတ် ပြည့်ဝစွာရရှိနိုင်ရန်၊ ပဲပုပ်ကိုသမား ရိုးကျနည်းမျိုးစုံဖြင့် ပြုပြင်စားသုံးနိုင်ရန်နှင့် တိုင်းရင်း သားလုပ်သားပြည်သူများ မီဆောကိုကျယ်ကျယ်ပြန့်ပြန့် စားသုံးတတ်လာစေရန် ဖြစ်သည်။

မီဆောသည် အာဟာရခဲတ်ပြည့်ဝသောအစားအစာ တစ်ခုဖြစ်သည်။ မီဆောအမျိုးအစားအလိုက် အာဟာရ ခဲတ်ပါဝင်မှုကွဲပြားပါသည်။ အာဟာရခဲတ် ပါဝင်မှုမှာ အကြမ်းဖျင်းအားဖြင့် အောက်ပါအတိုင်းဖြစ်သည်။

ကာဗိုဟိုက်ဒြိတ်	၁၁–၃၇ ရာခိုင်နှုန်း
ပရိုတိန်း	၉–၂၀ ။
အဆီ	၃–၁၁ ။



ကိုဂျိမ္ဖူမွေးထားသော ဖန်ပြန်များနှင့် ဆန်ပေါ်တွင်မွေးထားသော ကိုဂျိမ္ဖူမျိုးပွားစာ

အခြားပါဝင်သောဓာတ်များမှာ ကယ်လ်ဆီယမ်၊ သံ၊ ဖော့စ်ဖရပ်၊ ဗီတာမင်ဘီဝမ်း၊ ဘီတူးနှင့် နိုင်ယာစင်ဓာတ်တို့ဖြစ်သည်။ မီဆောထုတ်လုပ်ရာတွင် ဘေးထွက်ပစ္စည်းအဖြစ် ပဲအချိုရည်များထွက်ရှိလာသည်ကို တွေ့ရှိလာ၊ သဖြင့် ၎င်းနှင့်ပင်ဆက်စပ်၍ ပဲငံပြာရည်(ရှိုးယူ)ကို အရသာပြည့်စုံစွာ ထုတ်ယူရရှိနိုင်ခဲ့သည်။

အထက်ပါ အစားအသောက်များသည် အစာကြေလွယ်ခြင်း၊ ရင်ခြောင်ခြင်းစသည့်ဂုဏ်သတ္တိများကို စားသုံးသူများရရှိနိုင်သဖြင့် လူကြီးလူငယ်မရွေး စားသုံးသင့်သောအစားအစာတစ်ခုဖြစ်သည်။ အမေရိကန်နိုင်ငံတွင် အစားအစာရောင်းချသော ဆိုင်များ၌ အမြဲရောင်းချနေပြီဖြစ်သည်။

မီဆောကို နောက်ဆုံးပေါ် ခေတ်မီသိပ္ပံစက်မှုနည်းပညာများဖြင့် အဆက်မပြတ် သုတေသနပြုလျက်ရှိရာ မြန်မာနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်း (ရုံးချုပ်) အစားအစာဓာတ်ခွဲခန်း၌ ၁၉၇၃ ခုနှစ်ကစ၍ မီဆောအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည်။

မီဆောအမျိုးမျိုးရှိရာတွင် မီဆောဖြူ၊ မီဆောနီနှင့် မီဆောညိုကို ဆက်လက် သုတေသန ပြုလျက်ရှိသည်။ မီဆောဖောက်နည်းကိုလိုက်၍ အဓိက ကုန်ကြမ်းအပြင် အခြားပစ္စည်းများ ထပ်မံထည့်သွင်းမှုပေါ်တည်၍ မီဆော၏အနံ့အရသာ၊ အရောင်၊ အပျော့အမာစသည်တို့ကွဲပြားသည်။ ထို့ပြင် ဖောက်ထားသည့် သက်တမ်းပေါ်မူတည်၍လည်း အရသာကွဲပြားခြားနားနိုင်သည်။ မီဆောသည် ရှင်သန်သောအစားအစာတစ်ခုဖြစ်သဖြင့် အချိန်နှင့်အမျှ ရှုပ၊ ဓာတု၊ ဇီဝပြောင်းလဲမှုများကြောင့် အနံ့အရသာ အရောင်အဆင်းများ ပြောင်းလဲခြင်း ဖြစ်ပေါ်နိုင်သည်။

မီဆောဖြူ– မီဆောဖြူကို ကုန်ကြမ်းအနေဖြင့် ပဲပုပ်နှင့် ဆန်တို့မှထုတ်လုပ်သည်။ ပဲပုပ်နှင့်ဆန် အချိုးအစားမှာ ဆန်နှုံဆီဘူးရှစ်လုံး၊ပဲပုပ်နှုံဆီဘူးငါးလုံးဖြစ်သည်။ အရောင်အဆင်းမှာ အဝါနုရောင်ဖြစ်ပြီး အနံ့အရသာမှာမွှေး၍ချိသည်။ ဖောက်သည့်အချိန်မှာ အနည်းဆုံးတစ်လကြာမြင့်သည်။ ဟင်းချိုများနှင့်အသုပ်များတွင် ထည့်သွင်းစားသုံးလေ့ ရှိသည်။

မီဆောနီ– မီဆောနီတွင် ပဲပုပ်နှုံဆီဘူးဆယ်လုံး၊ ဆန်နှုံဆီဘူးရှစ်လုံးပါဝင်ပြီး ဖောက်ချိန်မှာ သုံးလမှခြောက်လအထိဖြစ်သည်။ အရောင်မှာနီပြီး အရသာမှာငန်ချိုဖြစ်သည်။ ဟင်းသီးဟင်းရွက်ကြော်များနှင့် ဟင်းလျာများတင်ထည့်သွင်းချက်ပြုတ်စားသုံးနိုင်သည်။

မီဆောညို– မီဆောညိုသည် ပဲပုပ် တစ်မျိုးတည်းကိုသာမှုဖြင့် ဖောက်ထား၍ အငန်ဓာတ် ပိုမိုကဲသည်။ ဖောက်ချိန်မှာအနည်းဆုံးတစ်နှစ်ဖြစ်၍ စားသောက်ရာတွင်လည်း ပိုမိုအရသာရှိသည်။ အရောင်မှာအနီရင့်ပြီး အရသာမှာ အချိုလေးပြီးငန်သည်။ ယင်းမီဆောညိုကို ငါးပိအစားစားသုံးနိုင်ပြီးဝေးလံသောဒေသများသို့ သယ်ယူပို့ဆောင်ရာတွင် သင့်တော်လွယ်ကူပြီး ထားသိုရာ၌လည်း ပိုမိုအထားခံသည်။

မီဆောဖောက်ထားခြင်း၏ အဲ့သြဘွယ်ရာများ– နို့များကို ရိုးရိုးစားသောက်သည်ထက် ဒိန်ချဉ်၊ ဒိန်ခဲ၊ နို့ချဉ်များပြုလုပ်၍စားသောက်ပါက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သည်ကို ကမ္ဘာတစ်ဝန်းလုံးက လေ့လာတွေ့ရှိခဲ့ပြီးဖြစ်သည်။ ထို့နည်းတူ ပဲပုပ်ကိုလည်းမှု (ကိုဂျိ) ဖြင့် ဖောက်ပြီးအဆင့်ဆင့်ပြုပြင်ထုတ်လုပ်ပါက လူတို့အစာကြေညက်လွယ်မှုအတွက် အထောက်အကူပြုသည့် အစားအစာတစ်မျိုးဖြစ်ကြောင်းကို လွန်ခဲ့သော ခေတ်အဆက်ဆက်များမှ သုတေသန ပြုလုပ်ရှာဖွေတွေ့ရှိခဲ့သည်။ မီဆောဖောက်ရာတွင် အလွန်သေးငယ်သည့်မှို(ကိုဂျိ)မှန်ကလေးများမှ အလွန်ကြီးထွားပွားများသည့်မှုပွင့်များသို့ပြောင်းလဲဖွဲ့စည်းလျက် အင်ဇိုင်းတို့၏အကူအညီဖြင့် မှုမျှင်များ

လက်ချောင်းသဏ္ဌာန် ရှည်လျားကြီးထွားပြီး ၎င်းမို့မျှင်ထိတွေ့ရာပဲပုပ်များကို အရည်ပျော်၍ အတုံးငယ်များပုံစံဖြင့် ရှင်သန်သည့်အစာတစ်မျိုးသို့ ပြောင်းလဲသွားသည်။ ဤသေးငယ်လှသော ဇီဝ ပစ္စည်းများသည် အပူချိန်နှင့် ရေငွေ့မျှတမှု ရရှိသည့် အခြေအနေတွင် ဖြစ်ပေါ်ပြောင်းလဲမှုနှုန်း အကောင်းဆုံး ဖြစ်သည်။ ဤ ပြောင်းလဲမှုနှင့် အချိန်ကာလပေါ်မူတည်၍ မီဆော၏အနံ့၊ အရသာ၊ အာဟာရပြည့်စုံမှုကိုဖန်တီးနိုင်သည်။

မီဆောဖောက်နည်းတွင် နှစ်ပိုင်းပါဝင်သည်။ ပထမပိုင်းတွင် ဆန်ကိုပြုပြင်ပေးခြင်းဖြစ်သည်။ ဥပမာ–ဆန်ကို တစ်ညတာရေစိမ်ပြီး နောက်တစ်နေ့တွင် နပ်အိသည်အထိ ပေါင်းအိုးတွင်ပေါင်း၍ အအေးခံရသည်။ ၎င်းအအေးခံပြီးနောက် ဆန်ထဲသို့ မှိုမှုန့်(ကိုဂျိ)ကိုထည့်သွင်း၍ အစပျိုးထားပေးရသည်။ ဤမှိုအစပျိုးခြင်းလုပ်ငန်းကို အထူးအလေးထား၍ပြုပြင်ရသည်။

ဒုတိယပိုင်းတွင် ပဲပုပ်ကို တစ်ညတာရေစိမ်ပြီး နောက်တစ်နေ့တွင် ပေါင်းအိုးဖြင့်နပ်သည်အထိ ပေါင်းရသည်။ နပ်သည့်အခါပြုလုပ်မည့် မီဆော အမျိုးအမည်ပေါ်တွင်မူတည်၍ ဆားနှင့်ရေကိုအချိုးကျရောစပ်ပြီး ပထမပိုင်းမှရရှိသည့် ဆန်နှင့် မှိုမှုန့်(ကိုဂျိ)များကို ထည့်နယ်ရသည်။ ဤရောနယ်ထားသည့်ပဲပုပ်ကို သန့်စင်ပြီး သစ်သားစည်ထဲသို့ထည့်သိပ်၍ ဖိထားရသည်။ စတင်သိပ်သည့်အချိန်မှစ၍ အင်ဇိုင်းချေဖျက်မှုများ ဖြစ်ပေါ်ပြီး မီဆောသားအပေါ်ယံတွင်အရည်အနည်းငယ်ထွက်လာသည်။

ဤပြောင်းလဲမှုတွင် လက်တစ်အက်စစ် ဖြစ်ပေါ်စေသော ဗက်တီးရီးယားများ ရှိသောကြောင့်ဖြစ်သည်။ ထို့ပြင်ပဲပုပ်နှင့်ဆန်မှုန်များအတွင်းရှိသကြားဓာတ်ကို သြဂဲနစ်အက်စစ်သို့ ပြောင်းလဲပေးသော ဗက်တီးရီးယားများလည်းရှိသောကြောင့် အက်စတာများ စသည့်အနံ့နှင့် အရသာကိုဖြစ်စေသော ဒြပ်ပေါင်းများ ဖြစ်လာသည်။ ထို့ကြောင့် မီဆောအမွှေးနံ့ကို ကန့်သတ်ချိန် ရောက်ရှိသည့် အချိန်တွင် ရရှိနိုင်ပါသည်။ မီဆောစတင်ဖောက်ချိန်တွင် အရောင်မှာ အဝါဖျော့ဖြစ်သော်လည်း ဖောက်ချိန်ကြာမြင့်လာသည့် အလျောက် အရောင်မှာပိုမိုရင့်လာသည်။

မီဆောသည် ရှင်သန်သော အစားအစာဖြစ်သဖြင့် စားသုံးသူ၏ ခန္ဓာကိုယ်အတွင်းမှ အစာများကြေညက်ခြင်းကို အထောက်အကူပြုသည်။ အာဟာရ ဓာတ်အနေဖြင့်လည်း ပရိုတိန်းဓာတ်များစွာပါရှိသဖြင့် ပရိုတိန်းဓာတ်လိုအပ်သည့်လူသားများအတွက် စားသုံးသင့်သောအစားအစာဖြစ်သည်။ ထို့ပြင်အလှကြိုက်သူများအတွက် ဗိုက်ရဲမှုမရှိစေခြင်း၊ ပေါ့ပါးဖျတ်လတ်စေခြင်း၊ ကိုလက်စထရောပါဝင်မှုမရှိစေခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်းနည်းပြီး ကျန်းမာရေးကို တွန်းအားပေးသည့် အစားအစာတစ်ခုဖြစ်သည်။

မီဆောကိုစားသုံးခြင်းဖြင့် စီးပွားရေးကိုထိန်းချုပ်နိုင်သည်။ယနေ့ကမ္ဘာတစ်ဝန်းတွင်သားငါးစားသုံးနိုင်မှုလျော့နည်းလာသဖြင့် ပရိုတိန်းပြဿနာ ကြီးထွားလာမှုကြောင့် ကမ္ဘာသူကမ္ဘာသားများ၏ ကျန်းမာရေးမှာ တဖြည်းဖြည်း ထိခိုက်လာနိုင်သည်။ ထို့ကြောင့် ပဲပုပ်သည် ပရိုတိန်းဓာတ် ၄၀ မှ ၄၅ ရာခိုင်နှုန်းအထိပါရှိသဖြင့် ပဲပုပ်မှပြုလုပ်သော အစားအစာများကို သုတေသနပြုလုပ်ပြီး အာဟာရဓာတ် ပြည့်ဝစွာ စားသုံးနိုင်သည့် အချိန်သို့ ရောက်ရှိပြီဖြစ်သည်။

မူးယစ်ဆေးဝါးအန္တရာယ် တားဆီး ကာကွယ်ရေး (မြန်မာနိုင်ငံ) (၁၉၈၇)။ ။မြန်မာ နိုင်ငံသည် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းကို အမျိုးသားရေးလှုပ်ရှားမှုတစ်ရပ်အဖြစ် ဖော်ထုတ် တိုက်ဖျက် ချေမှုန်းလျက် ရှိသည်။တစ်ဖက်မှလည်း မူးယစ်ဆေးဝါးအန္တရာယ်ကြီးမားပုံကို မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေး ပြပွဲပြိုင်ပွဲများကျင်းပကာ ပညာပေး တိုက်ဖျက်လျက် ရှိသည်။

မူးယစ်ဆေးဝါး ပြစ်မှုနှင့် ပတ် သက် ၍ တိတိ ကျကျ အရေးယူနိုင်ရန်၊ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ ပြင်ဆင်ပြုလုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် သယ်ယူ ပို့ဆောင်ခြင်း၊ ပြည်ပမှ သွင်းခြင်း၊ ပို့ခြင်း၊ လွှဲပြောင်းခြင်း၊ ဖောင်းချခြင်း၊ အားပေးကူညီခြင်း အစရှိသော အချက်များကို ဥပဒေပုဒ်မများဖြင့် ထည့်သွင်းပြဋ္ဌာန်းခဲ့ပြီး ဖြစ်သည်။

နိုင်ငံတော်သည် မူးယစ်ဆေးဝါးအန္တရာယ်၏ ပင်မကို ဖြိုဖျက်သည့်အနေဖြင့် မူးယစ်ဆေးဝါးပင်များကို စစ်ဆင်ရေးအမည် အမျိုးမျိုးဖြင့် ဖျက်ဆီး ချေမှုန်းခဲ့သည်။ စစ်တိုင်းများအလိုက် မိုးဟိန်းစစ်ဆင်ရေး အဆင့်ဆင့်၊ တောင်ထိပ်ပန်း၊ တောင်ရန်ရှင်း၊ ငရဲပန်းစသည့် စစ်ဆင်ရေးများဖြင့် ဘိန်းနှင့် အခြား မူးယစ်ဆေးများကို ဒေကပေါင်း မြောက်မြားစွာ ဖျက်ဆီး ချေမှုန်းပစ်ခဲ့ပြီး ဖြစ်သည်။

ပြည်သူတပ်မတော်နှင့် ပြည်သူရဲတပ်ဖွဲ့သည် ဒေသခံတိုင်းရင်းသား လုပ်သား ပြည်သူများ၏ ပါဝင် ပူးပေါင်းဆောင်ရွက်မှုဖြင့် မူးယစ်ဆေးဝါးများကို နှိမ်နင်း တိုက်ဖျက်ရာတွင် ၁၉၈၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း တပ်မတော်စစ်ကြောင်းအသီးသီးမှ ဘိန်း ၂,၀၀၆ ကီလို၊ ဘိန်းဖြူ ၅၄ ကီလို၊ ဆေးခြောက် ၆၆,၂၂၉ ကီလို ကိုလည်းကောင်း၊ပြည်သူရဲတပ်ဖွဲ့က ၁၉၈၆ ခုနှစ်နှင့် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဘိန်း ၁,၈၀ ကီလို၊ ဘိန်း



မိုးဟိန်းအဆင့် (၁၁) စစ်ဆင်ရေးဖြင့် ဖမ်းဆီးရရှိခဲ့သည့် ဘိန်းချက်ကိရိယာများနှင့် ဓာတုဗေဒပစ္စည်းများ

ညိုမှုန့် ၂၉ ကီလို၊ ဘိန်းဖြူ ၇၂ ကီလိုနှင့် ဆေးခြောက် ၅၉,၅၉၅ ကီလိုကိုလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

၁၉၈၆ ခုနှစ်နှင့် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း တောင်ရန်ရှင်း စစ်ဆင်ရေး အဆင့်(၃)ဖြင့် ဘိန်းခင်း ၂၂,၆၃၀ ဧကခန့်ကို လေယာဉ်ဖြင့် ဆေးဖျန်း ဖျက်ဆီးနိုင်ခဲ့ပြီး ငရဲပန်း စစ်ဆင်ရေး အဆင့်(၇)ဖြင့် ဘိန်းခင်း ၁၇,၅၉၅ ကေခန့်ကို မြေပြင်ဖျက်ဆီးမှုအဖြစ် ဆောင်ရွက်ခဲ့ရာ ယင်းစစ်ဆင်ရေးအတွင်း ဘိန်းခင်းစုစုပေါင်း ၄၀,၂၂၅ ဧကကို ဖျက်ဆီးနိုင်ခဲ့သည်။

ပြည်သူတပ်မတော်သည် မိုးဟိန်းအဆင့်(၁၁)စစ်ဆင်ရေးကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်မှ ၂၈ ရက်နေ့အထိ ဆင်နွှဲပြီး ရှမ်းပြည်နယ် မိုင်းဆတ် မြို့နယ်၊ မိုင်းထလန်းနယ်မြေအတွင်းရှိ လွယ်မော် သောင်းကျန်းသူ ဘိန်းချက်စခန်းများကို ဝင်ရောက်ချေမှုန်းခဲ့သည်။

ပြည်သူတပ်မတော်သည် လွယ်မော်သောင်းကျန်းသူ ဘိန်းချက်စခန်း လေးခုမှ အယ်လ်ကိုဟော၊ ဟိုက်ဒရိုကလိုရစ် အက်ဆစ်နှင့် အခြားဓာတုဗေဒဆေးရည်မျိုးပါဝင်သော ပုံးပေါင်း ၂၀၀ ကျော်နှင့် ဓာတုဗေဒဆေးမှုန့်များ ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသောပစ္စည်း ကိရိယာနှင့် ပုံးခွံပေါင်း ၅၀၀ ကျော်၊ ရန်သူများသိုလှောင်ထားသည့် စပါးတင်းပေါင်း ၄,၅၀၀ ကျော်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေတွင် ပြည်သူတပ်မတော်၏ ထိုး စစ် ကြောင့် ကချင် သောင်းကျန်းသူ (ကေအိုင်အေ)များသည် ၎င်းတို့၏ ဗဟိုဌာနချုပ်များဖြစ်သည့် နားဖေခွစခန်းကို ၁၉၈၇ ခုနှစ် မေလ ၂၆ ရက်နေ့တွင်လည်းကောင်း၊ ပါဂျီစခန်းကို မေလ ၂၉ ရက်နေ့တွင် လည်းကောင်း စွန့်လွှတ်ပြီး ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးခဲ့ကြရာတွင် နေရာအနှံ့အပြား၌ သိုဝှက်မြုပ်နှံထားခဲ့ကြသည့် ဘိန်းဖြူအထုပ်ပေါင်း ၁၅ ထုပ်၊ စုစုပေါင်း ၆ ဒသမ ၀၂၈ ကီလိုဂရမ်၊ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ သန်းဖိုးခန့် အပါအဝင် လက်နက် ခဲယမ်းမီးကျောက်များ သိမ်းဆည်း ရမိခဲ့သည်။ ဤကဲ့သို့ စစ်ဆင်ရေးများဖြင့် မူးယစ်ဆေးဝါး အန္တရာယ်ကို တိုက်ဖျက်ချေမှုန်းလျက်ရှိပြီး အခြားတစ်ဖက်မှလည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ် တိုက်ဖျက်ရေးကို အထောက်အကူပြုစေမည့် လုပ်ငန်းအရပ်ရပ်ကို ၁၉၈၇ ခုနှစ်အတွင်း ဆက်လက်လုပ်ဆောင်ခဲ့သည်။

၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးသင်တန်းအမှတ်စဉ် (၁/၈၇) ဖွင့်ပွဲကို လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ စိုက် ပျိုး ရေး ခန်းမတွင် ပြုလုပ်ရာ ကျေးရွာအုပ်စု ၁၀ အုပ်စုတို့မှ သင်တန်းသား ၅၀ တက်ရောက်ကြသည်။ ဘိန်းအစားထိုး အခြားသီးနှံစိုက်ပျိုးရေး ဆင့်ပွား သင်တန်း အမှတ်စဉ် (၁/၈၇)ဖွင့်ပွဲကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်တွင် ပင်လောင်းမြို့နယ် စိုက်ပျိုးရေးရုံး ခန်းမ၌ပြုလုပ်ရာ သင်တန်းသူ သင်တန်းသား ၇၀ တက်ရောက်ကြသည်။

၁၉၇၇ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျောင်းသားလူငယ်များအား မူးယစ်ဆေးဝါးအန္တရာယ် အသိဉာဏ်ပေးရေး သင်တန်းဖွင့်ပွဲများကို ရန်ကုန်မြို့၌ သင်တန်းစခန်း လေးနေရာခွဲ၍ တစ်ပြိုင်တည်း ပြုလုပ်သည်။ သင်တန်းစခန်းအမှတ်(၁) နှင့် (၂)ကို ဗိုလ်တထောင်မြို့နယ် အထက်တန်းကျောင်း အမှတ်(၆) အောင်ဆန်းခန်းမနှင့် အောင်ကျော်ခန်းမတို့တွင်လည်းကောင်း၊ သင်တန်းစခန်း အမှတ်(၃)ကို ပန်းဘဲတန်းမြို့နယ် အ ထက် တန်း ကျောင်း အမှတ်(၁)၌လည်းကောင်း၊ သင်တန်းစခန်း အမှတ်(၄) ကို လသာမြို့နယ် အထက်တန်းကျောင်း အမှတ် (၁)၌ လည်းကောင်း ဖွင့်လှစ်သည်။ အဆိုပါ သင်တန်းများသို့ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာ အထက်တန်းနှင့် အလယ်တန်း ကျောင်းများမှ ဆရာ–ဆရာမ ၆၂၀ တို့ တက်ရောက်ခဲ့ကြသည်။

ရှမ်းပြည်နယ် ပင်းတယမြို့နယ် တောင်ပေါ်ကြီး ကျေးရွာဘိန်းအစားထိုးအခြားသီးနှံစိုက်ပျိုးရေးသင်တန်း (၁/၈၇)ဖွင့်ပွဲကို တောင်ပေါ်ကြီးကျေးရွာ အလယ်တန်း ကျောင်း ခန်းမဆောင်၌ ပြုလုပ်ရာ တောင် ပေါ် ကြီး ကျေးရွာနှင့် အခြားကျေးရွာအုပ်စုများမှ သင်တန်းသား ၉၃ ဦး တက်ရောက်ကြသည်။ သင်တန်း (၂/၈၇)ဖွင့်ပွဲကို ပင်လောင်းမြို့နယ် လယ်/စိုက်ရှင်း ခန်းမ၌ ပြုလုပ်ရာ သင်တန်းသို့ ထီပေါင်း၊ ပင်လောင်းကြီး၊မြို့မ၊စင်းတောင်း တောင်ထိပ်ဝှာနှင့် ဘန့်ဘာကျေးရွာအုပ်စုတို့မှ သင်တန်းသား သင်တန်းသူ ၆၅ ဦး တက်ရောက်ကြသည်။

ထို့အပြင် ဖယ်ခုံမြို့နယ် ကုန်ဆုံကျေးရွာအုပ်စု ဘက်စုံစိုက်ပျိုးမွေးမြူရေးနှင့် ပြန်လည်ထူထောင်ရေး စံပြစခန်းကသဲခန်းမဆောင်၌ ရပ်ကွက်ပြည်သူကောင်စီများ တက်ရောက်သော ဘိန်းအစားထိုး အခြားသီးနှံ စိုက်ပျိုးရေး သင်တန်းအမှတ်စဉ်(၂/၈၇)ကိုလည်းကောင်း၊ လားရှိုးမြို့နယ် လယ်စိုက်ရှင်း ခန်းမတွင် ပြုလုပ်သော ကျေးရွာအုပ်စုများမှ သင်တန်းသား ၅၀ ဦး တက် ရောက် သည့် သင်တန်း အမှတ်စဉ် (၃/၈၇)ကိုလည်းကောင်း ကျင်းပပြုလုပ်ခဲ့သည်။

၁၉၈၇ ခုနှစ် ဩဂုတ်လတွင် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ မူးယစ်မဂ္ဂဇင်း ကော်မတီက မူးယစ်ဆေးဝါးအန္တရာယ် အသိ ပညာပေး စာစောင်အဖြစ် ထုတ်ဝေသော မူးယစ်မဂ္ဂဇင်းအမှတ် (၄)ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ထုတ်ဝေ ဖြန့်ချိသည်။

အလားတူပင် မူးယစ်ဆေးဝါး အန္တရာယ် တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့၏ စီမံလုပ်ဆောင်ချက်နှင့် ရည်ရွယ်ချက်များကို ဖော်ဆောင်သွားမည့် အသုရာ စာစောင်ကို မြဝတီပုံနှိပ်တိုက်က ၁၉၈၃ ခုနှစ် ဇန်နဝါရီလမှ စ၍ သုံးလတစ်ကြိမ် မှန်မှန်ထုတ်ဝေဖြန့်ချိလျက် ရှိသည်။ စာပေဗိမာန်အဖွဲ့ကလည်း ၁၉၈၃ ခုနှစ်စက်တင်ဘာလတွင် ကျော်သန်းထွန်း(စက်မှု/ဆေးဝါး)ရေးသားသော မူးယစ်ဘေးနှင့် တိုင်းရင်းဆေးစာအုပ်ကိုရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ထို့ပြင် ၁၉၈၃ ခုနှစ်အတွင်း မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေး အသိဉာဏ်ပေး ပြပွဲ ပြိုင်ပွဲများ၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ပညာပေး ဟောပြောပွဲများကိုလည်း ပြည်နယ်နှင့် တိုင်း မြို့နယ်များအနှံ့ ကျင်းပပြုလုပ်ခဲ့ကြသည်။

မူးယစ်ဆေးဝါး အန္တရာယ် တား ဆီး ကာ ကွယ် ရေး အတွက် အသိပညာပေး နည်းလမ်း၊ အရေးယူ နှိမ်နင်းတိုက်ဖျက်သည့် နည်းလမ်း၊ ဥပဒေများဖြင့် ဖော်ထုတ် အရေးယူ ဖမ်းဆီး ပြစ်ဒဏ်ချမှတ်သည့် နည်းလမ်းများဖြင့် ပြည်သူတပ်မတော်၊ ပြည်သူရဲနှင့် ပြည်သူကောင်စီ အဆင့်ဆင့်တို့က လုပ်သားပြည်သူများနှင့် လက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိနေပေသည်။

မက်ဒဝါး, ဆာပီတာ ဘရိုင်ယန် (ခရစ် ၁၉၁၅–၁၉၈၇)။ ။ခေတ်သစ်ဆေးပညာတွင် အစားထိုးခဲ့စိတ်ကူသမူ တွင်ကျယ်အောင်မြင်လာစေရန် လမ်းခင်းပေးသည့်လက်တွေ့စမ်းသပ်မှုများကို ပြုလုပ်ခဲ့သူ နိုဗယ်ဆုရ ဇီဝဗေဒပညာရှင် ဆာပီတာ ဘရိုင်ယန် မက်ဒဝါးကို ၁၉၁၅ ခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ဗရာဇီးနိုင်ငံ ရီအိုဒီဂျနေရိုးမြို့၌ မွေးဖွားခဲ့သည်။ မက်ဒဝါးဘည် အောက်စဖို့တက္ကသိုလ်၌ ပညာဆည်းပူးခဲ့ပြီး ယင်း တက္ကသိုလ်၌ပင် ၁၉၃၈ ခုနှစ်မှ ၁၉၄၇ ခုနှစ်အထိ သတ္တဗေဒကထိကအဖြစ်လည်းကောင်း၊ ဘာမင်ဂမ်တက္ကသိုလ်၌ ၁၉၄၇ ခုနှစ်မှ၊ ၁၉၅၁ ခုနှစ်အထိသတ္တဗေဒပါမောက္ခအဖြစ်လည်းကောင်း လန်ဒန်တက္ကသိုလ်၌ ၁၉၅၁ ခုနှစ်မှ ၁၉၆၂ ခုနှစ် အထိ သတ္တဗေဒ ပါမောက္ခအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

မက်ဒဝါးသည် ၁၉၅၃ ခုနှစ်တွင် ရောဂါပြီး သည်းခံစွမ်း၏ သဘောသဘာဝကို လေ့လာ ဖော်ထုတ်ခဲ့သည်။ အရွယ်ရောက်စတိရွစ္ဆာန်တို့အား ပြင်ပဆဲလ်ထိုးနှံထားပြီး ပါက ယင်းတိရွစ္ဆာန်တို့သည် မူလဆဲလ်ပေးသူထံမှ အရေပြား ကူးဆက်စာတို့ကို လက်ခံနိုင်ကြောင်း မက်ဒဝါးက ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ ၁၉၄၉ ခုနှစ်က သြစတြေးလျနိုင်ငံ မဲလဘုန်းတက္ကသိုလ်မှ ဆာမက်ဖာလိန်း ဘာနေးဗေဆော်ဦး တင်ပြခဲ့သည့် အဆိုတစ်ရပ်နှင့် ဆက်စပ်ဖော်ထုတ်ခဲ့ခြင်း ဖြစ်သည်။ သန္ဓေခဲကာလ အတွင်းတွင်လည်းကောင်း၊ မွေးဖွားစတွင် လည်းကောင်း ဆဲလ်များ



နိုဗဲဆုရ ဖြိတိန်နိုင်ငံသား ဇီဝဗေဒပညာရှင် ဆာပီတာ ဘရိုင်ယန် မက်ဒဝါး

သည် မိမိတို့၏တစ်ရှူးပစ္စည်းများနှင့် မလိုလားအပ်သော ဆဲလ်များ၊ ပြင်ပပစ္စည်းများကို ခွဲခြားနိုင်စွမ်း တဖြည်းဖြည်း ရရှိလာခြင်း ဖြစ်သည်ဟူသော အဆိုဖြစ်သည်။ ထို့ကြောင့် မက်ဒဝါးသည် ဘာနေးနှင့်အတူ ၁၉၆၀ ပြည့်နှစ်တွင် ဆေးပညာနှင့် ဇီဝကမ္မ ဗေဒဆိုင်ရာ နိုဗဲဆုကို ဆွတ်ခူးခဲ့သည်။

မက်ဒဝါးသည် နွားအမြှာ တစ်ရှဉ်းတို့အကြား အရေပြားကူးဆက်စာ အပြန်အလှန် ခံယူနိုင်စွမ်း ရှိပုံကို စမ်းသပ်တွေ့ရှိခဲ့သည်။ ပဋိပစ္စည်းလှုံဟူ၍ လူသိများသော ပစ္စည်းအခြို့သည် ယင်းအမြှာသန္ဓေ သားလောင်းအဆင့် တွင်သန္ဓေသားလောင်းတစ်ခု၏ ဥနှစ်အိတ်မှထွက်လာကာ ကျန်သန္ဓေသားလောင်း၏အိတ်တွင်းသို့ ကူးဝင်ရောက်ရှိပုံကို ရှင်းပြခဲ့သည်။ ထို့နောက် ကြွက်များဖြင့် အကြိမ်ကြိမ် စမ်းသပ်လေ့လာခဲ့ပြန်သည်။ သန္ဓေသားလောင်း အဆင့်တွင် အခြားသူတစ်ဦးထံမှဆဲလ်များထိုးနှံထားခြင်းခံထားရသူသည် ယင်းဆဲလ်ပေးသူထံမှ မည်သည့်ကိုယ်ခန္ဓာအစိတ်အပိုင်း၏ တစ်ရှူးကိုမဆို လက်ခံနိုင်သည့်ပြင် ယင်းဆဲလ်ပေးသူ၏ အမြှာထံမှ တစ်ရှူးကိုလည်း လက်ခံနိုင်ကြောင်း တင်ပြခဲ့သည်။ ထို့ပြင် မည်သည့် တိရစ္ဆာန်ဆဲလ်မဆို ရောဂါပြီးဖြစ်စဉ်အတွက် အရေးကြီးသော မျိုးဗီဇ အရ ပြဋ္ဌာန်းပြီးသည့် ပဋိပစ္စည်းလှုံတို့ကို ဆောင်နေကြောင်းကိုလည်း တွေ့ရှိခဲ့သည်။

မက်ဒဝါး၏ သုတေသနလုပ်ငန်းကြောင့် ရောဂါပြီးဗေဒ ပညာရပ်နယ်ပယ်တွင် အလှည့်အပြောင်းတစ်ရပ်ဖြစ်ပေါ်ခဲ့သည်။ သက်ရှိသတ္တဝါတွင် ရောဂါဇီဝရပ်၏ ပဋိပစ္စည်းလှုံများကို ဗက်ဆင်းအသွင် ထိုးနှံပေးခြင်းအားဖြင့် ယင်းရောဂါဇီဝရပ်ကို တိုက်ခိုက်မည့် ပဋိပစ္စည်းဖွဲ့စည်းမှုကို ဖန်တီးခြင်း (အားထုတ်ရောဂါ ပြီးစေခြင်း) သာမက ရောဂါပြီးယန္တရားအတွင်းမှာပင် အားမထုတ်ရောဂါပြီးစေခြင်းကိုလည်း ကြိုးပမ်းဖော်ထုတ် အသုံးချလာကြခြင်းဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၅ – စာ၊ ၁၀၇—ရှ။)

မက်ဒဝါးသည် ၁၉၆၅ ခုနှစ်တွင် ဆာဘွဲ့ဖြင့် သူကောင်းပြုခံရသည်။ ဖြိတိန်နိုင်ငံ ဆေးပညာသုတေသနပညာရှင်အဖွဲ့ကို ၁၉၆၂ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ဦးဆောင်ခဲ့သည်။ စာအုပ် ၁၁ အုပ်ခန့် ရေးသားပြုစုခဲ့ရာ လူသား၏ အနာဂတ် (၁၉၆၀)၊ တိုးတက်ရေး မျှော်လင့်ချက် (၁၉၇၂)၊ သက်ရှိသိပ္ပံပညာ (၁၉၇၇)၊ လူငယ်သိပ္ပံပညာရှင်တစ်ဦးအား အကြံပေးလွှာ (၁၉၇၉)၊ ပလူတို၏ သမ္မတနိုင်ငံ (၁၉၈၂)၊ ဇီဝဗေဒ ဆိုင်ရာ ဒဿနအဘိဓာန် (၁၉၈၃) နှင့် သိပ္ပံပညာ၏ ကန့်သတ်ချက်များ (၁၉၈၄) စာအုပ်တို့သည် အထူးထင်ရှားသည်။ ကြီးထွား ဖွံ့ဖြိုးခြင်း၊ အိုမင်းရင့်ရော်ခြင်း၊ ဒဏ်ရာ အနာတရ ကုသခြင်းနှင့် ကိုယ်ခန္ဓာအစားထိုးကုသခြင်းဆိုင်ရာ သိပ္ပံစာတမ်းများကိုလည်း ပြုစုခဲ့သည်။

ပြင်ပတစ်ရှူးများကို ရောဂါပြီး တုံ့ပြန် ခြင်း ရှိသော ကြောင့် ကိုယ်ခန္ဓာတစ်ခုသည် အစားထိုး အင်္ဂါကို ပယ်ခြင်းဖြစ်သည်ဟူသော သဘောသဘာဝကို နှိုက်နှိုက် နဲ့နဲ့လေ့လာဖော်ထုတ်ခဲ့သူ နိုဗဲဆုရ ဇီဝဗေဒ ပညာရှင် ဆာ ပီတာ ဘရိုင်ယန် မက်ဒဝါးသည် ၁၉၇၇ ခုနှစ် စက်တင်ဘာလတွင် လန်ဒန်မြို့၌ နှလုံးရောဂါဖြင့် ကွယ်လွန်ခဲ့သည်။

မြန်မာနိုင်ငံစာပေဆုများ။ ။၁၉၇၆ ခုနှစ်အတွက် အမျိုးသားစာပေ ဆုနှင်းသဘင်ကို ၁၉၇၇ ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့ (၁၃၃၉ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်) စာဆိုတော်နေတွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်၌ ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကျော်မြင့်တက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၁၉၇၆ ခုနှစ်အတွက် အမျိုးသားစာပေဆုရွေးချယ်ရာတွင် ၁၉၇၆ ခုနှစ်အတွင်း ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်ထုတ်ဝေသည့် စာအုပ်များအနက် ဘာသာရပ် ၁၃ မျိုးမှ ဆုစည်းကမ်းနှင့် ကိုက်ညီသော ဘာသာရပ်ခြောက်မျိုးကို အမျိုးသားစာပေဆုအတွက် စိစစ်ရွေးချယ်ပေးနိုင်ခဲ့သည်။

ယခုနှစ်ချီးမြှင့်သော ဘာသာရပ်ခြောက်မျိုးမှ စာပေဆု ခြောက်ဆုမှာ ဝတ္ထုတိုပေါင်းချုပ်ဆု၊ စာပဒေသာဆု၊ ဘာသာပြန်(သုတစာပေ)ဆု၊ လူငယ်စာပေဆု၊ သုတပဒေသာ(ဝိဇ္ဇာ)ဆု၊သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုတို့ ဖြစ်ကြသည်။



၁၉၈၆ ခုနှစ် အမျိုးသားစာပေဆုဆွတ်ခူးရရှိသူများ(ဝဲမှယာ) တင်မောင်အေး (ကန့်ဘလူ)၊ ချစ်စံဝင်း၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ အောင်သန်း (မန္တလေး)၊ ကျော်မြင့်လွင်၊ မိုးမိုး (အင်းလျား)

ဝတ္ထုတိုပေါင်းချုပ်ဆုကို မိုးမိုး(အင်းလျား)၏ ဝတ္ထုတိုများ – ၂ စာအုပ် ရေးသားသူ မိုးမိုး(အင်းလျား)က ရရှိသည်။ အဆိုပါဝတ္ထုတိုများသည် လူလောကတွင် ကျင်လည်လှုပ်ရှားနေကြသော အလွှာအသီးသီးမှလူသားများ၏ ချစ်စရာ၊ နာကျည်းစရာ၊ အားကျစရာ၊ ကြည်နူးစရာစရိုက်များကို ပိုင်နိုင်ပီပြင်စွာ သရုပ်ဖော်ထားသည်ကို တွေ့ရသည်။ သင်ခန်းစာယူ သံဝေဂပြုနိုင်အောင် ရေးဖွဲ့ တင်ပြနိုင်စွမ်းရှိသည်ဟူ၍ ဝတ္ထုတိုပေါင်းချုပ်ဆု အဖွဲ့ငယ်၏ မှတ်ချက်တွင် ဖော်ပြထားသည်။

ကျော်မြင့်လွင်ကမြန်မာ့လူသန် ဇော်ဝိတ်ကြီးစာအုပ်ဖြင့် စာပဒေသာဆုကို ရရှိသည်။ အဆိုပါစာအုပ်သည် တစ်ခေတ်တွင်တစ်ယောက် ပေါ်ထွန်းခဲ့သော ဦးဇော်ဝိတ်ကြီး၏ အမျိုးသားလွှတ်မြောက်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ကျန်းမာကြံ့ခိုင်ရေး၊ မြန်မာကိုကမ္ဘာကသိစေရေးအတွက် နှစ်ပေါင်း ၅၀ ကျော် ကြိုးစားဆောင်ရွက်ပုံများကို ပကတိဖြစ်ရပ်မှန်အတိုင်း ရေးဖွဲ့ထားသည်။ နယ်ချဲ့အစိုးရလက်အောက် ကြမ်းတမ်းသောခေတ်ကာလကို ကျော်ဖြတ်၍ နိုင်ငံအတွက် စွန့်လွှတ်အနစ်နာခံကြိုးပမ်းရပုံကို နှောင်းလူများ အတုယူအားကျဖွယ်ဖြစ်အောင် တင်ပြထားသည်ဟူ၍ စာပဒေသာဆုအဖွဲ့ငယ်၏ မှတ်ချက်တွင် ဖော်ပြထားသည်။

Brigadier - General E.D. Smith ၏ Battle for Burma. ကို ဘာသာပြန်ထားသော မြန်မာပြည်သိမ်းတိုက်ပွဲစာအုပ်ဖြင့် အောင်သန်း(မန္တလေး)က ဘာသာပြန်(သုတစာပေ)ဆု ရရှိသည်။ ဒုတိယကမ္ဘာစစ်အတွင်း မြန်မာနိုင်ငံစစ်မြေပြင်တွင် ဖြစ်ပျက်ခဲ့သော တိုက်ပွဲများအကြောင်း ရေးသားထားသော စာအုပ်များအနက် အထောက်အထားကျယ်ပြန့်စွာ တင်ပြထားသောစာအုပ်ဖြစ်ပြီး ဘာသာပြန်ပုံစေ့စပ်ကြောင်း၊ မြန်မာစာဖတ်ပရိသတ် သိသင့်သောသုတအကြောင်းများကို ပေါ်လွင်အောင်ပြန်ဆိုနိုင်ကြောင်း ဘာသာပြန်(သုတစာပေ)ဆု အဖွဲ့ငယ်၏မှတ်ချက်တွင် ဖော်ပြထားသည်။

လူငယ်စာပေဆုကို မောင်ငြိမ်းသူ(ကြို့ပင်ကောက်)က မြအဖူးတွေ့သစ်သစ်ဝေနှင့် လူငယ်ဝတ္ထုတိုများ စာအုပ်ဖြင့်ရရှိသည်။ လူငယ်များသင်ခန်းစာရယူနိုင်ရေး၊ သူတစ်ပါးအား ကူညီရိုင်းပင်းသောစိတ်ထက်သန်ရေး၊ အကျင့်စာရိတ္တကောင်းမွန်အောင်ထိန်းသိမ်းနိုင်ရေးတို့ကိုဦးတည်၍ စာရေးသူကိုယ်တိုင် တွေ့ကြုံလေ့လာမှုကို အခြေခံရေးဖွဲ့သဖြင့် ဝတ္ထုတိုများမှာအသက်ဝင်ပီပြင်ပြီး စာဖတ်သူကိုဆွဲဆောင်နိုင်ကြောင်း လူငယ်စာပေဆုအဖွဲ့ငယ်၏ မှတ်ချက်တွင် ဖော်ပြထားသည်။

သုတပဒေသာ(ဝိဇ္ဇာ)ဆုကို ဤခရီးနီးသလား စာအုပ်ဖြင့် ချစ်စံဝင်းက ရရှိသည်။ သေခြင်းတရားကို ကမ္ဘာမြန်မာစာပေအတွေ့အကြုံများမှ ရရှိသောသဘောထား

များအား စာရေးသူ၏အတွေးအခေါ်များနှင့် ပေါင်းစပ်၍ ဗဟုသုတစုံအောင်တင်ပြထားသည်။ မည်သူမျှအားမထုတ်ဖူးသော ရှုထောင့်အမြင်ဖြင့် အားထုတ်ရေးသားထားသောစာအုပ်ဖြစ်သည်ဟူ၍ သုတပဒေသာ(ဝိဇ္ဇာ)ဆုအဖွဲ့ငယ်၏မှတ်ချက်တွင် ဖော်ပြထားသည်။

သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဆုကိုတင်မောင်အေး(ကန့်ဘလူ)ကသိမှတ်ဖွယ်ရာ အကြောအဆစ်ရောဂါစာအုပ်ဖြင့်ရရှိသည်။ အကြောအဆစ် ရောဂါဝေဒနာများကို ကာကွယ်နည်း၊ ကုသနည်းများဖြင့် စနစ်တကျပြုစုထားသောစာအုပ်ဖြစ်သည်။ လုပ်သားပြည်သူများအတွက် ကျန်းမာရေးဗဟုသုတ ရရှိစေသည်။ အရေးအသားတိကျရှင်းလင်း၍ စိတ်ဝင်စားဖွယ်ရေးသားထားသည်။ ဆေးပညာစာအုပ်သဏ္ဌာန်ပီပြင်သည်ဟူ၍ သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံ)ဆု အဖွဲ့ငယ်၏မှတ်ချက်တွင် ဖော်ပြထားသည်။

၁၉၇၆ ခုနှစ် အမျိုးသားစာပေဆုတွင် ဝတ္ထုရှည်၊ ပြဇာတ်၊ ကဗျာ၊ ဘာသာပြန်(ရသ)၊ ကလေးစာပေ၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာစာပေ၊ နိုင်ငံရေးစာပေဆုများကို မချီးမြှင့်နိုင်ခဲ့ချေ။

၁၉၇၆ ခုနှစ်အတွက် စာပေဗိမာန် စာမူဆုပေးပွဲကိုလည်း ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် စာပေဗိမာန် ပြည်သူစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ စာပေဗိမာန်အဖွဲ့ဥက္ကဋ္ဌ ဦးတိုက်စိုးက ဆုများချီးမြှင့်သည်။

ပုံနှိပ်ထုတ်ဝေနိုင်ခြင်းမရှိသော စာပေလုပ်သားများ၏ ကောင်းမွန်ပြောင်မြောက်သည့်စာမူများကို စာအုပ်အဖြစ်ပေါ်ထွက်လာစေရန်၊ ယင်းစာအုပ်များကို အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားနိုင်ရန် ဟူသော အခြေခံမူများနှင့် လက်စွမ်းလက်စ အရည်အသွေးရှိသည့် ကလောင်ရှင်များကို စာပေစင်မြင့်ပေါ် သို့ တင်ပေးရန် ရည်ရွယ်ချက်များအရ၊ စာမူဆုအတွက်မူဝါဒချက်၊ စာပေနှင့်စာနယ်ဇင်းဆိုင်ရာ မူဝါဒခုနစ်ချက်တို့နှင့်ကိုက်ညီသော ပြိုင်ပွဲဝင်စာမူများမှ စိစစ်ရွေးချယ်ခြင်း ပြုခဲ့သည်။

၁၉၇၆ ခုနှစ် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဘာသာရပ် ၁၁ မျိုးအတွက်၊ စာမူပေါင်း ၁၆၆ ခု ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွေးချယ်ခံရသည့် ဘာသာရပ်ရှစ်မျိုးတွင် ဆု ၁၇ ဆုချီးမြှင့်နိုင်ခဲ့သည်။ ယင်းတို့မှာ ပထမရှစ်ဆု၊ ဒုတိယဆုငါးဆုနှင့် တတိယဆုလေးဆု ဖြစ်သည်။

ထိုဆု ၁၇ ဆုတွင် ဝတ္ထုရှည်သုံးဆု၊ ဝတ္ထုတိုပေါင်းချုပ်တစ်ဆု၊ ဘာသာပြန်စာပေဆုတစ်ဆု၊ ကလေးစာပေဆုနှစ်ဆု၊ လူငယ်စာပေဆုသုံးဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆုတစ်ဆု၊ သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုသုံးဆု၊ သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်)ဆုသုံးဆု ပါဝင်သည်။

၁၉၇၆ ခုနှစ် အမျိုးသား စာပေဆုများ

ဆုအမည်	စာအုပ်အမည်	ဆုရသူ
ဝတ္ထုတိုပေါင်းချုပ်ဆု	မိုးမိုး(အင်းလျား)၏ဝတ္ထုတိုများ (၂)	မိုးမိုး (အင်းလျား)
စာပဒေသာ	မြန်မာ့လူသန် ဇော်ဝိတ်ကြီး	ကျော်မြင့်လွင်
ဘာသာပြန် (သုတ)	မြန်မာပြည်သိမ်းတိုက်ပွဲ	အောင်သန်း (မန္တလေး)
လူငယ်စာပေဆု	မြအဖူးတွေ့သစ်သစ်ဝေနှင့် လူငယ်ဝတ္ထုတိုများ	မောင်ငြိမ်းသူ (ကြိုပင်ကောက်)
သုတပဒေသာ (ဝိဇ္ဇာပညာရပ်)	ဤခရီးနိုးသလား	ချစ်စံဝင်း
သုတပဒေသာ(သိပ္ပံနှင့် အသုံးချသိပ္ပံပညာရပ်)	သိမှတ်ဖွယ်ရာ အကြောအဆစ်ရောဂါ	တင်မောင်အေး (ကန့်ဘလူ)

စာပေဗိမာန်စာမူဆုများ (၁၉၇၆)

ဆုအမည်	ဆုအဆင့်	စာမူအမည်	ရေးသူ
(၁) ဝတ္ထုရှည်ဆု	ပထမဆု	သံချောင်း	သန်လျင် မောင်မောင်ဦး
"	ဒုတိယဆု	မှန်နဲ့သာလိမ်း စိမ်းမြမြခြယ်	ဆန်လုံးညို
"	တတိယဆု	မြမြင်းမိုရ်ပေါ် ကျော်လွန်၍	ရဲဘော် ဘသော်
(၂) ဝတ္ထုတိုပေါင်းချုပ်ဆု	ပထမဆု	ရွှေသမင်တောက မျှော်နေ မယ်နှင့် အခြားဝတ္ထုတိုများ	မောင်ဆောင်း (မုံလှ)
(၃) ဘာသာပြန်စာပေဆု	ပထမဆု	ဆရာ့လုပ်ငန်း အခန်းခန်း အထွေထွေ	ပြန်ဆိုသူ ဦးလှကျော်
(၄) ကလေးစာပေဆု	ပထမဆု	မာန်နှင့်အခြားဝတ္ထုတိုများ	မြတ်မျိုးမြင့်
"	ဒုတိယဆု	ရင်သွေးတို့ ဖတ်ပို့ရာ၊ လျှပ်စစ်သုတစုံစွာ	သိပ္ပံစိုးမြင့်နိုင်
(၅) လူငယ်စာပေဆု	ပထမဆု	အစားထိုးသီးနှံနှင့် အခြားဝတ္ထုတိုများ	စုကြည်မျိုး
"	ဒုတိယဆု	ပန်းတို့၏ ဝက်ပါ	ခင်ဝါဆွေ
"	တတိယဆု	ကျောက်ဘီလူးကို ချစ်သည်နှင့် အခြားဝတ္ထုတိုများ	နေတင်မြင့် (ဒိုက်ဦး)
(၆) မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဆု	ပထမဆု	သဘင်သစ်	ဗိုလ်ကျော်ဆန်း
(၇) သုတပဒေသာ (ဝိဇ္ဇာ ပညာရပ်ဆု)	ပထမဆု	ထန်းနှင့် ထန်းလုပ်ငန်းဆိုင်ရာ သိကောင်းစရာ	မောင်လင်းသူ (ညောင်ဦး)
"	ဒုတိယဆု	ကဝိလက္ခဏာ ဥပဒေရေးရာ အဖွင့်	ဒေါက်တာ တင်အောင်အေး
"	တတိယဆု	မြန်မာ့မြင်း	အောင်စိုး (တိရစ္ဆာန်ဆေး ကုဆရာဝန်)
(၈) သုတပဒေသာ (သိပ္ပံနှင့် အသုံးချသိပ္ပံ ပညာရပ်)	ပထမဆု	မြန်မာ့လေ၊ မြန်မာ့ရေ	နိုင်ဌေမိုး
"	ဒုတိယဆု	ဆီထွက်သီးနှံမြေပဲ	ကိုလေး လှကျော်
"	တတိယဆု	ချိပ်အကြောင်း သိကောင်း စရာများ	မောင်စေတနာ

မြန်မာနိုင်ငံတော်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ

။ ။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ၁၉၇၇ ခုနှစ် မတ်လ ၅ ရက်နှင့် ၆ ရက်တွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဗဟိုကော်မတီဌာနချုပ် အတွင်းရေးမှူး ဦးထွေးဟန်က ဆောင်ရွက်သည်။ နေ့လယ်ပိုင်း အစည်းအဝေးတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးစန်းယုက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ ပါတီလုပ်ငန်းစီစစ်ရေးကော်မတီ၏ အစီရင်ခံစာ၊ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အစီရင်ခံစာများကို သက်ဆိုင်ရာပုဂ္ဂိုလ်များက တင်သွင်းကြသည်။ ထို့နောက် တဲ့ဖက်အထွေထွေအတွင်းရေးမှူး ဦးစိန်လွင်က ၁၉၇၇–၇၈ ဘဏ္ဍာနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းကို တင်ပြရာ ဗဟိုကော်မတီဝင်များက ဆွေးနွေးပြီး အတည်ပြုသည်။

အစည်းအဝေးဒုတိယနေ့တွင် သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးစန်းယုက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် ဗဟိုကော်မတီဌာနချုပ် အတွင်းရေးမှူး ဦးသိန်းငွေက ဆောင်ရွက်သည်။

အစည်းအဝေးတွင် ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ဗဟိုကော်မတီသို့ တင်သွင်းသော အယူခံလွှာများနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဝင်များ၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း၊ အယူခံလွှာစစ်ဆေးရေး အဖွဲ့ ပြန်လည်ဖွဲ့စည်းရေးကိစ္စကို ဗဟိုကော်မတီဝင်များက အဆုံးအဖြတ်ပေးခြင်း၊ ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် တင်ပြချက်ကို ဗဟိုကော်မတီဝင်များက ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးခြင်း၊ တပ်မတော်စည်းရုံးရေးကော်မတီ အဆင့်ဆင့် မျက်နှာစုံညီအစည်းအဝေး ကျင်းပရေးနှင့် ပါတီညီလာခံကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာ ဆောင်ရွက်ရမည့် နည်းစနစ်များတွင် ပြင်ဆင်ရန် တင်ပြချက်ကို ဗဟိုကော်မတီဝင်များက အတည်ပြုခြင်းများကို ပြုလုပ်ကြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ ပါတီလုပ်ငန်းစီစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့် ပါတီစည်းကမ်း

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်မှ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ နက္ခတ်တာရာပြခန်းကို ကြည့်ရှုလေ့လာကြစဉ်



ထိန်းသိမ်းရေးကော်မတီ၏ အစီရင်ခံစာများကို အတည်ပြုသည်။ အစည်းအဝေးဆုံးဖြတ်ချက်များကို ကြေညာခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းများကို ပြုလုပ်ကြပြီး ဗဟို ကော်မတီ ဆဋ္ဌမအကြိမ်အစည်းအဝေးကို ရုပ်သိမ်းသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၏ ပါတီအဖွဲ့ညီနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၀ ရက်တွင် ပြည်သူ့လွှတ်တော်အစည်းအဝေး ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်သည်။

အစည်းအဝေးတွင် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက မိန့်ခွန်းပြောကြားသည်။ ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးအေးကိုက မြန်မာနိုင်ငံ၏လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့် သုံးသပ်ချက်ကို တင်ပြသည်။ မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့်သုံးသပ်တင်ပြချက်ကို နိုင်ငံတော်ကောင်စီ ပါတီအဖွဲ့ကိုယ်စား နိုင်ငံတော်ကောင်စီဝင် ဦးသောင်းတင်၊ ဦးမောင်ညိုနှင့်ဦးသာကျော်၊ ဝန်ကြီးအဖွဲ့ ပါတီအဖွဲ့ကိုယ်စား ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီးဦးမင်းဂေါင်၊ ပြည်သူ့တရားသူကြီးအဖွဲ့ ပါဘီအဖွဲ့ကိုယ်စား ပြည်သူ့တရားသူကြီး အဖွဲ့ ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်း၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ပါတီအဖွဲ့ကိုယ်စား ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မောင်၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ ပါတီအဖွဲ့ကိုယ်စား ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင် ဦးအောင်ခင်တို့က အသီးသီး ဆွေးနွေးကြသည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းက လိုအပ်သည်များကို ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီနှင့် နိုင်ငံတော်ကောင်စီ၊ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၏ ပါတီအဖွဲ့အစည်းအဝေးကို ဩဂုတ်လ ၂၂ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်း၊ ပါတီဒုတိယဥက္ကဋ္ဌဦးစန်းယုနှင့် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ၊ နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီးအဖွဲ့ဝင်များ၊ ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဝင်များ၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် ပါတီဗဟိုကော်မတီဌာနချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များတက်ရောက်ကြသည်။ အစည်းအဝေးတွင် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်ရမည့်ကိစ္စများနှင့် စပ်လျဉ်း၍ လမ်းညွှန်မိန့်ကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟိုကော်မတီ သတ္တမအကြိမ် အစည်းအဝေးကို အောက်တိုဘာလ ဂ ရက်နေ့တွင် ပြည်သူ့လွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်သည်။

အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင် ကော်မတီ၏ အစီရင်ခံစာ၊ ပါတီလုပ်ငန်းစီစစ်ရေးကော်မတီ၏ အစီရင်ခံစာ၊ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အစီရင်ခံစာများကို သက်ဆိုင်ရာပုဂ္ဂိုလ်များက တင်သွင်းကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးအေးကိုက မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေ သုံးသပ်တင်ပြချက်နှင့် စပ်လျဉ်း၍ ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆောင်ရွက်ချက်ကို တင်ပြသည်။ ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီ အတွင်းရေးမှူး ဦးဘသိန်းက အယူခံလွှာများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ခံယူရန်ကိစ္စကို တင်ပြရာ ဗဟိုကော်မတီဝင်များက ဆန္ဒမဲဖြင့် အဆုံးအဖြတ်ပေးကြသည်။အစည်းအဝေးပြန်လည်ကျင်းပသောအခါ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးစန်းယုက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗဟိုကော်မတီဝင်ခြောက်ဦးက ဗဟိုအလုပ်အမှုဆောင်ကော်မတီ၊ ပါတီလုပ်ငန်းစီစစ်ရေး ကော်မတီနှင့် ပါတီစည်းကမ်း ထိန်းသိမ်းရေး ကော်မတီတို့၏ အစီရင်ခံစာများကို ဆွေးနွေးပြီး ဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေး ပထမနေ့အစီအစဉ်ကို ရုပ်နားသည်။

အစည်းအဝေးဒုတိယနေ့ အစီအစဉ်ကို အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပရာ သဘာပတိ အဖြစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်းက ဆောင်ရွက်သည်။ အစည်းအဝေးတွင် ပါတီစည်းကမ်း ထိန်းသိမ်းရေးကော်မတီက ဗဟိုကော်မတီသို့ တင်သွင်းသော အယူခံလွှာများနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီဝင်များ၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း၊ အယူခံလွှာစီစစ်ရေးအဖွဲ့ ပြန်လည်ဖွဲ့စည်းရေးကိစ္စ တင်ပြချက်ကို ဗဟိုကော်မတီဝင်များက အဆုံးအဖြတ်ပေးခြင်း၊ ပြင်ဆင် ပြုစုထားသော အစည်းအဝေးကျင်းပခြင်းဆိုင်ရာ နည်းစနစ်များ တင်ပြချက်ကို ဗဟိုကော်မတီဝင်များက ဆွေးနွေးပြီး အတည်ပြုခြင်း၊ ပါတီအထွေထွေအတွင်းရေးမှူးက ဗဟိုအလုပ်အမှုဆောင်ကော်မတီအစီရင်ခံစာအပေါ် ဗဟိုကော်မတီဝင်များက ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေး

ခြင်းများ ပြုလုပ်ကြသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာ၊ ပါတီလုပ်ငန်းစီစစ်ရေးကော်မတီ၏ အစီရင်ခံစာ၊ ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အစီရင်ခံစာတို့ကို အတည်ပြုသည်။ အစည်းအဝေးဆုံးဖြတ်ချက်များကို ကြေညာခြင်း၊ အတည်ပြုလက်မှတ်ရေးထိုးခြင်းများ ပြုလုပ်၍ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းက နိဂုံးချုပ်မိန့်ခွန်းပြောကြားပြီး ဗဟိုကော်မတီ သတ္တမအကြိမ်အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

စတုတ္ထအကြိမ် ပြည်သူလွှတ်တော် အစည်းအဝေး– ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ပြည်သူလွှတ်တော်စတုတ္ထအစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူလွှတ်တော် အစည်းအဝေးခန်းမ၌ မတ်လ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပရာ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယု အမှုးပြုသော ပြည်သူလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ပြဋ္ဌာန်းခြင်းသုံးရပ်၊ အတည်ပြုခြင်း နှစ်ရပ်၊ မှတ်တမ်းတင်ခြင်း ၁၁ ရပ်နှင့် တင်ပြခြင်းနှစ်ရပ်တို့ကို ဆောင်ရွက်ပြီးစီးသည်။

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် စတုတ္ထအကြိမ် ပြည်သူလွှတ်တော် ပဉ္စမအစည်းအဝေးကို ရန်ကုန်မြို့ ပြည်သူ လွှတ်တော် အစည်းအဝေး ခန်းမ၌ အောက်တိုဘာလ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပရာ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယု အမှုးပြုသော ပြည်သူလွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် ပြဋ္ဌာန်းခြင်း ငါးရပ်၊ ရွေးချယ်တင်မြှောက်ခြင်းတစ်ရပ်၊ ဆုံးဖြတ်ခြင်းတစ်ရပ်၊ အတည်ပြုခြင်းတစ်ရပ်၊ ဖွဲ့စည်းခြင်းတစ်ရပ်၊ မှတ်တမ်းတင်ခြင်း ကိုးရပ်နှင့် တင်ပြခြင်းနှစ်ရပ်ကို ဆောင်ရွက်ပြီးစီးသည်။

ဘွဲ့ထူးဂုဏ်ထူးများချီးမြှင့်ခြင်း–ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းပေးအပ်ထားသော လုပ်ပိုင်ခွင့်များအရ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွှတ်လပ်ရေး နေ့ တွင် အာ မိန့် ကြော် ငြာ စာ များ ထုတ် ပြန် ကာ ဘွဲ့တံဆိပ်တော်၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်များ ဆက်ကပ်လှူဒါန်းခြင်းနှင့် ချီးမြှင့်အပ်နှင်းခြင်းများပြုလုပ်ခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီး၏ ဝရီးစဉ်– မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥ က္က ဋ္ဌ ကြီး ဦး နေ ဝင်း သည် ၁၉၈၇ ခုနှစ် ဧပြီလ ၃ ရက်တွင် ပြည်ပခရီး ထွက်ခွာခဲ့သည်။ ပါတီဥက္ကဋ္ဌကြီးနှင့်အတူ ဇနီးဒေါ်နီနီမြင့်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးသူရဦးကျော်ထင်၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးမောင်ချို၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဥက္ကဋ္ဌရုံးမှ အရာရှိများ လိုက်ပါသွားကြသည်။ ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းနှင့်အဖွဲ့သည် မေ ၂၀ ရက်နေ့တွင် ပြည်ပခရီးမှ ပြန်လည်ရောက်ရှိသည်။

မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌကြီးဦးနေဝင်းသည် ပါတီဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး သူရဦးကျော်ထင်၊ ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်ကြီး စောမောင်၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများလိုက်ပါလျက် ဩဂုတ်လ ၂၆ ရက် မှ ၂၈ ရက် အထိ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း လှည့်လည်စစ်ဆေးခဲ့သည်။

လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး သူရဦးကျော်ထင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးစိန်ထွန်း၊ အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမောင်ချို၊ လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ဝန်ကြီး ဦးသန်းညွန့်၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်၊ မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဥက္ကဋ္ဌရုံးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိများလိုက်ပါလျက် စက်တင်ဘာလ ၂၈ ရက်မှ အောက်တိုဘာလ ၁ ရက်နေ့အထိ အနောက်မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်းရှိ ကင်းတားရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ကျွန်းချောင်းဓာတ်မြေဩာစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ပဆက်ဆံရေး – မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ အလည်အပတ်ရောက်ရှိလာသော ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လီဇာဘက်ဘုရင်မကြီး၏ သမီးတော်အား နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ၎င်းတည်းခိုရာ တက္ကသိုလ်ရိပ်သာလမ်းရှိ စိမ်းလဲ့ကန်သာညွှန်ကြေးဟာဌ် တော့ဆုံနှုတ်ဆက်ခဲ့သည်။ တစ်ဖန်နိုဝင်ဘာလ ၂၃ ရက် ညနေပိုင်းတွင် ဘုရင်မကြီး၏သမီးတော်အား ရန်ကုန်လေဆိပ် အထူး ဧည့်ခန်းဆောင်၌ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ ဘုရင်မကြီးနှင့်သမီးတော်နှင့်အဖွဲ့သည် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ပြန်လည်ထွက်ခွာသည်။



နိုင်ငံတော် သမ္မတကြီး ဦးစန်းယု၊ ဇနီး ဒေါ်သန်းရှိန်နှင့် အဖွဲ့ဝင်များအား ပြည်ထောင်စု သမ္မတ
ကျမန်နိုင်ငံ ဘာဗေးရီးယားပြည်နယ် ဝန်ကြီးချုပ် ဖရန့်စ် ကျိုးဇက်
စထရော့စ်က ဂုဏ်ပြုညစာစားပွဲဖြင့်
တည်ခင်းဧည့်ခံနေစဉ်

လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် အသက် ၆၀ ပြည့်မြောက်သည့် မွေးနေ့အထိမ်းအမှတ် ဓမ္မလက်ဆောင်တော်အဖြစ် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ်ကို ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်(ဂ)အား ပေးအပ်လှူဒါန်းရန် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ထွက်ခွာပြီး ယင်းနေ့ညနေ ၄း၃၀ နာရီတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဦးမောင်မောင်ခ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သို့ ဒီဇင်ဘာလ ၁၅ ရက်မှ ၁၆ ရက်အထိ ချစ်ကြည်ရေး ခရီးရောက်ရှိလာသော အိန္ဒိယ သမ္မတနိုင်ငံဝန်ကြီးချုပ်ရှရီရာဂျစ်ဂန္ဒီနှင့် အဖွဲ့အား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌကြီးဦးနေဝင်းနှင့် နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုတို့က ပြည်သူ့လုတ်တော် ဝင်းအတွင်းရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံကြသည်။

နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော် ကောင်စီဥက္ကဋ္ဌ ဦးစန်းယု၏ ဖိတ်ကြားချက်အရ ရိုမေးနီးယား ဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာနီကိုလိုင်ချောင်ရှက်စကူ၊ မဒမ်အဲလယ်နာချောင်ရှက်စကူနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အဖြစ် မတ်လ ၁၄ ရက်မှ ၁၆ ရက်အထိ အလည်အပတ် လာရောက်ခဲ့သည်။

ကိုရီးယားသမ္မတနိုင်ငံ သမ္မတကြီး ချန်ဒူးဝှမ်၏ ဖိတ်ကြားချက်အရ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုသည် ဇန်နဝါရီ ၁၄ ရက်မှ ၁၅ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံသို့ ဇွန်လ ၈ ရက်မှ ၁၂ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

ယူဂိုဆလားဗီးယား ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ ဦးသျှောင်အဖွဲ့ဥက္ကဋ္ဌ မစ္စတာလာဇာမို့ဂျင်ဆော့၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၀ ရက်မှ ၂၂ ရက်အထိလည်းကောင်း၊ ရိုမေနီးယား ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတကြီးမစ္စတာ နီကိုလိုင်ချောက်ရှက်စကူ၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၃ ရက်မှ ၂၇ ရက်အထိလည်းကောင်း၊ ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံ သမ္မတကြီး ဒေါက်တာရစ်ချက် ဗွန်ဗိုက်ဆက်ကာ၏ ဖိတ်ကြားချက်အရ အောက်တိုဘာလ ၂၈ ရက်မှနိုဝင်ဘာလ ၂ ရက်အထိ လည်းကောင်း အဆိုပါနိုင်ငံအသီးသီးသို့ နိုင်ငံတော်သမ္မတကြီးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစန်းယုလည်ဇနီးဒေါ်သန်းရှိန်နှင့်အတူ အဖွဲ့ဝင်များလိုက်ပါလျက် ညွှန့်သည်တော်အဖြစ် ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့သည်။ နိုင်ငံတော်သမ္မတကြီး ဦးစန်းယုနှင့် ဇနီးနှင့် အဖွဲ့သည် နိုဝင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် အဖွဲ့ဝင်များနှင့်အတူ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရမ်တင်ဆူလာနွန်ဒါ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ၈ ပြိုလ ၉ ရက်မှ ၁၁ ရက်အထိ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် အဖွဲ့ဝင်များနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတဆိုဟာတိုနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မဟာသီယာမိုဟာမက်၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံသို့ ဇွန်လ ၂၉ ရက်တွင်ရောက်ရှိ၍ မလေးရှားနိုင်ငံသို့ ဇူလိုင်လ ၄ ရက်တွင် ရောက်ရှိပြီး စင်ကာပူ သမ္မတနိုင်ငံမှ တစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့သည် ဇူလိုင်လ ၁၂ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကင်းလွတ်သီးနှံ – ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဝန်ကြီးအဖွဲ့က ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၁ ရက် နေ့စွဲပါ၊ အမိန့်ကြော်ငြာအမှတ် ၆/၈၇ ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့် ကြော်ငြာစာအရ စပါး၊ ပြောင်းဖူးစေ့၊ မတ်ပဲ၊ ပဲတီစိမ်း၊ ထောပတ်ပဲ၊ စွန်တာနီ၊ စွန်တာပြာ၊ ပဲစင်းငုံ၊ ပဲယဉ်း တို့ကို ကန့်သတ်သီးနှံအဖြစ်မှ ပယ်ဖျက် လိုက်သောကြောင့် စက်မှုကုန်ကြမ်း သီးနှံများဖြစ်သည့် ဝါ၊ ဂုန်လျော်၊ ကြက်ပေါင်စေး၊ ချက်ကြံတို့မှအပ ကင်းလွတ်သီးနှံ အားလုံးကို နိုင်ငံသားတိုင်းသည် ပဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့် ရရှိခဲ့သည်။

ပြည်တွင်းသုံးငွေ – ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၅ ရက် နေ့စွဲပါ အမိန့်အမှတ် ၁/၁၉၈၇ ကို ထုတ်ပြန်ခဲ့သည်။ ထိုအမိန့်အရ ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်မှ ထုတ် ၀၀ ထား သော နှစ် ဆယ့် ငါး ကျပ်တန်၊ သုံးဆယ့်ငါးကျပ်တန်နှင့် ခုနစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူတို့ကို စက်တင်ဘာလ ၅ ရက် စနေနေ့နံနက် ၁၁ နာရီ အချိန်မှစ၍ တရား၀င်ငွေအဖြစ်မှ ရပ်စဲခဲ့သည်။

ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်က ကိုးဆယ်ကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကိုလည်းကောင်း၊ လေးဆယ့်ငါးကျပ်တန် ငွေစက္ကူအမျိုးအစားသစ်ကိုလည်းကောင်း စက်တင်ဘာလ ၂၂ ရက်တွင် စတင်ထုတ်ဝေမည် ဖြစ်ကြောင်း စက်တင်ဘာလ ၁၅ ရက်နေ့တွင် ကြေညာခဲ့သည်။

ပင်လယ်နယ်နိမိတ် သဘောတူစာချုပ် – ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးရဲခေါင်နှင့် အိန္ဒိယ သမ္မတနိုင်ငံ ဘဏ္ဍာရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ရှရီနာရာရန် ဒတ်တီ ဝါရီ တို့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်နှင့် အိန္ဒိယ သမ္မတ နိုင်ငံတို့ချုပ်ဆိုကြသော အန်ဒမန်ပင်လယ်၊ ကိုကိုးရေလက်ကြားနှင့် ဘင်္ဂလားပင်လယ်အော်အတွင်း နှစ်ပြည်ထောင်ဆိုင်ရာ ပင်လယ်နယ်နိမိတ် သတ်မှတ်ရေး သဘောတူစာချုပ်အား အပြီးသတ်အတည်ပြုသည့် စာလွှာစာတမ်းများကို နယူးဒေလီမြို့တွင် စက်တင်ဘာလ ၁၄ ရက်နေ့က လဲလှယ်ခဲ့ကြသည်။ ဤသို့လဲလှယ်ခြင်းအားဖြင့် သဘောတူ စာချုပ်သည် စတင် အကောင်အထည် ပေါ်လာခဲ့သည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် – စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်မောင်နှင့် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် အုပ်ချုပ်ရေးမှူး မစ္စတာဝီလ်ဖ အိပ်ချ် ဒရက်ပါတို့သည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သို့ ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် မှ အထောက်အပံ့ပေးရေးဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို စက်တင်ဘာလ ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

ပြည်ပပို့ကုန် – ၁၉၈၆–၈၇ ခုနှစ်အတွက် ပြည်ပပို့ကုန်ကို ကျပ် ၄,၂၈၁ ဒသမ ၇သန်းဖိုး တင်ပို့ရန် လျာထားခဲ့ရာ ၁၉၈၇ ခုနှစ် မတ်လကုန်တွင် ကျပ်သန်း ၃,၁၃၀ သန်းဖိုး စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီး ကျပ် ၂,၄၃၂ ဒသမ ၇ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။ ၁၉၈၇–၈၈ ခုနှစ်တွင် ပြည်ပပို့ကုန်ကို ကျပ် ၃,၃၂၂ ဒသမ ၉ သန်းဖိုးတင်ပို့ရန် လျာထားခဲ့ရာ ၁၉၈၇ ခုနှစ် ဧပြီမှ ဇွန်လကုန်အထိ ကျပ် ၇၅၆ ဒသမ ၂ သန်းဖိုး စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီး ကျပ် ၃၂၉ ဒသမ ၄ သန်းဖိုး တင်ပို့နိုင်ခဲ့သည်။

လယ်ယာ – မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က အလေးပေးဆောင်ရွက်လျက်ရှိသည်။ အဓိကသီးနှံဖြစ်သော စပါးအပြင် ပဲမျိုးစုံ စသည့်သီးနှံများကို ပြည်တွင်း၌ ဝယ်လင်လင်စားသုံးနိုင်ရေးအတွက် တိုးချဲ့စိုက်ပျိုးလျက်ရှိသည်။ ဆီထွက်သီးနှံများနှင့် မီးဖိုချောင်သုံး သီးနှံများကို ပြည်တွင်းစားသုံးမှု ဖူလုံစေရန် စီမံချက်ချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်တွင်းတွင် တည်ဆောက်ထားသည့် စက်ရုံများအတွက် လိုအပ်သည့် စက်မှုကုန်ကြမ်းသီးနှံကို စက်ရုံများ၏ လိုအပ်ချက်နှင့်အညီ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက် ရှိသည်။ သီးနှံများ အထွက်နှုန်းတိုးရေးအတွက် အဓိကလိုအပ်သည့် ဓာတ်မြေဩဇာ၊ မျိုးကောင်းမျိုးသန့်၊ ပိုးသတ်ဆေး စသည့်ပံ့ပိုးမှု ပစ္စည်းများအပြင် ထွန်စက်၊ ရေစုပ်စက်နှင့် အခြားလယ်ယာသုံးပစ္စည်းကိရိယာများကို နိုင်ငံတော်က နှစ်စဉ် ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ပံ့ပိုးပေးလျက်ရှိသည်။ တောင်သူလယ်သမားများအား အတိုးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးစရိတ်များ ချေးငှားပေးလျက်ရှိသည်။ ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို တောင်သူလယ်သမားများ ပိုမိုထိရောက် ကျယ်ပြန့်စွာ အသုံးပြုလာရေးအတွက် စည်းရုံး ပညာပေးလျက်ရှိပေသည်။

သစ်တော – ၁၉၀၇ ခုနှစ်ပထမနှစ်ဝက်အတွင်းရောက်သစ်အနေနှင့် ကျွန်းသစ်လုံးတန်ပေါင်း ၁,၀၂၂,၅၀၀ ထုတ်လုပ်ရန် လျာထားခဲ့သည့်အနက် ကျွန်းသစ်လုံးတန်ပေါင်း ၁,၆၀,၅၀၅ တန် ထုတ်လုပ်ခဲ့သည်။ သစ်မာသစ်လုံး တန်ပေါင်း ၆,၉၉,၁၈၀ ထုတ်လုပ်ရန် လျာထားခဲ့သည့်အနက် သစ်မာသစ်လုံးတန်ပေါင်း ၂,၉၃,၀၉၇ တန် ထုတ်လုပ်ခဲ့သည်။ ကျွန်းသစ်တွင် လျာထားချက်၏ ၀၀ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ပြီး သစ်မာတွင် လျာထားချက်၏ ၄၂ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

သားငါး – သားငါးကဏ္ဍမှ ထုတ်လုပ်မှု တိုးတက်ပြီး ပြည်သူအများ အာဟာရဓာတ် ပြည့်ပြည့်ဝစားသုံးနိုင်ရေးအတွက် တိရစ္ဆာန်မွေးမြူရေးနှင့် ငါးပုစွန်ဖမ်းလုပ်ငန်းများကို သက်ဆိုင်ရာဒေသအသီးသီးတွင် စီမံချက်ချမှတ်ပြီး အကောင်အထည်ဖော်လျက်ရှိသည်။ ရေငန်ပုစွန်ဖမ်းဆီးရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ဖမ်းဆီးရမိသည့် ပုစွန်များအတွက် ပြုပြင်ထုတ်လုပ်ရေးရေယာဉ်များထားရှိကာ ပြည်ပသို့တင်ပို့နိုင်သည့် အဆင့်အထိ ပြုပြင်ထုတ်လုပ်လျက်ရှိသည်။ ရေချိုပုစွန်တုပ်ကြိုးများ မွေးမြူထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ ရေချိုငါးဖမ်းလုပ်ငန်းများနှင့် ပင်လယ်ကမ်း၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ငါးမွေးမြူရေးလုပ်ငန်းကို ခေတ်မီနည်းစနစ်များဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သတ္တု – ပထမနှစ်ဝက်အတွင်း ငွေ စင်ထရိုင်အောင်စ ၁,၅၇,၇၁၀ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၆ ဒသမ ၂၆၀၊ ခဲစင် မက်ထရစ်တန် ၂,၆၀၀၊ တန်ဖိုးငွေ ကျပ် သန်းပေါင်း ၉ ဒသမ ၂၅၀၊ သွပ် သတ္တုသန့်စင် မက်ထရစ်တန် ၃,၄၀၀ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၃ ဒသမ ၇၁၂၊ ကြေးနီသတ္တုသန့်စင် မက်ထရစ်တန် ၁၇,၅၀၀ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၁၇ ဒသမ ၉၅၇၊ ခ နောက်စိမ်း

မက်ထရစ်တန် ၃၀၆ တန်ဖိုးငွေ ကျပ်သန်းပေါင်း ဒသမ ၉၃၆၊ ခဲမဖြူသတ္တုစင် မက်ထရစ်တန် ၂၄၅ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၁၀ ဒသမ ၉၁၂၊ အဖြိုက်နက်သတ္တုသန့်စင် မက်ထရစ်တန် ၁၇၂ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၃ ဒသမ ဝ၄၁၊ ခဲမဖြူ၊ အဖြိုက်နက်၊ ရှိုးလိုက်ရောရာသန့်စင် မက်ထရစ်တန် ၆၂၀ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၄ ဒသမ ၅၂၁၊ အထူးသတ္တု (၂) ရွှေ ထရွိုင်အောင်စ ၈,၀၁၁ တန်ဖိုးငွေ ကျပ်သန်းပေါင်း ၂၁ ဒသမ ၇၇၇၊ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ခဲ့သည်။

စက်မှု – အမှတ် (၁) စက်မှုဝန်ကြီးဌာန စက်မှုကော်ပိုရေးရှင်းအား လုံး၏ ကုန် ထုတ် လုပ် မှု တန် ဖိုး မှာ ကျပ် ၁,၃၆၉ ဒသမ ၁၃ သန်းဖြစ်ပြီး ရောင်းချမှုတန်ဖိုးမှာ ကျပ် ၁,၄၁၃ ဒသမ ၉၃ သန်းဖြစ်သည်။ စက်မှုကော်ပိုရေးရှင်းများသည် တန်ဖိုးအားဖြင့် ကျပ် ၄၈ ဒသမ ၆၃ သန်းဖိုး ပြည်ပသို့တင်ပို့ခဲ့သည်။

စွမ်းအင် – ရေနံတွင်းသစ်များ တူးဖော်မှုလုပ်ငန်းများကို ကမ်းလွန်တွင်းတူးစက်အပါအဝင် တွင်းတူးစက်များဖြင့် ဆောင်ရွက်လျက်ရှိရာ ထောက်ရှာပင်ရေနံမြေတွင် ၂၁ စက်၊ မန်းရေနံမြေတွင် လေးစက်၊ ပြည် ရေနံမြေတွင် လေးစက်၊ ရေနံချောင်းရေနံမြေတွင် တစ်စက်၊ ချောက်ရေနံမြေတွင် တစ်စက်၊ မြန်အောင်ရေနံမြေတွင် တစ်စက်၊ ရွှေပြည်သာရေနံမြေတွင် သုံးစက်၊ ထန်းတပင်တွင် တစ်စက်၊ ဘုရားကုန်းတွင် နှစ်စက်၊ မြင်းကကုန်းတွင် တစ်စက်၊ ထိန်ကျွန်းတွင် တစ်စက်၊ ပျားရည်တွင် တစ်စက်၊ ရေနံမတွင် တစ်စက်၊ မြင်းမူတွင် တစ်စက် တို့ဖြင့် ရေနံဖွံ့ဖြိုးရေးတွင်းများနှင့် အစမ်းတွင်းများကို တူးဖော်စမ်းသပ် ထုတ်လုပ်လျက်ရှိသည်။

လူမှုရေး – ပညာရေးကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပညာရေးမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ပဉ္စမလေးနှစ်စီမံကိန်းကာလ ပထမနှစ်ဖြစ်သော ၁၉၇၆–၇၇ ခုနှစ်အတွက် တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားသည့် အထက်တန်းကျောင်း ၂၅ ကျောင်း၊ အလယ်တန်းကျောင်း ၇၀ နှင့် မူလတန်းကျောင်း ၂,၀၀၀ ဒုတိယနှစ်ဖြစ်သော ၁၉၇၇–၇၈ ခုနှစ်အတွက် တိုးချဲ့ဖွင့်လှစ်ရန် ရည်မှန်းထားသည့် အထက်တန်းကျောင်း ၂၅ ကျောင်း၊ အလယ်တန်းကျောင်း ၇၀ နှင့် မူလတန်းကျောင်း ၂,၀၀၁ ကျောင်းတို့ကို တိုးချဲ့ဖွင့်လှစ်ရေး အတွက် ဆောင်ရွက်လျက်ရှိသည်။

ပြည်သူတစ်ရပ်လုံး ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ရောဂါကုသရေး၊ ကာကွယ်ရေးနှင့် ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် ကုသရေးကဏ္ဍအနေဖြင့် ရန်ကုန် ပြည် သူ ဆေးရုံကြီးတွင် ကင်ဆာရောဂါကုသရေး ခေတ်မီစက်သစ်တစ်လုံးနှင့် ရန်ကုန်မြို့ပေါ်ရှိ အထွေထွေနှင့် အထူးကု ဆေးရုံကြီးသုံးရုံ၌ အခြားရောဂါရှာဖွေရေး ခေတ်မီစက်ကိရိယာများကို တိုးချဲ့တပ်ဆင်ပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်/တိုင်း ပြည်သူ့ဆေးရုံကြီးများနှင့် အခြားမြို့နယ်ဆေးရုံ ၁၃၇ ခု တို့၌လည်း ခဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများကို တိုးချဲ့တပ်ဆင်ပေးပြီး ဆေးရုံပေါင်း ၆၈ ရုံတွင် ဓာတ်မှန်စက်များတပ်ဆင်ရန်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံထုတ် စာအုပ်စာတမ်းများ (၁၉၇၇)

။ ။ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ ၁၉၇၇ ခုနှစ် အောက်တိုဘာလအထိ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိ စာပေစိစစ်ရေးဌာနခွဲ၊ အထွေထွေဦးစီးဌာနက စာပေနှင့်စာနယ်ဇင်းဆိုင်ရာ မူဝါဒများနှင့်အညီ စိစစ်၍ ပုံနှိပ်ထုတ်ဝေခဲ့သော စာအုပ်စာတမ်းပေါင်း ၁,၇၃၇ အုပ် ရှိသည်။ အမျိုးအစားခွဲလိုက်ပါက အောက်ပါအတိုင်း တွေ့ရသည်။

(၁)	နိုင်ငံရေး	၂	အုပ်
(၂)	ဘာသာရေး	၄၈၆	။
(၃)	ပင်ကိုရေးလုံးချင်းဝတ္ထု	၃၃၆	။
(၄)	ဘာသာပြန်လုံးချင်းဝတ္ထု	၅၂	။
(၅)	တရုတ်သိုင်းဘာသာပြန် လုံးချင်းဝတ္ထု	၉၇	။
(၆)	ရုပ်ပြကာတွန်းလုံးချင်းစာအုပ်	၄၉၆	။
(၇)	ပညာရေး	၄၁	။
(၈)	ကျန်းမာရေးနှင့်အားကစား	၂၃	။
(၉)	သိပ္ပံ	၁	။
(၁၀)	စက်မှုလက်မှု	–	။
(၁၁)	စိုက်ပျိုးမွေးမြူ	၅	။
(၁၂)	သမိုင်းနှင့် အတ္ထုပ္ပတ္တိ	–	။
(၁၃)	လက္ခဏာ၊ ဗေဒင်	၃၃	။
(၁၄)	ယဉ်ကျေးမှုအနုပညာ	၈၉	။
(၁၅)	ဘာသာစကား	၄	။
(၁၆)	တွေးခေါ်မြော်မြင်ရေး	၁၅	။
(၁၇)	ကဗျာသီချင်း	၇၄	။
(၁၈)	တရားဥပဒေ	၁၈	။
(၁၉)	လူငယ်နှင့် ကလေးစာပေ	၃	။
(၂၀)	အထွေထွေ	၅၂	။
	စုစုပေါင်း	၁၈၃၇	။

၁၉၀၇ ခုနှစ် အောက်တိုဘာလအတွင်း နိုင်ငံရေး စာအုပ် နှစ်အုပ်သာ ထွက်ရှိခဲ့ရာ ယင်းအနက် တစ်အုပ်မှာ ပြန်လည်ရိုက်နှိပ်ထုတ်ဝေသော စာအုပ်ဖြစ်ပြီး ပြည်တွင်းနိုင်ငံရေးရာများကို သမိုင်းကြောင်းဖြင့် ပြုစုထားသည်။

ဘာသာရေးစာအုပ်ပေါင်း ၄၀၆ အုပ် ထွက်ရှိခဲ့ပြီး အများစုမှာ ဗုဒ္ဓဘာသာစာအုပ်များဖြစ်သည်။ ဒုတိယ အများဆုံး ထွက်ရှိသည့် ဘာသာရေးစာအုပ်မှာ ခရစ်ယာန်ဘာသာရေးစာအုပ်ဖြစ်သည်။ အစ္စလာမ်နှင့် ဟိန္ဒူ ဘာသာရေးစာအုပ်များမှာ တတိယနှင့် စတုတ္ထ အဆင့်များတွင် ရှိသည်။ ဘာသာရေးစာအုပ်များကို တစ်လလျှင် ၄၀ အုပ်ခန့် ထုတ်ဝေကြသည်။ ယင်းစာအုပ်များအနက် ဗုဒ္ဓဓမ္မလောက၊ ဓမ္မဗျူဟာ၊ ရတနာမွန်၊ မြတ်မင်္ဂလာ စာစောင် စာအုပ်များမှာ အခြိန်မှန်ထုတ်များဖြစ်ပြီး ဥဉ္ဇော်လင်း ဓမ္မစာပဒေသာ၊ မြတ်မွန်ရတနာ၊ မြတ်ရတနာ၊ ဓမ္မစာသဘင်နှင့် ဓမ္မကြေးမုံတို့မှာ တင်ထုတ် စာအုပ်စာစောင်များ (စာပေစိစစ်ရေးဌာနခွဲသို့ စာမူကြိုတင်ပြီးမှ ထုတ်ဝေခွင့်ရသော စာအုပ်များ) ဖြစ်သော်လည်း အခြိန်မှန်ထုတ်ကဲ့သို့ပင် လစဉ် ထွက်လေ့ရှိသည့် ဘာသာရေး စာအုပ်စာစောင်များ ဖြစ်သည်။ ခရစ်ယာန်ဘာသာရေး စာအုပ်များတွင်လည်း အခြိန်မှန်ထုတ် စာအုပ်စာစောင်များရှိသည်။ အစ္စလာမ်ဘာသာရေး စာအုပ်စာစောင်များအနေဖြင့် အခြိန်မှန်ထုတ်များ မရှိသေးချေ။ ဟိန္ဒူဘာသာတွင် သစ္စာရောင်ခြည်မှာ အခြိန်မှန်ထုတ် စာစောင်ဖြစ်သည်။ ဘာသာရေးစာအုပ်များတွင် အခြိန်မှန်ထုတ်ဘာသာရေးစာအုပ်များ၊ ဘုရားသမိုင်းများ၊ ဆရာတော်များ၏ ထေရပွတ္တိများ၊ ဆယ်စောင်တွဲ စာအုပ်များသည် အများဆုံး ထုတ်ဝေသည့် စာအုပ်များဖြစ်သည်။

ဝတ္ထု စာအုပ် များတွင် ပင်ကိုရေး ၃၃၆ အုပ် ဘာသာပြန် ၅၂ အုပ်နှင့် တရုတ်သိုင်း ဘာသာပြန် စာအုပ် ၉၇ အုပ် ထုတ်ဝေခဲ့သည်။ ပျမ်းမျှ တစ်လ ဝတ္ထု ၄၀ အုပ် ထွက်ရှိသည်။ ဝတ္ထုများအနက် ပင်ကိုရေး ဝတ္ထုအများဆုံးထွက်ရှိပြီး ပင်ကိုရေးဝတ္ထုများတွင် မေတ္တာဘွဲ့အချစ်ဝတ္ထုမှာ အများဆုံးဖြစ်သည်။

၁၉၀၇ ခုနှစ် အောက်တိုဘာလအထိ ရုပ်ပြနှင့် ကာတွန်းစာအုပ်ပေါင်း ၄၉၆ အုပ် ထုတ်ဝေခဲ့ရာ ပျမ်းမျှ တစ်လ ၄၉ အုပ်ခန့် ထွက်ရှိသည်။ ပညာရေးစာအုပ် ၄၁ အုပ် ထွက်ရှိခဲ့ပြီး ယင်းစာအုပ်များအနက် အများစုမှာ အင်္ဂလိပ်ဘာသာ သင်ကြားရေး အထောက်အကူပြု စာအုပ်များ ဖြစ်သည်ကို တွေ့ရှိရသည်။ ကျန်းမာရေးနှင့် အားကစားစာအုပ် ၂၃ အုပ် ထွက်ရှိခဲ့ပြီး အများစုမှာ ကျန်းမာရေး ပညာပေးစာအုပ်များ ဖြစ်သည်။

၁၉၀၇ ခုနှစ် အောက်တိုဘာလအထိ သိပ္ပံစာအုပ် တစ်အုပ်သာ ထွက်ရှိခဲ့ပြီး ၎င်းမှာ ရှေးခေတ် မြန်မာသိပ္ပံကျမ်းစာအုပ်ဖြစ်သည်။ စိုက်ပျိုး မွေးမြူရေး စာအုပ် ငါးအုပ်ထွက်ရှိခဲ့ရာ လယ်ယာစိုက်ပျိုးရေး အဓိကထားသည့်နိုင်ငံအနေဖြင့် စိုက်ပျိုးမွေးမြူရေးစာအုပ် အထွက်နည်းသည်။ ယဉ်ကျေးမှုအနုပညာဆိုင်ရာစာအုပ် ၈၃ အုပ် ထွက်ရှိခဲ့သည်။ သို့ရာတွင် အများစုမှာ ရုပ်ရှင်သတင်းစာအုပ်များသာ ဖြစ်သည်။ လူငယ်နှင့် ကလေးစာပေ စာအုပ် သုံးအုပ်သာ ထွက်ရှိခဲ့ရာ ပုံပြင်စာအုပ်များကများသည်ကို တွေ့ရှိရသည်။ ၁၉၀၇ ခုနှစ် အောက်တိုဘာလအထိ စက်မှုလက်မှုစာအုပ် ထုတ်ဝေခဲ့ခြင်း မရှိသေးချေ။

အခြိန်မှန်ထုတ် စာနယ်ဇင်းပေါင်း ၄၆ မျိုးရှိသည်။ ယင်းအနက် လစဉ်ထုတ်မဂ္ဂဇင်း ၃၃ မျိုး၊ အပတ်စဉ်ထုတ် စာစောင်ရှစ်မျိုး၊ ၁၅ ရက်တစ်ကြိမ်ထုတ် စာစောင် သုံးမျိုးနှင့် လခြားထုတ်စာစောင် မဂ္ဂဇင်းနှစ်မျိုး ပါဝင်သည်။ အခြိန်မှန်ထုတ် စာနယ်ဇင်းများသည် စက္ကူအခက်အခဲကြောင့် စောင်ရေကျဆင်းသွားသည်ကို တွေ့ရှိရပေသည်။

မြန်မာ့ကလေးပန်းချီ။ ။နိုင်ငံတကာ ကလေးပန်းချီပြိုင်ပွဲများ၌ မြန်မာလူငယ်ကလေးများသည် အောင်ပန်းများထပ်ဆင့်ဆွတ်ခူးလျက် အမိနိုင်ငံတော်၏ ဂုဏ်ကျက်သရေကို ဖော်ဆောင်နေကြသည်။ မြန်မာ့ကလေးပန်းချီသည်ကမ္ဘာ့ကလေးပန်းချီလောကတွင် ထည်ဝါစွာရပ်တည်လျက်ရှိသည်။ မြန် မာ့ ပန်း ချီ အနုပညာရှင်ကလေးများသည် အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်ခန့်မှ စတင်၍ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပသော ရှန်ကာအပြည်ပြည်ဆိုင်ရာကလေးပန်းချီပြိုင်ပွဲတွင် ပွဲဦးထွက်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ဆုများဆွတ်ခူးနိုင်ခဲ့ကြသည်။

ရှန်ကာအပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲကြီးကို ၁၉၄၇ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ၌ ကမ္ဘာတွင် သက်တမ်းအရင့်ဆုံး ပြိုင်ပွဲကြီး ဖြစ်သကဲ့သို့ အဆင့်အတန်းမြင့်မားလှသော ပြိုင်ပွဲကြီးအဖြစ်လည်းရပ်တည်လျက် ရှိသည်။

မျက်မှောက်ကာလတွင် တိုးတက်ခေတ်မီသော ကမ္ဘာ့နိုင်ငံအသီးသီး၌ ပန်းချီအနုပညာကို မိမိတို့၏ပညာရေး အစီအစဉ်များ၌ စနစ်တကျ ထည့်သွင်းထားကြပေသည်။ အချို့နိုင်ငံများ၌မူ ပန်းချီအနုပညာကို သမားရိုးကျပညာရေးအထောက်အကူပြု အဆင့်ထက် မြင့်မားသော ရည်ရွယ်ချက်များဖြင့် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုအနုပညာ ပေါင်းကူးဆက်သွယ်မှု၊ အသိအမြင်အတွေးအခေါ် နှီးနှောဖလှယ်မှု၊ နိုင်ငံတကာ ပြည်သူအချင်းချင်း ချစ်ကြည်လေးစားမှု၊ နားလည်မှု စသည့်နယ်ပယ်အသီးသီးတွင် ပန်းချီအနုပညာ၏ အစွမ်းသတ္တိကို နက်ရှိုင်းစွာဖော်ထုတ်၍ အသုံးချလျက်ရှိပေသည်။

ယခုအခါ နိုင်ငံတကာကလေးပန်းချီပြိုင်ပွဲကို ကမကထပြု၍ ကျင်းပပေးသောနိုင်ငံများ တိုးပွားလျက်ရှိသည်။ ယင်းတို့အနက် မြန်မာ့ကလေးများ ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသည့် ပြိုင်ပွဲအချို့မှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ကျင်းပသည့် ရှန်ကာအာပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် ကျင်းပသော ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲ၊ ဂျပန်နိုင်ငံတိုကျိုမြို့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ၊ ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့တွင် ကျင်းပသည့် ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲ၊ အီတလီနိုင်ငံ ရောမမြို့တွင်ကျင်းပသည့် ကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲ၊ ချက်ကိုစလိုဗက်ကီးယားနိုင်ငံ လိုင်ဒစ်မြို့၌ ကျင်းပသော နိုင်ငံတကာကလေးပန်းချီ အနုပညာလက်ရာပြိုင်ပွဲတို့ဖြစ်ကြသည်။ ဤပြိုင်ပွဲများသည် မြန်မာ့ကလေးများ ပါဝင်ယှဉ်ပြိုင်မှု အများဆုံးဖြစ်သလို အောင်မြင်မှုလည်း အရရှိဆုံးပြိုင်ပွဲများဖြစ်ကြသည်။

ဆိုဗီယက်ယူနီယံ၊ ဟန်ဂေရီ၊ ယူဂိုစလားဗီးယား၊ ဗဲလ်ဂျီယံ၊ ပိုလန် စသည့် နိုင်ငံများ၌ ကျင်းပသော ပြိုင်ပွဲများ၌လည်းအခါအားလျော်စွာပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာကလေးပန်းချီ ပညာရှင်ကလေးများသည် မိမိတို့၏ ထက်မြက်တောက်ပြောင်သော အနုပညာအရည်အသွေးများဖြင့် အောင်မြင်မှုမှတ်တိုင်များ အဆက်မပြတ်စိုက်ထူလျက် ရှိကြောင်းကို မိမိတို့ ဆွတ်ခူးရရှိခဲ့သည့် အောင်မြင်မှုတံဆိပ်များက ခိုင်မာစွာ ပြသစိုက်ထူလျက်ရှိသည်။

ယခုအထိပြိုင်ပွဲအကြိမ်ပေါင်း ၇၁ ကြိမ်ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ်ဆု ၆၉ ဆု၊ ငွေတံဆိပ်ဆု ၃၀၇ ဆု၊ ကြေးတံဆိပ်ဆု ၁၂၀ ဆု၊ ဂုဏ်ထူးဆောင်ဆု ဂဂဝ ဆု၊ စုစုပေါင်း ၁,၃၀၄ ဆု ဆွတ်ခူးရရှိထားပြီးဖြစ်လေသည်။

၁၉၈၆–၈၇ ပညာသင်နှစ်အတွင်း ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာ ကလေးပန်းချီပြိုင်ပွဲ လေးခုတွင် မြန်မာကျောင်းသား လူငယ်များသည် ရွှေတံဆိပ်ငါးဆု၊ ငွေတံဆိပ် ၁၀ ဆု၊ ကြေးတံဆိပ် ၁၆ ဆုနှင့် ဂုဏ်ထူးဆောင်ဆု ကိုးဆု စုစုပေါင်း ၄၀ ဆု ဆွတ်ခူးခဲ့သည်။

ရန်ကုန်မြို့ အထက (၃) ဒဂုံမှ မနှင်းယဉ်နွယ် ၁၂ နှစ်နှင့် မလှတင်အေး ၁၀ နှစ်တို့က ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သည့် စတုတ္ထအကြိမ် ကနာကဝါကမ္ဘာ့ကလေးပန်းချီပြိုင်ပွဲကြီး၌ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိခဲ့သည်။

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပခဲ့သည့် ၁၇ ကြိမ်မြောက် နိုင်ငံတကာကလေးပန်းချီပြိုင်ပွဲကြီး၌လည်း မလဲ့လဲ့ဝင်း (၆) နှစ်၊ ဘမက (၂) မန္တလေး၊ မအေးအေးအောင် (၉)နှစ် အလက (၃) မန္တလေးနှင့် မောင်လမင်းထွန်းတို့က ရွှေတံဆိပ်ဆုများဆွတ်ခူးခဲ့သည်။ ဤရွှေတံဆိပ်သုံးခုအနက် မလဲ့လဲ့ဝင်း ရရှိခဲ့သော ရွှေတံဆိပ်ဆုမှာ (Dancing) အမည်ရှိ ပန်းချီကားဖြင့် ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး အထူးရွှေတံဆိပ်ဆု (Supreme Gold Award) ဖြစ်သည်။

ကမ္ဘာ့နိုင်ငံကြီးများနှင့် ပခုံးချင်းယှဉ်၍ မိမိတို့၏ အနုပညာဗီဇစွမ်းရည်ကို အဆင့်မီမီ ဖော်ထုတ်ပြသနိုင်သော မြန်မာကလေးများ၏ မဆုတ်မနစ်သော ကြိုးပမ်းအားထုတ်မှုကို ပြည်သူအပေါင်းက နှစ်ထောင်းအားရလျက် ရှိကြပေသည်။

မြန်မာ့ ရုပ်မြင်သံကြား။ ။နိုင်ငံတော်နှင့် လုပ်သားပြည်သူများအကြား နိုင်ငံတစ်ခုနှင့် တစ်ခုအကြားနှင့် ပြည်သူနှင့် ပြည်သူများ အကြား စည်းရုံးရန်၊ လှုံ့ဆော်ပညာပေးရန်နှင့် ဖျော်ဖြေရန် လူထု ဆက်သွယ်ရေးနည်းလမ်းများရှိသည့်အနက် ရုပ်မြင်သံကြားသည် ခေတ်လည်းမီ၍ အထိ ရောက်ဆုံးလည်းဖြစ်သော နည်းလမ်းတစ်သွယ်အဖြစ် ရပ်တည် နေပေသည်။

ယခုအခါကမ္ဘာပေါ်တွင် ရောင်စုံရုပ်မြင်သံကြား ထုတ်လွှင့်သည့်စနစ် သုံးမျိုးရှိသည်။ အမေရိကန်နိုင်ငံမှ အင်န်တီအက်စ်စီ (NTSC) စနစ်၊ ပြင်သစ်မှ ဆီကမ် (SECAM) စနစ်နှင့် ဂျာမနီမှ ပါးလ် (PAL) စနစ်တို့ဖြစ်ကြသည်။ သက်ဆိုင်ရာစနစ်ဖြင့်လွှင့်ထုတ်သော အစီအစဉ်များကို သက်ဆိုင်ရာစနစ်အတွက် ဖမ်းယူရန်ပြုလုပ်ထားသည့် စက်ဖြင့်သာ ဖမ်းယူနိုင်သည်။ ရောင်စုံရုပ်မြင်သံကြားတွင် အပြာ၊ အစိမ်းနှင့် အနီရောင်များ သည် အရင်းခံအရောင်များ ဖြစ်ကြသည်။ ယင်းတို့မှ ဆင့်ပွား၍ အခြားအရောင်များ လွှင့်ထုတ်ကြရသည်။

မြန်မာနိုင်ငံတွင်လည်း ဂြိုဟ်တု ဆက်သွယ်ရေးစနစ်ကြောင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများ၌ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပြီး တစ်ဖန် ရုပ်မြင်သံကြား ဆက်သွယ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက် အကောင်အထည်ဖော်နိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ရုပ်မြင်သံကြား စတင်ထုတ်လွှင့်ရန် ဂျပန်ဖောင်ဒေးရှင်းက အကူအညီပေးသော ယန်းဇွေသန်းပေါင်း ၃၅၀ (ကျပ် ၁၁၅ ဒသမ ၅ သိန်း) ဖိုးရှိ ရုပ်မြင်သံကြားလုပ်ငန်းဆိုင်ရာ စက်ပစ္စည်း

ကိရိယာများနှင့် လက်မ ၂၀ အရွယ် ရောင်စုံရုပ်မြင်သံကြားအလုံး ၁၀၀ ဖြင့် စတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ပြန်ကြားရေးနှင့်အသံလွှင့်ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် အကြီးစား စက်မှုလုပ်ငန်းကော်ပိုရေးရှင်းမှ အင်ဂျင်နီယာများသည် ဂျပန်နိုင်ငံမှ အင်ဂျင်နီယာများနှင့်အတူ ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလမှစ၍ စက်များတပ်ဆင်ခြင်းကို ဆောင်ရွက်ခဲ့ကြရာ ဖေဖော်ဝါရီလအတွင်း ပြီးစီးခဲ့သည်။ ထို့နောက် ဇွန်လ ၃ ရက်နေ့မှ စတင်ကာ ည ၈ နာရီမှ ၉ နာရီအထိ တစ်နာရီကြာစမ်း သပ် ထုတ်လွှင့်ခဲ့သည်။ ဆက်လက်၍ ဇွန်လ ၁၁ ရက်မှစပြီး ၁၅ မိနစ် တိုးခဲ့၍ ထုတ်လွှင့် ခဲ့သည်။ ထို့နောက် ဩဂုတ်လ ၁၁ ရက်နေ့မှ စတင်ကာ ရုပ်ရှင်အစီအစဉ်များ ထုတ်လွှင့်ပေးခဲ့ပြီး တဖြည်းဖြည်း တိုးခဲ့၍စီစဉ် ထုတ်လွှင့်ခဲ့ရာ ယခုအခါ တစ်နေ့ပျမ်းမျှ သုံးနာရီကျော်ခန့် ထုတ်လွှင့်လျက်ရှိသည်။

ထိုသို့လွှင့်ရာတွင် အသံများလွှင့်ရာ၌ သယ်ဆောင်ပေးသော လေလှိုင်းမျိုးကိုမသုံးဘဲ အလွန် မြင့် ကြိမ်နှုန်း (VHF) နှင့် ထိပ်ဆုံးမြင့်ကြိမ်နှုန်း (UHF) တို့ကို သုံးစွဲသည်။ ထိလိုင်းသည် ပို၍တည်သည့်နေရာမှ တည့်တည့်သို့ပြေးသွားသဖြင့် ဝေးဝေးမသွားနိုင်ဘဲ အမြင့်ဆုံးကောင်းကင်ကြိုးတိုင်တစ်တိုင်မှ မိုင် ၄၀ ပတ်လည်အတွင်းသာ ဖမ်းယူနိုင်သည်။ ထို့ကြောင့် ထပ်ဆင့်လွှင့်ရုံများတည်ဆောက်ကာ ဆက်လက်သယ်ဆောင် ဖမ်း ယူ လွှင့်ထုတ်ရသည်။

ရုပ်မြင်သံကြားပုံပေါ်ပုံမှာ ရုပ် မြင် သံ ကြား စက်၏ ပြကွက်ပေါ်တွင်ထင်လာသည့် ရုပ်ပုံလွှာသည် မြန်မာနိုင်ငံ၌သုံးစွဲနေသည့် အင်္ဂါ တီ အက်စ် စီစနစ်အရ ၅၂၅ ကြိမ် ရုပ်ပုံပမာဏရှိသော အလင်းရောင်နှင့် အမည်း ပြောက်ငယ်များဖြင့် တည်ဆောက်ထားသည်။ အီလက် ထရွန် ရောင်ခြည်တန်းသည် ၅၂၅ ကြိမ် ရုပ်ပုံလွှာကို အလျားလိုက်၊ ဒေါင်လိုက်ပြေးလွှားကာ တစ်စက္ကန့်တွင် အကြိမ် ၃၀ ဖြစ်ပေါ်နေစေသည့်အတွက် ကြည့်သူက လှုပ်ရှားနေသောပုံများအဖြစ် မြင်နေရခြင်း ဖြစ်သည်။

ရုပ်မြင်သံကြားအစီအစဉ်တွင် အရေးပါသောလုပ်ငန်းတစ်ခုမှာ ဗွီတီအာနှင့် ဗွီစီအာခေါ် ရုပ်ရှင်ကဲ့သို့ အရုပ်ရောအသံပါ ရိုက်ကူးအသံသွင်းနိုင်သည့် စက်များပင်ဖြစ်သည်။

ဗွီတီအာနှင့်ဗွီစီအာမှာ ရိုက်ပြီးဖလင်ကို ဆေးဖို့မလိုဘဲ ရိုက်ပြီးသည်နှင့်ကြည့်ရှုနိုင်သည်။ တည်းဖြတ်ရာတွင် လွယ်ကူသည့်စက် ဖြစ်ပေသည်။ ဖျက်ပြီးအကြိမ်တစ်ရာလောက်အထိ ပြန်သုံး၍ရနိုင်သည့်အတွက် ရုပ်မြင်သံကြားလုပ်ငန်းတွင် များစွာအထောက်အကူရရှိပေသည်။

ရုပ်ရှင်ပြသခန်းတွင် ရုပ်ရှင်ပြစက်၊ ရုပ် သေ ပြ စက်များရှိသည်။ ယင်းအခန်းမှ ပြလိုက်သောရုပ်ရှင်၊ တိပ်ခွေတို့ကို ကွပ်ကဲခန်းမှတစ်ဆင့် လွှင့်စက်သို့ပို့ကာ ထုတ်လွှင့်ရခြင်းဖြစ်သည်။ ထိုအခန်းနှင့်ကပ်လျက်တွင် တည်းဖြတ်ခန်း၊ ဖလင်နှင့် တိပ်ခွေထိန်းခန်း၊ အစီအစဉ်ဌာနစိတ်နှင့် စက်ဘက်ဌာနစိတ်တို့ ရှိကြပြီး ဆိုင်ရာ ဝန်ထမ်းများကမိမိတို့ လုပ်ငန်းများကို စနစ်တကျ စီစဉ် ဆောင်ရွက်ကြရသည်။ ဗဟိုကွပ်ကဲ ခန်းထဲတွင် ခေတ်ပြား ဖွင့်စက်၊ တိပ်ခွေဖွင့်စက်နှင့် စက်ခလုတ်ခုံများ၊ ရုပ်မြင်သံကြားပြစက်များ အစီအရီ ထားရှိသည်။

ဗဟိုကွပ်ကဲခန်းသည် ရုပ် မြင် သံ ကြား လုပ် ငန်း၏အသက်ဖြစ်သည်။ ထိုအခန်းထဲတွင် ထုတ်လုပ်ရေးမှူး၊ ခလုတ်ထိန်းအင်ဂျင်နီယာနှင့် အသံဘက်ဆိုင်ရာ အင်ဂျင်နီယာများက လိုအပ်သလို အရုပ်နှင့်အသံများ ကြည့်လင်ပီသအောင် အ နု ပ ညာ သ ဘော များ ပေါ်လွင်အောင် စက်ကရိယာများအကူအညီဖြင့် ပေါင်းစပ် ထုတ်လွှင့်ပေးရသည်။

ရုပ်မြင်သံကြား ထုတ်လွှင့်ရာတွင် သတင်းကြေညာခြင်းကဲ့သို့သော အစီအစဉ်များကို တိုက်ရိုက်ထုတ်လွှင့်ပြီး ရုပ်ရှင်ဖလင်နှင့် ဗီဒီယိုတိပ်ခွေဖြင့် ကြိုတင်ရိုက်ကူးသင့်ယူထားသည်တို့ကို ရုပ်ရှင်ပြစက်နှင့် ဗီ ဒီ ယို ပြစက်များဖြင့် ပြန်လည်ရိုက်ကူးထုတ်လွှင့်ပေးသည်။ ထို့အပြင် ဘောလုံးပွဲ၊ ချိတက်ပွဲ စသည့် ပြင်ပလှုပ်ရှားမှု အစီအစဉ်များကို တိုက်ရိုက်ထုတ်လွှင့်နိုင်ရန် ပြင်ပအစီအစဉ်ထုတ်လွှင့်ရေးမော်တော်ယာဉ်ကို အသုံးပြုသည်။ ထိုမော်တော်ယာဉ်သည် အသေးစားရုပ်မြင်သံကြားထုတ်လွှင့်ရာ ဌာ နပင် ဖြစ်သည်။ ကင်မရာများကရိုက်ကူးလိုက်သော အသံနှင့် ရုပ်ပုံတို့ကို အသံထိန်း၊ ရုပ်ထိန်းစက်များဖြင့် လိုအပ်သလို ပြုပြင်ထိန်းချုပ်ပြီး လွှင့်ထုတ်ပေးသည်။ မြန်မာနိုင်ငံတွင်လည်း ကျပ်သိန်း ၈၀ တန် ဖိုး ရှိ သည့် ထုတ် လုပ် ရေးမော်တော်ယာဉ်တစ်စီးရှိပြီး အစီအစဉ်များကို အခါအားလျော်စွာ ရိုက်ကူးထုတ်လွှင့်လျက်ရှိသည်။

ရုပ်မြင်သံကြား စတူဒီယိုအဆောက်အအုံသစ်ကြီးကို ယန်းသန်းငွေပေါင်း ၃,၀၁၀ (ကျပ် ၉၉၉ ဒသမ ၃၀ သိန်း) အကုန်အကျခံ၍ ၁၉၇၂ ခုနှစ် ဒီဇင်ဘာလမှ စတင်တည်ဆောက်ခဲ့ရာ ပြီးစီးသွား၍ ယခုအခါ အစီအစဉ်များ စတင်ရိုက်ကူး ထုတ်လွှင့်နေပြီဖြစ်သည်။ ထိုအဆောက်အအုံကြီးထဲတွင် ရုပ်မြင်သံကြားရိုက်ကူးသည့် စတူဒီယို နှစ်ခန်း၊ သတင်းဆွေးနွေးချက်စသည်တို့ရိုက်ကူးရန် စတူဒီယိုတစ်ခန်း၊ တည်းဖြတ်ခန်း၊ရုပ်ရှင်ပြခန်း၊ကွပ်ကဲခန်းများ၊ အစမ်းလေ့ကျင့်ရန်အခန်းများ၊ အဝတ်အစားလဲခန်းနှင့်၊ မိတ်ကပ်ခန်းများပါရှိသည်။

မြန်မာ့ရုပ်မြင်သံကြား

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်မှ ထုတ်လွှင့်ပေးလျက်ရှိသော အစီအစဉ်များမှာ သတင်း နှင့် တစ် ပတ် အတွင်းသတင်းစဉ်များနှင့် ဇာတ်လမ်းများ၊ တေးဂီတ (ကာလပေါ် စတိမ်ရီယို)၊ နှောင်းခေတ်တေးမွှန်နှင့်သီချင်းကြီး၊ ဇာတ်၊ သဘင်၊ အငြိမ့်၊ အကပဒေသာ (နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရ နိုင်ငံခြားမှ လာရောက်သီဆိုကပြသည့် ယဉ်ကျေးမှုအဖွဲ့များအပါအဝင်)၊ ပညာပေးအစီအစဉ်(စက်ရုံ၊ အလုပ်ရုံ၊ ဒေသန္တရဗဟုသုတ)၊ မှတ်တမ်းတင်ခြင်းများ (နိုင်ငံအကြီးအကဲများ၏ ပြည်တွင်း၊ ပြည်ပခရီးစဉ်များ၊ ညီလာခံ၊ အစည်းအဝေးနှင့် နွေကြီးရက်ကြီး ကျင်းပပွဲများ)၊ ပြည်တွင်းပြည်ပ အားကစားအစီအစဉ်များနှင့် ပညာရေးကျောင်းသင်ခန်းစာ အစီအစဉ်များ ဖြစ်ကြသည်။

ရုပ်မြင်သံကြား ပညာရေးကျောင်းသင်ခန်းစာ အစီအစဉ်များကို ၁၉၈၁ ခုနှစ် သြဂုတ်လ ၂၈ ရက်မှ စတင် ရိုက်ကူးခဲ့ပြီးသင်ရိုးညွှန်းတမ်းသစ်နှင့်ကိုက်ညီသည့်သင်ခန်းစာများကို ၁၉၈၃ ခုနှစ် မေလ ၉ ရက်နေ့မှစတင်ကာ ပြန်လည် ရိုက်ကူး ထုတ်လွှင့်လျက်ရှိသည်။

ထိုအစီအစဉ်များအပြင် နိုင်ငံခြားမှ ဝယ်ယူသော ဇာတ်လမ်းများ၊ တေးဂီတနှင့်တီးဝိုင်း၊ ဆပ်ကပ်နှင့်မျက်လှည့် စသည့်ဖျော်ဖြေရေး အစီအစဉ်များနှင့် စိုက်ပျိုးရေးသိပ္ပံ၊ အားကစားနှင့်ကျန်းမာရေး စသည့်ပညာပေး အစီအစဉ်များကိုလည်း ထုတ်လွှင့်ပေးလျက် ရှိသည်။ ထိုအစီအစဉ်များကိုရရှိရန် ယခင်က ဗန်ကောက်ဥဖွင့်လှစ်ထားသည့် အင်တဲလ်ကုမ္ပဏီနှင့်သာ ဆက်သွယ်ခဲ့သော်လည်း ယခုအခါ ဖြန့်ချိရေးကိုယ်စားလှယ်အဖွဲ့ ၂၆၃ ခုနှင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံခြားမှဝယ်ယူရသည့်ဇာတ်လမ်း၊ တေးဂီတသည် အစီအစဉ်တစ်နာရီစာကို ဒေါ်လာ ၁၅၀ မှ ၂၀၀ အထိ ပေးရသည်။ ငှားရမ်းစာချုပ်ကာလအတွင်း နောက်တစ်ကြိမ် ထပ်ပြတိုင်း ထက်ဝက်နှုန်း ထပ်မံပေးရသည်။ ထို့ကြောင့် လောလောဆယ်မှာ နိုင်ငံခြားအစီအစဉ်များအတွက် တစ်နှစ်လျှင် နိုင်ငံခြားငွေ ကျပ်ငါးသိန်းဖိုးခန့် သုံးစွဲသည်။

အလားတူပင် ပြည်တွင်းဇာတ်လမ်း၊ သဘင်၊ အငြိမ့် စသည့်အစီအစဉ်များကိုလည်း တစ်နာရီစာကို ကျပ် ၇၀၀၊ နာရီဝက်ဆိုပါက ကျပ် ၃၅၀ ခြီးမြှင့်ပြီး တေးဂီတအစီအစဉ်တွင် သီချင်းတစ်ပုဒ် ကျပ် ၃၀ နှုန်းနှင့် မြန်မာ့ရုပ်ရှင်ကားအသစ် ကျပ် ၅၀၀ နှင့် ကားဟောင်းကျပ် ၂၅၀ ခြီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ ဂြိုဟ်တုဆက်သွယ်ရေးအဖွဲ့ (အင်တဲလ်ဆက်)က ကမ္ဘာ့အီကွေတာမျဉ်းကြောင်းအထက် မိုင်ပေါင်း ၂,၂၃,၀၀၀ အမြင့် အိန္ဒိယသမုဒ္ဒရာပေါ်တွင် ဂြိုဟ်တုတစ်လုံး၊ အတ္တလန္တိတ်သမုဒ္ဒရာပေါ်တွင် ဂြိုဟ်တု နှစ်လုံးနှင့် ပစိဖိတ်သမုဒ္ဒရာပေါ်တွင်တစ်လုံး စုစုပေါင်း ဂြိုဟ်တုလေးလုံးနှင့် အရန်ဂြိုဟ်တုလေးလုံး လွှတ်တင်ထားသည်။ ယင်းဂြိုဟ်တုများသည် ကမ္ဘာလည်သည့်နှုန်းအတိုင်း လည်ပတ်လျက်ရှိကြပြီး နေရောင်ခြည်စွမ်းအင်သုံး ဖမ်းယူထုတ်လွှင့်စက်များ ပါရှိကြသည်။ ထိုဂြိုဟ်တုဆက်သွယ်ရေးစနစ်ကို အသုံးပြု၍ ရုပ်မြင်သံကြားထုတ်လွှင့်မှုကို ဝေးကွာသောနိုင်ငံများအကြား၌ အောင်မြင်စွာ ဆက်သွယ် ဆောင်ရွက် နိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင်လည်း ဂြိုဟ်တုမှဆက်သွယ်ရရှိသော အစီအစဉ်များကို စမ်းသပ် ဖမ်းယူ ထုတ်လွှင့်ခဲ့ပြီးနောက် ၁၉၈၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အမြဲတမ်း ဖမ်းယူထုတ်လွှင့်ပေးလျက်ရှိသည်။ နိုင်ငံအသီးသီးမှသတင်းများနှင့် အစီအစဉ်များကို အိန္ဒိယသမုဒ္ဒရာပေါ်ရှိ ဂြိုဟ်တုသို့ ပေးပို့ဖမ်းယူနိုင်ခြင်းဖြစ်သည်။ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အတွက် ဆက်သွယ်ရေးဂြိုဟ်တုမှ ပေးပို့သည့်အစီအစဉ်များကို ရန်ကုန်မြို့၊ တိုးကြောင်ကာလေးရှိ မြေပြင် ဆက်သွယ်ရေး စခန်းမှ ဖမ်းယူပြီး မောင်ထော်လေးလမ်းနှင့် ၃၃ လမ်းထိပ်ရှိ ဆက်သွယ်ရေးစခန်းသို့ ပေးပို့သည်။ ထိုမှတစ်ဖန် ပြည်လမ်း မြန်မာ့အသံ ဝင်းအတွင်းရှိ ရုပ်မြင်သံကြား ထုတ်လွှင့်စက်သို့ ပို့ကာထုတ်လွှင့်ခြင်းဖြစ်သည်။ အင်္ဂလန်နိုင်ငံဗစ်စ်နယူးစ် (Visnews)ကုမ္ပဏီမှ သတင်းများကို ဝယ်ယူခြင်းဖြစ်သည်။

မြန့်မာ့ ရုပ်မြင်သံကြား လုပ်ငန်းကို တစ်စထက်တစ်စ တိုးခဲ့ဆောင်ရွက်လျက်ရှိရာ စတင်လွှင့်စဉ်က မိုင် ၅၀ ပတ်လည်ဝန်းကျင်သာ ထုတ်လွှင့်နိုင်ခဲ့ပြီးနောက် ပထမဆုံး ထပ်ဆင့်လွှင့်စက်ရုံကို ငွေကျပ် ၃၀၃ ဒသမ ၂၁ သိန်းခန့် အကုန်အကျခံကာ စစ်ကိုင်းတောင်၌ တည်ဆောက်ပြီး မန္တလေးနှင့်စစ်ကိုင်းတိုင်းအတွင်း ထုတ်လွှင့်ခဲ့သည်။ အလားတူထပ်ဆင့်လွှင့်စက်ကို ရောဝတီတိုင်း ကျောင်းကုန်းမြို့နယ်နှင့် မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် တည်ဆောက်လျက်ရှိသည်။ ထို့ပြင် မန္တလေးတိုင်း မေမြို့ရုပ်မြင်သံကြား ကူးပြောင်းလွှင့်စက်ရုံနှင့် ပဲခူးတိုင်း ပြည်မြို့ထပ်ဆင့်လွှင့်စက်ရုံများကိုလည်း စတင် တည် ဆောက်အကောင်အထည်ဖော်နေပြီဖြစ်သည်။ ရုပ်မြင်သံကြား အစီအစဉ်များကို မြစ်ကြီးနားမြို့၌ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ၊ ဗန်းမော်မြို့တွင် မတ်လ၊ ဖလမ်းနှင့်ဟားခါးမြို့များတွင် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလများတွင် စတင် ထုတ်လွှင့်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဇန်နဝါရီလတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ ထပ်ဆင့်လွှင့်စက်ရုံမှ တိုးခဲ့ထုတ်လွှင့်ခဲ့

ရာ ကယားပြည်နယ် လွိုင်ကော်နှင့် ဒီမောဆိုးမြို့နယ်များမှလည်း ဖမ်းယူနိုင်သည်။ ဆက်လက်၍လည်း အခြားပြည်နယ်နှင့် တိုင်းများသို့ တိုးခဲ့၍ တည်ဆောက်ထုတ်လုပ်သွားမည်ဖြစ်ရာ ရုပ်မြင်သံကြားအစီအစဉ်များကို ပိုမိုပြန့်ပွား တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ လုပ်သားပြည်သူများသည် နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနှင့် လူမှုရေးအသိအမြင်များ ပိုမိုမြင့်မားတိုးတက်လာမည် ဖြစ်သည်။


မြေဆိပ်ဖြေဆေး။ ။မြန်မာနိုင်ငံတွင် မြေဆိုးကိုက်၍ အဆိပ်သင့်ခြင်းဝေဒနာမှာ အရေးကြီးသောကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်သည်။ မြေဆိုးအန္တရာယ်ကြောင့် ကျေးလက်ဒေသနေ လုပ်သားပြည်သူများ၊ အထူးသဖြင့် တောင်သူလယ်သမားများ အသက်ဆုံးရှုံးရသည့် ပြင်မြေကိုက်ခံရသူ အများစုသည် လူရွယ်လူလတ်များဖြစ်၍ တိုင်းပြည်အတွက် လုပ်အားဆုံးရှုံးမှု ကြီးမားလှပေသည်။ ကျန်းမာရေးဌာနမှစာရင်းအင်းများအရ နှစ်စဉ်မြေကိုက်ခံရ၍ ဆေးရုံတက်ကုသသူ ၈၀၀၀ မှ ၁၀,၀၀၀ ခန့်ထိရှိပြီး ယင်းအနက် ၁၀ ရာခိုင်နှုန်းခန့် သေဆုံးကြောင်းတွေ့ရှိရသည်။

မြေဆိုးကိုက်၍ သေဆုံးမှုတွင် ၉၀ ရာခိုင်နှုန်းခန့်မှာ မြေပွေးကြောင့်ဖြစ်ပြီး ဒုတိယအများဆုံးမှာ မြေဟောက်ကြောင့်ဖြစ်သည်။ ငန်းတော်ကျားနှင့် ကျပ်မြေများမှာ ပြင်းထန်သော အဆိပ်သင့်ခြင်းကို ဖြစ်စေသော်လည်း ယင်းမြေကိုက်ခံရသူနည်းပါးသည်။ မြေအန္တရာယ်အများဆုံးနှင့် မြေကိုက်မှုအများဆုံး ဒေသများမှာ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရောဝတီတိုင်း၊ ရန်ကုန်တိုင်းတို့ ဖြစ်သည်။ ယင်းဒေသများသည် လယ်ယာလုပ်ငန်းများကို အဓိကထား၍ ဆောင်ရွက်လျက်ရှိသဖြင့် မြေကိုက်ခံရသည့်အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ ထို့ကြောင့် မြေကိုက်ခံရသည့် လူနာအားလုံး၏ ၈၇ ရာခိုင်နှုန်းမှာ ယင်းဒေသများမှဖြစ်ကြောင်း တွေ့ရှိရသည်။ ရေ၊ မြေ၊ သဘာဝအရ လယ်ယာလုပ်ငန်း ပေါများသည့် သာယာဝတီ၊ စစ်ကိုင်း၊ မိတ္ထီလာ၊ ရွှေဘို၊ တိုက်ကြီး၊ ကျောက်ဆည်၊ မကွေး အစရှိသည့် မြို့နယ်များတွင် မြေကိုက်မှုပေါများကြောင်း တွေ့ရှိရသည်။

မြေကိုက်အများဆုံးဖြစ်ပွားသည့်ရာသီမှာ ကောက်ရိတ်သိမ်းခါနီဖြစ်ပြီး နိုဝင်ဘာ၊ ဒီဇင်ဘာနှင့် ဇန်နဝါရီလတို့တွင် ပို၍အဖြစ်များသည်။ မြေကိုက်ခံရသည့် အချိန်မှာလည်း နံနက်အလင်းပျိုးစအချိန်နှင့် ညအမှောင်ပျိုးစအချိန်တို့တွင် ပို၍အဖြစ်များပြီး လယ်ယာလုပ်ငန်းစချိန်နှင့် သိမ်းချိန်တို့နှင့် ဆက်စပ်နေသည်။ များသောအားဖြင့် ခြေထောက်အောက်ပိုင်းနှင့် လက်တို့တွင် အကိုက်ခံရတတ်သည်။ မြေကိုက်ခံရပြီး နာရီပိုင်းအတွင်း (တစ်နာရီမှ လေးနာရီအတွင်း) ဆေးရုံသို့မဟုတ်ကျန်းမာရေးဌာနတွင် မြေဆိပ်ဖြေဆေးဖြင့် ကုသမှုခံယူပါက အသက်ဆုံးရှုံးမှု အလွန်နည်းပါးသည်။

မြေအမျိုးအစားအလိုက် မြေဆိပ်တွင် ပါဝင်သော အဆိပ်အမျိုးအစားနှင့် ဂုဏ်သတ္တိမှာ ကွဲပြားခြားနားသည်။ ယေဘုယျအားဖြင့် မြေဆိပ်အားလုံး လိုလိုတွင် အဆိပ်ဖြစ်စေသော ပရိုတိန်းဓာတ်နှင့် အင်ဇိုင်းများပါဝင်သည်။ မြေပွေးဆိပ်သည် သွေးခဲခြင်းကို ပျက်စီးစေသော ဂုဏ်သတ္တိပါဝင်ရာ မြေပွေးကိုက်ခံရသည့် လူနာများတွင် သာမန်သွေးခဲခြင်းဂုဏ်သတ္တိပျက်စီးပြီး ခန္ဓာကိုယ်တွင်းရှိ အစိတ်အပိုင်းများနှင့် ခန္ဓာကိုယ်ပြင်ပသို့ သွေးယိုစီးခြင်းကို ဖြစ်စေသည်။ အထူးသဖြင့် ကျောက်ကပ်များကို ထိခိုက်နိုင်သည်။ မြေပွေးကိုက်ခံရပြီး နာရီပိုင်းအတွင်း မြေပွေးဆိပ်ဖြေဆေးဖြင့်ကုသပါက အဆိုပါသွေးခဲခြင်းကို ပျက်စီးစေသော ဂုဏ်သတ္တိကို ချေဖျက်နိုင်သဖြင့် အသက်ဆုံးရှုံးခြင်းကို ကာကွယ်ပေးနိုင်သည်။ မြေဟောက်အဆိပ်တွင်မူ အာရုံကြောများကို ပျက်စီးစေနိုင်သောဂုဏ်သတ္တိရှိသဖြင့် မြေဟောက်ကိုက်ခံရသည့် လူနာများသည်အများအားဖြင့်အသက်ရှူလမ်းကြောင်းမှ ကြွက်သားများ၏လှုပ်ရှားမှုထိုင်းပြီး အသက်ရှူရပ်ဆိုင်းသွားတတ်သည်။ ကျပ်မြွေ၏အဆိပ်သည် နှလုံးကြွက်သားအပါအဝင် ခန္ဓာကိုယ်အစိတ်အပိုင်း၏ ဆဲလ်အကာအရံကို ပျက်စီးစေနိုင်သော ဂုဏ်သတ္တိရှိသည့်အပြင် သွေးနီဥပျက်စီးခြင်းနှင့် အာရုံကြော ပျက်စီးခြင်းတို့ကိုလည်း ဖြစ်စေနိုင်သည်။

မြန်မာနိုင်ငံ ဆေးသုတေသနဦးစီးဌာနတွင် မြေပွေးဆိပ်ပြီးဆေး၏ အစွမ်းအာနိသင်ကို စမ်းသပ်ပုံ





မြေဆိပ်ကို ယန့်စင်ခဲ့ထုတ်လေ့လာနေပုံ

မြေဆိပ်သင့်ခြင်းရောဂါအတွက် အဓိကကုထုံးနည်းမှာ မြေဆိပ်ဖြေဆေး ထိုးပေးခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံဆေးဝါးထုတ်လုပ်ရေးစက်ရုံ (ဘီပီအိုင်)မှ လောလောဆယ်အားဖြင့် မြေပေးနှင့်မြေဟောက် အဆိပ်ဖြေဆေးများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိသည်။ မြေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် မြေပေးဖြေဆေး တစ်မျိုးတည်း၊ မြေဟောက်ဖြေဆေး တစ်မျိုးတည်းနှင့် မြေပေးနှင့်မြေဟောက်ဖြေဆေးနှစ်မျိုး ပေါင်းစပ်ထားသည့် မြေဆိပ်ဖြေဆေးများကို ထုတ်လုပ်လျက်ရှိသည်။ မြေကိုက်ခံရသည့် လူနာများတွင် မြေပေးသို့မဟုတ်မြေဟောက်ဟူ၍ ခွဲခွဲခြားခြားသိပါက သင့်တော်ရာဖြေဆေးတစ်မျိုးမျိုးကိုသာ အသုံးပြုပြီး မြေခွဲခြားရန်အခက်အခဲရှိပါကဖြေဆေးနှစ်မျိုးပေါင်းစပ်ထားသည့် ဖြေဆေးကို အသုံးပြုလျက်ရှိသည်။ ယခုအခါ ဘီပီအိုင်သည် အထက်ပါဖြေဆေးသုံးမျိုးကို အရည်အဖြစ်လည်းကောင်း၊ အမှုန့်အဖြစ်လည်းကောင်း ထုတ်လုပ်ဖြန့်ဝေလျက်ရှိသည်။

မြေကိုက်ခံရသူတိုင်း မြေဆိပ်သင့်ခြင်း ဝေဒနာကိုမခံစားရပေ။ မြေ၏အဆိပ်အိတ်အတွင်း အဆိပ်ရှိနေစဉ် အကိုက်ခံရမှသာ မြေဆိပ်အများအပြား ကိုယ်တွင်းဝင်ရောက်ပြီး မြေဆိပ်သင့်ခြင်းဝေဒနာကို ခံစားကြရသည်။ မြေကိုက်ခံရသည့် ခန္ဓာကိုယ်အစိတ်အပိုင်း၊ မြေအရွယ်အစားနှင့် မြေ၏အဆိပ်အိတ်အတွင်းရှိအဆိပ်ပမာဏပေါ်မူတည်၍ အဆိပ်သင့်ခြင်းဝေဒနာ ပြင်းထန်မှုကိုဖြစ်စေသည်။ အကြောင်းတစ်ခုခုကြောင့် မြေဆိပ်များခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိလျှင် မြေကိုက်ခံရသော်လည်း ဝေဒနာမခံစားရချေ။ ဖော်ပြပါ အချက်အာဒီးလုံးပေါ် မူတည်ပြီး မြေဆိပ်ဖြေဆေးဖြင့် ဆေးကုသရသည်။

လက်ရှိမြေဆိပ်ဖြေဆေးဖြင့် ကုသခြင်းသည် မြေကိုက်ခံရပြီး နာရီပိုင်းအတွင်း အချိန်မီကုသမှသာ ထိရောက်ပေသည်။ ယခုအခါ ဆေးသုတေသနဦးစီးဌာနသည် မြေပေးဆိပ်သင့်ခြင်းကို ကြိုတင်ကာကွယ်နိုင်သော မြေပေးဆိပ်ပြီးဆေးကို စမ်းသပ်ထုတ်လုပ်ပြီးဖြစ်ရာ ယင်းမြေပေးဆိပ်ပြီးဆေးကို ကာကွယ်ဆေးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်အသုံးပြုနိုင်ရန် စီစဉ်လျက်ရှိသည်။

ဆေးသုတေသနဦးစီးဌာန

ယူနက်စကို။ ။ကုလသမဂ္ဂ ပညာရေးသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (ယူနက်စကို) ညွှန်ကြားရေးမှူးချုပ် အာမာဒိုမာတာအမ်ဘို၏ သက်တမ်းပြည့်မြောက်သည်။ ရွေးကောက်ပွဲ အသစ်ကျင်းပလျှင် မဲတစ်ကြိမ်ပေးပြီးသည့် အခါတိုင်း ပြန်လည်သုံးသပ်နိုင်ရေးအတွက် ရပ်နားချိန် ကာလခွင့်ပြုရန် ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့တွင် အလုပ်အမှုဆောင်ဘုတ်အဖွဲ့က ထောက်ခံမဲ ၃၄ မဲ၊ ကန့်ကွက်မဲ ၆ မဲ၊ ကြားနေ ၁၀ မဲဖြင့် ဆုံးဖြတ်ခဲ့သည်။ အမ်ဘိုးကလည်း တတိယ သက်တမ်းအတွက် ပြန်လည်ရွေးချယ် ခံနိုင်ရန် ကြိုးပမ်းသည်။ အမ်ဘိုးပြန်လည်ရွေးချယ် တင်မြောက်ခံရလျှင်ဂျပန်၊ ကနေဒါ၊ ဒိန်းမတ်နှင့် နယ်သာလန်နိုင်ငံတို့ ယူနက်စကိုမှ နုတ်ထွက်ဖွယ် ရှိသည်ဟူသော သတင်းများ ထွက်ပေါ်လာခဲ့သည်။ အမ်ဘိုးညွှန်ကြားရေးမှူးချုပ်အဖြစ် ၁၃ နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ရာတွင် အမေရိကန်ပြည်ထောင်စုသည် ၁၉၈၄ ခုနှစ် ကုန်ဆုံးချိန်တွင်လည်းကောင်း၊ ဗြိတိန်နှင့် စင်ကာပူတို့ကလည်း ၁၉၈၅ ခုနှစ်တွင် လည်းကောင်း၊ ယူနက်စကိုမှ နုတ်ထွက်သွားကြ၍ ဘတ်ဂျက်တွင် ထည့်ဝင်ငွေ ၃၀ ရာခိုင်နှုန်းမျှ လျော့နည်း သွားခဲ့ရသည်။ ဆီနီဂေါနိုင်ငံသား အသက် ၆၆ နှစ်ရှိ အမ်ဘိုးကို အာဖရိကနှင့် အာရပ်ကမ္ဘာမှ အဖွဲ့ဝင် ၆၂ နိုင်ငံကထောက်ခံခဲ့ကြသည်။ အမှုဆောင်အဖွဲ့တွင် ၅၁ နိုင်ငံပါဝင်၍ ထောက်ခံမဲအများစုဖြစ်သည့် ၂၆ မဲထက်မနည်း ရမှသာ ရွေးချယ်တင်မြောက် ခံရမည်ဖြစ်သည်။

ရွေးကောက်ပွဲကို စတင်ကျင်းပသောအခါ အမ်ဘိုး၏ အဓိကပြိုင်ဘက်သည် ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီး ဆာဟက်ဇာဒါ ယာကွတ်ခန်ဖြစ်သည်။ ပြင်သစ် နိုင်ငံ၏ ထောက်ခံမှုကို ရရှိသောခန်သည် မဲအများစုမရသောအခါ ရွေးကောက်ပွဲမှ နုတ်ထွက်သွားခဲ့သည်။ ထိုအခါ အမ်ဘိုး၏ အဓိကပြိုင်ဘက်မှာ ၁၉၇၈ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ယူနက်စကို ဒုတိယ ညွှန်ကြားရေးမှူး ဖြစ်ခဲ့ဖူးသူ ဖက်ဒရိကို မေယာဇာရာဂိုဇာဖြစ်သည်။ စပိန်နိုင်ငံ ပညာရေးနှင့်



ယူနက်စကိုညွန်ကြားရေးမှူးချုပ် ဖက်စရိကိုမေယာ ဇာရာကိုဇ

သိပ္ပံဆိုင်ရာ ဝန်ကြီးဟောင်း ဇီဝဓာတုပညာရှင် မေယာသည် အတိုက်အခံ နိုင်ငံရေးပါတီဟောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူး၍ စပိန်နိုင်ငံအစိုးရကပင် မေယာကို ထောက်ခံရန် တိုက်နှေးနေခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် မေယာသည် နိုဗယ်ဆုရှင် ၁၁ ဦးအပါအဝင် ထိပ်တန်း သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ် ၁၀၀ ၏ ထောက်ခံမှုကိုမူ ရခဲ့သည်။ ထို့ပြင် လက်တင် အမေရိက နိုင်ငံများ၏ ထောက်ခံမှုကိုလည်းရသည်။ ပဋိမအကြိမ်နှင့် နောက်ဆုံးအကြိမ် ရွေးကောက်ပွဲ ကျင်းပရတော့မည့် အချိန်ထိ အမ်ဘိုးသည် ထောက်ခံမဲ အများစုမရသဖြင့် နုတ်ထွက်သွားတော့သည်။ သို့ဖြစ်၍ အသက် ၅၃ နှစ်ရှိ မေယာသည် အဖွဲ့ဝင် ၁၅၀ နိုင်ငံ ပါဝင်သော ယူနက်စကို ၏ ညွှန်ကြားရေးမှူးချုပ်အသစ် ဖြစ်လာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၇-စာ၊ ၂၇၅—ရှု။) (စွယ်စုံနှစ်ချုပ် ၁၉၈၅-စာ၊ ၂၅၄—ရှု။)

ရောဂျားစ်, ကားလ်ရန်ဆမ် (ခရစ်၁၉၀၂–၁၉၀၇)။ ။ စိတ်ပညာ နယ်ပယ်တွင် ကျမ်းရိုး ဖရိုက်ဝါဒမှ ခွဲထွက်၍ ကုထုံး ပညာရှင်နှင့် ရောဂါသည်တို့အကြား တစ်ဦးနှင့် တစ်ဦး ရင်းနှီးမှုကို တည်ဆောက်လျက် ရောဂါသည်ကို ဗဟိုပြုသော စိတ်ပညာ ကုထုံးကို စတင် ဖော်ထုတ်ခဲ့သူ စိတ်ပညာရှင်ကြီး ကားလ်ရန်ဆမ် ရောဂျားစ်ကို အမေရိကန်ပြည်ထောင်စု အီလီနွိုက်ပြည်နယ် အုတ်ခဲပါခ်မြို့၌ ၁၉၀၂ ခုနှစ် ဇန်နဝါရီလ ဂ ရက်နေ့တွင် မွေးဖွားသည်။ နယူးယောက်မြို့ ယူနီယံ ဘာသာရေးသိပ္ပံကျောင်း၌ ပညာဆည်းပူးနေစဉ် စိတ်ပညာတွင် စိတ်ဝင်စားလာသောကြောင့် ယင်းသိပ္ပံကျောင်းမှ ထွက်ကာ ကိုလံဗီယာတက္ကသိုလ်ရှိ ဆရာအတတ်သင် ကောလိပ်တွင် ပညာဆည်းပူးခဲ့ရာ မဟာဝိဇ္ဇာဘွဲ့ (၁၉၂၈ ခုနှစ်) နှင့် ပါရဂူဘွဲ့ (၁၉၃၁ ခုနှစ်) တို့ကို ဆုတ်ခူးရရှိသည်။

ဒေါက်တာရောဂျားစ်သည် ပါရဂူဘွဲ့အတွက် ပြင်ဆင်နေစဉ်မှာပင် နယူးယောက်ပြည်နယ် ရိုချက်စတာမြို့ရှိ ကလေးသူငယ်များ နှိပ်စက်ညှဉ်းပမ်းမှု ကာကွယ်ရေးအဖွဲ့တွင် ကလေးသူငယ် စိတ်ပညာ လေ့လာမှု ပြုလုပ်ခဲ့သည်။ ၁၉၃၀ ပြည့်နှစ်တွင် ယင်းအဖွဲ့၏ ညွှန်ကြားရေးမှူး ဖြစ်လာသည်။ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်းတွင် အခွံ့သော ရောဂါဖော်နည်းနှင့် ကုထုံးနည်းတခွံ့တွင် ကောက်ချက်ချပုံချနည်း မှားယွင်းကြောင်း ထောက်ပြနိုင်ခဲ့သည်။ တစ်ခွံ့နှစ်တည်းမှာပင် ရောဂါကုထုံး အစီအစဉ်ကို ရောဂါသည်ကသာ ညွှန်ပြနိုင်မည်ဟု ဒေါက်တာရောဂျားစ်က ယူဆလာခဲ့သည်။ ၁၉၃၅ ခုနှစ်မှ ၁၉၄၀ ပြည့်နှစ်အထိ ရိုချက်စတာ တက္ကသိုလ်တွင် သင်ကြား ပို့ချခဲ့သည့်ပြင် စိတ်ဒုက္ခ ခံစားနေရသူ ကလေးသူငယ်တို့ကို လေ့လာကူညီသော လုပ်ငန်းအတွေ့အကြုံကို အခြေခံလျက် 'ပြဿနာရှိသော ကလေးသူငယ်ကို စိတ်ကုခန်းတွင် ပြုစုကုသခြင်း' အမည်ရှိ စာအုပ်ကို ရေးသားခဲ့သည်။ ၁၉၃၉ ခုနှစ်တွင် ရိုချက်စတာ ကူညီလမ်းညွှန်မှုဌာန၏ ညွှန်ကြားရေးမှူး အဖြစ်လည်းကောင်း၊ ၁၉၄၀ ပြည့်နှစ်တွင် အိုဟိုင်းယိုးပြည်နယ် တက္ကသိုလ်၌ ကုခန်းစိတ်ပညာ ပါမောက္ခအဖြစ်လည်းကောင်း တာဝန် ထမ်းဆောင်ခဲ့သည်။ အကြံပေးကူညီခြင်းနှင့် ပြုစုကုသခြင်း နည်းလမ်းတို့ကို သင်ကြားပို့ချနေစဉ် ရှေးရိုးအစဉ်အလာမှ ခွဲထွက်သော စိတ်ရောဂါကုထုံးစနစ်သစ်များကို ဖော်ထုတ်ပေးခဲ့သည်။ ယင်းကုထုံးနည်းသစ်များကို 'စိတ်ကုထုံး အသိပညာသစ်များ' ဆောင်းပါး (၁၉၄၀ ပြည့်နှစ်) တွင် တင်ပြခဲ့ရာ စိတ်ပညာနယ်ပယ်တွင် အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့ရသည်။

သို့ရာတွင် ဒေါက်တာရောဂျားစ်သည် နောက်မတွန့်ဘဲ မိမိတင်ပြသော နည်းစနစ်များ အသုံးပြုနိုင်ခြေ ရှိပုံကို 'အကြံပေးခြင်းနှင့် စိတ်ကုထုံး' စာအုပ် (၁၉၄၂ ခုနှစ်) တွင် တင်ပြခဲ့ပြန်သည်။ နားလည်နိုင်စွမ်းရှိသော၊ ညှိယူနိုင်စွမ်းရှိသော စိတ်ကုထုံးပညာရှင်နှင့် အကျေအလည် ဆွေးနွေးညှိနှိုင်းခြင်းဖြင့် (ရောဂျားစ်က အမှုသည်ဟု ခေါ်ဝေါ်သော) လူနာသည် အခက်အခဲများကို ဖြေရှင်းလာနိုင်မည် ဖြစ်သည့်အပြင် ဘဝကို ပြန်လည်တည်ဆောက်ရန် လိုအပ်သော အတွင်းစိတ် အခြေအနေမှန်ကို ပြန်လည်ရရှိမည်

ဟူ၍ ယင်းစာအုပ်တွင် တင်ပြထားခြင်း ဖြစ်သည်။ စိတ်ကုထုံးပညာရှင်သည် ပုံစံကျ လမ်းညွှန်မှုကို အားထားခြင်း မပြုဘဲ 'အမှုသည်' ကိုယ်တိုင် အတွင်းစိတ်အခြေအနေမှန် ရရှိသည်အထိ ပြဿနာများကို ပြတ်သားစွာ ရှုမြင်လာစေနိုင်လောက်သည့် ရှင်းလင်း ဆွေးနွေးမှုမျိုးကို ကုထုံး ပညာရှင်က လုပ်ဆောင်ရမည်ဟု ဒေါက်တာ ရောဂျားစ်က ဆိုသည်။

ဒေါက်တာ ရောဂျားစ်သည် ရှီကာဂို တက္ကသိုလ်တွင် ၁၉၄၅ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ စိတ်ပညာပါမောက္ခအဖြစ် အမှုထမ်းနေစဉ် ယင်းတက္ကသိုလ်နှင့် တွဲဖက်၍ အကြံပေးဌာနတစ်ခု တည်ထောင်ရာ၌ ကူညီခဲ့သည်။ ရောဂျားစ် ကုထုံးစနစ်များ ထိရောက်မှု ရှိမရှိကို အကဲဖြတ်နိုင်သည့် လေ့လာမှု အစီအစဉ်များကို ယင်းဌာန၌ ကြီးကြပ် ဆောင်ရွက်ပေးသည်။ ထိုလေ့လာမှု အစီအစဉ်များအရ ကုသမှု ၆၀ ရာခိုင်နှုန်းတွင် ကျေနပ်ဖွယ်ရာ ၊ တိုးတက် ကောင်းမွန်မှုရှိကြောင်း တွေ့ရပြီး ၂၀ ရာခိုင်နှုန်းတွင် အတန်အသင့် တိုးတက်မှုရှိ၍ ကျန် ၂၀ ရာခိုင်နှုန်းမှာ လုံးဝ တိုးတက်မှုမရှိကြောင်း တွေ့ရသည်ဟုဆိုသည်။ 'စိတ်ကုထုံး နှင့် ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲမှု' အမည်ရှိ စာအုပ် (၁၉၅၄ ခုနှစ်) တွင် လူနာ၏ ကိုယ်ရည်ကိုယ်သွေး ပြောင်းလဲမှု ရှိနိုင်ပုံကို လေ့လာ တင်ပြခဲ့သည်။ ကိုယ်ရည် ကိုယ်သွေး ပြောင်းလဲမှုကို စိတ်ကုထုံးနည်းပညာအရထက် စိတ်ကုထုံးပညာရှင်၏ အနေအထားအရ ပို၍ဖြစ်ပေါ်စေ သည်ဟု ထောက်ပြခဲ့သည်။ အပြုအမူနှင့် ကိုယ်ရည် ကိုယ်သွေးဆိုင်ရာ ဒေါက်တာရောဂျားစ်၏ အမြင်များနှင့် နည်းစနစ်များကို ပညာသင်ကြားမှုနှင့် အခြားနယ်ပယ် အသီးသီးတွင် အသုံးပြုနိုင်ပုံကို 'လူနာ ဗဟိုပြု ကုထုံး' အမည်ရှိ စာအုပ်(၁၉၅၅ ခုနှစ်) တွင် ဖော်ပြထားခဲ့သည်။

ဒေါက်တာရောဂျားစ်သည် ၁၉၅၁ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ပြုစုခဲ့သော စာတမ်းများကို စုပေါင်း၍ ၁၉၆၁ ခုနှစ်တွင် 'လူဖြစ်လာခြင်းနှင့် စပ်လျဉ်း၍' အမည်ရှိစာအုပ်ကို ထုတ်ဝေခဲ့သည်။ ယင်းစာအုပ်တွင် ကိုယ်ရေးအတ္ထုပ္ပတ္တိ စာတမ်းငယ်တစ်ပုဒ် ပါဝင်ခဲ့သည်။ အလွန်အမင်း စိတ် အနှောင့်အယှက် ကြုံတွေ့ရသူများ အပါအဝင် မည်သူမဆို မိမိကိုယ်ကို ပြန်လည်နားလည်လာပြီးလျှင် စိတ်လှုပ်ရှားမှုတွင် တည်ငြိမ်ရင့်ကျက်ကာ ဆက်ဆံမှု ပုံမှန်ဖြစ်လာစေခြင်းအားဖြင့် အပြုသဘော ဖွံ့ဖြိုး တိုးတက်လာနိုင်သည်ဟူ၍ ဒေါက်တာရောဂျားစ်က ကောက်ချက်ချပြခဲ့သည်။ 'ဆုံတွေ့အုပ်စုများထဲက ကားလ်ရောဂျားစ်' အမည်ရှိ စာအုပ်(၁၉၇၀ ပြည့်နှစ်)တွင် အုပ်စုလိုက် တွေ့ဆုံဆွေးနွေးသည့် လှုပ်ရှားမှုကို ဝေဖန် သုံးသပ်ပြကာ ဆက်လက် လေ့လာ၍ ကုထုံးစနစ်အဖြစ် လက်တွေ့ အသုံးချရန် ကြိုးပမ်းသင့်ကြောင်း အကြံပြုခဲ့သည်။ ၁၉၆၀ ပြည့်လွန် နှစ်များအတွင်း လုပ်ဖော်ကိုင်ဘက် အများအပြားနှင့် အတူ ယင်းဆုံတွေ့အုပ်စု လှုပ်ရှားမှုနည်းစနစ်ကို ရှေ့ပြေးစမ်းသပ်ခဲ့သည့် အတွေ့အကြုံအရ ရေးသား တင်ပြခဲ့ခြင်း ဖြစ်သည်။

စိတ်ရောဂါ ကုထုံးပညာတွင် ထိပ်တန်း ပညာရှင်ကြီး တစ်ဦးဖြစ်သည့် ကားလ် ရန်ဆမ် ရောဂျားစ်သည် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကာလီဖိုးနီးယား ပြည်နယ် လာဂျိုလာမြို့၌ ကွယ်လွန်ခဲ့သည်။

ရှပဲရှင်ထူးခွန်ဆု(နိုင်ငံခြား)။ ။ကိန်း ရှပ် ရှင် ပဲ့ တော်ဆု၊ ဆန်ဆီဘက်တီယင် ရှပ်ရှင် ပဲ့တော် ဆုတို့သည် အမေရိကန်ရှပ်ရှင် ထူးခွန်ဆု (အော်စကာ) နည်းတူ ထင်ရှားသော ရှပ်ရှင်ထူးခွန်ဆုများ ဖြစ်ကြပေသည်။

ကိန်းရှပ်ရှင်ပဲ့တော်ဆု

ပြင်သစ် နိုင်ငံ ကိန်းမြို့တွင် ၁၉၄၇ ခုနှစ် မေလက ကျင်းပခဲ့သော ရှပ် ရှင် ပဲ့ တော် သည် အ နှစ် ၄၀ ပြည့် အထိမ်းအမှတ်ပဲ့တော်ဖြစ်သည်။ ယင်းပဲ့တော်တွင် "နောင်တ" အမည်ရှိ ဆိုဗီယက်ရုပ်ရှင်ကားက ကိန်းပဲ့တော် အကဲဖြတ်အဖွဲ့၏ အထူးဆုကို ဆွတ်ခူးသည်။ တင်ကျစ် အဗူလာဇေ စီစဉ်ရိုက်ကူးသော ယင်းရုပ်ရှင်ကားသည် စတာလင် ခေတ်ကို ပြန်ပြောင်း သတိရစေသော ဇာတ် ကား ဖြစ်သည်။ ရုပ်ရှင် တင်ဆက်မှု ပညာပိုင်းတွင် အားနည်းချက် ရှိသော်လည်း ဆိုဗီယက်ပြည်ထောင်စုတွင် ရေပန်းစားနေသော ပွင့်လင်းမှု(ဂလပ်စနော့)ဖြင့် ပြုပြင်ပြောင်းလဲရေး အစီအစဉ်အရ တင်ဆက်သော ဇာတ်ကားအဖြစ် ဂုဏ်ပြု ချီးမြှင့်ဟန်တူသည်ဟု ဝေဖန်ကြသည်။ "နက်မှောင်သော မျက်ဝန်းများ" အမည်ရှိ ဇာတ် ကား တွင် သရုပ် ဆောင် မာဆယ်လိုနီ မက်စထရွိုင်ယန်နီက အကောင်းဆုံး အမျိုးသား ဇာတ်ဆောင်ဆုကို ရရှိသည်။ ရုရှား စာရေးဆရာ အင်တန် ချက်ကော့ (၁၈၆၀–၁၉၀၄) ၏ ဝတ္ထု အများ အပြားကို အခြေခံလျက် နှစ်ဆယ်ရာစုနှစ်ဦး အီတလီနှင့် ဇာဘုရင်ခေတ် ရုရှားနိုင်ငံတို့ကို နောက်ခံထား ရိုက်ကူး ထားသော ယင်းအချစ်ဇာတ်ကားလည်း ဇာတ်ကားဆု ရမည်ဟု ရုပ်ရှင်ဝေဖန်သူများက တစ် ပေး ခဲ့ ကြ သော် လည်း မရရှိခဲ့ချေ။ အန်ဒရေကွန်ချလော့စကီး စီစဉ် ရိုက် ကူးသော "ရှက် တတ် သူ များ" ဇာတ်ကားတွင် သရုပ် ဆောင်သည့် ဘာဘရာ ဟာရီက အမျိုးသမီးဇာတ်ဆောင် ဆု ရရှိသည်။ ဂျော့ ဘာနန်နော့စ်၏ ဝတ္ထုကို မှီငြမ်းပြု ရိုက်ကူးထားလော "မာရ်နတ်၏ နေရောင် အောက်မှာ",



အာဆာရှင်တစ်ဦး၏ ဘဝဖြစ်စဉ်ကို ကျောရိုးပြုထားသော "နောင်တ" အမည်ရှိ ဆိုဗီယက် ရုပ်ရှင်ကားသည် ကိန်းရုပ်ရှင်ပွဲတော်အထူးဆုကိုဆွတ်ခူးသည်။ အဓိကဇာတ်ဆောင် (အတွင်းပုံ) သည် ဟစ်တလာ၊ မူဆိုလိနီနှင့် စတာလင်တို့၏ ပုံသွင်နှင့် ဟန်ပန်ကို သရုပ်ဆောင်ထားသည်။

ဇာတ်ကားက ကိန်းရုပ်ရှင် ပွဲတော်၏ အမြင့်ဆုံး ဆုကို ဆွတ်ခူးရရှိသည်။

ဆန်ဆီဘက်တီယင် ရုပ်ရှင်ပွဲတော်ဆု

စပိန်နိုင်ငံ ဆန်ဆီဘက်တီယင်မြို့တွင် ကျင်းပသော ၃၅ ကြိမ်မြောက် ဆန်ဆီဘက်တီယင် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ပြင်သစ်၊ ဗဲလ်ဂျီယမ်၊ ဖက်စပ်ရုပ်ရှင်ကားဖြစ်သော "ဂါလီလီက မင်္ဂလာဆောင်"က အကောင်းဆုံးဆုကို ရရှိသည်။ အစ္စရေးတို့၏ စစ်အုပ်ချုပ်ရေးအောက် ကျရောက်နေသော ပါလက်စတိုင်းမြို့လေး တစ်မြို့တွင် သတို့သား၏ဖခင်က အပစ်အခတ် ရပ်စဲရေးနှင့် မင်္ဂလာဆောင် ကျင်းပခွင့်ရရေးတို့အတွက် အစ္စရေး စစ်အာဏာပိုင်တို့နှင့် ညှိနှိုင်းဆောင်ရွက်ပုံကို ကျောရိုးပြု၍ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

ရုပ်ရှင်ပွဲတော်၏ ဒုတိယဆုကို ပြင်သစ်၊ ဆွစ် ဖက်စပ်ရုပ်ရှင်ကား "ကင်ဒီမောင်းတိန်း"နှင့် ဗြိတိသျှရုပ်ရှင်ကား "ဟိုက်ဆီဇင်" တို့က ပူးတွဲရရှိသည်။ အကောင်းဆုံးဒါရိုက်တာဆုကို ဗဲလ်ဂျီယမ် ဒါရိုက်တာ ဒိုမီနစ် ဒိုကိတော့က "အချစ်ရူး"ဇာတ်ကားအတွက် ဆွတ်ခူး ရရှိသည်။ အမေရိကန် စာရေးဆရာ ချားလ်စ် ဘူကောင်းစကီး၏ ဝတ္ထုကို အခြေခံ၍ ရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ ဒေါ်လာ ၅၀,၀၀၀ တန် ရုပ်ရှင်ဓာတ်ပုံ ထူးချွန်ဆုကို အာဂျင်တီးနားအမျိုးသား ဒါရိုက်တာ အလက်ဇန်းဒရိုး အဂ္ဂရက်စတီးက "ချစ်သူဝဝ" ဇာတ်ကား အတွက် လည်းကောင်း၊ စပိန်အမျိုးသား ဒါရိုက်တာ ဖိလစ် ဒီဂါက "အလင်းရောင် တည်ရှိနေသမျှ" ဇာတ်ကားအတွက် လည်းကောင်း ပူးတွဲ ဆွတ်ခူး ရရှိသည်။ အကောင်းဆုံး အမျိုးသား သရုပ်ဆောင်ဆုကို စပိန် ရုပ်ရှင်မင်းသား အီမာနိုအေရီယက်စ်အား လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုကို စပိန်ရုပ်ရှင် မင်းသမီး ဝိတိုရီယ အဗရီအား လည်းကောင်း ချီးမြှင့်သည်။ နှစ်ဦးစလုံးသည် "အယ်လု" အမည်ရှိ စပိန် ရုပ်ရှင်ကားတွင်သရုပ်ဆောင်မှုအတွက် ချီးမြှင့် ခံရခြင်း ဖြစ်သည်။

အမေရိကန် ရုပ်ရှင်ထူးချွန်ဆု

"တပ်စု"အမည်ရှိ ဇာတ်ကားက ဇာတ်ကားဆုနှင့် ဒါရိုက်တာဆုအပါအဝင် စုစုပေါင်း အော်စကာဆု လေးဆုကို ဆွတ်ခူးသည်။ ဗီယက်နမ်စစ်ပွဲကာလ ၁၉၆၇ ခု

နှစ်က ကမ္ဘောဒီးယားနယ်စပ်ဒေသရောက် အမေရိကန် စစ်သားတပ်စုတစ်စု၏ ဘဝကို သရုပ်ဖော် ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။ ဖိလစ်ပိုင်ကျွန်းစုတွင် သီတင်းခုနစ်ပတ်အတွင်း ဒေါ်လာ ခြောက်သန်းအကုန်အကျခံကာ ရိုက်ကူးသော ဇာတ်ကားဖြစ်သည်။ ယင်း ဇာတ်ကားအတွက် ဒါရိုက်တာဆု ရရှိသော အိုလီဗာ စတုန်းသည် ဗီယက်နမ်စစ်ပွဲတွင် ကိုယ်တိုင်ပါဝင်ခဲ့ဖူးပြီး သူရဘဲ့ ရရှိခဲ့သူဖြစ်သည်။ ယခင်နှစ်က ဂုဏ်ထူးဆောင် အောင်စကာဆုကို ဆွတ်ခူးခဲ့သော ပေါ နယူးမင်းသည် "အသပြာရောင်" ဇာတ်ကားအတွက် အမျိုးသား ဇာတ် ဆောင်ဆု ချီးမြှင့်ခံရသည်။ "နတ်ဘုရားငယ်၏ရင်သွေး များ" ဇာတ်ကားတွင် ဆွဲအနေသော ကျောင်းသူလေး အဖြစ် သရုပ်ဆောင်သည့် မာလီ မက်တလင်းက အမျိုး သမီး ဇာတ်ဆောင်ဆု ချီးမြှင့်ခံရသည်။ ၁၉၇၅ ခုနှစ် အတွက် အကောင်းဆုံး အမျိုးသားဇာတ်ဆောင်ဆု ရရှိ ခဲ့သော ဝီလျံ ဟတ်နှင့်အတူ ပူးတွဲ သရုပ်ဆောင်သည့် အသက် ၂၁ နှစ်အရွယ်ရှိ မာလီ မက်တလင်းသည် ပြင်ပ လောကတွင်လည်း ၁၈ လ သမီးအရွယ် ကတည်းက ရောဂါကြောင့်ဆွဲအခဲ့သူလေးဖြစ်သည်။အမေရိကန်ရုပ်ရှင် ထူးချွန်ဆု(အောင်စကာဆု)သမိုင်းတွင် ဆွဲအသော်ရုပ်ရှင် မင်းသမီးအဖြစ် ပထမဦးဆုံး ဆုချီးမြှင့်ခံရသူ ဖြစ်သည်။ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို မိုက်ကယ်ကိန်းက "အန်နာနှင့် ညီအစ်မများ"ဇာတ်ကားအတွက်ရရှိသည်။ ယင်းဇာတ်ကားတွင်ပင် သရုပ်ဆောင်ခဲ့သော ဒိုင်ယာနီ ဝိုက်က အမျိုးသမီးဇာတ်ပို့ဆုကို ရရှိသည်။ ယင်းဇာတ် ကား၏ ဒါရိုက်တာဖြစ်သော ဝူဒီ အယ်လင်က ယင်း ဇာတ်ကားအတွက် ဇာတ် ညွှန်း ဆုကို ဆွတ် ခူး သည်။ အောင်စကာဆုအတွက် ၁၁ ကြိမ်မျှ လျာထား ခံခဲ့ရဖူး သော စတီဗင် စပီးဗတ်က အထူး ဂုဏ်ထူးဆောင်ဆုကို ရရှိသည်။ ဝင်ငွေစံချိန်တင် ဇာတ်ကားများ ဖြစ်သည့် ဂျော(၁၉၇၅)၊ အီးတီ(၁၉၈၂)နှင့် ရေဒါအော့ဖ်သည် လေ့စ်ထ်အာ့ခ် (၁၉၈၁) စသည့် ဇာတ်ကားများကို စီစဉ်ရိုက်ကူးခဲ့သော နာမည်ကျော် ဒါရိုက်တာဖြစ်သည်။ ပြည်ပ ရုပ်ရှင်ဆုကို နယ်သာလန်နိုင်ငံက ရိုက်ကူးသော "ထိုးစစ်" အမည်ရှိ ဇာတ်ကားက ရရှိသည်။ ဓာတ်ပုံ ထူးချွန်ဆုကို "စေတမန်" ဇာတ်ကားအတွက် ခရစ် မန်ဂျီးစ်အား ချီးမြှင့် သည်။

ရှာမွန်,ကာမီး(ခရစ် ၁၉၀၀–၁၉၇၇)။ ။လက်ဗန္ဓန် သမ္မတဟောင်းလည်းဖြစ်၍ လက်ရှိအစိုးရအဖွဲ့တွင် ဘဏ္ဍာ ရေးဝန်ကြီးအဖြစ် တာဝန်ယူ နေခဲ့သည့် လက်ဗန္ဓန် မာရွန်နိုက် ကက်သလစ် စစ်ရေးခေါင်းဆောင် ကာမီး ရှာမွန်ကို ၁၉၀၀ ပြည့်နှစ် ဧပြီလ ၃ ရက်နေ့တွင် လက်ဗန္ဓန် နိုင်ငံ ဒေယာအယ် ကမာမ္ပြိုဠ် မွေးဖွားခဲ့သည်။ ရှာမွန်၏ နိုင်ငံရေး အတွေ့အကြုံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ် ထွန်းရေး ပါတီစုံ ညွှန့်ပေါင်းအဖွဲ့ဟု အမည်တွင်သောနိုင်ငံ ရေး လှုပ်ရှားမှုကိုက်းတစ်ဂိုက်းတွင် အစပျိုးခဲ့သည်။ ယင်း အဖွဲ့တွင် ခရစ်ယာန် အင်အားစုက လွှမ်းမိုး၍ မူဆလင် တို့၏ ထောက်ခံမှုကိုရရှိရန် အာရပ်အစဉ်အလာကို အလေး အနက်ထားသော အဖွဲ့ဖြစ်သည်။ ၁၉၄၀ ပြည့်လွန် နှစ် များအတွင်းတွင် ယင်းအဖွဲ့တွင် အထင်ရှားဆုံး နိုင်ငံရေး သမားတစ်ဦးဖြစ်လာသည်။ ယင်းအဖွဲ့၏ ခေါင်းဆောင် လည်းဖြစ် ၁၉၄၃ ခုနှစ်မှစ၍ လက်ဗန္ဓန် သမ္မတလည်း ဖြစ်သော ဘိရှာရာ အယ် ကူရီက ၁၉၄၈ ခုနှစ်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းဖြင့် ဒုတိယ သက်တမ်းအတွက် ဆောင်ရွက်ခွင့်ရသွားသောအခါ ကူရီ၏ နေရာတွင် ဆက်ခံရန် ရှေးမဆွကပင် မျှော်လင့်ထားခဲ့သူ ရှာမွန်က ပါလီမန်တွင် အတိုက်အခံအဖွဲ့ ဖွဲ့စည်းလိုက် သည်။

ရှာမွန်သည် ၁၉၅၂ ခုနှစ်တွင် တိုးတက်သော ဆိုရှယ် လစ် ပါတီခေါင်းဆောင် ကမဲ ယွမ်ဘလတ်နှင့် မဟာမိတ် ပြုခဲ့သည်။ သို့ဖြင့် ထိုနှစ် စက်တင်ဘာလတွင် အထွေ ထွေ သပိတ်ကြီး ပေါ် ပေါက်ခြင်းကြောင့် ကူရီ၏ အစိုးရ အဖွဲ့ နုတ်ထွက်သွားသောအခါ ရှာမွန်သည် သမ္မတ ဖြစ် လာသည်။ ရှာမွန် သမ္မတရာထူး ရရှိရေးအတွက် ယွမ်ဘ လတ်၏စည်းရုံးရေးအင်အားက ပံ့ပိုးခဲ့သော်လည်း အစိုးရ မူဝါဒချမှတ်ရာတွင် ရှာမွန်ကယွမ်ဘလတ်ကို ပစ်ပယ်ထား ခဲ့သည်။ ကူရီကို ခုံရုံးတင်ရန်ကိုလည်းကောင်း၊ ကူရီ၏ အပေါင်းအသင်းတစ်စု ကိုယ်ကျိုးရှာခဲ့မှုကို စုံစမ်းစစ်ဆေး ရန်ကိုလည်းကောင်း ယွမ်ဘလတ်က တောင်းဆိုခဲ့သည်ကို မလိုက်လျောခဲ့ချေ။

ရှာမွန်သည် အုပ်ချုပ်ရေး ပြောင်းလဲဖွဲ့စည်းရေး၊ ဒီမို ကရေစီ ထွန်းကားရေးတို့ကို ဆောင်ရွက် ပေး ခဲ့ သည်။



လက်ဗန္ဓန်သမ္မတဟောင်း ကာမီး ရှာမွန်

၁၉၅၆ ခုနှစ်တွင် စူးအက်တူးမြောင်းဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်ကာ ဗြိတိန်နှင့် ပြင်သစ်တို့က အီဂျစ်ကို တိုက်ခိုက်ခြင်းကြောင့် ယင်းနိုင်ငံကြီး နှစ်နိုင်ငံနှင့် အဆက်အသွယ်ဖြတ်တောက်ရန် မူဆလင်တို့က အတင်းအကြပ်ပြောဆိုလာခဲ့ကြရာ ရှာမွန်သည် နိုင်ငံရေး အကျပ်အတည်း ဆိုက် ရောက် ခဲ့ သည်။ ယင်း တာဝင်းဆိုမှုကို ရှာမွန်က မလိုက်လျောခဲ့သည့်ပြင် နိုင်ငံခြားရေးဝန်ကြီးရာထူးတွင် အနောက်အုပ်စု လိုလားသူကို ခန့်အပ်ခဲ့သည်။ ၁၉၅၇ ခုနှစ် မေလတွင် မူဆလင် အင်အားစု၏ ထောက်ခံမှုဖြင့် ဘေရွတ်မြို့တွင် လက်နက်ကိုင် ပုန်ကန်မှုတစ်ရပ် ပေါ်ပေါက်ခဲ့ရသည်။ ရှာမွန်၏ မေတ္တာရပ်ခံမှုကြောင့် အမေရိကန် မရိန်းတပ်မျှားသည် ဘေရွတ်မြို့အနီးတွင် တပ်စွဲခဲ့ကြသည်။

ယင်းပုန်ကန်မှု ချုပ်ငြိမ်းခဲ့သည့် ထိုနှစ် စက်တင်ဘာလ ... ဝင် သမ္မတသက်တမ်း စေ့သွား၍ ရှာမွန်သည် သမ္မတရာထူးမှ အနားယူခဲ့ပြီး လက်ဗန္ဓန် နိုင်ငံရေးလောကတွင် ဆက်လက်လှုပ်ရှားနေခဲ့သည်။ ရှာမွန်သည် ၁၉၀၄ ခုနှစ် ပြင်သစ်က စတင်ဖွဲ့စည်းသော ရာရှစ်ကရာမီ၏ အစိုးရအဖွဲ့တွင် ဝန်ကြီးဘဖြစ် တာဝန်ယူခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၅-စာ၊ ၂၆၄ — ရှ။)

လက်ဗန္ဓန်သမ္မတဟောင်း ကာမီး ရှာမွန်သည် ၁၉၀၇ ခုနှစ် ဩဂုတ်လတွင် ဘေရွတ်မြို့၌ ကွယ်လွန်သည်။ (လက်ဗန္ဓန် သမ္မတနိုင်ငံ — ရှ။)

ရွှေကြိုင်၊ ဦး (ခရစ် ၁၉၀၆ – ၁၉၀၇) ။ ။ နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်)ရ ဦးရွှေကြိုင်ကို သံတွဲမြို့ ကင်းမော်ရွာ၌ ခရစ်သက္ကရာဇ် ၁၉၀၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ဖခင် ဦးဝသာ၊ အမိ ဒေါ်ရွှေသက်ကယ်တို့က မွေးဖွားသည်။ သားချင်းများအနက် စတုတ္ထသားဖြစ်သည်။

ငယ်စဉ်က ဆရာကြီး ဦးပျော်ဇင်၏ ကျောင်းတွင် စတင် ပညာသင်ကြားခဲ့သည်။ ၁၉၃၃ ခုနှစ်တွင် ဆယ်တန်း အောင်မြင်ခဲ့ပြီး ၁၉၃၅ ခုနှစ်တွင် အထက်တန်း ဆရာဖြစ် စာမေးပဲ့ အောင်မြင်ခဲ့သည်။ ၁၉၂၁ ခုနှစ်မှ ၁၉၃၆ ခုနှစ်ထိ သံတွဲမြို့ ကင်းမော်ရွာ အလယ်တန်းကျောင်းနှင့် ဂူမြို့မူလတန်းကျောင်း၌ မူလတန်းလက်ထောက်အဖြစ် လည်းကောင်း၊ ကင်းမော်ရွာ အလယ်တန်းကျောင်း၊ ကျောင်းအုပ် ဆရာကြီးအဖြစ် လည်းကောင်း၊ ၁၉၃၆ ခုနှစ်မှ ၁၉၄၂ ခုနှစ်ထိ ကင်းမော်ရွာ အထက်တန်း ကျောင်း၊ ကျောင်းအုပ်အဖြစ် လည်းကောင်း အမှုထမ်းခဲ့သည်။ ရန်ကုန်၊ ပုသိမ်၊ သထုံမြို့များတွင် ကျင်းပခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းဆရာများအသင်း နှစ်ပတ်လည်



နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ရ ဦးရွှေကြိုင်

ညီလာခံများသို့ သံတွဲခရိုင် ကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့သည်။

ကျောင်းဆရာဘဝနှင့်ပင် နိုင်ငံရေး စာပေများကို လေ့လာဖတ်ရှုခဲ့ပြီး သင်တန်းများဖွင့်လှစ်၍ ဟောပြောပို့ချခဲ့သည်။

ထိုခေတ်က အင်္ဂလိပ်–မြန်မာ နှစ်ဘာသာသင် ကျောင်းဆရာတစ်ဦး လစာသည် မြန်မာတစ်ဘာသာသင် ဆရာတစ်ဦး အမြင့်ဆုံးလစာထက် များစွာသာလွန်သည်။ ထိုကွဘဟမ္မကိုတန်းတူဖြစ်ရေး ဆန္ဒပြခဲ့ကြသူများတွင် ဦးရွှေကြိုင် ပါဝင်ခဲ့သည်။ ယင်းသို့ဆန္ဒပြခဲ့ကြ၍ လစာ တစ်ပြေးညီ ဖြစ်ခဲ့သည်။

ဦးရွှေကြိုင်သည် ဂျပန်များ အုပ်ချုပ်နေစဉ်ကာလအတွင်း ဖက်ဆစ်တော်လှန်ရေး လှုံ့ဝှက်ခေါင်းဆောင်အဖြစ်လည်းကောင်း၊ သံတွဲခရိုင် ဖဆပလအဖွဲ့ ခေါင်းဆောင် အဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်။ စည်းရုံးရေးတာဝန်ယူကာ သံတွဲခရိုင်တွင် တော်လှန်ရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အင်္ဂလိပ်အပြေး သံတွဲခရိုင်သို့ ဂျပန်များမရောက်မီ ဒေသခံ နိုင်ငံရေးခေါင်းဆောင်များက အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ရာ ထိုအဖွဲ့တွင် ဦးရွှေကြိုင် ပါဝင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးသောအခါ သံတွဲခရိုင် ဖဆပလအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။ ၁၉၅၂ ခုနှစ်မှစ၍ သံတွဲမြို့ မဲဆန္ဒနယ်မှ လူမျိုးစု လွှတ်တော် အမတ်အဖြစ် သုံးကြိမ် အရွေးခံခဲ့ရသည်။ ၁၉၅၈ ခုနှစ် ဇွန်လမှ ၁၉၅၈ ခုနှစ် စက်တင်ဘာလအထိသန့်ရှင်းဖဆပလ အစိုးရအဖွဲ့၌ ပြန်လည်ထူထောင်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးရွှေကြိုင်သည် ၁၉၅၅ ခုနှစ်တွင် မြန်မာနိုင်ငံတော် အစိုးရက စေလွှတ်သော ဗုဒ္ဓမြတ်စွယ်တော် သွားရောက်

ပင့်ဆောင်ရေး မြန်မာကိုယ်စားလှယ်အဖွဲ့၌ အဖွဲ့ဝင်အဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထူးချွန်စွာ ဆောင်ရွက်ခဲ့သဖြင့် နိုင်ငံတော်သမ္မတကြီးက ပြည်တော်သာ ထူးချွန်ဆုတံဆိပ် ချီးမြှင့်ခဲ့သည်။

၁၉၅၄ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ယဉ်ကျေးမှုဝန်ကြီးဌာန၊ နိုင်ငံတော် ယဉ်ကျေးမှုကောင်စီတွင် အဖွဲ့ဝင်လူကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့ပြင် လွှတ်တော် လုပ်ငန်းများ စိစစ်ရေးအဖွဲ့နှင့် လွှတ်တော်အစီရင်ခံစာများ တင်သွင်းရေးအဖွဲ့များ၌ အဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ပေးအပ်ခြင်း ခံရသည်။

ဦးရွှေကြိုင်သည် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့ ၃၃ ဦးတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ဦးရွှေကြိုင်အား နိုင်ငံ့ဂုဏ်ရည် (ပထမဆင့်) ကို ချီးမြှင့်အပ်နှင်းခဲ့သည်။

နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ရ ဝန်ကြီးဟောင်း ဦးရွှေကြိုင်သည် ၁၉၈၇ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် သံတွဲမြို့ ကင်းမော်ရွာ၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ရွှေမြအောင်နှင့် သမီးတစ်ယောက်၊ သားတစ်ယောက် ကျန်ရစ်သည်။

ရွှေဒိုင်။ ။(ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေး အကျိုးဆက်များ၊ ဆောင်းပါး--ရှု။)စံနှုန်းငွေလဲလှယ်ရေးစနစ် တည်ငြိမ်နေခြင်းသည် ရွှေတစ်အောင်စကို အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာဖြင့် လဲလှယ် ရရှိနေမည်ဟူသော ယုံကြည်ချက်ပေါ် တည်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏ မူလသဘောတူစာချုပ်တွင်လည်း ရွှေစျေးကို တရားဝင်သတ်မှတ်ခဲ့သည့်အပြင် အဖွဲ့ဝင်၏ နိုင်ငံသုံးငွေကို ရွှေဖြင့်လည်းကောင်း၊ ရွှေဖြင့်သတ်မှတ်သော အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ စံနှုန်းများ တစ်နည်းအားဖြင့် ကိန်းအဖြစ်သတ်မှတ်အသုံးပြုစေသည်။ အဖွဲ့ဝင်တိုင်းသည် မိမိတို့၏ကိုတာ(Quota)ကို ရွှေဖြင့် ၂၅ ရာခိုင်နှုန်း ပေးသွင်းရသည်။ အဖွဲ့ဝင်နိုင်ငံရှိ ဗဟိုဘဏ်များက သတ်မှတ်ထားသော စံနှုန်း၏အထက်နှင့် အောက်တစ်ရာခိုင်နှုန်း အတွင်း ငွေလဲလှယ်ရရှိစေရန်လည်း စျေးဝင်ထိန်းပေးသည်။

ရွှေစျေးကို တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာဖြင့်ထိန်းထားခြင်းကြောင့် ပြင်ပစျေးကွက်ရှိ ရွှေစျေးနှင့်လည်းမကွာခြားခဲ့ချေ။ ၁၉၄၉ ခုနှစ်တွင်တောင် အာဖရိကနိုင်ငံမှပြင်ပရွှေစျေးသည် တစ်အောင်စလျှင် ၃၀ ဒသမ ၂၀ ဒေါ်လာစျေးဖြစ်သည်။ ၁၉၅၂ ခုနှစ်တွင်အခြို့စျေးကွက်များတွင် ရွှေစျေးသည် ဒေါ်လာ ၄၀ ပတ်ဝန်းကျင်ဖြစ်သည်။ ရွှေစျေးကို ၃၅ ဒေါ်လာပတ်ဝန်းကျင်တွင်ရှိစေရန်အတွက် ယခင်က ပိတ်ထားသော လန်ဒန်ရွှေစျေးကို ၁၉၅၄ ခုနှစ်တွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။ ရွှေစျေးသည် ၁၉၆၀ ပြည့်နှစ် အစပိုင်းတွင် ၃၅ ဒသမ ၁၂ ဒေါ်လာထက် မပိုခဲ့ချေ။ အမေရိကန်သမ္မတ ရွှေးကောက်ပွဲ၌ သမ္မတအဖြစ် ကနေဒီအရွေးချယ်ခံရရန် အလားအလာကောင်းနေသည့်အချိန်တွင် ကနေဒီသမ္မတ ဖြစ်လာလျှင် ဒေါ်လာကို ရွှေဖြင့်လဲလှယ်ခြင်းကို ရပ်ဆိုင်းပြီး ဒေါ်လာတန်ဖိုးကို လျှော့ချမည့် အလားအလာ ရှိသည်ဟုထင်မြင်စိုးရိမ်လာကြသည်။ ထိုစိုးရိမ်မှုကြောင့် ရွှေကိုပိုဖိဝယ်လာကြသဖြင့် ၁၉၆၀ ပြည့်အောက်တိုဘာလတွင် ရွှေစျေးသည် ဒေါ်လာ ၄၀ ကျော်ဖြစ်သွားသည်။ အင်္ဂလန်နိုင်ငံ ဗဟိုဘဏ်က ရွှေများထုတ်ရောင်းလိုက်သောအခါ ရွှေစျေးသည် ၃၆ ဒေါ်လာသို့ ပြန်ကျခဲ့သည်။

အမေရိကန်နိုင်ငံအစိုးရသည် ပုဂ္ဂလိက ရွှေစျေးတက်လာ၍ အခြားနိုင်ငံများရှိ ဗဟိုဘဏ်များက ယင်းတို့လက်ဝယ်တွင်ရှိသော အမေရိကန်ဒေါ်လာများကို ရွှေဖြင့်လဲလှယ်ပေးရန် တောင်းဆိုလာလျှင်လည်းကောင်း၊ ဗဟိုဘဏ်အချို့က အမေရိကန်နိုင်ငံအစိုးရထံမှ ရွှေကိုဒေါ်လာ ၃၅ ဖြင့် ဝယ်ယူပြီး ပုဂ္ဂလိကစျေးကွက်တွင် အမြတ်ထုတ်ရောင်းချလျှင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေအဖြစ် ထားရှိသော ရွှေများကို ထိခိုက်လာနိုင်သည်ဟု စိုးရိမ်လာသည်။ ယင်း စိုးရိမ်ချက်ကို အခြေခံ၍ ရွှေစျေးကို ၃၅ ဒေါ်လာ ပတ်ဝန်းကျင်၌ ထိန်းသိမ်းထားနိုင်ရေးအတွက် ၁၉၆၁ ခုနှစ်တွင် နိုင်ငံခုနစ်နိုင်ငံ (ပြင်သစ်၊ အနောက်ဂျာမနီ၊ ဗြိတိန်၊ ဗဲလ်ဂျီယံ၊ အီတလီနှင့် ဆွစ်ဇာလန်)တို့ ပူးပေါင်း၍ ရွှေဒိုင်ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ယင်းရွှေဒိုင်တွင် ယင်းခုနစ်နိုင်ငံထည့်ဝင်ထားသောရွှေများမှာ တန်ဖိုးအားဖြင့် ဒေါ်လာ သန်း ၂၇၀ ဖြစ်ပြီး၊ အမေရိကန်ပြည်ထောင်စုက ၅၀ ရာခိုင်နှုန်း ထည့်ဝင်သည်။ ရွှေဒိုင်ကို ၁၉၆၇ ခုနှစ် ဇွန်လ၌ ဒေါ်လာ သန်း ၄၂၀ ဖိုးထိ တိုးမြှင့်ထည့်ဝင်ကြသည်။ ၁၉၆၇ ခုနှစ် ဇူလိုင်လတွင် ပြင်သစ်နိုင်ငံက ရွှေဒိုင်မှနုတ်ထွက်ခဲ့သော အခါ ပြင်သစ်နိုင်ငံ၏ထည့်ဝင်သော ရွှေပမာဏကို အမေရိကန်ပြည်ထောင်စုက တာဝန်ယူ ထည့်ဝင်ခဲ့သည်။ ရွှေဒိုင်၏အရောင်းအဝယ် လုပ်ငန်းကို ဗြိတိန်နိုင်ငံ ဗဟိုဘဏ်က တာဝန်ယူ လုပ်ကိုင်သည်။

ရွှေဒိုင်၏အဓိကတာဝန်သည် ရွှေစျေးကို ၃၅ ဒသမ ၂၀ ဒေါ်လာ၏ အထက်သို့မတက်အောင် ထိန်းသိမ်း

လျက် အမေရိကန်ပြည်ထောင်စု၏ ရွှေသီးသန့်ရန်ပုံငွေကျ ဆင်းမှု သက်သာသွားစေရန် ဖြစ်သည်။ ယင်းရည်ရွယ်ချက်ကို အောင်မြင်စေရန်အတွက် ရွှေဒိုင်၏လုပ်ငန်းသာမက ဗဟိုဘဏ်များ အပြန်အလှန်ငွေချေးသည့်အစီအစဉ်၊ အမေရိကန်နိုင်ငံအစိုးရ ငွေချေးစာချုပ်များ ရောင်းချသည့်အစီအစဉ်နှင့် အထွေထွေသဘောတူ ချေးငွေအစီအစဉ်တို့ကိုပါ စီစဉ်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့သော ဗဟိုဘဏ်များအပြန်အလှန်ငွေချေးသည့်အစီအစဉ်တွင် ပါဝင်ကြသော နိုင်ငံများရှိ ဗဟိုဘဏ်များနှင့် ဆွစ်ဇာလန်နိုင်ငံမှ နိုင်ငံအချင်းချင်းစာ ရင်း ရှင်း ပေး သည့် ဘဏ် **Bank for International Settlements** တို့အချင်းချင်း ကာလတို အပြန်အလှန်ချေးယူသော ငွေပမာဏမှာ ၁၉၆၇ ခုနှစ်တွင် ဒေါ်လာကုဋေ ၂၀၀၀ ခန့် ရှိလာခဲ့သည်။ ယင်းအစီအစဉ်ကြောင့် အမေရိကန်နိုင်ငံပိုင် ရွှေသီးသန့်ရန်ပုံငွေမှ ကျခံရန်မလိုဘဲ ရရှိနေသောငွေဖြစ်၍ အဆိုပါရွှေသီးသန့်ရန်ပုံငွေကျဆင်းမှုကို ကာကွယ်ပေးခြင်းပင်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအစိုးရငွေချေးစာချုပ်များရောင်းချသည့် အစီအစဉ်သည် အခြားနိုင်ငံရှိ ဗဟိုဘဏ်များရှိ အမေရိကန်ဒေါ်လာကို အထူးအတိုးနှုန်းများပေးသော အမေရိကန်နိုင်ငံအစိုးရ၏ ငွေချေးစာချုပ်များကို ဝယ်ယူစေခြင်းပင်ဖြစ်၍၊ အမေရိကန်နိုင်ငံပိုင် ရွှေသီးသန့်ရန်ပုံငွေကျဆင်းမှုကို ကာကွယ်ပေးခဲ့သည်။ အထွေထွေသဘောတူ ငွေချေးအစီအစဉ်မှာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ အမေရိကန်ပြည်ထောင်စုက ငွေချေးယူ ရရှိနိုင်သော အခွင့်အရေးဖြစ်၍ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန် ပြည် ထောင် စု အ တွက် ချေး ယူနိုင်ခွင့် ရှိသော ငွေဒေါ်လာသန်း ၅,၀၀၀ အတွက် နိုင်ငံ ၁၀ နိုင်ငံမှ ထိုငွေပမာဏကိုရရှိရန် စီစဉ်ထားခဲ့သည်။ ယင်းအစီအစဉ်ဖြင့် အမေရိကန်ပြည်ထောင်စုပိုင် ရွှေသီးသန့်ရန်ပုံငွေမကျဆင်းအောင် ကာကွယ်ပေးနိုင်ရန်ဖြစ်သည်။ ယင်းကာကွယ်သော အစီအစဉ်များသာမက ဆိုဗီယက်နိုင်ငံ က ၁၉၆၂ ခုနှစ်မှ ၁၉၆၅ ခုနှစ်အထိ ရွှေများများ ထုတ်ရောင်းပြီး ဂျုံများကို ဝယ်ယူခဲ့ခြင်းကလည်း ရွှေစျေးကို တည်ငြိမ်စေခဲ့သည်။ ယင်းအချိန်ကာလတွင် ရွှေစျေးကွက်ကို အစိုးရနှင့်ပုဂ္ဂလိကဟူ၍ခွဲခြားပြီး စျေးကွက်တစ်ခုမှတစ်ခုသို့ ရွှေအဝင်အထွက်မရှိအောင် ကန့်သတ်ရန်အစီအစဉ်ကိုလည်း ကြံဆနေပြီ ဖြစ်သည်။

သို့သော် ၁၉၆၇ ခုနှစ် နိုဝင်ဘာလတွင် ပေါင်စတာလင်ကို တန်ဖိုးချလိုက်ပြီးနောက် အမေရိကန်ပြည်ထောင်စု၏ နိုင်ငံခြားငွေ အပေးအယူ စာရင်းတွင် လိုငွေပေါ်ပေါက်နေသည့်အတွက် အ မေ ရိ ကန်ဒေါ်လာတန်ဖိုးချ


လီပင်း

မည်ကို စိုးရိမ်၍ ဒေါ်လာကို ထုတ်ရောင်းကာ ရွှေများဝယ်ယူလာကြသည်။ ရွှေဒိုင်မှ ရွှေ ကို ထုတ် ရောင်း ပြီး ရွှေစျေးကိုထိန်းနေသည့်ကြားမှ ရွှေကို ဖိဝယ်ယူလာကြသည်။ ရွှေများဖို၍ ဝယ်ယူခြင်းကိစ္စအပေါ်တွင် အမေရိကန်နိုင်ငံ ဗဟိုဘဏ်နှင့် အခြားနိုင်ငံ ဗ ဟို ဘဏ် တို့၏သဘောထားကွဲလွဲလာခဲ့သဖြင့် ၁၉၆၈ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ရွှေစျေးများကိုပိတ်ပြီး ရွှေ ဒိုင် ကို လည်း ဖျက်သိမ်းလိုက်သည်။ ပေါင် စ တာ လင်တန်ဖိုး ချသည့်အချိန်မှ ရွှေဒိုင်ပိတ်ရသောနေ့အထိ ရွှေဒိုင်မှ အမေရိကန်ဒေါ်လာကုဋေ ၃၀၀ ခန့်တန်ဖိုးရှိသော ရွှေကိုထုတ်ရောင်း၍ ရွှေစျေးထိန်းသိမ်းခဲ့သည်။

ရွှေဒိုင်ပိတ်လိုက်ရပြီးနောက်တစ်နေ့တွင် အမေရိကန်နိုင်ငံသမ္မတ ဂျွန်ဆင်နှင့် အခြားနိုင်ငံကြီးများမှ ဝန်ကြီးချုပ်များတို့ ဆွေးနွေးကြသည်။ ယင်းအစည်းအဝေးမှ သဘောတူညီကြသော အချက်အလက်များအနက် ရွှေကို ၃၅ ဒေါ်လာစျေးဖြင့် ဆက်လက်ရောင်းဝယ်သွားရေး၊ ငွေလဲလှယ်နှုန်းကို မပြင်ဆင်ဘဲ ထိန်းထားရေး၊ ရွှေစျေးကို အစိုးရစျေးကွက်နှင့် ပုဂ္ဂလိကစျေးကွက်ဟူ၍ နှစ်မျိုးထားရှိရေးနှင့် အစည်းအဝေးတက်ရောက်သော နိုင်ငံအားလုံးသည် ယင်းတို့၏နိုင်ငံခြားငွေပေးငွေယူ စာရင်းအသီးသီးကောင်းမွန်လာအောင် ပူး ပေါင်း ဆောင် ရွက် ရေး တို့ ဖြစ်သည်။ ယင်းအစည်းအဝေးကျင်းပပြီး နောက်ပိုင်းတွင် ကမ္ဘာ့ငွေကြေးတစ်ခုအဖြစ် ထုတ်ရန်စဉ်းစားစီစဉ်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏အထူးငွေထုတ်ခွင့်များ **IMF Special Drawing Right** (အက်စ်ဒီအာရ်) အစီအစဉ်ကို အကောင်အထည်ဖော်ရန် စတင်ခဲ့သည်။ (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့၏အထူးငွေထုတ်ခွင့်များ ---- ရှု။)

လီပင်း (ခရစ် ၁၉၂၀ –)။ ။တရုတ်ပြည်သူသမ္မတနိုင်ငံ ဝန်ကြီးချုပ် လီပင်းကို ဇီချမ်ပြည်နယ် ချင်တူးမြို့၌ ၁၉၂၀ ခုနှစ်တွင် မွေးဖွားသည်။ ဝန်ကြီးချုပ် ချူအင်လိုင်း (၁၈၉၈–၁၉၇၆) ၏ မွေးစားသား ဖြစ်သည်။ လီသည် ၁၉၄၅ ခုနှစ်တွင် တရုတ်ကွန်မြူနစ်ပါတီသို့ ဝင်ရောက်သည်။ ၁၉၄၆–၄၈ ခုနှစ် ကာလအတွင်း က တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းရှိ စက်ရုံများတွင် သာမန်ရာထူးများ၌တာဝန်ထမ်းဆောင်နေခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဆို ဗီ ယက် ပြည် ထောင် စု မော်စကိုမြို့သို့ သွားရောက်ကာ စွမ်း အင် တက္ကသိုလ်၌ ပညာဆည်းပူးခဲ့သည်။ ထိုစဉ်က တရုတ်ကျောင်းသားအသင်း၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။

လီသည် ၁၉၅၅ ခုနှစ်တွင် တရုတ်နိုင်ငံသို့ ပြန်လာပြီး



တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် လီပင်း

အရှေ့မြောက်ပိုင်းဒေသရှိ လျှပ်စစ်စွမ်းအင် ဌာနများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် ပီကင်းမြို့သို့ ဗဟိုပြောင်းရွှေ့ကာ အလားတူရာထူးများဖြင့်ပင် ဆောင်ရွက်နေခဲ့ရသည်။ ၁၉၇၉ ခုနှစ်တွင် တရုတ်နိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ခံရပြီးမှ တစ်ရှိန်ထိုး ထင်ရှားလာခဲ့သည်။ ၁၉၈၂ ခုနှစ်တွင် ပါတီဗဟို ကော်မတီသို့ ရွေးချယ်တင်မြှောက်ခံရပြီး ၁၉၈၃ ခုနှစ်တွင် ဒုတိယဝန်ကြီးချုပ် ဖြစ်လာသည်။ ၁၉၈၅ ခုနှစ်တွင် နိုင်ငံတော်ပညာရေးကော်မရှင်၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ သို့ဖြင့် နိုင်ငံ၏ပညာရေး၊ စွမ်းအင်ထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အရေးပါသော တာဝန်အသီးသီးကို ပူးတွဲထမ်းဆောင်ရင်း အထူးပင် စန်းပွင့်လာခဲ့သည်။ တရုတ်နိုင်ငံ၏ပြည်တွင်းပြဿနာအရပ်ရပ်ကို ယထာဘူတကျကျ ရှုမြင်နိုင်ပြီး လက်တွေ့ကျသော ချဉ်းကပ်ဖြေရှင်းမှုများကို ချမှတ်နိုင်သည့် အတတ်ပညာရှင်တစ်ဦးအဖြစ် လီသည် တိန့်ရှောင်ဖိန်၏ ခေတ်ကာလအတွင်း အထူးအရေးပါလာသည်။ (တရုတ်ပြည်သူ့သမ္မတနိုင်ငံ—ရှု။) ၁၉၇၅ ခုနှစ် စက်တင်ဘာလက ကျင်းပသော တရုတ်ကွန်မြူနစ်ပါတီ အမျိုးသား ညီလာခံကြီးတွင် နိုင်ငံရေးဦးဆောင်အဖွဲ့ (ပေါ်လစ်ဗျူရို) သို့ ရွေးချယ်တင်မြှောက် ခံရသည်။ ထိုအချိန်မှစ၍ လီသည် ဝန်ကြီးချုပ်ကျောက်ကျိယန်၏ အရိုက်အရာကို ဆက်ခံရမည့် သူအဖြစ် ထင်ရှားလာသည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆— စာ၊ ၁၈၀—ရှု။)

၁၉၇၅ ခုနှစ် မတ်လက ဆိုဗီယက်ခေါင်းဆောင် ကွန်စတန်တင် ချယ်ရနီယင်းကိုး (၁၉၁၁–၁၉၇၅)၏ စျာပနအခမ်းအနားသို့ တရုတ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်လျက် တက်ရောက်ခဲ့ပြီး ဆိုဗီယက်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးအသစ် ဂေါ်ဘာချော့နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာ တရုတ်–ဆိုဗီယက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေသည့် ဆွေးနွေးပွဲ တစ်ရပ်အဖြစ် အထူးပင် အရေးပါခဲ့သည်။

လီပင်းသည် ဝန်ကြီးချုပ် ကျောက်ကျိယန် ပါတီအထွေထွေအတွင်းရေးမှူး ဖြစ်သွားသဖြင့် ၁၉၈၇ ခုနှစ် နိုဝင်ဘာလတွင် ယာယီဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခြင်းခံရသည်။


လက်တင်အမေရိက။ ။လက်တင်အမေရိက ဒေသတွင် စီးပွားရေး၊ နိုင်ငံရေး၊ ပြည်တွင်းရေးနှင့် အပြည်ပြည် ဆိုင်ရာ ဆက်ဆံရေး နယ်ပယ်အသီးသီး၌ ၁၉၈၆–၈၇ ခုနှစ်အတွင်း အလှည့်အပြောင်းများ၊ ထူးခြားသောဖြစ်ရပ်များ ပေါ်ပေါက်ခဲ့သည်။

ပြည်ပကြွေးမြီပြဿနာ

လက်တင်အမေရိကတွင် ကြွေးမြီဒေါ်လာသန်းပေါင်း ၃,၀၀,၀၀၀ တင်ရှိသည့်အနက် အများဆုံး တင်ရှိသော နိုင်ငံများ ဖြစ်ကြသည့် မက္ကဆီကို၊ အာဂျင်တီးနား၊ ဗင်နီဇွဲလား၊ ချီလီ၊ ပီရူး၊ ကိုလုံးဗီးယား၊ အက်ကွာဒေါ၊ ဗိုလစ်ဗီးယား၊ ဥရုဂွေးနှင့် ဒိုမီနီကန်နိုင်ငံတို့သည် ကာတက်ဂျီးနားအုပ်စုကို ဖွဲ့စည်းသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၅–စာ၊ ၂၃၆— ရှု။)

ကြွေးမြီအခြေအနေ(ဒေါ်လာသန်းထောင်ပေါင်း)

နိုင်ငံ	၁၉၇၅(သြဂုတ်)	၁၉၈၆ (နှစ်ကုန်)
ဗရာဇီး	၁၀၄	၁၁၁
မက္ကဆီကို	၉၆	၁၀၀
အာဂျင်တီးနား	၄၈	၄၉
ဗင်နီဇွဲလား	၃၄	၃၄
ချီလီ	၂၀	၂၂
ပီရူး	၁၄	၁၆
ကိုလုံးဗီးယား	၁၂.၅	၁၅
အက်ကွာဒေါ	၇.၅	၉



အာဂျင်တီးနားနိုင်ငံတွင် ဥပဒေမဲ့လုပ်ကြံနည်းများဖြင့် ဖိနှိပ်အုပ်စိုးခဲ့သော စစ်အစိုးရခေါင်းဆောင်ဟောင်းများကို တရားခွင်၌ တွေ့ရပုံ

ဗဟုဇီးနိုင်ငံသည် ပါရီကလပ်အုပ်စုဝင် မြိုရှင်နိုင်ငံများသို့ ၁၉၀၇ ခုနှစ်တွင် ပြန်လည်ပေးဆပ်ရန်ရှိသည့် အရင်းဒေါ်လာသန်းပေါင်း ၁,၀၅၀ ပေးဆပ်မှုကို ဆိုင်းငံ့ထားလိုက်ကြောင်း ၁၉၀၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကြေညာသည်။ မက္ကဆီကိုနိုင်ငံသည် ကြွေးမြီ၏အရေးပါဆုံးသောအပိုင်းကို ပေးဆပ်ရေးအစီအစဉ် ပြင်ဆင်သတ်မှတ်ခြင်းအပြင် ချေးငှေသစ်ဒေါ်လာသန်းပေါင်း ၇,၇၀၀ ရယူခြင်းဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို ၁၉၀၇ ခုနှစ် မတ်လ ၂၀ ရက်နေ့က လက်မှတ်ရေးထိုးသည်။ ဗင်နီဇွဲလားသည်ပေးရမည့်အတိုးနှုန်းကို အနည်းငယ်လျှော့ချခြင်းနှင့် ပြန်ဆပ်ချိန် ၁၂ နှစ်အထိတိုးမြှင့်ခြင်းကို ၁၉၀၇ ခုနှစ်တွင် ညှိနှိုင်းသတ်မှတ်သည်။ မြီစားနိုင်ငံတို့သည် မြီရှင်တို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းနိုင်ရန်အလို့ငှာ စီးပွားရေးဖွံ့ဖြိုးမှုကိုအနာခံလျက် တင်းကျပ်သော ပြည်တွင်းခြိုးခြံချေတာရေးအစီအစဉ်များကို စဉ်ဆက်မပြတ် ချမှတ်ဆောင်ရွက်နေရသည်။ ထိုသို့ဆောင်ရွက်နေပါက အထူးသဖြင့်ဒီမိုကရေစီပြန်လည်ထွန်းကားစဖြစ်၍ အစိုးရတည်ငြိမ်စွာအုပ်စိုးနိုင်ရန် လတ်တလော ကြိုးပမ်းနေရသော နိုင်ငံများ၌ ယင်းခြိုးခြံရေးအစီအစဉ်ကို ရေရှည်ကျင့်သုံးအပ်သော မဟာဗျူဟာအဖြစ် သဘောမထားကြတော့ချေ။ ၁၉၀၇ ခုနှစ်တွင် အရင်းရှင်နိုင်ငံကြီးများမှ ရင်းနှီးမြှုပ်နှံသူတို့သည် ကြွေးမြီပိုင်ဆိုင်ခွင့် အစီအစဉ်များအရ လျှော့နှုန်းပေးထားသည့်ကြွေးမြီများကိုဝယ်ယူကာ လက်လွဲပြောင်းခံယူလျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံတို့က လတ်တလော ပေးဆပ်ရမှုများသက်သာခွင့် ရရှိနိုင်လာကြသည်။ အဆိုပါဆောင်ရွက်မှုတွင် ရွှေတန်းရောက်နိုင်ငံတို့မှာ မက္ကဆီကိုနှင့် ချီလီတို့ဖြစ်ကြသည်။

ပြည်တွင်းဓရး

အာဂျင်တီးနား – အာဂျင်တီးနားနိုင်ငံတွင် ဥပဒေနှင့်မညီညွတ်သော လျှို့ဝှက် လုပ်ကြံနည်းများကိုသုံးလျက် ပြည်သူကိုနှိပ်ကွပ်ခဲ့မှုဖြင့် တရားစွဲဆိုထားခြင်း ခံခဲ့ရသော စစ်အစိုးရ ခေါင်းဆောင်ဟောင်းများကို ၁၉၀၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် စီရင်ချက်ချသည်။ ၁၉၇၆ ခုနှစ်မှ ၁၉၀၁ ခုနှစ်ထိ သမ္မတဖြစ်ခဲ့သော ဗိုလ်ချုပ်ကြီး ယော်ဂေး ရာဖယ် ဗီဒယ်လာနှင့် ရေတပ်ဗိုလ်ချုပ်ကြီး အက် ဒွါ ဒို အီမီလီယို မက်စီရာ တို့အား လူ သတ် မှု၊ ပြန်ပေးဆွဲမှု၊ ညှဉ်းပန်းမှုနှင့် လုယက်မှုစသည့်ပြစ်မှုတို့ဖြင့် တစ်သက်တစ်ကျွန်းထောင်ဒဏ်အပြစ်ပေးသည်။ လေတပ်ဗိုလ်မှူးချုပ် အော်လန်ဒို ရာမွန် အာဂေါ့စတီအား ထောင်ဒဏ် ၄ နှစ် ၆ လ၊ ၁၉၀၁ ခုနှစ် မတ်လမှဒီဇင်ဘာလထိ သမ္မတဖြစ်ခဲ့သော ဗိုလ်ချုပ်ကြီးရီဘာတို ဝိုင်အိုလာအား ထောင်ဒဏ် ၁၇ နှစ်၊ ရေတပ်ဗိုလ်ချုပ်ကြီးအာမန် ဒိုလမ်ဘရွှရီနီအား ထောင်ဒဏ် ၈ နှစ်အသီးသီး ချမှတ်သည်။ လေတပ်ဗိုလ်မှူးချုပ် အော်စကာဒိုမင်ဂို ရွှဘင် ဂရက်ဖစ်ဂနာအား တရားသေလွတ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၀၅–စ၁၊ ၂၄၁—ရှ။) ၁၉၀၆ ခုနှစ် မေလ ၁၅ ရက်နေ့တွင် တပ်မတော် ဦးစီးကောင်စီသည် သမ္မတဟောင်း ဗိုလ်ချုပ်ကြီးဂယ်တီယာရီ၊ ရေတပ်ဗိုလ်ချုပ်ကြီးယော်ဂေး အနယာနှင့် ဗိုလ်မှူးချုပ် ဘစီလီယိုလာမီဒိုဇိုတို့အား ဖောက်ကလင်ကျွန်း (မာလဗီးနပ်စ်) စစ်ပဲ့၌ တာဝန် မကျေပွန်မှုနှင့် စီရင်ချက်ချရာ၌ ဗိုလ်ချုပ်ကြီး

ဂယ်တီယာရီအား ထောင်ဒဏ် ၁၂ နှစ်၊ ဗိုလ်ချုပ်ကြီး အနယ်ာအား ၁၄ နှစ်၊ ဗိုလ်မှူးချုပ်ဒိုင်ဇိုအား ဂ နှစ် အသီးသီးချမှတ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃ – စာ၊ ၂၂၀—ရှု။)

တစ်ဖန် ၁၉၇၀ ပြည့်လွန်နှစ်များနှောင်းပိုင်းက 'ညစ်ထေးသောစစ်'ဖြင့် လက်ဝဲအကြမ်းဖက်ဝါဒီတို့ကို နှိမ်နင်းစဉ် ပျောက်ဆုံးသွားခဲ့ကြသည့် ပြည်သူ ၉၀၀၀ ကျော်ကို ပြန်ပေးဆွဲမှု၊ ညှဉ်းပမ်းမှု၊ သတ်ဖြတ်မှုတို့ဖြင့် စစ်အာဏာရှိ ၄၀၀ ခန့်ကို ဆက်လက် တရားစွဲဆိုရန် အစိုးရက ပြင်ဆင်သည်။ ယင်းအစီအစဉ်ကို ကန့်ကွက်သောအားဖြင့် ဗျူနိုအေရီမြို့မြောက်ဘက် မိုင် ၄၀၀ အကွာရှိ စစ်စခန်း တစ်ခုက ၁၉၇၇ ခုနှစ် ဧပြီလတွင် လေးရက်ကြာ ပုန်ကန်ခြားနားသည်။ သမ္မတ ရော အယ်ဖွန်ဆင်က ငြိမ်းချမ်းစွာပြေငြိမ်းစေခဲ့သည်။ ထို့နောက် မေလ ၁၃ ရက်နေ့တွင် သမ္မတ အယ်ဖွန်ဆင်သည် စစ်အုပ်ချုပ်ရေးကာလကတပ်ဖွဲ့ဝင်တို့အား လူအခွင့်အရေးဆိုင်ရာပြစ်မှုဖြင့် စွပ်စွဲ၍ တရားစီရင်ခြင်းကို ရပ်ဆိုင်းရန် ဥပဒေကြမ်းတစ်ရပ်ကို ပါလီမန်သို့တင်သွင်းခဲ့သည်။ ယင်းဥပဒေကြမ်းကို ၁၄ နာရီကြာမျ ပြင်းထန်စွာ ဆွေးနွေးခဲ့ကြပြီး ထောက်ခံမဲ ၁၁၉ မဲ၊ ကန့်ကွက်မဲ ၅၉ မဲဖြင့် အတည်ပြုသည်။

ဟေတီ—ဟေတီနိုင်ငံတွင် ၁၉၇၃ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဝန်ကြီးငါးဦးပါဝင်သည့် "မဟာအစိုးရအဖွဲ့" တစ်ရပ်ကို ၁၉၇၃ ခုနှစ် စက်တင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၅ – စာ၊ ၂၃၉—ရှု။) ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရာ ယင်း "မဟာအစိုးရအဖွဲ့ဝင်" ငါးဦးအနက် လေးဦးကို ရာသက်ပန်သမ္မတ ယွန်ကလောက်ဒီ ဒူဗလီယာ (ဘေဘီဒေါက်တာ) က ရာထူးမှဖယ်ရှားလိုက်ပြီး သံအမတ်ကြီးများအဖြစ် ခန့်အပ်လိုက်သည်။ ထို့ကြောင့် "မဟာအစိုးရအဖွဲ့" ကို ဖျက်သိမ်းရာရောက်သည်ဟု ဆိုသည်။ ၁၉၇၅ ခုနှစ် နိုဝင်ဘာလမှစ၍ ဒူဗလီယာဆန့်ကျင်ရေးအုံကြွမှုပိုမိုပြင်းထန်လာသည်။ နိုင်ငံ၏စီးပွားရေးချွတ်ခြုံကျနေသော်လည်း ဒေါ်လာသန်း ဂဝဝ ခန့်ကြွယ်ဝနေသော သမ္မတ၏မိသားစုက အလျဉ်ပယ်သုံးစွဲကာ ငတ်မွတ်နေကြသည်။ အမျိုးသားလုံခြုံရေးတပ်ဖွဲ့ (တွန်တွန်မာကွတ်) အမည် ခံထားသော ဒူဗလီယာမိသားစု၏ခါးပိုက်ဆောင်တပ်ဖွဲ့အင်အား ၁၅,၀၀၀ ဖြင့် ရက်စက်စွာနှိမ်နင်းသည့်ကြားမှ ပြည်သူတို့ကအုံကြွလာခြင်းဖြစ်သည်။ ဟေတီနိုင်ငံ၏ ဆိုးရွားလာသော နိုင်ငံရေးအခြေအနေကြောင့် အကူအညီဒေါ်လာ ၂၆ သန်းကို ဆိုင်းငံ့ထားလိုက်ပြီဟု အမေရိကန်အစိုးရက ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ကြေညာသည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် သမ္မတ၏မိသားစုနှင့် နောက်လိုက်တစ်စုတို့ ပြင်သစ်နိုင်ငံသို့ထွက်ပြေးသည်။ အဖွဲ့ဝင်ငါးဦးပါဝင်သော အရပ်သားနှင့် စစ်ဘက်ကောင်စီ တစ်ရပ်က အာဏာကို ထိန်းသိမ်းသည်။ ယင်းအစိုးရအဖွဲ့ကို စစ်ဦးစီးချုပ်ဒုတိယ ဗိုလ်ချုပ်ကြီးဟင်နရီနမ်ဗီက ဦးဆောင်သည်။ ဆူပူအုံကြွနေသော်ပြည်သူတို့သည် ဒေါ်သအရှိန်မပြေသေးဘဲ ၁၉၅၇ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ အုပ်စိုးခဲ့သော ဖရန်ဆွာဒူဗလီယာ (ယွန်ကလောက်ဒီ၏ဖခင်) ၏ သခ်ျိုင်းဂူကိုဖျက်ဆီးကာ ရုပ်အလောင်း၏ ဦးခေါင်းခွံနှင့်မျက်မှန်တို့ကို ထုခွဲခဲ့ကြသည်ဟုဆိုသည်။ ယွန်ကလောက်ဒီတို့ မိသားစုပိုင်ပစ္စည်းများကို ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့မစ၍ နိုင်ငံပိုင်သိမ်းယူသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို ၁၉၈၇ ခုနှစ် ဧပြီလတွင် ဆန္ဒခံယူပွဲကျင်းပရာ ထောက်ခံမဲ ၉၉ ဒသမ ၉၁ ရာခိုင်နှုန်းရရှိသည်။ ဒုတိယဗိုလ်ချုပ်ကြီးနမ်ဗီ၏အစိုးရသည် ဒေသန္တရ ရွေးကောက်ပွဲ များကို ၁၉၈၇ ခုနှစ် ဩဂုတ်လ ၂၃ ရက် နေ့ တွင် ကျင်း ပ ရန် ရှိကြောင်းဖြင့် ဇွန်လ ၂၃ ရက်နေ့တွင် ကြေညာသည်။ ယင်းရွေးကောက်ပွဲဆိုင်ရာ ကြေညာချက်ကို ကန့်ကွက်သည့်ဆန္ဒပြပွဲများ အဓိကမြို့ကြီးခြောက်မြို့၌ ပေါ်ပေါက်သည်။ ထို့ကြောင့် ယင်းရွေးကောက်ပွဲများကို စစ်ကက်

ဟေတီနိုင်ငံတွင် ဒူဗလီယာမိသားစု၏ ခါးပိုက်ဆောင်တပ်ဖွဲ့ တွန်တွန်မာကွတ်မှအဖွဲ့ဝင်တစ်ဦးကို ပြည်သူတို့ကဖမ်းမိထားစဉ်



အပြည်ပြည်ဆိုင်ရာဆက်ဆံရေး

အမေရိက အလယ်ပိုင်းဒေသငြိမ်းချမ်းရေး–ကွန်တာဒိုရာ အုပ်စု (ကိုလုံးဗီးယား၊ ဗင်နီဇွဲလား၊ ပနားမားနှင့် မက္ကဆီကိုနိုင်ငံတို့မှ) နိုင်ငံခြားရေးဝန်ကြီးများနှင့် လီမာအုပ်စု (အာဂျင်တီးနား၊ ဗရာဇီး၊ ပီရူးနှင့်ဥရုဂွေး နိုင်ငံတို့မှ) နိုင်ငံခြားရေး ဝန်ကြီးများသည် အကြိမ် ၄၀ မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံသို့ အမေရိက အလယ်ပိုင်းဒေသဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ် တင်သွင်းခဲ့သည်။ အမေရိကန်နိုင်ငံများအဖွဲ့ (အိုအေအက်စ်) အဖွဲ့ဝင် ဟွန်ဒူးရပ်၊ အယ်ဆာဗေဒို့နှင့် ကော့စတာရီကာတို့က ယင်းဆုံးဖြတ်ချက်မူကြမ်းကို မထောက်ခံကြောင်းကြေညာခဲ့သည်။ ကွန်တာဒိုရာနှင့် လီမာအုပ်စုတို့သည် ဗင်နီဇွဲလားနိုင်ငံ ကရာဗော လဒေါမြို့၌ နှစ်ရက်ကြာ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် "အမေရိက အလယ်ပိုင်းဒေသငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဒီမိုကရေစီရေးအတွက် ကရာဗောလဒေါမှ ပန်ကြားချက်" စာတမ်းကို ထုတ်ပြန်ခဲ့သည်။ ကွန်တာဒိုရာအုပ်စု၏ ငြိမ်းချမ်းရေးကြိုးပမ်းချက်များနှင့်အညီ လမ်းညွှန်ချက်များ ချမှတ်ထားသော ၁၀ မျက်နှာပါရှိသည့် စာတမ်းဖြစ်သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၅–စာ၊ ၂၆၀—ရှ။) နိကရာဂွာနိုင်ငံနှင့် ကော့စတာရီကာနိုင်ငံတို့အကြား နယ်စပ်ဒေသတစ်လျှောက် အခြေအနေကိုစောင့်ကြည့်ရန် အပြည်ပြည်ဆိုင်ရာ အရပ်ဘက်ကော်မရှင်တစ်ရပ် ဖွဲ့စည်းရေးအပါအဝင် သဘောတူညီချက် ၁၄ ချက်ပါဝင်သည့် ကြေညာချက် တစ်စောင်ကို ကွန်တာဒိုရာနှင့် လီမာအုပ်စုတို့ ဥရုဂွေးနိုင်ငံ ပွန်တာဒဲအက်စတဲမြို့၌ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ကွန်တာဒိုရာနှင့် လီမာအုပ်စုတို့၏ တိုက်တွန်းချက်အရ နိကရာဂွာနိုင်ငံမှအပ အမေရိကအလယ်ပိုင်းဒေသအားလုံးသည် ဧပြီလ ၇ ရက်နေ့တွင် ပနားမား ပြေငြိမ်းမှုကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ဒေသဆိုင်ရာ ငြိမ်းချမ်းရေး ပဋိညာဉ်စာချုပ်မတိုင်မီမူဝါဒလမ်းညွှန်ချက်များပါဝင်သည့် ကြေညာချက်ဖြစ်သည်။ နိကရာဂွာနိုင်ငံတွင် ပြည်တွင်းစစ်ဒဏ်ကြောင့် ၁၉၈၆ ခုနှစ်အထိ ခုနစ်နှစ်တာကာလအတွင်း လူပေါင်း ၃၃,၀၀၀ ကျော်သေဆုံးပြီး ဒေါ်လာသန်းပေါင်း ၂,၃၀၀ ဖိုးပျက်စီး ဆုံးရှုံးခဲ့သည်။ အယ်ဆာဗေဒို့နိုင်ငံတွင် ၁၉၇၉ ခုနှစ်မှစ၍ ဖြစ်ပွားလျက်ရှိသော ပြည်တွင်းစစ်ကြောင့် ၁၉၈၅ခုနှစ်အတွင်းမှာပင် အစိုးရစစ်သား ၄၂၆ဦး သေဆုံး၍ ၁,၆၈၃ ဦး ဒဏ်ရာရရှိခဲ့ပြီး ပြောက်ကျားသူပုန် ၁,၀၃၄ ဦးသေဆုံးခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊

က မထိန်းချုပ်ဘဲ လွတ်လပ်သော အရပ်ဘက်ကောင်စီတစ်ရပ်ကကြီးကြပ်ပေးရန် ဇူလိုင်လ ၂ ရက်နေ့တွင်ဆုံးဖြတ်သည်။ မတရားသင်းအဖြစ် ကြေညာထားခြင်း ခံရသော တွန်တွန်မာကွတ်တပ်ဖွဲ့ကို ဆန့်ကျင်သည့် ဆန္ဒပြပွဲတစ်ရပ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပို့အောပရင့်မြို့၌ ဖြစ်ပွားရာ စစ်သားများကပစ်ခတ်၍ လူရှစ်ဦးထက်မနည်း သေဆုံးသည်။ သမ္မတရွေးကောက်ပွဲကို နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ကျင်းပရန်စီစဉ်နေစဉ် အဓိကသမ္မတလောင်း ခုနစ်ဦးအနက် ယူဂျင်းအက်သစ်သည် သြဂုတ်လတွင် လုပ်ကြံခံရသည်။

နိကရာဂွာ – နိကရာဂွာ နိုင်ငံတွင် ၁၉၇၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့က အတည်ပြုသော ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့တွင် သမ္မတအော်တီဂါက လက်မှတ်ရေးထိုးလိုက်၍အာဏာတည်သွားပြီ ဖြစ်သည်။ သမ္မတအော်တီဂါသည် ၁၉၇၂ ခုနှစ် မတ်လမှစ၍ အာဏာသက်ရောက် သော အရေးပေါ်အမိန့်ကို ပြန်လည်ပြဋ္ဌာန်း သည်။ နိကရာဂွာသမိုင်းတွင် ၁၁ ခု မြောက် ဖြစ် သော ယင်းဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်အရ မူလ အရေးပေါ်အမိန့်သည် အလိုအလျောက် ပျက်ပြယ်သွားသဖြင့် ပြန်လည်ပြဋ္ဌာန်းရခြင်းဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် အနာတာစီယို ဆိုမိုဇာ၏ လက်ယာဝါဒီအာဏာရှင်အစိုးရကို ဆန့်ဒီနစ္စတာတို့ ဖြုတ်ချခဲ့စဉ်က အာဏာသက်ရောက်ခဲ့သည့် နိကရာဂွာနိုင်ငံသားများအတွက် အခွင့်အရေးနှင့်အာမခံချက်များဆိုင်ရာ ဥပဒေ၏နေရာတွင် ပုဒ်မ ၂၀၂ ခုပါရှိသော ယင်းအခြေခံဥပဒေအသစ်ဖြင့် အစား ထိုးသည်။ ယင်းအခြေခံဥပဒေသစ်အရ အမျိုးသားလွှတ်တော်က ခန့်အပ်သော ရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲများကို စည်းရုံးညွှန်ကြား ကျင်းပသွားရမည်ဖြစ်သည်။ အမျိုးသားလွှတ်တော်တွင် ၉၆ နေရာရှိသည့် အနက် ဆန်ဒီနစ္စတာတို့က ၆၁ နေရာကို လွှမ်းမိုးထားသည်။

လွန်ခဲ့သော ၁၅ လက ပိတ်ထားခဲ့သော အတိုက်အခံသတင်းစာ လာပရင်ဆာကို ၁၉၈၇ ခုနှစ် စက်တင်ဘာလတွင် ပြန်လည်ထုတ်ဝေခွင့်ပြုခဲ့သည်။ စောင်ရေ ၇၅,၀၀၀ ရှိသော ယင်းသတင်းစာကို စာပေစိစစ်ရေးလုံးဝမပြုလုပ်ဘဲ ထုတ်ဝေခွင့်ပြုခြင်းဖြစ်ရာ ၁၉၈၂ ခုနှစ် မတ်လနောက်ပိုင်းတွင် မရှိဖူးသောအခြေအနေ ဖြစ်သည်။ နိကရာဂွာသမ္မတ အော်တီဂါ၏ ၁၉၈၆ ခုနှစ် နှစ်သစ်ကူးမိန့်ခွန်းကို ထုတ်လွှင့်ခြင်းမပြုခဲ့၍ နှစ် ရက် အကြာ တွင် ပိတ်ပင်ခြင်းခံခဲ့ရသော ရေဒီယိုကက်တိုလီကာ အသံလွှင့်ရုံသည်လည်း ၁၉၈၇ ခုနှစ် စက်တင်ဘာလတွင် ပြန်လည် အသံလွှင့်ခွင့် ရရှိသည်။

၂၀၁— ၌။) ပြောက်ကျားတို့က ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍကို နှောင့်ယှက်ဖျက်ဆီးသဖြင့် နိုင်ငံတော်အတွက် ဒေါ်လာ ၂၁ သန်းပိုး နစ်နာဆုံးရှုံးသည်။ ကော့စတာရီကာ၊ အယ်ဆာဗေဒို၊ ဂွာတီမာလာနှင့် ဟွန်ဒူးရပ်နိုင်ငံတို့မှ သမ္မတတို့သည် ကော့စတာရီကာနိုင်ငံ ဆန်ဟိုဆေးမြို့၌ ဒေသဆိုင်ရာ လုံခြုံရေးအခြေအနေနှင့်စပ်လျဉ်း၍ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။ ကော့စတာရီကာနိုင်ငံ သမ္မတ အော်စကာ အေရီယက်စ်ဆန်ရှေးဇ်၏ အဆိုပြုချက်ကို ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ထို့နောက် ဂွာတီမာလာနိုင်ငံ အက်စကီပြူးလပ်စ် – ၂ မြို့လေးဌ် နီကရာဂွာ၊ ကော့စတာရီကာ၊အယ်ဆာဗေဒို၊ဂွာတီမာလာနှင့် ဟွန်ဒူးရပ်နိုင်ငံတို့ အားလုံးသဘောတူညီမည့် ငြိမ်းချမ်းရေး အဆိုပြုချက်မူကြမ်းကို ပုံလောင်းနိုင်ခဲ့ပြီး ၁၉၈၇ ခုနှစ် သြဂုတ်လ ၇ ရက်နေ့တွင် အမေရိက အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးစာချုပ်ကို ယင်းနိုင်ငံ ငါးနိုင်ငံတို့မှ သမ္မတတို့က ဂွာတီမာလာစီးတီးမြို့တော်၌ လက်မှတ်ရေးထိုးလိုက်ကြသည်။ ထို့ကြောင့် ယင်းစာချုပ် ကို အက် စ ကီ ပြူးလပ်စ်–၂ စာချုပ်ဟုလည်းခေါ်သည်။ ယင်းဒေသတွင် ရက် ၉၀ အတွင်း အပစ်အခတ်ရပ်စဲရေး၊ လက်နက်တပ်ဆင်ထားခြင်းမရှိသော ပြောက်ကျားအုပ်စုတို့နှင့် ညှိနှိုင်းဆွေးနွေးရေး၊ သတင်းစာ လွတ် လပ်ခွင့်ပေးရေး၊ လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပရေး၊ အရေးပေါ်အမိန့်ပြဋ္ဌာန်းချက်များ ရုပ်သိမ်းရေးစသည့် အချက်များ ပါဝင်သည်။ နိုင်ငံတစ်နိုင်ငံချင်း၏ လက်နက် အင်အား၊ စစ်တပ်အင်အားနှင့် ပြည်ပမှစစ် ရေး အကြံ ပေး ပုဂ္ဂိုလ် အရေအတွက်တို့နှင့် စပ်လျဉ်း၍ နောင်မှဆက်လက်ဆွေးနွေးမည်ဟုဆိုသည်။ ယင်းစာချုပ်ကို ကွန် တာ ဒို ရာ နှင့် လိမာအုပ်စုတို့မှ သမ္မတရှစ်ဦးက အ တည် ပြု ပေး ခဲ့ ကြသည်။ ယင်းစာချုပ်ဖြစ်မြောက်ရေးအတွက် အားထုတ်ကြိုးပမ်းခဲ့သော သမ္မတဆန်ရှေးဇ်သည် ငြိမ်းချမ်းရေးနိုဗယ်ဆုချီးမြှင့်ခြင်းခံရသည်။ (နိုဗယ်ဆု–––၌။) ယင်းစာချုပ်ကို ကော့စတာရီကာ သမ္မတအဖြစ် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလကရွေးချယ်တင်မြှောက်ခံရသော ဆန်ရှေးဇ်၊ ဟွန်ဒူးရပ်နိုင်ငံသမ္မတအဖြစ် ၁၉၈၅ ခုနှစ် နိုဝင်ဘာလက ရွေးချယ်တင်မြှောက်ခံရသော ဟိုစေး ဆိုင်မွန် အက် ဇ ကို နာ၊ နီကရာဂွာနိုင်ငံ သမ္မတအော်တီဂါ၊ အယ်ဆာဗေဒို နိုင်ငံ သမ္မတ ဟိုစေး နပိုလီယွန် ဒွါတေနှင့် ဂွာတီမာလာနိုင်ငံ သမ္မတအဖြစ် ၁၉၈၅ ခုနှစ် ဒီဇင်ဘာလက ရွေးချယ်တင်မြှောက်ခံရသော ဗီနီစီယို ဆီရီဇို အရီဗာလိုတို့က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြခြင်း ဖြစ်သည်။

ဖောက်ကလင်ကျန်း – ဖောက်ကလင်ကျန်း ယာယီ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် အုပ်ချုပ်ရေးဇုန် (အက်ဖ်အိုင်စီဇက်)သတ်မှတ်ကြောင်းဖြင့် ပြိတိန် နိုင်ငံခြားရေးဝန်ကြီးဆာ ဂျက်ဖရီဟောင်းက ၁၉၈၆ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကြေညာသည်။ ယင်းကြေညာချက်သည် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်သည်။ ယင်းဇုန်၏ အချင်းဝက်မှာ မိုင် ၁၅၀ ဖြစ်ပြီး ယင်းဇုန်အတွင်း ငါးဖမ်းလိုသော သဘော်တိုင်းသည် စတာလင်ပေါင် ၁,၂၀,၀၀၀ ပေး၍ လိုင်စင် ရယူရမည် ဖြစ်သည်။ ယင်းကြေညာချက်ကို အာဂျင်တီးနားနိုင်ငံက ကန့်ကွက်ရာ အာဂျင်တီးနားနိုင်ငံဘက်မှ ယူဂိုစလားဗီးယား၊ ပီရူး၊ ထရီနီဒက် နှင့် တိုဘာဂို၊ ဗိုလစ်ဗီးယား၊ အယ်ဂျီးရီးယား၊ မော်ရော့ကိုနှင့် အိန္ဒိယတို့ကထောက်ခံကြသည်။

လက်နက်ဖျက်သိမ်းရေး။ ။တာလတ်ပစ်နှင့် တာတိုပစ် နျူကလီးယား ဗုံးကျည်များ ဖျက်သိမ်းရေးဆိုင်ရာ အမေရိကန်–ဆိုဗီယက်သဘောတူစာချုပ်ကို ၁၉၈၇ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့ ၈ရင်းနှစ်စံတော်ချိန် ၁၉း၀၂ နာရီ (ဒေသစံတော်ချိန် ၂း၀၂ နာရီ)တွင် ဝါရှင်တန်မြို့ရှိ အမေရိကန် သမ္မတအိမ်ဖြူတော်၌ လက်မှတ် ရေးထိုးခဲ့သည်။ ၁၉၈၅ ခုနှစ် နိုဝင်ဘာလတွင် ဆစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ လည်းကောင်း၊ ၁၉၈၆ ခုနှစ် အောက်တိုဘာလတွင် အိုက်စလန်နိုင်ငံ ရစ်ခေဗာဗစ်မြို့၌ လည်းကောင်း မဟာထိပ်သီးဆွေးနွေးပွဲများကို ဖြစ်မြောက်စေခဲ့ကြသည့် အမေရိကန်ပြည်ထောင်စုသမ္မတ ရော်နယ်ရေဂင်နှင့် ဆိုဗီယက်ပြည်ထောင်စု ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး မိခါယီးဂေါ်ဘာချော့တို့သည် ဝါရှင်တန်မြို့၌ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ တတိယအကြိမ်မြောက် မဟာထိပ်သီးဆွေးနွေးပွဲ ကျင်း ပ ဆွေး နွေး ခဲ့ ကြ စဉ် လက်မှတ် ရေးထိုးလိုက်ကြခြင်း ဖြစ်သည်။


လက်နှိပ်စက်ဖြင့် စာမျက်နှာ ၁၆၉ မျက်နှာရှိပြီး ပုဒ်မ ၁၇ ရပ်၊ နောက်ဆက်တွဲ သုံးရပ်ပါဝင်သည့် ယင်းစာချုပ်တွင် စာချုပ်ဖြစ်မြောက်ရေးအတွက် စေ့စပ်ညှိနှိုင်းဆွေးနွေးခဲ့မှုသမိုင်းစဉ်အကျဉ်းကို ဖော်ပြထားသည်။ မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့ (နေတိုး) က ဆိုဗီယက်တို့၏ အက်စ်အက်စ် ၂၀ ဒုံးကျည်တို့နှင့်အပြိုင် ဥရောပဒုံးကျည်များ(တွမ်မဟောက်ခရင်ဒုံးကျည်နှင့် ပါရှင်း–၂ ဒုံးကျည်များ) ကို ၁၉၈၃ ခုနှစ်မှစ၍ စတင်ဖြန့်ချရန် ၁၉၇၉ ခုနှစ်တွင် သဘောတူ ခဲ့ကြပြီး ၁၉၈၀ ပြည့် နှစ် တွင် စေ့စပ် ညှိနှိုင်း ဆွေးနွေးမှု စတင်ခဲ့ခြင်း ဖြစ်သည်။ သမ္မတ ရေဂင်လက်ထက် ၁၉၈၁ ခုနှစ်မှစ၍ ဆက်လက်ဆွေးနွေး ညှိနှိုင်းခဲ့ပြန်သည်။ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်

နေ့က သမ္မတရေဂင်၏ မိန့်ခွန်းတွင် "အကယ်၍ ဆိုဗီယက်တို့က အက်စ်အက်စ်–၂၀၊ အက်စ်အက်စ်–၎ နှင့် အက်စ်အက်စ်–၅ ဒုံးကျည်တို့ကို ဖျက်သိမ်းလျှင် အမေရိကန်ပြည်ထောင်စုက ပါရှင်း–၂ နှင့် မြေပြင်ပစ် ခရူဇ်ဒုံးကျည်များ ချထားရေးကိစ္စကို ဖျက်သိမ်းပေးရန်အသင့်ရှိသည်" ဟူ၍ ထည့်သွင်း ပြောကြားခဲ့သည်။ နောက်ပိုင်းတွင် ဆိုဗီယက်ပြည်ထောင်စု၌ ပါတီအထွေထွေအတွင်းရေးမှူးများအဖြစ် ဗရက်ဇနက် (၁၉၀၇–၁၉၈၂)၊ အင်ဒရိုပေါ့ (၁၉၁၄–၁၉၈၄) နှင့် ချယ်ရနီယင်းကိုး (၁၉၁၁–၁၉၈၅) တို့အဆက်ဆက် ဦးဆောင်ခဲ့ကြကာ ကွယ်လွန်သွားခဲ့ကြသည်။ ၁၉၈၃ ခုနှစ်နှောင်းပိုင်းတွင် အမေရိကန်ပြည်ထောင်စုက ဥရောပဒုံးကျည်များ ဖြန့်ချရေးအစီအစဉ် စတင်ခဲ့ရာ ဂျိုနီဗာမြို့ ဆွေးနွေးပွဲမှ ဆိုဗီယက်ကိုယ်စားလှယ်များ ထွက်ခွာသွားခဲ့ကြသည်။ ၁၉၈၅ ခုနှစ် ဇန်နဝါရီလတွင်မူ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဂျေ့ဂ်ရှတ်နှင့် ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီး ဂရိုမီကိုတို့ ဂျိုနီဗာမြို့၌ တွေ့ဆုံပြီး သဘောတူညီမှုရရှိချက်အရ ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၂၈၄—ရှု။) ထို့နောက် မဟာထိပ်သီးဆွေးနွေးပွဲသုံးကြိမ် ကျင်းပနိုင်ခဲ့ပြီး တာလတ်ပစ် ဏု။ က လီး ယား တပ် ဖွဲ့ (အိုင်အင်အက်ဖ်) စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ခြင်းပင် ဖြစ်သည်။ (ဆိုဗီယက်ပြည်ထောင်စု—ရှု။)

စာချုပ်အတည် ဖြစ်ပြီးနောက် သုံးနှစ်တာကာလအတွင်း တာလတ်နှင့် တာတိုပစ်ဏု။ကလီးယား ဒုံးကျည်နှင့်ထိပ်ဖူးများကို ဖျက်သိမ်းရန်ဖော်ပြထားရာ အမေရိကန်ပြည်ထောင်စုက ပြိုတိန်၊ အနောက်ဂျာမနီ၊ ဗဲလ်ဂျီယံ၊ အီတလီနှင့် နယ်သာလန်တို့တွင် ဖြန့်ချရန်စီစဉ်ထားသော ထိပ်ဖူးလေးလုံးပါ မြေပြင်ပစ် ခရူဇ်ဒုံးကျည် ၁၁၆ စင်း (ထိပ်ဖူး၄၆၄လုံး) ကို ပယ်ဖျက်ပေးရမည်ဖြစ်သည်။ ထိပ်ဖူးလေးလုံးတပ် ခရူဇ် ဒုံးကျည် ၆၄ စင်း (ထိပ်ဖူး ၂၅၆လုံး) ကိုဖြန့်ချထားပြီးဖြစ်သည်။ ထို့ပြင်အမေရိကန်ပြည်ထောင်စုသည်အနောက်ဂျာမနီတွင် ဖြန့်ချထားသောထိပ်ဖူးတစ်လုံးတပ် ပါရှင်း–၂ ဒုံးကျည် ၁၀၈ စင်းကိုလည်း ဖျက်သိမ်းရမည်ဖြစ်သည်။ ထို့ပြင် တာတိုပစ် ဒုံးကျည်အမျိုးအစားဖြစ်သောအမေရိကန် ထိပ်ဖူးတပ် အနောက် ဂျာမနီပိုင် ပါရှင်း (၁–အေ) ဒုံးကျည် ၇၂ စင်းကိုလည်း ဖျက်သိမ်းရမည်ဖြစ်သည်။ အမေရိကန် ပြည်ထောင်စုက ဖျက်သိမ်းပေးရမည့် ထိပ်ဖူးစုစုပေါင်း ၄၃၆ လုံးဖြစ်သည်။ ဆိုဗီယက်ပြည်ထောင်စုက ထိပ်ဖူး သုံးလုံးတပ် အက်စ်အက်စ် ၂၀ ဒုံးကျည် ၄၄၁ စင်း (ထိပ်ဖူး ၁,၃၂၃ လုံး)၊ ထိပ်ဖူးတစ်လုံးတပ် အက်စ်အက်စ် ၎ ဒုံးကျည် ၁၁၂ စင်းတို့ကို ဖျက်သိမ်းရမည်ဖြစ်သည်။ ထို့ပြင် တာတိုပစ် ဒုံးကျည်အမျိုးအစားများ ဖြစ်ကြသော ထိပ်ဖူး တစ်လုံးတပ် အက်စ်အက်စ် – ၁၂/၂၂ ဒုံးကျည် စင်းရေ ၁၂၀ နှင့် အက်စ်အက်စ် – ၂၃ ဒုံးကျည်စင်းရေ ၂၀ တို့ကိုလည်း ဖျက်သိမ်းရမည် ဖြစ်သည်။ ဆိုဗီယက် ပြည်ထောင်စုက ဖျက်သိမ်းပစ်ရမည့် ထိပ်ဖူးစုစုပေါင်းသည် ၁,၅၇၅ လုံး ဖြစ်သည်။ အနှစ်ချုပ်အားဖြင့် ယင်းစာချုပ်သည် မိုင်

ဆိုဗီယက်တပ်ဖွဲ့ဝင်များ တာတိုပစ်ဒုံးကျည်ခင်းကျင်းရေးဗျူဟာကို လေ့ကျင့်နေပုံ





အမေရိကန်ထိပ်ဖူးတပ် အနောက်ဂျာမနီပိုင် ပါရှင်း(၁–အေ) ဒုံးကျည်

၃၀၀ မှ ၃၀၀၀ (ကီလိုမီတာ ၅၀၀ မှ ၅၀၀၀) သွား သော တာလတ်နှင့် တာတိုပစ် ဒုံးကျည်များနှင့် ရှုကလီးယား ထိပ်ဖူးများအားလုံး ဖျက် သိမ်း ရန် သဘောတူစာချုပ် ဖြစ်သည်။

စာချုပ်အတည်ပြုပြီးနောက် သုံးလအတွင်း သီးခြား စာတမ်းတွင်ဖော်ပြထားသော တစ်နိုင်ငံလုံး၏ ဒုံးပျံများ တည်ရှိသည့် နေရာအားလုံးကို အခြားတစ်နိုင်ငံ၏ စစ်ဆေးရေးမှူးများက သွားရောက် စစ်ဆေးရမည်ဖြစ် သည်။ စာချုပ်အတည်ဖြစ်ပြီးနောက် ခြောက်လအတွင်း လက်နက်ထိပ်ဖူးများမပါသည့် ဒုံးပျံ ၁၀၀ စီကို နှစ်ဖက် စလုံးက ပစ်လွှတ်ပြီး ဖျက်ဆီးရှင်းလင်းနိုင်သည်။ ထို့ပြင် ယင်းဒုံးကျည်များကို တစ်ပိုင်းတစ်စစီ ဖြုတ်ပစ်ခြင်း သို့မဟုတ် မြေမြှုပ်ခြင်း ပြုလုပ်နိုင်သည်။ ထို့ပြင် ဒုံးကျည် များ ထားရှိရာ စခန်းများကို သွားရောက်ကြည့်ရှုစစ်ဆေး ခွင့်လည်း ဖော်ပြထားရာ တစ်နိုင်ငံက အခြားတစ်နိုင်ငံ အား တစ်နှစ်လျှင် အကြိမ် ၂၀ စီဖြင့် သုံးနှစ်ဆက်တိုက် စစ်ဆေးခွင့်ရှိသည်။ နောက်ထပ် ငါးနှစ်အတွင်း တစ်နှစ် လျှင် ၁၅ ကြိမ် စစ်ဆေးခွင့်ရှိသည့်ပြင် နောက်ထပ် ငါးနှစ် အတွင်းတွင်လည်း တစ်နှစ်လျှင် ၁၀ ကြိမ်စီ ထပ်မံစစ်ဆေး ခွင့်ပြုထားသည်။

စာချုပ်အတည်ပြုရေးနှင့်စပ်လျဉ်း၍ ယင်းစာချုပ်ကို ဆိုဗီယက်ပြည်ထောင်စု၏ ဥပဒေပြုအဖွဲ့အစည်းအဝေးဖြစ် သော ဆိုဗီယက်ဦးစီး လွှတ်တော်ချုပ်နှင့် အမေရိကန် အထက်လွှတ်တော်က အတည်ပြုရမည် ဖြစ်ကြောင်း စာချုပ်တွင် ဖော်ပြထားသည်။

လက်ဗန္ဓန် သမ္မတ နိုင်ငံ။ ။ လက်ဗန္ဓန် ခရုစ်ယာန် အမျိုးသားလစ်ဗရယ်ပါတီ၏ ဝါရင့်ခေါင်းဆောင် ကာမီး ရှာမွန်သည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့ တွင် ကားပုံးဖောက်ခွဲ လုပ်ကြံခြင်း ခံရသော်လည်း အသက်

ဘေးမှ ပုတ်ကာသီကာ လွတ်မြောက်သွားခဲ့သည်။ သို့ရာတွင် ရှာမွန်သည် ဩဂုတ်လ ၇ ရက်နေ့တွင် မကျန်းမာ၍ ကွယ်လွန်သွားခဲ့သည်။ (ရှာမွန်, ကာမီး—ရှု။)

ဒရုဇ်တိုးတက်သော ဆိုရှယ်လစ်ပါတီအပါအဝင် လက်ဝဲဝါဒီ အုပ်စုများနှင့် ရှီယိုက်မူဆလင် အာမဲပြည်သူ့စစ်တို့ ဖေဖော်ဝါရီလအတွင်း တစ်ပတ်ကြာမျှ စစ်ပြိုင်တိုက်ခိုက်ခဲ့ကြသည်။ လူ ၂၀၀ ခန့် သေကြေခဲ့ကြရသည်။ ယင်းတိုက်ပွဲများ ရပ်စဲစေရန် အင်အား ၇၀၀၀ ခန့် ရှိသော ဆီးရီးယားစစ်တပ်က မူဆလင်တို့၏ ဘရွတ်မြို့ အနောက်ပိုင်းသို့ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဝင်ရောက် တပ်စွဲသည်။ ထို့ပြင် ရှီယိုက်မူဆလင်တို့ ဝိုင်းဝန်းပိတ်ဆို့ထား၍ သီတင်းပတ်ပေါင်းများစွာ အစာရေစာပြတ်လပ်နေသော ပါလက်စတိုင်း ဒုက္ခသည်စခန်းများအား ရိက္ခာတန်ခိုန် ၄၀ ဖြန့်ဖြူးခြင်းလုပ်ငန်းကို မတ်လ ၁ ရက်နေ့တွင် ဆီးရီးယားတပ်ဖွဲ့ဝင်များက ကြီးကြပ်ပေးခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၂၀၇—ရှု။) လက်ဗန္ဓန်နိုင်ငံ၌ လူဦးရေ ၂၆,၆၀,၀၀၀ ရှိသည့်အနက် တစ်သန်း ကျော်သည် ရှီယိုက်မူဆလင်များဖြစ်သည်။ ရှီယိုက်တို့သည် အဆင်းရဲဆုံးလည်းဖြစ်၊ နိုင်ငံရေးအရ တည်ငြိမ်မှုမရှိဆုံးလည်းဖြစ်သည်။ ၁၉၇၅ ခုနှစ်က စတင်ထူထောင်သော အာမဲသည် ရှီယိုက်တို့၏ နိုင်ငံရေးလှုပ်ရှားမှု အဖွဲ့အစည်းဖြစ်လာကာ လက်ဗန္ဓန်တွင် ဆီးရီးယား၏ အရင်းနှီးဆုံး မဟာမိတ်ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ရှီယိုက် လူမျိုးစုအတွင်း၌ အာမဲတို့သည် ဟစ်ဇဗိုလား (ဘုရားပါတီ) ကို မယှဉ်သာဘဲရှိလာသည်။ အီရန်နိုင်ငံကဲ့သို့ လက်ဗန္ဓန်ကို အစွယ်လာမွစ်သမ္မတနိုင်ငံထူထောင်ရန် စိုင်းပြင်းနေသော တစ်ယူသန်ဝါဒီ ဟစ်ဇဗိုလားအဖွဲ့သည် အီရန်နိုင်ငံနှင့် မဟာမိတ်ဖွဲ့ထားသည်။ လက်ဗန္ဓန်ရှိ ဓားစာခံများနှင့် စပ်လျဉ်း၍ စေ့စပ်ညှိနှိုင်းရန်ရောက်လာသော အင်္ဂလိကန် ခရစ်ယာန်ကျောင်းတော်၏သံတမန် တယ်ရီဝိတ် ၁၉၈၇ ခုနှစ် ဇန်နဝါရီလက ဒရုဇ်တို့ အကာအကွယ် ပေးထားသည့်ကြားမှ ပျောက်ကွယ် သွားခဲ့သည့် ဖြစ်ရပ်တွင် တစ်ယူသန်ဝါဒီ ရှီယိုက်မူဆလင်တို့၏ လက်ချက်နှင့်မကင်းဟုယူဆရသည်။ လက်ဗန္ဓန်တွင် နိုင်ငံခြားသားဓားစာခံ ၂၄ ဦး ဖမ်းဆီးခံထားရသည့်အနက် အမျှားစုမှာ ဟစ်ဇဗိုလားတို့၏ လက်ထဲတွင်ရှိသည်ဟုဆိုသည်။ ဆီးရီးယား တပ်ဖွဲ့ဝင်များက ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဟစ်ဇဗို လားတို့၏ ဖဘတလားစစ်စခန်းကိုသိမ်းပိုက်ရန် ကြိုးပမ်းစဉ် တိုက်ပွဲဖြစ်ပွားကာ ဟစ်ဇဗို လား ၂၃ ဦး သေဆုံးရသည်။ ထို့ကြောင့် ဆီးရီးယားတပ်များကို ဆန့်ကျင်သည့် ဆန္ဒပြပွဲများ ဘရွတ်မြို့အနောက်ပိုင်း၌ ပေါ်ပေါက်ခဲ့သည်။ လက်ဗန္ဓန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင်လည်း ဆီးရီးယားတပ်ဖွဲ့ အင်အား ၂၅,၀၀၀ ရှိသည်။ ဆီးရီးယားအားဆိုဗီယက် ပြည်ထောင်စုက ၁၉၈၁ ခုနှစ်မှ ၁၉၈၅ ခုနှစ် အထိကာလအတွင်း လက်နက်ဒေါ်လာသန်း ၈၀၀၀ ဖိုးထောက်ပံ့ခဲ့သည်ဟုဆိုသည်။

လက်ဗန္ဓန်ဝန်ကြီးချုပ် ရာရှစ်ကရာမီသည် ၁၉၈၇ ခုနှစ် မေလ ၄ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်လွှာတင်သွင်းခဲ့သည်။ ဇွန်လ ၁ ရက်နေ့တွင် ထရီပိုလီမှ ဘရွတ်မြို့သို့ စစ်ရထားယာဉ် တစ်စင်း၌ စီးနင်းလိုက်ပါလာစဉ်

လက်ဗန္ဓန်နိုင်ငံတွင် ရှီယိုက်မူဆလင်အာမဲပြည်သူ့စစ်၏လက်ချက်ကြောင့် ရှတီလာပါလက်စတိုင်းဒုက္ခသည်စခန်း ပျက်စီး နေပုံနှင့် အာမဲတပ်ဖွဲ့ဝင်တစ်ဦး (အတွင်းပုံ)



ဗုံးဖောက်ခဲ့လုပ်ကြံခံရ၍ ကွယ်လွန်သည်။ ဆွန်နီမူဆလင် ဝန်ကြီးချုပ် ဟောင်း ဆလင် အယ် ဟွိစ်အား ယာယီ ဝန်ကြီးချုပ်အဖြစ် သမ္မတ အာမင်ဂျမားယယ်က ခန့်အပ်သည်။ ကရာမီကို လုပ်ကြံသတ်ဖြတ်သည့် လုပ်ရပ်ကို ဆန့်ကျင်ဆန္ဒပြသည့် အထွေထွေသပိတ်ကို မူဆလင်ခေါင်းဆောင်များက လှုံ့ဆော်ဆင်နွှဲခဲ့ရာ လက်ဗန္ဓနှင့်ခရစ်ယာန်များပါဝင်ခဲ့ကြသည်။ ကရာမီကို လုပ်ကြံမှုနှင့်စပ်လျဉ်း၍ ခရစ်ယာန်စစ်တပ်မှ တပ်ကြပ်တစ်ဦးကို လက်ဗန္ဓနှင့်ရဲတပ်ဖွဲ့က ဖမ်းဆီး၍ တရားစွဲဆိုခဲ့သည်။ အခြား မသက်ဝင်ဖွယ်စစ်သားတစ်ဦးကို ဆို့ဒင်နိုင်ငံ အလယ်ပိုင်းရှိ ဒုက္ခသည်လက်ခံရေးစခန်း၌ ဆို့ဒင် အာဏာပိုင်တို့က ဖမ်းဆီးရမိသည်။ ကရာမီ၏ရဟတ်ယာဉ်ကို ဗုံးထောင်ရာ၌ခရစ်ယာန်စစ်တပ်တပ်ဖွဲ့များ ပါဝင်ပတ်သက်ခြင်းကြောင့် လက်ဗန္ဓနှင့်စစ်တပ်သည် လက်ဗန္ဓနှင့်နိုင်ငံ၏ အနာဂတ် ညီညွတ်ရေးအတွက် ကြားနေအဖြစ် ဆောင်ရွက်နိုင်မည့် အလားအလာများ ပျက်စီးသွားရသည်ဟု ဆိုသည်။ အင်အား ၃၀,၀၀၀ ရှိသော လက်ဗန္ဓန် စစ်တပ် အရာရှိများကို ခရစ်ယာန်–မူဆလင် ကိုယ်စားလှယ်ခြောက်ဦး ပါသော ကွပ်ကဲရေး ကောင်စီက ခန့်အပ်ခြင်းဖြစ်သော်လည်း ဂိုဏ်းကွဲသင်းကွဲ ပြည်သူစစ်များနှင့် အခွို့အရာရှိတို့သည် ဆက်သွယ်မှုရှိနေကြသည်ဟုဆိုသည်။

ချဒ်နိုင်ငံကို တိုက်ခိုက်ရန် လစ်ဗျနိုင်ငံက ကမ်းလှမ်းထားသော လက်ဗန္ဓန် လက်ဝဲဝါဒီ ပြည်သူစစ် တပ်ဖွဲ့ဝင် ၁၀၀၀ ကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့တွင် ဒရုင်မူဆလင် အကြီးအကဲ ဝါလစ်ယွမ်ဘလတ်က နှုတ်ဆက်အမှာစကား ပြောကြားခဲ့သည်။ ဒရုင် ဂ၀၀ နှင့် လက်ဗန္ဓန် ကွန်မြူနစ်ပါတီမှ ၂၀၀ တို့သည် ဒရုင် တိုးတက်သောဆိုရှယ်လစ်ပါတီ (ပီအက်စ်ပီ) ၏ စစ်ရေးအင်အားစု "ပေါ်ပြူလာ တပ်မဟာ" မှ အရာရှိတစ်ဦး၏ ဦးဆောင်မှုဖြင့်တိုက်ပဲ့ဝင်သွားကြမည်ဟုဆိုဃည်။ ဩဂုတ်လအတွင်းက လစ်ဗျနိုင်ငံ ထရီပိုလီ မြို့တော်သို့ ယွမ်ဘလတ်သွားရောက်ခဲ့စဉ်က ထိုသို့ဒရုင်နှင့် လက်ဗန္ဓန် ကွန်မြူနစ်တို့ကို လစ်ဗျသို့ စည်းရုံးပို့ဆောင်ရေးအတွက် သဘောတူညီမှုရခဲ့သည်ဟုဆိုသည်။ လစ်ဗျနှင့် ချဒ်တို့သည် သယံဇာတကြွယ်ဝသော သဲကန္တာရဖြစ်သည့် အော်ဇော့နယ်ခြားဒေသ ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားကာ စစ်ခင်းလျက်ရှိကြသည်။ (ချဒ်နိုင်ငံ—ရှု။)

အကျယ်အဝန်း။	။၃,၉၅၀ စတုရန်းမိုင်
လူဦးရေ။	။၂၆,၆၈,၀၀၀ (၁၉၈၅)
မြို့တော်။	။ဘေရွတ်မြို့

လယ် ယာ မြေ ပြည် သူ့ အ ကျိုး ပြု လုပ် ငန်း များ (၁၉၈၇)။ ။မြန်မာ့ ဆိုရှယ်လစ် လမ်းစဉ်ပါတီ ဗဟို ကော်မတီ ဌာနချုပ်၏ လယ်ယာမြေ လုပ်ငန်းများတွင် လူထုလှုပ်ရှားမှု အသွင်ဖြင့် ပါဝင် လုပ်အားပေးရေး ဟူသော လမ်းညွှန်ချက်နှင့်အညီ ပြည်သူတပ်မတော်သားများသည် လယ်ယာမြေ လုပ်ငန်းခွင်တွင် စစ်ဆင်ရေး အမျိုးမျိုးဖြင့် ၁၉၇၈ ခုနှစ်မှ စ၍ နှစ်စဉ် လုပ်အားပေးခဲ့ကြသည်။

ပြည်သူ့တပ်မတော်သားများသည် ပြီးခဲ့သည့်နှစ် စပါးဝင်းမှည့်ချိန်တွင် ကျောင်ဇေယျစစ်ကြောင်း (မင်္ဂလာဒုံမြို့နယ်)၊ ပေါ်ဆန်းမွေးစစ်ကြောင်း (သုံးခွမြို့နယ်)၊ မနော်ဟရီစစ်ကြောင်း (လှည်းကူးမြို့နယ်)၊ ရွှေတဆုပ်စစ်ကြောင်း(ခရမ်းမြို့နယ်)နှင့် ရွှေဝါထွန်းစစ်ကြောင်း(ကွမ်းခြံကုန်းမြို့နယ်)ဟူသည့် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၉၈၇ ခုနှစ် ဇန်နဝါရီလ ၉ ရက်နေ့ထိ ရွှေဝါမြေစစ်ဆင်ရေးကို ဆင်နွှဲ၍ လယ်ယာလုပ်ငန်းများတွင် လုပ်အားပေးခဲ့ကြပြီး ဖြစ်သည်။

ထိုသို့ လုပ်အားပေးခဲ့ရာတွင် ကျေးရွာ ၁၈၄ ရွာရှိ လယ်ယာမြေကေ ၃,၉၅၄ ဒသမ ၄၃ ကေဒ် ကောက်ရိတ်သိမ်းခြင်း၊ ကောက်လိုင်း ၂၃,၄၀,၉၀၄ စီးကို နယ်လှေပေးခြင်း၊ ကောက်လိုင်း ၁၀,၅၆,၀၇၀ စီးကို တလင်းအရောက် သယ်ယူပေးခြင်း၊ ကုဗပေ ၁၈,၄၀၀ အရှည်ကို လမ်းဖောက်လုပ်ပြုပြင်ပေးခြင်း၊ ကုဗပေ ၁၁,၉၉၆ အရှည်ကို တာတမံဖို့ပေးခြင်း၊ စံကွက် ၁၁၂ ကေတွင် ကောက်ရိတ်သိမ်းခြင်း၊ လယ်မြေ ၄၄ ကေတွင် ကောက်သင်းကောက်ခြင်း၊ ရေနုတ်မြောင်းကုဗပေ ၆၇,၇၆၀ အရှည်ကို တူးဖော်ခြင်း၊ စပါးနယ်လှေရန်အတွက် တလင်း ၂၈၆ ဒသမ ၈၇ ကေကို ပြုလုပ်ခြင်း၊ ကျေးလက်ပြည်သူ ၄,၇၆၅ ဦးကို ဆေးကုသပေးခြင်းနှင့် ဒူးတိုက်ဆေးနှေးပဲ့ ၅၈၄ ကြိမ် ပြုလုပ်ခဲ့ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ကြသည်။

၁၉၈၇–၈၈ ခုနှစ် မိုးရာသီ ထွန်ယက်စိုက်ပျိုးချိန်တွင် ရန်ကုန်တိုင်းအတွင်း မင်္ဂလာဒုံမြို့နယ်၊ လှည်းကူးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့၌ လယ်ယာမြေ ၄,၀၂,၈၆၀ ကေ စိုက်ပျိုးပြီး စပါးတင်းပေါင်း ၃,၁၅,၄၁,၈၇၈ တင်းထွက်ရှိအောင် လျာထားသတ်မှတ်ထားသည်။ ထိုလျာထားသတ်မှတ်ချက် ပြည့်မီစေရန် မြစိမ်းရောင်စစ်ဆင်ရေးကို ၁၉၈၇ ခုနှစ် ဇွန်လ ၂၉ ရက်နေ့မှ ဩဂုတ်လ ၂၂ ရက်နေ့အထိ တပ်မတော်သားအင်အား ၆၀၀၀ နှင့် ဒေသခံလုပ်သားပြည်သူအင်အား ၁၂,၀၀၀ စုစုပေါင်း လုပ်အားပေးအင်အား ၁၈,၀၀၀ ပါဝင်သော စစ်ကြောင်းကြီးငါးကြောင်းသည် အဆင့်လေးဆင့်ခွဲကာ လုပ်အားပေးခဲ့ကြသည်။



လယ်ယာမြေပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရန် မြစိမ်းရောင်စစ်ဆင်ရေး ရွှေတဆုပ်စစ်ကြောင်း စတင်ထွက်ခွာပုံ

ကျော် ၉၀ ယျ စစ် ကြောင်း သည် မင်္ဂလာဒုံမြို့နယ်ရှိ ကျေးရွာ ၁၅ ရွာတွင်လည်းကောင်း၊ ပေါ်ဆန်းမွေးစစ် ကြောင်းသည် လှည်းကူးမြို့နယ်ရှိ ကျေးရွာ ၄၀ တွင်လည်း ကောင်း၊ မနော်ဟရီစစ်ကြောင်းသည် ထန်းတပင်မြို့နယ် ရှိ ကျေးရွာ ၃၆ ရွာတွင်လည်းကောင်း၊ ရွှေတဆုပ် စစ် ကြောင်းသည် ကျောက်တန်းမြို့နယ်ရှိ ကျေးရွာ ၂၆ ရွာ တွင်လည်းကောင်း၊ ရွှေဝါထွန်းစစ်ကြောင်းသည် ကွမ်းခြံ ကုန်းမြို့နယ်ရှိ ကျေးရွာ ၄၇ ရွာတွင် လည်းကောင်း လုပ်အား ပေးခဲ့ကြသည်။ ဤသို့ လုပ်အားပေးခဲ့ကြခြင်း ကြောင့် အောက်ပါလယ်ယာမြေလုပ်ငန်းများ အကောင် အထည်ဖော် ပြီးစီးခဲ့သည်။

(က) ကောက်စိုက်ခြင်း ၄,၀၇၈ ဒသမ ၈၃ ဧက၊
(ခ) ပျိုးကြဲ ပျိုးနုတ်ခြင်း ၄၈၈ ဒသမ ၃ ဧက၊
(ဂ) ပျိုးနုတ် ပျိုးသယ်ခြင်း ၁၈,၉၄,၇၂၅ စီး၊
(ဃ) ပေါင်းရှင်းခြင်း ၂,၀၄၄ ဒသမ ၅၅ ဧက၊
(င) ထယ်ထိုး လယ်ထွန်ခြင်း ၁,၂၀၆ ဒသမ ၆ ဧက၊
(စ) ကန်သင်းပြုပြင်ခြင်း ၁၁,၉၅,၁၉၆ ကုဗပေ၊
(ဆ) လမ်းပြုပြင်ခြင်း ၄,၅၇,၉၉၅ ကုဗပေ၊
(ဇ) ရေနုတ်မြောင်းတူးဖော်ခြင်း ဂ,၅၂,၇၅၄ကုဗပေ၊
(စျ) ခေတ်မြေသြဇာကျွေးခြင်း ၄၃ ဧက၊
(ည) တာဖို့ခြင်း ၆,၇၆,ပ၇၅ ကုဗပေ၊

ထို့ပြင် ဒေသခံတောင်သူဦးကြီးများနှင့် ဒူးတိုက်ဆွေး နွေးပဲ့များ ပြုလုပ်ခဲ့ရပြီး တပ်မတော် စစ်ဆေးရုံကြီးမှ အထူးကုပါရဂူအဖွဲ့နှင့် ကျန်းမာရေးအဖွဲ့ဝင်များကလည်း ဒေသခံကျေးလက်ပြည်သူ ၅,၃၅၀ ကို မျက်စိစမ်းသပ်ကုသ ပေးခြင်း၊ နား နှာခေါင်း လည်ချောင်း ရောဂါများကုသ ပေးခြင်းနှင့် အခြားသောရောဂါဝေဒနာများကုသပေးခြင်း များကို ဆောင်ရွက်ခဲ့ကြသည်။

ရန် ကုန် တိုင်း အ တွင်း မြ စိမ်း ရောင် စစ်ဆင်ရေးနှင့် ရွှေဝါမြေ စစ်ဆင်ရေးအမည်များဖြင့် လုပ်အားပေးခဲ့ကြ သည့်နည်းတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် စည်းရုံး ရေးကော်မတီ၊ စစ်ကိုင်းတိုင်း ဒေသပါတီကော်မတီ၊ စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီတို့ ပူးပေါင်းညှိနှိုင်းလျက် ရွှေမင်းဝံစစ်ဆင်ရေးဖြင့် စစ်ကိုင်းတိုင်း နယ်မြေအတွင်းရှိ လယ် ယာ မြေ လုပ် ငန်း များ ကို ဩဂုတ်လ ၂၂ ရက်နေ့မှ စတင်၍ လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။

ဗလားတူပင် အရွှေပိုင်းတိုင်းစစ်ဌာနချုပ် စည်းရုံး ရေးကော်မတီ၏ ဦးဆောင် လမ်းညွှန်မှုဖြင့် ဗထူးတပ်မြို့ နယ်တွင်လည်းကောင်း၊ အမှတ် (၅၂) ခြေလျင်တပ်ရင်း စည်းရုံးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ခန္ဓီးမြို့နယ်တွင် လည်းကောင်း၊ အမှတ် (၁၁၄) ခြေမြန်တပ်ရင်း စည်းရုံး ရေးကော်မတီ၏ ဦး ဆောင် မှု ဖြင့် ကွတ်ခိုင်မြို့နယ်တွင်

လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စည်းရုံးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် တောင်ငူမြို့နယ်တွင်လည်းကောင်း၊အမှတ် (၂) အမြောက်တပ်ရင်းစည်းရုံးရေးကော်မတီ၏ဦးဆောင်မှုဖြင့် လားရှိုးမြို့နယ် တွင်လည်းကောင်း၊ အမှတ်(၂၁၂) ဆက်သွယ်ရေးတပ်ရင်း စည်းရုံးရေးကော်မတီ၏ဦးဆောင်မှုဖြင့် ကျိုင်းတုံမြို့နယ်တွင်လည်းကောင်း၊ ဗဟိုအမြောက်တပ်ရင်းစည်းရုံးရေးကော်မတီ၏ ဦးဆောင်မှုဖြင့် သာစည်မြို့နယ်တွင်လည်းကောင်း၊ ပြည်သူ့တပ်မတော်သားများသည် လယ်ယာမြေ အကျိုးပြုလုပ်ငန်းများကိုဒေသခံ ပြည်သူများနှင့်အတူ ပူးပေါင်း လုပ်အားပေးခဲ့ကြသည်။

ပြည်သူ့တပ်မတော်သားများသည် လယ်ယာမြေအကျိုးပြု လုပ်ငန်းများကို လုပ်ဆောင်ကြရာ၌ ဒေသခံလုပ်သားပြည်သူများ၊ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးလက်လူငယ်များ၊ လမ်းစဉ်လူငယ်များနှင့် လက်တွဲ၍ လက်ရေတစ်ပြင်တည်း ပါဝင် ဆောင်ရွက်ခဲ့ကြပေသည်။

ဝါးဟိုး, အင်ဒီ (ခရစ် ၁၉၃၁ – ၁၉၈၇) ။ ။အမေရိကန်ပြည်ထောင်စုတွင် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ပေါ့ ပန်းချီအနုပညာ လှုပ်ရှားမှုကို ရှေ့ဆောင်လမ်းပြခဲ့သူ ပန်းချီပန်းပုပညာရှင်နှင့် ရုပ်ရှင်ဒါရိုက်တာ အင်ဒီ ဝါးဟိုးကို ၁၉၃၁ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့က ပင်စီဗေးနီးယားပြည်နယ် ပစ္စဗတ်မြို့၌ မွေးဖွားခဲ့သည်။ အမေရိကန် စီးပွားရေးအထောက်အကူပြု ယဉ်ကျေးမှုနယ်ပယ်တွင် ရိုးရိုးနှင့် ဆွဲဆောင်မှုအား ကောင်းသော ပန်းချီလက်ရာများကို ကုန်ကျစရိတ်နည်းနည်းနှင့် စက်မှုလက်မှုနည်းပညာစုက်၍ ထုတ်လုပ်သော ယင်း ပေါ့ ပန်းချီအနုပညာကို မျိုးစေ့ချခဲ့သူတစ်ဦးအဖြစ် အထူးထင်ရှားသည်။

ဝါးဟိုးသည် ခရစ္စမတ်လက်ဆောင်ကတ်များ၊ တိတ်ခွေ မျက်နှာဖုံးများ၊ တယ်လီဗစ်ရှင်းမှ ထုတ်လွှင့်သော မိုးလေဝသသတင်း သရုပ်ဖော် ကားချပ်များကို ဆယ်နှစ်တာမျှ ရေးဆွဲနေခဲ့ရာမှ ၁၉၆၂ ခုနှစ်တွင် စည်သွတ်ဘူး စက္ကူပတ် ဒီဇိုင်းလက်ရာများကို ပန်းချီလက်ရာများအဖြစ် လည်းကောင်း၊ ဆပ်ပြာထုပ်ပိုးသော ကတ်ထူပုံး ဒီဇိုင်းများကို "ပန်းပု" လက်ရာများအဖြစ်လည်းကောင်း ပြပွဲ ခင်းကျင်းပြသရာမှ ရုတ်တရက် တစ်ရှိန်ထိုး ထင်ရှားလာခဲ့ခြင်းဖြစ်သည်။ ထင်ရှားသော ရုပ်ရှင်အနုပညာရှင်တို့၏ တင့်တယ်ပြေပြစ်သော ပုံသွင် အမျိုးမျိုးကို အရောင်လွှင်လွှင် နောက်ခံထား၍ ပုံကားချပ်တစ်ပြင်လုံး အကြားအလပ်မရှိအောင် တန်ဆာဆင်သည့် ဒီဇိုင်းသည် ဝါးဟိုး၏ မူပိုင်ဟန်ပင် ဖြစ်သည်။ မာရိလင်မွန်ရိုး၊ အဲလစ်ဇဗက်တေလာ၊ အဲလဗစ်ပရက်စလေတို့၏ ပုံများသည် အထူးထင်ရှားသည်။ ဂျင့်ဘဲ စည်သွတ်စုပ်ပြုတ်ဘူး ဒီဇိုင်း ၂၀၀ ကို ပိုးစကရင်နည်းဖြင့် ဖန်တီးထားသော လက်ရာလည်းအောင်မြင်သည်။ ယင်းဒီဇိုင်းပုံများကို ၁၉၆၂ ခုနှစ်တွင် ပထမဆုံးအကြိမ် ပြပွဲ ခင်းကျင်းပြသသည့်အခါ ယင်း ဂျင့်ဘဲ စည်သွတ်စုပ်ပြုတ်ဘူး တစ်ဘူးလျှင် ၂၉ ဆင့်ဖြင့် ရောင်းချနေခြိန် ဖြစ်သော်လည်း ၎င်း၏ ဒီဇိုင်းပန်းချီကားများကို တစ်ချပ်လျှင် ဒေါ်လာ ၁၀၀ ဖြင့် ဝယ်ယူအားပေးခြင်း ခံရသည်။ တစ်ဒေါ်လာတန် ဘီလ် ၂၀၀ အမည်ရှိ ပန်းချီကားကို လေလံတင် ရောင်းချခဲ့ရာ ဒေါ်လာ ၃,၇၅,၀၀၀ ထိ ရရှိခဲ့သည်။ နောက်ပိုင်းတွင် တရုတ်ကွန်မြူနစ်ခေါင်းဆောင် မော်စီတုန်း (၁၉၇၃)နှင့် တူတံစဉ် အမှတ်အသား (၁၉၇၆) တို့၏ ပုံရိပ်များကိုလည်း ဒီဇိုင်းကားချပ်များအဖြစ် ဖန်တီး ခဲ့သေးသည်။

ဝါးဟိုးသည် ရုပ်ရှင်လည်း စီစဉ်ရိုက်ကူးခဲ့ရာ အိ (၁၉၆၃)၊ အင်ပိုင်ယာ (၁၉၆၃) နှင့် ခဲလ်ဆီးဂဲလ်စ် (၁၉၆၆) တို့သည် အထူးအောင်မြင်သည်။



အမေရိကန် ပန်းချီ ပန်းပုပညာရှင် အင်ဒီဝါးဟိုး


အင်ဒီဝါးဟိုးသည် ၁၉၆၈ ခုနှစ်တွင် ရုပ်ရှင်မင်းသမီးတစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခြင်းကို ခံခဲ့ရသော်လည်း အသက်ဘေးမှ ကင်းလွတ်ခဲ့သည်။ နောက်ပိုင်းတွင် အနိဋ္ဌာရုံအကြောင်းရပ်များကို အခြေခံ၍ ယာဉ်တိုက်မှု၊ သေဒဏ်ပေးသည့် လျှပ်စစ်ကုလားထိုင်၊ နျူကလီးယားဗုံးဖောက်ခွဲမှု စသည်တို့ကို ဒီဇိုင်းဖန်တီးခဲ့သည်။ အမေရိကန် ပြည်ထောင်စုတွင် ပေါ့ပန်းချီကို လေးစားလက်ခံသူများက ပီကာဆိုနှင့် ယှဉ်နိုင်သူအဖြစ် သတ်မှတ်ခြင်းခံရသည့် အင်ဒီဝါးဟိုးသည် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကွယ်လွန်ခဲ့သည်။

သဘာဝဘေးဒဏ်များ။ ။သဘာဝဘေးဒဏ်ကျရောက်လာမည့်အရေးကို ကြိုတင်၊ ခန့်မှန်း၊ သိရှိနိုင်ရန် လူသားတို့သည် အစဉ်အလာ နည်းနာများ ဖြင့်ဖြစ်စေ၊ ခေတ်သစ် သိပ္ပံကိရိယာများဖြင့်ဖြစ်စေ မျက်ခြည်မပြတ် လေ့လာ ထောက်လှမ်းနေသည့်ကြားမှ သဘာဝဘေးဒဏ် အများအပြားနှင့် ကြုံတွေ့ကြရသည်။

ငလျင် – ကမ္ဘာပေါ်တွင် ငလျင်ဘေးဒဏ်ကြောင့် ၁၉၀၆ ခုနှစ်တွင် ၁,၀၀၇ ဦးသေဆုံးခဲ့ရပြီး ၁၉၀၇ ခုနှစ် ပထမနှစ်ဝက်တွင် ၁,၀၁၅ ဦးသေဆုံးခဲ့ရသည်ဟု အမေရိကန် ပြည်ထောင်စု ဘူမိဗေဒတိုင်းတာလေ့လာရေးအဖွဲ့က ၁၉၀၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ကြေညာသည်။ ရစ်ချတာစကေး ၆ ဒသမ ၅ နှင့်အထက် အင်အားရှိခြင်းကြောင့် ဖြစ်စေ၊ အသေအကြေ အပျက်အစီး ရှိခြင်းကြောင့်ဖြစ်စေ ထူးခြားသည်ဟု သတ်မှတ်ရသော ငလျင်မျိုးမှာ ၁၉၀၆ ခုနှစ်က ၅၀ ကြိမ်ရှိခဲ့ပြီး ၁၉၀၇ ခုနှစ် ပထမနှစ်ဝက်တွင် ၂၉ ကြိမ်ရှိသည်။ ၁၉၀၇ ခုနှစ် ပထမနှစ်ဝက်အတွင်း သေဆုံးသည့်ဦးရေ အများဆုံးသော ငလျင်မှာ မတ်လ ၆ ရက်နေ့က အက်ကွာဒေါနှင့် ကိုလုံဗီးယားနိုင်ငံတို့အကြား နယ်စပ်ဒေသ၌ ရစ်ချတာ ၆ ဒသမ ၅ ဖြင့် လှုပ်ခဲ့သော ငလျင် ဖြစ်သည်။ ယင်း ငလျင်ကြောင့် လူပေါင်း ၁၀၀၀ ခန့် သေကြေခဲ့ရပြီး လူပေါင်း ၂၀,၀၀၀ ခန့် အိုးမဲ့ အိမ်မဲ့ ဖြစ်ကြရသည်။ အင်အား အပြင်းထန် ဆုံး ငလျင်မှာ ဖေဖော်ဝါရီလ ၈ ရက်နေ့က ပါပူအာ နယူးဂင်းနီ၌ ရစ်ချတာ ၈ ဒသမ ၄ ဖြင့် လှုပ်ခဲ့သော ငလျင်ဖြစ်သည်။ ယင်း ငလျင်ကြောင့် လူသုံးဦး သေဆုံးခဲ့သည်။ ရစ်ချတာ ၇ ရှိသော အခြားငလျင်နှစ်ခုရှိခဲ့ရာ တစ်ခုမှာ မတ်လ ၅ ရက်နေ့က ချီလီနိုင်ငံ မြောက်ပိုင်းတွင် ရစ်ချတာ ၇ ဒသမ ၃ ဖြင့်လှုပ်၍ လူ တစ်ယောက်သေဆုံးခဲ့သည့် ငလျင်ဖြစ်ပြီး ကျန် တစ်ခုမှာ ဇန်နဝါရီလ ၃၀ ရက်နေ့က အတ္တလန္တိတ် သမုဒ္ဒရာ တောင် ပိုင်း ဒေ သတွင် ရစ် ချ တာ ၇ ဖြင့် လှုပ်သော ငလျင်ဖြစ်သည်။

ရေလွှမ်းမိုးခြင်း – တရုတ်ပြည်သူသမ္မတနိုင်ငံ အလယ်ပိုင်း ဟူပေပြည်နယ်တွင် ဇူလိုင်လဆန်းက မိုးရေချိန် ၁၆ လက်မ အထိ ရွာသွန်းခဲ့သဖြင့် လူအမြောက်အမြား သေဆုံးပြီး စိုက်ပျိုးမြေ ဟက်တာ ၇,၃၀,၀၀၀ ရေလွှမ်းမိုးခံရသည်။ မိုးရွာသွန်းမှုသည် ၂၅ နှစ်အတွင်း အများဆုံး ဖြစ်သည်။ ယန်စီမြစ်ရေများ တစ်စက္ကန့်လျှင် ကုဗမီတာ ၆၄,၀၀၀ နှုန်း တိုးလာကာ ၁၉၄၇ ခုနှစ်နောက်ပိုင်းတွင် တတိယ အမြင့်ဆုံး မြစ်ရေတက်ခြင်း ဖြစ်ခဲ့သည်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း ပြည်နယ်သုံးခုတွင် ၁၉၀၇ ခုနှစ် ဇူ လိုင် လ က ရေလွှမ်းမိုးမှုကြောင့် လူပေါင်း ၄၀၁ ဦးသေဆုံးခဲ့ပြီး လူနေအိမ်ခြေပေါင်း ငါးသိန်း ပျက်စီးဆုံးရှုံးသည်။ ဥတ္တရပရဒေသပြည်နယ်တွင် စက်တင်ဘာလလယ်က ရေလွှမ်းမိုးခဲ့ရာ လူ ၆၂ ဦးသေဆုံးသည်။ ဘင်္ဂလား ဒေ့ရှ် နိုင်ငံတွင် နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်သော တစ်လကြာ ရေဘေးကြောင့် လူ ၉၀၀ ခန့်သေဆုံးခဲ့ပြီး နေအိမ်ပေါင်း နှစ်သန်းခန့်ပျက်စီးခဲ့ရသည်ဟု စက်တင်ဘာလ ၂၁ ရက်နေ့က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တွင် ဇူလိုင်လ ၂၀ ရက်နေ့က ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းတို့ဖြစ်ပွား၍ လူ ၆၀ နီးပါးသေဆုံးခဲ့ပြီး လူ ၂၀,၀၀၀ တို့ အိုးပစ်အိမ်ပစ် ထွက်ခွာသွားကြရသည်။ ယင်းဖြစ်ရပ်သည် ဇူလိုင်လအတွင်း တတိယ အကြိမ်မြောက် သဘာဝဘေးဒဏ်ဖြစ်သည်။ သဲလမာတိုင်းဖွန်း မုန်တိုင်းဒဏ်ကြောင့် လူပေါင်း ၃၃၅ ဦး သေဆုံးခဲ့ရပြီးနောက် တောင်ကိုရီးယားနိုင်ငံ အလယ်ပိုင်းဒေသများတွင် ရေလွှမ်းမိုးကာ လူ ၁၅၈ ဦးသေကြေပျောက်ဆုံးခဲ့ရသည့်ဖြစ်ရပ်နှင့် တစ်ဆက်တည်း ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံ၌ စက်တင်ဘာလ ၈ ရက်နေ့က ရေဘေးသင့်ခဲ့ရာ လူပေါင်း ၁၀၀ သေဆုံးပြီး လူ ၅၀၀ ခန့် ဒဏ်ရာရရှိခဲ့သည်။ လူ ၅၀၀ ကျော် အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့သည်ဟုဆိုသည်။

မုန်တိုင်းဒဏ် – ဖေဖော်ဝါရီလ ၇ ရက်နေ့က ကွတ်ကျန်းစုတွင် ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်ရာ ဗာနွားတူးကျန်းနိုင်ငံ၏မြို့တော် ပိုဗီလာတွင် လူနှစ်ဦးသေဆုံးပြီး အိုးအိမ်အမြောက်အမြား ပျက်စီးသည်။ အဲလက်မုန်တိုင်းသည် ဇူလိုင်လကုန်ပိုင်းတွင် တရုတ်ပြည်သူသမ္မတနိုင်ငံ အရှေ့ပိုင်း ဇီချမ်ပြည်နယ်ကို ဖြတ်ကျော်တိုက်ခတ်ရာ လူပေါင်း ၁၂၅ ဦးသေဆုံးပြီး ဒေါ်လာ ၁၃၅ သန်းဖိုး ပျက်စီးဆုံးရှုံးခဲ့သည်။ ဘင်္ဂလား တီ မုန် တိုင်း သည် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျန်းသို့ ဦးတည်လျက် တစ်နာရီလျှင် ၁၃၇ ဒသမ ၅ မိုင်နှုန်း တိုက်ခတ်ရာ လူ ၄၄ ဦး သေဆုံးခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ခြောက်နှစ်အတွင်း အပြင်းထန်ဆုံးမုန်တိုင်းဖြစ်သည်။ ဒီနာမုန်တိုင်းသည် ဩဂုတ်လက ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူးရှူးကျန်း တစ်ဝိုက်တွင် တစ်နာရီလျှင် ၁၂၅ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးပြီး ၁၆ ဦး ဒဏ်ရာရရှိခဲ့သည်။ စက်တင်ဘာလတွင် တရုတ်ပြည်သူသမ္မတနိုင်ငံ အရှေ့ပိုင်းတစ်လျှောက် ဂျာရယ်မုန်တိုင်းတိုက်ခတ်ပြန်ရာ လူ ၉၅ ဦး သေဆုံးပြီး လူတစ်ရာကျော် ဒဏ်ရာရရှိခဲ့သည်။ လူနေအိမ်ခြေ ၃၀၀၀ ကျော် ပြိုကျပျက်စီးသည်။ ထိုလမှာပင် တောင်အာဖရိကနိုင်ငံ နေတယ်ပြည်နယ်တွင်လည်း ငါးရက်ကြာမျှ မိုးသက် မုန်တိုင်းကျရောက်သဖြင့် လူပေါင်း ၆၀ ခန့်သေဆုံးပြီး လူမည်း ထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း သိရှိရသည်။ အောက်တိုဘာလ ၁၆



မြိတ်နိုင်ငံသမိုင်းတွင် ၁၇၀၃ ခုနှစ်နောက်ပိုင်း အဆိုးရွားဆုံးသော မုန်တိုင်းတိုက်ခတ်ပြီးနောက် တွေ့ရသော လန်ဒန်မြို့တစ်နေရာ၏မြင်ကွင်း

ရက်နေ့တွင် အင်္ဂလန်အရှေ့တောင်ပိုင်းကို ဖြတ်လျှက် တစ်နာရီလျှင် ၉၄ မိုင်နှုန်းဖြင့် လေပြင်းမုန်တိုင်း တိုက်ခတ် ခဲ့လို့ ၁၈ ဦးခန့်သေဆုံးခဲ့ရပြီး လူထောပေါင်းများစွာဒဏ်ရာရရှိသည်။ ဒေါ်လာ ၁၆၅ သန်းဖိုး ပျက်စီးဆုံးရှုံး၍ ဒုတိယကမ္ဘာစစ်နောက်ပိုင်းတွင် ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည်။ လူပေါင်း ဂဝဝဝ သေကြေခဲ့ရသည့် မုန်တိုင်းကြောက်ခဲ့သော ၁၇၀၃ ခုနှစ် နောက်ပိုင်းတွင် ဗြိတိန်နိုင်ငံသမိုင်း၌ အဆိုးရွားဆုံးမုန်တိုင်းဖြစ်သည်။

နှင်းမုန်တိုင်း – ၁၉၀၇ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့က အမေရိကန်ပြည်ထောင်စု အရှေ့မြောက်ပိုင်းတွင် နှင်းမုန်တိုင်းတိုက်ခတ်ခဲ့သည်။ အဆိုပါ နှင်း မုန် တိုင်း ကြောင့် အလာဘားမားပြည်နယ်မှ အရှေ့မြောက်ဘက်စွန်း နယူးအင်္ဂလန်ပြည်နယ်အထိ အအေးလွှန်ကဲခြင်းကြောင့် လူ ၅၁ ဦးထက်မနည်း သေ ဆုံး ခဲ့ သည်။ မတ် လ ဂ ရက် နေ့ က လည်း ဂျပန်နိုင်ငံ တို ကျိုး မြို့ တွင် ဆီး နှင်း မုန် တိုင်း ကြောက်မှုကြောင့် လူ ငါးဦးသေဆုံးပြီး မတော်တဆထိခိုက်မှုများကြောင့် လူပေါင်း ၁၄ ဦးခန့် ဒဏ်ရာ ရ ခဲ့ သည်။ မတ်လ ၉ ရက်နေ့သတင်းအရ တူရကီနိုင်ငံအနှံ့အပြားတွင်လည်း ငါးရက်ကြာ အအေးလှိုင်းကြောက်မှုနှင့် ဆီးနှင်းမုန်ထိုင်း တိုက် ခတ် မှု တို့ ကြောင့် မတ်လ ၃ ရက်နေ့အထိ အနည်းဆုံးလူ ၂၂ ဦးခန့် သေဆုံးခဲ့ကြောင်း သိရှိရသည်။

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အာ မေ ရိ ကန် ပြည်ထောင်စု မြို့တော် ဝါရှင်တန်တွင် နှစ် ၁၀၀ အတွင်း အဆိုးရွားဆုံး နှင်းမုန်တိုင်းကြောက်တိုက်ခတ်သွားရာ နှင်းထု တစ်ပေမျှ မြင့်တက်ခဲ့သဖြင့် အ ဆက် အ သွယ် များ ပြတ်တောက်ခဲ့သည်။

အပူလှိုင်းကြောက်ခြင်း – ဇွန် လ ဆန်း တွင် အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရပရဒေသပြည်နယ်တွင် အပူလှိုင်းဒဏ်ကြောင့် လူပေါင်း ၂၃ ဦးသေဆုံးသည်။ ဥရောပတောင်ပိုင်းတွင် အပူလှိုင်းကြောက်သဖြင့် အပူချိန်မကြုံစဖူးမြင့်တက်ကာ ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့သည်။ ဂရိနိုင်ငံတွင် ဇူလိုင်လအတွင်း အပူချိန် ၁၁၃ ဒီဂရီ ဖာ ရင် ဟိုက် အ ထိ ပူ ပြင်း သော ကြောင့် လူပေါင်း ၇၀၀ ကျော် သေဆုံးခဲ့သည်။ တစ်ချိန်တည်းပင် အ မေ ရိ ကန် ပြည် ထောင် စု အလယ်ပိုင်းတွင် အပူလှိုင်းကြောက်ခဲ့ရာ လူ ၇၂ ဦးထက်မနည်းသေဆုံးခဲ့သည်။ မြို့ကြီးအများစုတွင် အပူချိန်ဒီဂရီ ၁၀၀ ဖာရင်ဟိုက် ကျော်ခဲ့သည်။ အီတလီနိုင်ငံတောင်ပိုင်းနှင့် အလယ်ပိုင်းတွင်လည်း တစ်ပတ်အတွင်း အပူလှိုင်းဒဏ်ကြောင့် လူ ၁၅ ဦးသေဆုံးခဲ့သည်။ ဗူလဂေးရီးယားနိုင်ငံ၌လည်း လူပေါင်း ၂၀၀ ခန့် သေဆုံးခဲ့ရသည်။

တောမီးလောင်ခြင်း – ၁၉၀၇ ခုနှစ် မေလက တရုတ်ပြည် သူသမွတနိုင်ငံ အရှေ့မြောက်ပိုင်းတွင် တော မီး လောင်

ကျမ်းရာ လူပေါင်း ၁၉၃ ဦး သေဆုံးပြီး ၂၀၀ ကျော်ဒဏ်ရာရခဲ့သည်။ နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံးဖြစ်ပြီး လူပေါင်း ၅၀,၀၀၀ ကျော် အိုးမဲ့ အိမ်မဲ့ ဖြစ်ခဲ့ရသည်။ မီးလောင်ကျမ်းမှုမှာ တစ်လခန့်ကြာမြင့်သည်။ ယင်းမီး၏ ကူးစက်မှုကြောင့် ဆိုဗီယက်ပြည်ထောင်စု ဆိုက်ဗီးရီးယား ပြည်နယ်တွင် နေရာ ၅၀ ထက်မနည်း လောင်ကျမ်းခဲ့ရာ ဗိုင်ကယ်ရေအိုင်အရှေ့ဘက် ခွဲတာဒေသဝန်းကျင်ရှိ သစ်တောကေ ၃၅,၀၀၀ထက်မနည်းပျက်စီးခဲ့ပြီးဆိုက်ဗီးရီးယား အရှေ့ပိုင်း သစ်တောကေ ၅,၀၀,၀၀၀ ခန့် ပျက်စီးသည်။ ၁၉၈၇ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့တွင် ဖီဂျီနိုင်ငံ၌ တော မီးလောင်၍ ထင်းရှူးပင်ငါးသန်းခန့် လောင်ကျမ်းပျက်စီးသည်။ စက် တင် ဘာ လ တွင် လည်း အမေရိကန်ပြည်တောင်စု အနောက်ပိုင်း ပြည်နယ်ရှစ်ခုရှိ သစ်တောကေ ၅,၀၀,၀၀၀ ခန့်ကျယ်ဝန်းသည့် သစ်တောတွင် မီးလောင်မှုဖြစ်ပွားသည်။

သာသန၊ ဆရာတော်ဘဒ္ဒန္တ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ ပခုက္ကူမြို့၊ သာသန ဝိပုလာရာမ မန္တလေးတိုက် (မြန်မာ ၁၂၅၉–) ။ ။ ဆရာတော်ဘဒ္ဒန္တသာသနကို မကွေးတိုင်း၊ ပခုက္ကူမြို့၊ ခန္ဓောရပ်၌ ခမည်းတော်ကုန်သည်ကြီး ဦးသင့်၊ မယ်တော်ဒေါ်သာမယ်တို့က ၁၂၅၉ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက် နေ့တွင် ဖွားမြင်သည်။ မွေးချင်းခုနစ်ယောက်အနက် တကိယမြောက်သားရတနာဖြစ်၍ မောင်ဘမြိုင်အမည်တွင်သည်။

ခြောက်နှစ်သားအရွယ်မှစ၍ မြစ်ကိုင်း ရွာဦးကျောင်း ဆရာတော် ဦးသုအနန္တသာမိနှင့် ဆရာတော် ဦးမုနိန္ဒတို့ထံ တွင်ပညာသင်ကြားခဲ့ပြီး ၁၂ နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သာမဏေဘဝမှာ ရှင်သာသနဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်တွင် ပခုက္ကူမြို့၊ မြစ်ကိုင်းရွာ၊ ရွာဦးကျောင်း၊ ခဏ္ဍသိမ်တော်၌ ဆရာတော် ဦးကိတ္တိသာရကို ဥပဇ္ဈာယ်ပြုလျက် သာသနဝိပုလာရာမ (မန္တလေး) ကျောင်းတိုက်ကြီး၏ ဒါယကာဦးပေါ်သင်း၊ ဒါယိကာမ ဒေါ်လှကြွယ်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူ၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် ရှင်သာမဏေဘဝမှစ၍ မြစ်ကိုင်းရွာဦးကျောင်းဆရာတော် ဦးသုအနန္တသာမိနှင့် ဦးမုနိန္ဒတို့ထံတွင် လိင်၊ ဒဏ်၊ သေခိယ၊ သဒ္ဒါ၊ သင်္ဂဟစသော နေ့ဝါကျမ်းစာများနှင့်မာတိကာ၊ ဓာတုကထာစသည့် ညဝါကျမ်းစာများကို သင်ယူခဲ့သည်။

ထို့နောက် ရဟန်းအဖြစ်သို့ ရောက်တော်မူသောအခါ မန္တလေးမြို့ ချမ်းသာကြီးတိုက်ဆရာတော် ဦးတိက္ခ၊ခင်မကန်တိုက်ဆရာတော် ဦးရေဝတ၊ မန်ကျည်းပင်ကျောင်း ဆရာတော် ဦးသီလာစာရ၊ ခေမာသီဝံတိုက်ဆရာတော် ဦးအဂ္ဂဝံသနှင့် တောင်ပြင်ဘုရားကြီးတိုက် စာချအကျော် ဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို ကောင်းစွာ သင်ယူတော်မူခဲ့သည်။

ထို့ပြင် ဆရာတော်ဦးပခန်းကြီးဟု ကျော်ကြားတော်မူသော ဝိနယဂရုက စာချအကျော် ဆရာတော်အရှင်ဝိစာရမဟာထေရ်ထံတွင် မန္တလေးစာပြောနည်း၊ သဒ္ဒ၊ အတ္ထ၊ အဓိပ္ပာယဝိနိစ္ဆယချနည်း အမျိုးမျိုးတို့ကို အာစရိယမုဋ္ဌိလက်ဆုပ်လက်ကိုင်ရရှိအောင် သင်ကြား ဆည်းပူးတော်မူခဲ့သည်။ ထို့အပြင် ရဟန်းသိက္ခာ ၁၆ ဝါခန့်တွင် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံများသို့ ကြွတော်မူ၍ သက္ကတ၊ အင်္ဂလိပ်နှင့် သီဟိုဠ်ဘာသာများကို သင်ကြား ဆည်းပူးလေ့လာတော်မူခဲ့သည်။

ဆရာတော်သည် သာသနဝိပုလာရာမာဓိပတိ မဟာနာယကဆရာတော်အဖြစ် သာသနဝိပုလာရာမ မန္တလေးတိုက်ကြီးကို အုပ်ချုပ်တော်မူလျက် သံဃာတော် ၁၀၀ ကျော် တို့အား ပါဠိပိဋကတ် နေ့ဝါညဝါ ကျမ်းဂန်စာပေအရပ်ရပ်ကို ပို့ချတော်မူခဲ့သည်။

ထို့ပြင် စာပေကျမ်းဂန်များကို ပို့ချတော်မူရင်း လောကသာသနာ နှစ်ဖြာအကျိုးကို တိုးပွားစေရန် စာပေကျမ်းဂန်များကိုလည်း ရေးသားပြုစုတော်မူခဲ့သည်။ သဒ္ဒသာရတ္ထဒီပနီကျမ်း၊ ဝါကျဘေဒပကာသနီကျမ်း၊ ပါဠိ–အင်္ဂလိပ်–မြန်မာ သုံးဘာသာစကားပြောကျမ်း၊ ဓမ္မဒေသနာမှတ်စုစသော ကျမ်းများသည် ဆရာတော်ပြုစုတော်မူခဲ့သော ကျမ်းများဖြစ်သည်။

ဆရာတော်သည် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးဆိုင်ရာ ကိစ္စအဝဝကိုလည်း ဆောင်ရွက်တော်မူခဲ့သည်။ ၁၃၁၃ ခုနှစ်မှစ၍ သာသနဝိပုလာရာမ (မန္တလေး) စာသင်တိုက်ကြီးကို ကြီးမှူးအုပ်ချုပ်တော်မူလျက် စာသင်သံဃာ ၁၀၀ ကျော်အား စာပေပရိယတ် ပို့ချတော်မူခြင်း၊ ဆဋ္ဌသင်္ဂါယနာတွင် ဆဋ္ဌသင်္ဂီတိ ပါဠိဝိသောဓက အဖြစ်လည်းကောင်း၊ ဆဋ္ဌသင်္ဂီတိ ကရကအဖြစ်လည်းကောင်း ဆောင်ရွက်တော်မူခြင်း၊ ပခုက္ကူခရိုင် သြဝါဒါစရိယနှင့် ပါဠိပထမပြန် ကြီးကြပ်ရေးနာယက၊ ပခုက္ကူမြို့ သီဟိုဠ်ရှင်ဘုရားကြီး ဂေါပကအဖွဲ့ သြဝါဒါစရိယနှင့် နိုင်ငံတော် သြဝါဒါစရိယဆရာတော် စသည်ဖြင့် သာသနာ့တာဝန်များကို ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သည်။

ထိုသို့ သာသနာ့တာဝန်အရပ်ရပ်ကို အားသွန်ကြိုးပမ်းထမ်းရွက်တော်မူသောကြောင့် ၁၃၂၂ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဆက်ကပ် လှူဒါန်းသည့် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်ကို အလှူခံရရှိတော်မူခဲ့သည်။



အဘိဓေယျာရဋ္ဌဂုရုဘဒ္ဒဲထဲဆိပ်စောရဆရာတော် ဘဒ္ဒန္တသာသနာ


ထို့နောက် သာသနာတော်အကျိုးကို ဆတက်ထမ်းပိုး ဆက်လက်ထမ်းရွက်တော်မူသောကြောင့် သီလ၊ သမာဓိ၊ ပညာဂုဏ်တို့နှင့် ပြည့်စုံတော်မူသည့် ဆရာတော် ဘဒ္ဒန္တ သာသနသည် ၁၉၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရုဘဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

သီရိလင်္ကာဒီပိကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ။ ။သီရိလင်္ကာနိုင်ငံတွင် လူဦးရေ ၁၆ သန်း ကျော်ရှိသည့်အနက် ၁၈ ဒသမ ၂ ရာခိုင်နှုန်းသည် ဟိန္ဒူ ဘာသာဝင် တမီလူမျိုးများ ဖြစ်ကြသည်။ သီရိလင်္ကာနိုင်ငံသားအများစု ၇၄ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာဝင် ဆင်ဟာလိစ် (သီဟိုဠ်) လူမျိုးများ ဖြစ်ကြသည်။ တမီလူမျိုး အများစု နေထိုင်ရာ သီရိလင်္ကာ မြောက်ပိုင်းနှင့် အရှေ့ပိုင်း၌ တမီပြည်နယ် ခဲ့ထွက်ရေးသမားများသည် သီးခြား လွတ်လပ်သည့် တမီနိုင်ငံ ထူထောင်ရေးအတွက် လှုပ်ခဲ့သည့် လေးနှစ်ခန့်မှစ၍ လက်နက်ကိုင်တိုက်ခိုက်ခဲ့ကြသည်။ ၁၉၀၇ ခုနှစ် နှစ်ဦးပိုင်းအထိ ဆင်ဟာလိစ်–တမီ လူမျိုးရေး ပဋိပက္ခများကြောင့် သီရိလင်္ကာနိုင်ငံတွင် သေဆုံးသူပေါင်း ၄,၅၀၀ ထက်မနည်း ရှိခဲ့သည်။ ထို့ပြင် အိန္ဒိယနိုင်ငံ တောင်ပိုင်း တမီနာဒူးပြည်နယ်သို့ ဝင်ရောက်လာသော တမီဒုက္ခသည်များမှာ ၁,၂၅,၀၀၀ ခန့် ရှိသည်ဟုဆိုသည်။ သီရိလင်္ကာအစိုးရသည် ၁၉၈၅ ခုနှစ်နောက်ပိုင်းတွင် ကာကွယ်ရေးအသုံးစရိတ်ကို ဆယ်ဆတိုးမြှင့်ကာ တစ်ရက်လျှင် ဒေါ်လာ ၆၀,၀၀၀ နီးပါးအထိ သုံးစွဲလာခဲ့ရသည်ဟုဆိုသည်။ လူမျိုးရေးပဋိပက္ခများ အဆုံးသတ်ရေးအတွက် သမ္မတကျေယဝါဒီနေက ၁၉၈၆ ခုနှစ် ဇွန်လတွင် ငြိမ်းချမ်းရေးအဆိုပြုချက်တစ်ရပ်ကို တင်ပြခဲ့သည်။ ယင်းအဆိုပြုချက်နှင့်စပ်လျဉ်း၍ ညီညွတ်သောတမီအမျိုးသားလွတ်မြောက်ရေး တပ်ဦးပါတီမှ သဘောထားပျော့ပျောင်းသော တမီခေါင်းဆောင်တို့နှင့်အစိုးရတို့ ဆွေးနွေးခဲ့ကြသော်လည်း အပြီးသတ်သဘောတူညီချက် မရချေ။ သီရိလင်္ကာနိုင်ငံ၏ လူမျိုးရေး ပဋိပက္ခ အဆုံးသတ်ရေးအတွက် အစိုးရကချမှတ်ထားသောအစီအစဉ်ကို ဆန့်ကျင်၍ အကြမ်းဖက်သူ သို့မဟုတ် ဥပဒေမဲ့ ပြုသူ မည်သူမဆို သေဒဏ် သို့မဟုတ် ထောင်ဒဏ် အနှစ် ၂၀ အပြစ်ဒဏ်ချမှတ်မည်ဟု အစိုးရက ၁၉၈၆ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် ကြေညာသည်။ ထို့ပြင် အစိုးရ၏ အစီအစဉ်ကို ပါလီမန် အမတ်များ မဆန့်ကျင်နိုင်ရန် ရည်ရွယ်လျက် ဥပဒေကြမ်းတစ်ရပ်ကို ထိုနှစ်အောက်တိုဘာလ ၂၃ ရက်နေ့တွင် အစိုးရက ပါလီမန်သို့တင်သွင်းသည်။ အတိုက်အခံအမတ်များက ပါလီမန်မှ ထွက်ခွာသွားသော်လည်း ထိုဥပဒေကြမ်းကို ထောက်ခံမဲ ၁၁၄ မဲဖြင့် ပါလီမန်က အတည်ပြုခဲ့သည်။ ထိုဥပဒေကြမ်းအရ ပါလီမန်အမတ်များသည် အကြမ်းဖက်မှု ကဲ့သို့သော ဥပဒေက တားမြစ်ပိတ်ပင် ထားချက်များကို ဖောက်ဖျက် ကျူးလွန်လျှင် ဌာနဆိုင်ရာရာထူးမှ ထုတ်ပယ်ခြင်း၊ နိုင်ငံသားဆိုင်ရာ အခွင့်အရေးများ ရုပ်သိမ်းခြင်း စသည့် အရေးယူမှုများကို ခံရမည်ဖြစ်သည်။

သမ္မတကျေယဝါဒီနေသည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် အိန္ဒိယနိုင်ငံသို့ သွားရောက်ပြီး အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီနှင့် တွေ့ဆုံဆွေးနွေးသည်။ ၉ ရက်နေ့တွင် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီနာဒူးပြည်နယ်ရှိ တမီလုံခြုံရေးစခန်းနှင့် လေ့ကျင့်ရေးစခန်းများကို တမီနာဒူးပြည်နယ်ရဲတပ်ဖွဲ့က ရုတ်တရက်တိုက်ခိုက်ချေမှုန်းခဲ့ရာ တမီပြောက်ကျား ၅၀၀ ခန့်ကို ဖမ်းဆီးမိခဲ့ပြီး မြေပြင်မှ ဝေဟင်ပစ် ဆမ်–၇ ဒုံးကျည်များ၊ ဒုံးပစ် လောင်ချာများ စသည့် လက်နက် မျိုးစုံကိုပါ သိမ်းဆည်း ရ မိ ခဲ့ သည်။ ထိုလ ၁၆ ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ကျင်းပသည့် တောင်အာရှ ဒေသ ပူးပေါင်း ဆောင်ရွက်ရေး အသင်း (ဆာအတ်) ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် သီရိလင်္ကာသမ္မတ ကျေယဝါဒီနေနှင့် အိန္ဒိယ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီတို့သည် သီရိလင်္ကာပြည်တွင်းရေးနှင့်စပ်လျဉ်း၍ ထပ်မံ ဆွေးနွေးခဲ့ကြပြန်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၃၃၆—ရှု။) (စွယ်စုံနှစ်ချုပ် ၁၉၈၇–စာ၊ ၁၈၂ —ရှု။)

အိန္ဒိယနှင့်ချုပ်ဆိုရန် အဆိုပြုထားသော သဘောတူ

သီရိလင်္ကာ ဒီပိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ



သီရိလင်္ကာနိုင်ငံသို့ ငြိမ်းချမ်းရေးထိန်းသိမ်းမှု တပ်အဖြစ် ရောက်ရှိလာသော အိန္ဒိယတပ်မဲ့ ဝင်များကို တမီ ပြောက်ကျား တို့အပ်နှံထားသော လက်နက်များ နှင့်အတူ တွေ့ရပုံ

စာချုပ်ကို ဆင်ဟာလိစ် (သီဟိုဠ်) လူမျိုးအများစုပါဝင်သော ဆန္ဒပြပွဲများက ဇူလိုင်လ ၂၇ ရက်နေ့တွင် ကန့်ကွက်ခဲ့ကြရာ လူ ၁၉ ဦးထက်မနည်း သေဆုံးသည်အထိ ပြင်းထန်ခဲ့သည်။ သို့ရာတွင် သီရိလင်္ကာသမ္မတ ဂျေယာဝါဒီနေနှင့် အိန္ဒိယဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီတို့သည် ဇူလိုင်လ ၂၉ ရက်နေ့တွင် ငြိမ်းချမ်းရေးစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ သီရိလင်္ကာနိုင်ငံ၏ လူမျိုးရေး ပဋိပက္ခကို အဆုံးသတ်စေရန် ရည်ရွယ်သည့် ယင်းစာချုပ်တွင် အောက်ပါအချက်များ ပါဝင်သည်။

- ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုပြီးနောက် ၄၈ နာရီအတွင်း သီရိလင်္ကာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲကြရန်၊
- ၇၂ နာရီအတွင်း တမီလက်နက်ကိုင် သူပုန်အားလုံး လက်နှက်ချရန်နှင့် သီရိလင်္ကာ အစိုးရတပ်သားများ မိမိတပ်ရင်း စခန်းအသီးသီးသို့ ပြန်ကြရန်၊
- တမီသူပုန်များအားလုံးကို အထွေထွေလွှတ်ငြိမ်းချမ်းသာခွင့် ပေးပြီး နိုင်ငံရေး အကျဉ်းသားအားလုံးကို လွှတ်ပေးရန်၊
- သီရိလင်္ကာ၌ ဆင်ဟာလိစ် ဘာသာစကားကိုသာမက အင်္ဂလိပ်နှင့် တမီဘာသာစကား တို့ကိုလည်း တရားဝင် ရုံးသုံး ဘာသာစကားအဖြစ် အစိုးရက ကြေညာပေးရန်၊
- သီရိလင်္ကာအရေးတွင် ခွဲထွက်ရေးဝါဒီနှင့် အကြမ်းဖက်ဝါဒီ တမီလူမျိုးဟူသမျှကို အိန္ဒိယနိုင်ငံမှနှင်ထုတ်ပစ်ရန်နှင့် တမီနာဒူးပြည်နယ်ရှိ သူပုန်စခန်းအားလုံးကို ပိတ်ပစ်ရန်၊
- အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ ရေတပ်စစ်သင်္ဘောတို့က ပေါ့ရေလက်ကြားတွင် ကင်းလှည့်ခြင်းဖြင့် သူပုန်တို့ကို တစ်ဖက်မှ သွယ်ဝိုက်သော နည်းဖြင့် လက်နက်နှင့် ရိက္ခာထောက်ပံ့မှု ဟူသမျှကို ဟန့်တားပေးရန်၊
- သီရိလင်္ကာမြောက်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့တွင် စုစည်း ညီညွတ်သော ဒေသဆိုင်ရာ အုပ်ချုပ်ရေး အာဏာတစ်ရပ်ကို သီရိလင်္ကာအစိုးရက ဖန်တီးပေးရန်တို့ ပါဝင်ကြသည်။

ယင်းစာချုပ်လက်မှတ်ရေးထိုးပြီးနောက်တစ်နေ့ ဇူလိုင်လ ၃၀ ရက်နေ့တွင် အိန္ဒိယနိုင်ငံက ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်အဖြစ် တပ်အင်အား ၃၀၀၀ ကို ပထမဦးဆုံး ပေးပို့ခဲ့သည်။ သီရိလင်္ကာနိုင်ငံရှိ တမီ ပြောက်ကျားတပ်များ ငြိမ်းချမ်းရေးစာချုပ်ကို လိုက်နာရေးအတွက် စစ်ဆင်ရန် အိန္ဒိယတပ်မဟာကြီး နှစ်ခုစာမက ရှိသောအင်အားကို စေလွှတ်ထားရှိကြောင်းဖြင့် အိန္ဒိယကာကွယ်ရေးဝန်ကြီးကေစီပန့်က နိုဝင်ဘာလ ၂၆ ရက်နေ့တွင်ပြောကြားသည်။ အိန္ဒိယကာကွယ်ရေးဝန်ကြီးက တပ်အင်အားကိုအတိအကျ မပြောသော်လည်း စစ်ရဲများအပါအဝင်စုစုပေါင်းအင်အား ၄၀,၀၀၀ ခန့် ရှိသည့်အနက်အင်အား ၂၀,၀၀၀ မှ ၂၅,၀၀၀ မှာအိန္ဒိယကြည်းတပ်မှ တပ်သားများဖြစ်မည်ဟု သံတမန်သတင်းရပ်ကွက်က ခန့်မှန်းထားသည်။ တမီကျားအမည်ရှိ ပျောက်ကျားတို့သည်အိန္ဒိယတပ်ဖွဲ့များကို အံတုတိုက်ခိုက်ခဲ့ကြရာ အောက်တိုဘာလ ၃၁ ရက်နေ့အထိ အိန္ဒိယတပ်ဖွဲ့များ၏ အဆိုအရ တမီကျားသူပုန် ၇၀၀ ကျော်ကိုချေမှုန်းနိုင်ခဲ့ပြီး အိန္ဒိယတပ်ဖွဲ့ဝင် ၂၁၄ ဦး ကျဆုံးခဲ့သည်ဟုသိရ

သည်။ အိန္ဒိယ တပ်မျာ်း၏ စစ်ဆင်ရေးကာလအတွင်း အရပ်သာ၊ ၄၀၀ ထက်မနည်းသေဆုံးသည်ဟု ခန့်မှန်းထာ်သည်။ ဂျက်ဖနာကမ်းမြောင်ဒေသတွင် အိန္ဒိယစစ်သာ၊ ၁၈ ဦးကို တမီပြောက်ကျာ်းတို့က တစ်လကျော်မျ ဖမ်းဆီးထာ်းခဲ့ရာမှ လွှတ်ပေးလိုက်ပြီးနောက် နှစ် ရက် အကြာ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အိန္ဒိယတပ်မျာ်းက တစ်ဖက်သတ်အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်။ ခဲ့ထွက်ရေး၀ါဒီ တမီပြောက်ကျာ်းတို့က လက်နက်ချနိုင်ရန်အခွင့်အရေးပေးသည့်သဘောဖြင့် ထိုသို့ အပစ်အခတ်ရပ်စဲခြင်း ဖြစ်သည်ဟု ဆိုသည်။

သီရိလင်္ကာနိုင်ငံ၏ သုံးပုံတစ်ပုံကျယ်ဝန်းသော ဒေသတွင် တမီလူနည်းစုတို့အာ်း အကန့်အသတ်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးရေး ဥပဒေကြမ်းနှစ်ရပ်ကို ၁၉၇၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ပါလီမန်ကအတည်ပြုခဲ့သည်။ အယူအဆတင်းမာသူ ဆင်ဟာလိစ် (သီဟို ဋ္ဌ) တို့က ကန့်ကွက်သည့်ကြာ်းမှ သမ္မတကျေယဝါဒီနေ၏ ယူနိုက်တက် နေရှင်နယ်ပါတီသည် ထောက်ခံမဲ သုံးပုံနှစ်ပုံဖြင့် အတည်ပြုခြင်းဖြစ်သည်။ ဇူလိုင်လ ၂၉ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးသဘောတူ စာချုပ်အရ ယင်းဥပဒေကြမ်းနှစ်ရပ်ကို အတည်ပြုခြင်းဖြစ်သည်။

သောဘိတ၊ ဆရာတော်ဘဒ္ဒန္တ၊ အဂ္ဂမဟာပဏ္ဍိတ၊ ရ ခိုင် ပြည် နယ် စစ် တွေ မြို့၊ ဂြစ် တက် ကျောင်း၊ (မြန်မာ ၁၂၅၂– ၁၃၄၈)။ ။ ဆရာတော် ဘဒ္ဒန္တ သောဘိတကို ရ ခိုင် ပြည် နယ်၊ ပုဏ္ဏား ကျွန်း မြို့နယ်၊ ကုန်းတန်းကျေးရွာ၌ ခမည်းတော်ဦးထွန်းဘော်၊ မယ်တော် ဒေါ်မဖြူတို့က ၁၂၅၂ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် ဖွားမြင်သည်။

၁၂၆၇ ခုနှစ် ၁၅ နှစ်သာ်းအရွယ်တွင် ကုန်းတန်းကျေးရွာကျောင်း ဆရာတော်ဦးနန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မယ်တော်– ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ သာမဏေဘွဲ့မှာ ရှင်သောဘိတ ဖြစ်သည်။ ၁၂၇၁ ခုနှစ် တန်ခူးလဆန်း ဂ ရက်နေ့တွင် စစ်တွေမြို့ ပထမဂြစ်တက်ကျောင်း ဆရာတော်ကြီး ဦးအာဒိစ္စကို ဥပဇ္ဈာယ်ပြု၍ မယ်တော် ခမည်းတော်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူလျက် မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူသည်။

ဆရာတော်သည် သာမဏေဘ၀တွင် ကုန်းတန်းဆရာတော် ဦးနန္ဒဝံသနှင့် ပထမဂြစ်တက်ဆရာတော် ဦးအာဒိစ္စထံတွင် ပိဋကတ်အခြေခံကျမ်းစာမျာ်းကို သင်ယူတော်မူခဲ့သည်။ ထို့နောက် ရန်ကုန်မြို့၊ ကျောင်းတော်ရာရွှေကျင်တိုက် ဦးတေဇ၀န္တ၊ တောင်ငူမြို့ ကွင်းကျောင်းဆရာတော်



အဂ္ဂမဟာပဏ္ဍိတဆရာတော် ဘဒ္ဒန္တသောဘိတ

ဦးသူရိယ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် ဦးဝိစိတ္တသာရ၊ မော်လမြိုင်မြို့ ပဓာနိကာရုံ ဆရာတော် ဦးမာလာ၊ ရန်ကုန် ရွှေဘုန်းပင့်တိုက်ဆရာတော် ဦးကဝိန္ဒ၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဦးပညာ၊ အဂ္ဂမဟာပဏ္ဍိတ ဦးနန္ဒဝံသ၊ အဘိဓဇမဟာရဋ္ဌဂုရု ဦးဇဝန အစရှိသည့် ဆရာတော်အသီးသီးတို့ထံ၌ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာအထက်တန်းကျမ်းစာမျာ်းကို သင်ယူတော်မူခဲ့သည်။

ဆရာတော်သည် ပရိယတ္တိစာပေမျာ်းကို ပါရဂူရောက်တတ်မြောက်အောင် သင်ကြာ်းတော်မူပြီးနောက် ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်၊ ကြို့ကုန်းကျေးရွာ ကျောင်းတွင် ၃၂ ဝါ၊ ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အောက်ဇီးကိုင်း ကျေးရွာ ကျောင်းတွင် သုံး၀ါ၊ စစ်တွေမြို့ ဂြစ်တက်ကျောင်းတိုက်တွင် ပံ့လွန်တော်မူသည်အထိ အသီးသီး သီတင်းသုံး၍ သာသနာပြုတော်မူခဲ့သည်။

ဆရာတော်သည် ပရိယတ္တိသာသနာ ပြန့်ပွာ်းရေးကို အထူးအာ်းပေး ဆောင်ရွက်တော်မူသည်။ မိမိနောက်ဆုံး သီတင်းသုံးရာ ဂြစ်တက်ကျောင်းတိုက်ကြီးကို ၁၃၁၉ ခုနှစ်တွင် ပါဠိတက္ကသိုလ်ကျောင်းတိုက်ဖြစ်အောင် စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူသည့်အပြင် ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲမျာ်းတွင် ဩ၀ါဒါစရိယအဖြစ် ဆောင်ရွက်တော်မူခဲ့သည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ မဟာဓမ္မသဘင်၌ ဩ၀ါဒါစရိယတာ၀န်၊ နိုင်ငံတော်အစိုးရ ဝိနိစ္ဆယဌာန၏ ခရိုင်ဩ၀ါဒါစရိယတာ၀န်၊ စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး ဂေါပကအဖွဲ့၏ ဩ၀ါဒါစရိယတာ၀န်၊ စစ်တွေမြို့ သလုံးတော်ခတ်စေတီတော် ဂေါပကအဖွဲ့၏ဩ၀ါဒါစရိယတာ၀န်၊ ရခိုင်ပြည်နယ် ဝတီလေးရပ်လုံးဆိုင်ရာ "သံဃသာမဂ္ဂီ" အဖွဲ့ကြီး၏ ဥက္ကဋ္ဌတာ၀န်၊

ရခိုင်ပြည်နယ်ရှိ ကျောင်းပေါင်း ၂၂၉ ကျောင်းပါဝင်သော မင်းတန်နိကာယဂိုဏ်းချုပ်တာဝန်များကို အသီးသီး ဆောင်ရွက်၍ သာသနာပြုတော်မူခဲ့သည်။

ဤသို့လျှင် အမျိုးဘာသာ သာသနာအကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်တော်မူ၍ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် စသော ဂုဏ်ထူး ဝိသေသတို့နှင့် ပြည်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တသောဘိတသည် ၁၉၆၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော် အစိုးရက ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံရရှိတော်မူသည်။

အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တ သောဘိတသည် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး ပေါ်ပေါက်လာသောအခါ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ်ဖြင့် သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူစဉ် ၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၅ ရက်နေ့တွင် စစ်တွေမြို့ ဂြစ်တက် ပါဠိတက္ကသိုလ် ကျောင်း၌ ဘဝနတ်ထံ ပျံလွန်တော်မူသည်။

သောဘိတ၊ ဆရာတော် ဦး (ရွှေကိုင်းသား)

(မြန်မာ ၁၂၇၃–၁၃၄၉)။ ။ရွှေကိုင်းသား ကလောင်အမည်ခံ ဆရာတော် ဦးသောဘိတကို စစ်ကိုင်းမြို့၊ တကောင်းရပ်၌ အဖ မြန်မာဆေးဆရာကြီး ဦးအုံး၊ အမိ ဒေါ်မြတို့က ၁၂၇၃ ခုနှစ် ပြာသိုလဆုတ် ၂ ရက်နေ့တွင် ဖွားမြင်သည်။ ငယ်မည် မောင်ထွန်းလှိုင်ဖြစ်၍ မွေးချင်း ခြောက်ယောက်တွင် စတုတ္ထမြောက် သားဖြစ်သည်။

၁၉၂၈ ခုနှစ် အသက် ၁၆ နှစ်အရွယ်တွင်တိုင်းရင်းမြန်မာဘာသာ သတ္တမတန်းစာမေးပွဲကို အောင်မြင်သည်။ ထို့နောက် စစ်ကိုင်းမြို့၊ ချင်းစုရပ် ဆရာကြီးဦးဘသန်းထံတွင် ပန်းချီနှင့်ဓာတ်ပုံပညာကို သင်ယူသည်။ ဗေဒင်နှင့် နက္ခတ်ကြည့်နည်းကိုလည်း သင်ယူသည်။

ဆရာတော်သည် အီး၊ တီ၊ စီ ခေါ် မူလတန်းဆရာဖြစ် စာမေးပွဲကိုလည်း အောင်မြင်ခဲ့သည်။ သို့သော် စကားပြောရမည်ကို ဝန်လေးသဖြင့် ကျောင်းဆရာမလုပ်ဘဲ မန္တလေးမြို့ရှိ ကမ္မည်းကျောက်စာရုံး (ယခုရွှေးဟောင်းသုတေသနဌာန) တွင် ဝင်ရောက် အမှုထမ်း ခဲ့သည်။ ကျောက်စာဝန် ပြင်သစ်လူမျိုး ချားလ်ဒူရိုင်းဇယ် လက်ထက်မှ ကျောက်စာဝန်ဦးမြ၊ ကျောက်စာဝန်ဦးလူဖေဝင်းတို့လက်ထက်အထိ အမှုထမ်းခဲ့ရာ ကျောက်စာဝန်ဦးမြထံမှ ပန်းချီပညာ၊ ဘုရား၊ ပုထိုး၊ ကျောင်းကန်အဆောက်အအုံများ ကူးယူမှုပညာ၊ ပုံစံထုတ်မှု၊ မြေပုံဆွဲမှု၊ ဆေးရေးပန်းချီကားများ ကူးယူမှုပညာများနှင့် ပျူစာအရေးအဖတ်ပညာများကိုပါ သင်ယူရရှိခဲ့သည်။ ဦးလူဖေဝင်းထံမှ

သောဘိတ၊ ဆရာတော် ဦး(ရွှေကိုင်းသား)



ရွှေကိုင်းသားကလောင်အမည်ခံ ဆရာတော် ဦးသောဘိတ

ပျို့ကဗျာ လင်္ကာ လေ့လာဖတ်ရှုပုံ ဖတ်ရှုနည်းကိုလည်းကောင်း၊ ဟံသာဝတီဦးဘရင်ထံမှ မြန်မာစာပေနှင့် စပ်လျဉ်းသော အသိပညာများကိုလည်းကောင်း သင်ယူရရှိခဲ့သည်။

ဆရာတော်သည် စာပေများကို ပြုစုရေးသားခဲ့ရာ ဆရာတော်၏ ပထမဆုံး ဆောင်းပါးဖြစ်သည့် မင်းရှင်စောအာတ္ထုပ္ပတ္တိ ဆောင်းပါးသည် ၁၉၃၂ ခုနှစ်တွင် သူရိယသတင်းစာ၌ ပါရှိခဲ့သည်။ ထိုစဉ်က ကလောင်အမည်မှာ ရတနာပုံလှိုင်ခင်အေးဖြစ်သည်။ ထို့နောက် ရွှေကိုင်းသား၊ ရတနာပုံဘိုးမှတ်စု၊ မှတ်စုမောင်၊ စစ်ကိုင်းဘိုးရာဇာ၊ မန္တလေးသား စသောကလောင်အမည်များနှင့် စာပေများကို ဆက်လက်ရေးသားခဲ့သည်။

ကလောင်အမည် ရွှေကိုင်းသားအမည်ခံ ဆရာတော် ဦးသောဘိတသည် ၁၉၄၄ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ရဟန်းဘောင်သို့ အပြီးတိုင်ဝင်ရောက်ခဲ့သည်။ ရဟန်းပြုပြီးနောက် စာပေများကို ဆက်လက် ဆည်းပူးလေ့လာခဲ့သည်နှင့်အမျှ စာပေများကိုလည်း ရေးသားပြုစုခဲ့သည်။

ဆရာတော်ရေးသားပြုစုခဲ့သော စာပေများမှာ ဆင်ယင်ထုံးဖွဲ့မှု၊ နှစ် ၁၀၀ ပြည့်မန္တလေး၊ပတ္တမြားစေတီသမိုင်း၊ ပုည်ရှင်ဘုရားသမိုင်း၊ ဒုတိယနဝဒေး၊ ဇေယျာနယ်မြေမှ စာပြု စာဆို ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ၊ မြန်မာစာပေနှင့် ပန်းချီအနုပညာစာတမ်း၊ ဆရာကြီးသခင်ကိုယ်တော်မိုင်း စာပေ၊ ဝက်မစုတ်နဝဒေး၏ စာပေအရည်အသွေးနှင့် နိုင်ငံရေးခံယူချက်စာတမ်း စသည်ဖြင့် စာပေဆိုင်ရာစာအုပ်ပေါင်း များစွာရေးသားခဲ့သည်။

အခန်းဆက် ဆောင်းပါးရှည်ကြီးများကိုလည်း ရေးသားပြုစုခဲ့ရာ မြန်မာပန်းချီသမိုင်း၊ ပုဂံခရီးသွားမှတ်တမ်း စစ်ကိုင်းမြေငလျင်ရာဇဝင်မှတ်တမ်း၊ အင်းဝခေတ်ကို ပြန်လည်သုံးသပ်ချက် စသည်ဖြင့် ဆောင်းပါးရှည်ကြီးများ

စွာ ရေးသားခဲ့သည်။ ဆရာတော်ရေးသားခဲ့သော စာအုပ်စာပေများအနက် ဆင်ယင်ထုံးဖွဲ့မှုအမည်ရှိ စာအုပ် သည် ၁၉၅၁ ခုနှစ်တွင် စာပေဗိမာန်စာပဒေသာဆုကိုရရှိခဲ့သည်။ ဆရာတော်သည် ယင်းစာအုပ်ကို ဦးထွန်းလှိုင်ဘဝတွင် ရေးသားပြီးစီးခဲ့ခြင်း ဖြစ်သည်။

ဆရာတော်သည် ဦးလေးတော်သူ အနုရုဒ္ဓါဆရာတော်၏ အရိုက်အရာကို ခံယူလျက် အနုရုဒ္ဓါချောင်တွင် သီတင်းသုံး နေထိုင်တော်မူခဲ့သည်။ ၁၉၀၁ ခုနှစ်တွင် အနုရုဒ္ဓါချောင်၌ ဆရာတော်တစ်ပါးတည်း သီတင်းသုံးနေထိုင်တော်မူစဉ် ကျောင်းတွင်းသို့ ဓားပြများဝင်ရောက်၍ ဆရာတော်အား ရက်စက်စွာ ထိုးနှက်ထုရိုက် ဓားပြတိုက်ခဲ့သဖြင့် ပြင်းထန်စွာဒဏ်ရာရလျက် မျက်စိတစ်ဖက် ပျက်လုနီးပါး ဖြစ်ခဲ့ရသည်။ ထို့ကြောင့် စာပေများကို ဆက်လက်မရေးသားနိုင်သည့် အဖြစ်သို့ ရောက်ခဲ့ရသည်။

ရွှေကိုင်းသားအမည်ခံ ဆရာတော်ဦးသောဘိတသည် စစ်ကိုင်းတောင်ရိုးအနုရုဒ္ဓါချောင်၌ တရားဘာဝနာစီးဖြန်းလျက် သီတင်းသုံးတော်မူရင်း ၁၃၄၉ ခုနှစ် ဝါဆိုလဆန်း ၄ ရက်နေ့တွင် ပျံလွန်တော်မူသည်။

ဟေးဝပ်, ရီတာ (ခရစ် ၁၉၁၈–၁၉၇၇)။ ။ဟောလီဝုဒ်၏ အလှကေရီဟု တင်စားခေါ်ဝေါ်ခြင်း ခံခဲ့ရသော ရုပ်ရှင်မင်းသမီး ရီတာ ဟေးဝပ်ကို ၁၉၁၈ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် နယူးယောက်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ဆံပင်နက်မှောင်၍ ငယ်မည် မာဂရီတာဟု တွင်သည်။ ဖခင်၏ အား ပေး မှု ကြောင့် အသက် ခြောက်နှစ်အရွယ်မှာပင် ပြဇာတ်စင်မြင့်သို့ တက်ရောက် အစွမ်းပြနိုင်ခဲ့သည်။ ထို့နောက် ရုပ်ရှင်လောကတွင် ခြေချရာ အောင်မြင်မှုမှာ မရေမရာ ရှိခဲ့သည်။

ထို့နောက် အသက် ၁၈ နှစ်တွင် အိမ်ထောင်ကျခဲ့ရာ



အမေရိကန်ရုပ်ရှင်မင်းသမီး ရီတာဟေးဝပ်

ခင်ပွန်း၏ အကြံပြုချက်အရ ဆံပင်အရောင်ကို အနီရောင်ဆိုးကာ အမည်ကိုလည်း ရီတာ ဟေးဝပ်ဟု ပြောင်းလဲမှည့်ခေါ်ခဲ့သည်။ မကြာမီ အောင်မြင်စ ပြုလာသည်။ ခင်ပွန်း၏ ချုပ်ချယ်မှုကို မနှစ်မြို့၍ ကွာရှင်းပြတ်စဲခဲ့သည်။ ရီတာ ဟေးဝပ်သည် အကမင်းသား အက်စတဲနှင့်ကဲ့ဖက် ဖျော်ဖြေရာ ပရိသတ်က လက်ခံခဲ့သည်။ (အက်စတဲ, ဖရက်––ရှု။) ထို့နောက် ဂီလဒါ အမည်ရှိ ဇာတ်ကားနှင့် ရှန်ဟဲမှ လုံမပျိုအမည်ရှိ ဇာတ်ကားတို့ဖြင့် ထိပ်တန်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။ ယင်း ဇာတ် ကား တို့ကို စီစဉ်ရိုက်ကူးခဲ့သော ရုပ်ရှင် ဒါ ရိုက် တာ အော် ဆန် ဝဲလ်စ်နှင့် အိမ်ထောင်သစ် ထူသည်။ (စွယ်စုံကျမ်း နှစ်ချုပ် ၁၉၈၆ – စာ၊ ၂၉၀ –– ရှု။) ရီတာ ဟေးဝပ်သည် ၁၉၄၀ ပြည့်လွန် နှစ်များတွင် အအောင်မြင်ဆုံး ဖြစ်ခဲ့သည်။ "ပညာတတ်တစ်ဦးနှင့် ၂၄ နာရီ အတူနေရခြင်းဆင်းရဲကို သည်းခံနိုင်စွမ်း မရှိတော့ပါ"ဟူ၍ ကြွေးကြော်ကာ ၁၉၄၇ ခုနှစ်တွင် ဝဲလ်စ်နှင့် လမ်းခွဲသည်။ ၁၉၄၉ ခုနှစ်တွင် ရီတာ ဟေးဝပ်သည် အီရန်မင်းသား အလီခန်နှင့် လက်ထပ်သည်။ အလီခန်သည်ရီတာဟေးဝပ်၏အိမ်ထောင်ငါးဆက်တွင် တတိယမြောက်ဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ရီတာ ဟေးဝပ်သည် ဟောလီဝုဒ်၌ ပြန်လည်ခြေချခဲ့ပြန်သည်။ "ထရီနာဒက်မှ ဇာတ်လမ်းတစ်ပုဒ်" ဟူသော ဇာတ်ကားဖြင့် ရုပ်ရှင်ဘဝခရီးကို ပြန်စခဲ့ရာ ယင်းရုပ်ရှင်ကားသည် အမည်ရင်းဖြင့် မထင်ရှားဘဲ ရီတာဟေးဝပ် ပြန်လာပြီဟူသော အမည်ဖြင့် ရေပန်းစား ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် အလီခန်နှင့် ကွာရှင်းကာ ရုပ်ရှင်လောက၌ ပြန်လည်ကျင်လည်နေခဲ့သည်။ သို့ရာတွင် ဒုတိယကမ္ဘာစစ်အတွင်းက သရဖူဆောင်းခဲ့သော အောင်မြင်မှုမျိုးကိုမူ ပြန်လည်မရရှိနိုင်တော့ချေ။

အလှထိပ်ခေါင်တင် မင်းသမီးအဖြစ် အထူး ထင်ရှားခဲ့သော ရီတာ ဟေးဝပ်သည် ၁၉၇၀ ပြည့်လွန် နှစ်များအတွင်း အယ်ဇင်းမားရောဂါ ဖိစီးလာသည်။ အလီခန်နှင့် အိမ်ထောင်ပြုစဉ်က ရရှိခဲ့သော သမီး မင်းသမီး ယက်စမင်ခန်က ကိုယ်ဖိရင်ဖို ပြုစုပေးသည့်ကြားမှ ၁၉၈၇ ခုနှစ် မေလ ၁၄ ရက်နေ့တွင် နယူးယောက်မြို့၌ ကွယ်လွန်ခဲ့သည်။

ဟက်စ်, ရူးဒေါ့ (ခရစ် ၁၈၉၇–၁၉၈၇)။ ။ ဂျာမန်အမျိုးသားဆိုရှယ်လစ် (နာဇီ) ဝါဒီအာဏာရှင် အဒေါ့ဖ်ဟစ်တလာ (၁၈၈၉–၁၉၄၅)၏ ညာလက်ရုံး ရူးဒေါ့ဟက်စ်ကို ၁၈၉၇ ခုနှစ် ပြေလ ၂၆ ရက်နေ့တွင် အီဂျစ်နိုင်ငံ အလက်ဇန္ဒြီးယားမြို့၌ မွေးဖွားခဲ့သည်။ ကုန်သည်တစ်ဦး၏သားဖြစ်၍ ငယ်စဉ်က အီဂျစ်နိုင်ငံ၌ပင် ကျူရှင်ဆရာဖြင့် အိမ်တွင် ပညာသင်ယူခဲ့သည်။



ဂျာမန်အာဏာရှင်
ဟစ်တလာ၏ ညာလက်ရုံး
ရူးဒေါ်ဟက်စ်

ပထမကမ္ဘာစစ်အတွင်း ဂျာမန်ကြည်းတပ်၌ ဝင်ရောက် အမှုထမ်းခဲ့သည်။ နောက်ပိုင်းတွင် လေတပ်သို့ ပြောင်းလွှဲ အမှုထမ်းသည်။ စစ်ပြီးသော် မြူးနစ်တက္ကသိုလ်၌ ပညာ ဆက်လက် ဆည်းပူးနေစဉ် အမျိုးသားရေး ဝါဒနှင့် ဂျူးဆန့်ကျင်ရေးဝါဒကို ယုံကြည် သက် ဝင် ခဲ့ သည်။ ထိုတက္ကသိုလ်မှာပင် နိုင်ငံရေးပထဝီဝင်ပညာရှင် ကားလ် ဟောက်စ်ဟိုဖာနှင့် တွေ့ဆုံရင်းနှီးခဲ့သည်။ ၁၉၂၀ ပြည့် နှစ်တွင် နာဇီပါတီသို့ ဝင်ရောက်သည်။ နောင်တွင် အာဏာရှင်ဖြစ်လာမည့် ဟစ်တလာနှင့် ရင်းနှီးလာ၍ ယုံကြည်ကိုးစားမှု ခံယူလာရသည်။ အထူးသဖြင့် ၁၉၂၃ ခုနှစ် နိုဝင်ဘာလတွင် မြူးနစ်ပုန်ကန်ထကြွမှု (မြူးနစ်ဘီယာခန်းမ အရေးအခင်း) ကို ခေါင်းဆောင် ခဲ့သည်။ အရေးနိမ့်သွားသဖြင့် သြစတြီးယားသို့ ထွက်ပြေးခဲ့ရသည်။ မိမိဆန္ဒအလျောက် ပြန်လာရာ လန်းဗဲ့အကျဉ်းထောင်၌ ထိန်းသိမ်းခံရသည်။ ယင်းထောင်ထဲ၌ ဟစ်တလာက မိုင်းကမ်ဖ် (ကျွန်ုပ်၏တိုက်ပွဲ) စာအုပ်ကို နှုတ်တိုက် ချပေးရာ ဟက်စ်က လိုက်ရေး၍ တည်းဖြတ်ပေးခဲ့ရသည်။ ယင်းစာအုပ်သည် နာဇီအင်ပါယာသစ် ထူထောင်ရေး စီမံကိန်းဖြစ်၍ ကမ္ဘာကျော်စာအုပ်ကြီးဖြစ်သည်။ ထို့နောက် ဟက်စ်သည် ဟစ်တလာ၏ ကိုယ်ရေးအရာရှိဖြစ်လာသည်။ ၁၉၃၂ ခုနှစ်တွင် ဂုရှတပ် စထရပ်ဆဲ၏ လက်ဝဲဝါဒီ နောက် လိုက်များပါတီမှ ခွဲထွက်သွားသောအခါ ဗဟိုဦးစီးအရာ ပါတီဖွဲ့စည်းမှုကို ဟက်စ်ကပင် တာဝန်ယူ၍ အကောင်အထည် ဖော်ပေးခဲ့ရသည် ဟုဆိုသည်။

ဟက်စ်သည် ၁၉၃၃ ခုနှစ် ပြိုလတွင် ပါတီဒုတိယ ခေါင်းဆောင်ဖြစ်လာခဲ့ပြီး ဒီဇင်ဘာလတွင် အစိုးရအဖွဲ့သို့ ဝင်ရောက်တာဝန်ယူသည်။ ၁၉၃၀ ပြည့်လွန် နှစ်များနှင့် ဒုတိယကမ္ဘာစစ်၏အစပိုင်းတွင် စစ်ရေးနှင့်နိုင်ငံရေးမူဝါဒ များကိုဟစ်တလာကချည်း စိတ်စောစွာ ချုပ်ကိုင်နေလေရာ ဟက်စ်၏ အခန်းကဏ္ဍသည် မှေးမှိန်စပြုလာသည်။ လက် အောက် ငယ် သား ဖြစ် သူ မာတင်ဘောမန်းကပင်

ဟက်စ်၏ သြဇာလွှမ်းမိုးမှုကို ဖြိုဖျက်စပြုလာသည်ဟုဆိုသည်။ ဟက်စ်သည် တစ်သက်တာလုံး ရင်းနှီးလာခဲ့သူ ဟောက်စ်ဟိုဖာ၏ အကြံဉာဏ်ကို ခံယူကာ စစ်ရပ်စဲရေး အဲတုက် အာဏာသိမ်းမည်ဟူ၍ ၁၉၄၁ ခုနှစ် နွေဦးကာလ ၌ ဆုံးဖြတ်ခဲ့သည့်ပြင် တစ်ချိန်တည်းမှာပင် ကျဆင်းစပြုနေသော သြဇာအာဏာကို ပြန်ရနိုင်ရန် ကြိုးပမ်းခဲ့သည်။ ထိုအချိန်တွင် ဟစ်တလာ၏ အရိုက်အရာကို ဆက်ခံရန် မာရှယ်ဂိုးအားရင်းကို လျှောထားကြောင်းသတင်းများထွက် ပေါ်လာခဲ့သည်။ ထိုနှစ် မေလ ၁၀ ရက်နေ့တွင် ဟက်စ် သည် ငြိမ်းချမ်းရေးအဆိုပြုချက်များနှင့်အတူ စကော့ တလန်သို့ လေယာဉ်ငယ်တစ်စင်းဖြင့် လျှို့ဝှက်သွားရောက် ပြီး လေထီးဖြင့် ခုန်ဆင်းခဲ့သည်။ ဂျာမနီနိုင်ငံဘက်က ဗြိတိသျှအင်ပါယာ တည်တံ့ရေးကို အာမခံချက် ပေး၍ ဗြိတိန်၏ ကိုလိုနီနယ်ပယ်ဟောင်းများကို ပြန်လည်ပေး အပ်မည်ဖြစ်ပြီး ဗြိတိသျှတို့ဘက်က ဥရောပတွင် ဂျာမနီ တို့လုတ်လပ်စွာ ခြယ်လှယ်ခွင့်ပေးရန်အတွက် ညှိနှိုင်းမည့် အဆိုပြုချက်များဖြစ်သည်ဟု ဆိုသည်။ ၎င်း၏အဆိုပြုချက် များမှာ တို့ပြန်မှုမရသည့်ပြင် ဟက်စ်လည်း စစ်သုံ့ပန်း ဖြစ်သွားခဲ့ရသည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၅ – စာ၊ ၁၉၈ — ရှု။) ဒုတိယကမ္ဘာစစ်အပြီးတွင် နျူရင်ဗာ့်စစ်ခုံရုံး၌ နာဇီစစ်တရားခံ အဖြစ် ထောင်ဒဏ်တစ်သက် စီရင်ခံ ရသည်။ အနောက်ဘာလင်ရှိ စပန်းဒေါ်ထောင်ကြီးတွင် အကျဉ်းကျနေခဲ့ရာ မဟာမိတ်နိုင်ငံတို့သည် ဟက်စ်အတွက် တစ်နှစ်လျှင် ဂျာမန်မတ်ငွေ (ဒို့ဂ်ရှမတ်) တစ်သန်းခွဲ (အမေရိကန်ဒေါ်လာ ဂ,၄၀,၀၀၀ ကျော်) အထိ ကျခံသုံးစွဲနေခဲ့ရသည်။ ၁၉၈၇ ခုနှစ် သြဂုတ်လ ၁၇ ရက်နေ့တွင် ဟက်စ်သည် မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့သည်။

ဟတ်စတန်, ဂျွန် (ခရစ် ၁၉၀၆–၁၉၈၇)။ ။အမေရိကန် ရုပ်ရှင်လောကတွင် ၁၉၄၀ ပြည့်လွန် နှစ်များအတွင်း က အကောင်းဆုံး တေးဂီတနောက်ခံဇာတ်ကား. အများ အပြားကို စီစဉ်ရိုက်ကူးခဲ့သည့် ရုပ်ရှင် အနုပညာရှင်ကြီး ဂျွန်ဟတ်စတန်ကို ၁၉၀၆ ခုနှစ် သြဂုတ်လ ၅ ရက်နေ့တွင် အမေရိကန် ပြည်ထောင်စု မစ်ဇ်ုရီပြည်နယ် နီဗားဒါးမြို့၌ မွေးဖွားခဲ့သည်။ ပြဇာတ်မင်းသားကြီး ဝေါလတာ ဟတ် စတန်၏ သားဖြစ်၍ ငယ်စဉ်က ဖခင်ဖြစ်သူဖျော်ဖြေသည့် ဇာတ်ခုံရှိရာ မြို့များတွင် ကျင်လည် ကြီးပြင်းခဲ့သည်။ လိုက်ဝိတ်တန်း ကြေးစား လက် ဝှေ့ သ မား အဖြစ်လည်းကောင်း၊ မက္ကဆီကို မြင်းတပ်တွင် စစ်သည်အဖြစ်လည်းကောင်း၊ သတင်းထောက်အဖြစ်လည်းကောင်း၊ ရုပ်စုံမဂ္ဂဇင်း အယ်ဒီတာအဖြစ် လည်းကောင်း၊ ဝတ္ထုတိုနှင့် ပြဇာတ်စာရေးဆရာအဖြစ်လည်းကောင်း၊ ပြဇာတ်သရုပ်

ဆောင်အဖြစ်လည်းကောင်း ဘဝအမျိုးမျိုး ပြောင်းလဲ၍ အသက်မွေးနေခဲ့ရာမှ ၁၉၃၈ ခုနှစ်တွင် ဟောလီးဝုဒ် ရုပ်ရှင်လောကသို့ ဇာတ်ညွှန်းရေးဆရာအဖြစ် စတင်ဝင်ရောက်လာခဲ့သည်။

ဟတ်စတန် ပထမဦးဆုံး စီစဉ်ညွှန်ကြားရိုက်ကူးသော ဇာတ်ကားသည် မောလတီးစ် ဖော်လကွန် (၁၉၄၁) ဖြစ်သည်။ ပြောင်မြောက်၍ အသက်ဝင်သော စကားပြောခန်းနှင့် ထုသားပေသားကျသော သရုပ်ဆောင်သူများ ဟပ်စပ်မီသည့် ဇာတ်ကားဖြစ်၍ နောက်ပိုင်းတွင် ပေါ်ပေါက်လာသော ဂန္ထဝင်မြောက်ဇာတ်ကားများ၏စံနမူနာလက်ရာ ဖြစ်လာခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် တင်ဆက်သော ဆီယာရာ မက်ဒါး၏ ရတနာဇာတ်ကားသည် လူသား၏ ဝိသမလောဘကို သရော်သောလက်ရာ ဖြစ်၍ ဟတ် စ တန် အား ရှု မြင် ဝေ ဖန် နိုင် စွမ်း ရှိ သူ အ ဖြစ် ဂုဏ်သတင်းမွှေးလာစေသောလက်ရာဟုလည်းဆိုနိုင်သည်။ ကီးလာဂို (၁၉၄၈) နှင့် ကတ္တရာတော (၁၉၅၀) တို့သည် အလားတူ ဂန္ထဝင်မြောက် ဇာတ်ကားများ ဖြစ်သည်။ ထင်ရှားသော ဂန္ထဝင်မြောက် စာပေ လက်ရာများကို ရုပ်ရှင်အဖြစ် ဖန်တီးရာတွင်လည်း ဟတ်စတန်သည် အထူးပင် အောင်မြင်သည်။ သူရသတ္တိတံဆိပ်နီ (၁၉၅၁) သည် စတီဖင်ကရိန်း (၁၈၇၁–၁၉၀၀) ၁၈၉၅ ခုနှစ်က ရေးသားခဲ့သောဝတ္ထုကို ရိုက်ကူးခြင်းဖြစ်သည်။ အာဖရိက ဘုရင်မ (၁၉၅၁) ဇာတ်ကားသည် စီ အက်စ် ဖောရက်စတား (၁၈၉၉–၁၉၆၆)က ၁၉၃၈ ခုနှစ်တွင် ရေးသားခဲ့သော ဝတ္ထုဇာတ်လမ်းပင်ဖြစ်သည်။ မိုဘီဒစ် (၁၉၅၆) မှာမူ ဟာမန် မဲလဗီး (၁၈၁၉–၉၁)က ၁၈၅၁ ခုနှစ်တွင် ရေးသားခဲ့သော ဝတ္ထုကို ဟတ်စတန်က ရုပ်ရှင်အဖြစ် အသက်သွင်းထားခြင်း ဖြစ်သည်။ သ နိုက် အော့ဖ်သည် အစ်ဂွားနား (၁၉၆၄) ဇာတ်ကားမှာမူ တင်နက်စီ ဝီလျံ (၁၉၁၁–၇၃) ၁၉၆၂ ခုနှစ်တွင် စာပေဝေဖန်သူအဖွဲ့၏ စာပေဆုကို ဆွတ်ခူးခဲ့သောဝတ္ထုကို ဟတ်စတန်က ရုပ်ရှင်အဖြစ်ဖန်တီးခဲ့ခြင်းဖြစ်သည်။ထို့ပြင် ဟတ်စတန်သည် အာလူးရှင်းကျွန်းစုမှ သတင်းမှတ်တမ်း (၁၉၄၃) နှင့် ဆန်ပီထရို တိုက်ပွဲ (၁၉၄၄) စသည့် ဒုတိယကမ္ဘာစစ် မော်ကွန်းရုပ်ရှင် သတင်းကားများကိုလည်း တာဝန်ယူ ရိုက်ကူးပေးခဲ့သည်။ အချိန်မီကြွရောက်ပါရန်ဟူသော ပြဇာတ်နှင့် ဘာလီသို့ ခရီးတစ်ခေါက်ပြဇာတ်တို့ကို စီစဉ်တင်ဆက်ခဲ့ရာတွင်လည်း ကောင်း၊ ယွန်းပေါဆတ် (၁၉၀၅–၈၀) ၏ မထွက်ရ အမည်ရှိ ဝတ္ထုကို ပြဇာတ်အဖြစ် စင်တင်ပေးခဲ့ရာတွင်လည်း ကောင်း ပြဇာတ်အနုပညာလောကၭ လေးစားမှုခံယူနိုင်ခဲ့သည်။

ဟတ်စတန်သည် ရုပ်ရှင်လောကတွင် နှစ်ပေါင်း ၅၀



အမေရိကန်ရုပ်ရှင်ဒါရိုက်တာ ဂျွန်ဟက်စတန်

ကြာမျှ မြုပ်နှံလျက် ရုပ်ရှင်ဇာတ်ကားပေါင်း ၄၀ ကျော်ကို စီ စဉ် ညွှန် ကြား ရိုက်ကူးခဲ့သည်။ ယင်း တို့ အ နက် ထင်ရှားသောလက်ရာများမှာ မကောင်းဆိုးဝါးကို အနိုင်ယူပါ (၁၉၅၄)၊ အုံပုံးချစ် (၁၉၆၂)၊သမ္မာကျမ်း (၁၉၆၆)။ ရွှေရောင်မျက်ဝန်းထဲက ပုံရိပ်များ (၁၉၆၈)၊ မေတ္တာနှင့် မရဏတို့နှင့်အတူ လျှောက်လှမ်းခြင်း (၁၉၆၉)၊ တရားသူကြီးရှိုင်ဘင်း၏ ဘဝနှင့်ခေတ် (၁၉၇၃)၊ ရှင်ဘုရင်ဖြစ်နိုင်သူ (၁၉၇၅)၊ ကြောက် တတ် သူ (၁၉၈၀)၊ အင်နီ (၁၉၈၂)၊ မီးတောင်၏ အောက်မှာ (၁၉၈၃) တို့ ဖြစ်ကြသည်။ဟတ်စတန်သည် ကာဒီနယ် (၁၉၆၃)၊ သမ္မာကျမ်း (၁၉၆၆)၊ ကင်ဒီ (၁၉၆၈)၊ တရုတ်တန်း (၁၉၇၄) စသည့် ဇာတ်ကားများတွင်လည်း ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ အော်စကာအကယ်ဒမီဆုအတွက် ၁၃ ကြိမ်မျှ ပဏာမအဆင့် ရွေးချယ်လျှာထားခံခဲ့ရဖူးပြီး ၁၉၈၂ ခုနှစ်တွင် အမေရိကန် ရုပ်ရှင်ပညာရှင်အဖွဲ့၏ ဘဝတစ်သက်တာစွမ်းဆောင်အောင်မြင်မှုဆုကို ဆွတ်ခူးရရှိခဲ့သည်။ဒဗွလင်မြို့ထရီနီတီကောလိပ်နှင့် အိုဟိုင်းယိုး ပြည် နယ် တက္ကသိုလ်တို့မှ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့များကိုလည်း ချီးမြှင့်ခံခဲ့ရသည်။

ထင်ရှားသော အမေရိကန် ရုပ်ရှင် အနုပညာရှင်ကြီး ဒါရိုက်တာ ဂျွန်ဟတ်စတန်သည် ၁၉၈၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် ကွယ်လွန်ခဲ့သည်။

ဟိန်စွန်း၊ ဦး (ကာတွန်း) (၁၉၀၂ – ၁၉၈၇) ။ ။ ကာတွန်းဆရာကြီး ဦးဟိန်စွန်းကို မော်လမြိုင်မြို့၌ အဖ ဦးဟုတ်ကန်၊ အမိ ဒေါ်မြတို့က ၁၉၀၂ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။ အမည်ရင်း ဦးဟိန်စွန်းပင် ဖြစ်သည်။

မော်လမြိုင်မြို့ စိန့်ပက်ထရစ်ကျောင်း၊ ရန်ကုန်စိန့်ပေါကျောင်းနှင့် အစိုးရဟိုက်စကူးကျောင်း၌ ပညာသင်ကြား



ကာတွန်းဆရာနှင့် စာရေးဆရာ ဦးဟိန်စွန်း

ခဲ့သည်။ ၁၉၂၇ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ခဲ့သည်။ ထို့နောက် ဦးဟိန်စွန်းသည် ရန်ကုန်ယူနီဗာစတီ ကောလိပ် ကျောင်း၌ ဥပစာအပိုင်း (ခ) တန်းအထိ ပညာသင် ကြားခဲ့သည်။

ငယ်စဉ်ကပင် ပန်းချီပညာကို ဝါသနာပါလှသဖြင့် ဘိလပ်ပြန် ပန်းချီဆရာကြီး ဦးဘဇော်ထံတွင် အခြေခံမှ စ၍စနစ်တကျ သင်ကြားခဲ့သည်။ ကျောင်းသားဘဝမှစ၍ ပန်းချီပြိုင်ပွဲ ကာတွန်းပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် ခဲ့ရာ ဆုများရရှိခဲ့သည်။

ထို့နောက် တက္ကသိုလ်ကျောင်းသားဘဝ ပုဂံကျောင်း ဆောင်၌နေထိုင်ရင်း ဗန္ဓုလကျာနယ်တွင် ကာတွန်းများ အပတ်စဉ် ရေးဆွဲခဲ့သည်။ ထိုသို့ရေးဆွဲရင်း ၁၉၂၈ ခုနှစ် တွင် ကာတွန်းရွေတလေးခေါ် ဦးရွှေရိုးထံ၌ ကာတွန်း ပညာ သင်ယူခဲ့သည်။

ဦးဟိန်စွန်းသည် ကောလိပ်ကျောင်းမှထွက်ပြီးနောက် မြို့မအထက်တန်းကျောင်းတွင် ပုံဆွဲဆရာအဖြစ် နှစ်နှစ်ခန့် အမှုထမ်းသည်။ ထို့နောက် သူရိယသတင်းစာ၊ မြန်မာ့ အလင်းသတင်းစာ၊ စီးပွားရေးမဂ္ဂဇင်း၊ မြန်မာ့ရုပ်ရှင် မဂ္ဂဇင်း၊ ဂျာနယ်ကျော်၊ ကျောင်းသားသတင်းစာ စသော စာနယ်ဇင်းများတွင် ကာတွန်းအများအပြား ရေးဆွဲခဲ့သည်။ ဦးဟိန်စွန်း၏ ကာတွန်းလက်ရာများကို နိုင်ငံခြား စာနယ်ဇင်းများကပင် ဖော် ပြ ခဲ့ ကြ သည်။ ဦးဟိန်စွန်းသည် ၁၉၂၉ ခုနှစ်တွင် ဦးကလိန်သီချင်း သရုပ်ဖော် ကာတွန်း ရုပ်ရှင်ကားကို ရေးဆွဲ ရိုက် ကူး ခဲ့ ရာ အောင်မြင်ခဲ့သည်။

ဦးဟိန်စွန်းသည် ကာတွန်းနှင့်စပ်လျဉ်းသော လုံးချင်း စာအုပ်များကိုလည်း ရေးသားထုတ်ဝေခဲ့သည်။ ရယ်ရွှင် ဖွယ် ကာတွန်းပေါင်းချုပ်၊ ငနီမိနီကာတွန်းပေါင်းချုပ်၊ ကလေးများအဖို့ ဥာဏ်စမ်းကာတွန်းစာအုပ် (ခုနစ်အုပ်)၊

ရယ်ရွှင်ဖွယ် ကာတွန်းခြောက်အုပ်၊ ဖက်ရှင်အဝတ်အစား နှင့် အလှပြုပြင်နည်းစာအုပ် စသည်တို့ဖြစ်သည်။

ဦးဟိန်စွန်းသည် ကာတွန်းရုပ်ရှင်ကို ကြိုးပမ်းတီထွင်ခဲ့ သူ တစ်ဦးဖြစ်သည်။ ကြေးမုံသတင်းစာတွင် ရုပ်ရှင်သတင်း ထောက်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။

ကာတွန်းဆရာကြီး ဦးဟိန်စွန်းသည် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။

အပြည်ပြည်ဆိုင်ရာ ဒေသကြေးရန်ပုံငွေအဖွဲ့၏ အထူး ဒေထုတ်ခွင့်များ (အက်စ်ဒီအာ)။ ။ (ရှေ့ဒိုင်—ရှု။) အပြည်ပြည်ဆိုင်ရာ ဒေသကြေးရန်ပုံငွေအဖွဲ့၏ ၁၉၆၇ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၏ ဆုံးဖြတ်ချက်အရ အထူးဒေထုတ်ခွင့်များကို ထုတ်ပေးရန် စတင် ဆောင်ရွက် လာခဲ့သည်။ အထူးဒေထုတ်ခွင့်များကို ၁၉၇၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင်မှ စတင် ခွဲဝေပေးနိုင်ခဲ့သည်။ ထိုအချိန်က ခွဲဝေပေးရန် သတ်မှတ် ပမာဏမှာ အက်စ်ဒီအာ ၃,၄၁၄ ဒသမ ၁ သန်း ဖြစ်သည်။

အထူးဒေထုတ်ခွင့်များ၏ လက်တွေ့ ဆောင်ရွက်ပုံမှာ အဖွဲ့မှထုတ်မည့်ပမာဏကို သတ်မှတ်ပြီးသောအခါ အဖွဲ့ဝင် အသီးသီး၏ ထည့်ဝင်အစုငွေ ကိုတာအလိုက် ယင်း ပမာဏမှ ခွဲဝေပေးသည်။ ခွဲဝေရရှိသောပမာဏကို အဖွဲ့ ဝင်အသီးသီး၏ နိုင်ငံခြားငွေ ရန်ပုံငွေတွင် ထည့်ဝင်သွား ရန်ဖြစ်သည်။ ရရှိထားသော အထူး ဒေထုတ်ခွင့်များကို အသုံးပြုလိုလျှင် အဖွဲ့ကိုလျှောက်ထားရ၍ အဖွဲ့က လိုအပ် သော နိုင်ငံခြားငွေ (ဥပမာ – ပေါင်စတာလင်၊ ဒို့ကျ်မတ်၊ အမေရိကန် ဒေါ်လာ စသည်) တို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့ဝင်များနှင့် ဆက်သွယ်ပြီး အသုံးပြုစေ သည်။ အထူးဒေထုတ်ခွင့်များကို အဖွဲ့က အဓိက တာဝန် ယူပြီး စာရင်းရှင်းသည်ဖြစ်၍ သက်ဆိုင်ရာ အဖွဲ့ဝင် အသီး သီး၏ စာရင်းတွင် အထူးဒေထုတ်ခွင့်များ လျှော့ခြင်း၊ တိုးခြင်းပြုလုပ်သော စာရင်းရှင်းနည်းဖြစ်ပါသည်။ အဖွဲ့ဝင် က အသုံးပြုသော အထူးဒေထုတ်ခွင့်များအပေါ် တွင် အဖွဲ့ သို့ အတိုးပေးရပြီး အတိုးနှုန်းမှာ နိုင်ငံခြားငွေစျေးကွက် များတွင် ပေါက်သောနှုန်းနှင့်ညှိ၍ အဖွဲ့ကသတ်မှတ်ယူပါ သည်။

အပြည်ပြည်ဆိုင်ရာ ဒေသကြေးရန်ပုံငွေအဖွဲ့သည် အထူး ဒေထုတ်ခွင့်များကို ပထမအကြိမ် ခွဲဝေပေးခဲ့ပြီးနောက် ၁၉၇၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဒုတိယအကြိမ် အဖြစ် အက်စ်ဒီအာ ၂,၉၄၉ သန်းခန့်၊ ၁၉၇၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် တတိယအကြိမ်အဖြစ် အက်စ် ဒီအာ ၂,၉၅၁ သန်းခန့်၊ ၁၉၇၉ ခုနှစ် ဇန်နဝါရီလ ၁

ရက်နေ့တွင် စတုတ္ထအကြိမ်အဖြစ် အက်စ်ဒီအာ ၄,၀၃၃ သန်းခန့်၊ ၁၉၈၀ ပြည့်နှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ပဉ္စမအကြိမ် အဖြစ် အက်စ်ဒီအာ ၄,၀၃၃ သန်းခန့်နှင့် ၁၉၈၁ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဆဋ္ဌမအကြိမ် အဖြစ် အက်စ်ဒီအာ ၄,၈၅၃ သန်းခန့် အသီးသီး ခွဲဝေပေးခဲ့ပါသည်။ ခွဲဝေပေးပြီးသော အက်စ်ဒီအာ ပမာဏမှာ သန်းပေါင်း ၂၁,၄၀၀ ခန့်ဖြစ်သည်။


မြန်မာနိုင်ငံအတွက် ခွဲဝေရရှိသော အက်စ်ဒီအာမှာ ၁၉၇၀ ပြည့်နှစ်တွင် ဂ ဒသမ ဝ၇ သန်းခန့်၊ ၁၉၇၁ ခုနှစ်တွင် ၆ ဒသမ ၄၂ သန်းခန့်၊ ၁၉၇၂ ခုနှစ်တွင် ၆ ဒသမ ၃၃ သန်းခန့်၊ ၁၉၇၉ ခုနှစ်တွင် ၇ ဒသမ ၅၉ သန်းခန့်၊ ၁၉၈၀ ပြည့်နှစ်တွင် ၇ ဒသမ ၅၉ သန်းခန့်နှင့် ၁၉၈၁ ခုနှစ်တွင် ၇ ဒသမ ၄၅ သန်းခန့် အသီးသီးဖြစ်ကြသည်။

အထူးငွေထုတ်ခွင့်၏ တစ်ယူနစ် တန်ဖိုးမှာ စတင်ခွဲဝေပေးသော နှစ်က နိုင်ငံ ၁၆ နိုင်ငံ၏ ငွေကြေးများကို အခြေခံပြီး ၁၉၇၈ ခုနှစ်တွင် အထက်ပါ ၁၆ နိုင်ငံအနက် အချို့နိုင်ငံများကိုချန်ပြီး အချို့နိုင်ငံများနှင့် အစားထိုးကာ နိုင်ငံ ၁၆ နိုင်ငံ၏ ငွေကြေးကိုပင် အခြေခံခဲ့ပါသည်။ ၁၉၈၁ ခုနှစ်တွင်မူ အထူးငွေထုတ်ခွင့်များ၏ တစ်ယူနစ် တန်ဖိုးကို အဖွဲ့ဝင်များဖြစ်သော အမေရိကန် ဒေါ်လာ၊ အနောက်ဂျာမန် ဒို့ချ်မတ်၊ ပြင်သစ် ဖရန့်၊ ဂျပန် ယန်း၊ ဗြိတိသျ ပေါင်စတာလင်တို့ကို အခြေခံ၍ သတ်မှတ်ထားသည်။

အထူးငွေထုတ်ခွင့်များသည် ၁၇ နှစ်တာကာလအတွင်း ကမ္ဘာ့သုံးငွေ အဖြစ် လက်ခံ အသုံးပြုလာသည့် အပြင် ပုဂ္ဂလိကပိုင်းကလည်း လက်ခံအသုံးပြုနိုင်အောင် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့က စီစဉ်လာသည်ကို တွေ့ရသည်။ အထူးငွေထုတ်ခွင့်များသည် ကမ္ဘာ့သုံးငွေတွင် ပမာဏအားဖြင့် တိုးလာခြင်းကြောင့် နိုင်ငံအချို့အတွက် အထိုက်အလျောက် ပြေလည်မှု ရရှိခဲ့သည်။ သို့သော်ရရှိသော အထူးငွေထုတ်ခွင့် ပမာဏသည် အဖွဲ့ဝင်က အဖွဲ့တွင်ထည့်ဝင်သော ကိုတာအရသာဖြစ်၍ ကမ္ဘာ့သုံးငွေတွင် ပါဝင်သော အခြားငွေကြေးများ ရရှိအောင် ရှာဖွေရသကဲ့သို့ မလွယ်ကူချေ။ သို့ဖြစ်၍ အထူးငွေထုတ်ခွင့်များသည် အဖွဲ့ဝင် တစ်နိုင်ငံ၏ စီးပွားရေး အတွက် အားထားရသော ကမ္ဘာ့သုံးငွေမဖြစ်လာသေးချေ။ နိုင်ငံတကာ ငွေကြေးဆိုင်ရာ ဆွေးနွေးပွဲများတွင်မူ အထူးငွေထုတ်ခွင့်များကိုထပ်မံခွဲဝေပေးရေးနှင့်ဥရောပဘုံစျေးထုတ် ငွေကြေး (European Currency Unit) ကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုလာရေးတို့ကို အလေးထားဆွေးနွေးလျက်ရှိသည့်အပြင် ယင်းငွေကြေးများကို ကမ္ဘာ့သုံးငွေတွင် အရေးပါသော ငွေကြေးများဖြစ်လာရန်လည်း ကြိုးပမ်းလျက်ရှိကြသည်။ (ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေးအကျိုးဆက်များ၊ ဆောင်းပါး—ရှ။)

အမေရိကန်ပြည်ထောင်စု။ ။အမေရိကန် သမ္မတရော်နယ်ရေဂင်သည် လက်ဗန္ဓနှိုင်ငံရှိ အမေရိကန် ဓားစာခံများ လွတ်မြောက်ရန် လည်းကောင်း၊ အီရန်နိုင်ငံ၏ သဘောထား ပျော့ပျောင်းသော အစိုးရ ခေါင်းဆောင် အုပ်စုပိုင်းနှင့် ဆက်ဆံရေး တိုးတက်မှု လမ်းစရှိစေရန် လည်းကောင်း အီရန်နိုင်ငံသို့ လက်နက်ရောင်းချခွင့် ပြုခဲ့သည်ဟူသော စွပ်စွဲမှုဖြင့် ရင်ဆိုင်ခဲ့ရသည်။ လက်နက်ရောင်းရငွေအချို့ကို နီကရာဂွာနိုင်ငံရှိ ကွန်ထရာသူပုန်များအား ထောက်ပံ့ခဲ့သည်ဟု လည်း သတင်းထွက်ပေါ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇—စာ၊ ၃၁၂—ရှ။) ယင်း စွပ်စွဲချက် အရပ်ရပ်ကို စုံစမ်းစစ်ဆေးရန် ကော်မရှင်၊ ကော်မတီ၊ ဘုတ်အဖွဲ့စသည်တို့ ဖွဲ့စည်းခဲ့ရာ အဖွဲ့ကိုးခု ရှိခဲ့သည်။ ရီပတ်ဗလစ်ကန် အထက်လွှတ်တော် အမတ်ဟောင်း ဂျွန် တာဝါ ဦးဆောင်သောကော်မရှင်၊ အထက်လွှတ်တော်အမတ် ဒင်နီယယ် အီနူးယီ ဦးဆောင်သော အထက်လွှတ်တော် စုံစမ်းရေးကော်မတီ၊ အောက်လွှတ်တော်အမတ် လီး ဟာမီလတန် ဦးဆောင်သော အောက်လွှတ်တော် စုံစမ်းရေးကော်မတီ အစိုးရ အထူး အကျိုးဆောင်ရွေနေ လော့ရင့် ဝါ့ရှ် ဦးဆောင်သော လွှတ်လပ်သောကောင်စီ စသည့် အဖွဲ့အစည်းများ ဖြစ်ကြသည်။

ဂျွန် တာဝါ ဦးဆောင်၍ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိဟောင်း ဘရင့်စကောင့် ခရော့ဖ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဟောင်း အက်ဒမန် မွတ်ကီးတို့ ပါဝင်သော တာဝါကော်မရှင်သည် သုံးလနီးပါး စစ်ဆေးပြီး စာမျက်နှာ ၂၀၂ မျက်နှာပါရှိသော အစီရင်ခံစာကို ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်း အစီရင်ခံစာတွင် သမ္မတရောင်သည် လက်နက်ရောင်းရငွေကို ကွန်ထရာသူပုန်အား လှဲပြောင်းခဲ့မှုကို လုံးဝ မသိကြောင်း၊ အမျိုးသားလုံခြုံရေးကောင်စီကသာ ကာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အိမ်ဖြူတော်၏ စီမံခန့်ခွဲမှုအလွန်ညံ့ဖျင်းကြောင်း၊ အမျိုးသားလုံခြုံရေးကောင်စီဝင်များဖြစ်ကြသော နိုင်ငံခြားရေး ဝန်ကြီး ဂျော့ ရှတ်၊ ကာကွယ်ရေးဝန်ကြီး ဝိုင်းဘာဂါ၊ လုံခြုံရေး အကြံပေးအရာရှိဟောင်း ရေတပ်ဗိုလ်ချုပ်ကြီး ဂျွန် ပိုင့် ဒက်စတာနှင့် ပို့ငှ်ဒက်စတာ၏ လက်ထောက် အော်လီဗာနော့တို့မှာ တာဝန်မကင်းကြောင်း၊ အဓိက တာဝန်အရှိဆုံးပုဂ္ဂိုလ်မှာ အိမ်ဖြူတော်ဦးစီးချုပ် ဒေါ်နယ် ရီဂန်ဖြစ်ကြောင်း ဖော်ပြထားသည်။ သမ္မတ ရောင်သည် ယင်းကော်မရှင်ကို ကိုယ်တိုင် ဖွဲ့စည်း ပေးခဲ့ခြင်းဖြစ်ပြီး ယင်းကော်မရှင်၏



အီရန်ကွန်ထရာ အရှုပ်တော်ပုံနှင့် စပ်လျဉ်း၍ ကွန်ဂရက်ပူးတွဲ စုံစမ်းစစ်ဆေးရေးကော်မတီ၏ ရှေမှောက်တွင် ဒုတိယဗိုလ်မှူးကြီး အော်လီဗာနေ့ အမှန်အတိုင်းထွက်ဆိုရန် ကျမ်းကျိန်မနပုံ

ရှေမှောက်တွင် နှစ်ကြိမ်တိုင်တိုင် အစစ်ခံခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် အမေရိကန်လက်နက်ကို အီရန်သို့ ပထမဦးဆုံး တင်ပို့ခဲ့မှုတွင် သမ္မတရေဂင်က ကြိုတင် ခွင့်ပြုချက်ကို နှုတ်မိန့်အဖြစ် ပေးခဲ့သည်ဟု အမျိုးသားလုံခြုံရေး အကြံပေး အရာရှိဟောင်း မက်ဖာလိန်းက ထွက်ဆိုခဲ့သည်။ သမ္မတ ရေဂင်သည် ပထမအကြိမ် စစ်မေး ခံရစဉ်က ယင်းအချက်ကို မငြင်းဆိုဘဲအမိန့်ပေးခဲ့သည့် သဘောမျိုး ပြောခဲ့ပြီးမှ ဒုတိယအကြိမ် စစ်မေးခံရသောအခါ မမှတ်မိ ကြောင်းဖြင့် ထွက်ဆိုခဲ့သည်။ နှုတ်မိန့်သည် တရားဥပ မဝင်မှာ ဥပဒေရှထောင့်အရ အငြင်းပွားဖွယ် ဖြစ်နေ သည်။အကယ်၍ ခွင့်ပြုချက်ပေးခဲ့သည်ဟုယူဆလျှင်လည်း လက်နက်တင်ပို့မှု ဥပဒေကို ချိုးဖောက်ရာ ရောက်မည်။ သို့ရာတွင် သမ္မတသည် "အမျိုးသား အကျိုးစီးပွား အတွက်" ဟူ၍ အခိုင်အမာ အကြောင်း ပြနိုင်လျှင် ယင်းဥပဒေကို သမ္မတအာဏာဖြင့် ကျော်လွှန်ပယ်ဖျက်နိုင် သည်ဟု ဆိုသည်။

တာဝါကော်မရှင်၏ အစီရင်ခံစာထွက်လာပြီး နောက် တစ်နေ့တွင် ဒေါ်နယ်ရီဂန်သည် နုတ် ထွက် သွား ခဲ့ ရာ အိမ်ဖြူတော် ဦးစီးချုပ်ရာထူးကို ရီပတ်ဗလစ်ကန် အထက် လွှတ်တော်လူမျိုးစု ခေါင်းဆောင်ဟောင်း ဟောင်းဝါဒ် ဘောကာက ဆက်ခံသည်။ ပို့ဂ်ဒက်စတာနှင့် နော့တို့သည် အခြေခံ ဥပဒေ ပြင်ဆင်ချက်–၅ ကို လက်ကိုင်ပြုလျက် စုံစမ်းစစ်ဆေးမှု မခံနိုင်ကြောင်းဖြင့် ဇွန်လကုန်ပိုင်းအထိ ငြင်းဆိုနေခဲ့ကြသည်။ ယင်းပြင်ဆင်ချက်တွင်"ပြစ်မှုစွဲချက် တင်ခြင်းမပြုပါဘဲနှင့် သေဒဏ်သင့်ဖွယ် သို့မဟုတ် သတင်း ဆိုးဖွယ် ရာဇဝတ်မှုခင်း တစ်ရပ်ရပ်အတွက် ထုချေရန် မည်သူကိုမျှ အကြပ်မကိုင်ရ၊ ..... အသက် သို့မဟုတ် ကိုယ်ခန္ဓာ၏ အန္တရာယ်သင့်စေရန် သူတစ်ဦးကို နှစ်ကြိမ် စွဲချက်တင်မှု မပြုရ"ဟူ၍ ပြဋ္ဌာန်းထားသည်။ ဇူလိုင်လ ၇ ရက်နေ့တွင်မှ ဒုတိယ ဗိုလ်မှူးကြီးနော့သည် ကွန်ဂရက် ပူးတွဲစုံစမ်းစစ်ဆေးရေး ကော်မတီရှေမှောက်၌ထွက်ဆိုခဲ့ရာ သမ္မတရေဂင်အပါအဝင် ခေါင်းဆောင် ပုဂ္ဂိုလ်တို့၏ အမိန့် အရ လုပ်ဆောင်ခဲ့ခြင်းဖြစ်၍ မိမိ၏ လုပ်ဆောင်ချက်များ ကို ယင်းပုဂ္ဂိုလ်တို့ အပြည့်အစုံ သိရှိကြပြီး ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ဇူလိုင်လ ၁၄ ရက်နေ့တွင် နော့က အပြီးသတ် ထွက်ဆိုခဲ့ပြီးနောက် ၁၅ ရက်နေ့တွင် ပို့ဂ်ဒက်စတာက ထွက်ဆိုခဲ့ရာ အီရန်သို့ လက်နက်ရောင်းချမှု မှ အကျိုးအမြတ်ကို ကွန်ထရာသူပုန်တို့အား ထောက်ပံ့ ရန်နှင့် ယင်းကိစ္စကို သမ္မတရေဂင်အား အသိမပေးဘဲ ထားရန်မှာ မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကွန်ဂရက်ပူးတွဲ စုံစမ်း စစ်ဆေးရေး ကော်မတီသည် ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့တွင် စာမျက်နှာ ၆၉၀ ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ အီရန်–ကွန်ထရာအရေးအခင်းတွင် သမ္မတရေဂင်သည် အဆုံးစွန်သော တာဝန်ရှိသူဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မဆင်မခြင် စိတ်လိုက်မာန်ပါ ဆောင်ရွက်တတ်သူများ၏ လက်တွင် မူဝါဒလုပ်ပိုင်ခွင့်များကို ပေးအပ်ထားခြင်းကြောင့် ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ မူဝါဒချမှတ်ရာတွင် တစ်သမတ်တည်းမရှိခြင်း၊ ထိပ်တန်းပုဂ္ဂိုလ်များအတွင်း ကြီးကျယ်သောရှုပ်ထွေးမှုများပေါ် ပေါက်ခဲ့ခြင်း၊ လိုသည်ထက်ပိုသော လျှို့ဝှက်မှုနှင့် လှည့်စားမှုများ ပြုလုပ်ခဲ့ခြင်း၊ တရားဥပဒေရေးရာ လိုအပ်ချက်များနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ မထေမဲ့မြင် လုပ်ခဲ့ခြင်းအကြောင်းတို့ကို အစီရင်ခံစာ၌ ဖော်ပြသည်။

ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ၁၅ ဦးနှင့် ရီပတ်ဗလစ်ကန် အထက်လွှတ်တော်အမတ်သုံးဦးက လက်မှတ်ရေးထိုး ထုတ်ပြန်သည့် ယင်းအစီရင်ခံစာတွင် ပို၍ ဒက်စတာနှင့် နော့တ်ဒိုနှစ်ဦးသာမက ရစ်ချတ် စက်ကော့နှင့် အီရန်နိုင်ငံဖွား အမေရိကန် စီးပွားရေး လုပ်ငန်းရှင် အဲလဗက် ဟာကင်တို့၏ ပြစ်ချက်များကို သုံးသပ်ပြထားသည်။ အီရန်လက်နက်ရောင်းချမှုမှ အမြတ်ငွေ ဒေါ်လာ ၁၆ သန်းအနက် ကွန်ထရာသူပုန်တို့က ဒေါ်လာ ၃ ဒသမ ဂ သန်းသာရရှိကြောင်း၊ စက်ကော့နှင့် ဟာကင်တို့သည် ကွန်ထရာသူပုန်တို့အား အမြတ် ၂၀ ရာခိုင်နှုန်းတင်၍ လက်နက် ရောင်းချသည်ဟု ထွက်ဆို ထားသော်လည်း အမှန်မှာ ပျမ်းမျှအမြတ် ၃၀ ရာခိုင်နှုန်းယူ၍ တစ်ခါတစ်ရံ ၅၆ ရာခိုင်နှုန်းထိ တင်ခဲ့ကြောင်း၊ ဤသို့ဖြင့် ထောက်ပံ့ငွေတို့သည် ကွန်ထရာသူပုန်ခေါင်းဆောင် အဒေါ့ဖိုကာလီရို၏ လက်ဝယ်သို့ တိုက်ရိုက်ရောက်ရမည့်အစား လက်နက်ဈေးမတန်မဆတင်ရောင်းသော စက်ကော့တို့၏ လက်ထဲသို့ ရောက်ကုန်ကြောင်း၊ ကွန်ထရာ ထောက်ပံ့ကြေး ရန်ပုံငွေ ဒေါ်လာ ၁၀ သန်းကို ကားချန်နယ်နှင့် ရစ်ချတ်မီလာတို့က ကောက်ခံခဲ့လင့်ကစား ဒေါ်လာ ၄ ဒသမ ၅ သန်းကို သာ သူပုန်တို့အား ထောက်ပံ့ခဲ့ကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ကွန်ထရာ စုံစမ်းစစ်ဆေးရေး အဖွဲ့သည် အမေရိကန် ဒေါ်လာ လေးသန်းနီးပါး သုံးစွဲခဲ့သည်။ အထောက်အထားစာတမ်း သုံးသိန်းကျော်ကို လေ့လာ သုံးသပ်ခဲ့သည်။ သက်သေ ၅၀၀ ကျော်ကို တွေ့ဆုံမေးမြန်းစစ်ဆေးခဲ့သည်။ အီရန်သို့ အမေရိကန်လက်နက်များ ရောင်းချခြင်းဖြင့် လက်ဗန္ဓနှိုက် အမေရိကန် ဓားစာခံများ လွတ်မြောက်ရေး ကြိုးပမ်းမှုကို အမေရိကန် ဒုတိယသမ္မတ ဂျော့ဘုရှ်က ထောက်ခံကြောင်း ဖော်ပြ ထားသည့်

အမေရိကန်သမ္မတအကြို ရွေးကောက်ပွဲအဆင့်တွင် အလားအလာကောင်းမွန်လျက်ရှိသော ဒုတိယသမ္မတ ဂျော့ဘုရှ်



အိမ်ဖြူတော်မှမှတ်တမ်းတစ်စောင်ကို ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကွန်ဂရက် စုံစမ်းစစ်ဆေးရေး ကော်မတီက ထုတ်ပြန်ခဲ့သည်။ယင်းမှတ်တမ်းကိုပို့ချင့်ဒက်စတာက ၁၉၇၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ရေးသားခဲ့ခြင်း ဖြစ်သည်။ အီရန်ကွန်ထရာအရေးအခင်းနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတ ဂျော့ဘုရှ်၏ သဘောထားကိုတွေ့ရှိရသည့် ပထမဆုံးသော အထောက်အထားဖြစ်သည်။ ဂျော့ဘုရှ်သည် ၁၉၇၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် စိုင်းပြင်းနေစဉ် ယင်းသတင်းထွက်ပေါ်လာခြင်းပင် ဖြစ်သည်။

သမ္မတ ရေဂင်၏ အရိုက်အရာကို ၁၉၇၉ ခုနှစ်တွင် ဆက် ခံ နိုင် ရန် ကြိုး ပမ်း နေ ကြ သည့် သမ္မတလောင်း အသီးသီးသည် ယင်းကြိုးပမ်းမှုကိစ္စအတွက် စက်တင်ဘာလ ၃၀ ရက်နေ့ထိ ဒေါ်လာ ၅၅ သန်းကျော် အကုန်အကျခံခဲ့ပြီး ဖြစ်သည်ဟူ၍ ပြည်ထောင်စု ရွေးချယ်တင်မြောက်ပွဲ ကော်မရှင်က ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် သတင်းထုတ်ပြန်သည်။ယှဉ်ပြိုင်ရန် ကြိုးပမ်းဆဲ ရီပတ်ဗလစ်ကန်ပါတီ၏ အဓိကသမ္မတလောင်း ခြောက်ဦးနှင့် ဒီမိုကရက် သမ္မတလောင်း ခုနစ်ဦးတို့၏ သုံးစွဲငွေသာမက ပါဝင်ယှဉ်ပြိုင်မှု မပြုတော့သည့် ဂယ်ရီဟတ်နှင့် ဂျိုးဇက်ဘိဒင်တို့ကုန်ကျသောငွေပါ ထည့်သွင်းတွက်ချက် ဖော်ပြခြင်း ဖြစ်သည်။ ရီပတ်ဗလစ်ကန်သမ္မတလောင်းတို့က ဒေါ်လာ ၄၃ ဒသမ ၇ သန်း စုဆောင်းလျာထားခဲ့ပြီး ၃၅ ဒသမ ၄ သန်း သုံးစွဲခဲ့၍ ဒီမိုကရက်တို့က ဒေါ်လာ ၂၆ ဒသမ ၆ သန်း စုဆောင်းထားပြီး ၁၉ ဒသမ ၁ သန်းသုံးစွဲခဲ့သည်ဟု ဆိုသည်။ ရီပတ်ဗလစ်ကန် ပါတီတွင်း သမ္မတလောင်းတို့တွင် လက်ရှိ ဒုတိယသမ္မတ ဂျော့ဘုရှ်၊ ရုပ်မြင်သံကြား ခရစ်ယာန်တရားဟောဆရာ ပက် ရောဗတ်ဆင်၊ အထက်လွှတ်တော် အမတ် ဘော့ ဒိုး၊ ဒေလာဝဲပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ပီဒူပွန့်၊ နိုင်ငံခြားရေးဝန်ကြီးဟောင်း အလက်ဇန္ဒားဟိတ်၊ ကွန်ဂရက်အမတ် ဂျက် ကင့် တို့ ပါဝင်ကြသည်။ ဒီမိုကရက်တစ်ပါတီတွင်း သမ္မတလောင်းများတွင် အရိုဇိုးနားပြည်နယ် အုပ်ချုပ်ရေးမှူးဟောင်း ဘ ရွတ် ဘက် ဘစ်၊ မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ကယ် ဒူကားကစ်၊ ကွန်ဂရက်အမတ် ရစ်ချတ် ဂဲ့ဖတ်၊ လူထုအခွင့်အရေးအတွက် တက်ကြွစွာလှုပ်ရှားရေးဝါဒီ ဂျက်စီ ဂျက်ဆင်၊နယူးယောက်ပြည်နယ်အုပ်ချုပ်ရေးမှူးမက်သယူး ကျိုမိုး၊အထက်လွှတ်တော်အမတ် ပေါဆိုင်မွန်နှင့် အဲလဗတ် ဂိုးတို့ပါဝင်ကြသည်။ ဒီဇင်ဘာလတွင် ဂယ်ရီဟတ်က ပြန်လည် ပါဝင်လာသည်။

အမေရိကန် ပြည်ထောင်စုတွင် ရောက်ရှိလာသော ဆိုဗီယက်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့အား အမေရိကန်အစိုးရ ပိုင်းမှ တာဝန်ရှိပုဂ္ဂိုလ်တို့က အမေရိကန် ဓာတုလက်နက် ဟောင်းများ ဖျက်ဆီးပစ်ပုံကို ၁၉၈၇ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် လက်တွေ့ပြသသည်။ သို့ရာတွင် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင်မူ အမေရိကန်ပြည်ထောင်စုသည် ဓာတုလက်နက်များထုတ်လုပ်မှု ၁၈ နှစ်ကြာရပ်ဆိုင်းထားခြင်းကို အဆုံးသတ်လိုက်ပြီဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ သမ္မတရေဂင်နှင့် ကွန်ဂရက်လှတ်တော်တို့၏ အမိန့်ဖြင့် အဆိပ်ဓာတ်ငွေ့ဘူးများကို ထုတ်လုပ်နေစဉ်မှာပင် တစ်ဖက်တွင်လည်း ဓာတုလက်နက်များ ပိတ်ပင်ရေးကိစ္စကို ဆိုဗီယက်ပြည်ထောင်စု အပါအဝင် အခြားနိုင်ငံတို့နှင့် တက်ကြွစွာ ဆွေးနွေးနေသည်ဟု ဆိုသည်။ ဒီအက်ဖ်ခေါ် အစွမ်းမဲ့ ဓာတုပစ္စည်းများ ထည့်ထားသော ဓာတ်ငွေ့ဗုံးများကို ၁၅၅ မမ အမြောက်ကျည်တွင် ထည့်သွင်းရန်စီစဉ်ထားပြီး ယင်းတို့သည် နှစ်ဆင့်ပေါက် လက်နက်သစ်တစ်မျိုးအတွက် ပထမအစိတ်အပိုင်း ဖြစ်မည်ဟု လည်းကောင်း၊ ယင်းနှစ်ဆင့်ပေါက် အမြောက်ကျည်များတွင် တစ်ခုချင်း ပင်ကိုအားဖြင့် အန္တရာယ်မရှိသည့် အစိတ်အပိုင်းများ ပါဝင်ဖွဲ့စည်းကာ ထိုကျည်များကိုပစ်ခွင်းခြင်း၊ လေယာဉ်ပေါ်မှ ကြဲချခြင်း မပြုမချင်း ယင်းအစိတ်အပိုင်းနှစ်ပိုင်း ရောစပ်ခြင်း မရှိသဖြင့် အဆိပ် ဓာတ်ငွေ့ ထွက်မည် မဟုတ်ဟု လည်း ကောင်း ရှင်းပြထားသည်။ အရက်ပြန်ရည်သီးခြား ဖြည့်သွင်းထားမည့် အမြောက်ကျည်များတွင်လည်း ပစ်လွှတ်လိုက်ပြီးနောက်မှ ဒီအက်ဖ်နှင့် အရက်ပြန်တို့ရောသွားပြီး ဒုတိယကမ္ဘာစစ်အတွင်းက "ဂျီဘီ" ဟု လူသိများခဲ့သော သေမင်းတမန်ဓာတ်ငွေ့များ ထွက်လာကာ ယင်းဓာတ်ငွေ့ကို ရှူမိသူတို့ မိနစ်ပိုင်းအတွင်း သေဆုံးမည်ဖြစ်ကြောင်း၊ မရှူမိဘဲ အသားထဲစိမ့်ဝင်သွားလျှင်လည်း အချိန်အတန်ကြာလျှင် သေမည်ဖြစ်ကြောင်းဖြင့် စစ်ရေးကျွမ်းကျင်သူတို့က ပြောကြားသည်။ (ဓာတုစစ်ရေး—ရှု။)

အမေရိကန် ပြည်ထောင်စု၏ လူဦးရေသည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ၂၄,၂၀,၇၅,၀၁၁ ဦးရှိရာ လွန်ခဲ့သော ခုနစ်နှစ်က သန်းခေါင်စာရင်း ကောက်ယူစဉ်ထက် ၁၅ ဒသမ ၅ သန်းပိုလာသည်။ ၁၉၀၆ ခုနှစ်တွင် မွေးဖွားသူ ၃ ဒသမ ၇ သန်း၊ သေဆုံးသူ ၂ ဒသမ ၁ သန်း၊ လွှဲပြောင်းဝင်ရောက်အခြေချနေထိုင်သူ ၅,၅၄,၀၀၀ ရှိခဲ့သည်။ လူဦးရေ တိုးနှုန်းမှာ ၁၉၀၅ ခုနှစ်မှာထော ၁၉၀၆ ခုနှစ်မှာပါ သူည ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ပြီး ၁၉၀၁ ခုနှစ်မှ ၁၉၀၄ ခုနှစ်ထိ နှစ်စဉ် တစ်ရာခိုင်နှုန်း ရှိခဲ့သည်ဟု ဆိုသည်။

အစွမ်းရေးနိုင်ငံအတွက် သူလျှိုလုပ်ခဲ့မှုဖြင့် အမေရိကန် ထောက်လှမ်းရေး သတင်းစီစစ်သူ ဂျိုနာသန် ပိုလဒ်ကို

ပြစ်ပြီး စိမ်ကိန်းဂွေပြေးလှုပ်ခန်းများ ဆောင်ရွက်နိုင်ရန် တရုတ် ပြည်သူသမ္မတနိုင်ငံမှ ဟောဝမ စုံးစမ်းလေ့လာရေး အဖွဲ့သည် ၁၉၇၈ ခုနှစ်တွင် စတင်ထောက်ခိုလေ့လာခဲ့ကြပြီး အားကစားရုံ ပုံစံငယ်များကို တင်ပြခဲ့ကြသည်။ ပုံစံငယ် ဆုံးမျိုးအနက် လက်ခိုလေးထောင့်ပုံစံကို ရွေးချယ်အတည် ပြုပြီးနောက် ဒုတိယအကြိမ် စုံး စမ်း လေ့ လာ ရေး အ ဖွဲ့ သည် ၁၉၈၀ ပြည့်နှစ်တွင် ထောက်ခို လေ့လာခဲ့ပြန်သည်။

အားကစားရုံအတွက် သက်နှံးကျန်းမြို့နယ် ဝင်ယန္တာ လမ်းရှိ မြေနေရာကို သတ်မှတ်ခဲ့သည်။ ထိုမြေနေရာသည် ဒီရေအတက်အကျဝင်ထောက်မှုရှိခြင်း၊ မြေနိမ့်မြင့်ပျော့ပြောင်း ခြင်းတို့ကြောင့် ၁၉၈၀ ပြည့်နှစ် ဒီဇင်ဘာလ မှစတင်၍ မြေသယ် မြေဖို့ခဲ့သည်။ ဆောက်လုပ်ရေးကော်ပိုရေးရှင်း တိုင်း ဆောက် လုပ် ရေး စီ မံ ကိန်းအဖွဲ့ ၁၁ က မြေဖို့ခဲ့ရာ မြေကျင်းပေါင်း ဂဖ,၀၀၀ ခန့် ပို့ခဲ့ရသည်။ တည်ဆောက် ရေးလုပ်ငန်းကိုလည်း မြေသားခံနိုင်စွမ်းရည် စမ်းသပ်ပြီး နောက် ဆက်လက်ဆောင်ရွက်ခဲ့ရာ အားကစားရုံသစ်ကြီး သည် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ပြီးစီးသွားခဲ့ သည်။


အမျိုးသားအားကစားရုံသစ်ကြီးသည် ဘေးပတ်လည် ၃၁၂ ပေ ကျယ်ဝန်းသည်။ အားကစားရုံသစ်ကြီး၏ ဘေးပတ်လည်၌ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကျမ်း ဘား၊ ခြင်းလုံးနှင့် သိုင်းစသည့် ရုံအတွင်း၌ယှဉ်ပြိုင်ရသော အားကစားနည်းမျိုးစုံတို့၏ သရုပ်ပေါ်ပုံများကို ကပ်ထား သည်။

အားကစားရုံသစ်ကြီးတွင် ပင်မအားကစားရုံ၊ လက် မှတ်ထောင်းရုံများ၊ လေအေးပေးစက်နှင့် လျှပ်စစ်ဓာတ် အားပေးစက်ရုံများပါဝင်ပြီး ဘုဒ္ဓဘသမ ဘုကောကျယ်ဝန်း သည်။ ပင်မအားကစားရုံသည် ၃၁၂ ပေ ပတ်လည် အကျယ်အဝန်းရှိသည်။ မြေအောက်ခန်းအပါအဝင် ၈၇ ပေပင်း အထပ်ငါးထပ်ရှိပြီး ပေ၁၂၀ မြင့်သည်။ ပွဲကြည့် ပရိသတ်အတွက် ထိုင်ခုံပေါင်း ၁၀,၇၆၄ လုံးရှိထား ထိုလူဦး ရေအတွက် သက် သေ သင့် သက် သာ ကြည့်ရှုနိုင်စေရန်

ဝါရှင်တန် မြို့တော်ရှိ တရုတ်ရုံးတစ်ရုံးက ၁၉၇၂ ခုနှစ် မတ်လ ၄ ရက်နေ့တွင် ထောင်စက် တစ်ဆက်တစ်ကျွန်း ချမှတ်ခဲ့သည်။ ပိုလစ်သည် တရေးကြီးသော သတင်း အချက်အလက်အများကို ပို့ပေးခဲ့သူဖြစ်သည်ဟုဆိုသည်။ တိရတ်နိုင်ငံ၏ ဓာတုစစ်လက်နက် ထုတ်လုပ်ရေး စက်ရုံ ရှစ်ရုံ၏ တည်နေထုအပါအဝင် တိရတ်နှင့် ဆီးရီးယားတို့၏ လက်နက်စက်ရုံများနှင့် သိုလှောင်ရုံများ၏ မြေပုံနှင့် ဂြိုဟ် တု မှ ရိုက်ကူးထားသော ဓာတ်ပုံများ၊ မြေပြင်မှမြေပြင်ပစ် အက်စ် အက်စ် ၂၁ ဒုံးကျည်နှင့် အက်စ်အေ–၅ လေယာဉ် ပစ် ဒုံးကျည်တို့၏ အကြောင်းအချက်များ ထပါအဝင် ဆီးရီးယားနှင့်အာရပ်နိုင်ငံ အချို့သို့ ဆိုဗီယက်ပြည်ထောင် စုက တင်ပို့ထားသည့် လက်နက်များနှင့် စပ်ဆိုင်သော သတင်းများ၊ ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘက်မြို့၏ အပြင်ဘက်ရှိ နျူကလီးယားစက်ရုံကို ဂြိုဟ်တု မှ ရိုက်ကူး ထားသော ဓာတ်ပုံနှင့် နျူကလီးယားဗုံး ထုတ်လုပ် နေသည်ဟု ယူဆရသော ပါကစ္စတန်၏ စီမံကိန်း အကြောင်း သတင်းအချက်အလက်များ စသည်တို့ကို ပေးပို့ခဲ့သည်ဟု ဆိုသည်။ ၁၉၇၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့က တျူးနစ်ဒီးယားနိုင်ငံရှိ ပီစယ်အို ဗဟိုဌာန ချုပ်ကို အစ္စရေး လေတပ်က ဗုံးကြဲ တိုက်ခိုက် ခဲ့သည့် လှုပ်ရှားမှုတွင် ထိုသို့ ကျူးကျော် တိုက်ခိုက် နိုင်အောင် လိုအပ်သော သတင်း အချက် အလက်တို့ကို ပိုလစ်ပင် ပေးပို့ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ (စွယ်စုံ နှစ်ချုပ် ၁၉၇၅–စာ၊ ၃၁၁–၌)

အမျိုးသားအားကစားရုံ(၁)။ ။ရန်ကုန် တိုင်း သုဝဏ္ဏမြို့ရှိ အမျိုးသားအားကစားရုံ(၁)ကို အမျိုးသား အားကစား အဆင့်အတန်း မြင့်မားရန်နှင့် အပြည်ပြည် ဆိုင်ရာပြိုင်ပွဲများ ကျင်းပနိုင်ရန် ရည်ရွယ်ချက်ဖြင့် တည် ဆောက်ခဲ့သည်။

ပိုးလုံးလေးလုံး အမျိုးသားအားကစားရုံကြီးကို တရုတ် ပြည်သူသမ္မတနိုင်ငံ၏ အကူအညီဖြင့် ဆောက်လုပ်ခဲ့ခြင်း



အတွက် တစ်နာရီလျှင် အအေး ဓာတ် ကီလိုကယ်လိုရီ ၃၄,၅၅,၀၀၀ ထုတ်လုပ်ပေးနိုင်သည့် လေအေးပေးစက်ကြီး လေးလုံးကို တပ်ဆင်ပေးထားသည်။

အမျိုးသားအားကစားရုံကြီးသည် မြန်မာနိုင်ငံအတွင်း တည်ဆောက်ခဲ့သော လုံးချင်းအဆောက်အအုံများတွင် အကြီးဆုံး အဆောက်အအုံတစ်ခုပင်ဖြစ်သည်။ အားကစားရုံ၏ခေါင်မိုးကို ၂၀၆ ပေ ပတ်လည် ပိုက်ကွန်သံဒိုင်းကြီးဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ စီမံကိန်းတစ်ခုလုံးအတွက် ဘိလပ်မြေ တန်၁၄,၀၀၀၊ အုတ် ၄၅ သိန်း၊ တော သစ် တန် ၆,၅၀၀၊ ကျွန်း သစ် တန် ၂,၄၀၀ နှင့် သံချောင်း၊ သံထည် တန် ၃,၆၄၀ ကို သုံးစွဲခဲ့ရသည်။

ထို့ပြင် နံရံကြေ ပြား စတုရန်း ပေ ၁,၁၆,၃၀၀ နှင့် ကြမ်းခင်းကြေပြားနှင့် ကျောက်ပြား ၂,၀၀,၀၅၆ စတုရန်း ပေ အသုံးပြုထားသည်။ အားကစားရုံ၏ ပြင်ပနံရံများတွင် ပြာလဲ့ရောင်မှန်များ တပ်ဆင်ထားသည်။ အဆောက်အအုံကို ထုထည်ကြီးမားစွာ ခိုင်ခိုင်ခန့်ခန့် ဆောက်လုပ်ထားသော်လည်း ဗဟုကာပညာကြောင့် ပြေပြစ်စွာတွေ့မြင်ရသည်။

အားကစားရုံအတွင်းသို့ ဝင် ပေါက် ငါး ပေါက် မှ ဝင်ရောက်နိုင်ကြပြီး ပင်မအားကစားရုံအတွင်းသို့ အထပ်သုံးထပ်ရှိ ဝင်ပေါက်ရှစ်ခုမှ ဝင်ထွက်နိုင်ကြသည်။ အားကစားပွဲပြီးဆုံးချိန်၌ ပရိသတ် ၁၀,၀၀၀ ကျော်သည် ၁၀ မိနစ်အတွင်း ထိုဝင်ပေါက်များမှ လွယ်ကူစွာ ထွက်ခွာနိုင်သည်။ ထို့ပြင် ဝင်းအတွင်း၌ မော်တော်ယာဉ်ရပ်ရန်နေရာများ၊ ရေအိမ်များ စသည်ဖြင့် ပြည့်စုံစွာစီစဉ်ပေးထားသည်။

မိုးလုံလေလုံ အားကစားရုံသစ်ကြီးအတွင်း၌ သွေးပူလေ့ကျင့်ရန် အားကစား ကွင်းငယ်တစ်ခုနှင့် ကျမ်းဘား၊ စားပွဲတင်တင်းနစ်နှင့် စက် ဘီး စီး စသည့် အခန်းတွင်း အားကစားလေ့ကျင့်ရန် အခန်းငယ်များ သီးသန့်ထားရှိပေးထားသည်။ ထို့ပြင် အားကစားသမားများ အသင်းလိုက် သီးသန့် အဝတ်လဲခန်း၊ ရေချိုးခန်းများသာမက စားသောက်ဆိုင်ပါ ဖွင့်လှစ်ထားရှိသည်။

အချိန်နှင့် ရမှတ်များကို ဖော်ပြသည့် အမှတ်ပေးသင်ပုန်းနှစ်ခုကိုလည်း တပ်ဆင်ပေးထားပြီး ထိုသင်ပုန်းများတွင် မီးလုံး ၁၄,၀၀၀ ကျော်ကို ခေတ်မီ အီလက်ထရွန်းနစ်ကွန်ပျူတာစနစ်ဖြင့်တပ်ဆင်ထားသည်။ ပြိုင်ကွင်းအတွင်း မီးလုံးအစုံပေါင်း ၄၈၈ စုံတပ်ဆင်ထားသည်။

အရေးပေါ်အသုံးပြုရန် ဖြစ် ကီလိုဝပ် ထုတ်ပေးနိုင်သည့် ဓာတ် အား ပေး စက် ကို လည်း တပ်ဆင်ပေးထားသည်။ လျှပ်စစ်ထိန်းချုပ်ခန်းနှင့် မျက်နှာချင်းဆိုင်တွင် အဆင့်ခွဲစက်ခန်းရှိပြီး ဓာတ်သွယ်ရေးအတွက် တယ်လီဖုန်း အလုံး ၁၀၀ အထိ အဆင်သင့်တပ်ဆင်နိုင်ရန် စီစဉ်ထားသည်။ ထိုအခန်းရှိ တယ်လီဖုန်းလိုင်းများမှ အပြည်ပြည်ဆိုင်ရာသို့ ဆက်သွယ်ပြောဆိုနိုင်သည့်အပြင် ရုပ် မြင် သံကြား ကိုလည်း တိုက်ရိုက် ရိုက်ကူး ထုတ်လွှင့်နိုင်သည်။ မိုးလုံလေလုံအမျိုးသားအားကစားရုံသစ်ကြီးသည် ရင်းနှီးမြှုပ်နှံငွေ စုစုပေါင်း ကျပ် သိန်း ၃,၂၀၀ ကျော် ကုန်ကျခဲ့သည်။

ထိုအမျိုးသား အားကစားရုံကြီးတွင် ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ လက်ဝှေ့၊ ဂျူဒို၊ အလေးမ၊ ခြင်းလုံးနှင့် ကျမ်းဘား အားကစားနည်းများကို ယှဉ်ပြိုင် ကျင်းပ ကစားနိုင်ကြပြီဖြစ်သည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ။ ။ အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကို ၁၉၅၉ ခုနှစ် ပထမအကြိမ်မှ ၁၉၇၅ ခုနှစ် ရှစ်ကြိမ်မြောက် ပြိုင်ပွဲအထိ နှစ်နှစ်တစ်ကြိမ် သတ်မှတ်ကျင်းပခဲ့ပြီး ၁၉၇၇ ခုနှစ်ကိုး ကြိမ် မြောက် ပြိုင်ပွဲမှစ၍ အရှေ့တောင်အာရှ ကျွန်းဆွယ် အားကစား ပြိုင်ပွဲကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဟုပြောင်းလဲခေါ်ဝေါ်၍ ကျင်းပလာခဲ့ရာ ၁၉၈၅ ခုနှစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် ပြိုင်ပွဲအထိ ၁၃ ကြိမ် ရှိသွားပြီဖြစ်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆ – စာ၊ ၈၄ — ရှ။) ၁၉၈၇ ခုနှစ်တွင် ကျင်းပသည့် ပြိုင်ပွဲသည် ၁၄ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖြစ်သည်။

၁၄ ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့၌ ကျင်းပပြုလုပ်ခဲ့ရာ ပြိုင်ပွဲသို့ အဖွဲဝင် ၁၀ နိုင်ငံရှိသည့်အနက် မြန်မာ၊ ဘရူနိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ကမ်ပူးချားနှင့် မလေးရှားနိုင်ငံ ရှစ်နိုင်ငံတို့မှ အားကစားအဖွဲဝင် စုစုပေါင်း ၃,၃၂၅ ဦးတို့က အားကစားနည်း ၂၉ မျိုးတွင် အကြိတ်အနယ် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ခြင်းမရှိချေ။

ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ပရိသတ်တစ်သိန်းဆုံသည့် ဆီနာရမ် အမျိုးသား အားကစား ပြိုင်ကွင်းကြီးတွင် ကျင်းပပြုလုပ်ခဲ့ရာ အင်ဒိုနီးရှားနိုင်ငံ သမ္မတကြီး ဆူဟာတို ကိုယ်တိုင်တက်ရောက်ပြီး တရားဝင် ဖွင့်လှစ်ပေးခဲ့သည်။

ယခင်ကျင်းပပြီးစီးခဲ့သည့် ပြိုင်ပွဲများတွင် အားကစားအမျိုးအစား အများဆုံး ၁၈ မျိုးအထိသာ ပါဝင်ခဲ့ရာမှ

ယခု ၁၄ ကြိမ်မြောက်ပြိုင်ပွဲတွင် အားကစား အမျိုးအစား ၂၉ မျိုးအထိ တိုးခဲ့၍ ထည့်သွင်း ကျင်းပခဲ့ရာ မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘီလိယက်၊ တိုင်ထောင်ဘောလှိမ့်၊ လက်ဝှေ့၊ စက်ဘီး၊ ခေးခုတ်၊ ဘောလုံး၊ ဂေါက်သီး၊ ကျွမ်းဘား၊ ဟော်ကီ၊ ဂျူဒို၊ကာရာတေး၊ရိုးရာသိုင်း၊ပိုက်ကျော်ခြင်း၊သေနတ်ပစ်၊ ဆောင့်ဘော၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ ဝန်းလောလေးဘီး၊ ဝက်လှေ၊ လှေလှော်၊ အလေးမ(မောင်ပြိုင်ပွဲအပါအဝင်)နှင့် နပမ်းအားကစားနည်းတို့ ပါဝင်ကြသည်။

မြန်မာနိုင်ငံအနေဖြင့် ပြေးခုန်ပစ်(အမျိုးသား၊ အမျိုးသမီး)၊ အလေးမ၊ ဂျူဒို (အမျိုးသား၊ အမျိုးသမီး)၊ လက်ဝှေ့၊ ဘော်လီဘော(အမျိုးသား၊အမျိုးသမီး)၊ ရေကူး(ဒိုင်ဗင်) (အမျိုးသမီး)၊ သေနတ်ပစ် (အမျိုးသား၊ အမျိုးသမီး) နှင့် ဘောလုံးစသည့် အားကစားနည်းရှစ်မျိုးတို့တွင် အားကစားသမား အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၃၅ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ၁၅ ခု၊ ကြေးတံဆိပ် ၂၂ ခု စုစုပေါင်း ဆုတံဆိပ် ၅၀ ခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာအားကစားအဖွဲ့ အားကစားနည်းအလိုက် ရရှိခဲ့သည့် ဆုတံဆိပ်များမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

မြန်မာအားကစားအဖွဲ့ အားကစားနည်းအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

အမှတ်စဉ်	အားကစားနည်း	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ပြေးခုန်ပစ်	၆	၈	၆	၂၀
၂	အလေးမ	၄	၃	၄	၁၁
၃	ဂျူဒို	၃	၂	၅	၁၀
၄	လက်ဝှေ့	–	၁	၄	၅
၅	ဘော်လီဘော (အမျိုးသား)	–	၁	–	၁
၆	ရေကူး (ဒိုင်ဗင်) (အမျိုးသမီး)	–	–	၂	၂
၇	သေနတ်ပစ်	–	–	၁	၁
	စုစုပေါင်း	၁၃	၁၅	၂၂	၅၀

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ကီလို ၉၀ တန်းအလေးမပွဲစဉ်ရွှေတံဆိပ်ဆုရ ကျော်သက်(ဝဲ)နှင့် အမျိုးသမီး မီတာ ၃၀၀၀ အပြေးပြိုင်ပွဲ ရွှေတံဆိပ်ဆုရ ခင်ခင်ဆွေတို့ ဆုယူအပြီးတွေ့ရပုံ



ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ရှစ်နိုင်ငံအနက် အင်အားအတောင့်တင်းဆုံးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အိမ်ရှင်အင်ဒိုနီးရှားနိုင်ငံက ရွှေ ၁၈၅၊ ငွေ ၁၃၆၊ ကြေး ၈၇ စုစုပေါင်း ဆုတံဆိပ် ၄၀၅ ခုဖြင့် နိုင်ငံအလိုက် ပထမအဆင့်ရရှိပြီး ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ဒုတိယနှင့်တတိယအဆင့် အသီးသီးရရှိကြသည်။ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှုအခြေအနေမှာ ဖော်ပြပါအတိုင်း ဖြစ်သည်။

နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု အခြေအနေ

အမှတ်စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	အင်ဒိုနီးရှား	၁၈၅	၁၃၆	၈၄	၄၀၅
၂	ထိုင်း	၆၃	၅၈	၆၆	၁၈၇
၃	ဖိလစ်ပိုင်	၅၉	၇၈	၆၉	၂၀၆
၄	မလေးရှား	၃၆	၄၁	၆၇	၁၄၄
၅	စင်ကာပူ	၁၉	၃၈	၆၄	၁၂၁
၆	မြန်မာ	၁၃	၁၅	၂၂	၅၀
၇	ဘရူနိုင်း	၁	၆	၁၇	၂၄
၈	ကမ်ပူးချား	—	၁	၉	၁၀

ပြိုင်ပွဲတွင် အားကစားနည်း ၂၉ မျိုး ထည့်သွင်းကျင်းပခဲ့ရာ အင်ဒိုနီးရှားနိုင်ငံက မြားပစ်၊ ပြေးခုန်ပစ်၊ ကြက်တောင်၊ ဓားခုတ်၊ ဘောလုံး၊ ကျွမ်းဘား၊ ဂျူဒို၊ ကရာတေး၊ ရိုးရာသိုင်း၊ လှေလှော်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ဘော်လီဘော၊ ရေလွှာလျှောစီး၊ အလေးမနှင့် နပမ်းအားကစားနည်း ၁၈ မျိုးတို့တွင် လည်းကောင်း၊ ထိုင်းနိုင်ငံက လက်ဝှေ့၊ ဂေါက်သီး၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်နှင့် ရွက်လှေအားကစားနည်း ငါးမျိုးတွင်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံက ဘတ်စကက်ဘော၊ ဘီလိယက်၊ တိုင်ထောင်ဘောလုံမ့်၊ စက်ဘီးနှင့် ဆော့ဖ်ဘောအားကစားနည်း ငါးမျိုးတွင်လည်းကောင်း၊ မလေးရှားနိုင်ငံက ဟော်ကီ အားကစားနည်းတွင်လည်းကောင်း ဆုတံဆိပ်အရေအတွက် အမျှားဆုံး ရရှိခဲ့ကြသည်။


တစ်ဦးချင်း ဆုတံဆိပ်အမျှားဆုံး ရရှိသူမျှားအဖြစ် မလေးရှားနိုင်ငံမှ ရေကူးမယ် အပ္ပဒူလာ နာရူးလ်ဟူဒါက ရွှေတံဆိပ်ခုနစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ဖိလစ်ပိုင်နိုင်ငံမှ ရေကူးအားကစားသမား ဘူဟိန်းဂျိုးဇက်အဲရစ်က ရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ်တစ်ခု၊ ထိုင်းနိုင်ငံမှ ကျွမ်းဘားအားကစားသမား ပိုပါနစ်ချိတာရူချိုက ရွှေတံဆိပ်လေးခု၊ အင်ဒိုနီးရှားနိုင်ငံမှ မြားပစ်အားကစားသမား အက်ဂျီရီအာဒန်းက ရွှေတံဆိပ်သုံးခု၊ ကြေးတံဆိပ်တစ်ခု၊ မြန်မာနိုင်ငံမှ အလေးမအားကစားသမား ကျော်သက်က ရွှေတံဆိပ်သုံးခု၊ ဖိလစ်ပိုင်နိုင်ငံမှ ပြေးခုန်ပစ်မယ် လစ်ဒီယာ ဒီဗီးဂါးက ရွှေတံဆိပ်သုံးခု အသီးသီး ဆွတ်ခူးရရှိသည် အထိ စွမ်းဆောင်နိုင်ခဲ့ကြသည်။

၁၄ ကြိမ်မြောက် အရှေတောင်အာရှ အားကစားပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကို ၁၉၈၇ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ည နေ ဘောလုံးဗိုလ်လုပွဲအပြီး ဆီနာရမ် အမျိုးသားအားကစား ပြိုင်ကွင်းကြီးတွင်ပြုလုပ်ရာ အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ မစ္စတာ အူမာ ဝီရဟာဒီကူရှုမာတက်ရောက်ပြီး တရားဝင် ပိတ်ပေးခဲ့သည်။ ၁၅ ကြိမ်မြောက် အရှေတောင်အာရှ အားကစားပြိုင်ပွဲကို ၁၉၈၉ ခုနှစ်တွင် မလေးရှားနိုင်ငံ ကွာလာလာမ်ပူမြို့တွင် ကျင်းပမည်ဖြစ်သည်။

အာကာသသုတေသန။ ။အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့ သာမက ဥရောပ အာကာသ အေဂျင်စီ၊ တရုတ်ပြည်သူ သမ္မတနိုင်ငံနှင့် ဂျပန်နိုင်ငံတို့ကလည်း အာကာသ စူးစမ်းလေ့လာမှုမျှားပြုလုပ်လျက် ရှိသည်။

အမေရိကန် ပြည်ထောင်စု

အမေရိကန်ပြည်ထောင်စုသည် ကိုလံဗီယာ အာကာသလွန်းပုံဂျာဉ်ကို ၁၉၈၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် စတင်ပုံသန်းစေပြီးနောက် ချယ်လင်ဂျာ၊ ဒစ္စကာဗရီနှင့် အတ္တလန္တိတ် လွန်းပုံဂျာဉ်တို့ကို ဆက်လက်တည်ဆောက်၍ ပစ်လွှတ်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၅ – စာ၊ ၇၈ – ရှု။) (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၃၀၅—ရှု။) ၁၉၈၅ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ချယ်လင်ဂျာကို ပစ်လွှတ်၍ အာကာသ၌ ခုနစ်ရက်ကြာ ပုံသန်းလေ့လာစေပြီးနောက် ထိုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အတ္တလန္တိတ် အာကာသ လွန်းပုံဂျာဉ်ကို လွှတ်တင်ခဲ့ရာ မက္ကဆီကိုနိုင်ငံသားတစ်ဦး လိုက်ပါခဲ့သည့်ပြင် ဒေါ်လာ ၄၆ သန်းတန် မက္ကဆီကို ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို အာကာသယာဉ်ပေါ်မှ လွှတ်တင်ပေးခဲ့သည်။ ၂၅ ကြိမ်မြောက် အာကာသ လွန်းပုံခရီးစဉ်အဖြစ် ချယ်လင်ဂျာကို ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့က လွှတ်တင်ခဲ့ရာတွင် လွှတ်တင်ပြီး ၇၄ စက္ကန့်အကြာ၌ ပေါက်ကွဲသွားခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၇ – စာ၊ ၃၁၁—ရှု။) ထို့ကြောင့် အမျိုးသားလေကြောင်းနှင့် အာကာသ အုပ်ချုပ်ရေးအဖွဲ့ (နာဆာ) သည်



အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ပျံသန်းရေးဆိုင်ရာ ဥမင်လိုဏ်ခေါင်းကြီးအတွင်း အမေရိကန် အာကာသလွန်းပျံယာဉ်ကို စမ်းသပ်ပျံသန်းစေပြီး ပြုပြင်မွမ်းမံနေပုံ

လွန်းပျံယာဉ် စက်ယန္တရားနှင့် နည်းပညာ တိုးတက်ကောင်းမွန်ရေးအတွက် ၁၉၇၈ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင်မှ ဒစ္စကာဗရီ အာကာသ လွန်းပျံယာဉ်ကို လွှတ်တင်ရန် ရည်မှန်းချက်ထားရှိကာ မွမ်းမံ စမ်းသပ် ဆောင်ရွက်လျက်ရှိသည်။ ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် အာကာသလွန်းပျံယာဉ် ပစ်လွှတ်ဒုံးပျံတစ်ခုကို ပဆမဦးဆုံး စမ်းသပ်ကြည့်ရာ အပြည့်အဝ အောင်မြင်သည်ဟု ဆိုသည်။ ယင်းဒုံးပျံပုံစံသစ်ကို သြဂုတ်လ ၃၀ ရက်နေ့က စမ်းသပ်ကြည့်စဉ် ဓာတ်ငွေ့စိမ့်ထွက်မှု မရှိကြောင်း တွေ့ရပြီးနောက် ဆက်လက် စမ်း သပ် ခြင်း ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် အမြဲတမ်း အာကာသ စခန်း တည်ဆောက်ရေးအတွက် ၁၉၇၄ ခုနှစ်တွင် စတင် ဆောင်ရွက်ခဲ့သည်။ အမေရိကတိုက်ကို ရှာဖွေတွေ့ရှိခဲ့သူ ခရစ္စတိုဖာ ကိုလံဘတ်စ်အား အစွဲပြု၍ ကိုလံဘတ်စ် အာကာသစခန်းဟု အမည်ပေးထားသည့် အမြဲတမ်း အာကာသစခန်းကို အမေရိကတိုက် ရှာ ဖွေ တွေ့ ရှိ ခြင်း နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ၁၉၉၂ ခုနှစ်တွင် လွှတ်တင်မည်ဟု ကြွေးကြော်ထားသည်။ နောက်ပိုင်းတွင် ၁၉၉၄ ခုနှစ်မှ လွှတ်တင်ရန် ရွှေဆိုင်းစီစဉ်ထားပြန်သည်။ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ၊ ကနေဒါ၊ ဂျပန်နှင့် အီတလီနိုင်ငံတို့က ယင်း အမြဲတမ်း အာကာသစခန်း အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ရန် စိတ်ဝင်စားနေကြ၍ နိုင်ငံပေါင်း ၁၂ နိုင်ငံ၊ ပဂ္ဂလိကကုမ္ပဏီကြီးများနှင့်အတတ်ပညာရှင်များပါဝင်ဆောင်ရွက်ကြမည်ဖြစ်ရာ နိုင်ငံတကာ အာကာသစခန်း ဟုပင် ခေါ်ဝေါ်နိုင်သည်ဟု ဆိုသည်။

ဆိုဗီယက်ပြည်ထောင်စု

ဆိုဗီယက်ပြည်ထောင်စုသည် ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မီယာ (ငြိမ်းချမ်းရေး) အာကာသစခန်းကို အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ အာကာသယာဉ်မှူးများ အမြဲတမ်း လိုက်ပါနေထိုင်နိုင်သော ကမ္ဘာပတ် အာကာသစခန်းကို ပထမအကြိမ် လွှတ်တင်ခြင်း ဖြစ်ပြီး အာကာသ ဓာတ်ခဲ့ခန်း တတိယမျိုးဆက်ကို ဗဟဆော်ဦး လွှတ်တင်ခြင်းလည်း ဖြစ်သည်ဟု ဆိုသည်။ မီယာ အာကာသစခန်းသည် အလျား ၅၆ ပေ၊ အကျယ် ၁၀ ပေရှိ၍ ဆားလျု–၇ အာကာသ ဘူတာယာဉ်ထက် ၁၆ ပေ ပိုရှည်သဖြင့် အာကာသယာဉ်မှူး ၁၂ ဦး သက်သောင့်သက်သာ ရက်အတန်ကြာ နေနိုင်သည်။ တစ်ကြိမ်လျှင် အာကာသယာဉ်မှူး ၁၅ ဦးအထိ နေနိုင်သည်ဟု ဆိုသည်။ ယာဉ်မှူး တစ်ဦးစီအတွက် သီးခြားအိပ်စင်ထားရှိသည်။ ယာဉ်၏ဘေးဘက်တွင်အပြင်ဘက်သို့မြင်နိုင်သော အပေါက်လေးပေါက်ရှိ၍ ကမ္ဘာမြေပြင်ကို မြင်နိုင်သော အပေါက်ကြီး တစ်ခုကို ကြမ်းခင်း၌ ဖန်တီး

တပ်ဆင်ထားသည်။ ယာဉ်ထိန်းချုပ်သည့်နေရာ၊ အလုပ်လုပ်ရန်နေရာ၊ ကိုယ်လက်လှုပ်ရှားရန်နေရာ၊ချွပ်မြင်သံကြားကင်မရာနေရာ၊ ကွန်ပျူတာ စက်ခုံနေရာ စသည်တို့ အပြည့်အစုံ ပါရှိသည်။ မီယာတွင် နေစွမ်းအင်ယူသော တောင် ပံ ၉ ရှိ ယာ သည် စ တု ရန်း ပေ ဂဝဝ ရှိသည်။ ဆား လျူ – ၇ မှာမူ စတုရန်းပေ ၄၄၀ သာရှိသည်။

အာကာသယာဉ်မှူး လီယိုနစ် ကစ်ဇင်နှင့် အင်ဂျင်နီယာ ဗလာဒီမာ ဆိုလော့ယော့တို့ လိုက်ပါသော ဆိုယုဇ် တီ – ၁၅ ကူးတို့ အာကာသယာဉ်သည် ၁၉၈၆ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် မြေပြင်အထက် မိုင် ၂၁၀ ခန့် တွင် ပျံသန်းနေသော မီယာနှင့် ချိတ်ဆက်သည်။ မေလ အစောပိုင်းတွင် ကူးတို့ယာဉ် ဆိုယုဇ် တီ – ၁၅ ဖြင့် ယာဉ်မှူး ကစ်ဇင်တို့အဖွဲ့သည် မီယာမှဆား လျူသို့ ပြောင်းရွှေ့သည်။ ဆား လျူတွင် ပြင်ရန်ရှိသည်တို့ကို ပြင်ကြသည်။ ကစ်ဇင်တို့သည် အာကာသစခန်းတစ်ခုမှ အခြားတစ်ခုသို့ ပြောင်းရွှေ့သည့် ပ ထ မ ဆုံး လူ သား များ ဖြစ်ကြသည်။ ပတ်လမ်းတစ်ခုမှ တစ်ခုသို့ ကူးတို့ယာဉ်ဖြင့် ကူးပြောင်းခြင်း ဖြစ်သည်။ ယာဉ်မှူးနှစ်ဦးသည် ၁၂၅ ရက်တိုင်တိုင် လေ့လာလှုပ်ရှားကြပြီးနောက် ဇူလိုင်လ ၁၆ ရက်နေ့တွင် ကမ္ဘာမြေပြင်သို့ သက်ဆင်းသည်။

နက္ခတ္တ ရူပဗေဒ သုတေသနယာဉ်ငယ် ကဗန်ကို ၁၉၈၇ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် ပစ်လွှတ်သည်။ ထိုအချိန်တွင် အာကာသယာဉ်မှူး ယူရီ ရှိမာနင်ကိုနှင့် အလက်ဇန္ဒား လီဗေကင် တို့သည် ဖေဖော်ဝါရီလ ၈ ရက်နေ့ကတည်းက မီယာ အာကာသစခန်းတွင် ရောက်ရှိနေကြပြီးဖြစ်သည်။ ရှိမန်နင်ကိုသည် ၁၉၇၅ ခုနှစ် အပိုလို – ဆိုယုဇ် ပျံသန်းမှု၊ ၁၉၇၇ ခုနှစ်က ဆိုယုဇ် – ၂၆ ပျံသန်းမှုတို့တွင် ပါဝင်ခဲ့ဖူးသည်။ ၁၉၈၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် ကဗန်သည်လည်းကောင်း၊ ဧပြီလ ၂၃ ရက်နေ့တွင် ပရိုဂရက် – ၂၉ ကုန်တင်ယာဉ်သည်လည်းကောင်း မီယာ အာကာသစခန်းတွင် ချိတ်တွဲမိကြသည်။ ၁၉၈၇ ခုနှစ် ဇူလိုင်လ ၂၂ ရက်နေ့တွင် ဆိုဗီယက် အာကာသယာဉ်မှူးနှစ်ဦးနှင့် ပထမဦးဆုံး ဆီးရီးယား အာကာသယာဉ်မှူးတို့ လိုက်ပါသော ဆိုယုဇ် တီ အမ် – ၃ ကို လွှတ်တင်သည်။ ထိုအချိန်တွင် ယူရီ ရှိမာနင်ကိုနှင့် လီဗေကင်တို့သည် သစ် ပင် စိုက် ပျိုး မှု ၌ အလေးချိန်ကင်းမဲ့မှု၏ အကျိုးသက်ရောက်ပုံကို လေ့လာနေကြသည်။ ဆို ယုဇ် တီ အမ်–၃ သည် မီယာနှင့် ဇူလိုင်လ ၂၄ ရက်နေ့တွင် ချိတ်တွဲမိသည်။ ဆီးရီးယား အာကာသယာဉ်မှူး မိုဟမ္မက် ဖာရစ်သည် ဆီးရီးယား သဲကန္တာရကို ဓာတ်ပုံရိုက်ယူခဲ့သည်။ အာကာသယာဉ်မှူး ငါးဦးတို့သည် သိပ္ပံစမ်းသပ်မှု အမျိုးမျိုးကိုလည်း ပြုလုပ်ခဲ့ကြသည်။ မူလကိုယ်ခံစွမ်းအား လျော့နည်းကျဆင်း ရောဂါတွင် တွေ့ရသည့် ကင်ဆာတစ်မျိုးဖြစ်သော ကာပိုစီ ဆာကိုးမား ရောဂါလက္ခဏာကို ကုသနိုင်မည့် အင်တာဖာရွန် ဆေးဝါးကိုလည်း စမ်းသပ် လေ့လာခဲ့ကြသည်။ ယာဉ်မှူး ရှိမန်နင်ကိုသည် မီယာ အာကာသစခန်းထက်၌ ၃၂၆ ရက် နေထိုင်ပြီး မြေပြင်သို့ပြန်လည် ဆင်းသက်သည်။ ၁၉၈၄ ခုနှစ်က ယာဉ်မှူးသုံးဦး တင်ခဲ့သောလူသားတို့အာကာသတွင် နေထိုင်မှု စံချိန် ၂၃၇ ရက်ကို ချိုးနိုင်ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၅–စာ၊ ၈၃—ရှ။)

လူသားတို့ အာကာသတွင် နေထိုင်မှုစံချိန် ၃၂၆ ရက်ထိ တင်နိုင်ရန် ဆိုဗီယက် အာကာသယာဉ်မှူး ရှိမန်နင်ကိုက မီယာ အာကာသစခန်းပေါ်၌ ကြိုးပမ်းလျက်ရှိစဉ်



အခြားသုတေသနလေ့လာမှုများ

အမေရိကန်ပြည်ထောင်စုက ပစ်လွှတ်သော ဗို့ဂျင်ယေဂျာ (၁) နှင့် (၂) တို့သည် ဂျူပီတာ (ကြာသပတေးဂြိုဟ်) နှင့် ဆေတန် (စနေဂြိုဟ်)တို့ကို ၁၉၇၉ ခုနှစ်နှင့် ၁၉၈၁ ခုနှစ်တို့တွင် အသီးသီးကျော်ဖြတ်ရင်း ကမ္ဘာမြေပြင်သို့ သတင်းပို့ခဲ့သည်။ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလတွင် ဗို့ဂျင်ယေဂျာ ၂ အာကာသယာဉ်သည် ကမ္ဘာမှ မိုင် သန်း ၂၀၀၀ ခန့် ဝေးသည့်ယူရေးနပ်စ်ဂြိုဟ်ကိုအကွာအဝေး ၅၀,၆၇၉ မိုင် ခွာလျက် ဖြတ်ကျော်ရင်း ဓာတ်ပုံများ ရိုက်ကူး၍ မြေပြင်သို့ပေးပို့ခဲ့သည်။ ဤရိုချက်များစွာအနက် ယင်းဂြိုဟ်တွင် လ ၁၅ စင်းနှင့် ခါးပတ်ကွင်း ၁၁ ကွင်း ရှိသည် ဟူသော အချက်လည်း အပါ

အဝင်ဖြစ်သည်။ ယင်းခါးပတ်ကွင်းများတွင် အနည်းဆုံး အကျယ် သုံးပေခန့် ရှိသည့် ကျောက်တုံးသဏ္ဌာန် အစိုင်အခဲများကိုလည်း တွေ့ရသည်။ ယင်းအပိုင်းအစများသည် ရှစ်နာရီလျှင် တစ်ပတ်နှုန်းဖြင့် ယူရေးနပ်စ်ဂြိုဟ်ကို ပတ်လျက် ရှိကြသည်။ ဗွိုင်ယေဂျာ–၂ သည် ၁၉၇၉ ခုနှစ်တွင် နက်ပကျွန်းဂြိုဟ်အထိ အရောက်ပျံသန်းပြီး ဖြတ်ကျော်ကာ နေစကြဝဠာမှပင် ထွက်ခွာသွားသည်အထိ ခရီးနှင်ရန် ရည်မှန်းထားသည်။

မြောက်ဝင်ရိုးစွန်း အထက်ရှိ ကြက် ဥပုံ သဏ္ဌာန် ခါးပတ်ကွင်းများ အတွင်း ဖြာထွက်နေသော သြရိုရာ ဗိုရိုလစ် (ဥတ္တရသြဘာသ) ရောင်ခြည်များ အကြောင်းကို ဗိုက်ကင်း အမည်ရှိ ဂြိုဟ်တုက လေ့လာရာ အောင်မြင်မှု ရှိကြောင်းဖြင့် ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဗိုက်ကင်းစီမံကိန်း၏ ခေါင်းဆောင် သိပ္ပံပညာရှင် ကားစတင်း ဖရက်ဂါက ပြောကြားသည်။ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလက ဆို့ဒင်နိုင်ငံမြောက်ပိုင်းရှိ အက်စရန်ဂဲ အာကာသ လေ့လာရေး ဗဟိုစခန်းမှ ယင်းဂြိုဟ်တုကို လှတ်တင်ခဲ့ခြင်း ဖြစ်သည်။ ယင်းဂြိုဟ်တုသည် နေ့အချိန် အလင်းရောင်အတွင်းမှာပင် ယင်း ဥတ္တရသြဘာသ ရောင်ခြည်တို့ကို စက္ကန့် ၂၀ ခြား တစ်ပုံနှုန်းဖြင့် ဓာတ်ပုံရိုက်ကူးခဲ့သည်။ ယခင်က ယင်းသို့ ဓာတ်ပုံရိုက်ကူးရန် မဖြစ်နိုင်ခဲ့ချေ။ အမေရိကန်၊ ကနေဒါ၊ ပြင်သစ်၊ အနောက်ဂျာမနီ၊ အင်္ဂလန်၊ ဒိန်းမတ်၊ နော်ဝေနိုင်ငံနှင့် ဆို့ဒင်နိုင်ငံတို့ ပူးပေါင်းထည့်ဝင်သည့် ဒေါ်လာ ၁၆ ဒသမ ၃ သန်းတန် စီမံကိန်းဖြစ်သည်။

၁၉၇၇ ခုနှစ်အတွင်း ပထမဆုံးကြယ်ပေါက်ကွဲခြင်းကို ဖေဖော်ဝါရီလ ၂၃ ရက်နေ့ နံနက်တွင် ချီလီနိုင်ငံမှ နက္ခတ္တဗေဒ ပညာရှင် အီယန် ရှယ်လတန်က ဦးစွာ မြင်တွေ့ခဲ့ပြီး နောက်နေ့တွင် အခြား နက္ခတ္တဗေဒ ပညာရှင်တို့က အတည်ပြုခဲ့ကြသည်။

ထစ်နာရီလျှင်မိုင်ပေါင်း ၃၆ သန်းနှုန်းဖြင့် ပေါက်ကွဲလွင့်စဉ်ထွက်နေသော စူပါနိုဗာကြယ် ပေါက်ကွဲခြင်းကို နက္ခတ္တဗေဒ လေ့လာရေးစခန်းပေါင်း ၁၅၀ က လေ့လာစူးစမ်းခဲ့ကြသည်။ ဂျပန်နိုင်ငံမှ သိပ္ပံပညာရှင်တို့က ယင်းကြယ်ပေါက်ကွဲရာမှ ဖြာထွက်သော နျူထရွန်များကို တွေ့ရှိကြောင်း အတည် ပြုကြေညာသည်။ နျူထရွန် ဖြာထွက်ခြင်းကို ပထမဦးဆုံးအကြိမ် လက်တွေ့စူးစမ်း လေ့လာနိုင်ခြင်းဖြစ်သည်။ ဗွိုင်ယေဂျာ– ၂ အာကာသ ယာဉ်သည် လမ်းကြောင်း ပြောင်းလဲခဲ့ပြီး ခရမ်းလွန် ရောင်ခြည်အလင်းတိုင်း ကိရိယာနှစ်ခုဖြင့် ကြယ်ပေါက်ကွဲခြင်းကို စူးစမ်းလေ့လာသည်။ ၁၉၈၀ ပြည့်နှစ် ဖေဖော်ဝါရီလ၁၄ ရက်နေ့က လှတ်တင်ထားသော ဆိုလာမက်စ်ဂြိုဟ်တုကလည်း ကြယ်ပေါက်ကွဲခြင်းမှ ဂမ္မာရောင်ခြည် ဖြာထွက်မှုကို စူးစမ်းလေ့လာသည်။ (စူပါနိုဗာ--၌။)

ဦးဘသောင်း

အာဖရိက။ ။အာဖရိကဒေသတွင် နိုင်ငံရေး၊ ပြည်တွင်းရေးနှင့် အပြည်ပြည်ဆိုင်ရာဆက်ဆံရေးနယ်ပယ် အသီးသီး၌ ၁၉၀၆ ခုနှစ်နှင့် ၁၉၀၇ ခုနှစ်အတွင်းမှတ်တမ်းတင်ထိုက်သော ဖြစ်ရပ်များပေါ် ပေါက်ခဲ့သည်။

အီသီအိုးပီးယားနိုင်ငံ

အီသီအိုးပီးယားနိုင်ငံတွင် ဒုတိယဗိုလ်မှူးကြီး မင်္ဂျစ်စတူ ဟေလီမာရီယမ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင် ၁၃၁ ဦး ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ကော်မတီသည် အီသီအိုးပီးယား ပြည်သူ ဒီမိုကရက်တစ်သမ္မတနိုင်ငံ (ပီဒီအာအီး) တည်ထောင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ၁၉၀၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ထုတ်ပြန်သည်။ ယင်းဥပဒေသစ်ကို အမျိုးသားလွှတ်တော် (ရှင်ဂို) က ၁၉၀၇ ခုနှစ် စက်တင်ဘာလ ၁၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းလိုက်ရာ ၁၉၇၄ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့မှ အစပြု ခဲ့သော စစ်အုပ်ချုပ်ရေးသည် အဆုံးသတ်သွားခဲ့သည်။ တပ်မတော်မှအနားယူလိုက်သော မင်္ဂျင်စတူကို သမ္မတ လောင်းအဖြစ် အမည်စာရင်းတင်သွင်းရာ လှတ်တော်ကိုယ်စားလှယ် ၁၁၃ ဦးက တညီတညွတ်တည်း ထောက်ခံလိုက်ကြသဖြင့် မင်္ဂျင်စတူသည် အီသီအိုးပီးယား နိုင်ငံ၏ ပထမဦးဆုံးသော အရပ်သားသမ္မတဖြစ်လာသည်။

ဆွာဇီလန်နိုင်ငံ

အိမ်ရှေမင်းသား မခိုဆင်ဗီလို (မခိုဆေတီဗီ) သည် ၁၉၀၆ ခုနှစ် ဧပြီလ ၂၅ ရက်နေ့တွင် တတိယမြောက် မဆွာတီမင်း ဘွဲ့မည်ခံလျက် နန်းတက်သည်။ ၁၉၆၀ ခုနှစ် ဧပြီလတွင် ဖွားမြင်ခဲ့သူဖြစ်၍ အသက် ၂၁ နှစ် ပြည့်မည့် ၁၉၈၉ ခုနှစ်မှ နန်းတက်ရန်ရှိသော်လည်း ရင်ခွင်ပိုက် ဘုရင်မကြီး အင်တွမ်ဘီက မိမိ၏လုပ်ပိုင်ခွင့် အာဏာကို ဥပဒေနှင့်ညီညွတ်စေရန် သုံးနှစ်စော၍ နန်းတက်စေခဲ့ခြင်း ဖြစ်သည်ဟုဆိုသည်။ ၁၉၇၃ ခုနှစ် ဩဂုတ်လက ဖွဲ့တ်ချခံခဲ့ရသော ရင်ခွင်ပိုက်ဘုရင်မကြီး ဇယ်လီဝေအားသာလျှင် ဘုရင်ကြီး ဆိုဘူဇာကတရားဝင် လုပ်ပိုင်ခွင့် အပ်နှင်းထားခဲ့သည်ဖြစ်၍ အင်တွမ်ဘီသည် ဆွာဇီဓလေ့ထုံးစံ ရှေးရိုးစဉ်လာတို့နှင့် သွေဖည်ရာရောက်နေခဲ့သည်ဟု ဆိုသည်။ (စွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၄–



ကမ္ဘာ့ပေါ်တွင်နှစ်စဆဲ အသက်အငယ်ဆုံး ရှင်ဘုရင်ဖြစ်သည့် ဆွာဇီလန်နိုင်ငံ၏ တတိယမြောက် မဆွာတီမင်း

စာ၊ ၁၇၁—ရှု။) အင်တွမ်ဘီကိုတင်မြောက်ခဲ့သည့် ဖြစ်ရပ်တွင် အဓိကအခန်းမှ ပါဝင်လှုပ်ရှားခဲ့သူ လီကိုကို (နိုင်ငံတော်ကောင်စီဉက္ကဋ္ဌ) အဖွဲ့ဝင် အမ်ပနစီဘီလီဒလာမီနီကို တတိယမြောက် မဆွာတီမင်းက နိုင်ငံတော်ပုန်ကန်မှုဖြင့် ထောင်ဒဏ် ခုနစ်နှစ် အပြစ်ပေးခဲ့သည်။ ၁၉၀၆ ခုနှစ် မေလ ၂၇ ရက်နေ့တွင် လီကိုကိုကောင်စီကို လုံးဝဖျက်သိမ်းခဲ့သည်။

ဆူဒန်နိုင်ငံ

ဆူဒန်နိုင်ငံတွင် ၁၉၀၅ ခုနှစ် ဧပြီလတွင် သမ္မတ ဂျဖား မိုဟာမက် အယ်နီမေရီကို ဖြုတ်ချခဲ့ပြီး ယာယီစစ်အုပ်ချုပ်ရေး ကာလ တစ်နှစ်တင်းတင်းပြည့်မြောက်သည့် ၁၉၀၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၂ ရက်နေ့အထိ အထွေထွေရွေးကောက်ပွဲကျင်းပသည်။ (စွယ်စုံကျမ်းနှစ်ချုပ် ၁၉၀၆–စာ၊ ၃၂၅—ရှု။) ၁၉၆၀ ခုနှစ် ဧပြီလက ကျင်းပခဲ့သော ရွေးကောက်ပွဲ၏ နောက်ပိုင်းတွင် ပထမဦးဆုံးသောပါတီစုံ ရွေးကောက်ပွဲဖြစ်သည်။ ၁၉၆၉ ခုနှစ် မေလက နီမေရီ အာဏာသိမ်းခဲ့ပြီးနောက် ပိတ်ပင်ခံခဲ့ရဖူးသည့် ဝါရင့်နိုင်ငံရေး ပါတီများသည် ယင်းရွေးကောက်ပွဲတွင် နေရာအများဆုံး အနိုင်ရရှိသည်။ နိုင်ငံရေးပါတီ ၄၀ ကျော် ပါဝင် ယှဉ်ပြိုင်ကြသည့်အနက် အွမ်မာ (ပြည်သူ) ပါတီ (ယူပီ) က ၉၉ နေရာ၊ ဒီမိုကရက်တစ် သမဂ္ဂဝါဒီပါတီ (ဒီယူပီ) က ၆၃ နေရာ၊ အမျိုးသားအစွမ်းမွှေတပ်ဦးက ၅၁ နေရာနှင့် အခြားပါတီငယ်များက ၅၁ နေရာအနိုင်ရရှိသည်။ ၁၉၀၆ ခုနှစ် မေလ ၆ ရက်နေ့တွင် ယာယီ

စစ်ကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်ကြီး အဗ္ဗဒယ် ရာမန် ဆွာရက် ဒါဟက်က အရပ်သားအစိုးရအဖွဲ့သို့ အာဏာလွှဲပြောင်းခဲ့သည်။ ခတ်ဗီယာ မူဆလင်ဘာသာရေးဂိုဏ်း ခေါင်းဆောင် လည်းဖြစ်၍ သမ္မတဟောင်းနီမေရီ၏ ဆူဒန် ဆိုရှယ်လစ်သမဂ္ဂ (အက်စ် အက်စ် ယူ) အဖွဲ့ဝင်လည်း ဖြစ်ဖူးသော အာမက် အယ်မာဂါနီ (ဒီယူပီ) က ဉက္ကဋ္ဌ အဖြစ် တာဝန်ယူသော ကောင်စီချုပ်ကို ဖွဲ့စည်းသည်။ ၁၉၇၉ ခုနှစ်တွင် လစ်ဗျ၏အား ပေးမှုဖြင့် နီမေရီကို ဖြုတ်ချရန် ကြိုးပမ်းမှုဌ် ပါဝင်သည်ဟုဆိုကာ မျက်ကွယ်တရား စီရင်၍ သေဒဏ်အပြစ်ပေးခံခဲ့ရဖူးသော ဒေါက်တာ ဆာဒစ်အယ်မာဒိက ဝန်ကြီးချုပ်ဖြစ်လာသည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလက အစ္စလာမ်တရားစီရင်ရေးစနစ် စတင်ပြဋ္ဌာန်းသည့်အခါ အယ်မာဒီသည် ဆန့်ကျင်ဆန္ဒ ပြပွဲများကို လှုံ့ဆော်ဦးဆောင်ခဲ့သည်။ ထို့နောက် ၁၉၇၇ ခုနှစ် မတ်လတွင် ပြည်သူပါတီခေါင်းဆောင် ဖြစ်လာပြီး နောက် ရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ယူဂန်းဒါးနိုင်ငံ

ယူဂန်းဒါးနိုင်ငံတွင် နိုင်ငံအကြီးအကဲ ဗိုလ်ချုပ်ကြီး တီတို အိုကဲလိုနှင့် အမျိုးသား ခုခံရေး တပ်မတော် (အင်အာအေ) ၏ ခေါင်းဆောင် ယိုဝေရီ မူဆေဗီနီတို့သည်ပြည်တွင်းစစ်အဆုံးသတ်ရေးနှင့်အနာဂတ်တစ်ချိန်ချိန်တွင် ရွေးကောက်ပွဲကျင်းပရေးတို့ကို ဦးတည်သော အာဏာ ခွဲဝေကျင့်သုံးရေး သဘောတူစာချုပ်ကို ၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့တွင်လက်မှတ်ရေးထိုးလိုက်ကြသည်။ ကင်ညာနိုင်ငံသမ္မတ အာရပ်မို့၏ ကြားဝင် စေ့စပ်ညှိနှိုင်းပေးမှုကြောင့် ယင်းစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ (စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၆–စာ၊ ၃၂၄—ရှု။) သို့ရာတွင် ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အင်အာအေက ထိုးစစ်ဆင်တိုက်ခိုက်ပြီး ကမ်ပါလာမြို့တော်ကို သိမ်းပိုက်ခဲ့သဖြင့် ဗိုလ်ချုပ်ကြီး တီတိုအိုကဲလိုသည် ဆူဒန်နိုင်ငံသို့ ထွက်ပြေးသွားရသည်။ မူဆေဗီနီသည် သမ္မတသစ်အဖြစ် ထိုလ ၂၉ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ မူဆေဗီနီသည် သမ္မတ အီဒီအာမင်ကို ၁၉၇၉ ခုနှစ်တွင် ဖြုတ်ချခဲ့သည့် အမျိုးသားကယ်တင်ရေး ပြောက်ကျားတပ်ဦး (ဖရိုနာဆာ) ကို ဦးဆောင်ဖွဲ့စည်းခဲ့သူ ဖြစ်သည်။ သမ္မတယူဆွတ် လူလေနှင့် သမ္မတ ဗီနေဆာတို့၏ အစိုးရအဖွဲ့အသီးသီးတွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ဖူးသည်။ ၁၉၈၀ ပြည့်နှစ်တွင် သမ္မတ ဗီနေဆာကို ဖြုတ်ချရာတွင်လည်း ပါဝင်ခဲ့သည်။ ၁၉၈၈ ပြည့်နှစ် ဒီဇင်ဘာလ ရွေးကောက်



တျူးနစ်ဇီးယားနိုင်ငံ သမ္မတ ဟာဘစ်
ဗိုက်ဗာနှင့် အာဏာသိမ်းသူ ဝန်ကြီးချုပ် ဘင်အလီ
(အတွင်းပုံ)

ပဲ့တင် ဒေါက်တာ အိုဘိုတေ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရပြီးနောက် မူဆေဗီနီသည် အင်အာအေကို ပဲ့စည်းကာ အိုဘိုတေအစိုးရ ပြုတ်ကျရေးအတွက် ပြောက်ကျားစစ် ဆင်နွှဲလာခဲ့ခြင်း ဖြစ်သည်။

တျူးနစ်ဇီးယားနိုင်ငံ

တျူးနစ်ဇီးယားနိုင်ငံတွင် အာဏာရဆိုရှယ်လစ် ဒက်စတိုးရီးယန်းပါတီ (ပီအက်စ်ဒီ) ၏ ၁၂ ကြိမ်မြောက် ညီလာခံတွင် သမ္မတ ဟာဘစ် ဗိုက်ဗာက အဖွင့်မိန့်ခွန်းပြောကြားစဉ် ဝန်ကြီးချုပ် မိုဟာမက် မဇလီကို မိမိ၏ အရိုက် အရာကို ဆက်ခံမည့်သူ အဖြစ် ရည်ညွှန်းကာ ချီးကျူးစကား ပြောကြားခဲ့သည်။ သို့ရာတွင် သမ္မတ ဗိုက်ဗာသည် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ၂၀ ကို ညီလာခံက ရွေးချယ် တင်မြှောက်စေခြင်း မပြုဘဲ မိမိသဘောကျ ခန့်ထားလိုက်ရာ ယင်းစာရင်းတွင် မဇလီ မပါလာတော့ချေ။ ထို့ကြောင့် မဇလီသည် ၁၉၈၆ ခုနှစ် ဇူလိုင်လ ဂ ရက်နေ့တွင် ဝန်ကြီးချုပ် ရာထူးမှလည်း နုတ်ထွက်လိုက်ရသည်။ ၁၉၈၀ ပြည့်နှစ်မှစ၍ ဝန်ကြီးချုပ်ဖြစ်လာခဲ့သော မဇလီသည် အတိုက်အခံလှုပ်ရှားမှုကို အတန်အသင့် ခွင့်ပြုလိုသော အလယ်အလတ် ဝါဒီအဖြစ် ဝေဖန် ခံရလေ့ရှိသည်။ တင်းကျပ်သည့် စီးပွားရေးခြိုးခြံချေတာမှု အစီအစဉ် ပြဋ္ဌာန်းရန် အစိုးရအဖွဲ့ဝင်တချို့က တောင်းဆိုနေသည်ကို လိုက်လျောခြင်းမပြုဘဲ နေသည်။ ပညာရေး နယ်ပယ်တွင်လည်း ကျောင်းများနှင့် တက္ကသိုလ်များ၌ ပြင်သစ်စကားထက် အာရပ်ဘာသာစကားကို အားပေးလိုသည်။ ၁၉၇၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ မဇလီကို ထောက်ခံသူများသည် အစိုးရရာထူးများမှ အဆက်မပြတ် ထုတ်ပယ်ခံနေခဲ့ရသဖြင့် မဇလီ၏ ဩဇာသည် အားနည်းလာပြီးနောက် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်အထိ ဖြစ်ခဲ့ရသည်။

ဝန်ကြီးချုပ်သစ်အဖြစ် ဘဏ္ဍာရေးဝန်ကြီး ရာရှစ် ဘဖာကို ခန့်အပ်သည်။ ဆဖာသည် ၁၉၇၇ ခုနှစ်တွင် စက်မှု၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဖြစ်လာပြီး ၁၉၈၆ ခုနှစ် ဧပြီလက ဘဏ္ဍာရေးဝန်ကြီး ဖြစ်လာကာ ဇွန်လတွင် စီးပွားရေးပြုပြင် ပြောင်းလဲရေး ချမှတ်သောအခါ အရေးပါသောကဏ္ဍမှ ပါဝင်ခဲ့သည်။

သမ္မတဗိုက်ဗာသည် ၁၉၈၇ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ဆဖာကိုဖယ်ရှား၍ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဇိုင် အယ် အဗိုင်ဒင်းဘင်အလီအား ဝန်ကြီးချုပ်သစ်အဖြစ် တာဝန်ပေးသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအရ ဝန်ကြီးချုပ်သည် ဗိုက်ဗာအား ဆက်ခံရန် လျာထားခြင်းခံရသူဖြစ်သည်။ ပြင်သစ်ကိုလိုနီအဖြစ်မှ လွတ်လပ်လာသည့်

၁၉၂၆ ခုနှစ်ကတည်းက နိုင်ငံကိုဦးဆောင်လာခဲ့၍ ခေတ်သစ် တျူးနစ်ဇီးယားနိုင်ငံ၏ ဖခင်ဖြစ်သည့် အသက် ၈၄ နှစ်ရှိ သမ္မတ ဗိုက်ဗာသည် တာဝန်ကို ကျေပွန်စွာမထမ်းဆောင် နိုင်တော့သဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဝန်ကြီးချုပ် ဘင်အလီ တာဝန်လွှဲပြောင်းယူလိုက်ပြီဟူ၍ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကြေညာချက်ပေါ်လာခဲ့သည်။ ဝန်ကြီးချုပ် ဘင်အလီက သမ္မတအဖြစ် တာဝန်ယူ၍ ဝန်ကြီးချုပ်သစ်အဖြစ် ဟဒီ ဘက်ကိုရွေးအား ခန့်အပ်လိုက်သည်။

ဆိုမာလီယာနိုင်ငံ

ဆိုမာလီယာနိုင်ငံတွင် ၁၉၆၉ ခုနှစ် နောက်ပိုင်း၌ ပထမဦးဆုံးသော ဝန်ကြီးချုပ်အဖြစ် ကာကွယ်ရေးဝန်ကြီးဟောင်း မိုဟာမက် အလီ ဆမန်တာက တာဝန်ယူ၍ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းသည်။ ဆိုမာလီစစ်တပ်တွင် ရာထူးအမြင့်ဆုံးဖြစ်သော ဒုတိယ ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည့် ဆမန်တာသည် သမ္မတ မိုဟာမက်ဆီအတ်ဘာရီ(၆၇ နှစ်)၏ မာရိယန် လူမျိုးနွယ်စုဝင်မဟုတ်သည့်အစိုးရထိပ်တန်းအရာရှိကြီး အနည်းငယ်အနက် တစ်ဦးအပါအဝင် ဖြစ်သည်။ ဆီအတ်ဘာရီသည် ၁၉၆၉ ခုနှစ်တွင် စစ်တပ်ဖြင့် အာဏာသိမ်းခဲ့စဉ်ကစ၍ ဝန်ကြီးချုပ်ရာထူးကို ဖျက်သိမ်းထားခဲ့ခြင်းဖြစ်သည်။ ဆီအတ်ဘာရီသည် ၁၉၇၆ ခုနှစ် မေလတွင် မော်တော်ယာဉ်ထိခိုက်မှုကြောင့် ဒဏ်ရာပြင်းထန်စွာ ဒဏ်ရာရခဲ့ပြီးနောက် ဒီဇင်ဘာလတွင် နောက်ထပ် ခုနစ်နှစ်သက်တမ်းအတွက် အတိုက်အခံယှဉ်ပြိုင်သူ မရှိဘဲ ပြန်လည်ရွေးချယ် တင်မြှောက်ခံထားရသည်။

ဇိုင်ယာနိုင်ငံ

သမ္မတမိုဘူတူ ဆီဆေ ဆီကိုသည် ၁၉၆၇ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်နေ့တွင် အစိုးရအဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းရာ ဝန်ကြီးချုပ်အသစ်နှင့် နိုင်ငံခြားရေး ဝန်ကြီးအသစ်ခန့်အပ်သည်။ အာဏာရ ပေါ်ပြူလာတော်လှန်ရေးလှုပ်ရှားမှု ပါတီ ဗဟိုကော်မတီဝင် ပါမောက္ခ မာဘီမူလင်းဘာအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။ မာဘီသည် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဖြစ်သည်။ ဗဲလဂျီယံနိုင်ငံဆိုင်ရာ ဇိုင်ယာသံအမတ်ကြီး အီကီလာဂီယွန်ဒါအား နိုင်ငံခြားရေးနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဝန်ကြီးအဖြစ် တာဝန်ပေးသည်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် လက်တွဲလျက် လေးနှစ်တာမျှ အကောင်အထည် ဖော်သည့် ငွေကြေးခြိုးခြံချွေတာရေး မူဝါဒကို အာဏာရပါတီ ဗဟိုကော်မတီက ၁၉၇၆ ခုနှစ် အောက်တိုဘာလတွင် ပယ်ဖျက်လိုက်သည့် အချိန်မှစ၍ မိုဘူတူက ဝန်ကြီးချုပ် ကင်ဂိုဝါဒွန်ဒိုထံမှ တာဝန်လွှဲပြောင်းယူကာ ယာယီတွဲဖက် ထမ်းဆောင်ထားခဲ့သည်။ ကင်ဂိုသည် နိုင်ငံခြားရေးဝန်ကြီးတာဝန်ကိုယူထားခဲ့ပြီးနောက် စာရင်းအင်းအဖွဲ့ဥက္ကဋ္ဌအဖြစ် ပြောင်းရွှေ့ဆောင်ရွက်ခဲ့သည်။

ကိုဒီအိုင်ဗိုရေးနိုင်ငံ

အိုင်ဗရီကိုစ်နိုင်ငံ၏ မူလအမည်ကို ပြင်သစ်ဘာသာဖြင့် ပြန်ဆို၍ ကိုဒီအိုင်ဗိုရေး (Cote d' Ivoire) ဟု ခေါ်တွင်ရန် ၁၉၈၅ ခုနှစ် အောက်တိုဘာလက အာဏာရ ဒီမိုကရက်တစ်ပါတီ အင်္ဂမအကြိမ်မြောက် ညီလာခံတွင် ဆုံးဖြတ်ခဲ့သည်။ ယင်းအမည်ကိုပင် တစ်ခုတည်းသော အမည်အဖြစ် သုံးစွဲသွားမည်ဖြစ်၍ အခြားဘာသာစကားများဖြင့် ဘာသာပြန်ဆို သုံးနှုန်းခြင်းမပြုရန် နိုဝင်ဘာလတွင် အစိုးရက ကုလသမဂ္ဂအား မေတ္တာရပ်ခံခဲ့သည်။ သို့ဖြင့် ကုလသမဂ္ဂရုံးကိစ္စ အရပ်ရပ်တွင် သီးသန့်အမည်သစ်အဖြစ်လက်ခံသုံးစွဲသွားရန် ကုလသမဂ္ဂကဆုံးဖြတ်ပေးခဲ့သည်။ အင်္ဂလိပ်ဘာသာဖြင့် (Ivory Coast) အိုင်ဗရီကို ဟုတစ်မျိုး၊ စပိန်ဘာသာဖြင့် (Costa de Marfil) ကိုစတာ ဒီ မာဖီ ဟု တစ်ဖုံ သုံးစွဲနေကြခြင်းကြောင့် အခြားဘာသာစကား အမျိုးမျိုးဖြင့် ပြန်ဆို ခေါ်ဝေါ်နေကြခြင်းသည် နိုင်ငံတကာ အစည်းအဝေးကြီးများတွင် ၎င်းနိုင်ငံ၏ ကိုယ်စားလှယ်များအတွက် နေရာသတ်မှတ်ချက် အမျိုးမျိုးဖြစ်စေသည့်ပြင် စီမံခန့်ခွဲမှုဆိုင်ရာအခက်အခဲများ ကြုံတွေ့စေသည် ဟုဆိုသည်။ ပြင်သစ်နယ်ချဲ့သမားများက ယင်းဒေသ၌ အကွဲကွဲအပြားပြား ရှိနေသော လူမျိုးနွယ် အုပ်စုများ၏ အမည်တစ်ခုခုကို အစွဲပြု၍ ခေါ်ဝေါ်ခြင်း မပြုလိုသောကြောင့် ပြင်သစ်စကားဖြင့် ကိုဒီအိုင်ဗိုရေးဟု လွှတ်လပ်ရေး မပေးမီကပင် ခေါ်ဝေါ် သုံးစွဲထားခဲ့သည်။ ယင်းနိုင်ငံတွင်အာဖရိကဘာသာစကားအများအပြားကိုသုံးနှုန်းပြောဆိုသော်လည်း တရားဝင် ရုံးသုံးဘာသာစကားမှာ ပြင်သစ်စကား ဖြစ်သည်။

ကမ္ဘရွန်းနိုင်ငံ

ကမ္ဘရွန်းနိုင်ငံတွင် ၁၉၈၆ ခုနှစ် ဩဂုတ်လ ၂၁ ရက်နေ့က နိုယို့စ်အမည်ရှိ မီးတောင်ဝရေအိုင်ဝန်းကျင်၌ မြေငလျင်လှုပ်ပြီးနောက် အဆိပ်ခတ်ငွေ့များ ထွက်လာခဲ့၍ လူပေါင်း ၁,၇၄၆ ယောက် သေဆုံးခဲ့သည်။ (စွယ်စုံနှစ်ချုပ်–၁၉၈၇၊ စာ—၁၃၀ ရှု။) ယင်းဖြစ်ရပ်ကို စုံစမ်းစစ်ဆေးခဲ့သော အမေရိကန်အဖွဲ့က နိုယို့စ်ရေအိုင်သည် ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် ပြည့်ဝနေ၍ ဆိုဒါပုလင်းကို

လူပ်ခါလိုက် သကဲ့သို့ ပေါက် ထွက် ခဲ့ ခြင်း ဖြစ် မည် ဟု မှတ်ချက်ချခဲ့သည်။ ယင်းရေအိုင်မှ ဓာတ်ငွေ့ ကုဗကိုက် ပေါင်း သန်း ၁,၃၀၀ ခန့် ထွက်ခဲ့ကြောင်း၊ ပေါက်ကွဲမှု ကြောင့် ပေ ၂၅၀ အမြင့်ရှိသော လှိုင်းလုံးကြီးတစ်လုံး ရိုက်ခတ်ခဲ့ကြောင်း၊ လေထက်လေးသော အဆိပ်ဓာတ် ငွေ့တို့သည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ ထိ အမြန် နှုန်းဖြင့် ပျံ့နှံ့ခဲ့ကြောင်းဖြင့် ၁၉၀၇ ခုနှစ် ဖေဖော်ဝါရီလ တွင် လေ့လာတင်ပြသည်။

အလယ်ပိုင်းအာဖရိကနိုင်ငံတွင် တရားစီရင်ခံနေရသော ဗိုကက် ဆာ(အပေါ်ပုံ) သည် ၁၉၇၇ ခုနှစ်က ၁၈ ကာရက်ရွှေ ငါးတန် ဖြင့်ပြုလုပ်ထားသော ပလ္လင်ထက်တွင် စည်းစိမ်ခံစားခဲ့ဖူးသည်



အလယ်ပိုင်းအာဖရိကနိုင်ငံ

အလယ်ပိုင်းအာဖရိက သမ္မတနိုင်ငံတွင် ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ၁၉၇၉ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ထိ စိုးမိုးခဲ့သော ဂျင်းဗက်ဒဲဗိုကက်ဆာသည် ပြည်ပြေးဖြစ်နေခဲ့ရာမှ ၁၉၆၆ ခုနှစ် အောက်တိုဘာလ တွင် တိုင်းပြည်သို့ပြန်လာသည်။ ၁၉၇၆ ခုနှစ်တွင် အစွ လာမ်ဘာသာဝင် အဖြစ် ပြောင်းလဲ၍ မိမိအမည်ကို ဆာလာ အက်ဒင်အာမက် ဗိုကက်ဆာဟု ပြောင်းလဲခဲ့ သည့်ပြင် နိုင်ငံကိုလည်း အလယ်ပိုင်းအာဖရိက ကေရာင် နိုင်ငံဟု ပြောင်းလဲစေကာ ပထမမြောက်ကေရာင်ဗိုကက် ဆာအဖြစ် နန်းသိမ်းသဘင်ဆင်ယင်ခဲ့သူဖြစ်သည်။ ဇနီး သုံးဦးအနက် တစ်ဦးပိုင်ဆိုင်ထားသောဆိုင်မှ စျေးနှုန်း ကြီးမြင့်လှသည့် ကျောင်းဝတ်စုံကို ဝယ်ယူဝတ်ဆင်ကြရ မည်ဟု ကျောင်းများကို အမိန့်ထုတ်ခဲ့ခြင်းကြောင့် ၁၉၇၉ ခုနှစ် ဇန်နဝါရီလနှင့် ဧပြီလတို့တွင် ကျောင်းသားများက ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသော ကျောင်းသား ၁၀၀ အသတ်ခံခဲ့ရသည်။ နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ဖွဲ့က ယင်းကျောင်းသားများအနက် ၃၅ ဦးသည် ဗိုကက်ဆာ၏လက်ချက်နှင့် သေဆုံးခဲ့ရ သည်ဟု ဖော်ထုတ် တင်ပြခဲ့သည်။ ထို့နောက် သမ္မတဟောင်း ဒေးဗစ်ဒက်ကို က ပြင်သစ်၏စစ်ရေးအကူအညီဖြင့် အာဏာသိမ်းယူကာ ဗိုကက်ဆာကို ဖြုတ်ချခဲ့သည်။ အာဏာသိမ်းပွဲ ဖြစ်ပွား ချိန်၌ လစ်ဗျတွင်ရောက်နေသော ဗိုကက်ဆာသည် ပြည် ပြေးအဖြစ် ခုနစ်နှစ်ကြာမျှ ကျင်လည်နေခဲ့ရာမှ ပြန်လာ ခဲ့ခြင်း ဖြစ်သည်။ ၁၉၈၀ ပြည့်နှစ်က မျက်ကွယ်တရား စီရင်၍ သေဒဏ်ချမှတ်ထားခြင်းခံရသော ဗိုကက်ဆာ သည် အလယ်ပိုင်းအာဖရိက နိုင်ငံ၏ ဥပဒေအရပြန်လည် တရားစစ်ဆေးခံပိုင်ခွင့် ရှိသဖြင့် တရားရုံးတွင် မိမိကို စွပ်စွဲထားသော အစုလိုက်အပြုံလိုက် လူသတ်မှု၊ လူသား စားမှု၊ နိုင်ငံပိုင်ရန်ပုံငွေများကို အလွဲသုံးစားမှုတို့ အပါ အဝင် စွဲချက် ၁၇ ခုသည် မမှန်ကန်ကြောင်းဖြင့် လျှောက် လဲကာ စစ်ဆေးခံသည်။ ၁၉၇၉ ခုနှစ်က မိမိကို ဖြုတ်ချ ရန် ပြင်သစ်သမ္မတ ဂျစ်စကတ် ဒက်စတိုင်းက အခြေ အမြစ်မရှိသော သတင်းစကား ဖြင့် ထိုး နှက် ခဲ့ ခြင်း ဖြစ်သည်ဟူ၍ထုချသည်။ သို့ရာတွင် တရားရုံးက ဗိုကက် ဆာအား အတိုက်အခံပုဂ္ဂိုလ် ၂၀ ကျော် သတ်ဖြတ်ခဲ့မှု ကို ကျူးလွန်ကြောင်းထင်ရှား၍ ၁၉၈၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် သေဒဏ်ချမှတ်သည်။

ဘော်ကီနာဖတ်ဆိုနိုင်ငံ

ဘော်ကီနာဖတ်ဆိုနိုင်ငံတွင် ၁၉၈၇ ခုနှစ် အောက် တိုဘာလ ၁၅ ရက်နေ့က အာဏာသိမ်းပွဲ ဖြစ်ပွားရာ

သမ္မတ သောမတ် ဆန်ကာရာနှင့် ၎င်း၏အရင်းနှီးဆုံး အကြံပေးပုဂ္ဂိုလ် ၁၂ ဦးတို့ အပါအဝင် လူ ၁၀၀ ခန့် သေဆုံးသည်။ လေထီးတပ်ဗိုလ်ကြီး ဆန်ကာရာသည် ၁၉၇၃ ခုနှစ်တွင် အာဏာသိမ်းယူခဲ့ပြီးနောက် လေးဦးအဖွဲ့ဖြင့် အုပ်ချုပ်လာခဲ့ရာ ဒုတိယအာဏာအရှိဆုံးပုဂ္ဂိုလ် ဗိုလ်ကြီးဘလေစီကွန်ပါအိုက ကျန်နှစ်ဦးဖြစ်သော ဗိုလ်ကြီး ဟင်နရီ ဇွန် ဂိုနှင့် ဗိုလ်မှူး ဂျင်း–ဘက်ပတစ် ဘိုကာရီ လင်ဂါရီတို့၏ ထောက်ခံမှုဖြင့် ဆန်ကာရာကို ဖြုတ်ချရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။ အာဏာရ အမျိုးသား တော်လှန်ရေး ကောင်စီ (အင် စီ အာ) ကို ဖျက်သိမ်းလိုက်ပြီး ပေါ်ပြူလာတပ်ဦးအမည်ရှိ ပါတီအသစ်ကို ဖွဲ့စည်းလိုက်သည်။ ၁၉၇၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် အဖွဲဝင် ၂၅ ဦး ပါဝင်သော အစိုးရအဖွဲသစ်ကို ဖွဲ့စည်းပြီး ဗိုလ်ကြီးကွန်ပါအိုက နိုင်ငံတော်အကြီးအကဲ အဖြစ် တာဝန်ယူလိုက်သည်။ ဗိုလ်ကြီးဇွန်ဂိုက စီးပွားရေး ထုတ်လုပ်မှုဝန်ကြီးအဖြစ်လည်းကောင်း၊ ဗိုလ်မှူးလင်ဂါရီက ပြည်သူ့ကာကွယ်ရေး ဝန်ကြီးအဖြစ်လည်းကောင်း **ဆန်ကာရာ၏** အစိုးရအဖွဲတွင် ယူခဲ့သည့်ရာထူးအတိုင်း ဆက်လက်ဆောင်ရွက်ကြသည်။

ပူရွန်ဒီနိုင်ငံ

ပူရွန်ဒီနိုင်ငံသမ္မတ ဗိုလ်မှူးကြီးဂျင်းဘက်ပတစ်ဘာဂါဇာသည် ကနေဒါနိုင်ငံ၌ ကျင်းပသော ပြင်သစ်စကားပြော နိုင်ငံများ၏ ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်နေစဉ် ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့ကရာထူးမှ ဖြုတ်ချခြင်း ခံရသည်။ ဟူတူလူမျိုးစုတို့က လူများစုဖြစ်သော်လည်း တွတ်ဆီလူမျိုးစုက ကြီးစိုးလျက်ရှိသည့် ပူရွန်ဒီနိုင်ငံတွင် ဘာဂါဇာက လူမျိုးစုနှစ်စုအကြား ပဋိပက္ခများ ပြေငြိမ်းစေရန် ကြိုးပမ်းနေစဉ်ဖြုတ်ချခံရသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်မှစ၍ ဘာဂါဇာအစိုးရနှင့် ရိုမန်ကက်သလစ် ကျောင်းတော်တို့အကြား တင်းမာမှု ပေါ်ပေါက်ကာ ဘာဂါဇာက နိုင်ငံခြားသာသနာပြုအများစုကို ပိတ်ပင်ခဲ့သည့်ပြင် ဘာသာရေးအုပ်စုအများအပြားနှင့် လှုပ်ရှား မှုအ လုံး စုံ ကို တားမြစ်ခဲ့သည်။ အာဏာသိမ်း ခေါင်းဆောင်သစ်သည် ဗိုလ်မှူး ပီယာ ဘူယိုယာဖြစ်ပြီး အမျိုးသား ပြန် လည် ကယ် တင်ရေး စစ်ကောင်စီကို သမ္မတအဖြစ် ဦး ဆောင် သွား မည်ဟု ဆိုသည်။

ဇင်ဗာဗွေနိုင်ငံ

ဇင်ဗာဗွေနိုင်ငံတွင် ၁၉၈၀ ပြည့်နှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြုပြင်လျက်ရှိရာ ၁၉၈၇ ခုနှစ် ဇွန်လက အထက်လွှတ်တော်ကို ဖျက်သိမ်း၍ တစ်ခုတည်းသောလွှတ်တော် အဖြစ် သတ်မှတ်ထားရှိလိုက်သည်။ တစ်ဖန်လူဖြူ ၁၀,၀၀၀ ကို ကိုယ်စားပြုသော ပါလီမန်အမတ်နေရာများ သတ်မှတ်ခွင့် ပြုထားခြင်းကို ဩဂုတ်လတွင် ဖျက်သိမ်းလိုက်သည်။ အာဏာအပြည့်အဝရှိသော သမ္မတရာထူးကိုထား ရှိ၍ ဝန်ကြီးချုပ်ရာထူးကို ပယ်ဖျက်ရန် စက်တင်ဘာလမှ စ၍ ဥပဒေကြမ်းပြုစုခဲ့ပြန်သည်။ အမည်ခံမျှသာဖြစ်သော သမ္မတရာထူး၏နေရာတွင် သက်တမ်း ခြောက်နှစ်အတွက် တိုက်ရိုက်ရွေးချယ်တင်မြှောက်ရမည့် အာဏာအပြည့်အဝ ရှိသော သမ္မတရာထူးဖြင့် အစားထိုးရန် စီစဉ်ခြင်းဖြစ်သည်။ လက်ရှိသမ္မတအဖြစ် ၁၉၈၀ ပြည့်နှစ်ကတည်းက ဆောင်ရွက်လာသော သမ္မတ ကာနန်း ဘနားနားကို ၁၉၇၇ ခုနှစ် ဒီဇင်ဘာလတွင် နုတ်ထွက်စေကာ ဝန်ကြီးချုပ် ရောဗတ် မူဂါဗီက သမ္မတရာထူးကို လှဲပြောင်းယူသည်။

အာလီယာ, ရာမီးဇ် (ခရစ် ၁၉၂၅–)။ ။အယ်လဘေးနီးယားနိုင်ငံ အလုပ်သမားပါတီ ပထမအတွင်းရေးမှူး အင်ဗာ ဟောဆာ၏ (စွယ်စုံနှစ်ချုပ် ၁၉၈၆ –စာ၊ ၂၉၈— ရှု။) တာဝန်ကို ဆက်ခံရယူခဲ့သည့် ရာမီးဇ်အာလီယာကို ၁၉၂၅ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် ရှကိုဒါမြို့၌ ဆင်းရဲသား မူဆလင် မိသားစုမှ မွေးဖွားခဲ့သည်။ ပထမမြောက် ဇော့ဘုရင် လက်ထက်တွင် မျိုးချစ်လူငယ်လှုပ်ရှားမှု၌ ပါဝင်ခဲ့သည်။ ဒုတိယ ကမ္ဘာစစ်အတွင်းတွင် အယ်လဘေးနီးယားနိုင်ငံကို အီတလီဖက်ဆစ် အာဏာရှင် မူဆိုလီနီက သိမ်းပိုက်သောအခါ အာလီယာသည် ဟောဆာ ဦးဆောင် ဖွဲ့စည်းသော အမျိုးသား လွတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ၌ ပါဝင်ခဲ့သည်။ ယင်းအဖွဲကို ကွပ်ကဲခဲ့သော အယ်လဘေးနီးယား ကွန်မြူနစ် ပါတီသည် ၁၉၄၈ ခုနှစ် နိုဝင်ဘာလတွင် အယ်လဘေးနီးယားအလုပ်သမားပါတီ ဖြစ်လာခဲ့သည်။ အာလီယာသည် ဒုတိယ ကမ္ဘာစစ် အပြီးတွင် ဆိုဗီယက် ပြည်ထောင်စု၌ သဘောတရား ရေးရာသင်တန်း တက် ရောက် ခဲ့ သည်။ ဟောဆာ၏ ယုံကြည်ကိုးစားမှုကို ခံရ၍ ၁၉၄၆ ခုနှစ်မှ ၁၉၅၅ ခုနှစ်အထိ အယ်လဘေးနီးယားလူငယ် အဖွဲ့အစည်းကို ဦးဆောင်ခဲ့ရသူဖြစ်သည်။ ၁၉၄၈ ခုနှစ်တွင် ပါတီဝါဒဖြန့်ခြိရေး ဌာနကြီး၌ အခိုက်အတန့်အားဖြင့် တာဝန်ထမ်းဆောင်ခဲ့ရသည်။ ထိုနှစ်တွင်ပင် ပါတီဗဟိုကော်မတီ သို့လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်တွင် ပြည်သူ့လွှတ်တော် သို့လည်းကောင်း ရွေးချယ်တင်မြှောက်ခံရသည်။ ၁၉၆၁ ခုနှစ်တွင် ပါတီအတွင်းရေးမှူးများအဖွဲ့ အဖွဲဝင်တစ်ဦး

အဖြစ်လည်းကောင်း၊ ပေါ်လစ်ဗျူရိုအဖွဲ့၏ အချိန်ပြည့် အဖွဲဝင်အဖြစ်လည်းကောင်း တာဝန်အပ်နှင်းခံရသည်။

အယ်လဘေးနီယားဝန်ကြီးချုပ်အဖြစ် ၁၉၅၄ ခုနှစ်မှ စ၍ တာဝန်ထမ်းဆောင်လာခဲ့သည်။ မေမက်ရှီဟူ ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့၌ မိမိကိုယ်ကို သတ်သေသွားကြောင်း သတင်းများထွက်ခဲ့ပြီး နောက်ပိုင်းတွင် အဒီ ကာကနိက ဝန်ကြီးချုပ် ဖြစ်လာပြီး အာလီယာက ဟာရှီလေရှီ၏ နေရာတွင် ပြည်သူလွှတ်တော် သဘာပတိ အဖွဲဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသည်။ ထို့နောက် အယ်လဘေးနီးယားရုပ်မြင်သံကြားဌာန ဟောဆာနှင့် ယှဉ်တွဲ၍ ပေါ်လာတတ်သောကြောင့်လည်းကောင်း၊ ဟောဆာ၏ အတွေ့အကြုံ မှတ်တမ်းစာအုပ်အသစ်တွင် အာလီယာကို "ကျွန်ုပ်၏အချစ်ဆုံးမိတ်ဆွေကြီး"ဟူ၍ မကြာခဏ ဖော်ညွှန်း ရေးသားထားသောကြောင့်လည်းကောင်း အာလီယာသည် ဟောဆာ၏အရိုက်အရာကို ဆက်ခံရမည့်သူဖြစ်ကြောင်း သိသာထင်ရှားလာခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ ဟောဆာ၏ကျန်းမာရေး ချို့တဲ့လာသောအခါ နိုင်ငံတော်၏ အရေးအရာ ကိစ္စအဝဝတွင် အာလီယာက ပိုမို ဦးဆောင်လာခဲ့ရသည်။ ဟောဆာ ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကွယ်လွန်သွားသောအခါ အာလီယာကို ပါတီဗဟိုကော်မတီက ပထမအတွင်းရေးမှူးအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။ ၁၉၇၇ ခုနှစ် ဖေဖော်ဝါရီလတွင် ပြည်သူလွှတ်တော်က အာလီယာကို နိုင်ငံအကြီးအကဲအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

အီတလီသမ္မတနိုင်ငံ။ ။ အီတလီ သမ္မတနိုင်ငံတွင် ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ အစိုးရကိုးဖွဲ့ အုပ်စိုးခဲ့ရာ အဓိကအားဖြင့် ခရစ်ယာန်ဒီမိုကရက်တို့နှင့် အခြားအလယ်အလတ်နှင့် လက်ယာစွန်းပါတီတို့၏ ညွှန်ပေါင်းအစိုးရများ ဖြစ်ခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အီတလီသမ္မတနိုင်ငံ ပေါ်ထွန်းခဲ့ပြီး နောက်ပိုင်း ခရစ်ယာန်ဒီမိုကရက် မဟုတ်သော ပထမဦးဆုံး ဝန်ကြီးချုပ်သည် ၁၉၄၁ ခုနှစ် ဇွန်လ ၂၀ ရက်နေ့က အာဏာရခဲ့သော ရီပတ်ဗလစ်ကန် ပါတီခေါင်းဆောင် ဂီယိုဗန်နီ စပါဒိုလီနီ ဖြစ်သည်။ ယင်းညွှန်ပေါင်းအစိုးရထဲမှ ဆိုရှယ်လစ်တို့က ထောက်ခံမှု ရုပ်သိမ်းခဲ့၍ ၁၉၄၇ ခုနှစ် နိုဝင်ဘာလတွင် နုတ်ထွက်ခဲ့ရသည်။ ၁၉၅၀ ပြည့် လွန်နှစ်များနှင့် ၁၉၆၀ ပြည့်လွန်နှစ်များအတွင်း ဝန်ကြီးချုပ်တာဝန် ယူခဲ့ဖူးသူ ခရစ်ယာန်ဒီမိုကရက် အာမင်တိုရေဖန်ဖာနီက စစ်ပြီးခေတ် အီတလီနိုင်ငံ၏ ၄၃ ကြိမ်မြောက် အစိုးရအဖွဲ့ကို ထူထောင်သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၃ – စာ၊ ၃၀၅ — ရှု။) ၁၉၇၃ ခုနှစ် ရွေး

ကောက်ပဲ့ အပြီးတွင်မူ အီတလီနိုင်ငံ၌ ခရစ်ယာန် ဒီမိုကရက်နှင့် ကွန်မြူနစ်ပါတီတို့ပြိုးလျှင် တတိယ အင်အားအကြီးဆုံးဖြစ်သည့် ဆိုရှယ်လစ်ပါတီ၏ ခေါင်းဆောင် ဘက်တီနိုကရာစီ ဦးဆောင်သည့် ညွှန့်ပေါင်းအစိုးရအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ဆိုရှယ်လစ်ဝန်ကြီးချုပ် ကရာစီ၏ အစိုးရလက်ထက်တွင် အီတလီနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းကို ကျဆင်းရန် ဆောင်ရွက်ခဲ့ခြင်း၊ အလုပ်သမားတို့၏ လုပ်ခနှုန်းထားကို ငွေကြေးဖောင်းပွမှုနှုန်းနှင့် ကာမိနိုင်သည် အထိ တိုးမြှင့်ပေးခဲ့ပြီး အလုပ်သမားသပိတ်မှောက်မှုများ လျော့နည်းသွားအောင် ဆောင်ရွက်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းအသေးစားပိုင်ရှင်တို့၏ အခွန်အပြည့်အဝ မထမ်းဆောင်ခြင်းကို လျော့နည်းသွားရန် ဆောင်ရွက်နိုင်ခြင်း၊ ပြည်တွင်း အကြမ်းဖက်မှုတို့ကို ထိရောက်စွာနှိမ်နင်းနိုင်ခဲ့ခြင်း၊ နိုင်ငံတကာရေးရာ ကိစ္စရပ်များတွင် အီတလီနိုင်ငံ၏ အခန်းကဏ္ဍကို ပိုမို ဂုဏ်သိက္ခာရှိရန် မြှင့်တင်နိုင်ခဲ့ခြင်းတို့ကြောင့် ကရာစီ အစိုးရလက်ထက်တွင် အီတလီနိုင်ငံ၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှု အတော်အသင့် ရှိခဲ့သည်။

သို့ရာတွင် ၁၉၇၅ ခုနှစ် အောက်တိုဘာလက အချို့လိလောရှိသဘော်ဘာ အပိုင်စီးမှုနှုန့် ပတ်သက်သည့် အကြမ်းဖက်ဝါဒီ အဘူအဘာတ်စ်ကို အီတလီနိုင်ငံမှ ထုတ်ခွာခွင့်ပေးသည့်ကိစ္စတွင် အီတလီကာကွယ်ရေးဝန်ကြီး စပါဒိုလိနီ (ရီပတ်ဗလစ်ကန်ဝါဒီ ဝန်ကြီးချုပ်ဟောင်း) က မိမိအား ဝန်ကြီးချုပ်က တိုင်ပင်ညှိနှိုင်းရန် ပျက်ကွက်သည်ဟု ဝေဖန်ကာ အခြား ဝန်ကြီးနှစ်ဦးနှင့်အတူ နုတ်ထွက်လိုက်ရာ ကရာစီ၏ အစိုးရအဖွဲ့ ပြုတ်ကျခဲ့ရသည်။ ထို့နောက် ယာယီဝန်ကြီးချုပ်အဖြစ် ကရာစီကပင် တာဝန်ယူပြီး ရီပတ်ဗလစ်ကန် ပါတီဝင် ယင်း ဝန်ကြီးသုံးဦး၏ နုတ်ထွက်လွှာများကို ပြန်လည် ရုပ်သိမ်းစေရန် ညှိနှိုင်းဆောင်ရွက်ရာ အောင်မြင်မှု ရခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၇၆ – စာ၊ ၂၁၁ — ရှု။)

တစ်ဖန် ၁၉၇၆ ခုနှစ်တွင် နိုင်ငံရေးအကျပ်အတည်းကြုံခဲ့ရပြန်သဖြင့် ကရာစီသည် ဇွန်လ ၂၇ ရက်နေ့တွင် ရာထူးမှ နုတ်ထွက်သွားခဲ့သည်။ ပထမဦးဆုံးသော ဆိုရှယ်လစ်ဝန်ကြီးချုပ် ကရာစီ၏ အစိုးရအဖွဲ့ သက်တမ်းသည် ၁,၀၅၈ ရက် (သုံးနှစ်တွင် တစ်လလျော့) ကြာမြင့်ခဲ့ရာ စစ်ပြီးခေတ် အီတလီသမိုင်းတွင် သက်တမ်းအရှည်ဆုံး အစိုးရဖြစ်လာခဲ့သည်။ ထိုအစိုးရမတိုင်မီက အီတလီအစိုးရအဖွဲ့တို့၏ ပျမ်းမျှသက်တမ်းသည် ၃၁၄ ရက်သာကြာခဲ့သည်။ ကရာစီသည် ၁၉၇၆ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့တွင် ညွှန့်ပေါင်းအစိုးရအဖွဲ့ကို ပြန်လည်ဖွဲ့စည်းပြန်သည်။ ၁၉၇၇ ခုနှစ် မတ်လအထိ တာဝန်ထမ်းဆောင်



အီတလီ ဝန်ကြီးချုပ် သစ် ဂီယိုဗန်နီဂိုရီးယား

ပြီးလျှင် ဝန်ကြီးချုပ်ရာထူးကို ခရစ်ယာန် ဒီမိုကရက်တစ် ပါတီသို့ လွှဲပေးရမည်ဟူ၍ သဘောတူညီချက် ချမှတ်ခဲ့သည်။ ယင်းသဘောတူညီချက်ကို လိုက်နာရန် ခရစ်ယာန်ဒီမိုကရက် ပါတီခေါင်းဆောင် ဒီမီတာက တောင်းဆိုလာခြင်း၊ တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုနှင့် အစိုးရ၏ နျူကလီးယား မူဝါဒအပေါ် အငြင်းပွားမှုပေါ် ပေါက်ခြင်းတို့ကြောင့် ကရာစီသည် ၁၉၇၇ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်သွားခဲ့သည်။

ခရစ်ယာန်ဒီမိုကရက် ပါတီက နိုင်ငံခြားရေး ဝန်ကြီး ဂီယူလီယို အန်ဒရီယော့တီကို ဝန်ကြီးချုပ်နေရာအတွက် အမည်စာရင်း တင်သွင်းရာ ဆိုရှယ်လစ်ပါတီက လက်မခံကြောင်း ကြေညာခဲ့သည်။ အန်ဒရီယော့တီသည် ၁၉၇၉ ခုနှစ်တွင် အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့ရာ ၁၁ ရက်သာ ကြာရှည်ခဲ့ပြီး နိုင်ငံရေးအကျပ်အတည်းနှင့် ၁၂၆ ရက် ကြာမျှ ကြုံတွေ့ခဲ့ရဖူးသည်။ ၁၉၇၇ ခုနှစ် ဧပြီလ ၁၈ ရက်နေ့တွင် ခရစ်ယာန်ဒီမိုကရက် ဖန်ဖာနီက ဝန်ကြီးချုပ်အဖြစ် တာဝန်ယူသော အစိုးရအဖွဲ့သည် သမ္မတ ကော့စီဂါ ရွေးမျှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ၁၀ ရက် အကြာတွင် ပါလီမန်၌ အယုံအကြည်ရှိကြောင်း အဆို တင်သွင်း မဲခဲ့သောအခါ အရေးနိမ့်ပြီး နုတ်ထွက်သွားရသည်။ ထို့ကြောင့် ဖန်ဖာနီ၏ အစိုးရအဖွဲ့သည် စစ်ပြီးခေတ် အီတလီနိုင်ငံ၏ ၄၆ ကြိမ်မြောက် အစိုးရအဖွဲ့ဖြစ်သည့်ပြင် နှစ် ၄၀ ကြာ နိုင်ငံသမိုင်းအတွင်း ဒုတိယမြောက် သက်တမ်း အတိုဆုံး အစိုးရအဖွဲ့ ဖြစ်သည်။ ၁၉၇၂ ခုနှစ်က ကိုးရက်မျှသာ စိုးမိုးခဲ့ရသည့် အစိုးရအဖွဲ့သည် သက်တမ်းအတိုဆုံးပင် ဖြစ်သည်။ ထိုစဉ်က အစိုးရအဖွဲ့ လေးဖွဲ့သည် နှစ်ပတ်ခန့်ခြားလျက် ဆက်တိုက် ပြုတ်ကျခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။

သို့ဖြင့် ၁၉၇၇ ခုနှစ် ဇွန်လ ၁၄ ရက်နေ့တွင် အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရာ ညွှန့်ပေါင်း ငါးပါတီ (ခရစ်ယာန်ဒီမိုကရက်၊ ဆိုရှယ်လစ်၊ ရီပတ်ဗလစ်ကန်၊ ဆိုရှယ် ဒီမိုကရက်နှင့် လစ်ဗရယ်) သည် ထောက်ခံမဲ ၅၇ ဒသမ ဂ ရာခိုင်နှုန်း ရရှိကာ အမတ်ဦးရေ ၆၃၀ ရှိသော အောက်လွှတ်တော်တွင် အမတ် ၃၁၇ နေရာ ရရှိခဲ့သည်။ ခရစ်ယာန်ဒီမိုကရက်ပါတီက ၂၃၄ နေရာ၊ ဆိုရှယ်လစ်ပါတီက ၉၃ နေရာ ရရှိခဲ့သည်။ ကွန်မြူနစ်ပါတီက ၁၆၇ နေရာ ရရှိသည်။ နျူကလီးယားဆန့်ကျင်ရေးနှင့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကြွေးကြော်သံဖြင့် မဲဆွယ်လျက် ရွေးကောက်ပွဲသမိုင်းတွင်ပထမဆုံးဝင်ရောက်ယှဉ်ပြိုင်သည့် ဂရင်းပါတီက ၁၃ နေရာ ရရှိသည်။ အထက်လွှတ်တော်တွင် ၃၁၅ နေရာ ရှိသည့်အနက် ခရစ်ယာန်ဒီမိုကရက်ပါတီက ၁၂၅ နေရာ၊ ကွန်မြူနစ်ပါတီက နေရာ ၁၀၀၊ ဆိုရှယ်လစ်ပါတီက ၃၆ နေရာ ရရှိသည်။

ခရစ်ယာန် ဒီမိုကရက်ပါတီဝင် ဘဏ္ဍာရေးဝန်ကြီး ဟောင်း ဂီယိုဗန်နီ ဂိုရီးယား ဦးဆောင်သော စစ်ပြီးခေတ် ၄၇ ကြိမ်မြောက် အစိုးရအဖွဲ့သည် ၁၉၇၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ကျမ်းသစ္စာ ကျိန်ဆိုသည်။ ဂိုရီးယား၏ အစိုးရ အဖွဲ့သည် အထက်လွှတ်တော်တွင် ထောက်ခံမဲ ၁၈၄ မဲ၊ ကန့်ကွက်မဲ ၁၂၂ မဲ ရရှိသည်။ အောက်လွှတ်တော်တွင် ထောက်ခံမဲ ၃၇၁ မဲ၊ ကန့်ကွက်မဲ ၂၃၇ မဲ ရရှိသည်။ ဂီယိုဗန်နီ ဂိုရီးယားသည် အသက် ၄၃ နှစ်ရှိ၍ ခေတ်သစ် အီတလီသမိုင်းတွင် အသက်အငယ်ဆုံး ဝန်ကြီးချုပ်ဖြစ်သည်။

ဂီယိုဗန်နီ ဂိုရီးယား၏ အစိုးရအဖွဲ့မှ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် လစ်ဗရယ်ပါတီက နုတ်ထွက်သွားသည်။ ၁၉၈၈ ခုနှစ်အတွက် ရသုံးမှန်းခြေ ငွေစာရင်း ရေးဆဲ ရာတွင် အခွန်ငွေ လျှော့ချရေးနှင့် စပ်လျဉ်း၍ သဘောထားကွဲလွဲရာမှ ယင်းသို့ နုတ်ထွက်ခဲ့ခြင်း ဖြစ်သည်။

အီတလီနိုင်ငံသည် အခြားဥရောပနိုင်ငံများ ဖြစ်ကြသော ပြင်သစ်နှင့် အနောက်ဂျာမနီတို့ကဲ့သို့ လူမှုရေး စီမံကိန်းများအတွက် ကျခံသုံးစွဲရာ၌ စက်မှု ဖွံ့ဖြိုးပြီးနိုင်ငံများထဲတွင် ဦးဆောင်လျက်ရှိသည်ဟု ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့ထုတ် အပြည်ပြည်ဆိုင်ရာ ငွေကြေး

ရန်ပုံငွေအပ္ပဲ (အိုင်အမ်အက်ဖ်) ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းသုံးနိုင်ငံ၏ နောက်တွင် ဗြိတိန်၊ အမေရိကန်၊ ကနေဒါနှင့် ဂျပန်တို့ အစဉ်လိုက်ရှိသည်ဟု ဆိုသည်။ သို့ထုတွင် ဂျပန်နိုင်ငံသည် ၂၀၂၅ ခုနှစ် အရောက်တွင် နိုင်ငံ၏ဝင်ငွေမှ ၂၅ ရာခိုင်နှုန်းကျော်အထိ ကျခံ သုံးစွဲလာခြင်းဖြင့် စတုတ္ထနေရာသို့ ရောက်လာမည်ဟု ဆိုသည်။ ၁၉၇၀ ပြည့်နှစ်က လူမှုရေးကဏ္ဍတွင် ပြင်သစ်နှင့် အနောက်ဂျာမနီတို့က နိုင်ငံ၏ဝင်ငွေမှ ၃၁ ရာခိုင်နှုန်းကိုလည်းကောင်း၊ အီတလီနိုင်ငံက ၂၅ ရာခိုင်နှုန်းကိုလည်းကောင်း၊ ဗြိတိန်နိုင်ငံက ၂၃ ရာခိုင်နှုန်းနီးပါးကိုလည်းကောင်း ကျခံ သုံးစွဲခဲ့ကြပြီး အမေရိကန် ပြည်ထောင်စုက ၁၈ ရာခိုင်နှုန်းခန့်နှင့် ဂျပန်နိုင်ငံက ၁၆ ရာခိုင်နှုန်းခန့် ကျခံသုံးစွဲခဲ့သည်ဟု ဆိုသည်။

ဥရောပဘုံစျေး၏ ငွေကြေးစနစ် (အီးအမ်အက်စ်)။ (ကမ္ဘာ့ငွေကြေးနှင့် စီးပွားရေးအကျိုးဆက်များဆောင်းပါး—ရှု။) ဥရောပဘုံစျေးဝင်နိုင်ငံများသည် ၁၉၇၁ ခုနှစ် မတ်လတွင်ကျင်းပသော ဥရောပနိုင်ငံများ အဖွဲ့အစည်း၏ ကောင်စီအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ၁၉၇၂ ခုနှစ်မှစ၍ အဖွဲ့ဝင်များ၏ ငွေကြေးများတန်ဖိုး အတက်အကျ မများစေရေးအတွက် ထိန်းကျောင်းနိုင်ရန် စနစ်တစ်ရပ် တီထွင်ဆောင်ရွက်ခဲ့သည်။

ထိန်းကျောင်းပုံမှာ ဥရောပဘုံစျေးထုတ် ငွေကြေးစနစ်တွင် ပါဝင်ကြသောအဖွဲ့ဝင်တို့၏ ငွေကြေးအသီးသီးကိုလဲလှယ်ရာတွင် အတက်အတွက် ခွင့်ပြုလဲလှယ်နှုန်း (အထက်စည်း) နှင့် အကျအတွက် ခွင့်ပြုလဲလှယ်နှုန်း (အောက်စည်း) ထားရှိလုပ်ကိုင်ခြင်းပင် ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံသည် နိုင်ငံခြားနှင့် ကုန်သွယ်မှုကောင်းမွန်ခြင်းကြောင့် ပိုလျှံငွေရှိလာလျှင်လည်းကောင်း၊ ယင်းနိုင်ငံ၏ ငွေကြေးကိုယုံကြည်၍ ငွေများလဲလှယ်ပြောင်းရွှေ့အပ်နှံလာကြလျှင်လည်းကောင်း ခိုင်မာသောငွေကြေး ဖြစ်လာသောအခါ အထက်စည်းအတွင်းသာ လဲလှယ်နှုန်း သတ်မှတ်နိုင်ရန် အသုံးပြုသွားသောစနစ်ဖြစ်သည်။ အဖွဲ့ဝင်သည် နိုင်ငံခြားကုန်သွယ်မှုနှင့် အခြားစီးပွားရေး အခက်အခဲများကြောင့် ယင်း၏ငွေကြေးမခိုင်မာလာသောအခါ အောက်စည်းအတွင်းသာ လဲလှယ်နှုန်း သတ်မှတ်အသုံးပြုသွားရန်ဖြစ်သည်။ အထက်စည်း အောက်စည်း ခွင်အတွင်း အဖွဲ့ဝင်၏ငွေကြေးများ လဲလှယ်အသုံးပြုခြင်းကို အဖွဲ့ဝင်များက လက်ခံသော နှုန်းရှင်ထားလဲလှယ်နှုန်း ငွေကြေးဟု ခေါ်ဝေါ်ကြသည်။အများအားခေါ်အဝေါ်မှာ ဓမ္မသွားလမ်း လဲလှယ်နှုန်း snake ဟု ဖြစ်သည်။ ယင်းစနစ်ကိုတီထွင်စဉ်က အထက်–အောက်စည်းခွင်ကို အကျဉ်းဆုံးထားရန်ဖြစ်သည့်အတိုင်း အထက်စည်းကို ဝ ဒသမ ၆ ရာခိုင်နှုန်း မှ ဝ ဒသမ ၇၅ ရာခိုင်နှုန်း အထိလည်းကောင်း အောက်စည်းကိုလည်း၊ အထက်စည်းအတိုင်းအတာအထိလည်းကောင်း ငွေကြေးအသီးသီးကို လဲလှယ်သွားရန် ဖြစ်သည်။ သဘောမှာ လဲလှယ်နှုန်း အထက်–အောက်စည်းခွင်မှာ± ၁ ဒသမ ၂ ရာခိုင်နှုန်းမှ ± ၁ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည်။

ဥရောပဘုံစျေးဝင်နိုင်ငံများအား ယင်းစနစ်တွင်ပါဝင်ခြင်းနှင့် စပ်လျဉ်း၍ လွတ်လပ်စွာ ဆောင်ရွက်ခွင့်ပေးထားသည်။ ယင်းစနစ်စတင်စဉ်က ဗဲလ်ဂျီယံ၊ အနောက်ဂျာမနီ၊ ပြင်သစ်၊ အီတလီ၊ လူဇင်းဗတ်နှင့် နယ်သာလန်နိုင်ငံတို့ပါဝင်ခဲ့ကြသည်။ အင်္ဂလန်နိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့က နောက်ကျပြီးမှပါဝင်ခဲ့ကြသည်။ နော်ဝေးနှင့်ဆွီဒင်နိုင်ငံတို့သည် ဥရောပဘုံစျေးအဖွဲ့ဝင် မဟုတ်ကြစေကာမူ ယင်းစနစ်တွင်ပါဝင်ရန် အထူးအဖွဲ့ဝင်များအဖြစ် လက်ခံခဲ့ပါသည်။ အထူးအဖွဲ့ဝင်များအတွက်မူ အထူးစည်းကမ်းချက်များသတ်မှတ်သည်။ ဆွစ်ဇာလန်နိုင်ငံသည် ဥရောပဘုံစျေး၏ ငွေကြေးစနစ်ကိုလက်ခံ၍ ပူးပေါင်းဆောင်ရွက်သည်။

ဥရောပဘုံစျေး၏ ငွေကြေးစနစ်တွင် ပါဝင်သော အဖွဲ့ဝင်သည် မိမိနိုင်ငံ၌ ပေါ်ပေါက်နေသော စီးပွားရေး အခြေအနေနှင့် ယင်းစီးပွားရေး အခြေအနေကြောင့် ငွေလုံးငွေရင်းများ ရွှေ့ပြောင်းခြင်းခံရ၍ ငွေကြေးမတည်မငြိမ်ဖြစ်လာ၍ ဥရောပ ဘုံစျေး၏ ငွေကြေး စနစ်ပါစည်းခွင်အတွင်း လဲလှယ်နှုန်းထားရှိ စိမံနိုင်ခြင်းမရှိလျှင် စနစ်မှထွက်ခွာ၍ လွတ်လပ်စွာ ဆောင်ရွက်နိုင်သည်။ ယင်းနိုင်ငံ၌ စီးပွားရေးအခြေအနေ ကောင်းမွန်လာသဖြင့် စနစ်သို့ ပြန်လည် ဝင်ရောက်လိုလျှင် လွတ်လပ်စွာ ဝင်ရောက်ခွင့် ပေးထားသည်။

ယင်းစနစ်တီထွင်လုပ်ကိုင်လာသည်မှစ၍ အနောက်ဂျာမနီနှင့် နယ်သာလန်နိုင်ငံတို့သည် စည်းခွင်အတွင်း ဆောင်ရွက်ကြရုံသာမက စီးပွားရေးအခြေအနေကောင်းမွန်ကြခြင်းကြောင့် အနောက်ဂျာမနီနိုင်ငံသည် ခြောက်ကြိမ်ထက်မနည်း လဲလှယ်နှုန်း မြှင့်တင်ပေးခဲ့ရသည်။ နယ်သာလန်နိုင်ငံသုံး ဂီဒါကိုလည်း လဲလှယ်နှုန်းမြှင့်တင်ပေးခဲ့သည်။ လဲလှယ်နှုန်း တိုးမြှင့် သတ်မှတ်ခြင်း၏ အကျိုးသက်ရောက်မှုမှာ အနောက်ဂျာမနီနိုင်ငံ နှင့် နယ်သာလန်နိုင်ငံတို့၏ နိုင်ငံခြားပို့ကုန်ပစ္စည်းများအပေါ် စျေးနှုန်းများ တက်လာခြင်းကြောင့် ကုန်ပစ္စည်းများ ရောင်းချမှုတွင် ပို၍ကြိုးပမ်းရမည့်အလားအလာ ဖြစ်ပါသည်။ ဤအချက်က ယင်းနိုင်ငံများတွင် နိုင်ငံရေး ပြဿနာ ပေါ်ပေါက်စေသည်။ သို့သော် ငွေကြေး

အမြင်နှင့်ကြည့်လျှင်မူ လဲလှယ်နှုန်းကို မြွင့်ခြင်းကြောင့် အခြား ငွေကြေးများအပ်နှံလာ၍ ပိုမို ရရှိလာခြင်းနှင့် ပို၍ကိုင်ထားနိုင်ခြင်း စသော အကျိုးသက်ရောက်မှု ရရှိပါသည်။

အဖွဲ့ဝင်တို့၏ ငွေကြေးအသီးသီးကို ဥရောပဘုံစျေးက သတ်မှတ်သောငွေကြေးနှင့် လဲလှယ်နှုန်း သတ်မှတ်ထားသည်။ ယင်းငွေကြေးကို ဥရောပ ငွေကြေးယူနစ် European Currency Unit ဟု ခေါ်တွင်၍ ဥရောပ ငွေကြေးတစ်ယူနစ်သည် ၃ ဒဿမ ၂၁၉ ဒဿမ ၀ ဂရမ် ခန့်၊ ၅ ဒဿမ ၆၇၅ ပြင်သစ်ဖရန့် ခန့်၊ ၃ ဒဿမ ၅၃၅ နယ်သာလန်ဂီဒါ၊ ၄၈ ဒဿမ ၆၅၇ ဗဲလ်ဂျီယံဖရန့် ခန့် စသည်ဖြင့် လဲလှယ်နှုန်းညီမျှသည်ဟု သတ်မှတ်ပါသည်။ ယင်းလဲလှယ်နှုန်းအသီးသီးကို အဖွဲ့ဝင်၏စီးပွားရေးအခြေအနေပေါ် သုံးသပ်ပြီး ပြင်ဆင်သည်။ ယင်းစနစ်တွင် ပါဝင်သော အဖွဲ့ဝင်၏ ငွေကြေးအသီးသီးကို လက်ဝယ်ထားရှိသော အဖွဲ့ဝင်သည် စာရင်းရှင်းသည့်အခါတွင် အဖွဲ့ဝင်အချင်းချင်း မနစ်နာစေရန် ဥရောပငွေကြေးယူနစ်ကို အခြေခံ၍ ရှင်းလင်းကြသည်။

ဥရောပဘုံစျေး ငွေကြေးစနစ်အပါအဝင် ငွေကြေးကိစ္စရပ်များအတွက် အဖွဲ့ဝင်အသီးသီး၏ ဗဟိုဘဏ်တို့ကို တာဝန်ပေးထားသည်။ တာဝန်ပေးခံရသော ဗဟိုဘဏ်အသီးသီးသည် စည်းခွင်အတွင်းနှုန်းရှင်ထားငွေ လဲလှယ်ခြင်း အခြေအနေကို မျက်ခြည်မပြတ် ဝင်ရောက်ထောက်ကူပေးသော လုပ်ငန်းများ Interventions ဖြင့် ဆောင်ရွက်သည်။ ဝင်ရောက်ထောက်ကူသော ပထမလုပ်ငန်းမှာ အထက်စည်းသို့မဟုတ် အောက်စည်းအထိ ရောက်ရှိနေသော အဖွဲ့ဝင်၏ငွေကြေးကို စျေးကစားခြင်း မခံရစေရန်အတွက် ငွေများထုတ်ချေး၍ ထောက်ကူခြင်းနှင့် စည်းခွင်အတွင်း ဖြစ်ပေါ်နေသော လဲလှယ်နှုန်းအတွက် ထောက်ကူပေးရန် လိုအပ်ခြင်းရှိ၊ မရှိကို ဗဟိုဘဏ်အချင်းချင်း ကြိုတင်သဘောတူညီချက် ရယူကာ ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။ ဒုတိယလုပ်ငန်းမှာ ထိုသို့ထောက်ကူသောငွေသည် ပမာဏအားဖြင့် မကန့်သတ်သော်လည်း အချိန်ကာလအားဖြင့် တစ်လသတ်မှတ်ထားသဖြင့် ယင်းအချိန်ကာလအတွင်း ထောက်ကူခံရသော နိုင်ငံက ကြိုးပမ်းဆောင်ရွက်ခြင်းရှိ၊ မရှိ ကြည့်ရှုသည်။ တတိယလုပ်ငန်းမှာ ထောက်ကူခြင်းခံရသော ဗဟိုဘဏ်အဖွဲ့ဝင်က ပေးဆပ်ရန်အချိန်ကျရောက်လာပါက ဗဟိုဘဏ်ရှိ နိုင်ငံခြားငွေကြေးဖြင့်သာ ပေးချေရန်ဖြစ်သည်။ အဖွဲ့ဝင်ဗဟိုဘဏ်အသီးသီးသည် အလုပ်ဖွင့်သည့် နေ့ရက်များတွင် မပြတ်ဆက်သွယ် ညှိနှိုင်းဆောင်ရွက်သည်။ အဖွဲ့ဝင်များ၏ငွေကြေးများသာမက အမေရိကန်ဒေါ်လာ အပါအဝင် အသုံးများသော ကမ္ဘာ့ငွေကြေးများနှင့် စပ်လျဉ်း၍လည်း အဖွဲ့ဝင်များနှစ်နာဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန် အလုပ်ဖွင့်ရက်များတွင် ဗဟိုဘဏ်အချင်းချင်း ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သွားသည်။ အဖွဲ့ဝင်အသီးသီးလက်ဝယ် ရောက်ရှိနေသော နိုင်ငံခြား ငွေကြေးများ ရှင်းလင်းရေးအတွက် ဥရောပဘုံစျေးက ဖွဲ့စည်းပေးထားသော ဥရောပငွေကြေးပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေဆိုင်ရာအဖွဲ့က ကြီးကြပ်ဆောင်ရွက်ပေးသည်။ ဗဟိုဘဏ် အချင်းချင်း ထောက်ကူသောလုပ်ရပ်ဖြင့် မပြေလည်ပါက အဖွဲ့ဝင်အစိုးရအချင်းချင်း ရေတို ငွေချေးခြင်းဖြင့်လည်း ထောက်ကူပါသည်။

ဥရောပဘုံစျေး၏ ငွေကြေးစနစ်တွင်ပါဝင်သော အဖွဲ့ဝင်၏ ငွေကြေးများစျေးကစားခြင်း မခံရစေရန်အတွက် အထက်–အောက်စည်းခွင်ကို အကျဉ်းဆုံး ဖြစ်အောင် စီစဉ်ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံခြား ငွေကြေးကစားခြင်း မခံရစေရန် အတွက် အထက်စည်း ၂ ဒဿမ ၂၅ ရာခိုင်နှုန်း၊ အောက်စည်း ၂ ဒဿမ ၂၅ ရာခိုင်နှုန်း၊ စည်းရှင် ± ၄ ဒဿမ ၅ ရာခိုင်နှုန်းအထိ ထားရှိလုပ်ကိုင်စေခဲ့သည်။ ၁၉၇၂ ခုနှစ်မှစ၍မူ စည်းရှင်ကို ကျဉ်းပစ်ကာ အထက်–အောက်စည်းခွင် ± ၂ ဒဿမ ၂၅ ရာခိုင်နှုန်းအတွင်းသာ လဲလှယ်နှုန်း ဖြစ်ပေါ်စေပါသည်။

ဥရောပဘုံစျေး၏ ငွေကြေးစနစ်သည် ယင်းစနစ်တွင် ပါဝင်သောအဖွဲ့ဝင်များ၏ငွေကြေးအသီးသီး လဲလှယ်နှုန်းတည်တံ့အောင် ဆောင်ရွက်နိုင်ခဲ့သဖြင့် အောင်မြင်သော စနစ်ဟု သုံးသပ်ကြသည်။ ထို့ကြောင့် နိုင်ငံတကာ ငွေကြေးဆိုင်ရာ ဆွေးနွေးပွဲများတွင်လည်း ကောင်းအထူးအားဖြင့် ၁၉၇၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က ဥရောပပါလီမန် ကိုယ်စားလှယ်များအား ဂျပန်နိုင်ငံတိုကျိုဘဏ်ဥက္ကဋ္ဌ၏ တင်ပြချက်တွင်လည်းကောင်း ဥရောပဘုံစျေး၏ ငွေကြေးကို အဖွဲ့ဝင်၏ ငွေကြေးကို ထောက်ကူပေးသောကိရိယာအဖြစ်ထက် တရားဝင်လက်ခံအသုံးပြုသော ကမ္ဘာ့ငွေကြေးအဖြစ် ကျယ်ပြန့်စွာ အသုံးပြုလာစေသင့်ကြောင်း ဖော်ပြသော သဘောထားသည် ဥရောပဘုံစျေး၏ ငွေကြေးအရေးပါလာမည့် အလားအလာပင် ဖြစ်သည်။ (ရွှေဒိုင်—ရှု။) (အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေ အဖွဲ့၏ အထူးငွေထုတ်ခွင့်များ —ရှု။)

ဥရောပ လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးညီလာခံ(စီအက်စ်စီအီး)။ ။ဆို့ဒင်နိုင်ငံ စတော့ဟုမ်းမြို့တော်တွင် ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့၌ စတင်

ဖွင့်လှစ်ခဲ့သော "ဥရောပတွင် ယုံကြည်မှုနှင့် လုံခြုံမှုတည် ဆောက်ရေး အစီအစဉ်များနှင့် လက်နက်ဖျက်သိမ်းရေး ဆိုင်ရာညီလာခံ (စီဒီအီး)" သည် ၁၉၇၄ ခုနှစ်တွင် လေးကြိမ်၊ ၁၉၇၅ ခုနှစ်တွင် လေးကြိမ်နှင့် ၁၉၇၆ ခုနှစ်တွင် လေးကြိမ် အစည်းအဝေးများ ကျင်းပခဲ့ရာ ၁၉၇၆ ခုနှစ် စက်တင်ဘာလတွင် ရပ်နားလိုက်ကာ ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ စတော့ဟုမ်းကြေညာစာတမ်းဟု အမည်တွင်သော ယင်းကြေညာချက်ကို ညီလာခံ တက်ရောက်သူ ၃၅ နိုင်ငံစလုံးက ထောက်ခံခဲ့သည်။ စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ၁၉၇၃ခုနှစ် စက်တင်ဘာလက ကျင်းပပြီးစီးခဲ့သော ဥရောပလုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆိုင်ရာ ညီလာခံအဖွဲ့(စီအက်စ်စီအီး) ဒုတိယမြောက်ညီလာခံ၏ သဘောတူညီချက်အရ စတော့ဟုမ်းညီလာခံကိုကျင်းပခြင်းဖြစ်သည်။ စီအက်စ်စီအီးတွင်·ဩစတြီးယား၊ ဗဲလ်ဂျီယံ၊ ဗူလဂေးရီးယား၊ ကနေဒါ၊ စိုက်ပရပ်၊ ချက်ကိုစလိုဗက်ကီးယား၊ဒိန်းမတ်၊ ဖင်းလန်၊ ပြင်သစ်၊ အရှေ့ဂျာမနီ၊ အနောက်ဂျာမနီ၊ ဂရိ၊ ဟိုးလီးဆီး(ဗက်တီကင်)၊ ဟန်ဂေရီ၊ အိုက်စလန်၊ အိုင်ယာလန်၊ အီတလီ၊ လိချတင်းစတိုင်း၊ လူဇင်ဗတ်၊ မော်လတာ၊ မိုနာကို၊ နယ်သာလန်၊ နော်ဝေး၊ ပိုလန်၊ ပေါ်တူဂယ်၊ ရိုမေးနီးယား၊ ဆန်မာရီနို၊ ဆိုဗီယက်ပြည်ထောင်စု၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ တူရကီ၊ ဗြိတိန်၊ အမေရိကန်နှင့် ယူဂိုဆလားဗီးယားတို့ ပါဝင်ကြသည်။ ယင်း ၃၅ နိုင်ငံသည် ၁၉၇၅ ခုနှစ် သြဂုတ်လ ၁ ရက်နေ့က ဖင်းလန်နိုင်ငံ ဟဲလဆင်ကီးမြို့၌ ဒုတိယကမ္ဘာစစ်အပြီး ဥရောပနိုင်ငံများ၏ နယ်နိမိတ်များကို အတည်ပြုချက်များနှင့် လူအခွင့်အရေးနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များပါဝင်သော သဘောတူစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည့် နိုင်ငံများဖြစ်ကြသည်။ အယ်လဘေးနီးယားနိုင်ငံမှ အပ ဥရောပနိုင်ငံအားလုံးပါဝင်သည်။

စတော့ဟုမ်း ကြေညာစာတမ်း(၁၉၇၆) ၏ အနှစ်သာရမှာ ဥရောပတိုက်အတွင်း မည်သည့် အရပ်ဒေသတွင်မဆို စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်ရှိလျှင် အထူးတလည် အသိပေးခြင်း၊လေ့လာခြင်းနှင့်စီစစ်ခြင်းတို့ကို အဖွဲ့ဝင်နိုင်ငံတို့လက်ခံရမည်ဖြစ်သည်။ စစ်ရေးလှုပ်ရှားမှုများကို တွက်ဆမှုအခြေခံ၍ဖြစ်စေ၊ နားလည်မှုလွဲမှား၍ဖြစ်စေ ပေါ် ပေါက်လာနိုင်သော အရှေ့–အနောက်(သို့မဟုတ် အခြားနိုင်ငံချင်း) လက်နက်ကိုင်ပဋိပက္ခများ၏ အန္တရာယ်ကို လျော့နည်းစေရန် အဖွဲ့ဝင်နိုင်ငံများအား အာမခံစေခြင်းပင်ဖြစ်ပေသည်။ ယင်းသဘောတူချက်သည် ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ စစ်သည်အင်အား ၇၅,၀၀၀ နှင့်အထက် ပါဝင်သော စစ်ရေးလှုပ်ရှားမှုများကို နှစ်နှစ်ကြိုတင်၍ အသိပေးရမည်ဟု ဆိုသည်။ စစ်သည် ၄၀,၀၀၀ မှ ၇၅,၀၀၀ ထိ ပါဝင်လှုပ်ရှားမှုများ အတွက်လည်း နှစ်နှစ်ပင်ကြိုတင်၍ အသိပေးရန်ဖြစ်သော်လည်း အကြောင်းမညီညွတ်၍ တစ်နှစ်သာကြိုတင်နိုင်လျှင်လည်း ခွင့်ပြုမည်ဖြစ်သည်။ ထောက်ပို့တပ်များဖြစ်စေ၊ သံချပ်ကာ ကားအစီး ၃၀၀ ဖြစ်စေ ပါဝင်သည့် တပ်ဖွဲ့ဝင် အင်အား ၁၃,၀၀၀ ကျော်ဖြင့် စစ်ရေးလေ့ကျင့်ရန်ရှိလျှင် တည်ရာနှင့် ရည်ရွယ်ချက်ပါမကျန် ၄၂ ရက်ကြိုတင် အသိပေးရမည်ဖြစ်သည်။ ကမ်းတက်တိုက်ပွဲများ၊ လေထီးဖြင့် ခုန်ဆင်းခြင်းများကို စစ်သား ၃၀၀၀ ထက် မနည်း ပါဝင်လှုပ်ရှားမည်ဆိုလျှင်လည်း အလားတူ အသိပေးရမည်ဖြစ်သည်။ စစ်ရေးတပ်လှန့်မှုများရှိခဲ့သော် ချက်ချင်းအသိပေးကြေညာရမည်ဖြစ်ပြီး ယင်းတပ်လှန့်ကာလ ၇၂ နာရီထက် ကျော်လွန်လာသည်ရှိသော် လေ့လာကြည့်ရှုခြင်းကို ခံယူရမည်ဖြစ်သည်။ (ရဟတ်ယာဉ်မှအပ) လေယာဉ်ဖြင့် တိုက်ပွဲ ၂၀၀ ထက်မနည်း ခင်းကျင်းလေ့ကျင့်ရန် ရှိပါကလည်း ကြိုတင်အသိပေး ကြေညာရမည်ဖြစ်သည်။

စစ်ရေးလှုပ်ရှားမှုများကို စစ်သည် ၁၇,၀၀၀ ကျော်ဖြင့် ဖြစ်စေ၊ ကမ်းတက်တိုက်ပွဲများ၊ လေထီးဆင်းတိုက်ပွဲများကို စစ်သည် ၅၀၀၀ ကျော်ဖြင့်ဖြစ်စေ ပြုလုပ်ရန်ရှိကြောင်း ကြိုတင်အသိပေးပြီးသောအခါ ယင်းစီအက်စ်စီအီးနိုင်ငံတို့သည် အခြားစီအက်စ်စီအီးနိုင်ငံတစ်နိုင်ငံစီမှ လေ့လာသူ နှစ်ဦးစီကို ဖိတ်ကြားရမည်ဖြစ်သည်။ လေ့လာသူများအား မြေပြင်နှင့်ဝေဟင် စစ်ဆေးခွင့်ပြုရမည်ဖြစ်သည့်ပြင် မြေပုံများနှင့် အခြားလိုအပ်သော အသုံးအဆောင် ပစ္စည်းကိရိယာများကို ပေးရမည်ဖြစ်သည်။ သို့ရာတွင် ကန့်သတ်ထားသောနယ်မြေများ၊ အစီအမံများနှင့် ကာကွယ်ရေးအချက်အချာနေရာများကို ခွင့်ပြုရန်ကား မလိုချေ။

ယင်းပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုရှိဟန်မတူဟူ၍ သံသယဝင်သည့်အခြားမည်သည့်နယ်မြေပိုင်နက်ကိုမဆို ဝင်ရောက်စစ်ဆေးရန် စီအက်စ်စီအီးနိုင်ငံတိုင်း ပိုင် ခွင့် ရှိ သည်။ သံသယရှိရခြင်း၏ အကြောင်းရင်းကိုမူ တင်ပြရဦးမည်ဖြစ်သည်။ ထိုသို့ စစ်ဆေးလိုကြောင်း စိန်ခေါ်မှုပြုရာတွင် တစ်နိုင်ငံတည်းကို တစ်နှစ်အတွင်း သုံးကြိမ်ထက်ပို၍ မပြုရဟုဆိုသည်။ နိုင်ငံတစ်နိုင်ငံတည်းက အခြားနိုင်ငံတစ်နိုင်ငံကို တစ်ကြိမ်ထက်ပို၍ တောင်းဆိုခြင်းကိုလည်း မပြုရဟု ဆိုထားပြန်သည်။ စစ်ဆေးလိုကြောင်း တောင်းဆိုမှုကို ၂၄ နာရီအတွင်း ပြန်ကြားရမည်ဖြစ်ပြီး (စစ်ဆေးသူ လေးဦးအထိ ပါဝင်သော) စစ်ဆေးရေးအဖွဲ့ကို ၃၆ နာရီအတွင်း ဝင်ခွင့်ပြုရမည်ဖြစ်သည်။ တစ်ဘက်ကလည်း ဆောက်ရွက်ပြီး ၄၈ နာရီအတွင်း ပြီးစီးအောင်စစ်ဆေးရမည် ဖြစ်သည်။

စီအက်စ်စီအီးနိုင်ငံ ၃၅ နိုင်ငံတို့သည် ၁၉၇၅ ခုနှစ် ဟဲလဆင်ကီး အပြီးသတ်သဘောတူညီချက်အရ အင်အားအသုံး



အရှေ့ဂျာမနီတွင် ဝါဆောစာချုပ်အဖဲ့ စစ်ရေးလေ့ကျင့်မှုပြု လုပ်နေစဉ် ဆိုဗီယက် စစ်သည်များနှင့် အနောက်ဂျာမန်နိုင်ငံမှ လာရောက်လေ့လာသူတို့ နှုတ်ဆက်နေကြပုံ

ပြုရန်ခြိမ်းခြောက်ခြင်း သို့မဟုတ် အင်အားအသုံးပြုခြင်းကို ရှောင်ရှားရမည်ဟူသော မူကို လေးစား၍ လက်တွေ့လိုက်နာဆောင်ရွက်ကြရေးကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရမည်ဟူသော မူကိုလည်း ထပ်လောင်း အတည်ပြုကြသည်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်တွင် ချမှတ်ထားသည့်အတိုင်း လက်နက်ကိုင် တိုက်ခိုက်လာမှုကို တစ်နိုင်ငံချင်း ဖြစ်စေ၊ နိုင်ငံအများစုပေါင်း၍ဖြစ်စေ မိမိနိုင်ငံကို ကာကွယ်တားဆီးသောအားဖြင့် ခုခံနိုင်သည်ဟူသော မူလပိုင်ခွင့်ကို ပြန်လည်ထုတ်ဖော်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် အကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှုဟူသမျှကို ကာကွယ်တားဆီးရန်နှင့် နှိမ်နင်းတိုက်ဖျက်ရန် ထိရောက်သော အစီအစဉ်များ လိုအပ်ကြောင်း ကိုလည်းကောင်း၊ အကြမ်းဖက်သောလုပ်ရပ်များ ကြုံတင်ပြင်ဆင်ရန်ဖြစ်စေ၊ ဖွဲ့စည်းစီမံရန်ဖြစ်စေ၊ ကျူးလွန်ရန်ဖြစ်စေ စီအက်စ်စီအီး နိုင်ငံအသီးသီး၏ နယ်မြေပိုင်နက်ကို အသုံးပြုခြင်း မရှိရလေအောင် သင့်တင့်လျောက်ပတ်သော ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းကိုလည်းကောင်း အလေးအနက်ထားတင်ပြခဲ့သည်။

ဟဲလဆင်ကီးညီလာခံ ကျင်းပခဲ့ပြီးနောက် ၁၉၇၇–၇၈ ခုနှစ်တွင် ဗဟိုရိတ်မြို့၌လည်းကောင်း၊ ၁၉၇၉ ခုနှစ်တွင် မက်ဒရစ်မြို့၌လည်းကောင်း နောက်ဆက်တွဲညီလာခံများ ကျင်းပခဲ့သည်။ တတိယအကြိမ်မြောက် နောက်ဆက်တွဲညီလာခံကို ၁၉၈၆ ခုနှစ်နိုဝင်ဘာလမှ ၁၉၈၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့အထိ ဗီယင်နာမြို့၌ ကျင်းပခဲ့သည်။

ယင်းနောက်ဆက်တွဲညီလာခံသို့ အဆိုပြုချက် ၁၄၀ ခန့် တင်သွင်းခဲ့ကြသည်။ အနောက်နိုင်ငံများက လူမှုအခွင့်အရေးဆိုင်ရာ လုပ်ငန်းစဉ်အတွက် ဖိအားပေးဆွေးနွေးခဲ့ကြပြီး အရှေ့အုပ်စုနိုင်ငံများကမူ ဥရောပ၌ စစ်ရေးလုံခြုံမှုတိုးမြှင့်ရန်လိုအပ်ကြောင်း အဓိကထား တင်ပြခဲ့ကြသည်။ ဥရောပ အလယ်ပိုင်းရှိ အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀ နှင့် ဆိုဗီယက်တပ်ဖွဲ့ဝင် ၁၁,၅၀၀ တို့ကို ပထမအဆင့် လျှော့ချပစ်ရန် ၁၉၇၅ ခုနှစ်ကရရှိခဲ့သော သဘောတူညီချက်ကို အကောင်အထည်ဖော်ရေးအတွက် ဆက်လက်ဆွေးနွေးခဲ့ကြသည်။ အနောက်ဂျာမနီ၊ဗဲလ်ဂျီယံ၊နယ်သာလန်၊လူဇင်းဗတ်၊ အရှေ့ဂျာမနီ၊ ချက်ကိုစလိုဗက်ကီးယားနှင့် ပိုလန်တို့ အကျုံးဝင်သည့် တပ်အင်အားလျှော့ချဖွယ်ရှိသော ဒေသတွင်တပ်ရုပ်သိမ်းသည့်အခါ မည်သို့စောင့်ကြပ်ကြည့်ရှုရမည်ကိုဆက်လက် ဆွေးနွေးကြခြင်းဖြစ်သည်။

စတော့ဟုမ်းညီလာခံ၏ သဘောတူညီချက်ကို ပထမဆုံးအကြိမ် စမ်းသပ်အကောင်အထည်ဖော်သောအားဖြင့် နေတိုး (မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့) နှင့် ဝါဆော စာချုပ်အဖွဲ့ဝင်တို့သည် ၁၉၇၇ ခုနှစ် ဩဂုတ်လမှစ၍ စစ်ရေးလေ့ကျင့်မှုများကို အပြန်အလှန် လေ့လာကြည့်ရှုခဲ့ကြသည်ဟု ဆိုသည်။ ၁၉၇၇ ခုနှစ် ဩဂုတ်လ နှောင်းပိုင်းတွင် ဆိုဗီယက်ဘိုင်လိုရုရှားရှိ မင့်ခ်စ်မြို့အနီးတွင် ဆိုဗီယက်ပြည်ထောင်စု၏ စစ်ရေးလေ့ကျင့်မှုကို အဖွဲ့ဝင်လေးဦး ပါဝင်သော အမေရိကန်စစ်ရေးကိုယ်စားလှယ်အဖွဲ့က စစ်ဆေးကြည့်ရှုခဲ့သည်။ အရှေ့ဂျာမနီနိုင်ငံတွင် စက်တင်ဘာလ ၁၁ ရက်နေ့က ဆိုဗီယက်တပ်ဖွဲ့ဝင်များပါဝင်သော စစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဗြိတိသျှအရာရှိများက ၄၈ နာရီကြာမျှ စစ်ဆေးကြည့်ရှုကြသည်။ စက်တင်ဘာလ ၁၄ ရက်နေ့က ဟန်နိုဗာမြို့၏ မြောက်ဘက်တွင် နေတိုးအဖွဲ့၏ ဆာတိန်းစထရိုက် အမည်ရှိ စစ်ရေးလေ့ကျင့်မှုကို ဆိုဗီယက်ပြည်ထောင်စုနှင့် အရှေ့အုပ်စုဝင် ခြောက်နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် စစ်ဆေးကြည့်ရှုခဲ့ကြသည်။ နိုဝင်ဘာလ ၉ ရက်နေ့တွင်လည်း စကော့တလန်အနောက်တောင်ပိုင်း ကမ်းခြေ၌ ဗြိတိန်နိုင်ငံ၏ ကြည်း၊ရေ၊လေတို့ပါဝင်သည့် အင်အား အကြီးမားဆုံးသော စစ်ရေး လေ့ကျင့်ပွဲကို ဝါဆော စာချုပ်အဖွဲ့၊ နေတိုး အဖွဲ့ နှင့် ဘက်မလိုက်နိုင်ငံတို့မှ စုစုပေါင်းလေ့လာသူ ၃၄ ဦး လေ့လာ ကြည့်ရှုခဲ့ကြ



အမေရိကန် အကပညာရှင် ဖရက် အက်စတဲ

သည်။ စတော့ဟုမ်းသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက်ပိုင်းတွင် ဗြိတိန်စစ်ရေးလေ့ကျင့်ပွဲကို ဝါဆောစာချုပ်အဖွဲ့မှ လေ့လာသူများအား ပထမဆုံးအကြိမ် ကြည့်ရှုခွင့်ပြုခြင်း ဖြစ်သည်။

အက်စတဲ, ဖရက် (ခရစ် ၁၈၉၉– ၁၉၇၇)။ ။ ဇာတ်ခုံပေါ်တွင်သာမက ရုပ်ရှင်ပိတ်ကားပေါ်တွင်လည်း အကမင်းသားအဖြစ် ထင်ရှားသည့် ဖရက် အက်စတဲကို ၁၈၉၉ ခုနှစ် မေလ ၁၀ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု နီဗရားစကားပြည်နယ် အိုမဟာ မြို့၌မွေးဖွားခဲ့သည်။ ငယ်မည်မှာဖရက်ဒရစ်အောက်စတဲလစ်ဖြစ်သည်။အသက်လေးနှစ်အရွယ်မှစ၍ အကပညာကို ဆည်းပူးသည်။ ၁၉၀၆ ခုနှစ်တွင် နှမဖြစ်သူ အဒလီနှင့်တွဲဖက် ကပြဖျော်ဖြေခဲ့ရာ အဆိုအက နှစ်ထွေရောသည့် မြူးကြွသော တင်ဆက်မှုအဖြစ်ထင်ရှားသည်။ ၁၉၁၇ ခုနှစ်တွင် ဘရော့ဝေးစင်မြင့်ပေါ်တွင် ကပြဖျော်ဖြေခဲ့ကြပြန်ရာ မောင်နှမနှစ်ယောက်လုံး နိုင်ငံတကာအဆင့်ထိ ကျော်ကြားလာကြသည်။ ထောက်ထားညှာတာသဖြင့် (၁၉၂၂)၊ ရယ်စရာမျက်နှာ (၁၉၂၇) နှင့် ဂီတလှည်းယာဉ် (၁၉၃၁) တို့သည် ပြဇာတ်လောကဌ အထူးအောင်မြင်သော ဂီတဇာတ်မြူးများဖြစ်သည်။ ၁၉၃၂ ခုနှစ်တွင် နှမအဒလီအိမ်ထောင်ကျသွား၍ ပြဇာတ်စင်မြင့်တွင် တစ်ကိုယ်တည်းကပြနေခဲ့ရာမှ ဟောလီဝုဒ်သို့ ကူးလာခဲ့သည်။ ဗွေဆော်ဦး သရုပ်ဆောင်သော ဇာတ်ကားသည် ကချေသည် (၁၉၃၃) ဖြစ်သည်။ ရုပ်ရှင်မင်းသမီး ဂျုံးကရောဖို့ (၁၉၀၈–၇၇)၏ ကဖော်အဖြစ် ဖျော်ဖြေပေးခဲ့ရခြင်း ဖြစ်သည်။ ထိုနှစ်တွင်ပင် ရီယိုသို့ ပျံသန်းဆင်းသက်ခြင်း အမည်ရှိ ဇာတ်ကားတွင် သရုပ်ဆောင်ခဲ့ပြန်ရာ ရုပ်ရှင်မင်းသမီးလည်းဖြစ်၊ ကချေသည်လည်းဖြစ်သော ဂျင်ဂျာ ရောဂျားစ် (၁၉၁၁–) နှင့်တွဲမိသည်။ ထိုအချိန်မှစ၍ ၁၉၃၀ ပြည့်လွန်နှစ်များအတွင်း လူကြိုက်အများဆုံးသော ကဖော်စုံတွဲ ဖြစ်လာခဲ့ကြပြီး နောက်ထပ် ဇာတ်ကားကိုးကားတွင် ပါဝင်ဖျော်ဖြေခဲ့ကြသည်။သင်းဒီဗောဆေး (၁၉၃၄)၊ ရိဘာတာ (၁၉၃၅)၊ တော့ဟက် (၁၉၃၅)၊ တို့တစ်တွေကကြမယ်လား (၁၉၃၆)၊ ဂီတစည်းချက် (၁၉၃၆)၊ သောကကင်းဝေး (၁၉၃၈) တို့သည် အထူးထင်ရှားသည်။ ၁၉၃၀ ပြည့်လွန် နှစ်များအတွင်းတွင် အက်စတဲသည် အခြားကဖော်တစ်ဦးနှင့် တွဲဖက်သော ရုပ်ရှင်ကားကို တစ်ကားတည်းသာရိုက်ခဲ့ရာ ယင်းဇာတ်ကားမှာ ဂျုံး ဖွန်တိန်း (၁၉၁၇–)နှင့်တွဲဖက်ပါဝင်သည့် သောကတွေပို လုံမပျို (၁၉၃၇) ဖြစ်သည်။ ဗာန္ဒွန်နှင့် အိုင်ရင်းကားစဲတို့၏ ဇာတ်လမ်း (၁၉၃၉) တွင် ပါဝင်ခဲ့ပြီးနောက် ဂျင်ဂျာ ရောဂျားစ်နှင့် လက်တွဲဖြုတ်ခဲ့သည်။ အနုပညာလည်းမြောက်၍ ရင်းနှီးမှုလည်းပါသောကကွက်၊ ကျက်သရေလည်းတင့်၍ နည်း စ နစ် လည်း ထက် သော သရုပ်ဆောင်ကွက်၊ ဇာတ်ပန္နက်လည်းခိုင်ခန့်၍ ဂီတလည်း ဆန်းသစ်မြိုင်ဆိုင်သောတင်ဆက်မှုတို့ကြောင့် ရောဂျားစ်–အက်စတဲရုပ်ရှင်ကားတို့သည် ဝင်ငွေစံချိန်တင်ရုံသက်သက် မဟုတ်မူဘဲ ရုပ်ရှင်လောကဌ တေးသံစုံဇာတ်မြူး ဖန်တီးမှု အတတ်ပညာ ထွန်းကားလာရေးအတွက် သြဇာသက် ရောက်ခဲ့ပေသည်။

အက်စတဲသည် ရီတာဟေးဝပ် (၁၉၁၈–၈၇) နှင့်တွဲ၍ ဟိုစဉ်ကမှ ပိုချစ်လှဟု ဘယ်အခါမျှ မရှိခဲ့ အမည်ရှိဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။ ၁၉၄၅ ခုနှစ်တွင် အက်စတဲ၏ စွမ်းရည်နှင့်ထိုက်တန်သော ဒါရိုက်တာတစ်ဦးဖြစ်သည့် ဗင်းဆင့် မင်နလီ (၁၉၁၃–)က အက်စတဲကို သရုပ်ဆောင်ဖော်အသစ်အဖြစ် လူစီ ဘရီမာနှင့်တွဲဖက်စေကာ ယိုလန်ဒါနှင့်စောရ ဇာတ်ကားကို စီစဉ်ရိုက်ကူးပေးခဲ့သည်။ ၁၉၄၆ ခုနှစ်တွင် အက်စတဲသည် ရုပ်ရှင်လောကမှ အနားယူတော့မည်ဟု ကြေညာခဲ့သည်။ သို့ရာတွင် ဂျင်းကယ်လီ (၁၉၁၂–) မပါဝင်ဖြစ်သော အီစတာပရိဒ် (၁၉၄၈) ၌ ပါဝင်သရုပ်ဆောင်ရာမှ ရုပ်ရှင်လောကဌ တစ်ဖန်ကျင်လည်ရပြန်သည်။ ယင်းဇာတ်ကား၌ အဆိုကျော်ရုပ်ရှင်မင်းသမီး ဂျူဒီဂါးလင်း (၁၉၂၂–၆၉)နှင့် တွဲဖက်ပါဝင်ရသည်။ နောက်ပိုင်းတွင် သည် ဘာကလေစ်အော့ဖ်ဘရော့ဝေး (၁၉၄၉) နှင့် ပြင်သစ်တေးသံရှင် ရုပ်ရှင်မင်းသမီး လက်စလီ ကာရွန်း (၁၉၃၁–) နှင့် အတူ ပါဝင်သရုပ်ဆောင်သော ဖေဖေ ဦးခြေရှည် (၁၉၅၅) တို့ဖြင့် အောင်မြင်မှု ဆက်လက် ရရှိခဲ့ပြန်သည်။ နှစ်နှစ်နားပြီးနောက် ရယ်စရာမျက်နှာ (၁၉၅၇) နှင့် ပိုးသားခြေအိတ်ရှည် (၁၉၅၇) တို့တွင် ပါဝင်ခဲ့ပြန်

သည်။ ၁၉၇၅ ခုနှစ်တွင် မြင့်မားပြင်းထန် မီးတောက်လှိုင်းတက်ကြွစွာ ဝင်ရောက်ခဲ့သော ဗီယက်နမ်စစ်ပွဲကြီးကို ကြည့်ရှုရင်း ဆင်းရဲနွမ်းပါးသော ကမ္ဘာသူကြီးများ၏ ဘဝများကို ပြန်လည်ပြောင်းလဲစေရန် ကြိုးပမ်းခဲ့ကြသော ဆိုရှယ်လစ်တော်လှန်ရေးသမားများ၏ ဘဝများကို ပြန်လည်ပြောင်းလဲစေခဲ့သည်။ ဤသည်မှာ

သောကြောင့် နာရီ ၁၀၀ အတွင်း သင်ကြားတတ်မြောက်နိုင်ဖွယ်ဆိုသည်။ ထိုဘာသာစကား၌ အက္ခရာ ၂၇ လုံး ရှိပြီး သဒ္ဒါစည်းမျဉ်း ၁၆ ခုသာရှိသည်။ စာလုံးများသည် အသံအပြောင်းအလဲမရှိ၊ တစ်သမတ်တည်း အသံတစ်မျိုးသာထွက်သည်။

အက်စပရင်တို၌ နာမ်များသည် အင်္ဂလိပ်အက္ခရာ o (အို) အမြဲဆုံးပြီး နာမဝိသေသနများသည် a (အေ) အက္ခရာဖြင့်ဆုံးပြီး ကြိယာဝိသေသနများသည် i (အိုင်) ဖြင့်ဆုံးသည်။ အသံထွက်ရာ၌လည်း နောက်ဆုံးစာလုံးသည်အမြဲတမ်း အသံလေးဖြစ်သည်။


အက်စပရင်တိုကို သင်ယူရာ၌ အင်္ဂလိပ် သို့မဟုတ် ပြင်သစ်ဘာသာစကား သင်ယူရသည့်အချိန်ထက် ငါးချိုး တစ်ချိုးမျှ လျော့နည်း၍လည်းကောင်း အခြားဘာသာစကားများ သင်ယူရသည့်အချိန်ထက် ၁၅ချိုး တစ်ချိုးမျှ လျော့နည်း၍လည်းကောင်းတတ်မြောက်နိုင်သည်ဆို၏။

ပထမဆုံးသော အက်စပရင်ဘာသာစကားအသင်းကို ၁၈၉၂ ခုနှစ်၌ ရုရှနိုင်ငံ ပိတရိုဂရက်မြို့ (ယခု လီနင်ဂရက်မြို့) ၌ ဖွင့်လှစ်ခဲ့သည်။ ၁၈၈၉ ခုနှစ် ဂျာမနီနိုင်ငံ နျူရင်ဗတ်မြို့၌ အက်စပရင်တို ဘာသာစကားဖြင့် ပုံနှိပ်သည့်သတင်းစာကိုထုတ်ဝေခဲ့သည်။ ၁၉၀၅ ခုနှစ်၌ပထမဆုံးနိုင်ငံတကာ အက်စပရင်တို ဘာသာစကား ကွန်ဂရက် အစည်းအဝေးကို ပြင်သစ်နိုင်ငံ ဗူလုံးမြို့၌ ကျင်းပခဲ့ရာ နိုင်ငံ ၂၀ မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဒေါက်တာဇမင်ဟော့ဖ က အက်စပရင်တိုဘာသာစကားဖြင့် မိန့်ခွန်းပြောသည်။ ထိုအခမ်းအနား၌ အက်စပရင်တို ဘာသာစကားနှင့် ပတ်သက်သော ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

တရုတ်နိုင်ငံ ရှန်ဟဲမြို့၌ ၁၉၀၆ ခုနှစ်တွင် အက်စပရင်တို စကားသင်ကျောင်းတစ်ကျောင်း ဖွင့်လှစ်သည်။ အက်စပရင်တိုသည် တရုတ်နိုင်ငံနှင့် ပြည်ပနိုင်ငံကို ဆက်သွယ်ရာ၌ အထောက်အကူပြုခဲ့သည်။

၁၉၄၀ ပြည့်နှစ်၌ "တရုတ်နိုင်ငံမှ" ဟူသော အက်စပရင်တို ဘာသာစကားဖြင့် မဂ္ဂဇင်းထုတ်ဝေခဲ့ရာ မှာယူဖတ်ရှုသူပေါင်း ၄၂,၀၀၀ ရှိသည်ဟုသိရ၏။ ၁၉၆၃ ခုနှစ် နိုင်ငံခြားဘာသာစကားအဖြစ် အက်စပရင်တိုကို တရုတ်တက္ကသိုလ်များ၌ သင်ကြားစေခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌကြီး မော်စီတုန်း၊ တရုတ်စာရေးဆရာ လူရွှန်း၊ ရုရှစာရေးဆရာကြီးများ ဖြစ်ကြသော တော်စတွိုင်၊ ဂေါ်ကီ၊ ယူဂိုစလပ်ခေါင်းဆောင်ကြီး တီတိုးနှင့် ရူပဗေဒပညာရှင် အိုင်စတိုင်းတို့သည် ထိုဘာသာစကား လေ့လာသင်ကြားရေးနှင့် ပတ်သက်၍ အားပေးခဲ့ကြသည်။



တရုတ်နိုင်ငံတွင် ၁၉၇၇ ခုနှစ် ဇူလိုင်လက ထုတ်ဝေသော အက်စပရင်တို ရုပြည့်အထိမ်းအမှတ်စာစောင်

ယခုအခါ အက်စပရင်တိုဘာသာစကားဖြင့် ဂျာနယ်မဂ္ဂဇင်းပေါင်း ၁၀၀ ခန့်၊ ဘာသာပြန်စာအုပ် ၇,၅၀၀ ခန့် ရှိသည်ဟု သိရ၏။ ထိုစကားပြောဆို သုံးစွဲသူပေါင်း ဆယ်သန်းခန့် ရှိသည်ဆို၏။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၌ အက်စပရင်တိုကို ရုံးသုံးစကားအဖြစ် သုံးစွဲရန် တင်သွင်းခဲ့သော်လည်း ကုလသမဂ္ဂ၌ လက်ရှိသုံးစွဲလျက်ရှိသော ဘာသာစကားခြောက်မျိုး (အင်္ဂလိပ်၊ ပြင်သစ်၊ စပိန်၊ အာရပ်၊ တရုတ်နှင့် ရုရှ) ဖြင့်ပင် မနိုင်မနင်းဖြစ်နေသောကြောင့် ထိုတင်ပြချက်ကို လက်မခံခဲ့ချေ။

အောင်ခင်၊ ဦး (ပါမောက္ခ) (ခရစ် ၁၉၁၈ – ၁၉၈၇)။ ။ဓာတုဗေဒပါမောက္ခ ဦးအောင်ခင်ကို ရခိုင်ပြည်နယ်၊ သံတွဲမြို့၌ အဖ ဦးဘိုးခိုင်၊ အမိ ဒေါ်ကျော့ကျော့တို့က ၁၉၁၈ ခုနှစ် ဧပြီလ ၂၁ ရက်နေ့ တွင် မွေးဖွားသည်။

သံတွဲမြို့ အစိုးရကျောင်းတွင် စတင်ပညာသင်ကြားခဲ့ပြီး ဒုတိယတန်းအရောက်တွင် မိဘများ ပုသိမ်မြို့သို့ ပြောင်းရွှေ့ ပုသိမ်မြို့ အစိုးရကျောင်းတွင် ဆက်လက်ပညာသင်ကြားသည်။ ၁၆ နှစ်သားအရွယ်တွင် ၁၀ တန်းကို ဂုဏ်ထူးငါးဘာသာဖြင့် အောင်မြင်ခဲ့သည်။

၁၉၃၄ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာဆည်းပူးခဲ့ရာ ဥပစာသိပ္ပံ အပိုင်း(က)နှင့် အပိုင်း(ခ)ကို တစ်နှစ်တည်းဖြင့် အောင်မြင်ခဲ့သည်။ ထို့နောက် ၁၉၃၈ ခုနှစ်တွင် သိပ္ပံဘွဲ့ကို ဓာတုဗေဒ ဂုဏ်ထူးတန်းဖြင့် အောင်မြင်ခဲ့သည့်အပြင် Upper Division 2nd Class ဆုကိုလည်း ဆွတ်ခူးရရှိခဲ့သည်။ ထိုမျှသာမကထိုအချိန်က

ဓာတုဗေဒ ထူးချွန်သူများအတွက် ပေးအပ်ချီးမြှင့်သော ဦးရွှေလေး ရွှေတံဆိပ်ကိုလည်း ရရှိခဲ့သည်။

ဦးအောင်ခင်သည် ၁၉၃၈–၃၉ ခုနှစ်တွင်ပင် ရူပဗေဒ ဂုဏ်ထူးတန်း သိပ္ပံဘွဲ့ကိုလည်း အင်္ဂလိပ်အစိုးရက ချီးမြှင့်သော ရွှေတံဆိပ်နှင့်အတူ ဆုတ်ခွဲးရရှိခဲ့ပြန်သည်။ ထိုသို့ တစ်နှစ်တည်းတွင် ဂုဏ်ထူးဆင့်ကဲရရှိခဲ့သောကြောင့် ပညာသင်ဆုရရှိပြီး ၁၉၃၉ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ပညာဆက်လက်ဆည်းပူးရန် ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ သွားရောက်ခဲ့ရသည်။

လန်ဒန်တက္ကသိုလ်မှ D.I.C ဒီပလိုမာဘွဲ့ (Dip of Imperial College, Food Technology)၊ A.I.R.C ဘွဲ့ (Associate of the Royal Institute of Chemistry) များကို ဆုတ်ခွဲးရရှိခဲ့သည်။ ပါရဂူဘွဲ့အတွက် ဆက်လက်ဆည်းပူးရန် စီစဉ်ပြီးမှ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခြင်းမြန်မာနိုင်ငံသို့ ပြန်လာခဲ့ရပြီး မဟာသိပ္ပံဘွဲ့ကို ရန်ကုန်တက္ကသိုလ်မှ ရရှိသည်။

ဦးအောင်ခင်သည် ၁၉၄၁ ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်၌ လက်ထောက်ကထိကအဖြစ် စတင်ဆောင်ရွက်ခဲ့ရာ ငါးနှစ်အကြာတွင်ဓာတုဗေဒကထိက ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၅၉ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၏ ဓာတုဗေဒပါမောက္ခ ဖြစ်ခဲ့သည်။ ဦးအောင်ခင်သည် ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနတွင် လက်ထောက်ကထိက၊ကထိကနှင့် ပါမောက္ခအဖြစ် နှစ်ပေါင်း ၃၇ နှစ်အထိ ပညာရေးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၈ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

အငြိမ်းစားယူပြီးနောက် ဦးအောင်ခင်အား နိုင်ငံတော်က ပညာရေးဝန်ကြီးဌာန၌ အကြံပေးပုဂ္ဂိုလ်အဖြစ် သုံးနှစ်တာ ထမ်းဆောင်စေခဲ့သည်။ ဦးအောင်ခင်သည် အဖွဲ့အစည်းအသီးသီး၌လည်းပါဝင်ဆောင်ရွက်ခဲ့သူ တစ်ဦးဖြစ်သည်။ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ဓာတ်



ပါမောက္ခ ဦးအောင်ခင်


မြေဩဇာ စက်ရုံများတည်ဆောက်ရေးစီမံကိန်း အကောင်အထည်ဖော်မှု အကြံပေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းပစ္စည်းထိန်းသိမ်းရေး ကော်မတီတွင် အဖွဲ့ဝင် အဖြစ်လည်းကောင်း၊ သတ္တုတွင်းဝန်ကြီးဌာနအကြံပေးအဖွဲ့ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဗဟိုသုတေသနအဖွဲ့အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ဓာတုသိပ္ပံဘာသာရပ်ဆိုင်ရာ သုတေသနအဖွဲ့ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒေသကောလိပ်များ တည်ထောင်ဖြစ်မြောက်ရေး ကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့သည်။

ဦးအောင်ခင်သည် လူထုလူတန်းစား အဖွဲ့အစည်းများတွင်လည်း ပါဝင်ဆောင်ရွက်ခဲ့ရာ တက္ကသိုလ် နယ်မြေအခြေခံအလုပ်သမားအစည်းအရုံးဥက္ကဋ္ဌ၊ ကမာရွတ်မြို့နယ်အလုပ်သမား အစည်းအရုံးအဖွဲ့ဝင်၊ ကမာရွတ်မြို့နယ်စာပေ လုပ်သားအဖွဲ့ အဖွဲ့ဝင် စသည်ဖြင့် ဆောင်ရွက်ခဲ့သည်။ ပါမောက္ခဦးအောင်ခင်သည် ဓာတုဗေဒပညာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့်ရေးသားပြုစုခဲ့သည်။

ဦးအောင်ခင်သည် ၁၉၃၇ ခုနှစ်တွင် ဒေါ်သန်းစိန်နှင့် အိမ်ထောင်ပြုခဲ့သည်။ ဓာတုဗေဒပါမောက္ခ ဦးအောင်ခင်သည် ၁၉၈၇ ခုနှစ် မေလ ၈ ရက်နေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်တွင် ဇနီးဒေါ်သန်းစိန်နှင့် သမီးနှစ်ယောက်၊ သားတစ်ယောက် ကျန်ရစ်သည်။

အန္တာတိက သုတေသန။ ။နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကိုယ်စားလှယ် ၅၇ ဦးသည် တောင်ဝင်ရိုးစွန်းမှ ကီလိုမီတာ ၆၄၀ (မိုင် ၄၀၀) သာဝေးကွာသော ဘီးယတ်မိုးရေခဲမြစ်စခန်းတွင် ၁၉၈၅ ခုနှစ် ဇန်နဝါရီလကကျင်းပသည့် အန္တာတိက စာချုပ်စနစ်ဆိုင်ရာ နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးအတွက် အန္တာတိကဒေသ၏ အကျိုးပြုနိုင်မှုအလားအလာနှင့် စာချုပ်စနစ်ကိုလေ့လာသုံးသပ်ရန် ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ကုလသမဂ္ဂတွင် အန္တာတိကစာချုပ်စနစ်ကို တတိယကမ္ဘာက စိန်ခေါ်ခဲ့ပြီးနောက် ယင်းအလုပ်ရုံ ဆွေးနွေးပွဲသည် စာချုပ်အဖွဲ့ဝင် နိုင်ငံများရော စာချုပ်အဖွဲ့ဝင်မဟုတ်သော နိုင်ငံများပါ တက်ရောက်၍ အမြင်ချင်းဖလှယ်ကာ နားလည်မှုရရှိရန် အခွင့်အလမ်းရရှိစေခဲ့သည်။

တပ်စမေးနီးယားကျွန်း ဟိုးဘတ်မြို့တွင် အန္တာတိကရေပြင်ရှိ သက်ရှိအရင်းအမြစ်များဆိုင်ရာ ကွန်းဗင်းရှင်း (စီ စီ အေ အမ် အယ် အာ) ၏ တတိယ အစည်းအဝေးကို



အန္တာတိကဒေသ အထက်လေထုရှိ ဒိုဇုန်းလွှာအပေါက်ကြီးကို ၁၉၈၇ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့က မှတ်တမ်းတင်ထားသော ပြုပ်တုခတ်ပုံ

၁၉၈၅ ခုနှစ် အတွင်းက ကျင်းပခဲ့သည်။ အန္တာတိက ရေပြင် ပိုင်နက်တွင် ဖင်းငါးဖမ်းဆီးမှု ကန့်သတ်ရန် အစည်းအဝေး တက်ရောက်သူများ သဘောတူညီခဲ့ကြသည်။ ငါးမျိုးမတိမ်ကောအောင် ထိန်းသိမ်းရေးလုပ်ငန်းကို အထိရောက်ဆုံး အထောက်အကူပြုနိုင်မည့် နည်းလမ်းများ ချမှတ်ဆောင်ရွက်ကြရန် အစိုးရ အသီးသီးအား အလေးအနက် တိုက်တွန်းခဲ့သည်။ ယင်းကန့်သတ်မှုများက ကရိုပုစွန်ဖမ်းဆီးမှုကို မထိခိုက်ချေ။ ကရိုပုစွန်ဖမ်းဆီးရရှိမှု စာရင်းဇယားများအရ မကြာမီက ဖမ်းဆီးရရှိမှု အရေအတွက်သည် - လျော့နည်း ကျဆင်းလာကြောင်း သိရှိရသည်။ ၁၉၈၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့က ကုလသမဂ္ဂ အထွေထွေညီလာခံတွင် အန္တာတိက အရင်းအမြစ်များ စီမံခန့်ခွဲရာ၌ လည်းကောင်း၊ ထုတ်ယူ သုံးစွဲ၍ အကျိုးကျေးဇူး ခံစားရာ၌လည်းကောင်း နိုင်ငံအားလုံး ညီတူညီမျှ ပိုင်ခွင့် ရှိသင့်ကြောင်း တင်ပြသည့်အဆိုကို ထောက်ခံမဲ ၉၂ မဲ၊ ကန့်ကွက်မဲမရှိဖြင့် အတည်ပြုသည်။ အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့ အပါအဝင် အန္တာတိကစာချုပ် အဖွဲ့ဝင်နိုင်ငံတို့က မဲမပေးဘဲ နေခဲ့ကြသည်။ ၁၉၈၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ထုတ် ဖိုင်နင်ရှယ်တိုင်း၏ လေ့လာ ခန့်မှန်းချက်အရ အန္တာတိကစာချုပ် လက်မှတ်ရေးထိုးထားသော နိုင်ငံတို့၏ အန္တာတိက သုတေသနနှင့် စူးစမ်း ရှာဖွေရေး လုပ်ငန်းအတွက် နှစ်စဉ်ကုန်ကျစရိတ်သည် ဒေါ်လာ သန်းပေါင်း ၅၀၀ ခန့်ရှိမည်ဟု သိရသည်။ ၁၉၈၆ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့သည် ဒေါ်လာ ၁၁၅ သန်းစီထက်မနည်း သုံးစွဲမည်ဟု ဆိုသည်။ အန္တာတိကတိုက်ပေါ် တွင် သုတေသန သိပ္ပံပညာရှင် ၂၀၀၀ ရှိသည်။

ဂရင်းပိစ် ငြိမ်းချမ်းရေးအဖွဲ့သည် အန္တာတိကဒေသကို "ကမ္ဘာ့ အနာဂတ် မျိုးနွယ်ဆက်များအတွက် အမွေခံ ဥယျာဉ်" ဟု အမည်ပေးကာ ယင်းဒေသ၌ သုတေသန ပြုလုပ်နေကြပုံနှင့် အရင်းအမြစ် အသုံးချပုံတို့ကို စောင့်ကြပ်ကြည့်ရှုရန် ၁၉၈၆ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့က အမြဲတမ်း အခြေစိုက်သိပ္ပံစခန်း ဖွင့်လှစ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် ၁၉၈၆ ခုနှစ်တွင် အန္တာတိက စာချုပ်အဖွဲ့ဝင် ဖြစ်လာ၍ အဖွဲ့ဝင် ၃၃ နိုင်ငံရှိပြီ ဖြစ်သည်။ ယင်း ၃၃ နိုင်ငံအနက် ၁၈ နိုင်ငံကို အတိုင်ပင်ခံအဆင့် သတ်မှတ်ထားရှိသည်။ ၎င်းတို့မှာ အာဂျင်တီးနား၊ ဩစတြေးလျ၊ ဗဲလ်ဂျီယံ၊ ဗရာဇီး၊ ဖြိုတိန်၊ ချီလီ၊ တရုတ်၊ ပြင်သစ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ နော်ဝေး၊ ပိုလန်၊ တောင်အာဖရိက၊ ဆိုဗီယက်၊ အမေရိကန်၊ ဥရုဂွေးနှင့် အနောက်ဂျာမနီတို့ ဖြစ်ကြသည်။

အာဂျင်တီးနားနိုင်ငံသည် အမြဲတမ်း အခြေစိုက်စခန်းသုံးခုနှင့် ယာယီစခန်းသုံးခုတွင် သိပ္ပံသုတေသနလုပ်ငန်းများ ပြုလုပ် နေသည်။ ဩစတြေးလျ နိုင်ငံသည် ပရစ်ဇ်ပင်လယ်အော်တွင် ကရီပုစွန်သုတေသနပြုလုပ်သည်။ အဏ္ဏဝါဇီဝဗေဒနှင့် မြေဆီဘူမိဗေဒတို့ကိုလည်း လေ့လာသည်။ ချီလီနိုင်ငံသည်အက်ဒ်လိဒ်ကျွန်းပေါ်တွင် ဗြိတိသျှတို့ ၁၉၇၇ ခုနှစ် ကတည်းက မသုံးဘဲထားသော စခန်းအမှတ်တံကို လွှဲပြောင်းရယူပြီး ချီလီနိုင်ငံ၏ အခြားစခန်းသုံးခု ကဲ့သို့ သုတေသန လုပ်ငန်းများ ပြုလုပ်သည်။ တရုတ်နိုင်ငံသည် ချီလီ၏ ရိုဒေါ်ဖိုမာ့ရှ်စခန်းနှင့် ဆိုဗီယက် ပြည်ထောင်စု၏ ဘယ်လင်းရှောင်ဆင်းစခန်းတို့မှ ၂ ကီလို မီတာ (၁ ဒသမ ၂ မိုင်)သာ ဝေးကွာသော ရှက်တလန် ဇတောင်ကျွန်းစုရှိ ကျော့ဘုရင်ကျွန်းပေါ်မှ ဖီးလ်ဒက်စ်ကျွန်း ဆွယ်တွင် မဟာတံတိုင်းအမည်ရှိစခန်းကို ထူထောင်ထားရှိသည်။ ဗဟုဇီးနှင့် ဥရုဂွေး တို့သည်လည်း ကျော့ဘုရင်ကျွန်းပေါ်တွင်ပင် သုတေသနစခန်းများ ထူထောင်ထားသည်။ အက်စထရစ် မင်းသမီးကမ်းခြေတွင်ရှိသော ဒက်ရှင်းဂန်ဂိုထရီအမည်ရှိ အိန္ဒိယအမြဲတမ်း စခန်းတွင် အဏ္ဏဝါအရင်းအမြစ် တန်ဖိုးတွက်ဆရေးလုပ်ငန်းကို ပြုလုပ်သည်။ ရေခဲပြင်စွန်းနှင့် သမုဒ္ဒရာ ကြမ်းပြင်တို့တွင် ဘူမိရူပဗေဒတိုင်းတာလေ့လာရေးကို ပြုလုပ်သည်။

ဂျပန်နိုင်ငံသည် အမျိုးသား သယ်ဇာတနှင့် စွမ်းအင်ဆိုင်ရာ အေဂျင်စီနှင့် အမျိုးသား ရေနံကော်ပိုရေးရှင်းတို့အတွက် အဏ္ဏဝါဘူမိရူပဗေဒတိုင်းတာရေး လုပ်ငန်းများကို အင်ဒါဘီ ကုန်းမြေ၏ ကမ်းလွှန်ဒေသတွင် ပြုလုပ်သည်။ အမြဲတမ်း စခန်းနှစ်ခုအပြင် ယာယီစခန်းတစ်ခုကို ဆိုရှန်းဒိန်းတောင်တန်းအနီး၌ တည်ဆောက်ထားသည်။ နယူးဇီလန်နိုင်ငံသည် စီရို. (ရော့စ်ပင်လယ်အတွင်းတတိယကမ်စူးစမ်းလေ့လာရေး) အမည်ရှိ ကမ်းလွှန်တွင်းတူး လေ့လာရေးစီမံကိန်း (၁၉၇၅ – ၈၈) ကို အကောင်အထည် ဖော်သည်။ အောက်ခြေကျောက်သားပေါ်တွင် ကျဆင်းနေသော ရေခဲမြစ်အနည်အနှစ်ထု ၁၆၈ ဒသမ ၉ မီတာ (၅၅၄ ပေ) ကို တွင်းဖောက်၍ အူတိုင်ကို လေ့လာသည်။ မုန်တိုင်းကြောင့် စခန်း ပျက်စီးသော်လည်း ယင်းအူတိုင်မှာ အကောင်းပကတိပင်ရှိ၍ ရှေပြေးစိစစ်လေ့လာမှု ပြုလုပ်ခဲ့သည်။ ယင်းအူတိုင်နမူနာသည် သက်တမ်းနှစ်ပေါင်း လေးသန်းမျှရှိကြောင်း တွေ့ရသည်။ နော်ဝေးနိုင်ငံသည် ဝက်ဒဲပင်လယ်ထဲတွင် လည်းကောင်း၊ လောင်

အန္တာတိကဒေသ အဏ္ဏဝါသက်ရှိလောက၏ အခြေအနေကို သိရှိရန် ဩစတြေးလျ သုတေသနပညာရှင်တို့ အရေးပေးလေ့လာသောဖဲ့တစ်မျိုး



ကျိကျူအရှေ့ ၅ ဒီဂရီနှင့် အနောက် ၁၀ ဒီဂရီ အတွင်းရှိ အန္တာတိက ကုန်းမြေတွင် လည်းကောင်း၊ ဘူမိရူပဗေဒ ဆိုင်ရာ၊ ရေခဲမြစ် ပညာဆိုင်ရာ၊ ဘူမိဗေဒ ဆိုင်ရာနှင့် အဏ္ဏဝါဗေဒဆိုင်ရာ သုတေသနလုပ်ငန်းများကို ပြုလုပ်သည်။ အရင်းအမြစ်ရရှိရေး ဦးတည်သော သုတေသနသာမက ပင်လယ်ပြင်တွင် ရေခဲစိုင်မျှော လှုပ်ရှားမှုနှင့် မြေဆီလွှာဗေဒ ဆိုင်ရာ လေ့လာမှု တို့ကိုလည်း ပြုလုပ်သည်။ ဆိုဗီယက် ပြည်ထောင်စုသည် ဝက်ဒဲပင်လယ်ရှိ ဘဝ့်ကနာကျွန်းပေါ်မှ အင်္ဂမမြောက် အမြဲတမ်းစခန်းကို တည်ဆောက်သည်။ နိုဗိုလာဇာရက်စကာယာ စခန်းနှင့် မိုလိုဒေဇနာယာ စခန်းတို့တွင် စခန်းမှမ်းမံရေး လုပ်ငန်းများ ပြုလုပ်ရာ နှင်းခဲများကို ဖိသိပ်ပြီး လေယာဉ်ကွင်းများတည် ဆောက်ပေးခဲ့သည်။ အန္တာတိက အတွင်းပိုင်းတွင် ဝေးခေါင်သော အရပ်၌ တည်ဆောက်ထားသော ဗဟ့်စတေ့ာ့စခန်းကို မီယာနီးစခန်းမှ ထရက်တာရထားဖြင့် ရိက္ခာထောက်ပို့ရန် စီစဉ်သည်။

ဗြိတိန်နိုင်ငံကမူ အန္တာတိက ကွင်းဆင်းတိုင်းတာရေး အတွက် ရဟတ်ယာဉ်များကို ၁၉၇၅ ခုနှစ်မှ စတင်၍ အသုံးပြုသည်။ အမျိုးသမီးသိပ္ပံပညာရှင်တို့အား အန္တာတိကသို့ အလုပ်လုပ်ခြင်းကို တားမြစ်ထားသည်။ နွေရာသီတွင် ဗြိတိန်၊ ချီလီ၊ အနောက်ဂျာမနီနှင့် အမေရိကန် လေ့လာရေးအဖွဲ့တို့၏ လေယာဉ်များကို ဆင်းနိုင်စေသည့် ရိုဿီရာရှိ လေယာဉ်ပြေးလမ်းကို ပိုမိုကျစ်လျစ်သိပ်သည်းအောင် ပြုပြင်နိုင်ရန် စီစဉ်သည်။ အမေရိကန် ပြည်ထောင်စုသည် တောင်ဝင်ရိုးစွန်းရှိ ပါးလမား၊ မက်မားဒိုးနှင့် အမွန်ဆင်–စကော့ အမြဲတမ်းစခန်းသုံးခုကို ဆက်လက်ထားရှိသည်။ မေရီဘာ့ဒ်ကုန်းမြေမှ ရေခဲစိုင်များ ထွက်သွားစေသည့် ရောမရေခဲစီးကြောင်းများတည်ရာ ရော့စ်ရေခဲပြင်စွန်း အရှေ့ပိုင်းရှိ စီပယ် ကမ်းရိုးတန်းဒေသတွင် ရေခဲမြစ် လေ့လာရေး လုပ်ငန်းကို အလေးအနက်ထားဆောင်ရွက်သည်။ အမေရိကန်နှင့် ပြင်သစ်သိပ္ပံပညာရှင်တို့သည် နေငလျင်လှိုင်း လေ့လာရေးစီမံကိန်းကို တောင်ဝင်ရိုးစွန်းတွင် အကောင်အထည်ဖော်လျက် ရှိသည်။ အဲ့လ်စ်ဝါ့သ်ကုန်းမြေရှိ ဂျုံးစ် တောင်တန်းဒေသ၏ ဘူမိဗေဒအခြေအနေကိုပြရန်အသေးစိတ်မြေပုံထုတ်လုပ်သည်။ ယင်းတောင်တန်းဒေသတွင် ကျောက်ဖြစ်ရုပ်ကြွင်း ပို့ချမှုကို ဆက်လက်ရှာဖွေသည်။ မေရီဘာ့ဒ်ကုန်းမြေရှိ တာကာဟီတောင်၏ ဝန်းကျင်ဒေသတွင် မီးတောင် ဘူမိဗေဒကို စူးစမ်းလေ့လာသည်။ အန္တာတိကကျွန်းဆွယ်မှ ဝီလကက်စ်ကုန်းမြေအထိ ရေခဲခွဲသဘော်ဂ ဂလေစီယာနှင့် ပိုလာစတားတို့သည် အဏ္ဏဝါဗေဒ လေ့လာရေး လုပ်ငန်းကို ပြုလုပ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ဖြ၅ သန်းက ကမ္ဘာပေါ်သို့ ဥက္ကာခဲကြွေကျခြင်းကြောင့် ဒိုင်နိုဆောများနှင့် အခြားအပင်နှင့် တိရစ္ဆာန်တို့ မျိုးတုံးသွားရသည်ဟူသော သီအိုရီကို လေ့လာရန် ဆေမာကျွန်းပေါ်၌ ခရီးတေးစီးယပ်စ်–တာရှရီ (တတိယယုဂ်) ဘူမိနယ်နိမိတ် ကျောက်လွှာကို ရှာဖွေကြသည်။ (ဒိုင်နိုဆော—ရှ။)

အနောက် ဂျာမနီ နိုင်ငံသည် မြင်းကောင်ရေအား ၂၀,၀၀၀ ရှိ ပိုလာစတန် ရေခဲခွဲသဘော်ကို အသုံးပြု၍ လေ့လာသည်။ ပါရဂူ ၄၀၀ နှင့် အချိန်ပိုင်းသုတေသန ပညာရှင် ၂၀ ပါဝင်သော ယင်းသဘော်သည် အထူး ဒဿမ ၅ မီတာရှိရေခဲကို ခွဲဖြတ်သွားနိုင်ပြီး အနက် ၅ မီတာရှိ ရေခဲအစုအဝေးတွင် စူးဝင်တိုးဝှေ့သွားနိုင်သည်။ ၁၉၈၁ ခုနှစ်တွင် အန္တာတိကစာချုပ်အတိုင်ပင်ခံ နိုင်ငံအဆင့်သို့ ဝင်ရောက်ခဲ့ပြီးသည်မှစ၍ ၁၉၈၆ ခုနှစ်ထိ မတ်ဇွန်း ၃၀၀ ကျော်ရင်းနှီးမြှုပ်နှံခဲ့သည်။ ဒိုနီယာ ၂၂၈ အမျိုးအစား ဝင်ရိုးစွန်းသုံး လေယာဉ်နှစ်စင်းဖြင့် ဓာတ်ပုံရိုက်ကူး လေ့လာသည်။ ဝက်ဒဲလ်ပင်လယ်ရှိ အက်တကာပင်လယ်အော်တွင် တည်ဆောက်ထားသော ဂျော့ဖုန်ဒိုင်း မေယာစခန်းတွင်ပင် မိုးလေဝသပညာရှင် နှစ်ဦး၊ ဘူမိရူပဗေဒ ပညာရှင်နှစ်ဦးနှင့် ဆရာဝန်တစ်ဦးတို့ အပါအဝင် လူ ၁၂ ဦးခန့်ရှိသည်။ ၁၉၄၉ ခုနှစ်မှ ၁၉၅၂ ခုနှစ်ထိ ကာလအတွင်းက ပထမဦးဆုံးသော နိုင်ငံတကာ သိပ္ပံပညာပူးပေါင်းလေ့လာရေး လုပ်ငန်းတွင် ပါဝင်ခဲ့သည့် ဆို့ဒင်နိုင်ငံနှင့် ၁၉၆၆ ခုနှစ်က အန္တာတိက သုတေသနလုပ်ငန်းကို ရပ်နားထားခဲ့သည့် နယ်သာလန်နိုင်ငံတို့သည် ၁၉၈၅ ခုနှစ်မှစ၍ အန္တာတိကလေ့လာရေးကို ပြန်လည်စတင် ပြုလုပ်သည်။ အီတလီနိုင်ငံသည် တာရာနိုဗာပင်လယ်အော်အနီးရှိ အမြဲတမ်းစခန်းတွင် မိုးလေဝသလေ့လာရေးကို ဦးစားပေးဆောင်ရွက်နေသည်။

ဗြိတိန်နိုင်ငံ၏ အန္တာတိက တိုင်းတာလေ့လာရေးအဖွဲ့သည် လေထု၏ စတရာတိုစဖီးယား အပိုင်းတွင် အိုဇုန်းလျော့နည်းမှုကို အန္တာတိကတိုက်၏ အထက်၌ သိသိသာသာ တွေ့ရှိရကြောင်းဖြင့် ၁၉၈၃ ခုနှစ်တွင် စတင်ကြေညာခဲ့သည်။ (စွယ်စုံ နှစ်ချုပ် ၁၉၈၇–စာ၊ ၃၁၉—ရှ။)

အမေရိကန် ပြည်ထောင်စုသည် ဒီစီ–၈ လေယာဉ်ဖြင့် အန္တာတိက အထက်ရှိ လေထုအတွင်းရှိ ဓာတ်ငွေ့များ၊ အမှုန်များနှင့် နေရောင်ခြည်ဖြာထွက်မှု အခြေအနေတို့ကို လေ့လာသည်။ လေယာဉ်မှူးတစ်ဦးတည်း လိုက်ပါသော ယူတူး ထောက်လှမ်းရေး လေယာဉ် တစ်မျိုးဖြစ်သည့် လော့ဟီ အီးအာရ်–၂ လေယာဉ်ဖြင့် အန္တာတိကအထက် အမြင့်ပေ ၇၀,၀၀၀ ခန့်တွင် တစ်ကြိမ်လျှင် ခြောက်နာရီကြာမျှပျံသန်းကာ ၁၂ ကြိမ် လေ့လာပြီးပြီ ဖြစ်သည်။ အန္တာတိကအိုဇုန်းလွှာ ပေါက်တွင်းသို့ ဖြတ်၍ပျံသန်းခြင်း

ဖြစ်သည်။ အိုဇုန်းလွှာလျော့နည်းမှုသည် ၁၉၇၅ ခုနှစ်က ၄၀ ရာခိုင်နှုန်းသာရှိခဲ့ရာမှ ၁၉၈၇ ခုနှစ် နှစ်ဆန်းတွင် ၅၀ ရာခိုင်နှုန်းပင် ရှိလာပြီဟူ၍ ၁၉၈၇ ခုနှစ် စက်တင်ဘာလက အမေရိကန် အာကာသနှင့် လေကြောင်းအုပ်ချုပ်မှုအဖွဲ့ (နာဆာ)၏ ပွန်တာအရီနာ စီမံကိန်းက အတည်ပြုကြေညာသည်။ ထို့ပြင် အန္တာတိကရေပြင်၏ အလယ်အလတ်မှ မြေသားနမူနာတို့ကို လေ့လာသောအခါ လွန်ခဲ့သောနှစ်ပေါင်း ၁,၆၀,၀၀၀ ကျော်က ကာဗွန်ဒိုင်အောက်ဆိုဒ် လွန်စွာနည်းပါးခဲ့ပြီးနောက် တစ်စတစ်စ ပူနွေးလာသောခေတ်ကာလပိုင်းသို့ ရောက်လာသည်နှင့်အမျှ ယင်းမှာတ်ငွေ့တည်ရှိမှု များလာကြောင်း အထောက်အထားများ ထုတ်ဖော်နိုင်ခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ။ ။ အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့တွင် ၁၉၇၆ ခုနှစ် ဇွန်လ ၂၅ ရက်နေ့က မီဇိုအမျိုးသားတပ်ဦး (အမ်အင်အက်ဖ်) ၏ ခေါင်းဆောင် လားဒင်ဂါနှင့် ကွန်ဂရက် (အိုင်) ပါတီ ဒုတိယဥက္ကဋ္ဌ အာယွန်ဆင်းတို့သည် မီဇိုရမ်းပြည်ထောင်စုပိုင်နက်နယ်မြေအတွင်း နှစ် ၂၀ ကြာမျှ ပုန်ကန်ထကြွမှုကို အဆုံးသတ်စေသည့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုခဲ့ကြသည်။ တစ်ဖန် ပြည်ထဲရေး ဝန်ကြီး ဘူတာဆင်းနှင့် လားဒင်ဂါတို့သည် မီဇိုရမ်းကို ပြည်နယ်အဆင့် ပေးရန် ရည်ရွယ်သည့် နောက်ထပ် သဘောတူစာချုပ်တစ်ရပ်ကို ဇွန်လ ၃၀ ရက်နေ့တွင် လက်မှတ် ရေးထိုးခဲ့ ပြန်သည်။ ယင်းစာချုပ် အရ ယာယီ ပြည်နယ်ဝန်ကြီးချုပ် အဖြစ် လားဒင်ဂါအား ခန့်အပ်ခဲ့သည်။

ထို့နောက် ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲကျင်းပခဲ့ရာ လားဒင်ဂါ၏ အမ်အင်အက်ဖ် ပါတီက ၂၄ နေရာ၊ ကွန်ဂရက် (အိုင်) က ၁၃ နေရာနှင့် ပြည်သူကွန်ဖရင့် ပါတီက သုံးနေရာ အသီးသီး အနိုင်ရရှိကြ၍ ၂၀ ရက်နေ့တွင် လားဒင်ဂါက ပြည်နယ်ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ထို့နေ့တွင်ပင် မီဇိုရမ်းပြည်နယ်အဖြစ် သတ်မှတ်သည့် အခမ်းအနားကို ပြည်နယ်မြို့တော် အိုင်ဇဝါမြို့၌ ကျင်းပရာ အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီ တက်ရောက်သည်။ အကျယ်အဝန်း စတုရန်းမိုင် ၈,၁၀၀ ရှိ၍ လူဦးရေ ငါးသိန်းခန့်နေထိုင်သော မီဇိုရမ်းပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ၂၃ ခုမြောက် ပြည်နယ်ဖြစ်သည်။ ထို့နေ့တွင်ပင် အရှေ့နှာချယ်ပရဒေသ၏မြို့တော် အစ်တနာဂါမြို့၌လည်း အရှေ့နှာချယ်ပရဒေသ ပြည်နယ်အဆင့် သတ်မှတ်သောအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ဝန်ကြီးချုပ် ရာဂျစ် ဂန္ဒီတက်ရောက်သည်။ ဘူတန်နိုင်ငံ၏ အရှေ့ဘက်ရှိ

မဟာဗျူဟာအရ အရေးပါသော အရှေ့နှာချယ်ပရဒေသ ပြည်နယ်သည် စတုရန်းမိုင် ၃၂,၀၀၀ ကျယ်ဝန်းပြီး လူဦးရေခုနစ်သိန်းနေထိုင်သည်။ ယင်း ၂၄ ခုမြောက်ပြည်နယ်တွင် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံ အငြင်းပွားနေခဲ့သော မြောက်ပိုင်းနယ်စပ်ဒေသပါဝင်နေသည်ဟု ဆိုသည်။

ပါကစ္စတန်နှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး နိုင်ငံရေးအရဆူပူလှုပ်ရှားလွယ်သည့် ဂျမ္မူးနှင့်ကသ္မီရပြည်နယ်တွင် ၁၉၈၄ ခုနှစ် ဇူလိုင်လမှစ၍ ပြည်နယ် ဝန်ကြီးချုပ်တာဝန် ယူလာခဲ့သော ဂူလမ် မိုဟာမက် ရှား (စွယ်စုံနှစ်ချုပ် ၁၉၈၅–စာ၊ ၂၉၆—ရှ။) သည် ပြည်နယ်လွှတ်တော်တွင် ကွန်ဂရက် (အိုင်) အမတ် ၂၆ ဦး၏ ထောက်ခံမှုကို မရတော့သဖြင့် ရာထူးမှနုတ်ထွက်လိုက်ရသည်။ အိန္ဒိယနိုင်ငံတွင် မူဆလင်အများစုနေထိုင်ရာ တစ်ခုတည်းသော ပြည်နယ်ဖြစ်သည့် ဂျမ္မူးနှင့် ကသ္မီရပြည်နယ်တွင် အစိုးရကို ဆန့်ကျင်သူ တစ်ယူသန် ဆစ်ခ်များနှင့် မူဆလင်များကို ခိုလှုံခွင့် ပြုခဲ့သည် ဟူသော စွပ်စွဲချက်ဖြင့် ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် အင်ဒီရာ ဂန္ဒီက ၁၉၈၄ ခုနှစ်တွင် ဖြုတ်ချခဲ့သော ဖာရွတ်အဗ္ဗဒူလာသည် ၁၉၈၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ် ရာထူးကို ပြန်လည် ရရှိသည်။

ပန်ဂျပ် ပြည်နယ်ဟောင်းကို ပန်ဂျပ်၊ ဟာယနာ၊ ဟိမာချယ်ပရဒေသ ပြည်နယ်များအဖြစ် နယ်နိမိတ်သစ် ပိုင်းခြားခဲ့သည့် ၁၉၆၆ ခုနှစ်မှစ၍ ပန်ဂျပ်နှင့် ဟာယနာတို့၏ ပူးတွဲမြို့တော် ဖြစ်လာခဲ့သော ချန်ဒီဂါကို ငါးနှစ်ကာလအတွင်း ပန်ဂျပ်ပြည်နယ်သို့ အပြီးအပိုင်လွှဲပြောင်းပေးမည်ဟု ၁၉၇၀ ပြည့်နှစ်တွင် ဗဟိုအစိုးရက ကြေညာ

အိန္ဒိယနိုင်ငံ သမ္မတသစ် ရာမာဆွာမီ ဇင်ကတာရာမန်



ခဲ့သည်။ ပန်ဂျပ် ပြည်နယ်မှလည်း ဖာဇီကာနယ်မြေကို ဟာယနာအား ပေးရမည်ဟု ဆိုသည်။ ၁၉၇၅ ခုနှစ် ဇွန်လ ၂၄ ရက်နေ့က ဝန်ကြီးချုပ် ရာဂျစ်ဂန္ဒီနှင့် ဆစ်ခ်ခေါင်း ဆောင် ဟာချန် ဆင်း လောင် ဂို ဝဲ တို့ ချုပ် ဆို ခဲ့ သည့် သဘောတူ စာချုပ်အရ ချန်ဒီဂါမြို့ကို ပန်ဂျပ်ပြည်နယ် တစ်ခုတည်း၏ မြို့တော်ဖြစ်လာစေရေးအတွက် ဟာယနာ သို့ ပန်ဂျပ်ပြည်နယ်က လွှဲပြောင်း ပေးသင့်သည့် ဟိန္ဒီ စကားပြောဆို သုံးနှုန်းသော ကျေးရွာစာရင်း သတ်မှတ် ပြုစုပေးရန် ကော်မရှင်တစ်ရပ်ကို ဗဟိုအစိုးရက ဖွဲ့စည်း ခဲ့သည်။ (စွယ်စုံနှစ်ချုပ် ၁၉၈၆–စာ၊ ၃၃၄— ရှ။) သို့ရာ တွင် ပန်ဂျပ်နှင့် ဟာယနာပြည်နယ်တို့ နှစ်ပြည်နယ်စလုံးက လက်ခံနိုင်မည့် ဆုံးဖြတ်ချက်မျိုး မရရှိခဲ့ချေ။ ထို့ကြောင့် ဗဟိုအစိုးရက ချန်ဒီဂါမြို့ လွှဲပြောင်းရေးကိစ္စကို ဆိုင်းငံ့ ထားလိုက်ပြီ ဖြစ်ကြောင်း ကြေညာခဲ့သည်။

ပန်ဂျပ်ပြည်နယ်တွင် ဆူပူအုံကြွမှုများမှာ ၁၉၈၆ ခုနှစ် နှင့် ၁၉၈၇ ခုနှစ်တို့တွင်လည်း ဆက်လက်ဖြစ်ပွားသည်။ ၁၉၈၆ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ဆစ်ခ်စစ်သွေးကြွ ဝါဒီ ဒမ်ဒမီ တက်ဆဲ ဘာသာရေး ဂိုဏ်းက ဦးဆောင်၍ လူ ၂၀,၀၀၀ ခန့်က အမ်ရစ်ဆာ ရွှေကျောင်းတော်ကို စီးနင်းသိမ်းပိုက်ကာ သီးခြားဆစ်ခ်နိုင်ငံတော် ခါလစ္စတန် ကိုဟည်ထောင်ကြောင်း ကြေညာခဲ့သဖြင့် ပန်ဂျပ်ရဲတပ် ဖွဲ့ဝင်နှင့် ကုန်မန်ဒိုတပ်ဖွဲ့ဝင် ၁,၃၀၀ ခန့်က ရွှေကျောင်း တော်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။ ၁၉၈၇ ခုနှစ်တွင် လည်း ပြည်နယ်ဝန်ကြီးချုပ် ဘာနာလာ၏ အစိုးရအဖွဲ့ကို ဖြုတ်ချရန် ဦးတည်လှုပ်ရှားကြပြန်၍ အဓိကရုဏ်းများ ပေါ်ပေါက်သည်။ ၁၉၈၇ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပန်ဂျပ် ပြည်နယ်တွင် ၁၄၅ ယောက် သေဆုံး ခဲ့ရသည်။ ယင်းပြည်နယ်တွင် သီးခြားအကြမ်းဖက်အုပ်စု ၂၅ စုခန့် လှုပ်ရှားနေခဲ့ကြသည်ဟု ဆိုသည်။ အရက်ဆိုင်၊ အသား ဆိုင်နှင့် ဆံသဆိုင်တို့ကို မီးရှို့ဖျက်ဆီးကာ အကြမ်းဖက် သည့် ဆစ်ခ်အခြေခံဝါဒီအုပ်စုတို့လည်းရှိသည်ဟုဆိုသည်။ ရှေးရိုးစဉ်လာ ဆစ်ခ်တို့သည် အမဲသားမစား၊ ဆံပင်နှင့် မုတ်ဆိတ်ကိုမဖြတ်၊အရက်နှင့်ဆေးလိပ်မသောက်ကြချေ။ ၁၉၈၇ ခုနှစ် ဩဂုတ်အထိ ရှစ်လတာကာလအတွင်း ဆစ်ခ် တစ်ယူသန် အကြမ်းဖက် ဝါဒီတို့၏ လှုပ်ရှားမှုကြောင့် သေဆုံးရသူပေါင်း ၇၀၀ ကျော်ရှိခဲ့၍ ၁၉၈၆ ခုနှစ် တစ်နှစ်လုံး သေဆုံးသူ အရေအတွက်ထက်ပင် ကျော်လွန်သွား ကာ ၁၉၈၇ ခုနှစ်က သေဆုံးသူအရေအတွက်၏ ဆယ်ဆ မျှပင်ရှိသည်ဟု ဆိုသည်။

ဒုတိယ သမ္မတ ရာမာဆွာမိ ဗင်ကတာရာမန်သည် အိန္ဒိယနိုင်ငံ၏ အဋ္ဌမမြောက် သမ္မတအဖြစ် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် ဝန်ကြီးချုပ် ရာဂျစ် ဂန္ဒီနှင့် ကွန်ဂရက် (အိုင်) ပါတီတို့၏ ထောက်ခံမှုဖြင့် ရွေးချယ် တင်မြှောက်ခံရသည်။ အတိုက်အခံ ၁၄ ပါတီ ညွှန်ပေါင်း အဖွဲ့၏ သမ္မတလောင်း တရားလွှတ်တော်ချုပ် တရား သူကြီးဟောင်း ဗီအာ ကရိသျှနအိုယာနှင့် တစ်သီးပုဂ္ဂလ သမ္မတလောင်း မီသီလေ့ရှ် ကူမာ ဆင်ဟာတို့ကို အပြတ် အသတ် အနိုင်ရရှိသည်။ ပါလီမန် အမတ် ၇၇၆ ဦးနှင့် ပြည်နယ်များ၏ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ် ၇,၉၁၉ ဦး ပါဝင်သော အီလက်တိုရယ် ကောလိပ်က ရွေးချယ် တင်မြှောက်ခြင်းဖြစ်ရာ ဗင်ကတာရာမန်သည် ပြည်နယ် ၁၇ ခုတွင်အနိုင်ရရှိပြီး မဲပေးသူ ပါလီမန်အမတ် ၇၅၅ ဦးအနက် ၆၀၆ ဦး၏ထောက်ခံမဲကိုရရှိသည်။ ဗင်က တာရာမန်သည် တောင်ပိုင်းသားအိန္ဒိယတမီလူမျိုးဖြစ်ပြီး ဗြတိသျှကိုလိုနီခေတ်က အကျဉ်းချထားခံခဲ့ရသူဖြစ်သည်။ သက်တမ်း ငါးနှစ်ပြည့်သွားသော သမ္မတ ဇိုင်ဆင်း၏ တာဝန်ကိုဆက်ခံရန် ဇူလိုင်လ ၂၅ ရက်နေ့တွင် သမ္မတသစ် အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ အာဏာရ ကွန်ဂရက် (အိုင်) ပါတီမှ ရှန်ကာဒါယာလ်ရှားမားသည် အိန္ဒိယ နိုင်ငံ၏ဒုတိယသမ္မတအဖြစ် စက်တင်ဘာလ ၃ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

အကျယ်အဝန်း။	။ ၁၂,၆၉,၅၀၀ စတုရန်းမိုင်
လူဦးရေ။	။ ၈၀,၀၀,၀၀,၀၀၀ (၁၉၈၇)
မြို့တော်။	။ နယူးဒေလီမြို့

အိမ်ရာမဲ့များ အမိုးအကာ ရရှိရေး နိုင်ငံတကာနှစ်

။ ။ယနေ့ကမ္ဘာ့လူဦးရေ သန်း ပေါင်း ၅၀၀၀ အနက် ငါးပုံတစ်ပုံဖြစ်သော သန်းတစ်ထောင်မျှသည် အိမ်ရာမဲ့ သို့မဟုတ် အိမ်ရာမလုံခြုံသောဘဝသို့ ရောက်ရှိနေကြသည်။ ယင်းပြဿနာသည် ကမ္ဘာ့မိသားစုဝင်အားလုံးနှင့် သက်ဆိုင်နေသည်ဖြစ်ရာ တစ်နိုင်ငံချင်းအနေဖြင့် သာမက နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် အဖြေရှာရမည့် ပြဿနာတစ်ရပ် ဖြစ်ပေသည်။ ဤသို့ဖြင့် ၁၉၈၂ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့တွင်ကျင်းပခဲ့သော ကုလသမဂ္ဂ အထွေထွေညီလာခံကြီးက ၁၉၈၇ ခုနှစ်ကို အိမ်ရာမဲ့များ အမိုးအကာရရှိရေး နိုင်ငံတကာနှစ်အဖြစ် သဘောတူ သတ်မှတ် ဆုံးဖြတ် ခဲ့ကြသည်။ ထိုသို့သတ်မှတ်ခြင်း၏ အဓိက ဦးတည်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ကြောင်း တွေ့ရှိရသည်–

(က) အိမ်ရာလုံခြုံမှုကင်းမဲ့ပြီး လူနေမှု အောက်တန်းကျ လှသည့်ဘဝဖြင့် ကျင်လည်နေကြရကုန်သော လူသားတို့၏ဆင်းရဲဒုက္ခကို ကမ္ဘာ့နိုင်ငံအသီးသီးမှ အာရုံစူးစိုက်လာကြစေရန်၊

(ခ) အိမ်ရာနှင့်တကွ ရေမီးအစရှိသည့်အခြေခံအဆောက်အ အုံ များ မ လုံ လောက် မှု ပြ ဿ နာ၏ သဘော သဘာဝကိုလည်းကောင်း၊ အဖြစ်နိုင်ဆုံးဖြေရှင်းပေးနိုင်မည့်နည်းလမ်းများကိုလည်းကောင်း၊ ကမ္ဘာနှင့် အဝန်း ဂရုပြုရှာဖွေဆောင်ရွက်လာကြစေရန်၊

(ဂ) အိမ်ရာနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးရာတွင် ဝိသေသ ထူးခြားသည့် မူဝါဒများနှင့် ထိရောက်သည့် စီမံကိန်းများ၏ အကျိုးသက်ရောက်မှုများကိုကမ္ဘာ့နိုင်ငံများအားဆင့်ပွားသတင်းဖြန့်ခြိပေးရန်၊

(ဃ) အိမ်ရာပြဿနာ အဖြေရှာရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနည်းပညာနှင့် ဖွဲ့စည်းထူထောင်မှု ပုံသဏ္ဌာန်စသည့် ဘက်ပေါင်းစုံမှ လှုံ့ဆော်ရှုမြင်ရေးကိုအလေးပေးရန်၊

(င) ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးများသည် မကြုံစဖူးထူးကဲဆန်သည့် နေရေးပြဿနာ စိုးရိမ်ရေမှတ်ကို ရောက်ရှိနေကြပြီဖြစ်ကြောင်း နိုင်ငံတကာအားကြိုတင်အသိပေး နှိုးဆော်ရန်၊

(စ) အထက်ပါ ပြဿနာဖြေရှင်းရေး လုပ်ငန်းတွင် နိုင်ငံတကာ အထောက်အပံ့ပေးရေး အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံအဖွဲ့အစည်းများနှင့် ပြည်သူတို့က တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ရေးကို တွန်းအားပေးရန်တို့ဖြစ်ကြသည်။

ဤသို့ဖြင့် ၁၉၈၇ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင်ကျင်းပသော ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံ ၃၁ နိုင်ငံမှ ကိုယ်စားလှယ်များသည် ကမ္ဘာ့အိမ်ရာမဲ့ပြည်သူများ၏ နေထိုင်မှုအခြေအနေ မြှင့်တင်ရေးကိစ္စကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ညှိနှိုင်းအဖြေရှာခဲ့ကြသည်။

လုပ်သားပြည်သူများ အိမ်ရာရရှိရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ကြိုးပမ်းမှုများ ရှိခဲ့သည်။ အဓိကထင်ရှားသော ကြိုးပမ်းချက်မှာ ၁၉၅၈ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်းခေါင်းဆောင်သည့် အိမ်စောင့်အစိုးရလက်ထက်၌ ဆောင်ရွက်ခဲ့သည့် နေရာချထားရေး စီမံကိန်းကြီးများပင် ဖြစ်သည်။ ထို စဉ်က ပြည်တွင်းစစ်ကြောင့် ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများတွင် လူဦးရေ အလွန်လျင်မြန်စွာ တိုးခဲ့ပြီး ကျူးကျော်ရပ်ကွက်များနှင့် အိုးမဲ့အိမ်မဲ့ဆင်းရဲသားများ လွန်စွာများပြားလာခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အိမ်စောင့်အစိုးရသည် သာကေတ၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ စသည့်မြို့သစ်များ တည်ဆောက်ပြီး လူပေါင်း သုံးသိန်းကျော်အတွက် အိမ်ရာ ကွက်ပေါင်း ၂၃,၂၀၁ ကွက်နေရာချပေးခဲ့သည်။ ၁၉၆၂ ခုနှစ် တော်လှန်ရေး ကောင်စီအစိုးရလက်ထက် တွင်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြင်သာ၊ သုဝဏ္ဏစသည့် မြို့သစ်များကို တည်ဆောက်ခဲ့သည့်အပြင် ရန်ကင်း၊ ဦးဝိစာရ၊ ကန်တော်လေး စသည့် ယခင်အိမ်ရာစခန်းများကိုလည်းတိုးချဲ့တည်ဆောက်ခဲ့သည်။

နိုင်ငံတော်ကသာ စိုက်ထုတ်ကျခံတည်ဆောက်သည့် သမားရိုးကျ အိမ်ရာစီမံကိန်းများအပြင် နိုင်ငံတော်နှင့် လုပ်သားပြည်သူတို့ ပူးပေါင်း အကောင်အထည်ဖော်သည့် စုပေါင်းအိမ်ပိုင် စီမံကိန်း၊ လုပ်အားပေး အိမ်ရာစီမံကိန်း၊ အပြီးအပိုင်ရောင်းအိမ်ရာစီမံကိန်းစသည်တို့ကိုလည်း တိုးချဲ့တီထွင်အကောင်အထည်ဖော်ခဲ့သည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၆ ခုနှစ်အတွင်း နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုနှင့် တည်ဆောက်ခဲ့သည့် အိမ်ခန်းပေါင်း ၇၀၀၀ ကျော်နှင့် စုပေါင်းအိမ်ပိုင်စီမံကိန်းနှင့် တည်ဆောက်ခဲ့သော အိမ်ခန်းပေါင်း ၂၀၀၀ ကျော်ရှိခဲ့သည်။ ထို့ကြောင့် စုစုပေါင်း လုပ်သားပြည်သူပေါင်း ၆၀,၀၀၀ ကျော်ခန့်သည် နိုင်ငံတော်၏ အစီအစဉ်နှင့် အိမ်ရာရရှိကြသည်ဟု ဆိုနိုင်ပေသည်။

နိုင်ငံတော်သည် အိမ်ရာကဏ္ဍ၌ ငွေကြေးမြောက်များစွာရင်းနှီးမြှုပ်နှံ၍ အိမ်ရာများ ဆောက်လုပ်နေသော်လည်း လုပ်သားပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက် ပမာဏနှင့် နှိုင်းစာလျှင် နည်းပါးနေပေသေးသည်။ ဥပမာအားဖြင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ နှစ်သန်းခွဲခန့်ရှိပြီး နှစ်စဉ် ၂၀ သမဝါရာခိုင်နှုန်းတိုးပွားနေသော ရန်ကုန်မြို့ ၌ပင် တစ်နှစ်လျှင်တိုးသည့်လူဦးရေငါးသောင်းမျှကို လုံလောက်သော အိမ်ရာ၊ အိမ်ခန်းများ တည်ဆောက်ပေးရန် မလွယ်ကူချေ။

အိမ်ရာအတွက် ငွေပေးချေပုံစနစ်တွင် အခြားစနစ်သစ်များကိုလည်း တီထွင် တိုးချဲ့ ဆောင်ရွက်သွားရန် ရည်ရွယ်ထားရာ ယခုလက်ရှိကျင့်သုံးနေသော နိုင်ငံတော်က အကုန်အကျခံ ဆောက်လုပ်နေရာချထားသော စနစ်အပြင် ကိုယ်ထူကိုယ်ထစနစ်နှင့် အိုးအိမ်များလည်း အကောင်အထည် ပေါ်လာမည်ဖြစ်သည်။

သန့်ရှင်းသပ်ရပ်သည့် အိမ်ရာနှင့် ပတ်ဝန်းကျင်သည် စိတ်ဓာတ်ကြည်လင် ချမ်းမြေ့စေသည်။ အိမ်ဂေဟာသည် မိသားစု၏မွေလျော်ရာလည်းဖြစ်သည်။ နိုင်ငံ၏ လူနေမှုအဆင့်အတန်းကို ဖော်ပြနေသော ပြယုဂ်လည်းဖြစ်သည်။ ထို့ကြောင့်မြို့ပြများတွင်သာမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နေထိုင်မှုဆိုင်ရာ အိမ်ရာစနစ်များဖွံ့ဖြိုးတိုးတက်လာစေရန် မိမိပြည်တွင်း တစ်နိုင်ငံချင်းသာမက ကမ္ဘာ့မိသားစုအားလုံးသည် စုပေါင်း ညှိနှိုင်းကြိုးပမ်းနေကြခြင်းဖြစ်ပေသည်။

အက္ခရာစဉ်အညွှန်း

၁၉၇၈ ခုနှစ် အက္ခရာစဉ်အညွှန်း

ဤမြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်ပါ ဆောင်းပါးများနှင့် အကြောင်းရပ်များကို တစ်ပုဒ်ချင်း ပတ်ရှာ လေ့လာနိုင်သည့်အပြင် ရည်ညွှန်းကိုးကားဖွယ်အကြောင်းအရာတို့ကို လွယ်လင့်တကူ၊ အလျင်အမြန် ရှာဖွေလိုပါကလည်း အက္ခရာစဉ်အညွှန်းကို အသုံးပြုနိုင်ပါသည်။ ရည်ညွှန်းကိုးကားဖွယ် အကြောင်းရပ်၏ အမည်ကို ရှာဖွေဖတ်ရှုနိုင်သည့် သက်ဆိုင်ရာ စာမျက်နှာအမှတ်နှင့် ယှဉ်တွဲဖော်ပြထားပါသည်။ အကြောင်းရပ်များကို အက္ခရာစဉ်၌ စီစဉ်တင်ပြရာတွင် ၁၉၇၆ ခုနှစ်ထုတ် မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းလာ အက္ခရာစဉ် ဇယားအတိုင်း ပြုစုပါသည်။

က

ကဇာတ် ၁၀၀၊ ၁၀၈။
ကနေဒါနိုင်ငံ ၂၉၊ ၄၁၊ ၁၃၆၊ ၁၇၃၊ ၁၈၄၊ ၂၆၁၊ ၃၁၁။
ကဗာကိုစိလဗာ, အန်နီဗယ် ၁၂၂။
ကမျှူး, အဲလဗတ် ၂၀၄။
ကရာမီ, ရာဂျစ် ၂၇၆။
ကာဆီး, ဂျက်ကီဂျွိုင်းနား ၄၅၊ ၄၉။
ကာတာနိုင်ငံ ၂၁၆။
ကီရီဘာတီကျွန်း ၂၀၇။
ကီရို, နီဗူဆူကေ ၁၂၂၊ ၁၉၂။
ကုမာရ၊ ဆရာတော်ဘဒ္ဒန္တ ၁၂၃၊ ၁၅၀။
ကုလသမဂ္ဂ ၁၂၄၊ ၂၀၂၊ ၂၀၈၊ ၂၁၆၊ ၃၁၅၊ ၃၁၆၊ ၃၂၁။
ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့်ဖွံ့ဖြိုးမှု ညီလာခံ (အန်တက်) ၁၂၇။
ကုလသမဂ္ဂပညာ၊ သိပ္ပံနှင့်ယဉ်ကျေးမှု အဖွဲ့ (ယူနက်စကို) ၂၆၁။
ကူဝိတ်နိုင်ငံ ၁၉၄၊ ၂၁၅၊ ၂၁၆။
ကေလာသာဘိဝံသ၊ ဆရာတော် ဘဒ္ဒန္တ ၁၂၉၊ ၁၉၀။
ကေး, ဒင်နီ ၁၉၂။
ကော့စတာရိကာနိုင်ငံ ၂၀၃။
ကိုမိုကိုရော့, အန်ဒရေ ၁၉၂။
ကိုရီးယားသမ္မတနိုင်ငံ ၁၃၀၊ ၁၉၄၊ ၂၀၀။
ကိုလက်စထဒေအဆီဓာတ် ၇၁။
ကိုလုံးဗီးယားနိုင်ငံ ၉၃၊ ၂၆၉၊ ၂၇၂၊ ၂၈၀။
ကိုဒီအိုင်ဗိုရေးနိုင်ငံ ၃၀၄။
ကင်ဆာဌေးဂါ ၇၃၊ ၇၇၊ ၂၀၄။
ကင်း, ဆဲစီးဟမ်စဝပ် ၁၉၂။
ကင်းလွတ်သီးနှံဌေးဝယ်ရေး ၁၃၃၊ ၂၂၃။
ကောင့်ရှေး, ဆေနီ ၁၉၂။
ကိတ္တိ၊ ဆရာတော်ဘဒ္ဒန္တ ၁၃၅၊ ၁၅၀။
ကိန်းစ်, ဂျွန်မေနပ်ဒ် ၂၀။
ကုန်စည်ဆိုင်ရာ စုပေါင်းရန်ပုံငွေ ၁၂၀။
ကမ်ပူးချားနိုင်ငံ ၁၉၆။
ကမ္ဘာ့ကောက်နှံအထွက်တိုးရေး သုတေသန ၅၀–၅၀။
ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို) ၆၇၊ ၆၉၊ ၇၃၊ ၁၃၆၊ ၂၀၃။
ကမ္ဘာ့ငွေကြေး ၂၆–၃၇။
ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) ၅၁၊ ၁၃၉။
ကမ္ဘာ့ပြေးခုန်ပစ် စံချိန်သစ်များ ၃၀၊ ၄၉။
ကမ္ဘာ့ဘဏ် ၂၇။
ကမ္ဘာ့ရေနံဈေးကွက် ၃၅။
ကမ္ဘဏ်နိုင်ငံ ၃၀၄။
ကျူးဗားနိုင်ငံ ၁၃၆။
ကျောက်ကျီယန် ၁၀၂၊ ၂၂၀။
ကျောက်မျက်ရတနာပြပွဲ ၁၄၁။
ကျွန်းမာရေး ၆၇–၇၇။
ကြမ္မာဆိုးတနှလ်ာနေ့ ၃၆။
ကြယ်တံခွန် ၀၉၇။
ကွတ်ကျွန်းစု ၂၀၇။
ကွန်ပါအို့ဘလေစီ ၃၀၅။
ကွန်ပျူတာ ၁၁၄။

ခ

ခရမ်, ဒေါ်နယ်ဂျေ ၂၀၆။
ခိုးလ်, ဟဲလမ့်တ် ၁၇၃၊ ၂၂၀။
ခင်လတ်၊ ဒေါ် ၁၄၃၊ ၁၉၁။
ခန့်၊ ဦး (ပန်းတနော်) ၁၄၃၊ ၁၉၁။
ချာချို, ဆာဝင်စတန် ၂၃၄။
ချီလီနိုင်ငံ ၂၆၉၊ ၂၈၀၊ ၃၁၇။
ချေးငှားရေးဆိုင်ရာ အထွေထွေ သဘောတူစာချုပ်(ဂျီအေဘီ) ၃၇။
ချက်ကိုစလို ဗက်ကီးယားနိုင်ငံ ၉၃၊ ၃၁၁။
ချောင်ဒူရီ, အဘူဆာယစ် ၁၉၂။
ချစ်သောင်း၊ ဦး ၁၄၅၊ ၁၉၁။
ချဒ်သမ္မတနိုင်ငံ ၁၄၆၊ ၂၇၇။
ချန်ထွန်းအောင်၊ ဦး ၁၄၇၊ ၁၉၁။
ချန်ဒူးဝှမ် ၁၃၁။
ချန်ဒြာဆီခါ ၁၆၅။

ဂ

ဂရိနိုင်ငံ ၃၀၊ ၃၁၁။
ဂလပ်စနေ့ (နိုင်ငံရေးအရ ပုဉ်လင်းမှုရှိရေး) ၁၇၈၊ ၂၃၅။
ဂါစိယာပဲရက်ဇ်, အာလန် ၁၄၈။
ဂါစိယာရှိဗဲ, အယ်ဖွန်ဆို ၂၀၃။
ဂါနာနိုင်ငံ ၉၃။
ဂါနီလို, ထုတူဆာပင်နီယာ ၂၂၃။

ဂဏိတဘာဝနာ, မိမိနှင့်ရင်းနှီးသူ၏ ကောင်းကျိုးကို ပြုလုပ်ခြင်း ၁၅၅။

ဂ

ဂုဏ်းဆရာ, ဘာသာရေးဆိုင်ရာ ဆုံးမသွန်သင်သူ ၁၅၆။

ဂုဏ်းဝင်, ဂုဏ်းတော်သား ၁၅၆။

ဂုဏ်းသစ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာန ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲ ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲ ဗဟိုဌာနခွဲမှူး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲ ဗဟိုဌာနခွဲမှူးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲ ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီးချုပ် ဗဟိုရုံး ဝန်ကြီးဌာန ဝန်ကြီးဌာနမှူးချုပ် ဗဟိုရုံး ဗဟိုဌာန ဗဟိုဌာနမှူးချုပ် ဗဟိုရုံးမှူး ဗဟိုဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူး ဌာနခွဲမှူးချုပ် ဗဟိုရုံးမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဌာနခွဲ ရုံးမှူး ဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲ ဗဟိုဌာနခွဲမှူးချုပ် ဗဟိုဌာနခွဲမှူးချုပ်ကြီး ဗဟိုဌာနခွဲမှူးချုပ်ကြီးချုပ် ၁၅၆။

ဂုဏ်းအုပ်ချုပ်ရေးမှူးချုပ်ကြီးချုပ်တော်မူရာ ဂုဏ်ရှေ့ ဆောင်ရွက်ခြင်း ကိစ္စ ဆိုင်ရာ ဌာနခွဲ ရုံး ဆောင်ရွက်ခြင်း ဌာန ဝန်ထမ်း ဌာနမှူးချုပ်ကြီး

ကုန်ဈေး ဦး (ပါတိုက်ကြီး) ၂၅၀၊ ၂၅၂၊ ၂၆၇

ကုန်ပစ္စည်း ၁၄၊ ၁၆၊ ၁၈၊ ၂၀၊ ၂၂၊ ၂၄၊ ၂၆၊ ၂၈၊ ၃၀၊ ၃၂၊ ၃၄၊ ၃၆၊ ၃၈၊ ၄၀၊ ၄၂၊ ၄၄၊ ၄၆၊ ၄၈၊ ၅၀၊ ၅၂၊ ၅၄၊ ၅၆၊ ၅၈၊ ၆၀၊ ၆၂၊ ၆၄၊ ၆၆၊ ၆၈၊ ၇၀၊ ၇၂၊ ၇၄၊ ၇၆၊ ၇၈၊ ၈၀၊ ၈၂၊ ၈၄၊ ၈၆၊ ၈၈၊ ၉၀၊ ၉၂၊ ၉၄၊ ၉၆၊ ၉၈၊ ၁၀၀၊ ၁၀၂၊ ၁၀၄၊ ၁၀၆၊ ၁၀၈၊ ၁၁၀၊ ၁၁၂၊ ၁၁၄၊ ၁၁၆၊ ၁၁၈၊ ၁၂၀၊ ၁၂၂၊ ၁၂၄၊ ၁၂၆၊ ၁၂၈၊ ၁၃၀၊ ၁၃၂၊ ၁၃၄၊ ၁၃၆၊ ၁၃၈၊ ၁၄၀၊ ၁၄၂၊ ၁၄၄၊ ၁၄၆၊ ၁၄၈၊ ၁၅၀၊ ၁၅၂၊ ၁၅၄၊ ၁၅၆၊ ၁၅၈၊ ၁၆၀၊ ၁၆၂၊ ၁၆၄၊ ၁၆၆၊ ၁၆၈၊ ၁၇၀၊ ၁၇၂၊ ၁၇၄၊ ၁၇၆၊ ၁၇၈၊ ၁၈၀၊ ၁၈၂၊ ၁၈၄၊ ၁၈၆၊ ၁၈၈၊ ၁၉၀၊ ၁၉၂၊ ၁၉၄၊ ၁၉၆၊ ၁၉၈၊ ၂၀၀၊ ၂၀၂၊ ၂၀၄၊ ၂၀၆၊ ၂၀၈၊ ၂၁၀၊ ၂၁၂၊ ၂၁၄၊ ၂၁၆၊ ၂၁၈၊ ၂၂၀၊ ၂၂၂၊ ၂၂၄၊ ၂၂၆၊ ၂၂၈၊ ၂၃၀၊ ၂၃၂၊ ၂၃၄၊ ၂၃၆၊ ၂၃၈၊ ၂၄၀၊ ၂၄၂၊ ၂၄၄၊ ၂၄၆၊ ၂၄၈၊ ၂၅၀၊ ၂၅၂၊ ၂၅၄၊ ၂၅၆၊ ၂၅၈၊ ၂၆၀၊ ၂၆၂၊ ၂၆၄၊ ၂၆၆၊ ၂၆၈၊ ၂၇၀၊ ၂၇၂၊ ၂၇၄၊ ၂၇၆၊ ၂၇၈၊ ၂၈၀၊ ၂၈၂၊ ၂၈၄၊ ၂၈၆၊ ၂၈၈၊ ၂၉၀၊ ၂၉၂၊ ၂၉၄၊ ၂၉၆၊ ၂၉၈၊ ၃၀၀၊ ၃၀၂၊ ၃၀၄၊ ၃၀၆၊ ၃၀၈၊ ၃၁၀၊ ၃၁၂၊ ၃၁၄၊ ၃၁၆၊ ၃၁၈၊ ၃၂၀၊ ၃၂၂၊ ၃၂၄၊ ၃၂၆၊ ၃၂၈၊ ၃၃၀၊ ၃၃၂၊ ၃၃၄၊ ၃၃၆၊ ၃၃၈၊ ၃၄၀၊ ၃၄၂၊ ၃၄၄၊ ၃၄၆၊ ၃၄၈၊ ၃၅၀၊ ၃၅၂၊ ၃၅၄၊ ၃၅၆၊ ၃၅၈၊ ၃၆၀၊ ၃၆၂၊ ၃၆၄၊ ၃၆၆၊ ၃၆၈၊ ၃၇၀၊ ၃၇၂၊ ၃၇၄၊ ၃၇၆၊ ၃၇၈၊ ၃၈၀၊ ၃၈၂၊ ၃၈၄၊ ၃၈၆၊ ၃၈၈၊ ၃၉၀၊ ၃၉၂၊ ၃၉၄၊ ၃၉၆၊ ၃၉၈၊ ၄၀၀၊ ၄၀၂၊ ၄၀၄၊ ၄၀၆၊ ၄၀၈၊ ၄၁၀၊ ၄၁၂၊ ၄၁၄၊ ၄၁၆၊ ၄၁၈၊ ၄၂၀၊ ၄၂၂၊ ၄၂၄၊ ၄၂၆၊ ၄၂၈၊ ၄၃၀၊ ၄၃၂၊ ၄၃၄၊ ၄၃၆၊ ၄၃၈၊ ၄၄၀၊ ၄၄၂၊ ၄၄၄၊ ၄၄၆၊ ၄၄၈၊ ၄၅၀၊ ၄၅၂၊ ၄၅၄၊ ၄၅၆၊ ၄၅၈၊ ၄၆၀၊ ၄၆၂၊ ၄၆၄၊ ၄၆၆၊ ၄၆၈၊ ၄၇၀၊ ၄၇၂၊ ၄၇၄၊ ၄၇၆၊ ၄၇၈၊ ၄၈၀၊ ၄၈၂၊ ၄၈၄၊ ၄၈၆၊ ၄၈၈၊ ၄၉၀၊ ၄၉၂၊ ၄၉၄၊ ၄၉၆၊ ၄၉၈၊ ၅၀၀၊ ၅၀၂၊ ၅၀၄၊ ၅၀၆၊ ၅၀၈၊ ၅၁၀၊ ၅၁၂၊ ၅၁၄၊ ၅၁၆၊ ၅၁၈၊ ၅၂၀၊ ၅၂၂၊ ၅၂၄၊ ၅၂၆၊ ၅၂၈၊ ၅၃၀၊ ၅၃၂၊ ၅၃၄၊ ၅၃၆၊ ၅၃၈၊ ၅၄၀၊ ၅၄၂၊ ၅၄၄၊ ၅၄၆၊ ၅၄၈၊ ၅၅၀၊ ၅၅၂၊ ၅၅၄၊ ၅၅၆၊ ၅၅၈၊ ၅၆၀၊ ၅၆၂၊ ၅၆၄၊ ၅၆၆၊ ၅၆၈၊ ၅၇၀၊ ၅၇၂၊ ၅၇၄၊ ၅၇၆၊ ၅၇၈၊ ၅၈၀၊ ၅၈၂၊ ၅၈၄၊ ၅၈၆၊ ၅၈၈၊ ၅၉၀၊ ၅၉၂၊ ၅၉၄၊ ၅၉၆၊ ၅၉၈၊ ၆၀၀၊ ၆၀၂၊ ၆၀၄၊ ၆၀၆၊ ၆၀၈၊ ၆၁၀၊ ၆၁၂၊ ၆၁၄၊ ၆၁၆၊ ၆၁၈၊ ၆၂၀၊ ၆၂၂၊ ၆၂၄၊ ၆၂၆၊ ၆၂၈၊ ၆၃၀၊ ၆၃၂၊ ၆၃၄၊ ၆၃၆၊ ၆၃၈၊ ၆၄၀၊ ၆၄၂၊ ၆၄၄၊ ၆၄၆၊ ၆၄၈၊ ၆၅၀၊ ၆၅၂၊ ၆၅၄၊ ၆၅၆၊ ၆၅၈၊ ၆၆၀၊ ၆၆၂၊ ၆၆၄၊ ၆၆၆၊ ၆၆၈၊ ၆၇၀၊ ၆၇၂၊ ၆၇၄၊ ၆၇၆၊ ၆၇၈၊ ၆၈၀၊ ၆၈၂၊ ၆၈၄၊ ၆၈၆၊ ၆၈၈၊ ၆၉၀၊ ၆၉၂၊ ၆၉၄၊ ၆၉၆၊ ၆၉၈၊ ၇၀၀၊ ၇၀၂၊ ၇၀၄၊ ၇၀၆၊ ၇၀၈၊ ၇၁၀၊ ၇၁၂၊ ၇၁၄၊ ၇၁၆၊ ၇၁၈၊ ၇၂၀၊ ၇၂၂၊ ၇၂၄၊ ၇၂၆၊ ၇၂၈၊ ၇၃၀၊ ၇၃၂၊ ၇၃၄၊ ၇၃၆၊ ၇၃၈၊ ၇၄၀၊ ၇၄၂၊ ၇၄၄၊ ၇၄၆၊ ၇၄၈၊ ၇၅၀၊ ၇၅၂၊ ၇၅၄၊ ၇၅၆၊ ၇၅၈၊ ၇၆၀၊ ၇၆၂၊ ၇၆၄၊ ၇၆၆၊ ၇၆၈၊ ၇၇၀၊ ၇၇၂၊ ၇၇၄၊ ၇၇၆၊ ၇၇၈၊ ၇၈၀၊ ၇၈၂၊ ၇၈၄၊ ၇၈၆၊ ၇၈၈၊ ၇၉၀၊ ၇၉၂၊ ၇၉၄၊ ၇၉၆၊ ၇၉၈၊ ၈၀၀၊ ၈၀၂၊ ၈၀၄၊ ၈၀၆၊ ၈၀၈၊ ၈၁၀၊ ၈၁၂၊ ၈၁၄၊ ၈၁၆၊ ၈၁၈၊ ၈၂၀၊ ၈၂၂၊ ၈၂၄၊ ၈၂၆၊ ၈၂၈၊ ၈၃၀၊ ၈၃၂၊ ၈၃၄၊ ၈၃၆၊ ၈၃၈၊ ၈၄၀၊ ၈၄၂၊ ၈၄၄၊ ၈၄၆၊ ၈၄၈၊ ၈၅၀၊ ၈၅၂၊ ၈၅၄၊ ၈၅၆၊ ၈၅၈၊ ၈၆၀၊ ၈၆၂၊ ၈၆၄၊ ၈၆၆၊ ၈၆၈၊ ၈၇၀၊ ၈၇၂၊ ၈၇၄၊ ၈၇၆၊ ၈၇၈၊ ၈၈၀၊ ၈၈၂၊ ၈၈၄၊ ၈၈၆၊ ၈၈၈၊ ၈၉၀၊ ၈၉၂၊ ၈၉၄၊ ၈၉၆၊ ၈၉၈၊ ၉၀၀၊ ၉၀၂၊ ၉၀၄၊ ၉၀၆၊ ၉၀၈၊ ၉၁၀၊ ၉၁၂၊ ၉၁၄၊ ၉၁၆၊ ၉၁၈၊ ၉၂၀၊ ၉၂၂၊ ၉၂၄၊ ၉၂၆၊ ၉၂၈၊ ၉၃၀၊ ၉၃၂၊ ၉၃၄၊ ၉၃၆၊ ၉၃၈၊ ၉၄၀၊ ၉၄၂၊ ၉၄၄၊ ၉၄၆၊ ၉၄၈၊ ၉၅၀၊ ၉၅၂၊ ၉၅၄၊ ၉၅၆၊ ၉၅၈၊ ၉၆၀၊ ၉၆၂၊ ၉၆၄၊ ၉၆၆၊ ၉၆၈၊ ၉၇၀၊ ၉၇၂၊ ၉၇၄၊ ၉၇၆၊ ၉၇၈၊ ၉၈၀၊ ၉၈၂၊ ၉၈၄၊ ၉၈၆၊ ၉၈၈၊ ၉၉၀၊ ၉၉၂၊ ၉၉၄၊ ၉၉၆၊ ၉၉၈၊ ၁၀၀၀၊ ၁၀၀၂၊ ၁၀၀၄၊ ၁၀၀၆၊ ၁၀၀၈၊ ၁၀၁၀၊ ၁၀၁၂၊ ၁၀၁၄၊ ၁၀၁၆၊ ၁၀၁၈၊ ၁၀၂၀၊ ၁၀၂၂၊ ၁၀၂၄၊ ၁၀၂၆၊ ၁၀၂၈၊ ၁၀၃၀၊ ၁၀၃၂၊ ၁၀၃၄၊ ၁၀၃၆၊ ၁၀၃၈၊ ၁၀၄၀၊ ၁၀၄၂၊ ၁၀၄၄၊ ၁၀၄၆၊ ၁၀၄၈၊ ၁၀၅၀၊ ၁၀၅၂၊ ၁၀၅၄၊ ၁၀၅၆၊ ၁၀၅၈၊ ၁၀၆၀၊ ၁၀၆၂၊ ၁၀၆၄၊ ၁၀၆၆၊ ၁၀၆၈၊ ၁၀၇၀၊ ၁၀၇၂၊ ၁၀၇၄၊ ၁၀၇၆၊ ၁၀၇၈၊ ၁၀၈၀၊ ၁၀၈၂၊ ၁၀၈၄၊ ၁၀၈၆၊ ၁၀၈၈၊ ၁၀၉၀၊ ၁၀၉၂၊ ၁၀၉၄၊ ၁၀၉၆၊ ၁၀၉၈၊ ၁၁၀၀၊ ၁၁၀၂၊ ၁၁၀၄၊ ၁၁၀၆၊ ၁၁၀၈၊ ၁၁၁၀၊ ၁၁၁၂၊ ၁၁၁၄၊ ၁၁၁၆၊ ၁၁၁၈၊ ၁၁၂၀၊ ၁၁၂၂၊ ၁၁၂၄၊ ၁၁၂၆၊ ၁၁၂၈၊ ၁၁၃၀၊ ၁၁၃၂၊ ၁၁၃၄၊ ၁၁၃၆၊ ၁၁၃၈၊ ၁၁၄၀၊ ၁၁၄၂၊ ၁၁၄၄၊ ၁၁၄၆၊ ၁၁၄၈၊ ၁၁၅၀၊ ၁၁၅၂၊ ၁၁၅၄၊ ၁၁၅၆၊ ၁၁၅၈၊ ၁၁၆၀၊ ၁၁၆၂၊ ၁၁၆၄၊ ၁၁၆၆၊ ၁၁၆၈၊ ၁၁၇၀၊ ၁၁၇၂၊ ၁၁၇၄၊ ၁၁၇၆၊ ၁၁၇၈၊ ၁၁၈၀၊ ၁၁၈၂၊ ၁၁၈၄၊ ၁၁၈၆၊ ၁၁၈၈၊ ၁၁၉၀၊ ၁၁၉၂၊ ၁၁၉၄၊ ၁၁၉၆၊ ၁၁၉၈၊ ၁၂၀၀၊ ၁၂၀၂၊ ၁၂၀၄၊ ၁၂၀၆၊ ၁၂၀၈၊ ၁၂၁၀၊ ၁၂၁၂၊ ၁၂၁၄၊ ၁၂၁၆၊ ၁၂၁၈၊ ၁၂၂၀၊ ၁၂၂၂၊ ၁၂၂၄၊ ၁၂၂၆၊ ၁၂၂၈၊ ၁၂၃၀၊ ၁၂၃၂၊ ၁၂၃၄၊ ၁၂၃၆၊ ၁၂၃၈၊ ၁၂၄၀၊ ၁၂၄၂၊ ၁၂၄၄၊ ၁၂၄၆၊ ၁၂၄၈၊ ၁၂၅၀၊ ၁၂၅၂၊ ၁၂၅၄၊ ၁၂၅၆၊ ၁၂၅၈၊ ၁၂၆၀၊ ၁၂၆၂၊ ၁၂၆၄၊ ၁၂၆၆၊ ၁၂၆၈၊ ၁၂၇၀၊ ၁၂၇၂၊ ၁၂၇၄၊ ၁၂၇၆၊ ၁၂၇၈၊ ၁၂၈၀၊ ၁၂၈၂၊ ၁၂၈၄၊ ၁၂၈၆၊ ၁၂၈၈၊ ၁၂၉၀၊ ၁၂၉၂၊ ၁၂၉၄၊ ၁၂၉၆၊ ၁၂၉၈၊ ၁၃၀၀၊ ၁၃၀၂၊ ၁၃၀၄၊ ၁၃၀၆၊ ၁၃၀၈၊ ၁၃၁၀၊ ၁၃၁၂၊ ၁၃၁၄၊ ၁၃၁၆၊ ၁၃၁၈၊ ၁၃၂၀၊ ၁၃၂၂၊ ၁၃၂၄၊ ၁၃၂၆၊ ၁၃၂၈၊ ၁၃၃၀၊ ၁၃၃၂၊ ၁၃၃၄၊ ၁၃၃၆၊ ၁၃၃၈၊ ၁၃၄၀၊ ၁၃၄၂၊ ၁၃၄၄၊ ၁၃၄၆၊ ၁၃၄၈၊ ၁၃၅၀၊ ၁၃၅၂၊ ၁၃၅၄၊ ၁၃၅၆၊ ၁၃၅၈၊ ၁၃၆၀၊ ၁၃၆၂၊ ၁၃၆၄၊ ၁၃၆၆၊ ၁၃၆၈၊ ၁၃၇၀၊ ၁၃၇၂၊ ၁၃၇၄၊ ၁၃၇၆၊ ၁၃၇၈၊ ၁၃၈၀၊ ၁၃၈၂၊ ၁၃၈၄၊ ၁၃၈၆၊ ၁၃၈၈၊ ၁၃၉၀၊ ၁၃၉၂၊ ၁၃၉၄၊ ၁၃၉၆၊ ၁၃၉၈၊ ၁၄၀၀၊ ၁၄၀၂၊ ၁၄၀၄၊ ၁၄၀၆၊ ၁၄၀၈၊ ၁၄၁၀၊ ၁၄၁၂၊ ၁၄၁၄၊ ၁၄၁၆၊ ၁၄၁၈၊ ၁၄၂၀၊ ၁၄၂၂၊ ၁၄၂၄၊ ၁၄၂၆၊ ၁၄၂၈၊ ၁၄၃၀၊ ၁၄၃၂၊ ၁၄၃၄၊ ၁၄၃၆၊ ၁၄၃၈၊ ၁၄၄၀၊ ၁၄၄၂၊ ၁၄၄၄၊ ၁၄၄၆၊ ၁၄၄၈၊ ၁၄၅၀၊ ၁၄၅၂၊ ၁၄၅၄၊ ၁၄၅၆၊ ၁၄၅၈၊ ၁၄၆၀၊ ၁၄၆၂၊ ၁၄၆၄၊ ၁၄၆၆၊ ၁၄၆၈၊ ၁၄၇၀၊ ၁၄၇၂၊ ၁၄၇၄၊ ၁၄၇၆၊ ၁၄၇၈၊ ၁၄၈၀၊ ၁၄၈၂၊ ၁၄၈၄၊ ၁၄၈၆၊ ၁၄၈၈၊ ၁၄၉၀၊ ၁၄၉၂၊ ၁၄၉၄၊ ၁၄၉၆၊ ၁၄၉၈၊ ၁၅၀၀၊ ၁၅၀၂၊ ၁၅၀၄၊ ၁၅၀၆၊ ၁၅၀၈၊ ၁၅၁၀၊ ၁၅၁၂၊ ၁၅၁၄၊ ၁၅၁၆၊ ၁၅၁၈၊ ၁၅၂၀၊ ၁၅၂၂၊ ၁၅၂၄၊ ၁၅၂၆၊ ၁၅၂၈၊ ၁၅၃၀၊ ၁၅၃၂၊ ၁၅၃၄၊ ၁၅၃၆၊ ၁၅၃၈၊ ၁၅၄၀၊ ၁၅၄၂၊ ၁၅၄၄၊ ၁၅၄၆၊ ၁၅၄၈၊ ၁၅၅၀၊ ၁၅၅၂၊ ၁၅၅၄၊ ၁၅၅၆၊ ၁၅၅၈၊ ၁၅၆၀၊ ၁၅၆၂၊ ၁၅၆၄၊ ၁၅၆၆၊ ၁၅၆၈၊ ၁၅၇၀၊ ၁၅၇၂၊ ၁၅၇၄၊ ၁၅၇၆၊ ၁၅၇၈၊ ၁၅၈၀၊ ၁၅၈၂၊ ၁၅၈၄၊ ၁၅၈၆၊ ၁၅၈၈၊ ၁၅၉၀၊ ၁၅၉၂၊ ၁၅၉၄၊ ၁၅၉၆၊ ၁၅၉၈၊ ၁၆၀၀၊ ၁၆၀၂၊ ၁၆၀၄၊ ၁၆၀၆၊ ၁၆၀၈၊ ၁၆၁၀၊ ၁၆၁၂၊ ၁၆၁၄၊ ၁၆၁၆၊ ၁၆၁၈၊ ၁၆၂၀၊ ၁၆၂၂၊ ၁၆၂၄၊ ၁၆၂၆၊ ၁၆၂၈၊ ၁၆၃၀၊ ၁၆၃၂၊ ၁၆၃၄၊ ၁၆၃၆၊ ၁၆၃၈၊ ၁၆၄၀၊ ၁၆၄၂၊ ၁၆၄၄၊ ၁၆၄၆၊ ၁၆၄၈၊ ၁၆၅၀၊ ၁၆၅၂၊ ၁၆၅၄၊ ၁၆၅၆၊ ၁၆၅၈၊ ၁၆၆၀၊ ၁၆၆၂၊ ၁၆၆၄၊ ၁၆၆၆၊ ၁၆၆၈၊ ၁၆၇၀၊ ၁၆၇၂၊ ၁၆၇၄၊ ၁၆၇၆၊ ၁၆၇၈၊ ၁၆၈၀၊ ၁၆၈၂၊ ၁၆၈၄၊ ၁၆၈၆၊ ၁၆၈၈၊ ၁၆၉၀၊ ၁၆၉၂၊ ၁၆၉၄၊ ၁၆၉၆၊ ၁၆၉၈၊ ၁၇၀၀၊ ၁၇၀၂၊ ၁၇၀၄၊ ၁၇၀၆၊ ၁၇၀၈၊ ၁၇၁၀၊ ၁၇၁၂၊ ၁၇၁၄၊ ၁၇၁၆၊ ၁၇၁၈၊ ၁၇၂၀၊ ၁၇၂၂၊ ၁၇၂၄၊ ၁၇၂၆၊ ၁၇၂၈၊ ၁၇၃၀၊ ၁၇၃၂၊ ၁၇၃၄၊ ၁၇၃၆၊ ၁၇၃၈၊ ၁၇၄၀၊ ၁၇၄၂၊ ၁၇၄၄၊ ၁၇၄၆၊ ၁၇၄၈၊ ၁၇၅၀၊ ၁၇၅၂၊ ၁၇၅၄၊ ၁၇၅၆၊ ၁၇၅၈၊ ၁၇၆၀၊ ၁၇၆၂၊ ၁၇၆၄၊ ၁၇၆၆၊ ၁၇၆၈၊ ၁၇၇၀၊ ၁၇၇၂၊ ၁၇၇၄၊ ၁၇၇၆၊ ၁၇၇၈၊ ၁၇၈၀၊ ၁၇၈၂၊ ၁၇၈၄၊ ၁၇၈၆၊ ၁၇၈၈၊ ၁၇၉၀၊ ၁၇၉၂၊ ၁၇၉၄၊ ၁၇၉၆၊ ၁၇၉၈၊ ၁၈၀၀၊ ၁၈၀၂၊ ၁၈၀၄၊ ၁၈၀၆၊ ၁၈၀၈၊ ၁၈၁၀၊ ၁၈၁၂၊ ၁၈၁၄၊ ၁၈၁၆၊ ၁၈၁၈၊ ၁၈၂၀၊ ၁၈၂၂၊ ၁၈၂၄၊ ၁၈၂၆၊ ၁၈၂၈၊ ၁၈၃၀၊ ၁၈၃၂၊ ၁၈၃၄၊ ၁၈၃၆၊ ၁၈၃၈၊ ၁၈၄၀၊ ၁၈၄၂၊ ၁၈၄၄၊ ၁၈၄၆၊ ၁၈၄၈၊ ၁၈၅၀၊ ၁၈၅၂၊ ၁၈၅၄၊ ၁၈၅၆၊ ၁၈၅၈၊ ၁၈၆၀၊ ၁၈၆၂၊ ၁၈၆၄၊ ၁၈၆၆၊ ၁၈၆၈၊ ၁၈၇၀၊ ၁၈၇၂၊ ၁၈၇၄၊ ၁၈၇၆၊ ၁၈၇၈၊ ၁၈၈၀၊ ၁၈၈၂၊ ၁၈၈၄၊ ၁၈၈၆၊ ၁၈၈၈၊ ၁၈၉၀၊ ၁၈၉၂၊ ၁၈၉၄၊ ၁၈၉၆၊ ၁၈၉၈၊ ၁၉၀၀၊ ၁၉၀၂၊ ၁၉၀၄၊ ၁၉၀၆၊ ၁၉၀၈၊ ၁၉၁၀၊ ၁၉၁၂၊ ၁၉၁၄၊ ၁၉၁၆၊ ၁၉၁၈၊ ၁၉၂၀၊ ၁၉၂၂၊ ၁၉၂၄၊ ၁၉၂၆၊ ၁၉၂၈၊ ၁၉၃၀၊ ၁၉၃၂၊ ၁၉၃၄၊ ၁၉၃၆၊ ၁၉၃၈၊ ၁၉၄၀၊ ၁၉၄၂၊ ၁၉၄၄၊ ၁၉၄၆၊ ၁၉၄၈၊ ၁၉၅၀၊ ၁၉၅၂၊ ၁၉၅၄၊ ၁၉၅၆၊ ၁၉၅၈၊ ၁၉၆၀၊ ၁၉၆၂၊ ၁၉၆၄၊ ၁၉၆၆၊ ၁၉၆၈၊ ၁၉၇၀၊ ၁၉၇၂၊ ၁၉၇၄၊ ၁၉၇၆၊ ၁၉၇၈၊ ၁၉၈၀၊ ၁၉၈၂၊ ၁၉၈၄၊ ၁၉၈၆၊ ၁၉၈၈၊ ၁၉၉၀၊ ၁၉၉၂၊ ၁၉၉၄၊ ၁၉၉၆၊ ၁၉၉၈၊ ၂၀၀၀၊ ၂၀၀၂၊ ၂၀၀၄၊ ၂၀၀၆၊ ၂၀၀၈၊ ၂၀၁၀၊ ၂၀၁၂၊ ၂၀၁၄၊ ၂၀၁၆၊ ၂၀၁၈၊ ၂၀၂၀၊ ၂၀၂၂၊ ၂၀၂၄၊ ၂၀၂၆၊ ၂၀၂၈၊ ၂၀၃၀၊ ၂၀၃၂၊ ၂၀၃၄၊ ၂၀၃၆၊ ၂၀၃၈၊ ၂၀၄၀၊ ၂၀၄၂၊ ၂၀၄၄၊ ၂၀၄၆၊ ၂၀၄၈၊ ၂၀၅၀၊ ၂၀၅၂၊ ၂၀၅၄၊ ၂၀၅၆၊ ၂၀၅၈၊ ၂၀၆၀၊ ၂၀၆၂၊ ၂၀၆၄၊ ၂၀၆၆၊ ၂၀၆၈၊ ၂၀၇၀၊ ၂၀၇၂၊ ၂၀၇၄၊ ၂၀၇၆၊ ၂၀၇၈၊ ၂၀၈၀၊ ၂၀၈၂၊ ၂၀၈၄၊ ၂၀၈၆၊ ၂၀၈၈၊ ၂၀၉၀၊ ၂၀၉၂၊ ၂၀၉၄၊ ၂၀၉၆၊ ၂၀၉၈၊ ၂၁၀၀၊ ၂၁၀၂၊ ၂၁၀၄၊ ၂၁၀၆၊ ၂၁၀၈၊ ၂၁၁၀၊ ၂၁၁၂၊ ၂၁၁၄၊ ၂၁၁၆၊ ၂၁၁၈၊ ၂၁၂၀၊ ၂၁၂၂၊ ၂၁၂၄၊ ၂၁၂၆၊ ၂၁၂၈၊ ၂၁၃၀၊ ၂၁၃၂၊ ၂၁၃၄၊ ၂၁၃၆၊ ၂၁၃၈၊ ၂၁၄၀၊ ၂၁၄၂၊ ၂၁၄၄၊ ၂၁၄၆၊ ၂၁၄၈၊ ၂၁၅၀၊ ၂၁၅၂၊ ၂၁၅၄၊ ၂၁၅၆၊ ၂၁၅၈၊ ၂၁၆၀၊ ၂၁၆၂၊ ၂၁၆၄၊ ၂၁၆၆၊ ၂၁၆၈၊ ၂၁၇၀၊ ၂၁၇၂၊ ၂၁၇၄၊ ၂၁၇၆၊ ၂၁၇၈၊ ၂၁၈၀၊ ၂၁၈၂၊ ၂၁၈၄၊ ၂၁၈၆၊ ၂၁၈၈၊ ၂၁၉၀၊ ၂၁၉၂၊ ၂၁၉၄၊ ၂၁၉၆၊ ၂၁၉၈၊ ၂၂၀၀၊ ၂၂၀၂၊ ၂၂၀၄၊ ၂၂၀၆၊ ၂၂၀၈၊ ၂၂၁၀၊ ၂၂၁၂၊ ၂၂၁၄၊ ၂၂၁၆၊ ၂၂၁၈၊ ၂၂၂၀၊ ၂၂၂၂၊ ၂၂၂၄၊ ၂၂၂၆၊ ၂၂၂၈၊ ၂၂၃၀၊ ၂၂၃၂၊ ၂၂၃၄၊ ၂၂၃၆၊ ၂၂၃၈၊ ၂၂၄၀၊ ၂၂၄၂၊ ၂၂၄၄၊ ၂၂၄၆၊ ၂၂၄၈၊ ၂၂၅၀၊ ၂၂၅၂၊ ၂၂၅၄၊ ၂၂၅၆၊ ၂၂၅၈၊ ၂၂၆၀၊ ၂၂၆၂၊ ၂၂၆၄၊ ၂၂၆၆၊ ၂၂၆၈၊ ၂၂၇၀၊ ၂၂၇၂၊ ၂၂၇၄၊ ၂၂၇၆၊ ၂၂၇၈၊ ၂၂၈၀၊ ၂၂၈၂၊ ၂၂၈၄၊ ၂၂၈၆၊ ၂၂၈၈၊ ၂၂၉၀၊ ၂၂၉၂၊ ၂၂၉၄၊ ၂၂၉၆၊ ၂၂၉၈၊ ၂၃၀၀၊ ၂၃၀၂၊ ၂၃၀၄၊ ၂၃၀၆၊ ၂၃၀၈၊ ၂၃၁၀၊ ၂၃၁၂၊ ၂၃၁၄၊ ၂၃၁၆၊ ၂၃၁၈၊ ၂၃၂၀၊ ၂၃၂၂၊ ၂၃၂၄၊ ၂၃၂၆၊ ၂၃၂၈၊ ၂၃၃၀၊ ၂၃၃၂၊ ၂၃၃၄၊ ၂၃၃၆၊ ၂၃၃၈၊ ၂၃၄၀၊ ၂၃၄၂၊ ၂၃၄၄၊ ၂၃၄၆၊ ၂၃၄၈၊ ၂၃၅၀၊ ၂၃၅၂၊ ၂၃၅၄၊ ၂၃၅၆၊ ၂၃၅၈၊ ၂၃၆၀၊ ၂၃၆၂၊ ၂၃၆၄၊ ၂၃၆၆၊ ၂၃၆၈၊ ၂၃၇၀၊ ၂၃၇၂၊ ၂၃၇၄၊ ၂၃၇၆၊ ၂၃၇၈၊ ၂၃၈၀၊ ၂၃၈၂၊ ၂၃၈၄၊ ၂၃၈၆၊ ၂၃၈၈၊ ၂၃၉၀၊ ၂၃၉၂၊ ၂၃၉၄၊ ၂၃၉၆၊ ၂၃၉၈၊ ၂၄၀၀၊ ၂၄၀၂၊ ၂၄၀၄၊ ၂၄၀၆၊ ၂၄၀၈၊ ၂၄၁၀၊ ၂၄၁၂၊ ၂၄၁၄၊ ၂၄၁၆၊ ၂၄၁၈၊ ၂၄၂၀၊ ၂၄၂၂၊ ၂၄၂၄၊ ၂၄၂၆၊ ၂၄၂၈၊ ၂၄၃၀၊ ၂၄၃၂၊ ၂၄၃၄၊ ၂၄၃၆၊ ၂၄၃၈၊ ၂၄၄၀၊ ၂၄၄၂၊ ၂၄၄၄၊ ၂၄၄၆၊ ၂၄၄၈၊ ၂၄၅၀၊ ၂၄၅၂၊ ၂၄၅၄၊ ၂၄၅၆၊ ၂၄၅၈၊ ၂၄၆၀၊ ၂၄၆၂၊ ၂၄၆၄၊ ၂၄၆၆၊ ၂၄၆၈၊ ၂၄၇၀၊ ၂၄၇၂၊ ၂၄၇၄၊ ၂၄၇၆၊ ၂၄၇၈၊ ၂၄၈၀၊ ၂၄၈၂၊ ၂၄၈၄၊ ၂၄၈၆၊ ၂၄၈၈၊ ၂၄၉၀၊ ၂၄၉၂၊ ၂၄၉၄၊ ၂၄၉၆၊ ၂၄၉၈၊ ၂၅၀၀၊ ၂၅၀၂၊ ၂၅၀၄၊ ၂၅၀၆၊ ၂၅၀၈၊ ၂၅၁၀၊ ၂၅၁၂၊ ၂၅၁၄၊ ၂၅၁၆၊ ၂၅၁၈၊ ၂၅၂၀၊ ၂၅၂၂၊ ၂၅၂၄၊ ၂၅၂၆၊ ၂၅၂၈၊ ၂၅၃၀၊ ၂၅၃၂၊ ၂၅၃၄၊ ၂၅၃၆၊ ၂၅၃၈၊ ၂၅၄၀၊ ၂၅၄၂၊ ၂၅၄၄၊ ၂၅၄၆၊ ၂၅၄၈၊ ၂၅၅၀၊ ၂၅၅၂၊ ၂၅၅၄၊ ၂၅၅၆၊ ၂၅၅၈၊ ၂၅၆၀၊ ၂၅၆၂၊ ၂၅၆၄၊ ၂၅၆၆၊ ၂၅၆၈၊ ၂၅၇၀၊ ၂၅၇၂၊ ၂၅၇၄၊ ၂၅၇၆၊ ၂၅၇၈၊ ၂၅၈၀၊ ၂၅၈၂၊ ၂၅၈၄၊ ၂၅၈၆၊ ၂၅၈၈၊ ၂၅၉၀၊ ၂၅၉၂၊ ၂၅၉၄၊ ၂၅၉၆၊ ၂၅၉၈၊ ၂၆၀၀၊ ၂၆၀၂၊ ၂၆၀၄၊ ၂၆၀၆၊ ၂၆၀၈၊ ၂၆၁၀၊ ၂၆၁၂၊ ၂၆၁၄၊ ၂၆၁၆၊ ၂၆၁၈၊ ၂၆၂၀၊ ၂၆၂၂၊ ၂၆၂၄၊ ၂၆၂၆၊ ၂၆၂၈၊ ၂၆၃၀၊ ၂၆၃၂၊ ၂၆၃၄၊ ၂၆၃၆၊ ၂၆၃၈၊ ၂၆၄၀၊ ၂၆၄၂၊ ၂၆၄၄၊ ၂၆၄၆၊ ၂၆၄၈၊ ၂၆၅၀၊ ၂၆၅၂၊ ၂၆၅၄၊ ၂၆၅၆၊ ၂၆၅၈၊ ၂၆၆၀၊ ၂၆၆၂၊ ၂၆၆၄၊ ၂၆၆၆၊ ၂၆၆၈၊ ၂၆၇၀၊ ၂၆၇၂၊ ၂၆၇၄၊ ၂၆၇၆၊ ၂၆၇၈၊ ၂၆၈၀၊ ၂၆၈၂၊ ၂၆၈၄၊ ၂၆၈၆၊ ၂၆၈၈၊ ၂၆၉၀၊ ၂၆၉၂၊ ၂၆၉၄၊ ၂၆၉၆၊ ၂၆၉၈၊ ၂၇၀၀၊ ၂၇၀၂၊ ၂၇၀၄၊ ၂၇၀၆၊ ၂၇၀၈၊ ၂၇၁၀၊ ၂၇၁၂၊ ၂၇၁၄၊ ၂၇၁၆၊ ၂၇၁၈၊ ၂၇၂၀၊ ၂၇၂၂၊ ၂၇၂၄၊ ၂၇၂၆၊ ၂၇၂၈၊ ၂၇၃၀၊ ၂၇၃၂၊ ၂၇၃၄၊ ၂၇၃၆၊ ၂၇၃၈၊ ၂၇၄၀၊ ၂၇၄၂၊ ၂၇၄၄၊ ၂၇၄၆၊ ၂၇၄၈၊ ၂၇၅၀၊ ၂၇၅၂၊ ၂၇၅၄၊ ၂၇၅၆၊ ၂၇၅၈၊ ၂၇၆၀၊ ၂၇၆၂၊ ၂၇၆၄၊ ၂၇၆၆၊ ၂၇၆၈၊ ၂၇၇၀၊ ၂၇၇၂၊ ၂၇၇၄၊ ၂၇၇၆၊ ၂၇၇၈၊ ၂၇၈၀၊ ၂၇၈၂၊ ၂၇၈၄၊ ၂၇၈၆၊ ၂၇၈၈၊ ၂၇၉၀၊ ၂၇၉၂၊ ၂၇၉၄၊ ၂၇၉၆၊ ၂၇၉၈၊ ၂၈၀၀၊ ၂၈၀၂၊ ၂၈၀၄၊ ၂၈၀၆၊ ၂၈၀၈၊ ၂၈၁၀၊ ၂၈၁၂၊ ၂၈၁၄၊ ၂၈၁၆၊ ၂၈၁၈၊ ၂၈၂၀၊ ၂၈၂၂၊ ၂၈၂၄၊ ၂၈၂၆၊ ၂၈၂၈၊ ၂၈၃၀၊ ၂၈၃၂၊ ၂၈၃၄၊ ၂၈၃၆၊ ၂၈၃၈၊

ကုမ္ပဏီ၊ ဘဏ်ခွဲ ၁၂၆

ကမ္ဘာ့ဆိုးဆုံးသောသူ ၁၀၆
(ဒုတိယအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဒုတိယအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (တတိယအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (စတုတ္ထအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ပဉ္စမအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဆဋ္ဌမအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (သတ္တမအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (အဋ္ဌမအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (နဝမအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဒသမအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဧကာဒသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဒွါဒသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (တေရသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (စတုဒ္ဒသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ပဉ္စဒသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဆောဠသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (သတ္တဒသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (အဋ္ဌာရသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (နဝဒသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဧကဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဒွါဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (တေဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (စတုဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ပဉ္စဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဆောဠသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (သတ္တဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (အဋ္ဌာရသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (နဝဝီသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (တိံသတိအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဧကတိံသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဒွါတိံသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (တေတိံသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (စတုတိံသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ပဉ္စတိံသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဆတ္တာလီသအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ပကိဏ္ဏကအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဥတ္တရဘာဂအကြိမ်) ၂၅၆
ကမ္ဘာ့ဆိုးဆုံးသောသူ (ဥပသမ္ပဒါ